စိတ်ကူးချိုချိုအနုပညာ

ပီကင်း

မောင်ထွန်းသူ

PEKING

BY ANTHONY GREY



၁

လုတင်း၏ တစ်ဖက်တွင် ဖွန်လ နေရောင်သည် မြေဩဇာ ကောင်းသော ဇီချွမ်းတောင်ကြား လွင်ပြင်များ ထက်သို့ သက်ဆင်းလျက်ရှိ၏။ လွင်ပြင်များ အတွင်း၌မူ သစ်တော်သီးခြံ၊ ပန်းသီးခြံနှင့် ချယ်ရီခြံများသည် အပြည့်နီးပါးမျှ တည်ရှိနေသည်။ ထိုခြံအားလုံးမှာ အရိပ် အလွှန် ကောင်းသော စိမ်းမြမြ သစ်တောကြီးများ၏ ဝါးမျိုခြင်းကို ခံထားရ၏။ ထို့နောက် ထိုခြံများ၏ တစ်ဖက်တွင် ခရမ်းချဉ်ခင်းများ၊ အာလူးခင်းများနှင့် ရွှေဖရုံသီးခင်းများသည် တစ်ခင်းနှင့် တစ်ခင်းဆက်စပ် တည်ရှိလျက် ရှိကြလေသည်။

တိမ်များ ကင်းမဲ့နေသည့် အပြာရောင် ကောင်းကင်ပြင်သည် ဆီးနှင်းပြင်များ ဖုံးလွှမ်းလျက်ရှိသော တာရှုရှန်း တောင်တန်းထိပ်များ၏ အလှကို ဘောင်ခတ် ပေးထားသည့်နှယ် ရှိသည်။ ရှေ့ဘက်သို့ မျှော်ကြည့်လိုက်ပါကလည်း တမျှော်တခေါ်ကြီး မြင်တွေ့နေရသည့် ရှုခင်းများ အလှသည် ရင်သပ်ရှုမော အံ့ဩဖွယ် ရှိလှပေ၏။

လုတင်း၌ အောင်ပွဲ ခံခဲ့ကြရသော တပ်နီစစ်သားများသည် ယင်း ရှုခင်းများအား ကြည့်ရင်း စိတ်ဓာတ်အင်အား တက်ကြွလျက် ရှိကြ၏။ ဂျဲကော့၏ ပတ်ပတ်လည်မှ ချီတက် သွားနေကြသော ကွန်မြူနစ် စစ်သားများသည် သူတို့စိတ်အား တက်ကြွသည့် အခါတိုင်း သီဆိုလေ့ ရှိသော သီချင်းများကို ဆိုလာလျက် ရှိကြလေသည်။

"တပ်နီတော်ရဲ့
လက်ဖြောင့်သေနတ်သမားတွေဟာလေ
ငါတို့ပါ...။
ကျည်ဆန် တစ်တောင့်ချင်းစီနဲ့

တို့ရန်သူတွေကို...
တစ်ဦးချင်းစီ ခြွေမှာပါ..."

လုတင်းမြို့ စစ်ပွဲမှာ နှစ်နာရီမျှသာ ကြာ၏။ ခုခံ တိုက်ခိုက် နေကြသော ကိုမင်တန် တပ်ရင်း နှစ်ရင်းသည် အံ့အားလည်းသင့် စိတ်ဓာတ်လည်း ကျကာ ချက်ချင်း ပြိုကွဲပြီး ထွက်ပြေးကုန်ကြသည်။ အန်ရှန်ချန်းအား ဖြတ်၍ ချီတက်လာခဲ့ကြသော အမှတ် တစ် တပ်မဟာသည် အချိန်မီ ရောက်လာပြီး နောက်ထပ် တပ်အင်အား ဖြည့်ရန် ရောက်လာကြသည့် ကိုမင်တန် တပ်များအား ဆီးကြို တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့်လည်း အားလုံး အစဉ်ချောကာ တပ်သားများ လက်နက်များနှင့် ဝန်တင်တိရစ္ဆာန်များ အပါအဝင် ဗဟိုတပ်နီစစ်တပ် တစ်တပ်လုံး နောက်နှစ်ရက်အတွင်း တံတားကို ဘေးမသီ ရန်မခဘဲ ကျော်ဖြတ်နိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

တပ်သားများ၏ အလယ်မှနေ၍ ဒယီးဒယိုင်ဖြစ်ကာ လိုက်ပါလာနေသော ဂျဲကော့သည် ခမ်းနားလှပသည့် ယန်ဇီ တောင်ကြားများအား လည်းကောင်း လိုလိုလင်မြေပေါ်မှ ရှေးဟောင်း သစ်တောကြီးအား လည်းကောင်း စိတ်ဝင်စားရမည့်အစား တံတားကိုသာလျှင် စိတ်ဝင်စားနေမိ၏။ ယူနန်၌ လီအန် မြေမြှုပ်နေသည် မြင်ရပြီးကတည်းက ကျသွားခဲ့သော ဂျဲကော့၏ စိတ်သည် အခုအချိန်ထိ လုံးဝ တက်မလာတော့ချေ။ ချီတက်ရာ၌လည်း ငုတ်အတင်း အဓမ္မ ခိုင်းနေ၍သာ ချီတက်နေရခြင်းဖြစ်၍ ဤကိစ္စ အပေါ်၌လည်း စိတ်ဝင်စားခြင်း မရှိ။

သူ့ စိတ်၏ တချို့ အပိုင်းများမှာ ယခင်ကလို တည်ငြိမ်အေးဆေးခြင်း မရှိ။ သူ့ ပတ်ဝန်းကျင်အား အမြဲတစေ ရန်လိုလျက်သာ ရှိ၏။ အထူးသဖြင့် ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းနှင့် ရှုံ့ရှာစက်ဆုပ်ခြင်း စသည်များနှင့် တစ်ပါး စိတ်ဓာတ် တက်ကြွစရာများကား လုံးဝမရှိ။ သူ့စိတ်အာရုံထဲတွင် လီအန် မြေမြှုပ်နေခြင်းနှင့် သစ်ငုတ်တိုများ ကြား၌ လဲလျောင်းနေသော ဖီလီစီတီတို့ကိုသာ မြင်နေသည်။

တစ်ခါတစ်ရံတွင် ဂျဲကော့သည် လမ်းသာ လျှောက်နေရသော်လည်း သူ ဘာလုပ်နေသည် အပီအပြင် မသိပေ။ သူ့ရှေ့၊ သူ့နောက်နှင့် သူ့ဘေး လူများကိုပင် သူ မမြင်။ သူတို့တစ်တွေ၏ ပြောသံ ဆိုသံများကိုပင် သူ မကြား။ ဟူနန်လူမျိုး အစောင့်တပ်မှူးက သူ့အား ဘာဖြစ်လို့ ဘုရားသခင်အား ရှိမခိုးတာလဲ၊ ဘုရားသခင်က နင့်ကို စွန့်ခွာသွားလို့လား စသည်ဖြင့် မေးခါမှပင် သူသည် သူ ယုံကြည်မှု မည်မျှလောက် ပျက်ပြားသွားသည်ကို သတိထားမိလေ၏။

သူသည် သူ့ စိတ်အား ထိန်းချုပ်ကာ ပုံမှန် ဝတ်ပြုသည့် အလုပ်ကို ပြုလုပ်သည်။ သို့သော်လည်း နောက်နှစ်ရက်မျှ အကြာ တပ်နီစစ်သားများ ထိုနယ်မြေကို ဖြတ်ကျော် ချီတက်နေစဉ်အတွင်း တရားသူကြီး ယန်သည် သူ့မြင်းကို စီး၍ ဂျေကော့၏ ဘေးသို့ မျက်နှာထားဆိုးဆိုးဖြင့် ရောက်လာသည်။ သူက မက်သူးဘာလိုအား ယူနန် ကွေချောင်းနယ်စပ်၌ ဓားပြများက သတ်သွားပြီဟု ပြောသည်။

"သူတို့ ပြောနေကြတာက "ချစ်ကြည်ရေး ကမ်းလမ်းမှု" လုပ်မယ်ဆိုပြီး ယူလာတဲ့ ငွေသား ဒင်္ဂါးတစ်သောင်းကို ဓားပြတွေက လုယူသွားတယ်တဲ့" ဟု ယန်က ပြောသည်။ "အဲသလောက်နဲ့ မင်းကို လွှတ်ဖို့ဆိုတာ မလုံလောက်သေး ဘူး ဆိုတာ မင်းသိရမယ်"

တရားသူကြီးသည် အသင့် စာရေးထားပြီးဖြစ်သော စာရွက်တစ်ရွက်ကို ထုတ်ယူပြီး ဂျေကော့အား လက်မှတ်ထိုးပေးဖို့ ဒေါသတကြီး ပြောသည်။ ရေးထား သည်များမှာ မိမိသည် သူလျှို တစ်ယောက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအပေါ် အကျပ်ငွေအဖြစ် သတ်မှတ်ထားသည့် တရုတ် ဒေါ်လာငွေ သုံးသောင်းမှာ ထိုက် တန်မှန်ကန်၍ တရားမျှတမှု ရှိပါကြောင်း၊ မိမိသည် တပ်နီစစ်တပ်၏ ချုပ်နှောင် ထိန်းသိမ်းထားခြင်းမှ ထွက်ပြေး လွတ်မြောက်ရန်လည်း အားထုတ်ခဲ့ဖူးပါကြောင်း စသည့် ကိုယ်တိုင်ဝန်ခံချက်များ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ဘာလို အသတ်ခံရ၍ သေဆုံးသွားပြီဟူသော သတင်း ကို ကြားလိုက်ရကတည်းက ထိတ်လန့် ချောက်ချားသွားခဲ့သော ဂျေကော့သည် တရားသူကြီးက အော်ဟစ် ပြောဆိုနေသည်များကို လုံးဝ နားမထောင်တော့ဘဲ လမ်းကိုသာ ဆက်၍ လျှောက်သွားသည်။ နားချိန်ကျ၍ နားကြသည့်အခါ တပ်မှူးနှစ် အရာရှိများ တချို့သည် သူ့ထံ ရောက်လာပြီး စကား ပြောတတ်ကြ သည်။ ထိုအခါမျိုးတွင်လည်း သူသည် လုံးဝ စကား ပြန်မပြော။ နားမထောင်ဘဲ ငြိမ်ဆိတ်ကာ အ အ တစ်ယောက်လို နေတတ်သည်။

ဂျေကော့အဖို့တော့ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ဘဝ၏ အသာမှု အားလုံးကို စွန့်ပစ်ကာ တရုတ်ပြည်သို့ ရောက်သွားခဲ့သော မက်သူး ဘာလိုသည် အာဇာနည် သူရဲကောင်း တစ်ဦးဖြစ်၏။ ဂျေကော့အနေဖြင့် ဘာလို အား ဆုံးရှုံးခဲ့ရသည့်အတွက် ဝမ်းနည်း၍ မဆုံး၊ ဖြေဆည်၍ မရ။

ဘုရားဝတ်ပြုသည့်အပေါ် ယုံကြည်မှုသည် နောက်တစ်ကြိမ် ပျက်စီးရ ပြန်သည်။ ထို့နောက် သီတင်းပတ်ပေါင်းများစွာ စိတ်ဓာတ် ကျရပြန်၏။ သူ့ အမီးဝယ် အေဘီဂေးလ်အား ပြန်လည်ဆုံတွေ့ပြီးခါမှ ဖြုန်းခနဲ ဆုံးရှုံး သွားရခြင်း၊ သူ့တပည့် လီအန်နှင့် သားနှစ်ယောက်က သူ့အား စွန့်ခွာသွားခြင်း စသည်တို့

သည် သူ့စိတ်အား ယခင်ကထက် ပို၍ အထီးကျန်ဖြစ်အောင် ဖန်တီးပေးလိုက်သလို ဖြစ်သွားခဲ့၏။ လီအန်သည် ကလေးငယ်အား မြေမြှုပ်ပြီး ကတည်းက သူ့ထံ လာ၍ အားပေးခြင်း ပြုစုခြင်း စသည်များ မလုပ်တော့ပေ။ သူ့အား လာရောက် တွေ့ဆုံခြင်းပင် မပြုတော့ပေ။

ထို့နောက် ရက်အနည်းငယ်မျှ ကုန်လွန်သွားသည့်အခါ ဂျေကော့သည် အတော်လေး ဝေးသော တစ်နေရာ၌ ရှိနေသည့် လီအန်အား လှမ်းမြင်သည်။ လီအန်သည် အရောင် လွင့်နေပြီဖြစ်သော အပြာရောင် ချည်ထည် ဂျက်ကက် အကျႌနှင့် ဘောင်းဘီ ဝတ်ထားသည်။ သို့သော်လည်း သူ့ ပခုံးထက်မှ ထမ်းပိုးကို ကား မမြင်ရတော့ပေ။ ခြေပတ်များကိုလည်း သူ့ခြေသလုံးများ၌ အပြည့် ပတ်ထားသည်ကို မြင်ရ၏။ ဓားရှည် တစ်ချောင်းကိုလည်း သူ့ ခါးပတ်၌ ချိတ်ထားသည်ကို တွေ့နေရ၏။

နောက်တစ်ကြိမ် လီအန်အား ဂျေကော့ မြင်ရသည့်အခါ ကြယ်နီတံဆိပ်တပ် အညိုရောင် ကက်ဦးထုပ် ဆောင်းထားသည်ကို မြင်ရသည်။ နောက်သီတင်းနှစ်ပတ်ခန့် လွန်သော် လီအန်သည် တပ်နီစစ်သား ယူနီဖောင်းအပြည့်အစုံ ဝတ်ထားရုံမျှမက ကျည်ဆန်များ၊ အိပ်ရာလိပ် တစ်လိပ်နှင့် ရိုင်ဖယ် တစ်လက်ပါ လွယ်ထားသည်ကို တွေ့ရ၏။

ထို့နောက် မကြာမတင်မှာပင် လီအန်၏သားများအား ဟွမ်စီယာဒိုကျေးရွာ ခေါ် သူ့ရဲနီလေးများ အဖွဲ့ထဲ ရောက်နေသည်ကို ဂျေကော့ မြင်ရသည်။ အကြီးကောင် လီအန်ကြီးသည် ဝါဒဖြန့်ချိရေး တပ်စုနှင့် လိုက်ကာ ကြွေးကြော်သံ ပိုစတာများအား ရွာတိုင်းသို့ ဝင်၍ ကပ်နေသည်။ အငယ်ကောင် လီအန်ငယ်သည် ကြက်ခြေနီ တံဆိပ်တပ် ဆေးသေတ္တာ တစ်လုံး ဆွဲကာ ဆေးတပ်သား အော်ဒလီ လုပ်နေသည်။ သူသည် မဖြစ်စလောက် ဒဏ်ရာအသေးအဖွဲ ရသူများအား လိုက်လံ၍ ဆေးထည့်ပေးနေသည်။

သူ့ထမင်းချက် လီအန်နှင့် သူ့သား နှစ်ယောက်သည် အကျဉ်းသားများဘက်သို့ လုံးဝ လှည့်မကြည့်ကြချေ။ ထိုအုပ်စုထဲရှိ ဂျေကော့အား လုံးဝ အသိအမှတ် မပြုကြတော့ပေ။ ဂျေကော့က မြင်တွေ့နေရသည့် အခါများတွင်လည်း သူတို့ သုံးယောက်သည် အတိတ်က ဖြစ်ရပ်အားလုံးကို လုံးဝ သတိမရတော့ဘဲ သူတို့၏ လက်ရှိ အလုပ်များကို တာဝန် ကျေအောင် လုပ်ဖို့မှတစ်ပါး အခြားဘာကိုမှ သတိရဟန် မရှိတော့ပေ။

မည်မျှပင် စိတ်ဓာတ် ကျနေသော်လည်း ဂျေကော့သည် အနောက်ပိုင်းပြည်နယ်များမှ ဆင်းရဲသား လယ်သမားများက တပ်နီစစ်တပ်အား အူလှိုက်သည်းလှိုက် ဝမ်းပန်းတသာ ဆီးကြို နေကြသည်ကိုတော့ သတိထားမိသည်။

ပင်း အဖြစ်မျိုးများအား စောစောပိုင်းကလည်း ဂျေကော့ တွေ့ဖူး မြင်ခဲ့ရဖူးပြီ။ ရွာတိုင်းရှိ ရွာသူရွာသားများသည် တပ်သားများအား အားတက်သရော ဆီးကြို ပြတ်ဆက်ကြရုံမျှမက သူရဲနီကလေးများ လိုက်ကပ်နေသည့် ကြွေးကြော်သံ ပိုတာများပေါ်၌ ရေးထားသည့် ဆင်းရဲသားများနှင့် အဖိနှိပ်ခံများအတွက် တိုက်ခိုက်နေသော တပ်နီတော်ဟူသော စကားလုံးများအပေါ် သဘောကျ ကြသည်။

ရွာသားများသည် လူချမ်းသာ လူရတတ်များ ထံမှ လုယူထားသည့် ဖွည်းများကို တပ်နီတပ်သားများက ဝေငှ ပေးနေသည့်အခါ အလွန် ဝမ်းသာ အားရ လက်ခံကြသည်။ ထိုလူတန်းစားများအား တပ်နီတပ်သားများက ဖမ်းဆီး ကာ အကျဉ်းသားအဖြစ် ခေါ်ဆောင် သွားသည်ကိုလည်း နှစ်သက် လက်ခံကြ သည်။ နိုင်ငံရေး အကြံပေး ဆိုသူများက နယ်မြေဒေသတွင်းရှိ အတင်း အဓမ္မ အုပ်ချုပ်ကာ နှိပ်စက်ကလူ ပြုနေသူများ၏ ခေါင်းပုံဖြတ်မှုနှင့် မတရား ပြုမှုများ အကြောင်း ဟောပြောကြသည့် အခါတွင်လည်း အလွန် ကျေနပ်ကြသည်။ လမ်းတစ်လျှောက်လုံးတွင် ရွာတိုင်းလိုလိုမှ တပ်နီတပ်ထဲသို့ ဝင်ရောက်သူ လူငယ် အရေအတွက်သည် များပြားလှချေသည်။

မည်သို့ပင်ဖြစ်စေ ဂျေကော့၏ ခွန်အားမှာမူ တစ်နေ့တခြား ဆုတ်ယုတ် လာလျက်ရှိ၏။ သူ့အဖျားရောဂါသည် အခုအချိန်ထိ မပျောက်ကင်းသေး။ သူ့ ခြေထောက်များမှာလည်း မပျောက်ကင်းသေးသော ဒဏ်ရာများကြောင့် ရောင် ကိုင်းလျက်ရှိ၏။ အခုလို မရပ်မနား ဆက်၍လျှောက်နေရသည့်အခါ သူ့ ခြေ ထောက်များသည် ဒဏ်ရာသစ်များ ထပ်မံတိုးကာ ဆိုး၍သာ လာလျက် ရှိလေ၏။

သူ့ နောက်ကျောမှ ဒဏ်ရာများမှာလည်း အခုအချိန်ထိ မခံမရပ်နိုင် အောင် နာကျင်လျက်ပင်ရှိ၏။ သူ့ လက်နှစ်ဖက်မှာ လက်ပြန်ကြိုး တုပ်ထား သဖြင့် မကြာမကြာ လဲကျလျက်ရှိ၏။ သူ့ အစောင့်များက သူ့အား လုတင်း မြစ်ကူး တံတားဆီသို့ ခေါ်လာသည့်အခါ သူ၏ ပထမဆုံး အတွေးသည် တံတား ပင်ဖြစ်သည်။ တံတားအား မြင်လိုက်ရသည့်အတွက် သူ့ နာကျင်မှု အားလုံး ပျောက်ကင်းသွားသည့်နှယ် ခံစားနေရလေသည်။

လုတင်းတံတားတိုက်ပွဲနှင့် ပတ်သက်၍ ဇာတ်လမ်းမျိုးစုံသည် နေရာအနှံ့ သို့ ပျံ့နှံ့လျက်ရှိ၏။ သူတို့တပ်များ မြေဩဇာ ကောင်းသော အနောက်ဘက် ဒီချွမ်း ကုန်းမြင့်ဒေသများထက်မှ ဖြတ်သန်း သွားနေကြသည့် အတောအတွင်း ထိုတိုက်ပွဲနှင့် ပတ်သက်သော ကောလာဟလ သတင်းများသည် ပျံ့နှံ့လျက်ရှိ၏။

ကိုမင်တန် တပ်များကလည်း သူတို့နောက်မှ ကပ်၍ လိုက်ပါလာလျက် ရှိနေလေပြီ။

ဂျေကော့၏ အစောင့်များသည် ဂျေကော့၏ တပည့် ထမင်းချက်အကြောင်း ပြောပြကာ ဂျေကော့ မခံချင်ဖြစ်အောင် နောက်ပြောင်ကြသည်။ တပ်နီတို့ ဆင်နွှဲနေသော စစ်ပွဲ၌ ရဲဝံ့စွန့်စားစွာ ပါဝင်တိုက်ခိုက်နေကြောင်းကိုလည်း အကျယ်ချဲ့၍ ပြောကြသည်။ ဘယ်လိုပဲ ပြောကြစေကာမူ ဂျေကော့သည် သည်းခံ ခွင့်လွှတ်သည်။ သူ့ထမင်းချက် လီအန်သည် တရုတ်လူမျိုး လယ်သမားတစ်ဦးဖြစ်သည့် အားလျော်စွာ တရုတ်နီတပ်ဘက်မှ ရပ်တည်နေသည်မှာ ထူးဆန်းသောအရာ မဟုတ်ဟုပင် သူ ထင်မိလေသည်။

နွေဥတု၏ နေရောင်ခြည်အား ဖြတ်၍ ချီတက်သွားနေကြစဉ်အတွင်း ဂျေကော့သည် သူ့ ရှေ့နှင့်နောက်ရှိ တောင်ကြား လွင်ပြင်နှင့် သစ်တောများအတွင်းမှ လမ်းများဆီသို့ ပိုက်စိတ်တိုက်၍ ကြည့်သွားနေသည်။ လီအန်အား တွေ့ရလိုတွေ့ငြား မျက်စိရှာနေခြင်း ဖြစ်၏။ သို့သော်လည်း သူသည် လုတင်းစစ်ပွဲပြီး၍ သီတင်းနှစ်ပတ် ကြာသည်အထိ လီအန်အား အစအနပင် မမြင်ရချေ။ လီအန်တစ်ယောက် ဘယ်များ ရောက်နေပါလိမ့်။

တစ်ရက်တွင် ဖြစ်၏။ ထောင်နှင့် ချီနေသော တပ်နီ စစ်သားများသည် တောင်နံရံ တစ်ခုပေါ်၌ တန်းစီပြီး ထိုင်နေကြသည်။ သူတို့ ရှေ့တည့်တည့်တွင် တာရှုရှန်း (မဟာဆီးနှင်း တောင်တန်းကြီး) တောင်တန်းကြီး၏ မျက်စိများကို ကျိန်းစပ်သွားအောင် တောက်ပသော တောင်ထိပ်ကြီးများအား လှမ်းမြင်နေရ၏။ တပ်သားများမှာ တပ်ရင်းအလိုက် စုဝေး ရောက်ရှိနေကြခြင်းဖြစ်၍ အားလုံး မြက်ပင်များပေါ်၌ ထိုင်နေကြခြင်း ဖြစ်လေသည်။

စစ်သားများ၏ ရှေ့တည့်တည့်တွင် တပ်နီတော်၏ ကာကွယ်ရေး ဦးစီးချုပ် ချူတေး ရှိနေသည်။ ချူတေးသည် လုတင်း တိုက်ပွဲ၌ အသက်မသေဘဲ ကျန်ရစ်ခဲ့သူများအား ကက်ဦးထုပ်သစ်များ ကျူနစ် ဝတ်စုံသစ်များ ကြွေရည်သုတ် ထမင်းစား ဇလုံသစ်များနှင့် တူအသစ်များကို ဆုအဖြစ် ချီးမြှင့်လျက်ရှိ၏။ လီအန်အား ဂျေကော့ မြင်လိုက်သည့် အချိန်တွင် အံ့အားသင့်စရာ တစ်ခုကို တွေ့နေရသည်။

လီအန်သည် သူ့ရဲဘော် အများအပြားကဲ့သို့ပင် ဒဏ်ရာများ ရရှိထားသည်။ သူ့ဦးခေါင်းနှင့် လက်မောင်း တစ်ဖက်တွင် ပတ်တီးများ စည်းထားသည်။ သူ့မျက်နှာ မီးလောင်ထားသည်မှာ သိသာထင်ရှားလျက် ရှိပေ၏။ သူသည် ချူတေးထံမှ ဆုများကို ယူရန် ပြုလုပ်ထားသည့် ချူတေး ရှေ့ရှိ ယာယီ စင်ဆီသို့ ခက်ခဲပင်ပန်းစွာ လျှောက်သွားနေရသည်။ နောက်ပိုင်း သင့်တော်သည့် ရာ

တစ်ရက်တွင် လုတင်း သူရဲကောင်းများအား သူရသတ္တိအတွက် ရွှေကြယ်ပွင့်တံဆိပ်များ ချီးမြှင့်လိမ့်ဦးမည်ဟူသော ကြေညာချက် ထွက်ပေါ်လာသည့်အခါ လက်ခုပ်ဩဘာသံများ တစ်ခဲနက် ထွက်ပေါ်လာပြန်လေ၏။

"အာဇာနည် သူရဲကောင်းဆိုတဲ့ ဝါဒဟာ ရှေးခေတ်ဟောင်း ကတည်းက ပေါ်ထွန်းလာခဲ့တဲ့ သဘောတရား တစ်ရပ်ပဲ" ဟု ချူတေးက လက်ခုပ်သံများ စဲသွားသည့်အခါ မိန့်ခွန်း စပြောသည်။ လီအန်နှင့် အခြား လုတင်း သူရဲကောင်းများမှာလည်း ဆုယူပြီးကြပြီဖြစ်၍ ယာယီစင်၏ ဘေး၌ တန်းစီ ရပ်နေကြသည်။ "ရဲဘော်တို့... တို့ရဲ့ အတိတ်သမိုင်းထဲမှာ သာမန်လူတွေထဲက အာဇာနည်တွေ ပေါ်ထွက်ခဲ့တယ်ဆိုတာ မမေ့ကြနဲ့။ သူတို့တစ်တွေဟာ ဗိုလ်ချုပ်တွေ၊ ဧကရာဇ်တွေ အထိ ဖြစ်ခဲ့ကြတယ်။ သူတို့ထဲက တချို့ဟာ အာဏာတွေ ယစ်မူးပြီး ပြည်သူတွေကို မညှာမတာ နှိပ်စက်ခဲ့ကြပေမယ့် သာမန်လူတွေအနေနဲ့ တွက်ရင် သူတို့ရဲ့ ရဲစွမ်းသတ္တိဟာ အံ့ဩစရာတော့ ကောင်းတယ်။

"ဆိုးတာက သူတို့ဟာ ဘဝ မေ့တတ်ကြတယ်။ သူတို့ရဲ့ အဆမတန် ညံ့ဖျင်းတဲ့ စိတ်ဓာတ်နဲ့ အောက်တန်းကျမှုတွေကို အခြေခံပြီး ပြည်သူတွေအပေါ် အထင်သေး အမြင်သေး ဖြစ်ကြတယ်။ တစ်ခါတစ်ရံ ပြည်သူအများကို ကျွန်သပေါက်တွေ ဖြစ်သွားအောင် အသွင် ပြောင်းပစ်ကြတယ်။ ကိုယ့် ပြည်သူတွေ အပေါ် သနားကြင်နာစိတ်နဲ့ ကိုယ်ချင်းစာစိတ် မထားဘဲ ရက်ရက်စက်စက် နှိပ်စက်ကြတယ်။ သူတို့သာ ဝအောင် စားပြီး ပြည်သူတွေကို အငတ် ထားကြတယ်။ အဲသလို လူစား အာဇာနည် သူရဲကောင်းတွေဟာ နိုင်ငံအတွက်ရော ပြည်သူအတွက်ပါ လုံးဝ တန်ဖိုး မရှိဘူးဆိုတာ မင်းတို့ သိကြရမယ် ရဲဘော်တို့။

"ဘာပဲဖြစ်ဖြစ် ဒီနေ့ ဒီခေတ်မှာ တပ်နီတော်ဟာ တစ်ကိုယ်ကောင်း မဆန်တဲ့ အာဇာနည် သူရဲကောင်းတွေကို ဒီတော်လှန်ရေးကြီးထဲက မွေးထုတ်သွားဖို့ တို့ ကြိုးစားနေကြပြီ။ လိုအပ်လာရင် တော်လှန်ရေးကြီးအတွက် အသက်ပေးမယ့် လူတွေ အများကြီး မွေးထုတ်ကြရမယ်။ ပြည်သူတွေ အားလုံးကို နင်းပြားဘဝ၊ ကုပ်သွေးစုပ်ခံ ဘဝ၊ ခေါင်းပုံဖြတ်ခံ ဘဝ၊ အနှိပ်စက်ခံ ဘဝ၊ ကျွန်သပေါက်လို အတင်းအဓမ္မ အဖိအနှိပ် အချုပ်အချယ် ခံနေရတဲ့ ဘဝတွေက လွတ်မြောက်အောင် တိုက်ခိုက် ကယ်တင်ပေးလိုတဲ့ အာဇာနည် သူရဲကောင်းတွေ မွေးထုတ်နိုင်အောင် တို့တစ်တွေ ကြိုးပမ်းကြရမယ်"

ချူတေးသည် သူ၏ ကြီးမားသော လက်ကြီး တစ်ဖက်ကို မြှောက်၍ လီအန်နှင့် သူ့အုပ်စု ဘက်သို့ ထိုးပြသည်။ "ဒီလူစု အနည်းငယ်ဟာ လုတင်း တံတားကို သိမ်းဖို့ ကြိုးပမ်းရာမှာ မသေမပျောက် ကျန်ရစ်ခဲ့တဲ့ တိုက်ခိုက်ရေးသမားတွေပဲ" ဟု ပြောသည်။ "တချို့ ရဲဘော်တွေကတော့ မီးလောင်ပြီး သေကြ

ရတယ်။ အပြင်းအထန် စီးဆင်းနေတဲ့ မြစ်ရေစီးကြောင်းထဲ မျောပါပြီး သေကြ ရတယ်။ တချို့ ဒဏ်ရာ အပြင်းအထန် ရထားတဲ့ လူတချို့ကတော့ ဒီ အခမ်း အနားကို မတက်နိုင်ကြဘူး။ ဘာပဲဖြစ်ဖြစ် တို့အနေနဲ့ ဒီတိုက်ပွဲမှာ ပါဝင်ခဲ့ကြတဲ့ ရဲဘော်တွေ အားလုံးကို ငါတို့က ဂုဏ်ပြုပါတယ်"

လက်ခုပ်ဩဘာသံများသည် တစ်ခဲနက် ထွက်ပေါ်လာပြန်၏။ "တာဘူ ဟိုး သူရဲကောင်းများ အသက်ရာကျော် ရှည်ပါစေ" ဟူသော ကြွေးကြော်သံများ ကိုလည်း ကြားကြရ၏။ ထိုအသံများ ရပ်စဲမသွားခင်မှာပင် ချူတေးသည် ဘူ ညာလက်ကို မြှောက်၍ ဆီးနှင်းများ ဖုံးအုပ်နေသော မြောက်ဘက်မှ တောင်တန်း ဆီ လက်ညှိုး ထိုးပြသည်။

"ရဲဘော်တို့ အခုဆိုရင် ငါတို့ရှေ့မှာ ရှိနေတဲ့ လမ်းဟာ တို့နောက်မှာ ကျန်ရစ်ခဲ့တဲ့ လမ်းထက် အများကြီး ပိုခက်ခဲလိမ့်မယ်" သူရဲကောင်း အသစ်တွေ အတွက် ခရီးလမ်းလို့ ဆိုရင်တောင်မှ ရနိုင်တယ်။ တကယ်လို့ မြောက်ပိုင်း ဇီချွမ်းနယ်ထဲက အမှတ် လေး ရှေ့တန်းတပ်က တို့ရဲဘော်တွေနဲ့ ဆက်သွယ်ပြီး ဂျပန် ကျူးကျော်သူတွေကို နိုင်အောင် တိုက်ကြရမယ်ဆိုရင်တော့ ကမ္ဘာ့ အမြင့် ဆုံး တောင်တန်း တချို့ကို ငါတို့ ဖြတ်ကြရမှာပဲ။ အဲဒီ တောင်တန်းတွေပေါ်မှာ ဆိုရင် ရေခဲမြစ်တွေနဲ့ ဆီးနှင်းပြင်တွေဟာ အမြဲ ဖုံးလွှမ်းနေတယ်။ ရဲဘော်တို့ ငါတို့ထဲက အများစုဟာ မြေပြန့်သားတွေပါ ဆီးနှင်းကို လုံးဝ မမြင်ဘူးခဲ့ကြ လူတွေပါ။ ပြင်းထန်တဲ့ အအေးဒဏ်ကိုလည်း မကြုံဘူး၊ မတွေ့ဘူးခဲ့တဲ့ လူတွေ ပါ"

ထောင်နှင့်ချီ၍ ထိုင်နေကြသော တပ်နီ တပ်သားများသည် ချူတေး ညွှန်ပြရာဆီသို့ မော့ကြည့်နေကြသည်။ ဆီးနှင်းများ ဖုံးအုပ်နေသော တောင်ထိပ် ကြီးများသည် သူတို့အပေါ်မှ မိုးကာ သူတို့အား ငုံ့ကြည့်နေသည့်နှယ်ရှိသည်။

"ဇီချွမ်းနယ်သား လူမျိုးစုတွေကတော့ တောင်ကြီးတွေ မြင့်လွန်းလို့ တောင်ထိပ် ရောက်သည်အထိတောင် ငှက်တွေ မပျံနိုင်ကြဘူးလို့ ရဲဘော်တို့ကို ပြောကြလိမ့်မယ်။ သူတို့က ဒီတောင်တန်းကြီးတွေကို 'မှော်တောင်တန်းတွေ'လို့ ခေါ်ကြတာ အမြင့်ဆုံး တောင်ကြားလမ်းတွေပေါ် ရောက်သွားရင် တောင်တန်း ကြီးရဲ့ နတ်ဘုရားတွေက မင်းတို့ကို လည်မျိုညှစ် သတ်လိမ့်မယ်ဆိုတဲ့ စကား လည်း သူတို့ ပြောကြလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တောင်ထိပ်ပိုင်းကလေ လေရှားလို့ မဝကြတော့ဘူး။ လေက သိပ်ကို ပါးရှားသွားပြီ မဟုတ်လား။

"ပြီးတော့ သူတို့က ထာဝရ ရှင်သန်နေကြတဲ့ ဝိညာဉ်တွေသာလျှင် ဒီ တောင်တန်းကြီးတွေပေါ်မှာ ပျံသန်းနိုင်ကြလိမ့်မယ်ဆိုတဲ့ စကားကိုလည်း ပြော ကြလိမ့်မယ်။ ဒါပေမဲ့ အလုပ်သမားတွေနဲ့ လယ်သမားတွေရဲ့ တပ်နီတော်ဟာ

ောင်တန်းကြီးတွေပေါ်က ကျော်ဖြတ်ပြီး ချီတက်ကြတော့မယ်။ ရဲဘော်တို့ ဘ်ကြီးစွာထားပြီး ကြိုတင် ပြင်ဆင်မှုတွေကို လုပ်ထားကြပါ။

"ရန်သူတွေကတော့ ငါတို့ဟာ အရှေ့ဘက် သို့မဟုတ် အနောက်ဘက် ကို လှည့်သွားကြလိမ့်မယ်လို့ ထင်ကြလိမ့်မယ်။ အဲဒီကနေပြီး ငါတို့ကို ဗုံးကြ ဆယာဉ်ပျံတွေနဲ့ စောင့်နေကြလိမ့်မယ်။ ဒါပေမဲ့လို့ ငါတို့ အမြဲတမ်း လုပ်နေကျ အတိုင်းပဲ မျှော်လင့်တဲ့ အလုပ်ကို တို့ လုပ်ကြရလိမ့်မယ်။ ရဲဘော်တို့ အခု အချိန်က စပြီး တောင်ထိပ်ကို ချီတက်ကြစို့"

ချူတေးသည် သူ့ မျက်လုံးများအား ပင့်၍ နေကို မော့ကြည့်သည်။ ပြာသော ကောင်းကင်ကြားမှ နေသည် ခြစ်ခြစ်တောက်မျှ ပူပြင်းလျက်ရှိ၏။ အလွန် ပြင်းထန်သော အနွေးဓာတ်ဖြင့် တောင်နံရံအား လွှမ်းခြုံထားသည်။ အားလုံးသည် ပါးလွှာသော ချည်ထည် ယူနီဖောင်းများ ဝတ်ထားသော်လည်း ချွေးတွေ ရွှဲရွှဲစိုလျက် ရှိလေသည်။

"ဒီဒေသမှာ နွေရာသီကျရင် နေ သိပ်ပူတယ်။ အဲဒါကို ကြည့်ပြီး အယူ အဆတွေ မလွဲစေကြနဲ့။ ကော်မစ်ဆာမော်က မင်းတို့အားလုံး လမ်းတစ်လျှောက် ထုံး သိပ်စပ်တဲ့ ငရုတ်သီးတွေ စုဆောင်းသွားကြရမယ်။ ချင်း(ဂျင်း)တက်တွေ များများ ရနိုင်သမျှရအောင် ရှာသွားရမယ်လို့ ညွှန်ကြားထားတယ် မဟုတ်လား။

"အဲဒါတွေကို ရေနဲ့ပြုတ်ပြီး သောက်ထားပါ။ နေ့စဉ် တောင်ပေါ်ခရီး တက်တော့မယ်ဆိုရင် မတက်ခင် အဲဒီ အရည်ကိုသောက်ပြီး မင်းတို့ကိုယ် မင်းတို့ ကြံ့ခိုင်အောင် လုပ်ထားကြပါ။ မင်းတို့ တောင်ထိပ် အမြင့်ပိုင်းရောက်ရင် အအေးဓာတ်ဟာ ကြီးမားလာလိမ့်မယ်။ အဲဒီဒဏ်ကို ခံနိုင်အောင် လုပ်ထားကြ ပါမှ ဖြစ်မယ်။

"ပြီးတော့ အဝတ်စတွေ ခပ်သေးသေး ဆုတ်ယူပြီး မင်းတို့မျက်လုံးတွေကို ည်းထားပါ။ ဆီးနှင်းတွေရိုက်လို့ မမြင်မကန်း ဖြစ်မကုန်အောင် လုပ်ထားကြရ မယ်။ မင်းတို့ရဲ့ ရာရှင်အိတ်တွေထဲမှာ ဆယ်ရက်စာ ရိက္ခာနဲ့ လောင်စာ အလုံ အလောက် ပါအောင် လုပ်ထားကြပါ။ ခြေထောက်တွေကို အဝတ်စုတ်တွေနဲ့ ပတ်ထားကြပါ။ ချီတက်ရင် မရပ်မနား လျှောက်ကြရမယ်။ လမ်းမှာ လုံးဝ ချောင်နဲ့၊ စကား မပြောနဲ့"

ကာကွယ်ရေးဦးစီးချုပ် ချူတေးသည် စကားကို ဆက်မပြောဘဲ ရပ်ထား သည်။ သူ့မျက်နှာသည် ပြုံးဖြဲဖြဲ။ မျောက်တစ်ကောင် ပြုံးသည်နှင့် တူသဖြင့် သူ့ အပြုံးသည် 'မျောက်ပြုံး'။ "ရဲဘော်တို့ မှော်တောင်တန်းကို ကျော်ဖြတ်တဲ့ အခါ မင်းတို့အားလုံး ကံကောင်းကြပါစေ။ တရုတ် အလုပ်သမားတွေနဲ့ လယ်သမားတွေရဲ့ တပ်နီတော်ကြီး အစွန့်ရှည်ပါစေ"

ဂျေကော့၏ အစောင့်များသည် ထိုင်နေသည့် ဂျောကော့အား ဆွဲထူပြီး တောင်ထိပ်များဘက်သို့ မျက်နှာချင်းဆိုင် ရပ်နိုင်းသည်။ မိနစ်အနည်းငယ်မျှ အတွင်း ဗဟိုတပ်နီစစ်တပ်ကြီးသည် ရေများခဲနေသည့် ကျောက်တုံး ကျောက် ဆောင်များ အတိုင်း တက်သွားနေကြသည်။ သူတို့သည် တရုတ်နိုင်ငံနှင့် တိဘက် နိုင်ငံကြားရှိ နယ်စပ်ဒေသ မြေတစ်လျှောက် ချီတက်သွားနေကြခြင်း ပေတည်း။

***

၆

"နားမယ်ဆိုပြီးများ သွားမထိုင်ကြနဲ့။ ထိုင်မိလိုက်ရင် မင်းဘယ်တော့မှ ထလို့ရမှာ မဟုတ်တော့ဘူး"

အစောင့်တပ်မှ နိုင်ငံရေး နည်းပြ တစ်ယောက်၏ အသံဖြစ်၏။ မောလွန်း အားကြီး၍ နည်းပြ၏ အသံသည် တုန်ယင်လျက်ရှိသည်။ ချီတက်လာနေသော တပ်သားများသည် ဆီးနှင်းတောင်ကြီး၏ ပထမ တောင်ထိပ် အောက်သို့ ရောက်နေကြပြီ။ တောင်ကြားဆီသို့သွားရာ လူသွားလမ်းမှာ ခဲနေသော ဆီးနှင်း ပြင်ကြောင့် မာကျောလျက်ရှိသည်။

ဂျေကော့၏ ခြေထောက်များမှာ ရေခဲပြင်ပေါ်တွင် ခြေကုပ်၍ မရ၊ မကြာခဏ ခြေချော်ကာ ဒူးထောက်လျက် လဲကျနေသည်။ တောင်ထိပ် အမြင့် ပေ တစ်သောင်းခြောက်ထောင်နား နီးကပ်လာလေလေ အအေးဓာတ်မှာ ပြင်း ထန်လေ ဖြစ်လာနေသည်။ အအေးဒဏ် ခံရလွန်းသဖြင့် သူ့ပါးစပ်တစ်ပိုက်မှာ ဖြူဖွေး လျက်ရှိပြီး သူ့နှုတ်ခမ်းများနှင့် လက်များသည် ပြာနှမ်းလျက်ရှိသည်။

အမြင့်ပိုင်းသို့ ရောက်လာသည့်အခါ သူ့ရင်သည် ပြုတ်တူနှင့် အညှပ်ခံ ထားရသည့်နှယ်ဖြစ်ကာ အဆုတ်များပါ တင်းကျပ်လာသည်။ အကြားအာရုံ သည် အားနည်းလာရုံမျှမက အသက်ရှူပါ ကျပ်ကာ လည်ချောင်း တစ်ခုလုံး ဆို့နင့်လာသည်။ အောက်ဆီဂျင်ဓာတ် နည်းပါးလာသဖြင့် မူးနောက်နောက် ရီဝေဝေ ဖြစ်လာသည်။ အနောက်ဘက်ဆီ လှမ်းမျှော်ကြည့်လိုက်သည့်အခါတိုင်း ဆီးနှင်း ဖုံးနေသော တောင်ထိပ်များသည် လှိုင်းထနေသော မြစ်ပြင်ကြီးနှင့် တူလျက် ရှိလေသည်။

"စကားပြောဖို့ မကြိုးစားကြနဲ့ သွားမှာကိုသာ ဆက်သွား"

နိုင်ငံရေး နည်းပြ၏ အသံသည် တစ်ခွန်း ထပ်ထွက်လာပြန်သည်။ မြင့်မားလွန်းလှသော တောင်ပေါ်လမ်း တစ်လျှောက် သွားလာနေရသည်မှာ

ထိတ်လန့် တုန်လှုပ်ဖွယ် ကောင်းလှ၏။ တစ်ညတာ ရပ်နားပြီး နံနက် အရုဏ်ဝင်ချိန်တွင် စတင်၍ တက်ခဲ့ရခြင်းဖြစ်၍ တပ်နီတပ်မှ တပ်သားများသည် သီချင်း တဟိုးဟိုး ဆို၍ တက်လာနိုင်ခဲ့ကြ၏။ သူတို့ တက်နေကြရသော လမ်းများ တောင်ဆိပ်များ တက်ရာဆင်းရာလမ်းဖြစ်၍ ကျဉ်းမြောင်းလှချေသည်။ လူတိုင်းကိုင်လာသည့် သစ်သား တုတ်ချောင်းများအား ထောက် ထောက် လာနေသည့် အသံများမှာ အများကပင် ပြန်ကြားနေရလေသည်။

တပ်နီတပ် တစ်တပ်လုံးသည် တစ်နာရီပြီး တစ်နာရီ ချီတက်လာခဲ့ကြရာ နိုပြည် စိမ်းလန်းသော တောင်ကြား လွင်ပြင်များ အပြင်သို့ ရောက်လာကြတော့ သစ်ပင်ဝါးပင်ဟူ၍ လုံးဝမရှိသော တောင်ကတုံးများဆီသို့ ရောက်လာကြသည်။ သို့တစေလည်း တောင်ကြားလမ်းများဆီသို့ ရောက်ဖို့ကား မနီးသေးချေ။ သို့တစေလည်း သူတို့ အားထုတ်သလောက်၊ ခရီးက မတွင်သည့်အခါ အားလုံးပင် စိတ်ဓာတ် ကျကာ သီချင်းဆိုသံများကိုပင် ဆက်မကြားရတော့ချေ။

သူတို့ လူစု တောင်တက်ခရီး တစ်ဝက်ကိုမှ မရောက်သေးမီ ပထမဦးဆုံး မုန်တိုင်းသည် မမျှော်လင့်ဘဲ ရုတ်တရက် ကျလာသည်။ မည်းနက်သော တိမ်များသည် တောင်ထိပ် မျက်နှာပြင်အားဖြတ်ကာ ပြေးသွားလျက်ရှိသည်။ အမှုန်အမှုန် ဖြစ်နေသောလေသည် ခပ်ပြင်းပြင်း ဝှေ့ယမ်း တိုက်ခိုက်လျက် ရှိသည်။ လေနောက်သို့ လိုက်ပါလာနေသော ဆီးနှင်းများသည် ချီတက်နေကြသူများ၏ ပတ်ဝန်းကျင်တွင် တဖွဲဖွဲ ကျရောက်လျက် ရှိကြလေ၏။

မြင်းများနှင့် လားများသည် ကြောက်လန့်တကြားဖြစ်ကာ အော်ကြ ဟစ်ကြ ဟီနေကြလေပြီ။ ထိုခဏမှာပင် ဈေးကော့သည် သူတို့၏ ရှေ့ဆုံးမှ သွားနေသော တပ်စုသည် လမ်းတစ်ဖက်ရှိ လျှိုထဲသို့ ကျသွားသည်။ အစောင့်များက အကျဉ်းသားများအား ရပ်နိုင်းထားပြီး လျှိုထဲ ကျသွားသူများအား ကယ်ဆယ်ရန် အားထုတ်နေကြသည်။ ကြိုးခွေများကိုယူ၍ လျှိုထဲ ချပေးသူများက ချပေးနေကြ၏။ သို့သော်လည်း ဆီးနှင်းများသည် ထူထပ်သိပ်သည်းစွာ ကျလာနေလေပြီ။ ကယ်ဆယ်ရန် အားထုတ် နေသူများသည် အားမလျှော့။ သို့သော်လည်း ကယ်ဆယ်မှုကို ရပ်လိုက်ကြရန် အမိန့်ပေးလာသဖြင့် ရပ်လိုက်ကြရလေ၏။

တပ်သား အများအပြားမှာ အေးလွန်းလှသဖြင့် ခိုက်ခိုက်တုန် နေကြလေပြီ။ တကယ်တော့ ချည်ထည် ယူနီဖောင်းများမှာ ခပ်ပါးပါးဖြစ်ရာ အဘယ်မှာလျှင် အအေးဒဏ် ခံနိုင်ကြပါမည်နည်း။ အားလုံးသည် စောင်များနှင့် အိပ်ရာခင်းများကို ထုတ်ယူပြီး သူတို့ တစ်ကိုယ်လုံးအား ပတ်ကြသည်။ ဆီးနှင်းများ ထူထပ်စွာ ကျနေသဖြင့် စစ်သားများသည် လက်လွှတ်စပယ် မသွားရဲကြ။

နောက် တန်းစီ၍ တစ်ယောက်လက် တစ်ယောက်ဆွဲကာ ပုံစံပြောင်း၍ ဆောင်ပေါ်လမ်းကို ဆက်တက်ကြလေသည်။

စောစောပိုင်း ရပ်နားနေကြစဉ်အချိန်က ကာကွယ်ရေး ဦးစီးချုပ် ချူတေး သည် ကိုယ်တိုင် တပ်သားများကြားသို့ ရောက်လာပြီး စစ်သား တစ်ဦးချင်းစီ သယ်ယူလာရသည့် အိတ်များနှင့် ဝန်ထုပ်ဝန်ပိုးများအား သူ့လက်နှင့် ဆ၍ ဆ၍ကြည့်သည်။ လူတစ်ဦး သယ်ဆောင်နိုင်လောက်သည့် အလေးချိန်ထက် ပိုမပို စစ်ဆေးကြည့်ခြင်း ဖြစ်၏။

အကျဉ်းသားများထံ ရောက်လာသည့် အခါတွင်လည်း ချူတေးသည် ကိုယ်တန်တပ်မှ သုံ့ပန်းတစ်ရာခန့်နှင့် မြေပိုင်ရှင် တစ်ဒါဇင်ခန့်အား ဂရုတစိုက် ကြည့်သည်။ အားလုံးသည် အစောင့်များ၏ တင်းကျပ်သော အာရုံစူးစိုက်မှု အောက်တွင် ငြိမ်နေကြသည်။ ဂျေကော့ကိုမူ ထိုမျှလောက် တင်းကျပ်ခြင်း မရှိချေ။ မည်သို့ပင်ဖြစ်စေ ကာကွယ်ရေး ဦးစီးချုပ်သည် အားလုံးအပေါ်၌ သူ့ တပ်သားများအား ဆက်ဆံသကဲ့သို့ပင် ကောင်းစွာ ဆက်ဆံသွားလေသည်။

ချူတေးရောက်လာစဉ်က ဂျေကော့၏ အစောင့်များသည် အဝတ် ထွယ်အိတ်တစ်လုံး သူ့ပခုံး၌ စွပ်ပေးထားသည်။ ထိုအိတ်ထဲတွင် ဂျုံအနည်းငယ် ရွတ်ကောင်းနှင့် ချင်းတက်များအပြင် ချင်ကိုဟုခေါ်သော တရုတ်မုန့်တစ်ခု ထည့်ပေးထားသည်။ သို့သော်လည်း ဂျေကော့၏ လက်များကိုမူ အခြား အကျဉ်းသားများအား ကြိုးမချည်ဘဲ လွှတ်ပေးထားသလို မထားဘဲ လက်ပြန် ကြိုး တုပ်ထားသည်။

ထိုအဖြစ်ကို မြင်သောအခါ ချူတေးက ပြုံးသည်။ ဟူနန်နယ်သား အစောင့် တပ်ခွဲမှူးအား လက်ပြ၍ ခေါ်ပြီး ကြိုးဖြေပေးရန် အမိန့်ပေးသည်။ "ဘာကယ်လို့ နိုင်ငံခြားသား သူလျှိုက အခုလို နေရာမျိုးမှာ ထွက်ပြေးချင်တယ် ဆိုရင်လည်း ငါတို့က ကြိုဆိုရမှာပေါ့ကွာ မဟုတ်ဘူးလား" ဟု ပြောကာ ဘက်ခနဲ တစ်ချက်မျှ ရယ်သည်။

သို့သော်လည်း ဂျေကော့၏ ရောင်ကိုင်းနေသော ခြေထောက်များ စည်း ထားသည့် အဝတ်စနှင့် စီးထားသည့် ကောက်နှံ လွှာချင်း ဖိနပ်များအား မြင် လိုက်သည့်အခါ သူ့မျက်နှာထားသည် ပြောင်းသွားသည်။ "သူ့ကို တောင့်တောင့် ခိုင်ခိုင် တောင်ဖွေး တစ်ချောင်း ထုတ်ပေးလိုက်ရင် ကောင်းမယ်။ ပြီးတော့ ဒဏ်ရာရထားတဲ့ သူ့ခြေချောင်းတွေကို စည်းဖို့ အဝတ်စလေး ဘာလေး ရှာပေး လိုက်ဦး။ အဲသလောက်မှ လုပ်ပေးမထားရင် တို့ရဲ့ အနေးဆုံးလားကိုတောင် ဒီလူ မီအောင် လျှောက်နိုင်မယ် မထင်ဘူး"ဟု ပြောသည်။

မုန်တိုင်း ကျလာသည့် အခါတွင်မူကား သူ့အတွက် ပေးထားသည့် တောင်ဝှေးသည် အသုံးမဝင်တော့ချေ။ ထန်ပြင်းသော လေနှင့် လိုက်ပါလာနေသည့် ဆီးနှင်းများ၏ ရိုက်ခတ်မှုကြောင့် သူ့ မျက်လုံးများသည် သူ့ရှေ့မှ လမ်းအား ကောင်းစွာ မမြင်ရတော့ပေ။ ထိုအခါ သူသည် တောင်ဝှေးကို အားမပြုနိုင်တော့ဘဲ စမ်းတဝါးဝါးသာလျှင် လျှောက်ရတော့၏။ တစ်ကြိမ်သော် လမ်းတစ်ဖက်ရှိ ကျောက်စွန်းလေး တစ်ခုဆီ ရောက်သွားကာ ထိုအပေါ်မှ ဆီးနှင်းခဲအား ခလုတ်တိုက်မိသည်။ အမှန်တော့ လမ်းလွဲသွားခြင်းဖြစ်၍ အစောင့်ကသာ ဆွဲမတင်လျှင် လမ်းပေါ် ပြန်ရောက်နိုင်ဖွယ်ရာ မရှိပေ။

အကျဉ်းသားများနှင့် အစောင့်များ ကြားတွင် စကား လုံးဝ မပြောကြသော်လည်း အချိန် ကြာလာသည့်အခါ ဂျေကော့သည် နှစ်ဖက်စလုံး၏ အခြေအနေကို ရိပ်မိလာသည်။ ယခင်က ဤနှစ်ဦးကြားတွင် ရန်လိုနှင့် ရန်စောင်မှုသာ တည်ရှိနေခဲ့သော်လည်း ယခုအခါတွင်မူကား ပထမဆုံးအကြိမ် ဆက်ဆံရေး ပြောင်းလဲလာ နေသည်ကို သူ သတိထားမိလာသည်။ အလွန့်အလွန် ဆိုးဝါးသည့် အခြေအနေကြီး ထဲတွင် ဘဝတိုက်ပွဲ တစ်ခုကို ဘေးချင်းယှဉ်၍ ယှဉ်ပြိုင်တိုက်ခိုက်နေကြရသည့် ဖမ်းဆီးထားသူများနှင့် အဖမ်းခံများ၏ ကြားတွင် တူညီသော ဆန္ဒသည် တည်ရှိလာခဲ့၏။ ထိုဆန္ဒကား နှစ်ဦးစလုံး အသက်ရှင်ရေးဖြစ်၍ ထိုဆန္ဒကသည်ပင်လျှင် နှစ်ဦးစလုံးအား စည်းလုံးသွားအောင် စုစည်းပေးလိုက်ခြင်းပေတည်း။

နောက်တစ်နာရီခန့် အကြာတွင် လေများသည် ငြိမ်သွားသည်။ ဆီးနှင်းများလည်း ဆက်၍ မကျတော့ဘဲ ရပ်သွားသည်။ နှင်းမုန်တိုင်း ကျခဲ့စဉ်က တစ်တောင်လုံးအား လွှမ်းခြုံ ဖုံးအုပ်ထားသော တိမ်ပုပ်၊ တိမ်မည်းများသည် အရောင် မှေးမှိန်ကာ နှင်းမြူများအဖြစ် အသွင် ပြောင်းသွားသည်။ သို့တစေလည်း ချီတက်နေကြသူများ၏ ကြောက်ရွံ့စိုးရိမ်မှုသည် တိုးလာနေသည်။ အအေးဓာတ် လွန်ကဲ ပြင်းထန်ခြင်းနှင့် အောက်စီဂျင်ဓာတ် ပါးရှားခြင်းများကြောင့် သူတို့၏ ရဲဘော် အများအပြား သေဆုံးနေကြသည်ကို ကိုယ်တွေ့မျက်မြင်တွေ့ နေကြရသည် မ ေ့တ်ပါလား။

ဝမ်းကိုက်ရောဂါနှင့် အဖျားရောဂါများကြောင့် တပ်သား အများစုသည် အားအင် ကုန်ခမ်းကာ ချည့်နဲ့နေကြသည်။ တချို့မှာ အလွန် ကျန်းမာကြံ့ခိုင်သူများဖြစ်၍ သူတို့၏ ကာယအင်အားနှင့် ခံနိုင်ရည်ရှိမှုများကြောင့် လူအများက အံ့ဩ လေးစားခဲ့ရသူများဖြစ်၏။ သို့သော်လည်း ယခုအခါတွင်မူ ထိုသူများပင်လျှင် အံ့ဩဖွယ် ကောင်းလောက်အောင် ချည့်နဲ့ပိန်ချုံးကာ သေဆုံးသွားကြသည်ကို မြင်နေကြရလေသည်။

အများအားဖြင့် ထိုသူများမှာ လမ်းဘေး၌ လဲကျနေကြခြင်းဖြစ်ရာ အချို့သူများက သူတို့၏ အေးစက်နေသော လက်များကို ဆွဲ၍ ထူမပေးရန် အားထုတ်ကြသည်။ သို့သော်လည်း ထိုသူများသည် ထနိုင်စွမ်းလည်း မရှိ။ ထူထူ ထောင်ထောင်လည်း ဖြစ်မလာ။ တစ်နေရာတွင် ဂျေကော့သည် ပိန်ပိန် ခြောက်ခြောက်နှင့် ကမ္ဘဋ္ဌာန်းရှပ် ပေါက်နေသော အစောင့် တပ်သားတစ်ဦး လဲကျနေသည်ကို တွေ့ရ၏။ စစ်သား၏ ကိုယ်တစ်ဝက်မှာ ဆီးနှင်းပြင်ထဲတွင် နစ်မြုပ်နေသည်။ ဂျေကော့သည် ထိုစစ်သားဘေး၌ ဒူးထောက်၍ထိုင်ကာ မတ်တတ်ရပ်နိုင်အောင် ထူပေးသည်။ သို့သော်လည်း စစ်သား၏ ဦးခေါင်းသည် နောက်သို့ လန်ကျသွားသည်၊ ဂျေကော့ လက်ထဲတွင် စစ်သား၏ ခန္ဓာကိုယ်မှာ အေးစက်ပြီး တောင့်တင်းနေသည်။

ဂျေကော့သည် သူ့လက်ထဲမှ စစ်သား၏ ရုပ်လက္ခဏာအား စေ့စေ့စပ်စပ် ကြည့်မိသည်၊ ဤ ချီတက်ပွဲ စတင်ခဲ့သည့် စောစောပိုင်းရက်များ အတွင်းက ဘီအန်ဆီမှ အကျဉ်းသား လူငယ်အား ဝမ်းပန်းတသာနှင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အစောင့် စစ်သားဖြစ်၏။ သူ ကိုယ်တိုင် စီအန်မြစ် အတွင်း၌ ရေနစ်နေသော ထိုအစောင့်အား ကယ်တင်ခဲ့ဖူး၏။

ဂျေကော့သည် လက်ထဲမှ အစောင့် စစ်သားအတွက် ဘုရားသခင်အား အာရုံပြု၍ ဆုတောင်းသည်၊ ထို့နောက် ဆီးနှင်းပြင်အား လက်နှစ်ဖက်ဖြင့် ယက်၍ တွင်းတစ်တွင်း ခပ်တိမ်တိမ် တူးကာ မြှုပ်လိုက်သည်။ ဤအလုပ်အတွက် ပင်ပန်းသွားသော ဂျေကော့၏ ဦးခေါင်းသည် နောက်ကို မူးဝေလာသည်။ ဤအခိုက်မှာပင် ဘေးနားမှ အခြား အစောင့် တစ်ဦးက သူ့နောက်မှ လာရပ်ပြီး ဂျေကော့အား ဆွဲထူကာ ခေါ်သွားသည်။

မကြာခင်မှာပင် ဂျေကော့နှင့်အတူ ချီတက်နေကြသည့် စစ်သားများနှင့် အစောင့်များ၏ မျက်နှာများပေါ်တွင် ထိတ်လန့် ကြောက်ရွံ့မှုများ ထင်ဟပ်လာနေသည်။ ဆီးနှင်းပြင်ကြီးများ ဖုံးအုပ်နေသော တောင်တန်းကြီးများနှင့် ဆက်သက်၍ တရုတ်နိုင်ငံ၏ လယ်သမားများ ကြားတွင် ဘဝပေး အသိတစ်ခု ရှိသည်။ ယင်းမှာ ဆီးနှင်းခဲကြီးများ ပြိုကျလာလျှင် လူအများအပြား သေကျေပျက်စီးတတ်သည်ဟူသော အသိဖြစ်၏။

ထိုအသိကို လက်ခံလာခဲ့ကြသော လယ်သမား စစ်သားများသည် တောင်တန်းပေါ်ရှိ ရေခဲနံရံကြီးများအား အမြဲတစေ ကြောက်ရွံ့ထိတ်လန့် စိတ်ဖြင့် မော့မော့ ကြည့်ကြသည်။ ဆီးနှင်းပြင်ထက်၌ ရှုတ်တရက် လဲကျသေဆုံး သွားကြသော ရဲဘော်များအား ကြည့်ကာ အသက်ရှင် ကျန်ရစ်သူများ စိတ်၌ စိုးရိမ် ကြောင့်ကြမှုများ ဝင်လာသည်။ ရှစ်လကြာမျှ မရပ်မနား

ချီတက်ရခြင်းနှင့် တိုက်ခိုက်နေရခြင်း စသည်တို့ကြောင့် မိမိတို့အားလုံး မည်မျှ လောက်အထိ အားနည်းနေကြသည်ကို ရိပ်စား နားလည်လာကြသည်။ ထိုအခါ စိတ်ဓာတ်အင်အားသည် ချို့တဲ့လာသည်။ ထိုအချက်ကို နားလည်ကြသော နိုင်ငံရေးမှူးများသည် သွေးသစ်လောင်းပေးသည့် အလုပ်ကို အဆက်မပြတ် လုပ်လာကြလေသည်။

"ရဲဘော်တို့ မှန်မှန်ပဲ လျှောက်ကြ" ဟု အစောင့်တပ်ဖွဲ့ နိုင်ငံရေးမှူး ပြောသည်။ "ရဲဘော်တို့ရဲ့ ကျောနစ်အကျီ ကြယ်သီးတွေကို ဖြုတ်ထားလိုက်ပါ။ ခါးပတ်တွေကို နည်းနည်းလျှော့ထားလိုက်ပါ။ အသက်ရှူရတာ ကောင်းလာ ပါလိမ့်မယ်။ ချင်းတက်ကို နည်းနည်းဝါးပါ။ အစားကို မစားဘဲ မနေပါနဲ့။ ကိုယ့်ကိုယ်ကိုယ် မညှာလိုက်ပါနဲ့။ အကြီးအကျယ် ဒုက္ခရောက်သွားပါလိမ့်မယ်"

ဂျေကော့သည် သူ့ အစာအိတ်ကို ပခုံးမှဖြုတ်ကာ ချင်းတက်အနည်းငယ် ကို ယူ၍ ဝါးလာသည်။ ပင်ပန်းနွမ်းနယ်မှုက ရှိနေသဖြင့် သူ ဝါးသည့် ချင်းတက် ၏ အစပ် အရသာကြောင့် ချောင်းအဆက်မပြတ် ဆိုးလာသည်။ သူသည် ဝါးနေသည့် ချင်းတက်ကို မျိုမချနိုင်။ သူ့ခေါင်းသည် လေးလံထိုင်းမှိုင်းလျက်ရှိ၍ သူ့ခြေထောက်များသည် အားအင် ကုန်ခန်းသလို ဖြစ်နေသည်။

လမ်းဘေးဝဲယာ၌ လဲကျ သေဆုံးနေကြသော တပ်နီစစ်သား အလောင်း များမှာ မြင်မကောင်းအောင် ပြန့်ကျဲ နေကြသည်။ သူရော သူတို့လို သေသွားနိုး နီးကပ် လာနေပြီလား။ ချူတေး၏ အမိန့်အရ ပေးထားသည့် အဝတ်စများအား သူ့ ခြေထောက်များ၌ စည်းထားခဲ့၏။ ယခုသော် ထိုအဝတ်စများသည် စုတ်ပြဲ နေကြပြီဖြစ်၍ အတွင်းမှ ခြေချောင်းကလေးများသည် ပေါ်နေကြလေပြီ။ ၎င်း ခြေချောင်း ကလေးများသည် အအေးဒဏ် ခံရလွန်း၍ ထုံကျဉ်နေကြပြီဖြစ်၏။

လမ်းလျှောက်နေရသည့် ကြားမှာပင် သူ့ဝတ်ရုံထဲမှ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်လျက်ရှိသည်။ နေထွက်လာသည့် အခါတွင်မူ ဆီးနှင်းပြင်များ သည် မျက်စိနှင့် ကြည့်မရလောက်အောင် တောက်ပလျက်ရှိ၏။ သူသည် ကျဉ်း မြောင်းသော လမ်းပေါ်တွင် တယိမ်းယိမ်း တယိုင်ယိုင် ဖြစ်လျက်ရှိသည်။ သူ့ ခြေထောက်များအောက်မှ မြေအပြင်သည် မုန်တိုင်းမိနေသော သင်္ဘော တစ်စီး ၏ ကုန်းပတ်သဖွယ် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြစ်နေသည်။ နိုင်ငံရေး မှူးက မကြာခဏ သတိပေးခဲ့သော ဂျေကော့သည် ထိုသူ ပြောသလို မရပ်မနား မလျှောက်နိုင်ဘဲ မကြာ မကြာ ရပ်၍ ရပ်၍ နားနေရ၏။

"မရပ်ဘဲ ဆက်တိုက်လျှောက်နိုင်အောင် ကြိုးစားပါ ကီမူ-ရှီ။ အဲသလို မလျှောက်ရင် ကီမူ-ရှီ သေလိမ့်မယ်"

အကျဉ်းသားများ၊ စစ်သားများနှင့် ဝန်တင်တိရစ္ဆာန်များကြားတွင် တီးတိုး ပြောလိုက်သံကို ကြားလိုက်ရ၏။ ဘယ်သူကများ ပြောလိုက်တာပါလိမ့်။ ဖျောင်း ခြင်းနှင့် အားပေးခြင်း လေသံ အပြည့်ပါသည်။ ဂျေကော့၏ အစောင့်မှာ သူ့ရှေ့ ကိုက်နှစ်ဆယ် အကွာတွင် ရောက်နေသည်။ ဂျေကော့သည် အသံ လာရာ ဘက်သို့ လှည့်ကြည့်သည်။ မျက်နှာဝိုင်းဝိုင်း ပျော်ပျော်နေတတ်သော မျက်နှာ သူ ချက်ချင်း မှတ်မိသည်။ လီအန်ငယ် တပ်နီ ကက်ဦးထုပ် အကြီးကြီး ဆောင်းထားသည်။

“ဒီဟာ သောက်လိုက်ပါ” သူရဲနီလေး လီအန်က အဝါရောင် အရည်များ ထည့်ထားသည့် သတ္တုခွက်အား ဂျေကော့ လက်သို့ ထိုးပေးသည်။ “ကျွန်တော့် အစ်ကိုနဲ့ ကျွန်တော် ဒီမနက် ကျိုထားတဲ့ ရေတက်ကောင်းရည်ပါ”

ဂျေကော့နှင့် လီအန်ငယ်သည် အစောင့်အား လှမ်းကြည့်နေကြသည်။ အစောင့်က ပေးခွင့်နှင့် ယူခွင့်ပြုသည်ဟူသော သဘောဖြင့် ခေါင်းညိတ်ပြသည်။ ဂျေကော့သည် လီအန်ငယ် လက်ထဲမှ ခွက်ကို လှမ်းယူကာ တစ်ခွက်လုံး မော့ချ လိုက်သည်။ ချောင်းတဟွပ်ဟွပ် ဆိုးလာသော်လည်း တစ်ကိုယ်လုံး ပူနွေး သွားသည်ကိုကား ခံစားလိုက်ရ၏။ သူသည် တောင်ဝှေးကို ထောက်ကာ ရှေ့ ခုံကို ဆက်သည်။ သူ့ဘေးမှ လိုက်လာသူမှာ လီအန်ငယ်။

“ကျွန်တော် ဆေးတပ် အဖွဲ့နဲ့ လိုက်လာတာ အဖေ့ကိုလည်း ပြုစုရင်း ပေါ့” ဟု လီအန်ငယ်က နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။ “ကီမူ-ရှီ လမ်း ကောင်းကောင်း မလျှောက်နိုင်တာကို အဖေ မြင်သွားလို့ ကျွန်တော့်ကို ကူညီဖို့ လွှတ်လိုက်တာ” အခုကော နေလို့ အဆင်ပြေရဲ့လား ကီမူ-ရှီ” လီအန်ငယ်၏ မျက်နှာထားသည် ဂျေကော့အတွက် စိုးရိမ်ပူပန်ခြင်းကို ဖော်ပြနေသည်။

ဂျေကော့သည် ရှိုသမျှ ခွန်အားကို ထုတ်၍ တောင်ပေါ်သို့ တက်နေရာမှ ခေါင်းညိတ်သည်။

“အဖေက ပြောတယ်။ ကီမူ-ရှီကို အကျဉ်းသားအဖြစ် ဖမ်းထားတဲ့ စစ်တပ်ထဲ ဝင်လို့ သူ့အပေါ် အထင်အမြင် မလွဲပါနဲ့တဲ့။ တရုတ်ပြည်အတွက် ကတော့ တပ်နီတပ်ဟာ ကောင်းတဲ့ စစ်တပ်ပါတဲ့။ ဒီစစ်တပ်ဟာ ဆင်းရဲသား တွေကို ကူညီပါတယ် တဲ့”

လီအန်ငယ်သည် စကားကို မဆက်သေးဘဲ ရပ်ထားပြီး သူ့စကားကို အစောင့် နားထောင်နေသလားဟု လှမ်း၍ အကဲခတ်သည်။ သူသည် ဂျေကော့ ဘက်သို့ မသိမသာတိုးလာသည်။ “အဖေက ပြောတယ်၊ တပ်နီ စစ်တပ်ဟာ စစ်ဘုရင်တွေ ဖွဲ့စည်းထားတဲ့ စစ်တပ်တွေနဲ့ မတူပါဘူးတဲ့။ သူတို့က သာမန် လူ တန်းစားတွေဆီက လုတာ၊ ယက်တာ၊ ခိုးတာ၊ ဝှက်တာတွေ မလုပ်ဘူးတဲ့။

သူတို့က မြေပိုင်ရှင်တွေဆီက ပစ္စည်းတွေကိုတော့ အတင်းအဓမ္မ သိမ်းယူပါတယ် တဲ့။

"အစားအစာတွေကို သိမ်းရင်လည်း ငွေပေးပါတယ်တဲ့။ လူချမ်းသာတွေ ဆီက သိမ်းရင်သာ မပေးဘဲ နေတာပါတဲ့။ အရာရှိတွေနဲ့ သာမန်စစ်သားတွေ တန်းတူရည်တူ နေထိုင်ခွင့် ပေးထားပါတယ်တဲ့။ အရာရှိတွေက စစ်သားတွေ ကျွန်လို ခိုင်းတာနဲ့ ရိုက်နှက်တာတွေကိုလည်း လုပ်ခွင့် မပေးပါဘူးတဲ့။ စစ်သား တွေဟာ တိုက်ပွဲပြီးလို့ အစည်းအဝေး လုပ်ကြတဲ့အခါတိုင်း အထက်အရာရှိ ကို ဝေဖန်နိုင်တဲ့အထိ အခွင့်အရေး ပေးထားပါတယ် တဲ့။ တစ်နေ့ တပ်နီတပ်ဟာ ကျွန်တော်တို့ နိုင်ငံကို ကျွန်တော်တို့ လက်ထဲ ပြန်ပေးမှာပါ ကျွန်တော့် အဖေက အဲဒါတွေကို ကီမူ-ရှီ သိအောင် ပြောပြပေးပါ ကျွန်တော့်ကို မှာလိုက်ပါတယ်"

"ငါ အဲဒါတွေ နားလည်ပါတယ်လို့ မင်း အဖေကို ပြောပြလိုက်ပါ" ဂျကော့က မောပန်းနွမ်းဟိုက်သည့် လေသံဖြင့် ပြန်ပြောသည်။ "ဒါပေမဲ့ ဆက်မပြောနဲ့တော့။ မောမယ်၊ အားကုန်မယ်"

"ကျွန်တော် မမောပါဘူး၊ ကီမူ-ရှီ" ဟု သူငယ်က တိုးတိုး ပြန်ပြောသည်။ သူသည် အမောအပန်း မရှိ ဂျကော့အားမှ ကပ်လျက် လိုက်လာနေသည်။ "ကျွန်တော့်မှာ အဖေ မှာလိုက်တဲ့ ပြောစရာ တစ်ခု ကျန်သေးတယ်"

သူတို့အပေါ်ဘက် ပေငါးဆယ်၊ ခြောက်ဆယ်ခန့်တွင် ဝါဒဖြန့်ချိရေး တပ်စိတ်မှ တပ်သားများသည် အလံနီများ စိုက်ထူနေကြသည်။ သူတို့ အောက် ဘက်၌ ရှိနေကြသော နိုင်ငံရေးမှူးများသည် လက်များအား ဝှေ့ယမ်း ပြကာ အော်ဟစ် အားပေးနေကြ၏။ ဂျကော့သည် သူ့တောင်ဝှေးအား လက်နှစ်ဖက် ဖြင့် ဆုပ်ကိုင်၍ လေထဲ၌ တလူလူ လွင့်နေသော အလံများကို မော့ကြည့်ကာ တောင်ကုန်းလမ်းအတိုင်း တက်သွားနေသည်။

"အဖေက သူ ကလေး မြေမြုပ်တဲ့နေ့က အကြောင်းကို မပြောပြလိုက် ရလို့ စိတ်မကောင်း ဖြစ်နေတယ်" ဟု အစောင့်အား တစ်ချက် လှမ်းကြည့်ပြီး ခပ်တိုးတိုး ထပ်ပြောသည်။ "ဒါပေမဲ့ ပြောစရာ ရှိတာကို တရားသူကြီးရှေ့မှာ မပြောမိတာ အကောင်းဆုံးလို့ အဖေက ထင်တယ်လို့ တွေးမိတာနဲ့ မပြောခဲ့တာ တဲ့" သူသည် သူ့ စကားများအား အစောင့်တပ်သား ကြားသွားလေမလား ဟူသော စိုးရိမ်စိတ်ဖြင့် တစ်ချက် လှမ်းကြည့်ပြန်သည်။ "ကီမူ-ရှီကို အား မပြောနဲ့လို့ အဖေ့ကို အမိန့်ပေး လိုက်တဲ့လူက ရဲဘော် လုမေ-လင်းတဲ့"

လီအန်ငယ်၏ စကားများ ကြားလိုက်ရသည့်အခါ တောင်တက်လမ်း အား ဖြည်းဖြည်း မှန်မှန် တက်သွားနေသော ဂျကော့၏ ခြေလှမ်းများသည် ဖျတ်ခနဲ ရပ်သွားပြီး လီအန်ငယ်အား လှည့်ကြည့်သည်။

"ရဲဘော် လုမေ-လင်းက ဘာမှ မပြောရဘူးလို့ အမိန့်ပေးတာ ဘာ အဓိပ္ပာယ်လဲ။ ဘာအကြောင်းကို ဆိုလိုတာလဲ လီအန်ငယ်"

"ကီမူ-ရှီရဲ့ သမီးလေး အကြောင်းပါ"

"မင့်အဖေက သမီးလေးအကြောင်း လုမေ-လင်းကို သွားပြောပြလို့လား"

သူငယ်က ခေါင်းညိတ်သည်။ "ဟုတ်ပါတယ်၊ လုမေ-လင်းက ကီမူ-ရှီ ရဲ့ သမီးလေးကို ထိန်းသိမ်း စောင့်ရှောက်ပေးမယ်လို့ သဘောတူလိုက်တယ်"

"သမီးလေး သေပြီဆို"

"မသေပါဘူး ကီမူ-ရှီ"

ဂျေကော့သည် ပါးစပ်အဟောင်းသား ဖြစ်ကာ လီအန်ငယ်အား ကြည့် နေသည်။ "ဒါပေမဲ့ မင့်အဖေက ပြောတော့ ယူနန်နယ်ထဲက မြေပေါ်မှာ သမီး လေးကို မြှုပ်လိုက်ပြီတဲ့"

"မဟုတ်ဘူး ကီမူ-ရှီ။ သူ မြေမြှုပ်တာက လုမေ-လင်းရဲ့ သားလေးပါ။ လုမေ-လင်းက ကီမူ-ရှီရဲ့ သမီးလေးကို ယူထားလိုက်တယ်။ ဒါပေမဲ့ သူက ပြောလိုက်တယ်၊ ဒီကိစ္စကို လျှို့ဝှက်ထားရမယ်တဲ့"

"ဝါဒဖြန့်ချိရေး တပ်စုမှ တပ်သားများသည် တောင်ကြားလမ်းထိပ်၌ ချဉ်နေရာမှ ဂျေကော့နှင့် လီအန်ငယ်တို့ဘက် လက်ဝှေ့ယမ်းပြကာ မနားကြနဲ့ဟု အော်ပြောနေကြသည်။ ဂျေကော့တို့နောက်မှ လိုက်ပါလာနေသော ဂျေကော့၏ အစောင့်များသည် ဂျေကော့အား မနားရန်နှင့် ခပ်သွက်သွက် လျှောက်ရန် ဂျေကော့ ကျောအား သူ့လက်နှင့် တွန်းသည်။

ဂျေကော့သည် သူ့ရှေ့မှ ချီတက်နေသူများအား လှမ်းမျှော်ကြည့်သည်။ ထိုလူအုပ်များကြား၌ စစ်ဌာနချုပ် အဖွဲ့ဝင်များအား မျက်စိရှာသည်။ ခြေတံ ခပ်ရှည်ရှည်နှင့် အညိုရောင်လား ထက်၌ ထိုင်နေသော မေ-လင်းအား မြင် သည်။ သို့တစေလည်း သူ့ခေါင်းသည် မူးနောက်နောက် ရီဝေဝေ ဖြစ်လာသည်။ မေ-လင်း၏ ရုပ်လွှာသည် ဝိုးတစ်ဝါးဖြစ်ကာ သူ့မျက်စိများရှေ့မှ ပျောက်သွား သည်။ သူ့လက်ထဲမှ တောင်ဝှေးသည် ဆီးနှင်းပြင် ဖြစ်နေသော လမ်းပေါ်၌ ချော်သွားသည်။ သူသည် လဲကျတော့မလို ဖြစ်သွားသည်။ အခြားလူများ မြေကြီးပေါ် ထိုင်ချလိုက်ကြသည်ကို မြင်သောအခါ ဂျေကော့ ကိုယ်တိုင်လည်း မြေပေါ်သို့ ထိုင်ချ လိုက်လေ၏။

***

၇

နောက်သုံးရက်တာ ကာလအတွင်း ဂျေကော့၏ မျက်လုံးအစုံသည် ချိတက်နေသော တပ်ဦးရှေ့ဆီသို့ အမြဲတစေ ကြည့်ကာ ရှာဖွေလျက်ရှိသည်။ တစ်ကြိမ်တွင် သူသည် လားပေါ်မှ မေ-လင်းအား လှမ်းမြင်လိုက်သည်။ မိမိက သေပြီဟု ထင်မှတ်ခဲ့သော သမီးငယ်သည် တရုတ်အမျိုးသမီး မိန်းမချောကလေး၏ လက်ထဲ၌ အသက် ရှင်လျက်ရှိနေသည်မှာ ယုံကြည်ရတော့မည်ဖြစ်၏။

သို့သော်လည်း အင်အား ချည့်နဲ့နေသော အခုလို အခြေအနေတွင် ဂျေကော့သည် မိမိ၏ ရိက္ခာအိတ်ထဲမှ အစာများကိုစား၍မရ။ သူ့အတွက် အနေ လောလောဆယ် အဆင်ပြေနေသော အစားအစာမှာ လီအန်ငယ်က တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်အထိ ယူ ယူလာပြီး ပေးသည့် ရေတ်သီး စွပ်ပြုတ်ရည်ဖြစ်၏။ ယခုတလော အအေးဓာတ်က ပြင်းလွန်း၍ ဂျေကော့သည် အိပ်၍မရ။ တောင်ပေါ် တက်ပြန်တော့လည်း ယခင်ကလို သွက်သွက်လက်လက် မရှိ။ အမြဲတစေ နွေးကွေးလေးလံလျက် ရှိလေသည်။

အံ့ဩစရာ ဖြစ်နေသည်ကား သူ့ ပတ်ပတ်လည်တွင် အခြား လူများနှင့် ဝန်တင်လားများ မကြာခဏ လဲကျသေဆုံးနေကြခြင်းဖြစ်၏။ ကျည်ဆန်သေတ္တာ ထမ်း၍ ပို့သူများနှင့် ရိက္ခာများကို သယ်သူ ထမင်းချက်များသည်လည်း အခြား လူများကဲ့သို့ပင် လဲကျသေဆုံးလျက် ရှိကြသည်။ ယင်း အခြေအနေတွင် တရုတ်နီ တပ်အတွက် ပို၍ ဆင်းရဲဒုက္ခ ကြီးလာရသည်မှာ တခြားမဟုတ်၊ တတိယနေ့ တွင် မိုးသီးများပါသည့် လေမုန်တိုင်း ထပ်ကျလာပြန်ခြင်း ဖြစ်၏။

ကောင်းကင်ပြင် တစ်ခွင်လုံးသည် မည်းနက်လာသည်။ လက်သီးဆုပ်ခန့် ရှိသော မိုးသီးများသည် သဲသဲမဲမဲ ရွာသွန်းလျက်ရှိသော မိုးရေထဲတွင် ပါလာသည်။ အားလုံးသည် မိုးသီးများဒဏ် မခံနိုင်သဖြင့် သတ္တုလင်ပန်းများ၊ ဇလုံများ တာပေါ်လင် စသည့် ရွက်ထည်များဖြင့် ကာကွယ် ထားကြရသည်။

မွန်းလွဲပိုင်းတွင်မူ ကိုမင်တန် နှစ်ထပ် လေယာဉ်များ ရောက်လာပြီး ချီတက်နေသော တပ်များ၏ တပ်ဦးပိုင်းအား ဗုံးကြဲသည်။ ဌာနချုပ်မှ တပ်များသည် ဗုံးဒဏ်မှ လွတ်ကြသော်လည်း ထိုဗုံးများ၏ ပေါက်ကွဲမှုကြောင့် တောင်ပေါ်၌ ထုနှင့်ထည်နှင့် တည်ရှိနေသော ရေခဲတောင်ကြီးများ ပြိုကျပြီး အပိခံရသဖြင့် တပ်ခွဲတချို့မှ တပ်သားများ သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းများ ဖြစ်ခဲ့ရသေသည်။

ရေခဲတောင်များ ပြိုကျသဖြင့် လမ်းများ ပိတ်ကုန်လေရာ တပ်တစ်တပ်လုံး အလုပ် ရှုပ်ကုန်သည်။ လမ်းပေါ်၌ ရှိနေသော ရေခဲတုံးကြီးများအား ဖယ်ရှားခြင်း အသက်ရှင်သော်လည်း ဒဏ်ရာရသူများအား ရေခဲတုံးများ အောက်မှ ထုတ်ယူရခြင်း စသည်တို့ကြောင့် အဆမတန် ပင်ပန်းကြရပြန်လေ၏။

လမ်းများ ပိတ်ဆို့နေသည်ကို ဖယ်ရှားခြင်းနှင့် လူအများအား ကယ်ထုတ်နေရခြင်း စသည့် အလုပ်များအတွက် စစ်သားများမှာ နာရီပေါင်းများစွာ အချိန်ကုန်နေကြရ၏။ သူတို့ လုပ်ကိုင် နေသည်များအား ထိုင်စောင့်နေရသည့် ဂျေကော့သည် အခြား အကျဉ်းသားများနှင့်အတူ ဆီးနှင်းများ ဖုံးအုပ်နေသည့် ကျောက်တုံးကြီး တစ်တုံးအား မှီ၍ ထိုင်နေသည်။ သူ့တစ်ကိုယ်လုံး တုန်လှုပ် ရှိရာ စိမ့်နေအောင် အေးလွန်းသည့် အအေးဒဏ်ကြောင့် သူ့တစ်ကိုယ်လုံးရှိ အရိုးအားလုံး ကွဲအက်ကုန်လိမ့်မည်ဟုပင် ထင်မိလေ၏။

ပတ်ဝန်းကျင်တွင် ဆီးနှင်းများသည် ထူထပ်စွာ ကျဆင်းလျက်ပင် ရှိနေသေး၏။ ဘယ်ကိုပဲကြည့်ကြည့် ဘာကိုမှ မမြင်ရ။ အခုလိုသာ ဆီးနှင်းများ ရပ်မနား ကျဆင်းနေပါက အလွန်အားအင် ဆုတ်ယုတ်လျက်ရှိသော မိမိ၏ ခန္ဓာကိုယ်သည် အသက်ရှင်၍ နေနိုင်ပါဦးမည်လော။ သူသည် ရောက်တတ် ရာရာများကို တွေးကာ စိတ်မအေးဖြစ်လျက် ရှိ၏။ ဤအခိုက်မှာပင် လမ်းရှင်း သွားပြီဖြစ်၍ ဆက်လက် ချီတက်ကြရမည်ဟူသော အမိန့်ပေးသံ ကြားရသည်။ သူသည် သူ၏ ထုံကျဉ်နေသော အကြောများအား အတင်းအဓမ္မ တွန်းအားပေးကာ ခရီးဆက်ရပြန်လေ၏။

ယခုတစ်ကြိမ်တွင်လည်း ဂျေကော့သည် မတ်စောက်သော တောင်နံရံကို အားခဲ၍ တက်နေရာမှ မကြာခဏ ချော် ချော် လဲသည်။ ဤသို့ဖြင့် အကျဉ်းသား အားလုံး တောင်ကြားကို ဖြတ်ကျော်ပြီးစ အချိန်တွင် လေသည် ပြင်းထန်စွာ တိုက်ခတ်လာပြန်သည်။ ဆီးနှင်းများသည်လည်း တိုး၍သိပ်သည်း များပြားစွာ ကျဆင်း လာပြန်သည်။ အောက်ဘက်ရှိ လာရာလမ်းကို ပြန်ကြည့်လိုက်သည့် အခါ ဆင်ခြေလျှော တစ်လျှောက်လုံး ဆီးနှင်းများသည် ဖွေးဖွေးလှုပ်လျက် ရှိနေလေပြီ။

ဤတစ်ညတာ ထိုနေရာ၌ ရပ်နားကြရမည် ဟူသော အမိန့်သည် နောက်ဆုံးတွင် ထွက်လာသည်။ လေမှာတိုး၍ ပြင်းထန်စွာ တိုက်ခတ်လာပြီ သည်။ လေ၏ အေးညည်းသံသည် အားလုံးအတွက် နားမခံသာအောင် ရှိလှပေ သည်။ စစ်သားများသည် ခဲလုနီးပါး ဖြစ်နေသော ထုံကျဉ် ကိုက်ခဲနေသည့် လက်များဖြင့် ယာယီ စခန်းများကို ဆောက်ကြရသည်။ အမိုးအကာအဖြစ် တာပေါ်လင် ရွက်ထည်များအား နီးရာ ဝါးရုံပင်များ ကျောက်တုံးကျောက်ခဲ များနှင့် သစ်ပင်များတွင်း တွဲချည်ကာ အမိုးအကာများအဖြစ် အသုံးပြုကြ သည်။

အားလုံး ပြီးစီးသွားသည့်အခါ စစ်သားများသည် ကျောက်တုံးများအား လေကွယ်သည့်ဘက်မှ မှီ၍ ထိုင်ကြသည်။ စောင်များနှင့် အိပ်ရာခင်းများ သူတို့ ကိုယ်၌ပတ်၍ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့ ပူးကပ်ကာ နွေးထွေးသွားအောင် အားထုတ်နေကြရ၏။ တချို့စစ်သားများသည် ဖယောင်းပုဆိုးထီးများအား ဖွင့်၍ လေကာ လုပ်ကာ ထီးများအောက်၌ အသားကုန်ကွေးပြီး ကုပ်နေကြရလေသည်။

နေဝင်ဖျိုးဖျ အချိန် ရောက်လာပြီ။ ဂျေကော့သည် သူ့ အစောင့်များ လုပ်ထားသည့် ဝါးအကာအကွယ် နောက်၌ တစ်ကိုယ်လုံး ကွေးကာ၊ ဌာနချုပ် တပ်များ အကာအကွယ်တဲများ ဆောက်လုပ်နေကြသည်ကို လှမ်းကြည့်နေ သည်။ သူတို့အတွက် ရွေးချယ်ထားသည့် နေရာမှာ တစ်ချိန်က တောင်ပေါ်သား လူမျိုးစုများ နေထိုင်ခဲ့ရာ နေရာဖြစ်၍ ကျောက်တုံးများ ထူထပ်ရာ လွင်ပြင် တစ်ခု ဖြစ်လေသည်။

အနက်ရောင် "ယတ် နွားသားရေ" အနည်းငယ်အား တချို့ နေရာ၌ ကာရံထားသည်။ အမှောင်ထု ထူထပ်သိပ်သည်းစွာ ကျမလာမီ အချိန်ကလေး မှာပင် ဂျေကော့သည် ခြေတံရှည်ရှည်လား တစ်ကောင်အား အော်ဒလီ တစ်ယောက် ဆွဲလာသည်ကို မြင်ရ၏။ အော်ဒလီသည် အစွန်ဆုံး တဲရှေ့၌ ရပ်ကာ လားကို ချည်ထားလိုက်ပြီး လားပေါ်၌ ခွတင်ထားသည့် ခြင်းတောင်း နှစ်တောင်းကို ယူ၍ တဲထဲ သို့ပို့သည်။ ထိုခဏမှာပင် မိမိ၏ ခန္ဓာကိုယ်တွင်း၌ အသက်ဝိညာဉ် ထွက်မသွားမီ မိမိ ဘာလုပ်ရမည်ကို ဂျေကော့ ဆုံးဖြတ်၍ ရသွားလေ၏။

ဤမျှလောက် မြင့်မားလွန်းသည့် နေရာမျိုး၌ ရေကို ကျိုချက်ရသည်မှာ မလွယ်လှ။ လျင်မြန်စွာ ရေဆူလာဖို့ ဆိုသည်မှာ ခက်ခဲလှ၏။ ထို့ကြောင့်လည်း မကျက်တကျက် ဂျုံ တစ်ခွက်ကို အစောင့်တစ်ဦးက သူ့အား လာပေးသည့်အခါ တစ်ဝွန်းမျှပင် ဝင်အောင် မသောက်နိုင်။ သူသည် နှင်းရည် အနည်းငယ်ကို

သက်ခုပ်နှင့် နှစ်ကြိမ်မျှယူ၍ သောက်ခြင်းဖြင့်သာ သူ့ဝမ်းကို အာသာပြေအောင် လုပ်ခဲ့ရ၏။

သူသည် လေအကွယ်၌ ထိုင်ကာ လိမ္မော်ရောင် မီးတောက်များအား ငေးမောနေသည်။ အစောင့် လူငယ်မှာ နောက်ဘက်၌ လှဲ၍ ကွေးနေသည်။ ညည်းမျှလောက်ပင် အေးနေစေကာမူ အဆမတန် ပင်ပန်းနေသော အစောင့်သည် မိနစ် အနည်းငယ် အတွင်း အိပ်မောကျ သွားသည်။ ထိုအဖြစ်ကို မြင်လိုက်ရသော ဂျေကော့သည် အစောင့်၏ အိတ်ဆီသို့ သွား၍ တင်ထားသည့် ကြယ်နီတံဆိပ် ကက်ဦးထုပ်အား ယူလိုက်သည်။

တောင်၏ အမြင့်ဆုံးအပိုင်း၌ နှင်းမုန်တိုင်း ဝိုင်းခြင်းကို ခံနေကြရသော မောပန်း နွမ်းနယ်နေကြသည့် လူများနှင့် တိရစ္ဆာန်များသည် အချင်းချင်း ကျော ချင်း၊ ရင်ချင်း ပူးကပ်ကာ လူသေကောင်များသဖွယ် အိပ်မောကျ နေကြ၏။ ဂျေကော့ကတော့ ငြိမ်းလုဆဲဆဲ မီးဖိုအား ငေးကြည့်နေဆဲ။

သူ့ကိုယ်ခန္ဓာထဲ ရောက်နေသည့် အအေးဓာတ်ကား တစ်ကိုယ်လုံးကို ပျံ့လျက်ရှိသည်။ တဖြည်းဖြည်းချင်း ပျံ့နှံ့တိုးဝင်သွားနေသည့် အဆိပ် တစ်ခုနှင့် တူလှ၏။ ဤအတိုင်းသာ ဆက်၍ ထိုင်နေပါက အအေးဒဏ်အား မခံနိုင်တော့ဘဲ လဲကျ သေဆုံးသွားမည်ကို များစွာ စိတ်ပူနေရလေပြီ။ သူသည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ အစောင့်၏ ကက်ဦးထုပ်ကို ဆောင်း၍ သူ့မျက်လုံး အစုံအား ကွယ်သွားသည်အထိ ဆွဲချလိုက်သည်။

ထို့နောက် သူသည် ထိုင်နေရာမှ ထရပ်ကာ ဆီးနှင်းများ တဖွဲဖွဲ ကျဆင်းနေသော အပြင်ဘက်သို့ ထွက်လာခဲ့သည်။ သူသည် စခန်းချထားသော နေရာရှိ မီးပုံများကြားမှ ဖြတ်ကာ အရှေ့ဘက်ပိုင်းရှိ တောင်ကြားလွှင်ပြင်၏ နံရံဆီသို့ လျှောက်လာခဲ့၏။ ခဏမျှအတွင်း ဆီးနှင်းများသည် သူ့အား ဝါးမျိုသွားသည်။ သူ့အား ဘယ်သူမှ မြင်နိုင်မည် မဟုတ်။ နံရံဆီ ရောက်သွားသည့်အခါ သူသည် တောင်ဘက်သို့ ချိုးကွေ့ပြီး ဌာနချုပ်၏ ယာယီစခန်းဆီသို့ ဦးတည်၍ လျှောက်သွားသည်။

***

၈

ဂျေကော့သည် ခါးအထိ မြုပ်သော ဆီးနှင်းထဲ၌ မကြာခဏ ချော်လဲသည်၊ အနက်ရောင်တဲထိုးထားသည့် ကျောက်ဆွယ် အောက်ခြေ ရောက်သည်အထိ လဲကျသည့် အကြိမ်ပေါင်းမှာ မနည်း။ တစ်နေရာ အရောက်တွင် သူသည် ဆီးနှင်းခဲများကြား၌ ဝပ်ကာ တပ်နီဂေါဒါတပ်မှ လှည့်ကင်း သူ့ရှေ့မှ ဖြတ်သွားသည်အထိ စောင့်ကြည့်နေသည်။

တဲရှေ့ ရောက်သွားသည်အခါ သူ မြင်ခဲ့ရသည့် ကြိုးနှင့်ချည်ထားသော လားကို မတွေ့ရသဖြင့် တစ်ခဏမျှ ရပ်၍ မိမိ မှားနေလေသလားဟု တွေးသည်၊ သို့တစေလည်း သူသည် ရွက်ထည်တဲနားအထိ သွားကာ အထဲသို့ ချောင်းကြည့်သည်။ လားအား တဲအတွင်း၌ ကြိုးနှင့်ချည်ထားသည်ကို တွေ့ရ၏။ လားသည် မလှုပ်မယှက် ရပ်လျက်ရှိသည်။ တဲ၏ အလယ်တွင် မီးဖိုရှိ၍ ထိုမီးဖိုဘေး၌ တိရစ္ဆာန် သားရေတစ်ချပ်ပေါ်၌ ထိုင်နေသူမှာ မေ-လင်း။ မေ-လင်းသည် ခြင်းတောင်းတစ်လုံးကို သူ့ဘက်သို့ လှမ်း၍ ဆွဲယူနေသည်။

မေ-လင်းသည် စောင်နှင့်ပတ်ထားသော အထုပ်လေး တစ်ထုပ်ကို လက်နှစ်ဖက် မ၍ ထုတ်ယူသည်။ ဂျေကော့မှာ ထိုအထုပ်အား မြင်သည့်အခါ အသက်ကိုပင် ဖြောင့်ဖြောင့် မရှူနိုင်။ မေ-လင်းသည် စောင်ထုပ်ကို ဖြေ၍ သူမ၏ ရင်ခွင်သို့ အပ်လိုက်သ ၍။ ထိုအတွင်းမှာပင် ဂျေကော့သည် အိပ်ပျော် နေရှာသော သမီးငယ် မျက်နှာကို မြင်လိုက်ရလေ၏။

မေ-လင်းသည် သူမ လက်ထဲမှ ကလေးအား ငုံ့ကြည့်သည်။ ရှစ်လသမီး၏ မျက်နှာသည် ချစ်စရာ ကောင်းလှချေသည်။ လှပသော တရုတ်မလေး၏ မျက်နှာသည် ဖြူရော်ရော် ဖျော့တော့တော့ ဥရောပသား ကလေးငယ်၏ မျက်နှာကို ကြည့်ကာ တစ်မျိုးတစ်ဖုံ ဖြစ်လျက်ရှိ၏။ ထိုခဏမှာပင် ဗေတီဂေးလ်သည် မျက်လုံးများ ပွင့်လာပြီး မေ-လင်းအား မော့ကြည့်သည်။

မေ-လင်းက အောဘီဂေးလ်အား နှုတ်ဆက်သံ ပေးသည်။ ကလေးငယ်သည် မေ-လင်းအား အပြုံးဖြင့် ကြိုဆိုသည်။ သူတို့ နှစ်ဦးအား ကြည့်ကာ ဂျေကော့၏ စိတ်သည် ထိထိခိုက်ခိုက် ရှိလှချေသည်။ သူသည် ချက်ချင်းပင် ဒူးထောက်ထိုင်ကာ သူ့ဘုရားသခင်အား အာရုံပြု၍ ဆုတောင်းခြင်း ပြုသည်။ ဆုတောင်းနေရာမှ မှိတ်ထားသည့် မျက်လုံးအစုံအား ဖွင့်လိုက်သည့်အခါ မေ-လင်းသည် သူမ၏ ကျူနစ်အင်္ကျီ ကြယ်သီးများအား ဖြုတ်ကာ ကလေးငယ်အား နို့တိုက်လျက် ရှိလေပြီ။

ဂျေကော့၏ မျက်လုံးအစုံတွင် မျက်ရည်စများဖြင့် ပြည့်လာသည်။ ဝမ်းနည်းကြေကွဲခြင်းနှင့် ကျေးဇူးတင်ခြင်း ဟူသော ခံစားမှုများသည် သူ့ စိတ်အား လွှမ်းခြုံထားသည်။ သူသည် ဒူးထောက်၍ ထိုင်နေရာမှ ထရပ်ကာ သူ့စခန်းသို့ ပြန်ရန် တာစူသည်။ သို့သော်လည်း သူ့ ခြေတစ်ဖက်သည် ဘယ်အရာနှင့် ငြိသည် မသိ။ တစ်စုံတစ်ခုနှင့် ငြိကာ ခလုတ်တိုက်၍ ခြေပစ်လက်ပစ် လဲကျသွားသည်။

"ဘယ်သူလဲ"

မေ-လင်း အသံသည် တိုးတိုး ဖြစ်သည်။ ဂျေကော့သည် မတတ်သာတော့သဖြင့် အမှန်အတိုင်းပင် ဖွင့်ဟ ပြောသည်။

"ဝမ်းနည်းပါတယ်။ ကိုယ် မင်းကို ကြောက်လန့်သွားအောင် လုပ်ဖို့ ရည်ရွယ်ပါဘူး"

ဂျေကော့သည် ထိုင်နေသော တရုတ်မလေးအား ကြည့်ကာ သူမ၏ ရှေ့တွင် ဒူးထောက်၍ ထိုင်ချလိုက်၏။ သူသည် မေ-လင်း လက်ထဲမှ သမီးငယ်အား တအံ့တသြ ကြည့်နေမိသည်။ သူ့သမီးငယ်ကတော့ သူ့အား မျက်တောင်မခတ် ငေးကြည့်နေသည်။

"ကိုယ်က သူ့ကို သေပြီလို့ ထင်ထားတာ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ သမီးကို မင်း ယူထားတယ်ဆိုတာ သိရတယ်။ မင့်ကို သိပ်ကျေးဇူးတင်တာပဲ"

မေ-လင်းက ဂျေကော့အား ပြန်ကြည့်နေသည်။ "အခုလို ကြောက်စရာ အလွန်ကောင်းတဲ့ အခြေအနေမျိုးမှာ ရှင့်သမီးအတွက်က အရေးကြီးပါတယ်" ဟု မေ-လင်းက တိုးတိုးသာသာ ပြန်ပြောသည်။ "ကျွန်မကတော့ ကလေးအတွက် လိုအပ်တာတွေ ဖြည့်ပေးဖို့ပါပဲ"

ဂျေကော့က မျက်လုံးများကို စုံမှိတ်ထားသည်။ "ဘုရားသခင်ရဲ့ အလိုဆန္ဒပဲ ဖြစ်ကောင်းဖြစ်မှာပါ" ဟု ရေရွတ်သည်။

တရုတ်မလေးက သူ့ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ "ရှင် ထွက်လာတာကို ရှင့် အစောင့်တွေ သိကြရဲ့လား"

ဂျေကော့က ခေါင်းယမ်းသည်။ "ကိုယ် ဆီးနှင်းမုန်တိုင်း ကြားကို လန် ထွက်လာတာ။ သမီးလေးကို နောက်ဆုံး အနေနဲ့ ကြည့်ချင်လို့"

သူသည် ဦးခေါင်းကို မော့ကာ တရုတ်မလေးအား ကြည့်နေသည်။ သူ၏ အလှသည် အာရှအလှ ဖြစ်၏။ အလွန် နူးညံ့သိမ်မွေ့သော အလှ ဖြစ်နေ သည်။

"ကိုယ် မင်းကို အနှောင့်အယှက် ပေးဖို့ မရည်ရွယ်ပါဘူး။ ကိုယ်က ကိုယ့် စခန်းကို ပြန်တော့မလို့။ အဲဒါ ကိုယ် ချော်လဲသွားလို့ပါ"

"ရှင့် ကြည့်ရတာ လုံးဝ အားမရှိတော့သလိုပဲ။ ရှင် အစား စားဖို့ လိုနေတယ်"

မေ-လင်းသည် ကလေးအား စောင်နှင့် ပြန်ပတ်ပေးကာ သူမ၏ အိပ်ရာ ပေါ် သွားတင်ပြီး မီးဖိုဘေးရှိ တိရစ္ဆာန်သားရေပေါ် ပြန်ထိုင်သည်။ ဂျေကော့ အမြင်တွင် ဤလများအတွင်း သူ့သမီးငယ် အေဘီဂေးလ်သည် သိသိသာသာ ကြီးပြင်းလာသည်။ အခုဆိုလျှင် ကလေးငယ်သည် တည့်တည့်မတ်မတ် ထိုင်နေ နိုင်ပြီ။ ယခင်ကထက် ပတ်ဝန်းကျင်တွင် စိတ်ဝင်စားနေပြီ။ ကလေးငယ်၏ လှုပ်ရှားမှုများသည် အခိုင်အမာတော့ မရှိသေး။

မေ-လင်းသည် အိုး တစ်လုံးကို မီးဖိုပေါ် တင်သည်။ ယောက်ချို တစ် ချောင်းနှင့် ပန်းကန် တစ်လုံး သွားယူကာ အိုးထဲမှ အစာကို ခပ်ထည့်ရန် ဟန်ပြင်သည်။

"ကိုယ် စားနိုင်မှာ မဟုတ်ဘူး" ဂျေကော့က ပြောပြောဆိုဆို မေ-လင်း၏ ပခုံးအား လှမ်းကိုင်ကာ ဟန့်သည်။ ဂျေကော့၏ လက်တစ်ဖက် ပခုံးပေါ် ရောက် လာသဖြင့် မေ-လင်းက လှည့်ကြည့်သည်။ အံ့အားသင့်သွားသည့် အရိပ်အယောင် သည် မေ-လင်း၏ မျက်နှာတွင် ထင်ဟပ်နေသည်။ နှစ်ဦးစလုံး ဒူးထောက် ထိုင်ကာ မျက်နှာချင်း ဆိုင်နေကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။ အခုလို နီးနီးကပ်ကပ် နေရသည့်အခါ ဂျေကော့ စိတ်သည် လှုပ်ရှားရပြန်ပါ၏။

"ကိုယ် အခုချက်ချင်း ပြန်မှဖြစ်မယ်" ဟု ဂျေကော့က ပြောသည်၊ "ကိုယ့် အစောင့်တွေက ကိုယ့်ကို လိုက်မရှာခင် ရောက်မှကောင်းမှာ"

မေ-လင်းက သူ့အား စေ့စေ့စပ်စပ် ကြည့်နေသည်။ သူ့တွင် အားအင် ရှိပုံ မရ။ အကယ်၍ ပြန်မည်ဆိုပါက အပြင်ဘက် ဆီးနှင်းပြင်ထဲ၌ တပင်တပန်း ရုန်းကန် လှုပ်ရှားနိုင်ပါမည်လား။ နှုတ်မှ ပြန်မည်ဟု ပြောသော်လည်း အခု အချိန်ထိတော့ ထိုင်ရာမှ မထသေး။ မေ-လင်း၏ နောက်ဘက်၌ ကြိုးနှင့် ချည် ထားသော လားသည် ငြိမ်ငြိမ်ဆိမ်ဆိမ် မရှိ။ နှာတမှုတ်မှုတ်၊ ခေါင်းတခါခါ

ပြာလှုပ်လှုပ်။ အိပ်ရာထက်မှ ကလေးသည် ငြိမ်နေသည်။ မျက်လုံးများပင် မှိတ်သွားပြီ။

"ဒီမှာပဲ နေ"

မေ-လင်း အသံသည် နိုင်မာ ပြတ်သားသည်။ ဂျေကော့ထံမှ စကားပြန် မလာသည့်အခါ သူမသည် ထလာပြီး ဂျေကော့ အနီး၌ ထိုင်သည်။ ဂျေကော့၏ ကိုယ်ပေါ်မှ လက်ပြတ်အကျႌကို ချွတ်ယူပြီး ကပ်နေသည့် ဆီးနှင်းများအား ခါထုတ်ကာ ဘေးနား၌ ချထားသည်။ ဖြုတ်ထားသည့် စောင်အား ပခုံးထက်မှ ခြုံချလိုက်သည်။ စောင်မှာလည်း ရွှဲရွှဲစိုလျက်ရှိ၏။

ထို့နောက် ဂျေကော့အား မီးဖိုအနီး၌ ထိုင်ခိုင်းသည်။ သူမသည် အဝတ် တစ်စ သွားယူပြီး သူ့ဘေး၌ ဒူးထောက်၍ ထိုင်ချလိုက်ကာ မျက်နှာနှင့် ဆံပင် ပေါ်မှ ဆီးနှင်းစများကို သုတ်ပေးနေသည်။ သူသည် အခုအထိ တစ်ကိုယ်လုံး တုန်နေဆဲ။ မီးဖိုဆီမှ မီးတောက်မီးလျှံများသည် သူ့အား အနွေးဓာတ်ကို ပေး လျက်ရှိလေသည်။

ကလေးအား နို့တိုက်နေစဉ်က ချွတ်ထားသော မေ-လင်း၏ ကျုံးနစ် အကျႌ ကြယ်သီးများမှာ ပြန်မတပ်ရသေး။ သူမ၏ ရင်သည် ဟင်းလင်း ပွင့်နေ ဆဲ။ သူမသည် စကားဟူ၍ တစ်ခွန်းမှ မပြောဘဲ သူ့ရှေ့၌ မျက်နှာချင်းဆိုင် ထိုင်နေသည်။ ထို့နောက် သူ့ဆီသို့ တိုးကပ်လာသည်။ သူ့ တစ်ကိုယ်လုံးအား ပွေ့ဖက်ကာ ဝတ်လစ်စားလစ် ဖြစ်နေသော သူမ၏ ရင်သွေးဆီသို့ ဆွဲယူလိုက် လေသည်။

ဂျေကော့၏ မျက်လုံးများသည် မှိတ်နေသော်လည်း တစ်ကိုယ်လုံး တုန် နေဆဲ ဖြစ်၏။ သူမ၏ ခန္ဓာကိုယ်ဆီမှ နွေးထွေးသော အငွေ့သည် သူ့ဆီသို့ ကူးစက် ပျံ့နှံ့နေသည်။ တဖြည်းဖြည်းနှင့် အပြင်ဘက်မှ မုန်တိုင်းသံများသည် စဲ စဲ သွားသည်။ ဂျေကော့သည် သူ့ လျှာထက်မှ ချိုမြသော အရသာကို သတိ ထားမိနေသည်။ ပြီးတော့ နူးညံ့ပြီး ပူနွေးသော အငွေ့များ ရှိနေသည့် ခန္ဓာကိုယ် ဆီမှ အပူငွေ့။

မေ-လင်းသည် ဂျေကော့အား အသာအယာ ပွေ့ဖက်ကာ သူမနှင့်အတူ မီးဖိုဘေးရှိ တိရစ္ဆာန်ရေပေါ်သို့ လှဲချလိုက်သည်။ ဘေးနား၌ ရှိနေသော တိရစ္ဆာန် ရေများအား လှမ်းဆွဲပြီး နှစ်ဦးစလုံး လုံသွားအောင် ခြုံထားလိုက်သည်။ မိနစ် အတော်များများ ကုန်သွားနေစဉ်အတွင်း ဂျေကော့၏ ကိုယ်ခန္ဓာသည် တဖြည်း ဖြည်းချင်း ငြိမ်သွားကာ အတုန် ရပ်သွားသည်။ မကြာမီ သူသည် ပင်ပန်း နွမ်းနယ်စွာဖြင့် အိပ်မောကျသွားလေ၏။

**

မျက်လုံးများ ပြန်ဖွင့်လိုက်သည့်အခါ မီးဖိုထဲမှ မီးကျည်းခဲများ၏ အရောင်သည် ခေါင်မိုး မျက်နှာကြက်နှင့် နံရံများထက်၌ ထင်ဟပ်နေသည်။ တီရှောန်ရေများ ဖြူထားသည့် အောက်တွင် နှစ်ဦးစလုံး တစ်ယောက်အား တစ်ယောက် တရင်း တနှီး ထိကပ်နေကြသည်။ မေ-လင်း၏ အဝတ် မပါသော ကိုယ်လုံးသည် နွေးနွေးထွေးထွေး ရှိလှချေသည်။

နာရီ အနည်းငယ်မျှ ကုန်သွားပြီ။ ဂျေကော့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့သဖြင့် စိတ်ရောကိုယ်ပါ အားအင် ပြည့်နေသည်ကို သတိထား မိသည်။ အပြင်ဘက်တွင် လေညည်းသံများသည် ဆက်လက် ထွက်ပေါ်နေဆဲ ဖြစ်သော်လည်း တဲထဲတွင်မူကား ငြိမ်ဆိမ်အေးချမ်းလျက်ပင် ရှိ၏။ ပထမတော့ ဂျေကော့သည် မေ-လင်းအား အိပ်ပျော်နေသည်ဟု ထင်သည်။ အသေအချာ ထပ်၍ ကြည့်လိုက်သည့် အခါတွင်မူကား ပွင့်နေသော မျက်လုံး အစုံသည် သူ့အား ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

နှစ်ဦးစလုံး စကား မပြောကြ။ အချိန် အတော်ကြာသည်အထိ တစ် ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ သူတို့ နားများသည် လေသံကို နားစွင့်လျက်။ မေ-လင်း၏ သေးသွယ် လှပသော လက်များသည် ဂျေကော့အား တင်းကျပ်စွာ လာ၍ဖက်သည်။ မေ-လင်း၏ လှပသော မျက်လုံး အစုံသည် ဂျေကော့အား တမြတ်တနိုး ကြည့်နေသည်။ သို့တစေလည်း စကား မပြော။ ဂျေကော့သည် မေ-လင်း၏ တစ်ကိုယ်လုံးအား တအားကုန် သိမ်းကျုံးပြီး ပြန်ဖက်ထားသည်။ ကလေးကတော့ အေးချမ်းငြိမ်သက်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်။

***

၄

နောက် ရက်ပေါင်းများစွာ ကြာသည့်အခါ တာရှရှန်း ရေခဲတောင်တန်း ပေါ်မှ လူ အများအပြား ဆင်းလာကြသည်။ အားလုံး၏ အဝတ်အစားများမှာ စုတ်စုတ် ပြတ်ပြတ် ဖြစ်နေရုံမျှမက ရုပ်ရည်များမှာ အဆမတန် ပိန်ချုံးကာ အစာရေစာ ငတ်ပြတ် နေသူများနှင့် တူလျက်ရှိ၏။ သူတို့အားလုံး စစ်သားတွေနှင့် မတူ။ သဘာဝ ဘေးအန္တရာယ်ကြီး တစ်ခုနှင့် ရင်ဆိုင်ခဲ့ရ၍ ထွက်ပြေးလာကြသည့် ဒုက္ခသည်များနှင့်သာ တူလျက် ရှိလေသည်။

လူအားလုံးမှာ ဆီးနှင်းဒဏ် ခံလာခဲ့ကြရသူများဖြစ်၍ တစ်ကိုယ်လုံးတွင် အသားအရေ စုတ်ပြတ်ပွန်းပဲ့သည့် ဒဏ်ရာများဖြင့် ပြည့်လျက်ရှိသည်။ အားလုံး သည် ပြင်းထန်သော အအေးဒဏ် ခံလာခဲ့ရသည့်အတွက် ထိုအချိန်ထိ တုန် တုန်ခိုက်ခိုက် ဖြစ်နေကြဆဲ။

တချို့ စစ်သားများသည် စုတ်ပြတ်ပေါက်ပြဲနေသော စောင်များကို ခြုံထားကြ၍ အချို့မှာ အရောင်အဆင်း လွင့်နေပြီဖြစ်သော သိုးရေများ ခြုံထား ကြသည်။ ဆီစိမ်စက္ကူ ထီးများ ဆောင်းသူက ဆောင်းထားကြ၍ အချို့မှာ ကူလီ ဦးထုပ်ဟု ခေါ်သော ဝါးဖတ် ဦးထုပ်များ ဆောင်းထားကြသည်။ မိုးက အဆက် မပြတ် ရွာနေဆဲ။ နေရာမှာ လူသူ အလွန် ကင်းမဲ့ပြီး တောင် အလွန်ထူထပ် သော တိဘက်နှင့် တရုတ်နိုင်ငံအား ခွဲခြားထားသည့် မြက်ခင်းများနှင့် လွင်ပြင် များ တည်ရှိရာ နယ်မြေ ဖြစ်သည်။

အလွန် ပင်ပန်း မောဟိုက်လျက်ရှိသော စစ်သား အများစုမှာ သူတို့၏ နိုင်ဖယ်သေနတ်များကို လမ်းတွင် ဆုံးရှုံးခဲ့ကြရသည်။ သေနတ် မဆုံးရှုံးသည့် စစ်သားများထံတွင်လည်း ကျည်ဆန်ဟူ၍ မရှိတော့ပေ။ ထောင်နှင့်ချီ၍ ရှိနေ သော တောင်ပိုင်းသား စစ်သားများမှာ ဆန်စားသူများဖြစ်၍ အခြား ရရာကြုံရာ အစားအစာများကိုသာ အမြဲ စားနေကြရသည့်အခါ ဝမ်းကိုက်ရောဂါ ဒဏ်ကို

ခံကြရ၏။ ထိုသူများအဖို့ကား အချင်းချင်း တွဲမခေါ်ဘဲနှင့် လိုက်လာနိုင်သည့် အခြေအနေ မရှိတော့ပေ။

ဌာနချုပ်၏ အထူးအမိန့်အရ ဖျားနာနေသော သို့မဟုတ် ဒဏ်ရာ ရထားကြသော နိုင်ငံရေးမှူးများနှင့် ပါတီကေဒါများအား ထမ်းစင်များနှင့် သယ်ဆောင်ကြရသည်။ ထိုတာဝန်ကို ယူကြရသော ကြည်း တပ်သားများသည် စိတ်လက်မကြည်မလင်ဖြင့် ထမ်းစင် သယ်သူများ ဖြစ်လာကြ၏။ သူတို့သည် ပင်လယ်ရေပြင်၏ အထက် ပေပေါင်း တစ်သောင်းကျော်၌ ရှိနေသည့် သဘာဝ ဘေးအန္တရာယ်များအား ရင်ဆိုင်နေကြရလေပြီဖြစ်၏။

မည်သို့ပင်ဖြစ်စေ ချန်ကုဒ်ို-တာဒိုး၏ အမှတ် လေး ရှေ့တန်းတပ်နှင့် ဆက်သွယ်မိရမည့် အရေးသည် နိုင်ငံရေးမှူးများ၏ နှုတ်မှ မကြာခဏ ပြောလာသည့် ကိစ္စတစ်ခု ဖြစ်လာခဲ့သည်။ ထိုအတွင်းမှာပင် တိဘက် လူမျိုးစုများသည် ဟန်တရုတ် အမျိုးသား လူမျိုးစုများနှင့် ရှေးခေတ် ကတည်းက မပြေလည်ခဲ့သည်ကို အကြောင်းပြု၍ သူတို့ရွာများမှ ထွက်ပြေးကြရုံမျှမက သူတို့ မွေးထားသည့် တိရစ္ဆာန်များကိုရော ဆန်စပါးများကိုပါ ဝှက်ထားကြသည်။

သူတို့သည် အစဉ်အဆက် ရန်ဘက်ဖြစ်လာခဲ့သော ဟန်တရုတ် လူမျိုးများ သူတို့ ဒေသသို့ ရောက်လာမည်ကို မလိုလားကြ။ သူတို့ ဘက်သို့ တရုတ်များ ချီတက် လာနေပြီဟု သိလိုက်ရသည့် အချိန်မှ စ၍ သူတို့ အားလုံး ရှောင်တိမ်း သွားခဲ့ကြသည်။ သို့သော်လည်း မမြင်ရသော လူမျိုးစုများ၏ ကျွဲချို မှုတ်သံများသည် တောင်ကြားလွင်ပြင် တစ်လျှောက်၌ မကြာခဏ ပေါ်လာတတ်၏။ ထို့နောက် အကြိမ်ပေါင်းများစွာ မမျှော်လင့်သော နေရာများဆီမှ ကျောက်တုံးကြီးများ လိမ့်ဆင်းလာကြပြီး တသီးတခြား ကွဲနေသော တပ်စု၊ တပ်စိတ်၊ တပ်ခွဲများ ကြားသို့ တစ်ဟုန်ထိုး ဝင်လာတတ်ကြ၏။ ထိုအခါ စစ်သား အများစုသည် သေကြကျေကြ ဒဏ်ရာ အနာတရ ဖြစ်ကြရလေသည်။

"လူတွေအားလုံး အချိန် အကြာကြီး နားဖို့ လိုအပ်နေပါတယ်" တစ်ရင်းသော် လုချိယာအိုသည် နေဝင်ဆည်းဆာ အချိန်၌ မာအိုကမ်းမြစ် တောင်ကြားလွင်ပြင်ထက်ရှိ လူအများ စွန့်ပစ်သွားသည့် လူမျိုးစုရွာ တစ်ရွာ၌ စခန်းချနေသော ကော်မရှင်နာ ချူအင်-လိုင်းထံ သတင်းသွားပို့ရင်းမှ သူ့ ထင်မြင်ချက်ကို တင်ပြသည်။ "အခုဆိုရင် တိုက်နိုင်ခိုက်နိုင်တဲ့ လူရဖို့ သိပ်ခက်သွားပြီ။ လင်ပီယာအိုရဲ့ အမှတ်တစ် တပ်ဖွဲ့ဆိုရင် လူသုံးထောင် ရှိတယ်။ ပင်တီ-ဟွာရဲ့ တပ်ဖွဲ့မှာကလည်း အဲသလောက်ပဲ။ အမှတ်ဆယ့်နှစ် တပ်ဖွဲ့ကျတော့ အင်အားက ရာ အနည်းငယ် လောက်ပဲ ကျန်တယ်။ ဌာနချုပ်က တပ်စု တပ်စိတ်တွေနဲ့ ပေါင်းပါမှ တစ်သောင်း ကျော်ရုံလေးပဲ ရှိမယ်" ကိုအန်ဆိုက ထွက်လာခဲ့တဲ့

တပ်မဟာကြီးဟာ တဖြည်းဖြည်းနဲ့ အခုဆိုရင် အကြောမရှိတဲ့ အရိုးစုတစ်ကောင် ဖြစ်သွားပြီ"

တဲခေါင်မိုး၌ ချိတ်ဆွဲထားသော ရေနံဆီ မီးအိမ် အောက်မှ ချူအင်-လိုင်း၏ ဖြူရော်ရော် ဖျော့တော့တော့ မျက်နှာကို မြင်နေရ၏။ သူ့မျက်နှာသည် နာမကျန်း ဖြစ်နေသည့် အရောင်အဆင်း ရှိသည်။ သူသည် ကျည်ဆန်သေတ္တာ ဟောင်း တစ်လုံးအား မှောက်၍ထိုင်ကာ သူ့ရှေ့ရှိ စားပွဲဟောင်း တစ်လုံးပေါ်မှ ရေဒီယို ကြေးနန်း စာရွက်များကို ဖတ်ကာ အဖြေ ထုတ်နေသည်။ သူသည် ချောင်းတစ်ချက်မျှ ဆိုးလိုက်ပြီး "သူတို့ဆီမှာ ကျည်ဆန် ဘယ်လောက်များ ရှိမလဲ" ဟု မေးသည်။

"ပျမ်းမျှ တစ်ယောက်ချင်းစီမှာ ငါးပေါင်ထက် ပိုမယ် မထင်ဘူး ခင်ဗျ။ အများစုမှာကတော့ ကျည်ဆန် လုံးဝ မရှိပါဘူး"

"မရှင်းဂန်း စက်သေနတ် တပ်စုတွေမှာကော"

"မရှိသလောက်ဘဲ ခင်ဗျ။ ပြီးတော့ မော်တာ ရှစ်လက်သာ ရှိရတဲ့အထဲ ကျည်ဆန်က နည်းနည်းပဲ ရှိတော့တယ်" ပြောပြောဆိုဆို ချိယာအိုက အစီရင် ခံစာ စာရွက်အား ချူ၏ ရှေ့ စားပွဲပေါ် တင်ပေးသည်။ "ကျွန်တော်တို့ အမှတ် လေး ရှေ့တန်းတပ်နဲ့ အမြန်ဆုံး ချိတ်မိဖို့ မျှော်လင့်ရတော့မှာပဲ"

"တကယ်လို့ မင်းပြောသလို ငါတို့တစ်တွေ သိပ်အားနည်းနေပြီ ဆိုရင် တော့ အမှတ်လေး ရှေ့တန်းတပ်နဲ့ ချိတ်မိလည်း သိပ်ထူးလာစရာတော့ ရှိမယ် မထင်ပါဘူး" ချူသည် ချောင်းတဟွပ်ဟွပ် ထပ်၍ ဆိုးလာပြန်သည်။ သူ့ မျက်နှာ သည် နီရဲလာသည်။ "တို့ဆီ ရောက်လာတဲ့ ရေဒီယို ကြေးနန်း အဆိုကတော့ အဲဒီ ငါးပ်တွေဟာ တို့များထက် အင်အား ကြီးတယ်တဲ့"

"ဂျပ်သားအင်အား ဘယ်လောက်ရှိမယ် ထင်ပါသလဲ"

"ဘယ်သူမှ အတိအကျ မသိကြဘူးကွ။ ငါးသောင်းနဲ့ တစ်သိန်း ကြားမှာ ရှိလိမ့်မယ်လို့ ထင်ရတာပဲ။ အားလုံး လန်းဆန်းတက်ကြွနေကြတာပဲ။ လက်နက် ကလည်း အပြည့်။ အစာရေစာကလည်း ကောင်းကောင်းနဲ့ ဝဝစားထားကြရ တာ။ တိုက်ပွဲဆိုတာကလည်း မကြာသေးခင်ကလေးကမှ အနည်းအပါး တိုက်ခဲ့ ကြရတာ"

"ဘာပဲဖြစ်ဖြစ်လေ အားလုံး ခြုံကြည့်လိုက်ရင် ကျွန်တော်တို့ အတွက်က တော့ ကောင်းသွားစရာ ရှိပါတယ်" ဟု ချိယာအိုက သူ့ အယူအဆကို ထပ်ပြော သည်။ "သူတို့ဟာ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေပဲ။ ဗိုလ်ချုပ် ချန်ကုအို-ဘာအိုက ကော်မစ်ဆာ မော်နဲ့ ကွမ်ချန်တန် အဖွဲ့ ဖွဲ့ဖြစ်အောင် ၁၉၂၁ ခုနှစ်က

ရှန်ဟိုင်းမှာ ဂုဏ်ပြုခဲ့ဖူးတယ် မဟုတ်လား။ သူဟာ အဲဒီ အချိန်ကစပြီး တပ်ကော်မတီနဲ့ ပေါ်လစ်ဗျူရိုမှာ အဖွဲ့ဝင် ဖြစ်လာခဲ့တာပဲ"

"ဟုတ်တယ်။ ဒီပုဂ္ဂိုလ်က ရည်မှန်းချက် ကြီးမားပြီး စိတ်ရော ကိုယ်ပါ သိပ်ပြီး နိုင်မာ တည်ကြည်တဲ့ ခေါင်းဆောင် တစ်ယောက်ပဲ။ ဒါပေမဲ့ သူဟာ ကော်မစ်ဆာမော်နဲ့ကတော့ မတူဘူး။ သူက လူချမ်းသာ မြေပိုင်ရှင် တစ်ယောက်ရဲ့ သား။ မော်စကိုမှာ သုံးနှစ်တိတိ ပညာ သင်ခဲ့ဖူးတယ်။ သူက ကွမ်ချန်တန်း အဖွဲ့ကို မတူတဲ့ မျက်စိနဲ့ ကြည့်တာ။

"သူနဲ့ ကော်မစ်ဆာ မော် မတူတာက၊ မော်က အမြဲတမ်း တရုတ် လယ်သမားတွေနဲ့ နီးကပ်မှု ရှိအောင် နေတယ်။ ဗိုလ်ချုပ်ချန်က မြို့ပေါ်က အလုပ်သမားတွေကိုပဲ စည်းရုံးခဲ့တဲ့ လူ။ ဒါပေမဲ့ အရေးကြီးဆုံးအချက်က အခု လောလောဆယ် ဗိုလ်ချုပ်ချန်က သူ့အပေါ် သစ္စာစောင့်သိပြီး အင်မတန် အင်အားတောင့်တင်းတဲ့ စစ်တပ်ကို လက်ကိုင် ရှိထားတယ်။ သူက အခု ဟိုနန်ပြည်နယ် ဟူးပါးဒေသနဲ့ အန်ဝေးဒေသတွေမှာ အောင်မြင်နေတဲ့ ဆိုဗီယက်နယ်တွေ တည်ထောင်ထားတယ်။ ပြီးတော့ ဒီချစ်ဘက်ကို အခုမှပြောင်းလာတာ"

"ကော်မရှင်နာ့အနေနဲ့ ပူးပေါင်း ဆောင်ရွက်မှုကို မရနိုင်ဘူးလို့ ထင်နေပါသလား"

ချူအင်-လိုင်းသည် သူ့ လက်တစ်ဖက်ဖြင့် မျက်နှာကို သုတ်လိုက်သည်။ "အရေးပေါ် ဆုံးဖြတ်ချက် အများအပြားကို ဗိုလ်ချုပ်ချန် မသိဘဲ။ ငါတို့ ဆုံးဖြတ်ခဲ့ကြရတယ်။ တို့ချီတက်လာနေချိန်မှာ ချမှတ်ခဲ့ကြရတာ။ ဆွန်ယီမှာရော ဟီဒင်လီမှာ ရောပဲ"

ချူသည် ချောင်းအဆက်မပြတ် ဆိုးလာပြန်သဖြင့် စကား ဆက်မပြောနိုင်။ ချွေးတွေ စိုရွှဲနေသည့် မျက်နှာသည် မောပန်းခြင်းကို ဖော်ပြနေသည်။

"အမှတ်လေး ရှေ့တန်းတပ်မဟာနဲ့ အဆက်အသွယ် မရတာ အတော်ကြာသွားပြီ။ တို့မှာက ခေါင်းဆောင်မှု အသစ်တွေ ရလာနေတယ်။ တွာဖူးနဲ့ မော်စကိုကို တို့အတွင်းစည်းကနေ ထုတ်ပစ်ခဲ့တာ ကြာပြီ။ ကော်မစ်ဆာ မော်အနေနဲ့ ဒီအရေးကိစ္စတွေမှာ ဗိုလ်ချုပ်ချန်နဲ့ သဘောထား အကြီးအကျယ် ကွဲလွဲလိမ့်မယ်လို့ တွေးထားပြီးပြီ။ သူတို့ နှစ်ယောက် ကြားမှာ ခေါင်းဆောင် နေရာလုပွဲဟာ လုံးဝ မရှောင်လွှဲနိုင်တဲ့ အရေးတစ်ခု ဖြစ်နေပြီ"

"ဒါပေမဲ့ ကွန်မြူနစ်တွေ ကြားမှာ သဘောထား အမြင် မတူညီမှုကို အေးအေးဆေးဆေး ဖြေရှင်းလို့ ရတယ်ဆို" ဟု ချီယာအိုက မေးသည်။ "အချင်းချင်း ဆွေးနွေးခြင်းအားဖြင့် သဘောထား ကွဲလွဲမှုတွေကို ပြေလည်အောင် လုပ်လို့ရတယ် မဟုတ်လား"

ချူသည် သက်ပြင်းရှည်ကြီး တစ်ချက် ချသည်။ "တို့ဘက်က တစ်၊ သူ့ဘက်က ရှစ်၊ တစ်ဆယ်လောက် ရှိနေတော့ အားက မမျှဘူး။ ဗိုလ်ချုပ်ချန်ရဲ့ တပ်တွေမှာက လက်နက် အပြည့်အစုံ တပ်ဆင်ထားတာ။ အချိန်မရွေး တိုက်ပွဲဝင်လို့ ရတယ်။ တို့မှာက အားလုံး ဝေ်နေတယ်။ အဝတ် ဘက်မှာလည်း အရမ်းချို့ယွင်းတယ်။ လက်နက်ကျတော့လည်း လူတစ်ယောက်မှာ ကျည်ဆန် ငါးတောင့် လောက်ပဲရှိတာ ဖြစ်နိုင်ခြေကို ဥပေက္ခာပြုရင် မိုက်မဲရာ ကျတော့မယ်" ချူသည် စကားမဆုံးမီ ချောင်း အဆက်မပြတ် ဆိုးလာပြန်လေ၏။

"ကျွန်တော်ကတော့ ကိုမင်တန်တွေနဲ့ တိုက်ရင်း နေ့စဉ် တစ်နေ့ လီပေါင်း နှစ်သောင်း ချီတက်နိုင်ခဲ့တာကို မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရတယ်။ အဲသလို ဖြစ်ရတာက အမှတ်လေး ရှေ့တန်းတပ်နဲ့ နောက်ထပ် ပြည်တွင်းစစ် တစ်ခု ထပ်ဖြစ်ရဦးမယ်ဆိုရင် ပိုပြီး မယုံကြည်နိုင်တော့ဘူး။ ပြီးတော့ ဒီပြည်တွင်းစစ်က အတ္တအားကြီးတဲ့ ခေါင်းဆောင် နှစ်ယောက်ရဲ့ တစ်ကိုယ်ကောင်း ဆန်မှုကြောင့် ဆိုတော့ ပိုပြီး မဆိုးပေဘူးလား"

ချူက ချီယာအိုအား ဖျတ်ခနဲ လှမ်းကြည့်သည်။ သူ့မျက်လုံး အစုံသည် သတိထား၍ စကားပြောရန် ချီယာအိုအား သတိပေးနေသည့်နှယ် ရှိသည်။ "ဒီကိစ္စက ပုဂ္ဂိုလ်ရေး ကြီးမြင့်လိုမှုနဲ့ မပတ်သက်ဘူး။ အဲဒါထက် မြင့်မားတဲ့ သဘော ရှိနေတယ် ရဲဘော် လုံ၊ တော်လှန်ရေးရဲ့ အနာဂတ် လမ်းကြောင်းဟာ အန္တရာယ် ကြီးမားနေတယ်။ တို့အနေနဲ့ ပဋိပက္ခတွေကို ရှောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ရမယ်"

"ကော်မစ်ဆာ မော်ကတော့ ကြိုတင် ကာကွယ်မှု တစ်ရပ်အနေနဲ့ တို့ စစ်ဌာနချုပ် တပ်တွေက လွဲပြီး ကျန်တဲ့ တပ်တွေ အားလုံးကို အမှတ်လေး တပ်မဟာနဲ့ မတွေ့ခင်မှာ လူစု ခွဲထားရမယ်လို့ အမိန့်ထုတ်ထားတယ်။ သူတို့ကို ယာခြံတွေနဲ့ ရွာတွေထဲမှာ ခဏနားဖို့ နေရာချထား ပေးထားရမယ်။ အဲဒါဆိုရင် ဗိုလ်ချုပ်ချန်အနေနဲ့ တို့ရဲ့အင်အားကို အမှန်အတိုင်းသိဖို့ ခက်သွားရုံမက ရုတ်တရက် အလစ်ဝင် တိုက်ဖို့ဆိုတာလည်း ဖြစ်နိုင်ခြေ မရှိတော့ဘူး"

ချူသည် စာဖြင့် ရေးထားသည့် အစီရင်ခံစာအား ကြည့်လိုက်ပြီး ခပ်သုတ်သုတ် ဖတ်သည်။ ထို့နောက်မှ စကားကို ဆက်ပြောသည်။ "တို့ရဲ့ အင်အား အမှန်ကို ထိပ်တန်း လျှို့ဝှက် တစ်ခုလို့ သဘောထားရမယ် ရဲဘော်လုံ။ တို့အင်အားဟာ အနည်းဆုံး လူအင်အား သုံးသောင်း ရှိနေတယ်လို့ အမြဲ ပြောရမယ်၊ ကျည်ဆန် ပါးရှားနေတာကို လုံးဝ မပြောနဲ့။ ရိက္ခာရော လက်နက်ပါ အမှတ်လေး ရှေ့တန်း တပ်မဟာက ဖြည့်ပေးချိန်အထိ လုံးဝ မပြောရဘူး"

"ကောင်းပါပြီ။ ရဲဘော် ကော်မရှင်နာ"

အပြင်ဘက်မှ ချီတက်နေကြသည့် ခြေသံများနှင့် တောင်ဝှေး ထောက်သံများသည် တဲထဲသို့ ဝင်လာနေသည်။ တပ်သား အများအပြားသည် ဖိနပ် မပါကြ။ အနည်းငယ်မျှသာလျှင် ကောက်ရိုး လွှာချင်း ဖိနပ်များ စီးထားကြသည်။ စစ်သားများမှာ အသက်မသေဘဲ ကျန်ရစ်ခဲ့၍ ဝမ်းသာ နေကြသော်လည်း အဆမတန် ပင်ပန်း မောဟိုက်နေကြသဖြင့် သီချင်းလည်း မဆိုနိုင်။ စကားပင် ကျယ်ကျယ် မပြောနိုင်။

"မင်းရဲ့ အစီရင်ခံစာ အထဲမှာ တရားသူကြီး ယန် သေဆုံးသွားတယ်လို့ ရေးထားတာ ဖတ်ရတယ်" ဟု ချူက မော့ကြည့်ပြီး ပြောသည်။ "ကျန် အကျဉ်းသားတွေ အတွက် ဆက်လုပ်ရမယ့် ကိစ္စတွေမှာ လမ်းညွှန်မှု လိုမယ်ထင်တယ်"

ချီယာအိုက ခေါင်းညိတ်သည်။ "တရားသူကြီးယန်ရဲ့ လက်ထောက်တွေလည်း တစ်ယောက်မှ မကျန်ခဲ့ဘူး။ အားလုံး သေကုန်ပြီ။ အစောင့်တွေကတော့ ကျန်အကျဉ်းသားတွေအတွက် လိုအပ်တဲ့ ညွှန်ကြားချက်တွေကို ဘယ်သူက ပေးမှာလဲလို့ မေးနေကြတယ်။ ဒီနေ့ပဲ အကျဉ်းသား သုံးယောက် ထပ်သေတယ်။ အခု နှစ်ယောက်ပဲ ကျန်တော့တယ်။ တစ်ယောက်က လုတင်းမြို့ မြေပိုင်ရှင်၊ နောက် တစ်ယောက်က နိုင်ငံခြားသား သာသနာပြု၊ အဲဒီ မြေပိုင်ရှင်ကိုတော့ လွှတ်ပေးလိုက်ဖို့ ကျွန်တော် ထောက်ခံပါတယ်"

"သဘော တူတယ်။ နိုင်ငံခြားသား ကိုရော"

"တရားသူကြီးယန်က ရှန်ဟိုင်း သာသနာပြု ဌာနချုပ်နဲ့ အခု သူသေသွားချိန်အထိ စေ့စပ် ဆွေးနွေးတုန်းပါ။ သူ ဆွေးနွေးနေတာက နိုင်ငံခြားသားကို လွှတ်ဖို့ ကိစ္စပါ။ တရားသူကြီးရဲ့ အော်ဒလီ စစ်သားက နိုင်ငံခြားသားနဲ့ ပတ်သက်တဲ့ ဖိုင်ကို သိမ်းထားပါတယ်။ အဲဒီဖိုင်ကို အပြင်ဘက်က မြင်းကုန်းနှီး အိတ်ထဲမှာ ထည့်ယူလာပါတယ်။ ဒီကိစ္စကျတော့ ရဲဘော် ကော်မရှင်နာ အဆုံးအဖြတ်ပြုပေးရင် အကောင်းဆုံး ဖြစ်မယ်ထင်ပါတယ်"

"ဘာပြုလို့ အဲဒီ ကောက်ချက်ကို ရဲဘော်က ချရတာလဲ"

"သူ့အမှုကို တရားသူကြီးယန်ရဲ့ လက်ထဲ မရောက်ခင် ကတည်းက သူလျှိုမှုနဲ့ သေစားသေစေ အမိန့် ချမှတ်ထားပါတယ်။ တရားသူကြီးက အဲဒီ သေစားသေစေ အမိန့်နဲ့ ပတ်သက်လို့ ရှန်ဟိုင်း သာသနာပြု ဌာနချုပ်ကို ငွေ ပေါင်း ဒေါ်လာ တစ်သိန်းငါးထောင် ပေးဖို့ တောင်းခံခဲ့ပါတယ်။ အဲဒီ ငွေကို ပေးရင် မူလ အမိန့်ကို ဖျက်ပေးမယ်လို့ ပြောခဲ့ပါတယ်။

"နောက်ပိုင်းကျတော့ သူက ဆေးဝါးတွေ ရေဒီယို စကားပြောစက်တွေနဲ့ လက်နက်တွေ ပေးဖို့ တောင်းခဲ့ပြန်ပါတယ်။ ဒီကိစ္စမှာ အပြောင်းအလဲတွေ သိပ်များခဲ့ပါတယ်။ ချီတက်ပွဲက သိပ်ပြီး ရေရှည်လာတော့ အဲသလို ဖြစ်လာ

တယ်လို့ ထင်ရပါတယ်။ သာသနာပြုဟာ တစ်ကြိမ် ထွက်ပြေးဖူးပါတယ်။ ပြန်မိတဲ့ အခါမှာ ဗဟိုဆိုဗီယက် ဥပဒေကို ချိုးဖောက်တယ်ဆိုပြီး တရားသူကြီးယန် ဒဏ်ငွေ ပေးဖို့ အပြစ်ဒဏ် အသစ်တစ်ခု ချမှတ်ခဲ့ပါတယ်။

"ဒီတစ်ခါကျတော့ ယန်က သာသနာပြုအဖွဲ့ ဌာနချုပ်အနေနဲ့ ဒဏ်ငွေ စုစုပေါင်း ဒေါ်လာသုံးသိန်း မပေးရင် သာသနာပြုကို သေဒဏ်ပေးတော့မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ပီကင်းမှာ ရှိနေတဲ့ ဗြိတိသျှ သံအမတ်ကတော့ ကွေချောင်းနဲ့ ယူနန်ပြည်နယ်တွေက ဘုရင်ခံတွေ ဆီကို အကူအညီ ပေးဖို့ မေတ္တာရပ်ခံစာ ပို့ခဲ့ပါတယ်။ သတင်းစာ ရှိသမျှ အားလုံးထဲမှာလည်း ဒီသတင်းကို အကျယ်တဝင့် ရေးခဲ့ကြပါတယ်။ သတင်းစာ ဖြတ်ပိုင်းတွေ ဖိုင်ထဲမှာ ရှိနေပါတယ်"

"ရှန်ဟိုင်း သာသနာပြုအဖွဲ့ ဌာနချုပ်ကရော ဘယ်လို တုံ့ပြန်သလဲ"

"သူတို့ကတော့ ထုံးစံ မရှိလို့ ဒဏ်ငွေကို မပေးနိုင်ဘူးလို့ ငြင်းထားပါတယ်။ ဒါပေမဲ့ သူတိုရဲ့ ညွှန်ကြားရေးမှူးချုပ်ကိုတော့ စေ့စပ်ညှိနှိုင်းဖို့ လွှတ်ထားတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ဟာ လမ်းခုလတ် ကွေချောင်းနယ်စပ်မှာ ဓားပြတွေက သတ်လို့ သေသွားတယ် တဲ့။ အဲဒီပုဂ္ဂိုလ်က ချစ်ကြည်ရေးသဘောနဲ့ ပေးဖို့ ဒေါ်လာငွေ တစ်သောင်းကို ယူလာတယ်လို့ သူတို့ဘက်က ဆိုထားပါတယ်"

"သာသနာပြုကို ဘယ်တုန်းက ဖမ်းမိခဲ့တာလဲ"

"နိုဝင်ဘာ လဆန်းပိုင်းတုန်းက ဟူနန်ပြည်နယ် ချင်တေးမြို့မှာ သူ့ဇနီး သူ့ကလေးနဲ့အတူ ဖမ်းမိခဲ့တာပါ"

ချူက ချီယာအို မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။ "ဒါဆိုရင် သူဟာ တို့နဲ့တူတူ ချီတက်လာခဲ့တာ ရှစ်လရှိပြီပေါ့"

"ဟုတ်ပါတယ်"

"အခု သူ့အခြေအနေက ဘယ်လိုလဲ"

"အလွန် အားနည်းနေပါတယ်။ သူ့ အစောင့်တွေကတော့ သူဟာ တာရှုရှန်းမှာပဲ သေလိမ့်မယ်လို့ ထင်နေကြပါတယ်။ ဒါပေမဲ့ သူ့ကြည့်ရတာ စိတ်ဓာတ်ကတော့ သိပ်ပြင်းပုံပဲ" ချီယာအိုသည် တစ်ချက်မျှ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ "သာသနာပြုဟာ ကျွန်တော့်ကို သိပုံရပါတယ်။ ကျွန်တော့် မိသားစုဟာ ရှန်ဟိုင်းမှာ သာသနာပြု မိသားစု အများအပြားနဲ့ တွေ့ဖူးခဲ့ပါတယ်။ ကျွန်တော့် ညီမ မေ-လင်းဟာ ကွေချောင်းမှာတုန်းက သူ့ကို တခြား အကျဉ်းသားတွေနဲ့အတူ ချီတက်လာနေတာ မြင်ခဲ့ဖူးတယ် တဲ့။ တစ်ချိန်တုန်းက တစ်နေရာရာမှာ သူ့ကို တွေ့ဖူးခဲ့တယ်လို့ ထင်ကြောင်းလည်း ပြောပြခဲ့တယ်"

ချူက ခေါင်းညိတ်သည်။ "သူ့ မိန်းမကော ဘာဖြစ်သွားလဲ"

"ပါဒိုရှန်မှာ အမှုစစ်ပြီး ခေါင်းဖြတ်သတ်တာ ခံသွားရပါတယ်။ လင်မယား နှစ်ယောက်စလုံး သေဒဏ် ပေးထားတာ၊ သူ့ကို သတ်မယ့် အလှည့်ကျတော့ ကိုမင်တန်တွေ ရောက်လာပြီး တိုက်ပွဲဖြစ်လို့ သေဒဏ် မပေးခဲ့ရဘူး"

ချူသည် ခေါင်းတဟွပ်ဟွပ် ဆိုးလာပြန်သည်။ "စာရွက်စာတမ်းတွေ ကြည့်ရအောင် သွားယူလိုက်ပါလား"

ချီယာအိုသည် အပြင်ဘက်ရှိ သူ့မြင်းဆီသွားကာ ဖိုင်ကိုယူ၍ ပြန်ရောက်လာသည်။ ချူ၏ စားပွဲပေါ် ချပေးသည်။ ချူသည် အစီရင်ခံစာများ မှတ်ချက်များနှင့် သတင်းစာ ဖြတ်ပိုင်းများအား စေ့စေ့စပ်စပ် ဖတ်ကြည့်နေသည်။ ထို့နောက် ဖိုင်တွဲအား ပြန်ပိတ်လိုက်ပြီး ချီယာအိုအား မော့ကြည့်သည်။

"အစောင့် တစ်ယောက်ရဲ့ အစီရင်ခံစာ ထဲမှာ ရဲဘော်ဟွာဖူးက တစ်ညမှာ အကျဉ်းသားကို သူ့တဲထဲ ခေါ်တွေ့တယ်တဲ့။ ကွေချောင်းမှာ နားနေကြတုန်းကလို့ ဆိုထားတယ်။ အဲဒါ ဘာကြောင့်လဲ"

"ကျွန်တော်လည်း မသိဘူး ကော်မရှင်နာ၊ သူ့ကို မေးဖို့ လိုအပ်လိမ့်မယ်ထင်တာပဲ"

ချူသည် နဖူးရေများ ရှုံ့လာသည်အထိ မျက်မှောင်ကုတ်ကာ သူ့ရှေ့မှ ဖိုင်တွဲအား ကြည့်နေသည်။ "မူလ သေဒဏ် အမိန့်ကို ဘယ်သူက ပေးခဲ့တာလဲ။ ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကို ရဲဘော်သိသလား"

"အမှုကို စစ်ဆေးခဲ့တာက စီအန်ကို အဖြတ်မှာ သေသွားခဲ့တဲ့ နိုင်ငံရေးမှူး တစ်ဦးပါ။ သူ့အစီရင်ခံစာမှာ ရေးထားတာက ပြည်သူတွေက ကြွေးကြော်သံတွေနဲ့ အော်ဟစ်ပြီး တောင်းဆိုလို့ ပေးခဲ့ရတာပါ တဲ့"

"လူတွေကြားမှာ တစ်ဦးတစ်ယောက်က အဲသလို ကြွေးကြော်အောင် လှုံ့ဆော်ပေးမယ့် လူတွေများ လွှတ်ထားသတဲ့လား"

"အဲဒါနဲ့ ပတ်သက်လို့ ဖိုင်ထဲမှာ ဘာမှ မတွေ့ရပါဘူး။ အဲသလို အမှုမျိုးတွေက ဟူနန်နဲ့ ကွေချောင်းမှာ အများဆုံး လုပ်ခဲ့ကြတာပဲ"

ချူသည် ချီယာအိုအား စိုက်ကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစား တွေးတော နေသည့်နှယ် ငြိမ်ဆိမ်နေသည်။ "နောက်တစ်ကြိမ် ထပ်ဖတ်ပြီး ဝေဖန်ဆန်းစစ် ကြည့်ဦးမယ်" ဟု စကား ပြန်စသည်။ "သတင်းစာ တချို့ကတော့ တို့ကို ဂုဏ်သိက္ခာ ကင်းမဲ့အောင် ဖောပြတွေအဖြစ် ရေးထားကြတယ်။ အဲဒီတော့ ဒီနိုင်ငံခြားသား အမှုမှာ မှုအရ စည်းကမ်းနဲ့ လုပ်ဖို့လိုတယ်။ အဲဒီတုန်းက သတ်ခဲ့တဲ့ လူသတ်သမားဟာ အခုထိ အသက်ရှင်နေဆဲဆိုရင် သူ့ကို တွေ့အောင် ရှာပါ။ တွေ့တဲ့ နေရာမှာ ဖမ်းပါ။ သူ့ကို စစ်မေးဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ပါ။ ရဲဘော်-ကော်မရှင်နာ"

ချိုယာဘို တဲထဲမှ ထွက်ခွာရန် ဟန်ပြင်နေခိုက်တွင် လူငယ် သတင်းပို့ တစ်ဦး မြင်းကို ဒုန်းစိုင်းပြီး ရောက်လာသည်။ သူ့ကျောနှစ်အင်္ကျီမှာ မိုးရေများဖြင့် စိုရွှဲလျက်ရှိ၏။ သူ့မျက်နှာသည် စိတ်လှုပ်ရှားခြင်းကို ဖော်ပြနေသည်။ သူသည် ဘယ်သူ့ အမေးကိုမှ မစောင့်ဘဲ သူ ပြောရန် ရှိသမျှကို ပြောသည်။

"တော်မရှင်နှာ သတင်းကောင်း ပါလာပါတယ်။ ကျွန်တော်တို့ တပ်ဦးက ကင်းထောက် အဖွဲ့ဟာ အမှတ်လေး ရှေ့တန်း တပ်မဟာက တပ်ခွဲတစ်ခွဲနဲ့ ဆက်မိပါတယ်။ ဒီတောင်ကြားလွင်ပြင်နဲ့ဆိုရင် လီလေးဆယ်လောက် ဝေးပါ လိမ့်မယ်။ ပထမတော့ တစ်ဖက်နဲ့တစ်ဖက် ပစ်ကြခတ်ကြပါတယ်။ နောက် တော့ တစ်ဖက်နဲ့ တစ်ဖက် သိသွားကြပါတယ်။ နှစ်ဖက်စလုံး စစ်ခရာတွေ မှုတ်ကြ၊ တပ်သားချင်းတွေ ဖက်ကြပွေ့ကြ ဖြစ်ကုန်ကြပါတယ်"

ချူသည် သတင်းပို့အား စိုက်ကြည့်နေသည်။ ထို့နောက် ပြုံးသည်။ "ကျေးဇူးတင်တယ် ရဲဘော်။ တော်မစ်ဆာ မော်ဆီသွားပြီး ပြောပြဦး။ ဒါပေမဲ့ ဘေးလူတွေ မသိစေနဲ့။ တိုးတိုးသာသာ ပြော"

***

၁၀

ဇွန်လကုန် ခါနီး မိုး အဆက်မပြတ် ရွာသွန်းလျက်ရှိသော နေ့တစ်နေ့၏ မွန်းလွဲပိုင်းဖြစ်သည်။ ဗဟိုတပ်နီစစ်တပ်မှ ပေရေညစ်ပတ်နေသော တပ်သားများသည် အလံများဖြင့် တန်ဆာဆင်ထားသော ရွာလယ်လမ်းမ၏ ဟိုဘက်သည်ဘက်တွင် နှစ်ဖက်ခွဲ၍ရပ်ကာ လက်နက် အပြည့်အစုံ တပ်ဆင်ထားသော ယူနီဖောင်းသစ်များ ဝတ်ထားသည့် အမှတ်လေး ရှေ့တန်းတပ်မဟာမှ စစ်သားများ ချီတက်လာနေသည်ကို လှမ်းကြည့်နေကြသည်။

တပ်မဟာလေး စစ်သားများ၏ ကျည်ဆန် ခါးပတ်များတွင် ကျည်ဆန်များဖြင့် တဝင်းဝင်း၊ တလက်လက် တောက်ပနေကြသည်။ သူတို့၏ ရိုက္ဖာအိတ်များသည် ပြည့်ဖောင်းနေကြ၏။ ယူနီဖောင်းများနှင့် ကြယ်နီတံဆိပ် ကက်ဦးထုပ်များမှာလည်း သစ်လွင်လွန်းသဖြင့် ဝင်းလက်နေကြသည်။ မြည်းများ၊ လားများနှင့် မြင်းများမှာလည်း ဝဖီးပြောင်လက် နေကြရုံမျှမက သူတို့ကျောများပေါ်၌ တင်ထားသည့် ရိက္ခာများနှင့် ကျည်ဆန်သေတ္တာများကြောင့် ယိမ်းယိုင်လျက်ရှိကြ၏။ စစ်သားများ၏ မျက်နှာများသည် လမ်းမ၏ ဟိုဘက်သည်ဘက်၌ ရပ်နေကြသည့် စုတ်စုတ်ပြတ်ပြတ် စစ်သားများကဲ့သို့ မဟုတ်၊ အပြုံးပန်းများဆင်ကာ ပျော်ရွှင်ကြည်နူးလျက် ရှိကြလေသည်။

ရှိရှိသမျှ လူအားလုံး၏ ဦးခေါင်းများထက်တွင်ကား အနီရောင် အလံများနှင့် နဖူးစည်းများအား မြင်တွေ့နေကြရသည်။ နီရဲသော နဖူးစည်းအဝတ်များပေါ်တွင် "အမှတ် လေး ရှေ့တန်းတပ်မဟာနှင့် အမှတ် တစ် ရှေ့တန်းတပ်မဟာ တို့၏ စည်းလုံးညီညွတ်မှု အခွန့်ရှည်ပါစေ" ဟူသော အဖြူရောင် စာလုံးကြီးများကို သာမက "ကျူးကျော်သူ ဂျပန်များအား တိုက်ထုတ်ရန် မြောက်ပိုင်းသို့ ချီတက်ကြလော့" ဟူသော အဖြူရောင် စာတန်းကြီးများ ရေးထိုးထားသည်။

ထို ကြွေးကြော်သံများအား အိမ်နံရံများတွင်ပါ ရေးထိုးထားကြသည်။ တစ်နေရာတွင် ယာယီ စင်တစ်ခု တည်ဆောက်ထား၍ တပ်ကြီး နှစ်တပ် ပေါင်းစည်းမိခြင်းအတွက် မိန့်ခွန်းများ ပြောရန် စီစဉ်ထားခြင်းဖြစ်၏။ လမ်းဘေး တစ်နေရာတွင် တာပေါ်လင်မိုး ယာယီမဏ္ဍပ်ရှိ၍ ယင်းအထဲ၌ မော်စီ-တုန်းနှင့် ချူတေးတို့ ရပ်နေကြသည်။ သူတို့သည် လမ်းမပေါ်အတိုင်း ချီတက်လာ နေကြသော အမှတ်လေး တပ်မဟာမှ တပ်သားများအား မကြာခဏ လှမ်း လှမ်း ကြည့်နေကြသည်။ မဏ္ဍပ်၏ ပတ်ပတ်လည်တွင် ပါတီနှင့် ဗဟိုတပ်နီ စစ်တပ်မှ ခေါင်းဆောင်များ အပါအဝင် လူတစ်ရာခန့်ရှိ၍ ထိုအထဲတွင် လု ချီယာအိုနှင့် သူ့ညီမ မေ-လင်းတို့ ပါဝင်ကြသည်။

"တကယ်လို့ အစ်ကိုတို့နဲ့ အမှတ်လေး တပ်မဟာကြားမှာ ဖြစ်ပေါ်လာနေတဲ့ စိတ်ဝမ်းကွဲပြားမှုအတွက် သက်သေခံ ရချင်တယ်ဆိုရင် အဲဒါကိုပဲ ကြည့်" ဟု ချီယာအိုက သူ့ ညီမအား တိုးတိုးကပ်ပြောကာ ချီတက်လာနေကြသည့် စစ်သားများ ကိုင်ဆောင်လာနေသော အနီရောင် အလံများဘက် ခေါင်းတစ်ချက် ဆတ်ပြသည်။

မေ-လင်းက သူမ အစ်ကို ပြရာဘက်သို့ လှမ်းကြည့်သည်။ "ငါတို့ နှစ်တပ်ပေါင်း၍ ဗီချွမ်းနှင့် စီကန် အနောက်မြောက်ဘက်ဒေသ တော်လှန်ရေး ဖက်ဒရေးရှင်းအဖွဲ့ တိုးချဲ့ ဖွဲ့စည်းကြပါစို့" ဟူသော နဖူးစည်း စာတန်းကြီးအား မြင်ရသည်။

"အစ်ကိုတို့က မြောက်ပိုင်းကို အမြန် ချီတက်ပြီး ဂျပန်တွေကို မောင်းထုတ်ရမယ်လို့ ပြောနေကြတယ်။ ဒါပေမဲ့ ဗိုလ်ချုပ် ချန်ကုအို-တာအိုက အစ်ကိုတို့ အားလုံးကို အနောက်ဘက် အရိုင်းဒေသဆီ ခေါ်သွားပြီး သူ့ရဲ့ 'အနောက်မြောက် ဖက်ဒရေးရှင်း' ဖွဲ့ခိုင်းချင်နေတယ်"

"သူက ဘာပြုလို့ အဲသလို လုပ်ချင်နေရတာလဲ"

"သူက တိဘက် တရုတ် နယ်ခြားမြေတွေဟာ သိပ်ကို ကြီးမားကျယ်ပြန့်တယ်။ အဲဒီပေါ်မှာ နယူး ဆိုဗီယက် နယ်မြေတစ်ခု ထူထောင်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်နေတယ်။ အစ်ကိုတို့ရဲ့ စစ်အင်အားကို အဲဒီ နေရာမှာ တိုးချဲ့ပြီး တည်ထောင် ဖွဲ့စည်းရင် အကောင်းဆုံးဖြစ်မှာမို့ အဲဒီနေရာကိုပဲ ခြေကုပ် ယူချင်နေတယ်။

"သူ့တပ်မှာ တပ်သား လေးပုံသုံးပုံဟာ ဗီချွမ်း ပြည်နယ်သားတွေချည်းပဲ။ သူတို့က သူတို့ရဲ့ မွေးဇာတိပြည်နယ် ထဲမှာပဲ နေချင်ကြတယ်။ ဒါပေမဲ့ ကီအန်ဆီကနေပြီး လီ တစ်သောင်းငါးထောင် ခရီး ချီတက်လာခဲ့ကြရတဲ့ လူတွေ

အနေနဲ့ကတော့ ဘယ်သူမှ ဒီကုန်းမြေမြင့်ပေါ်မှာ အခြေမစိုက်ချင်ကြဘူးပေါ့။ တကယ်တော့ ဒီနေရာဟာ လွတ်မြောက်နယ်မြေနဲ့ မတူတာ အမှန်ပဲ။

"အစ်ကိုတို့ သိခဲ့တဲ့အတိုင်းဆိုရင် ကိုမင်တန်တွေက တရုတ်ကွန်မြူနစ်တွေဟာ ဒီနယ်မြေကိုလာပြီး လူမျိုးစုတွေကို သတ်လိမ့်မယ်။ ကလေးတွေကို စားလိမ့်မယ်လို့ ဝါဒဖြန့်ထားဟာ။ အဲဒါကြောင့်လည်း လူမျိုးစုတွေအားလုံး ရွာတွေက ထွက်ပြေးပြီး သူတို့ရဲ့ ကျွဲနွားတွေနဲ့ သီးနှံတွေကို ဖုက်ထားကြတာ"

မေ-လင်းသည် မိုးပေါက်များကြားမှနေ၍ မြောက်ဘက်သို့ မျှော်ကြည့်သည်။ သူမသည် ဆံပင်များအား ကက်ဦးထုပ် အောက်တွင်း ထိုးသွင်းထားကာ မော်ဇာ ပစ္စတိုကို ခါးပတ်တွင် ချိတ်ထားသည်။ "ဗိုလ်ချုပ်ချန်က ညီမတို့ကို သူ့ရဲ့ အင်အားကြီးတဲ့ စစ်သည်တွေကို ကြည့်ဖို့ တမင် စောင့်နေအောင် လုပ်ထားတာများလား"

"ဖြစ်တော့ ဖြစ်နိုင်တာပဲ"

အမှတ်လေး တပ်မဟာမှ စစ်သားများသည် တပ်ရင်းအလိုက် ဖူပီအင် အမည်ရှိ ရွာငယ်ကလေး အတွင်းသို့ ဆက်လက် ဝင်လာနေဆဲ။ ထိုရွာမှာ ဗဟို တပ်နီ စစ်တပ်မှ ယာယီဌာနချုပ် ဖွင့်ထားရာ လီအန် ဟိုကောင်းမြို့၏ မြောက်ဘက် တစ်မိုင် နှစ်မိုင်ခန့် အကွာတွင် တည်ရှိသည်။ ရွာသိမ် ရွာငယ်ကလေး ဖြစ်၏။

တပ်နှစ်တပ် ဆုံတွေ့ခဲ့ပြီးနောက် သီတင်းနှစ်ပတ်မျှ ကုန်လွန်သွားခဲ့ပြီ။ အချို့ တပ်ခွဲ တပ်စိတ်များသည် ရွာထဲ၌ စခန်းချနေကြပြီ။ မြေပိုင်ရှင်များထံမှ အစားအစာများကို အမှတ်လေး တပ်မဟာမှ သိမ်းပိုက်ထားခဲ့သည်ဖြစ်ရာ ယင်းတို့အား တပ်နှစ်တပ် ဝေမျှ၍ စားသောက်နေကြပြီဖြစ်၏။ ထို့ကြောင့်လည်း စစ်သားများ ကြား၌ သီချင်းဆိုခြင်း၊ ကခုန်ခြင်း စသည်များ ရှိလာနေခြင်း ဖြစ်လေသည်။

သို့သော်လည်း ဗဟို တပ်နီစစ်တပ်မှ ခေါင်းဆောင်များသည် မြောက်ဘက်သို့ ဆက်လက် ချီတက်နေ၍ အမှတ်လေး တပ်မဟာမှ ခေါင်းဆောင်များသည် တောင်ဘက်သို့ ရွေ့လျားလျက်ရှိသည်။ ထိပ်ပိုင်း ခေါင်းဆောင်များ၏ အချင်းချင်း ဆက်သွယ်မှုသည် ရေဒီယို စကားပြော ကြေးနန်းစက်များသာလျှင် ဖြစ်ပေသည်။

၁၉၂၇ ခုနှစ် အတွင်းက ကျင်းပခဲ့သည့် တရုတ် ကွန်မြူနစ်ပါတီ၏ ဒုတိယ အကြိမ်မြောက် ကွန်ဂရက် ညီလာခံအချိန် ကတည်းက မော်စီ-တုန်းနှင့် ချန်ကုအို-တာအိုတို့သည် လူချင်း မဆုံမိခဲ့ကြပေ။ အခုမှ နှစ်ဦးသား ဆုံမိရန်

အခြေအနေ ပေါ်လာခြင်းဖြစ်၏။ ယခု လောလောဆယ် သူတို့သည် ဖူပီအင်ရှာ၌ တွေ့ဆုံ ဆွေးနွေးကြရန် သဘောတူထားကြပြီးပြီ ဖြစ်၏။

ချိန်းဆိုထားသည့် အချိန် ရောက်နေပြီ ဖြစ်ရုံမျှမက လွန်ပင် လွန်သွားခဲ့ပြီ။ သို့တစေလည်း အမှတ်လေး တပ်မဟာ ခေါင်းဆောင်များအား မမြင်ကြရသေး။ တာပေါ်လင် ရွက်ထည် အမိုးအောက်မှ ထိုင်စောင့်နေကြသော ဗဟိုတပ်နီ စစ်တပ် ခေါင်းဆောင်များသည် စိတ် ဂနာမငြိမ် ဖြစ်လာလျက်ရှိသည်။ အထူးသဖြင့် မော်နှင့် ချူတေးတို့၏ မျက်နှာများ ဖြည်းဖြည်းချင်း တင်းလာနေသည်ကို ချိယာအို မြင်နေရလေသည်။

"ဟွာဖူး တစ်ယောက် မမြင်ပါလား" ဟု ချိယာအိုက သူ့ ညီမ နားသို့ကပ်၍ တီးတိုးမေးသည်။ "သူ ဘာပြုလို့ ပျောက်နေတာလဲ။ ညီမ မသိဘူးလား"

"လွန်ခဲ့တဲ့ သီတင်းပတ်တွေကတည်းက အမှတ်တစ် တပ်က တပ်ဖွဲ့တွေနဲ့ ပါသွားတယ်" ဟု မေ-လင်းက ပြောသည်။ "ညီမတို့ချင်း နောက်ထပ် ဆုံမိကြဖို့ အကြောင်း မရှိတော့ဘူး"

"ကွေချောင်းမှာ ရပ်နားကြတုန်းက သူ နိုင်ငံခြားသား အကျဉ်းသားကို ခေါ်တွေ့ခဲ့တယ်။ အဲဒါ ဘာကိစ္စကြောင့်လဲ ညီမ သိလား"

မေ-လင်းက သူမ အစ်ကို့ မျက်နှာအား ဖျတ်ခနဲ မော့ကြည့်သည်။ "သူက ဆွန်ယီ ဆုံးဖြတ်ချက်တွေကို ဘာသာပြန်ခိုင်းတာ။ အစ်ကို ဘာပြုလို့ မေးတာလဲ"

"အကျဉ်းသားရဲ့ အမှုတွဲကို ကော်မရှင်နာ ချူ လေ့လာနေတယ်။ အဲဒီကိစ္စ ဘာကြောင့်ဆိုတာ အစ်ကိုက စုံစမ်းပေးပါမယ်လို့ သူ့ကို ပြောထားခဲ့လို့"

"အမှုတွဲကို ဘာကြောင့် ပြန်ပြီး လေ့လာနေရတာလဲ"

မေ-လင်းသည် သူ့ကိုယ်သူ သတိထား၍ မထိန်းနိုင်တော့ဘဲ သိချင်စိတ်အားကြီးစွာဖြင့် မေးသည်။ ရုတ်တရက် သူမ၏ မျက်လုံးများသည် တလက်လက် တောက်ပကာ စိတ်ဝင်စားလာသည်။

"ဘာပြုလို့လဲဆိုတော့ အကျဉ်းသားတွေကို တာဝန်ယူထားရတဲ့ တရားသူကြီး ယန်ဟာ မဟာဆီးနှင်း တောင်တန်းပေါ်မှာ သေသွားခဲ့တယ်" ချိယာအိုသည် စကားကို ဆက်မပြောဘဲ ရပ်နေပြီး သူ့ညီမ မျက်နှာကို စိုက်ကြည့်နေသည်။ "နိုင်ငံခြားသား အကျဉ်းသားအပေါ်မှာ ညီမ ဘာပြုလို့ သိပ်စိတ်ဝင်စားနေရတာလဲ"

မေ-လင်းသည် မျက်နှာကို တစ်ဖက်သို့ လွှဲထားသည်။ ပါးနှစ်ဖက်တွင် သွေးရောင်လျှမ်းလာသည်။ "သူ့ကို ခေါ်လာတဲ့ ညက သူနဲ့ညီမ စကားပြောလိုက်

ရတယ်။ သူဟာ အစ်ကိုနဲ့ ညီမတို့ ရှန်ဟိုင်းကို လာကြတုန်းက သင်္ဘောပေါ်မှာ တွေ့ခဲ့ရတဲ့ သာသနာပြုဆိုတာ အဲဒီညက ညီမ သိခဲ့ရတယ်"

"ဒါဆိုရင် သူဟာ မုန်တိုင်းကျတုန်းက ခရီးသည်တွေ မထိတ်မလန့်အောင် သီချင်းဆိုဖို့ တိုက်တွန်းခဲ့တဲ့ အင်္ဂလိပ် လူမျိုးပေါ့"

မေ-လင်းက ခေါင်းညိတ်ပြသော်လည်း သူမ အစ်ကို၏ မျက်နှာအား မော့မကြည့်။ "ဟုတ်တယ်"

"ဒါဆိုရင်တော့ ခံရသမျှ ဒုက္ခတွေကို ရဲရဲဝံ့ဝံ့ ခံနိုင်ရည် ရှိနေတာဟာ သိပ်မဆန်းပါဘူး" ဟု ချီယာအိုက ပြောသည်။

"အစ်ကို ဘာဆိုလိုတာလဲ"

"အစ်ကို တရားသူကြီး ယန်ရဲ့ မှတ်ချက်တွေကို ဖတ်ထားခဲ့ပြီးပြီ။ ဂျေကော့ ကဲလ်နာဆိုတဲ့ လူဟာ သတ္တိနဲ့ ဖွဲ့ သိပ်ကောင်းတဲ့ ယောကျ်ား တစ်ယောက်ပဲ။ သူဟာ သူ့အစောင့်တွေထဲက တစ်ယောက် စီအန်မြစ်ထဲကျပြီး ရေနစ်နေတုန်းကလည်း ကယ်ခဲ့ဖူးတယ်။ ပြီးတော့"

ချီယာအိုသည် စကားကို ဖြတ်၍ ရပ်ထားပြီး သူ့ညီမ မျက်နှာကို အကဲခတ်နေသည်။ ထို့နောက် "တစ်ချိန်က ဝိုင်းပြီး အတိုက်ခံနေရတဲ့ တပ်နီ စစ်တပ်ရဲ့ အလံ ကျနေခဲ့တာကိုလည်း ခွန့်ခွန့်စားစား ဝင်ယူပေးခဲ့တယ်" ဟု ဆက်ပြောသည်။ "မှတ်တမ်းအရကတော့ သူ့ဇနီးဟာ အသတ် ခံခဲ့ရတယ်။ သူ့ ကလေးလည်း ယူနန်မှာတုန်းက သေသွားပြီ။ သူဟာ ရင်ဆိုင်ခဲ့ရသမျှ ဒုက္ခ ပေါင်းစုံကို ခံနိုင်ရည်ရှိခဲ့တဲ့ လူတစ်ယောက်ပဲ"

"ယူနန်မှာ သူ့ကလေး သေတယ်ဆိုတာ မဟုတ်ဘူး"

မေ-လင်း၏ အသံသည် တိုးတိုးကလေးဖြစ်၏။ ချီယာအိုသည် ညီမဖြစ်သူ၏ မျက်လုံးများထဲမှ မျက်ရည်စများကို မြင်သည်။

"ဒါပေမဲ့ တရားသူကြီး ယန်ရဲ့ မှတ်ချက်တွေထဲမှာတော့ အကျဉ်းသားရဲ့ နို့စို့ကလေး သမီးငယ်ရဲ့ အလောင်းကို သူ့မျက်စိရှေ့မှာတင် မြေမြှုပ်ခဲ့တယ်လို့ ရေးထားတာ ဖတ်ရတယ်။ အဲဒီတော့ မင်း ဘယ်လို ပြောမလဲ"

"သေတာက ညီမရဲ့ ကလေး၊ အဲဒီအချိန်ကတည်းက အကျဉ်းသားရဲ့ သမီးလေးကို ကျွန်မ ယူထားပြီး စောင့်ရှောက်ထားခဲ့တာ အခုအချိန်ထိပဲ"

ဘေးလူများ ကြားသွားမည်စိုး၍ ချီယာအိုသည် ဘေးပတ်ဝန်းကျင်အား အလန့်တကြား လှည့်ကြည့်သည်။ ထိုအခိုက်မှာပင် လူအများ စုဝေးရာ နေရာအား ဖြတ်၍ ပေါ်ထွက်လာသည့် အသံဗလံများ ကြားလိုက်ရ၏။ ချီယာအို မြင်လိုက်ရသည်မှာ မိုးရေများ ကြားမှ ထွက်လာသည့် မြင်းစစ်သည်များ ဖြစ်

သည်။ ရှေ့ဆုံးမှ အနီရောင် အလံကြီးတွင် အနက်ရောင်ကြယ်နှင့် တူ တံစဉ် တံဆိပ်သည် ထင်းထင်းကြီး ပေါ်နေသည်။

မြင်းစစ်သည်များ၏ အလယ်တွင် မြင်းဖြူကြီး စီး၍ လိုက်ပါလာသော ပုဂ္ဂိုလ် ဘယ်သူဘယ်ဝါ ဖြစ်သည်ကို ချီယာအို သိနေသည်။ သူနှင့် အလှမ်း ဝေးနေသေးသော်လည်း ချီယာအို ကောင်းစွာ မှတ်မိနေသည်။ ထိုသူကား ဗိုလ်ချုပ် ချန်ကူအို-တာအိုပေတည်း။ နောက်ဆုံးကျတော့လည်း သူသည် မြင်းစီး စစ်သည် ကိုယ်ရံတော် သုံးလေးဆယ်နှင့် ဆိုက်ရောက်လာခဲ့လေပြီ။

"တာကို သိထားရင် ကောင်းမယ်" ဟု မေ-လင်းက နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။

"အင်း... အစ်ကိုလည်း သံသယရှိခဲ့တယ်"ဟု ချီယာအိုက တိုးတိုးပြန် ပြောသည်။ ဒါပေမဲ့ ညီမ ကိုယ်တိုင်က ဖွင့်ပြောစေချင်လို့ မမေးတာ။ ဒီကိစ္စက ဘယ်လို ဖြစ်ပြီး ညီမက ဘယ်လို စီစဉ်ခဲ့တာလဲ"

မေ-လင်းက မော့ကြည့်သည်။ ပါးနှစ်ဖက်တွင် မျက်ရည်စများ စီးကျ လာသည်။ "သူ့ ထမင်းချက်က ညီမဆီကို တိတ်တိတ်ကလေး ရောက်လာတယ်၊ ကလေးကို နို့တိုက်ပေးပါလို့ ပြောတယ်၊ ညီမက ညီမရဲ့ သားအလောင်း သူ့ကို ပေးလိုက်ပြီး ဂျေကော့ ကဲလ်နာရဲ့ သမီးလေးကို ယူထားလိုက်တယ်"

မေ-လင်းသည် မျက်တောင်များ ခတ်လိုက်သည်။ မျက်ရည်စများ ပျောက်သွားပြီး သူမ မျက်လုံးအစုံတွင် မာန်မာနနှင့် ဂုဏ်ယူသည့် အရိပ် လက္ခဏာများ ဝင်လာသည်။ "ညီမ စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာတဲ့ အသိနဲ့ လုပ်လိုက်တာပဲ။ လူတွေ အများကြီး သတ်ကြ၊ ဖြတ်ကြ၊ သေကြ၊ ကျေကြ၊ ဒုက္ခတွေ အများကြီး ခံစားနေရတာတွေ ကြည့်ပြီး ညီမ ဘဝ တစ်ခုကို ပေး ချင်တယ်"

ချီယာအိုသည် အမှတ်လေး ရှေ့တန်း တပ်မဟာမှ မြင်းစီးတပ်မှူးများ ကို လှမ်းမြင်နေရသည်။ သူတို့လူစုသည် တဖြည်းဖြည်းနှင့် နီးကပ်လာနေပြီ။ စီးလာသည့် မြင်းအားလုံးသည် အားကောင်းမောင်းသန်နှင့် မြင့်မြင့်မားမား ကြီးတွေ ဖြစ်ရုံမျှမက အရောင်အဆင်းသည် ချောမွေ့ ပြောင်လက် လှပလျက် ရှိ၏။ အချို့ မြင်းများမှာ အညိုရောင်၊ အချို့မှာ အနက်၊ ဗိုလ်ချုပ် စီးလာသည့် မြင်းဖြူကြီးကား အလှဆုံး၊ အမြင့်ဆုံးနှင့် အကြီးဆုံးပေတည်း။

သူတို့၏ ဇက်ကြိုးများနှင့် ခြေနင်းကွင်းများသည် မှုန်တုန်တုန် ဝါးတား တား အလင်းရောင် အောက်မှာပင် ဝင်းလက်တောက်ပ နေကြသည်။ သားရေ မြင်းကုန်းနှီးများမှာလည်း ပေါ်လစ်တိုက်ထားသဖြင့် ပြောင်လက်နေကြသည်။ တပ်မှူးများရော ကိုယ်ရံတော်စစ်သည်များပါ ကြွခိုင် တောင့်တင်းကြပြီး အားအင်

သန်စွမ်းကြသည်ကို အဝေးမှ မြင်ရုံမျှဖြင့် သိသာလျက်ရှိ၏။ သူတို့ မျက်လုံးများသည် လမ်းဘေး ဝဲယာ၌ ရပ်နေကြသော ယူနီဖောင်း စုတ်စုတ်ပြတ်ပြတ်နှင့် ပိန်ပိန်လှီလှီ တပ်နီစစ်သားများအား အပီအပြင် မြင်တွေ့နေကြရလေသည်။

"ညီမရဲ့ လျှို့ဝှက်ချက်ကို ဖုံးထားပေးမယ်လို့ ကတိပေးပါလား။ တာကို" ဟု မေ-လင်းက ပြောသည်။ "ဒီကိစ္စကို လုံးဝ မပြောဘဲ နေပေးပါလား"

ချိုယာအိုက ပြုံးပြီး ခေါင်းညိတ်သည်။ "အစ်ကို မပြောပါဘူး"

"ဂျေကော့ ကဲလ်နာ အကြောင်းကော အစ်ကို ဘာမှ မကြားဘူးလား" ဟု မေ-လင်းက မေးသည်။ သူမ၏ မျက်လုံးများသည် အမှတ်လေး ရှေ့တန်း တပ်မဟာ ခေါင်းဆောင်များအား လှမ်းကြည့်နေသည် ခေါင်းဆောင်များသည် မော်နှင့် ချူတေးတို့ စောင့်နေကြသည့် နေရာဆီသို့ နီးကပ်လာနေကြပြီ။

"သူ့ အမှုတွဲကို ပြန်ပြီး လေ့လာနေတဲ့ အတောအတွင်းမှာ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြရမယ်လို့ ကော်မရှင်နာ ချူက အမိန့်ထုတ်ထားတယ်။ "ဂျေကော့ဟာ အတော်ကြီးကို အားနည်းနေတယ်။ သူ့အစောင့်တွေကိုတော့ ညွှန်ကြားထားတယ်။ နေ့စဉ် တစ်ချိန် သူ့ကို မြင်းစီးခွင့် ပေးဖို့ ဒါဆိုရင် သူ့မှာ အား ပြန်ရလာနိုင်တယ်"

မေ-လင်းသည် သူ့အစ်ကို ပြောပြနေသည့် သတင်းကို တိတ်ဆိတ်စွာ နားထောင်သည်။ ထို့နောက် သူ့အစ်ကို နားသို့ တိုးသွားသည်။ "သူ့ကို မကြာခင် လွှတ်လိမ့်မယ်လို့ အစ်ကို ထင်သလား ဟင်"

ချိုယာအိုက ဘာမှ ပြန်မပြောဘဲ လက်တစ်ဖက် မြှောက်ပြပြီး မေ-လင်းအား သတိပေးသည်။ ဗိုလ်ချုပ်ချုန်၏ သက်တော်စောင့် မြင်းစစ်သည် တစ်ဦးသည် သူတို့နှင့် မနီးမဝေး၌ လာရပ်သည်။ ဗိုလ်ချုပ်ချုန်သည် သူ တစ်ဦးတည်း မြင်းကိုစီး၍ တာပေါ်လင် ရွက်တည်တဲ ဆီသို့သွားသည်။ ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်ဆိတ်သွားသဖြင့် မိုးပေါက်ကျသံများမှတစ်ပါး အခြား ဘာသံမှ မကြားရတော့ချေ။

ဗိုလ်ချုပ်ချုန် ကုအို-တာအိုသည် သူ့မြင်း၏ ဇက်ကြိုးကို သပ်လိုက်သည်။ စောစောက မြှောက်၍ ကိုင်ထားသော ဓားရှည်ကို သူ့ခါး၌ ချိတ်ထားသည့် ဓားအိမ် အတွင်းသို့ ပြန်သွင်းလိုက်သည်။ ထိုခဏမှပင် တာပေါ်လင် အမိုးအောက်မှ ပဟို တပ်နီစစ်တပ်၏ အကြီးအကဲ နှစ်ဦးသည် ဘေးချင်း ယှဉ်ကာ ထွက်လာကြလေ၏။

လူသုံးဦးသည် တစ်ဦးကိုတစ်ဦး စူးစူးစိုက်စိုက် ကြည့်နေကြသည်။ လူသုံးဦးအား ယှဉ်ကြည့်လိုက်သည့်အခါ ဘေးမှ လူများအဖို့ အံ့အားသင့်စရာ ဖြစ်နေသည်။ နားထင်များက ကျ၊ ပါးနှစ်ဖက်က ခွက်၊ တပ်တံဆိပ်နှင့် ရာထူး

တံဆိပ်ဟူ၍ မပါ။ ချည်ထည် ယူနီဖောင်းတွေ ဝတ်ထားသည့် မော်နှင့် ချူတေး တို့သည် စစ်သားများနှင့် မတူ။ မီးရထားလမ်း အလုပ်သမားများနှင့် တူနေသည်။

မော်သည် ဆံပင်ဖုတ်သိုက်နှင့်ဖြစ်၍ မိုးရေများ စိုရွှဲနေသဖြင့် သူ့ခေါင်းတွင် ကပ်နေသည်။ မော့်ဘေးမှ ချူတေးကား မော့်ထက် အရုပ်ပုသူဖြစ်၍ လူချင်း မယှဉ်သာအောင် ဖြစ်နေသည်။ ကိုယ်လုံးကိုယ်ထည်သည် ပုကွကွဖြစ်၍ ကြည့်ရသည်မှာ အရုပ်ဆိုးလှ၏။ သူတို့ရှေ့မှ ချန်ကုအို-တာအိုနှင့် ယှဉ်လိုက်ပါကမူကား လူ၏ ရုပ်ချင်းကလည်း ကွာ၏။ ယူနီဖောင်းကလည်း ကွာ၍ အသားအရောင်ကလည်း ကွာ၏။ မြင်နေရသည့်အဖြစ်မှာ လူချမ်းသာကြီး တစ်ဦးဖြစ်သော ချန်ကုအို-တာအိုက လူဆင်းရဲ ဆွေမျိုးများထံ အလည် လာသည်နှင့် တူနေ၏။

ခေါင်းဆောင်များ မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်မှာ တစ်ဦးနှင့်တစ်ဦး သိပ်ပြီး အလှမ်းဝေးကြသည် မဟုတ်။ အလွန်ဆုံးရှိပါမှ ဆယ့်နှစ်ကိုက်ခန့်မျှသာ ကွာပေလိမ့်မည်။ သူတို့သည် စကားလည်း မပြော၊ လှုပ်ရှားခြင်းလည်း မရှိ။ မော်သည် ချူတေး၏ ရှေ့ ခြေတစ်လှမ်း နီးပါးမျှ ခွာ၍ရပ်နေခြင်းဖြစ်၏။ သူသည် လက်နှစ်ဖက်အား ဘေးတစ်ဖက်တစ်ချက်၌ တွဲလောင်း ချထားသည်။ သူ့ဦးခေါင်းသည် ရှေ့သို့ ခပ်ငိုက်ငိုက် 'စိန်ခေါ်နေသည့် အနေအထား'။

ပိုလ်ချုပ် ချန်ကုအို-တာအိုသည် အမှုမဲ့ အမှတ်မဲ့ ဖြစ်လေသလား မသိ။ မြင်းပေါ်၌ တောင့်တောင့်မတ်မတ် ထိုင်နေဆဲ။ သူတို့နှစ်ဦးသည် မျက်လုံးချင်းဆိုင်၍ စူးစူးရဲရဲ ကြည့်နေကြသည်။ ဘေးမှ ကြည့်နေသော ချီယာအိုသည် ခေါင်းဆောင် နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ကြောက်နေကြသည်ဟု အတွင်းစိတ်က သိနေသည်။ သို့တစေလည်း နှစ်ဦးစလုံးသည် ဘေးမှရပ်ကြည့် နေကြသည့် နှစ်ဖက် စစ်သားများအား လိမ်လည် လှည့်စားရန် မျက်နှာများကို ရဲရင့်လေဟန် ဆောင်ထားကြလေသည်။

အမှတ်လေး ရှေ့တန်းတပ်မဟာ တပ်ရင်းများသည် ရွာထဲသို့ ချီတက်လာကြပြီး စင်ဆောက်ထားသည့် လယ်ကွင်းထဲ၌ နေရာယူကြသည်။ သူတို့သည်လည်း ဗဟိုတပ်နီတပ်မှ တပ်သားများကဲ့သို့ပင် သူတို့ခေါင်းဆောင် နှစ်ဦးသည် သွေးကွဲ စေခဲ့သော ရန်ငြိုးရန်ဟောင်းကို မေ့ပျောက်သွားပြီဟု ထင်မြင်ကြဟန်ရှိ၏။ ထိုခဏမှာပင် ချန်ကုအို-တာအိုသည် သူ့ မြင်းပေါ်မှ ဆင်းကာ မော်နှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

နှစ်ဦးစလုံးသည် တစ်ဦးဆီတစ်ဦး ခြေတစ်လှမ်း တိုးရန် ဝန်လေးနေကြဟန်ရှိသည်။ စက္ကန့်ပိုင်းမျှ ချီယာအိုသည် အသက် မရှူနိုင်ဖြစ်သွားသည်။ ရှေ့ခြေတစ်လှမ်းကို မည်သူ အလျင်လှမ်းမလဲ။ ထိုခဏမှာပင် မော်သည် ရှေ့သို့

ခြေလှမ်း အနည်းငယ် တိုးလာသည်။ ထိုအခါ ချန်ကလည်း စိတ်လက်ပေါ့ပါး သွားသည့် မျက်နှာထားဖြင့် ရှေ့သို့ တိုးလာသည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်နှုတ်ဆက်ကြသည်။ စစ်သားအားလုံး၏ ဟစ်ကြွေးသံများ သည် ဝန်းယံအထိ တက်သွားပြီဟု ထင်ရလောက်ပေ၏။

ဩဘာသံနှင့် ဟစ်ကြွေးသံများကြောင့် ချိုယာအို ရင်ထဲ၌ ရှိနေသော တင်းမာမှုသည် လျော့နည်းသွားသည်။ ဘာပဲဖြစ်ဖြစ် ယာယီ အခိုက်အတန့်ပဲ ဖြစ်ဖြစ် ချစ်ကြည်မှုဆိုသော အခြေခံကတော့ ရှိလာသည်။ ခေါင်းဆောင် နှစ်ဦး သည် တစ်ဦးပခုံး တစ်ဦးဖက်ကာ လယ်ကွက်ထဲမှ စင်ပေါ်သို့ ရောက်သွားကြပြီး မိုးတွေ ဘယ်လောက်ပဲရွာရွာ နှစ်ဦးနှစ်ဖက် နှုတ်ဆက်စကားများ အကျဉ်းချုံး၍ ပြောဖွယ်ရာရှိ၏။ မည်သို့ပင်ဖြစ်စေ နောက်လိုက်နောက်ပါ အခြွေအရံများသည် စင်မြင့် နောက်သို့ လျှောက်သွားကြသည်။ ထိုအထဲတွင် ချိုယာအိုနှင့် မေ-လင်း တို့ မောင်နှမ ပါဝင်သည်။

"အစ်ကို ညီမ မေးတာကို မဖြေသေးဘူးနော်" ဟု မေ-လင်းက နှစ်ကိုယ် ကြား လေသံဖြင့် ထပ်မေးသည်။ "သူ့ကို လွှတ်ပေးလိမ့်မယ်လို့ အစ်ကို ထင် သလား"

ချိုယာအို၏ မျက်လုံးအစုံသည် စင်ပေါ်မှ ခေါင်းဆောင် နှစ်ဦးထံ ရောက် နေသည်ဖြစ်ရာ ပထမတော့ သူ့ညီမ၏ မေးခွန်းသည် ခေါင်းဆောင် နှစ်ဦးထဲမှ တစ်ဦးကို ရည်ညွှန်းသည်ဟု ထင်လိုက်သည်။ ထို့နောက် စောစောက သူတို့ မောင်နှမ ပြောနေကြသည့် စကားများ ရပ်ထားခဲ့ရသည်ကို ပြန်၍ သတိရလာ သည်။

"ကော်မစ်ဆာ မော်နဲ့ ဗိုလ်ချုပ် ချန်တို့က သူတို့ရဲ့ သဘောထား ကွဲလွဲမှု တွေကို မြန်မြန်ဆန်ဆန် မဆုံးဖြတ်ကြရင်တော့ အစ်ကိုတို့ အားလုံး အကျဉ်းသား တွေ ဖြစ်ချင် ဖြစ်ကုန်မယ်။ အဲဒါမှ မဟုတ်ရင်လည်း အဆိုးဆုံး အခြေအနေနဲ့ ရင်ဆိုင်ကြရမယ်။ အဲဒါပဲ"

***

၁၁

သက်ကြီးရွယ်အို မြင်းညိုမကြီးဖြစ်၍ သွားပုံလာပုံ ခြေလှမ်းပုံများမှာ မှန်မှန်ငြိမ်ငြိမ် မရှိ။ မြင်းမကြီးပေါ်၌ ထိုင်လျက်ပါလာသူကား ဂျေကော့။ မြင်းမကြီးသည် ဂျေကော့အား လီအန်ဟိုကူ၏ မြောက်ဘက်သို့ သယ်ဆောင်သွားနေခြင်းဖြစ်၏။ မြင်းပေါ်၌ ထိုင်ရင်း ငိုက်မျဉ်းတတ်သော အလေ့အထသည် ဂျေကော့တွင် စွဲနေပြီဖြစ်သော်လည်း မညီမညာ မချောမမွေ့သော လမ်းပေါ်တွင် မြင်းစီးရသည်မှာ ငြိမ်ဆိမ်ခြင်း မရှိ။ ခါလိုက်၊ လှုပ်လိုက်၊ ယမ်းလိုက်၊ ဆောင့်လိုက်ဖြစ်လွန်းသဖြင့် မကြာခဏ နိုး နိုးလာနေသည်။

မရပ်မနား ချီတက်ခဲ့ရသည့်အတွက် ဖြစ်ပေါ်နေသော နာကျင်မှုနှင့် အားအင်ကုန်ခန်း မောပန်းမှုများမှ လွတ်မြောက်လာခဲ့ရသော ဂျေကော့သည် ယခုအခါတွင် မြင်းပေါ်ရောက်၍ မြင်းကုန်းနှီးပေါ် ထိုင်မိသည်နှင့် တစ်ပြိုင်နက်ချက်ချင်း အိပ်ပျော်သွားတတ်သည်။ ကြာကြာအိပ်ပျော်မသွားရသည့်တိုင်အောင် ခဏတစ်ဖြုတ် မှေးရုံမျှဖြင့် အားပြန်ပြည့်လာတတ်လေသည်။

ဂျေကော့သည် မြင်းပေါ်မှနေ၍ ဌာနချုပ် စစ်တပ်များ၏ နောက်ဘက်သို့ လှမ်းမျှော် ကြည့်မိသည်။ သူသည် ၎င်း တပ်များဆီသို့ အပြောင်းအရွှေ့ ခံခဲ့ရသည်မှာ အတော်ကလေး ကြာခဲ့ပြီ။ အခု သူ မြင်နေရသည့်အတိုင်း ဆိုပါက တပ်များသည် မြက်ခင်း ကွင်းပြင်ကြီးအား ဖြတ်သန်း သွားနေကြခြင်းဖြစ်သည်။ သူ့ မြင်းမကြီးသည် တောင်ဆိတ်များနှင့် ယတ်နွားများ သွားလာ လှုပ်ရှားခဲ့ရာလမ်းများဖြစ်၍ ပီပီပြင်ပြင် ထင်ထင်ရှားရှား မဟုတ်ကြပေ။ သို့တစေလည်း အခုအချိန်တွင်မူ ၎င်းအနီးအနား တစ်ဝိုက်၌ ဆိတ်ကိုရော ယတ်နွားကိုပါ တစ်ကောင်တလေမျှပင် မမြင်ရပေ။

စစ်သားများ ဦးတည်၍ ဖြတ်သွားနေကြသော နယ်မြေမှာ လူသူလေးပါးဟူ၍ မရှိဘဲ ခြောက်သွေ့လျက် ရှိသည်။ သူတို့တွေ့မြင်နေရသည့် ယာခြံများနှင့်

ကျေးရွာများမှာ ကိုမင်တန်တို့၏ တုံ့ပြန် တိုက်ခိုက်မှုများကြောင့် ရွာရှိ လူအားလုံး ထွက်ပြေးကုန်ကြပြီ ဖြစ်၏။ သူတို့၏ အစားအစာများနှင့် ကျွဲ၊ နွားစသည့် တိရစ္ဆာန်များအား တောင်တန်းများကြားသို့ သယ်ယူသွားပြီး ဝှက်ထားကြသည်။

ရွာထဲရှိ မြေပိုင်ရှင်များ၏ အိမ်များမှာလည်း တန်ဖိုးရှိသည့် ပစ္စည်းဟူ သမျှကို လုယူသွားကြပြီဖြစ်၍ ဘာမှ မရှိတော့ပေ။ မည်သို့ပင်ဖြစ်စေ ဂျေကော့ အဖွဲ့မှာကား လက်ပြန်ကြိုး အတုပ်ခံထားရပြီး မရပ်မနား ချီတက် နေရသည်နှင့် တလျှောက် လက်ရှိ အခြေအနေသည် သူ့အတွက် များစွာ အဆင်ပြေလျက်ရှိ၏။

နေ့စဉ် မြင်းစီးနေရခြင်းသည် တဖြည်းဖြည်းနှင့် သူ့ခြေထောက်မှ ဒဏ်ရာ များအား လုံးဝ ပျောက်ကင်းသွားစေရုံမျှမက ဆုတ်ယုတ်သွားသော ခွန်အားများ ကိုပင် ပြန်လည် ရရှိနေပြီဖြစ်၏။ အတွေးနှင့် ခံစားမှုများမှာလည်း ပြန်လည် ရှင်သန်လာလျက်ရှိ၏။ လပေါင်းများစွာ အအိပ်ပျက် အစားပျက် ဘဝမှလည်း ပြန်လည် လွတ်မြောက်လာပြီ ဖြစ်သည်။ သူ့ ခြေထောက်များနှင့် သူ့ကျောတို့မှ နာကျင်မှုများသည်လည်း ဖြည်းဖြည်းချင်း ပျောက်ကင်းစ ပြုနေပြီဖြစ်၏။ သူ့ ရင်ထဲ၌ ရှိနေသော ဘာလို သေဆုံးခြင်းနှင့် သူ့သမီးငယ် မေ-လင်း လက်ထဲ ရောက်သွားသည့် ကိစ္စတို့မှာလည်း မေ့ပျောက်သွားနိုင်စရာ အကြောင်းမရှိ။

၎င်း အတောအတွင်းမှာပင် ဂျေကော့သည် အမှတ်တစ် တပ်မဟာနှင့် အမှတ်လေး တပ်မဟာ ခေါင်းဆောင်များကြားရှိ ပဋိပက္ခ ကြီးမားလာနေသည်ကို ကောင်းစွာ သိလာသည်။ အထက် ခေါင်းဆောင်များအနေဖြင့် “ယူနိုက်တက် တပ်နီ တပ်မတော်” ဟူသော အမည်သစ်ကို ပေးလိုက်သော်လည်း အခြေအနေ ကား တိုးတက်လာခြင်း မရှိ။ သူ့အစောင့်များနှင့် စစ်သားများ၏ ပြောပြချက်အရ ဆိုလျှင် တပ်နှစ်တပ်ကြားရှိ အချို့တပ်များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်နေ ကြပြီဖြစ်၏။

အများက သိနေကြသည့်အတိုင်းဆိုလျှင် ပါတီနှင့် စစ်တပ်မှ ခေါင်း ဆောင်များသည် လီအန်ပိုကူ၌ အစည်းအဝေးတွေ လုပ်ခဲ့ကြသည်။ ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ သို့သော်လည်း အဖြေကောင်း မထွက်။ မယုံသင်္ကာ ဖြစ်မှုများ ကြီးထွားကာ ပဋိပက္ခများသာလျှင် ပွားလာနေသည်။ ဂျေကော့၏ အစောင့်များ အချင်းချင်း ပြောဆိုနေကြသည့် စကားများထဲတွင် တပ်နှစ်တပ် သီးခြားစီ ခွဲ၍ မြောက်ပိုင်းဒေသသို့ ချီတက်ကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ နောက်ထပ် ဆွေးနွေးပွဲများ မပြုလုပ်မီ ထိုဆုံးဖြတ်ချက်အတိုင်း လိုက်နာကြရန်လည်း စီစဉ်ခဲ့ ကြသည်... စသည်များပါလာသည်။

စိတ်မသက်သာစရာ ကောင်းသောသတင်းကား ကိုမင်တန် စစ်တပ်များ သည် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ ဖြည်းဖြည်းနှင့်မှန်မှန် တပ်

အားလုံးကို စုစည်းနေခြင်း ဖြစ်၏။ သူတို့သည် ဤတစ်ကြိမ်တွင် ယခင်ကလိုပင် တပ်နီတပ်များအား ဝိုင်း၍ ပိတ်ဆို့ပြီး တိုက်ခိုက်ချေမှုန်းရန်ပင် ဖြစ်သည်။ ဤကိစ္စသည် စိတ်မအေးစရာတစ်ခု ဖြစ်သည့်အားလျော်စွာ ကြားလာရသည့် အချိန်မှ စ၍ အစားအစာများ စုဆောင်းခြင်းနှင့် ဆက်လက် ချီတက်ရန် ပြင်ဆင်ခြင်းစသည်များကို မနားမနေ ပြုလုပ်နေကြရပြန်လေ၏။

နောက်တစ်ခု စစ်သားများထံမှ ဂျေကော့ ကြားခဲ့ရသည့် ပထမဆုံးသော ကြောက်စရာ သတင်းမှာ တာတီ ဆာအိုတီ၏ သတင်းဖြစ်သည်။ တာတီ ဆာအိုတီမှာ မဟာမြက်ခင်းပြင် ဒေသများဖြစ်၍ သူတို့ ချီတက်သွားရမည့် မြောက်ဘက် လမ်းခရီးတွင် ခွလျက် တည်ရှိနေသည်ဟု သိရလေသည်။

ထိုမြက်ခင်းပြင်ကြီးမှာ အလွန်တရာ ကျယ်ပြန့်ကြီးမားပြီး လူသူဟူ၍ လုံးဝ မရှိသော တွန်ဒရာခေါ် ရေခဲကန္တာရကြီး တစ်ခု ဖြစ်၏။ မြေပေါ်တွင် ရေများ တစိမ့်စိမ့် စီးထွက်ကာ ရွှံ့နွံဗွက်အိုင်ကြီးများ တည်ရှိ၍ လူတစ်ရပ်မက မြင့်သော မြက်ပင်ရှည်ကြီးများ ဖုံးလွှမ်းလျက်ရှိသည်။ ထိုနယ်မြေ အကြောင်း သိနေသူများ ထံမှ ကြားသိရသည့်အတိုင်း ဆိုပါက မဟာမြက်ခင်းပြင်ဒေသအား ရာစုနှစ်ပေါင်းများစွာ ကျော်ဖြတ်ဖို့ ကြိုးစားခဲ့ကြသူများအဖို့ပင်လျှင် အလွန် ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းသော နေရာအဖြစ် တည်ရှိနေသည်ဟူသော အချက်ဖြစ်၏။

တကယ်တော့ ထိုနေရာသည် ကန်ဆုပြည်နယ်တွင်းသို့ မဝင်နိုင်အောင် ပိတ်ဆို့ထားသည့် သဘာဝ အတားအဆီးကြီးဖြစ်၍ ကြောက်စရာအလွန်ကောင်းသည့် နေရာဖြစ်သည်။ ဂျေကော့၏ ပတ်ဝန်းကျင်၌ ရှိနေသမျှ စစ်သား အများစုသည် မဟာမြက်ခင်းပြင် ဒေသကြီးအား ကျော်ဖြတ်သွားရမည့် အရေးကို တွေးကာ စိတ်မအေးဖြစ်နေကြသည်ကို ဂျေကော့ သတိထားနေမိလေသည်။

မည်သို့ပင်ဖြစ်စေ ဂျေကော့ အဖို့ကတော့ နားနားနေနေနှင့် သက်သောင့်သက်သာ နေလာရသည့်အတွက် စိတ်လက်ကြည်လင် အေးချမ်းသည်။ အထူးသဖြင့် သူ့သမီးငယ် အသက်မသေဘဲ မေ-လင်း လက်ထဲ ရောက်နေခြင်းသည် သူ့အတွက် စိတ်ချမ်းသာစရာ အကောင်းဆုံးဖြစ်၏။ ဤကြားထဲမှပင် သူရောက်သွားသော နေ့က မေ-လင်း၏ ပြုစုယုယမှုနှင့် သူ့အပေါ် လိုက်လျောမှုတို့သည် သူ့အတွက် စိတ်ကြည်နူးစရာ ဖြစ်ခဲ့ရ၏။

သို့တစေလည်း မိမိနှင့် မေ-လင်းတို့၏ အချစ်နယ် ကျွံခဲ့မှုသည် မိမိ၌ အပြစ်မကင်းဟု ယူဆနေမိ၏။ အထူးသဖြင့် ဆန္ဒရမ္မက်၏ သွေးဆောင်မှုအား မလွန်ဆန်နိုင်၍ ဖြစ်ခဲ့ရခြင်းဟု တွေးကာ စိတ်မအေး ဖြစ်ရ၏။ ထို့ကြောင့်လည်း

သူသည် ဘုရားသခင်အား အာရုံပြုကာ သူ့အား ခွင့်လွှတ်ပါရန် ဆုတောင်းဆုယူ ပြုခဲ့မိခြင်း ဖြစ်လေသည်။

ဇွန်လ ကုန်ဆုံးပြီး၍ ဇူလိုင်လသည် အစပြုခဲ့လေပြီ။ အကာအကွယ် ဟူ၍ ဘာတစ်ခုမှ မရှိသော မြက်ခင်း ကွင်းပြင်ကြီးများနှင့် ထူထပ် သိပ်သည်းသော သစ်တောကြီးများသည် ရေစီးသန်၍ မြန်သော မြစ်များအား ဖြတ်စီးခွင့် ပေးထားသည်။ တကယ်တော့ ထိုမြစ်များ စီးဆင်းရာ လမ်းကြောင်းသည် တောင်များအား ပတ်၍ တောင်ကြားများအား ဖြတ်၍စီးဆင်းနေကြခြင်းဖြစ်၏။ နွေရာသီ အပိအပြင် ဝင်နေပြီဖြစ်သော်လည်း တောင်ကြား လွင်ပြင်များထဲ၌ ညစဉ်ညတိုင်း အပူချိန်သည် ရေခဲမည့်အတိုင်းအတာအထိ ကျသွားလျက် ရှိလေသည်။

ထိုအဖြစ်ကို ကြည့်ပါက ထိုနယ်မြေဒေသသည် ပထဝီ အနေအထားအရ တရုတ်နိုင်ငံဘက် မနီးဘဲ တိဘက်နိုင်ငံ၏ အစိတ်အပိုင်း တစ်ခု ဖြစ်နေသည်မှာ ထင်ရှားလျက်ရှိ၏။ ဤနယ်မြေထဲတွင် ဟန်တရုတ် လူမျိုးစုရွာများသည် အရေအတွက် အနည်းငယ်မျှသာရှိသည်။ တိဘက်လူမျိုးစု ရွာများမှာကား များပြားလှ၏။ ဆောက်လုပ်ထားသည့် အိမ်များမှာ ရွှံ့နှင့်နွားချေးများ မံထားသည့် အိမ်များ၊ ခေါင်မိုးပြားပြား ကျောက်တုံးအိမ်များနှင့် သက်ငယ်မိုး တဲများ ဖြစ်လေသည်။

ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ် ခြောက်သွေ့သော နေရာများဖြစ်၏။ ဂျေကော့ မြင်ခဲ့ရသည့်အတိုင်းဆိုလျှင် တရုတ် နိုင်ငံထဲ၌ မမြင်ဘူး မတွေ့ဘူးခဲ့သည့် ဘာသာကိုင်းရှိုင်းမှုကို ဤနေရာ၌ အများကြီး တွေ့နေရသည်။ အိမ် အများစု၏ အပြင်ဘက်တွင် ဝါးတိုင်များ စိုက်ထား၍ ထိုဝါးတိုင် ထိပ်များတွင် အလံဖြူလေးများ စိုက်ထားသည်။ အစောင့် တစ်ယောက် ပြောပြသည့်အတိုင်း ဆိုပါက ဤဘက်ရှိ လူမျိုးစုများသည် ဤအလံဖြူများ စိုက်ထူထားခြင်းအားဖြင့် နတ်ပြည်သို့ လွယ်လင့်တကူ ရောက်နိုင်သည်ဟု ယုံကြည်ကြကြောင်း သိရသည်။

ထို့ပြင်လည်း တိတ်ဆိတ် ခြောက်သွေ့နေသော စခန်းများ၌ မကောင်းဆိုးဝါးများအား နှင်ထုတ်ရန်အတွက် ကြောက်မက်ဖွယ် ကောင်းအောင် ထုလုပ် ခြယ်လှယ်ထားသည့် လူခေါင်းများနှင့် တိရစ္ဆာန်ခေါင်းများ ထုထားကြသည်။ ထူးထူးဆန်းဆန်း ရှိလှသော ဗုဒ္ဓ ရုပ်ပွားတော်များကိုလည်း လူသူနှင့် ဝေးလွန်းလှသော ဘုရားကျောင်းများ၌ တွေ့မြင်ရသည်။

ဇူလိုင်လ ပထမပတ်၏ တစ်ရက်သော ညနေဆည်းဆာ အချိန်တွင်ဖြစ်၏။ ဌာနချုပ်၏ တပ်သားများနှင့် တိရစ္ဆာန်များသည် မြင့်မားသော တောင်ကြား

တစ်ခုပေါ်မှ ဆင်းလာလျက်ရှိ၏။ ထိုအခိုက်တွင် ဂျေကော့သည် သူတို့ ရှေ့တည့် တည့်မှ ရှေးဟောင်း ကျောက်တုံး ခံတပ်ကြီးအား လှမ်းမြင်သည်။ အလွန် ကြီးမား ကျယ်ပြန့်ပြီး ခမ်းနား ထယ်ဝါလွန်းလှသော ခံတပ်ကြီး တစ်ခုပေတည်း။

ခံတပ်ကြီးမှာ လသာဆောင်များ၊ အမွှမ်းအမံများဖြင့် တန်ဆာဆင်ထား သော မျှော်စင်ကြီး၊ အကွေးအကောက် ခေါင်မိုးများနှင့် လှပတင့်တယ်စွာ တည် ဆောက်ထားခြင်းဖြစ်၏။ သစ်သားတိုင်များမှာ အနီရောင်၊ အနက်ရောင်နှင့် ရွှေရောင်များ ခြယ်လှယ်ထား၍ တိုင်အားလုံး၏ အောက်ခြေတွင်မူ အဖိုးတန် ကျောက်မျက်ရတနာများ စီခြယ်ထားသဖြင့် နေရောင်တွင် တဝင်းဝင်း တလက် လက် ဖြစ်လျက်ရှိပေသည်။

ခံတပ်ကြီးနားသို့ ရောက်သွားသည့်အခါတွင်မူကား ဂျေကော့သည် တအံ့ တဩ ဖြစ်နေရ၏။ ခံတပ်ကြီးမှာ အလွန် မြင့်မားသော ကမ်းပါးကျောက်စွန်းကြီး တစ်ခု၏ ခြေရင်းရှိ အဆမတန် ကြီးမားသော ကျောက်တုံးကြီးပေါ်၌ တည် ဆောက်ထားခြင်း ဖြစ်သည်။ မြင့်မားလွန်းလှသော နံရံကြီးများ ထက်၌ကား အမြောက်များ နေရာချထားသည့် အပေါက်ကြီးများအား တွေ့မြင်နေရ၏။

ချီတက်သွားနေသော စစ်သားများ၏ ဘေးမှ မြင်းကိုယ်စီ စီး၍ သွားနေ ကြသော သတင်းပို့ တပ်သားများသည် စစ်သားများဘက် လှည့်၍ ခံတပ်ကြီး ဆီသို့ လက်ညှိုး ထိုးပြကာ အဖိုးထိုက် အဖိုးတန် ရတနာများ စုရာ နေရာကြီး တစ်ခု ဖြစ်ကြောင်း ရှင်းလင်း ပြောပြနေကြသည်။ အထူးသဖြင့် "မဟာချိုကီချိ မျှော်စင်ကြီး" အကြောင်း တခမ်းတနား ပြောပြလျက်ရှိ၏။ တကယ်တော့ ထို ခံတပ်ကြီးသည် ဤနယ်မြေကို ပိုင်စိုးသော တိဘက်လူမျိုး အကြီးအကဲ တည် ဆောက်ခဲ့သော ခံတပ်ကြီးဖြစ်၍ တည်ရှိလာခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

"မျှော်စင်ကြီးဟာ အထပ် ခုနစ်ထပ်ရှိတယ်၊ အထပ်တိုင်းမှာ ရွှေ ငွေနဲ့ ကျောက်စိမ်းတွေ စီခြယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေရှိတယ်။ လသာဆောင်တိုင်း မှာ ပိုးသားညောင်စောင်းတွေ ရှိတယ်။ ကျောက်သားနဲ့ တည်ဆောက်ထားတဲ့ ညှော်ခန်းဆောင်တွေ ဆယ့်ငါးခန်း ရှိတယ်။ တရုတ်နဲ့ တိဘက်ဘာသာစကား စာအုပ်ပေါင်း တစ်သောင်းတိတိ ရှိတယ်။ ရှေးဟောင်းစာပေ ပုရပိုဒ်တွေလည်း ရှိတယ်"

ထိုမျှမကသေး။ ခံတပ်ကြီးနားသို့ ကပ်မိသွားကြသော စစ်သားများသည် နောက်ထပ် အံ့ဩစရာများ ထပ်၍ သိရပြန်သည်။ ကျောက်တုံးခန်းမကြီးများနှင့် အဆောင်များ အများအပြားရှိရာ ယင်းတို့သည် လူပေါင်း ခြောက်ထောင်အား

ကောင်းစွာ နေရာချထားပေးနိုင်သည်။ မြို့ရိုးနံရံများ အောက်ဘက်ရှိ ကျုံးထဲတွင် သောက်ရေအဖြစ် သုံးနိုင်သော ရေ အလုံအလောက် ရှိသည်။

စတိုခန်းများမှာလည်း အများအပြားရှိလေရာ ရိက္ခာမျိုးစုံ အမြောက်အမြားအား သိုလှောင်ထားနိုင်၏။ မြင်းဇောင်းများသည် ရာပေါင်း များစွာသော မြင်းများအား ထားနိုင်သည်။ ခံတပ်ထဲရှိ သားသတ်ရုံဆယ်ရုံနှင့် မီးဖိုကြီး နှစ်ဆယ်သည် သိုးများ၊ ဆိတ်များနှင့် ယတ်နွားများအား အကောင်လိုက်ပင် ကင်နိုင်သော အနေအထား ရှိလေသည်။

ထိုခံတပ်ပိုင်ရှင် အကြီးအကဲမှာ ကိုမင်တန်တပ်များ၏ အမိန့်အရခံတပ်ထဲတွင် မနေရဲတော့ဘဲ ထွက်ပြေးပြီဖြစ်၏။ သူသည် ရိက္ခာ အတော်များများကို သူသယ်နိုင်သလောက် သယ်ဆောင်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ ဂျေကော့တို့ ဆိုက်ရောက်သွားချိန်တွင် တစ်ည၊ နှစ်ညစာ အစာရေစာများ ရှိနေသည်၊ တပ်သား အားလုံးအတွက် အလုံအလောက် ရှိနေခြင်းပေတည်း။

ဂျေကော့၏ အစောင့်များက ဂျေကော့၏ မြင်းညိုမကြီးအား ဆွဲ၍ မျှော်စင်အောက် ပို့ပေးချိန်တွင် အမှောင်ထုသည် ကျဆင်းစပြုနေပြီ။ အနောက်ဘက် ကောင်းကင်ဆီမှ ဆင်းလာနေသော အလင်းရောင်သည် ရှေးဟောင်းခေတ်က ကျောက်တုံးကြီးများအား လိမ္မော်ရောင်ဖြင့် ပက်ဖျန်းပေးထားသည့်နှယ် ရှိသည်။ တပ်နီတပ်သား အများစုသည် ခံတပ်ထဲတွင် နေရာယူလျက်ရှိကြလေသည်။

စစ်သားများ နေရာယူနေကြသည်ကိုကြည့်ကာ ဂျေကော့သည် မြင်းညိုမပေါ်မှ ဆင်းရန် ဟန်ပြင်သည်။ ဤအခိုက်မှာပင် သူ့ဆီသို့ လက်နက်ကိုင်လူတစ်စု ချဉ်းကပ်လာသည်ကို မြင်လိုက်ရ၏။ ထိုလူစုအား ခေါင်းဆောင်လာသော အရာရှိသည် ဂျေကော့၏ မြင်းဆီသို့ အလျင်ဆုံး ရောက်လာပြီး မြင်းဇက်ကြိုးအား ဆွဲထားသည်။

အရာရှိသည် ဂျေကော့အား စကားပြောရန် သူ့ ဦးခေါင်းကို မော့လိုက်သည်။ ဂျေကော့အနေဖြင့် သူမြင်ဖူးတွေ့ဖူးခဲ့သော မျက်နှာဟု ထင်သည်။ သူ စေ့စေ့စပ်စပ် ကြည့်မိ၏။ မျက်နှာမှာ ပိန်သွယ်သွယ်၊ ရာသီဥတုဒဏ် ခံထားရသည့် အခြေအနေ၊ သူ စဉ်းစားမိ၏။ သူခရီးဆုံးခါနီး တိုမိကိုမာရှ သင်္ဘောပေါ်မှ မေ-လင်းနှင့် သွားအတူ လာအတူ တပူးတွဲတွဲ နေခဲ့သည့် တရုတ်လူငယ်။

"ဂျေကော့ ကဲလ်နာ" ဟု အရာရှိက စကား စသည်။ "ကျွန်တော်ဟာ ခြေလျင်တပ်ရင်း တပ်ရင်းမှူး လု ချီယာအိုပါ။ ကျေးဇူးပြုပြီး မြင်းပေါ်က ဆင်းပါဦး"

ချီယာအိုသည် ဂျေကော့အား လှမ်းကြည့်နေသည်။ ဂျေကော့၏ အပေါ်ဘတ် အင်္ကျီရှည်ကြီးမှာ ဟောင်းနွမ်းစုတ်ပြတ်နေသည်။ ခြေထောက်များမှာ အခုအချိန်ထိ အဆမတန် ရောင်ကိုင်းနေဆဲ။ သူ့တွင် လုံးဝ မပြောင်းလဲသေးသော အရာကား တလက်လက် တောက်ပနေသော မျက်လုံးအစုံ ဖြစ်၏။

"ကျွန်တော်တို့ တစ်ခါတုန်းက ဆုံမိခဲ့ကြဖူးတယ်လို့ ထင်တယ်။ တပ်မှူးလု" ဟု ဂျေကော့က ပြောသည်။ "သင်္ဘောတစ်စီး ပေါ်မှာလေ"

ချီယာအိုက ခေါင်းညိတ်သည်။ "ဟုတ်ပါတယ်၊ လောလောဆယ်တော့ တော်မရှင်နာ ချူအင်-လိုင်းက သူ ခင်ဗျားရဲ့ အမှုတွဲကို ပြန်ပြီး ဝေဖန် သုံးသပ်နေတယ်လို့ ခင်ဗျားဆီ အကြောင်းကြားခိုင်းထားပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော်နဲ့ လိုက်ခဲ့စေချင်ပါတယ်"

အစောင့်နှစ်ယောက် တစ်ဖက်တစ်ချက် ရံထားခြင်း ခံရသော ဂျေကော့သည် ချီယာအို နောက်မှ လိုက်သွားသည်။ သူတို့သည် အသား ကင်သော တတိယ မီးဖိုကြီးဆီ ရောက်သွားကြ၏။ မီးဖိုတွင်းကြီး၏ ဘေးတွင်မူ ဝိုင်းရပ်ပြီး ကြည့်နေကြသည့် လူတွေက အများကြီး။ ထိုနေရာ၌ သူ တွေ့ရလိမ့်မည်ဟု ဂျေကော့ ယူဆထားသည်မှာ အရေဆုတ်ထားသည့် ယတ် နွားသေကောင်။ သို့သော်လည်း အခု သူ တွေ့ရသည်မှာ အပေါ်ပိုင်း တစ်ပိုင်းလုံး ခါးအထိ ဗလာကျင်းထားသော တရုတ်တစ်ယောက်။

တရုတ်၏ ခြေနှစ်ဖက်အား ကြိုးနှင့်တုပ်ကာ အပေါ်ယက်မ၌ ချည်၍ အသားကင် တွင်းပေါ်တွင် ဇောက်ထိုး တွဲလောင်း ချထားခြင်းဖြစ်၏။ ခန္ဓာကိုယ်၏ အောက်ဘက်တွင် ကျောက်မီးသွေး မီးဖိုရှိ၍ ထိုမီးဖိုမှ မီးကျည်းခဲများသည် တရှိန်ရှိန်၊ တညီးညီး တောက်လောင်ကာ ဇောက်ထိုး ကျနေသော လူအား လှမ်း၍ ဟပ်လျက်ရှိ၏။ အမှန်တော့ ထိုတရုတ်၏ အသက် အန္တရာယ်အား ခြိမ်းခြောက်နေသည်မှာ အသားကင်တွင်းထဲမှ မီးများ မဟုတ်။ တွင်းအောက်ခြေ၌ စိုက်ထားသည့် ဝါးတိုင် နှစ်တိုင်ဖြစ်၏။ ထိုဝါးတိုင် နှစ်တိုင်၏ ထိပ်များမှာ မြနေအောင် ချွန်ထားပြီး ဝါးတစ်လုံး၏ ထိပ်ဖျားသည် တရုတ်၏ ရင်ဘတ်တွင် တစ်လက်မခန့် နစ်ဝင်လျက်ရှိ၍ ကျန်တစ်လုံး၏ ထိပ်ဖျားသည် တရုတ်၏ တင်ပါးခွက်အား ထောက်ထားသည်။ တစ်ကိုယ်လုံး ချွေးတွေဖြင့် စိုရွှဲနေသော တရုတ်သည် သူ့ကိုယ်နှင့် ဝါးချွန်များ မထိအောင် ရုန်းကန်လျက် ရှိသော်လည်း ရနိုင်မည့် လက္ခဏာ မရှိချေ။

"ဒီလူကို ခင်ဗျား မှတ်မိကောင်း မှတ်မိပါလိမ့်မယ်" ဟု ချီယာအိုက ပြောကာ ဂျေကော့အား တွင်းဝနားသို့ တိုးလာရန် လက်ပြ၍ ခေါ်သည်။

အစောင့်တစ်ဦးက တရုတ်၏ ဆံစများအား ဆွဲဆုပ်ကာ ဦးခေါင်းကို လှန်ပြသည်။ ကြောက်လန့်ခြင်းနှင့် နာကျင်ခြင်းတို့ကြောင့် မျက်နှာသည် ရှုံ့မဲ့လျက် ရှိသော်လည်း ဂျေကော့သည် မြင်လျှင်မြင်ချင်း မှတ်မိ၏။ ပါဒိုရှန်မြို့၏ အပြင်ဘက် တောင်ကုန်း နံရံနား၌ မိမိ၏ ဇနီး ဖီလီစီတီ၏ ဦးခေါင်းအား ဓားနှင့် ခုတ်ဖြတ်၍ သတ်ခဲ့သော ပါးကွက်သားပေတည်း။

ဂျေကော့၏ ရင်သည် ဒေါသစိတ်ဖြင့် လှိုင်းထလာသည်။ သူ့ ရင်သည် မွန်းကျပ်လာသည်။ အသက်ကိုပင် ကောင်းစွာ မရှုနိုင်။ ပထမ အရမ်း မြန်လာသည်။ ပါဒိုရှန်မှ အဖြစ်အား မြင်ယောင်လာသည်နှင့်အမျှ မခံမရပ်နိုင်လောက်အောင် နာကြည်းသော စိတ်ဓာတ်သည် ဝင်လာသည်။ ထို့နောက်တော့ ထိန်းသိမ်း ချုပ်တည်းမှုသည် ဝင်လာပြီး အသက်ကို ပုံမှန် ပြန်၍ ရှူလာနိုင်သည်။

"သူ့ကို ခင်ဗျား မှတ်မိတယ် မဟုတ်လား၊ မစ္စတာ ကဲလ်နာ"

ဂျေကော့က ခေါင်းညိတ်သည်။

"ခင်ဗျား မိန်းမကို သတ်ခဲ့တဲ့ ပါးကွက်သား အခုလို အဖြစ်နဲ့ နေရတာ မြင်တော့ ခင်ဗျား အတော်ကြီး အံ့သြမှာပဲ" ဟု ချီယာအိုက ပြောသည်။ "ဒီကိစ္စကို ကျွန်တော် ရှင်းပြဖို့ လိုလိမ့်မယ် ထင်တယ်။ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်အရဆိုရင် ဒီလူဟာ ကိုမင်တန် သူလျှို တစ်ယောက်လို့ ယုံကြည်ရတယ်။

"သူဟာ ကျွန်တော်တို့ တပ်သားတွေနဲ့အတူ ပါဒိုရှန်အထိ အယောင်ဆောင်ပြီး လိုက်လာတယ်။ ပြီးတော့ မျက်နှာလို မျက်နှာရ လုပ်ပြီး ကျွန်တော်တို့ ဖမ်းထားတဲ့ လူတွေကို သတ်ပြတယ်။ ပါဒိုရှန် ရောက်တော့လည်း လူတွေကြားမှာ လှုံ့ဆော်မယ့် လူတွေကို သူပဲ ထည့်ထားတာ။ နိုင်ငံခြားသား သူလျှိုတွေကို သေဒဏ်ပေးဖို့ အော်ခဲ့တာ သူ့လူတွေပဲ။ ကျွန်တော်တို့ အနေနဲ့ အကျဉ်းသားတွေ အပေါ်မှာ အဲသလို လုပ်တာမျိုး မကျင့်သုံးခဲ့ကြပါဘူး။

"ဒီလူဟာ ကိုမင်တန်တွေဆီမှာ အလုပ် လုပ်ရင်းနဲ့ ကွန်မြူနစ် အဖွဲ့သား အများအပြားကို ရက်ရက်စက်စက် ညှဉ်းပန်း နှိပ်စက်ခဲ့ဖူးတယ်။ အကျဉ်းသားတွေ စစ်မေးတဲ့ အခါမှာ အခုလို ဝါးချွန်တွေနဲ့ ခြိမ်းခြောက်ပြီး စစ်မေးတာဟာ တရုတ်နိုင်ငံရဲ့ ရှေးအကျဆုံး နည်းတစ်နည်းပဲ"

ဂျေကော့သည် ဖီလီစီတီအား ကွပ်မျက်ခဲ့သည့် ပါးကွက်သားအား နောက်တစ်ကြိမ် ထပ်ကြည့်သည်။ ပါးကွက်သားသည် ဖောက်ထိုးဖြစ်၍ သူ့ မျက်နှာသည် အသားကင် တွင်းပေါ်၌ တလည်လည် ဖြစ်နေသည်။ သူ့ လက်ကောက်ဝတ်များနှင့် ခြေကျင်းဝတ်များသည် ကြိုးများဖြင့် အတုပ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ကြ။ တစ်ကိုယ်လုံးတွင် ချွေးသီး ချွေးပေါက်များသည် ယိုစီးလျက် ရှိသည်။ သူသည် သူ့ကိုယ်အား ဝါးချွန်နှင့် မထိမိအောင် အားထုတ်လျက်

ရှိနေသော်လည်း ရင်ဘတ် တစ်ဖက်တွင်မူ ဝါးချွန် ထိုးမိထားသည့် ဒဏ်ရာ ကြောင့် သွေးအနည်းငယ်မျှ ထွက်ကာ စီးကျလျက် ရှိလေသည်။

"အသစ် ရလာတဲ့ ဒီသတင်းဟာ ခင်ဗျားအမှုကို ကျွန်တော်တို့ ပြန်ပြီး စစ်ဆေးနေတုန်းမှာ ရလာခဲ့တာပါ။ မစ္စတာ ကဲလ်နာ ခင်ဗျားကို သေဒဏ် ပေးတဲ့ လုပ်ရပ် တရားဝင်တယ်၊ မဝင်ဘူးဆိုတာ သံသယ ဖြစ်စရာတွေက ရှိနေတယ်။ ဒီကိစ္စမှာလည်း အခြေအနေ အရပ်ရပ်ကို ပြန်လှန် သုံးသပ်ပြီး သင့်တော်မယ့် အပြစ်ဒဏ် ချမှတ်ဖို့ စဉ်းစားကြရလိမ့်မယ်လို့ ယူဆကြပါတယ်။

"ကျွန်တော်တို့လက်က ခင်ဗျား ထွက်ပြေးဖို့ လုပ်ခဲ့တာကတော့ ဗဟို ဆိုဗီယက် ဥပဒေကို ချိုးဖောက်တာပဲ၊ ဒါပေမဲ့ ခင်ဗျားရဲ့ ဌာနချုပ်က ကျွန်တော် တို့ လျှော့ပေါ့ပြီး သတ်မှတ်ထားတဲ့ ဒဏ်ငွေကို ပေးမယ်ဆိုရင်တော့လည်း ခင်ဗျားကို လွှတ်ပေးဖို့ ထောက်ခံပေးရေးဟာ ဖြစ်နိုင်ခြေ ရှိပါတယ်"

ဂျေကော့သည် ချီယာအို၏ စကားများအား နားထောင်ကာ ထိုစကား များထဲ၌ မှန်ကန်မှု မည်မျှလောက်ပါမည်ကို စဉ်းစားကြံဆလျက်ရှိ၏။ သို့သော် လည်း သူ့မျက်လုံးများသည် အသားကင်တွင်းပေါ်၌ ကြိုးတန်းလန်းနှင့် ဖြစ်နေ သော လူကို မစူးစိုက်ဘဲ မနေနိုင်။

"အခုအချိန် အတွင်းမှာတော့ 'ပါးကွက်သား ဝမ်' အတွက် ဘယ်လို အပြစ်ဒဏ်ဟာ သင့်တော်မလဲဆိုတာ ခင်ဗျား ဆုံးဖြတ်ဖို့ အခွင့်အလမ်း ပေးချင် တယ်။ နောက်ဆုံး အဆုံးအဖြတ်ကတော့ အခုထိ မချရသေးဘူး။ ဒါပေမဲ့ ခင်ဗျား က သူ့ ကြိုးတွေကို လျှော့ချပြီး ဝါးချွန်တွေက သူတို့အလုပ် သူတို့လုပ်သွားပါစေ လို့ ဆုံးဖြတ်ရင်လည်း ကျွန်တော်တို့က ခင်ဗျားကို ကန့်ကွက်စရာ မရှိပါဘူး"

ဂျေကော့သည် ဘာမှ ပြန်မပြောဘဲ ပတ်ဝန်းကျင်အား ကြည့်သည်။ အစောင့်တစ်ဦးက သူ့ဓားကို ထုတ်ယူပြီး ဂျေကော့အား လှမ်းပေးသည်။ ပါးကွက် သား၏ အသက်ရှူသံသည် ပြင်းထန်လာသည်။ သူသည် ဝါးချွန်များ၏ အန္တရာယ်မှ ကင်းလွတ်ရေးအတွက် ကြိုးစား အားထုတ်လျက်ပင်ရှိ၏။ အစောင့် ပေးလိုက်သည့် ဓားအား ဆုပ်ကိုင်ထားသော ဂျေကော့သည် အသားကင်တွင်း နှုတ်ခမ်းအထိ တိုးကပ်လာသည်။

ဂျေကော့သည် လက်ထဲမှ ဓားကို မြှောက်ကာ ဝါးချွန် နှစ်ချောင်းအား ခုတ်ဖြတ်လိုက်၏။ ထို့နောက် ပါးကွက်သား၏ လက်ကောက်ဝတ်များနှင့် ခြေကျင်း ဝတ်များ၌ ချည်ထားသော ကြိုးများအား သူ့လက်ထဲမှ ဓားဖြင့် ဖြတ်ပစ်လိုက်ကာ ပါးကွက်သားအား သူ ကိုယ်တိုင် ထိန်း၍ မြေပြင်ထက်သို့ ချပေးလိုက်သည်။ သူ့ လက်ထဲမှ ဓားအား ပိုင်ရှင် အစောင့်လက်သို့ ပြန်ပေး လိုက်လေသည်။

"ခင်ဗျား မိန်းမရဲ့ ခေါင်းဖြတ်ခဲ့တဲ့ လူကို ဘာပြုလို့ အခုလို လွှတ်ပစ်ရတာလဲ" ဟု ချီယာအိုက မေးသည်။

"ကျွန်တော် ခင်ဗျားတို့ရဲ့ အကျဉ်းသား ဖြစ်လာခဲ့ရတဲ့ အချိန်ကစပြီး မုန်းတီးခြင်းဆိုတဲ့ အကြောင်းတစ်ခုတည်းနဲ့ ကြောက်စရာ သိပ်ကောင်းတဲ့ လုပ်ရပ်တွေ အများကြီး ကျူးလွန်နေကြတာ မြင်ခဲ့ရတယ်" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော် တရုတ်နိုင်ငံကို လာခဲ့တာဟာ ဘုရားသခင်သည် လူသားအားလုံးကို ချစ်တယ်ဆိုတဲ့ အမှန်တရားကို ပြောပြချင်လို့ပါ။ မုန်းတီးခြင်းနဲ့ သတ်ဖြတ်ခြင်းကြောင့်တော့ ဘာကိုမှ ရမှာလည်း မဟုတ်ပါဘူး။ ခိုင်မာတည်တံ့တဲ့ အရာမှန်သမျှကိုလည်း ရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အနေနဲ့ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ဖို့ လေ့လာသင်ယူမှ ဖြစ်မှာပါ"

ဂျေကော့သည် မြေကြီးပေါ်၌ ထိုင်နေသော ပါးကွက်သားအား ငုံ့ကြည့်သည်။ မီးဖိုမှ မီးရောင်ဖြင့် အကြောက်ဝင်နေသော မျက်လုံးများအား မြင်ရသည်။ အခုအချိန်ထိ တစ်ကိုယ်လုံး တုန်နေဆဲ။ ဂျေကော့သည် ပါးကွက်သားရှေ့၌ ရပ်၍ လက်နှစ်ဖက်အား ယှက်ကာ ဦးခေါင်းကိုငုံ့ပြီး ဆုတောင်းလျက်ရှိသည်။ သူ ခေါင်းပြန် မော့လိုက်သည့်အခါ အစောင့်များက ပါးကွက်သားအား ဆွဲထူလိုက်သည်ကို မြင်ရ၏။ ပါးကွက်သား ဘေး၌ ရပ်နေသော ချီယာအိုက "သူ အလျင်က ဘာတွေပဲ လုပ်ခဲ့ လုပ်ခဲ့၊ အခုအချိန်က စပြီး သူ့ကို ညှာညှာတာတာ ဆက်ဆံကြပါ" ဟု ပြောသည်။

အပေါ်ဘက်မှ အမိန့်ပေးသံ တစ်သံ ပေါ်ထွက်လာသည်။ ရောင်စုံမှန်အိမ်မီးအိမ်များ ထွန်းညှိနေသည်ကို မြင်ရ၏။ ကြယ်ရောင်များဖြင့် ပြည့်နေသော ကောင်းကင်ယံအား နောက်ခံပြုကာ မီးရောင်ဖြင့် လင်းနေသော ချိုက်ခိုမျှော်စင်အား မြင်တွေ့ရသည်။ အမြင့်ဆုံးသော လသာဆောင် တစ်ခုထဲတွင်မူ အရပ်မြင့်မြင့် လူတစ်ဦး၏ ရုပ်လွှာ။ ထိုသူသည် အောက်ဘက် မြခင်းထဲ ငုံ့ကြည့်နေသည်။ သူ သည် ပွတ်လုံးလက်ရန်းအား မှီ၍ရပ်ကာ ဂျေကော့နှင့် ချီယာအိုတို့အား လက်ယပ်၍ ခေါ်နေသည်။ ချီယာအိုသည် ချက်ချင်းပင် ဂျေကော့၏ လက်မောင်းကိုဆွဲကာ အသားကင် ဖ◌ုိ◌်းဘေးမှ ခေါ်ထုတ်သွားလေသည်။

"ကော်မစ်ဆာ မော်က ခင်ဗျားနဲ့ စကားပြောချင်နေတယ်" ဟု ချီယာအိုက စစ်သားများကြားမှဖြတ်၍ မျှော်စင်၏ ပထမဆုံး ဝင်ပေါက်ဆီသို့ လျှောက်သွားနေရင်းက ပြောသည်။ "ခင်ဗျားရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ရှင်းပြနိုင်အောင်တော့ ကြိုတင်ပြင်ဆင် ထားရလိမ့်မယ် မစ္စတာကဲလ်နာ"

***

၁၂

"ဒီနေ့ တရုတ်နိုင်ငံမှာ တကယ်စစ်မှန်တဲ့ သာသနာပြုတွေဟာ ခင်ဗျားရဲ့ ပတ်ပတ်လည်က ကြယ်နီတံဆိပ်တပ် ကက်ဦးထုပ်တွေ ဆောင်းထားတဲ့ လူတွေ ပဲ။ သူတို့ဟာ အစစ်အမှန် တမန်တော်တွေပဲ"

မှန်အိမ်မီးရောင် အောက်ရှိ မော်စီ-တုန်း၏ ပိန်ချုံးချုံး မျက်နှာသည် မျှော်စင်အောက် လသာဆောင် တစ်ခုအတွင်းရှိ ဘုရားခန်းထဲမှ ဗုဒ္ဓရုပ်ပွားတော်၏ မျက်နှာနှင့် တူသယောင်ယောင် ရှိနေသည်။ အိပ်ခန်းမှာ ကြီးမားကျယ်ဝန်းပြီး အိပ်ရာ ခုတင်ကြီး တစ်လုံး ချထားသည်။ သန့်ရှင်းသပ်ရပ်သော အခန်းကြီး ထဲရှိ သစ်သားတိုင် နှစ်တိုင်ကြားတွင် အဝတ်ပုခက်တစ်လုံး ရှိ၍ ထိုပုခက်ပေါ်တွင် ရင်ဘတ်ပေါ် လက်တင်၍ လှဲနေသူမှာ မော်စီ-တုန်း ဖြစ်လေသည်။

"ကိုးလအတွင်းမှာ ကျွန်တော်တို့ဟာ ကီအန်စီ၊ ကွမ်တန်၊ ဟူနန်၊ ကွမ်စီ၊ ကွေချောင်း၊ ယူနန်၊ စီကန်နဲ့ ဇီချွမ်း နယ်တွေကို ဖြတ်ကျော် လာခဲ့ကြတယ်။ ဒီ ပြည်နယ်တွေထဲမှာ တရုတ်လူမျိုး သန်းနှစ်ရာကျော်ကျော် နေကြတာ၊ အများစုက မြေမဲ့ယာမဲ့ လယ်သမား ဆင်းရဲသားတွေချည်းပဲ၊ သူတို့ထဲက အများစုဟာ စာ မတတ်ကြဘူး။ ကျွန်တော်တို့ ဖြတ်လာခဲ့တဲ့ ရွာတိုင်းမှာ လူတွေကို အက္ခရာ သုံးလုံးပဲ သင်ပေးခဲ့ကြတယ်။ အဲဒါ ဘာလဲဆိုတော့ကာ **ဇင်တီအင်တီ**တဲ့။ အဓိပ္ပာယ်က "မြေတွေကို ခွဲပေး" တဲ့။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ရိုးရိုးစင်းစင်း တရားကျမ်းစာပဲ။ အဲဒီ အက္ခရာ သုံးလုံးဟာ လူအားလုံးရဲ့ ဘဝကို ပြုပြင်ပြောင်းလဲပစ်မှာပါ"

မျှော်စင် အမြင့်ပိုင်းမှ နေ၍ နားထောင်လျှင် အောက်ဘက်ဝင်းကြီး အတွင်းမှ အသံဗလံများလည်း သဲသဲကွဲကွဲ မရှိ။ အဝေးမှ လာနေသည့် ဗလုံးဗထွေး သံများသာ ဖြစ်နေသည်။ ပြတင်းပေါက် မှန်များမှာ ရောင်စုံဖြစ်၍ အားလုံးတွင် ရောင်စုံ ဖန်ချောင်း ခန်းဆီးများ တပ်ထားသည်။ မော်၏ အသံမှာ

တရုတ်နိုင်ငံ တောင်ပိုင်းသား လေသံနှင့် ပြောနေခြင်း ဖြစ်သော်လည်း ဖြေးဖြေး သာသာနှင့် သိမ်သိမ်မွေ့မွေ့ ရှိလွန်းလှသဖြင့် ဂျေကော့အဖို့ နားလည်ရ လွယ်လေသည်။

ဂျေကော့အား မော်ထံသို့ ခေါ်ဆောင်လာပြီး နောက်ပိုင်းတွင် လု-ချီယာအိုသည် သူတို့နား၌မနေ၊ အနှောင့်အယှက်ဖြစ်မည်စိုး၍ ခပ်ဝေးဝေး တစ်နေရာ၌ သွားနေသည်။ ခန်းမ၏ အပြင်ဘက် တံခါးဝတွင်မူ မော်ဇာ မရှင်း ပစ္စတို သေနတ်ကိုင် သက်တော်စောင့် တစ်ဦးရှိ၏။ အိပ်ခန်း ပတ်ဝန်းကျင်တွင် အနှောင့်အယှက် ဖြစ်စေမည့် လူဟူ၍ တစ်ဦးတစ်ယောက်မှ မရှိပေ။

"နိုင်ငံခြား သာသနပြု အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကို နှိုင်းယှဉ်ချက် ထုတ်ကြည့်ကြရင် မကောင်းပေဘူးလား၊ တရုတ်နိုင်ငံထဲမှာ လွန်ခဲ့တဲ့ နှစ်တစ်ရာ အတွင်းမှာ သာသနာပြု ရှစ်ထောင် ရောက်လာပြီး အလုပ် လုပ်ခဲ့ကြတယ်။ အခုဆိုရင် သူတို့က ခရစ်ယာန် ဘာသာဝင် တရုတ်လူမျိုး ရှစ်သိန်းကျော် သွားပြီလို့ ဆိုကြတယ်"

"တကယ်တော့ အဲဒီစာရင်းဇယားအရဆိုရင် သာသနာပြု တစ်ယောက်ဟာ တစ်နှစ်မှာ ဘာသာပြောင်း တစ်ယောက်သာ ရတဲ့ သဘောပဲ။ အဲဒီထဲမှာ အများစုက "ဆန် ခရစ်ယာန်တွေ" ပဲ။ သူတို့ ဝမ်းဗိုက်တွေ ပြည့်ဖို့အတွက် ယေရှု အပေါ် ယုံကြည်ဟန်ဆောင်ကြတာလေ။ အဲဒါကိုကြည့်ရင်း ခင်ဗျားတို့ လုပ်ငန်းရဲ့ အချည်းနှီးဖြစ်မှုကို မြင်ရမှာပါ"

မော်သည် ဂျေကော့အား ခေါင်းတစ်ချက် ငဲ့ကြည့်သည်။ ဂျေကော့ ရောက်ကတည်းက မလှုပ်မရှား နေခဲ့သော မော် ပထမဆုံးအကြိမ် လှုပ်ရှားခြင်း ပေတည်း။ မော်သည် လေးဆယ်တွင်း ဝင်စအရွယ် ဖြစ်၏။ မျက်လုံးများမှာ ပြူးကျယ်ပြီး မျက်တွင်းချိုင့်ချိုင့် ဖြစ်သည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကိုပင် မရိတ်၊ အရောင် လွင့်နေပြီဖြစ်သော ကြေမွနေသည့် အညိုရောင် ကျူနစ် အင်္ကျီကို ဝတ်ထားသော်လည်း လည်ပင်းပေါက် ကြယ်သီးအား တပ်မထား။

သူ့ဘေးတွင် ချထားသည့် စားပွဲပေါ်တွင် စစ်မြေပြင်သုံး တယ်လီဖုန်း တစ်လုံးရှိသည်။ အစီရင်ခံစာများနှင့် တယ်လီဖုန်း သတင်းစာရွက်များသည် စားပွဲပေါ်၌ အပုံလိုက်။ မလှမ်းမကမ်းရှိ သစ်သားခုတင်ပေါ်တွင် စောင်ကြမ်း နှစ်ထည်၊ ချည်ထည် အိပ်ရာခင်း တစ်ခု၊ ဖယောင်းပုဆိုး တစ်ထည်၊ ကုတ်အင်္ကျီ တစ်ထည်၊ ကက်ဦးထုပ်တစ်လုံးနှင့် ပျက်နေသော ထီးတစ်လက်တို့ ရှိသည်။ ထို ပစ္စည်းအားလုံးသည် သာမန် စစ်သားတစ်ယောက် ပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများဖြစ်၏။ ခွေးခြေခုံထက်၌ တင်ထားသော ကျောပိုးအိတ်ထဲမှ မြေပုံ ဟောင်းများ၊ ဝါကြန့်ကြန့် သတင်းစာ ဟောင်းများနှင့် စာအုပ် အနည်းငယ်

ထွက်ကျနေသည်။ ထိုအပုံထဲတွင် တရုတ်ဂန္ထဝင် စာအုပ်များဖြစ်သော "သည် ဝတ်တား မာဂျင် (The Water Margin) နှင့် "သည် ရိုမင့်စ် အော့ဖ် သည် သရီး ကင်းဒမ်း (The Romance of the Three Kingdome)။

"ကျွန်တော်တို့ တရုတ်နိုင်ငံတွင်းမှာ လုပ်ရမယ့် တာဝန်ကို ကျွန်တော်တို့ အမြဲသိနေပါတယ်။ အဲဒီတာဝန်ဟာ လျင်လျင်မြန်မြန်လည်း ပြီးမှာမဟုတ်ပါဘူး။ လွယ်လင့်တကူနဲ့လည်း ပြီးနိုင်မှာ မဟုတ်ပါဘူး" ဟု ဂျေကော့က ပြန်ပြောသည်။ "အဲသလို သိနေတဲ့ အသိကြောင့်လည်း ကျွန်တော်တို့ မတုန်လှုပ်ပါဘူး။ ကျွန်တော်တို့ မျိုးစေ့ကြဲနေကြတာက နောင်တစ်ချိန်မှာ ယုံကြည်မှု ခိုင်မာပြီး နိုင်ငံခြား သာသနာပြုတွေနဲ့ ကင်းလွတ်တဲ့ ခရစ်ယာန်ဘာသာ တစ်ရပ် တည်ရှိသွားဖို့ပါ"

မော်၏ မျက်လုံးများသည် ကျဉ်းမြောင်းသွားကာ ဂျေကော့ဘက်လှည့်၍ စေ့စေ့စပ်စပ် ကြည့်နေသည်။ "ခင်ဗျားဟာ တပ်နီစစ်တပ်နဲ့ ခရီးရှည်ကြီးတစ်ခုကို ချီတက်ခဲ့တဲ့လူပါ။ ဆင်းရဲသားတွေနဲ့ ခေါင်းပုံဖြတ်ခံ လူတန်းစားတွေအတွက် တကယ်တမ်း ရပ်တည်ပေးနေသူတွေဟာ ဘယ်သူတွေလဲဆိုတာ ခင်ဗျားမြင်ခဲ့ပြီးပြီပဲ"

"ကျွန်တော် ခရီးရှည်ကြီးထဲမှာ ချီတက်လာခဲ့ရတဲ့အတွက် တပ်နီစစ်တပ်ထဲမှာရော ကိုမင်တန်တပ်တွေထဲမှာပါ ဆင်းရဲသားတွေ အများကြီး အသတ်ခံ နေရတာ ကျွန်တော်မြင်ခဲ့ရပါတယ်" ဟု ဂျေကော့က ပြန်ပြောသည်။

"တော်လှန်ရေး တစ်ခု လုပ်တယ်ဆိုတာ ဒင်နာပါတီ (ညစာစားပွဲတစ်ခု) တစ်ခု လုပ်တာနဲ့ မတူပါဘူး။ အကြမ်းနည်း တစ်နည်းလို့ ပြောရင်ရပါတယ်။ လူတန်းစား တစ်ရပ်က နောက်လူတန်းစား တစ်ရပ်ကို ဖြုတ်ချရတဲ့ နည်းပါ။ အဲဒီတော့ တချို့သော သေခြင်းတွေဟာ ရှောင်လွှဲလို့ မရပါဘူး။ ခွဲစိတ်ကု ဆရာဝန်တစ်ဦးဟာ တစ်ခါတလေ လူတစ်ဦးရဲ့အသက်ကို ကယ်ဆယ်ဖို့အတွက် ခြေလက်အင်္ဂါ အစိတ် အပိုင်း တစ်ခုခုတို့ ဖြတ်ရပါတယ်။ ဒါဟာ မရှောင်မလွှဲသာတဲ့ ကိစ္စပါ"

"အပြင်ပန်း အရာဝတ္ထုတွေကို ပြောင်းပေးရုံမျှနဲ့တော့ လုံလောက်မယ် မထင်ပါဘူး" ဟု ဂျေကော့က ပြောသည်။ သူသည် စားပွဲဘေးမှ ကုလားထိုင်၌ ထိုင်နေ ခြင်းဖြစ်၍ တရုတ်ခေါင်းဆောင်အား စေ့စေ့စပ်စပ်ကြည့်ကာ ပြန်ပြော နေခြင်းဖြစ်၏။ "ခင်ဗျားတို့က ဆင်းရဲသားတွေနဲ့ လိုအပ်နေသူတွေကို မြေယာတွေ ပြန်ဝေပေးချင်လည်း ပေးမှာပေါ့။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ ကွန်မြူနစ် တော်လှန်ရေးက မုန်းတီးမှုကို မွေးဖွားပေးနေတာ အမှန်ပဲ"

"တကယ်လို့ တော်လှန်ရေးကြီး အောင်မြင်တယ်ပဲ ဆိုဦးတော့ လူတွေဟာ တစ်ကိုယ်ကောင်းဆန်ကုန်မယ်။ လိမ်ညာလှည့်ဖြားတတ်တဲ့ လူတွေဖြစ်ကုန်မယ်။ ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းစွာ အတူတကွ နေနိုင်ဖို့ဆိုတာက လူတွေရဲ့ နှလုံးသားတွေ ပြောင်းမှဖြစ်မှာ။ စိတ်ဓာတ်တွေ မပြောင်းဘဲနဲ့ကတော့ ငြိမ်းအေးချမ်းသာစွာ နေနိုင်ရေးဆိုတာ ဖြစ်နိုင်ခြေ မရှိပါဘူး။ မှန်ကန်ခြင်း၊ လွတ်လပ်ခြင်းနဲ့ တရားမျှတခြင်းဆိုတဲ့ အရာတွေဟာ မြတ်သောတရားဆိုတာ မရှိဘဲနဲ့ မတည်ရှိနိုင်ပါဘူး။ ကျွန်တော်တို့ ဥရောပဘက်က သာသနာပြုတွေ တရုတ်နိုင်ငံထဲ ရောက်လာကြတာဟာ မြတ်သောတရားကို ဖြန့်ဝေဖို့ပါ"

မော်သည် အဝတ်ပုခက်တွင်း၌ ပြန်၍လှဲကာ အပေါ်ဘက် မျက်နှာကြက်ဆီသို့ ငေးနေသည်။ သူ့ဂျက်ကက်အင်္ကျီအိတ်ကပ်အားစမ်းကာ သူ့ဘာသာသူ လိပ်ထားသည့် စီးကရက် တစ်လိပ်ကို နှိုက်ယူလိုက်သည်။ ဆေးလိပ်မှာ ကွေးကောက် ကြေမွနေပြီ။ သူသည် စီးကရက်အား မီးညှိကာ ဖွာလျက်ရှိရာမှ ဂျေကော့အား လှမ်းကြည့်သည်။

"သာသနာပြုတွေဟာ အမြဲတမ်းလိုလို နယ်ချဲ့စစ်တပ်တွေနဲ့ ထက်ကြပ်မကွာ ကပ်ပြီးလိုက်လာတတ်ကြတယ်။ ဒါဟာ အမှန်တရားပဲ" ဟု မော်ကပြောသည်။ သူ့အသံမှာ စောစောကလိုပင် အေးဆေးတည်ငြိမ်သည်။ "တရုတ်နိုင်ငံမှာရှိတဲ့ တရုတ်ပြည်သူတွေကတော့ သာသနာပြုတွေဟာ နယ်ချဲ့စစ်တပ်က အောင်ပွဲရပြီးရင် ရောက်လာကြတာပဲလို့ နားလည်နေကြတယ်။

"ရောက်လာကြပြန်တော့လည်း အလွန် ခမ်းနားကြီးမားတဲ့ အိမ်ကြီးတွေမှာ အစေခံတွေ အများကြီးနဲ့ လူချမ်းသာ မြေပိုင်ရှင်ကြီးတွေ နေသလို နေကြတော့၊ လူတွေက သံသယ ဝင်ကုန်ကြရော။ တရုတ်တွေရဲ့ ရိုးရာဓလေ့ ထုံးစံအရဆိုရင် ဘာသာရေးဆိုင်ရာ ဘုန်းကြီး ရဟန်းတွေဆိုတာက အစဉ်သဖြင့် ဆင်းရဲကြတယ်။ ဘာပစ္စည်းမှလည်း ကိုယ်ပိုင် မရှိဘူး။ မပိုင်ဆိုင်ကြဘူး။ တကယ်လို့ သူတို့ဟာ စင်ကြယ်ကြမယ် ဆိုရင်ပေါ့လေ"

"ခင်ဗျားတို့ သာသနာပြုတွေ အနေနဲ့လည်း ကျောင်းတွေ ထောင်ကြပါတယ်။ ဒါပေမဲ့ ကျောင်းသားအ များစုက အခွင့်အရေးသမားတွေချည်းပဲ။ ခင်ဗျားတို့ ဖွင့်ထားတဲ့ ကျောင်းကို သူတို့နည်း သူတို့ဟန်နဲ့ သူတို့အကျိုးရှိဖို့ အသုံးပြုသွားကြတာချည်းပဲ မဟုတ်လား"

မော်သည် စကားကိုဖြတ်၍ ရပ်ထားပြီး စီးကရက်ကို နှစ်ကြိမ် သုံးကြိမ်ဖွာသည်။ ထို့နောက် တစ်စုံတစ်ရာကို သဘောကျနေသည့်နှယ် ဟက်ဟက်ပက်ပက် ရယ်သည်။ "ကော်မရှင်နာ ချူအင်-လိုင်းဟာ အခုလောလောဆယ် ခင်ဗျားရဲ့ အမှုတွဲကို ပြန်ပြီး သုံးသပ်နေတယ်။ သူဟာ နိုင်ငံခြား သာသနာပြု ကျောင်း

တစ်ကျောင်းမှာ ပညာ သင်ခဲ့ဖူးတယ်။ ဒီလို လူမျိုး ရထားတဲ့အတွက် တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ သာသနာပြုတွေကို ကျေးဇူးတင်ရလိမ့်မယ်"

မော်သည် သူ့ခြေထောက်များကို အောက်သို့ချကာ အိပ်စင်ပုခက်ပေါ်မှ ဆင်း၍ မတ်တတ်ရပ်လိုက်သည်။ သူ့ ခြေထောက်များတွင် စီးထားသည်မှာ အဝတ်ခြေညှပ်ဖိနပ်ဖြစ်၏။ သူသည် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ဂျေကော့အား ကျောပေး၍ ရပ်နေသည်။ ဂျေကော့၏ မျက်စိထဲတွင် မော်စီးကရက် သောက်ပုံမှာ ကျက်သရေ ရှိလှသည်ဟု ထင်မိသည်။

"အခု ချီတက်နေတဲ့ ပွဲကြီးဟာ ဘယ်နေရာမှာ ဆုံးမှာလဲ" ဟု ဂျေကော့က မေးသည်။

"ရှင်စီပြည်နယ်မှာ ဆုံးမယ်"

မော်သည် လေသံခပ်ပြတ်ပြတ်ဖြင့် အဖြေပေးသည်။ သူသည် စီးကရက်ကို လျင်မြန်စွာ ဖွာနေသည်။ သူ့မျက်လုံးများသည် အောက်ဘက်ရှိ မြို့ဝင်းအတွင်းသို့ ငေးလျက်ရှိ၏။ သူ ဘာကိုများ ကြည့်နေပါလိမ့်။ ဂျေကော့ တွေးနေခိုက်မှာပင် မော်၏ အသံကို ပြန်ကြားရသည်။

"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်နဲ့ ပတ်သက်လို့ အငြင်းပွား နေကြတဲ့ စကားတွေဟာ အများကြီးပဲ။ ဒါတွေကို ခင်ဗျား မကြာခင် သိလာမှာပါ။ ကျွန်တော်တို့ အနေနဲ့ ဆိုဗီယက် နယ်မြေတည်ထောင်ထားတဲ့ မြောက်ပိုင်းရှင်စီဒေသက ရဲဘော်ရဲဘက် တပ်တွေနဲ့ ဆက်သွယ်မိဖို့ ကြိုးစားနေကြတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကျွန်တော်တို့ဟာ ကိုမင်တန် တပ်တွေဆီက အကူအညီ ရရ မရရ ဂျပန်ကို တိုက်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ အနောက်မြောက်ပိုင်းမှာဆိုရင် စစ်ပွဲတစ်ပွဲ တိုက်ဖို့ ကျွန်တော်တို့အားလုံး အဆင်သင့် ဖြစ်နေပြီ။ ကျွန်တော်တို့ နိုင်ငံထဲကို ကျူးကျော်သူ ဂျပန်တွေ ဝင်လာနေခိုက်မှာ ကျွန်တော်တို့ အနေနဲ့ ပြည်တွင်းစစ် မဖြစ်ချင်ဘူး။ ဒါပေမဲ့ ကိုမင်တန်တပ်တွေက ကျွန်တော်တို့ကို အဆက်မပြတ် တိုက်ခိုက်နေကြတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်ကိုယ်ကိုယ် မကာကွယ်လို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့်မို့ ခုခံတိုက်ခိုက် နေကြတာပေါ့"

"ခင်ဗျားတို့ ရုံးမှာ မကြောက်ဘူးလား။ ခင်ဗျားတို့မှာ လေယာဉ်ပျံ မရှိဘူး။ တင့်ကား မရှိလူး။ အမြောက် မရှိဘူး။ မော်တော်ယာဉ်တပ် မရှိဘူး"

"ကျွန်တော်တို့ ရှုံးမှာ မကြောက်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဘယ်တော့မှ မရှုံးဘူးလို့ ယုံကြည်ထားတယ်" မော်သည် သူ့လက်ထဲမှ စီးကရက်တိုကို ထိုးချေလိုက်သည်။ "တကယ်လို့ လိုအပ်လာရင် ကျွန်တော်တို့က

ဂျပန်ကိုရော ကိုမင်တန်တွေကိုပါ ကျွန်တော်တို့ရဲ့ လက်တွေခြေတွေနဲ့ တိုက်ခိုက်ကြမယ်လို့ အခိုင်အမာ ဆုံးဖြတ်ထားပြီးသားပါ"

မော်သည် ပြတင်းပေါက်မှ ခွာ၍ သူ့စားပွဲဆီသို့ လျှောက်လာပြီး ဝင်ထိုင်သည်။ စားပွဲပေါ်မှ စာရွက်များအား တစ်ရွက်ချင်းစီ ကောက်၍ ကြည့်နေသည်။ တချို့ စာရွက်များကို ကြည့်ရုံမျှ ကြည့်သော်လည်း အချို့ စာရွက်များကိုမူ ဖတ်လျက်ရှိသည်။ သူ လုပ်နေပုံမှာ အခန်းထဲ၌ သူ တစ်ယောက်တည်း ရှိနေသည့် ပုံမျိုးဖြစ်၏။ ထို့နောက် စာတစ်စောင်ကို ဖတ်နေရာမှ ဂျေကော့အား မော့ကြည့်သည်။ "စောစောက ခင်ဗျားအနေနဲ့ ခင်ဗျားမိန်းမရဲ့ ခေါင်းကိုဖြတ်ပြီး သတ်ခဲ့တဲ့ ပါးကွက်သားအပေါ်မှာ ကရုဏာထားခဲ့တယ်လို့ သိရတယ်။ အဲဒါဟာ ခင်ဗျားတို့ ခရစ်ယာန်ဘာသာက သင်ကြားထားလို့လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ဘာသာရဲ့ လမ်းညွှန်ချက်ပါ"

"တကယ်လို့ ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ရဲ့ ရန်သူတွေအပေါ်မှာ သနားရင် ကျွန်တော်တို့ ရှုံးမှာပဲ။ လူတန်းစားစစ်ပွဲမှာ ကရုဏာတရားအတွက် နေရာ မရှိဘူး..."

"အခု လောလောဆယ်မှာတော့ ခင်ဗျားရဲ့ အယူဝါဒဟာ မှန်သလိုလို ပါပဲ။ ခင်ဗျားနဲ့အတူတူ ချီတက်သွားနေကြတဲ့ စစ်သားတွေကလည်း သူတို့ကိုယ်သူတို့ မျိုးချစ် ကယ်တင်ရှင်တွေလို့ ခံစားကြရမှာပဲ။ ဒါပေမဲ့လို့ နောက်ဆုံးကျရင်တော့ လူဟာ ဘုရားသခင်ဘက် အာရုံစူးစိုက်ဖို့ လိုအပ်လာတာပါပဲ"

ဂျေကော့သည် ဤစကားများကို ကွန်မြူနစ် ခေါင်းဆောင် တစ်ဦးအား မစဉ်းစား မဆင်ခြင်ဘဲ ပြောလိုက်မိသည့်အတွက် သူ့ကိုယ်သူ အံ့ဩ၍မဆုံး ဖြစ်နေသည်။ သူ့အား ဖမ်းဆီးထားသူများ၏ ခေါင်းဆောင်နှင့်သူ လုံးဝ မမျှော်လင့်ဘဲ ထိပ်တိုက်တွေ့ရခြင်းဖြစ်၏။ ထိုအချိန်ကျခါမှ သူသည် သူ လုံးဝ မျှော်လင့် မထားသည့် အင်အားများ ရရှိကာ သူ ပြောချင်သည်များကို ပြောမိ လိုက်ခြင်းဖြစ်သည်။ သူသည် လွန်ခဲ့သော သီတင်းပတ်များနှင့် လများအတွင်းက ခံစားရရှိခဲ့သည့် ကိုယ် စိတ် နှစ်ပါး ဆင်းရဲခြင်းများကို ဘာကြောင့် မေ့သွားကြ သနည်း။ ထို တစ်ချက်မှာလည်း သူ့အတွက် အံ့အားသင့်စရာကြီး တစ်ခုပင် ဖြစ်လျက် ရှိလေသည်။

"ကျွန်တော် ကြားဖူးတယ်။ ခင်ဗျားတို့ သာသနာပြုတွေထဲက အများစုဟာ တောင်တန်းတွေနဲ့ ရွာတွေ အတော်များများကို မရောက်ဖူးကြဘူးတဲ့။ အဲဒါ မှန်သလား"

ဂျေကော့က ခေါင်းညိတ်သည်။ "မှန်ပါတယ်"

"ကျွန်တော် တရုတ်နိုင်ငံရဲ့ တောင်တန်းတွေအကြောင်းကို ကဗျာတစ်ပုဒ် စပ်ထားတယ်။ မြင်းစီးသွားရင်း ရေးခဲ့တဲ့ ကဗျာပေါ့။ ကဗျာကို ပြန်စစ်ဖို့ အချိန်တွေလည်း အများကြီး ရခဲ့တယ်"

မော်သည် စားပွဲပေါ်မှ စက္ကူတစ်ရွက်ကို ကောက်ယူလိုက်သည်။ စာရွက်ပေါ်တွင် စုတ်တံဖြင့် ရေးထားသော တရုတ်အက္ခရာ အများအပြားကို မြင်ရ၏။ မော်သည် စာရွက်အား သူ့ ရှေ့၌ ဖြန့်ကာ သူ စပ်ထားသည့် ကဗျာကို တစ်ပိုဒ်ချင်း ရွတ်ပြလျက်ရှိသည်။ ဂျေကော့၏ ရင်ထဲတွင် စကားလုံးများ၏ နက်ရှိုင်းမှုနှင့် ရွတ်နေသူ၏ အသံများကြောင့် များစွာ လှုပ်ရှားနေရသည်။

"တောင်တန်းကြီးတွေ...
ကုန်းနှီးပေါ်က လုံးဝမဆင်း
အမြန်ပြေးနေတဲ့ ငါ့မြင်းကိုသာ
ငါ ကြာပွတ်နဲ့ ရိုက်...
ငါ ခေါင်းကို အမော့မှာ
ငါ ခရီးကို စတယ်...
ကောင်းကင်ကြီးဟာလေ
ငါ့ ခေါင်းအထက်မှာ သုံးပေသာ ကွာပါတယ်။

တောင်တန်းကြီးတွေ...
တလှုပ်လှုပ် တရွရွ
ထကြွထန်ပြင်းနေတဲ့ လှိုင်းတံပိုးကြီးတွေများလား။
အရေအတွက် များပြားလွန်းတဲ့
မြင်းတွေနဲ့လည်း တူလေရဲ့...

ဟိန်းသံတွေနဲ့ ဟောက်သံတွေ ပေး...
ဟိုး...အဝေးက
ပြင်းထန်တဲ့ စစ်ပွဲထဲ ဝင်ပြေးသွားလေရဲ့...

တောင်တန်းကြီးတွေ...
မိုးကောင်းကင်ရဲ့ ပြာလဲ့လဲ့ တိမ်တွေကို
ထိုးဖောက်နေတယ်..."

မင့် စူးချွန်တွေက တုံးနေပါကလား
ကောင်းကင်ဟာလေ ပြိုကျလာလိမ့်မယ်...
ဒါပေမဲ့...လေ
သူဟာ မင့် ခွန်အားကို
အထောက်အကူ ပြုမှာပါ"

မော်သည် သူ့ မျက်နှာကို မှန်အိမ်မှ ခွာလိုက်ပြီး စာရွက်ကို ဂျေကော့ဘက် လှမ်းပေးသည်။ "ခင်ဗျား လိုချင်ရင် ယူသွားပါ။ ခင်ဗျား ပြန်ဖတ်တဲ့ အခါမှာ တပ်နီ စစ်တပ်နဲ့အတူ တရုတ်နိုင်ငံထဲက တောင်တန်းကြီးတွေကို ဖြတ်ပြီး လီပေါင်း တစ်သောင်းငါးထောင်ကို ဘယ်လို လျှောက်ခဲ့ရတယ်ဆိုတာ သတိရ နေမှာပါ" ဟု ပြောသည်။

ရုတ်တရက် မော်သည် အတွေးတစ်ခု ဝင်လာဟန် ရှိ၏။ သူ့မျက်နှာထားသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန် ပြသည်။ သူသည် ပြတင်းပေါက် ဆီသို့ ပြန်သွားကာ ဂျေကော့အား ကျောပေး၍ ရပ်နေသည်။ သူသည် အောက်ဘက် ခြံဝင်း အတွင်းမှ အသားကင် မီးဖိုကြီးများအား ငုံ့ကြည့်နေသည်။

"ကျွန်တော်ကို အမြန်ဆုံး လွှတ်မိန့်ပေးဖို့ ခင်ဗျားမှာ စိတ်ကူး ရှိနေပါသလား" ဟု ဂျေကော့က အချိန် အတန်ကြာ ငြိမ်ဆိတ်နေရာမှ မေးသည်။

"တကယ်လို့ ခင်ဗျားရဲ့ သာသနာပြု အဖွဲ့ချုပ်ကသာ ကော်မရှင်နာချုပ်ရဲ့ တင်ပြချက်ကို သဘောတူမယ် ဆိုရင်တော့ မကြာခင် ပြီးသွားနိုင်မယ့် အလားအလာ ရှိပါတယ်" ဟု မော်က ဂျေကော့အား လှည့်မကြည့်ဘဲ အဖြေပေးသည်။

ဂျေကော့ နောက်ဘက်မှ အခန်းတံခါး ပွင့်ပြီး ချီယာဘို ဝင်လာသည်။ ဂျေကော့၏ လက်မောင်းအား အသာအယာ ဆွဲကာ လသာဆောင်ဘက်သို့ ခေါ်သွားသည်။

"အခု အတောအတွင်းမှာတော့ ဗီည ယတ်အမဲသားတွေ များများစားပါ" ဟု မော်က လှည့်မကြည့်ဘဲ ပြောသည်။ "မဟာမြက်ခင်းပြင်ကြီးတွေထဲက နွားနို့တွေ ကြားမှာတော့ စားစရာဆိုလို့ အနည်းအပါးပဲရှိမှာ။ ဟိုရောက်ရင် သုံးဖို့ အားတွေ အများကြီး မွေးထားဖို့ လိုလိမ့်မယ်"

***

၁၃

ငါးလုံးရှည်ကြီးအား လက်နှစ်ဖက်ဖြင့် ကန့်လတ်ဖြတ်ကိုင်၍ ဂျေကော့သည် မြက်ဖုတ်တစ်ဖုတ်မှသည် နောက်မြက်ဖုတ်တစ်ဖုတ် ဆီသို့ သတိကြီးစွာထား၍ လျှောက်သွားနေသည်။ ခြေလှမ်း တစ်လှမ်း လှမ်းလိုက် ချလိုက်တိုင်း ရင်ထဲ၌ ပေါ်လာသည့် ကြောက်လန့်စိတ်ကို အတင်း ပျောက်သွားအောင် ဖျောက်ကာ ရွှံ့ဗွက်ထဲမှ ခြေထောက်များကို ဆွဲနုတ်လေ့ ရှိ၏။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူ့ ခြေထောက် အောက်မှ မြေကြီးသည် ကျွံဝင်သွားတတ်သည်။ ထိုအခါ သူ့စိတ်သည် ရဲရဲ မနင်းဝံ့သော အခြေအနေသို့ ရောက်သွားတတ်၏။ မည်သို့ပင်ဖြစ်စေ ခြေလှမ်းကို မလှမ်း၍လည်း မရ။ မချ၍ လည်း မရ။ မနင်း၍လည်း မရ။ တကယ်တော့ သူ့ခြေထောက်များသည် အဆုံး မရှိသော ရွှံ့ဗွက်အိုင်ကြီးထဲ နင်းရသလို ဖြစ်နေသဖြင့် ခံစားနေရသည့် ကြောက် စိတ်သည် ကြီးမားလျက်ပင် ရှိလေသည်။

သူ့ ပတ်ပတ်လည်အား ကြည့်လိုက်သည့်အခါ သူ့ပခုံးလောက် မြင့်သော မြက်ပင်ကြီးများသည် ခဲရောင် သန်းနေသည့် တိမ်များ အောက်၌ လေယူရာ တိမ်းကာ ယိမ်းနွဲ့နေကြ၏။ သူ့ မျက်လုံးများ ကြည့်လေရာရာတွင် သစ်ပင်များ၊ တောင်ကုန်းများ မရှိ။ စိမ်းတိမ်းတိမ်း ညို့မှိုင်းမှိုင်း မြက်ခင်းပြင်ကြီးများသာ ရှိ၏။ သူ့ ရှေ့နှင့် သူ့ နောက်တွင် တပ်နီတပ်မှ စစ်သားများ၏ ဦးခေါင်းများနှင့် ပခုံးများသာလျှင်ရှိ၍ ထိုအရာများမှတစ်ပါး အခြားဘာမှ ထူးထူးခြားခြားမရှိချေ။

သူတို့ ချီတက်နေကြသည်မှာ ငါးရက်မျှ ကြာခဲ့ပြီ ဖြစ်သော်လည်း ဤ မဟာ မြက်ခင်းပြင်ကြီးပေါ်၌ ထူးခြား ထင်ရှားသော အရာဝတ္ထုနှင့် အဆောက် အဦ ဆို၍ ဘာတစ်ခုမှ မမြင်ရသေးပေ။ တကယ်တော့ ထိုအရာများသည် သူတို့ ချီတက် လာခဲ့ကြသည့်ခရီး မည်မျှအထိ ပေါက်ရောက်သည်ကို ခန့်မှန်း တိုင်းထွာနိုင်သည် မဟုတ်ပါလား။

သစ်ပင်ဟူ၍ တစ်ပင်တလေမျှ မရှိသော ကွင်းပြင်ကြီးထဲ၌ နေ့အလင်းရောင်များအား အမှီပြု၍ ဖြတ်လာခဲ့ရသည့် ခရီးလမ်း တစ်လျှောက်တွင် မိုးဒဏ်၊ လေဒဏ်၊ ဆီးနှင်းဒဏ်နှင့် မိုးသီးမုန်တိုင်း ဒဏ်များ၏ ရိုက်ပုတ်ခြင်းများကို ကြုံကြုံခံလာခဲ့ကြရ၏။ နေရောင် ဆိုသည်မှာလည်း အလွန် များပြားထူထပ်သော တိမ်များ ကြားမှ ရံဖန်ရံခါမှ ထွက်ပြူလာနိုင်ခြင်းဖြစ်၍ အများအားဖြင့် ကောင်းကင် တစ်ခွင်လုံးသည် မိမိတို့ အားလုံး၏ အထက်၌ မှုန်မှိုင်းနေသည့် အချိန်ကများ၏။

ညပိုင်း ရောက်၍ လထွက်လာပြန်တော့လည်း လရောင်သည် ဖြူရော်ရော် ဖျော့တော့တော့။ ရေပုပ် ရေသိုးနံ့များ ထွက်နေသော ရွံ့နွံ့ ဗွက်အိုင်များ၏ အထက်ဘက်ရှိ တိမ်မည်းတိမ်ညိုများ ဖုံးအုပ်ထားသဖြင့် လွတ်လွတ်ကင်းကင်း အပြင်သို့ မထွက်နိုင်။ ဂျေကော့၏ ကောက်ရိုး လွှာချင်းဖိနပ်မှာ စုတ်ပြတ်သွားပြီဖြစ်၍ စွန့်ပစ်ခဲ့ရသည်မှာ ကြာပြီ။ ယခုအခါတွင်မူ သူသည် ဖိနပ်မပါသော ခြေထောက်များဖြင့် မည်းနက်နက် စေးကပ်ကပ် ရွံ့ဗွက်များပေါ် နင်းကာ လျှောက်သွားနေရသည်။

သူ့ခြေထောက်များမှာ ရွံ့နက် ရွံ့စေးများ အတုံးလိုက် အခဲလိုက် ကပ်ငြိနေသဖြင့် မြင်မကောင်း ဖြစ်နေရသည့်အထဲ လမ်းလျှောက်ရလွန်းသဖြင့် ယခင်ကလိုပင် ဒဏ်ရာ အနာတရများရကာ ရောင်ကိုင်း နေကြပြန်ပြီ။ သူ့ပခုံးတွင် လွယ်ထားသည့် နွားသားရေဖြင့် လုပ်ထားသော ရိက္ခာအိတ်မှာ ခရီးထွက်လာစက အစား အစာများဖြင့် ပြည့်နေသည်။ မဟာမြက်ခင်းပြင် အတွင်းသို့ မဝင်မီက ဆိုလျှင် ထိုအိတ်ထဲ၌ ဆန်နှင့်ဂျုံ၊ မုန့်မျိုးစုံနှင့် မှိုများ အပြည့်အသိပ် ရှိခဲ့၏။ ယခုသော်မူ အိတ်ထဲတွင် ပြောင်သလင်းခါလုနီးပါး ဖြစ်နေပြီ။

မြက်ခင်းပြင်ကြီးထဲ၌ ရေစီးနှေးလှသော ချောင်းတစ်ချောင်းအား တွေ့ရသည်။ ချောင်းက ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေခြင်းဖြစ်၏။ ဂျေကော့သည် သူ့လက်ထဲမှ ဝါးလုံးဖြင့် ချောင်းရေအနက်အား တိုင်းကြည့်ပြီးမှ ချောင်းကို ဖြတ်ကူးသည်။ ချောင်းရေသည် သူ့ခါးအထိနက်သည်။ ချောင်းတစ်ဖက်ရှိ မြက်ပင်များမှာ ထူထပ်သိပ်သည်းလွန်းလှ၏။ ရှည်လည်းရှည်လွန်းလှသဖြင့် တိုးဝှေ့ဖြတ်သန်းသွားရသည်မှာ မလွယ်။ တစ်ကြိမ်ရွေ့လျှင် တစ်ကိုက် နှစ်ကိုက်ထက် မပို။

တစ်နေရာ အရောက်တွင် ရွံ့ဗွက်ပေါ် ချနင်းလိုက်သည့် ဂျေကော့၏ ခြေတစ်ဖက်သည် ပျော့စိစိနှင့် ချောကျိကျိ အရာတစ်ခုအား နင်းမိသည်။ သူသည် ဖျတ်ခနဲ ရပ်လိုက်သည်။ သူ နင်းမိထားသည့် အရာသည် ရွံ့ မဟုတ်၊ မြက်ဖုတ် မဟုတ်၊ မြက်နှင့်ရွံ့ထက် ပို၍နူးညံ့သော အရာဖြစ်နေသည်။ သူသည်

ချုတ်ခနဲ ငုံ့ကြည့်လိုက် မိ၏။ တပ်နီစစ်တပ်မှ စစ်သားတစ်ဦး၏ အလောင်း ပေတည်း။

စစ်သား၏ မျက်နှာသည်သာလျှင် ရေပေါ်၌ ပေါ်နေခြင်းဖြစ်၍ ခန္ဓာကိုယ်၏ ကျန်အစိတ်အပိုင်းများအား လုံးဝ မမြင်ရချေ။ ဂျေကော့သည် မြင်လိုက်ရသည့် လူသေ မျက်နှာအား ကြည့်၍ ထိတ်လန့်တကြား ဖြစ်သွားသည်။ ချက်ချင်းပင် သူ့ နောက်မှ ပါလာသော အစောင့်များဘက် လှည့်၍ စစ်သားအလောင်းအား ရှောင်ကွင်းသွားနိုင်ရန် သတိပေးသည်။ ရှေ့ဆက်လျှောက်သည့်အခါ ဂျေကော့သည် နောက်ထပ် ထိုအဖြစ်မျိုးနှင့် မကြုံရအောင် သူ့လက်ထဲမှ ဝါးတုတ်ဖြင့် စမ်း စမ်းပြီးမှ သွားသည်။

ဂျေကော့သည် ဘာမှ သုံးမရသည့် မြက်ခင်းပြင်ကြီးထဲ၌ ကွေ့ကွေ့ကောက်ကောက် သွားနေကြသော ချီတက်နေသူများအား လှမ်းမျှော်ကြည့်နေရင်း သူ့ သမီးငယ်နှင့် မေ-လင်းတို့ ဘယ်လောက် ဝေးဝေး၌ ရောက်နေပါလိမ့်မှာ တွေးနေမိသည်။ ချီတက်နေကြသူများကြားတွင် ဝန်တင် တိရစ္ဆာန်ဟူ၍ အနည်းငယ်မျှသာ မြင်ရ၏။ မြင်းနှင့် နွားထီး အများအပြားမှာ ဤမြက်ခင်းပြင်ကြီးအတွင်းသို့ မဝင်ခင်ကတည်းက သတ်ဖြတ်ကာ ရိက္ခာအဖြစ် စစ်သားများအား ဝေငှပေးခဲ့သည်။

သို့သော်လည်း အငတ်ငတ် အပြတ်ပြတ် ဖြစ်နေကြသည့် စစ်သားများသည် ဝေငှပေးထားသည့် အသားများအား ချွေတာ၍ မစားနိုင်။ ရက်ပိုင်းအနည်းငယ်မျှဖြင့် ကုန်သလောက် နီးပါး ဖြစ်သွားခဲ့သည်ကို ဂျေကော့ သတိထားမိခဲ့၏။ အနည်းငယ်မျှသာ ကျန်ခဲ့သည့် ဝန်တင် တိရစ္ဆာန်များအား ထပ်၍ သတ်ကာ ခွဲဝေမျှ တပြီး စားခဲ့ကြပြန်သည်။

ယင်းအခြေအနေ အရပ်ရပ်ကို ဆင်ခြင်စဉ်းစားလိုက်သည့်အခါ မေ-လင်း သည်လည်း မိမိ၏ သမီးငယ်အား ပွေ့၍ ရွှံ့ဗွက်များကို နင်းကာ လျှောက်သွားနေရ လေမလားဟု တွေးမိသည်။ ထိုအခါ ဂျေကော့၏ ရင်ထဲတွင် သောကသည် အဆမတန် ကြီးလာသည်။ ဆယ့်တစ်လ သမီးမျှသာ ရှိနေသေးသော သမီးငယ် အေဘီဂေးလ်အတွက်ကား သူ မပူ၍ မဖြစ်။ ဤသမီးငယ် အသက်ရှင်ရေးသည် သူ့အတွက် ကြီးမားသော တာဝန် ဖြစ်နေပြီ မဟုတ်ပါလား။

ဂျေကော့သည် မေ-လင်းနှင့် နောက်ဆုံး တွေ့ခဲ့ရသည်မှာ မဟာဆီးနှင်းတောင် တန်းကြီးများပေါ်၌ဖြစ်၏။ ချီကီချီမှ ထွက်လာခဲ့ပြီးနောက် ယူနိုက်တက် တပ်နီ စစ်တပ်ကြီးသည် မြောက်ဘက်ရှိ တိဘက်ဒေသမှ မာအိုယာကီမြို့ဆီ ချီတက်လာခဲ့သည်။ မြို့မှာ ရာပေါင်းများစွာသော ကျောက်တုံး အဆောက်အဦများ တည်ရှိရာ မြို့ဖြစ်၍ မြက်ခင်းပြင်ကြီးနှင့် နီးကပ်စွာ တည်ရှိသည်။

ထိုမြို့၌ သုံးပတ်ကျော်နေခဲ့ကြရသည့် ကာလအတွင်း စစ်တပ်နှင့် ပါတီခေါင်းဆောင်များသည် သူတို့၏ သဘော ကွဲလွဲမှုများအား အညီအညွတ်ဖြစ်အောင် အစည်းအဝေး များစွာ ကျင်းပပြီး ညှိနှိုင်းခဲ့ကြသည်။ အစည်းအဝေးတိုင်းတွင် အပြင်းအထန် ငြင်းခုံမှုများ ရှိခဲ့ကြ၏။ ထိုအတောအတွင်း အနားနေကြသော စစ်သားများသည် အဝတ်အထည်များ ဖာထေးခြင်း၊ သိုးရေအပေါ်ဝတ် အကျီများ ချုပ်ခြင်း၊ လွှာချင်းဖိနပ်များ ဖွတ်မြီးထိုးခြင်း စသည်များဖြင့် အချိန်ကုန်ကြသည်။

ထိုကာလအတွင်း မဟာမြက်ခင်းပြင်ကြီးများအား မဖြတ်မီ ရိက္ခာစုဆောင်းသည့် အလုပ်ကို ဂျဲကော့အား တပ်သားများနှင့်အတူ လုပ်ပိုင်ခွင့်ပေးထားခဲ့၏။ သူ့အား မြို့ဆင်ခြေဖုံးရှိ ကျောက်တုံးအိမ် တစ်လုံး၌ နေပိုင်ခွင့်ပေးခဲ့ကြသည်။ လု ချီယာအို ထံမှ ရလာသည့် သတင်းကား ကော်မရှင်နာချူအင်-လိုင်းမှာ အပြင်းအထန် ဖျားနေသဖြင့် အစည်းအဝေးများကိုပင် မတက်ရောက်နိုင်ဟူသော သတင်း ဖြစ်၍ အခြား သတင်းများကိုမူကား လုံးဝမရတော့ပေ။

ထိုအချိန်မှာပင် ဩဂုတ်လ တတိယပတ် အတွင်း၌ မာအိုယာကီမြို့သို့ သတင်းများ ရောက်လာသည်။ ကိုမင်တန် တပ်များသည် တောင်ပိုင်းမှ နောက်တန်း တပ်များအား ထိုးဖောက် ဝင်ရောက်လာကြောင်း ကွန်မြူနစ်တပ်များ အားလုံး မြောက်ပိုင်းသို့ ချီတက်ကာ မဟာမြက်ခင်းပြင်ကြီးများအား ဖြတ်၍ တောင်ပိုင်းမှ ကန်ဆုနယ်မြေ အတွင်းသို့ ဝင်ရောက်ကြရန် အမိန့်များ ထွက်လာကြောင်း စသည်တို့ ဖြစ်လေသည်။

မော်စီ-တုန်းနှင့် ချန်ကုအို-တာအိုတို့ ကြား၌ ဖြစ်ပေါ်တည်ရှိနေသော ပဋိပက္ခမှာ နက်နှိုင်းလှသည်ဖြစ်ရာ ဘယ်လိုမှ ဖြေရှင်း၍ မရဘဲ ဖြစ်လျက်ရှိ၏။ ဤသို့ဖြင့် ယူနိုက်တက် တပ်နီစစ်တပ်သည် အုပ်စုနှစ်ခု ဖြစ်သွားခဲ့သည်။ တစ်အုပ်စုမှာ လက်ဝဲအုပ်စုဖြစ်၍ ချန်က ဦးဆောင်သည်။ လက်ယာ အုပ်စုကိုမူကား မော်က ခေါင်းဆောင်လေသည်။

ထိုအုပ်စု နှစ်ခုစလုံးသည် မာအိုယာကီမြို့မှ ထွက်ကာ ပြိုင်တူ ယှဉ်၍ ချီတက်ခဲ့ကြသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကား မိုင်ပေါင်းများစွာ ကွာဝေးသည်။ တပ်ဖွဲ့ကြီး နှစ်ဖွဲ့စလုံးမှ တပ်သားများသည် အားလုံး ရောနှောကုန်ကြသည်ဟု ဆိုနိုင်သော်လည်း လင်ပီယာအို၏ အမှတ်တစ် တပ်ဖွဲ့များနှင့် ပင်တေး-ဟွာအို၏ အမှတ်သုံး တပ်ဖွဲ့များသည် အလျင်ကလိုပင် မော်နှင့် အတူတူတွဲ၍ ချီတက်နေကြပြီး စစ်တပ်ကြီး တစ်တပ်လုံး၏ ဦးစီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခြင်း

ခဲ့ရသော ချူးတေးသည် ချန်ကုအို-တာအိုနှင့်တွဲ၍ လက်ဝဲအုပ်စု၏ ရှေ့ဆုံးမှ ဦးဆောင် ချီတက်လျက် ရှိလေသည်။

ထိုတပ်များ၏ နောက်မှ အမှတ်တစ် ရှေ့တန်းတပ်မဟာ၏ အမှတ်ငါး နှင့် ကိုး တပ်ဖွဲ့များသည် အမှတ်လေး ရှေ့တန်း တပ်မဟာမှ တပ်ဖွဲ့ဝင် အများစု နှင့် ရောနှော ချီတက်နေကြသည်။ နေမကောင်း ဖြစ်နေသော ချူအင်-လိုင်းမှာမူ လက်ယာအုပ်စုဝင် ခေါင်းဆောင်များကြား၌ လူနာတင် ထမ်းစင်ပေါ်၌ ပါလာ သည်။ ဧဂျကော့မှာလည်း သူ့ထက် အများကြီးငယ်၍ ကိဝမ်ဆီနှင့် ကွေ့ချောင်းမှ စုဆောင်း လာခဲ့သော အစောင့် တပ်သားလူငယ် လေးဦးနှင့်အတူ ချီတက်လာ နေရလေသည်။

ခမ်းနားထည်ဝါလွန်းလှသော တောင်စဉ်၊ တောင်တန်း၊ တောင်စွယ်ကြီး များမှာ ပေပေါင်း တစ်သောင်းနှစ်ထောင်ခန့် အမြင့်ရှိ၍ ထိုအမြင့်မှ ဆင်းသက် လာခဲ့ ကြသော ချီတက်လာသူများသည် အောက်ဘက်သို့ ရောက်သည့်အခါ အလွန် ကြီးမားသော ယန်ဇီမြစ်ဝှမ်းနှင့် မြစ်ဝါမြစ်ဝှမ်းတို့ ကြားမှ အုံ့ဩဖွယ် ကောင်းလောက်အောင် ကျယ်ဝန်းပြန့်ပြူးသော လွင်ပြင်ကြီးအား ဘွားခနဲတွေ့ခဲ့ ကြရခြင်းဖြစ်၏။ လွင်ပြင်ပေါ်၌ လေယူရာတိမ်း၍ ယိမ်းနွဲ့ လှုပ်ရှားနေကြသော မြက်ပင်ကြီးများသည် မြောက်ဘက်ဆီသို့ အဆုံးမရှိဟု ထင်ရလောက်အောင်ပင် ပေါက်ရောက်နေကြလေသည်။ လွင်ပြင်အား အနားသတ်ထားသည့် အရာများ မှာ အဝါရောင်၊ ခရမ်းရောင်နှင့် အပြာရောင် ပန်းပွင့်များဖြစ်၍ ထိုအလှအား စစ်သား အများစုက တအံ့တဩ ဖြစ်နေကြသည်။

"မြက်တွေကဖြင့် စိမ်းစိုနေတာပဲ၊ တို့ကို ဆီးကြို နှုတ်ဆက်နေသလိုပဲ" ဟု ကွမ်စီနယ်သား အသက် နှစ်ဆယ်နီးပါးခန့်ရှိသည့် ဆူး အမည်ရှိ လူငယ်က ရေရွတ်သည်။ "ဒီလွင်ပြင်ပေါ်မှာ လူတွေ နေကြမှာပဲ"

"ဒီနေရာမှာ စပါးတော့ စိုက်မှာပဲ" ဟု ကွေ့ချောင်း အစောင့်တွေထဲမှ တစ်ဦးက ပြောသည်။ "ကြည့်ရတာ သိပ်ပြီး ဆိုးမယ့်ပုံတော့ မပေါ်ပါဘူး"

သို့သော်လည်း နောက်နှစ်နာရီခန့်မျှအတွင်း တောင်ကြားလွင်ပြင်သည် အသွင် ပြောင်းသွားသည်။ လေတဝုန်းဝုန်း တိုက်ခတ်နေသော မှောင်မှောင် မည်းမည်း နွံ့ဗွက်အိုင်ကြီး ဖြစ်သွားသည်။ မွန်းတည့်ချိန်က တောင်ကြားလွင်ပြင် ပေါ်သို့ သက်ဆင်းနေသော နွေးထွေးသော နေရောင်ခြည်သည် ရုတ်တရက် ချက်ချင်း ပျောက်သွားသည်။ ထိုနေရာတွင် တိမ်ပုပ်တိမ်မည်းများ ရောက်လာ သည်။ ဘယ်နေရာ ဘယ်အရပ်က ပေါက်လာသည် မသိ။ စူးရှ ပြင်းထန်သော လေသည်လည်း တဝှီးဝှီး အော်မြည်ကာ ဝင်လာသည်။ ထို့နောက် မိုးပေါက်များ၊ မိုးသီးများနှင့် ဆီးနှင်းများ။

ထိုအရာများသည် ဂျေကော့နှင့် စစ်သား အားလုံး၏ မျက်နှာများအား ရိုက်ခတ်ကြသည်။ ဂျေကော့နှင့် သူ့ အစောင့်များသည် သူတို့ရှေ့မှ တပ်များနှင့် အဆက်ပြတ်ကာ လမ်းမှားကုန်သည်။ ထိုအခိုက်မှာပင် မြက်ခင်းပြင်ကြီးပေါ်၌ စပါးခင်းများ တွေ့ရလိမ့်မည်ဟု မျှော်လင့်နေခဲ့သော ကွေချောင်းနယ်သား အစောင့်သည် ညွန်အိုင် တစ်ခုထဲသို့ ချော်ကျသွားသည်။

သူ့ထံမှ အော်သံကြားရ၍ ဂျေကော့နှင့် ကွမ်စီနယ်သား ဆူးတို့သည် ရှေ့မှ လျှောက်သွားနေရာမှ နောက်သို့ ပြန်လှည့်ကြည့်ကြသည်။ သူငယ်မှာ ညွန်အိုင်ကြီးထဲ၌ နစ်ကာ ရင်ခေါင်းအထိ မြုပ်နေသည်ကို မြင်ကြရ၏။ လူငယ်၏ မျက်နှာမှာ ထိတ်လန့်တကြား ဖြစ်လျက်ရှိသည်။ သူတို့နှစ်ဦးသည် နောက်ရင်းသို့ ပြန်ပြေးကြကာ လူငယ်အား ကူညီရန် အားထုတ်ကြသည်။ လူငယ်သည် မြေမာထက်မှ မြက်ပင်များအား လှမ်းဆွဲကာ ကုတ်ခြစ်ပြီး ပြန်တက်ဖို့ ကြိုးစားလျက် ရှိ၏။ သို့သော်လည်း သူ့ အနားသို့ ဂျေကော့တို့ မရောက်မီမှာပင် ဗွက်ကြီးအတွင်းသို့ တစ်ကိုယ်လုံး နစ်မြုပ်ကာ ပျောက်ကွယ်သွားသည်ကို မြင်တွေ့ကြရလေ၏။

ဂျေကော့နှင့် အခြား အစောင့်တပ်သား သုံးယောက်သည် ရွှံ့ဗွက်ကြီးထဲ နစ်မြုပ်သွားသည့် လူငယ်အားကြည့်ကာ သွေးပျက်လုမတတ် ထိတ်လန့် ချောက်ချား နေကြသည်။ သတိပြန်ဝင်လာသော ဂျေကော့သည် တအားကုန် အော်ဟစ်၍ အသံပေးသည်။ ရှေ့ဘက်မှ အော်သံများ ပြန်ပေးသည်ကို ကြားရသည့်အခါ သူသည် အစောင့်များအား လမ်းမှန်ပေါ်သို့ ပြန်ခေါ်လာခဲ့လေသည်။

ရှေ့မှ တပ်များနှင့် ပြန်လည် ဆက်သွယ်မိသည့်အခါ အခြားသော စစ်သားများမှာလည်း ရွှံ့ဗွက်အိုင်ကြီးများထဲ ကျကာ နစ်မြုပ် ပျောက်ကွယ်သွားနေသည်ဟု သိရ၏။ လူအနည်းငယ်မျှသာလျှင် ရဲဘော်ရဲဘက်များ ကယ်ဆယ်၍ လွတ်မြောက်ကြသည်ဟု လည်းကောင်း၊ ရွှံ့ဗွက်ကြီးများ အတွင်းသို့ နစ်မြုပ်နေသူများအား ကယ်တင်ရန် ကြိုးစားခဲ့သူ စစ်သားတချို့မှာလည်း ထိုသူများနှင့်အတူ ပါသွားပြီး သေဆုံးကြရသည်ဟု လည်းကောင်း သိကြရလေ၏။

စစ်သားအားလုံးအား ယာယီ ရွက်ထည်တဲများ ဆောက်လုပ်နိုင်ရန် ဝါးလုံးများ ထုတ်ပေးသည်။ ရွက်ထည်များကိုမူ သူတို့၌ ရှိနေသည့် ရရာ စောင်များနှင့် အိပ်ရာခင်းများကို သုံးရန်ဖြစ်၏။ သို့သော်လည်း မြက်ခင်းပြင်ကြီးထဲ၌ တိုက်ခတ်နေသော လေမှာ ပြင်းထန်လွန်းလှသည်ဖြစ်ရာ ယာယီ ရွက်ထည်တဲအများစုမှာ လေနောက်သို့ ပါသွားကုန်သည်။ ထို့ကြောင့်လည်း ပထမဆုံး လွင်ပြင်ကြီးအား ဖြတ်ခဲ့ရသည့် ညက စစ်သား အမြောက်အမြားသည် လဟာပြင်ကြီးထဲ၌ ဒူးထောက်လျက်နှင့် ကွေးလျက်သာ အိပ်ခဲ့ကြရလေသည်။

အခြား စစ်သားအများစုမှာ မတ်တတ်ရပ်၍ အိပ်သူတွေက အိပ်ကြ၍ လေးယောက်တစ်စု၊ ငါးယောက်တစ်စု၊ တစ်ယောက်နှင့် တစ်ယောက် ကျောချင်း ကပ်၍ အိပ်သူများက အိပ်ကြသည်။ ဂျေကော့နှင့် သူ့အစောင့် သုံးယောက်မှာ ကံကောင်းသူ အုပ်စုများထဲတွင် ပါဝင်ခဲ့ကြသည်။ သူတို့သည် မြေမာတစ်နေရာ၌ ယာယီ ရွက်ထည်တဲ တစ်လုံးကို ဝွမ်းစောင်များ၊ အိပ်ရာခင်းများဖြင့် ဆောက်၍ ရခဲ့သဖြင့် ထိုတဲအတွင်း၌ ကျောချင်းကပ်ကာ အရုဏ်တက်ချိန်အထိ ကောင်းစွာ အိပ်နိုင်ခဲ့ကြလေ၏။

အအေးဒဏ်က ပြင်းလွန်းသဖြင့် စစ်သားအားလုံး အပြင်းအထန် ခံစားကြရသည်။ အချို့ စစ်သားများသည် သူတို့ ဆောက်ထားသည့် ယာယီတဲ အကွယ်၌ သူတို့ သယ်ယူလာသည့် ထင်းများဖြင့် မီးဖိုကာ အနွေးဓာတ်ကို ရယူခဲ့ကြ၏။ အမှန်တော့ စစ်သားတိုင်းအား ထင်းများကို စုဆောင်း၍ ကျောပိုးအိတ်နှင့်အတူ သယ်ဆောင်လာရန်နှင့် ထိုထင်းများအား ပစ်စလက်ခတ် မသုံးရန် ကြိုတင်၍ အမိန့် ပေးထားသည် မဟုတ်ပါလော။

ဒုတိယနေ့ ရောက်တော့လည်း တိမ်မည်းတိမ်ပုပ်များမှာ ပျက်ပြယ်မသွားသေး။ ရေခဲလုမတတ် အေးသော မိုးစက် မိုးပေါက်ကြီးများသည် အဆက်မပြတ် ရွာနေဆဲပင် ဖြစ်၏။ လူအများသည် လျှောက်သွားနေရင်းမှ မကြာခဏ လဲကျကြသည်။ ပြန်ထလာသည့်အခါ တစ်ကိုယ်လုံးတွင် ရွှံ့များဖြင့် အလိမ်းလိမ်း ကပ်နေသဖြင့် လူရုပ် မပေါ်တော့။ ရွှံ့ရုပ်ကြီးများနှင့် တူလျက်ရှိ၏။

သစ်ပင်ဟူ၍ တစ်ပင်တလေမှပင် မရှိဘဲ ရေများသာ ဖုံးလွှမ်းနေသည့် ဤနေရာမျိုးတွင် ထင်းခြောက်ရဖို့ ဆိုသည်မှာ လုံးဝ ဖြစ်နိုင်သည့်ကိစ္စ မဟုတ်ပေ။ ဤသို့ဖြင့် ဒုတိယနေ့တွင် သူတို့သည် အစားအစာများကို ချက်ပြုတ်စားရန် မဖြစ်နိုင်တော့သည့်အတွက် ပါသမျှကို ခွဲဝေပြီး အစိမ်းလိုက်၊ အခြောက်လိုက်ပင် စားသောက်ကြရလေသည်။ ဂျေကော့နှင့် သူ့အစောင့်များမှာလည်း အများနည်းတူပင် အေးစက်နေသော အစာများကို ကြိတ်မှိတ်ပြီး ဝါးမျိုကြရလေ၏။

အဆိုးဆုံးကား ရေဖြစ်၏။ ကွင်းပြင်ပေါ်မှ ရေများမှာ လုံးဝ သန့်စင်သည် မဟုတ်ပေ။ ကျိုချက်ပြီး သောက်ပါမှသာလျှင် အန္တရာယ် ကင်းဖို့ရှိ၏။ သို့သော်လည်း လူအားလုံးသည် ကျိုချက်၍ မရနိုင်တော့သည့် အခြေအနေနှင့် ရင်ဆိုင်နေရသဖြင့် ရေစိမ်း မည်းမည်းများ၊ ညစ်ညစ်များကိုပင် မျက်စိ မှိတ်၍ သောက်ကြရသည်။ ထိုအခါ စစ်သား အများအပြားသည် ဝမ်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်း စသည့် ရောဂါ ဝေဒနာများကို ခံစားလာကြရသည်။ တဖြည်းဖြည်းနှင့် လဲကျ ကျန်ရစ်ခဲ့သူ အရေအတွက်မှာ များပြား လာနေလေရာ သွားနေ

ကြရသည့် ခရီးမှာ ထင်သလောက် မပေါက်ရောက်ဘဲ နှောင့်နှေးလျက်ရှိရလေ၏။

အစားအစာ ဆာလောင်မှုသည် ကြီးမားလာနေသည်။ ချီတက်နေသော တပ်သား အားလုံးသည် ပတ်ဝန်းကျင်ရှိ စားသောက်၍ ရသမျှ အသီး၊ အရွက်၊ သစ်ဥ၊ သစ်ဖုမှအစ ဆေးဖက်ဝင် အပင်များကိုပါမကျန် ရှာဖွေ စားသောက်လျက် ရှိကြ၏။ အချို့ အသီးများမှာ ရွှေဖရုံသီးများနှင့် တူ၍ အရိုင်းသီးများဖြစ်သည်။ တစ်နေရာတွင် မုန်လာဥနှင့် တူသော အသီး တစ်မျိုးကို ရရှိကြလေရာ တပ်သား တချို့သည် အငမ်းမရ စားသောက်ကြသည်။ ဂျေကော့ကိုပါ ခွဲဝေ ပေးကြသည်။ ထိုအသီးကို ရ၍ စားလိုက်မိသော ဂျေကော့မှာ မခံမရပ်နိုင်အောင် ခါးလွန်းသဖြင့် ပါးစပ်တွင်းမှ ချက်ချင်းပင် ထွေးထုတ်ပစ်ရလေ၏။

နာရီပိုင်း အတွင်းမှာပင် သစ်ဥသစ်ဖုနှင့် သစ်သီး အရိုင်းများကို စားခဲ့သူများထဲမှ အချို့သည် တစ်ကိုယ်လုံး ယားယံကာ အဖုအပိန့်များ ထွက်လာသည်။ အချို့မှာ ခြေပစ်လက်ပစ် လဲကျပြီး ပြန်မထနိုင်တော့ချေ။ ထိုတပ်သားများအား ကြည့်ကာ ဂျေကော့မှာ တထိတ်တလန့် ဖြစ်ရပြန်လေသည်။

ဂျေကော့ အနေဖြင့် သူ့ရိက္ခာအခြောက်များကိုသာ အဓိကထား၍ မျှတခွဲဝေပြီး စားနေခဲ့သူဖြစ်သည်။ ထိုကဲ့သို့ စားနေခဲ့ခြင်းမှာလည်း တခြားကြောင့်မဟုတ်။ နိုင်ငံရေးမှူး တစ်ဦးက တပ်သားများအား မြက်ခင်းပြင်ကြီးကို ကျော်ဖြတ်ရသည့် အလုပ်မှာ သီတင်း တစ်ပတ် သို့မဟုတ် သီတင်း တစ်ပတ်ထက်ပိုကြာလိမ့်မည်ဟု ပြောနေသည်ကို ကြားခဲ့ရ၍ ဖြစ်လေသည်။

အခုဆိုလျှင် မြက်ခင်းပြင်ကြီးအား ဖြတ်လာခဲ့သည်မှာ ငါးရက်မြောက်မနက်ခင်း ဖြစ်နေပြီ။ ထိုနေ့တွင် သူ့အစောင့် သုံးယောက် အိတ်များထဲ၌ ရိက္ခာမရှိတော့ပေ။ အမှောင်ထု ကျလာသည့် ထိုညတွင် လေသည် အသစ် ပြန်လည်တိုက်ခိုက် လာပြန်သည်။ မိုးပေါက်များနှင့် မိုးသီးများသည်လည်း တဖွဲဖွဲ သည်းလာပြန်သည်။ ဂျေကော့နှင့် အစောင့်များသည် လမ်းဘေး တစ်နေရာရှိ မြေမာပေါ်၌ ယာယီတဲထိုးကာ ရပ်နားကြသည်။ အစောင့်တစ်ဦးဖြစ်သူ ဆူးက မုန့်အိမ်သေးသေး တစ်လုံး ထွန်းထားပေးသည်။

အစောင့် သုံးယောက်သည် သူတို့၏ဇလုံပန်းကန်များအား မုန့်အိမ်ဘေး၌ ချကာ ဂျေကော့အား လှမ်းကြည့်နေကြ၏။ ဂျေကော့သည် သူ့ရိက္ခာအိတ်ထဲ လက်ဖြင့် နှိုက်ကာ လှော်ထားသည့် ချင်ကိုစေ့များကို လက်တစ်ဆုပ်စီနှိုက်၍ ထည့်ပေးသည်။ ထို့နောက် သူသည် သူ လုပ်နေကျ ထုံးစံအတိုင်း သူ့ပန်းကန်ပေါ် ခေါင်းငုံ့ကာ ဆုတောင်းခြင်းအမှု ပြုသည်။ မျက်လုံးများအား ပြန်

ဖွင့်လိုက်သည့် အခါ သူ့အား တအံ့တသြ ကြည့်နေသည့် ဆူး၏ မျက်လုံးများနှင့် ရင်ဆိုင်ရလေ၏။

"ခင်ဗျားရဲ့ အဖိုး သိပ်တန်တဲ့ အစားကို ခင်ဗျားကို ဖမ်းထားတဲ့ ကျွန်တော်တို့နဲ့ ဘာပြုလို့ ဝေငှစားနေတာလဲ" ဟု ဆူးကမေးသည်။

ဂျေကော့က ကွမ်ဆီ အစောင့်၏ ဝိုင်းစက်စက် မျက်နှာအား စိုက်ကြည့်နေသည်။ သူ့မျက်နှာသည် ပွတတ ဖြစ်နေသည်။ ဆာလောင်ခြင်း၊ မောပန်းခြင်းနှင့် ကြောက်လန့်ခြင်းတို့ ပေါင်းစပ် ဖွဲ့စည်းထားသည့် မျက်နှာထား ဖြစ်၏။ သူသည် ချင်ကိုစေ့လှော်များကို ဝါးနေသော်လည်း တစ်ကိုယ်လုံး တုန်ယင်ကာ ချွေးတွေ ထွက်နေသည်။ သူသည် ချင်ကိုစေ့လှော်များ ဝါးနေသော်လည်း မျိုချသည့် အခါတွင်မူ နင်လျက် ရှိလေသည်။

"ငါဟာ ခရစ်ယာန်ဘာသာဝင် တစ်ယောက်" ဟု ဂျေကော့က ပြန်ဖြေသည်။ "တို့ရဲ့ တရားစာတွေက ဟောထားတာတွေ ရှိတယ်။ ဘုရားသခင်ကို ချစ်ရမယ်တဲ့။ ကိုယ့်အိမ်နားနီးချင်းတွေကို ညီအစ်ကို မောင်နှမသဖွယ် ချစ်ရမယ်တဲ့။ ဘာလူမျိုးပဲဖြစ်ဖြစ် ချစ်ရမယ်တဲ့။ လူတွေဟာ နေရာတိုင်းမှာ အဲသလို ကျင့်ကြမယ် ဆိုရင် သတ်ပွဲ၊ ဖြတ်ပွဲနဲ့ ရန်ပွဲတွေ အားလုံးဟာ ပြီးဆုံးသွားမှာပဲ"

"အစားပန်းကန်ပေါ် ခေါင်းငုံ့ပြီး နှုတ်ခမ်းတွေ လှုပ်နေတာကကော ဘာလုပ်တာလဲ"

"ခရစ်ယာန်တိုင်းမှာ ဘုရားသခင်က ပေးထားတဲ့ မမြင်ရသော မိတ်ဆွေနဲ့ ကူညီစောင့်ရှောက်သူဟာ ရှိနေတယ်ကွဲ့။ တို့အနေနဲ့ ဘုရားသခင်ကတစ်ဆင့် ခွန်အားနဲ့ လမ်းညွှန်မှု ပေးဖို့ ဆုတောင်းကြရတယ်။ ဒီညဆိုရင် တို့စားရတဲ့ အစားအစာအတွက် ဘုရားသခင်ကို ကျေးဇူးစကား ဆိုနေတာ"

"ခင်ဗျား ဆုတောင်းတော့ တကယ် ရရဲ့လား။ အဲသလို ဆုတောင်းနေလို့ ဘေးအန္တရာယ်တွေက လွတ်ပြီး ခင်ဗျား အခုထိ အသက်ရှင် နေတာလား"

ဂျေကော့က ချက်ချင်း မဖြေဘဲ တုံ့ဆိုင်းနေသည်။ အစောင့်၏ ရိုးသားသော မေးခွန်းကြောင့် သူ့ အတွင်းစိတ်ထဲ၌ ဖြစ်ပေါ်ခံစားနေခဲ့ရသော သံသယများသည် ပြန်ဝင်လာသည်။ သူ ချက်ချင်း သတိရလာသည်။ သူ့ အတွေးများသည် ရှုပ်ထွေးနောက်ကျိကာ မပြတ်မသားဖြစ်လျက် ရှိ၏။ "မင်း ဆုတောင်းနေတဲ့ အပေါ်မှာသာ ယုံကြည်မှု အလုံအလောက် ရှိနေရင် ဆုတောင်းဟာ ပြည့်တတ်တယ်" ဟု နောက်ဆုံးတွင် ဂျေကော့က မယုတ်မလွန် ပြန်ပြောသည်။

"တကယ်လို့ ကင်ဟာ ခရစ်ယာန် တစ်ယောက်ဖြစ်လို့ ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ရင် အခုဆို သူ အသက်ရှင်နေမှာပဲ နော်"

ဆူး၏ အသံသည် ရှုံ့ပွက်ထဲနစ်ပြီး သေသွားခဲ့ရသည့် သူ့မိတ်ဆွေ ကွေချောင်း နယ်သား၏ အမည်ကို ပြောသည့်အခါ တုန်နေသည်။

"ဒါကျတော့ ပြောရခက်တယ်။ တကယ်လို့ သူက အတိအကျ အမှန် အကန် ယုံကြည်မယ်ဆိုရင်တော့ ဖြစ်လာနိုင်စရာရှိတယ်"

လေသည် ယာယီတဲအား ပြင်းစွာဝင်တိုးသည်။ ခပ်ဝေးဝေး တစ်နေရာမှ ဝံပုလွေများ၏ အူသံများ ကြားရ၏။ ဆူး၏ မျက်လုံးအစုံတွင် ထိတ်လန့်ခြင်း ဝင်လာသည်။ "ဒီည ကျွန်တော့်အတွက် ဆုတောင်းပေးမလား"

"မင်းဆန္ဒရှိတယ်ဆိုရင် ရပါတယ်"

ရုတ်တရက် ဖဲ့အားသင့်သွားသော ဂျေကော့က ဆူး၏ ပခုံးအား ပုတ် လိုက်ပြီး ပြုံးသည်။ ထို့နောက် သူသည် ကျန်အစောင့် နှစ်ဦးအား လှည့်ကြည့် သည်။ ထိုနှစ်ယောက်စလုံး၏ မျက်နှာများသည် ပိန်ချုံးကာ ပါးနှစ်ဖက်သည် ချိုင့်ဝင်နေကြသည်။

"ငါ ဆုတောင်းရင် မင်းတို့ကိုရော ထည့်ပြီး ဆုတောင်းရလား" ဟု ဂျေကော့က မေးသည်။

အစောင့် နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေ ကြသည်။ ထို့နောက် အသက်ကြီးကြီး အစောင့်က "ကျွန်တော်တို့က တရုတ် အလုပ်သမားတွေနဲ့ လယ်သမားတွေရဲ့ တပ်နီတပ်ကိုပဲ ယုံကြည်တာ" ဟု ခပ်ကန်ကန် လေသံဖြင့် ပြန်ပြောသည်။ "ခင်ဗျား ကျွန်တော်တို့အတွက် ဆု တောင်းပေးဖို့ မလိုဘူး"

ဂျေကော့သည် ဆူးဘက်လှည့်၍ သူ၏ ဆက်ထားသော လက်နှစ်ဖက် အပေါ် ခေါင်းငုံ့လိုက်သည်။ တရုတ်ဘာသာဖြင့် ဤလွင်ပြင်ကြီးပေါ်မှ ဖြတ်သွား နေကြရသော လူအားလုံးအား ကာကွယ် စောင့်ရှောက်ပေးဖို့ ပထမဆုံး ဆုတောင်းသည်။ ထို့နောက် ဆူး၏ အမည်အား ထုတ်ဖော်ကာ ကာကွယ် စောင့်ရှောက်ပေးဖို့ ထပ်ဆုတောင်းသည်။ ဤလူငယ်အား ရင်ဆိုင်နေရသည့် အခက် အခဲများနှင့် ဘေးအန္တရာယ်များအား ကြံ့ကြံ့ခံနိုင်ရန်အတွက် ခွန်အားနှင့် သတ္တိပေး သနားတော်မူပါဟု အာရုံပြုသည်။

ဆုတောင်းအပြီးတွင် ဆူးက ဂျေကော့အား ကျေးဇူးစကားဆိုသည်။ သူ့ မျက်နှာသည် အေးဆေး တည်ငြိမ်လျက်ရှိ၏။ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်အပြီး တွင် ဂျေကော့နှင့် အစောင့် သုံးယောက်သည် တစ်ဦးနှင့်တစ်ဦး ကျောချင်းကပ် ၍ ထိုင်ကာ ရရာစောင်များကို ခြုံ၍အိပ်ကြသည်။ လူချင်း အသားချင်း ထိကပ် နေကြရသဖြင့် တဖြည်းဖြည်းနှင့် အနွေးဓာတ်သည် ဝင်လာသည်။ တစ်ယောက် ပြီး တစ်ယောက် ဦးခေါင်းများ ငိုက်စိုက်ကျကာ အိပ်မောကျသွားကြလေ၏။

ဂျေကော့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်၊ နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်နေသဖြင့် သူနှင့် ကျောချင်းကပ်၍ အိပ်နေသော ဆူးတစ်ယောက် တုန်နေသည်ကို သတိထားနေမိ၏။ မိုးပေါက်များနှင့် မိုးသီးများကတော့ တစ်ညလုံး မပြတ်၊ သူတို့၏ ယာယီ တဲငယ်ဘေး လာရောက် ထိတွေ့ ရိုက်ပုတ်လျက်ပင် ရှိသည်။ အချိန်တိုင်းလိုလိုပင် အဝေး တစ်နေရာဆီမှ ဝံပုလွေ အူသံများ ကြားနေရလေသည်။

အရုဏ်ဦး အလင်းရောင်သည် နှင်းမြူများအား ထိုးဖောက်ဝင်ရောက်လာသည်။ နောက်ဆုံးတွင် အိပ်ရာမှ နိုးလာသော ဂျေကော့သည် သူ့ပခုံးအား မှီ၍ သက်သောင့်သက်သာနှင့် ငြိမ်ငြိမ်သက်သက် မှီထားသော ဆူးအား သတိထားမိလာသည်။ ဆူးသည် သူ့အား မှေးမှီထားခြင်း ဖြစ်၏။ ဂျေကော့နေရာ ပြင်ထိုင်လိုက်သည့် အခါတွင်မူကား ကွမ်ဆီနယ်သား အစောင့်သည် သူ့ ကျောပေါ်သို့ လဲကျလာသည်။

ကွမ်ဆီနယ်သား ဆူး၏ မျက်လုံးအစုံသည် ပွင့်လျက်ရှိကြ၏။ သူ့အကြည့်သည် ယာယီတဲခေါင်မိုး ဆီသို့ စူးစိုက်လျက်ရှိသည်။ ကြည့်နေပုံမှာ ငေးကြောင်ကြောင်။ ဂျေကော့က လူငယ် အစောင့်၏ မျက်နှာအား သူ့ လက်ချောင်းများဖြင့် စမ်းကြည့်သည်။ ထို့နောက် လန့်ဖျပ်ကာ နောက်သို့ ဖျတ်ခနဲ ဆုတ်လိုက်မိ၏။ ဆူး၏ ယောင်ကိုင်းနေသော မျက်နှာသည် အေးစက် တောင့်တင်းလျက်ရှိသည်။ သူ သေဆုံး သွားခဲ့သည်မှာ အချိန် အတော်ကြာပြီဟု ခန့်မှန်းရလေသည်။

***

၁၄

ချီတက်လာခဲ့ကြရသည့် ခုနစ်ရက်မြောက် နေ့တွင်မူကား မြက်ခင်းလွင်ပြင်ကြီး၏ ကြမ်းတမ်း ရက်စက်မှုများသည် မဟာဆီးနှင်း တောင်တန်းကြီးပေါ်၌ ကြုံခဲ့ရသည်များထက် ပို၍ ဆိုးသည်ကို သိလာကြရသည်။ ဆီးနှင်းမုန်တိုင်းနှင့် မိုးသီးမုန်တိုင်းများသည် အဆက်မပြတ် ကျဆင်း လာနေသည်ဖြစ်ရာ တိဘက်လူမျိုး လမ်းပြများသည်ပင်လျှင် လမ်းစရှာမရဘဲ ပျောက်ကုန်ကြသည်။

ချီတက်နေကြသော စစ်သားများသည် လမ်းမှားသဖြင့် မကြာခဏ လာလမ်းကိုပြန်ကာ လမ်းမှန်ရအောင် ပြန်ရှာနေကြရ၏။ အားလုံးသည် စိတ်ရှုပ်ကုန်ကြပြီဖြစ်၍ တစ်ခါတစ်ရံတွင် မိမိတို့ တပ်ခွဲတပ်စိတ် အချင်းချင်းပင်လျှင် အဆက်ပြတ် ကုန်တတ်ကြသည်။ ဂျေကော့၏ ပတ်ဝန်းကျင်မှ တပ်သားအများစုမှာ ဆာလောင် မွတ်သိပ်မှု ဒဏ်ကို တောက်လျှောက် ခံနေရသည် ဖြစ်ရာ သူတို့ ထဲမှ အများစုသည် ရွှံ့အိုင်၊ ဗွက်အိုင်များအတွင်းသို့ မကြာခဏ လဲကျကျန်ရစ် နေခဲ့ကြလေသည်။

ယင်းကဲ့သို့ ဖြစ်လာသည့်အခါ အတူတူ ပါလာသော ရဲဘော်များသည် အားအင် မရှိခြင်းနှင့် အဆမတန် ပင်ပန်းနွမ်းဟိုက်နေခြင်းတို့ကြောင့် လဲကျသွားသူများအား ရွှံ့နွံထဲမှ ဆွဲထုတ်နိုင်စွမ်း မရှိကြချေ။ လူတစ်ဦးချင်းစီသည် မိမိတစ်ဦးတည်း၏ အသက်ရှင်ရေးမှ တစ်ပါး အခြား ဘာကိုမှ မတွေးနိုင်ကြတော့ပေ။ လဲကျသွားသူများ ထံမှ ကယ်ပါ ယူပါ တစာစာ အော်နေကြသည့်တိုင်အောင် လှည့်မကြည့်ကြတော့ချေ။

ဆေးအော်ဒလီ တပ်သားများထံတွင်လည်း ဆေးဝါးများ ပြတ်သွားပြီဖြစ်ရုံမျှမက လူနာများအား ထမ်းစင်များနှင့် သယ်ယူရသည့် အလုပ်မှာလည်း အခြား အန္တရာယ်များကိုပါ ဖိတ်ခေါ်သလို ဖြစ်နေသဖြင့် လဲကျသွားသော တပ်သားများကို တွေ့လျှင် အများအားဖြင့် ပစ်ထားခြင်း ပြုခဲ့ရသူတွေက များလာ

သည်။ ဂျေကော့သည် အကြိမ်ပေါင်းများစွာ ရပ်၍ လဲကျနေသော စစ်သားများအား ကြည့်လေ့ရှိ၏။ သို့သော်လည်း ထိုစစ်သားများ၏ မျက်လုံးများမှာ ကလယ် ကလယ် ဖြစ်ကာ မှုမှန် အနေအထား၌ မရှိကြတော့ပေ။ မျက်နှာများအား မြင်ရုံမျှဖြင့် သူတို့ ခြေထောက်များတွင် ရှိခဲ့သမျှ အင်အားများ ကုန်ခမ်းသွားပြီကို သိနေကြရ၏။

လမ်းလုံးဝ မလျှောက်နိုင်တော့သည့် စစ်သား တချို့သည် ဂျေကော့အား အတင်းအဓမ္မ ဖက်တွယ်ကာ ဆွဲထားတတ်ကြ၏။ ရေနစ်နေသူတစ်ဦးအနေဖြင့် ကောက်ရိုး တစ်မျှင်ကိုပင် ဆွဲဆုပ်နေသည့်သဘောဖြစ်၏။ ထိုအဖြစ်မျိုးနှင့် ကြုံရသည့်အခါတိုင်း ဂျေကော့သည် ကိုယ်ရောစိတ်ပါများစွာ ပင်ပန်းရသည်။ ဖက်တွယ်ထားသူအား ခွာချရသည့် အလုပ်မှာ လွယ်လှသည် မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ သူ့ပတ်ပတ်လည်၌ ရှိနေသည့် လဲကျနေသူများအား ဥပက္ခာ မပြု၍ မရ။

တစ်ခါတစ်ရံတွင်မူ မြက်ပင်ရှည်ကြီးများကြား၌ ထိုးထားသည့် ယာယီ တဲများ အတွင်း၌ အအေးဒဏ်ခံရပြီး သေနေကြသော လူသေ အလောင်းများ အား တွေ့ကြရသည်။ သူတို့ဘေးတွင် ချင်ကိုစေ့လျော် တချို့ ပြန့်ကျဲနေသည်ကို မြင်ကြရ၏။ စားရင်းသောက်ရင်း တန်းလန်းနှင့် သေဆုံးကြရခြင်း ဖြစ်သည်ကို ခန့်မှန်း သိသာလှပေသည်။

အချို့ စစ်သားများတွင် ဝါးယင်းလိပ်များ ပါလာတတ်ကြ၏။ ထိုသူများ ကျတော့ ဝါးယင်းလိပ်များအား ချိုးဖဲ့ပြီး ထင်းလုပ်ကာ မီးမွှေးကြသည်။ ပြီးတော့ မြက်ပင်များကြားရှိ ပုပ်အဲ့အဲ့ ရေများနှင့် သူတို့၏ သားရေခါးပတ်များ၊ နွားရေ ဖိနပ်များနှင့် မြင်းကုန်းနှီးများအား ပြုတ်၍စားကြသည်။ တချို့ ကျတော့လည်း မြက်ပင်များအား ပြုတ်၍ အရည်ကို သောက်ကြသည်။ ရေပုပ်များအား သည် အတိုင်း သောက်ရသည်ထက် တစ်ခုခုနှင့် ရောပြုတ်ပြီး သောက်ရခြင်းက အာဟာရ ပို၍ ဖြစ်နိုင်သည် မဟုတ်ပါလား။

ခုနစ်ရက် မြောက်သော နေ့တွင်မူကား ဂျေကော့သည် ပထမဆုံးအကြိမ် မယုံကြည်နိုင်ဖွယ်ရာ ဖြစ်ရသည့် အဖြစ်တစ်ခုနှင့် ကြုံရသည်။ လူတစ်စုသည် သူတို့ ရဲဘော်များ ယိုထားခဲ့သည့် မစင်ပုံများထဲမှ အစာမကြေ ဖြစ်ကာ အစေ့ လိုက် ပြန်ထွက်လာသော ချင်ကိုစေ့လျော်များ လိုက်၍ ကောက်ယူ စုဆောင်း နေကြခြင်း ဖြစ်၏။ တချို့ကတော့ အနည်းငယ်မျှသာ ကျန်ခဲ့သည့် ဝန်တင် တိရစ္ဆာန်များ၏ မစင်ပုံများထဲမှ ရရာကို ကောက်ယူ နေကြလေသည်။ သူတို့ သည် ချင်ကိုစေ့လျော်များနှင့် အခြား ရရာများအား ရေဆေးကာ ရေနှင့်ပြုတ်၍ သောက်နေကြသည်ကို တွေ့ရ၏။

ဂျေကော့ ကိုယ်တိုင်မှာလည်း သူ့ အစောင့် ဆူးသေသွားပြီးကတည်းက စားစရာဟူ၍ ဘာမှမကျန်တော့ပေ။ သူ၏ နွားထီးရေ ရိက္ခာအိတ်ထဲ နှိုက်ကြည့်လိုက်သည့်အခါ ချင်ကိုစေ့လှော် နည်းနည်းမျှသာ ကျန်တော့သည်ကို တွေ့ရ၏။ ဗိုက်က ဆာလာတိုင်း အချိန်မရွေး စားသောက်ခြင်းကို စွန့်ပယ်မှသာ ဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ သူသည် မစားဘဲ အောင့်အည်း နေလိုက်လေသည်။

တစ်ကြိမ်သော် လီအန်ငယ်သည် သတင်းတစ်ခု ပို့ရန် ထွက်လာခိုက် ဂျေကော့ အနားမှ ကပ်၍ သုတ်သီးသုတ်ပျာ ဖြတ်သွားသည်။ ဂျေကော့သည် လီအန်ငယ် လက်သို့ ချင်ကိုစေ့လှော် လက်နှစ်ဆုပ်စာခန့် ထည့်ပေးပြီး မေလင်းထံ ဆက်ဆက် ပို့ပေးလိုက်ပါဟု မှာလိုက်သည်။ ထို့နောက်တွင်မူ နောက်ထပ် လီအန်ငယ်အား မတွေ့ရတော့ပေ။

ဂျေကော့အနေဖြင့် သူ့ အသက်ရှင်ရေး ကိစ္စကိုကား မတွေးဘဲ မနေချေ။ မည်မျှပင် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ရစေကာမူ အသက်ရှင်ရေးအတွက်ကိုတော့ မဖြစ်မနေ လုပ်ရမည် သန္နိဋ္ဌာန် ချထားခဲ့ပြီးပြီ ဖြစ်၏။ နောက်ဆုံးတစ်နေ့ သူ့ရိက္ခာ အိတ်ထဲ၌ နောက်ဆုံး ကျန်ရစ်ခဲ့သည့် အစာကိုပင် အစွမ်းကုန်ချွေတာ စားသောက်ကာ သူ့အသက် ဆုံးမသွားအောင် ကာကွယ်သွားမည်ဟုပင် သူ ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ချီတက်နေရင်းနှင့် စုဆောင်းထားသော မြက်ခြောက်ပင်များမှ ဥများကို လိုအပ်သည့် အခါတိုင်း ဝါး၍ မျိုချလေ့ ရှိလေသည်။

ထိုနေ့ စောစောပိုင်းတွင် သတင်းတစ်ခု ရောက်လာသည်။ တပ်နီစစ်တပ်နောက်မှ လိုက်လာနေသော ကိုမင်တန် 'တပ်များသည် မဟာမြက်ခင်းပြင်ကြီးအတွင်းသို့ တစ်မိုင် နှစ်မိုင်ခန့်မျှသာ ဝင်ရောက်ပြီးသော် လာလမ်းအတိုင်း ပြန်ဆုတ် သွားကြပြီ ဟူသော သတင်းဖြစ်၏။ ချီတက်နေသော စစ်သားအားလုံး ဝမ်းသာအားရ ကြွေးကြော်အော်ဟစ်ကြသည်။ စိတ်ဓာတ်အင်အား ပိုမို၍ တက်ကြွမြင့်မား လာစေရန်အတွက် နိုင်ငံရေးမှူးများက ထိုသတင်းအား ရေဒီယို့မှ ကြေညာသွားသည့်အတိုင်း အပြည့်အစုံ ဖတ်ပြခဲ့ကြလေသည်။

မည်သို့ပင်ဖြစ်စေ ဂျေကော့၏ အသိတွင်ကား မြက်ခင်းပြင်ကြီးအား ဖြတ်နေကြသည့် စစ်သားများသည် ကိုမင်တန်တပ်များ ရောက်မလာတော့ဟူသော စကား ကြားရုံမျှဖြင့် ကြောက်စိတ်များ ပျောက်သွားသည် မဟုတ်ချေ။ လမ်းဟူ၍ မည်မည်ရရ မရှိတော့ဘဲ ရွှံ့ဗွက်အိုင်ကြီးများဖြင့်သာလျှင် ပြည့်နေသော ဤလွင်ပြင်ကြီးထဲ၌ လူတွေ အသေအပျောက် များလှပြီကို သိနေကြ၍ ဖြစ်ရာ ကြောက်လန့်စိတ်သည် လူတိုင်း၏ ရင်ထဲ၌ အမြစ်တွယ်လျက်ပင် ရှိနေ၏။

သူ့ ပတ်ပတ်လည်မှ တပ်သားများသည် ကိုမင်တန် စစ်တပ်များ အကြောင်းကို အတင်းအဖျင်း မကောင်းသတင်းများအဖြစ် တစ်ယောက် တစ်ပေါက် ပြောဆိုနေကြသည်။ ထိုအခိုက်တွင် မြောက်ဘက်ဆီမှ မည်းမှောင် သော တိမ်အသစ်များသည် သူတို့ ခေါင်းအထက်ဆီသို့ ရွေ့လျားလာနေကြ သည်။ ပြင်းထန်သော လေအရှိန်၏ အသံများ နားထောင်နေရသော ဂျေကော့ သည် အခြေအနေ အရပ်ရပ်ကို ကြိုတင်ပြီး သိနားလည်နေသည်။

ဂျေကော့၏ အသိအရဆိုလျှင် ကံမကောင်း အကြောင်းမလှသော လူများနှင့် တိရစ္ဆာန်များသည် ဤနှံ့ဖွက်အိုင် လွင်ပြင်ကြီးထဲ၌ နောက်ထပ် အသက်တွေ စတေးကြရပေဦးတော့မည်။ မိုးရိပ်မိုးသားများ တက်လာသဖြင့် ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ ကျလာသည်။ မှုန်ဝါးဝါး အလင်းရောင် ကြားမှနေ၍ ပိန်သွယ်သွယ် သူငယ်တစ်ဦး သူ့ဘက်သို့ ပြေးလာနေသည်ကို လှမ်းမြင်လိုက်ရ၏။ ပထမတော့ ဘယ်သူဘယ်ဝါမှန်း မသိ။ သူ့ ရှေ့တွင်လာ၍ ရပ်ခါမှ လီအန်ငယ်မှန်း သိသည်။ သူငယ်သည် ပြေးလာခဲ့ရသဖြင့် အသက်ကို မှန်မှန် မရှူနိုင်ဘဲဖြစ်ကာ ရုတ်တရက် စကား မပြောနိုင်ချေ။

"ကီမူ-ရှီ ကီမူ-ရှီ ကြောက်စရာ တစ်ခု ဖြစ်နေတယ်" ဟု လီအန်ငယ် နှုတ်မှ အထစ်ထစ် အငေါ့ငေါ့ ထွက်လာသည်။ "ရဲဘော် မေ-လင်းရဲ့လား မြွေ တစ်ကောင် တက်နင်းမိရာက လန့်ဖျပ်ပြီး နွံထဲကျသွားလို့"

ဂျေကော့သည် အလန့်တကြား ဖြစ်သွားသည်။ "သူနဲ့အတူ ကလေးပါ သွားသလား"

"ပါသွားတယ်။ သူတို့က အခု လားရဲ့လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ဆွဲတင်နေကြတာ မရသေးဘူး"

လီအန်ငယ်သည် ဂျေကော့ လက်အား ဆွဲ၍ ခေါ်နေသည်။ ဂျေကော့ သည်လည်း သူ့အစောင့်များအား အသိပေးဖို့ မဆိုထားနှင့် လှည့်၍ပင် မကြည့် တော့ဘဲ ရှေ့ဘက်သို့ တအားကုန်ပြေးသည်။ သူ့လက်ထဲမှ ဝါးတုတ်ဖြင့် မြေမာ ဟုတ် မဟုတ် စမ်းသပ်ခြင်း မပြုတော့ပေ။ သူသည် မြက်ဖုတ်တစ်ခုမှ တစ်ခုသို့ ခုန်လွှား၍ ပြေးသွား နေခြင်းဖြစ်ရာ တစ်လမ်းလုံး ချော်လဲလိုက် ထပြေးလိုက် ဖြစ်လျက် ရှိလေ၏။

လီအန်ငယ်သည် သူ့နောက်မှ အပြေးအလွှား လိုက်နေသော်လည်း မမီ ချေ။ နောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ သူသည် သူ့ရှေ့မှ လူအုပ်ကြား သို့ အတင်းတိုးဝှေ့ပြီး ဝင်ရောက်သွားခဲ့လေပြီ။ လူအုပ်၏ ရှေ့မှောက်တွင်ကား စေးကပ်ကပ် နွံ့ဖွက်များဖြင့် ပြည့်နေသော ရေအိုင်ငယ်အား တွေ့လိုက်ရ လေ၏။

သူ့ရှေ့၌ ဘာတွေ ဖြစ်နေသည်ကို အတိအကျ မမြင်ရ မသိရသေးခင်မှာပင် ဂျေကော့သည် လား၏ ကြောက်လန့်တကြား အော်နေသံများ ကြားနေရ၏။ လား၏ အော်သံများနှင့် ရော၍ ထွက်လာနေသည့်အသံမှာ ကလေးငိုသံဖြစ်သည်။ ဂျေကော့သည် ချက်ချင်းပင် လူအုပ်ရှေ့သို့ ရောက်သွားသည်၊ မြင်လိုက်ရသည့် ရှုခင်းကား ကြောက်မက်ဖွယ် ကောင်းလှ၏။ ရုန်းကန် လှုပ်ရှားနေသည့် လားမှာ လည်ပင်းနှင့် ဦးခေါင်းသာလျှင် ပေါ်လျက်ရှိပြီး ကျန်တစ်ဝက်နောက်ပိုင်းမှာ နွံဗွက်အိုင်ထဲ၌ နစ်မြုပ်လျက် ရှိလေပြီ။

လား၏လည်ပင်းမှ ကြိုးမှာ ရုန်းလေတင်းလေဖြစ်ကာ လား၏ မျက်လုံးအစုံသည် ပြူးထွက်နေကြသည်။ လား၏ကျောအား အရှုးအမူး ဖက်တွယ်ကာ အစွမ်းကုန် လူးလွန့်လှုပ်ရှားလျက် ရှိသူကား ရုတ်တရက်မြင်လျှင် မမှတ်မိနိုင်သည့် မေ-လင်း ဖြစ်၏။ သူမ၏ အဝတ်အစား၊ သူမ၏ မျက်နှာနှင့် သူမ၏ဆံပင်စသည်တို့မှာ ယူနီဖောင်း တစ်စုံအောက်၌ ရောက်နေကြသည်ဖြစ်ရာ အခုလို နွံအလူးလူး ကပ်၍ ရုန်းကန်နေရသည့် အချိန်တွင် မိန်းမမှန်း၊ ယောက်ျားမှန်း ရုတ်တရက် ချက်ချင်းခွဲခြား၍ မရနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ မေ-လင်း၏ ကွေးထားသော လက်တစ်ဖက်သည် နွံတွေ လူးနေသည့် အရာတစ်ခုကို ပွေ့ထားသည်။ ထိုအရာကား မိမိ၏သမီး ဖြစ်လိမ့်မည်ဟု ဂျေကော့ သိနေ၏။ ထိုအရာသည် မေ-လင်း၏ လက်တွင်းမှ ခြေရောလက်ပါ ကန်ကျောက်နေသည်ကို မြင်နေရ၏။ ဖြစ်နေပုံကို ကြည့်၍ စိတ်မသက်သာသော်လည်း သမီးငယ် အသက်ရှင်နေသေးသည်ကို မြင်ရသည့် အခါ ဂျေကော့၏ ရင်သည် များစွာ ပေါ့ပါးသွားလေ၏။

ဂျေကော့ စောင့်ကြည့် နေခိုက်မှာပင် လား၏လည်ပင်းမှ ကြိုးအား အပေါ်ဘက်မှ လူအများက လူအားနှင့် ဆွဲယူနေကြသည်။ ထိုအခိုက်အတန့်တွင် လားသည် လည်ပင်း၌ အစ်နေသော ကြိုး လျော့သွားသဖြင့် သက်သာရာရသွားသည့်ပုံ ရှိသော်လည်း စောစောကလို ရုန်းကန်ခြင်းကိုကား မပြုနိုင်တော့ချေ။ လားမှာ အဆမတန် မောပန်းနေပြီဖြစ်၍ လှုပ်ပင် မလှုပ်နိုင်တော့ဘဲ ရှိနေသော်လည်း နွံဗွက်ထဲမှ ခန္ဓာကိုယ် တစ်ဝက်မှာမူ အပြင်သို့ တိုးထွက်လာနိုင်ခဲ့လေပြီ။

သို့သော်လည်း လားရော လားရှင်ပါ ငြိမ်ဆိမ်လျက်ရှိသဖြင့် ဘေးမှ စောင့်ကြည့်နေသူများက လား၏ ခွာများသည် မြေမာပေါ် ထောက်မိနေပြီဟု ယူဆကြသည်။ တကယ်တော့ အထင်သည် အထင်မျှသာဖြစ်၍ လားမှာမူ ယက်ကန် ယက်ကန်ဖြစ်ကာ နွံဗွက်အတွင်းသို့ ဖြည်းဖြည်းချင်း နစ်၍ နစ်၍ ဝင်သွားနေပြီး သူ့လည်ပင်းမှာမူ ရှေ့ဘက်သို့ ထွက်လာလျက် ရှိလေသည်။

ထိုခဏမှာပင် မိုးသည် မမျှော်လင့်ဘဲနှင့် သည်းထန်စွာ ရွာလေသည်။ လေကလည်း ထန်လာလေရာ ရွံ့ဗွက်အိုင်၏ ပတ်ပတ်လည်၌ ရပ်နေသူများ၏ မျက်နှာများအား မိုးပေါက်များက ရိုက်ခတ်စ ပြုလာသည်။ ဂျေကော့ မြင်နေရသည့်အတိုင်းဆိုပါက ထိုနေရာ တစ်ဝိုက်တွင် မြက်ခြောက်ပင် တစ်ခု ပေါက်ရောက်နေသော မြေမာ နေရာမှာ ကွက်ကွက်ကလေးမျှသာ ရှိ၏။ မည်သို့ပင်ဖြစ်စေ လောလောဆယ်တွင်မူ မေ-လင်းနှင့် လားသည် မြေမာနှင့် လက်လှမ်းမမီနိုင်သည့် နေရာ၌ ရောက်နေသည်ဖြစ်ရာ မည်သူမှ သူတို့ထဲသို့ ဝါးလုံးတစ်လုံး ကမ်းပေးရန် မတတ်နိုင်ချေ။

လား၏ ကျောကုန်းပေါ်တွင် လင်းယုန်ငှက်တစ်ကောင် အတောင်ဖြန့်၍ ကျက်စားတွယ်ကပ်နေသည့်နှယ် ဖြစ်နေရှာသော မေ-လင်းသည် ခြေကလန်လက်ကလန် လုပ်နေသော ကလေးအား လက်တစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ပွေ့ထားသည်။ ကျန်တစ်ဖက်သည် လား၏ လည်ဆံမွေးအား ဆုပ်ဆွဲထားသည်။ မေ-လင်းသည် လား၏ ဦးခေါင်းအား မလှုပ်နိုင်အောင် ကိုင်ထားခြင်းဖြစ်၍ သူမ၏ တစ်မျက်နှာလုံးမှာ ရွံ့စက်များဖြင့် ပြည့်လျက်ရှိလေသည်။

"မြန်မြန် လုပ်ပါကွ။ မြန်မြန် လုပ်စမ်းပါ။ အိပ်ရာခင်းတွေနဲ့ ရိုင်ဖယ်သေနတ်တွေ ရသလောက် တောင်းပါ" ဟု သူ့ဘေး၌ ရောက်နေသော လီအန်ငယ်အား အော်ပြောသည်။ "ငါ သူတို့ဆီ ရောက်အောင် သွားမှဖြစ်မှာ"

သူသည် ကျောပိုးအိတ်ကို ဖြုတ်၍ အတွင်းမှ အိပ်ရာခင်းကို ထုတ်ကာ ရွံ့အိုင်၏ အစွန်းပေါ် ချခင်းလိုက်သည်။ အဝတ်စသည် ရွံ့ဗွက်တွင် တစ်ပိုင်းတစ်စနှင့် ကျိုးတိုးကျဲတဲ မြက်ပင် တချို့ပေါ် ဖုံးအုပ်သွားသည်။ သူသည် သူနှင့် အနီးဆုံးသော စစ်သားများထံမှ ရိုင်ဖယ်သေနတ် နှစ်လက်အား ဆွဲယူပြီး အဝတ်ပေါ် ဒေါင်လိုက် စိုက်လိုက်သည်။

ထို့နောက် သူသည် အိပ်ရာခင်းနှင့် သေနတ်များဆီသို့ လေးဖက်တွား၍ သွားသည်။ လီအန်ငယ်အား အဆက်မပြတ် ခေါ်ကာ နောက်ထပ် အိပ်ရာခင်းများနှင့် လက်နက်များ ထပ်ယူပေးရန် ပြောလျက်ရှိသည်။ သူငယ်သည် ဂျေကော့ခိုင်းသမျှအား လျင်မြန် သွက်လက်စွာ လုပ်ပေးလျက်ရှိ၏။ ဂျေကော့သည် နောက်ထပ် အိပ်ရာခင်း သုံးထည်အား တစ်ထည်ပြီး တစ်ထည် ခင်း၍ ထိုအိပ်ရာခင်း တစ်ထည်စီ၏ အလယ်၌ ရိုင်ဖယ်သေနတ် တစ်လက်ချင်းစီ ဒေါင်လိုက် လိုက်စိုက်သည်။

ထို့နောက် သူသည် အိပ်ရာခင်းများပေါ် လက်နှစ်ဖက်နှင့် ဒူးနှစ်ဖက်ထောက်ကာ ခပ်ဖြည်းဖြည်း တွားသွားသည်။ သူ့လက်များနှင့် ဒူးများအောက်မှ အိပ်ရာခင်းများသည် ရွံ့ဗွက် အတွင်းသို့ မသိမသာ နစ်ဝင်သွားလျက် ရှိသည်ကို

သူသိနေ၏။ ဤပုံအတိုင်းဆိုပါက နောက် အချိန်အနည်းငယ် အတွင်းမှာပင် မိမိ လုပ်ထားသည့် အမာခံ မဟုတ်သော အဝတ်ဖောင်သည် ရွှံ့အိုင်၏ ဝါးမျိုခြင်းကို ခံရပေတော့မည်။ သို့သော်လည်း သူသည် ထိုအတွေးအား ဖျောက်ပစ်လိုက်ပြီး ဆက်လက်၍ တွားသွားသည်။ သူ့အကြည့်အား မေ-လင်းနှင့် သူ၏ အဖိုးတန် ရတနာဖြစ်သော သမီးငယ် အပေါ်၌သာ စူးစိုက်ထားလေသည်။

ရွှံ့အိုင်အား လက်မြှောက် အရှုံးပေးရလုနီးပါး ဖြစ်နေရှာသော လားသည် သူ့ ဦးခေါင်းနစ်စ ပြုသည့်အခါ အကြောက်အကန် ရုန်းသည်။ ကျောပေါ်မှ လူကိုလည်း ခါချနိုင်ရန် အ ှတ်သည်။ သူမ၏ အောက်၌ ရွှံ့နွံများမှတစ်ပါး အခြား ဘာမှမရှိတော့သည်ကို သိနေသော မေ-လင်း၏ မျက်နှာတွင် အလွန် အမင်း ထိတ်လန့် ကြောက်ရွံ့ခြင်းကို ဖော်ပြနေသည်။ ရွှံ့များ ပေနေသည့် မျက်နှာသည် ဆောက်တည်ရာ မရခြင်းကို ပြသနေသည်။ သူမ၏ အောက်ပိုင်းသည် ဖြည်းဖြည်းချင်း နစ်စ ပြုနေလေပြီ။

သူမသည် ငိုကြွေးနေသော ကလေးအား ရွှံ့နွံမျက်နှာပြင်နှင့် မထိမိအောင် အားထုတ်လျက်ရှိသည်။ တစ်ဖက်မှလည်း သူမကိုယ်တိုင် ဗွက်အိုင်ထဲကျပြီး နစ်မသွားစေရန် အရှိန်ကို တိုး၍ ရုန်းကန်လျက်ရှိ၏။ ထိုအဖြစ်အားမြင်လိုက်ရသည့် ဂျေကော့သည် အရူး တစ်ယောက်လို ဖြစ်သွားကာ မေ-လင်းဆီသို့ ဒိုက်ထိုး၍ ခုန်လိုက်ပြီး မေ-လင်း၏ ကျူးနစ်အင်္ကျီကော်လာအား ဆုပ်ဆွဲထားသည်။ ပြီးတော့ သူ့ဘက်သို့ တရွတ်တိုက် ဆွဲယူလာသည်။ ထိုအချိန်တွင် သူ ကိုယ်တိုင်မှာလည်း ရွှံ့ဗွက်အတွင်းသို့ နစ်ဝင်လျက်ရှိလေပြီ။

ထိုအခိုက်-

အလွန် သန်မာသည့် လက်နှစ်ဖက်သည် ဂျေကော့၏ ခြေကျင်းဝတ်များအား လာ၍ဆုပ်ကိုင်သည်။ တစ်ဦးသော သူသည် ဗွက်ထဲ နစ်စပြုနေသော အိပ်ရာခင်းများပေါ် အတိုင်း လေးဖက်တွားလာပြီး သူ့ ခြေထောက်များအား မြေမာဆီသို့ ဆွဲယူနေသည်ဟု ဂျေကော့ နားလည်လိုက်သည်။ သူသည် သူ့ လက်တစ်ဖက်ဖြင့် မေ-လင်း၏ လက်မောင်း အောက်မှ ထိုးသွင်းကာ တစ်ကိုယ်လုံးအား သိမ်းဖက်ပြီး ယာယီ အိပ်ရာခင်း ဖောတ်တားဆီသို့ ဆွဲယူလာခဲ့လေ၏။

မေ-လင်း၏ ခန္ဓာကိုယ်သည် ရွှံ့ဗွက်ထဲမှနေ၍ အရှိန်ဖြင့် ဂျေကော့နောက်သို့ လိုက်ပါလာ၏။ ရှေ့ဘက်သို့လှည့်နေသာ ဂျေကော့၏ ဦးခေါင်းသည် ရှေ့တည့်တည့်မှ လူတစ်ယောက်၏ မျက်နှာနှင့် ရင်ဆိုင်မိကြသည်။ အမှန်တော့ ထိုသူသည် သူ မေ-လင်း ဘက်သို့ လှည့်နေခိုက် သူ့အား ကယ်ဆယ်ရန် သူ့နောက်မှ စွန့်စွန့်စားစား ရောက်လာခြင်းဖြစ်၏။ သူသည် လေးလံသော လူ

နှစ်ယောက်၏ ခန္ဓာကိုယ်အား သူ့နောက်သို့ မပါ ပါအောင် ဆွဲယူလျက် ရှိလေသည်။

ဂျေကော့သည် ထိုလူ၏ မှိတ်ထားသော မျက်လုံးများအား အခုမှပင် အသေအချာ ကြည့်မိသည်။ နက်မှောင်သော အသားအရောင်နှင့် ကျဉ်းမြောင်းသော မျက်စိပေါက်တို့သည် တရုတ်နိုင်ငံ၏ တောင်ပိုင်းသားတစ်ဦး ဖြစ်ကြောင်း သက်သေခံလျက်ရှိသည်။ ထိုခဏမှာပင် ဂျေကော့သည် ထိုသူအား မှတ်မိသွားသည်။ ထိုသူကား ဂျေကော့၏ ဇနီး ဖီလီစီတီ၏ ဦးခေါင်းအား ဖြတ်ပစ်ခဲ့သည့် ပါးကွက်သားပေတည်း။ ရွံ့အိုင်၏ အစပ်မှရပ်၍ ကြည့်နေသော လူများသည် ထိုသူ၏ လှုပ်ရှားမှုအား ကြည့်ကာ တအံ့တသြ ရေရွတ် ပြောဆိုနေကြသည်။

ဂျေကော့သည် သူ့နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ မေ-လင်းအား သူ အရှိန်ဖြင့် ဆွဲလိုက်သည့်အတွက် မေ-လင်း လက်ထဲမှ ကလေးသည် လွတ်ထွက်သွားသည်။ ကလေးသည် ဂျေကော့ လက်လှမ်း မမီနိုင်သည့် ရွံ့ဗွက်ထဲသို့ ကျရောက်သွားခဲ့လေပြီ။ မေ-လင်းကလည်း သူ့အား အရှူးအမူး ဖက်တွယ်ထားနေပြီဖြစ်ရာ သူ့အနေဖြင့် ကလေးအား ကယ်ဆယ်ဖို့ဆိုသည်မှာ မဖြစ်နိုင်တော့ပေ။

ထိုအခိုက်တွင် သူ့ နောက်ကျောပေါ်သို့ လေးလံသော ခန္ဓာကိုယ် တစ်ခု ရောက်လာသည်ကို သတိထားလိုက်မိ၏။ ထိုသူသည် သူ့ကျောပေါ်မှ နင်းလျှောက်သွားပြီး ရွံ့ဗွက်ဆီသို့ တိုးတက်သွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် သူ့ သမီးငယ်၏ ထံမှ ငိုသံကို ကြားလိုက်ရ၏။ တစ်ခဏမျှအတွင်း တစ်ကိုယ်လုံး ရွံ့တွေ ပေနေသည့် ကလေးအား ရွံ့ဗွက်အစပ်၌ ရပ်နေသော လူများဘက်သို့ ပစ်ပေးလိုက်သည်ကို မြင်ရသည်။ စစ်သားတစ်ယောက်က ကလေးအား ဆီး၍ ဖမ်းလိုက်သည်ကို တွေ့ရ၏။

ထို့နောက် စောစောက ဆုပ်ကိုင်ထားသော လက်နှစ်ဖက်သည် သူ့ ခြေကျင်းဝတ်များဆီသို့ ရောက်လာသည်။ သူ့အား မြေမာဆီသို့ တရွတ်သီထိုး ဆွဲခေါ်သွားနေသည်ကိုလည်း ခံနေရ၏။ သူ့ လက်နှစ်ဖက်သည် မေ-လင်း၏ သေးသွယ်သော ခန္ဓာကိုယ်နှင့် လက်မောင်းများအား ပွေ့ဖက် ဆွဲကိုင်ထားသည်။ မေ-လင်း ကိုယ်တိုင်ကလည်း ဂျေကော့ လက်ထဲမှ လွတ်ထွက် သွားမည်ကို စိုးရိမ်သဖြင့် အရှူးအမူး ဖက်တွယ်ထားသည်။ ဂျေကော့ အနေဖြင့် အားအင် ဆုတ်ယုတ်လျက်ရှိပြီဖြစ်ရာ မေ-လင်းအား ပွေ့ချီရန် မဖြစ်နိုင်တော့ပေ။ ထိုအခိုက်မှာပင် ရွံ့ဗွက်အစပ်မှ တပ်နီ စစ်သားများသည် ဂျေကော့နှင့် မေ-လင်းတို့ နှစ်ယောက်စလုံးအား ဘေးကင်းရာသို့ ဆွဲခေါ်သွားကြ၏။

မည်သူမှ လက်လှမ်း မမီနိုင်သော ရွှံ့ဗွက်အတွင်း၌မူ ဂျေကော့ သမီးငယ် အေဘီဂေးလ်အား ကယ်တင်ခဲ့သူသည် ရွှံ့ဗွက် အတွင်းသို့ လျင်မြန်စွာ နစ်မြုပ် သွားလျက်ရှိသည်။ ရွှံ့ဗွက်အစပ် မေ-လင်း၏ ဘေး၌ ထိုင်နေသော ဂျေကော့ သည် အကူအညီဟူ၍ လုံးဝ မပေးနိုင်ဘဲ ပါးကွက်သား ဝမ်၏ မျက်နှာကိုသာ စိုက်ကြည့် နေရသည်။ ရွှံ့နွံများသည် ဝမ်၏ လည်ပင်းအထိ ရောက်လာလေပြီ။ ဝမ်၏ထံမှ ကယ်ပါ ယူပါ တစာစာ အော်သံများကိုလည်း မကြားရ။ သူသည် ကလေး ကျနေခဲ့သည့် နေရာ၌ မလှုပ်မချောက် ဖြစ်နေရာမှ ရွှံ့ဗွက် အတွင်းသို့ ဖျတ်ခနဲ နစ်မြုပ် သွားလေ၏။

***

၁၅

"ခင်ဗျားကိစ္စက ဆုံးဖြတ်ပြီးသွားပြီ" ဟု လု ချိုယာအိုက ပြောသည်။ "ခင်ဗျားကို မနက်ဖြန် မနက်ကျရင် ပြန်လွှတ်လိမ့်မယ်"

ဂျေကော့သည် သူ့ရှေ့၌ ထိုင်နေသော တပ်နီတပ်မှ အရာရှိအား လှမ်းကြည့်နေသည်။ သူ ကြားလိုသော စကားများဖြစ်၏။ ထိုစကားများအား သူ ကြားလိုနေသည်မှာ တစ်နှစ်နီးပါးမျှရှိခဲ့ပြီ။ အခု ကြားရတော့လည်း သူ့ နှလုံးသားသည် ခုန်ခြင်း မရှိ။ သူသည် တောင်ပိုင်း ကန်ဆုပြည်နယ် တန်ဝေးမြို့ရှိ မျှော်စင်ခန်းမ အတွင်းရှိ အစောင့်များ၏ ကြား၌ ရပ်နေခြင်းဖြစ်၏။ သူသည် ကြားလိုက်ရသော စကားအတွက် စိတ်တော့ဖြင့် သက်သာရာရသည်။

"ခင်ဗျား ဒီည အစောင့် နှစ်ယောက်နဲ့ တပ်က ခွာရမယ်။ တန်ဝေးမြို့ အပြင် ဘက်က သာမန် လယ်သမား တစ်ယောက်အိမ်မှာ ဒီည ခင်ဗျား နားနိုင်ဖို့ စီစဉ်ထားပြီးပြီ။ အရုဏ်တက်ချိန်မှာ အစောင့်တွေက ခင်ဗျားကို ထားခဲ့ပြီး ပြန်လာကြလိမ့်မယ်။ သူတို့ ထွက်လာပြီး နာရီဝက် ကြာရင် ခင်ဗျား လွတ်လပ်စွာ သွားလို့ရပြီ"

"လွတ်လပ်စွာ ဘယ်ကို သွားရမှာလဲ" ဟု ဂျေကော့က ပြန်မေးသည်။

"ခင်ဗျားနဲ့အတူ လားတစ်ကောင် ပေးလိုက်မယ်။ အစားအစာ ဝယ်စားဖို့ ငွေသား ငါးဒေါ်လာလည်း ပေးလိုက်မယ်" ချိုယာအိုက စကားကို မဆက်ဘဲ ရပ်ထားပြီး မြောက်ပိုင်း တရုတ်နယ်မြေ မြေပုံအား စားပွဲပေါ်တင်၍ ဖြန့်လိုက်သည်။ "ငွေက ဆန်မိုမြို့မှာရှိတဲ့ နိုင်ငံခြား သာသနာပြုအဖွဲ့ ရောက်တဲ့အထိ လုံလောက်မှာပါ။ အဲဒီ စခန်းကလည်း ခင်ဗျား ရောက်လာလိမ့်မယ်ဆိုတာ သိထားကြလိမ့်မယ်။ ခရီးကတော့ နေ့တစ်ဝက်ခရီးပဲ"

"အခုလိုဆိုတော့ အင်္ဂလိပ်-တရုတ် သာသနာပြုအဖွဲ့က ခင်ဗျားတို့ တောင်းထားတဲ့ ငွေကို ပေးဖို့ သဘောတူပြီလို့ ဆိုလိုတာလား" ဟု ဂျေကော့ တအံ့တသြ ဖြစ်ပြီး မေးသည်။

"ဒဏ်ကြေး ငွေ ရဖို့ ဆိုတဲ့ ကိစ္စအပေါ်မှာ ကျွန်တော်တို့ စိတ်မဝင်စားကြတော့ဘူး" ဟု ချီယာအိုက ဂျေကော့၏ အကြည့်အား ရင်မဆိုင်ဘဲ သူ့ မျက်လုံးများကို မြေပုံပေါ် စူးစိုက်ထားပြီး အဖြေပေးသည်။ "ကော်မရှင်နာ ချူ အင်-လိုင်း ကျန်းမာရေး ကောင်းလာ ကတည်းက ကျွန်တော်တို့ဟာ ခင်ဗျားရဲ့ အမှုကိစ္စကို ပြန်ပြီး သုံးသပ်ခဲ့ကြတယ်။ အခုတော့ နိုင်ငံခြားသား အားလုံးကို ဆက်ဆံတဲ့ နေရာမှာ တစ်ဦးချင်းစီရဲ့ ထိုက်တန်တဲ့ အရည်အသွေးပေါ်မှာ တည်မှီပြီး လုပ်မယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပြီးပြီ"

"ဒါဆိုရင် ကျွန်တော့် အရည်အသွေးက ဘာတွေလဲ"

"ခင်ဗျားရဲ့ ဖိုင်ထဲက ဖတ်ရတဲ့အတိုင်းဆိုရင် ခင်ဗျား အဖေဟာ ဆွစ်ဇာလန် နိုင်ငံမှာ မွေးတယ်။ ခင်ဗျားဟာ အင်္ဂလိပ်-ဆွစ် ကပြား၊ ကျွန်တော်တို့က ဆွစ်ဇာလန် နိုင်ငံကို နယ်ချဲ့နိုင်ငံ တစ်နိုင်ငံလို့ မသတ်မှတ်ဘူး။ ဆွစ်ဇာလန် အနေနဲ့ တရုတ်နိုင်ငံတွင်းမှာ မညီမျှတဲ့ စာချုပ်တွေလည်း ချုပ်မထားဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ခင်ဗျားကို လွှတ်ပစ်ဖို့ ဆုံးဖြတ်တာ"

"ဒီစကားက ကျွန်တော့် အပေါ်မှာ စွပ်စွဲထားသမျှ အမှုအားလုံးကို ရုပ်သိမ်းလိုက်ပြီလို့ ဆိုလိုတာလား" ဟု ဂျေကော့က ထပ်မေးသည်။

"မဟုတ်ဘူး။ ပြန်လည် သုံးသပ်ချက်က ညွှန်ပြတာက ခင်ဗျားဟာ ကျွန်တော်တို့ရဲ့ ဆိုဗီယက် ဥပဒေတွေကို ချိုးဖောက်တယ်။ အဲဒါကို ကြည့်ပြီး ခင်ဗျားကို ပြန်လွှတ်ဖို့ အခြေအနေတွေကို ရေးဆွဲတယ်" ပြောပြောဆိုဆို ချီယာအိုသည် စာရွက်တစ်ရွက်ကို ကောက်ယူပြီး ဖတ်နေသည်။ "ခင်ဗျားရဲ့ ကိုယ်တိုင်ဝန်ခံချက်မှာက ခင်ဗျားဟာ ခရစ်ယာန် တရားတွေ ဟောရုံ မကဘူး၊ ဗဟို ဆိုဗီယက် အာဏာပိုင်တွေ ဖမ်းဆီးထားတဲ့ အချုပ်ထဲက ထွက်ပြေးသွားခဲ့တယ်။ ဒါကြောင့်မို့ ခင်ဗျားဟာ ကျွန်တော်တို့ ဥပဒေတွေကို နောက်ထပ် မချိုးဖောက်ဘူး ဆိုတဲ့ အခြေအနေပေါ် တည်မှီပြီး ခင်ဗျားကို လွှတ်တာပဲ"

"တရုတ်နိုင်ငံထဲမှာ ခရစ်ယာန်တရား ဟောတာဟာ ဥပဒေကို ဆန့်ကျင်တာမှ မဟုတ်တာပဲ" ဟု ဂျေကော့က စောဒက တက်သည်။

"ကျွန်တော်တို့ရဲ့ ဆိုဗီယက် နယ်မြေတွေ အတွင်းမှာ ကွန်မြူနစ်ပါတီက ဘာသာရေးဆိုင်ရာ စိတ်ကူးအားလုံးကို မဟော မပြောရဘူးလို့ တားမြစ်ပိတ်ပင်ထားတယ်" ဟု ချီယာအိုက ပြန်ပြောသည်။ "ခင်ဗျားနဲ့ ခင်ဗျားရဲ့ နောက်လိုက်တွေဟာ ဒီအချက်ကို သတိရသင့်တယ်။ ဒါဟာ ဒုတိယ အခြေအနေတစ်ရပ်ပဲ"

"ဒါဆိုရင် တကယ်လို့ ကျွန်တော်က ခရစ်ယာန်တရား မဟောဘူးလို့ ဘတိ မပေးဘူးဆိုရင်ကော ဘာဖြစ်မလဲ"

"ခင်ဗျားကို အလုပ် တစ်ခုခုနဲ့ ပတ်သက်ပြီး တာဝန်ယူဖို့ ခိုင်းနေတာ မရှိပါဘူး" ဟု ချီယာအိုက ပြန်ပြောသည်။ "ကျွန်တော်တို့ အခုပြောနေတာတွေ ဘာ ခင်ဗျားကို လွှတ်ပေးရတဲ့ အခြေခံ အခြေအနေတွေကို ရှင်းပြနေတာပါ။ တော်မရှင်နာ ချူက ခင်ဗျားကို မှာလိုက်တာ တစ်ခုရှိတယ်။ တပ်နီစစ်တပ် အကြောင်း ပြောတော့မယ်ဆိုရင် ကျွန်တော်တို့ဟာ မူနဲ့ အလုပ် လုပ်နေသူတွေ ဖြစ်ကြောင်း၊ သတင်းစာတွေထဲမှာ ရေးနေကြသလို ဓားပြတွေ၊ လူဆိုးတွေ မဟုတ်ကြောင်း ရှင်းပြပေးစေချင်တယ် တဲ့၊ နောက်ပြီးတော့ ကျွန်တော်တို့ဟာ ဘရုတ် ဆင်းရဲသားတွေကို ဘယ်လို ကူညီပြီး ဆင်းရဲသားတွေအပေါ် နှိပ်စက် နေတဲ့ လူတွေကို ဘယ်လို အပြစ်ဒဏ်ခတ်နေတယ် ဆိုတာတွေကို ပြောပြ ပေးလိမ့်မယ်လို့ မျှော်လင့်နေကြောင်းလည်း မှာလိုက်တယ်..."

"ကျွန်တော် ရဲဘော် လုမေ-လင်း အကြောင်း မေးချင်တယ်" ဟု ဂျေကော့က ပြောသည်။

ချီယာအိုက လက်တစ်ဖက် မြှောက်ပြပြီး ဟန့်သည်။ ဂျေကော့၏ အစောင့် နှစ်ယောက်ဘက် လှည့်၍ "မင်းတို့ လားတွေ သွားပြင်ကြ၊ အကျဉ်း သား အတွက်ရော မင်းတို့ အတွက်ရောပေါ့။ နောက် နာရီဝက်အတွင်း ထွက်နိုင် အောင် ပြင်ထားကြ" ဟု အမိန့်ပေးသည်။

ချီယာအိုသည် မျှော်စင် အောက်ဆုံးထပ် ခန်းမတွင်းမှ ထွက်သွားကြ သော အစောင့်များအား စောင့်ကြည့်နေသည်။ ဖွင့်ထားသည့် တံခါးမှ လှမ်း ကြည့်လိုက်လျှင် အပြင်ဘက် ပလက်ဖောင်းပေါ်မှ အနီရောင် အလံများနှင့် ဘပ်မှူးများကိုရော နိုင်ငံရေးမှူးများကိုပါ မြင်တွေ့နေရ၏။ အချိန်အခါမှာ ဇက်တင်ဘာလ၏ နောက်ဆုံးလကုန်ရက် ဖြစ်သည်။ လွန်ခဲ့သော လကမှ မဟာ မြက်ခင်းပြင်ကြီးများ အတွင်းမှ အဝေ့ဝေ့ အပြတ်ပြတ်နှင့် ထွက်လာခဲ့ကြရ သော အရိုးပဒေသ ာဖြစ်နေကြသည့် တပ်နီစစ်သားများမှာ အခုမှ အားသစ် အင်သစ် ဝင်ခါစ ဖြစ်လေသည်။

မြက်ခင်းပြင်ကြီးများ အတွင်းမှ ထွက်လာစ တောင်ကုန်းများနှင့် ကျေးရွာများအား မြင်လိုက်သည့်အခါ စစ်သားများသည် သီချင်းဆိုကြ၊ ကကြ၊ ခုန်ကြသည်။ အောက်ခြေမြေမာ မရှိသော ရွှံ့ဗွက်မြက်ပင်များ ကြား၌ ရက်ပေါင်း များစွာ လျှောက်လာခဲ့ကြရသည့် လူများအဖို့ ထိုမြင်ကွင်းသည် အလွန် စိတ် ချမ်းသာစရာ ကောင်းသည့် အရာတစ်ခု မဟုတ်ပါလား။ အားလုံးသည် တစ်ယောက်ကို တစ်ယောက် ဖက်ကြ၊ နမ်းကြ၊ ရွှပ်ကြ၊ အော်ကြ၊ ဟစ်ကြနှင့်

အတိုင်းအဆမသိ ပျော်ရွှင် မြူးလျက် ရှိကြ၏။ သူတို့သည် သီတင်းပတ်ပေါင်းများစွာ တိဘက်ဒေသနယ်မြေ အတွင်း၌ ဖြတ်သန်းနေခဲ့ရာမှ မိမိတို့ မျိုးနွယ်ဝင် ဟန်တရုတ် လယ်သမားများနှင့် ကန်ဆုပြည်နယ်တွင်း၌ ပြန်လည် ဆုံတွေ့ကြရသည့်အခါ ဆွေမျိုးသားချင်းများနှင့် ဆုံမိသလို ခံစားကြရ၏။ စစ်သား အများစုသည် ဟန်လယ်သမားများအား ဖက်၍ ဝမ်းနည်းပက်လက် ငိုကြရှာလေသည်။

သူတို့၏ နောက်ဘက် နွံ့ဗွက် မြက်ခင်းပြင်ကြီးများ အတွင်း၌ မိမိတို့၏ ရဲဘော် ထောင်ပေါင်းများစွာသည် သေဆုံး ကျန်ရစ်ခဲ့ကြရ၏။ ဤအတွက် မိမိတို့ တပ်တွင် လူ အရေအတွက်များစွာ လျော့နည်းခဲ့ရ၏။ ဤကြားထဲမှပင် မော်စီ-တုန်းနှင့် ချန်ကုအို-တာအို တို့နှစ်ဦးကြား၌ စက်တင်ဘာလ ပထမပတ် အတွင်းတွင် ထပ်မံ၍ သဘောထား ကွဲလွဲရာမှ ပဋိပက္ခမှုသည် ပို၍ ကြီးထွားလာသည်။

ချန်သည် ကန်ဆုပြည်နယ်အတွင်းရှိ ချန်ကေ-ရှိတ်တပ်များ၏ ချေမှုန်းခြင်း ခံရမည်ကို ကြောက်လန့်နေသည်ဖြစ်ရာ ချက်ချင်းပင် မော်စီ-တုန်းနှင့် ချိတက်နေသော အမှတ် တစ်ဆယ့်သုံး တပ်ရင်းနှင့် အမှတ် လေး တပ်ရင်းများ ဆီသို့ ရေဒီယို စကားပြောစက်ဖြင့် မာအိုယာကီသို့ အမြန်ဆုံး ပြန်လာရမည်ဟု အမိန့်ပေးသည်။

ထိုအမိန့်သည် မော့အဖို့ ဘဝင်မကျစရာ ဖြစ်သွားခဲ့၏။ သူ့ ပြိုင်ဘက်သည် တပ်နီတပ် တစ်တပ်လုံးအား ချုပ်ကိုင်ရန် အားထုတ်နေပြီဟု နားလည်လိုက်သည်။ ဤသို့ဖြင့် သူသည် သူ့အပေါ် သစ္စာစောင့်သိသော လင် ပီယာအိုနှင့် မင်တေး-ဟွာတို့၏ အုပ်ချုပ်မှု အောက်ရှိ အမှတ် တစ်နှင့် သုံး တပ်ရင်းများအား တပ်လှန့်ကာ ညကြီးမင်းကြီး ထွက်ခွာသွားခဲ့လေ၏။

ဂျေကော့အားလည်း သူတို့နှင့် တစ်ပါတည်း ခေါ်သွားသဖြင့် လိုက်ပါလာခဲ့ရ၏။ စစ်သားများမှာ ကန်ဆုပြည်နယ် အတွင်းရှိ နှစ်လိုဖွယ် ကောင်းသော မြို့ရွာများအား ဖြတ်သန်း သွားနေရသဖြင့် စိတ်ချမ်းသာလျက် ရှိကြလေရာ စိတ်အားပါ တက်ကြွလျက် ရှိကြသည်။ သူတို့ ဖြတ်သွားနေကြသူများမှာ တဖော်တရွေ ရှိလှသော ဟန်တရုတ်လူမျိုး လယ်သမားများဖြစ်ကြ၍ စစ်သားများသည် ဝက်သား၊ ကြက်သားများနှင့် အမဲသားများကို ထိုလယ်သမားများထံမှ ဝယ်ယူ ရရှိကြသည်ဖြစ်ရာ သူတို့အတွက်တော့ ဝမ်းသာစရာတစ်ခုပင် ဖြစ်ခဲ့ရလေသည်။

လက်ရှိ တပ်အင်အားသည် ခြောက်ထောင်ထက် နည်းသွားသော်လည်း ဗဟိုတပ်နီစစ်တပ်သည် ကိုမင်တန် တပ်များနှင့် မင်တောင်တန်း ဒေသ၏ လတ်ဇူ တောင်ကြား၌ ဆုံမိသည့်အခါ ခုခံတိုက်ခိုက်ပြီး ထိုးဖောက်၍ ထွက်လာနိုင်ခဲ့၏။ နောက်မှ လိုက်လံ တိုက်ခိုက်လျက်ရှိသော ကိုမင်တန် မူဆလင် မြင်း

တပ်သားများအားလည်း အကြိမ်ပေါင်းများစွာ ခုခံ တွန်းလှန်နိုင်ခဲ့ကြ၏။ ထို့နောက် သူတို့ တပ်များသည် ရှင်စီနယ်စပ်သို့ ဦးတည်ပြီး ချီတက်ခဲ့ကြသည်။

သူတို့၏ ပန်းတိုင်ကား လွန်ခဲ့သော လေးနှစ်ခန့်က ဒေသခံ ကွန်မြူနစ်ပြောက်ကျားများ တည်ထောင်ခဲ့သော ရှင်စီ-ကန်ဆု ဆိုဗီယက်ဒေသဖြစ်သည်။ မြို့မှာ မြို့ငယ်ကလေးမျှသာ ဖြစ်သော်လည်း နာမည်ကား အထိုက်အလျောက်ရှိသော မြို့ဖြစ်၏။ သူတို့ လာခဲ့သည့် ခရီးလမ်း တစ်လျှောက်ရှိ မြို့တိုင်းတွင် နိုင်ငံရေးမှူးများသည် လူထု စည်းဝေးပွဲများ လုပ်ခဲ့သည်။ ဝါဒဖြန့်ချိရေးဆိုင်ရာအဖွဲ့များသည်လည်း ဇဟိုတပ်နီတပ်၏ အကြောင်းကို အများ သိသွားအောင် စည်းရုံးဟောပြောခဲ့ကြလေသည်။

ဤသို့ဖြင့် တပ်များသည် တန်ဝေးမြို့သို့ ဆိုက်ရောက်သွားခဲ့ကြသည်။ ဤ မြို့ကလေးမှာ ရှင်စီ-ကန်ဆု ဆိုဗီယက် နယ်၏ အနောက်တောင်ဘက်၌ တည်ရှိသော မြို့ဖြစ်၏။ တပ်များသည် နောက်နေ့မနက် စောစော အရှက်ဘက်ချိန်တွင် ခရီးဆက်ရန် စီစဉ်ထားပြီးဖြစ်ရာ ထိုညတွင် လူထုစည်းဝေးပွဲကြီး တစ်ခု ကျင်းပသည်။ စည်းဝေးပွဲအတွက် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်နေခိုက်တွင် ထိုင်၍ ကြည့်နေသော ချီယာအိုသည် ဂျေကော့အား လှမ်း၍ စကားပြောသည်။

"ကျွန်တော့်အနေနဲ့ ခင်ဗျား မေးချင်နေတဲ့ မေးခွန်းတွေကို မဖြေခင်မှာ ပြောချင်တာလေး တစ်ခု ပြောထားချင်တယ်" ဟု ချီယာအိုက ပြောသည်။ "လောလောဆယ်မှာကတော့ ကော်မရှင်နာ ချူနဲ့ တော်လှန်ရေး စစ်ကော်မရှင်ရဲ့ ခင်ဗျားနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေအားလုံး ပြောပြခဲ့ပြီးပြီနော်။ ဒါပေမဲ့ အခု ပြောချင်နေတာက ကျွန်တော့် ကိုယ်စား ပြောမှာပါ။ ခင်ဗျား နားလည်မှုတော့ မလွဲစေချင်ဘူး။ ဒီကိစ္စက ခင်ဗျားနဲ့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ရှိနေတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုပါ"

ဂျေကော့က အရာရှိ၏ မျက်နှာအား စေ့စေ့ကြည့်၍ အကဲခတ်သည်။ ချီယာအို၏ မျက်နှာတွင် မဟာမြက်ခင်းပြင် အတွင်း၌ ကြုံခဲ့ရသည့် ဒုက္ခရိပ်များသည် ယခုတိုင် ရှိနေဆဲ။ သို့တစေလည်း သူ၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ထူးချွန်မှုသည် လုံးဝ ပျောက်ကွယ် မသွားသေး။

"ခင်ဗျား ကျွန်တော့်နှမ မေ-လင်းကို ကယ်တုန်းက မြက်ခင်းပြင်ကြီးထဲမှာ ခင်ဗျား ပြခဲ့တဲ့ သတ္တိဟာ ခင်ဗျားအတွက် အများကြီး အကျိုး ရှိခဲ့ပါတယ်။ မေ-လင်းဟာ ကော်မရှင်နာ ချူအင်-လိုင်းအတွက် အလွန် တန်ဖိုးကြီးတဲ့ ကိုယ်ရံတော် တစ်ယောက်ပါ။ ခင်ဗျားရဲ့ အပြုအမူတွေဟာ ရဲဘော် ကော်မရှင်နာအဖို့

ခင်ဗျားကို ဒဏ်ကြေးငွေ မယူတော့ဘဲ လွှတ်ပေးဖို့ တွန်းအား ပေးခဲ့တယ်လို့ ယူဆရပါတယ်"

ချီယာဒိုသည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ အတန်ကြာမှ "ဒါပေမဲ့ ကျွန်တော့် နှမက ကျွန်တော့် အပေါ် ယုံကြည် စိတ်ချရှာပါတယ်" ဟု ပြောသည်။ "ခင်ဗျားအနေနဲ့ ဘယ်သူကမှ မရိပ်မိ၊ မသိရှိတဲ့ ရည်ရွယ်ချက်တစ်ခု ရှိနေတယ်ဆိုတာလည်း ကျွန်တော် သိနေပါတယ်။ ကျွန်တော် သိထားခဲ့တာက ညီမရဲ့ ကလေးဟာ ယူနန်မှာ ဆုံးသွားခဲ့ပါတယ်။ အဲဒီနောက် သူ့သားငယ်အစား ခင်ဗျားရဲ့ သမီးလေးကို သူကိုယ်တိုင် လပေါင်းများစွာ လျှို့ဝှက်ပြီး ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါတယ်။ ဒါကိုလည်း..."

"ဒီကိစ္စကို တခြားလူတွေ သိအောင် ပြောခဲ့တယ်ဆိုတာတော့ ကျွန်တော် မသိခဲ့တာ အမှန်ပဲ"

"ကျွန်တော့် ညီမရဲ့ စေတနာနဲ့ ရည်ရွယ်ချက်တွေကို အတိအကျတော့ ကျွန်တော် မသိဘူး" ဟု ချီယာဒိုက ပြောသည်။ "ဒါပေမဲ့လို့ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ သူ့စေတနာနဲ့ ရည်ရွယ်ချက်တွေကိုတော့ ကျွန်တော် လေးစားခဲ့ပါတယ်။ ခင်ဗျား သူ့ကို ကယ်ရာမှာလည်း ဘာအကြောင်းတွေကြောင့်ပဲ ကယ် ကယ် ခင်ဗျားရဲ့ လုပ်ရပ်အတွက် ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်နေပါတယ်"

ချီယာဒိုသည် ထိုင်ရာမှ ထကာ စားပွဲအား ကွေ့ပတ်ပြီး ဂျေကော့ဆီ လျှောက်လာသည်။ ဂျေကော့၏ ညာဘက် လက်ကို ဆွဲ၍ သူ့ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အားပါးတရ ခါယမ်းလျက်ရှိ၏။ သူတို့သည် အချိန်အတန်ကြာမျှ တစ်ယောက်အားတစ်ယောက် ကြည့်နေကြသည်။ ထို့နောက် ချီယာဒိုသည် ချာခနဲ လှည့်၍ ထွက်သွားရန် ဟန်ပြင်လိုက်ရင်း ဂျေကော့အား စကားတစ်ခွန်း လှမ်းပြောသည်။

"ခင်ဗျားကို လွှတ်တော့မယ်ဆိုတာ ကျွန်တော့် ညီမကို အသိပေးခဲ့တယ်၊ သူက ခင်ဗျားအတွက် သတင်း တစ်ခု ပါးလိုက်တယ်။ ခင်ဗျား သွားလို့ရှိရင် ဖြည်းဖြည်းသွားပါတဲ့။ မနက်ဖြန် မနက် အရက်တက် ခင်ဗျား လယ်သမားရဲ့ အိမ်က မထွက်ခွာခင်မှာ ခင်ဗျားရဲ့ သမီးလေးကို အော်ဒလီ လာပို့ပေးလိမ့်မယ် တဲ့"

ထိုအခိုက်မှာပင် မြို့စုရပ်ကွင်းဆီမှ လက်ခုပ်သြဘာသံများ တစ်ခဲနက် ထွက် ပေါ်လာနေသဖြင့် ဂျေကော့ရော ချီယာဒိုပါ လှမ်းမျှော်ကြည့်မိကြသည်။ အရပ် မြင့်မြင့် ပိန်ချောင်ချောင် မော်စီ-တုန်းသည် စင်မြင့်ပေါ်တက်ကာ စကားပြောခွက်ဆီ လျှောက်သွားလျက်ရှိ၏။ ခဏမျှအကြာတွင် ဟူနန် တရုတ် လူမျိုး ဘာသာစကားသံသည် ထွက်ပေါ်လာသည်။

"တရုတ် အလုပ်သမားတွေနဲ့ လယ်သမားတွေရဲ့ တပ်နီတပ်က ရဲဘော် တပ်မှူးတွေနဲ့ စစ်သည်တွေကို အလေးပြုပါတယ်" ဟု မော်က စပြောသည်။ "ရဲဘော်တို့ဟာ ကီအန်ဆီပြည်နယ်က ကန်ဆုပြည်နယ်အထိ တရုတ်နိုင်ငံ တစ်လွှားကို ဖြတ်ပြီး ခရီး လီပေါင်း နှစ်သောင်းနီးပါး စိတ်ဓာတ်အင်အား အပြည့်အဝနဲ့ ခြေကျင်လျှောက်လာခဲ့ကြခြင်းအားဖြင့် ရဲဘော်တို့ရဲ့ ကြီးမားတဲ့ ရဲရင့်မှုနဲ့ တိုက်စိတ် အင်အားကို ပြခဲ့ကြပြီးပါပြီ။ ဒီ "ခရီးရှည် ချီတက်ပွဲကြီး" ဟာ ရဲဘော်တို့ ပိုင်ဆိုင်တဲ့ သမိုင်းဝင် အောင်မြင်မှုကြီး တစ်ရပ် ဖြစ်လာမှာပါ။ အင်မတန်မှ ထူးခြားပြောင်မြောက်တဲ့ ကြိုးပမ်းမှုကြီး တစ်ရပ်လို့လည်း ခေါ်လာ ကြမှာပါ"

မော်သည် သူ့ စကားများထဲ၌ **"ချန်ချင်း"** ဟူသော စကားနှစ်လုံးအား အလေးအနက် ထား၍ ပြောသည်။ **"ချန်ချင်း"**၏ အဓိပ္ပာယ်မှာ **"ခရီးရှည်ကြီး"** ဖြစ်၏။ ထိုစကားနှစ်လုံးသည် အေးအေးသာသာ တိုက်ခတ်နေသော ညနေခင်း လေထုကြားတွင် ပဲ့တင်ထပ်လျက်ရှိလေသည်။

"အလွန် ကြီးကျယ်ခမ်းနားတဲ့ ဒီခရီးရှည် ချီတက်ပွဲကြီးဟာ အောင်ပွဲနဲ့ အဆုံးသတ်မှာပါ" ဟု မော်က လက်သီးဆုပ်အား ခေါင်းပေါ် မြှောက်၍ အော် ပြောသည်။ "မကြာခင်မှာ ရှင်စီ ဆိုဗီယက်နယ်မြေတွင်းမှာ တို့ရဲဘော်တွေ စုစည်းမိပြီး တို့နိုင်ငံကို ကျူးကျော်နေတဲ့ ဂျပန်တွေကို တိုက်ခိုက်ကြရတော့မယ်။ မကြာခင်မှာ တို့ရဲ့ ခရီးရှည်ချီတက်ပွဲကြီးဟာလည်း တရုတ်နိုင်ငံကြီးရဲ့ ပြည်နယ် ဆယ့်တစ်နယ်ကို ခြေကျင်ဖြတ်သန်းခဲ့ကြတဲ့ တပ်နီစစ်တပ်ရဲ့ သူရဲကောင်းတွေ အကြောင်း တစ်ကမ္ဘာလုံးက သိအောင် ပြောပြတော့မယ်"

မော်သည် လက်သီးဆုပ် နှစ်ဖက်စလုံးအား သူ့ခေါင်းအထက်သို့ မြှောက် ထားသည်။ အောက်မှ တပ်သားများကလည်း **"ချန်ချင်း" "ချန်...ချင်း"** ဟု အဆက်မပြတ် ကြွေးကြော် အော်ဟစ်လျက်ရှိကြ၏။ ကျန်ပရိသတ်များကလည်း တဖြည်းဖြည်းနှင့် လိုက်လံ အော်ဟစ်စ ပြုလာသည်။

"မကြာခင်မှာ တရုတ်ပြည်သူ သန်းပေါင်းများစွာဟာ ခရီးရှည်ချီတက်ပွဲ ကြောင့် အမြင်သစ်တွေ ရသွားပြီဆိုတာလည်း ကမ္ဘာက သိသွားတော့မယ်"ဟု မော်က သူ့ မိန့်ခွန်းကို ဆက်ပြောသည်။ "ဒီ ချီတက်ပွဲကြီးဟာ အနာဂတ်မှာ ဖြစ်ထွန်းလာမယ့် သီးနှံကြီး တစ်ခုအတွက် အညှောက်တွေ ထွက်စေလိမ့်မယ်။ အရွက်တွေ ပေါက်လာစေလိမ့်မယ်။ အပွင့်တွေ ပွင့်လာစေလိမ့်မယ်။ အသီးတွေ သီးလာစေလိမ့်မယ်။ နောက်ဆုံးကျရင် အနာဂတ်မှာ အလွန် ထူးခြား ကြီးမားတဲ့ သီးနှံတွေ ထွက်လာမှာပဲ"

ဂျေကော့နှင့် ချီယာအိုသည် လက်ခုပ်ဩဘာသံများနှင့် ကြွေးကြော်သံများအား နားစွင့်နေကြသည်။ တန်ဝေး မြို့သူမြို့သားများသည်လည်း မော်၏ မိန့်ခွန်းအား အကြောင်းပြု၍ စစ်သားများနှင့် တရောတနှော ပို၍ ဖြစ်လာကြသည်။

"တကယ်လို့များ ဖြစ်နိုင်မယ်ဆိုရင် ခင်ဗျားညီမနဲ့ ကျွန်တော် နှစ်ဦးဆုံပြီး စကားပြောချင်ပါတယ်။ ကျွန်တော် မသွားခင်ပေါ့" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော့် အနေနဲ့ သူ ကူညီစောင့်ရှောက်ခဲ့တာတွေအတွက် ကျေးဇူးတင်စကားလည်း ပြောခဲ့ချင်ပါတယ်"

"အဲဒါကတော့ မဖြစ်နိုင်ပါဘူး" ဟု ချီယာအိုက ဂျေကော့အား မကြည့်ဘဲ ပြောသည်။ "သူက ကော်မရှင်နာ ချူနဲ့ အခုလောလောဆယ် အလုပ်လုပ်နေရပါတယ်။ အရေးကြီးတာက ခင်ဗျား နားရမယ့် နေရာကို မမှောင်ခင် ရောက်ဖို့ပါ"

ထိုစကားသည် ဂျေကော့အတွက် များစွာ စိတ်ထိခိုက်ရ၏။ "ဒါဆိုရင်လည်း ခင်ဗျားက ကျွန်တော့် ကိုယ်စား သူ့ကို ကျေးဇူးတင်စကား ပြောပေးစေချင်ပါတယ်"

"စိတ်ချပါ။ ကျွန်တော် ပြောပေးပါ့မယ်" ချီယာအိုက ခေါင်းညိတ်ပြီး အပြင်ဘက်သို့ လက်ညှိုး ထိုးပြသည်။ "ခင်ဗျားအတွက် လားတွေပါ"

အစောင့်များသည် လား သုံးကောင်အား ဆွဲလာသည်။ တစ်ကောင်၏ ကျောပေါ်တွင် သူ့အိပ်ရာလိပ်နှင့် သူ့ ကျောပိုးအိတ်များ မြင်ရသည်။ လားရောက်လာသည့်အခါ ချီယာအိုက ဂျေကော့အား လားပေါ် တက်နိုင်အောင် ကူညီပေးသည်။ ဂျေကော့နှင့် အစောင့် နှစ်ယောက်သည် လားကိုယ်စီနှင့် မြို့၏ ဂိတ်တံခါးဆီသို့ ထွက်လာခဲ့ကြသည်။ မော်၏ မိန့်ခွန်းကိုကား ဂျေကော့ ကြားနေရဆဲ။

"လပေါင်း ဆယ့်နှစ်လနီးပါးလောက်နေ့စဉ် ကင်းထောက်ခံခဲ့ကြရတယ်။ လေယာဉ်တွေနဲ့ ဗုံးကြဲတာ ခံခဲ့ရတယ်။ မြေပြင်မှာလည်း ထောင်နဲ့ချီနေတဲ့ ရန်သူတွေရဲ့ အလိုက်ခံရတယ်၊ အဝိုင်းခံရတယ်၊ အတိုက်ခံရတယ်။ ဒါပေမဲ့ ငါတို့ဟာ နေ့စဉ် ညစဉ် မရပ်မနား ချီတက်ခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ငါတို့အတွက် ဘေးကင်းရာ၊ လုံခြုံရာ အနောက်မြောက်ဘက် ဒေသကို ရောက်လာခဲ့ကြရတယ်"

ဂိတ်တံခါး အရောက်တွင် ဂျေကော့သည် နောက်သို့ ပြန်လှည့်ကြည့်သည်။ စစ်သားများသည် ခေါင်းပေါ်မှ ကက်ဦးထုပ်များအား ချွတ်၍ အပေါ်သို့

ပစ်၍ မြောက်ကာ ဟစ်ကြွေးနေကြသည်။ စင်ပေါ်မှ မော်စီ-တုန်းကား မလှုပ်မယှက် ရပ်လျက်။ တစ်ချက်မျှ ဂျေကော့အက် လှည့်ကြည့်လိုက်သည်ကို မြင်ရ၏။ ထို့နောက် ဆက်လက် ထွက်ပေါ်လာနေသည့် သူ့အသံ။

"ရဲဘော်တို့ ငါတို့ရဲ့ သမိုင်းတင်ရမယ့် ခရီးရှည် ချီတက်ပွဲကြီးဟာ ငါတို့အတွက် မဟာအောင်ပွဲကြီး တစ်ရပ်နဲ့ ပြီးဆုံးသွားခဲ့ပြီ။ ငါတို့ရဲ့ ရန်သူတွေအဖို့တော့ မဟာ ရှုံးနိမ့်ခြင်းကြီးနဲ့ ရင်ဆိုင်သွားခဲ့ရပြီ"

ဂျေကော့ ဘေးသို့ ချီယာအို ရောက်လာပြီး နောက်ဆုံး နှုတ်ဆက်သည့် အနေဖြင့် လက်ကို ဆွဲခါသည်။ စကားတချို့လည်း ပြောသည်။ စစ်သားများ၏ ဟစ်အော် ကြွေးကြော်သံများကြောင့် ဂျေကော့ ကောင်းစွာ မကြားရ။ ချီယာအို ဘေး၌ အရာရှိတစ်ဦး ထပ်ရောက်လာသည်။ ထိုသူသည် ဂျေကော့အား စိတ်ဝင်တစား ကြည့်နေသည်။

အရာရှိသည် ပုပုသေးသေးဖြစ်သော်လည်း သူ့ကိုယ်သူ အလွန် ယုံကြည်စိတ်ချသည့် မျက်နှာထားရှိသည်။ အဖျားဒဏ် ခံထားရ၍ မျက်နှာ ဖြူရော်ရော်နှင့် ကိုယ်လုံးကိုယ်ထည် ပိန်ပါးပါး ရှိနေသော်လည်း သူ့မျက်လုံး အစုံမှာ အလွန် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး အကင်းပါးမည့် အရိပ် လက္ခဏာများ အပြည့် ရှိနေသည်။

"ဒီဟာ ကော်မရှင်နာ ချူအင်-လိုင်းပါ"ဟု ဟစ်ကြွေးသံများ စဲသွားသည့်အခါ ချီယာအိုက လှမ်းပြောသည်။ "ခင်ဗျားကို လွှတ်ပေးတာဟာ သူ့ ဆုံးဖြတ်ချက်ကြောင့်ပါ"

အရာရှိသည် ဂျေကော့ဘေး ရောက်လာပြီး သူ့လက်အား ကမ်းပေးလိုက်သဖြင့် ဂျေကော့သည် များစွာ အံ့အားသင့်လျက် ရှိ၏။ "ကံကောင်းပါစေ၊ မစ္စတာ ကယ်လ်နာ" ဟု သူက အပြုံးဖြင့် လှမ်းပြောသည်။ သူ့ အင်္ဂလိပ်စကားပြောသံသည် ပီပီသသ ရှိလှ၏။ "ခင်ဗျား အပြင်လောကကို ရောက်ရင် တပ်နီစစ်တပ်ဟာ ကိုမင်တန်တွေ အပုပ်ချ နေသလို သူခိုး ဓားပြ၊ လူဆိုးလူတေတွေနဲ့ ဖွဲ့စည်းထားတာ မဟုတ်ကြောင်း ပြောပေးလိမ့်မယ်လို့ ကျွန်တော်တို့က မျှော်လင့်နေပါတယ်။ လမ်းခရီးမှာ အန္တရာယ် ကင်းပါစေလို့ ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် ကော်မရှင်နာ" ဟု ပြောကာ ဂျေကော့က ချူ၏ လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ "ကျွန်တော့်ကို ပေးခဲ့တဲ့ အကူအညီအတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ်"

လူနှစ်ယောက်သည် တစ်ဦးကိုတစ်ဦး ကြည့်နေကြဆဲ။ ထို့နောက် ဂျေကော့သည် သူ့လားအား ဂိတ်တံခါးဆီသို့ ဦးတည်ပေးလိုက်သည်။ ဘေးတစ်ဖက်တစ်ချက်ရှိ အစောင့် နှစ်ယောက်ကြား၌ ရောက်နေသော ဂျေကော့

သည် မိမိအား တစ်နှစ်နီးပါးမျှ အကျဉ်းသားအဖြစ် ဖမ်းဆီး ချုပ်နှောင်ထားခဲ့သော တပ်နီစစ်တပ်အား ကျောပေးကာ ထွက်ခွာလာခဲ့သည်။ အမှောင်ရိပ်များသည် ကျဆင်းစ ပြုနေပြီ။ သူ၏ လားသည် မြို့၏ တစ်ဖက်ရှိ ခပ်နိမ့်နိမ့် တောင်ကုန်းများ ဆီသို့ ဖြည်းဖြည်းမှန်မှန် ရွေ့လျားသွားလျက် ရှိလေသည်။

***

၁၆

နေမင်းသည် အရှေ့ပိုင်း ကန်ဆုဒေသ တောင်ကုန်းများ အထက်မှ ထွက်ပြူလာသည်။ ဂျေကော့ တစ်ဦးတည်း လာနေသော တောင်ကြား လွင်ပြင်တစ်လျှောက်တွင် အလင်းရောင်သည် လွှမ်းခြုံလျက်ရှိ၏။ နေရောင်၏ အပူဓာတ်သည် ဂျေကော့၏ မျက်နှာအား ရိုက်ခတ်သည့် အအေးဒဏ်မှ ကာကွယ်ရန် ဟူသော ရည်မှန်းချက်ဖြင့် ယမန်နေ့ညက ဝတ်ထားခဲ့သော အနွေးထည်အား သူ ချွတ်ပစ်လိုက်သည်။

ကျောက်တုံး ကျောက်ဆောင်များ ကြားတွင် ရေကန်ငယ် တစ်ကန်ကို တွေ့သည်။ သူသည် သူ့လားအား ရပ်၍ရေတိုက်သည်။ အလွန် ကြည်လင်သော ရေပြင်ထဲ၌ သူ့ ရုပ်လွှာအား ပြန်မြင်နေရ၏။ သူ့ မုတ်ဆိတ်မွေးသည် ရှည်လျားကာ ထူလပျစ် ဖြစ်နေပြီ။ သူ့ ဆံပင်သည်လည်း ရှည်လှပြီ၊ သူ့ ရုပ်ပုံလွှာအား ပထမဆုံးအကြိမ် ပြန်မြင်ရခြင်း ဖြစ်သည်။ သူ့အဖို့ ကျေနပ်ဖွယ်ရာတော့ဖြင့် ကောင်းသည်ဟု ထင်မိလေသည်။

နောက်ဘက်သို့ ပြန်လှည့်လာသည့်အခါ ဂျေကော့သည် ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာအား ထောင့်စေ့အောင် ကြည့်သည်။ ရှုခင်းများ၏ အလှကို သူ မြင်နေရ၏။ သေးသေးသွယ်သွယ် အနက်ရောင် ငှက် တစ်အုပ်သည် ဖြုတ်ခနဲ ပေါ်လာပြီး တောင်ကုန်းများထိပ် ဆီသို့ ပျံသန်းသွားသည်။ မိမိအား ညို့ယူ ဖမ်းစားနေသည့် ဤတောင်ကြားထဲတွင် လူသားဆို၍ မိမိ တစ်ဦးတည်း သာလျှင်ရှိ၏။

အမှန်တော့ သူသည် သူ ထွက်မလာမီက ပြောလိုက်သည့် စကားကြောင့် နေရာအနှံ့ လိုက်ကြည့်နေခြင်း ဖြစ်သည်။ သူ့ သမီးငယ်အား အော်ဒလီ တစ်ယောက်နှင့် သူ့ထံ လာပို့ပေးလိမ့်မည် ဟူသော ကတိစကားသည် မေလင်းက သူမ၏ အစ်ကိုမှ တစ်ဆင့် မှာလိုက်သော စကားဖြစ်၏။ ထိုစကားအရ

ဆိုလျှင် အော်ဒလီ စစ်သားသည် အခုလောက်ဆိုလျှင် ဤအနီးအနား တစ်ဝိုက်သို့ ရောက်နေလေပြီလား။ သို့တစေလည်း အနီး ပတ်ဝန်းကျင်၌ လူစလူနကို လုံးဝ မမြင်ရချေ။

အရုက် မတက်မီ ကတည်းက သူ့အား လိုက်ပို့ခဲ့ကြသည့် အစောင့်နှစ်ယောက်သည် ရွှံ့များဖြင့် တည်ဆောက်ထားသည့် လယ်သမား တဲအိမ် ထဲမှ ထွက်ခွာ သွားခဲ့ကြခြင်းဖြစ်၏။ မနေ့ညကတော့ အစောင့်များသည် သူ့အနား၌ အိပ်ခဲ့ကြသည်။ သူတို့ နှစ်ယောက် ထွက်သွားသည်ကို သူ မသိလိုက်၊ သူ့အား နှုတ်ပင် မဆက်ဘဲ ထွက်သွားကြခြင်း ဖြစ်လေသည်။

အစောင့်များ ထွက်ခွာသွားကြသည်နှင့် တစ်ပြိုင်နက် ဂျေကော့သည် မြင်းဇောင်းထဲသို့ သွားကာ သူ့ လားအား ကုန်းတင်သည်။ ပြီးတော့ သူတို့အား လက်ခံခဲ့သည့် အိမ်ရှင် ယာသမားအား နှုတ်ဆက်၍ ငွေသား တစ်ဒေါ်လာ ပေးသည်။ သူ့လားအား အလင်းရောင် မှုန်ဝါးဝါး အောက်တွင် အပြင်သို့ ထုတ်လာခဲ့ပြီး သူတို့ မှာလိုက်သည့်အတိုင်း အရှေ့တောင်ဘက် စူးစူးသို့ ခြေကျင် လျှောက်လာခဲ့လေ၏။

ပထမတော့ သူသည် နောက်သို့ မကြာခဏ လှည့်ကြည့်သည်။ တပ်နီတပ်မှ လူများရောက်လာပြီး သူ့အားထပ်၍ ဖမ်းလေမလား ဟူသော အတွေးဖြင့် စိတ်မအေး၍ ဖြစ်၏။ သို့တစေလည်း ပတ်ဝန်းကျင်တွင် သက်ရှိ သတ္တဝါဆို၍ ဘာမှမရှိ၊ အားလုံး ငြိမ်ကြည့်လိုက်ပါက သူ တစ်ဦးတည်းသာ ရှိ၏။ တစ်ခါတစ်ရံ ငှက်အော်သံများ ကြားရသည်။ လမ်းလျှောက်လာသည်မှာ ကြာလာပြီဖြစ်၍ မောပန်းကာ အားအင်ကုန်ခန်းသလို ဖြစ်လာပြန်သည်။ သူသည် လားပေါ်သို့ တက်ကာ ရှေ့ခရီးကို နှင်ခဲ့ပြန်လေ၏။

လားပေါ်၌ ထိုင်မိသည့်အခါ စိုးရိမ်စိတ်များ ဝင်လာပြန်သည်။ ရှေ့ဆက်ရမည့် ခရီးတွင် ဘယ်လို အန္တရာယ်တွေနှင့်များ ကြုံရလေမလဲ။ အားအင်ချည့်နဲ့နေသော ဤအခြေအနေမျိုးတွင် တရုတ် ဓားပြများနှင့် တွေ့ခဲ့ပါမူ။ သူသည် လုပ်နေကျ ထုံးစံအတိုင်း ကြိုတင်၍ ပူန်းအောင်းစရာ နေရာရှာသည်။ ထိုအခိုက်မှာပင် ရုတ်တရက် ၌ရှေ့မှ မြင်းစီးသမား နှစ်ယောက် ဘွားခနဲ တောင်ကြား အတွင်းမှ ထွက်လာသည်။ သူ့အား ဝိုင်း၍ တိုက်ကြတော့မှာလား။

လူနှစ်ယောက်သည် သူ့ဘက်သို့ ဦးတည်၍ လာနေကြသည်။ သူက အလျှင်ဆုံး ဦးအောင် ရှောင်လိုက်ရလျှင် ကောင်းလေမလား။ နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည် သေးသွယ်သွယ်တွေချည်း ဖြစ်၍ အမျိုးသမီးတွေများလားဟုပင် ထင်ရသည်။ တစ်ခဏအတွင်းမှာပင် ဂျေကော့သည် ရှေ့ဆုံးလားပေါ်မှ လူအား မေ-လင်းမှန်း သိလိုက်လေသည်။

မေ-လင်းနှင့် ပါလာသူကား သူမ၏ ဓော်ဒလီဖြစ်၍ နှစ်ဦးစလုံး ကိုမင်တန် နယ်မြေမှ လူများလို ရုပ်ဖျက် လာကြသည်။ တပ်နီ ယူနီဖောင်းများအား ချွတ်ထားခဲ့ကြပြီး လယ်သမားများ ဝတ်လေ့ရှိသည့် အပြာရောင် ချည်ထည်ဝတ်စုံများ ဝတ်ထားကြသည်။ ထိုနှစ်ဦး သူ့အနီးသို့ ကပ်လာသည့်အခါ ခြင်းတောင်းတစ်လုံး ထဲ၌ ထည့်၍ ယူလာသော သူ့သမီးငယ် ဓောဘီဂေးလ်အား လှမ်းမြင်သည်။

ဂျေကော့သည် စမ်းချောင်း၏ ဤမှာဘက်၌ ရပ်ကာ လှမ်းကြည့်နေသည်။ မေ-လင်းအား မြင်ကတည်းက သူ့ရင်သည် ခုန်လျက်ရှိသည်ဖြစ်ရာ မေ-လင်း၏ အပေါ်၌ ရှိထားခဲ့သော မေတ္တာသည် အခုထိ ပျက်ပြယ်သွားခြင်း မရှိသေး။ မေ-လင်းမှာ ယခင်ကထက် ပို၍ ပိန်သွားသော်လည်း အလှကတော့ ဖူးပွင့်နေဆဲ။ အခုထိ ရှိနေဆဲဖြစ်သော ထိုအလှသည် ဂျေကော့စိတ်အား ယခင်ကထက် တိုး၍ လှုပ်ရှားစေခဲ့သည်ဟု ထင်၏။

မေ-လင်းသည် ဂျေကော့နှင့် ကိုက်နှစ်ဆယ်ခန့် အကွာသို့ ရောက်သည့်အခါ သူမ၏ ဓော်ဒလီအား လက်ပြ၍ ရပ်ခိုင်းသည်။ သူ ကိုယ်တိုင်ကတော့ စမ်းချောင်း ရေပြင်အား ဖြတ်၍ ကူးလာသည်။ သူ့ လက်တစ်ဖက်သည် ခြင်းတောင်း တင်ထားသည့် လားအား ဆွဲလျက်။

"မင်းကို နောက်ထပ် လုံးဝ မြင်ရတွေ့ရမှာ မဟုတ်တော့ဘူးလို့ ကိုယ်ထင်မိခဲ့တာ" ဟု ဂျေကော့က ပြောသည်။ သူ့ အသံမှာ တုန်ယင် လှုပ်ရှားနေသည်။ သူ့ စိတ်၏ ခံစားမှုအား ဖုံးကွယ်၍ မရခြင်းကို ဖော်ပြလျက်ရှိသည်။ "သူတို့ မှာလိုက်တာက မင်းရဲ့ ဓော်ဒလီ တစ်ယောက်တည်း လာပို့မယ်တဲ့"

"နောက်ဆုံး အနေနဲ့ ကျွန်မ ကိုယ်တိုင် လာမယ်လို့ ဆုံးဖြတ်ခဲ့တာ"

"ကိုယ့်သမီးကော ဘယ်လို နေလဲ"

"စိတ်မပူပါနဲ့၊ သမီးလေး အိပ်နေတယ်၊ လားလှုပ်ရင် သူ့ကို ချော့သိပ်သလို ဖြစ်သွားတာပဲ၊ ကလေးကို ရှင်တို့စခန်း အမြန် ရောက်အောင် ခေါ်သွားဖို့တော့ လိုမယ်၊ ကလေးကို ပုံမှန် ဂရုစိုက်သွားပေးဖို့ လိုတယ်"

"မင့်းကျေးဇူးဟာ ကြီးလှပါတယ်၊ ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး"

လားပေါ်၌ တည့်တည့်မတ်မတ် ထိုင်နေသော မေ-လင်းသည် ဂျေကော့အား စူးစူးစိုက်စိုက် ကြည့်နေသည်။ သူမ၏ မျက်နှာတွင် ထူးခြားသော အရိပ်လက္ခဏာ မမြင်ရသော်လည်း နက်မှောင်သော မျက်လုံး အစုံထဲတွင်ကား ဂျေကော့ အတွက် ရင်ဖိုစရာ မျှော်လင့်ချက်ကို မြင်ရသည်ထင်၏။

"အခု မင်းလာတဲ့ ခရီးဟာ သိပ်ဝေးလှတယ်။ မင်း ကိုယ်နဲ့ နေမှာလား"

ရုတ်တရက် သူ့နှုတ်မှ မမျှော်လင့်ဘဲ ထွက်သွားသည့် ဖိတ်ခေါ်မှုအပေါ် မေ-လင်း ဘယ်လို တုံ့ပြန်လိမ့်မည်နည်း။ ဂျေကော့ သိလိုက်ရသည့်အတိုင်း ဆိုပါက မေ-လင်းသည် ထိုမေးခွန်းအပေါ် စဉ်းစားထားခဲ့ပြီး ဖြစ်ဟန်တူ၏။ သို့သော်လည်း သူမသည် ဖြေဖို့ အားမထုတ်။

"ကိုယ်တို့ နှစ်ယောက် မဟာဆီးနှင်းတောင်တန်းကြီးတွေပေါ်မှာ အမှတ်မထင် ဆုံမိခဲ့ကြတာဟာ အလွန်လှပတဲ့ အကွက်ကလေးပါ မေ-လင်းရယ်။ မင်းဟာ ကိုယ့်အသက်ကို ကယ်ခဲ့တဲ့သူပါ။ ဘုရားသခင်က သဘောတူလို့ ဖြစ်လာတာလို့ ရင်ထဲမှာ ခံစားခဲ့ရတယ်။ အဲဒီမှာ တွေ့ခဲ့ရတဲ့ အချစ်ကို ကိုယ်တို့ မျှဝေ ခံစားခဲ့ရတာပါ။ မင်းကော ကိုယ့်လို မခံစားရဘူးလား"

မေ-လင်း၏ အပြုအမူနှင့် ဟန်အမူအရာသည် ပြောင်းလဲသွားခြင်း မရှိသော်လည်း မျက်လုံးများကတော့ ဂျေကော့၏ ပြင်းထန်သော ဆန္ဒကို နားလည်ကြောင်း ဖော်ပြနေသည်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး အချိန် အတော်ကြာသည်အထိ စိုက်ကြည့်နေသည်။ ထို့နောက် သူမသည် အခြား တစ်ဖက်သို့ လှည့်၍ တောင်ကြား ဆီသို့ လှမ်းမျှော်ကြည့်နေသည်။

"မေ-လင်းက မေ-လင်းရဲ့ ဘဝ တစ်ခုလုံးကို တော်လှန်ရေး လက်ထဲ အပြီးအပိုင် ပေးအပ်ထားခဲ့တာပါ ဂျေကော့၊ တော်လှန်ရေးကို မေ-လင်း ကျောခိုင်းလို့ မဖြစ်နိုင်ဘူး။ ရှင့်ရဲ့ ယုံကြည်မှုဖြစ်တဲ့ အယူဝါဒကို စွန့်ပစ်လို့ မဖြစ်သလိုပါပဲ"

"နှစ်ဦးစလုံးရဲ့ ဒုက္ခဟာ မသေးလှဘူး။ ဒါတွေ အားလုံး ပြီးသွားရင်တော့ ကိုယ်တို့အတွက် နည်းလမ်း တစ်ခုရှာလို့ ရချင်ရလာမှာပါ"

မေ-လင်းသည် သူ့ မျက်နှာပေါ် ကျနေသည့် ဆံစများအား လက်နှင့် သပ်၍ တင်လိုက်သည်။ "မေ-လင်း အသက်ကို ရှင် ကယ်ခဲ့တယ်။ ရှင့်အနေနဲ့ ရှင့်အသက်ကို စွန့်ပြီး ကယ်ခဲ့ရတာပါ။ အပြန်အလှန် ရှိနေခဲ့တဲ့ ဒီသံယောဇဉ် တွေဟာ ကျွန်မတို့ နှစ်ယောက်ကို အမြဲတစေ ပေါင်းစည်း ဆက်စပ်ပေးထားမှာပါ"

"ဒါပေမဲ့ မေ-လင်းရယ်၊ အခြေအနေက ဒီထက်မက ကြီးမားသင့်ပါတယ်"

"တစ်ခါတလေမှာတော့ မေ-လင်း ကိုယ်တိုင်လည်း အဲသလို တွေးမိပါရဲ့၊ ဒါပေမဲ့ အဲဒီထက် ပိုနိုင်တဲ့ အခြေအနေကတော့ မရှိနိုင်ဘူးလို့ပဲ မေ-လင်း သိထားတယ်"

ဂျေကော့က မေ-လင်း၏ မျက်နှာကို ကြည့်၍ သူ ရယူလိုသော အဖြေအား ရှာသည်။ "ဒါပေမဲ့ အနာဂတ်အတွက် ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ

မင်း စိတ်ထဲက ခံစားပြီး သိနေပါရက်နဲ့ ဘာပြုလို့ အခုလို လာရတာလဲ မေ-လင်းရယ်"

"ရှင့်ကို ကျေးဇူးတင်စကား ပြောချင်လွန်းလို့ပါ"ဟု ပြောကာ မေ-လင်းက မျက်လွှာကို ချထားသည်။ "မြက်ခင်းပြင်တွေထဲမှာ ရှင်လာပြီး ကယ်ဆယ်ခဲ့တဲ့ ကိစ္စဟာလေ"

"ကိုယ် ကယ်ဆယ်ခဲ့တာဟာ သမီးလေး အေလီဂေးလ် တစ်ဦးတည်းအတွက် မဟုတ်ပါဘူး"

"မေ-လင်း သိပါတယ်"

ဂျေကော့က သက်ပြင်းချသည်။ "မေ-လင်းရယ်၊ ကိုယ်တို့ နှစ်ယောက်သင်္ဘောပေါ်မှာ ပထမဆုံး စတွေ့ကတည်းက ကိုယ့်ရင်ထဲမှာ ထူးဆန်းတဲ့ ခံစားမှုဝင်ခဲ့တယ်။ မင်း ကိုယ့်ကို ကြည့်လိုက်တိုင်း အဲဒီ ခံစားမှုဟာ ပိုကြီးလာတယ်၊ ပိုပြီး ခိုင်မာလာတယ်။ ကိုယ်တို့ နှစ်ဦးစလုံးရဲ့ အတွင်းစိတ်မှာ ကိုယ်တို့ရဲ့ ဘဝနှစ်ခုဟာ တစ်လမ်းတည်းပေါ်မှာ လျှောက်ကြရလိမ့်မယ်လို့ ထင်မိတယ်"

"ရှင် စိတ်ကူးယဉ်တာတွေ ဖြစ်မှာပါ"

"မဟုတ်ဘူး မေ-လင်း၊ မင်းနဲ့စပြီး တွေ့ကတည်းက ဖြစ်ပေါ်လာခဲ့ရတာပါ၊ ကိုယ်တို့ လက်ထပ်ကြမယ်ဆိုရင်လည်း မဖြစ်နိုင်စရာ မရှိပါဘူး"

မေ-လင်းက ဂျေကော့ မျက်နှာအား စိုက်ကြည့်နေပြန်သည်။ "တရုတ်နိုင်ငံကြီး ထဲမှာ ပြဿနာတွေ အများကြီး ဖြစ်နေတယ် ဂျေကော့။ မေ-လင်း အချစ်ကို ကြောက်တယ်။ အချစ်ဟာ အသိဉာဏ်တွေကို ထုံထိုင်းမှုံးယစ်စေတယ်လို့..."

အိပ်ပျော်နေရာမှ လန့်နိုးလာသော အေဘီဂေးလ်၏ အသံကြောင့် စကားပြော ရပ်သွားကြသည်။ မေ-လင်းသည် ချက်ချင်းပင် လားပေါ်မှ ခုန်ဆင်းကာ ကလေးထည့်ထားသည့် ခြင်းဆီသို့ ကပျာကယာ လျှောက်သွားပြီး ငုံ့ကြည့်သည်။ ကလေး၏ မျက်နှာအား သူမ လက်တစ်ဖက်ဖြင့် သိမ်မွေ့စွာ ပွတ်သပ်ပေးသည်။ ကလေး၏ အသံသည် တိတ်သွားသည်။

အေဘီဂေးလ်မှာ တစ်နှစ်နီးပါး ရှိနေပြီ။ ကလေးမှာ ပိန်၍ အသားအရောင်မှာ ဖြူရော်ရော်၊ ဖျော့တော့တော့။ အခုတော့ဖြင့် သူ အပီအပြင် နိုးနေပြီ။ သူသည် ခြင်းတောင်းထဲ၌ ထထိုင်ကာ မေ-လင်းအား လှမ်းကြည့်သည်။ အပြာရောင် မျက်လုံးအစုံသည် ချစ်စရာ ကောင်းလှပါဘိခြင်း၊ မေ-လင်းသည် သူမ့ နှုတ်ခမ်းအား ကိုက်၍ ကလေးအား ကြည့်နေသည်။ အေဘီဂေးလ်သည် လက်နှစ်ဖက်အား ဆန့်တန်းကာ သူမကို ချီခိုင်းသည်။

ဂျေကော့သည် သူ့သမီးငယ်၏ အဖြစ်ကို ကြည့်ကာ ရင်ထဲ၌ ဆို့လာသည်။ မေ-လင်းကတော့ အေဘီဂေးလ်အား ပွေ့ချီလိုက်ကာ တရုတ်ဘာသာဖြင့် ချော့မြူ စကားပြောသည်။ အေဘီဂေးလ်ကလည်း တရုတ်ကလေး ပေါက်စအသံဖြင့် မပီကလာ ပီကလာ အသံများပြုသည်။ မေ-လင်းသည် ချက်ချင်းပင် ငြိမ်ဆိမ်သွားသည်။ သူမသည် ဂျေကော့အား လှည့်မကြည့်ရဲ၊ ကျောပေးကာ ကလေးကိုသာ ဂရုတစိုက် ပြုလေဟန် ဆောင်ထားသည်။

"ဟိုဘက်က ခြင်းတောင်းထဲမှာ ရေနဲ့ ဆိတ်နို့ ရှိတယ်" ဟု မေ-လင်းက ပြောသည်။ အသံတွင် ငိုသံပါလျက် ရှိ၏။ "ဘာပဲဖြစ်ဖြစ် ရှင် သူ့ကို ဆန်မိုမြို့က သာသနာပြု စခန်းဆီ အမြန်ရောက်အောင် ပို့ဖို့တော့ သိပ်အရေးကြီးတယ်"

မေ-လင်းသည် သူ့လက်ထဲမှ လားဇက်ကြိုးအား ဂျေကော့လက်သို့ လှမ်းပေးသည်။ ထိုအချိန်ကျတော့ မေ-လင်း၏ အမူအရာသည် အေးစက်စက်၊ ဂျေကော့ အပေါ် စိတ်ဝင်စားဟန်ကိုပင် မပြ။ သူမသည် သူမ၏လားထံ ပြန်သွားပြီး တိတ်တိတ်ဆိတ်ဆိတ်ပင် လားကျောပေါ် တက်ထိုင်သည်။ လားပေါ်ရောက်ခါမှ သူမသည် ဂျေကော့အား ငုံ့ကြည့်သည်။ သူမ၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နေသည်။

မေ-လင်းသည် စကား ပြောတော့မည်ဟန်ရှိ၏။ သို့သော်လည်း ဂျေကော့ ထင်သလို ဖြစ်မလာဘဲ နောက်သို့ ပြန်လှည့်ကာ လားအား စမ်းချောင်းထဲသို့ မောင်း၍ ဆင်းသွားသည်။ ဂျေကော့သည် မေ-လင်း နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်သေးသော်လည်း သူ့စိတ်အား ထိန်းချုပ်ကာ ဆက်၍ ရပ်နေသည်။

ဂျေကော့သည် စမ်းချောင်း၏ တစ်ဖက် ကမ်းပါးပေါ် မေ-လင်း ရောက်သွားသည်အထိ စောင့်ကြည့်နေသည်။ မေ-လင်းသည် သူ့ အော်ဒလီနှင့်အတူ လာလမ်းအတိုင်း မြောက်ဘက်သို့ ဦးတည်၍ ပြန်သွားလေပြီ။ မေ-လင်းသည် သူ့ မြင်ကွင်းထဲမှ ဖြည်းဖြည်းချင်း ပျောက်သွားခဲ့လေသည်။

**

ဆန်မိုသို့ လာခဲ့သည့် ခရီးအတွင်း ဂျေကော့သည် လူအနည်းငယ်မျှသာ တွေ့ခဲ့ရ၏။ ပထမဆုံး တွေ့ခဲ့ရသည်မှာ အသားမည်းမည်း ကလေးသူငယ်များဖြစ်သည်။ ဒုတိယမှာ လယ်သမားများဖြစ်၍ သူတို့သည် ဥရောပတိုက်သား လူဖြူတစ်ဦး တစ်ယောက်တည်း ခရီးသွားနေသည်ကို စိတ်ဝင်တစား လှမ်းကြည့်နေသည်။ မည်သို့ပင်ဖြစ်စေ၊ ဂျေကော့ကတော့ ဘယ်သူနှင့်မှ စကားမပြော ရပ်၍လည်း နှုတ်မဆက်။

လမ်းခရိုးတစ်လျှောက်လုံး တစ်နေရာ၌ ရပ်သည်။ သူ့သမီးငယ်အား ထုတ်၍ ဆိတ်နို့တိုက်သည်။ သမီးငယ် အေဘီဂေးလ်အား ပွေ့ချီပြီး နို့တိုက်နေစဉ်အတွင်း သူ့ရင်သည် လှိုင်းထလာသည်။ မျက်ရည်များသည် ပိုးပိုး ပေါက်ပေါက် ကျလာသည်။ သူ မချိတတ် ချိတတ်နှင့် ချီထားသဖြင့် အေဘီဂေးလ်သည် စိတ်တိုင်းမကျ။ တိုက်သည့် ဆိတ်နို့အား ကောင်းကောင်း မစို့ဘဲ ဒေါသတကြီး ငိုပါလေတော့၏။ သို့သော်လည်း ငိုကြောရှည်ခြင်း မရှိဘဲ ခဏနှင့် ပြန်တိတ်သွားသည်။

မွန်းလွဲပိုင်း ဝင်စတွင် သူသည် ကလေးခြင်းတောင်းများ ခွတင် ထားသော လားအား တောင်စွန်းထက်သို့ ဆွဲခေါ်လာခဲ့သည်။ ပြာမှိုင်းမှိုင်း ဖြစ်နေသော အောက်ဘက်ရှိ မြစ်ကွေ့တွင် ဆန်မိုမြို့အား မြင်တွေ့နေရ၏။ နောက်နာရီဝက်ခန့် အကြာတွင် သူသည် ဂိတ်တံခါးဆီသို့ ရောက်လာသည်။ သူသည် ဝတ်လုံရှည်ကြီးများ ဝတ်ထားသည့် အမျိုးသား အမျိုးသမီးများအား လှမ်းမြင်နေရသည်။ ထိုလူစုသည် ထုံးဖြူသုတ်ထားသော အဆောက်အအုံကြီးများ၏ အပြင်ဘက်၌ ရပ်နေကြခြင်း ဖြစ်လေသည်။

သူ့အား မြင်တွေ့လိုက်ကြသည့်အခါ လူအားလုံးသည် သူ့ဘက်သို့ လက်များဝှေ့ယမ်းပြကာ အော်ဟစ် နှုတ်ဆက်ကြသည်။ ပါးမုန်းမွေးများနှင့် ဥရောပ တိုက်သား တစ်ဦးသည် လူအားလုံးကို ဦးဆောင်ကာ ဂျေကော့၏ လားဘေးသို့ ရောက်လာကြသည်။ ပါးမုန်းမွေးနှင့် ပုဂ္ဂိုလ်ကား လောရင့်စ် ဖရန်ကလင်ဖြစ်၍ သူသည် လားပေါ်မှ ဂျေကော့အား ကူညီပြီး ချပေးသည်။

ဖရန်ကလင်သည် သူ့ လက်နှစ်ဖက်ဖြင့် ဂျေကော့အား သိမ်းဖက်ထားသည်။ ဂျေကော့သည် ဖရန်ကလင်၏ လက်တွင်းသို့ ပျော့ခွေပြီး ကျသွားသည်။ သူ့ ခွန်အားများသည် အခုမှပင် လုံးဝ ကျဆင်းသွားခဲ့လေပြီ။ သူသည် သူ့ကိုယ်သူ ပြန်ထိန်းကာ ခြင်းတောင်း နှစ်တောင်း ခွတင်ထားသည့် လားဆီသို့ လက်ညှိုးထိုးပြသည်။ ထိုခြင်းတောင်းများထဲမှ တစ်လုံးတွင် သူ့ သမီးငယ် ရှိနေကြောင်း၊ ထိုသမီးငယ်မှာ ဂရုတစိုက် ပြုစုပေးဖို့ လိုအပ်နေကြောင်းများ ပြောပြသည်။ ထိုအခိုက်မှာပင် ဆံပင်တွေ ဖွေးဖွေးလှုပ်မျှ ဖြူနေသော အင်္ဂလိပ် အမျိုးသမီးကြီး တစ်ယောက်သည် ခြင်းတောင်းထဲမှ ကလေးအား ပွေ့ချီလိုက် သည်ကို ဂျေကော့ မြင်လိုက်ရလေ၏။

"ခင်ဗျားတို့ နှစ်ယောက်စလုံး ဘာမှ မဖြစ်ခဲ့ကြဘူးနော်၊ တော်ပါသေးရဲ့။ တကယ် အံ့ဩစရာ တစ်ခုပါပဲ" ဟု ဖရန်ကလင်က ပြောကာ ဂျေကော့အား ကူလီ နှစ်ဦး ထမ်းပိုမည့် ဝေါ်ဆီသို့ ခေါ်သွားသည်။ "မက်သူး ဘာလို ပြောခဲ့သမျှတွေ အမှန်တွေချည်းပဲ" ဟုလည်း ထပ်ပြောသည်။

"ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးပါတယ်" ဟု ဖရန်ကလင်က ရေရွတ်သည်။ ထိုအခါ ဂျေကော့ကလည်း "ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးပါတယ်" ဟု ရေရွတ်လိုက်လေသည်။

***

အပိုင်း ငါး

ချိတက်နေကြသူများ နောက်တွန့်ခြင်း

၁၉၅၇

မိုင်ပေါင်းများစွာ ချီတက်ခဲ့ရပြီးသည်၏နောက် အဆမတန် ပင်ပန်းနွမ်းပတိုက်ကာ လူအများ မြင်၍ မကောင်းလောက် အောင်ပင် အစုတ်စုတ် အပြတ်ပြတ် ဖြစ်ပြီး အသက်ရှင် ကျန်ရစ်ခဲ့သူ တပ်နီ စစ်တပ်မှ လူတစ်စုသည် ၁၉၃၅-ခုနှစ် အောက်တိုဘာလ အတွင်းတွင် မော်စီ-တုန်းနှင့် အတူ မြောက်ပိုင်း ရှင်စီ ပြည်နယ် အတွင်းသို့ ဝင်ရောက်လာခဲ့ကြ သည်။ ထိုသူများ၏ အကြောင်းသည် နောက်ပိုင်း ဆယ်စုနှစ် ကာလများအတွင်း တရုတ် တော်လှန်ရေးကြီး၏ အသက်ဝင် ရှင်သန် ကျန်ရစ်ခဲ့သော ဒဏ္ဍာရီ ပုံပြင်သဖွယ် ဖြစ်လာခဲ့ရ လေ၏။

လွန်ခဲ့သော အစောပိုင်း တစ်နှစ်က လူပေါင်း ၁၀၀,၀၀၀ သည် တရုတ်နိုင်ငံ ရှေ့တောင်ပိုင်းဒေသ အတွင်းရှိ ကီအန်စီ ဗဟို ဆိုဗီယက် နယ်မြေ တိုက်ပွဲများအတွင်းမှ မော်ကွန်းတင် လောက်အောင် ကြီးမား ရှည်လျားသည့် မိုင် ၆,၀၀၀ ခရီးအား အစပြုခဲ့ကြသည်။ ထို လူပေါင်း ၁၀၀,၀၀၀ အနက် ၅,၀၀၀ သို့မဟုတ် ၅,၀၀၀ ကျော်ကျော်သည် တရုတ်နိုင်ငံ၏ မဟာ တံတိုင်းကြီးနှင့် အနီးကပ်ဆုံးသော အနောက်မြောက်ပိုင်း ဒေသတွင်းရှိ ဂူများဆီသို့ ရောက်ရှိလာကာ အကာအကွယ် ယူခဲ့ကြလေသည်။

သို့သော်လည်း အသက်ရှင် ကျန်ရစ်ခဲ့သူ အများစုမှာ စနစ်တကျ လေ့ကျင့် ပြုစု ပျိုးထောင်ထားသော ပါတီ အရာရှိ

များသာလျှင် ဖြစ်၏။ သူတို့အား 'ကေဒါများ' ဟုခေါ်၍ နောက်ပိုင်း တည်ရှိလာမည့် ရာစုနှစ် တစ်ဝက်ကျော်အတွင်း တရုတ် ကွန်မြူနစ်ပါတီ၏ လူစွမ်းကောင်း အသက်သွေးကြော များအဖြစ် ရပ်တည်ခဲ့ကြသည်။ သတ္တိရှိခြင်းနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံခြင်းနှင့် ပတ်သက်သော မရေမတွက်နိုင်အောင် များပြားသည့် ပုံပြင်ဆန်ဆန် အကြောင်းအရာများသည် ပေါ် ပေါက်လာကြသည်။ ဤသို့ဖြင့် "ခရီးရှည် ချီတက်ပွဲကြီး" ချန်ချင်းသည် နောင် နှစ်ပေါင်း ဆယ့်လေးနှစ် အကြာတွင် ကွန်မြူနစ်တို့က လုံးဝ မမျှော်လင့်ဘဲနှင့် တရုတ် ပြည်မကြီး အား အနိုင်ရရှိ သိမ်းပိုက်ရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့လေသည်။

မည်သို့ပင် ဖြစ်စေ ကွန်မြူနစ်များ အသက်ရှင်သန် ကျန်ရစ်ခဲ့ကြသည့် အခြေခံ အကြောင်းအချက်မှာ ဂျပန်တို့ ကျူးကျော်မှု ဖြစ်သည်။ အသစ်တစ်ဖန် ပြန်လည် စတင်ခဲ့သော ကိုမင်တန်တို့၏ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်မှုများသည် ခရီး ရှည် ချီတက်ပွဲကြီး ပြီးဆုံးသွားသည့် အချိန်တွင် ကွန်မြူနစ်များ အား များစွာ ထိခိုက်စေခဲ့၏။ ကွန်မြူနစ်တပ် အများစုမှာ ကိုမင်တန်တို့၏ လက်ချက်ဖြင့် ကုန်လုနီးပါး ဖြစ်ခဲ့၏။

မော်၏ တပ်နီစစ်တပ် အကျန်အကြွင်းများသည် ရှင်စီ ကန်ဆု ဆိုဗီယက် နယ်မြေအတွင်းသို့ ဆိုက်ရောက်လာချိန်၌ တပ်သား များများစားစား မရှိတော့ပေ။ ထိုစဉ်က ရှိနေခဲ့သည့် တပ်သား အရေအတွက်မှာ ၈,၀၀၀ မျှသာရှိသည်။ သူတို့၏ အခြေစိုက် စခန်းမှာ ဗဟိုတောင်ပိုင်း ဆိုဗီယက် အခြေစိုက် စခန်းများနှင့် နှိုင်းယှဉ်လိုက်သည့်အခါ အလွန် သေးငယ်သွားသည့် နေရာဒေသ ဖြစ်သည်။ နှစ်ပေါင်းများစွာ ကုန်လွန်သွားသည် အထိ ပြောက်ကျား စနစ်များကိုသာ အသုံးပြု၍ တိုက်ခိုက် ကြသည်။

နောက် တစ်နှစ်မျှ အကြာတွင် ကွန်မြူနစ် တပ်များသည် မြောက်ပိုင်းသို့ ဆုတ်ခွာခဲ့ကြသည်။ အချိန်မှာ ၁၉၃၆-ခုနှစ် ဆောင်းဦးကာလ ဖြစ်၏။ ထိုစဉ်က ကျန်ရစ်ခဲ့သည့် တပ်သား အရေအတွက်မှာ ၃၀,၀၀၀ ထက် မပိုပေ။ ၁၉၃၅-ခုနှစ်

နွေရာသီတွင် မော်စီ-တုန်းအား ခေါင်းဆောင် အဖြစ်မှ ဖြုတ်ချရန်အတွက် ချန်ကုအို-တာအိုသည် ရောက်လာသည်။ သူသည် အမှတ် (၄) ရှေ့တန်းတပ်မှ လူပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်ဖြစ်ရာ သူ့ တပ်သားများထဲမှ လူတစ်ထောင်ကျော်ခန့် သာလျှင် ရှင်စီ နယ်သို့ ဆိုက်ရောက်သွားခဲ့သည်။

ထို့နောက် ချန်ကုအို-တာအိုသည် စည်းကမ်းဖောက်ဖျက်မှုများကို ကျူးလွန်သည်ဟူသော စွပ်စွဲချက်များဖြင့် အရေးယူခံခဲ့ရသည်။ ချန်သည် ကိုမင်တန် ဘက်သို့ ကူးပြောင်းခဲ့၏။ ဟိုလန်း လက်အောက်ရှိ အမှတ် (၂) ရှေ့တန်း တပ်သည် ယူနန် အခြေစိုက် စခန်းမှနေ၍ မြောက်ပိုင်းသို့ ခရီးရှည် ချီတက်ပွဲကြီး အစပြုခဲ့၏။ သို့သော်လည်း သူ၏ ချီတက်ပွဲမှာ အောင်မြင်မှု ရသည်ဟု မဆိုသာပေ။ တပ်သား ဦးရေ ၃၅,၀၀၀ အနက် လူပေါင်း ၁၀,၀၀၀ သာလျှင် အသက်ရှင် ကျန်ရစ်ခဲ့လေ၏။

ယင်းကဲ့သို့သော အဟန့်အတားများကြောင့် မော်စီ-တုန်းသည် ချန်ကေ-ရှိတ်၏ တပ်များနှင့် မဟာမိတ်ဖွဲ့ရန် နည်းလမ်းရှာဖွေခဲ့သည်။ ၁၉၃၆-ခုနှစ် ဒီဇင်ဘာလတွင် စီအန်အရေးအခင်း ပေါ်ပေါက်လာသည်။ မဟာမိတ်ဖွဲ့ထားသော စစ်ဘုရင်အုပ်စုမှ တပ်များက ချန်ကေ-ရှိတ်၏ တပ်များအား ပြန်ပေးဆွဲသည့် ကိစ္စဖြစ်၏။ ဤ အရေးအခင်းအား အကြောင်းပြု၍ ချန်ကေ-ရှိတ်သည် ကွန်မြူနစ် တပ်များနှင့် မဟာမိတ်ဖွဲ့၍ ပေါင်းစည်းရန် သဘောတူခဲ့သည်။

ထို့နောက်တွင်မူ ခရီးရှည် ချီတက်ပွဲကြီးမှ အသက်ရှင်လျက် ကျန်ရစ်ခဲ့သူများသည် ကိုမင်တန် ယူနီဖောင်းများကို ဝတ်ဆင်လိုက်ကြပြီး ကိုမင်တန်တို့၏ လက်အောက်ခံအဖြစ် ရပ်တည်ခဲ့ကြသည်။ သို့တစေလည်း ယင်း ပေါင်းစည်းမှုမှာ ခိုင်မာခြင်း မရှိခဲ့ချေ။ မဖြစ်စလောက် အကြောင်းတစ်ခုခုဖြင့် ခွာပြသွားမည့် အခြေအနေတွင် ရှိနေသည်။

ထိုအချိန်တွင် ဂျပန် စစ်တပ်များသည် တရုတ်နိုင်ငံတွင်းသို့ ကျူးကျော် ဝင်ရောက်ခဲ့ကြပြီးဖြစ်၍ ၁၉၃၈ ခုနှစ် အကုန်ခန့်တွင် မြို့ကြီးပြကြီးများနှင့် စစ်ရေးအရ အချက်အချာ

ကျသော ပင်လယ် ဆိပ်ကမ်းမြို့အား သိမ်းပိုက်ထားလိုက်ပြီ ဖြစ်သည်။ အလွန် လျင်မြန်သော ဤထိုးစစ်များကြောင့် ချန်ကေ-ရှိတ်သည် အလွန် ကြီးမားကျယ်ပြန့်သော တရုတ်နိုင်ငံကြီး၏ အတွင်းပိုင်းသို့ ပြန်လည် ဆုတ်ခွာသွားရသည်။ ချန်ကေ-ရှိတ်သည် သူ၏ အစိုးရ ရုံးစိုက်ရာ မြို့ကိုလည်း နန်ကင်းမှ အနောက်တောင်ပိုင်းဒေသရှိ ချုံကင်းသို့ ပြောင်းရွှေ့ဖြစ်ခဲ့သည်။ တဖြည်းဖြည်းနှင့် ကျူးကျော်သူများအား ဆီးကြို တိုက်ခိုက်နေရသော ချန်ကေ-ရှိတ်၏ အခြေအနေသည် သောင်မတင် ရေမကျ ဖြစ်လာခဲ့လေသည်။

မော်စီ-တုန်းနှင့် ကွန်မြူနစ်များသည် ယီနန်ပြည်နယ် ရှင်စီ တောင်ကုန်းများ ကြားရှိ ဂူအိမ်များထဲ၌ အကျအန အခြေချ နေထိုင်လျက် ရှိကြသည်။ ထိုနေရာသည် လူသူနှင့် အလှမ်းဝေးပြီး တရုတ် နိုင်ငံအား တစ်ချိန်က ကြီးကျယ်မြင့်မားအောင် စွမ်းဆောင်ပေးခဲ့သူ ဧကရာဇ်ဘုရင်တစ်ပါး၏ သင်္ချိုင်းနှင့် ကပ်နေသည်။ ဤ နေရာတွင် ကွန်မြူနစ်တို့သည် 'တော်လှန်ရေး တက္ကသိုလ်' တစ်ခု တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်နိုင်ငံ၏ မြို့ကြီးအားလုံးမှ မျိုးချစ်လူငယ်များအား တက်ရောက်ချင်စိတ် ပြင်းပြအောင် ဆွဲဆောင်မှု များစွာ ပေးခဲ့သည်။

နောက် ဆယ်တစ်နှစ်မျှ ကာလအတွင်း ယီနန်သည် တရုတ် တော်လှန်ရေးကြီး မွေးဖွားရာ နယ်မြေ ဖြစ်လာသည်။ ကိုမင်တန်များနှင့် ကွန်မြူနစ်များ၏ ပေါင်းစည်း ကာကွယ်မှု အောက်တွင် မြောက်ပိုင်းဒေသတွင်းမှ လယ်သမားများသည် စည်းလုံးညီညွတ်မှု ရရှိလာခဲ့သည်။

အလွန် ပရိယာယ်များသည့် ပြောက်ကျားစနစ် စစ်သေနင်္ဂဗျူဟာများအား အလွန် တွင်ကျယ်စွာ အသုံးပြုခဲ့သဖြင့် လူ အရေအတွက် အများကြီး မဆုံးရှုံးရဘဲနှင့် ဂျပန်တပ်များအား ထိရောက်စွာ အနှောင့်အယှက် ပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် အမှတ် (၈) တပ်မဟာသည် ၁၉၃၇-ခုနှစ်တွင် တပ်သားအင်အား ၄၅,၀၀၀ ရှိခဲ့ရာမှ နောက် တစ်နှစ်တွင် ၁၅၀,၀၀၀ အထိ တိုးတက်လာခဲ့လေသည်။

နောက် ခုနစ်နှစ်မျှအကြာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားချိန်၊ အမေရိကန်တို့က ဟီရိုရှီးမားနှင့် နာဂါစကီးမြို့များအား ဗုံးကြဲအပြီး ဂျပန်တို့ လက်နက်ချချိန်တွင် မော်၏ ကွန်မြူနစ် တပ်များသည် စတုရန်းမိုင်ပေါင်း နှစ်သောင်းကျော် နယ်မြေများအား ထိန်းချုပ်ထားနိုင်ခဲ့ရုံမျှမက လူဦးရေ သန်း နှစ်ဆယ်ကျော်အား အုပ်ချုပ်ထားနိုင်ခဲ့လေသည်။

ထိုအချိန်တွင် ကိုမင်တန်တို့ ဘက်၌ နိုင်ငံရေးနှင့် စစ်ရေးတွင် အကျင့်ပျက်ပြားမှုများလည်း ကြီးထွားလာခဲ့သည်။ ယင်းကိစ္စများအား အရေးယူမှုသည် ထိရောက်မှု မရှိသဖြင့် လက်နက်ကိုင် စစ်သား လေးသန်းကျော်၏ အကျင့်ပျက်ပြားမှုများသည် ထိန်းမနိုင် သိမ်းမရ ဖြစ်လာခဲ့ရလေ၏။ ဤသို့ဖြင့် ၁၉၄၆-ခုနှစ်တွင် ပြည်တွင်းစစ် တစ်ခု ပေါက်ဖွားလာပြန်သည့်အခါ လယ်သမား ယာသမား အများစုသည် မော်၏ အလံများအောက်သို့ ခိုဝင်သည်က များလာခဲ့လေ၏။

၁၉၄၈-ခုနှစ်တွင် တပ်နီ စစ်တပ်သည် အမေရိကန်အကူအညီ ရနေသော ရဲဘော် လေးသန်းကျော် ရှိနေသည့် ကိုမင်တန် တပ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ကွန်မြူနစ်တို့ကတော့ ထုံးစံအတိုင်း ပြောက်ကျားစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ကြ၏။ ဤသို့ဖြင့် ကွန်မြူနစ်တို့သည် မန်ချူးရီးယားနှင့် တရုတ်နိုင်ငံ မြောက်ပိုင်း နယ်မြေ အများစုအား သိမ်းပိုက်အုပ်စီးထားနိုင်ခဲ့ကြလေ၏။

၁၉၄၉-ခုနှစ်၏ အစောပိုင်း ကာလတွင် ပီကင်းသည် လက်နက်ချ အညံ့ခံခဲ့သည်။ တပ်နီ တပ်များသည် တောင်ဘက်သို့ ချီတက်လာကြပြီး ယန်ဇီမြစ်အား ဖြတ်ကူးကာ အခြားသောမြို့ကြီးများအား တစ်မြို့ပြီး တစ်မြို့ သိမ်းပိုက်ခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စု၏ ထောက်ခံ ကူညီမှုကို ရယူလျက်ရှိသော ချန်ကေ-ရှိတ်သည်ကား စစ်သား သန်းဝက်ခန့်ဖြင့် ဖော်မိုဆာ ဟု ခေါ်သော ထိုင်ဝမ် ကျွန်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့လေသည်။

၁၉၄၉-ခုနှစ် အောက်တိုဘာ (၁) ရက်နေ့တွင် ပီကင်းမြို့တော်၏ မြတ်သော ငြိမ်းချမ်းရေး သုဂတိဘုံ တံခါးမှ နေ၍

မော်စီ-တုန်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်လိုက်ပြီဟု ကမ္ဘာသိ ကြေညာခဲ့၏။ နောက် ခုနစ်နှစ် သို့မဟုတ် ရှစ်နှစ်အတွင်း မော်နှင့် ခရီးရှည် ချီတက်ပွဲကြီးမှ ရဲဘော်များသည် ရှေးဟောင်း တရုတ်နိုင်ငံအား မမှတ်မိနိုင်လောက်အောင် ပြောင်းလွဲသွားသည့် နိုင်ငံ တစ်နိုင်ငံအဖြစ် ပြောင်းလဲ ပစ်လိုက်လေသည်။

မျိုးချစ်ပါတီပေါင်းစုံ စုပေါင်းထားသည့် ညွန့်ပေါင်း အစိုးရတစ်ဖွဲ့အဖြစ် ဟန်ဆောင်ထားသော ကွန်မြူနစ်အစိုးရအား ဦးဆောင်ရာ၌ မော်သည် အောင်မြင်မှု ရရှိခဲ့၏။ တစ်မျိုးသားလုံး အတိုင်းအတာနှင့် အညီအညွတ်ရှိသော ရည်မှန်းချက်ကြီးမားသည့် စည်းကမ်းများကိုလည်း ချမှတ်နိုင်ခဲ့သည်။

သူ၏ အစီအစဉ်အရ လယ်သမား အလုပ်တပ်ဖွဲ့များအား တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြီးမားကျယ်ပြန့်စွာ ဖွဲ့စည်းခဲ့သည်။ အဓိက ရည်မှန်းချက်မှာ ရှေးခေတ်ဟောင်းကတည်းက တွန်းလှန်၍ မရဘဲ တစ်နိုင်ငံလုံး ခါးစည်း၍ ခံခဲ့ကြရသော ရေကြီးခြင်းနှင့် ငတ်မွတ်ခြင်း အန္တရာယ်များအား အောင်မြင်စွာ ခုခံတိုက်ခိုက်နိုင်ရန် ဖြစ်၏။

ဤသို့ဖြင့် လယ်သမား အလုပ်တပ်ဖွဲ့များသည် နေရာအနှံ့တွင် ရေနုတ်မြောင်းများ၊ ဆည်မြောင်း တာတမံများ၊ ရေကာတာများနှင့် ရေလှောင်ကန်များ တူးဖော်ခြင်း၊ တည်ဆောက်ခြင်း စသော အလုပ်များအား မနားမနေ လုပ်ဆောင်ခဲ့ကြသည်။ နှစ်စဉ် ရေလျှံလေ့ရှိသော မြစ်ကြီးများအား ထိန်းချုပ်နိုင်အောင် စီမံဆောင်ရွက်ခြင်းနှင့် မိုးခေါင်မှုကို ခုခံတွန်းလှန်ရန် ရေများ သိုလှောင်ခြင်း စသော အလုပ်များကိုလည်း အဆက်မပြတ် လုပ်ဆောင်ခဲ့ကြလေသည်။

ရှေးခေတ်ဟောင်း နှစ်ပေါင်းများစွာ ကတည်းက တည်တံ့ခိုင်မာနေခဲ့သော မြေယာစနစ်အား ပြုပြင်ပြောင်းလဲပစ်သည်။ ပုဂ္ဂလိက စိုက်ပျိုးရေးစနစ်အစား စုပေါင်းလယ်ယာ စိုက်ပျိုးရေးစနစ်ကို အစားထိုးသည်။ ထို စနစ် အောက်တွင် အိမ်ထောင်စုများသည် လုပ်အား၊ မြေယာ၊ လယ်ယာသုံး ကိရိယာ တန်ဆာ

ပလာများနှင့် လယ်ယာ လုပ်ငန်းခွင်သုံး တိရစ္ဆာန်များအား စုပေါင်း၍ သုံးကြရ၏။

နိုင်ငံတကာ အလယ်တွင် တရုတ်၏ ဂုဏ်သိက္ခာနှင့် မိမိကိုယ်မိမိ ယုံကြည်မှုသည် ၁၉၅၀-ခုနှစ်တွင် စတင်ဖြစ်ပွား လာခဲ့သည့် ကိုးရီးယား စစ်ပွဲအတွင်း၌ အရှိန်တက်လာခဲ့သည်။ ထိုစစ်ပွဲတွင် တရုတ်တို့သည် လူဦးရေ အဆမတန် များပြား သော နိုင်ငံဖြစ်ခြင်းကြောင့် လူအင်အား အများကြီးသုံးကာ အမေရိကန် ပြည်ထောင်စုနှင့် အနောက်ဘက် တိုင်း နိုင်ငံများ မှ စစ်တပ်များနှင့် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့ကြသည်။

ထိုအချိန်က တရုတ်တို့သည် သံတမန်ရေးရာနှင့် သဘောတရားရေးရာအရ ဆိုဗီယက် ပြည်ထောင်စုနှင့် မဟာမိတ် ဖြစ်၏။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အနေဖြင့် စက်မှုလုပ်ငန်းသစ်များ ချမှတ်ဆောင်ရွက်ရာ၌ အရေးပါသော စက်မှုနည်းပညာ အကူအညီများကို ရုရှားများထံမှ ရရှိခဲ့ကြ လေသည်။

ထိုအခါ တရုတ်နိုင်ငံ၏ လူဦးရေမှာ သန်းပေါင်း ခြောက်ရာမျှ ရှိနေခဲ့သော်လည်း ထိုစဉ် ကာလအတွင်းက ရာပေါင်း ထောင်ပေါင်းများစွာသော ကျေးလက်နေ မြေရှင် ကြီးများသည် ပြောင်းလဲပြုပြင်စ မြေယာစနစ်အရ ရက်စက် စွာ အသတ်ခံခဲ့ကြရ၏။ နိုင်ငံ၏ စီးပွားရေးကို တည်ဆောက် ရာ၌ တစ်တပ်တစ်အား ပါဝင်၍ ကူညီလျက်ရှိကြသော အသေးစား အရင်းရှင် အများအပြားမှာလည်း ဆင်းရဲဒုက္ခ ပေါင်းစုံနှင့် ကြုံတွေ့ကြရသည်။ ယင်းတို့၏ လုပ်ငန်းဟူသမျှ အား နိုင်ငံတော်က ပြည်သူပိုင် သိမ်းခြင်းအားဖြင့် ထိုသူများ၏ ဘဝသည် အဖတ်ဆယ်၍ မရအောင် ပြိုကွဲပျက်စီး ခဲ့ကြရ လေသည်။

ပီကင်း အစိုးရအဖွဲ့မှ အုပ်ချုပ်သူ လူသစ် ကွန်မြူနစ်များ သည် ငါးဆယ် ခုနှစ်များ၏ အစောပိုင်း ကာလတွင် ပြည်သူ အများစု၏ ထောက်ခံမှုကို ရရှိခဲ့ကြသဖြင့် များစွာ လူကြိုက် များသည့် အစိုးရ ဖြစ်လာခဲ့၏။

ဂျပန်များ၏ ကျူးကျော်မှု၊ ပြည်တွင်းစစ် အကျင့် ပျက်ပြားမှု၊ ဆင်းရဲခြင်းနှင့် ရောဂါထူပြောခြင်း စသည့် ဆိုးကျိုးများဖြင့် ပြည့်လျှမ်းနေသော ဆယ်စုနှစ် များစွာ ကုန်လွန်ခဲ့ပြီးနောက် ပေါ်ပေါက်တည်ရှိလာသည့် ကွန်မြူနစ်ခေတ်တွင် တရုတ်လူမျိုး အများစု၏ အခြေအနေ အရပ်ရပ်သည် ထိုက်သင့်သလောက် တိုးတက်လာခဲ့သည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ထို ပျားရည်ဆမ်း အချိန်ကာလ၏ ချမ်းသာသုခသည် အလွန် တိုတောင်းလှချေသည်။ မမြင်နိုင်စွမ်းသော ပဋိပက္ခများသည် ပါတီခေါင်းဆောင်များကြား၌ ပေါ်ပေါက် တည်ရှိလာခဲ့သည်မှစ၍ နောက်ဆုံးတွင် အသစ်အသစ်သော ကြေကွဲစရာ အဖြစ်ဆိုးများသည် ဖြစ်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် ၁၉၅၇-ခုနှစ်ထဲတွင် အတွင်းစည်းထဲ၌ တိတ်တဆိတ် ကျိတ်၍ ဖြစ်နေသော အကွဲအပြဲများသည် မျက်နှာပြင်ထက်သို့ တက်လာခဲ့လေ၏။

ဤ ဖြစ်ရပ်များနှင့် ပတ်သက်၍ ပထမဆုံး ကြုံခဲ့ရသည်မှာ ၁၉၅၆-ခုနှစ် မော်စကို၌ ကျင်းပခဲ့သော ပါတီကွန်ဂရက်၌ ဆိုဗီယက် ခေါင်းဆောင်သစ် နီကီတာ ကရူးရက်ဗ်က ခေါင်းဆောင်ဟောင်း (လက်ရှိခေါင်းဆောင်) ဂျိုးဇက် စတာလင်အား လူသိရှင်ကြား စွပ်စွဲပြောဆိုကာ ရှုတ်ချပြစ်တင် လိုက်ခြင်း ဖြစ်၏။

ထို မီးတောက်သည် ဟန်ဂေရီနှင့် ပိုလန်နိုင်ငံများမှ ကွန်မြူနစ် အစိုးရများအား တော်လှန်ပုန်ကန်စေသည့် အနေအထားသို့ တွန်းပို့ခဲ့သည်။ ပြင်းထန်သော အရှိန်အဟုန်ကြောင့် ဟန်ဂေရီ ကွန်မြူနစ်ပါတီသည် အသိဉာဏ် ပညာရှင်တို့၏ ဝေဖန် ဆန်းစစ်မှုအောက်တွင် ပြိုကွဲ ပျက်စီးသွားခဲ့ရလေသည်။

ထို အဖြစ်များသည် မော်စီ-တုန်းအား ထိတ်လန့်ချောက်ချားစေခဲ့၏။ ဟန်ဂေရီ ကွန်မြူနစ်ပါတီ ပြိုကွဲ ပျက်စီးသည့်နောက် မကြာမတင်မှာပင် မော်သည် သမိုင်းတွင်ရစ်မည့် မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့သည်။ ထို မိန့်ခွန်းတွင် မော်က အသိပညာရှင် အတတ်ပညာရှင်များ၊ ကျောင်းသူ ကျောင်းသား

များနှင့် အခြားသော ပါတီခေါင်းဆောင်များအား ကွန်မြူနစ် ပါတီနှင့် လက်တွဲ၍ လုပ်ကိုင်သွားကြရန် ဖိတ်ခေါ်ခဲ့သည်။

မော် အနေဖြင့် ဟန်ဂေရီ နိုင်ငံ၌ ရင်ဆိုင်နေရသည့် ဖြစ်ရပ်မျိုးကို မလိုလားချေ။ တရုတ်တို့၏ ရှေးခေတ်ဂန္ထဝင် စကားအတိုင်း "ပန်းတိုင်း ပွင့်ကြပါစေ" ဟူသော မူကို အသိ အမှတ်ပြုကာ ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ယင်း ဖိတ်ခေါ်ချက် သည် ပီကင်း ကွန်မြူနစ်ပါတီ ခေါင်းဆောင်ပိုင်းများ၌ များစွာ ဂယက်ရိုက်ခဲ့သည်။ ထိပ်ပိုင်း ခေါင်းဆောင်များအား များစွာ တုန်လှုပ် ချောက်ချားစေခဲ့၏။ ၁၉၅၇-ခုနှစ် အလယ်ပိုင်းတွင် **"ပြုပြင်ပြောင်းလဲရေး တိုက်ပွဲ"** ဟု အမည်ပေးထားသော အလွန် ရက်စက် ကြမ်းကြုတ်သည့် လုပ်ငန်း တစ်ရပ်ကို ချမှတ် ဆောင်ရွက်ခဲ့ကြသည်။

ထို လုပ်ငန်းကို ဆောင်ရွက်နေသည့် ကာလအတွင်း အသိပညာရှင်နှင့် အတတ်ပညာရှင် အများအပြား ဖမ်းဆီးခြင်း ခံခဲ့ရ၏။ ယင်းတို့အား အလုပ်ကြမ်း စခန်းများသို့ ပို့၍ ကိုယ် စိတ် နှစ်ပါး ဆင်းရဲအောင် ပြုလုပ်ခဲ့ကြ၏။ သို့သော်လည်း ယင်း ဖြစ်ရပ်များနှင့် ဆက်စပ် ပတ်သက်သော သတင်းများမှာ အနောက် နိုင်ငံများ ဆီသို့ မှန်မှန်ကန်ကန် တိတိကျကျ မရောက်ရှိခဲ့ကြပေ။ ၁၉၄၉-ခုနှစ်မှ စ၍ ကွန်မြူနစ် မဟုတ်သူ များအား တရုတ်နိုင်ငံတွင်းသို့ ဝင်ခွင့်မပေးခဲ့ကြပေ။ ထို့ကြောင့် လည်း တရုတ်နိုင်ငံ အကြောင်းနှင့် တရုတ် ကွန်မြူနစ်ပါတီ အကြောင်း အမှန်အတိုင်း မသိခဲ့ကြချေ။

ထိုစဉ်က "တရုတ်နိုင်ငံအား စောင့်ကြည့်သူများ" ၏ ကြိုးပမ်း အားထုတ်မှုများကြောင့် အနောက်တိုင်း နိုင်ငံများသည် တရုတ်နိုင်ငံ၏ အကြောင်းကို သိခွင့်ရခဲ့ကြသည်။ "တရုတ် နိုင်ငံအား စောင့်ကြည့်သူများ" မှာ သတင်းစာဆရာများ၊ သံတမန်များနှင့် စာရေးဆရာများ ဖြစ်၍ သူတို့လူစုသည် ဗြိတိသျှတို့၏ ကိုလိုနီ နိုင်ငံဖြစ်သော ဟောင်ကောင်၌ အခြေ စိုက်ကြသည်။ **"ပန်းတိုင်း ပွင့်ရေး"** ဟူသော တိုက်ပွဲမှာ ထဲထဲ ဝင်ဝင် နားလည်ဖို့ ခက်ခဲလှချေသည်။ တရုတ်နိုင်ငံ၏ ရေဒီယို

အသံလွှင့်ဌာန အများအပြားမှ မည်မျှပင် ကြေညာနေသော်လည်း အဖြစ်မှန်များကို မည်သူမျှ အမှန်အတိုင်း မသိကြရပေ။ **"ဝါး ကန့်လန့်ကာ"** နောက်ကွယ်မှ ထွက်ပြေး လွတ်မြောက်လာကြသော ဒုက္ခသည်များလည်း တရုတ်နိုင်ငံတွင်းမှ အဖြစ်မှန်များကို တိတိကျကျ သိနားလည်စွမ်း မရှိကြပေ။

* * *

၁

အော်ဂီဂေးလ် ကယ်လ်နာ အရှယ်ရောက်ခါမှ တရုတ်နိုင်ငံ၏ အစအနကို ပထမဦးဆုံး မြင်ရသည်မှာ ၇၄၉ ဘီအိုအေစီ လေယာဉ်တစ်စီး၏ ပြတင်းပေါက်မှနေ၍ မြင်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဂျက်လေယာဉ်ကြီးသည် ဟောင်ကောင်ကျွန်း၏ အနောက်ဘက် မိုင်အနည်းငယ်အကွာ ကောင်းကင်ယံ တိမ်ထုကြားမှ ပျံဝဲပြီး အောက်သို့ဆင်းလာခိုက်ဖြစ်သည်။ အောက်ဘက်ရှိ ပင်လယ်ကမ်းရိုးတန်းမှာ မြွေလိမ်မြွေကောက်ဖြစ်သည်။ တစ်လုံးပေါ် တစ်လုံး ဆင့်၍ ပြေးသွားနေသည်ဟု ထင်ရလောက်သော အနောက်မြောက်ဘက်ဆီမှ တောင်ကုန်းများမှာ မြူများ ဆိုင်းနေသဖြင့် သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော်လည်း အော်ဂီဂေးလ်သည် အလှမ်း အလွန်ဝေးသည့်နေရာမှ ရှုခင်းဆီသို့ စူးစူးရဲရဲ ကြည့်နေဆဲဖြစ်၏။

အော်ဂီဂေးလ် ကြည့်နေခိုက်မှာပင် လေယာဉ်သည် တောင်ဘက်သို့ ဦးလှည့်သွားပြန်သည်။ ထို့နောက် အောက်သို့ နိမ့်ဆင်းလာနေပြီဖြစ်သော လေယာဉ်သည် ကေတက် လေယာဉ်ကွင်း ဆီသို့ ဦးတည်လျက်ရှိသည်။ အောက်ဘက်တွင် တရုတ်ကွန်မြူနစ်နိုင်ငံမှ ထွက်ပြေးလာကြသော နောက်ဆုံး ဒုက္ခသည်အုပ်စုအတွက် ဆောက်လုပ်ပေးထားသည့် တိုက်အိမ်များအား မြင်နေရ၏။ သူမ၏ မျက်လုံးအစုံသည် ဆိပ်ကမ်း၏ တစ်ဖက်တစ်ချက်မှ ရေပြင်ဆီသို့ စူးစိုက်လျက် ရှိသည်။ ရေပြင်သည် အဆမတန် များပြားလျက်ရှိသော တုန်ကင်းများ၊ သမ္ဗန်များ၊ ကူးတို့ သင်္ဘောများ မော်တော်များနှင့် ပင်လယ်ကူး သင်္ဘောကြီးများဖြင့် ပြည့်လျက်ရှိ၏။

ဗြိတိသျှ လက်အောက်ခံ ဟောင်ကောင် ကိုလိုနီသည် လူဦးရေ အဆမတန် ပိုလျှံနေသော ကျွန်းဖြစ်သည်။ လေယာဉ်ပေါ်မှ မျှော်ကြည့်နေသော အော်ဂီဂေးလ်သည် ဆိပ်ကမ်း တစ်လျှောက်ရှိ ခေတ်မီ အဆောက်အအုံများအား

မြင်နေရ၏။ ဗစ်တိုးရီးယားတောင်ထိပ်နှင့် လေယာဉ် ရင်ပေါင်တန်းမိသည့်အခါ အောဘီဂေးလ်သည် အလွန် မြင့်မားသော ရေဒီယို ကောင်းကင်ကြိုးများအား မြင်နေရသည်။ ထို ရေဒီယို ကောင်းကင်ကြိုးများ ထဲတွင် လွန်ခဲ့သော ခုနစ်နှစ် ခန့်က သူ့အဖေ တည်ထောင်ခဲ့သော သုတေသန အဖွဲ့၏ "ကယ်လ်နာ သုတေ သန အင်စတီကျု" အတွက် ရေဒီယို ကောင်းကင်ကြိုးများလည်း ရှိနေလိမ့်မည် ဟု ထင်သည်။

သူမ၏ ဖခင်ထံမှ ရံဖန်ရံခါ ရောက်လာတတ်သော စာများအရ သူ့ အဖေသည် တရုတ် ဘာသာပြန်ဆရာတစ်စု ပါဝင်သည့် အဖွဲ့တစ်ဖွဲ့နှင့်အတူ အားအကြီးဆုံးသော ရေဒီယို အသံဖမ်းစက်များကို အသုံးပြု၍ ရေဒီယို ကောင်းကင်ကြိုး တိုင်ခြေရင်းရှိ တဲအတွင်း၌ အလုပ် လုပ်လျက်ရှိကြသည်ဟု သိရ၏။ သူတို့သည် ကွန်မြူနစ် တရုတ်နိုင်ငံ၏ ပြည်နယ် အသီးသီးရှိ မြို့ကြီး များနှင့် ပီကင်းမြို့မှ ထုတ်လွှင့်သမျှ သတင်းများအား ဖမ်းယူထားခြင်းနှင့် ပြန်လည် ထုတ်လွှင့်ခြင်း စသည်များကို ပြုလုပ်ကြသည်။

သူမ၏ ဖခင် ပြောပြထားသည့်အတိုင်းဆိုပါက ယင်းအသံလွှင့် သတင်း များ၏ လက်ရေးမူများအား တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ သူ၏ အနည်းငယ်မျှသော ဝန်ထမ်းများက စိတ်ဝင်တစား ဖတ်ရှု၍ တည်းဖြတ် သုတ်သင်ကြသည်။ သူတို့ ရထားသည့် သတင်းများအား တရုတ်နိုင်ငံတွင်းမှ ထုတ်ဝေနေသည့် သတင်းစာများ၌ ပါလာသည့် သတင်းများနှင့် တိုက်ဆိုင် စစ်ဆေး၍ တည်းဖြတ်ခြင်းများကိုလည်း ပြုကြသည်ဟု သိရ၏။

တရုတ်နိုင်ငံမှ ထွက်ပြေးလာကြသော ဒုက္ခသည်များနှင့် တွေ့ဆုံမေးမြန်း ခန်းများကိုလည်း နေ့စဉ် နေ့တိုင်း သီတင်းပတ်တိုင်း ပြန်လည် ဆန်းစစ်၍ စစ်ဆေး သုံးသပ်ကြသည်။ ယင်း သုတေသန ပြုထားသမျှ အားလုံးကို ကယ်လ် နာ အင်စတီကျုမှ နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ် သတင်းလွှာများအဖြစ် စုစည်း ထုတ်ဝေသည်။ ထိုသတင်းလွှာများသည် ဟောင်ကောင်၌သာမက ဟောင် ကောင်မှ တစ်ဆင့် အခြားနိုင်ငံများသို့လည်း ရောက်၏။ ယင်း စာစောင်များအား သတင်းစာဆရာများ၊ သံတမန်များနှင့် တရုတ်နိုင်ငံ လူမျိုးနှင့် ဘာသာစကားများ လေ့လာ လိုက်စားနေသည့် ပညာရှင်များသည် လစဉ်ကြေး ပေး၍ ဝယ်ယူသည် အထိ စိတ်ဝင်စားကြလေသည်။ တကယ်တော့လည်း ကမ္ဘာ့ လူဦးရေ အများဆုံး၊ နယ်မြေ အကျယ်ဆုံးနှင့် အထီးကျန် အနိုင်ဆုံးသော နိုင်ငံကြီး၌ ဘာတွေ ဖြစ်နေ သည်ကို သိနားလည်လိုကြခြင်းမှာ အလွန် သဘာဝကျသည့် အရေးကိစ္စ တစ် ရပ်ပင် မဟုတ်ပါလား။

ထို အတွေးသည် အောဘီဂေးလ်၏ မျက်လုံးများအား နယ်မြေသစ်များဟု ခေါ်ဆိုနေသော နိုင်ငံသစ်အတွင်းရှိ ကောင်းလုံ နောက်ဘက်မှ မြူများ လွှမ်းခြုံနေသော တောင်ကတုံးများ ဆီသို့ ရောက်သွားစေ၏။ အမှန်တော့ အောဘီဂေးလ်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်သုံးနှစ်က ထို ထူးဆန်းသော၊ လျှို့ဝှက် နက်နဲလွန်းပြီး နားလည်ရ ခက်ခဲသော ထိုနိုင်ငံအတွင်း၌ မွေးဖွားခဲ့ရခြင်း ဖြစ်၏။ သို့တစေလည်း အခု ပထမဆုံးအကြိမ် မြင်လိုက်ရသည့်အခါ ဤနိုင်ငံ အတွင်း၌ သူအား မွေးဖွားခဲ့သည် ဟူသော စကားသည် ဟုတ်မှ ဟုတ်ပါ လေစဟု သံသယ ဖြစ်လာမိခဲ့၏။

သူမအား မွေးကင်းစ ဘဝ လူမှန်းသူမှန်း မသိသေးခင်က နေ့စဉ်နှင့်အမျှ သေဘေးနှင့် နီးကပ်ခဲ့ရသည်ဟု ဆိုသည်။ အလွန်စိမ်းသော ဤနယ်မြေပေါ်၌ ဘရုတ် လယ်သမား တစ်ယောက်၏ ပခုံးထက်ရှိ ခြင်းတောင်းထဲ၌ အိပ်၍ မိုင်ပေါင်းများစွာ ခရီးသွားခဲ့ရသည်ဟုလည်း ပြောကြ၏။ သတ်ကြဖြတ်ကြ လုကြ ယက်ကြ အိမ်တွေ မီးရှို့ကြနှင့် စည်းလွတ်ဝါးလွတ် ဖြစ်ချင်တိုင်း ဖြစ်နေ သော ပြည်တွင်းစစ်ကြီး တစ်ခုအတွင်း၌ မိမိကိုယ် မိမိ လုံးဝ မကာကွယ်နိုင်သော နို့စို့ ကလေးတစ်ယောက်သည် ဘယ်လိုနည်းနှင့်များ အသက်ရှင်လာပါလိမ့်။

ပြန်၍ စဉ်းစားလိုက်သည့်အခါ သူမအား အင်္ဂလန်နိုင်ငံ မန်ချက်စတာ မြို့ မော့စ်ဆိုက်ရပ်ကွက်၌ နေထိုင်လျက်ရှိသော အဘိုးနှင့်အဘွား နေအိမ်သို့ အပို့ခံခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်က အောဘီဂေးလ်သည် သူမ၏ဘဝ အစောပိုင်း ကာလ စွန့်စားခန်းများအား အသက် ဆယ့်တစ်နှစ်အရွယ် ရောက်သည်အထိ ဘာမှ မသိခဲ့ပေ။

ထိုအချိန်ကာလအတွင်းက အောဘီဂေးလ်သည် သူမ၏ အဖေနှင့် ပတ်သက်၍ များများစားစား သိရှိ မှတ်သားခဲ့ရသည်ဟူ၍ မရှိခဲ့ပေ။ ထိုစဉ်က သူမအဖေသည် ဒုတိယကမ္ဘာစစ်ကြီးတွင် အမှုထမ်းနေရသဖြင့် အိမ်နှင့်ဝေးရာ အရပ်ဒေသများ၌ အချိန်ကာလများစွာ ရောက်နေခဲ့ရ၏။ သူမ၏ အဘိုးအဘွား များထံမှ ပြန်၍ ကြားရသည့်အတိုင်း ဆိုပါမူကား၊ သူမ၏ မိခင်သည် သူမအား မွေးဖွားပြီးနောက် မကြာခင်မှာပင် တရုတ်နိုင်ငံတွင်း၌ သေဆုံးခဲ့ရလေသည်။

ထို့နောက် သူတို့ သားအဖ အင်္ဂလန်သို့ ပြန်မလာမီ သူမ၏ ဖခင်သည် ပြည်တွင်းစစ်ကြီး၏ ဆိုးကျိုးများမှ လွတ်မြောက်ရေးအတွက် အတင်းအဓမ္မ တရုတ်နိုင်ငံ အတွင်း၌ ခရီးရှည်ကြီး တစ်ခုကို ခြေကျင် သွားခိုင်းခဲ့ရ၏။ သို့ တစေလည်း အဘိုးနှင့် အဘွားသည် အောဘီဂေးလ် စိတ်ထိခိုက်သွားမည်ကို စိုး၍လားမသိ သူမ အဖေအား ကွန်မြူနစ်များက ဖမ်းသွားပြီး ဒုက္ခပေးခဲ့သည့် အချက်ရပ်များကိုမူ လုံးဝ မပြောမပြခဲ့ကြချေ။ ထိုစဉ်က သူမသည် အဖေနှင့်အတူ

ဘာမှ မသိရှာဘဲ ဆင်းရဲဒုက္ခများအား မျှဝေ ခံစားခဲ့ရသည်များကိုလည်း လုံးဝ အသိမပေးခဲ့ကြချေ။

မည်သို့ပင်ဖြစ်စေ အေဘီဂေးလ်သည် အမှတ်တမဲ့ဖြင့် သူမ၏ အဖ ဇာတ်ကြောင်း အဖြစ်မှန်ကို သူမဘာသာ သူမ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုစဉ်က သူမလည်း ဆယ့်တစ်နှစ်မြောက် မွေးနေ့ပြီးစဖြစ်၍ ကိုယ် စိတ် ဆင်းရဲခြင်းဒဏ်ကို ခံနေစ အချိန်ဖြစ်၏။ အဘွားအိမ်တွင် မရှိခိုက် အခန်းထဲဝင်၍ သန့်ရှင်းရေး လုပ်ပေးနေခိုက်တွင် မှတ်စုမှတ်တမ်းများ ကပ်သည့် စာအုပ်ကို အမှတ်မထင် တွေ့ခဲ့ရသည်။ စာအုပ်ထဲ၌ ကပ်ထားသော သတင်းစာ ဖြတ်ပိုင်းများမှာ နှစ်ကာလ ကြာမြင့်ပြီဖြစ်၍ အဝါရောင်ပင် သန်းနေကြလေပြီ။

သူမသည် ကုလားထိုင်အကျိုးအပဲ့များနှင့် ဖုန်တွေ အထပ်ထပ်တက်ကာ ပေရေညစ်ပတ်နေသော မဂ္ဂဇင်းဟောင်းပုံများကြား၌ ထိုင်၍နေခိုက် သူမအမေမှာ တရုတ်နိုင်ငံတွင်း၌ ကွန်မြူနစ်တို့၏ ရက်စက်စွာ ခေါင်းဖြတ်သတ်ခံခဲ့ရသည့် သတင်းဟောင်းကို ဖတ်ခဲ့ရခြင်း ဖြစ်၏။ ထို သတင်းအား ဖတ်လိုက်ရစဉ်က ဝမ်းနည်း ကြေကွဲစိတ်သည် သူမအား ဆုပ်ဆွဲထားသည့်နှယ် ခံစားခဲ့ရ၏၊ ဖြစ်ရပ်အားလုံးကို အသေးစိတ် သိလာရသည့်အခါတွင်မူကား အေဘီဂေးလ်၏ စိတ်သည် များစွာ သိမ်ငယ်ခဲ့ရ၏။ ဤသို့ဖြင့် ကျောင်း စတက်သည့် အချိန်တွင် အေဘီဂေးလ်သည် သူမကိုယ် သူမ သူမ၏ ကစားဖော်များနှင့် မတူဟု ထင်ခဲ့မိ၏။ သူမအား မောစ်ဆိုက် ရပ်ကွက်မှ လူများကလည်း ပစ်ပယ်ထားသည်ဟု ယူဆခဲ့မိလေ၏။

ထိုနေ့က အေဘီဂေးလ်သည် သူ့အဘွား အိမ်ပြန်ရောက်အလာကို စောင့်သည်။ သူ့ မိခင်နှင့် ဖခင်တို့၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်များအား ပြောပြဖို့ ထပ်မေးခဲ့သည်။ သို့သော်လည်း အဘွား ပြန်ရောက်လာ၍ မေးလိုက်သည့်အခါ သူ့အဘွားသည် သူ သတင်းစာ ဖြတ်ပိုင်းများထဲမှ ဖတ်ရသည်ထက် ဘာမှ ပို၍ မသိသည်ကို နားလည်ခဲ့ရ၏။ ဤအတွက် သူမသည် များစွာ စိတ်ထိခိုက်ကာ မျက်ရည်ကျခဲ့ရရှာ၏။ သူ့အဘွားကတော့ သူမ၏ အဖေသည် ထို အဖြစ်ဆိုးများကို အသေးစိတ် ပြန်မပြောလို၍သာ အခုလို ဖုံးဖုံးဖိဖိ နေခြင်း ဖြစ်လိမ့်မည်ဟု ထင်ကြောင်း ပြောပြကာ ခွင့်လွှတ်ဖို့သာ တောင်းပန်ခဲ့လေသည်။

လေယာဉ်ကွင်းထဲသို့ ဆင်းသက်ရန် အရှိန်ယူနေသော လေယာဉ်၏ ပြတင်းမှ အပြင်သို့ မျှော်ကြည့်နေသော အေဘီဂေးလ်သည် ထိုအချိန်က သူ ခံစားခဲ့ရသည့် အထီးကျန်ဖြစ်မှုနှင့် အပယ်ခံဟု သူ့ကိုယ်သူ ထင်မိသည့် စိတ်

များကို သတိရမိသည်။ နောက်တစ်ချိန်ကျလျှင်တော့ သူဖခင် ဂျေကော့က သူ သိချင်နေသည့် အရာအားလုံးကို ပြောပြလိမ့်မည်ဟု မျှော်လင့်ခဲ့မိ၏။

သို့သော်လည်း ဂျေကော့ စစ်တပ်မှ ပြန်ရောက်လာသည့်အခါ အေဘီဂေးလ်၏ မေးခွန်းများအား အဖြေမပေးဘဲ ရှောင်လွှဲခဲ့ရုံမျှမက မကြာခင်မှာပင် အရှေ့ဖျားသို့ တစ်ယောက်တည်း ပြန်သွားခဲ့သည်။ သူမကိုမူ ပညာ မပြီးဆုံးသေး၍ အင်္ဂလန်မှာပင် ထားခဲ့၏။ တစ်ခါတစ်ရံတွင်မူ သူမအဖေသည် အင်္ဂလန်သို့ ပြန်လာခဲ့သည်။ သို့သော်လည်း သူ ကြုံခဲ့ရသည့် အတိတ် ဇာတ်ကြောင်းများကို မူကား ပြောပြရန် ဝန်လေးလျက်ပင် ရှိလေသည်။

တစ်ကြိမ်တွင်မူ အေဘီဂေးလ်က မေးသဖြင့် အဖြေတစ်ခု ရခဲ့၏။ သူမ၏ မေးခွန်းမှာ နို့စို့အရွယ် လူမမည်တစ်ယောက် အနေဖြင့် အလွန်ကြောက်မက်ဖွယ် ကောင်းသော ပတ်ဝန်းကျင်၌ ဘာ့ကြောင့် အသက်ရှင်လာရသနည်းဟူသော မေးခွန်းဖြစ်သည်။ ထိုအခါ သူမ အဖေက သူ မသိဘဲ တရုတ်အမျိုးသမီး တစ်ယောက်က သူ ထမင်းချက် လက်ထဲမှ အေဘီဂေးလ်အား တိတ်တိတ်ကလေး ကျိတ်၍ ကူညီ စောင့်ရှောက်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု အဖြေ ပေးခဲ့လေသည်။ သူမက နောက်ဆက်တွဲ ဖြစ်ရပ်များအကြောင်းကို မေးသည့် အခါတွင်မူကား သူမ၏ အဖေထံမှ အဖြေ မရခြင်းသာလျှင် အဖတ်တင်ခဲ့လေသည်။

ဂျေကော့ တစ်ယောက် အင်္ဂလန်၌ မရှိစဉ်အတွင်း အေဘီဂေးလ်သည် စကောလားရှစ် ပညာသင်ဆု စာမေးပွဲဖြေရန် အောက်စဖို့ဒ် တက္ကသိုလ်သို့ သွားခဲ့သည်။ စစ်ပြီးခေတ်ကာလ ဘွဲ့လွန် သင်တန်းအတွက် ဖြစ်၏။ သူမ အနေဖြင့် အာရှနှင့် တရုတ်တို့၏ အကြောင်းအရာများကို စနစ်တကျ လေ့လာသုံးသပ်၍ ဘွဲ့လွန်ကို ယူမည်ဟု စိတ်ကူးခဲ့သည်။ တကယ်တော့ ထို စိတ်ကူးသည် သူမ၏ အဖေနှင့် ပိုမို နီးစပ်စေလိမ့်မည်ဟု ထင်၍ ဖြစ်လေသည်။

သို့သော်လည်း သူမအဖေသည် ထို ဘွဲ့လွန်သင်တန်းမျိုးကို တက်ရောက်ရန် အားမပေးခဲ့ချေ။ ထို ဘွဲ့လွန်သင်တန်းမျိုး ယူမည့်အစား ဂျာမန်နှင့် ပြင်သစ် ဘာသာစကားများကို သင်၍ ဘွဲ့ယူရန်သာလျှင် အားပေးခဲ့၏။ ထို ဘာသာစကား နှစ်ရပ်အပြင် နောက်တစ်မျိုး သင်ယူရန် အားပေးခဲ့သည်မှာ စပိန်ဘာသာဖြစ်၏။

ဂျေကော့သည် သူ၏ အတိတ်က ဖြစ်ရပ်များအား ဆွေးနွေးပြောဆိုရန် ဝန်လေးလျက် ရှိသော်လည်း သူ့သမီးအား တရုတ်နိုင်ငံပေါ်၌ စိတ်ဝင်တစားရှိလာစေရန်ကား လုပ်ဆောင်ခဲ့၏။ သူ တရုတ်ပြည်မှ ပြန်လာသည့်အခါတိုင်း ဘရိုကိတ် ဂျက်ကက် အင်္ကျီများ၊ ကျောက်စိမ်း လက်ဝတ်လက်စားများနှင့်

ယွန်းထည်ဘူးများ ခွက်များကို လက်ဆောင်များအဖြစ် ပေးလေ့ရှိခဲ့သည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ အဖေအပေါ် မကျေမနပ်ဖြစ်ခဲ့သော အေဘီဂေးလ်သည် သူ့ကိုယ်သူ မထိန်းဘဲ ထင်ရာစိုင်းနေခဲ့သည့် အချိန်တစ်ချိန်နှင့် ကြုံခဲ့ရ၏။ အောက်စဖို့ဒ် တက္ကသိုလ်သို့ ရောက်စ ပထမနှစ်တွင် သူမသည် အများ၏ အမြင်ကို အာခံဆန့်ကျင်ကာ သူမထက် အသက်များစွာကြီးသော တက္ကသိုလ်ဆရာ တစ်ယောက်နှင့် ချစ်ကြိုးသွယ်ခဲ့မိ၏။

ထို့နောက် သူသည် ဘာကိုမှ အလေး မထားတော့ဘဲ ကြုံရာကျောင်းသားများနှင့် တွဲခဲ့၏။ သူမ၏ ပထမနှစ် နှစ်ဝက်တစ်ခုလုံးမှာ တရားဝင်လက်မထပ်ဘဲ ကိုယ် နှစ်သက်ရာလူနှင့် အတူတွဲ အတူနေ ဘဝဖြင့် အချိန်ကုန်ခဲ့ရ၏။ သူမ၏ ဖခင်ထံမှ ရလိုသည့် မေတ္တာကို မရ၍ ဖြစ်ပေါ်လာသော ထိုစိတ်၏ ဆိုးကျိုးများကို သိလာသည့် အခါတွင်မူကား သူမ၏ အနာဂတ်ဘဝ ပျက်စီးသွားမည်ကို များစွာ စိုးရိမ်ပူပန်ခဲ့သည်။ ဤသည်မှစ၍ သူမသည် သူမ၏ ဘဝအား ပြန်လည် တည်ငြိမ်သွားအောင် ပြန်လည် ထိန်းချုပ်နိုင်စွမ်း ရှိလာခဲ့လေ၏။

ထို အတွေ့အကြုံနှင့် ထိုစဉ်က ရရှိလာခဲ့သော သင်ခန်းစာများသည် အေဘီဂေးလ်၏ စိတ်အား များစွာ တုန်လှုပ် ချောက်ချားစေခဲ့သည်။ သူမသည် ချက်ချင်းပင် ပညာဘက်သို့ ကူးပြောင်းသွားခဲ့သည်။ သို့သော်လည်း သူမသည် သူမ၏အဖေ မဖြေသော မေးခွန်းများအား မေ့၍မရ။ သူမ၏ အဖေပေါ်၌ ရှိနေသည့် ခံစားမှုများကိုလည်း ပြုပြင်ပြောင်းလဲ၍မရ။ မည်သို့ပင်ဖြစ်စေ သူမ၏ အတွင်းစိတ်၌ ဖခင် ဂျေကော့နှင့် သူမ၏ ကြား၌ ပေါင်းကူးတံတားတစ်ခု တည်ဆောက်လိုသော ဆန္ဒကား အခိုင်အမာ တည်ရှိနေပေသည်။

ထို့ကြောင့်လည်း သူမသည် ဖခင်ဖြစ်သူနှင့် အဆင်ပြေရေးအတွက် သူမကိုယ် သူမ အရည်အချင်း ပြည့်ဝသော မိန်းကလေး တစ်ယောက် ဖြစ်လာအောင် အလျှင်ဆုံး ဦးစားပေးခဲ့၏။ စိတ်ပိုင်းဆိုင်ရာ အလိုမကျမှုများနှင့် အဆုံးအဖြတ် မှားမှုများအား ဦးစားမပေးတော့ဘဲ ဘွဲ့တစ်ခု ရရှိရေးကိုသာ အဓိကထားခဲ့သည်။ သူမ၏ ဖခင်နှင့် ဟောင်ကောင်ကျွန်း၌ ဆုံမည်ဟူသော အစီအစဉ်ကိုလည်း ရှေ့တန်းတင်၍ အခိုင်အမာ ဆုံးဖြတ်ထားခဲ့လေသည်။

ထို့နောက်တွင်မူကား အေဘီဂေးလ်သည် မကြာသေးခင်က သူမအဖေထံ စာတစ်စောင် ရေးခဲ့ရာ ထိုစာထဲတွင် သူမ အနေဖြင့် အားလပ်ရက်များအတွင်း ရက် အတန်ကြာမျှ ဟောင်ကောင်ကျွန်းသို့ လာရောက်၍ သူမအဖေနှင့်

အတူနေလိုပါသည်ဟု ရေးခဲ့၏။ သူမ အဖေကလည်း လာလိုက လာနိုင်သည်ဟု စာတိုကလေးတစ်စောင် ပြန်ရေးခဲ့လေသည်။

အေဘီဂေးလ်၏ စိတ်ထဲတွင် သူမ အဖေထံမှ ပြန်ကြားစာသည် လိုလိုချင်ချင်မှု ရှိပါလေစဟု သံသယ ဖြစ်နေခဲ့မိ၏။ ထို့ကြောင့်လည်း သူမသည် သူမ၏ ခရီးစဉ်အတွင်း သူမအဖေ၏ စာကို ခဏ ခဏ ထုတ်၍ ကြည့်ခဲ့မိသည်။ နောက်ဆုံးကျတော့လည်း ထို သံသယလည်း လူချင်းတွေ့ခါမှပင် ရှင်းသွားလိမ့်မည်ဟု ယူဆလိုက်လေသည်။

လေယာဉ်သည် ညာဘက်သို့ ကပ်ကာ နိမ့်ဆင်းလာသည်။ လေယာဉ်ကွင်းဘေး တစ်ဖက်ရှိ အဆောက်အအုံများသည် သူမ၏ မျက်လုံးများထဲတွင် တရိပ်ရိပ် ပြေးသွားလျက်ရှိ၏။ ထို့နောက် မြေပြင်နှင့် လေယာဉ်ဘီးများ ထိတွေ့လိုက်၍ ဖြစ်ပေါ်လာသည့် သိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်သွားသည့် လှုပ်ရှားမှုများ။ လေယာဉ်၏ အင်ဂျင်စက်သံသည် ရပ်သွားသည်။

အေဘီဂေးလ်သည် စာအိတ်ပုံ အပြာရောင် လက်ဆွဲအိတ်ကို ယူ၍ အထဲမှ ပေါင်ဒါ မိတ်ကပ်နှင့် အလှပြင် ပစ္စည်းများ ထုတ်ကာ သူ့ မျက်နှာအား အလှပြင်သည်။ မှန်ငယ်ကလေးထဲမှ သူမ၏ မျက်လုံးများသည် သူ့ အဖေလိုပင် အပြာရောင်ဖြစ်၏။ ထူထဲသော အဝါရောင် ဆံပင်များသည် သူမ ပခုံးများထက်တွင် ဝဲပျံ့ကျလျက် ရှိကြလေသည်။

သူမသည် အခြားသော ခရီးသည်များနှင့်အတူ လေယာဉ်ပေါ်မှ ဆင်းလာခဲ့၏။ အကောက်ဌာန အခန်းထဲတွင် အရပ်မြင့်မြင့် ဗြိတိသျှလူမျိုး အကောက်အရာရှိများအား မြင်နေရသည်။ အဖြူရောင် လက်တို အင်္ကျီများနှင့် ဘောင်းဘီတိုများ ဝတ်ဆင်ထားသည့် အရာရှိများသည် တင့်တယ် ခံ့ညားလှပေသည်။ သူတို့လက်အောက်မှ တရုတ် ဝန်ထမ်းများကား များလှပါဘိခြင်း။

ကိစ္စ ဝိစ္စ အားလုံးပြီးသွားသည့်အခါ အေဘီဂေးလ်သည် ခရီးသည်များ ခန်းမတွင်းသို့ ရောက်သွားသည်။ အပြင်ဘက် ဧည့်ခန်းဆောင်တွင်းရှိ ခရီးသည် လာကြိုသူများဆီ မျှော်ကြည့်သည်။ လူမျိုးစုံ ဖြစ်သည်။ ဥရောပတိုက်သားများအား စေ့စေ့စပ်စပ် ကြည့်သော်လည်း သူ့အဖေအား မမြင်ရ၊ အတန်ကြာသော် လက်ပြင်ကုန်းကုန်း ခါးကိုင်းကိုင်း လက်တို အင်္ကျီအဖြူရောင် ဖျော့ဖျော့နှင့် အနက်ရောင် ဘောင်းဘီပွပွကြီး ဝတ်ထားသည့် ခေါင်းဖြူဖြူ တရုတ်ကြီး တစ်ယောက် အေဘီဂေးလ်ရှေ့သို့ လာရပ်ကာ ဦးညွှတ်၍ နှုတ်ဆက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါ။ ခင်ဗျားဟာ မစ္စ အေဘီဂေးလ် ကယ်လ်နာ ပါလား"

အေဘီဂေးလ် အုံ့အားသင့်သွားသည်။ ဧည့်ခန်းထဲမှ ဥရောပတိုက်သားများ ကြားတွင် သူ့အဖေ မျက်နှာအား မမြင်ရ။ သူ့ ရင်ထဲတွင် မကျေလည်မှု ဝင်လာသော်လည်း ချက်ချင်း သူ့ကိုယ်သူ ပြန်ထိန်းသိမ်းထားသည်။ သူသည် ဦးညွှတ်လျက်ရှိသော တရုတ်အား ကြည့်၍ ပြုံးသည်။ "ဟုတ်ပါတယ်၊ ကျွန်မ မစ္စ ကယ်လ်နာပါ ရှင့်ကို အဖေက လွှတ်လိုက်တာလား"

တရုတ်ကြီးက ခေါင်းညိတ်သည်။ "ဟုတ်ပါတယ် မစ္စ၊ ခင်ဗျားအဖေက သူ ကိုယ်တိုင် မလာနိုင်တဲ့အတွက် တောင်းပန်ခိုင်းလိုက်ပါတယ်၊ သူ အလုပ်သိပ်များနေလို့ ရုံးခန်းထဲက မထွက်နိုင်ပါဘူး၊ ခင်ဗျား တရုတ်နိုင်ငံထဲက ပန်းပေါင်းတစ်ရာ အကြောင်းကြားမိခဲ့မယ် ထင်ပါတယ်။ ဒီနေ့ခေတ်မှာ တိုးတက်ဖွံ့ဖြိုးမှုတွေ အများကြီး ဖြစ်လာနေပါတယ်" တရုတ်ကြီးသည် အေဘီဂေးလ်၏ လက်ဆွဲသေတ္တာများအား သယ်ယူလာသည့် အလုပ်သမားအား မိမိတို့နောက်မှ လိုက်လာရန် လက်လှမ်းပြသည်။ "ဒီဘက်ကို လာ၊ အပြင်မှာ ကားရပ်ထားတယ်"

တရုတ်ကြီးသည် အေဘီဂေးလ်အား ဩစတင် ဆလွန်းကားဆီသို့ ခေါ်လာသည်။ သူမ၏ လက်ဆွဲသေတ္တာများအား ကား နောက်ဖုံးထဲ ထည့်ပြီးသည့်အခါ သူသည် ကားကို လူစည်ကားရာ ကောင်းလုံလမ်းများအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက် မောင်းလာခဲ့၏။ နောက်ခန်း ထိုင်ခုံထက်မှ အေဘီဂေးလ်သည် အနီရောင်၊ အဖြူရောင်နှင့် ရွှေရောင်များဖြင့် တရုတ်စာလုံးများ ရေးထိုးထားသည့် စတိုးဆိုင်ကြီးများအား စိတ်ဝင်တစား ကြည့်လာလျက်ရှိလေသည်။

နေရာတိုင်း လမ်းတိုင်းလိုလိုတွင် ဒေါင်လိုက်၊ အလျားလိုက် တပ်ဆင်ချိတ်ဆွဲထားသော နဖူးစည်း စာတမ်းကြီးများအား မြင်နေရသည်။ လမ်းကြိုလမ်းကြားနှင့် လမ်းမကြီးများပေါ်၌ ပျားပန်းခတ်မျှ ဥဒဟို သွားလာလှုပ်ရှားနေကြသည့် တရုတ် အမျိုးသား အမျိုးသမီးများကား အဆမတန် များပြားလှချေသည်။ လူအများကြား၌ ပြေးဆွဲနေသော လန်ချားများမှာလည်း နည်းနည်းနောနော မဟုတ်၊ ထိုကြားထဲမှာပင် တရုတ်သူဌေးများ စီးလာသည့် ဗြိသျှကားအနည်းငယ်ကို ကြိုကြား ကြိုကြား မြင်တွေ့နေရ၏။

"ပီကင်း အစိုးရက ရုတ်တရက် ချက်ချင်းကြီးပဲ ပန်းမျိုးတစ်ရာအပေါ် ဝေဖန်မှုအားလုံးကို ခပ်ကြမ်းကြမ်း ကိုင်တွယ်လာနေပါတယ်။ မစ္စ ကယ်လ်နာ" ဟု တရုတ် ယာဉ်မောင်းက သူ့ ကားအား သတိကြီးစွာထား၍ မောင်းနေရာမှ ပြောသည်။ "ဒီပြဿနာတွေအတွက် လူတွေ အများကြီး အဖမ်းခံခဲ့ကြရတယ်၊ အဓမ္မ အလုပ်သမား စခန်းတွေကို အပို့ခံခဲ့ကြရတယ်"

"ဪ... ဟုတ်လား"

အောဘီဂေးလ်သည် ယာဉ်မောင်းထံမှ ရလာသည့် သတင်းကို အသိအမှတ် ပြုခဲ့သော်လည်း သူမအား လေဆိပ်သို့ ဆင်း၍ မကြိုခဲ့သည့် သူမအဖေအပေါ်၌ကား ထိုအချိန်ထိ စိတ် မပြေသေး။ သို့သော်လည်း သူမ၏ အာရုံသည် လမ်းများပေါ်မှ ချုံဆမ်းခေါ် အဝတ်ရှည် ကျပ်ကျပ်များ ဝတ်ဆင်ထားသည့် တရုတ်မကလေးများအပေါ် စိတ်ဝင်စားလျက်ရှိသည်။

ချုံဆမ်းမှာ ဂါဝန်လို အဝတ်ရှည်ကြီးဖြစ်၍ တစ်ကိုယ်လုံးအား တင်းကျပ်စွာ ထုတ်ထားသည့်နှယ် ရှိသည်။ ဘေး တစ်ဖက်တွင် ခွဲထားသည်ဖြစ်ရာ ဝတ်ထားသူ၏ ပေါင်အလှအား လှစ်ဖော်ပြနေသည့်နှယ်ရှိ၏။ တရုတ်အမျိုးသားများကား သူတို့၏ ရိုးရာဓလေ့ထုံးစံ ဝတ်စုံများအား ဝတ်ထားကြသည်က များ၍ ဤ ကြားထဲမှပင် အနောက်တိုင်း ဝတ်စုံအား သားသားနားနား ဝတ်ထားသည့် တရုတ်များကိုလည်း မြင်နေရလေသည်။

မည်သို့ပင်ဖြစ်စေ လေယာဉ်ကွင်းသို့ ရောက်မလာသည့် သူမ၏ အဖေအပေါ်၌ကား စိတ်ပြေလို့ မရသေး။ ထိုအခိုက်မှာပင်၊ သူမ၏ ခေါင်းထဲသို့ သူမ၏ မိခင်အား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် တရုတ်လူမျိုး ပါးကွက်သားသည် ဝင်ရောက်လာသည်။ လွန်ခဲ့သော နှစ်ဆယ့်သုံးနှစ်က ဖြစ်ပွားခဲ့ရသော ကိစ္စ ဖြစ်၏။ သူမ၏ အာရုံတွင် ပတ်ဝန်းကျင် မြင်ကွင်းများသည် ဝင်ရောက်လာသည်။ ထိုအခါ သူမ၏ စိတ်ထဲတွင် သံသယစိတ်များ အမြစ်တွယ်နေဆဲ ဖြစ်သော်လည်း မည်သည့် အရာကိုမှ မကြောက်မလန့်သည့် သတ္တိကိုကား ရရှိခဲ့လေပြီ။

* * *

၂

ဂျေကော့ ကယ်လ်နာသည် လက်ထဲ၌ စုကိုင်ထားသည့် ရေဒီယို သတင်းစာရွက် တစ်ထပ်ကြီးထဲမှ အပေါ်ဆုံး စာရွက်ကို ကြည့်နေသည်။ သူ့ နဖူးကြောများ ရှုံ့နေသည်ကို သူ သတိမထားမိ။ စာရွက် တစ်ထပ်ကြီး လာပေးသူမှာ နဖူး ပြောင်ပြောင် မျက်မှန်နှင့် ဘာသာပြန်ဆရာ တရုတ်ကြီးဖြစ်၏။ သူ ထိုင်နေသည့် ရုံးခန်းမှာ ခပ်ကျဉ်းကျဉ်း ခပ်သေးသေး ဖြစ်၍ သိပ်ပြီး သပ်သပ်ရပ်ရပ် မရှိ မှန် တစ်ချပ် ကာထားသည့် အခန်းမျှသာ ဖြစ်၍ သူ ထိုင်နေသည်မှာ စားပွဲ တစ်လုံး နောက်တွင် ဖြစ်သည်။ သူ့တွင် နက္ကတိုင်မပါ၊ အကျႌလက်ရှည် လက်မောင်း နစ်ဖက်စလုံးအား ပင့်တင်ထားသည်။ အသက်မှာ လေးဆယ့် ခြောက်နှစ်မျှ ရှိနေပြီဖြစ်၍ ဆံပင်များမှာ ဖြူစပြုနေပြီ။

"အခု ရောက်လာတဲ့ အသုတ်ထဲမှာ ထူးခြားတာ ပါလာသေးသလား မစွတာ ဝူး" ဟု ဂျေကော့က အင်္ဂလိပ် ဘာသာပြန် သတင်းများအား ဆက်၍ စစ်ဆေးနေရင်းမှ မေးသည်။

"ရှန်ဟိုင်းရေဒီယိုကတော့ အစိုးရကို ဝေဖန်တဲ့ လူတွေအပေါ် တုံ့ပြန်တဲ့ ခပ်ကြမ်းကြမ်း စကားလုံးသစ် တစ်လုံး သုံးထားတာ ကြားရတယ်၊ ယူ ဗိုင် ဖန် ဇု တဲ့" ဟု ဘာသာပြန် ဆရာက မျက်တောင် တခတ်ခတ် လုပ်၍ ပြောသည်၊ "ကျွန်တော်ကတော့ အဲဒီ စကားလုံးကို လက်ယာဂိုဏ်း အင်အားစု" လို့ ဖလှယ် ပေးထားတယ်၊ ရေဒီယိုက "လူလတ်တန်းစား လက်ယာသမားတွေ" ကိုလည်း အတော်ကြီး ပုတ်ခတ်ထားတယ်၊ အဲဒီ လက်ယာသမားတွေဟာ ပန်းမျိုးတစ်ရာ လှုပ်ရှားမှုကို အပုပ်ချပြီး အလွဲသုံးစား လုပ်နေကြတယ်လို့လည်း စွပ်စွဲထား တယ်။ အချိန်နာရီ လက်တံကို နောက်ပြန်လှည့်ပြီး ပစ္စည်းမဲ့ လူတန်းစားအတွက် ဆိုရှယ်လစ်စနစ် တည်ဆောက်ဖို့ ကြိုးပမ်းနေတဲ့ ကွန်မြူနစ်ပါတီကို ဖြုတ်ချဖို့ ကြံစည်အားထုတ် နေတယ်လို့လည်း ပြောထားတယ်"

ဘာသာပြန်ဆရာသည် စားပွဲပေါ်သို့ ကုန်းကာ စုထပ်ထားသည့် စာရွက်များထဲမှ သူ ရည်ညွှန်းသည့် စာရွက်ကို ဆွဲထုတ်လိုက်ပြီး ဂျေကော့အား ပြသည်။ ဂျေကော့သည် မူရင်း တရုတ်ဘာသာဖြင့် သတင်းအား ဖတ်နေသည်။ ဘာသာပြန်ဆရာ တရုတ် အဘိုးအိုသည် ဂျေကော့၏ ကုလားထိုင်ဘေးမှ ရပ်ကာ ဂျေကော့အား တလေးတစား ကြည့်နေသည်။

"ဒုတိယ စာမျက်နှာမှာတော့ ရေဒီယို သတင်းလွှင့်ချက်က "လူလတ်တန်းစား လက်ယာသမားတွေ" ရဲ့ ပြောဆိုချက်တွေကို ဥပမာအဖြစ် ကိုးကားတင်ပြထားပါတယ်" ဟု ဘာသာပြန်ဆရာက ထပ်ပြောသည်။ "အထူးသဖြင့် ပီကင်း တက္ကသိုလ်က ကထိကတစ်ယောက်ရဲ့ ထင်မြင်ချက်တွေကို ကိုးကားထားတာ တွေ့ရပါတယ်"

ဂျေကော့သည် ဒုတိယ စာမျက်နှာအား ထပ်ဖတ်ပြန်သည်။ ထို့နောက် သူသည် အံ့အားသင့်သွားဟန်ဖြင့် မျက်ခုံးနှစ်ဖက်အား ပင့်လိုက်ပြီး သူ တွေ့ရသည့် ဘာသာပြန်ချက်ကို အသံထွက်၍ ဖတ်သည်။ "နိုင်ငံထဲမှာ ရှိနေတဲ့ ကွန်မြူနစ်တိုင်းကို ကြိုးပေး သတ်သင့်တယ်လို့ ထင်ပါတယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ အပေါ်မှာ ဘေးအန္တရာယ်ဆိုးတွေ ကျရောက်အောင် လုပ်နေကြတဲ့ ဒီလူစုကို နောက်ထပ် မလုပ်နိုင်အောင် တားမြစ်ပိတ်ပင်သင့်ပါတယ်။

"တရုတ်နိုင်ငံဟာ လူဦးရေ သန်းပေါင်း ခြောက်ရာက ပိုင်ဆိုင်တဲ့ နိုင်ငံပါ၊ ကွန်မြူနစ်ပါတီ တစ်ပါတီတည်းက ပိုင်တာ မဟုတ်ပါဘူး။ တကယ်လို့ ကွန်မြူနစ်တွေ အနေနဲ့ အများပြည်သူတွေ ကျေနပ်အောင် မလုပ်နိုင်တော့ဘူးဆိုရင် ပြည်သူတစ်ရပ်လုံးက သူတို့ကို တွန်းချမှာပါ။ အားလုံးကို သတ်ပစ်ကြမှာပါ၊ ဖြုတ်မချဘဲလည်း မနေပါဘူး" ဂျေကော့က သူ၏ ဘာသာပြန် အရာရှိချုပ်အား မော့ကြည့်ပြီး ပြုံးသည်။

ဘာသာပြန် အရာရှိချုပ်မှာ ယခင်က ကျောင်းဆရာဖြစ်၍ ၁၉၄၉-ခုနှစ် အတွင်းက ရှန်ဟိုင်းမှနေ၍ ဟောင်ကောင်သို့ ထွက်ပြေးလာခဲ့သူ ဖြစ်၏။ သူသည် ဂျေကော့အား မော့ကြည့်ပြီး စိတ်မကောင်း ဖြစ်ဟန်ဖြင့် ခေါင်းယမ်းသည်။ "သူတို့ဘက်ကလည်း "လက်ယာဂိုဏ်းသားများ ဆန့်ကျင်ရေးနှင့် လမ်းမှန် ရောက်အောင် ပြုပြင်ရေး လုပ်ငန်း" ကို ချမှတ်ပြီး ဝေဖန်တဲ့လူတွေကို ပညာပေး တယ်။

"အဲဒီ စာအုပ်အောက်ဆုံး စာရွက်ထဲမှာ ကွမ်တမ်က ထွက်ပြေးလာတဲ့ ဒုက္ခသည် တစ်ယောက်နဲ့ အင်တာဗျူးလုပ်ထားတဲ့ သတင်းပါတယ်၊ သူ ပြောထားတာက စာပေပညာရှင်တွေနဲ့ အရာရှိတွေဟာ သူတို့ အလုပ်ခွင်ကနေပြီး

ပျောက် ပျောက်သွားနေတယ် တဲ့၊ အဲဒါ ပြည်နယ်တိုင်းမှာ ဖြစ်နေပြီ တဲ့၊ အဲဒီ လူတွေကို အလုပ်ကြမ်း စခန်းဆီတွေဆီ ပို့ပစ်တယ်လို့ ဒေသခံလူတွေက ထင်နေကြတယ် တဲ့"

ဂျေကော့သည် လက်တွင်းမှ စာရွက်များအား ကပျာကယာ လှန်၍ ကသုတ်ကရက် ဖတ်သည်။ အုံ့ဩတကြီး ဖြစ်ကာ ခေါင်းတခါခါ ဖြစ်နေသည်၊ ထို့နောက် မှန်ကာတစ်ဖက်ရှိ နံရံပေါ်မှ နာရီအား လှမ်းကြည့်သည်။ ငါးနာရီခွဲပြီးပြီဖြစ်၏။ တရုတ်ဘာသာပြန် ဝန်ထမ်း ဒါဇင်ဝက်ခန့်သည် သူတို့စားပွဲများ၌ ထိုင်ကာ အလုပ်များနေကြသည်။ ညနေ ခြောက်နာရီအချိန်တိုင်း ကယ်လ်နာ အင်စတီကျူမှ ကိုလိုနီကျွန်းအတွင်း လက်ကမ်းစာစောင်အဖြစ် ဖြန့်ဝေပြီး နိုင်ငံရပ်ခြား တိုင်းပြည်များသို့ လေယာဉ်ဖြင့် ပို့ရသော သတင်းလွှာအတွက် အလုပ်ရှုပ်နေကြခြင်းပေတည်း။

"ဒီနေ့ ဘာသာပြန် သတင်းတွေနဲ့အတူ သတင်းစာ ဝေဖန်ချက်တစ်ပုဒ် ရေးပေးဖို့ ဒုတိယ အယ်ဒီတာကို ကျွန်တော် ပြောလိုက်ရမလား၊ မစ္စတာ ကယ်လ်နာ" ဟု ဘာသာပြန်မှူး တစ်ဦးက မှန်တစ်ချပ် ခြားနေသည့် တစ်ဖက်ခန်းထဲရှိ စားပွဲတစ်လုံး၌ ထိုင်၍ အလုပ် လုပ်နေသော အင်္ဂလိပ် အမျိုးသား လူရွယ်တစ်ဦးဆီသို့ လက်ညှိုးထိုးပြပြီး မေးသည်။ "မစ္စတာ ကယ်လ်နာရဲ့ သမီး ဒီနေ့ ရောက်မယ်ဆိုတာ ကျွန်တော့်ကို ပြောပြီးကတည်းက သူ့ကို ကျွန်တော် ဘယ်မှ မသွားဖို့ ပြောထားပါတယ်"

"ကိစ္စမရှိဘူး၊ အဲဒါတွေကို မင်းလုပ်ဖို့ မလိုဘူး" ဟု ဂျေကော့က ပြန်ပြောသည်။ "သတင်းလွှာကိုသာ အမြန်ပြီးအောင် လုပ်၊ ဒါပေမဲ့ ငါ စစ်ဆေးတည်းဖြတ် မပြီးမချင်းတော့ သတင်းလွှာကို မရိုက်နဲ့ဦး"

ဂျေကော့သည် လက်စွဲ လက်နှိပ်စက်အား သူ့ဘက်သို့ ဆွဲယူလိုက်ကာ စာရွက်လွတ် တစ်ရွက် ထိုးသွင်းလိုက်သည်။ တစ်ခဏမျှတော့ သူသည် အထက်တန်း ဘာသာပြန် အရာရှိ၏ ကျောဆီသို့ ငေးမောနေသည်။ ထို့နောက် သူ့အာရုံသည် သူ့အလုပ်ဆီ ရောက်သွားကာ လက်နှိပ်စက်ကို လျှင်မြန်စွာ ရိုက်နေသည်။ မကြာခဏဆိုသလို လက်နှိပ်စက် အရိုက်ကို ရပ်ထားပြီး သူ့ဘေး၌ ချထားသည့် ဘာသာပြန် သတင်းများအား ဖတ်သည်။

သူ လက်နှိပ်စက်ဖြင့် စာရေးနေခိုက်တွင် တရုတ်စာပို့တစ်ဦး ဝင်လာပြီး စာအိတ်တစ်လုံး စားပွဲပေါ် ချပေးသွားသည်။ သူသည် ဝင်လာသူအား မော့မကြည့်နိုင်ဘဲ ကျေးဇူးတင်စကား လှမ်းပြောပြီး သတင်းဝေဖန်ချက်ကို ဆက်ရိုက်သည်။ ရိုက်နေရင်းမှပင် သူ့ မျက်လုံးသည် စာအိတ်ပေါ် ရောက်သွားသည်။ စာအိတ်ပေါ်တွင် အထူးချော့ပို့ဟူသော တံဆိပ်ရိုက်နှိပ်ထားပြီး စာတိုက်အမှတ်

တံဆိပ်မှာ ပီကင်းဖြစ်၏။ တံဆိပ်ခေါင်းများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဖြစ်လေသည်။

သူ့စိတ်တွင် အထူးအဆန်း တစ်ခုလို ဖြစ်နေသဖြင့် စာရေးခြင်းကို ရပ်ကာ စာအိတ်အား ယူ၍ ဖောက်သည်။ အတွင်းမှ ကတ်တစ်ခု ထွက်လာပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော "ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တရုတ် အမျိုးသား ကော်မတီ" ဟူသော စာတန်းကို မြင်ရသည်။ ကတ်မှာ သူ့နာမည်နှင့် နာမည်အောက်မှ ကယ်လ်နာ အင်စတီကျူ့ ဟု ရိုက်နှိပ်ထားသည့် ဖိတ်စာ တစ်စောင်ဖြစ်၏။

ဖိတ်စာတွင် "ကမ္ဘာ့ ငြိမ်းချမ်းရေး တရုတ် အမျိုးသား ကော်မတီမှ လူကြီးမင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော် ပေါ်ထွန်းခဲ့သည့် ရှစ်ကြိမ်မြောက် အမျိုးသားနေ့ကို ၁၉၅၇-ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ပီကင်းမြို့တော်၌ ကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်" ဟု ရေးထားသည်။ ထို စာသားအောက်တွင် ကော်မတီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးထားပြီး အကယ်၍ ဖိတ်စာလက်ခံပြီး တက်ရောက်မည်ဆိုပါက အကြောင်းပြန်ကြားပေးပါရန် မေတ္တာရပ်ခံပါသည် ဟု ရေးထားသည်။ ဂျေကော့သည် စက္ကန့်ပေါင်း အတော်ကြာသည်အထိ ဖိတ်စာကတ်အား ကြည့်နေရာမှ နောက်ဆုံးတွင် အရေးကြီးသော သူ့ဝေဖန်ချက် စာတမ်းကို လက်နှိပ်စက်ဖြင့် ဆက်ရေးသည်။

သူ့စာတမ်း ပြီးသွားသည့်အခါ သူသည် သူ့ဘေးမှ လူခေါ်ခလုတ်အား နှိပ်၍ မစ္စတာဝူးအား ခေါ်သည်။ ဝူး ရောက်လာသည်နှင့် တစ်ပြိုင်နက် လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာမူကို ပေးသည်။ ဝူး ပြန်ထွက်သွားတော့မည့် အလုပ်တွင် ဂျေကော့က ဝူးအား ပြန်ခေါ်ပြီး သူ့လက်ထဲမှ ဖိတ်စာကို လှမ်းပေးသည်။ "မစ္စတာဝူး၊ ဒီစာနဲ့ ပတ်သက်လို့ ကျွန်တော် ဘယ်လို လုပ်သင့်တယ်လို့ ခင်ဗျား ထင်သလဲ" ဟု မေးသည်။

မစ္စတာ ဝူး သည် ဖိတ်စာအား ဖတ်ကြည့်နေရာမှ ဂျေကော့အား လှမ်းကြည့်သည်။ သူ့ မျက်လုံးအစုံသည် အံ့အားသင့်လွန်း၍ ပြူးကျယ်နေကြ၏။ "အတော်ကို စိတ်ဝင်စားစရာ ကောင်းတဲ့ ဖိတ်စာပါလား မစ္စတာ ကယ်လ်နာ၊ မစ္စတာ ကယ်လ်နာ လက်ခံမှာလား"

"လက်ခံချင်မှ လက်ခံမှာပါ" ဟု ဂျေကော့က ပြန်ဖြေကာ နဖူးကြောများ ရှုံ့လာသည်အထိ စဉ်းစား ချိန်ဆနေသည်။ "ကျွန်တော် တရုတ်လူမျိုးတွေရဲ့ မြေပေါ်မှာ ခြေချခဲ့တာဟာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ၊ ကျွန်တော့်ကို ကွန်မြူနစ်တွေက သိပ်ပြီး နွေးနွေးထွေးထွေး ကြိုဆိုခဲ့တာ မရှိပါဘူး၊ အထူးသဖြင့်

လွန်ခဲ့တဲ့နှစ်က ကျွန်တော် ရောက်သွားတော့ သူတို့အနေနဲ့ သိပ်ပြီး လိုလိုလားလား ရှိကြပုံ မရပါဘူး"

ဂျေကော့က ရယ်သည့်အခါ မစ္စတာဝူးကပါ ပြုံးသည်။ "ဒီကိစ္စမှာ မစ္စတာ ကယ်လ်နာအနေနဲ့ သိပ်ပြီး ကြောက်စရာ စိုးရိမ်စရာတော့ မလိုပါဘူး ကမ္ဘာ့ငြိမ်းချမ်းရေး တရုတ်အမျိုးသား ကော်မတီဟာ အမျိုးသားနေ့ တက်လာတဲ့ ညှိသည်ကိုတော့ ဖမ်းလိမ့်မယ် မထင်ပါဘူး"

"ဒါပေမဲ့ ကျွန်တော်ဟာ အနောက်ကမ္ဘာက ငြိမ်းချမ်းရေး လှုပ်ရှားမှု ပြုနေသူတွေ အများစုနဲ့ မတူဘူးဆိုတာ သူတို့ သိထားတယ်၊ အဲဒါ ဘာပြုလို့ ကျွန်တော့်ကို ဖိတ်ကြတာလဲ"

"သူတို့အနေနဲ့ **'တရုတ်နိုင်ငံ၏ ခေတ်သစ်'** ဆိုတဲ့ ဆောင်းပါးကို ဖတ်ထားရလို့ ဖြစ်ချင်ဖြစ်မှာပေါ့" ဟု မစ္စတာဝူးက ဖြေသည်။ "ကျွန်တော်ပြောတာ မှန်ရင်တော့ သူတို့ဟာ ခင်ဗျားရဲ့ မျှတစွာ တွေးခေါ်ခဲ့တဲ့ အယူအဆတွေကို သဘောကျပုံ ပေါ်တယ်လို့ ဆိုရမှာပါ၊ ကွန်မြူနစ်တွေ အာဏာ ရပြီးတဲ့နောက် လုပ်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကို ခင်ဗျား မျှမျှတတ ဝေဖန်ခဲ့တယ် မဟုတ်လား"

ဂျေကော့သည် မစ္စတာဝူး အား စိုက်ကြည့်နေသည်။ မစ္စတာဝူး ပြောခဲ့သည့် စကားများအား စဉ်းစားသည်။ စာအုပ်အား ရိုက်နှိပ် ထုတ်ဝေခဲ့သည်မှာ သီတင်းခြောက်ပတ်မျှသာ ရှိသေး၏။ မည်သို့ပင်ဖြစ်စေ ယခု ရောက်လာသော ဖိတ်စာသည် ထို စာအုပ်ဖြင့် တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အဆက်အစပ် ရှိလိမ့်မည်ဟုပင် ထင်မိ၏။

"ထားပါတော့ ခင်ဗျာ။ ကျွန်တော် ပြောတာ မှန်တာ မှားတာ ဘေးဖယ်ထားလိုက်ပါ။ အခု လောလောဆယ် အရေးကြီးတာက မစ္စတာ ကယ်လ်နာရဲ့ သတင်းဝေဖန်ချက်ပါ၊ အဲဒါကို အချိန်မီပြီးအောင် မလုပ်နိုင်ရင် ကျွန်တော်တို့ သတင်းလွှာဟာ တအားကို နောက်ကျကုန်ပါလိမ့်မယ်"

ပွင့်နေသော အခန်းတံခါးပေါက်မှ မစ္စတာဝူး အထွက်တွင် အရပ်ထောင်ထောင်မောင်းမောင်း ရင်အုပ်ကျယ်ကျယ် လူတစ်ယောက်နှင့် ဝင်တိုက်မိတော့မလို ဖြစ်သွားသည်။ အခန်းထဲသို့ ဝင်လာသော ထိုလူ၏ ချိုင်းကြား၌ **'တရုတ်နိုင်ငံ၏ ခေတ်သစ်'** စာအုပ် ညှပ်လာသည်။ ထိုသူသည် ဝူး အား သွားသာရန် ဘေးဖယ်ပေးနေရာမှ ဂျေကော့အား ပြုံး၍ နှုတ်ဆက်သည်။

"ကျွန်တော့် ရှေ့က ကောင်တာမှာ ကျွန်တော် လိုချင်တဲ့ ခင်ဗျားရဲ့ စာအုပ် ရလာခဲ့ပြီ။ ကြည့်ရတာတော့ သတင်းလွှာ နောက်ကျနေပုံပေါ်တယ်"

"ဟာ ဂျိုးဇက်ရှားမင်းပါလား" ဟု ဂျေကော့က ရေနွေးကြမ်းကို စားပွဲတွင် ထိုင်နေရာမှ ထရပ်လိုက်၏။ သူသည် သူ့အား ပြုံး၍ ကြည့်နေသော အမေရိကန်

ဆီသို့ လက်တစ်ဖက် ကမ်းပေးသည်။ "ဘာကိစ္စနဲ့ ဟောင်ကောင်ကို ပြန်ရောက်လာရတာလဲ"

"ဒီစာအုပ် ဝယ်ဖို့ လာတာပေါ့" ဟု ပြောကာ အမေရိကန်က သူ့လက်ထဲမှ ဂျေကော့၏ စာအုပ် အသစ်အား မြှောက်ပြသည်။ "မော်စီ-တုန်းရဲ့ ပထမ ခုနစ်နှစ်အပေါ် အကောင်းဆုံး အကဲဖြတ်မှုဟာ ဒီအထဲမှာ အပြည့်ပဲ။ ကျွန်တော့် ကျောင်းသားတွေ လုံးဝ ပစ်ပယ်လို့ မရတဲ့ စာအုပ်ပဲ"

လူနှစ်ယောက်သည် တစ်ဦးလက် တစ်ဦး လှိုက်လှဲစွာ ဆွဲ၍ နှုတ်ဆက်ကြသည်။ ဂျေကော့က ရှားမင်းအား စားပွဲရှေ့မှ ကုလားထိုင်၌ ထိုင်ရန် လက်ပြသည်။ "အခုလို ပြန်တွေ့ရတာ သိပ်ကို ဝမ်းသာတာပဲ ဂျီးဖက်၊ ခင်ဗျား အခုထက်ထိ အရှေ့တိုင်း ဘာသာရပ်တွေကို ကော်နဲလ်တက္ကသိုလ်မှာ သင်ပေးနေတုန်းပဲလား"

"ကျွန်တော် အခုရောက်လာတာဟာ အီသာကာကျွန်း*ကို အသွားကြုံလို့ ဝင်လာခဲ့တာ" ဟု ရှားမင်းက ပြောသည်။ "ကျွန်တော် ဆိုင်ဂုံကို ရောက်နေတာ ခြောက်လ ရှိသွားပြီ" [* ဂရိနိုင်ငံ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်း၏ တစ်ဖက်ရှိ ကျွန်းငယ်]

"ဘာလဲ လက်ချာ ပေးဖို့ လာတာလား၊ စာရေးဖို့ လာတာလား"

"နှစ်ခုစလုံး မဟုတ်ဘူး"

"ခင်ဗျား ဒီမှာ ဘယ်လောက် ကြာကြာ နေဦးမလဲ"

"သိပ်တော့ မကြာဘူး၊ ဒါပေမဲ့ ကျွန်တော်လည်း တရုတ်နိုင်ငံ လူမျိုးနဲ့ ဘာသာစကား လေ့လာလိုက်စားနေကြတဲ့ တခြား ပညာရှင်တွေလိုပဲပေါ့။ ပန်းမျိုးတစ်ရာ လှုပ်ရှားမှုဆိုတဲ့ လုပ်ငန်းအပေါ် ထူးထူးခြားခြား စိတ်ဝင်စားမိလို့ပါ၊ အဲဒီတော့ အိမ်အပြန်လမ်းမှာ နှစ်ရက်လောက် ဟောင်ကောင် ဝင်လည်ပြီး စနည်းနာရရင် ကောင်းမလားလို့ တွေးမိတာနဲ့"

ဂျေကော့က သူ့ မိတ်ဆွေအား ကြည့်၍ပြုံးကာ သူ့လက်မှ နာရီကို ကြည့်သည်။ "ဒီနေ့ သတင်းလွှာက ခဏနေရင် ရတော့မှာပါ၊ တကယ်လို့ ခင်ဗျား စောင့်နိုင်မယ်ဆိုရင် ဟိုက ရောက်လာမယ့် နောက်ဆုံး သတင်းတွေတောင် ရနိုင်စရာ ရှိတယ်"

"ကယ်လ်နာ နေ့စဉ် သတင်းလွှာကတော့ ရွှေနဲ့ဆက်ပြီး ချိန်ရလောက်အောင်ကို တန်ဖိုးကြီးနေပြီ" ဟု ရှားမင်းက ရယ်မော၍ပြောကာ ကုလားထိုင်အား သူ့ကျောနှင့် မှီလိုက်သည်။ "ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် လက်ခံမယ်ဆိုရင် စောင့်ရပေမပေါ့ ဗျာ" ဟု ပြောင်နောက်နောက် လေသံဖြင့် ထပ်ပြောသည်။

"ခင်ဗျား၊ ဘယ်သူ့ကိုမှ အသိမပေးဘဲ ဟောင်ကောင်က ပျောက်သွားတယ်နော် ဂျိုးဇက်" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော် မှတ်မိသလောက်ဆိုရင် လွန်ခဲ့တဲ့ သုံးနှစ်လောက် ကတည်းကပဲ။ ဗိန်ဘင်ဖူး ခံတပ် ကျပြီးလောက်ကပေါ့။ နှုတ်ဆက်ပွဲတွေ ဘာတွေတောင်မှ မလုပ်ခဲ့ဘူး၊ ဘာပြုလို့ အဲသလောက် မြန်မြန်ဆန်ဆန်ကြီး ပြန် လစ်သွားရတာလဲ"

ရှားမင်း၏ မျက်နှာသည် တည်ငြိမ်သွားသည်။ သူသည် သူ့ လက်တစ်ဖက်မှ လက်သည်းခွံများအား တစ်ခုချင်းစီ လျှောက်ကြည့်နေသည်။ "ကျွန်တော် တရုတ်ပြည်တွင်းစစ်ကိုလည်း မီတယ်၊ ပြီးတော့ ကိုးရီးယားစစ်ပွဲလည်း ကြုံလိုက်တယ်၊ ဗိန်ဘင်ဖူး ခံတပ်ကိစ္စမှာလည်း ဝင်လိုက် ထွက်လိုက် နေခဲ့ရတာပဲ၊ အဲဒီအချိန်က ကျွန်တော့်မှာ အလွန်ကြီးမားတဲ့ ဆန္ဒတစ်ခု ရှိခဲ့တယ်။

"တခြားတော့ မဟုတ်ဘူး၊ အရွယ် ရောက်နေကြတဲ့ လူကြီးတွေ တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်နေကြတဲ့ မြင်ကွင်းတွေနဲ့ ဝေးရာကို ထွက်ပြေးနေချင်တဲ့ ဆန္ဒပဲ၊ ဒါကြောင့်မို့လည်း နှုတ်ဆက်ပွဲတွေဘာတွေ လုပ်ချင်စိတ်လုံးဝ မရှိခဲ့ဘူး"

"ခင်ဗျားနဲ့ တင်ပီကော အဆင်ပြေကြရဲ့လား" ဟု ဂျေကော့က မေးသည်။ "အများ ပြောနေကြတာက ခင်ဗျား ဟောင်ကောင်က ထွက်သွားချိန်မှာ ခင်ဗျားတို့ချင်း အစဉ် မချောဘူးတဲ့"

"ကျွန်တော်တို့ တရားဝင် ကွာရှင်းလိုက်ကြတယ်" ရှားမင်းသည် သူ့ လက်သည်းခွံများအား ကြည့်နေပြန်သည်။ "တင်ပီက ပင်တဂွန် စစ်ဌာနချုပ်က ကာနယ် တစ်ယောက်နဲ့ လက်ထပ်သွားပြီ။ ကြည့်ရတာ စိတ်ချမ်းသာပုံပါပဲ၊ ကျွန်တော်တို့ချင်းကတော့ သူငယ်ချင်းတွေလို နေကြတာပါပဲ၊ လူချင်းလည်း မကြာခဏ ဆုံမိကြပါတယ်။ ကျောင်းတက်နေကြတဲ့ သားနှစ်ယောက်ဆီကို သွားလည်တိုင်းလိုလို ဆုံမိကြတာ များပါတယ်"

"ခင်ဗျားတို့ကို ဒီကလူတွေက သိပ် သတိရကြတယ်" ဟု ဂျေကော့က ပြောသည်။ တင်ပီနဲ့ဆုံမိတဲ့အခါ ကျွန်တော်က သတိရကြောင်း ပြောပြလိုက်ပါ။

"ပြောပါမယ်၊ စိတ်ချပါ"

"ခင်ဗျားကော နောက်ထပ် အိမ်ထောင် ပြုဖြစ်ပြီလား ဂျိုးဇက်"

"မပြုသေးဘူး၊ အဲသလောက်အထိတော့ ကျွန်တော် မစွန့်စားရဲသေးဘူး၊ ခင်ဗျားကော ဂျိတ်၊ နိုင်ငံခြားသား သတင်းထောက်များ ကလပ်မှာ ဆုံ ဆုံနေကြတုန်းကတော့ ကျွန်တော်တို့ အားလုံးက တစ်နေ့ကျရင် ခင်ဗျားဟာ ခင်ဗျားရဲ့ အိမ်ထောင်ဘက် သတို့သမီးအဖြစ် တရုတ်မ အလှကလေး တစ်ယောက်ကို ရွေးလာလိမ့်မယ်လို့ ထင်ထားကြတာ"

"မဖြစ်လာသေးပါဘူး" ဟု ပြောကာ ဂျေကော့သည် ဗစ်တိုးရီးယား တောင်ထိပ်ဆီသို့ မှန်ပြတင်းမှနေ၍ တွေဝေငေးမောနေသည်။ ဂျေကော့၏ ရုံးခန်းမှာ ဟောင်ကောင်ကျွန်း၏ စီးပွားရေး အချက်အချာဖြစ်သော မြို့လယ်ကောင်၌ တည်ရှိ၍ အရောင်းအဝယ် စည်ကားသော အဆောက်အအုံကြီး တစ်လုံး၏ အပေါ်ဆုံးထပ်၌ တည်ရှိနေသည်ဖြစ်ရာ ကျွန်း တစ်ခုလုံးအား အထက်စီးမှ မြင်နေရလေသည်။

"လက်ရှိ အနေအထားအရကတော့ဖြင့် ကျွန်တော့်အနေနဲ့ ကျွန်တော့် အလုပ်ကိုပဲ လက်ထပ်ရတော့မှာပဲ ဂျီးဇက်" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော့် ဘဝက ကိုလိုနီကို ရောက်လာ ကတည်းက ဒီပုံစံပဲ။ ကျွန်တော် အလုပ်ခွင်မှာ ကုန်နေတဲ့ အချိန် နာရီတွေကို ဘယ်ဇနီးကမှ သည်းခံနိုင်မှာ မဟုတ်ဘူး"

"တရုတ်နိုင်ငံနဲ့ လက်ထပ်ရတာက အချိန်ပြည့် အလုပ်ပဲ ဂျိတ်၊ ကျွန်တော် နားလည်ပါတယ်" ဟု ရှားမင်း ပြုံးကျဲကျဲ မျက်နှာထားဖြင့် ပြော၍ ထိုင်ရာမှ ထပြီး နံရံထက်၌ ချိတ်ဆွဲထားသော ပေါင်တပ်ထားသည့် တရုတ် အက္ခရာများ ကားချပ်ဆီသို့ လျှောက်သွားကာ အသေအချာ ကြည့်နေသည်။ ဇက္ကူမှာ အပေါ်စား ဖြစ်သော်လည်း လက်ရေးမှာ လှသည်။ နှစ်ကာလ ကြာပြီဖြစ်၍ နေရာ အတော်များများရှိ မင်ရောင်များမှာ မှေးမှိန်နေကြလေပြီ။

"ကျွန်တော်ကတော့ ဒီ စာချပ်ဟာ အလွန် ရှားပါးတဲ့ အမွေ တစ်ခုလို့ ထင်တာပဲ" ဟု ရှားမင်းက ပြောသည်။ "ဒီဟာကိုပဲ ခင်ဗျားရဲ့ လက်ထပ် စာချုပ်လို့ ယူဆလိုက်ကြရင် မကောင်းပေဘူးလား ဂျိတ်"

ဂျေကော့သည် တရုတ်နိုင်ငံ၏ တောင်တန်းများအကြောင်း ရေးဖွဲ့ထားသည့် ကဗျာစာချပ်အား လှမ်းကြည့်သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ကျော်ခန့် ချုံကီချိုမြို့၌ မော်စီ-တုန်းကိုယ်တိုင် သူ့အား ပေးခဲ့သည့် ကဗျာစာချပ် ဖြစ်၏။ သူသည် ရှားမင်း၏ သရော်စကားအား သဘောကျသဖြင့် ပြုံးနေမိလေသည်။

"အေးပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းမှာ လုံခြုံမှုအတွက် အာမခံချက် ကတော့ ရှိနေပြီပေါ့" ဟု ရှားမင်းက ထပ်ပြောသည်။ "ဒီပစ္စည်းဟာ ဟောင်ကောင်မှာ နာမည် အကြီးဆုံး သမိုင်းမှတ်တိုင် တစ်ခုတော့ ဖြစ်သွားပြီ။ တရုတ်နိုင်ငံကို စိတ်ဝင်စားပြီး စောင့်ကြည့်နေကြတဲ့ ကမ္ဘာအရပ်ရပ်က လူ့ အဖွဲ့ အစည်းတွေ အတွက်လည်း ဒီ ပစ္စည်းဟာ စိတ်အဝင်စားဆုံးတစ်ခု ဖြစ်သွားပြီ။ ကျွန်တော်လည်း ကော်နဲလ် တက္ကသိုလ်က တပည့်ကျောင်းသားတွေကို ဒီပစ္စည်း အကြောင်း ပြောပြနေရတယ်"

မငုံမရဲ ခေါက်လိုက်သည့် တံခါးခေါက်သံကြောင့် နှစ်ယောက်သား အာရုံပြောင်းသွားကြသည်။ ဂျေကော့သည် သူ ကေတက်လေယာဉ်ကွင်းသို့ စေလွှတ်ထားခဲ့သော ယာဉ်မောင်းအား မြင်လိုက်သည့်အခါ ထိုင်နေရာမှ ကပျာကယာထကာ တံခါးကို ဖွင့်ပေးသည်။ ထို့နောက် အရပ်မြင့်မြင့်နှင့် ရွှေရောင်ဆံပင်ပိုင်ရှင် သမီးအား အခန်းထဲသို့ ခေါ်လာခဲ့လေသည်။

"အေဘီဂေးလ်၊ သမီးကို ဟောင်ကောင်က ကြိုဆိုနေပါတယ်"

ဂျေကော့က သူ့သမီးအား အသာအယာ ဖက်၍ နှုတ်ဆက်သည်။ "သမီးကို အဖေ လေယာဉ်ကွင်းအထိ ဆင်းပြီး မကြိုနိုင်တာ ခွင့်လွှတ်ပါ။ အခေ ဒီမှာ အလုပ် လုပ်ရတာက အရှုပ်အရှုပ်ပဲ။ တစ်နေ့ခင်းလုံး စားပွဲမှာ သံကြိုးနဲ့ အချည်ခံ ထားရသလိုပဲ"

ထိုအခိုက်တွင် အပြင်မှ အထက်တန်း ဘာသာပြန် အရာရှိတစ်ဦး ဝင်လာသည်။ သူ့လက်ထဲတွင် ညနေခင်း သတင်းလွှာ သုံး လေး စောင်ကိုင်ထားသည်။ အခုမှ စက်ထဲက ထွက်လာခြင်းဖြစ်၍ လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးပင် ရှိသေးသည်။ ဂျေကော့က စာစောင်များကို ဆီးယူပြီး ကျေးဇူးတင်စကားပြောသည်။ ထို့နောက် တစ်စောင်ကို ရှားမင်း၏ လက်ထဲသို့ ထိုးထည့်လိုက်သည်။

"ဝါး ကန့်လန့်ကာ နောက်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ဒီ စာစောင်ထဲမှာပါတယ်။ နောက်ဆုံးသတင်းတွေ ဆိုပါတော့" ဟု ပြောသည်။ "ဒီဟာ ကျွန်တော့်သမီး အေဘီဂေးလ်ပေါ့။ အခုပဲ လန်ဒန်က လေယာဉ်နဲ့ရောက်လာတာ" အေဘီဂေးလ်က ဂျိုးဇက်ရှားမင်းထံသို့ သူမ၏လက်ကို လှမ်းပေးသည်။ "ဂျိုးဇက်ရှားမင်းက အဖေ့ရဲ့ မိတ်ဆွေဟောင်းကြီးပဲ။ သူက ဝါရှင်တန်ဂေဇက်အတွက် ဆောင်းပါးတွေ ရေးနေတဲ့လူပေါ့။ သူလည်းပဲ ဒီနေ့မှ ရောက်လာတာ၊ အဖေတို့ချင်း မတွေ့တာ သုံးနှစ်သုံးမိုးတောင် ရှိသွားပြီ"

"ကျွန်မတို့နှစ်ယောက်မှာ တူနေတာ တစ်ခုရှိတယ်၊ မစ္စတာရှားမင်း" ဟု အေဘီဂေးလ်က ရယ်၍ ပြောသည်။ "ကျွန်မ တက်နေတဲ့ အောက်စဖို့ဒ် တက္ကသိုလ်ကို ကျွန်မအဖေ အလည်လာတာ ကျွန်မ ပထမနှစ် ကျောင်းသူဘဝတုန်းကပေါ့။ အခုဆိုရင် သားအဖချင်း မတွေ့ရတာ သုံးနှစ် သုံးမိုးတောင် ကျော်သွားပြီ။ သမီးပြောတာ မှန်တယ် မဟုတ်လား ဖေဖေ"

အေဘီဂေးလ်ထံမှ ထွက်လာသည့် စကားမှာ အမှတ်တမဲ့ ဖြစ်၏။ သူကိုယ်သူ ကာကွယ်လိုသည့် အရိပ်အယောင်ကို ဂျေကော့၏ မျက်လုံးများထဲ၌ မြင်နေရ၏။ သားအဖ နှစ်ယောက်ကြားတွင် တစ်ခဏတာမျှ ငြိမ်ဆိတ်သွားသည်။ သူတို့နှစ်ဦး အခြေပျက်သွားသည်ကို ဂျိုးဇက်ရှားမင်း ရိပ်မိသွားလေ

သလား။ ထို အတွေးသည် အေဘီဂေးလ်၏ အတွေးဖြစ်၍ ရှားမင်း အရိပ်အခြည်အား အကဲ ခတ်သည်။ သို့တစေလည်း ရှားမင်း အခြေပြောင်းသွားသည်ကို မမြင်ရ။

ဂျိုးဇက်ရှားမင်းသည် ထိုင်ရာမှ ထရပ်ကာ "ကျွန်တော်လည်း ပြန်တော့မှ ဖြစ်တော့မယ်" ဟု ပြောသည်။ "ကျွန်တော် ဟိုတယ်ပြန်ပြီး **"ပန်းမျိုးတစ်ရာရဲ့ လျှို့ဝှက်ချက်တွေကို** ဖတ်လိုက်ဦးမယ်"

"ခဏနေဦး ဂျိုးဇက်၊ ခဏတော့ စောင့်ပါဦး" ဟု ပြောကာ ဂျေကော့က ရှားမင်း၏ လက်မောင်းအား လှမ်းဆွဲသည်။ "ကျွန်တော်တို့ ဒီည အမှတ်တရ ညစာ စားပွဲလေးတော့ လုပ်လိုက်ချင်တယ်၊ လောလောဆယ် ကျွန်တော့် ရုံးခန်းထဲမှာ ရှင်းစရာ လင်းစရာလေးတွေ ရှိနေသေးလို့ နေခဲ့ဦးမယ်။ ကျွန်တော့် ယာဉ်မောင်းက အေဘီဂေးလ်နဲ့ ပစ္စည်းတွေကို ကျွန်တော့် တိုက်ခန်းပို့မှာ၊ ခင်ဗျားကို ဟိုတယ်မှာ ဝင်ချပေးလိမ့်မယ်"

ဂျေကော့က ယာဉ်မောင်းအား ခေါ်၍ သူ့ အစီအစဉ်ကို ပြောပြသည်။ ထို့နောက် သူ့သမီးအား လှည့်ကြည့်သည်။ "ဖေဖေ့ ထမင်းချက်က သမီးလိုတာ အကုန် စီစဉ်ပေးလိမ့်မယ်၊ သမီးအခန်းကိုလည်း ပြပေးလိမ့်မယ်၊ ရေချိုးဖို့လည်း လုပ်ကိုင်ပေးလိမ့်မယ်၊ နာရီပိုင်းအတွင်း ဖေဖေ ပြန်လာမှာပါ"

ဂျေကော့မျက်နှာသည် ရှားမင်းဘက်သို့ လှည့်လာသည်။ သူသည် ရှားမင်း၏ ပခုံးအား တရင်းတနှီး လှမ်းပုတ်လိုက်သည်။ "ဒီည ကျွန်တော်တို့ သုံးယောက်အတွက် ညစာကို အေဘာဒင်း ရေပေါ်စားသောက်ဆိုင်မှာ စားဖို့ စီစဉ်ထားလိုက်မယ်၊ ခင်ဗျားအတွက် အဆင်ပြေပါတယ် နော်"

"ကျွန်တော့် အတွက်ကတော့ ရပါတယ်၊ ခင်ဗျား အတွက် သားအဖချင်း ပြန်ဆုံရာမှာ အနှောင့်အယှက် ဖြစ်နေမှာသာ စိုးတာပါ"

"အနှောင့်အယှက် မဖြစ်ပါဘူး ရှားမင်းရယ်၊ စိတ်ချပါ" ဟု ပြန်ပြောကာ ဂျေကော့သည် သူ့ စားပွဲဆီသို့ ပြန်သွားပြီး စားသောက်ဆိုင်သို့ ဖုန်းဆက်၍ ညစာ အော်ဒါလုပ်သည်။ အေဘီဂေးလ်ကတော့ သူမ အဖေ၏ အမူအရာကို ကြည့်၍ မသိမသာ အကဲခတ်သည်။ သူမ၏ အဖေသည် သမီးနှင့် နှစ်ယောက်တည်း ရှိနေရမည်ကို စိုးရိမ်သောက ရှိနေသည် ထင်နေမိ၏။

ဂျေကော့ကတော့ နောက်သို့ လှည့်၍ ဂျိုးဇက်ရှားမင်းအား လှမ်းပြောသည်။ "ကျွန်တော်တို့ စားသောက်ဆိုင်မှာ ရှစ်နာရီတိတိ ဆုံကြမယ် နော်"

* * *

၃

နောက် သုံးနာရီ အကြာတွင် အေဘီဂေးလ်သည် ရေပေါ်စားသောက်ဆိုင်တွင်းရှိ စားပွဲတစ်လုံးတွင် သူမအဖေနှင့် မျက်နှာချင်းဆိုင် ထိုင်နေရလေပြီ။ နောက်ဆုံး ကျတော့လည်း မိမိသည် ဖခင်အလိုကျနှင့် စိတ်တိုင်းကျ သူ ခိုင်းသမျှ သို့မဟုတ် သူ လိုလားသည့် အရာများကိုသာလျှင် လုပ်ကိုင် ပေးရလိမ့်မည်ဟု တွေးနေမိလေ၏။

ပတ်ပတ်လည်၌ ချိတ်ဆွဲထားသည့် တရုတ်ရောင်စုံ မီးပုံးကလေးများဆီမှ လာနေသော အလင်းရောင်သည် ခပ်ဖျော့ဖျော့ ဖြစ်သည်။ သူမ၏ အဖေသည် ဂျိုးဇက် ရှားမင်းနှင့် နိုင်ငံရေးအကြောင်းတွေ ပြောလျက်ရှိ၏။ အများအားဖြင့် သူတို့ ပြောနေကြသည်များမှာ ကွန်မြူနစ် တရုတ်ပြည်နှင့် အာရှနိုင်ငံများ အကြောင်းဖြစ်သည်။

ခရီးပန်းလာ၍ အစားကောင်းစွာ မစားနိုင်သော အေဘီဂေးလ်သည် တရုတ် အစားအစာများ၏ အရသာ ထူးကဲပုံကို ရှေးဟောင်းသမိုင်းနှင့် ချိ၍ ပြောပြနေသော ဖခင်၏ စကားများအား နားထောင်နေရ၏။ အထူးသဖြင့် အခု ည သူတို့ စားရမည့် ငုံးဥကြော်၊ ခိုဥမွှေချက်၊ ငါးမန်းဆူးတောင် ဟင်းချို စသည်များ၏ အရသာကို သွားရည်စိုလာအောင် ပြောပြလျက်ရှိလေသည်။

ထူးခြားနေသည်ကား ဂျိုးဇက် ရှားမင်းဖြစ်၏။ ရှားမင်းသည် မိမိအား များစွာ ဂရုထား၍ အရေးပေးလျက်ရှိသည် ထင်၏။ တရုတ် ဆန်အရက်အား သောက်သည့်အခါတိုင်း သူသည် မိမိဘက်သို့ ဖန်ခွက်ကလေး မြှောက်ပြကာ တို့စ်လုပ်၍ သောက်လေ့ရှိ၏။ အားလုံးကို ပျော်ပျော်ရွှင်ရွှင် ဖြစ်နေအောင် အားထုတ်နေသည့် သဘောအား မြင်နေရ၏။ မိမိနှင့် မိမိဖခင်တို့ ကြား၌ တင်းမာမှု ရှိနေသည်ကို ဂျိုးဇက် ရှားမင်း သိနေလေသလား။

နောက်ဆုံးတွင် ရှားမင်းသည် တစ်ခါတစ်ရံ အကြောင်းအရာ တစ်ခုအား ပေါ့ပေါ့ကလေး ပြောသော်လည်း တစ်ခါတစ်ရံတွင် များစွာအလေးအနက် ပြု၍ ပြောလေ့ရှိ၏။ သူ ကိုယ်တိုင် အနေများပြီး အနေကြာခဲ့သော ဗီယက်နမ်နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်မှ လူမျိုးများအကြောင်း ပြောရာ၌ကား စိတ်ပါဝင်စား ဖွယ် ကောင်းလှ၏။ အမှန်တော့ နှစ်ဦးစလုံးသည် အတွေ့အကြုံ များရုံမျှမက စကားပြော ကောင်းသူများ ဖြစ်သဖြင့် မိမိအတွက် များစွာ ဆွဲဆောင်မှု ကောင်း လျက်ရှိလေသည်။

ကြယ်ရောင်လက်နေသော ပင်လယ်ပြင်ထက်တွင် တရုတ် မီးပုံးကလေး များ ထွန်းညှိထားသည့် ရေတက္ကစီများသည် ပတ်ပတ်လည်တွင် ရပ်ထားကြ သည်။ တချို့မှာ ပတ်ဝန်းကျင် အမှောင်ထု အတွင်း၌ ခရီးသည်များ တင်ကာ လှုပ်ရှား သွားလာလျက် ရှိကြသည်။ အေဘီဂေးလ်အဖို့တော့ သူမ၏ အဖေနှင့် ရှားမင်းတို့ ပြောနေသမျှ စကားများကို နားထောင်နေရသော်လည်း တစ်ခါတစ်ရံ တွင် လုံးဝ စိတ်မဝင်စားဘဲ ဖြစ်နေတတ်သည်။

အေဘီဂေးလ်သည် သူမ၏ အဖေ နေထိုင်ရာ အိမ်သို့ ရောက်သွားပါက သူမ၏ အဖေအပေါ်၌ နားလည်မှုပို၍ ရှိသွားလိမ့်မည်ဟု မျှော်လင့်ခဲ့မိ၏။ သို့သော်လည်း ရုက္ခဗေဒဥယျာဉ် အနီးရှိ ဂျေကော့၏ တိုက်ခန်းသို့ ရောက်သွား သည့်အခါတွင်မူ သူ စိတ်ပျက်သွားရပြန်သည်။ တိုက်ခန်းမှာ ကျယ်ဝန်းပြီး လေကောင်းလေသန့်ရကာ လသာဆောင်မှာ ပင်လယ်ဆိပ်ကမ်းဘက်သို့ မျက်နှာပြုထားသော်လည်း အိမ်နှင့်တူသော လက္ခဏာများ မရှိဟု ထင်နေမိလေ သည်။

အိမ်၏ အမွမ်းအမံနှင့် အပြင်အဆင်များသည် အရှေ့တိုင်း ဆန်လိမ့် မည်ဟု ထင်ထားခဲ့သော်လည်း အခု သူ တွေ့မြင်နေရသည်မှာ ဥရောပ ဆန်နေ သည်။ ကြမ်းပြင်ပေါ်၌ ခင်းထားသည့် ကော်ဇောများနှင့် ချခင်းထားသည့် အိမ်ထောင် ပရိဘောဂအားလုံးမှာ ဥရောပ အခင်းအကျင်းနှင့် အပြင်အဆင် များ ဖြစ်နေသည်။ အခန်း တစ်နေရာတွင် တစ်လုံးတည်းသော စားပွဲရှိ၍ ထို စားပွဲပေါ်၌ တရုတ်နိုင်ငံနှင့် အာရှတိုက်ဆိုင်ရာ စာအုပ်များ တန်းစီ၍ တင်ထား သည်။ ငွေပေါင်ခတ် ဓာတ်ပုံတစ်ပုံ တင်ထားရာ ထို ဓာတ်ပုံမှာ မိမိ၏ ဓာတ်ပုံ ဖြစ်၍ ကျောင်းသူ ပေါက်စလေးဘဝက ပုံဖြစ်၏။

သို့သော်လည်း ဓာတ်ပုံဟူ၍ ထို တစ်ပုံတည်းသာရှိ၍ အခြားနေရာများ တွင် ဘာ ဓာတ်ပုံမှ မရှိချေ။ တရုတ်အက္ခရာများ ရေးထားသည့် ရွှေပေလွှာ လိုလို ဘာလိုလို စာလိပ်များကိုမူ ဧည့်ခန်းထဲရှိ နံရံများ၌ ချိတ်ဆွဲထားသည်။

အလှအပနှင့် အနုပညာအရသာများကို ပေးနိုင်စွမ်းရှိသည့် ပန်းချီများနှင့် ဓာတ်ပုံများကိုမူကား မမြင်ရချေ။

မိမိ တိုက်ခန်းသို့ ရောက်သွားစဉ်က ဆီးကြိုသူမှာ ထမင်းချက် တရုတ်အဘိုးကြီးဖြစ်၍ တလေးတစား တခင်တမင် နှုတ်ဆက်ရုံမျှမက မိမိအတွက် အစစ အရာရာ လိုလေသေး မရှိအောင် လုပ်ကိုင်ပေးရှာသည်။ သို့သော်လည်း သူ လုပ်ပေးနေသမျှမှာ တာဝန်အရသာ လုပ်ပေးနေခြင်း ဖြစ်သည်ဟူသော ခံယူချက်က ဝင်နေသဖြင့် သိပ်ပြီး တရင်းတနှီး မခံစားရပေ။

ဂျေကော့ရုံးမှ ပြန်ရောက်လာချိန်တွင် အေဘီဂေးလ်သည် အဝတ်များ လဲပြီးပြီဖြစ်၍ သူ့အဖေ ရောက်အလာကို စောင့်မျှော်နေခိုက်ဖြစ်၏။ ဂျေကော့သည် ရေ ကပျာကယာ ချိုးပြီး အဝတ်များ သုတ်သီးသုတ်ပျာ လဲကာ ရေပေါ် စားသောက်ဆိုင်သို့ ကားကို မောင်း၍ ထွက်လာခဲ့သည်။ လမ်းတစ်လျှောက် သားအဖချင်း ပြောလာကြသည့် စကားများမှာ အထွေအထူး မပါ။ သူမ၏ လေယာဉ်ခရီး၊ ကား ဖြတ်လာခိုက် မြင်တွေ့ရသည့် ထင်ရှား ထူးခြားသော အဆောက်အအုံများနှင့် ဂျေကော့၏ သက်ကြီးရွယ်အို မိဘများ ကျန်းမာရေး စသည်များသာ ဖြစ်၏။

ညစာ စားကြသည့်အခါ၌လည်း ဂျေကော့သည် စကားပိုင်းတွင် သိပ်ပြီး စိတ်ဝင်စားပုံမရ။ ကျိုးဇက် ရှားမင်းက **"တရုတ်နိုင်ငံ၏ ခေတ်သစ်"** စာအုပ်တွင် "ခရိုရှည် ချီတက်ပွဲကြီးနှင့် ပတ်သက်၍ ဂျေကော့၏ အတွေ့အကြုံများအား များများစားစား မဖော်ပြသည့် ဟာကွက်ကို ထောက်ပြသည်။

"ခင်ဗျားတို့ ပြိုင်ဘက်တွေရဲ့ တရားမျှစိတ်ကို ကျွန်တော် သဘောကျပါတယ်" ဟု ရှားမင်းက ပြောသည်။ "ခင်ဗျားရဲ့ စာအုပ်ထဲမှာ ကွန်မြူနစ်ခေတ်ကို သိပ် အသားပေးပြီး ရေးထားတာတွေ ဖတ်ရတယ်၊ ဒါပေမဲ့ သုံးဆယ်ပြည့်နှစ်တွေရဲ့ ကြောက်စရာကောင်းတဲ့ အကြောင်းခြင်းရာတွေကျတော့ လုံးဝ မရေးဘူး၊ ဒါကျတော့ မျှတတယ်လို့ ဆိုနိုင်ပါ့မလား"

ဂျေကော့သည် ချက်ချင်း အဖြေမပေးသေးဘဲ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။ အကယ်၍သာ ထိုမေးခွန်းကို မိမိသာ မေးခဲ့လျှင် သူ့အဖေသည် ဝေ့လည်ကြောင်ပတ် ဖြေလိမ့်မည်သာ ဖြစ်၏။ အခုကျတော့ သူသည် ရှောင်တိမ်း၍လည်းမရ၊ ရှားမင်းကိုယ်တိုင်ကလည်း သူ့ထံမှ ပေးလာမည့် အဖြေအား စောင့်နေသည်ကို မျက်နှာအမူအရာဖြင့် ဖော်ပြလျက်ရှိသဖြင့် အကျပ်ကျနေပုံ ရ၏။

"ပျမ်းမျှအားဖြင့်တော့ တရုတ်လူမျိုးတွေဟာ တော်လှန်ရေး အောင်မြင်ကတည်းက ဘဝတိုးတက်မှု ရှိလာတယ်လို့ ဆိုရမှာပဲ" ဟု ဂျေကော့က ပြော

သည်။ "အခု အချိန်ကာလမှာ ပြင်ပကမ္ဘာက ဝေဖန်သုံးသပ်ဖို့ လိုအပ်နေတာက အဲဒီအချက်ပဲ၊ ခင်ဗျားပြောတဲ့ သုံးဆယ်ပြည့်နှစ်တွေ အတွင်းက ဖြစ်ခဲ့တာတွေဟာ ဒီဘက်အပိုင်းနဲ့ သိပ်ပြီး ဆက်စပ်စရာ မလိုအပ်ဘူးလို့ထင်တာပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကံမကောင်း အကြောင်းမလှ ဖြစ်နေရှာတဲ့ တရုတ်အသိပညာရှင် အတတ်ပညာရှင်တွေ အတွက်ကတော့ ခင်ဗျား ရေးထားတဲ့ ဒီညထုတ် သတင်းလွှာထဲက အကြောင်းကို ဖတ်လိုက်ရင် အဆက်အစပ် ရှိမရှိ သိသာနိုင်နေတာပဲ" ဟု ရှားမင်း ပြောသည်။ "မော်ရဲ့ ပန်းမျိုးတစ်ရာ" အပေါ် ဝေဖန်ခဲ့တဲ့ ပညာရှင်တွေဟာ အခုဆိုရင် အဓမ္မ အလုပ်စခန်းတွေထဲ အသွင်းခံနေကြရတယ် မဟုတ်လား။ တစ်ခုတော့ ရှိတယ်လေ၊ ခင်ဗျား ကြုံခဲ့ရတဲ့ အဖြစ်မျိုးနဲ့တော့ တူချင်မှ တူမယ်ပေါ့၊ ဒါပေမဲ့ အမှန်အတိုင်း ပြောတာကို လက်မခံဘဲ ရက်ရက်စက်စက် အပြစ်ဒဏ်တွေ ပေးနေတာကတော့ အပြစ် ကင်းမဲ့ သူတွေအတွက် သိပ်ပြီး နစ်နာတယ်လို့ ထင်တယ်"

"ဒီကိစ္စက ခင်ဗျားအတွက်တော့ အထူးအဆန်း ဖြစ်နေမှာပဲ။ ဒါပေမဲ့ ကျွန်တော့် အနေနဲ့ကတော့ နောက်ဆုံး အကဲဖြတ်မှုကို မပြုနိုင်သေးဘူး" ဟု ဂျေကော့က လက်ထဲမှ တူအား လှည့်ကစားနေရင်းမှ ဖြေသည်။ "ပုဂ္ဂိုလ်ရေး ခံစားမှုတွေကို သိပ်ပြီး ရှေ့တန်း တင်လိုက်သလို ဖြစ်သွားမှာလည်း စိုးရတယ်။ ပြီးတော့ ကျွန်တော်က ရှုပ်ထွေးနေတဲ့ ပြဿနာကို မဖြေတတ်ဘူး။ ဒါကြောင့်မို့လည်း ခင်ဗျား ပြောတာတွေကို ရေးဖို့ ကျွန်တော် လက်ရှောင်ခဲ့မိတယ်လို့ ထင်တာပဲ"

"ခင်ဗျား ဆိုလိုတာက ယုံကြည်မှုနဲ့ ပတ်သက်တယ်ပေါ့" ဟု ရှားမင်းက ထပ်မေးသည်။

"တစ်စိတ်တစ်ပိုင်းကတော့ မှန်တယ်လို့ ထင်တယ်၊ ခရီးရှည် ချီတက်ပွဲကြီးထဲမှာ အကျဉ်းသား ဖြစ်ခဲ့ရတဲ့အတွက် အခြေခံ ယုံကြည်ချက် တချို့ ပြောင်းလဲသွားတာတော့ ရှိခဲ့တယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ ခံစားမှုတွေကို ကိုယ့်ဘာသာကိုယ် ကျေနပ်မှု ရှိလာအောင် မလုပ်တတ်ဘူး ရှားမင်း၊ ဒါပေမဲ့ ပြောစရာ တခြားဟာတွေကလည်း ရှိနေသေးလေတော့"

ဂျေကော့သည် တွန့်ဆုတ်တုံ့ဆိုင်းနေသည်။ စိတ်ဂနာမငြိမ် ဖြစ်နေသော အေဘီဂေးလ်သည် ကုလားထိုင်တွင် နေရာ ပြင်ထိုင်လိုက်ကာ သူ့မအဖေ ဘာတွေ ပြောမည်ကို နားစွင့်သည်။ သို့သော်လည်း မိမိ မျှော်လင့်ထားသလို ဘာစကားမှ မကြားရသဖြင့် စိတ်ရှုပ်သွားသည်၊ သူမ၏ အဖြစ်အား ရိပ်စားနားလည်လိုက်သော ရှားမင်းသည် ပြုံးလိုက်သည်၊ ပြီးတော့ အေဘီဂေးလ်ဘက် လှမ်းကြည့်ပြီး မျက်စိမှိတ်ပြသည်။

"ထားပါတော့လေ၊ တစ်ချိန်ကျရင် ခင်ဗျားတို့ သားအဖ နှစ်ယောက် ခေါင်းနှစ်လုံး အသုံးပြုပြီး ဖက်စပ် တစ်အုပ် ရေးကြပေါ့"

"ကျွန်မလည်း ရှင့်လိုပဲ မှောင်ထဲမှာ စမ်းတဝါးဝါး ဖြစ်နေတာပဲ ရှားမင်း" ဟု အောဘီဂေးလ်က ပြောသည်။ "ဖေဖေက ဒီအကြောင်းတွေကို ဘယ်တော့မှ များများစားစား ပြောမပြပါဘူး။ ဒါပေမဲ့ အောဘီဂေးလ်က မျှော်လင့်ချက်အားလုံးကို မစွန့်လွှတ်သေးပါဘူး။ ဖေဖေရဲ့ လျှို့ဝှက်ချက် တချို့ကိုတော့ ရအောင် ဖော်ထုတ်ရမှာပဲ"

ဂျေကော့က သူ့သမီး မျက်နှာအား ထူးဆန်းသော မျက်နှာထားဖြင့်ကြည့်သည်။ စားပွဲ၌ သူ့သမီးရှိနေသည်ကို အခုမှ သတိထားမိပုံမျိုးဖြင့် ကြည့်နေခြင်း ဖြစ်၏။ ထို့နောက် တစ်ချက်မျှ ပြုံးလိုက်ပြီး သူ့ အကြည့်အား ရှားမင်းဘက် လှည့်လိုက်သည်။

"ထူးတော့ ထူးဆန်းတယ် ဂျိုးဇက်၊ ဒီအကြောင်းအရာကို ခင်ဗျား ပြောလာတာဟာ အံ့သြစရာ ဖြစ်နေပြီ" ဟု သူက ပြောကာ ထိုနေ့ မွန်းလွဲပိုင်းက ရလာသည့် စာအိတ်ကို သူ့ အိတ်ကပ်ထဲမှ ထုတ်ယူလိုက်သည်။ "ကျွန်တော့် အနေနဲ့က တရုတ်နိုင်ငံကို ပိတ်ထားတဲ့ စာအုပ် တစ်အုပ်လို့ သဘောထားခဲ့တာပါ" သူသည် စကားကို ဖြတ်ထားပြီး အောဘီဂေးလ် ဘက်သို့ လှည့်ကြည့်လိုက်သည်။ "အခုဟာ ၁၉၃၅-ခုနှစ်က စပြီး ဒီနေ့အထိ ကွန်မြူနစ်တွေနဲ့ ပထမဆုံး ရတဲ့ အဆက်အသွယ်ပဲ"

ဂျေကော့က ငြိမ်းချမ်းရေးအဖွဲ့မှ ပေးပို့လိုက်သော ဖိတ်စာအား ပြသည်။ သူ့သမီးအား ပထမဆုံး ဖတ်စေသည်။ ထို့နောက် ဖိတ်စာကို သူနှင့် မျက်နှာချင်းဆိုင်ရှိ ရှားမင်းဘက် ထိုးပေးသည်။

"အတော် ထူးဆန်းတာပဲ" ဟု အမေရိကန်က လေတစ်ချက် ချွန်လိုက်ပြီး ပြောသည်။ "အခုလုပ်ပုံ ကြည့်ရတာ ခင်ဗျားအဖြစ်က လူပျိုလှည့် ခံရသလို ဖြစ်နေပါပေါ့လား"

"ဖေဖေ လက်ခံလိုက်ပြီလား" ဟု အောဘီဂေးလ်က မေးသည်။

ဂျေကော့သည် အတန်ကြာမျှ စဉ်းစားနေသည်။ "ဖေဖေကတော့ အံ့သြတာ တစ်ခုကလွဲပြီး ဘာမှ ဆုံးဖြတ်လို့ မရသေးဘူး"

"ခင်ဗျားရဲ့ သဘောထားက"

"ကျွန်တော့်ရဲ့ ပထမဆုံး တုံ့ပြန်ချက်က မတတ်နိုင်ဘူးလို့ ပြောဖို့ပဲ ဂျိုးဇက်၊ ခင်ဗျားက ဘာပြုလို့ ကျွန်တော့်ကို သွားသင့်တယ်လို့ ထင်နေတာလဲ"

"ခင်ဗျား သွားသင့်တယ်လို့ ကျွန်တော် မပြောသေးပါဘူး" ဟု ရှားမင်းက ပြောသည်။ ရှားမင်းသည် ဖိတ်စာအား ဂျေကော့ဘက် တွန်းပို့ပေးလိုက်ပြီး ထိုင်

ရာမှ ထရပ်သည်။ သူသည် ညစာအတွက် ကျသင့်စရိတ်ကို ပေးပြီးပြီ။ သမွန်တက္ကစီ တစ်စီးအား လက်ပြ၍ခေါ်သည်။ သမွန်တက္ကစီပေါ်၌ ထိုင်မိကြသည့်အခါ ရှားမင်းက ဂျေကော့ပခုံးအား အသာအယာ ပုတ်သည်။ "ခင်ဗျား ပီကင်းကို ပြန်သွားမယ်လို့ ဆုံးဖြတ်ရင်တော့ အတိတ်တစ္ဆေတွေကို ရင်ဆိုင်နိုင်ဖို့ အသင့် ပြင်ထားရလိမ့်မယ်" ဟု ပြောသည်။

သဘော်ဆိပ်ခံတံတားပေါ် ရောက်သည့်အခါ လူနှစ်ယောက်သည် ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ ရှားမင်းသည် အေဘီဂေးလ်၏ လက်အား အချိန် အတော်ကြီးကြာသည်အထိ နမ်းရှုပ်၍ နှုတ်ဆက်သည်။

သားအဖနှစ်ယောက် ကားပေါ်ရောက်သည့်အခါ ဂျေကော့သည် ပြန်၍ နှုတ်ဆိတ်သွားသည်၊ အေဘီဂေးလ်ကမူ ညစာစားပွဲ၌ ရှိနေကြစဉ်က အတိတ်က ဖြစ်ရပ်များအား ပြောပြရန် ဟန်ပြင်ပြီးခါမှ မပြောဘဲ လုပ်သွားသည့် အပေါ်၌ မကျေနပ်။ ဘာကြောင့် ထိုကဲ့သို့ လုပ်ရသည်ကို မေးမည်ဟု စိတ်ကူးသည်။ သို့သော်လည်း အဖေဖြစ်သူ ငြိမ်ဆိတ်လွန်းသဖြင့် မမေးချင်၊ မေးရမည်ကို ဝန်လေးလျက်ရှိ၏။

အိမ်ပြန်ရောက်သည့်အခါ ဂျေကော့က အေဘီဂေးလ်အား ပင်ပန်းနေပြီဟု သူ ယူဆကြောင်းပြောကာ ချက်ချင်း အိပ်ရာဝင်ဖို့ တိုက်တွန်းသည်။ သူကိုယ်တိုင်လည်း အေဘီဂေးလ်အား နှုတ်ဆက်ကာ သူ့ အိပ်ခန်းသို့ ဝင်ရောက်သွားသည်။ အိပ်ရာပေါ် ရောက်သွားသည့် အေဘီဂေးလ်သည် မျက်စိအစုံအား စုံမှိတ်ထားလိုက်သည်။ သူ့အဖေ၏ ရုပ်လွှာသည် သူမ၏ စိတ်အာရုံတွင် ထင်ဟပ်လာသည်။ သူမ အဖေသည် အတိတ်က ရလာခဲ့သည့် ဒဏ်ရာဟောင်းများ၊ နာကြည်းမှုများနှင့် မကျေနပ်မှုများအား ကုစားရန် အားထုတ်မည့် လက္ခဏာများ မရှိဟုပင် ထင်မိလေ၏။

* * *

၄

"သမီး ကြီးလာနေတုန်းက မနက်ခင်း နိုးလာရင် ဘာကြောင့်မှန်းလဲ မသိဘူး စိတ်ထဲမှာ ဝမ်းနည်းနေတယ်။ တစ်ခါတလေ သမီးအမေအကြောင်း အိပ်မက် မက်တယ်၊ အိပ်မက်ကလည်း အမြဲတမ်း ဒီအတိုင်းချည်းပဲ။ အိပ်မက်ထဲမှာ သမီးဟာ တကယ့် ငယ်ငယ်ကလေးရယ်၊ အသိအကျွမ်း မဟုတ်တဲ့ မျက်နှာစိမ်း တရုတ်တွေကြားက ဖြတ်ပြီး ပြေးနေတယ်။ သမီး အမေ့ကို အော်ခေါ်ပြီး လိုက်ရှာနေတာ လုံးဝ မတွေ့ရဘူး။ သမီးရဲ့ ကလေးစိတ်နဲ့ သိနေတာက အလွန် ကြောက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်နေတယ်၊ ပြီးတော့ အမေ့ကို ဘယ်တော့မှ ရှာမတွေ့ဘူးလို့ သိနေတော့"

ဂျေကော့က သူ့သမီးအား အံ့အားသင့်ပြီး ကြည့်နေသည်။ သို့သော်လည်း အေဘီဂေးလ်ကတော့ မျက်နှာကို တစ်ဖက်သို့ လွှဲထားပြီး ပြတင်းပေါက်မှ လှမ်းမြင်နေရသော ပစ်တိုးရီးယားတောင်ထိပ် အတက်အဆင်းလမ်းအတိုင်း သွားလာနေသည့် ဓာတ်ရထားအား ကြည့်နေသည်။ သူတို့ တိုက်ခန်း၏ အောက်ဘက်တွင် ဟောင်ကောင်ကျွန်းအား ကောင်းလုံနှင့် သီးခြားဖြစ်အောင် ခွဲထားသည့် ကျဉ်းမြောင်းသော ရေလက်ကြားအား မြင်နေရလေသည်။

ပင်လယ်ကမ်းခြေ၏ နောက်ဘက်ရှိ တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော ဒေသသည် မနက်ခင်း နေရောင်ခြည်အောက်တွင် ကျောက်စိမ်းရောင် ပေါက်လျက်ရှိ၏။ စောစောကပင် ဂျေကော့သည် သူ့သမီး အေဘီဂေးလ်အား စိတ်ဝင်စားလိမ့်မည်ဟု ယူဆမိသော ထူးခြားသည့် မြင်ကွင်းများ၊ ရှုခင်းများနှင့် နေရာများကို လက်ညှိုး တထိုးထိုးဖြင့် ညွှန်ပြခဲ့သေးသည်။ သို့သော်လည်း သူ့သမီး၏ အမူအရာသည် ဘာကိုမှ စိတ်ဝင်စားသည့် လက္ခဏာ မပြသဖြင့် ဂျေကော့မှာ စဉ်းစားရ ခက်လျက်ရှိလေ၏။

"တစ်ခါတလေကျတော့လည်း အိပ်မပျော်ခင် ကြောက်လန့်နေတတ်တယ်" ဟု အေဘီဂေးလ်က ဆက်ပြောသည်။ "သမီးရဲ့ အိပ်မက်တွေထဲမှာ မေမေ့ကို ခေါင်းဖြတ်ပစ်ခဲ့တဲ့ တရုတ် ပါးကွက်သားတွေကို မြင်နေရသလိုပဲ"

သားအဖ နှစ်ယောက်သည် နှစ်ယောက်ထိုင် ကုလားထိုင်တွင် ထိုင်နေကြခြင်းဖြစ်၏။ အေဘီဂေးလ်သည် အဝေးသို့ မျှော်ကြည့်နေရာမှ သူ့အဖေအား လှည့်ကြည့်သည်။ သူ့မအဖေသည် မိမိ၏ စိတ်ထိခိုက်နေသော အမူအရာအား ကြည့်ကာ မျက်နှာအပျက်ပျက် ဖြစ်နေသည်ကို အေဘီဂေးလ် သတိထားမိသည်။ အေဘီဂေးလ်သည် သူ့မ အဖေအား တောင်းပန်လိုသည့် မျက်နှာထားဖြင့် ကြည့်နေသည်။

"သမီးကို ခွင့်လွှတ်ပါ ဖေဖေ၊ ရုတ်တရက် မထင်မှတ်ဘဲ ခံစားလိုက်ရလို့ ပြောလိုက်မိတာပါ" အေဘီဂေးလ်သည် ပြတင်းပေါက်ဘက် ပြန်လှည့်ကာ အပြင်သို့ လှမ်းကြည့်နေပြန်သည်။ နံနက်ခင်းသည် လင်းလက်နေသော်လည်း မြူများကတော့ မရှင်းသေး၊ အောက်ဘက်တွင် ကျွန်းတစ်ကျွန်းလုံးနှင့် ပင်လယ်ဆိပ်ကမ်းသည် ပြန့်ပြူးစွာ ခင်းထားသည့် ရောင်စုံ ကော်ဇောကြီး တစ်ချပ်နှင့် တူလျက်ရှိလေသည်။

"သမီးအနေနဲ့ တရုတ်လူမျိုးတွေ အများကြီး ကြားမှာ ပထမဆုံးအကြိမ်ရောက်လာရတာဟာ တစ်ခုခု ကြုံစရာများ ရှိနေလို့လားလို့ တွေးနေမိတယ်" ဟု အေဘီဂေးလ်က သူ့ အဖေဘက် လှည့်၍ ထပ်ပြောသည်။ "ဒီကို ရောက်အောင် အလည်ခေါ်တဲ့အတွက် သမီးဖေဖေ့ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မြင်ရသမျှကို ကြည့်ပြီး စိတ်ထဲမှ ခံစားရတာတွေကိုတော့ သမီး ရင်မဖွင့်ဘဲ မနေနိုင်တာ ခွင့်လွှတ်ပါ"

"ဖေဖေ ဝမ်းနည်းပါတယ်၊ အေဘီဂေးလ်" ဂျေကော့သည် ထစ်တီးထစ်ငေါ့ ဖြစ်လျက်ရှိ၏။ "တောင်းပန်ရမှာက ဖေဖေပါ၊ သမီး အခုလောက်အထိ စိတ်ထိခိုက်သွားလိမ့်မယ်လို့ ဖေဖေ မထင်ခဲ့မိလို့ပါ။ အလျင်တုန်းက သမီးရဲ့ အိပ်မက်တွေ အကြောင်းလည်း ဖေဖေ့ကို မပြောဖူးခဲ့ဘူးလေ"

"သမီးမှာ ပြောချင်ပေမဲ့ ပြောဖို့ အခွင့်အလမ်းက ရမှ မရခဲ့တာ။ ဒီခံစားမှုတွေ အားလုံးကို မျိုသိပ်ထားခဲ့ရတာ နှစ်တွေ မနည်း ကြာခဲ့ပါပြီ။ ဖေဖေ အိမ်ပြန်လာတော့လည်း အတိတ်က ပုဂ္ဂိုလ်ရေးရာ ကိစ္စတွေကို ပြောချင်တဲ့ ဆန္ဒရှိပုံမရဘူး မဟုတ်လား၊ အဲဒါကြောင့် ဒီကိစ္စတွေကို အင်္ဂလန်မှာ မပြောဖြစ်ခဲ့တာပါ"

နံနက်ခင်းဖြစ်၍ ကောင်းကင်သွား ဓာတ်ရထားပေါ်တွင် လူစည်ကားခြင်းမရှိသေး၊ သူတို့နှင့် အနီးဆုံး ထိုင်ခုံများတွင် လူသူမရှိသဖြင့် သူတို့ သားအဖ

၏ စကားများအား ကြားနိုင်မည့်သူမရှိ၊ ပြတင်းပေါက်မှ ကြည့်လျှင် တောင်ကုန်း ထက်မှ စိုစိုစိမ်းစိမ်း သစ်ပင်များကို မြင်နေရသည်။ အေဘီဂေးလ် အဖို့တော့ တောင်ထိပ်သို့ တက်သွားနေသော ခတ်ရထား ပြတင်းမှ မြင်နေရသည့် သစ်ပင် များသည် ယိမ်းထိုးလှုပ်ရှားနေကြသဖြင့် ယိမ်းကနေကြလေသလား ဟု ထင်နေ သည်။

"အမှန်တော့ ဖေဖေ နားလည်သင့်တယ်" ဟု ဂျေကော့က ပြောကာ သမီး၏ လက်တစ်ဖက်အား ဆုပ်ကိုင်ထားသည်။ "ဒါပေမဲ့လို့ ဖေဖေ့ အနေနဲ့က အတိတ် ဇာတ်ကြောင်းတွေကို ပြန်ပြောလိုက်ရင် သမီး သိပ်ပြီး စိတ်ထိခိုက် သွားမှာ စိုးတယ်၊ ဖေဖေ့ အနေနဲ့ သမီးရဲ့ ဘဝကို ကာကွယ်ချင်လို့များလား မပြောတတ်ဘူး"

အေဘီဂေးလ်၏ မျက်နှာသည် ဂျေကော့ဘက် လှည့်လာသည်။ သူမ သည် အဝါရောင် ချည်သား ဘလောက်စ်အကျီနှင့် အဖြူရောင် စကတ်ဝတ်ထား ပြီး ခေါင်းမှ ရွှေရောင်ဆံပင်အား အစိမ်းရောင် ပိုးပဝါလေး စည်းထားသည်။ သူမ၏ သန့်စင် လတ်ဆတ်သော အလှတွင် သူမ၏ မိခင် ဖီလီစီတီ၏ အလှ သည် ရောင်ပြန်ဟပ်လျက်ရှိ၏။ တကယ်တော့ သူ့ သမီး အေဘီဂေးလ်သည် ရှုန်ဟိုင်းတွင် သူ ပထမဆုံး ဆုံမိခဲ့စဉ်က ဖီလီစီတီ၏ အလှနှင့် ဘာမှ မခြားပေ။

"ဒါဆိုရင် သမီး အောက်စဖို့ဒ် တက္ကသိုလ်ရောက်တော့ တရုတ်စာပေ အနုပညာ ဘာသာရပ်တွေကို စိတ် မဝင်စားအောင် လုပ်ခဲ့တာဟာကော ဘာပြု လို့လဲ၊ သမီးကို ကာကွယ်ပေးချင်လို့ပဲလား"

"ဖေဖေ့ အတွင်းစိတ် လှုံ့ဆော်မှုအရ ဖြစ်လာတာလို့ပဲ ထင်ရတော့မှာပဲ သမီးကို ဖေဖေနဲ့ ခြားနားတဲ့ နယ်ပယ်မှာပဲ ရှိစေချင်တဲ့ သဘောလို့ပဲ ထင်တယ်"

"ဖေဖေ လုပ်ပုံတွေ ကြည့်ရတာ သမီးကို အာရှတိုက်ထဲက ဖေဖေ့ဘဝနဲ့ လုံးဝ ကင်းကွာနေအောင် အဆက်ဖြတ်ထားချင်ပုံ ပေါ်တယ်။ ဖေဖေဟာ ဖေဖေ့ အတိတ်ဘဝ အကြောင်းတွေကျတော့လည်း သမီးကို မပြောဘူး"

အေဘီဂေးလ်သည် မျက်နှာအား တစ်ဖက်သို့ လွှဲထားလိုက်ပြန်သည်၊ "ဖေဖေလုပ်ပုံက သမီးကို တစ်ချိန်လုံး အမှောင်ထဲမှာပဲ ထားချင်တဲ့သဘော ရှိတယ်။ သမီး ငယ်ငယ်တုန်းကဆိုရင် သမီးကို ဖေဖေနဲ့တူတူ မထားချင်ဘူး အဲဒါ ဘာပြုလို့လဲ တဲ့၊ သမီး နားမလည်နိုင်ဘူး။ သမီးကို အဘိုးအဘွားတွေနဲ့ပဲ အမြဲထားတယ်။ အဲဒါကိုလည်း သမီး နားမလည်ဘူး။ သမီးစိတ်ထဲမှာ မှန်တယ် လို့လည်း မထင်ဘူး၊ တစ်ခါတလေများ နေရတာ မပျော်ဘူး"

"မဟုတ်သေးဘူး သမီး၊ တရုတ်တွေက ဖေဖေတို့ကို လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဖေဖေ သမီးကို ခေါ်ပြီး အဘိုးအဘွားဆီ လာခဲ့တာပါ" ဟု

ဂျေကော့က ပြောသည်။ "အဲဒီအချိန်က အဲဒီလို လုပ်ဖို့က လွဲပြီး တခြား ဘာမှ မရှိဘူးလေ။ သမီးအတွက် အိမ်ကောင်းလိုတယ်။ ဖေဖေ့မှာကလည်း ခရီးရှည် ချီတက်ပွဲကြောင့် ကျန်းမာရေးက ချို့တဲ့နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဖေဖေ သမီးကို ဂရုစိုက်တာ သိပ်နည်းသွားတယ်"

"အဲဒါလည်း အားလုံး မမှန်ဘူး သမီး။ ဖေဖေ သမီးကို အမြဲတမ်း လေးလေးနက်နက် ထားပြီး ဂရုစိုက်ခဲ့ပါတယ်၊ ဖေဖေက စိတ်ထဲမှာသာ ထားတာ၊ အပြင်ကို ထုတ်ဖော်ပြီး မပြတတ်ဘူး"

အေဘီဂေးလ်က သူမ အဖေ့မျက်နှာအား စိုက်ကြည့်နေသည်။ "မနေ့ညက ဂျိုးဇက် ရှားမင်းနဲ့ စကားပြောကြတော့ ဖေဖေကပြောတယ်၊ အကျဉ်းသား တစ်ယောက် ဘဝဟာ ဖေဖေ့ အယူအဆနဲ့ အတွေးအမြင်တွေကို ပြောင်းလဲပစ်ခဲ့တယ် တဲ့၊ ဒါပေမဲ့ ဘယ်လို ပြောင်းလဲပစ်ခဲ့တယ် ဆိုတာကျတော့ ရှင်းမပြဘူး။ ဖေဖေ ဘာကို ဆိုလိုတယ်ဆိုတာ သမီး နားလည်အောင် ကြိုးစားကြည့်ချင်တယ်။ အဲဒါဆိုရင် အထောက်အကူ တစ်ခုတော့ ဖြစ်လာမယ်လို့ ထင်တာပဲ"

ဂျေကော့က သက်ပြင်းချသည်။ "ဖေဖေတို့ တရုတ်ပြည်က ပြန်ရောက်တော့ အင်္ဂလန် အင်္ဂလိပ်၊ တရုတ် သာသနာပြု မစ်ရှင်အဖွဲ့မှာ ဖေဖေ ခဏ တစ်ဖြုတ် ဝင်ပြီး အလုပ် လုပ်ခဲ့တယ်။ ဥရောပနဲ့ အမေရိကဘက် ခရီးထွက်ခဲ့တယ်၊ လက်တွေ့ဘဝ သာသနာပြု လုပ်ငန်းနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေနဲ့ နှီးနှောဖလှယ်ပွဲတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ မနေ့ညက ဖေဖေ ပြောခဲ့သလိုပဲ တစ်စုံတစ်ခုဟာ ပြောင်းလဲနေတယ်။ ဖေဖေ့ရဲ့ နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ငြိတွယ်နေတာက သာသနာပြု လုပ်ငန်း မဟုတ်တော့ဘူး သမီး"

"ဖေဖေ ဆိုလိုတာက ချီတက်ပွဲကြီး အတွင်းမှာ ဖေဖေရဲ့ ခရစ်ယာန် ဘာသာအပေါ် ယုံကြည်မှုဟာ လုံးဝ ပျက်သွားတယ်ပေါ့"

"မဟုတ်ဘူး၊ အဲဒီလိုကြီးတော့လည်း မဟုတ်ဘူး" ဂျေကော့သည် ပြောစရာ စကားလုံး ရွေးချယ်နေသည်။ "ပြောရမှာက လွယ်လွယ်ကူကူ မရှိလှဘူး၊ လူငယ်တစ်ယောက် အနေတုန်းကတော့ လူဦးရေ အဆမတန် များပြားပြီး ကစဥ့် ကလျား ဖြစ်နေတဲ့ တရုတ်နိုင်ငံကို ခရစ်ယာန်ဘာသာ အယူဝါဒ ဟောပြောပေး ခြင်းနဲ့ ကယ်တင်နိုင်လိမ့်မယ်လို့ အပြင်းအထန် ယုံကြည်ခဲ့တယ်။

"ဒါပေမဲ့လို့ နောက်ပိုင်းကျတော့ ဖေဖေဟာ အရာရာကို ခွဲခြမ်း စိတ်ဖြာပြီး ဝေဖန်သုံးသပ် ကြည့်မိခဲ့တယ်၊ ဖေဖေ့ အတွေ့အကြုံအရ ဖေဖေ နားလည် လာခဲ့ရတာက တရုတ်နိုင်ငံအတွက် ခရစ်ယာန် ဘာသာဟာ အဆက်အစပ်

မရှိဘူး၊ မသက်ဆိုင်ဘူးလို့ ထင်လာတယ်။ သိသာနေတာက ကွန်မြူနစ်ဝါဒဟာ တရုတ်လူမျိုးတွေ ကြားမှာ အရှိသေ အခံရဆုံး အရာတစ်ခု ဖြစ်လာနေတယ်။

"ဒီ ဝါဒဟာ အဖိနှိပ်ခံတွေကို အလုပ်အကျွေး ပြုတယ်၊ အဖိနှိပ်ခံတွေကို အနစ်နာခံပြီး မြင့်မြတ်တဲ့ အလုပ်တွေ လုပ်ဖို့ အားပေးသမှု ပြုနေတယ်။ ဒါပေမဲ့ ဒီ ဝါဒဟာ အဖိနှိပ်ခံတွေကို ရက်စက်ကြမ်းကြုတ်စွာ လုပ်ခြင်းအားဖြင့် ကြောက်ရွံ့ ထိတ်လန့်ခြင်းကို ဖြစ်စေတယ်၊ အမှန်အတိုင်း ဝန်ခံရရင်တော့ အဲဒီအရာတွေ အားလုံးဟာ ဖေဖေ့ရဲ့ ပုဂ္ဂိုလ်ရေး ယုံကြည်မှုတွေကို ရှင်းလင်း ပြတ်သားအောင် အကူအညီ မပေးနိုင်ခဲ့ကြဘူး၊ ဖေဖေ့ ယုံကြည်မှုကို လုံးဝ ဆုံးရှုံးသွားတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီ ယုံကြည်မှုရဲ့ ပတ်ပတ်လည်မှာ အလွန် မာကျောတဲ့ အခွံမာ တစ်ခု ပေါက်လာသလို ဖြစ်နေရတာ"

"အဲဒီ အချိန်က ဖေဖေနဲ့ ပတ်သက်လို့ ဘာမှ ရေရေရာရာ မမှတ်မိတော့ဘူး" ဟု အေဘီဂေးလ်က ပြောသည်။ "သမီး မှတ်မိနေတာ တစ်ခုက ဖေဖေ ယူနီဖောင်းနဲ့ ဝိုင်ယာလက်စက် ဘေးမှာ ရပ်နေတဲ့ ဓာတ်ပုံပဲ၊ အဲဒီထက် ပိုပြီး သမီး မှတ်မိတာ ဘာတစ်ခုမှ မရှိခဲ့ဘူး"

"အဲဒီတုန်းက ဘယ် မှတ်မိနိုင်မှာလဲ။ စစ်ကြီး ဖြစ်လာတော့ သမီး အသက်က ငါးနှစ်ပဲ ရှိသေးတယ်၊ ကျန်းမာသန်စွမ်းပြီး အရွယ်ရောက်တဲ့လူတိုင်း စစ်ထဲဝင်ပြီး စစ်တိုက်ကြရတယ်လေ" ဂျေကော့သည် ထိုစဉ်က အဖြစ်အပေါ် သူ့သမီး နားလည် ခွင့်လွှတ်နိုင်အောင် ဘယ်လို ပြောရမည်နည်းဟု စဉ်းစားကာ သင့်တော်ရာ စကားလုံးများကို ရရှိအောင် စဉ်းစား ကြံဆနေရပြန်သည်။

"အဲဒီတုန်းက ဖေဖေ့ ရင်ထဲမှာ ရှိနေတဲ့ ခံစားမှုတွေရဲ့ ရှုပ်ထွေးမှုတွေကြောင့် ဖေဖေဟာ ကြည်းတပ်မှာ ဝမ်းသာစွာနဲ့ အမှုထမ်းခဲ့တယ်။ ပထမဆုံး ဖေဖေဟာ အာဖရိက စစ်မြေပြင်ကို ထွက်ခဲ့ရတယ်။ နောက်ပိုင်းမှာ မြန်မာနိုင်ငံနဲ့ အိန္ဒိယဘက်ကို ရောက်သွားခဲ့တယ်။ အဲဒီတော့ စစ်ကြီး မပြီးမချင်း ငါ့သမီး ဖေဖေ့ကို မမြင်ခဲ့ရတာ အဆန်း မဟုတ်တော့ဘူးပေါ့"

"ဒါပေမဲ့လို့ ဖေဖေ ပြန်လာတော့ အင်္ဂလန်မှာ ဘာပြုလို့ မနေရတာလဲ" ဟု အေဘီဂေးလ်က မေးသည်။ "အဲဒီအချိန်ဟာ သမီးအနေနဲ့ တရုတ်ပြည်မှာ ဘာတွေ ဖြစ်နေပြီဆိုတာ သိလာတဲ့ အချိန်ပဲ။ သမီးလေ ဖေဖေ့ဆီက အများကြီး ထပ် ကြားရလိမ့်မယ်လို့ ထင်ပြီး အများကြီးကို မျှော်လင့်ခဲ့တာ၊ ဖေဖေ့မှာ ပြောပြဖို့ အချိန် မရခဲ့ဘူး"

ဂျေကော့သည် စိတ် မသက်သာစွာဖြင့် သူ့ ကုလားထိုင်တွင် နေရာပြင်လျက်ရှိ၏။ သမီးအနေနဲ့ အဲဒါကို နားလည်ဖို့ဆိုတာ ခက်ခဲချင်ရင်လည်း ခက်ခဲပေလိမ့်မယ်။ ဒါပေမဲ့ စစ်ကြီးပြီးလို့ ဖေဖေ အိမ်ပြန်လာတော့ မော်စ်ဆိုက်

ရပ်ကွက်မှာ ဖေဖေဟာ လူစိမ်းတစ်ယောက်လို ဖြစ်နေတယ်။ ပြန်ပြီး အဆင်ပြေအောင် နေဖို့ဆိုတာ သိပ် မလွယ်ဘူး သမီး။ အဲဒီတုန်းက သမီးမှာကလည်း သမီးကျောင်းနဲ့ သမီး အဘိုးအဘွားတွေနဲ့ အများကြီး အဆင်ပြေနေတဲ့ ဘဝပဲ"

"ဒါပေမဲ့ ဘာပြုလို့ ဖေဖေ အာရှကို ပြန်လာရတာလဲ"

"မြန်မာနိုင်ငံနဲ့ အိန္ဒိယမှာ နေခဲ့ရတဲ့အတွက် အရှေ့တိုင်း ဘာသာ အားလုံးကို သိချင်လာတယ်၊ အဲဒါကြောင့် ပြန်လာဖို့ ဆုံးဖြတ်ခဲ့တာ၊ ခဏပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီအချိန်က ရသမျှ အလုပ်ကို လုပ်ကိုင်ပြီး နေခဲ့ရတဲ့ လက်လုပ်လက်စား ဘဝပေါ့၊ တိဘက်မှာ လာမာ ဘုန်းကြီးကျောင်းတွေထဲ နေခဲ့ ရတယ်၊ သီရိလင်္ကာကျတော့ တမီလ်တွေနဲ့ နေခဲ့ရတယ်၊ အီရန်မှာကျတော့ မူဆလင် ကျောင်းတွေမှာ နေခဲ့ရတာ၊ ဖေဖေဟာ ဂျပန်နိုင်ငံကိုလည်း ရောက်ခဲ့တယ်။

"အဲဒီတုန်းက ရခဲ့တဲ့ အတွေ့အကြုံတွေကြောင့် ဖေဖေဟာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလမ်၊ တာအို၊ ခရစ်ယာန် ရယ်လို့ မခွဲခြားချင်တော့ဘူး၊ ဘယ်လို ဘာသာဝင်တွေပဲဖြစ်ဖြစ် သူတို့ရဲ့ ရှေးဟောင်း မိရိုးဖလာ ဓလေ့ထုံးစံ အားလုံးကို လေးစားရမယ်ဆိုတဲ့ အသိဟာ ဝင်လာခဲ့တယ်၊ ဒီဘာသာတွေ အားလုံးမှာ တူညီတဲ့ အခြေခံ ခိုင်မာမှုကတော့ ရှိနေကြတာပဲ"

"ဟောင်ကောင်မှာ ဖေဖေ အခြေစိုက်ဖို့ ဖြစ်လာတာက ဘယ်လိုကြောင့်လဲ"

"ဖေဖေ့အနေနဲ့ ။ လက်တွေ့ကျကျ အလုပ် လုပ်ဖို့က ရှိလာတယ်၊ အင်္ဂလန်မှာ ရောက်နေတဲ့ သမီးကိုလည်း ထောက်ပံ့ရဦးမယ် မဟုတ်လား၊ အဲဒီ တစ်ချက်ကတော့ ဖေဖေ့ စိတ်ထဲမှာ အရေးကြီးဆုံး အချက်လေ၊ အဲဒီအချိန်က ၁၉၄၉-ခုနှစ်ပေါ့၊ ဖေဖေ စုဆောင်းထားတဲ့ ငွေကလည်း ကုန်ပြီ၊ ဖေဖေလည်း ဒီ ဟောင်ကောင်မှာ ရောက်နေတယ်။

"ကွန်မြူနစ်တွေကလည်း ပီကင်းကို သိမ်းပြီးစ၊ တစ်နိုင်ငံလုံးကို ဝါးကန့်လန့်ကာနဲ့ ကာပြီးစပေါ့။ ဖေဖေလည်း နိုင်ငံခြားသား စာနယ်ဇင်းသမားတွေက အခကြေးငွေ ကောင်းကောင်း ပေးလာတော့ တရုတ်ဘာသာက အင်္ဂလိပ်ဘာသာ ပြန်ပေးတဲ့ အလုပ်ကို လုပ်ခဲ့တယ်။ နောက်ပိုင်းကျတော့၊ ဖေဖေ့ အနေနဲ့ တခြားလူတွေရဲ့ အလုပ်တွေကို လုပ်နေမယ့်အစား ကိုယ်ပိုင် အလုပ်တစ်ခု ရှိနေတာ ပိုကောင်းလိမ့်မယ်လို့ ထင်လာတယ်၊ အဲဒါနဲ့ပဲ ကယ်လ်နာ သုတေသန အင်စတီကျူဟာ မွေးဖွားလာခဲ့တာပဲ။ အဲဒီအချိန်က စပြီး အင်စတီကျူဟာ ဖွံ့ဖြိုးလာတယ်၊ ဖေဖေတို့အတွက် ဝင်ငွေကလည်း ကောင်းတော့ အဆင်ပြေလာတယ်။ ဒါကြောင့်မို့ အခုအချိန်ထိ ဖေဖေ ဒီမှာ ရှိနေတာပဲ"

နှစ်ဦးစလုံး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်ဆိတ်နေကြသည်။ အောက်ဘက် ပင်လယ်ဆိပ်ကမ်း ရေပြင်ထက်တွင် ကလေး ကစားစရာ အရုပ်ကလေးများ အရွယ် ဖြစ်နေသော တရုတ် တုန်ကင်းများနှင့် ပင်လယ်ကူး ကုန်တင်သင်္ဘော များအား မြင်နေရ၏။ ရေပြင်သည် နေရောင်တွင် လင်းလက်နေသည်။ လူဦး ရေ ထူထပ်သော ဗစ်တိုးရီးယားနှင့် ကောင်းလုံစသော ရပ်ကွက်များဘက်၌ တိုက်တာ နေအိမ်သစ်များသည် ပေါ်လာလျက်ရှိ၏။

ဓာတ်ရထားသည် နောက်ဆုံးတွင် တောင်ထိပ်ခရီးလမ်းဆုံး၌ ရပ်သည်။ ဂျေကော့သည် သူ့ သမီးအား လက်ဆွဲ၍ အောက်သို့ ဆင်းလာသည်။ နွေးထွေး သန့်စင်သော လေသည် သူတို့အား ဆီးကြို နှုတ်ဆက်လျက် ရှိ၏။ နှစ်ဦးသား ကယ်လ်နာ အင်စတီကျူ ရေဒီယို အသံဖမ်း စခန်းဆီသို့ လျှောက်လာခဲ့ကြ သည်။ သူ့သမီးအား မိမိတို့ ပိုင်ဆိုင်သည့် ရေဒီယို အသံဖမ်းစခန်းအား လိုက်လံ ပြသပါမည်ဟု ကတိပေးထားခဲ့သည် မဟုတ်ပါလား။ သို့တစေလည်း သူတို့၏ မျက်လုံးများအား ဆီးကြိုဖမ်းစားထားသည့် အလှမှာ သဘာဝအတိုင်း ရှိနေသော ပင်လယ်ဆိပ်ကမ်းအလှ ဖြစ်ချေသည်။

စောစောက ရှင်းလင်း ပြောပြနေသော သူမအဖေ၏ စကားများကြောင့် စိတ်ပြေစ ပြုနေသော အေဘီဂေးလ်သည် ဂျေကော့ဘက်သို့ တိုးကပ်လာပြီး လက်မောင်းချင်း ချိတ်ထားလိုက်သည်။ ပြီးတော့ သူမ အဖေ့မျက်နှာအား မော့ မကြည့်ဘဲ "သမီး အံ့ဩနေတာ တစ်ခုရှိတယ် ဖေဖေ၊ ဖေဖေ ဘာပြုလို့ နောက် ထပ် အိမ်ထောင် မပြုတော့တာလဲ" ဟု မေးသည်။ "ဖေဖေဟာ သမီး မေမေ သေတော့ အသက်မှ မကြီးသေးတာ၊ တစ်ခါတလေများ ဖေဖေ့ဘဝဟာ သိပ်ပြီး အထီးကျန် နိုင်မှာပဲနော်"

ဂျေကော့သည် ဆိပ်ကမ်း၏ အလှအား ပိုက်စိပ်တိုက်၍ ကြည့်နေရာမှ သူ့ သမီး၏ အမေးကို ဖြေသည်။ "တစ်ခါတလေ ဖေဖေ သိပ်ပြီး အထီးကျန် နိုင်တယ်ဆိုတာ ဖေဖေ ငြင်းလို့ မရပါဘူး၊ ဒါပေမဲ့လေ ကြာလာတော့လည်း ရိုးသွားတာပေါ့"

"ဖေဖေ တစ်ယောက်ယောက်ကို လက်ထပ်ချင်စိတ်ကော မရှိခဲ့ဘူးလား"

လားပေါ်၌ ထိုင်နေသော မိန်းကလေး တစ်ယောက်သည် သူ့ စိတ်အာရုံ တွင် ထင်ဟပ်လာသည်။ တခြားသူ မဟုတ်၊ လု မေ-လင်း၊ သူ နောက်ဆုံး မြင်ခဲ့ရသည်မှာ တောင်ကြားတစ်ခုအတွင်း၌ ဖြစ်၏။ မျက်နှာပေါ် ဝဲကျနေသည့် ရှည်လျားသော ဆံပင်၊ နက်မှောင်သော မျက်လုံးအစုံ၊ သူ့ အပြုအမူများကို ကြည့်၍ မိမိ၏ သမီးသည် မိမိ ဘာတွေးနေသည်ကိုများ သိသွားလေမလား။

"ဒီမှာတော့ဖြင့် ဖေဖေ ဘယ်သူ့ကိုမှ မချစ်ခဲ့ပါဘူး" ဟု ဂျေကော့က သတိထား၍ ပြောသည်။ "မိတ်ဆွေတွေကတော့ အများကြီးပဲ ဖေဖေ နေတာက တော့ ဘုန်းကြီး ရဟန်းလို နေရတာကိုး၊ ဖေဖေ့အဖို့ ဟောင်ကောင်မှာ နောက် ထပ် လက်ထပ်ချင်လောက်အောင် စိတ်ဝင်စားစရာ ကောင်းတဲ့ အမျိုးသမီး တစ်ယောက်မှ မတွေ့သေးပါဘူး"

သူသည် စကားလမ်းကြောင်းအား ပြောင်းချင်နေသည်။ လက်တစ်ဖက် ကို ဖျတ်ခနဲ မြှောက်၍ ကောင်းလုံ နောက်ဘက်မှ တောင်တန်းကြီးများဆီသို့ လက်ညှိုး ထိုးပြသည်။ ပင်လယ်ရေပြင်ပေါ်မှ ဖြတ်၍ မြင်တွေ့နေရသော တောင်တန်းကြီးများ ဖြစ်၏။

"အဲဒီဘက်ကို သမီး လှမ်းကြည့်လိုက်၊ ကရောင်း ကိုလိုနီနဲ့ တရုတ်နိုင်ငံ ကြားက နယ်ခြားဒေသဟာ အဲဒီ တောင်တန်းတွေရဲ့ ဟိုတစ်ဖက်မှာ ရှိတယ်။ နယ်မြေသစ်တွေထဲ ဖေဖေတို့ ရောက်သွားရင် တရုတ်ကျေးရွာတွေကို မြင်ရမယ်။ ရွာတွေဟာ ဒီဘက်က ရွာတွေအတိုင်းပဲ၊ ဘာမှ မထူးဘူး။ ယာခြံတွေကလည်း ခပ်သေးသေးတွေပဲ။ ရွာထဲမှာ ဘိုးဘွား မိဘ နတ်ကွန်းတွေနဲ့ ဘုရားကျောင်းတွေ လည်း အခုထိ ရှိနေသေးတယ်။

"တချို့ ရွာတွေမှာဆိုရင် ပတ်ပတ်လည်ကို တံတိုင်းတွေ ကာထားတယ်။ ကင်းမျှော်စင်တွေလည်း ရှိတယ်။ ဖေဖေ့ အမြင်ကတော့ အဲဒီရွာတွေထဲ ရောက် သွားရင် သုံးဆယ်ပြည့်နှစ်တွေထဲက ခေတ်ဆီကို ရောက်သွားသလို ခံစားရတယ်၊ ရှမ်ချမ်မြစ်ကို ဖြတ်လိုက်ရင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ စပေါင်း လယ်ယာ စပါးခင်းတွေဟာ အရင်ကထက် များလာတာ တွေ့ရလိမ့်မယ်" ရုတ်တရက် ပြောင်းသွားပုံ မြန်ဆန်တာကို သမီး မြင်ရမှာ"

အဘေးဂေးလ်သည် မျက်လုံးများအား လက်နှင့်ကာပြီး တောင်တန်းများ ကွယ်နေသည့် တရုတ်နိုင်ငံ နယ်မြေဆီသို့ မျှော်ကြည့်နေသည်။ ထို့နောက် သူမ အဖေအား လှမ်းကြည့်သည်။ "ဖေဖေ့ကို သမီး မေးရဦးမယ်၊ ဖေဖေ ပြောခဲ့ဖူးတယ်လေ၊ ခရီးရှည် ချီတက်ပွဲကြီး အတွင်းတုန်းက သမီးကို ကြည့်ရှု ပြုစုပေးခဲ့တဲ့ တရုတ် အမျိုးသမီးလေ၊ ဖေဖေ သူ့အကြောင်း များများစားစား မပြောခဲ့ဘူး။ အဲဒါ သမီးကို ပြောပြပါလားဟင်၊ သူက ဘယ်လိုပုံမျိုးလဲ ဖေဖေ"

ဂျေကော့အဖို့တော့ ဤမေးခွန်းအတွက် စိတ်သက်သာရာ မရ။ ဖီလီစီတီ သေဆုံးပြီးနောက် ပြန်လည် ဆုံတွေ့ခဲ့ရသည့် လု မေ-လင်းသည် သူ့ စိတ်အာရုံ ထဲ ဝင်ရောက်လာပြန်သည်။

"သမီး သူ့ အကြောင်းကို ဘာပြုလို့ မေးနေတာလဲ၊ ဖေဖေ သူ့ အကြောင်း မေ့သွားပြီလို့ သမီးကို ပြောထားခဲ့ပြီးပြီ မဟုတ်လား"

"သမီးတို့ ဒီနားမှာရပ်ပြီး တရုတ်နိုင်ငံဘက် လှမ်းကြည့်တော့ မေမေ့ကို သတိရတယ်။ အဲဒီတော့ သမီးကို စောင့်ရှောက်ခဲ့တဲ့ တရုတ်မလေးဆိုတာကို လည်း သတိရမိတာပေါ့။ သူ အခုထိ အသက်ရှင်တုန်းပဲလို့ ဖေဖေ ထင်သလား ဟင်"

"ဟုတ်တယ်၊ အသက်ရှင်နေတုန်းပဲ"

"ဖေဖေက ဘယ်လိုလုပ်ပြီး သေချာပေါက် သိနေတာလဲ၊ သူနဲ့ကော အဆက်အသွယ် ရလို့လား"

"အဆက်အသွယ်တော့ မရပါဘူး"

"ဒီလိုဆိုရင် မသေဘူးလို့ ဖေဖေ သေချာပေါက် ဘာကြောင့် ပြောနိုင် တာလဲ"

"ဖေဖေ့ ရုံးခန်းမှာ သူ့ဖိုင် ရှိနေတယ်"

"သူ့ဖိုင်ကို ဘာကြောင့် ဖေဖေက သိမ်းထားရတာလဲ"

ဂျေကော့က သူ့သမီး လက်ကို ဆွဲ၍ လူသွားလမ်းလေးအတိုင်း သူ့ အင်စတီကျူ ရေဒီယို အသံဖမ်းစက် စတေရှင်ဆီသို့ ခေါ်သွားသည်။ "သူဟာ ကွန်မြူနစ် တရုတ်နိုင်ငံမှာ လူကြိုက် အများဆုံး စာရေးဆရာမ တစ်ယောက် ဖြစ်နေပြီ၊ သူ့ နာမည်ကို သတင်းစာတွေနဲ့ ရေဒီယိုတွေမှာ မကြာ မကြာ တွေ့နေ ကြားနေရတယ်၊ သူ့ဖိုင်က မရှိလို့ မဖြစ်ဘူး၊ အင်စတီကျူရဲ့ ရည်ညွှန်း စာကြည့် တိုက်မှာ ရှိကို ရှိရမှာ"

အေဘီဂေးလ်သည် ငြိမ်၍ နားထောင်နေသည်။ "သူ့နာမည်က ဘယ်သူ တဲ့လဲ"

"လုမေ-လင်း တဲ့"

"သူ့ ပုံပန်းက ဘယ်လိုလဲ၊ သူ ရေးတာတွေက ဘယ်လို အကြောင်းအရာ တွေလဲ"

"သမီး တကယ်တမ်း စိတ်ဝင်စားတယ်ဆိုရင် ရုံး ပြန်ရောက်တဲ့အခါ သူ့ဖိုင်ကို ကြည့်တာ အကောင်းဆုံးပဲ" ဟု ဂျေကော့က ပြောသည်။ "အခုလော လောဆယ်တော့ စခန်းကိုကြည့်၊ ဝန်ထမ်းတွေနဲ့လည်း မိတ်ဆက်ပေးမယ်"

ဂျေကော့သည် သမီး၏ လက်မောင်းအား ကိုင်ထားရာမှ လွှတ်လိုက် သည်၊ ရေဒီယို တိုင်ကြီးများရှိရာသို့ ရှေ့မှ လျှောက်သွားသည့်အခါ အေဘီဂေးလ် သည် နောက်မှ ဖြည်းဖြည်းသာသာ လိုက်သွားသည်။ သူတို့သားအဖ၏ ကြား၌ အခုမှ တည်ဆောက်မိသည့် ယုံကြည်မှုမှာ သေးငယ်နုနယ်လျက်ပင် ရှိသေး၏။ ထို ယုံကြည်မှုကလေးသည် ဖြုန်းခနဲပင် အဓိုးအငွေ့ ဖြစ်သွားခဲ့လေပြီ။

* * *

၅

"သူ့ရဲ့ ဘာသာပြန် ဝတ္ထုတိုတွေမှာ ထူးဆန်းတဲ့ အရည်အသွေး ရှိနေတယ်" ဟု အေဘီဂေးလ်က ပြောသည်။ သူမသည် ဂျေကော့၏ ရုံးခန်းထဲရှိ စားပွဲ၌ ထိုင်ကာ လုမေ-လင်း၏ ဖိုင်အား စေ့စေ့စပ်စပ် ကြည့်နေရာမှ ထို စကားကို ပြောခြင်းဖြစ်၏။ "သူ ရေးထားတဲ့ ဝတ္ထုတိုတွေက တရုတ်နိုင်ငံရဲ့ အဆင်းရဲဆုံး လယ်သမားတွေရဲ့ ဒုက္ခတွေကို ပြောထားတာ လယ်သမားတွေရဲ့ ခံစားမှုတွေကို **"တော်လှန်ရေး၏ အမျိုးသမီးများ"** ဆိုတဲ့ စာအုပ်မှာ အများကြီး တွေ့ရတယ်။ ရေးထားတာကလည်း သိပ်ကို ကောင်းတာပဲ၊ သမီးလေ ဖတ်ရင်း ဖတ်ရင်းနဲ့ ငိုချင်တဲ့ စိတ်တွေတောင် ပေါ်လာတယ်"

"သမီး သိထားရမှာက တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာ ထုတ်ဝေသမျှ စာအုပ်အားလုံးဟာ ဆိုရှယ်လစ်ဝါဒကို အလုပ်အကျွေးပြုဖို့ချည်းပဲ" ဟု ဂျေကော့က သူ့ စားပွဲမှ နေ၍ လှမ်းပြောသည်။ "မော်က ၁၉၄၀ ပြည့်နှစ်တွေထဲ ဝင်စ တောပိုင်းကတည်းက ယီနန်မှာ ဥပဒေတစ်ခု ပြုထားခဲ့တယ်။ အဲဒီကတည်းက ဝတ္ထုတွေ အားလုံးဟာ ဆန္ဒဂတိလိုက်ပြီး ဝါဒဖြန့်မှုအပေါ် အခြေခံခဲ့တာတွေ များလာခဲ့တယ်။ အထူးသဖြင့် အလုပ်သမားတွေနဲ့ လယ်သမားတွေကို တအား ချီးကျူး မြှောက်စားတဲ့ ဝတ္ထုတွေချည်း ထွက်လာခဲ့တယ်"

"အဲသလို ကန့်သတ်ထားတာတောင်မှ နေရာအတော်များများမှာ ပြောင်မြောက်တဲ့ အရေးအသားတွေကို အများကြီး တွေ့နေရတယ်" ဟု အေဘီဂေးလ်က မေ-လင်း၏ ဖိုင်ပေါ် ပြန်ငုံ့ကာ ပြောသည်။ "အဲသလို ကန့်သတ်မှုတွေ သိပ်များတဲ့ အခြေအနေမျိုးမှာ စာရေးရတာ ဘယ်လွယ်ပါ့မလဲ"

ဂျေကော့သည် အလုပ် လုပ်နေရာမှ ပီကင်းတွင် ထုတ်ဝေခဲ့သည့် စာပေမဂ္ဂဇင်းဟောင်း တစ်အုပ်အား လှန်လှော ကြည့်ရှုနေသော သူ့ သမီးအား မော့ကြည့်သည်။ သူ့ သမီးသည် သူမ၏ အလုပ်တွင် များစွာ စိတ်ဝင်စားလျက်

ရှိသဖြင့် သူမ အဖေ၏ မျက်နှာပေါ်မှ စိုးရိမ်စိတ် အရိပ် လက္ခဏာအား မမြင်ရချေ။ "တစ်ခုရှိတာက မေ-လင်းရဲ့ စောစောပိုင်း ဝတ္ထုတွေမှာ တော်လှန်ရေးကာလအတွင်းက အမျိုးသမီးတွေရဲ့ စိတ်ခံစားမှုတွေကို ရေးလေ့ရှိတယ်။ ဒါပေမဲ့ အဲဒီ အကြောင်းအရာတွေကို ယီနန် ညီလာခံမှာ ပါတီရဲ့ တက်ကြွသူတွေက ဝိုင်းပြီး ဝေဖန်တိုက်ခိုက်ခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး မေ-လင်းဟာ အန္တရာယ်မဖြစ်အောင် ပါတီရဲ့ လမ်းညွှန်မှု နောက်ကိုပဲ လိုက်တော့တယ်"

အေဘီဂေးလ်သည် မိနစ်များစွာ ကုန်သွားသည်အထိ စာကို ဆက်ဖတ်နေသည်။ ထို့နောက် မဂ္ဂဇင်းအား သူမ အဖေဘက် ထိုးပြသည်။ "သူ့ ဓာတ်ပုံဒီထဲမှာ ပါတယ်။ ပုံက ခပ်ဝါးဝါး ဖြစ်နေပြီ၊ ကြည့်ရတာတော့ အလွန်ကို ချောမယ့်လှမယ့် ပုံပဲ"

"ဟုတ်တယ်၊ ချောတော့ အတော်ချောတယ်။ သူ့ အလှက အတော်ကလေး ထူးခြားတယ်" ဟု ဂျေကော့က မဂ္ဂဇင်းကို လှမ်းကြည့်ပြီး ပြောသည်။ ထို့နောက် စားပွဲပေါ်မှာ ဖတ်လက်စ စာရွက်များအပေါ် စိတ်ဝင်စားဟန် ဆောင်ထားသည်။

သူ ဤဓာတ်ပုံအား အမြဲတစေ မြင်ဖူးခဲ့၏။ စာရေးဆရာများ ပါတီညီလာခံ တစ်ခုတွင် စု၍ ရိုက်ကူးထားခဲ့ခြင်း ဖြစ်၏။ အခြားသော အမျိုးသားအမျိုးသမီးများလိုပင် မေ-လင်းသည်လည်း အနက်ရောင် လည်ပင်းဖုံး ကော်လာနှင့် ချည်ထည် ဂျက်ကက်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ထားသည်။ ထိုဝတ်စုံသည် ကွန်မြူနစ် တရုတ်နိုင်ငံ၏ တရားဝင် အသိအမှတ် ပြုထားသည့် ယူနီဖောင်း ကဲ့သို့ပင် ဖြစ်နေပြီ။

"သူ့ ရုပ်ကလေး ကြည့်ရတာ ယဉ်ကျေး သိမ်မွေ့ရုံတင်မကဘူး ရည်မွန်တဲ့ လက္ခဏာလည်း ရှိတယ် ဖေဖေ။ သူ ဘယ်လို အသိုင်းအဝိုင်းက လာတာလဲ၊ သူ့ နောက်ခံကို ဖေဖေ သိလား"

ဂျေကော့သည် လက်ထဲမှ ဖောင်တိန်အား ချထားလိုက်ပြီး သူ့ ကုလားထိုင်အား ကျောနှင့် မှီလိုက်သည်။ "လုမေ-လင်းက ရှန်ဟိုင်း လူချမ်းသာ မိသားစုမှာ မွေးတာ၊ သူ့အဘိုးဆိုရင် ဗြိတိသျှ ကုန်သွယ်ရေးစခန်း တစ်ခုမှာ ကိုယ်စားလှယ် လုပ်တယ်၊ သူ့အဖေက သုံးဆယ်ပြည့်နှစ်တွေ အတွင်းမှာ အထည်အလိပ် စက်ရုံတွေ အများကြီး ပိုင်ဆိုင်ပြီး သူဌေးကြီး ဖြစ်လာခဲ့တယ်။

"မေ-လင်းနဲ့ သူ့အစ်ကိုဟာ တရုတ်နိုင်ငံ တွင်းမှာ ဖြစ်ပျက်နေတာတွေကို ကြည့်ပြီး စိတ်မချမ်းသာကြဘူး။ ကြောက်လည်း ကြောက်ကြတယ်၊ အဲဒါကြောင့် သူတို့ မောင်နှမဟာ မိသားစု အသိုင်းအဝိုင်းကို ပုန်ကန်ကြတယ်။ ကွန်မြူနစ်တွေ အာဏာသိမ်းတော့ သူတို့ အဖေနဲ့ အမေက ဖော်မိုဆာကျွန်းကို

ထွက်ပြေးကြတယ်။ သူ့အစ်ကို လု ချီယာအိုဟာ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှာ အထက်တန်း အရာရှိ တစ်ယောက် ဖြစ်လာတယ်၊ မကြာသေးခင်ကပဲ ထင်ရှားတဲ့ သူရဲကောင်းတစ်စုနဲ့အတူ သူ့ကို မာရှယ် ခန့်ဖို့ တပ်က စဉ်းစား..."

တံခါးခေါက်သံကြောင့် ဂျေကော့ စကားပြတ်သွားသည်။ သူ၏ အထက်တန်း ဘာသာပြန်အရာရှိသည် ခပ်ပါးပါး စက္ကူဖုံးနှင့် စာအုပ်တစ်အုပ် ကိုင်ထားသည်။ အပေါ်မှ အဖုံးမှာ အလံနီကြီး တစ်ခု အောက် တောင်တန်းကြီး တစ်ခုပေါ်၌ ရပ်နေကြသော တပ်နီစစ်တပ်မှ စစ်သားများ။

"ကျွန်တော့်ကို ခွင့်ပြုပါ။ မစ္စတာ ကယ်လ်နာ" ဟု ဝူး က တောင်းပန်သံဖြင့် ပြောသည်။ "ကျွန်တော်တို့ မစ္စကယ်လ်နာအတွက် လိုအပ် သင့်တော်မယ့် စာအုပ်တွေ ရှာနေခဲ့ပါတယ်။ ဖြစ်နိုင်ရင် စာရေးဆရာမ လု မေ-လင်းရဲ့ ဗိုင်မှာ ထပ်ဖြည့်ထားဖို့ပါ။ ကျွန်တော် တွေ့လာတာက ဆောင်းပါးတိုတွေ စုထားတဲ့ ဒီစာအုပ်ပါ။ အားလုံး စာရေးဆရာ တစ်ဒါဇင် ပါတယ်။ ခရီးရှည်ချီတက်ပွဲကြီး အကြောင်း ရေးထားတာ" ဝူး သည် အခန်းတွင်းသို့ ဝင်လာပြီး လက်ထဲမှ စာအုပ်အား ဂျေကော့ စားပွဲပေါ်သို့ ချပေးသည်။ "ဒီ စာအုပ်ထဲက တစ်ပုဒ်ကို ရေးတာ လု မေ-လင်းပဲ"

"ကျေးဇူးတင်တယ်၊ မစ္စတာ ဝူး" ဟု ပြောကာ ဂျေကော့သည် စာအုပ်အား လှမ်းယူပြီး လု မေ-လင်း၏ ဆောင်းပါးကို ဖတ်သည်။ ဘာသာပြန်ဆရာ ဝူး ပြန်ထွက်သွားသည့်အခါ သူသည် စာအုပ်အား ပိတ်၍ သူ့သမီးဘက် လှည့်ကြည့်သည်။ "ဖေဖေ စောစောက ပြောခဲ့သလိုပဲ မေ-လင်း ရဲ့ အစ်ကို လု ချီယာအိုကတော့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှာ အရာရှိကြီးတစ်ယောက် ဖြစ်နေပြီ။ ဒါတင် မကသေးဘူး၊ သူဟာ ပါတီ ဗဟိုကော်မတီမှာလည်း ရှေ့တန်းနေရာမှာ ရောက်နေပြီ"

အေဘီဂေးလ်သည် သူမ ဖခင်၏ စကားကို နားထောင်ကာ အံ့အားသင့်လျက်ရှိ၏၊ "လုမေ-လင်းက သမီးကို ဘယ်လို ပြုစု စောင့်ရှောက်ခဲ့တာလဲ။ အလျင်က ဖေဖေ ပြောခဲ့တာကတော့ ဖေဖေရဲ့ ထမင်းချက် လီအန်က တစ်ဆင့် သမီးကို ကြည့်ပေးခဲ့တဲ့ သဘောပဲ၊ ဇာတ်လမ်းကို အစအဆုံး သမီးကို ပြောပြမလား...ဟင်"

ဂျေကော့သည် သူ့ လက်ပတ်နာရီအား ငုံ့ကြည့်သည်။ "အခုလောလောဆယ် ဖေဖေ့မှာ အချိန် များများမရှိဘူး အေဘီဂေးလ်၊ ဖေဖေ့မှာ ဘာသာပြန်ထားတာတွေ အားလုံးကို စစ်ဆေးရဦးမယ်၊ နောက်များကျမှ ပြောကြရရင် မကောင်းဘူးလား"

"အခု နည်းနည်းပါးပါး ပြောပြလို့ မရဘူးလား ဖေဖေရယ်"

အခုလို ပြောနေပြန်တော့လည်း ဂျေကော့သည် သူ့သမီးအား သနားစိတ် ဝင်လာသည်။ "ဖေဖေ ကြိုးစားပြီး ပြောမယ် လေ" ဟု သူက ရေရွတ်သည်။ "ဒါပေမဲ့ တိုတိုနဲ့လိုရင်းပဲ ပြောမှဖြစ်မှာ" သူသည် စကားကို ဆက် မပြောသေးဘဲ ချိန်ဆကာ စဉ်းစားလျက်ရှိသည်။ "သမီးရဲ့ မေမေသေတဲ့ မနက် အရုဏ်တက်မှာ ဖေဖေတို့က သမီးကို ဖေဖေတို့ အိပ်တဲ့ မြင်းဇောင်းထဲမှာ ဝှက်ထားကြတယ်၊ ဖေဖေတို့ကို မြို့ထဲကနေပြီး မြို့ပြင်က တောင်ကုန်းတွေကို ခေါ်သွားတယ်၊ ဒါပေမဲ့ ဖေဖေတို့ကို သတ်မယ့်ပွဲက ချန်ကေ-ရှိတ်ရဲ့ တပ်တွေ ရောက်လာတာနဲ့ ဆက်မလုပ်နိုင်တော့ဘူး၊ ဖေဖေ အသက်ရှင်တာ အဲဒါကြောင့်ပဲ"

ဂျေကော့သည် သူ့ မျက်လုံးအစုံအား မှိတ်ထားသည်။ "အဲဒီ နေရာက နေပြီး ဖေဖေ့ကို အစောင့်တွေက ခေါ်သွားခဲ့ကြတယ်။ ဒါပေမဲ့ ဖေဖေက ထမင်းချက် လီအန်ကို သမီးကို ရှာဖို့ ပြန်လွှတ်လိုက်တယ်၊ လီအန်ဟာ တပ်နီ တပ်သားတွေ လက်ထဲမှာ အကျဉ်းသား ဖြစ်နေတဲ့ ဖေဖေနဲ့ သီတင်းပတ်ပေါင်းများစွာ မတွေ့ခဲ့ဘူး။ အဲဒီကာလအတွင်းမှာ လီအန်ဟာ သမီးကို သူ့ ခြင်းတောင်းတွေထဲမှာ ဝှက်ထားခဲ့တာ၊ သူဟာ သမီးကို ပဲပိစပ် နို့ရည် တိုက်ထားခဲ့ရတာ သူ့ရဲ့ သားငယ် နှစ်ယောက်ကလည်း သမီးကို ကြည့်ရှု စောင့်ရှောက်ဖို့ တာဝန်ယူခဲ့ကြရရှာတယ်"

"နောက်ပိုင်း လီအန်က ဖေဖေနဲ့ တွေ့ပြီးတဲ့နောက်မှာကော ဘယ်လိုတွေ ဖြစ်ကုန်သလဲ"

"သူက ချီတက်နေကြတဲ့ တပ်သားတွေ မသိအောင် ပုန်းနေပြီး တစ်ရက်မှာ ဖေဖေ့ဆီကို စာတစ်စောင် ရောက်အောင် ပို့တယ်။ ဖေဖေက ထွက်ပြေးဖို့ ကြိုးစားတယ်၊ နှစ်ယောက်သား တစ်ညတာ ကျီတစ်လုံးထဲမှာ အိပ်ကြတယ်၊ သမီး အသက်ရှည်နေတယ်ဆိုတာ သိရတော့ ဖေဖေ အရမ်း ဝမ်းသာတယ်၊ အဲဒီကြားထဲမှာ သူတို့ကိုယ်သူတို့ ဝိညာဉ်စစ်သားတွေလို့ ခေါ်နေကြတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ အတိုက်အခိုက်ကို ခံခဲ့ကြရသေးတယ်။ ဘာပဲဖြစ်ဖြစ် ဖေဖေတို့ သူတို့လက်ထဲက ဝေးရာကို ရောက်လာခဲ့ကြတယ်။ သမီးကို လီအန်ရဲ့ ခြင်းတောင်းတစ်လုံးထဲမှာ ထည့်လာတုန်းပဲ၊ ဒါပေမဲ့လို့ ကံက မကောင်းတော့ နောက်က လိုက်လာတဲ့ တပ်နီ တပ်သားတွေက ပြန် အဖမ်းခံရတယ် သမီး"

"ဖေဖေနဲ့ လီအန်ကို အစောင့်တွေက ခွဲထားလိုက်ကြတယ်။ လီအန်က ဖေဖေ့ကို အစားအစာ ချက်ကျွေးတယ်၊ သမီးကိုလည်း တစ်ဖက်က ပြုစုရတယ်၊ ဖေဖေ့ကိုတော့ သမီးနဲ့တွေ့ခွင့်မပေးခဲ့ဘူး။ အဲဒီအချိန်မှာ အစာရေစာကလည်း

ဖြတ်ကုန်ပြီ၊ ဖေဖေတို့အားလုံး ဝတ်ဖို့ပဲ ရှိတော့တယ်။ သမီးအတွက် တိုက်စရာ နို့မှုန့် ဆိုတာကလည်း မရှိတော့ဘူး"

ဂျေကော့သည် စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ ထို့နောက် အချိန် အတော်ကြာသည်အထိ စဉ်းစားနေရာမှ အသက်ကို မှန်မှန် ရှူနိုင်ဖို့ ကြိုးစားသည်။ "အဲဒါနဲ့ပဲ သူဟာ လုမေ-လင်း ဆီကို တိတ်တဆိတ် လျှို့ဝှက်ပြီး ချဉ်းကပ်တယ်၊ သူကလည်း သမီးကို ဂရုတစိုက် စောင့်ရှောက်ပေးပါမယ်လို့ သဘောတူလိုက်တယ်"

"ဒါဆိုရင် သူ သမီးကို စောင့်ရှောက်ပေးခဲ့တာ အကြာကြီးပဲလား"

"ခြောက်လ ခုနစ်လလောက်တော့ ကြာမယ် သမီး၊ ခရီးရှည် တစ်လျှောက်မှာ သူဟာ သမီးကို လားပေါ်မှာ ခွတင်ထားတဲ့ ခြင်းတောင်းထဲမှာ ထည့်လာခဲ့တယ်၊ သမီးဟာ သူနဲ့တူတူ တောင်တန်းကြီးတွေနဲ့ မဟာ မြက်ခင်းပြင်ကြီးတွေကို ဖြတ်ကူးခဲ့ရတယ်။

"အဲသလို အဖြစ်မျိုးတွေကို သမီး လုံးဝ မတွေးခဲ့ဖူးဘူး"

ဂျေကော့သည် စိတ် မသက်မသာဖြစ်နေရပြန်၏။ သူသည် လက်ပတ်နာရီအား ကြည့်ပြန်သည်။ သမီး၏ မေးခွန်းများသည် ဂျေကော့အတွက် စိတ်သက်သာရာ ရစရာမရှိ။

"တကယ်တော့ လု မေ-လင်းနဲ့ ဖေဖေရဲ့ ထမင်းချက် လီအန်တို့ဟာ သမီးအသက်ကို ကယ်ခဲ့တဲ့ လူတွေပါ" ဟု အေဘီဂေးလ်က ပြောသည်။ "သူတို့သာ မစောင့်ရှောက်ခဲ့ရင် သမီး ဒီနေရာမှာ အခုလို လာနေနိုင်မတဲ့လား"

"ဟုတ်တာပေါ့၊ သမီးရဲ့ စကားဟာ အမှန်ပဲ"

"လီအန်ကော ဘာဖြစ်သွားလဲ၊ ဖေဖေသိလား"

ဂျေကော့က ခေါင်းခါသည်။ "သူက နောက်ဆုံးမှာ တပ်နီစစ်တပ်ထဲ ဝင်သွားတယ်၊ လုတင်း တံတားမှာ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီနောက်မှာတော့ လီအန် ဘာဖြစ်သွားတယ်ဆိုတာ ဖေဖေလည်း မသိတော့ဘူး"

ဂျေကော့က ထိုင်ရာမှ ထရပ်ကာ သူ့ ဘာသာပြန် စာရွက်များအား စု၍ ကောက်ယူလိုက်သည်။ အေဘီဂေးလ်ကတော့ မဂ္ဂဇင်းထဲမှ မေ-လင်း ဓာတ်ပုံအား ထပ်၍ ကြည့်နေပြန်သည်။ သူမအား ကြည့်လိုက်ရုံမျှဖြင့် မေးခွန်းသစ်တွေ ထပ်၍ ရှိနေကြောင်း သိသာလျက်ရှိ၏။ သူသည် အထူးအထွေ ဘာမှ မစဉ်းစားတော့ဘဲ "ဖေဖေ မော်ကွန်းတိုက်သွားပြီး အချက်တစ်ချက် ရှာစရာ ရှိနေတယ်၊ သမီး ဒီမှာ စာဖတ်နေခဲ့ဦး" ဟု လှမ်းပြောသည်။

ဂျေကော့သည် အေဘီဂေးလ်ထံမှ အဖြေကိုပင် မစောင့်တော့ဘဲ သူ့ရုံးခန်း အပြင်ဘက်ရှိ အင်စတီကျူ မော်ကွန်းတိုက်ဆီသို့ ထွက်လာခဲ့သည်။

သူသည် ပြတင်းပေါက်အနီးရှိ စားပွဲလွတ် တစ်လုံး၌ ဝင်ထိုင်ကာ သတင်းစာဟောင်းများနှင့် မှတ်တမ်းမှတ်ရာ အဟောင်းများကို သူ့ရှေ့၌ စုပုံ၍ ချထားလိုက်ပြီး ခရီးရှည် ချီတက်ပွဲစာအုပ်ကိုပါ ဖွင့်၍ တင်ထားသည်။ သူသည် ထို စာအုပ်အား တစ်ရွက်ချင်းစီ လှန်၍ စိတ်ကူးဖြင့် ရေးဆွဲထားသော ပန်းချီကားများအား စေ့စေ့စပ်စပ် ကြည့်နေသည်။ ပုံအားလုံးမှာ ခရီးရှည်ချီတက်ပွဲကြီးနှင့် ပတ်သက်၍ ရေးသား ထုတ်ဝေထားသော အခြားစာအုပ်များထဲမှ ပုံများနှင့် အတူတူလိုပင်ဖြစ်လျက် ရှိလေ၏။

မည်သို့ပင်ဖြစ်စေ တော်လှန်ရေးကြီးအတွက် အသက်စွန့်သူများ၊ အနစ်နာခံသူများနှင့် ကိုယ်ကျိုးစွန့်လွှတ်သူများအား ချီးကျူးရာ၌မူ လွန်ကဲလျက် ရှိသည်။ ရန်သူများနှင့် တိုက်ပွဲ ဖြစ်နေသည့်ကြားမှ ထမင်းဟင်း စသည်များ လိုက်လံပို့ပေးနေသည့် ထမင်းချက်များ၊ တော်လှန်ရေးကြီးအတွက် အသက်ပေး၍ တိုက်ခိုက်နေကြသော လယ်သမား စစ်သားများ စသည် စသည်တို့အား ချီးကျူးရာ၌လည်း လိုအပ်သည်ထက် အဆမတန် ပိုလွန်လျက် ရှိလေသည်။ မည်သို့ပင်ဖြစ်စေ ဤစာအုပ်အား နောက်ပိုင်း ပုံနှိပ်သည့်အခါတွင်မူ မေ-လင်း၏ ဆောင်းပါး ပါမလာတော့သည်ကို ဂျေကော့ သတိပြုမိခဲ့၏။

သူသည် မေ-လင်း၏ ဆောင်းပါးအား ထပ်ဖတ်သည်။ မေ-လင်းသည် သူမ၏ တာဝန်အား ကျေပွန်အောင် အားထုတ်သည့် သဘောကို မြင်ရ၏။ သို့သော်လည်း ထူးခြား ပြောင်မြောက်သည့် အကြောင်းအရာနှင့် အရေးအသားများကိုကား မတွေ့ရချေ။ မည်သို့ပင်ဖြစ်စေ တပ်နီ အတွက်ရော "ခရီးရှည်ချီတက်ပွဲကြီး" အတွက်ပါ အများက အထင်အမြင် ကြီးအောင်ကား စွမ်းဆောင်နိုင်ခဲ့လေသည်။

"တပ်နီတော်၏ ရဲရင့်သော ရဲဘော်များ၏ ဆင်းရဲဒုက္ခများ၊ အနစ်နာခံမှုများနှင့် ကိုယ်ကျိုးစွန့်မှုများနေ၍ တော်လှန်သော တရုတ်ပြည်သစ်သည် အောင်မြင်စွာ ပေါ်ထွန်းလာခဲ့ရလေပြီ" စသည်ဖြင့် မေ-လင်းက သူမ၏ ဆောင်းပါးအား အစချီထားသည်။ ထို့နောက်-

> တရုတ် အလုပ်သမားများနှင့် လယ်သမားများ၏ တပ်နီတော် ခရီးရှည် ချီတက်ပွဲကြီးကြောင့် တရုတ်နိုင်ငံ၏ အဖိနှိပ်ခံလူထုသည် ပထမဆုံးအကြိမ် သူတို့ရှေ့၌ ခေတ်သစ် တစ်ခေတ် တည်ရှိနေသည်ကို မြင်နေကြရလေပြီ။ ထိုခေတ် ရောက်လျှင် မိမိတို့ ကံကြမ္မာအား မိမိတို့ ကိုယ်တိုင် ထိန်းချုပ် ဖန်တီး နိုင်ရလိမ့်မည်ဟုလည်း သိနေကြပြီဖြစ်၏။ တော်လှန်ရေးသမား တစ်ယောက် အနေဖြင့် လည်းကောင်း၊ အမျိုးသမီး တစ်ယောက်အနေဖြင့် လည်းကောင်း ဤမဟာအောင်မြင်မှုကြီး အတွင်း၌

မဖြစ်စလောက်ကလေး ပါဝင်လှုပ်ရှားခဲ့ရသည့် အတွက် ကျွန်မ ဝမ်းသာလှပါသည်။

ဂျေကော့သည် ဆောင်းပါး၏ နောက်ဆုံးအကြောင်း အနည်းငယ်အား အချိန် အတော်ကြာသည်အထိ ကြည့်နေသည်။ သူသည် မူရင်း တရုတ်ဘာသာဖြင့် ဆောင်းပါးကိုရော မိမိ၏ အင်္ဂလိပ် ဘာသာပြန်ကိုပါ စေ့စပ်စွာ ထပ်၍ ဖတ်နေသည်။ အထူးသဖြင့် နောက်ဆုံး စာပိုဒ်အား ထပ်ခါတလဲလဲ ဖတ်နေမိ၏။ သူမတွင် ကလေးတစ်ယောက် မွေးဖွားခဲ့ကြောင်း ထို ကလေးသည် သေဆုံးခဲ့ရကြောင်း စသည်များအား ဤ စာပိုဒ်တွင် ပါလာလေသလား။

အားလုံးကို ဖတ်အပြီးတွင် ဂျေကော့သည် သူ ဘာသာပြန်ထားသည့် စာမူအား ပုံနှိပ်ရန်အတွက် မစ္စတာ ဝူး လက်ထဲသို့ ထည့်လိုက်ပြီး သူ့ရုံးခန်းသို့ ပြန်လာခဲ့၏။ အေဘီဂေးလ်ကတော့ သူမ လက်ထဲမှ စာအုပ်ကို စိတ်ဝင်တစား ဖတ်နေဆဲ၊ သူသည် အေဘီဂေးလ် ထိုင်နေသည့် စားပွဲအစွန်းတွင် တင်ပါးလွှဲဝင်ထိုင်လိုက်လေသည်။

"သမီး သိမလားတော့ မပြောတတ်ဘူး၊ မနေ့က ပီကင်းကို လာဖို့ ဖိတ်စာတစ်စောင် ရတယ်" ဟု ဂျေကော့က ပြောသည်။ "သူတို့ ဖိတ်တာကို အဖေ လက်ခံသင့် မသင့် စဉ်းစားနေရတယ်"

အေဘီဂေးလ်က ဖျတ်ခနဲ မော့်ကြည့်သည်၊ "အခု နောက်ဆုံးကျတော့ ဆုံးဖြတ်လို့ ရသွားပြီလား"

ဂျေကော့က ခေါင်းညိတ်သည်။ "ဟုတ်တယ်၊ ရှိုး ဖေဖေ သွားမယ်"

အေဘီဂေးလ်သည် သူ ဖတ်နေသည့် မေ-လင်း၏ ဖိုင်အား ပိတ်လိုက်ပြီး ဘေးတစ်ဖက်သို့ တွန်းပို့လိုက်သည်။ "ဒါဆိုရင် ဖေဖေ့ အနေနဲ့ ဖေဖေ့မိတ်ဆွေ ကျိုးဇက်ရှားမင်း ပြောသလို "အတိတ် တစ္ဆေတွေ" ကို ရင်ဆိုင်ဖို့ အသင့် ဖြစ်နေပြီ ဆိုပါတော့"

"ကျိုးဇက် စကားက ဘာကို ဆိုလိုတယ်ဆိုတာ ဖေဖေ မသိပါဘူး၊ ဒါပေမဲ့ ဖေဖေ ရင်ဆိုင်ဖို့ အသင့် ဖြစ်နေတာတော့ အမှန်ပဲ"

"ဖေဖေ သွားရင် သမီးကို ခေါ်သွားစေချင်တယ်" ဟု အေဘီဂေးလ်က ပြောသည်။ "ဖေဖေ ခေါ်မှာလား"

ဂျေကော့သည် ထိုင်ရာမှ ထရပ်ကာ ခေါင်းခါသည်။ "သမီးလိုက်လာလို့ကတော့ မသင့်ဘူး ထင်တယ်"

"ဖေဖေနဲ့ မေမေတို့ ပျော်ပျော်ရွှင်ရွှင် အတူတူ နေခဲ့ကြတဲ့ နေရာကို ရောက်ရမှာပါ၊ တကယ်လို့ သမီးကို ခေါ်သွားမယ်ဆိုရင် ဖေဖေ့မှာ နစ်နာစရာ မရှိဘူး ထင်ပါတယ်"

ဂျေကော့က အဖြေ မပေးသော်လည်း အောဘီဂေးလ်၏ စကားအပေါ်၌ ကား တွေးတော ဆင်ခြင်လျက်ရှိသည်။

"ဖေဖေ့အနေနဲ့ ဖေဖေ့ကို ဖိတ်တဲ့ လူတွေကို သမီးပါ ခေါ်ခဲ့ချင်တယ်လို့ ပြောလည်း ငြင်းမယ် မထင်ပါဘူး ဖေဖေရယ်၊ ဖေဖေ သမီးကို ခေါ်သွားမယ် မဟုတ်လား ဟင်၊ သမီးအတွက် တစ်ခုတည်းကိုပဲ ကြည့်ပြီး ခေါ်မယ်ဆိုရင်"

ဂျေကော့သည် ဖြေရခက်နေသည်။ ထို့နောက် ပြတင်းပေါက်မှ နေ၍ ဗစ်တိုးရီးယား တောင်ထိပ်ဆီသို့ ငေးမောနေသည်။

"ဖေဖေ ကတိတော့ မပေးနိုင်ဘူး သမီး" ဟု သူက ပြောသည်။ "ဒါပေမဲ့ ဖေဖေ သူတို့ကို အလျင်ဆုံး မေးကြည့်မယ်"

* * *

၆

သူ့ ဟိုတယ် လသာဆောင်မှနေ၍ ကြည့်လိုက်လျှင် အောက်ဘက်ရှိ အဖုအထစ်တွေ များလွန်းလှသော ရှေးဟောင်း ကျောက်တုံးနံရံဖြစ်သည့် တာတာဝေါလ်အား မြင်နေရ၏။ ပီကင်းမြို့တော်၏ မကြာသေးခင်ကမှ ဖြစ်ပေါ်တည်ရှိလာခဲ့သော စက်မှုနယ်မြေအတွင်းရှိ စက်ရုံခေါင်းတိုင်များဆီမှ မီးခိုးများသည် အလိပ်လိပ် ထကာ ကောင်းကင်ဆီသို့ ထိုးတက်လျက် ရှိလေသည်။ အချိန်မှာ နံနက်ခင်း စောစောပိုင်းဖြစ်၍ နေရောင်ကိုပင် ပီပီပြင်ပြင် မမြင်ရသေး။

သို့တစေလည်း သံနှင့် သံမဏိ စက်ရုံများကား အလုပ် လည်ပတ်လျက်ရှိပြီဖြစ်ရာ ဆောင်းဦးပေါက် ကောင်းကင်ပြာအား မည်းမှောင်သော မြူနှင်းများဖြင့် လွှမ်းခြုံလျက် ရှိနေလေပြီ။ ဂျေကော့၏ မျက်လုံးအစုံသည် တောင်ဘက်သို့ မျှော်ကြည့်နေခြင်းဖြစ်ရာ ထိုဘက်ဆီမှလည်း သူ့ စိတ်၏ မကြည်လင်မှုကို ဖော်ပြနေသည့်နှယ် မည်းမှောင်သော မီးခိုးငွေ့များအား မြင်နေရလေသည်။

ဘာကြောင့်ရယ်ဟု အတိအကျ မဖော်ပြနိုင်သော ဝမ်းနည်းကြေကွဲမှုတစ်ခုသည် သူ့စိတ်အား ချုပ်ကိုင်ထားလျက်ရှိ၏။ ထို့ကြောင့်လည်း သူ့ အာရုံများသည် ထုံထိုင်း မှုန်မှိုင်းကာ သွက်လက် တက်ကြွခြင်း မရှိဘဲ ဖြစ်နေသည်။ အတိတ်ကာလ တစ်ချိန်က သူ ကြုံခဲ့ရသမျှ အားလုံးသည် မသဲမကွဲ မထင်မရှားချည်းဖြစ်နေသည်။ သူ အခု ပီကင်းသို့ ရောက်လာခဲ့သည်မှာ ငါးရက်မျှ ရှိခဲ့ပြီ။ သူ့ အမြင်တွင် အားလုံးလိုလို အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ သူ ပထမဆုံး ရောက်ခဲ့သည့် ဟိုစဉ်က ပီကင်းနှင့်တော့မတူပါလေတော့၊ အခုဆိုလျှင် ပီကင်းသည် ကမ္ဘာ့အကြီးဆုံး ကွန်မြူနစ်နိုင်ငံကြီး၏ မြို့တော်ကြီး ဖြစ်လျက်ရှိလေပြီ။

ပီကင်းသို့ ရောက်ပါပြီ ဆိုကတည်းက သူ့စိတ်အား မတည်ငြိမ်အောင် ဖန်တီးနေသော အရာများကို သူ တွေ့နေခဲ့ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူသည်

သူ့စိတ်အား လက်ရှိ အခြေအနေ များပေါ်၌သာ စူးစိုက်နေအောင် အားထုတ်ခဲ့ရာ အောင်မြင်မှု ရရှိသည်ဟု ဆိုရမည် ဖြစ်၏။ သူ့ အနေဖြင့် ဟသ်ပဒါး သုတ်ထားသည့် နံရံများ ကာရံထားသော ငြိမ်းအေးချမ်းသာ ကောင်းကင်ဘုံ တံခါးဘေးရှိ စင်မြင့်ထက်မှ သန်းဝက်ခန့်ရှိသော တရုတ်လူငယ်များ၊ အလုပ်သမားများ၊ အမျိုးသမီးများနှင့် စစ်သားများက မော်စီ-တုန်းနှင့် အခြား ကွန်မြူနစ် ခေါင်းဆောင်များအား စီတန်း လမ်းလျှောက်ပြီး အလေးပြု နေကြသည်ကို သူ စောင့်ကြည့်ခဲ့ရ၏။

ထို့နောက် စက်ရုံ အလုပ်ရုံများ၊ စာသင်ကျောင်းများနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမ အသင်းများသို့သွား၍ လေ့လာကြရသည်။ သူသည် သူ့ကိုယ်သူ ဖွတ်အတင်း စိတ်ဝင်စားအောင် လုပ်ကာ ကွန်မြူနစ်ပါတီ ကေဒါများက ပြောပြနေသမျှ အချက်အလက်များနှင့် စာရင်းဇယားများကို စိတ်ဝင်တစားလုပ်၍ နားထောင်ခဲ့ရသည်။ သူ တက်ခဲ့ရသမျှပွဲများတွင် အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်သော စကားများကိုသာ ကြားခဲ့ရလေ၏။

ယခု ပြုလုပ်သည့်ပွဲတွင် ဆိုဗီယက်ရုရှားနှင့် အရှေ့ ဥရောပနိုင်ငံများမှ ကိုယ်စားလှယ်များသည် အများဆုံး ဖြစ်သည်။ တရုတ် ကွန်မြူနစ်ပါတီ၏ ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော် ကော်မတီသည် နိုင်ငံတကာ ကွန်မြူနစ်ပါတီများမှ ကိုယ်စားလှယ်များကိုသာ အများဆုံး ဖိတ်ထားခြင်းဖြစ်၍ အခမ်းအနား၏ အသွင်အပြင်နှင့် အခြေအနေ အရပ်ရပ်မှာ အမြင်တစ်မျိုး ဖြစ်လျက် ရှိလေသည်။

စက်မှုနယ်မြေတွင်းရှိ စက်ရုံအလုပ်ရုံများမှ မီးခိုးငွေ့များအား ကြည့်နေသော ဂျေကော့သည် သုဂတိဘုံ နတ်ကွန်း၏ ပတ်ပတ်လည် အဖြူရောင် စကျင်ကျောက်နံရံများနှင့် အရိပ်ကောင်းသော ဆိုက်ပရပ်စ်ပင်များအား ကြည့်နေမိသည်။ ဟိုး...တစ်ချိန် ၁၉၃၂-ခုနှစ် နွေဦးပေါက်ရာသီက သူနှင့် ဖီလီစီတီသည် ဤနေရာတစ်ဝိုက်တွင် လမ်းလျှောက်ခဲ့ဖူး၏။ ထိုစဉ်က သူနှင့် လက်ထပ်ဖို့ ချစ်ရေးဆိုခဲ့ရာ ဖီလီစီတီက လက်ခံခဲ့သည့် အဖြစ်အား သတိရနေမိ၏။

သူသည် ရှေးဟောင်းနှောင်းဖြစ်များအား သတိရနေမိရာမှ သက်ပြင်းတစ်ချက် ချလိုက်မိ၏။ သူ့ လက်နှစ်ဖက်အား ဘောင်းဘီ အကျီအိတ်ကပ်များအတွင်းသို့ ထိုးသွင်းထားလိုက်မိသည်။ ထိုအခိုက်မှာပင် ဆက်လျက် တစ်ဖက်ခန်းမှ တံခါးသည် ပွင့်သွားပြီး သူ့နောက်မှ လျှောက်လာနေသည့် ငြင်သာသော ခြေသံများ ကြားရသည်။

"တစ်ချိန်လုံး ဝါဒဖြန့်တာတွေက များရတဲ့အထဲ စိတ်မပါဘဲ ပြုံးနေရတဲ့ အလုပ်ကလည်း များလွန်းတော့ ဖေဖေ စိတ်ရောကိုယ်ပါ ပင်ပန်းနေရောပေါ့၊ သမီး ပြောတာ မှန်တယ်မဟုတ်လား ဟင်"

လသာဆောင် ဘက်သို့ ထွက်လာသော အေဘီဂေးလ်က ထိုစကားအား စိတ်မကောင်းဖြစ်သည့် လေသံဖြင့် သူမအဖေအား လှမ်းပြောသည်။

"ဖေဖေလည်း အဲသလိုပဲ ထင်တယ်" ဟု ဂျေကော့က အလိုက်သင့် ပြန်ပြောသည်။ "ဖေဖေက ပိကင်းကို ဖေဖေ မှတ်မိသလို ကြည့်နေတာ မဟုတ်ဘူး၊ ပိကင်းက အိမ်ရှင်ဆိုတော့ အိမ်ရှင်က ကြည့်စေချင်သလို ကြည့်နေခဲ့တာ"

"အဲသလို ကြည့်တာဟာ သူတို့ အကျိုးအတွက်လား ဖေဖေ့ အကျိုးအတွက်လား"

"ဖေဖေကတော့ ဖေဖေ့ အကျိုးရော သူတို့အကျိုးအတွက်ပါ ကြိုးစားပေးနေတာလို့ ထင်တာပဲ သမီး"

"ဒါပေမဲ့ ဖေဖေ့ဘက်က အမြတ်မိမ်း မအောင်မြင်ဘူး မဟုတ်လား"

"အေးပေါ့ လေ၊ ဟုတ်ချင်လည်း ဟုတ်ပေမပေါ့"

ဂျေကော့က သူ့သမီးအား ဖျတ်ခနဲ ပြန်ကြည့်သည်။ တကယ်တော့ သူသည် ပိကင်းနှင့် အတိတ်က ဆက်သွယ်မှုများကို လုံးဝ မစဉ်းစားဘဲ ပိတ်ထားခြင်းသည် နေ့ရက်တွေ ကုန်လွန်လာသည့်အခါ သူ့စိတ်တွင် တင်းမာမှုများ ဝင်လာသည်။ သူ့ စိတ်သည် ပေါ့ပါးသွက်လက်ခြင်း မရှိတော့ဘဲ အမြဲတစေ ညစ်ညူး နောက်ကျိလာသည်။ အမှန်တော့ အေဘီဂေးလ်၏ ပူဆာမှုကြောင့် သူသည် ဟောင်ကောင်မှနေ၍ တရုတ် ငြိမ်းချမ်းရေး ကော်မတီအား သူ့သမီးကိုပါ ခေါ်လာခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်၍ ကော်မတီကလည်း သူ့ မေတ္တာရပ်ခံချက်အား ချက်ချင်းပင် လက်ခံခဲ့လေသည်ဖြစ်ရာ သူ့သမီး အေဘီဂေးလ်သည် ချက်ချင်းပင် သူနှင့် ပါလာခဲ့ခြင်း ဖြစ်လေ၏။

မည်သို့ပင် ဖြစ်စေ ညီလာခံကော်မတီသည် မိမိကိုရော အေဘီဂေးလ်ကိုပါ ကောင်းစွာ အသိအမှတ်ပြုကာ လက်ခံ ကြိုဆိုခဲ့ကြသဖြင့် မိမိအနေဖြင့် ဝမ်းသာခဲ့ရသည်။ အခုလည်း အေဘီဂေးလ်သည် သူ့ဆန္ဒကို တင်ပြလျက်ရှိ၏။ "ဖေဖေ ဘယ်ကိုပဲသွားသွား သမီး ဖေဖေနဲ့ အတူတူပဲ ရှိချင်တယ်"

ဂျေကော့က ပြုံးကာ ခေါင်းညိတ်သည်။ "သမီး သုဂတိဘုံ နတ်ကွန်းကို ကြည့်စမ်း သမီးရဲ့ မေမေနဲ့ ဖေဖေတို့ ချစ်ခဲ့ကြတာ အဲဒီမှာပဲ" ဟု ပြောသည်။ "အမှန်တော့ သူနဲ့ လက်ထပ်ဖို့ အဲဒီနေရာမှာ ဖေဖေ ပြောခဲ့တာ"

"ဘာပဲဖြစ်ဖြစ် ဖေဖေရယ် သမီး ဖေဖေနဲ့ပဲ လိုက်ချင်တယ်၊ ဖေဖေ ဘယ်အချိန် သွားမလဲ"

"ဖေဖေတို့ မနက်စာ စားပြီးတဲ့ အချိန်ပေါ့ သမီးရယ်"

မနက်စာ စားပြီးသည့်အခါ ဂျေကော့သည် သူ့အခန်းသို့ သွား၍ အဝတ်လဲသည်။ ပြီးတော့ အေဘီဂေးလ်အား ခေါ်၍ အပြင်သို့ ထွက်လာသည်။ ပိကင်း

၏ ရှေးဟောင်းပုံစံ လန်ချားများသည် သူတို့အား တင်၍ ဆွဲခေါ်သွားသည်။ ဟိုး...ယခင်က ရှိခဲ့သော လောင်းကစားခန်းမများနှင့် ဘိန်းခန်းများသည် မရှိတော့ပေ။ "သီချင်းဆိုသော မိန်းကလေးများ" အမည်ဖြင့် နာမည်ကျော်ကြား ထင်ရှားခဲ့သော ဂေဟာများမှာလည်း မရှိတော့ပေ။

အခုလို စောစောပိုင်းဆိုလျှင် ဤနေရာ တစ်ဝိုက်သည် လူသူလေးပါး မရှိ။ အားလုံးသည် ငြိမ်ဆိမ်နေသည်။ သို့သော်လည်း ရှေးဟောင်း အဆောက် အအုံများထဲတွင် တည်ငြိမ်သော အလှကတော့ ရှိနေသည်။ ထိုနေရာ တစ်ဝိုက် အား ကြည့်နေသော အေဘီဂေးလ်သည် "ထူးထူးခြားခြားကို လှတာပဲ ဖေဖေ" ဟု ရေရွတ်သည်။

သူတို့ သားအဖသည် ဘေးချင်းယှဉ်၍ရပ်ကာ ရှေးဟောင်းနတ်ကွန်းအား ကြည့်နေကြသည်။ ဂျေကော့က သူ့သမီး၏ လက်မောင်းအား လှမ်း၍ ဆုပ်ကိုင် ထားသည်။

"ဖေဖေတို့ ဒီကို ရောက်လာချိန်တုန်းက ဧပြီလပေါ့" ဟု ဂျေကော့က ပြောသည်။ "အခု ဖေဖေနဲ့ သမီးတို့ ရပ်နေတဲ့ နေရာက လှမ်းကြည့်လိုက်တော့ သမီးအမေ တစ်ယောက်တည်း ရပ်နေတာ မြင်ရတယ်။ သူ ရပ်နေတာက နတ်ကွန်းရဲ့ တံစက်မြိတ်အောက်မှာ ဝတ်ထားတာက အစိမ်းရောင် ပိုးသား အင်္ကျီလေ၊ သူလာချိန်က အေးနေတုန်းဆိုတော့ သားမွေးဦးထုပ် ဆောင်းထား တယ် သမီးရဲ့"

အခုကျတော့လည်း အေဘီဂေးလ်သည် ဖခင်ဖြစ်သူ၏ ခံစားမှုအတိုင်း အတာကို ရိပ်စားမိနေပြီဖြစ်ရာ ဘာမှ မပြောတော့ဘဲ ငြိမ်နေသည်။ ဂျေကော့က စကားကိုဖြတ်၍ ဆက်လျှောက်သွားသည့်အခါ အေဘီဂေးလ်သည် ရပ်မနေခဲ့ ပဲ ဘေးမှကပ်၍ လိုက်သွားသည်။

"သမီးမေမေက ဖေဖေတို့ အတူတူ နေကြရမယ့် အနာဂတ်ဘဝအတွက် သံသယ ဝင်နေတယ်၊ ဖေဖေက အလွန်ခေါင်တဲ့ ရပ်ဝေးဒေသတွေမှာ သွားပြီး တရားဟောချင်တယ်၊ အလျင်က ဘယ်သာသနာပြုမှ မရောက်ခဲ့ဖူးသေးတဲ့ ဟူနန်လို ဒေသမျိုးမှာ သွားနေချင်တယ်၊ အဲသလို နေရာဒေသမျိုးကိုသာ ပို့ပေး ပါလို့လည်း ဖေဖေက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ပြောထားခဲ့တယ်လေ။

"အဲဒီနေ့က ဖေဖေတို့ သင်တန်းပြီးသွားရင် ဖေဖေတို့ တာဝန်ကျတဲ့ နေရာတွေကို တစ်ယောက်နဲ့တစ်ယောက် အသိပေးဖို့ ဒီ နတ်ကွန်းမှာ ချိန်းထား ကြတာ၊ နတ်ကွန်းထဲ ရောက်သွားတော့ အုံ့ညြစရာ ကောင်းလောက်အောင်ကို ငြိမ်အေးနေတာ တွေ့ရတယ်။ သမီးရဲ့ မေမေကတော့ စိုးရိမ်သောက စိတ်က ရှိနေတော့ သိပ်ပြီး ရွှင်ရွှင်လန်းလန်း မရှိရှာဘူး"

ဂျေကော့သည် လူသူ မရှိသော နတ်ကွန်းတွင်းသို့ ဝင်လာခဲ့သည်။ သူသည် လျှောက်သွားနေရင်းမှ ကွန်မြူနစ် အစိုးရ လက်ထက်ကျမှ တည်ဆောက်ထားသည့် လှေကား တံတားနီအား ကြည့်နေသည်။ ထို အခိုက်တွင် သူ့ မျက်စိများသည် လှူပ်ရှားမှု တစ်ခုအား မြင်လိုက်သဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူနှင့် ကိုက်တစ်ရာခန့် အကွာရှိ ဆိုက်ပရပ်ပင်များ ကြားသို့ လျင်မြန်စွာ တိုးဝင် ပျောက်ကွယ်သွားသည့် တရုတ်အမျိုးသား တစ်ယောက်။

အံ့အားသင့်သွားသော ဂျေကော့သည် စက္ကန့်များစွာ ကြာသည်အထိ နောက်မှနေ၍ မျက်ခြည်အပြတ် မခံဘဲ လိုက်ကြည့်နေသည်။ ထိုလူသည် ရေတပ် အပြာရောင် ကေဒါ ကျူနစ်အင်္ကျီ ဝတ်ထားသည်။ ဆိုက်ပရပ်ပင်များအောက် ရောက်သွားသော ထိုလူအား သူ မမြင်ရတော့ပေ။ နောက်ထပ် လုံးဝ ပေါ်မလာတော့ချေ။

ဂျေကော့၏ အရိပ်အကဲအား ကြည့်နေသော အောဘီဂေးလ်က "ဘာဖြစ်လို့လဲ" ဟု မေးသည်။ "ဖေဖေ ဘာမြင်လိုက်လို့လဲ"

သူ့ ရည်မှန်းချက် ပျက်သွားမည်ကို စိုးရိမ်နေသော ဂျေကော့သည် သူ စောစောက မြင့်လိုက်ရသော လူအား ခေါင်းထဲမှ ချက်ချင်း ထုတ်ပစ်လိုက်သည်။ သူသည် သူ့သမီး၏ လက်မောင်းအား ဆွဲ၍ နတ်ကွန်းဆီသို့ ကျောက်လှေကားအတိုင်း တက်လာခဲ့၏။ အတွင်းဘက်တွင် နံနက်ခင်း နေရောင်ခြည်သည် နံရံအုတ်ကွက်ပေါက်များမှနေ၍ ဝင်ရောက်လျက်ရှိသည်။ ဟိုး လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်က နတ်ကွန်း၏ ကြမ်းပြင် ကျောက်ပြားများ ထက်သို့ ရွှေရောင် ကွက်ကလေးများ ကျနေလေသလားဟု ထင်ခဲ့မိဖူး၏။ အခုလည်း ထိုစဉ်က အဖြစ်အား သတိရကာ ထိုအတိုင်းပင် ထင်ခဲ့မိလေ၏။

သားအဖ နှစ်ယောက်သည် အမိုးခုံးကြီး လုပ်ထားသည့် ခန်းမကြီးထဲသို့ ဝင်လာခဲ့သည်။ အတွင်းဘက်တွက်ကား ထုံးစံအတိုင်း တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက်ရှိ၏။ အောဘီဂေးလ်သည် ဖခင်၏ ဘေး၌ ငြိမ်ဆိမ်စွာ ရပ်၍ အပေါ်ဘက် ပေါင်းမိုး ခေါင်မိုးထက်၌ ရေးဆွဲခြယ်လှယ်ထားသည့် နံရံဆေးရေးပန်းချီရောင်စုံများအား တအံ့တဩ ကြည့်နေသည်။ သူမ၏ နုပျိုလန်းဆန်းသော မျက်နှာတွင် ရွှင်လန်းနှစ်သက်စိတ်သည် အထင်းသားပေါ်လျက် ရှိလေသည်။

သူ့သမီးအား ရပ်ကြည့်နေသော ဂျေကော့၏ စိတ်မျက်စိအာရုံတွင် မျက်ရည်တွေ အဝိုင်းသား ဖြစ်နေသော ဖိလိစီတီ၏ ရုပ်လွှာ ဝင်ရောက်လာသည်။ သူသည် မျက်လုံးအစုံအား မှိတ်ထားလိုက်သည်။ သူ့ စိတ်ကူးထဲတွင် ဖိလိစီတီ၏ အသံကိုပါ ကြားလာရ၏။ သူမ၏ လက်ကို ဆွဲ၍ ပုံတင်သံနံရံဆီ

သို့ အပြေးအလွှား သွားခဲ့ပြီး သူ့အား လက်ထပ်ဖို့ တောင်းခံခဲ့သည့်အဖြစ်ကို ပြန်၍ မြင်ယောင်လာသည်။

"ဘာဖြစ်လို့လဲ ဖေဖေ" ဟု အေဘီဂေးလ် ဂျေကော့လက်မောင်းအား ဆုပ်ကိုင်ပြီး မေးသည်။ "တစ်ခုခု မှားနေလို့လား"

ဂျေကော့သည် စကားကို တည်ငြိမ်အေးဆေးစွာ ပြန်ပြောနိုင်ရန် ကြိုးစားသည်။ "သမီးရဲ့ မေမေဟာ ကိုယ်ခန္ဓာအနေနဲ့ သိပ်နုတယ်။ သူ့ သဘာဝကိုက ကြံ့ခိုင်မှု မရှိလှဘူး၊ အဲဒီတုန်းက မြို့ကြီးတစ်မြို့ရဲ့ သာသနာပြု စခန်းမှာသာ နေရမယ်ဆိုရင် သမီးမေမေဟာ အပျော်ဆုံး လူတစ်ယောက် ဖြစ်မှာ၊ အခုတော့"

"ဖေဖေ ဘာကို ဆိုလိုတာလဲ ဟင်"

"ဖေဖေက မြို့ကြီးပြကြီးတွေနဲ့ အဝေးဆုံး၊ အရိုင်းဆုံးဆိုတဲ့ ဒေသတွေကို သွားဖို့ သမီး မေမေ့ကို ဖျောင်းဖျနားချခဲ့တယ်၊ ဖေဖေ့အနေနဲ့ သူ့ကို ကာကွယ်ပေးနိုင်လိမ့်မယ်လို့ ထင်ခဲ့မိတာကိုး၊ အခုလိုပဲ ဒီနေရာမှာ သမီးမေမေနဲ့ ဖေဖေ အတူတူ ရပ်နေခဲ့ကြတယ်၊ ဖေဖေက သူ့ လုံခြုံရေးအတွက် ဘာမှ ပူစရာမလိုဘူး၊ ဖေဖေ ကာကွယ်ပေးသွားမှာပါလို့ ပြောခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ဖေဖေ သူ့ကို အကာအကွယ် မပေးနိုင်ခဲ့လို့"

"ဒါဆိုရင် ဖေဖေက ဖြစ်သွားခဲ့ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်ပြန်တင်နေတယ်ဆိုပါတော့ ဟုတ်လား"

ဂျေကော့က ခေါင်းညိတ်သည်။ "ဒီစကားကို အလျှင်တုန်းက ဖေဖေ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး သမီး။ အတိတ်က ဖြစ်ခဲ့သမျှကို ပြန်ကြည့်တဲ့ အခါကျတော့ သမီးမေမေ သေရတာဟာ ဖေဖေရဲ့ မိုက်မဲမှုကြောင့်လို့ စိတ်ထဲမှာ ခံစားလာရတယ်"

"အဲသလို ဖြစ်လာလိမ့်မယ်လို့ ဖေဖေ ကြိုသိခဲ့တာမှ မဟုတ်တာ၊ ဖေဖေ့ အပြစ်လို့ ပြောလို့ ရမတဲ့လား" ဟု အေဘီဂေးလ်က ပြန်ပြောသည်။ "သမီး အသေအချာ ပြောနိုင်တာက မေမေဟာ ဖေဖေနဲ့ လိုက်လာတယ်။ ဘာကြောင့်လဲ ဆိုတော့ ဖေဖေက မေမေ့ကို ချစ်တယ်။ မေမေကလည်း ဖေဖေ့ကို ချစ်တယ်၊ အဲဒါကြောင့်ပဲ ဖြစ်မယ်၊ သမီး ပြောတာ မမှန်ဘူးလား"

"အင်းပေါ့လေ၊ သမီး ပြောတာ မှန်ပါတယ်"

"ဟုတ်တယ် လေ။ ဖေဖေက မေမေ့ရဲ့ ဆန္ဒကို မလိုက်လျောဘဲ အတင်း အဓမ္မ ခေါ်ခဲ့တာမှ မဟုတ်တာ၊ မေမေ့ အနေနဲ့ ဖေဖေ သွားရာကို လိုက်တာဟာ မေမေ မှန်တာပေါ့၊ မေမေက သူ့သဘောနဲ့သူ လိုက်တာဆိုတော့ ဖေဖေ့အပြစ် မဖြစ်နိုင်တော့ဘူး"

ဂျေကော့သည် ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်လျက်ရှိသည်။ သူ့မျက်နှာသည် သူ့သမီး စကားကြောင့် ကြည်လင်လာသလို ရှိသည်။

"မေမေ့ကို အဆိုပြုခဲ့တာ ဒီနေရာမှာပဲလား" ဟု အေဘီဂေးလ်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"မဟုတ်ဘူး သမီး"

"ဘယ်နေရာဆိုတာ သမီးကို ပြမလား ဟင်"

ဂျေကော့က ပြုံးသည်။ ပထမဆုံးအကြိမ် ပြုံးခြင်းဖြစ်၏။ "ပြရမှာပေါ့" ဟု ပြောသည်။

သားအဖ နှစ်ယောက်သည် ခန်းမကြီးထဲမှ ခပ်ဖြည်းဖြည်း မှန်မှန် လျှောက်၍ ပြန်ထွက်လာကြသည်။ စောစောက သူ မြင်ခဲ့ရသော တရုတ် ကေဒါ ယူနီဖောင်းနှင့် လူသည် ဆိုက်ပရပ်ပင်များကြားမှ ပြန်ထွက်လာပြီး သူတို့နောက်မှ လိုက်လာပြန်သည်။ ယခု တစ်ကြိမ်တွင် ဂျေကော့သည် ထို တရုတ်အား သတိမပြုမိ၊

"သမီး သဘောပေါက်သွားတဲ့အတွက် ဖေဖေ ဝမ်းသာတယ်။ အခုကျတော့ စိတ်ပူနေစရာ မလိုတော့ဘူး"

"ဖေဖေသမီးကို အခုလို ပြောသင့်နေတာကြာပြီ နှုတ်ဆိတ်နေတော့ ခံရတာပေါ့"

ဂျေကော့က ပြုံးသည်။ ထို့နောက် သူ့သမီးအား ဆန်ယင်ရှီခေါ် တြိသံကျောက်တုံးဆီ ခေါ်သွားသည်။ နံရံထဲမှ ပဲတင်ထပ်သံ ဘယ်လိုထွက်သည်ကို သူ့ သမီးအား ရှင်းပြနေသည်။

"ဖေဖေက သမီးမေမေ့ကို ဖေဖေနဲ့ လက်ထပ်ဖို့ ဒီနေရာမှာ အကြံပြုခဲ့တာ မေမေ့ကို ဖေဖေက အဲဒီမေးခွန်း မေးတော့ ဟော့ဒီအောက်ဆုံးလှေကားထစ်ပေါ်မှာ ရပ်ပြီး မေးခဲ့တာ၊ သမီးမေမေက အံ့အားသင့်နေတယ်၊ ပြီးတော့ ဒုတိယ လှေကားထစ်ပေါ်ကနေပြီး ထပ်မေးတယ်။ သူက ပဲ့တင်သံတွေကို နားထောင်ပြီး တတိယလှေကားထစ်ပေါ်ကနေပြီး အဖြေပေးတယ်။

"ကီမူ ရှီ၊ ကီမူ ရှီ၊ ကီမူ ရှီ"

ဂျေကော့က လှည့်ကြည့်သည်။ အပြာရောင် ကေဒါဝတ်စုံနှင့် တရုတ်သည် သူ့နောက်၌ ရပ်နေသည်။ ဘယ်သူများပါလိမ့် ထို့နောက် သူ့ ထမင်းချက်ဖြစ်နေသည်ကို သိလိုက်၏။

"စီယာအို လီအန်ပါလား"

"ဟုတ်ပါတယ်၊ ကီမူ ရှီ"

နှစ်ဦးသား အချိန်အတန်ကြာမျှ တစ်ဦးအား တစ်ဦး စိုက်ကြည့်နေကြသည်။ ဂျေကော့က စ၍ သူ့လက်နှစ်ဖက်ဖြင့် လီအန့်ပခုံးများအား ဖက်ထားသည်။ လီအန့် မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်နေသည်။

"ယုံနိုင်စရာတောင် မရှိဘူး၊ စီယာအို လီအန် ဟု ဂျေကော့က တရုတ်ဘာသာစကားဖြင့် ပြောသည်။ "မင်းမှ ဟုတ်ရဲ့လားလို့"

"အခုလို ပြန်တွေ့ရတာ အံ့ဩစရာပါ၊ ဘုန်းကြီး ကီ"

လှေကားရင်း၌ ရပ်နေသော အေဘီဂေးလ်အား သတိရလိုက်သဖြင့် ဂျေကော့သည် လီအန်၏ လက်မောင်းကို ဆွဲ၍ သူ့ သမီးထံ ခေါ်သွားသည်။ "သမီး အံ့ဩဖို့သာ ပြင်ထားပေတော့" ဟု ဂျေကော့က ပြောသည်။ သူသည် အင်္ဂလိပ်ဘာသာဖြင့် ပြောနေခြင်းဖြစ်၍ သူ့ ထမင်းချက် နားလည်စေလို၍ တမင်သက်သက် တစ်လုံးချင်း ပြောနေသည်။ "ဟော့ဒါ စီယာအို လီအန်၊ သမီးအသက်ကို ကယ်ခဲ့တဲ့ ဖေဖေ့ ထမင်းချက်ကြီးလေ"

"ခွင့်လွှတ်ပါ၊ ကီမူရှီ" ဟု လီအန်က ပြောသည်။ "ကျွန်တော် အင်္ဂလိပ်စကားတွေ မေ့ကုန်ပြီ"

"ဒီဟာ ငါ့ သမီး အေဘီဂေးလ်ပေါ့" ဟု ဂျေကော့က တရုတ်ဘာသာဖြင့် ပြောသည်။ "မင်းရဲ့ ခြင်းတောင်းထဲမှာ ဝှက်ထားခဲ့တဲ့ ကလေးပေါက်စလေးဟာ သူပေါ့၊ အဲဒါ အေဘီဂေးလ် လေ"

"ကျွန်တော် အိပ်မက် မက်နေသလားလို့ အောက်မေ့မိပါတယ်၊ ဘုန်းကြီး ကီ" ဟု ပြောကာ လီအန်သည် ခေါင်း တခါခါ လုပ်နေသည်။

"ရှင်နဲ့ တွေ့ရလိမ့်မယ်လို့ ကျွန်မ လုံးဝ မမျှော်လင့်ခဲ့မိဘူး၊ စီယာအို လီအန်" ဟု အေဘီဂေးလ်က ပြောသည်။ "ရှင့်ရဲ့ သနားကြင်နာမှုနဲ့ ရဲရင့်မှုတွေအတွက် ကျေးဇူးတင်စကား ပြောခွင့်ရတာ ကျွန်မ သိပ် ကျေးဇူးတင်တာပဲ"

"မင့် အဖေကို ကူညီရမှာက ကျုပ်ရဲ့ တာဝန်ပါ" ဂျေကော့က သူ့သမီးစကားအား တရုတ်လို ဘာသာပြန် ပြောသည့်အခါ လီအန်က ထိုကဲ့သို့ ပြန်ဖြေသည်။ အမှန်တော့ ဘုန်းကြီး လီဟာ သိပ်ပြီး ရဲရင့်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ"

ဆိုက်ပရပ်ပင်များ၏ အပေါ်ဘက် ကောင်းကင်ပြာပြာတွင် နေသည် မြင့်တက်လာနေသည်။ အောက်ဘက်ရှိ လူသုံးယောက်အဖို့တော့ လုံးဝ မမျှော်လင့်ဘဲနှင့် ပြန်လည် ဆုံတွေ့ခဲ့ကြရသည့်အတွက် ထူးခြားသော အလှတစ်ပါးနှင့် ဆုံတွေ့နေကြရသည်။

"ပထမ မင့်အသံ ကြားတော့ ငါ လှည့်မကြည့်ခဲ့ဘူး လီအန်" ဟု ဂျေကော့က ပြောသည်။ "ဒါပေမဲ့ ဘုန်းကြီးကီလို့ ခေါ်ခဲ့တာက နှစ်ပေါင်းများစွာ မင်း တစ်ယောက်တည်းပဲ ရှိခဲ့တာဆိုတော့"

"ဒါဆိုရင် ဘုန်းကြီးကီဟာ အခု သာသနာပြု တစ်ယောက် မဟုတ်တော့ဘူးလား"

"မဟုတ်တော့ဘူး၊ ငါ သာသနာပြု အလုပ်ကို စွန့်လွှတ်လိုက်တာ နှစ်ပေါင်း မနည်းကြာသွားပြီ"

"အခု ဘာလုပ်နေပါသလဲ"

"ဟောင်ကောင်မှာ နေတယ် လီအန် ငါ တရုတ်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်း ဆောင်းပါးတွေ စာအုပ်တွေ ရေးနေတယ်"

လီအန်သည် တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး ဂျေကော့မျက်နှာကို ကြည့်သည်။ "ကျွန်တော် စီယာအို လီအန် မဟုတ်တော့ဘူး။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကပဲ ကျွန်တော် အဘိုး တစ်ယောက် ဖြစ်သွားပြီ။ အခုဆိုရင် ကျွန်တော့်ကို လာအို လီအန်ဟု ခေါ်သင့်ပြီ၊ လာအို လီအန် ဆိုတာ "အဘိုးအို လီအန်" လို့ ခေါ်တာ"

လီအန်သည် အသက် ငါးဆယ်တွင်း ဖြစ်သော်လည်း ကျန်းမာရေး အခြေအနေ မဆိုးလှသေး။ လမ်းလျှောက်သည့်အခါ ခြေ အနည်းငယ်မျှ ဆာတာတာ ဖြစ်နေသည်မှ တစ်ပါး အခြားဘာမှ မဖြစ်သေး။ လုတင်းတိုက်ပွဲတွင် ရခဲ့သည့် မီးလောင်ဒဏ်ရာများမှ အမာရွတ်များကား ရှိနေဆဲ။

"မင့်ဟာမင်း အဘိုးဖြစ်ဖြစ် မဖြစ်ဖြစ် ငါ့အဖို့ကတော့ မင်းဟာ အမြဲတစေ စီယာအို လီအန်ပဲ" ဟု ဂျေကော့က ဟက်ဟက်ပက်ပက် ရယ်၍ ပြောသည်။ "မင်း မိန်းမနဲ့ သားနှစ်ယောက်ကော နေကောင်းကြရဲ့လား"

"အားလုံး နေကောင်းကြပါတယ်" ဟု လီအန်က ပြန်ပြောသည်။ "လီအန်ငယ်လို့ ခင်ဗျား သိခဲ့တဲ့ ကောင်က အခု ကလေး သုံးယောက် ရှိနေပြီ။ သားနှစ်ယောက်နဲ့ သမီး တစ်ယောက်ပေါ့၊ သူက အခု ချန်ရှာမှာ တရုတ်နိုင်ငံလုံးဆိုင်ရာ အလုပ်သမားများသမဂ္ဂ အဖွဲ့ချုပ်ကြီးရဲ့ ကေဒါတစ်ယောက် ဖြစ်နေပြီ။

"အကြီးကောင် လီအန်ကြီးက ဟူနန်မှာ ပြည်နယ် ပါတီကော်မတီမှာ အလုပ် လုပ်နေတယ်။ သူ့မှာက သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရှိနေပြီ။ တရုတ် နှစ်သစ်ကူးပွဲတော်ကျရင် မြေးတွေနဲ့ တွေ့နေရပြီ လေ"

ဂျေကော့က ပြုံးရယ်ပြီး လီအန်၏ ကေဒါ ယူနီဖောင်းအား ကိုင်ပြသည်။

"မင်းလည်း လူအများက လေးစားရတဲ့ ကန်ပု ဖြစ်နေပြီ နော်၊ မင်းအခု လုပ်နေတဲ့ အလုပ်က"

"ကျွန်တော်ကတော့ ပါတီနဲ့ တရုတ်နိုင်ငံအတွက် အများကြီး ကောင်းအောင် လုပ်ပေးခဲ့ပြီးပြီလို့ မျှော်လင့်နေတာပဲ" ဟု လီအန်က ပြန်ပြောသည်။ "ကျွန်တော်က အခု ပါတီ စိုက်ပျိုးရေး ကော်မရှင်မှာ ကေဒါ တစ်ယောက်ပဲ၊

ကျွန်တော်လည်း ကျွန်တော့် သားတွေလိုပဲ ကံကောင်းခဲ့ပါတယ်၊ ကျွန်တော် ယီနန်က တော်လှန်ရေး အကယ်ဒမီကျောင်းမှာ သင်ကြားခွင့် ရခဲ့သေးတယ်။

"ကျွန်တော်လေ ပြည်နယ်အတော်များများက ကျေးလက်ဒေသတွေကို ရောက်ခဲ့တယ်၊ လယ်သမား ယာသမားတွေ အားလုံးကို စုပေါင်းလယ်ယာစနစ် သင်ကြားပေးခဲ့ပါတယ်။ ပါတီက လူတွေနဲ့ အစိုးရ အဖွဲ့အစည်းတွေရဲ့ အကူ အညီတွေကို ရယူပြီး ကူညီခဲ့တာပါ၊ ကျွန်တော်တို့က အချင်းချင်း ကူညီရိုင်းပင်း ဖို့နဲ့ မျှဝေခံစားဖို့ကိုသာ မကဘူး။ အစိုးရပေါ် ယုံကြည်ကိုးစားဖို့ကိုပါ သင်ကြား ပေးခဲ့ရတာပါ" မကြာသေးခင်က ကောက်ပဲသီးနှံအထွက်နှုန်းဟာ အကောင်းဆုံး ပဲ၊ နှစ်သုံးဆယ်အတွင်းမှာ အထွက်နှုန်း အကောင်းဆုံးဖြစ်ခဲ့တာပါ"

"မင်း အလုပ်ကတော့ အလွန့်ကို ပင်ပင်ပန်းပန်း လုပ်ရမှာပဲနော်"

"လုပ်ရပါတယ်" ဟု လီအန်က ပြောသည်။ "ဒါပေမဲ့ ကျွန်တော့်အတွက် တော့ အလွန် တန်ဖိုးရှိတဲ့ အလုပ်ပါ။ ခင်ဗျားလည်း သိနေတာပဲ၊ ကျွန်တော့် အဖေရဲ့ မြေတွေကို သူ့ဆီက မြေပိုင်ရှင်တွေက ခိုးယူသွားနေတာ နောက်ဆုံးကျ တော့ တစ်လက်မတောင် မကျန်တော့ဘူး။ အခုကျတော့ အားလုံးဟာ ပြောင်း လွဲကုန်ပြီလေ" ဟိုတစ်ချိန်ကတော့ တရုတ် ကျေးလက်ဒေသတွေမှာ "ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲ" ဆိုတဲ့ ဝါဒ လွှမ်းမိုးခဲ့တယ်၊ အခုကျတော့ တရုတ် လယ်သမားတွေဟာ သူတို့ဘဝအတွက် သူတို့သာလျှင် အဓိကပဲလို့ မြင်လာ ကြပြီ"

သူတို့ သုံးယောက် လျှောက်လာစဉ်အတွင်း ဂျေကော့သည် စကားပြန် ဖြစ်၏။ ဂျေကော့က ပြောလိုက်သည့်အခါတိုင်း လီအန်သည် အေဘီဂေးလ်အား ကြည့်၍ ပြုံးတတ်သည်။ ဘာသာစကား အဟန့်အတား ရှိနေသော်လည်း သူတို့ နှစ်ဦး၏ ခင်မင်မှုကား တိုး၍သာ လာလျက်ရှိ၏။ အေဘီဂေးလ်သည် သူ သိချင် တာမှန်သမျှ သူ့အဖေမှ တစ်ဆင့် မေးခဲ့ရာ လီအန်ကလည်း ဘယ်မေးခွန်းကိုမှ ရှောင်တိမ်းခြင်း မပြုဘဲ ပွင့်ပွင့်လင်းလင်းပင် ဖြေသည်။

နောက်ဆုံးတွင် လီအန်သည် ဂျေကော့ဘက် လှည့်၍ "ဘုန်းကြီး ကီမှာ အခုဆိုရင် စိတ်ဝင်စားစရာကောင်းတဲ့ အလုပ် ရှိနေပြီပေါ့ ဟုတ်လား၊ ဒါပေမဲ့ ကျွန်တော် သိချင်တာလေးတစ်ခု ရှိတာတော့ မေးပါရစေ၊ ဘုန်းကြီး ကီ အနေနဲ့ ဘာပြုလို့ သာသနာပြု ဘဝကို စွန့်ပစ်ရတာလဲ"

ဂျေကော့က ပြုံးသည်။ "ဒါကျတော့ ရှင်းပြဖို့ ခက်တယ်၊ ငါ့ အနေနဲ့ တပ်နီစစ်တပ်နဲ့ အတူတူတွဲပြီး အချိန် ကုန်ခဲ့ရတာ များတဲ့ အတွက်ကြောင့် ဖြစ်ချင်လည်း ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် သူတို့နဲ့ တွဲသွားပြီးတဲ့ နောက်ပိုင်းမှာ တရုတ်နိုင်ငံရဲ့ ကြောက်စရာ သိပ်ကောင်းတဲ့ ပြဿနာရပ်တွေကို ခရစ်ယာန်

သာသနာပြု အနည်းအကျဉ်းလောက်ကသာ ဖြေရှင်းပေးနိုင်လိမ့်မယ်ဆိုတဲ့ အတွေး ဝင်လာတယ်၊ အဲဒီ အတွေးဟာ မိုက်မဲတဲ့ အတွေး ဖြစ်ချင်လည်း ဖြစ်မှာပဲ။ နောက်ပြီးတော့ နိုင်ငံခြား သာသနာပြုတွေရဲ့ လုပ်ငန်းတွေဟာ ခိုင်မာ တည်တံ့တဲ့ အကျိုး သက်ရောက်မှု များများစားစား ရှိနေလိမ့်မယ်လို့လည်း ငါ မထင်မိဘူး"

"အဲသလိုတော့လည်း မဟုတ်ဘူး ဘုန်းကြီး ကီ၊ လုပ်ထားခဲ့တဲ့ အလုပ်တွေက ခင်ဗျား ထင်တာထက် ပိုပြီး အကျိုးသက်ရောက်မှုတွေ ရှိနေတယ်။ ကျွန်တော် ခရီးသွားတဲ့အခါ နေရာ အတော်များများက လူ အတော် များများဟာ ဘိတ်တိတ်ကလေး ကျိတ်ပြီး ကိုးကွယ် ဆည်းကပ်နေကြတာ တွေ့ခဲ့ရတယ်"

ဂျေကော့က တရုတ် ကေဒါအား ဖျတ်ခနဲ မော့ကြည့်သည်။ တရုတ် ကေဒါသည် အနိုင်အမာ ပြောနေခြင်းဖြစ်သည်။ ထိုအချက်ကို တရုတ်ကေဒါ၏ မျက်နှာတွင် အထင်အရှား မြင်နေရ၏။

"ကျွန်တော့်ဆီမှာ ဘုန်းကြီး ကီ လက်မှတ်ထိုးပြီး ပေးထားတဲ့ သမ္မာကျမ်းစာ အခုထိ ရှိနေပါသေးတယ်" ဟု လီအန်က ပြောသည်။ "လုတင်း တံတားပေါ်မှာတုန်းက ကျွန်တော် သေတော့မှာပဲလို့ တွေးမိခဲ့တယ်။ အဲဒီတုန်းမှာ ကျွန်တော်ဟာ တစ်ချိန်က ဘုန်းကြီး ကီ သင်ပေးထားတဲ့အတိုင်း အာရုံ အကြိမ်ကြိမ် ပြုခဲ့တယ်၊ "အို ဘုရားသခင်၊ ကျွန်ုပ်၌ လိုအပ်နေချိန်တွင် ကျွန်ုပ်အား ခွင့်လွှတ်၍ ကာကွယ်ပေးတော်မူပါ" လို့လည်း ဆုတောင်းခဲ့တယ်"

ဂျေကော့သည် သူ့ ထမင်းချက်ဟောင်း၏ မျက်နှာအား အံ့အားသင့်ပြီး ကြည့်နေသည်။ "ငါတော့ မစဉ်းစားတတ်တော့ဘူး၊ စီယာအို လီအန်"

လီအန်သည် နတ်ကွန်း၏ အပေါ်ဘက်သို့ မော့ကြည့်နေသည်။ ထို့နောက် ဂျေကော့ မျက်နှာအား ပြုံး၍ ကြည့်နေသည်။ "အဲဒီ အချိန်က ကျွန်တော့် ခေါင်းထဲကို အဲဒီအတွေး ဘာပြုလို့ ဝင်လာတာလဲဆိုတာ ကျွန်တော် ရှင်းမပြတတ်ဘူး ဘုန်းကြီး ကီ"

"မင်း အဲဒါကို ပြောပြတဲ့အတွက် ငါ သိပ်ဝမ်းသာတယ်" ဟု ဂျေကော့က ပြောသည်။ "ဒါဟာ အလွန်ကြီးမားတဲ့ အခွင့်အရေးကြီး တစ်ရပ်လို့ ယူဆပါတယ်"

"လုတင်း တံတားတိုက်ပွဲမှာ အသက်ရှင် ကျန်ခဲ့တဲ့ လူတွေကို ရွှေတံဆိပ် ဆု ပေးခဲ့တယ်။ တပ်နီစစ်တပ်မှာ ရဲရင့်ခြင်းအတွက် အမြင့်ဆုံး ပေးတဲ့ ဘွဲ့တံဆိပ်ပေါ့" ဟု လီအန်က ဆက်ပြောသည်။ "ကျွန်တော် ကျေးရွာတွေကို သွားရင် သူတို့က ကျွန်တော် ရွှေတံဆိပ် ရတာကို ကြိုပြီး သိနေကြတယ်၊ တစ်ခါ

တလေမျှား အဲဒီ ရွှေတံဆိပ်ကို တပ်လာပါလို့ ဝိုင်းပြောကြတယ်။ ကျွန်တော်လေ ဆုတောင်းခဲ့တာကို မမေ့ဘူး၊ မကြာခဏ သတိရမိတယ်"

လီအန်သည် 'အနောက်ဘက် မိုးကောင်းကင် ဂိတ်တံခါး' ဆီသို့ ရှေ့မှ လျှောက်သွားသည်။ ဂျေကော့ သားအဖက နောက်မှလိုက်သွားသည်။ ထို့နောက် ဆိုက်ပရပ်ပင်များ ကြားရှိ လမ်းသွယ်၏ အလယ်သို့ ရောက်သည့်အခါ ဂျေကော့က ရပ်လိုက်ပြီး သူ့ လက်တစ်ဖက်ဖြင့် လီအန် လက်မောင်းအား ဆုပ်ကိုင်လိုက်သည်။

"ငါ့ကို ပြောပါဦး လီအန်၊ တို့ သားအဖ ပီကင်း ရောက်နေတာ မင်း ဘယ်လိုလုပ် သိသလဲ။ ဒီမနက် ဒီကိုလာပြီး ရှာရင် တွေ့နိုင်တယ်ဆိုတာကော ဘယ်က ဘယ်လို သိလာသလဲ။ တို့ သားအဖ ဒီကိုလာမယ်ဆိုတာ ဘယ်သူမှ မသိဘူး"

"မာရှယ် လု ချီယာအိုက ဘုန်းကြီး ကီ လာလိမ့်မယ်လို့ ကျွန်တော့်ကို သတင်း ပေးပါတယ်" ဟု လီအန်က ပြောသည်။ "သူကပဲ တောပိုင်း ရောက်နေတဲ့ ကျွန်တော့်ကို ပြန်ခေါ်ခဲ့တာပါ"

ချီယာအို့ နာမည်ပြောသံ ကြားလိုက်သည့်အခါ ဂျေကော့ မျက်လုံးများသည် ပြူးသွားသည်။ "မာရှယ် လုကို မင်း ဘယ်လို လုပ်ပြီး သိသလဲ"

"လုတင်း တိုက်ပွဲမှာတုန်းက အထူး တိုက်ခိုက်ရေးတပ်ဖွဲ့ရဲ့ တပ်မှူးဟာ မာရှယ် လုပါ"

"ဟုတ်လား" ဟု ရေရွတ်ကာ ဂျေကော့သည် သူ ကြားရသည့် သတင်း အပေါ်တွင် ပြန်၍ စဉ်းစားလျက်ရှိသည်။ "ဒါပေမဲ့ မင်းက ငါနဲ့ တွေ့ချင်မှာပဲ ဆိုတာ သူက ဘယ်လို လုပ်ပြီး သိသလဲ။ ပြီးတော့ သူက မင့်ဆီ ဘာပြုလို့ အကြောင်းကြားရတာလဲ"

"ကျွန်တော့်ဆီ အကြောင်းကြားတာကတော့ မိတ်ဆွေ ပီသကြောင်း ပြတဲ့ သဘောပဲ ဖြစ်မှာပါ။ တကယ်လို့ ခင်ဗျား တရုတ်နိုင်ငံကို ပြန်လာရင် ကျွန်တော်ကတော့ တွေ့ချင်မှာပဲဆိုတာ သူ သိနေတယ်။ ဒီနေ့ကျတော့ ခင်ဗျား အနေနဲ့ ငြိမ်းချမ်းရေး ကိုယ်စားလှယ်တွေ လေ့လာရေးခရီးကို မလိုက်ဘူး ဆိုတာ ကြိုသိလိုက်တော့ ကျွန်တော့်ဆီ ဆက်သွယ်တယ်။

"သူက အကြံပေးတယ်၊ ခင်ဗျား တည်းနေတဲ့ ဟိုတယ် အပြင်ကနေ စောင့်တဲ့၊ တစ်ယောက်တည်းချင်း တွေ့ခွင့်ရအောင် လုပ်ပြီး စကားပြောပါတဲ့၊ ကျွန်တော်က ခင်ဗျား မသိအောင် ဆိုက်ကား တစ်စီးနဲ့ နောက်က လိုက်လာတဲ့ တာ ဒီနေရာမှာ အထိပဲ"

ဂျေကော့သည် လီအန်အား ကြည့်ကာ အံ့အားသင့်လျက်ရှိသည်။ လီအန် ပြောခဲ့သမျှ စကားများအား ချိုင့်၍ စဉ်းစားလိုက်သည့်အခါ သူ့စိတ်ထဲတွင် နောက်ထပ် စဉ်းစားစရာတွေ အများကြီး ဖြစ်လာသည်။ ချီယာဇိုသည် ဘာကြောင့် လီအန်နှင့် မိမိအား တွေ့စေချင်နေပါသနည်း။ မိမိတို့ သားအဖ၏ လှုပ်ရှားမှုများကို ဘာကြောင့် ချီယာဇို စိတ်ဝင်စားနေရပါသနည်း။ မိမိအား တရုတ်ပြည်သို့ လာအောင် ဖိတ်ကြားသည့်ကိစ္စ၌ ချီယာဇိုသည် နောက်ကွယ်မှ ပါနေလေသလား။ အကယ်၍ ပါနေသည် ဆိုငြားအံ့၊ ချီယာဇိုတွင် ဘယ်လို ရည်ရွယ်ချက် ရှိလေသနည်း။

"တို့များအနေနဲ့ အေးအေးဆေးဆေး တွေ့လို့ ရမလား လီအန်" ဟု ဂျေကော့က မေးသည်။ "တို့များက မင်းနဲ့တူတူ ညစာ စားဖို့ စီစဉ်ချင်တယ် ဆိုရင်ကော ဖြစ်နိုင်မလား"

"ပါတီကေဒါတွေအတွက် အနောက်နိုင်ငံက မိတ်ဆွေတွေနဲ့ တရင်းတနှီး တွေ့ဆုံဖို့ဆိုတာ မလွယ်ပါဘူး၊ အထူးသဖြင့် ခရစ်ယာန်အယူဝါဒ နောက်ခံရှိတဲ့လူတွေနဲ့ တွေ့ဖို့က အတော် မလွယ်ပါဘူး"

ဂျေကော့က ခေါင်းညိတ်သည်။ "ငါ နားလည်ပါတယ်၊ ကြားနေရတဲ့ ကောလဟာလ သတင်းတွေအရဆိုရင် တရုတ် ခရစ်ယာန်တွေရော အသိ ပညာရှင်တွေပါ ပန်းမျိုးတစ်ရာ အမွှေ အလုပ်ကြမ်း စခန်းတွေကို အပို့ ခံရသတဲ့"

လီအန်သည် သူ့ ပတ်ဝန်းကျင်အား ထိတ်လန့်တကြား ကြည့်သည်။ သူသည် ခြေလှမ်းများအား ခပ်ကျဲကျဲ လှမ်းသည်။ "ဒီဟာတွေကို မပြောကြတာ ကောင်းလိမ့်မယ် ဘုန်းကြီးကီ။ အချိန်ကာလက သိပ်မကောင်းဘူး၊ လူ နည်းနည်း လောက်ပဲ လုံခြုံမှုရှိတာ" သူသည် ချိန်ဆနေသည်။ အတန်ကြာမှ ဂျေကော့ မျက်နှာအား စေ့စေ့ကြည့်သည်။ "မာရှယ် လုရဲ့ ညီမတောင်မှ ကျောက်မီးသွေး တွင်း တစ်တွင်း အလုပ်ကြမ်းစခန်းမှာ အလုပ် လုပ်နေရ ရှာတယ်"

တရုတ်လို ပြောနေကြသော သူတို့၏ စကားများကို သူ့သမီး အေဘီ ဂေးလ် နားလည်ပုံ မရ။

"မင်း ပြောတာ လုမေ-လင်း လားဟု ဂျေကော့က တိုးတိုးမေးသည်။

"ဟုတ်ပါတယ်"

"သူက ဘာလုပ်လို့လဲ"

"ကျွန်တော်လည်း မသိဘူး၊ ဘယ်သူကမှလည်း မမေးကြဘူး။ သူ ရေးတဲ့ စာထဲမှာ သူတို့ မကြိုက်တာ တွေ့လို့ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် သူကပဲ သူ့ စေတနာအလျောက် လုပ်တာ ဖြစ်ချင်လည်း ဖြစ်မယ်"

ထိုအခိုက်တွင် အနက်ရောင် မော်တော်ကား တစ်စီးသည် 'အနောက်ဘက် မိုးကောင်းကင် ဂိတ်တံခါး' ရှေ့၌ ရပ်သည်။ "ကျွန်တော် သွားရမယ့်အချိန်ရောက်လာပြီ။ ကျွန်တော်တို့ အခုလို တွေ့ခွင့်ရတဲ့အတွက် ကျွန်တော်သိပ် ဝမ်းသာပါတယ်။ ပြီးတော့ ခင်ဗျားရဲ့ ချစ်စရာ ကောင်းတဲ့ သမီးကိုကျွန်တော် တွေ့ခွင့်ရလိုက်တာ အင်မတန်မှ ဂုဏ်သိက္ခာ တက်ရပါတယ်"

"ကျွန်မတို့ နောက်ထပ် တွေ့နိုင်ပါဦးမလား" ဟု အောဘီဂေးလ်က သူ့အဖေမှတစ်ဆင့် မေးသည်။

"နောက်ထပ် တွေ့ဖို့ကတော့ အတော်ခက်ပါတယ် ခင်ဗျာ" ဟု လီအန်က မသာမယာသော မျက်နှာထားဖြင့် ဖြေသည်။

"ဟိုး ငယ်ငယ်တုန်းက ကျွန်မအတွက် ရှင် လုပ်ကိုင်ပေးခဲ့သမျှကို ကျွန်မဘဝ တစ်သက်တာမှာ ဘယ်တော့မှ မေ့မသွားဘူးဆိုတာ အသိပေးခဲ့ပါရစေ"

အောဘီဂေးလ်သည် လီအန်၏ လက်တစ်ဖက်အား တအား ဆုပ်ကိုင်ထားသည်။ သူမ အဖေနှင့် လီအန်တို့ နှုတ်ဆက်နေကြသည့်အခါတွင်လည်း ဘေးနားမှ ရပ်ကြည့်ကာ မျက်ရည်ကျရှာသည်။

"မင်းနဲ့ ပြန်တွေ့ရတာ သိပ်ကို ဝမ်းသာတယ် လီအန်" ဟု ဂျေကော့က စိတ်ထိခိုက် နေသံဖြင့် ပြောသည်။ "မင့် မိန်းမနဲ့ မိသားစုတွေကို နှုတ်ဆက်ကြောင်းလည်း ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ၊ ကျွန်တော် ပြောပြပါမယ်"

လီအန်သည် ဂိတ်တံခါးဘက်သို့ ကပျာကယာ ထွက်သွားသည်၊ သူသည် မျက်စိမျက်နှာ အပျက်ပျက် ဖြစ်လျက်ရှိ၏။ လုမေ-လင်း နှင့် ချီယာအိုတို့အကြောင်း မေးမိ ပြောမိ၍လား။ ထိုအခိုက်မှာပင် ဝတ်စုံ တောက်တောက်ပြောင်ပြောင်များ ဝတ်ထားသည့် သူငယ်တန်း ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများ ဝင်လာသည်။ အားလုံးသည် ကသုတ်ကရက် ထွက်သွားသောလီအန်အား လုံးဝ သတိမပြုမိကြ။

"သူနဲ့ ဖေဖေနဲ့ နောက်ဆုံးပြောနေကြတာ ဘာတွေလဲ ဟင်" ဟု အောဘီဂေးလ်က မေးသည်။ "ဖေဖေ့ မျက်နှာကြည့်ရတာ တအား စိတ်ပူနေသလိုပဲ"

"ဖေဖေတို့ ပြောနေကြတာက ပန်းမျိုးတစ်ရာ တိုက်ပွဲ အကြောင်းပါ" ဟု ဂျေကော့က ပြောကာ လီအန် ထွက်သွားရာ ဂိတ်တံခါးဘက်သို့ လှမ်းကြည့်နေသည်။ "ဝမ်းနည်းစရာတွေ ဖြစ်နေတယ်လို့ သိရတယ်၊ အပြစ်ဒဏ် မခံသင့်မခံထိုက်တဲ့လူအများအပြားဟာ အမွှေ အလုပ်ကြမ်း စခန်းတွေကို အပို့ခံနေရသတဲ့"

အောဘီဂေးလ်သည် နောက်ထပ် မေးခွန်းတစ်ခု မေးရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် အနက်ရောင် လည်ပင်း ကော်လာတပ် ကျူးနစ်အင်္ကျီ ဝတ်ထားသော တရုတ်ပါတီ ကေဒါ တစ်ယောက် ဝင်လာသည်။ သူသည် ကားပေါ်မှဆင်းကာ ဂျေကော့တို့ဆီ သုတ်သီးသုတ်ပျာ လာနေခြင်း ဖြစ်၏။ သူတို့နား ရောက်သည့်အခါ အလွန် ယဉ်ကျေးဖွယ်ရာစွာဖြင့် ပြုံး၍ နှုတ်ဆက်ပြီး ကားနက်ကြီးဆီသို့ လက်ညှိုး ထိုးပြလေသည်။

ကျွန်တော်နဲ့ လိုက်ခဲ့ပါ ခင်ဗျာ" ဟု သူက ဂျေကော့အား ပြောသည်။ "ခင်ဗျားတို့ သက်သက်သာသာ သွားနိုင်ဖို့ ကျွန်တော့်မှာ ကား ပါလာပါတယ်"

"ကျွန်တော်တို့မှာ လူချင်းတွေ့ဖို့ ချိန်းထားတာ မရှိပါဘူး" ဟု ဂျေကော့က ပြန်ပြောသည်။ "ကျွန်တော်တို့အတွက် ဒီနေ့ဟာ ရက်အား တစ်ရက်ပါ၊ ဒီနေရာကို အပန်းဖြေဖို့ လာခဲ့ကြတာပါ"

ကေဒါက ပြုံးပြန်သည်။ "တကယ်လို့ မစ္စတာ ကယ်လ်နာ မော်တော်ကားနဲ့ လိုက်လာရင် မစ္စတာ ကယ်လ်နာရဲ့ သမီးကို ဟိုတယ် ပြန်ပို့ ပေးခဲ့ပါမယ် မစ္စတာကယ်လ်နာ အတွက်ကတော့ ချိန်းဆိုထားတဲ့ နေရာက ရှိနေတော့"

"အဲဒီဟာက ဘာလဲလို့ မေးရင်"

"အဲဒါကို ကျွန်တော် ပြောပိုင်ခွင့် မရှိပါဘူး မစ္စတာ ကယ်လ်နာ" ဟု ကေဒါက ပြန်ပြောသည်။ သူ့ မျက်နှာထက်မှ အပြုံးရိပ်သည် ပျောက်ကွယ်သွားခဲ့လေပြီ။ "အခုချက်ချင်း ကျွန်တော်နဲ့အတူ ကားဆီကို လိုက်ခဲ့ဖို့သာ ပြောပါရစေ"

ကေဒါ အရာရှိသည် နောက်တစ်ကြိမ် သူ့ ဦးခေါင်းအား ငုံ့၍ သူ့ရှေ့မှ သွားကြရန် အရိပ်အခြည် ပြပြန်သည်။ ဂျေကော့သည် နတ်ကွန်းဆီ တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် သူ့သမီး အောဘီဂေးလ်၏ လက်ကို ဆွဲကာ အနက်ရောင် မော်တော်ကားဆီသို့ ခေါ်လာခဲ့လေသည်။

* * *

၇

ဂျေကော့တို့ စီးလာသော မော်တော်ကားကြီးသည် ရုရှားနိုင်ငံလုပ် ဇစ်လ် အမျိုးအစား မော်တော်ကား ဖြစ်သည်။ တရုတ် ကွန်မြူနစ် အစိုးရ၏ ဌာနဆိုင်ရာ ကားများ ဖြစ်သဖြင့် ပြတင်းပေါက်များအား အလုံ ပိတ်ထားကြသည်။ မြင်ပမှ သွားလာနေကြသော လူများ မမြင်အောင် လုပ်ထားခြင်း ဖြစ်လေသည်။

ကားကို မောင်းလာသူမှာ ယူနီဖောင်းဝတ် ယာဉ်မောင်းတစ်ဦးဖြစ်၍ ကား နောက်ခန်းထဲတွင် ဂျေကော့နှင့် အေဘီဂေးလ် သားအဖသည် ဘေးချင်းယှဉ်၍ ထိုင်နေကြသည်။ သားအဖ နှစ်ယောက်သည် စကား မပြောကြ။ သူတို့ ကားသည် ပီကင်းမြို့တော်၏ အလယ်သို့ ဦးတည်၍ မောင်းလာနေခြင်း ဖြစ်၏။ ရှေ့ခန်း ယာဉ်မောင်းဘေး၌ ထိုင်လာနေသော ကေဒါသည် ယခုအခါတွင် လုံးဝ စကား မပြောတော့ချေ။ သောကရိပ် လွှမ်းနေသော အေဘီဂေးလ်သည် ဟိုတယ်ရှေ့၌ မော်တော်ကား ရပ်လိုက်သည့်အခါ ကားပေါ်မှ ဆင်းသည်။ ဂျေကော့ကလည်း ကားထဲမှ ထွက်၍ ယခုကိစ္စတွင် ဘာမှ စိုးရိမ်စရာ မရှိဟု သူ ယုံကြည်ကြောင်း ပြောပြကာ သူ့အတွက် မပူပါနဲ့ဟု မှာသည်။

ဟိုတယ်ရှေ့တွင် အေဘီဂေးလ်အား ချထားပေး အပြီးတွင် မော်တော်ကားကြီးသည် "မြတ်သော ငြိမ်းချမ်းရေး ပန်းခြံ" ဘက်သို့ လျင်မြန်စွာ မောင်းထွက်သွားသည်။ ဂျေကော့အဖို့ "ပြည်သူ့မဟာခန်းမကြီး" တည်ရှိရာ တောင်ကုန်းထက်သို့ မောင်းတက်သွားနေသော မော်တော်ကားပေါ်၌ ထိုင်ရင်း များစွာ စိတ်လှုပ်ရှားလျက်ရှိ၏။ ထိုခန်းမကြီးမှာ အလွန့်အလွန် ကြီးမားသော ကျောက်တုံးကြီးများဖြင့် နတ်ကွန်း၏ အနောက်ဘက်ခြမ်း ဧက တစ်ရာ မြေပေါ်၌ ကွန်မြူနစ်တို့ တည်ဆောက်ထားခဲ့ခြင်း ဖြစ်လေသည်။

လမ်းခရီး တစ်လျှောက်လုံးတွင် ဂျေကော့သည် သူ့အား ခေါ်ခိုင်းသူ ဘယ်သူ ဖြစ်မည်ကို မှန်းဆလာသည်။ သူ့ စိတ်ထဲတွင် မာရှယ် လု ချီယာဗိုအား

ခွဲနေမိ၏။ လွန်ခဲ့သော သီတင်းပတ်များ အတွင်းက မမျှော်လင့်သော ဖိတ်စာ တစ်စောင် သူ့လက်သို့ ရောက်လာခဲ့၏။ ထို ဖိတ်စာမှာ တရုတ်ပြည်သို့ ညီလာခံ လာတက်ရန် တလေးတစား ဖိတ်ကြားထားသည့် စာ ဖြစ်၏။ ထိုစဉ်က သူသည် ထိုစာ၏ နောက်ကွယ်မှ လူ မည်သူ ဖြစ်နိုင်လိမ့်မည်နည်းဟု မှန်းဆခဲ့ဖူးသည်။ ချီယာအိုမှ တစ်ပါး အခြား ဘယ်သူ့ကိုမှ တွေးလို့မရ။

နောက်ပိုင်း လီအန်နှင့် တွေ့သည့်အခါ လီအန်က မိမိနှင့် တွေ့ဖို့ သူ့အား စီစဉ်ပေးခဲ့သူမှာ ချီယာအို ဖြစ်ပါသည်ဟု ဝန်ခံခဲ့၏။ သို့ဖြစ်ရာ အကျိုးနှင့် အကြောင်း ဆက်စပ်၍ စဉ်းစားလိုက်သည့်အခါတိုင်း ယခု မိမိအား အခေါ်ခိုင်း သူသည် မာရှယ် လု ချီယာအိုမှလွဲ၍ အခြားလူ ဘယ်သူမှ မဖြစ်နိုင်ဟုပင် တွေးလာခဲ့မိ၏။

သူ့အား ခေါ်လာခဲ့သော မော်တော်ကားသည် ပြည်သူ့ မဟာခန်းမကြီး ရှေ့ အရောက်တွင် ရပ်သွားသည်။ ယူနီဖောင်းဝတ် ကေဒါသည် ကားရှေ့ခန်း ထဲမှ ဆင်းလာပြီး ဂျေကော့အား ကျောက်လှေကားကြီး ဆယ့်နှစ်ထစ်အတိုင်း ခေါ်သွားသည်။ အခုပုံအတိုင်းဆိုပါက မိမိ၏ အတွေးအထင်သည် မှားနိုင်စရာ မရှိတော့ဟုပင် ဂျေကော့က ယူဆလိုက်မိလေသည်။

အဆောက်အအုံ၏ ကျောက်တိုင်ကြီးများ ခြေရင်းတွင် လုံ့စွပ်တပ် ခိုင်ဖယ် သေနတ်ကိုင် စစ်သားများ ရပ်နေကြသည်ကို မြင်ရ၏။ ကေဒါ နောက်မှ လိုက်ပါလာသော ဂျေကော့သည် ကြီးကျယ် မြင့်မားသော ကြေးတံခါးကြီးများ အား တွေ့နေရသည်။ ကေဒါသည် သူ့အား ဦးဆောင်ကာ အလယ်ပေါက် အဝင်တံခါးအတိုင်း ခန်းမကြီး အတွင်းသို့ ခေါ်သွားသည်။

အထဲရောက်သည်နှင့် တစ်ပြိုင်နက် ကေဒါသည် ဂျေကော့အား တခမ်း တနား ရှိလှန်းလှသည့် ဧည့်ခန်းဆောင်ကြီးအတွင်းသို့ ခေါ်သွားသည်။ အထဲတွင် လက်တင်ပါ ကုလားထိုင်များနှင့် စားပွဲနိမ့်နိမ့် တစ်လုံး ချထားသည်။ ကေဒါ သည် သူ့အား ကုလားထိုင်တစ်လုံးကို ညွှန်ပြကာ ထိုင်ခိုင်းပြီးသော် ဂျေကော့အား သားရစ်ခဲ့ပြီး ထွက်သွားသည်။ ဂျေကော့သည် နံရံများပေါ်၌ ချိတ်ဆွဲထားသော ခရီးရှည် ချီတက်ပွဲကြီး အတွင်းမှ ရဲစွမ်းသတ္တိများကို ပြသော ပန်းချီကားကြီး များအား စိတ်ဝင်တစား ကြည့်နေမိလေသည်။

ဂျေကော့ ပန်းချီကားများအား ကြည့်နေခိုက်မှာပင် အတွင်းဘက်မှ တံခါးတစ်ချပ် ပွင့်သွားပြီး ခြေလှမ်း ခပ်ကျဲကျဲလှမ်း၍ လူ တစ်ယောက် ထွက်လာ သည်။ သူ့နောက်မှ ပါလာသူမှာ အမျိုးသမီး ကိုယ်ရေးအရာရှိ ဖြစ်၏။ သူ့ထံသို့ လျှောက်လာနေသော တရုတ် အမျိုးသားသည် အရပ်အမောင်း ပုကွကွ နိုင်

သော်လည်း သပ်ရပ်စွာ ဝတ်စားထားသည်။ သူသည် အခန်းထဲမှ ဖြတ်လာနေစဉ်အတွင်း ယဉ်ကျေးသိမ်မွေ့သော အပြုံးပန်းကို ဆင်ထားသည်။

ဂျေကော့သည် သူ့ထံ လာနေသူအား လု ချီယာအို ဖြစ်လိမ့်မည်ဟု တထစ်ချ တွက်ထားသူ ဖြစ်၏။ သို့သော်လည်း ယခု မြင်နေရသည့် မျက်နှာကား သူ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်နှစ်နှစ် အချိန်ကာလက မြင်တွေ့ခဲ့ရသော မျက်နှာ ဖြစ်သည်။ မြို့ရိုးတံတိုင်းကာ တန်ဝေးမြို့တွင်းမှ အပြီးအပိုင် မထွက်ခွာမီက တွေ့မြင်ခဲ့ရသည့် မျက်နှာဖြစ်၏။

ထိုသူကား မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများအား ပြောင်စင်အောင် ရိတ်ထားသော မန်ချူးမင်းဆက် တစ်ဆက်အတွင်းက အမတ်ကြီး တစ်ဦး၏ မြေး တော်စပ်ခဲ့သူ၊ ယခု အချိန်တွင် လူပေါင်း သန်းခြောက်ရာကျော် ရှိသော အမျိုးသား တစ်ရပ်၏ ဝန်ကြီး ချူအင်-လိုင်းပေတည်း။ သူသည် အလွန် စူးရှ ထက်မြက်သည့် မျက်လုံးအစုံဖြင့် ဂျေကော့အား မျက်တောင်ပင် မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်လျက်ရှိလေသည်။

"ပီကင်း အပြန်ခရီးကို ကြိုဆိုပါတယ်၊ မစ္စတာ ကယ်လ်နာ" ဟု ချူက တရုတ်ဘာသာစကားဖြင့် ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီး သူ့အား မတ်တတ်ထ၍ ခရီးဦးကြို ပြုနေသော ဂျေကော့အား ထိုင်ခိုင်းသည်။ "အခု ကျွန်တော်တို့ချင်း ပြန်တွေ့ရတဲ့ အချိန်နဲ့ အခြေအနေတွေဟာ ကျွန်တော်တို့ နောက်ဆုံးအကြိမ် ဆုံခဲ့ရတုန်းကနဲ့ လုံးဝ မတူတော့ဘူးနော်"

"ကျွန်တော်လည်း ဒီ အခြေအနေကို ကြည့်ပြီး သိပ် ဝမ်းသာပါတယ်" ဟု ဂျေကော့က သိမ်မွေ့စွာ ပြန်ပြောသည်။ "ဒါပေမဲ့ ကျွန်တော့်ကို ပီကင်း ပြန်လာအောင် ဘာပြုလို့ ဖိတ်တာလဲ၊ ကျွန်တော် အခုထိ နားမလည်ဘဲ ဖြစ်နေတယ်"

"တကယ်လို့ ခင်ဗျားမှာ ဆန္ဒ ရှိနေတယ်ဆိုရင် ခင်ဗျားကို ပီကင်း ပြန်လာဖို့ ဖိတ်ခြင်းဟာ ပုဂ္ဂိုလ်ရေး ချစ်ခင်မှု တစ်ခုကို ရည်ညွှန်းတယ်လို့ပဲ ယူဆလို့ရပါတယ်" ဟု ချူက ပြောသည်။ ထို အခိုက်မှာပင် ဒုတိယ ကိုယ်ရေးအရာရှိ အမျိုးသမီးသည် လက်ဖက်ရည် ပန်းကန် တင်ထားသည့် လင်ပန်းကို ယူလာပြီး ဂျေကော့ ဘေးမှ စားပွဲငယ်ပေါ် တင်ပေးသည်။

"ကျွန်တော် ကြားထားတာ တစ်ခု ရှိတယ်၊ ခင်ဗျားအနေနဲ့ သာသနာပြုအလုပ်ကို ချေပစ်လိုက်တာ ကြာပြီဆို။ ပြီးတော့ မကြာသေးခင်ကပဲ ခင်ဗျား စာအုပ် တစ်အုပ် ရေးခဲ့တယ်တဲ့၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်ခဲ့ပြီးတဲ့နောက် ရှစ်နှစ်တာ ခရီးကို သုံးသပ်ထားတာလို့ သိရတယ်။ အနောက်တိုင်းနိုင်ငံမှာကတော့ ဒီ စာအုပ်မျိုးဟာ အလွန် ရှားပါးတာပဲ" ဟု ချူက ပြောကာ သူ့ လက်တစ်ဖက်ဖြင့် လင်ပန်းပေါ်မှ ပန်းကန်အား လှမ်းပြသည်။

ဂျေကော့သည် လက်ဖက်ရည် ပန်းကန်ပေါ်၌ အုပ်ထားသည့် အဖုံးကို ယူ၍ ဘေးတစ်ဖက်သို့ ချလိုက်ပြီး ပန်းကန်ကို ယူလိုက်သည်။ ရေနွေးနံ့သည် ချက်ချင်းပင် သောက်ချင်စဖွယ် သင်းပျံ့လာသည် ဤရေနွေးကြမ်းသည် အနံ့သာလျှင် မွှေးပျံ့သည် မဟုတ်။ အရသာ ကျတော့လည်း အလွန် ထူးခြားပြီး စိတ်ကို ကြည်လင် လန်းဆန်းစေ၏။ ချူ ကိုယ်တိုင်လည်း သူ့ လက်ဖက်ရည် ပန်းကန်ကို ယူ၍ တစ်ငုံမျှ သောက်ကာ ပြန်ချထားလိုက်သည်။

“ဒီအချိန် ဒီအဆင့်မှာကတော့ ကျွန်တော့်အနေနဲ့ ဒီစကားကိုပဲ ပြောသင့်တယ်လို့ ထင်ပါတယ်၊ မစ္စတာကယ်လ်နာ” ဟု ချူက စကားကို ပြန်စသည်။ “နိုင်ငံတော် ကောင်စီဝင် ဝန်ကြီးတွေ အနေနဲ့ သူတို့အဆင့် ဘယ်နေရာမှာပဲ ရှိရှိ အရင်းရှင် နိုင်ငံတွေက စာရေးဆရာတွေနဲ့ တွေ့ဆုံခွင့် မရှိပါဘူး။ ဒါကြောင့်မို့ အခု ကျွန်တော်တို့ရဲ့ တွေ့ဆုံမှုနဲ့ စကား ပြောဆိုမှုဟာ လျှို့ဝှက်အပ်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုလို့ သဘောထားပါ၊ ပြီးတော့ လုံးဝ လျှို့ဝှက်ထားရမယ့် အရာတစ်ခု အဖြစ်လည်း သဘောထားပါ”

ချူသည် စကားကို ဖြတ်၍ ရပ်ထားပြီး ဂျေကော့အား တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် သူ့နောက်တွင် တိတ်တိတ်ဆိတ်ဆိတ် ထိုင်ကာ သူ့စကားများအား လိုက်၍ ရေးမှတ်နေသည့် သူ့ ကိုယ်ရေးအရာရှိ အမျိုးသမီးအား တစ်ချက် လှည့်ကြည့်သည်။ “ကျွန်တော်တို့ အနေနဲ့ ဒီ ညီလာခံ အတွင်းမှာ ခင်ဗျားတို့ ကိုယ်စားလှယ်တွေကို စက်ရုံ အလုပ်ရုံတွေ၊ ကျောင်းတွေနဲ့ လယ်ယာ သမဝါယမ အသင်းတွေကို သွားကြည့်ဖို့ စီစဉ်ပေးထားပါတယ်။ အဲဒီ အစီအစဉ်တွေဟာ ကျွန်တော်တို့ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေအနေ အရပ်ရပ်ကို သတင်း အသစ်တွေ အနေနဲ့ ပေးတာပါ။ ဒါကြောင့်မို့ ဒီနေ့ အစီအစဉ်မှာ မစ္စတာ ကယ်လ်နာ လိုက်မသွားတာဟာ စိတ်ထိခိုက်စရာ တစ်ခု ဖြစ်သွားခဲ့ပါတယ်”

“ကျွန်တော် တစ်ချိန်က သိခဲ့ဖူးတဲ့ ရှေးခေတ် ပီကင်းကို လမ်းညွှန်သူ မပါဘဲ သွားကြည့်ချင်လို့ပါ” ဟု ဂျေကော့က လက်ထဲမှ လက်ဖက်ရည် ပန်းကန်အား ပြန်ချထားလိုက်ပြီး ပြောသည်။

“ကျွန်တော် ကျောင်းသား တစ်ယောက်အဖြစ်နဲ့ ဒီမှာ နေခဲ့ရတုန်းက သတိရစရာတွေ လွမ်းမောစရာတွေ အများကြီး ရှိခဲ့ပါတယ်။ တစ်ချိန်က ကျွန်တော့် အတွက် အဓိပ္ပာယ် အများကြီး ရှိခဲ့တဲ့ နေရာတွေကို လွတ်လွတ်လပ်လပ် သွားနိုင်တဲ့ အခွင့်အရေး မရမှာ ကျွန်တော် သိပ်စိုးရိမ်မိတယ်”

ချူက ခေါင်းညိတ်သည်။ “အဲဒါကတော့ နားလည်မှု ရှိလို့ ရတဲ့ဟာပါ။ ဒါပေမဲ့ တကယ်လို့သာ မစ္စတာ ကယ်လ်နာက ကျွန်တော်တို့ကို ကြိုတင်ပြီး အသိပေးထားမယ်ဆိုရင် အားလုံး အဆင်ပြေသွားဖို့ ရှိပါတယ်”

"ကြိုတင် ပြင်ဆင်မှု မရှိဘဲ ရုတ်တရက် ပေါ်လာတဲ့ ဆန္ဒကြောင့် ဆုံးဖြတ်လိုက်မိတာပါ" ဟု ဂျေကော့က ရှင်းပြသည်။ "ကျွန်တော်က သုဂတိဘုံ နတ်ကွန်းကို သိပ်ပြီး ရောက်ချင်နေတယ်။ ဒီနတ်ကွန်းဟာ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကျော်လောက်ကတည်းက ကျွန်တော်နဲ့ ကျွန်တော့် ဇနီးတို့ မကြာခဏ အလည် သွားခဲ့ကြတဲ့ နေရာပေါ့"

စောစောက တည်နေသော ချူ၏ မျက်နှာထားသည် အတန်ငယ်မျှ ပျော့ပျောင်းသွားသည်။ သူသည် လက်ဖက်ရည်ကို နောက်ထပ် တစ်ငုံမျှ သောက်လိုက်သည်။ "ဒါဆိုရင် အဲဒီနတ်ကွန်းမှာ ခင်ဗျားရဲ့ ဟိုတုန်းက ထမင်းချက်နဲ့ ပြန်တွေ့ရတာလည်း ဝမ်းသာမယ်လို့ ကျွန်တော် ထင်တယ်"

"ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် အကြီးအကျယ် ကြည်နူးချမ်းမြေ့ခဲ့ရပါတယ်" ဟု ဂျေကော့က ပြန်ပြောသည်။ "ကျွန်တော့်သမီး အနေနဲ့လည်း တရုတ်ပြည်မှာ နေစဉ်က နို့စို့ကလေး ဖြစ်ခဲ့တဲ့ သူ့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ လူတစ်ယောက်နဲ့ တွေ့တော့ စိတ်လှုပ်ရှားရတာပေါ့။ ဒါပေမဲ့လို့ ကျွန်တော့် အနေနဲ့ ရဲဘော် လီအန်ကို တွေ့ဖို့ လုံးဝ မမျှော်လင့်ခဲ့ပါဘူး။ အဲဒီနေရာမှာပဲ ဖြစ်ဖြစ် တခြားနေရာမှာပဲဖြစ်ဖြစ် တွေ့ရလိမ့်မယ်လို့ကို မထင်ခဲ့ပါဘူး"

ဝန်ကြီးချုပ် ချူက ပြုံးသည်။ "ဒီလို ဆိုပြန်တော့လည်း အခု ဆက်စပ်ပတ်သက်နေတဲ့ အရာရာတိုင်းဟာ ကံကောင်း အကြောင်းသင့်လို့ တိုက်ဆိုင်မှုတွေ ဖြစ်လာနေတာလား မပြောတတ်ဘူး"

"တိုက်ဆိုင်မှုလို့လည်း ပြောရမှာ ခက်ပါတယ် ဝန်ကြီးချုပ် ခင်ဗျား" ဟု ဂျေကော့က ပြောသည်။ "တစ်စုံတစ်ဦးက ရဲဘော် လီအန်ကို ကူညီခဲ့တဲ့ အတွက် အဆင်ပြေတာ ဖြစ်မှာပါ"

"အဲဒါတော့ နားလည်မှု တစ်ခုပေါ် အခြေခံတယ်လို့ပဲ ဆိုရမှာပါ" ဟု ပြောကာ ချူက ပြုံးသည်။

ဂျေကော့သည် တရုတ် ဝန်ကြီးချုပ်အား မရဲမရာ မျက်နှာထားဖြင့် ကြည့်သည်။ နတ်ကွန်း၌ လီအန်နှင့် တွေ့ခဲ့ရသည်မှာ မှန်သော်လည်း လီအန်၏ နောက်မှ မျက်ခြည်မပြတ် စောင့်ကြည့်နေသူ ပါလာသည်မှာ ထင်ရှားနေသည်။ မည်သို့ပင်ဖြစ်စေ ဂျေကော့အနေဖြင့် မေ-လင်း အကြောင်းအား မသိ၍ မဖြစ်ဟု ခံယူထားသည်ဖြစ်၍ ချူအား သူ မမေး၍ မဖြစ်ဟု ယူဆသည်။

"ကျွန်တော် တစ်ခုတော့ မေးချင်ပါတယ်၊ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို စက်ရုံ အလုပ်ရုံနဲ့ တခြား နေရာတွေကို ပို့တဲ့အခါတွေမှာ ကျွန်တော်တို့ကို တာဝန်ယူပြီး ရှင်းပြနေကြတဲ့ အရာရှိတွေဟာ ပန်းမျိုးတစ်ရာတိုက်ပွဲ အကြောင်းနဲ့ အဲဒီ တိုက်ပွဲရဲ့ နောက်ပိုင်းမှာ ဖြစ်ထွန်းလာတာတွေကို လုံးဝ

ရှင်းမပြကြပါဘူးဟု ဂျေကော့က ပြောသည်။ ထိုစကားသည် သူ သိချင်နေသော မေ-လင်းအကြောင်း မေးနိုင်ရန် စကားလမ်းကြောင်းလိုက်ခြင်းဖြစ်၏။ "ဝန်ကြီးချုပ်အနေနဲ့ အခု ကျွန်တော် ပြောခဲ့တဲ့ ပန်းမျိုးတစ်ရာ လုပ်ငန်းအပေါ်မှာ အခုလောလောဆယ် အနောက်တိုင်းက လူတွေ သိပ် စိတ်ဝင်စားနေတဲ့ အကြောင်းအရာ ဖြစ်နေပါတယ်။ ကျွန်တော့် စိတ်ထဲမှာလည်း အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး မေးခွန်းတွေ အများကြီး ပေါ်နေလေတော့"

ဂျေကော့သည် စကားကို ဖြတ်၍ ရပ်ထားလိုက်သည်။ သူ့စကားနားထောင်လျက်ရှိသော ချူသည် သူ့ ကုလားထိုင်တွင် ထိုင်နေရာမှ တောင့်တောင့် မတ်မတ်ဖြစ်ကာ ငြိမ်ဆိတ်သွားသောကြောင့်ပေတည်း။ သူ့ မျက်နှာထားသည် စောစောကလို မဟုတ်၊ သတိကြီးစွာ ထားလာခြင်းကို ဖော်ပြလျက် ရှိလေသည်။

"တရုတ်နိုင်ငံကို စောင့်ကြည့် ဝေဖန်နေတဲ့ ဝေဖန်ရေးသမားတွေကတော့ အသိပညာရှင်တွေအတွက် တမင်သက်သက် ထောင်ချောက်ဆင်ပြီး အရေးယူ နေတယ်လို့ သံသယ ဖြစ်နေကြတယ်။ အသိပညာရှင်တွေ အားလုံးကို "လက်ယာသမားများ ဆန့်ကျင်ရေးစစ်ပွဲ"မှာ အပြစ်ဒဏ် အခတ်ခံနေကြရတယ်လို့ ယူဆနေကြတယ်။ ကျွန်တော်လည်း တခြား လူများစုတွေလိုပဲ အဲဒီ လုပ်ရပ်တွေ ပေါ်မှာ သံသယ ဝင်နေမိတယ်"

"အဲဒါဟာ လွဲမှားတဲ့ အယူအဆ တစ်ရပ်ပါ" ဟု ချူက ပြန်ပြောသည်။ သူသည် မေးခွန်းအပေါ်၌ နှစ်မြို့ခြင်း ရှိပုံမရ။ "ကျွန်တော်တို့က အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေကို ဖိတ်ခေါ်ဖို့ အားထုတ်နေကြပါတယ်။ အရေးကြီးတာက အမျိုးသား စည်းလုံးညီညွတ်ရေးကို ရဖို့ သိပ် လိုအပ်နေတယ် မဟုတ်လား၊ ဒီတော့...ကာ"

"ဒါပေမဲ့ တချို့ လူတွေကျတော့ မတရားသဖြင့် အနှိပ်စက်ခံရတဲ့ အဖြစ်နဲ့ ရင်ဆိုင်ရဖို့ အလားအလာတွေ ရှိနေတော့"

"ကျွန်တော်တို့အတွက် စိတ်ပျက်စရာကောင်းနေတာက တခြား မဟုတ်ဘူး၊ တန်ပြန် တော်လှန်ရေးတွေ ဖြစ်လာဖို့ အလားအလာတွေက အများကြီး ရှိနေတယ်" ဟု ချူက ဂျေကော့၏ စကားမဆုံးမီ ကြားဖြတ် ပြောသည်။ "အခြေအနေတွေက အခုထိ ရှုပ်ထွေးနေတုန်းပဲ၊ ဒီနေရာမှာ ဒီလို မေးခွန်းတွေကို စဉ်းစားနေဖို့ မသင့်သေးဘူး"

ချူ၏ လေသံမှာ ဂျေကော့၏ မေးခွန်းအား မနှစ်သက်ခြင်းကို ဖော်ပြနေသည်။ ထိုမေးခွန်းနှင့် ပတ်သက်၍ နောက်ထပ် ဆွေးနွေးလိုသော ဆန္ဒမရှိကြောင်းကိုလည်း သူ့လေသံနှင့် သူ့ အမူအရာများက သိသိသာသာ ဖော်ပြ

နေသည်။ သူသည် သူ့ကိုယ်ရေးအရာရှိ အမျိုးသမီးဘက်လှည့် ကိုယ်နှုတ် အရေး အရာ ပြုသည်။ အရာရှိသည် သူ့လက်သို့ စာရွက်တစ်ရွက် လှမ်းပေးသည်။ ချူသည် စာရွက်အား အတန်ကြာမျှ ကြည့်နေပြီးနောက် ဂျေကော့အား လှမ်းကြည့်သည်။

"ဒီနေ့ ဒီနေရာကို လာဖို့ ခင်ဗျားကို ဖိတ်တာဟာ အကြောင်းထူး တစ်ခု ရှိပါတယ် မစ္စတာ ကယ်လ်နာ။ ခင်ဗျားအတွက် လုပ်ထားတဲ့ အစီအစဉ်တွေ ထဲမှာ ပြောင်းလဲမှုတွေ ရှိနေတယ်။ ခင်ဗျားနဲ့ တခြား ရွေးထားတဲ့ ကိုယ်စားလှယ် တစ်ဦး နှစ်ဦးကို အနောက်မြောက်ပိုင်း ဒေသက မဟာတံတိုင်းကြီး ဘေးမှာ တည်ဆောက်နေတဲ့ ဟိုက်ဒရို အီလက်ထရစ် ရေအားလျှပ်စစ် စီမံကိန်းကို သွား ကြည့်ဖို့ စီစဉ်ပေးထားတယ်။

"အဲဒီ စီမံကိန်းဟာ စီမံကိန်းသစ်ကြီး တစ်ခုပဲ၊ မြောက်ပိုင်း ဒေသမှာ အကြီးဆုံး စီမံကိန်းကြီးပါ။ တစ်မျိုးသားလုံးအတွက် ရေကြီးတဲ့ ဘေးအန္တရာယ် ကိုလည်း ထိန်းချုပ်ပေးနိုင်မယ့် စီမံကိန်းကြီးပဲ။ ပြီးတော့ ခင်ဗျားကို သံမဏိ စက်ရုံ စီမံကိန်းသစ်ကြီး တစ်ခုဆီ သွားဖို့လည်း စီစဉ်ပေးထားတယ်"

ချူသည် စကားကို ဖြတ်ထားပြီး ဂျေကော့အား ပြုံး၍ ကြည့်နေသည်။ "ဟောင်ကောင်မှာ ရှိနေတဲ့ တချို့ သတင်းဌာနတွေဟာ တရုတ်ပြည်အကြောင်း သတင်းပို့တဲ့အခါမှာ မကောင်းတာတွေကိုပဲ ရေးပို့ကြတယ်။ ခင်ဗျား ထုတ်နေတဲ့ "***တရုတ်၏ ခေတ်သစ်***" မှာတော့ တရားမျှတမှု ရှိတယ်၊ ဘက်မလိုက်ဘူး။ အတိ အကျ ပြောရရင် အဲဒါကြောင့် ခင်ဗျားကို ဖိတ်ခဲ့တာပဲ။ ကျွန်တော်တို့ရဲ့ ပြဿနာ တွေကို၊ ခင်ဗျားက နားလည်ရုံမကဘူး၊ ကိုယ်ချင်းစာတဲ့ သဘောထား ရှိနေတဲ့ အတွက် ခင်ဗျားကို လုပ်ငန်း အသစ် အသစ်တွေကို ကြည့်ဖို့ ရွေးပြီး ဖိတ်ခဲ့ တာပဲ"

"ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ် ခင်ဗျာ" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော် သာသနာပြု အလုပ်ကို စွန့်ပစ်လိုက်တာ ကြာခဲ့ပြီ ဖြစ်ပေမယ့် တရုတ်နိုင်ငံပေါ်မှာ ကျွန်တော်ရဲ့ စိတ်ဝင်စားမှုနဲ့ တရုတ်ပြည်သူတွေပေါ်မှာထား တဲ့ ကရုဏာနဲ့ ကိုယ်ချင်းစာတရားတွေကတော့ လုံးဝ လျော့မသွားသေးပါဘူး။ ဝန်ကြီးချုပ် ပြောခဲ့တဲ့ နေရာတွေကို ကျွန်တော် ဝမ်းသာစွာနဲ့ သွားကြည့်မှာပါ"

ချူသည် လက်ထဲမှစာရွက်အား ဘေးသို့ ချထားလိုက်သည်။ "ကျွန်တော် တို့ နောက်ဆုံး တွေ့ကြတဲ့အချိန်က ခင်ဗျားဟာ ခရီးရှည် ချီတက်ပွဲကြီး အပြီး သတ်နဲ့ ကြုံခဲ့ရတဲ့ အချိန်ပဲ။ ဒါပေမဲ့ အဲဒီ ခရီးရှည်ကြီးရဲ့ အတွေ့အကြုံကို လုံးဝ မရေးခဲ့ဘူးနော်၊ ကျွန်တော် ပြောတာ မှန်ရဲ့လား"

"မှန်ပါတယ် ခင်ဗျာ"

"ဘာကြောင့် မရေးတာလဲလို့ မေးရစ်"

ဂျေကော့က ချက်ချင်း အဖြေမပေးနိုင်၊ အတန်ကြာမျှ စဉ်းစားနေသည်။ နောက်ဆုံးတွင် အမှန်အတိုင်း ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။ "ကျွန်တော့်ကို ရေးဖို့ မေတ္တာရပ်ခံတဲ့ လူတွေ အများကြီးပဲ၊ အသေးစိတ် ရေးဖို့ တိုက်တွန်းကြတာပါ ဝန်ကြီးချုပ်၊ ဒါပေမဲ့ ကျွန်တော် အမြဲတမ်း မရေးဖြစ်ခဲ့ဘူး"

"ဘာကြောင့် မရေးဖြစ်တာပါလဲ မစ္စတာ ကယ်လ်နာ"

ဂျေကော့က အမျိုးသမီး ကိုယ်ရေးအရာရှိအား လှမ်းကြည့်သည်။ "ကျွန်တော်တို့ နှစ်ဦးကြားမှာ ရှိရမယ့် ယုံကြည်မှုနဲ့ လျှို့ဝှက်မှုကို အစောကြီးကတည်းက ဝန်ကြီးချုပ် တောင်းခံ ထားခဲ့ပါတယ်၊ အခု ကျွန်တော့်ဘက်က တောင်းခံရမယ်ဆိုရင်..."

ချူက ခေါင်းညိတ်ကာ သူ့ ကိုယ်ရေးအရာရှိဘက် လှည့်၍ အခန်းထဲမှ ထွက်သွားရန် လက်ပြသည်။ အမျိုးသမီး ထွက်သွားသည့်အခါ ချူသည် ဂျေကော့ဘက် ပြန်လှည့်ပြီး ဂျေကော့ထံမှ စကားအပြောကို စောင့်နေသည်။

"ကျွန်တော် လုံးဝ မရေးဘဲနေတာက ကျွန်တော့်ကို ကူညီခဲ့တဲ့ လူတစ်ဦးရဲ့ ဂုဏ်သိက္ခာကို လေးစား စောင့်စည်းရမယ့် ဝတ္တရား ရှိနေလို့ပါ"

ဝန်ကြီးချုပ် ချူက သူ့ကိုယ်အား ရှေ့သို့ ကိုင်းလိုက်သည်။ "ပိုပြီး ရှင်းသွားအောင် ဆက်ပြောပါဦး"

"ကျွန်တော့် သမီး နို့စို့ကလေးဟာ ခရီးရှည် ချီတက်ပွဲ အတွင်းမှာ သေပြီလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ အမှန်စင်စစ်က ကျွန်တော့် သမီးလေးကို ဝန်ကြီးချုပ်တို့ လူမျိုးထဲက တစ်ဦးသော လူက တိတ်တိတ်ကလေး ကျိတ်ပြီး စောင့်ရှောက်ပြုစုထားလို့ အသက် မသေဘူး။ အဲဒီ သမီးလေးဟာ ဝန်ကြီးချုပ် သိချင်သိမှာပါ။ အခု ဒီကို ကျွန်တော်နဲ့ ပါလာခဲ့ပါတယ်။ ကျွန်တော်က ဒီအဖြစ်တွေကို အစအဆုံး အသေးစိတ် မပြောခဲ့ပါဘူး၊ ပြောလိုက်ရင် သမီး အသက်ကို ကယ်တင်ခဲ့ရတဲ့ ရဲရင့်တဲ့ အမျိုးသမီးအတွက် ဒုက္ခတွေ ဖြစ်သွားမှာ စိုးလို့ပါ"

"အဲဒီ လူက ဘယ်သူလဲ"

"အဲဒီ အမျိုးသမီးက ဝန်ကြီးချုပ်ရဲ့ အနီးကပ်ဆုံး ကိုယ်ရေးအရာရှိ တစ်ဦးပါ"

ချူ၏ မျက်နှာတွင် အံ့အားသင့်သွားသည့် အရိပ်လက္ခဏာ ဖြတ်သွားသည်။ "ဘယ်သူလဲ"

"လု မေ-လင်း ပါ၊ မာရှယ် လု ချီယာအိုရဲ့ နှမလေ"

ဝန်ကြီးချုပ်၏ မျက်လုံးအစုံသည် ပြူးသွားသည်။ ထို့နောက် ချက်ချင်းပင် သူ့ မျက်နှာအား ပြန်၍ တည်ငြိမ်သွားအောင် ထိန်းချုပ်လိုက်သည်။

"ကျွန်တော် အဖြေပေးတဲ့အခါမှ ပွင့်လင်းတာ အကောင်းဆုံး ဖြစ်မယ်လို့ ထင်ခဲ့ပါတယ်" ဟု ဂျေကော့က ပြန်ပြောသည်။ သူသည် ချူဘက်သို့ ကိုယ်ကို ကိုင်းလိုက်သည်။ "ကျွန်တော် ပြောပြခဲ့သမျှ အချက်တွေထဲက ရဲဘော် လု မေ-လင်း ကို ထိခိုက်နစ်နာစေမယ့် အချက် တစ်ချက်မှ မရှိနိုင်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်"

"ခင်ဗျားရဲ့ ပွင့်လင်းမှုကို ကျွန်တော် အသိအမှတ် ပြုပါတယ်၊ ခင်ဗျားရဲ့ ယုံကြည်မှုကိုလည်း ကျွန်တော် လေးစားပါတယ်" ပြောပြောဆိုဆို ချူသည် ထိုင်ရာမှ ထကာ သူ့ လက်တစ်ဖက်အား ဂျေကော့ဘက် ဆန့်တန်းပေးသည်။ "ကျွန်တော်တို့ နောက်ထပ် စီစဉ်ပေးခဲ့တဲ့ လေ့လာရေး ခရီးစဉ်ဟာ ခင်ဗျား အတွက် တန်ဖိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ် မစ္စတာ ကယ်လ်နာ။ တကယ်လို့ ခင်ဗျားမှာ မေတ္တာရပ်ခံစရာ အကြောင်းကိစ္စ ရှိလာရင် ပြောပါ၊ ကျွန်တော်တို့ အကောင်းဆုံး ဖြစ်အောင် လုပ်ပေးပါမယ်"

ဂျေကော့သည် ထိုင်ရာမှထ၍ ဝန်ကြီးချုပ်၏ လက်ကို ဆွဲနှုတ်ဆက်သည်။ ပြီးတော့ သူ့ စိတ်ထဲ၌ ဖျတ်ခနဲ ပေါ်လာသည့် ဆန္ဒအား ရင်ဖွင့်သည်။ "ကျွန်တော် အသေးအဖွဲလေး တစ်ခုလောက်တော့ မေတ္တာရပ်ခံချင်ပါတယ်၊ ဝန်ကြီးချုပ် ခင်ဗျား"

"ဟုတ်ပြီ၊ ဘာများပါလိမ့်"

ဂျေကော့က အသက် တစ်ချက် ရှူသွင်းလိုက်သည်။ "ကျွန်တော် ရဲဘော် လု မေ-လင်းကို သိပ်တွေ့ချင်ပါတယ်။ ကျွန်တော် နားလည်ထားတာက မေ-လင်းဟာ အလုပ်ကြမ်း စခန်းမှာ အပြစ်ဒဏ် ခံနေရတယ်တဲ့၊ ဒါပေမဲ့ သူရှိတဲ့ နေရာအထိ သွားတွေ့ရမယ် ဆိုရင်လည်း သွားတွေ့ပါမယ်"

"ဒီကိစ္စက ဖြစ်နိုင်မယ့် အလားအလာတော့ သိပ်မရှိဘူး မစ္စတာ ကယ်လ်နာ" ဟု ပြောသည်။ "ဒါပေမဲ့ ခင်ဗျားရဲ့ မေတ္တာရပ်ခံချက်ကို ကျွန်တော် တို့ စဉ်းစားပြီး၊ အကြောင်းပြန်ပါ့မယ်၊ ဂွတ်ဘိုင် မစ္စတာ ကယ်လ်နာ"

ဝန်ကြီးချုပ် ချူသည် အခန်းထဲမှ ထွက်သွားသည်။ ထို ခဏမှာပင် ဂျေကော့အား ခေါ်လာခဲ့သည့် ကေဒါ ဝင်လာပြီး ဂျေကော့အား ပြန်ခေါ်သွား သည်။ နောက်တစ်မိနစ်ခန့် အကြာတွင် ဂျေကော့သည် ကေဒါနှင့်အတူ ဇစ်လ် ကားကြီးဆီသို့ ရောက်လာသည်။

မြောက်ဘက်ဆီ လှမ်းမျှော် ကြည့်လိုက်သည့်အခါ ပထမဆုံးအကြိမ် အကြီးအကျယ် ပြောင်းလဲမှုများအားမြင်ရသည်။ စတာလင် ခေတ်၏ အဆောက် အအုံ အသွင်သဏ္ဌာန်များသည် ပီကင်းမြို့တော်၏ အလယ်၌ လွှမ်းမိုးလျက် ရှိ၏။ ပီကင်းမြို့တော်၏ အတိတ်ကာလက တည်ရှိခဲ့သော အရိပ်လက္ခဏာ

အသွင်အပြင်များနှင့် ဂုဏ်ကျက်သရေများသည် ဆုတ်ယုတ်ပျက်ပြားကာ ကွယ်ပျောက်လျက် ရှိနေကြလေပြီ။

ခေတ်သစ် ကွန်မြူနစ်ဝါဒအား ရည်စူးထားသည့် ကျောက်တိုင်ကြီးသည် မင်း ဘုရင်ခေတ် ဂိတ်တံခါးကြီးအား အနဲတုကာ စိန်ခေါ်လျက် ရှိ၏။ ရုရှားလုပ်ဇစ်လ် မော်တော်ကားကြီး ရွေ့လျားသွားသည့်အခါ အတိတ်နှင့် ပစ္စုပ္ပန်တို့၏ ကွာဟနေသော အချင်းအရာများနှင့် ပဋိပက္ခများကို ဂျေကော့ မြင်တွေ့နေရလေသည်။

* * *

၈

မီးရထားပေါ်မှနေ၍ ကြည့်လိုက်သည့်အခါ မိုးထိုးနေသည့် ကျောက်မီးသွေးပုံကြီးများအား ဂျေကော့ မြင်တွေ့နေရသည်။ ကျောက်မီးသွေးတွင်း၏ ပစ္စည်းတင်ရာ ဝင်းဆီသို့ မရောက်မချင်း တွေ့လာနေရသည့် ကျောက်မီးသွေးပုံကြီးများကား နည်းနည်းပါးပါး မဟုတ်။ ကျောက်မီးသွေးတွင်းမှာ ပီကင်း၏ အရှေ့ဘက် မိုင် ကိုးဆယ်အကွာ၌ တည်ရှိနေခြင်းဖြစ်၍ မီးရထားနှင့် လာခဲ့ရခြင်းဖြစ်လေသည်။

ကျောက်မီးသွေးတွင်း တည်ရာ၏ ပတ်ဝန်းကျင်ကား မြေပြန့် ကျေးလက်ဒေသ ဖြစ်၏။ ပြန့်ပြူးသော မြေပြင်တွင် ကျောက်မီးသွေး တွင်းကြီးသည် မည်းနက်သော တောင်ကြီးတစ်တောင်နှင့် တူနေသည်။ ထို ပတ်ဝန်းကျင်တွင်ကား ခြင်းတောင်းကြီးများအား ဝါးထမ်းပိုးများဖြင့် ထမ်း၍ သုတ်သီးသုတ်ပျာ သွားလာလှုပ်ရှားနေကြသော သေးသေးမှုန်မှုန် ရုပ်ပုံလွှာကလေးများအား လှမ်းမြင်နေရလေသည်။

ဂျေကော့၏ မျက်စိများထဲတွင် အဝေးမှ လှမ်းမြင်နေရခြင်းဖြစ်၍ ပုရွက်ဆိတ် အလုပ်သမားတပ် တစ်တပ် အလုပ် လုပ်နေသည်နှင့် တူလှချေသည်ဟု ထင်မိ၏။ သူ စီးလာသော မီးရထားသည် ကျောက်မီးသွေးတွင်း ဘက်သို့ နီးကပ်လာသည့် အထမ်းသမား အလုပ်သမားများအတွက် ဘေး တစ်ဖက်တစ်ချက်တွင် ပျဉ်ပြားများ ခံ၍ ဖောက်လုပ်ထားသော ကျောက်မီးသွေး၏ အဝင်အထွက်လမ်းကို မြင်တွေ့ရသည်။

ကျောက်မီးသွေးခြင်းများအား ထမ်း၍ ထွက်လာနေသော အလုပ်သမားများသည် ဝင်းအတွင်း၌ တစ်စီးပြီးတစ်စီး ဆိုက်လာနေသော ထရပ်ကားများပေါ်သို့ ကျောက်မီးသွေးများ သွန် သွန် ချပေးနေကြသည်။ အလုပ်သမားအားလုံးသည် အစုတ်စုတ် အပြတ်ပြတ် ဖြစ်နေသော ချည်ထည် ကျူးနစ် အင်္ကျီများနှင့်

ဘောင်းဘီရှည်များ ဝတ်ထားကြသည်။ ထိုဝတ်စုံများသည် တစ်ချိန်က အပြာရောင်များ ဖြစ်သော်လည်း ယခုအခါတွင် ကျောက်မီးသွေး အမှုန့်များ ကပ်နေပြီဖြစ်၍ မည်းနက် နေကြလေသည်။

အလုပ်သမားများမှာ အဆက်မပြတ် ဝင်လိုက် ထွက်လိုက် လုပ်နေကြခြင်းဖြစ်၍ ဆောင်းဦးရာသီ၏ လေမှာလည်း အဆက်မပြတ်ပင် တိုက်ခတ်လျက်ရှိသည်ဖြစ်ရာ သူတို့၏ မျက်နှာများနှင့် လက်များမှာလည်း မည်းနက် နေကြသည်။ စီးထားသည့် ရှူးဖိနပ်များမှာလည်း မြင်မကောင်းအောင်ပင် ပေါက်ပြနေကြပြီ ဖြစ်၍ တချို့ အလုပ်သမားများ၏ ခြေထောက်များမှာ ရှူးဖိနပ်များ၏ အပြင်သို့ ထိုးထွက်ကာ မည်းနက်နေကြပြီ ဖြစ်၏။

ဂျေကော့သည် သူ့ ရထားတွဲ၏ ပြတင်းမှနေ၍ အပြင်၌ ရှိနေသမျှ ရှုခင်းများအား ကြည့်လာလျက်ရှိသည်။ ယင်းကဲ့သို့ ကြည့်နေရင်းမှပင် သူ့ဂျက်ကက်အင်္ကျီ အိတ်ကပ်တွင်းမှစာကို လက်နှင့် နှိုက်၍ စမ်းနေမိ၏။ ထိုစာမှာ မနေ့မနက်က ဌာနဆိုင်ရာ စာပို့တစ်ဦး ဟိုတယ်ရှိ သူ့အခန်းသို့ လာပို့သွားခြင်းဖြစ်သည်။

သူသည် ချူ-အင်လိုင်းနှင့် တွေ့ပြီးနောက် လေးရက် ကုန်လွန်သွားသည်အထိ သူ မေတ္တာရပ်ခံထားခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ဘာသံမှ မကြားရ။ မနေ့က မနက်က စာ ရောက်လာ၍ စာအိတ်ကို ဖောက်လိုက်သည့်အခါတွင်မူ အံ့အားသင့်နေရ၏။ စာမှာ သူ့အား "ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုအတွက်" နောက်တစ်နေ့တွင် တန်ရှန် ကျောက်မီးသွေးတွင်း အမှတ်(၃) တူးကွက်၌ မေ-လင်းနှင့် တွေ့ခွင့်ပေးလိုက်သည်ဟု ရေးထားသော စာ ဖြစ်သည်။

စာထဲတွင် ဂျေကော့အား နေ့ခင်းရထားဖြင့် ပီကင်းမှ ထွက်၍ အမှတ်(၃) ကျောက်မီးသွေး တူးကွက်နှင့် အနီးဆုံး ဘူတာရုံလေး၌ ပြုပြင်ရေး အလုပ်သမား ကြီးကြပ်ရေးမှူးမှ တစ်ဆင့် ဆက်သွယ် တွေ့ဆုံရမည်ဟု ညွှန်ကြားထားသည်။ သို့တစေလည်း ဂျေကော့ မီးရထားပေါ်မှ ဆင်းလာသည့်အခါ ဘူတာရုံထဲတွင် လူသူမရှိ။ သူသည် ဆယ့်ငါးမိနစ်ခန့်မျှ စောင့်နေပြီးနောက် ဘူတာထဲမှ ထွက်ကာ ခြေကျင် လျှောက်လာခဲ့လေ၏။

အမှတ်(၃) တူးကွက်အား ပတ်ပတ်လည်မှ သံဆူးကြိုးများ ကာထားသည်။ သူ တူးကွက်နားသို့ ရောက်သွားသည့်အခါ ကျောက်မီးသွေး သယ်သူများမှာ သေးသေးသွယ်သွယ်နှင့် အလွန် နုနယ်သော ရုပ်လွှာများ ဖြစ်နေသည်ကို မြင်ရ၏။ အချို့မှာ သယ်နေရသည့် ပစ္စည်းများ၏ အလေးဒဏ်ကြောင့် ခါးတွေကုန်းနေသည်။ သူတို့သည် မကြာခဏ ဒယီးဒယိုင်ဖြစ်ကာ လဲသည့်အခါ လဲကျ

သွားကြသည်။ အနီး တပ်မိသည့်အခါတွင် အလုပ်သမား အများစုမှာ မိန်းမများ ဖြစ်နေသဖြင့် ဂျေကော့မှာ များစွာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရလေ၏။

အလုပ်သမားအားလုံးသည် ကက် ဦးထုပ်များကို မျက်နှာများ ဖုံးနေအောင် ဆွဲချပြီး ဆောင်းထားကြသဖြင့် မည်သူ့ မျက်နှာကိုမှ ကောင်းစွာ မမြင်ရချေ။ ဆိုက်လာသော ထရပ်ကားများသည် နှစ်မိနစ် သုံးမိနစ်လျှင် တစ်စီး ထွက်သည်။ ကျောက်မီးသွေး အပြည့် တင်ပြီး၍ ဝင်းထဲမှ ထရပ်ကား တစ်စီး ထွက်သွားသည့် အခါတိုင်း အပြင်ဘက်၌ တန်းစီ၍ ရပ်နေကြသော ထရပ်ကားများထဲမှ နောက်တစ်စီးသည် ဝင်းထဲသို့ ဝင်လာသည်။ ထိုအခါ အသစ် ဝင်လာသော ထရပ်ကား ပေါ်သို့ အလုပ်သမားများက ကျောက်မီးသွေးများ သယ်၍ တင်ပေးကြရသည်။ ကျောက်မီးသွေးမှာ အနီးရှိ တွင်းများမှ တူးထားပြီးသမျှများကို သယ်ရခြင်းဖြစ်၍ ကုန်သွားသည်၊ လျော့သွားသည်ဟု မရှိပေ။

တစ်ခါတစ်ရံတွင် ဘေးတစ်ဖက်တစ်ချက်ဆီမှ ကျောက်မီးသွေးတုံး ခပ်ကြီးကြီးများသည် တဖွားဖွား ပြိုကျလာတတ်သည်။ ထိုအခါ ဝန်ထုပ်ဝန်ပိုးများ သယ်လာသည့် အလုပ်သမားများသည် ကစဉ့်ကလျား ဖြစ်ကုန်တတ်သည်။ ထို အဖြစ်မျိုးနှင့် ကြုံကြိုက်လာသည့်အခါ ဘေးမှ ရပ်နေကြသော အလုပ်ကြပ်များသည် ဒေါသတကြီးနှင့် အော်ဟစ် ငေါက်ငမ်းကာ သူတို့ ကိုင်ထားသည့် တုတ်ရှည်များဖြင့် ထိုးဟယ်ဆွဲဟယ် လုပ်တတ်ကြသည်။ အကယ်၍ အလုပ်သမား တစ်ဦးတလေ လဲကျသည်ဆိုပါက အလုပ်ကြပ်က ဆွဲထူပြီး တန်းစီသွားနေသည့် လူများကြားသို့ ပြန်၍ တွန်းသွင်းတတ်သည်။ ကုန်တင်နေသည့် စံချိန်အား အကျမခံသည့်သဘော ဖြစ်လေသည်။

ကျောက်မီးသွေးပုံကြီး၏ တစ်ဖက် တူးကွက်နှင့် အလှမ်းဝေးဝေး နေရာ၌ တန်းစီနေသော တဲများရှိသည်။ အလုပ်သမား တန်းလျားနှင့်တူသည်။ ထရပ်ကားကြီးများ ဝင်လိုက် ထွက်လိုက် လုပ်နေသော ဂိတ်တံခါးကြီးများ၏ အတွင်းဘက်တွင် အုပ်ချုပ်ရေး ရုံးခန်းနှင့် တူသော အဆောက်အအုံ တစ်လုံး ရှိ၏။ ဂျေကော့သည် ထိုအဆောက်အအုံ အပေါက်ဝသို့ ရောက်သည့်အခါ ဖြည်သူ့ လွှတ်မြောက်ရေးတပ်မှ အစောင့်စစ်သား နှစ်ဦးထဲမှ တစ်ဦး လက်သို့ သူ့ စာကို လှမ်းပေးသည်။

သူ့အား ဆီး၍တားထားသော စစ်သားသည် ဂျေကော့အား သံသယ အလွန်ကြီးသော မျက်လုံးဖြင့် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး အုပ်ချုပ်ရေး ရုံး၏ တစ်ဖက်ရှိ စုတ်ချာချာ အခန်းတစ်ခန်း ဆီသို့ ခေါ် သွားသည်။ အခန်းထဲမှ ထိုင်နေသူကား အသက် လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ် ကေဒါ တစ်ယောက်ဖြစ်၍ စားပွဲတစ်လုံး နောက်၌ ထိုင်နေသည်။

ကေဒါသည် ဂျေကော့ စာအား ဖြည်းဖြည်းချင်း ဖတ်နေရင်းမှ အရောင်တလက်လက် ထခအောင် တိုက်ထားသည့် သားရေရှူးဖိနပ်၊ အပြာရောင် ဝတ်စုံနှင့် ကုတ်အင်္ကျီများကို ကြည့်နေသည်။ ထို့နောက် ထိုင်ရာမှ ဖျတ်ခနဲ ထကာ အခန်းထဲမှ ထွက်သွားသည်။ ဂျေကော့မှာ ကြောင်တီးကြောင်ပေါ့ဖြစ်ကာ ရုံးခန်းထဲ၌ မတ်တတ်ရပ်လျက် ကျန်ရစ်ခဲ့လေ၏။

နောက်ထပ် နာရီဝက်ခန့်အတွင်း ဂျေကော့သည် မတ်တတ်ရပ်လျက်ပင် ရှိသည်။ ရုံးခန်းထဲမှထွက်သွားသော ကေဒါမှာ အခန်းချင်းဆက်နေသော အခြားရုံးခန်းထဲမှနေ၍ ပီကင်းသို့ တယ်လီဖုန်း ဆက်နေသံ ကြားနေရ၏။ ကေဒါသည် ဂျေကော့၏ စာအား ထပ်တလဲလဲ ဖတ်ပြကာ တစ်ဖက်မှ လူနှင့် ရန်ဖြစ်ခိုတော့မလိုပင် ဖြစ်လျက်ရှိသည်။ သူ ပြောနေပုံအရ ကျောက်မီးသွေးတွင်း၏ အထက်တန်း အလုပ်သမား ကြီးကြပ်ရေးမှူးမှာ ဖျားနေသဖြင့် အတွေ့အကြုံ မရင့်ကျက်သေးသော လက်ထောက် အလုပ်သမား ကြီးကြပ်ရေးမှူးဖြစ်သူ သူက တာဝန်ယူ၍ ဖြေရှင်းပေးနေရခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံးတွင် ကေဒါသည် ရုံးခန်းထဲသို့ ပြန်ရောက်လာသည်။ သူ့နောက်မှ ပါလာသော စစ်သား နှစ်ယောက်သည် ဖျက်စပြုနေပြီဖြစ်သော ခနော်နီ ခနော်နဲ့ သတ္တု ကုလားထိုင် နှစ်လုံးအား တစ်ယောက်တစ်လုံးစီ သယ်ယူ လာကြသည်။ သူတို့က ဂျေကော့အား လက်ဟန်ခြေဟန် ပြကာ အပြင်ဘက် စင်္ကြံလမ်းဆီသို့ ခေါ်သွားပြီး အခန်းလေး တစ်ခန်းတွင်းသို့ ပို့ပေးသည်။ ထို အခန်းထဲရှိ ဒေါက်အရှင်များ တပ်ထားသည့် သစ်သား စားပွဲ တစ်လုံး၏ ထိပ်နှစ်ဖက်တွင် ကုလားထိုင် တစ်လုံးစီ ချထားပေးပြီး ဂျေကော့အား တစ်လုံးတွင် အထိုင်ခိုင်းပြီးသော် နှစ်ဦးစလုံး အခန်းထဲမှ ထွက်သွားသည်။ အခန်း တံခါးကိုလည်း ပိတ်ပေးသွားလေသည်။

ဂျေကော့သည် တိတ်ဆိတ် ခြောက်သွေ့နေသော အခန်းထဲ၌ နောက်ထပ် ဆယ်မိနစ်ကျော်ခန့် အချိန် ကုန်ရပြန်၏။ သူ့ ခြေထောက် အောက်မှ ကြမ်းခင်းသည် သစ်သားပြားများဖြစ်၍ နံရံပေါ်၌ သုတ်ထားသည့် ဆေးများမှာ အရောင်များ လွင့်နေပြီဖြစ်သည်။ ဂျေကော့သည် ကျောက်မီးသွေးများ သယ်၍ ထရပ်ကားဆီသို့ ပို့ပေးနေသော အလုပ်သမားများ၏ မရပ်မနား လှုပ်ရှားနေရသည့် အဖြစ်ကို အခန်းပြတင်းမှ နေ၍ မြင်တွေ့ နေရသည့်အခါ စိတ်ထဲ၌ တစ်မျိုး ခံစားနေရပြန်၏။ မေ-လင်းနှင့် တွေ့လိုပါသည် ဟူသော မိမိ၏ မေတ္တာရပ်ခံချက်သည် မှန်မှမှန်ပါလေစ၊ ထိုအခိုက်မှာပင် အပြင်ဘက် စင်္ကြံလမ်းဆီမှ လျှောက်လာနေသော ခြေသံများ ကြားလာရပြီး သူ့အခန်းရှေ့၌ ရပ်သွားသည်။

"ဒီ ကိစ္စက ပီကင်းမှာ ရှိနေကြတဲ့ အဆင့်အမြင့်ဆုံး အရာရှိကြီးတွေရဲ့ အမိန့်အရ တွေ့ခွင့်ပေးတာ" ဟူသော လက်ထောက် အလုပ်သမား ကြီးကြပ်ရေး မှူး၏ အသံများ ကြားနေရသည်။ "ခင်ဗျားကို နိုင်ငံခြားသား ဧည့်သည်နဲ့ ဆယ့် ငါးမိနစ် တွေ့ခွင့် ပေးမယ်၊ အဲဒါပဲ"

အခန်းတံခါး ပွင့်သွားသည့်အခါ ဂျေကော့၏ ရင်သည် တဒိတ်ဒိတ် ခုန်လာသည်။ ပထမဆုံး သူ မြင်လိုက်ရသည်မှာ လက်ထောက် အလုပ်သမား ကြီးကြပ်ရေးမှူးဖြစ်၍ သူ မြင်လိုက်ရသည့် ဒုတိယ လူမှာ ကြီးကြပ်ရေးမှူးအောက်မှ လိုက်ပါလာသည့် သွယ်သွယ်လျလျ ကိုယ်လုံးပိုင်ရှင် ဖြစ်၏။ ထိုသူသည် အခန်း ထဲသို့ မဝံ့မရဲဖြင့် ဝင်လာခြင်း ဖြစ်၏။ သူ့ အဝတ်အစားများမှာ အပြင်ဘက်ရှိ အခြား အလုပ်သမားများကဲ့သို့ပင် မည်းနက်ကာ စုတ်ပြတ် နေကြသည်။ ဂျေ ကော့အား မြင်လိုက်၍ မှတ်မိသွားသည့်အခါ ထိတ်လန့် တုန်လှုပ်သွားသည်။ ဂျေကော့ကလည်း မြင်လျှင်မြင်ချင်း မှတ်မိသည်။ ထို အမျိုးသမီးကား မေ-လင်း ပေတည်း။

ဂျေကော့သည် ကြောင်တီးကြောင်အမ်းဖြစ်ကာ ထိုင်ရာမှ ထရပ်လိုက် သည်။ အဟောင်းနှင့်အသစ် ခံစားမှုများသည် သူ့ရင်ထဲတွင် ပြန်လည် ထကြွကာ လှုပ်ရှားလာကြသည်။ မေ-လင်း ကိုယ်တိုင်မှာလည်း စားပွဲ၏ တစ်ဖက်ထိပ်၌ ရပ်ကာ ကျောက်ရုပ်သဖွယ် ဖြစ်နေသည်။ စကြီလမ်းပေါ်၌ ရောက်နေပြီဖြစ် သော လက်ထောက် အလုပ်သမား ကြီးကြပ်ရေးမှူးသည် အပြင်မှ ရပ်ကာ သူတို့ အား ကြည့်နေသည်။ ထို့နောက် တံခါးကို ဆောင့်ပိတ်ကာ ထွက်သွားလေ၏။

ဘာ စကားကို ဘယ်လို ပြောရမှန်း မသိသော ဂျေကော့သည် ကုလား ထိုင်ပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ မေ-လင်း ကိုယ်တိုင်မှာလည်း အားအင် ချည့်နဲ့စွာဖြင့် ထိုင်ချလိုက်သည်။ သူမသည် ခေါင်းမှ ကက်ဦးထုပ်ကို ချွတ်၍ စားပွဲပေါ် ချထားလိုက်သည်။ သူမ၏ ခေါင်းမှ တိုတိုကလေးညှပ်ထား သော ဆံပင်သည် ပေါ်လာသည်။ သူမ၏ လက်များမှာ လတ်တလော ရေဆေး လာဟန် ရှိသော်လည်း ကပ်ငြိနေသည့် ကျောက်မီးသွေး အမှုန့်များကား လုံးဝ မပြောင်သေးချေ။

"မေ-လင်း၊ တို့ အလည်လာတာဟာ မင့်အတွက် စိတ်ရှုပ်ရတယ်ဆိုရင် ခွင့်လွှတ်ပါ" ဟု ဂျေကော့က တရုတ် ဘာသာစကားဖြင့် ပြောသည်။ "မင့် အခြေအနေက အခုလိုကြီး ဖြစ်နေလိမ့်မယ်လို့ တို့ မထင်ခဲ့မိတဲ့ အတွက်"

ဂျေကော့သည် စကားကို ဆက်မပြောနိုင်တော့ဘဲ ရပ်သွားသည်။ မေ- လင်းကလည်း စကား ပြန်မပြော၊ မော့၍ပင် မကြည့်။ သူမ ရှေ့ စားပွဲပေါ်၌ ချထားသည့် ကက်ဦးထုပ်ကိုသာ စိုက်ကြည့်နေသည်။ ဂျေကော့ အဖို့ကတော့

သူ့ အားနည်းချက်ကို ပြန်စဉ်းစားမိကာ များစွာ စိတ်ထိခိုက်လျက်ရှိ၏။ သူသည် မေ-လင်း၏ ဤအဖြစ်မျိုးကို ကြိုတင် မစဉ်းစားဘဲ လုပ်ခဲ့မိခြင်းအတွက် နှစ်သိမ့်စရာ စကားများအား ရှာမတွေ့နိုင်ဘဲ ဖြစ်လျက်ရှိလေ၏။

"၁၉၃၅-ခုနှစ်ကတည်းက မရောက်ခဲ့တော့တဲ့ တရုတ်နိုင်ငံကို ကိုယ် ပထမဦးဆုံး ပြန်လာခဲ့တာပါ" ဟု ဂျေကော့က မေ-လင်း အား တောင်းပန်သံဖြင့် ပြောသည်။ "ဝန်ကြီးချုပ် ချူက မမျှော်လင့်ဘဲ ခေါ်တွေ့ခဲ့တယ်။ အဲဒီတုန်းက ရှေ့နောက် မဆင်ခြင် မစဉ်းစားဘဲ ရုတ်တရက် ပေါ်လာတဲ့ ဆန္ဒအရ မင့်ဆီကို အလည် လာခွင့်ပေးဖို့ တောင်းလိုက်မိတယ်။ အဲဒီ အခွင့်အရေးကို ရဖို့ဆိုတာ အတော် ခက်ခဲလိမ့်မယ်လို့ တွက်ထားတာ အခုတော့"

မေ-လင်းက ခေါင်းထောင်လာပြီး ဂျေကော့အား ကြည့်နေသည်။ သူမ၏ မျက်နှာတွင် အံ့အားသင့်ခြင်းနှင့် နားလည်ရ ခက်နေသည့် အရိပ် လက္ခဏာများ ထင်ဟပ်နေသည်။ သူမ၏ အဝတ်အစားများမှာ စုတ်ပြတ်နေပြီး သူမ၏ တစ်ကိုယ်လုံးတွင် မီးသွေးမှုန်များ ပေရေညစ်ပတ်လျက် ရှိနေသော်လည်း သူမ၏ အလှကတော့ ပျက်ပြယ် မသွားဘဲ အထင်းသား ပေါ်လျက်ပင် ရှိနေ၏။ သူ ပထမဆုံး **တိုမီကို မာရူ** သင်္ဘောပေါ်၌ စတွေ့စဉ်တုန်းကလိုပင် မေ-လင်းသည် ချစ်စရာ ကောင်းအောင် လှပနေဆဲပင် ဖြစ်၏။

"မေ-လင်း ဘယ်ရောက် နေတယ်ဆိုတာ ရှင် ဘယ်လို သိလာသလဲ ဂျေကော့" ဟု မေ-လင်းက မေးသည်။

"ကိုယ် ကိုယ့်ရဲ့ ထမင်းချက်ဟောင်း လီအန်နဲ့ တွေ့ခဲ့တယ်။ မင့် အစ်ကို ချီယာအို စီစဉ်ပေးခဲ့တာ။ မင်း ဘယ်ရောက်ပြီး ဘာလုပ်နေရတယ်ဆိုတာ လီအန်က ကိုယ့်ကို ပြောပြသွားတယ်"

မေ-လင်း၏ မပျက်ပြယ်သေးသော အလှအား ကြည့်၍ ဂျေကော့၏ ရင်ထဲတွင် အတိတ်က ဖြစ်ပေါ်ခံစားခဲ့ရသော အချစ်စိတ်သည် ပြန်ပေါ်လာသည်။ သူ့ ခံစားချက်အား ရင်ဖွင့်လိုက်ချင်သော စိတ်သည် ဂျေကော့အား တွန်းအားပေးလျက်ရှိ၏။ သို့တစေလည်း ပတ်ဝန်းကျင်ရှိ အခြေအနေ အရပ်ရပ်က သူ့အား ခြောက်လှန့် ဟန့်တားလျက်ရှိလေ၏။

"မင်း ဘာပြုလို့ ဒီနေရာကို ရောက်လာရတာလဲ မေ-လင်း" ဟု ဂျေကော့က သူ့ ဆန္ဒအမှန်ကို မပြောဘဲ သူ သိချင်တာကို မေးသည်။ "မင်း အမှား ဘာလုပ်ခဲ့လို့လဲ"

"မေ-လင်းတို့ နိုင်ငံရဲ့ အနာဂတ် ကာလအတွက် ပညာတတ်တွေဟာ ကာယ အလုပ်သမားတွေရဲ့ ခက်ခဲ ကြမ်းတမ်းတဲ့ ဘဝကို သူတို့ဘာသာ သူတို့ သိအောင် လေ့လာဖို့ အရေးကြီးတယ်လို့ ရေးမိလို့ပါ" ဟု မေ-လင်းက ပြော

သည်။ "မေ-လင်းရဲ့ အပြစ်ဒဏ်က အဲဒီစကားကို မေ့ပစ်ရမယ့် သဘောမျိုး ဖြစ်ကောင်း ဖြစ်မှာပေါ့လေ"

မေ-လင်းသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းကြည့်နေသည်။ မေ-လင်းသည် သူ ပြောခဲ့သည့် စကားအပေါ်၌ တကယ်ပင် ယုံကြည်လို့လား။ "အခု ကျောက်မီးသွေးတွေ သယ်ပြီး တင်ပေးနေတဲ့ လူတွေအားလုံးရဲ့ နောက်ခံ ဘဝတွေဟာ မေ-လင်းလိုချည်းပဲလား"

"သူတို့ထဲက လူများစုဟာ ဆရာ ဆရာမတွေ၊ သိပ္ပံပညာရှင်တွေနဲ့ ဆရာဝန်တွေပဲ၊ တချို့က ကျောင်းသား ကျောင်းသူတွေပဲ ရှိသေးတယ်၊ တရုတ်ပြည်မှာ မေ-လင်းတို့လို လူတွေဟာ ကွန်မြူနစ်ရှိယန် အယူအဆ တစ်ခု ပေါ်မှာ သက်ဝင် ယုံကြည်ကြတယ်။ သူ့ သဘောတရားက "စိတ်ဖြင့် အလုပ် လုပ်နေသူသည် အုပ်ချုပ်သူ ဖြစ်၍ လက်ဖြင့် အလုပ် လုပ်သူသည် အအုပ်ချုပ်ခံ ဖြစ်သည်" တဲ့ အဲဒီ အယူအဆကို ပြောင်းလွဲပစ်ဖို့ ကိစ္စဟာ အရေးကြီးတယ်လေ"

"ဒီကို ရောက်လာတာဟာ" ဟု ဂျေကော့က ကိုယ်ကိုကိုင်း၍ တိုးတိုး ကလေး မေးသည်။ "မေ-လင်း ကိုယ်တိုင်က ကိုယ့် အပြစ်ဒဏ် ကိုယ် ခံတာလို့ သူ ထင်ကြောင်း လီအန်က ပြောသွားတယ်၊ အဲဒါ ဟုတ်သလား"

"မေ-လင်း ရေးခဲ့တဲ့ စာတွေဟာ အလုပ်သမားတွေကို လုံလုံလောက်လောက် အသား မပေးခဲ့ဘူး၊ အဲဒါဟာ အမြဲတမ်းပဲ။ အဲဒီတော့ ဒါဟာ မေ-လင်း အဖို့ နမူနာတစ်ခု ပြရမလို ဖြစ်လာတယ်။ ဒီမှာ အခုလို အလုပ် လာလုပ်လိုက်တော့ အလုပ်ကြမ်းသမားတွေ ဘယ်လို နေကြတယ်ဆိုတာ နားလည် လာရတာပေါ့၊ မေ-လင်း အဖို့တော့ ဒီကို လာတာ မှန်တယ်"

ထို စကား ပြောနေသော မေ-လင်းသည် ဂျေကော့ မျက်လုံးများနှင့် အကြည့်ချင်း မဆုံမိအောင် ရှောင်နေသည်။ ထိုအခါ ဂျေကော့ သတိရလာမိ၏။ တရုတ်ပြည်မှ ဟောင်ကောင်သို့ ရောက်လာကြသော ဒုက္ခသည်များနှင့် တွေ့ဆုံခဲ့စဉ်က ထိုသူများ ပြောပြခဲ့သော စကားများ ရှိခဲ့၏။ 'ကွန်မြူနစ်အရာရှိများသည် ပညာရှင်များအား အလုပ်ကြမ်း လုပ်၍ သူတို့ကိုယ် သူတို့ ပြန်လည် ပညာပေးရန် သူတို့ သဘော ဆန္ဒအလျောက် လုပ်လာအောင် သွေးဆောင်ဖြားယောင်း၍ စေခိုင်းတတ်သည်' ဟူသော စကားများ ဖြစ်၏။

ထိုစဉ်က သူ ကြားခဲ့ရသည့်အတိုင်း ဆိုပါက ပညာရှင်များက ထိုကဲ့သို့ မိမိတို့ကိုယ် မိမိတို့ ပညာ ပြန်လည် သင်ယူသည့် အလုပ်ကို မိမိတို့ သဘောဆန္ဒအလျောက် လုပ်ခြင်း ဖြစ်ပါသည်ဟု ကွန်မြူနစ် အရာရှိများက ပြောခိုင်းသည်။ အကယ်၍ သူတို့ ခိုင်းသည့်အတိုင်း မပြောဘဲ အမှန်အတိုင်း ပြောမည်ဆိုပါက ပြင်းထန်စွာ အရေးယူခြင်း ခံရမည်ဟု တိတ်တဆိတ် ကျိတ်၍ ခြိမ်းခြောက်

ထားလေ့ ရှိသည်ဟု ဆို၏။ သို့ဆိုပါက ယခု မေ-လင်းက မိမိအား ပြောနေသော စကားများသည် အမှန်အတိုင်း ပြောခြင်း ဖြစ်နိုင်ပါမည်လော။

ယခု မေ-လင်း ရင်ဆိုင်နေရသော အဖြစ်သည် သူ့အတွက် အရှက်သိက္ခာ ကင်းမဲ့စေသည်သာမက ကြေကွဲစရာလည်း ကောင်းလှ၏။ ထိုအဖြစ်ကို ဖုံးကွယ်လို၍ အမှန်အတိုင်း မပြောဘဲ လိုးလွဲ၍ ပြောနေလေသလား။ ဂျေကော့သည် ရောက်တတ်ရာရာများကို တွေးကာ စိတ်မအေး ဖြစ်နေရ၏။ ဤကြားထဲမှပင် မိမိတို့အား ပေးထားသည့်အချိန်ကို သတိရလိုက်သည်။ အချိန်မှာ ဆယ့်ငါးမိနစ်မျှသာ ဖြစ်၍။

ဂျေကော့သည် သူ ပိုက်ဆံအိတ်ကို ကမန်းကတန်း ထုတ်၍ မကြာသေးခင်ကမှ ဟောင်ကောင်မှ ရိုက်လာခဲ့သော သူ့သမီး အေဘီဂေးလ်၏ ဓာတ်ပုံအား ဆွဲထုတ်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ဖျတ်ခနဲ ထကာ မေ-လင်း၏ ရှေ့တည့်တည့်သို့ ချပေးလိုက်သည်။

“အဲဒါ ကိုယ့်သမီး အေဘီဂေးလ်ပဲ၊ အခုဆို အသက် နှစ်ဆယ့်သုံးနှစ် ရှိနေပြီ”

မေ-လင်း၏ အာရုံသည် သူ ထင်ထားသည့်အတိုင်း ပြောင်းသွားသည်။ ဓာတ်ပုံအား ကြည့်နေရာမှ ဂျေကော့အား မော့ကြည့်သည်။

“သူ မင့်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဘူးပေမဲ့၊ သူ ငယ်ငယ်တုန်းက မင်း စောင့်ရှောက်ပြုစုခဲ့တဲ့ ဟာတွေကို ကျေးဇူးတင်လို့မဆုံး ဖြစ်နေတယ်” ဟု ဂျေကော့က ပြောသည်။ “အခု သူ၊ ကိုယ်နဲ့အတူ ပီကင်းကို လိုက်လာတယ်၊ အရွယ်ရောက်ခါမှ ပထမဆုံးအကြိမ် ပီကင်းကို မြင်ရတာပဲပေါ့”

မေ-လင်းသည် ဓာတ်ပုံအား ထပ်ယူပြီး နောက်တစ်ကြိမ် ကြည့်ပြန်သည်။ “မိန်းမချော မိန်းမလှလေး တစ်ယောက် ဖြစ်လာတယ်နော်” ဟု ရေရွတ်သည်။

“မင့်ကို ကျေးဇူးတင်ပါတယ်”

မေ-လင်းသည် ဓာတ်ပုံအား ကြည့်နေရာမှ ဂျေကော့အား ထပ်ကြည့်ပြန်သည်။ သူသည် တိုမီကို မာရှ သင်္ဘောပေါ်၌ ပထမဆုံး တွေ့ခဲ့စဉ်က မေ-လင်းအား သတိရသည်။ ပြီးတော့ ကွမ်ဆီ၌ တွေ့ခဲ့ရသည့် မေ-လင်းနှင့် နောက်ဆုံးတန်ဆု တောင်ကုန်း၌ အပြီးအပိုင် ခွဲခွာခဲ့ရသည့် မေ-လင်းအား သတိရနေမိသည်။

“ရှင် နောက်ထပ် အိမ်ထောင်ပြုသေးသလား၊ ဂျေကော့” ဟု မေ-လင်းက မေးသည်။

"မပြုဘူး"ဟု ဂျေကော့က ဖြေသည်။ "ကိုယ်တို့ ကန်ဆုမှာ ခွဲခွာကြတုန်းက ကိုယ် မင့်ကို လက်ထပ်ချင်နေတယ် မေ-လင်း၊ အဲဒါကို မင်း သိခဲ့ပါတယ်။ အဲဒီနောက်တော့ ဘယ်သူ့ကိုမှ လက်ထပ်ချင်တဲ့စိတ် ပေါ်မလာတော့ဘူး"

မေ-လင်းသည် မျက်လွှာချထားသည်။

"ကိုယ် သိထားရသလောက်တော့ မင်း လက်ထပ်ခဲ့တယ် မဟုတ်လား" ဟု ဂျေကော့က မေးသည်။ "ပြီးတော့ ကလေးတွေ ရခဲ့တယ် နော်"

"မေ-လင်း ၁၉၃၈-ခုနှစ်က ယီနန်မှာ လက်ထပ်ခဲ့တယ်၊ မေ-လင်း ယောကျ်ားက ဂျပန်တွေကို တိုက်ရာမှာ ကျသွားခဲ့တယ်၊ သမီးလေး တစ်ယောက် ရတာကလည်း အသက် မရှည်ရှာဘူး"

"နောက်ထပ် လက်ထပ်သေးသလား"

မေ-လင်းက ခေါင်းခါသည်။ "ဟင့်အင်း မထပ်တော့ဘူး"

ဂျေကော့ ငြိမ်နေသည်။ တစ်ချိန်က မေ-လင်း ရေးခဲ့သော စာအုပ်၊ ခရီးရှည် ချီတက်ပွဲကြီး အကြောင်း ရေးထားခြင်း။ ထို စာအုပ်မှာ အကြီးကြီး မဟုတ်၊ အငယ်စား။ ထို စာအုပ်ကို ဂျေကော့ ဖတ်ခဲ့ရဖူး၏။ ထို အထဲတွင် သူ့ စိတ်၌ မရှင်း မရှင်း ဖြစ်ခဲ့ရသော အချက်များ ပါနေသည်။

"မကြာသေးခင်က ကိုယ် မင့်စာအုပ်ကို ဖတ်ခဲ့ရတယ်" ဟု ဂျေကော့က ပြောသည်။ "မင်း ရေးထားတဲ့ အထဲက အဓိပ္ပာယ် မဖော်နိုင်တာ တစ်ခု တွေ့နေတယ်။ ကိုယ် မင်းနဲ့ သိပ်ပြီး တွေ့ချင်နေတဲ့ အကြောင်းတွေထဲမှာ အဲဒီ အချက်ကို မေးချင်နေတဲ့ အကြောင်းလည်း ပါတယ်"

မေ-လင်း၏ ငုံ့နေသော ခေါင်းသည် မော့လာပြန်ပြီး ဂျေကော့အား မော်ကြည့်နေပြန်သည်။ သူမ၏ မျက်နှာသည် သတိကြီးစွာ ထားနေခြင်းကို ဖော်ပြနေသည်။

"မင်းက ရေးထားတယ်၊ ခရီးရှည် ချီတက်ပွဲကြီးရဲ့ အပြင်းထန်ဆုံး ဖြစ်တဲ့ နောက်ဆုံးလတွေထဲမှာ ဆင်းရဲဒုက္ခ အကြီးမားဆုံးတွေနဲ့ အများကြီး ရင်ဆိုင်ခဲ့ရပြီးတဲ့နောက် မင်းရဲ့ ခန္ဓာကိုယ်ဟာ "မင့်ကို အထောက်အကူပြုထားရုံ မကဘူး ဘဝသစ်ကိုပါ ဖြစ်ထွန်းစေခဲ့တယ်"တဲ့၊ ကိုယ် မှတ်မိသလောက်တော့ အဲဒီ စကားလုံးတွေဟာ မင်း သုံးခဲ့တာတွေလို့ ထင်တယ်၊ မင်း ဘာဆိုလိုတယ်ဆိုတာ ကိုယ် မသိလို့ အံ့ဩစရာ ဖြစ်နေရတယ်"

မေ-လင်းသည် အပြင်သို့ ငေးမှမ်းကြည့်နေသည်။ အပြင်ဘက်တွင်ကား ကျောက်မီးသွေး တင်သော အလုပ်သည် လုံးဝ ရပ်နားသည် မရှိ။ အပြေးအလွှား သွားကာ အပြေးအလွှား သယ်၍ ထရပ်ကား များထက်သို့ အပြေးအလွှား တင်ပေးနေကြဆဲ။ ဂျေကော့သည် မေ-လင်း ကြည့်နေရာသို့ လှမ်းကြည့်

နေရာမှ မေ-လင်း၏ အကြည့် ပြန်လှည့်လာသည့်အခါ သူ့အကြည့်ကိုပါ မေ-လင်းဘက် ပြန်လှည့်လာသည်။ မေ-လင်းသည် ဇိုးမည်းတွေ သုတ်ထားသလို ဖြစ်နေသော ကက်ဦးထုပ်အား လက်နှစ်ဖက်ဖြင့် လိမ်နေသည်။ သူမ၏ မျက်နှာသည် ဝမ်းနည်း ကြေကွဲခြင်းကို ဖော်ပြလျက်ရှိနေသော်လည်း စကားကတော့ တစ်ခွန်းမှ မပြောချေ။

"ကိုယ်ဟာ အလွန် မိုက်မဲတဲ့ လူတစ်ယောက် ဖြစ်ကောင်း ဖြစ်နေမှာပဲ" ဟု ဂျေကော့က ဆက်ပြောသည်။ "ကိုယ့်အနေနဲ့ မဟာဆီးနှင်း တောင်တန်းကြီးတွေ ပေါ်မှာ ကိုယ်တို့ နှစ်ယောက် မျှဝေခံစားခဲ့ကြရတာကို ဘယ်တော့မှ မေ့လို့ မရဘူး။ ကိုယ့်ဘဝ တစ်ခုလုံးမှာ တန်းဖိုး အကြီးဆုံး အပိုင်းပဲ၊ အဲဒီ အပိုင်းဟာ မင့် အတွက်လည်း အလွန် အရေးပါတဲ့ အချိန်ကာလ တစ်ခု ဖြစ်လိမ့်မယ်လို့ ကိုယ် ခံစားနေရတယ်"

"မှန်ပါတယ်၊ အဲဒီ ကာလတွေဟာ မေ-လင်း အတွက် အလွန် အရေးပါခဲ့တဲ့ အချိန်တွေပါ" မေ-လင်းက သူ့ ရင်ထဲ၌ ခံစားမှု ရေကာတာ တစ်ခု ကျိုးပေါက်သွားသည့်နှယ် ဒေါသတကြီး ပြောသည်။ သို့သော်လည်း စကားဆုံးသွားသည့်အခါ မေ-လင်း၏ မျက်လုံးများထဲ၌ မျက်ရည်များ ပြည့်လာသည်။ "ရှင် ဘာကိုမှ သိမှာ မဟုတ်ဘူး" ဟု ပြောသည်။ "အခုကျမှ ဒီမှာ လာထိုင်ပြီး ကျွန်မကို မေးနေတယ်၊ ဒါဟာ မဖြစ်နိုင်တဲ့ ကိစ္စပဲ"

ဂျေကော့သည် အံ့အားသင့်လျက်ရှိ၏။ မေ-လင်း၏ အဖြစ်အား မြင်ရသည့်အခါ တယုတယ ထွေးပိုက်ထားချင်စိတ် ပြင်းပြလာသည်။ သို့သော်လည်း ပတ်ဝန်းကျင်၏ ဟန့်တားမှုက ကြီးမားလျက်ရှိသဖြင့် ထိုင်နေရာမှပင် ထဖို့ စိတ်မကူးရဲ။

"ရှင် သံသယ ဖြစ်နေတာတွေ အားလုံးဟာ မှန်တယ် ဂျေကော့" ဟု မေ-လင်းက ဒေါသဖြင့် ပြောသည်။ "ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မမှာ ကလေး တစ်ယောက် ထပ်ရတယ်၊ သားလေး တစ်ယောက်၊ ရှင့်သားလေ"

ဂျေကော့သည် ချက်ချင်းပင် နှုတ်ဆိတ်ကာ တိတ်သွားသည်။ စားပွဲတစ်ဖက်ထိပ်၌ရှိ မေ-လင်းသည် သူမ၏ မျက်လုံးများအား စုံမှိတ်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။ သူမ၏ ငိုရှိုက်သံများ ကြားမှ ဂျေကော့၏ အသံ ထွက်လာသည်။

"သူ ဘာဖြစ်သွားလဲ၊ သူ အခု ဘယ်မှာလဲ မေ-လင်း၊ အခုဆို သူ တော်တော်ကြီးလာရောပေါ့"

"သူ အခု ပီကင်းမြို့တော်က ပေ-တ တက္ကသိုလ်မှာ ဘွဲ့ရ ကျောင်းသား တစ်ယောက် ဖြစ်နေပြီ" ဟု မေ-လင်းက မှိတ်ထားသည့် မျက်လုံးများအား

မဖွင့်ဘဲ ပြန်ပြောသည်။ "ဉာဏ်ပညာ သိပ်ထက်မြက်တဲ့ ကျောင်းသား တစ်ယောက်ပဲ။ အခုဆိုရင် သူဟာ ပါတီဝင် တစ်ယောက် ဖြစ်နေပြီ၊ သူ့မှာ အလွန်အလှ သိပ်ကောင်းတဲ့ အနာဂတ် တစ်ခုကို ပိုင်ဆိုင်နေပြီ"

"သူ ဘယ်လို ဒုက္ခမှ မခံစားရဖူးလား" ဟု ဂျေကော့က မေးသည်။

"သူက ကံကောင်းတယ်၊ သူ့ရုပ်ရည် သူ့ပုံပန်းက လုံးဝ တရုတ်ပဲ။ ကာအိုံ အနေနဲ့ မေ-လင်းရဲ့ တိုက်ပွဲကျသွားတဲ့ ယောက်ျားကို သူ့ အဖေလို့ ထင်နေတယ်"

"သူ့နာမည်က ကာအို"

မေ-လင်းက ခေါင်းညိတ်သည်။ "ဟုတ်တယ်၊ သူ့နာမည်က ချင် ကာအို"

"ကိုယ်တို့ မပြန်ခင်မှာ ကိုယ်တို့ ကိုယ်စားလှယ် အဖွဲ့ဟာ ပေ-တကို သွားပြီး လေ့လာလိမ့်ဦးမယ်" ဟု ဂျေကော့က ပြောသည်။ "ကိုယ် သူနဲ့ တွေ့ချင် တွေ့မှာ"

"ရှင် ဘာမှ ထုတ်ဖော် ပြောလို့တော့ မဖြစ်ဘူး" ဟု မေ-လင်းက ထိတ်လန့်တကြား ပြောသည်။ "ဒီကိစ္စက ရှင်နဲ့ကျွန်မက လွဲပြီး တခြား ဘယ်သူမှ မသိဘူး၊ ရှင် သိတာကို ပြောလို့ လုံးဝ မဖြစ်ဘူး၊ အမှန်တရားက သူ့ဘဝကို ဖျက်ဆီးပစ်လိမ့်မယ်"

"သူ့ကို စိတ်ထိခိုက်အောင် လုပ်လိုတဲ့ဆန္ဒ ကိုယ့်မှာ လုံးဝ မရှိဘူး" ဟု ဂျေကော့က ပြောသည်။ "ဒါပေမဲ့ ဘယ်သူမှ အမှန်အတိုင်း မသိဘူးဆိုတာ တကယ်လား"

"ဝန်ကြီးချုပ် ချူကတော့ သူဟာ ကျွန်မ ယောက်ျားရဲ့ သား မဟုတ်ဘူး ဆိုတာ သိမယ်လို့ ထင်တယ်။ တစ်ချိန်က သူ့ဆီမှာ ကျွန်မ အလုပ် လုပ်ခဲ့ဖူးလို့ ထင်ပါရဲ့ ဝန်ကြီးချုပ်က ကာအို အပေါ်မှာ စိတ်ဝင်တစား စောင့်ရှောက်ခဲ့တယ်၊ ပညာ ကောင်းကောင်း သင်ကြားနိုင်အောင် သူ့ကို ကူညီခဲ့တယ်။ ဝန်ကြီးချုပ်က ကလေးအဖေဟာ ဂျာမန် ကိုမင်တန် အကြံပေး အရာရှိလို့ ထင်နေပုံရတယ်၊ ကျွန်မကလည်း ဝန်ကြီးချုပ် အပေါ်မှာ ယုံကြည်မှုက မရှိဘူးလေ"

"ဒါဆိုရင် မင့်အစ်ကို ချီယာအိုကော သိသလား"

မေ-လင်းက ခေါင်းခါသည်။ "ချီယာအိုမှာလည်း ဝန်ကြီးချုပ်ရဲ့ သံသယ နဲ့ အတူတူပဲ ထင်တာပဲ"

အပြင်ဘက် စင်္ကြံလမ်းဆီမှ လျှောက်လာသည့် ခြေသံများ ကြားရသည်၊ ဂျေကော့သည် လက်ပတ်နာရီအား ငုံ့ကြည့်သည်။ ဆယ့်ငါးမိနစ် ပြည့်သွားခဲ့ပြီ။ ဂျေကော့သည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထရပ်သည်။ "ကိုယ် ဟောင်ကောင်ကို ပြန်သွားပြီးတဲ့နောက် ကိုယ် မင်းနဲ့ အဆက်အသွယ် မပြတ်ချင်

ဘူး၊ ဖြစ်မလား မေ-လင်း” ဟု လေသံဖြင့် မေးသည်။ “စာရေးရင်လည်း သူတို့ မရိပ်မိနိုင်တဲ့ နည်းလမ်း တစ်ခု ရှာပြီး ရေးမယ်လေ”

မေ-လင်း၏ မျက်နှာသည် ကြေကွဲခြင်းကို ဖော်ပြနေသည်။ သူမသည် ခေါင်းကို ယမ်းကာ ထိုင်ရာမှ ထရပ်လိုက်သည်။ အခုအချိန်ကျမှတော့ အကျိုး ထူးလာစရာ မမြင်တော့ပါဘူး” ဟု ပြောကာ သူမ၏ လက်ထဲမှ အေဘီစေးလ်၏ ဓာတ်ပုံအား ဂျေကော့ဘက်သို့ တွန်းပို့ပေးလိုက်သည်။ ထို့နောက် ပွင့်လာသော တံခါးဘက်သို့ မျက်နှာပြု၍ ရပ်လိုက်လေသည်။

လက်ထောက် ကြီးကြပ်ရေးမှူးသည် ဂျေကော့နှင့် မေ-လင်းတို့အား မသက်သာသော မျက်နှာထားဖြင့် ကြည့်နေသည်။ ထို့နောက် မေ-လင်းဘက် လှည့်၍ ခေါင်းတစ်ချက် ဆတ်ပြကာ အခန်းထဲမှ ထွက်သွားခိုင်းသည်။ သူနှင့် ပါလာသော စစ်သားသည် မေ-လင်း နောက်မှ ကပ်လိုက်သွားသည်။ ဂျေကော့ နားထဲတွင် သူတို့၏ ခြေသံများသည် တဖြည်းဖြည်းနှင့် ဝေး ဝေးသွားသည်။

အုပ်ချုပ်ရေး အဆောက်အအုံထဲမှ နောက် မိနစ် အနည်းငယ်မျှ အကြာ တွင် ဂျေကော့ ထွက်လာသည်။ သူသည် လုပ်ကွက်အတွင်းမှ အလုပ်သမားများ၏ လှုပ်ရှားမှုများအား မကြည့်ရက်တော့။ လေနှင့် ပါလာသော ကျောက်မီးသွေးမှုန်များသည် သူ့ မျက်စိထဲသို့ ဝင်သဖြင့် သူ့မျက်စိများသည် ကျိန်းစပ်လာသည်။ သူသည် ဂိတ်တံခါးမှ ထွက်ကာ နောက်သို့ ပြန်လှည့် မကြည့်တော့ဘဲ၊ မီးရထားဘူတာရုံဆီသို့ အပြေးအလွှား လျှောက်လာခဲ့လေ၏။

* * *

၉

ကျောင်းသူ ကျောင်းသားများသည် လက်ခုပ်လက်ဝါးများ တီးကာ ဩဘာပေး လျက် ရှိကြသည်။ အများစုသည် အနီရောင် ပိုးသား အလံများအား ဝှေ့ယမ်းကာ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များအား ဆီးကြိုလျက် ရှိကြသည်။ ကိုယ်စားလှယ် အဖွဲ့သည် ဘေးတစ်ဖက်တစ်ချက်တွင် မိုးမခပင်များ တန်းစီနေသည့် လမ်း လယ်မှ နေ၍ ပေ-တ တက္ကသိုလ် အစည်းအဝေး ခန်းမကြီးဆီသို့ လျှောက်သွား နေကြခြင်း ဖြစ်လေသည်။

မေ-လင်းနှင့် တွေ့ခဲ့ရပြီးနောက် နှစ်ရက်မျှ အကြာတွင် ဖြစ်၏။ စော စောက ကြို၍ သိထားခဲ့ရသည့်အတိုင်း ဂျေကော့ အပါအဝင် ကမ္ဘာ့ ငြိမ်းချမ်း ရေး ကိုယ်စားလှယ် အဖွဲ့သည် မူလ အစီအစဉ်အတိုင်း ပေ-တ တက္ကသိုလ်ဝင်း ထဲသို့ ဆိုက်ရောက်လာကြခြင်း ဖြစ်သည်။ နေရာအနှံ့ တပ်ဆင် ထားသည့် အသံချဲ့စက်များ ဆီမှ "သည် အင်တာနေရှင်နယ်" သီချင်းသံသည် တက္ကသိုလ် နယ်မြေအား လွှမ်းခြုံထားလေသည်။

လမ်းအတိုင်း ဝင်လာနေကြသော အဖွဲ့ဝင်များ၏ နောက်ဆုံးဘက်မှ လျှောက်လာနေကြသည့် ဂျေကော့နှင့် အေဘီဂေးလ် တို့သည် တက္ကသိုလ်ဝင်း အဝင်ဝ၌ ထူထားသော အဖြူရောင် ငြိမ်းချမ်းရေး ချိုးငှက်ရုပ်ကလေး ပါသည့် အနီရောင်နှင့် ရွှေရောင် အလံကြီးကို အဝေးမှပင် လှမ်းမြင်နေရသည်။ ခန်းမကြီး ဆီသို့ တက်ရာ ကျောက်လှေကားထစ်များ၏ ဝဲ ယာတွင် ကထိကများ၊ အလုပ် သမားများနှင့် ကျောင်းသား ကျောင်းသူများသည် အနီရောင်နှင့် အဖြူရောင် ဇော်မွှားပန်း ပန်းစည်းများကို ကိုင်ကာ စောင့်ကြိုနေကြသည်။ သူတို့သည် ကမ္ဘာ့ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များအား ပန်းစည်းများ ဆက်ရန် အသင့်ပြင်ထား ကြ၍ သူတို့ထဲတွင် အပြာရောင် ဝတ်စုံများ ဝတ်ကာ အပြုံးပန်း ပွင့်နေကြသော တရုတ်မကလေးများကိုပါ မြင်တွေ့ နေကြရလေသည်။

ခန်းမကြီးထဲတွင် ရာပေါင်းများစွာသော ကျောင်းသား ကျောင်းသူများသည် စုဝေး ရောက်ရှိနေကြသည်။ ကိုယ်စားလှယ်များသည် ခန်းမကြီး အတွင်းသို့ ဝင်ရောက်လာကြသည်။ ဆီးကြိုနေကြသော ပရိသတ်၏ လက်ခုပ်ဩဘာသံများသည် သောသောညံသွားသည်။ ကိုယ်စားလှယ်များသည် တရားဟောခုံကလေးချထားသည့် စင်ပေါ်သို့ တက်လာပြီး နေရာ ယူကြသည်။

ပရိသတ်၏ ဩဘာသံများ စဲသွားသည့်အခါ ကိုယ်စားလှယ် အဖွဲ့၏ လက်ခုပ်သံများကြားရ၏။ ဂျေကော့နှင့် အောဘီဂေးလ်တို့ သားအဖသည် စင်မြင့်ပေါ်ရှိ နောက်ဘက်ခုံတန်း အစွန်ဆုံး ကုလားထိုင်များတွင် နေရာယူထားကြသည်။ ဂျေကော့အဖို့ကား တစ်မနက်ခင်းလုံး စိတ်ငြိမ်သက်ခြင်း မရှိ။ လွန်ခဲ့သော နှစ်ရက်က မေ-လင်း ထံမှ ကြားသိခဲ့ရသည့် စကားသည် သူ့အတွက် စိတ်လှုပ်ရှားစရာ တစ်ခု ဖြစ်နေသည်။

ကိုယ်စားလှယ် အဖွဲ့သည် ဓာတ်ခွဲခန်းများနှင့် စာသင်ခန်းမများဆီ တစ်ခုပြီးတစ်ခု ရောက်ကြသည်။ ဘွဲ့မရသေးသည့် ကျောင်းသူကျောင်းသားများ၏ အဆောင်များသို့လည်း ရောက်သည်။ သူတို့အား ကျောင်းအုပ်ကြီး၏ ရုံးခန်းထဲ၌ လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံကာ အနာဂတ် ကာလတွင် တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များကို ပြသည်။ ကမ္ဘာ့ ငြိမ်းချမ်းရေးဆိုင်ရာ တရုတ်ကော်မတီ၏ ဥက္ကဋ္ဌကလည်း တရုတ်အစိုးရ၏ အနာဂတ် ပညာရေး စီမံကိန်းများအကြောင်း အသေးစိတ် ရှင်းပြသည်။

ဂျေကော့အဖို့ကတော့ အချိန်ရှိသမျှ ကျောင်းသားတိုင်း၏ မျက်နှာကိုသာ လိုက်လံ ကြည့်ရှုလျက်ရှိ၏။ သူ့စိတ်ထဲတွင် မြင်ရုံမျှဖြင့် ခန့်မှန်း၍ သိရလိမ့်မည် ထင်သည်။ အထူးသဖြင့် အဆောင်တစ်ခုတွင် အေးအေးသာသာ စကားပြောတတ်သော အသားအရောင် ဖြူဖပ်ဖြူရော် ကျောင်းသားတစ်ယောက်နှင့် တွေ့လိုက်သည့်အခါ စိတ်ဝင်တစား ဖြစ်မိသည်။ သူ့သမီး အပါအဝင် ကိုယ်စားလှယ်များ ဆက်လက် ထွက်ခွာသွားကြသည့်အခါ သူသည် နောက်ချန် နေရစ်ခဲ့ပြီး ထို ကျောင်းသား၏ နာမည်ကို မေးလိုက်မိလေ၏။

ကျောင်းသားလူငယ်သည် ပထမတွင် အံ့အားသင့်နေသည်။ နိုင်ငံခြားသား တစ်ဦးက အခုလို ထူးထူးခြားခြား သူ့နာမည် မေးခြင်းသည် ဘာ့ကြောင့်နည်း။ ထို အတွေးဖြင့် သံသယ ဝင်နေပြီဖြစ်သော ကျောင်းသားသည် သူ့နာမည်အား မပြောချေ။ သို့သော်လည်း ဂျေကော့က အတင်း ဖိအားပေးပြီး မေးနေသည့်အခါ ခပ်တွန့်တွန့် အမူအရာဖြင့် သူ့နာမည်အား ပြောပြသည်။ သူ သိလိုက်ရသည့် နာမည်မှာ သူ လိုချင်နေသည့် နာမည်နှင့် နီးစပ်မှု မရှိ။

သို့ သိချင်နေသည်ကို မရ၍ ဆန္ဒစောနေသော ဂျေကော့သည် ကော်မတီဥက္ကဋ္ဌက တရုတ်နိုင်ငံ၏ ပညာရေးဝန်ကြီးနှင့် ကိုယ်စားလှယ်များအား မိတ်ဆက်ပေးနေသည်ကို ကောင်းစွာ မကြားရ။ ဝန်ကြီးက တရုတ်နိုင်ငံ၏ ဆိုရှယ်လစ်ပညာရေး စနစ်သစ်၏ ရေရှည် ရည်မှန်းချက်များအကြောင်း မိန့်ခွန်း ပြောနေသည့် အခါတွင်လည်း သူ စိတ်မဝင်စား။ သူသည် ပရိသတ်များ၏ မျက်နှာများကိုသာ တစ်ဦးချင်းစီ လိုက်ကြည့်နေသည်။

အမှန်တော့ ကြည့်ရသည်မှာ လွယ်သည် မဟုတ်။ ရှေ့ဆုံးမှ မျက်နှာများအား လှမ်းကြည့်နေရသည်မှာ လွယ်သော်လည်း နောက်ပိုင်းတန်းမှ လူများအားကြည့်သည်မှာ ပင်ပန်းလှချေသည်။ နောက်တန်းမှ လူများမှာ အားလုံး ဝါးနေသည်ဖြစ်ရာ သဲသဲကွဲကွဲ မြင်ရဖို့မှာ ခက်ခဲလှ၏။ သူသည် မျက်လုံးများအားစုံမှိတ်၍ ပညာရေးဝန်ကြီး၏ မိန့်ခွန်းကို ဂရုထား၍ ကြိုးစားပြီး နားထောင်သည်။ ထိုအခိုက်တွင် သူ့ လက်မောင်းအား လက်တစ်ဖက်ဖြင့် အသာအယာ ထိလာသည်ကို သတိထားလိုက်မိသဖြင့် မျက်လုံးများအား ဖွင့်လိုက်သည်။ သူ့နောက်၌ငြိမ်ငြိမ်ဆိမ်ဆိမ် ရပ်နေသော ပြည်သူ့ လွတ်မြောက်ရေး တပ်မှ စစ်သား တစ်ဦး။

"ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ပါလို့ မစ္စတာ ကယ်လ်နာကို ပြောပါရစေ ခင်ဗျာ" ဟု လူငယ်စစ်သားက လက်ခုပ်သံများကြားမှ ဂျေကော့၏ နားနားကပ်၍ လေသံဖြင့်ပြောသည်။ "ပုဂ္ဂိုလ်တစ်ဦးက မစ္စတာကယ်လ်နာနဲ့ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ပြောစရာ ရှိနေလို့ပါ"

ဂျေကော့သည် အေဘီဂေးလ်ဘက် လှည့်၍ သူ ချက်ချင်း ပြန်လာခဲ့မည်ဟု ပြောကာ စစ်သားနောက်သို့ လိုက်လာခဲ့သည်။ သူသည် နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ သူ့အား စောင့်ကြည့်နေသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ စစ်သားသည် တစ်နေရာ၌ ရပ်ထားသော ဝှိစ်ဇဝါ စစ်မော်တော်ယာဉ်ရှေ့ရောက်သည့်အခါ ကားတံခါးကို ဖွင့်လိုက်သည်။ ကားမှာ ဆလွန်းကားဖြစ်၍အထဲတွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မှ ယူနီဖောင်းဝတ် မာရှယ်လ်တစ်ဦး ထိုင်နေသည်ကို တွေ့ရသည်။ စစ်သားက တံခါးဖွင့်ပေးသဖြင့် ကားထဲသို့ ရောက်သွားသော ဂျေကော့သည် ထိုင်နေသူ၏ မျက်နှာအား မြင်သည့်အခါအံ့ဩလျက် ရှိသည်။

"ချက်ချင်းလိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာကယ်လ်နာ" ဟု လု-ချီယာအိုကပြောသည်။ သူသည် လက်တစ်ဖက်ကို ဆန့်တန်း၍ ဂျေကော့၏ လက်အားဆွဲ၍ နှုတ်ဆက်သည်။ "ဝန်ကြီး မိန့်ခွန်းမဆုံးခင် ရောက်အောင်ပြန်ပို့ပေးပါမယ်။ ဒီမှာ အချိန်များများ ကုန်ဖို့ မရှိပါဘူး"

အကြီးအကျယ် ဖဲ့အားသင့်လျက်ရှိသော ဂျေကော့သည် ချီယာအို၏ လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ လူငယ်စစ်သားသည် ကားရှေ့ခန်းတံခါးကိုဖွင့်၍ အတွင်းသို့ ဝင်ထိုင်သည်။ သူသည် ကားစက်ကို ချက်ချင်းနှိုး၍ ခပ်ဖြည်းဖြည်း မောင်းထွက်လာခဲ့သည်။ ကားထဲ၌ ထိုင်မိသည်နှင့် တစ်ပြိုင်နက် ချီယာအိုသည် ဂျေကော့ မျက်နှာကို ကြည့်၍ပြုံးသည်။ "ကျွန်တော် လျှို့ဝှက်ထားမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ မစ္စတာ ကယ်လ်နာ၊ အမှန်တော့ လိုအပ်တဲ့အတွက် ဖုံးထားရတာပါ။ ခင်ဗျားဆီကို ဖိတ်စာပို့တဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ ဒီကိစ္စကို မသိကြပါဘူး။ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို တရုတ်ပြည် တစ်ခေါက် ပြန်လာအောင် လုပ်တဲ့လူဟာ ကျွန်တော်ပါ"

"ဘာကြောင့်လဲ" ဟု ဂျေကော့က နားမလည်နိုင်သည့် လေသံဖြင့် မေးသည်။

"ဒီကိစ္စက အလွန်အရေးပါတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်နေပါတယ်။ အဖြစ်တစ်ခုလုံးကို ခင်ဗျား ကြားရတဲ့အခါမှာ ဒေါသဖြစ်ချင်လည်း ဖြစ်ပါလိမ့်မယ်။ အဲဒါနဲ့ ပတ်သက်လို့ကတော့ စိတ်မဆိုးဖို့ ကျွန်တော် ကြိုတင်ပြီး တောင်းပန်ထားပါရစေ။ ကျွန်တော် ရှင်းပြတဲ့အခါမှ ဘာကြောင့် ကျွန်တော် ဒီလို လုပ်ရတယ်ဆိုတာ ခင်ဗျား နားလည်သွားလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားပါတယ်"

ချီယာအိုသည် သူ့ခေါင်းပေါ်မှ မာရှယ်လ် ကတ်ဦးထုပ်ကို ချွတ်၍ သူတို့ နှစ်ယောက်ကြား ထိုင်ခုံပေါ်သို့ ချထားလိုက်သည်။ ချီယာအို၏ ဆံပင်များသည် ဖြူစပြုနေသည်။ အသက် လေးဆယ်ကျော် ငါးဆယ်အတွင်း အရွယ်ဖြစ်၍ လူပုံပန်းကတော့ တောင့်တောင့်တင်းတင်း သန်သန်မာမာပင် ရှိသည်။

"ခင်ဗျား ပြောမယ့်အထဲမှာ ပန်းပေါင်းတစ်ရာ လှုပ်ရှားမှု အရေးအခင်း ပါနေသေးလား" ဟု ဂျေကော့က ချီယာအို၏ မျက်နှာအား စူးစူးစိုက်စိုက် ကြည့်၍ မေးသည်။

"ဒီအချိန် ဒီကာလမှာကတော့ တရုတ်နိုင်ငံတွင်းမှာ ပန်းမျိုးတစ်ရာ လှုပ်ရှားမှုနှင့် ကင်းဒတ် အရေးအခင်းဟာ မရှိသလောက်ပါပဲ" ဟု ချီယာအိုက ပြောသည်။ "အသေးစိတ် ရှင်းပြဖို့ကတော့ ကျွန်တော့်မှာ အချိန် မရှိဘူး။ ပြီးတော့လည်း အခုပြောမယ့် ကိစ္စက ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ဖြစ်နေတော့ သိပ်ခက်တယ်။ ကျွန်တော့်အနေနဲ့က နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်တွေကို လည်း မပေါက်ကြားစေချင်ဘူး။ ဒါပေမဲ့ ပါတီခေါင်းဆောင်ပိုင်းမှာ စည်းလုံး ညီညွတ်မှု နည်းနေတာကိုတော့ အသိပေးထားမှ ဖြစ်မယ်လို့ ထင်တယ်။ ခင်ဗျား ကို အသိပေးရတဲ့အတွက်လည်း အန္တရာယ်တော့ ရှိနိုင်မယ်လို့ မထင်ပါဘူး။ ဒါပေမဲ့

အခုအချိန်အခါမှာတော့ ရာနဲ့ထောင်နဲ့ချီပြီး ရှိနေတဲ့ အသိပညာရှင်တွေကို ပြုပြင် ပြောင်းလဲပစ်ဖို့ ဆိုပြီး အလုပ်ကြမ်း စခန်းတွေကို ပို့ပစ်နေတယ်။ ဒီ ရက်စက်ကြမ်းကြုတ်မှု အပေါ်မှာ လူတိုင်းက သဘော မတူကြဘူး။ လက်ယာ သမားတွေ သုတ်သင်ရှင်းလင်းဖို့ဆိုတဲ့ ကိစ္စဟာ လူများစုက သိပ်မကြိုက်တဲ့ ကိစ္စ ဖြစ်နေတယ်"

ဂျေကော့သည် ချီယာအိုအား စူးစူးရဲရဲ ကြည့်နေသည်။ "ခင်ဗျား ဘာ ဆိုလိုတာလဲ ကိုယ်ရေးကိုယ်တာ ကိစ္စဆိုတာ ဒါကို ပြောတာလား။ ဒီကိစ္စမှာ ခင်ဗျားရဲ့ ညီမ မေ-လင်းနဲ့ ဆက်စပ်နေသလား"

"ဟုတ်ပါတယ်၊ တစ်ချိန်က ခင်ဗျားကို မေ-လင်းက ကူညီခဲ့ဖူးပါတယ်။ အခု ခင်ဗျားနဲ့အတူတူ ပီကင်းကို လိုက်လာတဲ့ ခင်ဗျားရဲ့ သမီးလေးကို မေ-လင်းက ကယ်ခဲ့ဖူးပါတယ်။ အခုကျတော့ မေ-လင်းကိုယ်တိုင် အကူအညီ လိုနေ ပါတယ်"

"ကျွန်တော် တတ်နိုင်သမျှ လုပ်ပေးဖို့ အသင့်ပါပဲ။ ဒါပေမဲ့ ခင်ဗျား ကိုယ်တိုင်ကရော သူ့ကို မကူညီနိုင်ဘူးလား"

ချီယာအို၏ မျက်လုံးများသည် တလက်လက် တောက်ပ လာကြသည်။ အစွမ်းကုန် ထိန်းချုပ်ထားသည့် ဒေါသ အရိပ်အငွေ့များပေတည်း။ "လူ ပုဂ္ဂိုလ် ချင်း ရှိသေကိုင်းရှိုင်းမှုနဲ့ သစ္စာ စောင့်သိမှုဟာ တရုတ် ကွန်မြူနစ်ပါတီ ထဲမှာ နားမလည်နိုင် လောက်အောင်ကို ရှုပ်ထွေးလှပါတယ် မစ္စတာ ကယ်လ်နာ။ ခင်ဗျား နားလည်သွားအောင် ပြောပြဖို့တောင် မလွယ်ဘူး။ တစ်ခုခုကို ဆန့်ကျင် တဲ့ လုပ်ငန်းသစ် တစ်ခုခု ချမှတ်ပြီး လုပ်ကြကိုင်ကြပြီဆိုရင် ထိပ်ပိုင်း ခေါင်း ဆောင်ကြီးတွေဟာ မပြောသင့်တဲ့ အချိန်မှာ ဝေဖန်မှု ပြုမိတဲ့အတွက် သူတို့ ကိုယ် သူတို့ ပျက်စီးအောင် လုပ်သလို ဖြစ်ကုန်ကြရပါတယ်"

သူတို့၏ ဝါ့ခ်ဇာဝါ ဆလွန်းကား သွားနေသည်မှာ တက္ကသိုလ်နယ်မြေ အနီးရှိ လမ်းသွယ်တစ်လမ်း ဖြစ်သည်ကို ကားပေါ်မှ ဂျေကော့ သတိထားမိနေ သည်။ သူတို့ ထိုင်နေသည့် နောက်ခန်းမှာ ရှေ့ခန်းမှ အလုံပိတ်ကာထားသည့် မှန်ကြောင့် လုံခြုံမှု ရှိနေသည်။ အပြင်မှ လူများ၏ မျက်လုံးများသည် ကားထဲမှ သူတို့အား မမြင်နိုင်သလို သူတို့ ပြောနေကြသည့် စကားများအား ကြားနိုင်ဖို့ လုံးဝ မလွယ်။ တရုတ်ပြည်သို့ သူ အလည်ရောက်လာအောင် လုပ်ရာ၌ ချီယာအို သည် အကွက်စေ့လှချေသည်။

"ခင်ဗျား ကျွန်တော့်ကို ဘာ လုပ်ပေးစေချင်နေတာလဲ။ ကျွန်တော် နားမလည် ဖြစ်နေပြီ။ တိတိကျကျလေး ပြောမယ်ဆိုရင်"

"ခင်ဗျား ကျွန်တော့် ညီမကို မြင်ခဲ့ရပြီးပြီ မဟုတ်လား၊ ဒီ အခြေအနေ ဆိုးကို နောက်ထပ် အကြာကြီး ဆက်ပြီး ရင်ဆိုင်ရမယ်ဆိုရင် သူ့ ကျန်းမာရေး ဟာ ပျက်စီးတော့မယ်။ ပိုပြီး အရေးကြီးတာက သူ့ရဲ့ အရင်ဘဝဆီ ပြန်လာတဲ့ အခါမှာ သူ့ရဲ့ မှတ်တမ်းကို ဖျက်ပစ်တော့မယ်။ သူ့နာမည်ကိုလည်း စာရင်းက ဖျက်ပစ်လိမ့်မယ်။ သူ့ကို တရားဝင် ပြန်လည်ပြုပြင်ထားတယ်လို့လည်း ရေးလိမ့် မယ်"

"ဒါပေမဲ့ ဒီလို ကိစ္စမျိုးမှာ ကျွန်တော်က ဘယ်လို ဩဇာမျိုး သုံးနိုင်မှာ လဲ" ဟု ဂျေကော့က မေးသည်။

"ခင်ဗျားမှာ ခင်ဗျား သတိ မထားမိတဲ့ ဩဇာအာဏာ ရှိနေပါတယ်"ဟု ချိုယာဒိုက နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။ "ခင်ဗျား ဒီကို အလည် ရောက်လာပြီးတဲ့နောက် ရေးမယ့် စာနဲ့ ထုတ်ဝေမယ့် စာတွေဟာ ခင်ဗျား ထင်ထားတာထက် ပိုပြီး အရေးပါမှာပါ။ ခင်ဗျား မသိဘဲ ဖြစ်နေတာက တရုတ် ပြည်မှာ ခင်ဗျား ရခဲ့တဲ့ အတွေ့အကြုံနဲ့ ခင်ဗျားရဲ့ နောက်ခံ အကြောင်းတွေဟာ ခင်ဗျားရဲ့ အသံကို ထူးခြားအောင် လုပ်ထားပါတယ်။

"ခင်ဗျား ထုတ်ဝေခဲ့သမျှ စာတွေကို ကျွန်တော်တို့ ကွန်မြူနစ်တွေက အမြဲတမ်း စိတ်ဝင်တစား ဖတ်ခဲ့ကြပါတယ်။ ပြီးတော့ သူတို့က ခင်ဗျားကို အလွန် တန်ဖိုးရှိတဲ့ လွတ်လပ်သော စာရေးသူ တစ်ဦးလို့ အသိအမှတ် ပြုထား ကြတာပါ။ ပြီးတော့ ပါတီရဲ့ အတွင်းပိုင်း အနေအထားအရ သူတို့ အပေါ်မှာ နိုင်ငံတကာက အမြင် ကြည်လင်နေဖို့ ဆိုတာကလည်း အရေးကြီးနေပါတယ်"

"အခု ခင်ဗျား ပြောနေတာက ကျွန်တော်ဟာ မေ-လင်းနဲ့ ပတ်သက်လို့ အခု တစ်ခေါက် အလည်ရောက်လာတာကို အခြေခံပြီး သူ့အတွက် ကောင်းရာ ကောင်းကျိုး ဖြစ်လာအောင် ရေးပေးရမယ် ဆိုပါတော့"

ချိုယာဒိုက သူ့ခေါင်းအား ကပျာကယာ ညိတ်သည်။ "အခုလို အခြေ အနေ အရပ်ရပ် သိမ်မွေ့နူးညံ့နေချိန်မှာ ဒီနည်းပဲ ရှိပါတယ်။ အဲဒါကြောင့် ပြောရတာပါ"

"ဒီလိုဆိုရင် ဒီဟာအားလုံး အစကနေအဆုံးအထိ ခင်ဗျား ဖန်တီးခဲ့တာ ကိုး" ဟု ဂျေကော့က ခေါင်းတခါခါဖြင့် ပြောသည်။ "ခင်ဗျားက ပုဂ္ဂိုလ်တစ်ဦးရဲ့ နားထဲကို စကားတစ်ခွန်း သွင်းပေးခဲ့တယ်။ ကျွန်တော့်ကို ဖိတ်ပြီး နိုင်ငံတကာက သတင်းစာတွေရဲ့ အရေးအသားတွေကို ကျွန်တော်က တစ်ဆင့် တွန်းလှန် တိုက်ခိုက်ဖို့၊ ပြီးတော့ လီအန်ကို ကျွန်တော့်ဆီ လွှတ်ပြီး ခင်ဗျား ညီမဟာ သူ့ သဘောနဲ့ သူ အလုပ်ကြမ်းစခန်းကို သွားတယ်လို့ ပြောခိုင်းတယ်၊ ခင်ဗျား လုပ်ပုံကတော့ ပိရိပါတယ်"

"စိတ်မဆိုးဖို့ ကျွန်တော် ကြိုတင်ပြီး တောင်းပန်ထားပါတယ် မစ္စတာ ကယ်လ်နာ" ဟု ချီယာအိုက စိတ်မကောင်း ဖြစ်သံဖြင့် ပြောသည်။ "ကျွန်တော့် ညီမဟာ ကျွန်တော့်ကို သိပ်ချစ်ရှာတယ်။ ကျွန်တော့် အနေနဲ့ ခင်ဗျားကို မရိုးသားတဲ့ဟာနဲ့ မယုံကြည်တဲ့ဟာတွေ ရေးပါလို့ မတိုက်တွန်းပါဘူး။ အမြင့်ဆုံး အဆင့် ဥပမာ- ဝန်ကြီးချုပ်ကို မေ-လင်းအတွက် ကျွန်တော် အကြံပြုထားတဲ့ အတိုင်း ကူညီဖို့ပါ၊ မေ-လင်းကို လိုက်နာရမယ့် အခြေအနေတစ်ရပ် ချမှတ်ပေးပြီး လွှတ်ပေးဖို့ပေါ့။

"ခင်ဗျားရဲ့ သမီး အသက်ကို မေ-လင်း ကယ်ခဲ့တယ်ဆိုတာ ဝန်ကြီးချုပ်က သိထားတယ်၊ အဲဒီတော့ မေ-လင်း ကိုယ်စား မေ-လင်း အတွက် ခင်ဗျားက အသနားခံတယ် ဆိုတာဟာ သဘာဝကျပါတယ်။ တကယ်လို့ သူက ခင်ဗျားရဲ့ မေတ္တာရပ်ခံချက်ကို ခွင့်မပြုနိုင်ဘူးလို့ ငြင်းခဲ့ရင် ခင်ဗျားက ခင်ဗျား မြင်ခဲ့ရတဲ့ ကျောက်မီးသွေး အလုပ်ကြမ်း စခန်း အကြောင်းကို ကမ္ဘာက သိသွားအောင် ရေးရလိမ့်မယ်လို့ ပြောပေါ့"

ဂျေကော့သည် ချီယာအိုး၏ လှည့်ပတ်မှု အပေါ်တွင် ဒေါသဖြစ်လာသည်။ "ဒါဆိုရင် တန်ရှန် ကျောက်မီးသွေးတွင်းကို သွားဖို့ခွင့်ပြုချက် ရတာဟာ ခင်ဗျား လက်ချက်ပေါ့။ ဒီ အခွင့်အရေးကို ကျွန်တော် ရလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး"

ချီယာအိုက ခေါင်းညိတ်သည်။

"ဒီကိစ္စတွေ အားလုံးမှာ ခင်ဗျားပါတယ် ဆိုတာ ဝန်ကြီးချုပ် ချူ မသိဘဲ ဘယ်နေမလဲ" ဟု ဂျေကော့က ပြောသည်။ "သိသွားရင် ခင်ဗျားအတွက် အန္တရာယ် ရှိမလာနိုင်ပေဘူးလား"

"ရှိချင်လည်း ရှိလာနိုင်တာပဲ" ဟု ပြောကာ ချီယာအိုက ဂျေကော့အား စိုက်ကြည့်နေသည်။ "ဒါပေမဲ့ အဲသလောက်ကတော့ စွန့်စားရမှာပဲ၊ တကယ်လို့ သိသွားတယ် ဆိုရင်လည်း ဝန်ကြီးချုပ်ဟာ လူသားတစ်ယောက် အနေနဲ့ ကိုယ်ချင်းစာတရား ထားနိုင်မှာပါ"

ဂျေကော့ အနေဖြင့် ဒေါသဖြစ်မိသည်မှာ မှန်သော်လည်း ဖြစ်ခဲ့ပြီးသမျှအား ပြန်စဉ်းစားလိုက်သည့်အခါ သူ့စိတ်အား ဖြေလို့ ရလာသည်။ "ခင်ဗျား ပြောပြတာတွေ ကြားရတော့လည်း ကျွန်တော် တရုတ်ပြည်ကို အခု တစ်ခေါက် ပြန်ရောက်လာတာဟာ ဝမ်းသာစရာ ဖြစ်နေပြီ" ဟု ဂျေကော့က ပြောသည်။ "ကျွန်တော့် အနေနဲ့ ဒီနိုင်ငံနဲ့ ဒီလူမျိုးအပေါ်မှာ ရှိနေတဲ့ မေတ္တာဟာ အခုထိ ပျက်ပြယ်မသွားသေးပါဘူး"

"ဒါဆိုရင် မေ-လင်းကို ခင်ဗျား ကူညီနိုင်သလောက် ကူညီမယ် ဆိုပါတော့"

"ကူညီရမှာပေါ့"

"ကျေးဇူးပါပဲ မစ္စတာကယ်လ်နာ"ဟု ပြောကာ ချီယာအိုက ဂျေကော့၏ လက်ကို နောက်တစ်ကြိမ် အားပါးတရ ဆွဲ၍ နှုတ်ဆက်သည်။ "ဟိုး... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဂျပန် သင်္ဘောပေါ်မှ ကျွန်တော်တို့တစ်တွေ ဆုံခဲ့ကြတာဟာ ကျွန်တော်တို့ သုံးယောက်စလုံးအတွက် ကံကောင်းတာပဲ"

ချီယာအိုသည် သူ့ဘေးရှိ ပြတင်းပေါက်မှ လိုက်ကာအား ဖယ်လိုက်ပြီး အပြင်သို့ လှမ်းကြည့်သည်။ ထို့နောက် ရှေ့ဘက်မှ အလုံကာ မှန်ချပ်အား ခေါက်လိုက်ပြီး ဂျေကော့အား ပြန်ပို့ရန် အမိန့်ပေးသည်။ နောက် နှစ်မိနစ်ခန့် အကြာတွင် ဝေါ့စ်ဇာဝါ ဆလွန်းကားသည် တက္ကသိုလ် ဧည့်ခန်းမဆောင် ရှေ့၌ ရပ်သည်။

ဂျေကော့ ခန်းမထဲ ဝင်သွားသည့်အခါ ပညာရေးဝန်ကြီးသည် သူ့ ပြောခဲ့သည့် မိန့်ခွန်းအား ပြန်၍ အကျဉ်းချုပ်ကာ နိဂုံးချုပ်လျက်ရှိ၏။ ဂျေကော့သည် ဘေးတစ်ဖက်မှ နေ၍ စင်မြင့်ပေါ်သို့ ကပျာကယာ တက်သွားကာ ထိုင်ခုံနောက်တန်းဘက်မှ သူ့ ထိုင်ခုံဆီသို့ ပြန်သွားပြီး ပြန်ထိုင်လိုက်သည်။ ရှည်ကြာလွန်းလှသော လက်ခုပ်ဩဘာသံများနှင့်အတူ သူ့ လက်ခုပ်သံများကိုလည်း ကြားနေရလေ၏။

* * *

၁၀

"အားလုံး အဆင်ပြေတယ် မဟုတ်လား" ဟု အေဘီဂေးလ်က လက်ခုပ်သံများ ပျောက်သွားသည့်အခါ သူမ အဖေအား တိုးတိုးမေးသည်။

"ပြေပါတယ်" ဟု ဂျေကော့က သူ့သမီးအား မကြည့်ဘဲ ပြန်ဖြေသည်။

"ဖေဖေ့ကို ဘယ်သူက တွေ့ချင်တာလဲ၊ ထူးခြားတဲ့ ပုဂ္ဂိုလ်လား"

"ဟိုး တစ်ချိန်က ခင်မင်ခဲ့တဲ့ မိတ်ဆွေပါ" ဟု ဂျေကော့က အရေးမကြီး လေဟန်ဖြင့် ပြန်ပြောသည်။ "ဖေဖေ ဒီတက္ကသိုလ်ကို လာမယ်ဆိုတဲ့ သတင်းကို သူ ကြားတယ်၊ ဒါပေမဲ့ သူ့မှာက အချိန်များများ မရဘူး၊ အဲဒါနဲ့"

ထိုအခိုက်တွင် အယ်လ်ဘေးနီးယန်း ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ် များ ထဲမှ တစ်ဦးသည် ထိုင်ခုံမှ ထရပ်ကာ ဆိုရှယ်လစ် ပညာရေးစနစ်မှာ ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် အလွန် လိုအပ်ကြောင်းကို အကျယ်တဝင့် ပြောနေ သည်။ သူ့ဘေးမှ တရုတ်ဘာသာ စကားပြန်သည် ကိုယ်စားလှယ် ပြောသမျှကို ဘာသာပြန်၍ ပြောလျက်ရှိရာ သူ့စကားများထဲတွင် အနောက်တိုင်း "အနောက် တိုင်း နယ်ချဲ့ဝါဒ" ဟူသော စကားလုံးသည် ထပ်ကာတလဲလဲ ပါလာလျက် ရှိရုံမျှမက ပြစ်တင်ရှုတ်ချခြင်းကို မကြာခဏ ပြုလုပ်လျက် ရှိလေ၏။

"ဖေဖေ့မှာ သောကရောက်စရာ မရှိဘူး ထင်ပါတယ်နော်" ဟု အေဘီ ဂေးလ်က တိုးတိုးကပ်မေးသည်။ ဖေဖေ့ ကြည့်ရတာ တစ်ခုခု ဖြစ်လာသလိုပဲ"

"မဖြစ်ပါဘူး၊ နည်းနည်း မောသွားလို့ပါ" ဟု ဂျေကော့က ဖြေသည်။

အေဘီဂေးလ်သည် အယ်လ်ဘေးနီးယန်း ကိုယ်စားလှယ်၏ စကားအား ဘာသာပြန် ပေးနေသည့် အင်္ဂလိပ်ဘာသာပြန်အား နားထောင်နေသည်။ သူမ အဖေသည် ထိုအသံပေါ် စိတ်ဝင်စားဟန် မရှိ။ သူသည် စောစောပိုင်းက လုပ် နေသလို သူ့ရှေ့မှ ပရိသတ်ကိုသာ ကြည့်နေသည်။ မိမိ သိချင်တာများ ရှိ၍ မေးပြန်တော့လည်း မိမိ မေးနေသည်များအား ကြားဟန်မတူ။ မည်သို့ပင်ဖြစ်စေ

မိမိ နှစ်ပေါင်းများစွာက တောင့်တလာခဲ့သော ရင်းနှီးမှုကိုကား မိမိတို့သားအဖ ကြား၌ တည်ဆောက်၍ ရခဲ့လေပြီ။

တရုတ်နိုင်ငံသို့ ရောက်လာခဲ့ချိန်မှစ၍ အေဘီဂေးလ်သည် တရုတ်လူမျိုး များ၏ စိတ်နေစိတ်ထားများအား ခန့်မှန်း သိသာခဲ့ရ၏။ ကွန်မြူနစ်ဟူသော ခေတ်သစ်ဝါဒ တစ်ခုကြီး ပေါ်ပေါက် တည်ရှိလာနေသည့်တိုင်အောင် ထိုဝါဒ အပေါ်၌ စိတ်မဝင်စားသည်ကိုလည်း ခန့်မှန်း၍ နားလည်ခဲ့ရ၏။ တောင်ထိပ် တောင်တန်းများပေါ် ၌ စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများ နတ်ကွန်းများ တည်ရှိနေဆဲ ဖြစ်သည်ကို သူ သတိထားမိခဲ့၏။

ကွန်မြူနစ်ဝါဒ အနေဖြင့် လူအများအား သိသာထင်ရှားအောင် ပြသနိုင် သည်မှာ "ယူနီဖောင်း"သာ ဖြစ်သည်။ ကျန်အပိုင်းများတွင်မူ ဩဇာသက်ရောက် လွှမ်းမိုးခြင်း လုံးဝမရှိပေ။ တစ်ဦးချင်းအနေဖြင့်ကား တရုတ်တို့သည် သွက်လက် ချက်ချာသည်။ ပျော်ပျော်နေတတ်၍ ခင်မင်နှစ်လိုဖွယ်ရာ ကောင်းသည်။

"အခုနက သွားတာ အရေးကြီးတဲ့ ကိစ္စတဲ့လား" ဟု အေဘီဂေးလ်က မေးသည်။

"မဟုတ်ပါဘူး၊ အရေးကြီးတာ ဘာမှ မရှိပါဘူး" ဟု ဂျေကော့က ဖြေ သည်။ "ဖေဖေတို့ အရင်က စီစဉ်ထားတဲ့အတိုင်း မနက်ဖြန် ပြန်မယ်"

ထိုအခိုက်မှာပင် အယ်လ်ဘေးနီးယန်းက ကိုယ်စားလှယ်သည် မိန့်ခွန်း ပြောပြီး၍ ပြန်ထိုင်သွားသည်။ ငြိမ်းချမ်းရေး ကော်မတီ ဥက္ကဋ္ဌက တက္ကသိုလ် ကျောင်းသားများအဖွဲ့ ခေါင်းဆောင်က အခမ်းအနားသိမ်း မိန့်ခွန်း ပြောပါလိမ့် မည်ဟု ကြေညာသည်။ ခန်းမအလယ်မှ မီးခိုးရောင် ကျူနစ်အင်္ကျီ ဝတ်ထား သည့် အရပ်မြင့်မြင့် တရုတ်ကျောင်းသား တစ်ဦး ထလာသည်။ ရင်အုပ်ကျယ် ကျယ် လူပုံချောချော၊ တည်ငြိမ်အေးဆေးသော မျက်နှာထားဖြင့် စင်ပေါ်တက် လာသည်။ ကျောင်းသား အားလုံးက သူ့အား ကြည့်နေပုံသည် အလွန် လေးစား ချစ်ခင်ခြင်းကို ဖော်ပြလျက်ရှိ၏။

"ရဲဘော် ချင်ကာအို" ဟု ကော်မတီ ဥက္ကဋ္ဌက စင်ပေါ်တက်လာသော ကျောင်းသားအား ဆီးကြို၍ ခေါ်လိုက်သည်။ "ရဲဘော် ချင်ကာအိုဟာ သုတေသန ဘာသာရပ်နဲ့ ဘွဲ့ရ တစ်ယောက်ပါ။ သူဟာ နိုင်ငံရေးဗေဒ ဘာသာရပ်မှာ အလွန် ထူးခြားတဲ့ ကျောင်းသားပါ။ အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ ကွန်မြူနစ် ပါတီကို ဝင်ခွင့်ရခဲ့တဲ့ လူငယ်တစ်ဦးပါ"

ချင်ကာအိုသည် စာရွက်တစ်ရွက်အား ခုံမြင့်လေးပေါ် တင်လိုက်ပြီး စကား စပြောသည်။ "ကမ္ဘာ့ ငြိမ်းချမ်းရေးကို ရအောင် ကြိုးပမ်း နေချိန်မှာ ကျွန်တော်တို့ဟာ လူတန်းစားတိုက်ပွဲ မပြီးဆုံးသေးဘူးဆိုတဲ့ အချက်ကို မမေ့ပစ်လို့

မရဘူး ဆိုတာ သိရမယ်။ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမဆို အရင်းရှင်ဝါဒနဲ့ နယ်ချဲ့ဝါဒတွေ ရှိနေသမျှ ကာလပတ်လုံး လူတန်းစား တိုက်ပွဲနဲ့ ရုန်းကန်မှုဟာ ရှိနေမှာပါ။

"ဒီ တရုတ်နိုင်ငံမှာ မကြာသေးခင် လ အနည်းငယ် အတွင်းက စီးပွား ပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ တော်လှန်ရေးဟာ ကျဆုံးခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ လူတန်းစား တိုက်ပွဲကို ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝ ထဲမှာ ပြင်းထန်စွာ လှုပ်ရှား တိုက်ခိုက်သွားခြင်းအားဖြင့် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ပါဝင် တည်ဆောက်သွားရပါလိမ့်မယ်"

ကျောင်းသားများ၏ လက်ခုပ်သြဘာသံများ ထွက်ပေါ်လာသည်။ အေ ဘီဂေးလ်က ဂျေကော့ဘက် ကပ်၍ "ဒီနေ့အဖို့ ပထမဆုံး စကားပြောကောင်းတဲ့ လူဟာ မစ္စတာ ချင်ကာဒိုပဲ" ဟု ပြောသည်။

ဂျေကော့က ဘာမှ ပြန်မပြော။ သူသည် ချင်ကာဒိုကိုသာ စိတ်ဝင် တစား ကြည့်နေသည်။ သူသည် ချင်ကာဒို၏ နိုင်ငံရေး သဘောတရားနှင့် အယူအဆ ပေါ်၌သာ အာရုံ စူးစိုက်ထားသည်။

"ဘူဇွာ လက်ယာသမား ပညာတတ်တွေဟာ တရုတ်နိုင်ငံ နေရာအနှံ့မှာ ရှိကြတယ်။ သူတို့ဟာ ကွန်မြူနစ်ပါတီရဲ့ အလိုဆန္ဒကို မနာခံ မလိုက်လျောချင် ကြဘူး" ဟု ချင်ကာဒိုက ဆက်ပြောသည်။ "အဲဒီ လူစုရဲ့ နှလုံးသားတွေထဲမှာ လက်လုပ်လက်စား အလုပ်ကြမ်းသမားတွေကို စက်ဆုပ်မုန်းတီးကြတယ်။ သူတို့ ဟာ ပန်းမျိုးတစ်ရာ တိုက်ပွဲနဲ့ကျခါမှ နေ့စဉ်နေ့တိုင်း သူတို့ရဲ့ မျက်နှာဖုံးတွေ ကွာကျ လာနေတယ်။ တကယ်တော့ သူတို့ဟာ ကွန်မြူနစ်နဲ့ ဆိုရှယ်လစ် ဆန့်ကျင်ရေးသမားတွေပါ။ သူတို့ဟာ ပါတီရဲ့ အင်အားကို စမ်းနေတဲ့ လူတွေပါ။ အဲဒီ အားစမ်းမှုကြောင့် လက်ယာသမား ဆန့်ကျင်ရေး လှုပ်ရှားမှုဟာ နောက်ထပ် အနည်းဆုံး ဆယ်နှစ် ဆယ့်ငါးနှစ်တော့ ကြာရှည်ဦးမှာပါ"

လက်ခုပ်သံများ ကြားကြရပြန်သည်။ ချင်ကာဒိုသည် လက်ခုပ်သံများ စဲသွားသည်အထိ စကား ဆက်မပြောဘဲ ရပ်စောင့်နေသည်။ သူ့ မျက်နှာသည် ပရိသတ်ဘက် လှည့်ထားသည်။ ဤအခိုက်မှာပင် ကာဒို့ မျက်နှာအား ဘေး တိုက် မြင်နေရသည်။ သူ့ မျက်နှာသည် သူ့ အမေထံမှ ဆင်းသက်လာသည့် အရိပ်လက္ခဏာများ မြင်နေရ၏။ အထူးသဖြင့် ချင်ကာဒို၏ မျက်လုံးအစုံသည် တကယ့် တရုတ်ပေတည်း။

လက်ခုပ်သံများ စဲသွားသည်နှင့် တစ်ပြိုင်နက် ချင်ကာဒိုသည် သူ့ စကားကို ဆက်ပြောသည်။ "ကျွန်တော်တို့ ကွန်မြူနစ်ပါတီ ထဲမှာကိုပဲ ဘူဇွာ စိတ်ဓာတ်နဲ့ လူတွေ အများကြီး ရှိနေသေးတယ်။ ဒီ လူတွေကို အလွယ်တကူနဲ့

ရှာလို့ ဘယ်တွေ့နိုင်မှာလဲ။ လက်ယာသမားတွေကို ဆန့်ကျင် တိုက်ခိုက်ရတဲ့ အလုပ်ဟာ ပါတီဝင် တစ်ယောက်အတွက် မလွယ်ပါဘူး။ အလုပ်သမား လူတန်းစားတွေ ထဲမှာ ပါမောက္ခတွေနဲ့ ကထိကတွေ၊ ပြီးတော့ သိပ္ပံပညာရှင်တွေ၊ သတင်းစာဆရာတွေ၊ စာရေးဆရာတွေနဲ့ ပန်းချီ ပန်းပု အနုပညာရှင်တွေ မွေး ထုတ်နိုင်ဖို့ဆိုတာ အနည်းဆုံး ဆယ့်ငါးနှစ်လောက် အချိန် ယူရမယ်။ တကယ် လို့ လူလတ်တန်းစား ပညာတတ်တွေ ဖွဲ့စည်းပြီးပြီပဲ ဆိုဦးတော့ တော်လှန်ရေးကို ဦးဆောင်နေတဲ့ ပါတီဘက်က အခိုင်အမာ ရပ်တည် လာနိုင်ဖို့ဆိုတာ သိပ်ပြီး မလွယ်လှပါဘူး"

ကာအိုသည် စကားကို ဖြတ်၍ ရပ်ထားသည်။ သူသည် သူ့ စကားအား နိဂုံးချုပ်ရန်အတွက် အတန်ကြာမျှ အချိန်ယူ၍ စဉ်းစားနေသည်။ သူသည် ခန်းမထဲရှိ ပရိသတ်အား တစ်ချက်မျှ ဝေ့ကြည့်သည်။ "အားလုံး သိကြတဲ့အတိုင်း ပဲ၊ လက်ယာသမား အများစုဟာ ပုန်းနေလို့ မရပါဘူး။ အခုဆိုရင် အထင်အရှား ပေါ်လာတာ တွေ့နေရပါတယ်။ တချို့ဆိုရင် ပါတီရဲ့ အဝေဖန်ကို ခံနေကြရပါ တယ်။ တချို့ကျတော့ သူတို့ရဲ့ အတွေးအခေါ်တွေကို ပြုပြင် ပြောင်းလဲပစ်ဖို့ အတွက် ပြည်သူလူထုနဲ့ အလှမ်းဝေးတဲ့ နေရာတွေကို ပို့ထားရပါတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ပါတီအနေနဲ့ နိုင်ငံရေးရာမှာရော၊ သဘောတရားရေးရာ မှာပါ အများကြီး ကြိုးပမ်း အားထုတ်ကြရပါလိမ့်ဦးမယ်"

ချင်ကာအိုသည် သူ့ မိန့်ခွန်းစာရွက်အား ဖျတ်ခနဲ ကောက်ယူလိုက်ပြီး စင်ပေါ်မှ ဆင်းသွားသည်။ ခဏမျှ အကြာတွင် ပါတီနှင့် အစိုးရ အရာရှိများထံမှ လက်ခုပ်သံများ ပေါ်ထွက်လာသည်။ ကာအိုသည် ခုံတန်းများ ကြားမှ သူ့ ထိုင်ခုံ ဆီသို့ ပြန်သွားသည်။ ဂျေကော့သည် ကာအို့ နောက်မှ မျက်ခြည်မပြတ် လိုက်ကြည့်လျက်ရှိ၏။ သူသည် ပီကင်းသို့ ပြန်ရောက်လာခဲ့သည့်အတွက် အတိတ်က ဖြစ်ရပ်များသည် သူ့အား ခြောက်လှန့်လျက်ရှိသည်။ ကာအိုအား ကြည့်ရသည်မှာ သူ ငယ်စဉ်ကကဲ့သို့ပင် ရဲလည်း ရဲရင့်ပုံရ၏။ သတ္တိလည်း ကောင်းပုံရလေသည်။

အတိတ်က မိမိသည် ခရစ်ယာန်ဘာသာအတွက် "သာသနာပြု" တစ်ဦး ဖြစ်ခဲ့ရသည်။ အခု သူ့သားကျတော့ ကွန်မြူနစ်ဝါဒ၏ သာသနာပြု တစ်ဦး ဖြစ်လျက် ရှိလေသည်။ ဤနှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်သည့်အခါ ဂျေကော့၏ စိတ်ထဲတွင် နာကျင်သလို ခံစားရသည်။ မည်သို့ပင်ဖြစ်စေ ကာအိုအား သက်ရှိ ထင်ရှား မြင်နေရသည့်အခါ မေ-လင်း အပေါ်၌ ထားမိခဲ့သည့် နက်ရှိုင်းသော ချစ်ခြင်းမေတ္တာ၏ ပမာဏကို အပီအပြင် သူ မြင်လာရသည်။

သူ့သမီး အေဘီဂေးလ်၏ လက်တစ်ဖက်သည် သူ့ လက်မောင်းအား လာ၍ကိုင်သည်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ကော်မတီ ဥက္ကဋ္ဌသည် နိုင်ငံခြားသား အဖွဲ့ဝင်များအား စင်ပေါ်မှ အောက်သို့ လိုက်လံ ပို့ဆောင်လျက် ရှိ၏။ အဝင် အထွက် တံခါးဆီသို့ ရောက်သောအခါ တက္ကသိုလ်မှ ပါမောက္ခများနှင့် ကထိက များသည် သူတို့အား နှုတ်ဆက်ရန် တန်းစီလျက် ရှိကြသည်။ သူ့သမီး အေဘီ ဂေးလ်သည် ချင်ကာဒိုအား လက်ဆွဲနှုတ်ဆက်လျက်ရှိ၏။

ထိုအဖြစ်ကို မြင်နေရသော ဂျေကော့သည် စိတ်ကူးယဉ်အိပ်မက် တစ်ခု ကို မက်နေသည့်နှယ် ခံစားရသည်။ သူသည် အေဘီဂေးလ်နှင့် ကာဒို တို့အား တည့်တည့် မကြည့်ပေ။ ဂျေကော့၏ မျက်နှာသည် ပြုံး၍ ရယ်၍လည်း မရ၊ တင်းတင်းမာမာ ဖြစ်လျက်ရှိသည်။ စကားပြောဖို့ စဉ်းစားမိသော်လည်း ပြော၍ မရ။

ခန်းမ၏ တံခါးဝသို့ ရောက်သည့်အခါ ဂျေကော့သည် ခဏမျှ ရပ်၍ နောက်သို့ လှည့်ကြည့်သည်။ ချင်ကာဒိုသည် လက်သီးကို ဆုပ်၍ လက်ကို မြှောက်ကာ နှုတ်ဆက်သည်။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် သူ့ နှုတ်ဖျားမှ သီချင်းသံ ထွက်လာသည်။

"အရှေ့သည် နီနေပြီ။
နေသည် ကောင်းကင်၏ အမြင့်ဆုံးနေရာသို့ ရောက်နေပြီ။
တရုတ်နိုင်ငံသည် ရှေ့သို့ လှမ်းနေပြီ"

ဂျေကော့သည် နောက်သို့ လှည့်ကာ တံခါးအပြင်သို့ ထွက်လာခဲ့၏၊ သူ့ စိတ်အာရုံထဲတွင် သူ့သား၏ မျက်နှာနှင့် သူ့သား၏ ရုပ်ပုံလွှာသည် လိုက်ပါ လာနေသည်။ ပြီးတော့ သူ့သားအား ဝိုင်း၍ ချီးကျူးသမှု ပြုနေကြသော ကျောင်းသားများ။

* * *

၁၁

"သမီး ဖေဖေနဲ့ လိုက်လာတာ ဝမ်းသာရဲ့လား ဟင်"

လေယာဉ်ပေါ်မှနေ၍ သားအဖနှစ်ယောက် တရုတ်နိုင်ငံ၏ မြောက်ပိုင်းဒေသမှ လွင်ပြင်အား လှမ်းကြည့်နေခိုက် အောဘီဂေးလ်က ဖခင်အား မေးလိုက်ခြင်းဖြစ်သည်။

"ဝမ်းသာတာပေါ့ သမီးရယ်" ဟု ဂျေကော့က ဖြေသည်။ "အခုလို လိုက်လာရတာ သမီးကော ဝမ်းမနည်းဘူးလား"

"ဝမ်းမနည်းပါဘူး။ သမီးက ဖေဖေ့ကို တအား ကျေးဇူးတင်နေတာ၊ သမီးအဖို့ အများကြီးကို အကျိုးရှိတာပဲ"

လေယာဉ်မှာ အပြာနှင့် အဖြူရောင် အစ်လ်ယုရှင်-၁၈ အဲယားလိုင်းနားမှ လေယာဉ်ကြီး ဖြစ်၏။ လေယာဉ်သည် တောင်စူးစူးသို့ ဦးတည် သွားနေခြင်းဖြစ်ရာ ရှန်ဟိုင်းနှင့် ကန်တုံဆီသို့ ဦးတည်နေခြင်းဖြစ်၏။ တရုတ် အမျိုးသမီးလေယာဉ်မယ်ကလေးသည် အနီရောင် ပိုးသား ဂျက်ကက်ဝတ်စုံ ဝတ်ထားပြီး ဆံပင်အား အနီရောင် ပိုးကြိုး စည်းထားသည်။ သူမသည် ရှာအိုဆင်း ဝိုင်ဖန်ခွက်ကလေးများအား လင်ပန်းဖြင့် သယ်လာပြီး ခရီးသည်များအား လိုက်၍ ဝေငှပေးလျက်ရှိ၏။

ဂျေကော့သည် ပြတင်းပေါက် အနီးရှိ ထိုင်ခုံ၌ ထိုင်နေခြင်းဖြစ်၍ ကောင်းကင် အပေါ်ဘက်ရှိ တိမ်များဆီသို့ လေယာဉ် ထိုးတက်သွားသည့်အခါ အောက်ဘက်ရှိ တရုတ် ရှေးဟောင်း အဆောက်အအုံများနှင့် လယ်ကွင်းများအား ငုံ့ကြည့်နေသည်။

ဂျေကော့သည် ရှာအိုဆင်း ဝိုင်အား တစ်ငုံမျှ ငုံလိုက်ပြီးသော် ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းကြည့်ပြန်သည်။ ရုတ်တရက် သူ့ခေါင်းထဲ ဝင်လာသည့်အတိုင်း ဆိုပါက လောလောဆယ် သူသည် သူ့သမီး၏ အတွေးများနှင့်

ခံစားမှုများအား လျစ်လျူရှု လာခဲ့သည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။ သူသည် လေယာဉ် မထွက်မီ သူ မလုပ်မဖြစ်သည့် အလုပ်များအား မနားမနေ လုပ်ခဲ့၏။

မနေ့ညကဆိုလျှင် ချိပ်တံဆိပ်နှိပ်၍ ပိတ်ထားသော ကိုယ်ရေးကိုယ်တာ စာတစ်စောင်သည် ဝန်ကြီးချုပ် ရုံးသို့ အရေးကြီးသော စာအဖြစ် ပေးပို့ခဲ့၏။ စာမှာ မေ-လင်းနှင့် ပတ်သက်၍ ကူညီစောင့်ရှောက်ရန် ပေးပို့ခဲ့သော စာဖြစ်၍ လူမှုရေးအရရော သံတမန်ရေးရာအရပါ အလွန် နှစ်မြို့ဖွယ် ကောင်းသော ဖြစ်၍ သူ တောင်းခံထားသည့် ကိစ္စနှင့် ပတ်သက်၍လည်း သူ့ဘက်မှ လုံးဝ အလျှော့ပေးမထားသည့် တောင်းခံမှုမျိုး ဖြစ်၏။

ယမန်နေ့ ညကဆိုလျှင် သူသည် ကောင်းစွာ အိပ်မပျော်ခဲ့။ သူ့ စိတ်အာရုံတွင် မေ-လင်းသာလျှင် ရှိနေ၏။ သူ ဝန်ကြီးချုပ်ထံ စာရေးခါမှ မေ-လင်းတွင် အန္တရာယ် ပို၍ များလာခဲ့ပါမူ၊ သို့တစေလည်း သူ လေယာဉ်ပေါ် မတက်မီ ခဏကလေးမျှ အလိုတွင် ငြိမ်းချမ်းရေး ကော်မတီဝင် ကေဒါ တစ်ယောက်သည် မထင်မှတ်ဘဲ ရောက်လာသည်။ သူသည် ဝန်ကြီးချုပ်၏ ကိုယ်ရေးလက်ထောက် တစ်ဦးထံမှ သတင်း ယူလာပြီး ပေးသည်။

သူ ပြောပြသည့်အတိုင်းဆိုပါက ဂျေကော့၏ စာအပေါ်တွင် ဝန်ကြီးချုပ်က အရေးတယူ ပြုခဲ့သည်။ ကေဒါသည် သတင်းကို အသေးစိတ် သိသူမဟုတ်။ အပေါ်ယံ ရုပ်တိုက်၍ သိခဲ့ခြင်းသာဖြစ်၍ ဘာကိုမှ အတိအကျ ပြောနိုင်ခြင်း မရှိ။ မည်သို့ပင်ဖြစ်စေ၊ ဂျေကော့အဖို့ကတော့၊ မေ-လင်းအတွက် များစွာ စိတ်သက်သာရာ ရခဲ့သည်။ မေ-လင်းအတွက် ချုအင်-လိုင်းထံ သူ ရေးလိုက်သော စာသည် တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့တော့ မေ-လင်းအား သက်သာရာ ရစေလိမ့်မည် ထင်၏။

မေ-လင်းကတော့ သူ့အား အနာဂတ် ကာလတွင် နှစ်ဦးနှစ်ဖက် အဆက်အသွယ် လုပ်၍ အကျိုးထူးစရာ မမြင်ဟု ပြောကာ သူ့ စကားအား ပယ်ခဲ့၏။ မေ-လင်း၏ စကားသည် သူ့အတွက် စိတ်ထိခိုက် ကြေကွဲစရာ ဖြစ်ခဲ့ရ၏။ သို့တစေလည်း မေ-လင်း၏ မျက်နှာအား ကြည့်လိုက်သည့်အခါ မေ-လင်းသည် တစ်ချိန်က မိမိအပေါ် ချစ်ခင်တွယ်တာခဲ့သည့် သံယောဇဉ်ကြိုးတို့ ဖြတ်တောက်၍ မရသေးသည်မှာ ထင်ရှားလျက် ရှိလေသည်။

ဂျေကော့အဖို့ သူ ချစ်ခဲ့ဖူးသူအတွက် စဉ်းစား ဆင်ခြင်ရလွန်းသဖြင့် အချိန် ကောင်းစွာ ရသည်ဟု မရှိခဲ့ပေ။ အတိတ်နှင့် အနာဂတ်အတွက် စဉ်းစားရလွန်းသဖြင့် သူ့သမီးနှင့်ပင် စကား ကြာကြာမပြောနိုင်။ တစ်ခါတစ်ရံ သူ့အဖြစ်အား ကြည့်၍ စဉ်းစားရ ခက်နေသော သမီး၏ မျက်နှာထားကို ကြည့်ကာ

သူ့ကိုယ်သူ အပြစ်မကင်းသလို ခံစားနေရ၏။ မည်သို့ပင်ဖြစ်စေ၊ အေဘီဂေးလ်သည် သူ့အဖေ ဂျေကော့၏ အဖြစ်ကို နားလည်သည့်နှယ် ခံစားနေရလေသည်။

"ကောင်းကင်ဘုံ နတ်ကွန်းမှာတုန်းက ဖေဖေ သမီးအပေါ် ယုံကြည်စိတ်ချပြီး ပြောခဲ့တဲ့ စကားတွေအတွက် သမီး သိပ်ပျော်သွားတာပဲ" ဟု အေဘီဂေးလ်က ဂျေကော့အား ကြည့်၍ ပြောသည်။ "အဲဒီတုန်းက ဖေဖေ ပြောခဲ့ဆိုခဲ့တဲ့ အတွက် သမီးတို့ သားအဖကြားမှာ ရှိနေတဲ့ မခိုင်မာသေးတဲ့ အခြေခံ ဒုတ်မြစ်ကလေးဟာ အားရှိသွားသလို ဖြစ်သွားခဲ့ရတယ်၊ သမီး ပြောချင်နေတာတွေက"

"အဲဒီအချိန်က အဲဒီ စကားတွေကို ဖေဖေ ဘာ့ကြောင့် ပြောခဲ့မိသလဲဆိုတာ ဖေဖေလည်း မသိတော့ပါဘူး" ဂျေကော့သည် လက်ထဲမှ ပိုင် ဖန်ခွက်အား နောက်တစ်ချီ တစ်ကျိုက်မျှ သောက်လိုက်ပြန်သည်။ "ဒါပေမဲ့ အဲဒီ စကားကြောင့် သမီး ပျော်သွားရတယ်လို့ သိရတော့ ဖေဖေ စိတ်ချမ်းသာပါတယ်"

"အဲဒီ စကားကြောင့် သမီး ပျော်သွားခဲ့တယ်လို့တော့ သမီး မပြောခဲ့သေးပါဘူး" အေဘီဂေးလ်သည် စကားကို ဆက်မပြောသေးဘဲ ချိန်ဆ နေသည်။ နှစ်ဦးစလုံး စိတ်ထိခိုက်ရမည့် အသုံးအနှုန်း စကားလုံးများအား မရွေးချင်။ "အဲဒီ စကားကြောင့် သမီး မပျော်ခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ စိတ်ထဲမှာ တခြားဟာ တစ်ခု ရှိနေသေးတယ်လို့ ထင်နေမိတယ်။ အဲဒီဟာကလည်း သမီးတို့ သားအဖ ကြားမှာ ရှိနေတာ၊ အရေးလည်းပါတယ် အမြဲလည်း ရှိနေတယ်။ ဒီအကြောင်းကို ဖေဖေကလည်း လုံးဝ ပြောချင်တဲ့ ဆန္ဒ ရှိပုံမပေါ်ဘူး"

ဂျေကော့က သူ့သမီးအား ဖျတ်ခနဲ လှည့်ကြည့်သည်။ မျက်လုံးများတွင် အံ့အားသင့်ခြင်းကို မြင်တွေ့နေရသည်။ "သမီး ဘာကို ဆိုလိုတာလဲ"

"ဒုက္ခက အဲဒါပဲ၊ သမီး ဘာဆိုလိုတယ် ဆိုတာကို သမီးကိုယ်တိုင် မရေမရာ ဖြစ်နေတယ်။ ဒီအရာအားလုံးက သမီးကို မပျော်မရွှင်အောင် လုပ်ထားခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ ဒါပေမဲ့ အခု ဖေဖေ့ကို သမီး ပြောချင်တာက ဒီကိစ္စနဲ့ ပတ်သက်လို့ သမီး ဘာပြဿနာမှ မထားတော့ဘူးလို့ ဆုံးဖြတ်ထားလိုက်ပြီ။

"ဖေဖေနဲ့ တရုတ်ပြည်ကို ရောက်လာပြီးကတည်းက ဒီကိစ္စကို မေ့ပစ်လိုက်တယ်။ ဒီကိစ္စက သမီးကို ဝမ်းနည်းစေခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ သမီးရဲ့ ကောင်းရာကောင်းကျိုးအတွက် ဆိုရင်တော့ ဒီဟာကို နောက်မှာထားခဲ့ပြီး အနာဂတ် အပေါ်မှာသာ အာရုံစိုက်မှ ဖြစ်မှာ"

ဂျေကော့သည် ချစ်စရာ ကောင်းသည့် နုပျိုလှပသော အေဘီဂေးလ် မျက်နှာအား ကြည့်၍ အသိတစ်ခု ဝင်လာသည်။ ဟိုး... တစ်ချိန်က သူသည်

မေ-လင်း အပေါ်၌ အဆမတန် အပြင်းအထန် ချစ်ခဲ့ဖူး၏။ ထိုစဥ်က သူသည် ဂျပန်သင်္ဘောပေါ်၌ ဆုံမိခဲ့သော မေ-လင်းအား မြင်လျှင်မြင်ချင်း ချစ်ခဲ့မိခြင်း ဖြစ်သည်။ ဖီလီစီတီနှင့် မတွေ့ဖူးခင်ကတည်းက အမြစ်တွယ်ခဲ့သော အချစ် ဖြစ်၏။ ထိုစဥ်က သူ့ရင်တွင်း၌ ဖြစ်ပေါ်လာခဲ့သော အချစ်အကြောင်းကို အေဘီ ဂေးလ် နားလည်အောင် ဘယ်လို ပြောရပါမည်နည်း။

ထို့နောက် သူသည် ဖီလီစီတီနှင့် ဆုံခဲ့ကြသည်။ သူ့အား လက်ထပ်ဖို့ ပြောခဲ့မိသည်။ ထိုစဥ်ကလည်း အကြောင်းမဲ့ မဟုတ်။ ဖီလီစီတီ အပေါ်၌ ချစ်ခင်တွယ်တာစိတ် ရှိ၍သာ ပြောခဲ့မိခြင်းဖြစ်၏။ ထို့နောက် ဖီလီစီတီ ကွယ် လွန်သွားခဲ့ရပြီး မေ-လင်း အပေါ်၌ ယခင်က ထားရှိခဲ့သော ချစ်ခြင်းသည် ပြန်လည် အသက်ဝင်ကာ နှစ်ဦးနှစ်ဖက်စလုံး ရှင်သန်ခဲ့ရပြန်၏။ ဤအဖြစ်ကို သမီး အေဘီဂေးလ်အား ပြောပြ၍ ဖြစ်ပါမည်လော။

ဂျေကော့အတွက် အဆိုးဆုံးနှင့် အခက်ခဲဆုံးကား တခြား မဟုတ်။ မိမိ တွင် မေ-လင်းနှင့် ရသော သား တစ်ယောက် ရှိနေသော အရေးကိစ္စ ဖြစ်၏၊ သူ သိခဲ့ရသည်မှာ ရက်များစွာ မကြာသေး၊ ဖအေတူမအေကွဲ မောင်တစ်ယောက် ရှိနေသည်ဟု ပြောရန်မှာ ခက်ခဲလှပါဘိခြင်း၊ အထူးသဖြင့် ထို မောင်ငယ်သည် မေ-လင်းနှင့် ရသော သားဟု ပြောရန်ကား ပို၍ ခက်ခဲလှလေသည်။

အေဘီဂေးလ်ကတော့ သူ တရုတ်ပြည် လိုက်လာရသည့်အတွက် သူ့တွင် အကျိုးဖြစ်ထွန်းသည်ဟု ယူဆထားသည်ဖြစ်ရာ သူ့ သဘောထားကို သူ့ ဖခင် အား ပြောပြသည်။ "သမီးအဖို့ တရုတ်ပြည် လိုက်လာရတာဟာ အလွန် အရေး ပါ အရာရောက်တဲ့ အရာတွေကို ရလာတယ်လို့ ယုံကြည်တယ်"

"အဲဒါက ဘာလဲ သမီး" ဟု ဂျေကော့က မေးသည်။

"သမီး အတိအကျ ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ဘူး။ ဖေဖေ ဒီနိုင်ငံမှာ နှစ်ပေါင်း နှစ်ဆယ်ကျော် နေခဲ့တာပဲ။ အခု ပြန်ရောက်လာတော့လည်း ဖေဖေ့ ကြည့်ရတာ စိတ်လှုပ်ရှားနေတုန်းပဲ။ ဟိုတုန်းက ဖေဖေ ဒီရောက်လာတော့ ဖေဖေ့ အသက်အရွယ်ဟာ အခု သမီးရဲ့ အသက်အရွယ်ပေါ့။ ဘယ်လိုပဲ ကြည့် ကြည့်၊ နယ်မြေဒေသ ရှုခင်းတွေ၊ လူတွေနဲ့ အတိတ်က ဧကရာဇ် ဘုရင်တွေရဲ့ လက်ရာ အစအနတွေကို ဟိုနေရာ သည်နေရာတွေမှာ ဖေဖေ မြင်ခဲ့ရတယ် မဟုတ်လား။ အားလုံးဟာ ကောင်းကင်ဘုံ နတ်ကွန်းမှာ စပြီး ဖြစ်ခဲ့တာလား ဒါပေမဲ့ အခု ဖြစ်နေတာက သမီး ကိုယ်တိုင်လည်း ဖေဖေ ဟိုတစ်ချိန်က အဖမ်း စား ခံရသလို ဖြစ်နေတာပဲ"

"ဒါပေမဲ့ တရုတ်နိုင်ငံထဲမှာ ပြောင်းလဲမှုတွေက အများကြီး ဖြစ်နေ တာကို ဖေဖေ သိနေရတယ်" ဟု ဂျေကော့က ပြောသည်။ သူ့ စိတ်ထဲတွင်

ဘာ့ကြောင့်ရယ် မသိ၊ သူ သိထားသည့် အပြောင်းအလဲများအား ကြောက်ရွံ့နေမိသည်။

"ကွန်မြူနစ်တွေကတော့ အတိတ်ကို ဖုံးကွယ်ထားချင်ကြတယ်။ ဒါပေမဲ့ အဲသလို လုပ်ထားတော့ အပြင်လူတွေက ပိုပြီး သိချင်စိတ်နဲ့ သတင်းတွေကို မရ ရအောင် လုပ်လာကြတော့တာပေါ့" ဟု အောဘီဂေးလ်က ပြောသည်။ "ကြမ်းတမ်း ခက်ထန်မှုနဲ့ ကျပ်တည်းမှုတွေဟာ လူတွေကို သိပ်ပြီး ပြင်းပြင်းထန်ထန် ကြိုးပမ်း အားထုတ်လာအောင် တွန်းအားပေးတာတော့ အမှန်ပဲ။ တက္ကသိုလ်မှာ တွေ့ခဲ့ရတဲ့ ကျောင်းသားတွေကတော့ အနာဂတ်ကာလ အပေါ်မှာ ယုံကြည်မှု ကြီးမားနေကြပုံ ပေါ်တယ်။ အထူးသဖြင့် နိဂုံးချုပ် မိန့်ခွန်း ပြောသွားတဲ့ ကျောင်းသားကဖြင့် အထူးခြားဆုံးပဲ။ ကြည့်ရတာကတော့ ကျောင်းသားအားလုံးမှာ ရည်မှန်းချက်တွေကတော့ ကြီးမားကြပုံပဲ၊ သမီး အပီအပြင် မရတာ အဲဒါပဲ"

"သမီး ဆိုလိုချင်တာက"

"သမီး ဒီကို ပြန်လာချင်တယ်"

ဂျေကော့က သူ့သမီး မျက်နှာအား တင်းမာသော မျက်နှာထားဖြင့် ကြည့်သည်။ "ဘာလုပ်ဖို့ ပြန်လာမှာလဲ"

"စိတ်မပူပါနဲ့၊ သမီး ကွန်မြူနစ် မဖြစ်ပါဘူး၊ ဒီနိုင်ငံမှာ သမီးကို ဆွဲဆောင်နေတာက နိုင်ငံရေး မဟုတ်ပါဘူး၊ ဖေဖေရဲ့"

"ဒါဆိုရင် ဘာလဲ"

"ရိုးရိုး စင်းစင်းလေးပါ၊ သမီးကို ဆွဲဆောင်နေတာ လူတွေပါ"

ဂျေကော့သည် ဖန်ခွက်ထဲမှ ဝိုင်အား တစ်ငုံမျှ သောက်လိုက်သည်။ ပြတင်းပေါက် အပြင်ဘက်ရှိ တိမ်တောင် တိမ်လိပ်များသည် လေယာဉ်ပေါ်သို့ လွှမ်းခြုံထားသည်။ သူသည် သူ့သမီးဘက်သို့ လှည့်ကြည့်သည်၊ "သမီး အခု ပြောနေတဲ့ စကားဟာ သမီးကိုယ်သမီး သေချာရဲ့လား"

"သေချာတယ်၊ သမီး ဆုံးဖြတ်ထားပြီးပြီ" ဟု အောဘီဂေးလ်က အေးဆေး တည်ငြိမ်လာသော လေသံဖြင့် ပြန်ပြောသည်။ "သမီး ဆုံးဖြတ်ပြီးပြီလေ၊ သမီး ပြန်လာမယ်၊ တရုတ်ပြည်မှာ အလုပ် လုပ်မယ်"

* * *

အပိုင်း ခြောက်

ချိတက်သူများ အဆင့်ကွဲခြင်း

၁၉၆၆

ကွန်မြူနစ်တို့အား ဆန့်ကျင်တိုက်ခိုက် ဝေဖန်သော ပေါက်ကွဲမှုသည် ၁၉၅၇-ခုနှစ် မော်စီ-တုန်း၏ ပန်းမျိုးတစ်ရာ လှုပ်ရှားမှုဖြင့် ထိပ်တိုက် တွေ့ရသည်။ ယင်း လှုပ်ရှားမှုသည် တရုတ်နိုင်ငံ၏ တော်လှန်ရေးတွင် သမိုင်းဝင် မှတ်တိုင် တစ်ခု ဖြစ်ခဲ့လေသည်။ ပြန်လည်ဆန်းစစ် ကြည့်လိုက်သည့်အခါ ခရီးရှည်ချီတက်ပွဲကြီး အတွင်းက ကွန်မြူနစ်ပါတီအား ချုပ်ကိုင်ထားနိုင်ခဲ့သည့် မော်စီ-တုန်း၏ ဩဇာအာဏာသည် ပထမဆုံး အကြိမ်စိန်ခေါ် ခံခဲ့ရသော ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ချေသည်။

ထိုပွဲ၏ နောက်မှ တစ်ဆက်တည်း လိုက်ပါလာသည့်ပွဲကား 'ပြုပြင်ပြောင်းလဲရေး တိုက်ပွဲ' ဖြစ်၍ ယင်း တိုက်ပွဲကြောင့် 'လက်ယာသမား' လေးထောင်ကျော်မျှ အဖမ်းဆီးခံခဲ့ရပြီး လူအများစုသည် နောက် အနှစ် နှစ်ဆယ်ကြာအထိ အလုပ်ကြမ်း စခန်းများ၌ နေထိုင်ခဲ့ကြကာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ်ကို ခံခဲ့ကြရလေ၏။

ထိုအချိန် ထိုကာလမှ စ၍ မော်နှင့် အမျိုးသား တစ်ရပ်လုံး၏ ပညာတတ် လူတန်းစားတို့သည် တစ်ဦးကို တစ်ဦး မယုံကြည်ကြတော့ချေ။ မော်သည် တရုတ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် တရုတ် ပညာတတ်လူတန်းစားများအား လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိစေရတော့ပေ။ ယင်းတို့အစား သူသည် သူ့အမြင်၌ ရိုးသားဖြူစင်ပြီး အကျင့် ပျက်ပြားမှု ဟူ၍ လုံးဝ မရှိသေးသော အင်းအားစုများ အပေါ်၌ သူ့ယုံကြည်မှုကို ပုံ၍ အပ်နှံထားခဲ့သည်။ ပထမ အင်အားစုသည်

အမျိုးသား တစ်ရပ်လုံး၏ ဘီလီယံ တစ်ဝက်မျှ ရှိသော လယ်သမားများဖြစ်၍ နောက်ပိုင်းတွင် ကျောင်းသားကျောင်းသူ အသက်အရွယ်နှင့် ကျောင်းသား တပ်နီလူငယ်များ ဖြစ်လေသည်။

စိတ်နေစိတ်ထား အနေဖြင့် တွက်လျှင် မော်သည် စိတ်အပြောင်းအလဲ မြန်တတ်၍ စိတ်တိုလွယ်သော သဘောရှိသည်။ သူသည် ခရီးရှည် ချီတက်ပွဲကြီး၌ အတွေ့အကြုံအများအပြား ရခဲ့သူဖြစ်၍ လူ့အလိုဆန္ဒက မနိုင်နင်းနိုင်သော အဟန့်အတားနှင့် အခက်အခဲ ဟူ၍ မရှိနိုင်ဟု ပြင်းပြထက်သန်သော စိတ်ဖြင့် ယုံကြည်နေသူ ဖြစ်ပေသည်။ ထိုယုံကြည်မှုကြောင့်လည်း သူသည် တချို့ ကိစ္စများအား သူကောင်းသည် ထင်သလို ဖွတ်လုပ်တတ်လေသည်။

အခုလည်း ပြဿနာဖြစ်ပြီး နောက်တစ်နှစ် ၁၉၅၈-ခုနှစ်တွင် ရုတ်တရက် ပေါ်ပေါက်လာသည့် ဘေးအန္တရာယ်အားကျော်လွှားနိုင်ရန် ဟူသော ရည်မှန်းချက်ဖြင့် မဟာ ရှေ့သို့ကျော်လွှားမှုဟူသော တိုက်ပွဲလုပ်ငန်းစဉ်အား ချမှတ်သည်။

ဤ တိုက်ပွဲသစ်မျိုးမှာ ကွန်မြူနစ် ကမ္ဘာ၌ လုံးဝ မရှိခဲ့ဘူးပေ။ တရုတ်နိုင်ငံ၏ ကျေးလက်ဒေသ တစ်ခုလုံးရှိ လူဦးရေတစ်ရပ်လုံးအား လျင်မြန်စွာ စည်းရုံးသိမ်းသွင်းပြီး မိသားစုများအား စုပေါင်း နေထိုင်စေပြီး တာဝန်နှင့် ရပိုင်ခွင့် အညီအမျှရယူခံစားနိုင်သော လူ့အဖွဲ့အစည်းများ ဖွဲ့စည်းပေးသည်။ တစ်နည်းအားဖြင့် 'ပြည်သူ့ဘုံအဖွဲ့' ဟု ခေါ်သော အဖွဲ့အစည်းများဖြစ်၏။

ထို ဘုံအဖွဲ့တွင် မိသားစုအားလုံး သွားရောက်နေထိုင်ကြရသည်။ ဆောက်ပေးထားသည့် တန်းလျားများ၌ နေကြရခြင်းဖြစ်၍ လင်ယောကျ်ားများက သတ်သတ် ဇနီးမယားများက သတ်သတ် တသီးတခြားစီ ခွဲနေကြရ၏။ တစ်နည်းအားဖြင့် ပြောရလျှင် အိပ်တော့ လင်သတ်သတ် မယားသတ်သတ် ကိုယ့်တန်းလျား၌ ကိုယ် အိပ်ကြရသည်။ သူတို့၏ သားသမီးများကိုမူ ကလေးထိန်းဌာနများ၌ ထားကြရ၏။

ယခင် ဖွဲ့စည်းတည်ထောင်ခဲ့သော လယ်ယာစိုက်ပျိုးရေး သမဝါယမအဖွဲ့ငယ်များနှင့် နှိုင်းယှဉ်လိုက်သည့်အခါ လယ်ယာ သမဝါယမ အသင်းများမှာ တစ်သင်းလျှင် အသင်းဝင် လူဦးရေ တစ်ထောင်ခန့်သာလျှင် ရှိ၏။ ယခုမှ အသစ် ဖွဲ့စည်းသည့် ပြည်သူ့ဘုံအဖွဲ့မှာမူ တစ်ဖွဲ့လျှင် အသင်းဝင်ဦးရေ သုံးသောင်း ဝန်းကျင်ရှိလေသည်။ ဘုံရိပ်သာများသည် တရုတ်တို့အား စိတ်ကူးယဉ် ယူတိုပီယန် ကွန်မြူနစ်ဝါဒ ဘက်သို့ ပို့ဆောင် ပေးခြင်းဖြစ်၏။

ထိုစဉ်က တရုတ်တို့သည် အနောက်တိုင်း စက်မှုလက်မှု အမျိုးသားများနှင့် ဆယ်စုနှစ် သို့မဟုတ် ဆယ်စုနှစ် နှစ်နှစ်မျှ ပေါင်းစပ်၍ မိမိတို့ကိုယ် မိမိတို့ စိုက်ပျိုးရေးလုပ်ငန်း၊ ကျေးလက် စက်မှုလုပ်ငန်း၊ ပညာရေး၊ ကာကွယ်ရေးနှင့် ကျန်းမာရေး စသည့် လုပ်ငန်းများတွင် မိမိတို့ကိုယ် မိမိတို့ အားကိုးသမှု ပြု၍ အလုပ် လုပ်သွားရန် စီမံထားလေသည်။

ယင်းကဲ့သို့သော ဘုံရိပ်သာ အတော်များများအား မြို့ကြီး ပြကြီး တချို့တွင် တည်ထောင်ပေးခဲ့ရုံမျှမက လယ်သမားများ နှင့် မြို့နေလူတန်းစား အလုပ်သမားများအား ညပိုင်းများတွင် သံနှင့်သံမဏိ ထုတ်လုပ်သည့် လုပ်ငန်းများကို လုပ်ဆောင်စေခဲ့ သည်။ ဤ အလုပ်ကို တစ်နေ့လုံး တစ်ညလုံး လုပ်ကိုင်စေခြင်း အားဖြင့် မော်၏ စီမံကိန်းများအား တုံ့ပြန်အောင် ပိုင်းဝန်း အားပေးခဲ့ကြလေသည်။

ပထမတော့ မြို့နေအလုပ်သမားများနှင့် တောနေ လယ် သမားများသည် မော်၏ အစီအစဉ်အတိုင်း သံနှင့် သံမဏိ လုပ်ငန်းများကို သူတို့ အိမ်နောက်ဖေးဘက်တွင် မီးဖိုကြီးများ တည်၍ ထုတ်လုပ်ခဲ့ကြသည်။ "တစ်ညတာ ထုတ်လုပ်မှုသည် ယခင်က ထုတ်လုပ်ခဲ့သည့် ထောင်ပေါင်းများစွာသော ကုန် ပစ္စည်းများအား ကျော်လွှန်နိုင်စွမ်းရှိသည်" ဟူသော စကားမျိုး ကိုပင် မော်က ပြောကာ သူ့နောက်လိုက်များအား တိုက်တွန်း အားပေးခဲ့၏။

သို့တစေလည်း ဖြစ်ပျက်လာသမျှ အားလုံးသည် ပန်း ပေါင်းတစ်ရာ စီမံကိန်းတုန်းကလိုပင် အတွက်အဆတွေ

လွဲကုန်သည်။ အထူးသဖြင့် မော်၏ မှန်းဆမှုများသည် အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်သည်။ စီးပွားရေးသည် ကျဆင်းလာသည်။ ဂျုံ၊ ဆန်စပါးမှအစ ကောက်ပဲသီးနှံ အထွက်နှုန်းများသည် ဒလဟော ထိုးကျလာသည်။ ၁၉၅၉-၆၁ ခုနှစ်အထိ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း စသည်များ ဖြစ်ပွားလာခဲ့ရာ သုံးနှစ်လုံးလုံး ဒုဗ္ဘိက္ခန္တရကပ်ခေါ် အငတ်ဘေးကြီးသည် တရုတ်နိုင်ငံတွင်းသို့ ပြန်လည် ဆိုက်ရောက်လာခဲ့ရာ လူ သန်းပေါင်းနှစ်ဆယ်ခန့်သည် အငတ်ဘေးဖြင့် သေဆုံးခဲ့ကြရလေ၏။

မော်သည် သူ ချမှတ်ဆောင်ရွက်ခဲ့သော ပေါ်လစီ မူဝါဒများ မအောင်မမြင်ဖြစ်ကာ ကျဆုံးရခြင်းအတွက် တာဝန်ယူရန် ငြင်းဆန်ခဲ့သည်။ သူ ချမှတ်ပေးထားသည့် အမိန့်များအတိုင်း ကျေးလက် ကေဒါများက မှန်ကန်စွာ အကောင်အထည် မဖော်နိုင်ခဲ့၍သာ အခုလို အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်ခြင်း ဖြစ်သည်ဟု သူက ဆိုခဲ့သည်။ တကယ်တော့ မော်သည် သူ့ပတ်လည်ရှိ လက်တွေ့ဆန်ဆန် စဉ်းစားစိတ်ကူး လုပ်ဆောင်တတ်သည့် ခေါင်းဆောင်များ၏ ဆန္ဒများအား လျစ်လျူရှုခဲ့ခြင်း ဖြစ်၏။

ထို ခေါင်းဆောင်များသည် သူ စိတ်ထင်ရာ မလုပ်ရန် ဖိအားပေးခဲ့ကြသော်လည်း ထိုစဉ်က နိုင်ငံတော် အကြီးအကဲဖြစ်နေသော မော်သည် ၁၉၅၉-ခုနှစ်ထဲတွင် သူ့သဘောနှင့်သူထင်ရာ စိုင်းခဲ့၏။ ထိုစဉ်က သူ့အား နိုင်ငံတော် အကြီးအကဲရာထူးနေရာမှ ဖယ်ရှားကာ သူ့ နေရာ၌ ကွန်မြူနစ်ပါတီဒုဥက္ကဋ္ဌ လိယူ ရှာအို-ချီအား အစားထိုးရန် စီစဉ်ထားကြသည်။

သို့သော်လည်း မော်သည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌအဖြစ်မှ ကျဆင်းသွားခြင်းမရှိ။ သူ၏ မဟာရှေ့သို့ ကျော်လွှားမှုကြီးမှ ဆုံးရှုံးမှုများကြောင့် ယခင်ကလို လူကြိုက်များသည့် ပုဂ္ဂိုလ်တစ်ဦးတော့ မဟုတ်တော့ပေ။ အထူးသဖြင့် နိုင်ငံ၏ အုပ်ချုပ်မှုရေးရာ ကိစ္စများတွင် နေ့စဉ်နှင့်အမျှ ပါဝင် ဦးစီးနိုင်သော အနေအထားသို့ကား ရောက်မလာတော့ပေ။ ပါတီ၏ စုပေါင်းခေါင်းဆောင်မှုသည် ပန်းမျိုးတစ်ရာ လုပ်ငန်းကြောင့် အမည်းစက်များ ထင်ကာ နာမည်ကျော်ကုန်ကြလေပြီ။

ခရီးရှည် ချီတက်ပွဲကြီးတွင် သူရဲကောင်းတစ်ဦး ဖြစ်ခဲ့သော လက်ရှိ ကာကွယ်ရေး ဝန်ကြီးဖြစ်သူ ပင်တာ-ဟွာ သည် မော်၏ တစ်ရှူးထိုး တဇောက်ကန်း လုပ်မှုများအတွက် ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ခြင်း ပြုခဲ့သည်။ သို့သော်လည်း မော်သည် သူ့ လုပ်ဖော်ကိုင်ဖက် ကာကွယ်ရေးဝန်ကြီးအား ရာထူးမှ ထုတ်ပစ်ရန် ကျန်ခေါင်းဆောင်ပိုင်းအား စည်းရုံးသိမ်းသွင်းထားပြီးခဲ့လေပြီ။

ဤသို့ဖြင့် ခေါင်းဆောင်များကြားတွင် အကွဲအအက်များသည် လူသိရှင်ကြား ဖြစ်လာသည်။ ၁၉၆ဝ-ပြည့်နှစ်များ၏ အစောပိုင်း နှစ်ကာလများ အတွင်းတွင် သမ္မတ လိ-ယူ၊ ပါတီ အထွေထွေ အတွင်းရေးမှူး တင် စီယာအို-ပင်းနှင့် ဝန်ကြီးချုပ် ချူအင်-လိုင်း တို့သည် တရုတ်နိုင်ငံအား ကျိုးကြောင်းဆင်ခြင်တုံတရားများ ထားရှိသော လမ်းကြောင်းပေါ် သို့ ပြန်၍ တင်ပေးကြသည်။ ဘုံရိပ်သာများအား အသေးစား ယူနစ်ငယ်များအဖြစ် ပြန်လည် ဖွဲ့စည်းပေးကြသည်။ ပုဂ္ဂလိကပိုင် လယ်ယာမြေ စနစ်ကို ပြန်လည်ကျင့်သုံးစေသည်။ ဤသို့ဖြင့် တရုတ်ပြည်သူ အများစုသည် မူလ သာမန်ဘဝကို ပြန်လည်ရရှိခဲ့ကြလေ၏။

မည်သို့ပင်ဖြစ်စေ ထိုအချိန်တွင် ပါတီခေါင်းဆောင်ပိုင်းမှရော အခြားအရေးပါ အရာရောက်သူများပါ လုံးဝ မသိသော အကြောင်းခြင်းရာ တစ်ခုသည် ဖြစ်ပွားလျက်ရှိသည်။ ယင်းကား တားမြစ်မြို့တော် ဘေးရှိ ရွှေပြားများ မိုးထားသည့် အဆောင် တစ်ခု၌ နေထိုင်လျက်ရှိသော မော်သည် ဖြစ်ရပ်အားလုံးနှင့် လူအားလုံး၏ နောက်ကွယ်၌ သူ လုပ်ခဲ့ပြီးသမျှ လုပ်ရပ်အားလုံးကို ပြန်တွေးကာ မှိုင်တွေချလျက် ရှိလေသည်။

ထို အချိန်က ပြင်ပကမ္ဘာမှ နိုင်ငံများသည် မော်စီ-တုန်း တစ်ယောက် မည်မျှလောက်အထိ ဩဇာ အရှိန်အဝါ ယုတ်လျော့ ကျဆင်းသွားသည်ကို မည်မည်ရရ မသိကြချေ။ သို့သော်လည်း နောက်ပိုင်းကျမှ သိလာကြရသည့်အတိုင်းဆိုပါက သူသည် သမ္မတ လိ-ယူ၊ တင် စီယာအို-ပင်းနှင့် သူတို့အား ထောက်ခံ ကူညီနေကြသူများ၏ လက်တွင်းမှ တရုတ်နိုင်ငံအား

ပြန်ယူ၍ သူ့ ဩဇာအာဏာ လွှမ်းမိုးနိုင်ရေးအတွက် နှစ်ပေါင်းများစွာ ကျိတ်၍ ကြံစည်နေခြင်း ဖြစ်လေသည်။

အမှန်စင်စစ်အားဖြင့် ထို လူစုနှင့် သူ့ကြားတွင် နိုင်ငံရေးအယူအဆနှင့် သဘောထား ကွဲလွဲမှုများမှာ ပါးပါးလေးမျှသာ ဖြစ်၏။ သူ အပါအဝင် အားလုံးသည် အခြေခံ ယုံကြည်ချက်များ တူညီကြသည်။ သို့သော်လည်း သူ့ ရုပ်လွှာအား အလျင်အမြန် ပြောင်းလဲလျက်ရှိသော တစ်မျိုးသားလုံးကြား၌ ထင်ရှားကျော်ကြားကာ သူသာလျှင် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လိုသော မော်၏ အလိုဆန္ဒသည် အသက်ကြီးလာပြီး ကျန်းမာရေးယိုယွင်း ပျက်ပြားလာချိန်အထိ လျော့နည်းသွားခြင်း မရှိပေ။ သူ့အပေါ် အားလုံးက ယုံကြည်မှု ကင်းမဲ့နည်းပါး သွားသဖြင့် လုပ်စရာ အလုပ် ဘာမှ မရှိ ဖြစ်ကာ သူ့ကိုယ်သူ ဇွတ်အတင်းတိုက်တွန်းပြီး အနားယူ နေရချိန်အထိ၊ ထိုစိတ်နှင့် ထိုဆန္ဒများသည် ပျောက်သွားခြင်း မရှိပေ။

ထိုအချိန်က မော်သည် စတာလင် ဖြစ်သကဲ့သို့ပင် အာဃာတ ကြီးမားခြင်းအား အရင်းခံသော စိတ်ရောဂါ စွဲကပ်နေပြီဖြစ်ရာ သူသည် သူ မရှိတော့သည့်နောက် သူ့နေရာအား ဆက်ခံမည့် လူက သူ့အား ပြစ်တင်ဝေဖန်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ရှုတ်ချခြင်း စသည်များ အလုပ်ခံရမည်ကို တွေးကာ စိတ်ချောက်ချားလျက်ရှိ၏။

မော်၏ ဒဏ္ဍာရီ ပုံပြင်ဆန်လွန်းသော လုပ်ရည်ကိုင်ရည်စွမ်းအားသည် တဖြည်းဖြည်းနှင့် ညံ့ဖျင်းသည်ထက် ညံ့ဖျင်းကာ တစ်နေ့တခြား ဆိုးဝါးသည်ထက် ဆိုးဝါးပြီး ဆုတ်ယုတ်လာခဲ့သည်။ ဤသို့ဖြင့် ၁၉၆၅-ခုနှစ် နောက်ပိုင်း ကာလတွင် ကွန်မြူနစ် တရုတ်နိုင်ငံ၏ အဆိုးဆုံးသော ဖုံကွယ်မှု အရေးအခင်းကြီးတစ်ခုသည် သတင်းစာ မျက်နှာဖုံးများတွင် ပါလာသည်။

ထို ကိစ္စမှာ ရက်တရက်ထ၍ ဖန်တီးလိုက်သော နိုင်ငံရေးတိုက်ပွဲတစ်ပွဲ ဖြစ်၍ အချို့သော စာရေးဆရာများနှင့် ယင်းတို့၏ စာပေများအား ဝေဖန် ရှုတ်ချ တိုက်ခိုက်ခြင်းဖြစ်၏။ ယင်းလုပ်ရပ်ကြီးသည် အခြေခံ ဗဟုသုတ ဘာမှ မရှိသော သာမန်တရုတ်လူမျိုးများနှင့် နိုင်ငံရပ်ခြားမှနေ၍ စောင့်ကြည့်နေကြ

သော တရုတ်လူမျိုးများ အဖို့ကား နားဝေတိမ်တောင် ဖြစ်ကာ အတွေးအခေါ် အယူအဆများ လွဲမှားစေခဲ့သည်။ အများစုမှာ ရုတ်တရက် ပေါ်ပေါက်လာခဲ့သော ထို အုံကြွမှုအား တစ်မျိုး တစ်ဖုံ အမှတ်မှားစေခဲ့၏။ သို့တစေလည်း နောက်ဆုံးတွင်မူ ထို အရေးအခင်းသည် ပီကင်းအား အုပ်ချုပ်နေကြသော ထင်ရှားသည့် ပါတီခေါင်းဆောင်များအား ဦးတည်၍ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိလာကြလေသည်။

၁၉၆၆-ခုနှစ် နွေရာသီတွင် လူအများ၏ မြင်ကွင်း အတွင်းမှ ကွယ်ပျောက် နေခဲ့သော မော်သည် မမျှော်လင့်ဘဲနှင့် တခမ်းတနား ဟန်ပန် အမူအရာမျိုးဖြင့် ဘွားခနဲ ပေါ်လာ သည်။ သူ ကိုယ်သူ မထင်မရှား လုပ်နေရာမှ တစ်ရက်တွင် ထွက်ပေါ်လာပြီး ယန်ဇီမြစ်ထဲသို့ ဒိုင်ဗင်ထိုးချလိုက်ကာ အလွန် အစီးသန်သော ရေစီးကြောင်းအတိုင်း အစုန်ဘက်သို့ မိုင်ပေါင်း များစွာ ကူးသွားခဲ့လေ၏။

မော် ရေကူးနေသည့် ဓာတ်ပုံ အများအပြားကို ရိုက်၍ ထို ထူးခြားသော လုပ်ဆောင်မှုကို အံ့အားသင့်စရာ တစ်ခု အဖြစ် ပီကင်းမှနေ၍ နိုင်ငံတကာ သတင်းဌာနများသို့ ပေးပို့ ခဲ့သည်။ နောက်ပိုင်း အချိန် အတော်ကြာသွားသည့် အခါကျမှ ထို လုပ်ရပ်၏ နောက်ကွယ်မှ မော်၏ အကွက်စေ့စေ့ ချမှတ် ထားသော လျှို့ဝှက်ချက်များသည် ပေါ်ပေါက်လာသည်။

သူသည် တိတ်တဆိတ် ကျိတ်၍ မြို့တော် ပီကင်းအား ထိန်းချုပ်ထားနိုင်သည့် စစ်တပ်အား သူ့ ညာလက်ရုံးသဖွယ် အားကိုးရသည့် လူယုံတော် မာရှယ် လင် ပီယာအို မှ တစ်ဆင့် ဩဇာလွှမ်းမိုးအောင် လုပ်ထားပြီးခဲ့လေပြီ။ မာရှယ် လင် ပီယာ အိုမှာ သူ့အား ဆန့်ကျင်ခဲ့သည့် ကာကွယ်ရေး ဝန်ကြီးနေရာ၌ အစားထိုးထားသူဖြစ်၍ သူ၏ ကျေးဇူးခံ ကျေးဇူးစားအဖြစ် သတ်မှတ်ထားသူ ဖြစ်လေသည်။

သူသည် စစ်တပ် အင်အားကိုသုံးကာ ပါတီ၏ အရေးပါ အရာရောက်သော ဝါဒဖြန့်ချိမှု လုပ်ငန်းဟူသမျှနှင့် ပြည်သူ တစ်ရပ်လုံးနှင့် ဆက်သွယ်ရေးဆိုင်ရာ မီဒီယာ အားလုံးကို ထိန်းချုပ်ထားခဲ့ပြီးပြီ ဖြစ်၏။ ထိုစဉ်က သူ့တွင် စိတ်ကူးသစ်

တစ်ခုလည်း ရှိထားခဲ့လေပြီ။ ထိုမျှသာမကသေး ထို စိတ်ကူးသစ်အား အကောင်အထည် ဖော်ရန်ပင် ဆောင်ရွက်ထားခဲ့ပြီးလေပြီ။

သူ၏ စိတ်ကူးသစ်မှာ "ပြောက်ကျားစနစ်" အခြေခံသော တပ်နီ အထူးတပ် တစ်တပ် ဖွဲ့စည်းတည်ဆောက်ထားလိုက်ခြင်း ဖြစ်၏။ သူသည် ထို တပ်သစ်အား အသုံးပြု၍ တစ်နိုင်ငံလုံး အတိုင်းအတာ ပမာဏနှင့် သူ့ ရန်သူများဟု သတ်မှတ်ထားသည့် ပါတီခေါင်းဆောင်များအား သစ္စာခံနေကြသော ပါတီကေဒါ အားလုံးကို သုတ်သင် ရှင်းလင်းရန် အစီအစဉ် ချမှတ်ထားပြီးပြီ ဖြစ်၏။

သူ့ အစီအစဉ်အား ကူညီရန်အတွက် သူသည် ပြုပြင်ပြောင်းလဲမှု ဟူသမျှအား အမြစ်မှလှန်၍ ပြုပြင်ပြောင်းလဲရန် လိုလားသည့် ကျောင်းသားများအား စည်းရုံးသည်။ သူသည် ဒုတိယအဆင့် ကေဒါများအား စုစည်းကာ သူ့ ကိုယ်ပိုင် ယဉ်ကျေးမှု တော်လှန်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့၏။

ရှေးခေတ် တရုတ်ဘုရင် ကေရာဇ်များ၏ လက်ထက် အခါကလည်း အာဏာရှိ အတွင်းပိုင်း ကောင်စီအဖွဲ့များ ထဲတွင် ယင်းတို့၏ မှူးမတ်များအား ဆန့်ကျင်ရန်အတွက် လျှို့ဝှက် အဖွဲ့ဝင်များ ခန့်ထား စေခိုင်းလေ့ရှိ၏။ ကွန်မြူနစ်ဝါဒီ တစ်ဦး ဖြစ်သော မော်သည် ရှေးခေတ် အင်ပါယာ ဘုရင် ကေရာဇ်များ နည်းအား သူ့ အကျိုးရှိရေးအတွက် အသုံးပြုခဲ့လေသည်။

မော်၏ ဇနီး ချိအန် ချာအင်သည် သူတို့ အုပ်စုထဲတွင် အထင်ရှားဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ ၁၉၆၆-ခုနှစ် ဩဂုတ် လထဲတွင် မော်သည် ပါတီ တစ်ရပ်လုံးမှ လူစုံတက်သော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပသည်။ သို့တစေလည်း ရိုးရိုးတန်းတန်း ကျင်းပခြင်းမျိုး မဟုတ်။ သူ တိတ်တဆိတ် ဖွဲ့စည်းထားသည့် တပ်နီ လုံခြုံရေးတပ်ဖွဲ့၏ အင်အားကို ပါတီညီလာခံ တက်လာသူများအား ပြသခဲ့သည်။

ထိုစဉ်က ကွန်မြူနစ်ပါတီအတွက် မျက်နှာပန်း လှစေရန် ပြုလုပ်ထားသည့် "လူ့ အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ

အသွင်အပြင်များ ပြုပြင် ပြောင်းလဲရေး" နှင့် "အရင်းရှင် လမ်းကြောင်းအား ပြန်လည် ရယူနေကြသည့် ပါတီတွင်းမှ အာဏာရ ပုဂ္ဂိုလ်များအား တရားဝင် ဖြုတ်ချ ဖယ်ရှားရေး" စသော အစီအစဉ်များကို ရှေ့တန်းတင်ကာ အမြင်အထင် ကောင်းစေခဲ့သည်။

၁၉၆၂-ခုနှစ် နောက်ပိုင်းတွင် တရုတ် တစ်နိုင်ငံလုံးမှ ကိုယ်စားလှယ် အပြည့်အစုံ တက်ရောက်သော ပထမဆုံး ဗဟို ကော်မတီ ညီလာခံအား မော်၏ အစီအစဉ် လမ်းညွှန်မှုဖြင့် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်၍ လူအများအဖို့ အံ့အားသင့်စရာ ဖြစ်ခဲ့ ရ၏။ ထို ညီလာခံတွင် လက်နက်ကိုင် တပ်ဖွဲ့များသည် ညီလာ ခံ ကျင်းပရာ ခန်းမကြီးအတွင်းရှိ ထိုင်ခုံများကြား တစ်လျှောက် ချထားပြီး ကင်းလှည့်နိုင်းထားသည်ဖြစ်ရာ မော်နှင့် သူ့ နောက် လိုက်များသည် ပီကင်း၌ စစ်တပ်အဖွဲ့အစည်းများအား မည်မျှ အထိ ဩဇာလွှမ်းမိုးနေသည်ကို သက်သေထူရာ သာဓကကြီး တစ်ရပ် ဖြစ်လာခဲ့လေသည်။

နောက် ရက်အနည်းငယ်မျှ အကြာတွင် နားလည်ရ ခက်ခဲသော လျှို့ဝှက်သိပ်သည်းစွာ ကြံစည်ထားသည့် လှုပ်ရှား မှုကြီး ပေါ်ပေါက်လာသည်။ ယင်း လှုပ်ရှားမှုကြီးအား နာမည် ပေးထားပုံမှာ "ပစ္စည်းမဲ့ လူတန်းစားတို့၏ မဟာ ယဉ်ကျေးမှု တော်လှန်ရေးကြီး" ဟု ဖြစ်သည်။ သန်းနှင့်ချီ၍ ရှိသော အထက်တန်း ကျောင်းသားများနှင့် တက္ကသိုလ်ကျောင်းသားများ သည် ကာကီ ယူနီဖောင်းများကို ဝတ်၍ မည်သည့်နေရာ မည် သည့် ချောင်ကြိုချောင်ကြားများမှ ထွက်လာကြသည်မသိ။ မမျှော်လင့်ဘဲ ဘွားခနဲ ပေါ်လာပြီး ကောင်းကင်ဘုံ ငြိမ်းချမ်း ရေး ဂိတ်တံခါးအား ကျော်ဖြတ်ကာ ပီကင်းမြို့လယ်သို့ ချီတက် လာကြသည်။

ထို တပ်ဖွဲ့ဝင် လူငယ်များသည် အနီရောင် စာအုပ်ငယ် ကလေးများ ကိုင်လာကြသည်။ ထို စာအုပ်ငယ်များထဲတွင် မော်၏ စာအုပ်များထဲမှ မှတ်သားစဖွယ် အရေးအသားများ အား အကိုးအကား ပြုစရာ စာများအဖြစ် ထည့်သွင်းရိုက်နှိပ် ထားသည်။ ဂိတ်တံခါးရှေ့ရှိ လသာဆောင်၌ ရပ်နေသူကား

ဝဝဖိုင့်ဖိုင့် အသက် ခုနှစ်ဆယ့် သုံးနှစ်အရွယ် မော်စီ-တုန်း ဖြစ်၏။

မော်သည် နှစ်များစွာအတွင်း ပထမဆုံးအကြိမ် သံလွင်ပင် အစိမ်းရောင် ယူနီဖောင်းအား ဝတ်ထားသည်။ ဤ ယူနီဖောင်းသည် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ယူနီဖောင်း ဖြစ်၏။ ထို ယူနီဖောင်းအား သူ မဝတ်သည်မှာ ကြာပြီ။ ယနေ့ သော် ထို ယူနီဖောင်းအား ဝတ်၍ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ် မောမောဖြင့် သူ့အား အလေးပြုနေသော လူငယ်များအား ပြန်၍ အလေးပြုလျက် ရှိလေသည်။

မော်၏ လက်မောင်းတစ်ဖက်တွင် ကြက်သွေးရောင် လက်မောင်း တံဆိပ် ပတ်ထားသည်။ လက်ပတ်ပေါ်တွင် **ဟာမ်ဝေ ပင်း၊** "တပ်နီ လုံခြုံရေးတပ်ဖွဲ့" ဟူသော တရုတ်စာလုံး သုံးလုံးပါသည်။ ယင်း ယူနီဖောင်းဝတ် တပ်နီ လုံခြုံရေး တပ်ဖွဲ့ ဝင်များအပြင် ယင်းတို့နှင့် သက်တူရွယ်တူ လူငယ် အများ အပြားသည် မြို့တော် ပီကင်းသို့ အုံလိုက်ကျင်းလိုက် ဝင်ရောက် လာကြသည်။ ထို လူငယ်များကား တရုတ်နိုင်ငံ အတွင်းပိုင်းရှိ ပြည်နယ်တိုင်းမှ လာကြသူများ ဖြစ်၏။ သူတို့သည် မီးရထား များနှင့် ဘတ်စ်ကားများအား၊ အခမဲ့စီး၍ အစုလိုက် အပြုံလိုက် ရောက်ရှိလာကြခြင်းပေတည်း။

တကယ်တော့ ထို လူငယ်အုပ်စုမှာလည်း မူလကတည်း က ကြိုတင် စီစဉ်ထားခြင်းဖြစ်၍ သူတို့သည် သင်ကြားပေး ထားသည့်အတိုင်း မြို့ကြီးပြကြီးများ အတွင်းသို့ ဝင်ရောက် လာသည့်အခါ တွေ့မြင်သမျှ လူအများအား စကြ ပြောင်ကြ လှောင်ကြ နောက်ကြနှင့် ထိန်းမနိုင် သိမ်းမရ ဖြစ်လျက်ရှိ ကြ၏။ သူတို့ ပါးစပ်ဖျားမှ မော် ရေးဖူးခဲ့သည့် "သူပုန်ထခြင်း သည် တရားသည်" ဟူသော စကားတစ်ခွန်းကိုသာ အော်ဟစ် လျက် ရှိကြသည်။

သူတို့သည် မြို့တွင်းမှ မြို့သူမြို့သားများနှင့် ကွန်မြူနစ် ပါတီမှ ဝန်ထမ်းများအား အတင်းအဓမ္မ ဖမ်းဆီးကာ လမ်းများ ပေါ်တွင် မောင်းခြင်း၊ အရူးများနှင့်တူအောင် အဝတ်အစား နှင့် ဦးထုပ် စသည့် အစုတ်အပြတ်များအား ဝတ်ခိုင်းခြင်းနှင့်

"ပါတီအား ဆန့်ကျင်သည့် သရဲကြီးများနှင့် သဘက်ကြီးများ" ဟူသော စာတန်းများ ချိတ်ဆွဲပေးပြီး လမ်းလျှောက်စေခြင်း စသည်များ အတင်း အဓမ္မ ပြုလုပ်ကြလေသည်။

ထိုမျှမကသေး၊ သူတို့သည် "အိုလေးအိုအား ဖျက်ဆီး သုတ်သင်ပစ်မည်" ဟူသော ကြွေးကြော်သံကို အဆက်မပြတ် အော်ဟစ်နေကြသည်။ "အိုလေးအို"မှာ တခြားမဟုတ်၊ အိုမင်း ဟောင်းနွမ်းနေပြီဖြစ်သော ရိုးရာဓလေ့ထုံးစံများ၊ အိုမင်းနေပြီ ဖြစ်သော ယဉ်ကျေးမှု၊ အိုမင်းနေပြီ ဖြစ်သော အလေ့အထများ နှင့် အိုမင်းနေပြီဖြစ်သော အတွေးအခေါ် အယူအဆများအား ဆိုလိုခြင်း ဖြစ်၏။

လက်ဖြင့်ရေးထားသော နံရံကပ် ပိုစတာများသည်လည်း မြို့ပေါ်ရှိ လမ်းတိုင်းတွင် ပေါ်လာသည်။ "အရင်းရှင်များအား ဆန့်ကျင်ကြ" ဟူသော စာတန်းများသည် နေရာအနှံ့အပြား၌ ကပ်ထားကြလေပြီ၊ ထို ပိုစတာထဲမှ ဆန့်ကျင်ကြရမည့် အရင်း ရှင်များမှာ အများအားဖြင့် မော်စီ-တုန်းအား ဆန့်ကျင် တိုက်ခိုက် နေသည်ဟု အစွပ်စွဲ ခံနေရသူများသာ ဖြစ်၏။

ယင်း လုပ်ရပ်များမှာ ဖွင့်၍ တိုက်ခိုက် နေကြသော အတွင်း တော်လှန်ရေး တိုက်ပွဲများဖြစ်၍ ယင်း တိုက်ပွဲများ သည် ကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင် သန်း နှစ်ဆယ်ကျော်အား အကွဲကွဲ အပြားပြား ဖြစ်ကုန်စေခဲ့သည်။ အစိုးရအဖွဲ့အား လည်း အင်အား ချည့်နဲ့စေခဲ့သည်။ နောက်ဆုံးတွင် မော်အား ဆက်ခံသူများက ပြောခဲ့သလို တရုတ်နိုင်ငံကြီးသည် ပျက်စီး ခြင်း ဘေးဒုက္ခကြီးနှင့် ဆယ်နှစ်တာ ကြာမျှ အကြီးအကျယ် ရင်ဆိုင်ခဲ့ရလေသည်။

ပထမသော် တရုတ် နိုင်ငံအပေါ် စာနာထောက်ထားခဲ့ ကြသော ပြင်ပ နိုင်ငံသားများသည် စောစောပိုင်းကာလ အတွင်း ဖြစ်ပျက်ခဲ့သမျှ အားလုံးအပေါ်၌ အမြင်တစ်မျိုး ရှိခဲ့ ကြ၏။ ယင်း ဖြစ်ရပ် အားလုံးသည် လူသားတို့ သဘာဝအား အကြီးအကျယ် ပြောင်းလွဲသွားစေရန် မော်၏ အကြီးကျယ်ဆုံး နှင့် အမြင့်မြတ်ဆုံး ကြိုးပမ်းမှု တစ်ရပ်ဟု မြင်ကြထင်ကြ လေသည်။

ကျန် လူစုကမူ လက်တွေ့ သဘောတရားနှင့် အယူအဆများပေါ်၌သာ ယုံကြည် လက်ခံကြသည်ဖြစ်ရာ ထို ဖြစ်ရပ်များအပေါ်၌ အမြင်တစ်မျိုး ဝင်ခဲ့ကြ၏။ သူတို့ အမြင်တွင် ယင်းဖြစ်ရပ်များသည် အလွန် ရှုပ်ထွေးပြီး ရှင်းရခက်သော ကွန်မြူနစ်တို့၏ အာဏာ လုပွဲဟု ယူဆခဲ့ကြသည်။ သို့တစေလည်းဘယ်သူတွေက ဘယ်လိုပဲထင်ထင် ဘယ်လိုပဲတွေးတွေးယဉ်ကျေးမှု တော်လှန်ရေးသည် နိုင်ငံရေးနှင့် ပတ်သက်၍ လူအများအား ထင်ယောင်ထင်မှား ဖြစ်စေ၏။ တွေတွေဝေဝေဖြစ်ကာ စိတ် ရှုပ်ထွေးစေ၏။ ဤသို့ဖြင့် ၁၉၆၆-ခုနှစ် နွေရာသီကုန်လုနီးနီး အချိန်တွင် တစ်ကမ္ဘာလုံးမှ လူများသည် တရုတ်နိုင်ငံအတွင်းမှ နေ့စဉ်နေ့တိုင်း ဖြစ်ပျက်နေသော အကြောင်းအရာများအား စောင့်ကြည့်ကာ စိတ်မောလျက် ရှိကြလေ၏။

* * *

၁

ရှန်ဟိုင်း မြို့တော်၏အလယ်ရှိ ပြည်သူ့စန်းခြံအတွင်းဝယ် တရုတ်လူမျိုး အများအပြားသည် ထုံးစံအတိုင်း ပျားပန်းခပ်မျှ သွားလာလှုပ်ရှားလျက် ရှိကြ၏။ ထိုလူအုပ်ကြား၌ အများနှင့်ရော၍ သွားနေသော အေဘီဂေးလ် ကယ်လ်နာသည် တစ်ခါတစ်ရံတွင် လူအများကြား၌ ရပ်ကာ ခြေဖျား တထောက်ထောက် လုပ်၍ သူ့ဘေး တစ်ဖက်တစ်ချက် ဆီမှ သွားနေကြသူများအား လှမ်း၍ လှမ်း၍ ကြည့်နေတတ်လေသည်။

ဗုံသံများ၊ လင်းကွင်းသံများနှင့် မောင်းသံများသည် ဩဂုတ်လ၏ ပူနွေးသောညတွင် သောသောညံလျက်ရှိ၏။ အေဘီဂေးလ်၏ နားထဲတွင် ထိုတေးဂီတသံများသည် ကြမ်းတမ်းလွန်းလှ ရုံမျှမက ဘယ်လိုမှ စည်းချက် ဝါးချက် မညီသည့် နားကလောစရာ အသံများ ဖြစ်နေသည်။ မှုန်တုန်တုန် ဝါးတားတား အလင်းရောင်အောက်ဝယ်၊ အနီရောင် အလံများနှင့် တပ်နီ လုံခြုံရေး တပ်သားအမြောက်အမြားက အလေးပြုနေကြသော မော်စီ-တုန်း၏ ဆေးရောင်စုံ ပုံကြီးများအား မြင်နေကြရသည်။ ဤ ရှုခင်းသည် တရုတ်နိုင်ငံ၏ စက်မှုမြို့တော်ကြီးဖြစ်သော ရှန်ဟိုင်း၏ အလယ်ဗဟိုတွင် တင့်တောင့်တင့်တယ် ဖြစ်နေသယောင်ယောင် ရှိနေသည်။

အားလုံးသော တပ်နီ လုံခြုံရေး တပ်သားများသည် **ဟမ် ဝေ ပင်း** ဟူသော စာတန်းပါသည့် ကြက်သွေးရောင် ချည်ထည် လက်ပတ်များ ပတ်ထားကြသည်။ သူတို့အားလုံး၏ လက်ထဲတွင် ပလတ်စတစ် ဖုံးထားသော အနီရောင်စာအုပ်ကလေးများ ကိုင်ဆောင်ထားကြသည်။ မော်စီ-တုန်း၏ စာပေများမှ အကိုးအကား ပြုစရာ ကောက်နုတ်ချက်များ ရိုက်နှိပ်ထားသည့် စာအုပ်များဖြစ်လေသည်။

ချီတက်နေကြသော တပ် တစ်တပ်ချင်းစီ၏ နောက်မှ အသေးစား အင်္ဂ ဖွင့် ထရပ်ကားတစ်စီး သို့မဟုတ်၊ ခုံမြင့်တစ်လုံး တင်ထားသည့် ဆိုက်ကားတစ်စီး ပါလာတတ်၏။ တပ်နီ လုံခြုံရေးတပ်ဖွဲ့များသည် ဗုံများ၊ လင်းကွင်းများနှင့် မောင်းများအား တီးလာကြသည်ဟု ဆိုရသော်လည်း တစ်ခါတစ်ရံ ကြွေးကြော် သံများ ဟစ်ကြွေးကြသည့်အခါ အတီးအမှုတ်များကို ရပ်ထားခြင်း သို့မဟုတ် တိုးထားခြင်း စသည်များ ပြုလုပ်တတ်ကြသည်။

ချီတက် ဆန္ဒပြနေကြသူများ အားလုံးသည် ကြွေးကြော်သံများအား ကျောင်းသား ကြီးကြပ်ရေးမှူးများထံမှ ယူနေခြင်းဖြစ်သည်ကို အေဘီဂေးလ် သတိထားမိသည်။ ကျောင်းသား ကြီးကြပ်ရေးမှူးများသည် ချီတက်နေသူများ၏ ဘေးမှ ကပ်၍ လိုက်နေကြခြင်းဖြစ်၏။ သူတို့သည် သူတို့ လက်ထဲမှ ကြွေးကြော် သံ စာရွက်များကို ကြည့်၍ တိုင်ပေးလေ့ရှိသည်။

ကျန် ချီတက်နေသူများသည် သူတို့ကစ၍ တိုင်ပေးလိုက်တိုင်း ကြွေး ကြော်သံများကို တာဝန်ကျေပွန်စွာ လိုက်အော်ကြသည်။ တကယ်တော့ ထို ကြွေးကြော်သံများသည် အထက်အာဏာပိုင် ပုဂ္ဂိုလ်တစ်ဦးဦးက ရေးပေးထား ခြင်းဖြစ်သည်မှာ ထင်ရှား၏။ မည်သူမျှ လွဲမှားအောင် မဆိုရဲကြသည်မှာလည်း ထင်ရှား သိသာလျက်ရှိပေ၏။

"ဥက္ကဋ္ဌကြီး မော်အား ကာကွယ်ကြ" ဟု ရှေ့မှ တိုင်ပေးသူများက အော် ပေးသည်။

"ဥက္ကဋ္ဌကြီး မော်အား ကာကွယ်ကြ" ဟု ချီတက်နေသူများက လိုက် အော်ကြသည်။

"ဥက္ကဋ္ဌကြီး မော်အား ငါတို့ အသက်ပေး၍ ကာကွယ်ကြမည်" ဟု ကြီးကြပ်သူ ခေါင်းဆောင်များက တိုင်ပေးသည်။

"ဥက္ကဋ္ဌကြီး မော်အား ငါတို့ အသက်ပေး၍ ကာကွယ်ကြမည်" ဟု ချီတက်နေသူများက လိုက်အော်ကြသည်။

"ပါတီအား ဆန့်ကျင်နေကြသည့် သရဲကြီးများနှင့် သဘက်ကြီးများအား ရှင်းပစ်ကြ" ဟု ခေါင်းဆောင်များက တိုင်ပေးသည်။

"ပါတီအား ဆန့်ကျင်နေကြသည့် သရဲကြီးများနှင့် သဘက်ကြီးများအား ရှင်းပစ်ကြ" ဟူသော နောက်လိုက်များ၏ အော်သံများသည် ဟိန်း၍ထွက်လာ သည်။

ဘေးလမ်းများပေါ် အတိုင်း ဖြတ်၍ ပြည်သူ့ပန်းခြံဆီသို့ လျှောက်လာနေ သော အေဘီဂေးလ်သည် လမ်းဘေး၌ ရပ်ထားသည့် ထရပ်ကားငယ်များအား ကျော်ဖြတ်လာသည်။ ထရပ်ကားငယ်များနှင့် လမ်းဘေး ပလက်ဖောင်းများပေါ်

တွင်မူ အနီးအနား အိမ်များမှ လုယူလာသည့် ပစ္စည်းများဖြင့် ပြည့်လျက်ရှိ၏။ ပိုးထည် ဘရိုကိတ်စ အလိပ်ကြီးများ၊ ယွန်းထည် ခန်းဆီးများနှင့် လိုက်ကာများ၊ ကြေး အမွှေးတိုင်စင်များ၊ ကြေးရုပ်တုများနှင့် အဝတ်အထည်မျိုးစုံ ဖြစ်သည်။

ပစ္စည်းများ လုယက်ခြင်း ခံထားရသည့် အိမ်များရှေ့ နံရံတွင် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များ ကပ်ထားသည့် ပိုစတာကြီးများ ရှိသည်။ ပိုစတာထက်တွင် **"အမည်းရောင် အင်အားစုများ"** ဟူသော စာတန်းအား တရုတ်ဘာသာဖြင့် ရေးထားသည်။ အိမ်ရှင်များအား ရှုတ်ချထားခြင်းဖြစ်၍ ထို အိမ်ရှင်အားလုံးသည် ကွန်မြူနစ်ပါတီအား ဆန့်ကျင်နေကြသူများဟု ပြင်းထန်စွာ စွပ်စွဲထားခြင်း ဖြစ်လေသည်။

အချို့သော အိမ်များ၏ ခြံဝင်းများအတွင်းမှ မီးခိုးများသည် ကောင်းကင်ယံဆီသို့ တလိပ်လိပ် ထိုးတက်နေကြသည်။ အိမ်ထဲမှ စာအုပ်များနှင့် ပစ္စည်းတချို့အား ယူ၍ မီးပုံရှို့ထားခြင်း ဖြစ်၏။ လမ်းများထဲတွင်မူ တပ်နီလုံခြုံရေး တပ်ဖွဲ့ ယူနီဖောင်းများဖြင့် ပြည့်နေသည်။ ပတ်ဝန်းကျင်တွင် "ပုန်ကန်မှုသည် တရားမျှတသည်" ဟူသော သီချင်းနှင့် "မော်စီ-တုန်း၏ အတွေးများသည် ရွှေရောင် တောက်လျက် ရှိသည်"ဟူသော သီချင်းများသည် ပျံ့နှံ့လျက်ရှိလေ၏။

သီချင်းများသည် လမ်းမများ၏ ထောင့်များရှိ အသံချဲ့စက်များ ဆီမှ အဆက်မပြတ် ထွက်လာနေသည်။ အချို့သော တပ်နီ လုံခြုံရေး တပ်သားများသည် ပြည်သူ့ပန်းခြံ၏ ပတ်ပတ်လည်ရှိ ပလက်ဖောင်းများပေါ်၌ ရပ်လျက်ရှိကြ၏။ သူတို့ထံမှ မြို့တော်သူ မြို့တော်သားများအား ရည်ညွှန်း၍ အော်ဟစ်နေကြသည့် အသံမှာ "မဟာ ပစ္စည်းမဲ့ လူတန်းစားတို့၏ ယဉ်ကျေးမှု တော်လှန်ရေးကြီးနှင့် ဆက်သွယ်ပါဝင်ကြလော့" ဟူသော ကြွေးကြော်သံ ဖြစ်လေသည်။

ပလက်ဖောင်းတစ်ခုပေါ်တွင်မူ တပ်နီ လုံခြုံရေးတပ်သား အုပ်စုသည် ပရိသတ်ထဲမှ မိန်းကလေးတစ်ဦးအား အတင်းအဓမ္မ ဆွဲထုတ်ကာ ပန်းဥယျာဉ်သုံး ပန်းဖြတ် ကတ်ကြေးကြီးများဖြင့် ကျစ်ဆံမြီးများအား ဖြတ်ပစ်နေကြသည်။ အချို့သော မိန်းကလေးများနှင့် ယောကျ်ားလေးများကိုမူ သူတို့ ဝတ်ထားသည့် အနောက်တိုင်း ဘောင်းဘီရှည်များအား ဓားများနှင့်ခွဲကာ ဆွဲဆုတ်ပစ်နေကြသည်။

မိန်းကလေး အများစုသည် အော်ဟစ် ငိုယိုကာ သူတို့သည် "အလုပ်သမားများ" ဖြစ်၍ "လူတန်းစား ရန်သူများ မဟုတ်ပါ" ဟု ပြောဆို နေကြသည်။ သို့တစေလည်း ပြောင်စရာ နောက်စရာ ရယ်စရာသဖွယ် သဘောထားနေကြသော တပ်နီ လုံခြုံရေး တပ်သားများသည် တခတ်ထဲ တောင်းပန်နေကြသည်များအား လုံးဝ ဂရုမစိုက်။ ထိုလူစု ဝတ်ထားကြသည့် အနောက်တိုင်းဟန်

ဝတ်စုံများကိုသာ ဆွဲဆုတ်ပစ်နေကြသည်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဖြစ်နေရှာသော လူငယ်မိန်းကလေး ယောက်ျားကလေးများသည် ပရိသတ်တွင်းသို့ အတင်း တိုးဝှေ့ ဝင်ရောက်သွားနေကြရလေ၏။

"မင်းတို့က ဘာပြုလို့ အနောက်တိုင်းသား ဘူဇွာ လူလတ်တန်းစားတွေကို အတုခိုးကြတာလဲ" ဟု တပ်နီ လုံခြုံရေး တပ်သား တစ်ဦးက ကျွဲချို ခရာမှ တစ်ဆင့် အော်ပြောသည်။ "မင်းတို့အားလုံး ဘောင်းဘီရှည်တွေ ဝတ်ပြီး ဖို ဖိနပ် ဦးချွန်တွေကို ဘာကြောင့် စီးထားကြတာလဲ" ငါတို့ရဲ့ မဟာ ပစ္စည်းမဲ့ လူတန်းစား ယဉ်ကျေးမှု တော်လှန်ရေးကြီးက မင်းတို့ အားလုံးကို အဟောင်း လေးခုရဲ့ အန္တရာယ်က လွတ်မြောက်အောင် ကယ်တင်မှာ၊ အဟောင်းလေးခု ဆိုတာ ဘာတွေလဲ သိလား။ ဘူဇွာတွေရဲ့ ဟောင်းနွမ်းတဲ့ အလေ့အထတွေ ဘူဇွာတွေရဲ့ ဟောင်းနွမ်းတဲ့ ဓလေ့ထုံးစံတွေ၊ ဘူဇွာတွေရဲ့ ဟောင်းနွမ်းတဲ့ ယဉ်ကျေးမှုနဲ့ ဟောင်းနွမ်းတဲ့ အတွေးအခေါ်တွေ" အေဘီဂေးလ်သည် အသံချဲ့ စက်အား ကျောပေး၍ ထွက်ခွာလာခဲ့သည်။ တပ်နီလုံခြုံရေး တပ်သားများက အနောက်တိုင်း ဝတ်စုံ ဝတ်ထားသည့် တရုတ် လူမျိုးများအား ယမန်နေ့က ဝိုင်းဝန်း တိုက်ခိုက်ခဲ့သည်ကို အေဘီဂေးလ် မြင်ခဲ့ရ၏။ ထို့ကြောင့်လည်း အေဘီဂေးလ်သည် အဝတ်အစားများကို ပွပွကျယ်ကျယ်များကိုသာ ရွေး၍ ဝတ်လာသည်။ သူမ၏ ဝတ်စား ဆင်ယင်ပုံမှာ တရုတ်ဆန်ဆန် ဖြစ်သည်။ ခေါင်းတွင် ဆောင်းထားသည်မှာ ကောက်ရိုးဦးထုပ် ဖြစ်၏။

အေဘီဂေးလ်သည် လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းက ရှန်ဟိုင်းသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူမအနေဖြင့် မြို့တော် နိုင်ငံခြား ဘာသာသင် သိပ္ပံကျောင်း၌ စာသင်ပေးရန် ရောက်လာခဲ့ခြင်းဖြစ်၏။ ရောက်ပါပြီ ဆိုကတည်းက သူမသည် သူမ၏ ရွှေရောင်ဆံပင်အား "ဆံထုံးနောက်တွဲ" ထုံးသည်။ အခု ဆောင်းထားသည့် ကောက်ရိုး နေကာ ဦးထုပ်နှင့်ကျတော့ ဆံထုံးနောက်တွဲအား မည်သူမျှ မမြင်ကြချေ။

အမှန်အားဖြင့် သူမ၏ အသားအရောင်သည် အနောက်တိုင်းသူ ဖြစ်သည့် အားလျော်စွာ ပန်းရောင် ခပ်ဖျော့ဖျော့ဖြစ်သည်။ သူမ၏ အသားအရောင်မှာ နိုင်ငံခြားသူတစ်ဦး ဖြစ်သည်ကို ဖုံးကွယ်၍ မရချေ။ သူမအနေဖြင့် အတွေ့အကြုံ များလှသည်ဖြစ်ရာ၊ အဝတ်အစား ရွေးချယ်ပုံမှအစ ဆင်ယင် ထုံးဖွဲ့မှု အထိ ကျွမ်းကျင်လှသဖြင့် တရုတ်လူမျိုးများ ကြားတွင် အခြေပျက်သည်အထိ ကြည့်ရှုခြင်း မခံရချေ။

မော်သည် ပထမဆုံး အကြိမ် တပ်နီ လုံခြုံရေးတပ်သား တစ်သန်း၏ ချီတက် အလေးပြုပွဲအား ပီကင်း၌ စီစဉ် ကျင်းပခဲ့ခြင်းဖြစ်၏။ ထို့နောက် တပ်နီ

လုံခြုံရေး တပ်သားအုပ်စု အများအပြားသည် တစ်နေ့တခြား ရှန်ဟိုင်း မြို့တော်၏ လမ်းမများပေါ် ရောက်လာနေသည်ကို သတိထားမိကြသည်။ သို့တစေလည်း မည်သူကမှ သိနေသည့် လက္ခဏာများအား မပြကြချေ။

ထို ထူးခြားချက်အား အေဘီဂေးလ် ကိုယ်တိုင်လည်း သတိထားမိနေသည်ဖြစ်ရာ သူမအနေဖြင့် မြို့တွင်း၌ ဘာတွေလုပ်၍ ဘာတွေ ဖြစ်နေသည်ကို နားလည်အောင် ကြိုးစားလျက်ရှိ၏။ နေ့စဉ် နေ့တိုင်း မြို့တွင်း၌ လမ်းလျှောက်သွားရင်း ဘာတွေ ဖြစ်ပျက်နေသည်ကိုလည်း နားလည်အောင် ကြိုးစားလျက်ရှိ၏။

အေဘီဂေးလ်သည် သုံးနှစ်တာ ကာလ ကုန်လွန်သည်အထိ လန်ဒန်တက္ကသိုလ်၌ တရုတ်ဘာသာစကား ပြောတတ်အောင် ရေးတတ်အောင် သင်ကြားခဲ့ရ၏။ ဤကိစ္စမှာ ရှန်ဟိုင်းသို့ လာရောက် နေထိုင်ပြီး အလုပ် မလုပ်မီကတည်းက စနစ်တကျ စီစဉ်ပြီး လုပ်လာခဲ့သော အလုပ်ဖြစ်သည်။ သို့တစေလည်း သူ ရှန်ဟိုင်းသို့ ရောက်လာပြီးနောက် နံရံများနှင့် ထင်ရှားသော အဆောက်အအုံများ၌ ကပ်ထားသော သို့မဟုတ် ဆွဲထားသော ပိုစတာများအရ တရုတ်နိုင်ငံ အတွင်း၌ စိန်ခေါ်မှု အသစ် တစ်ရပ် ရှိလာနေပြီကို သတိထားမိလာလေသည်။

မည်သို့ပင် ဖြစ်စေ ရှန်ဟိုင်း၌ နေထိုင်လျက်ရှိသည့် ကာလအတွင်း အေဘီဂေးလ်သည်လည်း အခြားသော နိုင်ငံခြားသားများ ကဲ့သို့ပင် တရုတ်တို့၏ နိုင်ငံတွင်း အခြေအနေပေါ် နားမလည်သလို ဖြစ်ရ၏။ နာရီပိုင်းနှင့်အမျှ လမ်းများပေါ်၌ နိုင်ငံရေး လှုပ်ရှားမှုများသည် မမျှော်လင့်ဘဲ ပေါ် ပေါ်လာနေသည်ဖြစ်ရာ ယင်းတို့၏ နောက်ကွယ်၌ ဘာတွေရှိနေသည်ကို တွေးမရ ဖြစ်လျက်ရှိရလေ၏။

ထို ဖြစ်ရပ်အားလုံးအား ခြုံ၍ စဉ်းစားလိုက်သည့်အခါတိုင်း သူမ အပါအဝင် သူမ၏ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများရော အခြား နိုင်ငံခြားသားများပါ တရုတ်တို့ ပဋိပက္ခ၏ အပြင်ဘက်၌သာ လွတ်လွတ်ကင်းကင်း နေထိုင်သွားကြရန် သဘောတူညီခဲ့ကြ၏။ ထို့ပြင်လည်း တပ်နီလုံခြုံရေး တပ်သားများသည် တစ်လမ်းဝင် တစ်လမ်းထွက် သွားနေကြသော တရုတ်များအား ဖော်ကြီးဟစ်ကျယ်နှင့် ပြောင်လား နောက်လား လုပ်ကာ စော်ကား မော်ကား ပြုလျက်ရှိကြသော်လည်း သူတို့ လုပ်သမျှ အားလုံးကို အစွန်းမရောက်အောင် (မလွန်အောင်) ကား အထက်မှ တာဝန်ရှိသူများက ညွှန်ကြားထားပုံ ရလေသည်။

အေဘီဂေးလ် သိထားခဲ့ရသည့်အတိုင်း ဆိုပါက တရုတ်တို့သည် ရိုးရာဓလေ့ထုံးစံအရ အနီရောင်အား အလွန် နှစ်သက်ကြသည်။ ယခု ဆန္ဒပြပွဲတွင်

အနီရောင် အလံများနှင့် အနီရောင် နောက်ခံပေးထားသည့် မော်၏ ပုံများကို ဆန္ဒပြ ချီတက်လာသူများက သယ်ဆောင်လာကြသည် ဖြစ်ရာ လမ်းဘေး ဝဲယာမှ ရပ်ကြည့်နေကြသော တရုတ် အလုပ်သမားများအတွက် မင်္ဂလာ ယူစရာ တစ်ပါး ဖြစ်လျက်ရှိလေသည်။ မည်သို့ပင်ဖြစ်စေ ယခု လောလောဆယ် ပြုလုပ်နေသည့် ချီတက်ပွဲများ သို့မဟုတ် ဆန္ဒပြပွဲများသည် ဖြစ်ရိုးဖြစ်စဉ် လုပ်ရိုးလုပ်စဉ် များထက် ပိုမို ချဲ့ကားပြီး လုပ်နေသည်ဟု ယူဆရ၏။ အထူးသဖြင့် လူဈေး ချောက်ချားအောင် (ကြောက်လန့်အောင်) လုပ်နေသည်မှာ ထင်ရှားလျက် ရှိ၏။

ချီတက်လာနေကြသော တရုတ်နီ လုံခြုံရေး တပ်သားများ ပထမဆုံး လုပ်ကြသည့် အလုပ်မှာ လမ်းများထိပ်ရှိ လမ်းနာမည် ဆိုင်းဘုတ်များ နေရာတွင် သူတို့ အသင့်ယူလာသည့် လမ်းနာမည်သစ် ဆိုင်းဘုတ်များ အစားထိုးကြခြင်း ဖြစ်၏။ မနေ့ကဆိုလျှင် အေဘီဂေးလ်သည် တရုတ် လုံခြုံရေး တပ်သားများက ဘမ်း လမ်းသွယ် ဆိုင်းဘုတ်နေရာ၌ တော်လှန်ရေး ဘူးလဗား လမ်းကျယ် ဆိုင်းဘုတ် အစားထိုးကြရာ ကြည့်နေသူများက လက်ခုပ် ဩဘာပေးနေကြသည်ကို မြင်ခဲ့ရလေသည်။

မူလက "ရေတွင်းလမ်း" အား တရုတ်နီ စစ်တပ် တည်ထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သတ်မှတ်ကာ "ဩဂုတ်လ ပထမရက် လမ်း" ဟု အမည် ပြောင်းပစ်သည်။ ဆိုဗီယက်နှင့် ဗြိတိသျှ ကောင်စစ်ဝန် ရုံးများ၏ အပြင်ဘက်မှ လမ်းများအား "ပြန်လည် ပြုပြင် ပြောင်းလဲရေးသမားများ ဆန့်ကျင်ရေးလမ်း" နှင့် "နယ်ချဲ့ ဆန့်ကျင်ရေးလမ်း" ဟူ၍ ဖြစ်လာကြလေသည်။

"မဟာ ပစ္စည်းမဲ့ လူတန်းစားများ၏ ယဉ်ကျေးမှု တော်လှန်ရေးကြီး" အကြောင်းသည် **ပြည်သူ့နေ့စဉ် သတင်းစာကြီး**ထဲရှိ သီးခြား ပုံနှိပ်ထားသော အနီရောင် အလံကလေး အောက်တွင် အမြဲတစေ ပါလာလျက်ရှိသည်။ အထူးသဖြင့် ကွန်မြူနစ်ပါတီမှ ပီကင်းမြို့၌ ကျင်းပလျက်ရှိသော လူစုံတက်ညီ တက်လျက်ရှိသည့် အစည်းအဝေး သတင်းသည် အမြဲမပြတ် ပါလျက်ရှိ၏။ အချို့သော တပ်နီ လုံခြုံရေးတပ်သားများ အောက်ခြေ လွတ်နေကြသည်ကို လည်း အေဘီဂေးလ် မြင်ရ ကြားရ၏။

တပ်နီ လုံခြုံရေးတပ်သား အချို့သည် လမ်းထောင့်များ၌ ရပ်စောင့်နေကြသော မော်တော်ယာဉ် ရဲများနှင့် အငြင်းအခုံ ဖြစ်လျက်ရှိကြသည်။ သူတို့က မီးပွိုင့်များတွင် တော်လှန်ရေး အရောင်ဖြစ်သည့် အနီရောင်အား ယာဉ် သွားလာခွင့် အရောင်အဖြစ် သတ်မှတ်၍ အစိမ်းရောင်အား ယာဉ် ရပ်ရမည့် အရောင်ဟု သတ်မှတ် ခိုင်းသည်။ ရဲများက ငြင်းဆန်သည်။ နောက်ဆုံး တပ်နီ

လုံခြုံရေး တပ်သားများက သူတို့ ကြိုက်သည့်အတိုင်း လုပ်ကြသည့်အခါ ရှန်ဟိုင်းမြို့တိုင်းရှိ လမ်းတိုင်းတွင် အချက်ပြမီးများ မှားယွင်းကာ ရှုပ်ထွေးကုန်လေ၏။

ရှန်ဟိုင်းမြို့မှ အလုပ်သမားများသည် ယဉ်ကျေးမှု တော်လှန်ရေးကြီးအား ကြောက်စရာ အရာတစ်ခု မဟုတ်ဟု ယူဆကြသည့် အားလျော်စွာ ညနေတိုင်း လမ်းမများပေါ် ထွက်၍ ကြွေးကြော်သံများနှင့် သီချင်းများ တဟိုဟိုဆိုပြီး ချီတက်နေကြသော လုံခြုံရေးတပ်သား လူငယ်များအား စိတ်ဝင်စားစရာ တစ်ခုအဖြစ် ကြည့်ရှုနေကြသည်။ အေဘီဂေးလ် ကိုယ်တိုင်လည်း ညနေဆိုလျှင် လမ်းများဆီ မရောက်ဘဲ မနေနိုင်။ ရှန်ဟိုင်း မြို့လယ်၌ ဤမျှလောက် များပြားသော လူစုလူဝေး လူအုပ်ကြီးနှင့် ချီတက်နေကြသူများအား သူ တစ်ခါဖူးမျှ မမြင်ခဲ့ရ။ ယခုအကြိမ်သည် သူ့ဘဝတွင် ပထမဆုံး အကြိမ်မဟုတ်ပါလား။

အေဘီဂေးလ် သည် ပြည်သူ့ပန်းခြံ၏ မြောက်ဘက်ပိုင်းသို့ ရောက်လာသည်။ ထိုနေရာတစ်ဝိုက်တွင် ဘတ်စ်ကားမှတ်တိုင်များ ရှိနေသည်ဖြစ်ရာ ခရီးသည် အများအပြားသည် မှတ်တိုင်၌ ရပ်စောင့်နေကြပြီး တပ်နီ လုံခြုံရေးတပ်ဖွဲ့မှ စစ်သား တစ်ရာခန့်သည် ခရီးသည်များအား လက်ကမ်း စာရွက်များကို အတင်း အဓမ္မ လိုက်လံဝေငှလျက်ရှိ၏။ ခရီးသည်များထဲမှ အချို့သော တရုတ်လူငယ်များသည် အနောက်တိုင်း ဝတ်စုံ ဝတ်ထားကြသည်ဖြစ်ရာ သူတို့ အဝတ်အစားများသည် တပ်နီ လုံခြုံရေး တပ်သားများအား ဆန့်ကျင်လျက်ရှိကြသည်။ ထိုအချက်ကို အကြောင်းပြု၍ လုံခြုံရေး တပ်သား အချို့နှင့် လူငယ်အချို့သည် တစ်ဖက်နှင့် တစ်ဖက် အငြင်းအခုံ ဖြစ်ကာ တစ်ဦးနှင့် တစ်ဦး ထိုးဟယ် ကြိတ်ဟယ် သတ်ဟယ် ပုတ်ဟယ် ဖြစ်နေကြလေပြီ။

အေဘီဂေးလ် စောင့်ကြည့်နေခိုက်မှာပင် ပါတီ ဆန့်ကျင်သူများ၏ နေအိမ်များမှ အတင်းအဓမ္မ သိမ်းယူလာသော ပစ္စည်းများ တင်ထားသည့် ထရပ်ကားများသည် ဟွန်းများကို အဆက်မပြတ် တီးကာ လမ်းများ အတွင်းသို့ ဝင်လာကြသည်။ ကားပေါ်၌ ပါလာကြသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သူတို့ လက်ထဲမှ အလံနီကလေးများကို ဝှေ့ယမ်းကာ အောင်ပွဲရ သူရဲကောင်းကြီးများသဖွယ် ဟန်ပန် အပြည့်ဖြင့် ရင်များကို ကော့၍ နေကြသည်။

အေဘီဂေးလ်သည် ဝင်လာသမျှ ထရပ်ကားများအား မျက်ခြည်မပြတ်စောင့်၍ ကြည့်နေသည်ဖြစ်ရာ ထရပ်ကားပေါ်၌ စည်းလွတ်ဝါးလွတ် တင်လာသည့် ပစ္စည်းအားလုံးကို မြင်နေရသည်။ ထရပ်ကား တစ်စီးပေါ်တွင် အတော်ကြီးမားသည့် ရွှေအပြည့်ချထားသော ဗုဒ္ဓ ရုပ်ပွားတော်ကြီး တစ်ဆူအား ကျွမ်းထိုးမှောက်ခုံ ဖြစ်နေသည်ကို မြင်တွေ့နေရ၏။ ထို ဗုဒ္ဓ၏ မျက်နှာတော်မှာ နှစ်ခြမ်းကွဲလျက် ရှိသည်။ ကားပေါ်မှ လုံခြုံရေး တပ်သား လူငယ်များသည် "ငါတို့

တော်လှန်ရေး လုပ်နေတာဟာ မော်စီ-တုန်းရဲ့ အတွေးအခေါ်ပေါ်မှာ အခြေ ခံပြီး လုပ်နေကြတာပေါ့" ဟု အော်ဟစ် နေကြသည်။

ဘတ်စ်ကားများအား တက်ရောက် ရှာဖွေနေကြသည့် တပ်နီ လုံခြုံရေး တပ်သားများက သူတို့ကားများအား သွားသာအောင် လမ်းဖယ်ပေးရန် ငြင်းဆို နေကြသည်ကို အကြောင်းပြု၍ ထရပ်ကားပေါ်မှ တပ်နီ လူငယ်များက ယုတ်ယုတ်မာမာ ဆဲရေး တိုင်းထွာကြသည်။ ထိုအခါ တစ်ဖက်မှ လူငယ်များက လည်း ပြန်လည်၍ ဆဲရေးတိုင်းထွာရာမှအစ ရန်ပွဲများသည် အကြီးအကျယ် ပေါက်ဖွားလာသည်။ တစ်ဖက်နှင့် တစ်ဖက် ပန်းအိုးများ၊ ပုလင်းများ၊ ပန်းကန် များနှင့် ပစ်ပေါက်ကြသည်။ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် အများအပြားသည် ဒဏ်ရာများ ရရှိကာ လမ်းပေါ်တွင် လဲကျကုန်ကြလေ၏။

ထိုအဖြစ်အား မြင်ကြရသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရရာ လက်နက်များကို ဆွဲကိုင်၍ တစ်ဖက်မှ လူများအား ပစ်ခတ် ရိုက်နှက်ကြ သည်။ ရန်ပွဲများ ကြီးမား ပြင်းထန်လာသဖြင့် ဘေးမှ ရပ်ကြည့်နေသော လူများ သည် ရုတ်တရက် ကြောက်လန့်တကြားဖြစ်ကာ ထွက်ပြေး တိမ်းရှောင်ကြသည်။ လူအုပ်ကြား၌ ရောက်နေသော အဘိုးအိုလ်မှာ မရှောင်သာ မတိမ်းသာ ဖြစ် ကာ နောက်ဆုံးတွင် လမ်းပေါ်သို့ ဒူးထောက်လျက် လဲကျသွားသည်။ ထို အခိုက်မှာပင် အသံချဲ့စက် တစ်ခုဆီမှ စကားပြောသံ ကြားသဖြင့် အဘိုးအိုလ် လှည့်ကြည့်မိသည်။ စကားပြောနေသူမှာ အရပ်မြင့်မြင့် ကေဒါ ကျူနစ် အကျီ ဝတ်ထားသော တရုတ်လူငယ်တစ်ဦး ဖြစ်၍ မျက်နှာတော် ကွဲနေသော ဗုဒ္ဓ ရုပ်ပွားတော် တင်ထားသည့် ထရပ်ကားပေါ်မှ ဆင်းလာသည်။

"ရဲဘော်တို့၊ ရဲဘော်တို့ အနေနဲ့ ကမ္ဘာဟောင်းကို ဖြိုဖျက်ပြီး မော်စီ- တုန်းရဲ့ အတွေးအခေါ် အယူအဆတွေ အပေါ်မှာ အခြေခံပြီး ကမ္ဘာသစ် တစ်ခု တည်ဆောက်ချင်တယ်ဆိုရင် ဘာပြုလို့ ကိုယ့်အချင်းချင်း တိုက်ခိုက်နေ ကြရ တာလဲ" ဟု အော်ဟစ် ပြောဆိုလျက်ရှိသည်။ သူသည် သူပြောနေသည့် စကား များအား လူအများ ရှင်းရှင်းလင်းလင်း နားလည်စေရန် အထူးသတိထား၍ တစ်လုံးချင်းစီ ပြောနေခြင်းဖြစ်၏။ "ဥက္ကဋ္ဌကြီး မော်ဟာ လူတွေ အားလုံးကို စိတ်ဓာတ်အသစ်တွေ ရရှိလာအောင် တည်ဆောက်ဖို့အတွက် မဟာ ပစ္စည်းမဲ့ လူတန်းစား ယဉ်ကျေးမှု တော်လှန်ရေးကြီးကို ခေါင်းဆောင်ပြီး တည်ဆောက်ပေး နေတာ၊ လူတိုင်းကို ပြုပြင်ပြောင်းလဲမယ်ဆိုရင် ရနိုင်တယ်။ ဒီ တိုက်ပွဲမှာ အကြမ်းဖက်မှုကို မလိုလားအပ်ပါဘူး။ စည်းရုံးခြင်း၊ သွေးဆောင် ဖြားယောင်း ခြင်းနဲ့ နားချခြင်း ဆိုတဲ့ နည်းလမ်းတွေကို သုံးကြပါ။ အခုအချိန်ကစပြီး ရန်ပွဲ တွေကို ရပ်လိုက်ကြပါ"

ကေဒါ စကားပြော နေခိုက်မှာပင် အချို့သော ရင့်ကျက် တည်ငြိမ်ပုံရသည့် တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင် တချို့သည် ကေဒါနှင့် ပါလာသူများဖြစ်သည့် အားလျော့စွာ ကားပေါ်မှ ခုန်ဆင်းပြီး ရန်ဖြစ်နေသူများအား အတင်းဝင်၍ ဖြေကြသည်။ ပါးစပ်များဖြင့် အမိန့်များပေးကာ အော်ဟစ် တားဆီးကြသည်။ ရန်ပွဲများသည် လျင်မြန်စွာပင် ပြီးစီးသွားကြရုံမျှမက ဘေးမှ ဆူပူ အော်ဟစ်နေကြသော လူစုလူဝေးသည် ချက်ချင်းပင် ငြိမ်ဆိမ်သွားကြလေ၏။

သူမ ကိုယ်သူမ ထိန်း၍ မတ်တတ်ရပ်လာနိုင်ပြီ ဖြစ်သော အေဘီဂေးလ်သည် စောစောက ရန်ပွဲဖြစ်ပွားသွားရာ နေရာဘက်သို့ လျှောက်လာခဲ့သည်။ သူမသည် လမ်းတစ်ဖက်မှ ရပ်ကာ ကေဒါအား လှမ်းကြည့်နေသည်။ မိနစ်အနည်းငယ်မျှ အကြာတွင် တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ထရပ်ကားများရော ခရီးသည်တင် ဘတ်စ်ကားများပါ ကိုယ့်လမ်းကိုယ် ထွက်ခွာသွားကြသည်။ လမ်းဘေးတစ်လျှောက်၌ ကားများနှင့် ခရီးသည်များ ရှင်းသွားသည့်အခါ အေဘီဂေးလ်သည် ကေဒါ ဆီသို့ လျှောက်သွားပြီး ကေဒါ၏ လက်မောင်းအား လှမ်းကိုင်လိုက်သည်။

"ရှင် ပြဿနာကို ကိုင်တွယ်သွားတာ သိပ်တော်တာပဲ၊ ကျွန်မ ကျေးဇူးတင်စကား ပြောပါရစေ" ဟု အေဘီဂေးလ်က တရုတ်စကားဖြင့် လှမ်းပြောသည်။ "လူတွေ အားလုံး လန့်နေကြတာ။ ကျွန်မ ကိုယ်တိုင်လည်း သူတို့ထဲ ရောက်နေတာဆိုတော့"

ကေဒါ၏ မျက်လုံးအစုံသည် ကတော့ ပုံသဏ္ဌာန် ကောက်ရိုးဦးထုပ်အောက်မှ မျက်နှာကို မြင်၍ တရုတ် အမျိုးသမီး မဟုတ်မှန်း သိသွားသည့်အခါ အံ့အားသင့်သွားသည်။ သို့သော်လည်း ချက်ချင်းပင် သူ့ အံ့ဩမှုကို ဖျောက်ကာ သူ့ အနီး၌ ရပ်နေသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် လူငယ်များအား လက်ပြ၍ နှင်လိုက်သည်။

"ကျွန်တော် ခင်ဗျားကို အလျင်က တွေ့ဖူးတယ်လို့ မထင်ဘူး" ဟု နှစ်ယောက်တည်း ကျန်ခဲ့သည့်အခါ ကေဒါက ပြောသည်။ "ဒါပေမဲ့ အခုလို လာပြောပြီး ကူညီတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်"

"ကျွန်မ နာမည် ကယ်လ်နာပါဟု အေဘီဂေးလ်က ပြန်ပြောသည်။ "ကျွန်မတို့ လွန်ခဲ့တဲ့ နှစ် အနည်းငယ်လောက်က ပီကင်းမှာ ဆုံခဲ့ဖူးတယ်လို့ ကျွန်မ ထင်တယ်"

တရုတ် ကေဒါသည် ဘာမှ ပြန်မပြောသော်လည်း အေဘီဂေးလ်၏ မျက်နှာအား မျက်နှာထား ခပ်ဆိုးဆိုးဖြင့် ကြည့်နေသည်။

"ကျွန်မ ၁၉၅၇-ခုနှစ်တုန်းက ပေ-တ တက္ကသိုလ်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေး ညီလာခံကို တက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက မိန့်ခွန်း အပြောကောင်းတဲ့ ကျောင်းသားခေါင်းဆောင် တစ်ယောက်နဲ့ လက်ဆွဲနှုတ်ဆက် ခဲ့ဖူးတယ်။ အဲဒီ ခေါင်းဆောင်ဟာ ရှင် ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်တယ်"

"ဖြစ်နိုင်လောက်ပါတယ်။ ကျွန်တော် ပေ-တ တက္ကသိုလ်မှာ ပညာ သင်ခဲ့ဖူးတယ်"

"ကျွန်မ ရှင့် နာမည်ကို သိခွင့်ရမလား"

"ကျွန်တော့် နာမည်က ချင် ကာအို"

"ဪ ဟုတ်ပြီ" ဟု အေဘီဂေးလ်က ရေရွတ်သည်။ "အခုမှ မှတ်မိ သွားတယ်"

ကာအို၏ မျက်နှာသည် ထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိပေ။ လွန်ခဲ့သော ကိုးနှစ် အတွင်းက တွေ့ခဲ့ဖူးသော ကာအို၏ ပုံပန်းသဏ္ဌာန်မှာ အကြီးအကျယ် ပြောင်းလဲသွားခြင်း မရှိသော်လည်း အနည်းငယ်မျှတော့ တည် ငြိမ် ရင့်ကျက်လာသည့် သဘောရှိ၏။ သူသည် ရင်အုပ်ကျယ်ကျယ်နှင့် ဖြစ်၍ အပြာရောင် ကေဒါကျူးနစ်အင်္ကျီ ဝတ်ထားသည်။ သူသည် အေဘီဂေးလ်အား စူးစူးစိုက်စိုက် ကြည့်နေသော်လည်း ပီပီပြင်ပြင် မှတ်မိဟန် မတူချေ။ သူမ၏ ရွှေရောင်ဆံပင်နှင့် မျက်လုံးပြာပြာများအား မှတ်မိနေသလိုလိုတော့ ရှိသည်။

"ရှန်ဟိုင်းကို ဘာကြောင့် ရောက်လာရပြန်တာလဲ မစ္စ် ကယ်လ်နာ" ဟု သူကမေးသည်။ "ဒီမှာ အလုပ် ရှိနေလို့လား"

"ကျွန်မက ရှန်ဟိုင်း နိုင်ငံခြား ဘာသာသင် သိပ္ပံကျောင်းမှာ ကထိက ပါ။ ကျွန်မ အင်္ဂလိပ်ဘာသာနဲ့ ပြင်သစ်ဘာသာ သင်ပါတယ်"

"ဒါဆိုရင် ခင်ဗျားတပည့် အတော်များများဟာ အခု ယဉ်ကျေးမှု တော် လှန်ရေး လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒီ လှုပ်ရှားမှုရဲ့ ရည်ရွယ်ချက်တွေဟာ ဘာလဲဆိုတာ သူတို့က ကျွန်မကို ရှင်းပြကြတယ်။ ဒါပေမဲ့ သိပ် မရှင်းလှဘူး။ အခုအချိန်ထိ ကျွန်မ သိထားရသမျှတွေဟာ ရှုပ်ထွေးနေတုန်းပဲ"

ကာအိုသည် ဆန္ဒပြနေသူများ၏ ကြွေးကြော် အော်ဟစ်သံများကြောင့် အာရုံပြောင်းသွားသည်။ ထိုအခိုက်တွင် တပ်နီလုံခြုံရေး တပ်ဖွဲ့များထဲမှ ခေါင်း ဆောင်တစ်ဦးသည် ကာအို ထံသို့ ပြေးလာသည်။ ဆန္ဒပြနေသူအများအား နိုင်နိုင်နင်းနင်း ထိန်းနိုင်ရေးအတွက် အကြံညဏ် လာတောင်းခြင်း ဖြစ်၏။ ကာအိုသည် အေဘီဂေးလ် ဘက်သို့ လှည့်၍ "မဟာ ပစ္စည်းမဲ့ လူတန်းစား ယဉ်ကျေးမှု တော်လှန်ရေးဟာ နိုင်ငံတကာကို ဂယက်ရိုက် လွှမ်းမိုးနိုင်တဲ့ အနေ

အထားရှိတယ်။ ဒီ တော်လှန်ရေးဟာ တရုတ်နိုင်ငံအတွက်သာ အရေးပါတာ မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ အရေးပါတယ်။ ဒါပေမဲ့ ရှန်ဟိုင်းမှာ ရှိနေတဲ့ ကျောင်းသားတွေ ကြားမှာက နားလည်မှု လွဲနေတယ်။ ကျွန်တော် ကိုယ်တိုင် ခင်ဗျားတို့ ကျောင်းကိုလာပြီး အသင်းသစ်တွေ ဖွဲ့ဖို့ စည်းရုံး လှုံ့ဆော် ပေးရဦးမယ်"

"ရှင်က ရှန်ဟိုင်းမှာ နေတာလား" ဟု အေဘီဂေးလ်က မေးသည်။

ကာအိုက ခေါင်းခါလိုက်ပြီး "ဟင့်အင်း မနေဘူး" ဟု ဖြေသည်။ "ကျွန်တော် ပီကင်းက လာပြီး လမ်းညွှန်ပေးနေတာ"

"ရှင် နိုင်ငံခြား ဘာသာသင် သိပ္ပံကျောင်းကို လာတဲ့အခါ ကျွန်မနဲ့ တွေ့ဦးမှာပါ၊ ကျွန်မကလည်း ရှင်အလာကို စောင့်နေမှာပါ"

"သိပ်တော့ မျှော်လို့မရဘူး၊ ကျွန်တော်က အလုပ်သိပ်များတယ်၊ ကျွန်တော့်မှာ အချိန်ပိုရယ်လို့ သိပ် များများစားစား မရှိဘူး၊ ကဲ ကျွန်တော် သွားမယ်၊ ဗွတ် ဘိုင်"

ကာအိုသည် အေဘီဂေးလ် ရှေ့မှ လျင်မြန်စွာ ထွက်သွားသည်။ ကာအိုအား မျက်စိတစ်ဆုံး ကြည့်နေသော အေဘီဂေးလ်သည် သူမ၏ ပတ်ဝန်းကျင်မှ ဗုံသံများ၊ လင်းကွင်းသံများနှင့် ကြွေးကြော်သံများ ပြန်ကြားလာရသည်။ တပ်နီလုံခြုံရေး တပ်ဖွဲ့သစ်များ ပန်းခြံတွင်းမှ ဖြတ်လာ၍ ဖြစ်သည်။ မှောင်စ ပြုနေပြီ ဖြစ်သော်လည်း ပွဲကြည့်ပရိသတ် လူစုလူဝေးကား ကွဲမသွားသေး။ အေဘီဂေးလ်သည် လူအုပ်ကြီးနှင့်အတူ တောင်ဘက်ဆီသို့ ရွှေ့လျားသွားလျက် ရှိ၏။

* * *

၂

"စိတ်မာတတ် ကြံ့ခိုင်ကြ၊ အသက်စွန့်ရမှာ မကြောက်နဲ့၊ အခက်အခဲ ဟူသမျှကို ကျော်လွှားကြ"

ရာပေါင်း ထောင်ပေါင်းများစွာသော လူငယ်များ၏ လည်ချောင်းများအတွင်းမှ ထွက်လာနေသည့် မော်စီ-တုန်း၏ အကျော်ကြားဆုံးနှင့် အထင်ရှားဆုံးသော ကောက်နုတ်ချက် စကားများဖြစ်၏။ ထိုစကားများသည် အိပ်ချင်မူးတူးဖြစ်နေသော လီအန် ကန်း၏ စိတ်အား လွှမ်းခြုံ ရစ်ပတ်ထားသည်။

အသက် ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော လီအန်ကန်းသည် ချန်အန်လမ်းကြား၏ တစ်ဖက် လမ်းကျဉ်းကလေးထဲရှိ အေးမြသော မြေပြင်ထက်၌ လှဲနေခြင်းဖြစ်၍ သူ့ တစ်ကိုယ်လုံးသည် တောင့်တင်းကာ တုန်ယင်လျက် ရှိ၏။ သူ အိပ်မောကျသွားသော လမ်း၏ အခြား တစ်ဖက်တွင် ထာဝရ ငြိမ်းချမ်းရေးဘုံလဗားလမ်းကျယ်ကြီး ရှိ၍ ထိုလမ်းကြီးသည် ပီကင်းမြို့တော်အား အရှေ့ပိုင်း အနောက်ပိုင်း နှစ်ခြမ်း ခွဲပေးထားသည်။

တကယ်တော့ လီအန်ကန်းသည် မထင်မှတ်ဘဲ အိပ်ပျော်သွားခြင်းဖြစ်၍ ယခု သူ အိပ်ရာမှနိုး၍ မျက်လုံးများအား ပြန်ဖွင့်လိုက်သည့်အခါ ပထမဆုံး မြင်ရသည့် အရာမှာ သူ ခေါင်းအုံး၍ အိပ်နေသော ပြည်သူ့နေ့စဉ် သတင်းစာ ပေါ်မှ မည်းနက်သော စာလုံးများ ဖြစ်၏။ သူ ကိုယ်တိုင်မှာလည်း အခြားရာပေါင်း ထောင်ပေါင်းများစွာသော တရုတ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကဲ့သို့ပင် သတင်းစာ စက္ကူများအား ခင်း၍ စိုစွတ်သော မြေပြင်ထက်၌ ခဏ တစ်ဖြုတ် လဲလျောင်းခဲ့ခြင်း ဖြစ်သည်။

အရုဏ် မတက်မီက ဆီးနှင်းများ ထူထပ်စွာ ကျခဲ့သည် ဖြစ်ရာ သူ့ကျောနှင့် ခေါင်းများအောက်၌ ခင်းထားသော သတင်းစာ စက္ကူများသာမက အစိမ်း

ရောင် ချည်ထည် ယူနီဖောင်းဝတ်စုံပါ နှင်းများဖြင့် စိုရွှဲလျက်ရှိ၏။ သူ့ ပတ်ပတ်လည်၌ လဲလျောင်းနေကြသူများနှင့် ထိုင်နေကြသူများမှာလည်း သူ့လိုပင် ဆီးနှင်းများဖြင့် ရွှဲရွှဲစိုလျက်ရှိ၏။ မကြာခင်မှာပင် တက်လာသော နေသည် သူတို့ အားလုံးကို အပူငွေ့ ပေးလျက်ရှိလေသည်။ ထိုအခါကျပြန်တော့လည်း သူတို့ အားလုံးသည် ချွေးတွေဖြင့် စိုရွှဲလာကြသည်။ သူ သိထားသည့် အတိုင်းဆိုလျှင် နံနက် ဆယ်နာရီတိတိတွင် ဥက္ကဋ္ဌကြီး မော်သည် ကောင်းကင်ဘုံ ဆန်သော ဂိတ်တံခါးပေါ်၌ ရောက်လာလိမ့်မည် ဖြစ်၏။ ယခု မြင်နေရသည့်အတိုင်းဆိုလျှင် အရှေ့ကောင်းကင်ဆီမှ အရုဏ်သည် ပြိုကွဲစပြုပြီ။ ထို တစ်ခဏမှာပင် သူ့ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာသည်ကို သူ သတိထားလိုက်မိသည်။ သူ့ အစ်မ အေ-လင်းသည် သူ့အား လာ၍ နှိုးနေသည်ဖြစ်၏။

"ဟိုဘက်ကို လှမ်းကြည့်လိုက်စမ်း ကန်း၊ ဒီနေ့ မနက် အရှေ့ဘက် ကောင်းကင် တစ်ခုလုံး နီရဲနေတာပဲ" ဟု ပြောကာ အေ-လင်း သည် အနီရောင် မျက်နှာဖုံးနှင့် စာအုပ် တစ်အုပ်အား လှန်လှော ရှာဖွေလျက်ရှိသည်။ စာအုပ်မှာ မော်၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်များ စုစည်းထားသည့် စာအုပ်ဖြစ်သည်။ "အစ်မတို့ အသက်ရှင်နေသမျှ ကာလပတ်လုံး ဒီနေ့ကို ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ဘူး"

လီအန် အေ-လင်း၏ ပါးနှစ်ဖက်သည် စိတ်လှုပ်ရှားမှုကြောင့် နီမြန်းလျက်ရှိသည်။ ကန်းထက် အသက် နှစ်နှစ်မျှ ကြီးသော အေ-လင်းသည်လည်း အစိမ်းပုပ်ရောင် ချည်ထည် စစ်ယူနီဖောင်းကို ဝတ်ထားသည်။ သူမ၏ မည်းနက်သော ဆံပင်ကိုလည်း ခပ်တိုတို ညှပ်ထားသည်။ သူသည်လည်း သူ့မောင်ကဲ့သို့ပင် ပီကင်းမြို့ စီတန်း လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲရန် ဩဂုတ်လ ၁၈ ရက်နေ့က ရောက်လာခဲ့ခြင်း ဖြစ်၏။ သူမသည် ဥက္ကဋ္ဌကြီး မော်မှ တစ်ပါး အခြားမည်သူ့ကိုမှ မြတ်နိုး ကိုးကွယ်သူ မဟုတ်ပေ။

"နင် လာနှိုးလို့ ကျေးဇူးပဲ" ဟု ကန်းက ပြောကာ ကပျာကယာ ထထိုင်သည်။ သူ့ ကျောနစ်အကျႌ အိတ်ကပ်ထဲမှ မော်၏ မိန့်ခွန်း ကောက်နုတ်ချက်များ ပါသော စာအုပ်ကို ထုတ်ယူလိုက်သည်။ "ကျွန်တော်က ချီတက် အလေးပြုပွဲကြီးကို လွတ်သွားပြီ ထင်နေတာ"

သူသည် ကြွေးကြော်သံများကို တိုင်ပေးလျက်ရှိသော ပြည်သူ့လွတ်မြောက်ရေးတပ်မှ စစ်သားတစ်ဦးအား လှမ်းကြည့်သည်။ စစ်သားများက သူတို့အား မြေကြီးပေါ်၌ မအိပ်ရန် အတိအကျ ညွှန်ကြားခဲ့၏။ သူတို့ ဤနေရာသို့ ဘတ်စ်ကားများနှင့် ရောက်လာခဲ့ကြသည်မှာ သန်းခေါင်ယံအချိန် ဖြစ်သည်။ စစ်သားများက သူတို့အနားမှ မခွာဘဲ တစ်နာရီ နှစ်နာရီနီးပါး ကြာသည်အထိ

တော်လှန်ရေး သီချင်းများကို ဆိုနိုင်းထားခဲ့သည်။ သို့သော်လည်း လုံခြုံရေး တပ်ဖွဲ့ဝင် အားလုံး အိပ်ရေးပျက်လာကြသဖြင့် တပ်သား အနည်းငယ်မျှသာလျှင် သီချင်း ဆိုနိုင်ကြလေသည်။

တကယ်တော့ ပီကင်းမြို့တော်သို့ ရောက်ပါပြီ ဆိုကတည်းက သူတို့အား လုံး အိပ်ရသည်ဟု မရှိပေ။ သူတို့၏ အိပ်ဆောင်များ၏ အပြင်ဘက်သို့ ထွက်၍ စစ်သားများ နိုင်းသည့်အတိုင်း သီချင်းများကို ဆိုနေကြရ၏။ အလံများနှင့် အနီရောင်၊ ရွှေရောင် စာလုံးများ ပါဝင်သော ကြွေးကြော်သံ စာတန်းများကို ကိုင်၍ ချီတက်ခြင်းကိုလည်း လေ့ကျင့်ကြရ၏။ မော်၏ ပိနံ့ခွန်းများထဲမှ ကောက်နုတ်ချက် ကြွေးကြော်သံများကိုလည်း အမှား မရှိအောင် ထပ်တလဲလဲ အော်ဟစ်နေကြရ၏။

"ဖောက်ပြန်တဲ့ အရာတိုင်းဟာ အတူတူပဲ" ဟု စစ်သားတစ်ယောက်က မော်၏ စာအုပ်ထဲမှ စာတစ်ကြောင်းကို ဟစ်ကြွေးလိုက်သည်။ "မင်း သူ့ကို မထိုးမချင်း သူ ကျလာမှာ မဟုတ်ဘူး"

ကန်းသည် ထို ကြွေးကြော်သံကို သူ့အစ်မ အေ-လင်းနှင့်အတူ ထပ်မံ အော်ဟစ်လျက်ရှိ၏။ သူ့ အခြေအနေသည် စောစောကလို အိပ်ချင်မူးတူး မဟုတ်တော့ပေ။ လက်သီးဆုပ်ကို မြှောက်၍ တက်ကြွစွာ အော်နေခြင်းဖြစ်၏။ အခုကျတော့လည်း မောပန်းနွမ်းနယ်ခြင်းသည် မရှိတော့ပြီ။ သူသည် တက်ကြွ သောစိတ်ဖြင့် ချန်အန်းနှင့်အတူ ကြွေးကြော်သံများ ဆက်၍ အော်နေသည်။ ဥက္ကဋ္ဌကြီး မော်သည် မင် မင်းဆက် ခေတ်က တည်ဆောက်ခဲ့သော ချန်နန်ပေး အဆောက်အအုံ၏ အနီးတွင် နေထိုင်လျက် ရှိသူဖြစ်၍ သူ့နေအိမ်မှ လှမ်းကြည့် လိုက်လျှင် ပြည်သူ့မဟာခန်းမကြီးအား မြင်နေရ၏။ ဤ ခန်းမကြီးမှာ ၁၉၅၉-ခုနှစ် အတွင်းက တော်လှန်ရေးကြီး အောင်မြင်ခဲ့သည်ကို အကြောင်းပြု၍ အလုပ်သမားများက ဆယ်လတိတိ အချိန်ယူ၍ တည်ဆောက်ခဲ့ကြခြင်း ဖြစ်၏။

ဤ အဆောက်အအုံကြီးကို သူ ကျောင်းသားဘဝက ဖတ်စာအုပ်ထဲ၌ မြင်ခဲ့ရဖူး၏။ ခန်းမကြီး၏ အကြောင်းကိုသာမက ခန်းမကြီး အတွင်းနှင့် ပတ်ပတ်လည်ရှိ လမ်းများနှင့် အထိမ်းအမှတ် ကျောက်တိုင်များနှင့် ရုပ်တုများ အကြောင်းကိုပါ သိခွင့်ရခဲ့၏။ အမှန်အားဖြင့် သူသည် သူ့ရပ်ရွာနှင့် အလွန် အလှမ်းဝေးသော တရုတ်နိုင်ငံ၏ မြို့တော် ပီကင်းအား အလည် တစ်ခေါက် ရောက်နိုင်လိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ပေ။ အခုကျတော့လည်း ဤမြို့တော် သို့ ရောက်ဖူးခဲ့ရုံမျှမက နံနက်ခင်း စောစောစီးစီး တိုက်ခတ်နေသော လေနှင့် အတူ လိုက်ပါလာနေသည့် လူ ထောင်ပေါင်းများစွာ၏ ကြွေးကြော်သံများကိုပါ

ကြားနေရ၏။ သူသည် သူ့ဘေးနား၌ ရပ်နေသော အစ်မဖြစ်သူအား တစ်ချက် လှမ်း၍ အကဲခတ်သည်။ သူ့အစ်မကိုယ်တိုင်မှာလည်း သူ့လိုပင် ဝမ်းသာကြည်နူး လျက်ရှိသည်မှာ ထင်ရှားနေသည်။

"ဒီနေ့ အဖြစ်တွေကို တို့ မေ့ပစ်လို့ မဖြစ်ဘူး" ဟု ကန်းက သူ့အစ်မ အား လှမ်းပြောသည်။ "ကျွန်တော် သိထားတာကတော့ ဥက္ကဋ္ဌကြီး မော်ဟာ ဒီနေ့မနက် ကျွန်တော်တို့အားလုံးရဲ့ နှလုံးသားတွေထဲမှာ အနီရဲဆုံး နေမင်းကြီး ဖြစ်နေတယ်။ ကျွန်တော့် တစ်ကိုယ်လုံး အတွင်းရော အပြင်ရော နွေးထွေးနေ တာပဲ"

သူ့အစ်မက ခေါင်းညိတ်သည်။ "အစ်မကတော့ ဥက္ကဋ္ဌကြီး မော်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ အစ်မရဲ့ အဘိုးဟာ ဥက္ကဋ္ဌကြီး မော်နှင့် တပ်နီ စစ်တပ်အတွက် အသက်စွန့်ပြီး မြစ်ကူးတံတားကို သိမ်းပေးခဲ့တာ ဘာကြောင့်လဲ ဆိုတာ အစ်မ အခုမှ နားလည်တယ်"

သူတို့ မောင်နှမသည် ချန်ရှာ အလယ်တန်းကျောင်း၌ ပညာသင်ကြားခဲ့ ရသူများ ဖြစ်သည်။ အေ-လင်းသည် ထိုစဉ်က ဟူနန် လူမျိုးတို့၏ မြို့တော် ချန်ရှာ၌ တပ်နီလုံခြုံရေး တပ်ဖွဲ့တစ်ဖွဲ့ ပထမဦးဆုံး စည်းရုံးတည်ထောင်ကာ ဖွဲ့စည်း ပေးခဲ့ဖူးသည်။ သူတို့၏ ဖခင်မှာ ခရီးရှည် ချီတက်ပွဲကြီးတွင် တပ်နီ လူငယ် တစ်ဦးအဖြစ် ပါဝင်ခဲ့ဖူး၏။ သူတို့၏ အဘိုးမှာ လုတင်း တံတားတိုက်ပွဲ၌ ဗွန်းစားတိုက် ခိုက်ခဲ့သဖြင့် ရွှေကြယ် သူရဲကောင်း တံဆိပ် ရခဲ့ဖူး၍ ယခုအခါတွင် သူတို့ ဖခင်မှာ အလုပ်သမားအဖွဲ့ဝင် ကေဒါ တစ်ဦးဖြစ်လျက် ရှိလေသည်။

အခြားသော ပြည်နယ် မြို့တော်များမှာကဲ့သို့ပင် ချန်ရှာ မြို့တွင်လည်း သတင်းစာ ရှိသည်ဖြစ်ရာ ထိုသတင်းစာ၌ တပ်နီလုံခြုံရေး တပ်ဖွဲ့တံဆိပ်အား လက်မောင်း၌ တပ်၍ထားသော မော်စီ-တုန်း၏ ပုံသည် ပါလာခဲ့၏။ သြဂုတ်လ ၁၈-ရက် ဆန္ဒပြပွဲ အကြောင်းလည်း ပါလာခဲ့လေရာ၊ အထက်တန်းနှင့် အလယ် တန်း ကျောင်းသူကျောင်းသားများသည် များစွာ စိတ်လှုပ်ရှားခဲ့ကြရ၏။ ကန်း နှင့် အေ-လင်းတို့သည် သူတို့၏ သူငယ်ချင်းများနည်းတူ မြို့နယ်တွင်းရှိ အမည်း ကောင် ခုနစ်မျိုးအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ယင်း ခုနစ်မျိုးမှာ ယခင်ခေတ် က မြေပိုင်ရှင်ကြီးများ၊ လူချမ်းသာ လယ်သမားများနှင့် တန်ပြန် တော်လှန်ရေး သမား စာရင်းဝင် လယ်ယာသမားများနှင့် နာမည်ဆိုး စာရင်းဝင်နေသူများ ဖြစ်သည်။ ဤသည်မှစ၍ အေ-လင်းနှင့် ကန်းတို့ မောင်နှမသည် ဟူနန် လူမျိုး တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် အများအပြားနှင့်အတူ ပီကင်းသို့ သွားရမည့် ကိုယ်စားလှယ် အဖွဲ့တွင် ပါဝင်ခဲ့ကြလေသည်။

သူတို့မောင်နှမသည် မီးရထားဖြင့် လာခဲ့ကြခြင်းဖြစ်၍ ရထားပေါ်တွင် အခြား ပြည်နယ်များနှင့်မြို့များမှ တပ်နီ လုံခြုံရေးအဖွဲ့ဝင်များအား တွေ့ဆုံခွင့် ရခဲ့ကြသည်။ အမှန်အတိုင်း ပြောရမည်ဆိုပါက မော်၏ တော်လှန်ရေးဆိုင်ရာ အတွေးအခေါ်များနှင့် အရေးအသားများကို သူတို့ ကျောင်းသားဘဝတွင် နေ့စဉ် သင်ကြားခဲ့ကြရ၏။ လူကို မမြင်ဖူးသော်လည်း ဒဏ္ဍာရီဆန်လွန်းသော ခေါင်းဆောင်ကိုမူကား ရုပ်ပုံအနေဖြင့် အမြဲတစေ တွေ့ခဲ့ကြရသည်။ ဥက္ကဋ္ဌကြီးမော်သည် သတင်းစာများနှင့် သမိုင်းစာအုပ်များ၌ ဘာကြောင့် ရှေ့တန်းမှ ပါဝင်နေရသနည်း။ မည်သည့် သမိုင်းစာအုပ်ကိုပဲဖတ်ဖတ် ဥက္ကဋ္ဌမော်သည် တရုတ်နိုင်ငံ၏ မဟာကယ်တင်ရှင်ကြီး ဖြစ်နေသည်။

သူတို့ သိရသလောက်ဆိုပါက ကွန်မြူနစ်ပါတီအား တည်ထောင်ခဲ့သူမှာ ဥက္ကဋ္ဌကြီးမော် ဖြစ်၏။ တပ်နီတော်ဟု အမည် ပေးထားသည့် တရုတ်နီ စစ်တပ်အား တည်ထောင်ခဲ့သူမှာလည်း ဥက္ကဋ္ဌကြီးမော်ပင် ဖြစ်၏။ လီ ပေါင်း နှစ်သောင်းကျော် ကွာဝေးသည့် ခရီးရှည်ကြီးကိုလည်း မော်ပင် ခေါင်းဆောင်ခဲ့ သည်။ ကန်း နှင့် အေ-လင်း တို့အဖို့ ယုံနိုင်စရာပင် မရှိ။ ယခုလည်း သူတို့သည် မီးရထားနှင့် လည်းကောင်း၊ ဘတ်စ်ကားများနှင့် လည်းကောင်း၊ ပီကင်းသို့ သွား နေကြသည့် တပ်နီ လုံခြုံရေး တပ်သားများမှာ ထောင်နှင့် သောင်းနှင့်ချီ၍ ရှိ နေသည်။ ဤ လူစု ပီကင်းသို့ သွားနေကြသည်မှာ ဥက္ကဋ္ဌကြီးမော်အား အလေးပြု သည့်ပွဲသို့ တက်ရောက်ကြရန် ဖြစ်လေသည်။

ပီကင်းမြို့တော်သို့ ရောက်သွားကြသည့်အခါ ဆရာများနှင့် ကျောင်းသား ခေါင်းဆောင်များ ဦးစီးသည့် ပီကင်းတပ်နီ လုံခြုံရေးအဖွဲ့ဝင်များ လာရောက် ကြိုဆိုကြသည်။ အသင့် ပါလာသည့် ထရပ်ကားကြီးများပေါ်သို့ သူတို့အားတင် ၍ ဆင်ခြေဖုံး ရပ်ကွက်များအတွင်းရှိ အလယ်တန်းကျောင်းသို့ ပို့ပေးခဲ့သည်။ ပီကင်း၌ နေရစဉ်အတွင်း ထို အလယ်တန်းကျောင်းသည် သူတို့အတွက် တည်းခို ရိပ်သာပေတည်း။ သူတို့အားလုံး ကောက်ရိုးများ ခင်းထားသည့် ခုံ တန်းလျား များနှင့် ဝါးဖျာများ ခင်းထားသည့် ကြမ်းပြင်ပေါ်၌ အိပ်ကြရလေသည်။

ကန်း တို့လူစုသည် အနယ်နယ် အရပ်ရပ်မှ ရောက်လာကြသော တပ်နီ လုံခြုံရေး အဖွဲ့ဝင်များနှင့် တရင်းတနှီး စကားပြောဆိုခွင့်နှင့် ခင်မင်ခွင့်ကို ရရှိခဲ့ကြသည်။ ယေဘုယျသဘော ပြောရလျှင် နံရံကပ် ပိုစတာကြီးများသည် မြို့တော်၏ နေရာအနှံ့အပြားတွင် ရှိနေသည်ဖြစ်ရာ ဥက္ကဋ္ဌကြီး မော်၏ နိုင်ငံရေး တိုက်ပွဲသည် အောင်ပွဲခံမည့် အနေအထားရှိနေ၏။ နယ်မြေဒေသ အသီး သီးမှ ရောက်လာကြသူများ အဖို့ကား မည်သည့် အရာကိုမှ ကျယ်ကျယ်ပြန့်ပြန့် ဂဃနဏ မသိကြသဖြင့် ယောင်ဝါးဝါး ဖြစ်ဖို့သာ များလေသည်။

ပြည်သူ့ပန်းခြံအတွင်း၌ ကားမတ်စ်၊ အိန်ဂျယ်၊ လီနင်နှင့် ဆွန်ယက်ဆင်တို့၏ ပုံများသည် ဝင်လာသူများအား ငုံ့ကြည့်နေကြသည်။ တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် အားလုံးသည် ထိုရုပ်ပုံကြီးများကို ကြည့်၍ တအံ့တသြ ဖြစ်လျက် ရှိနေကြလေ၏။

ဆယ်နာရီထိုးဖို့ မိနစ် အနည်းငယ်မျှ အလိုတွင် ပီကင်းတပ်နီ လုံခြုံရေးတပ်ဖွဲ့မှ ခေါင်းဆောင် တစ်ဦးသည် ရှေ့သို့ ထွက်လာသည်။ သူသည် ချန်ရှာမြို့မှ တက်ရောက် လာကြသူများအား ဦးစီးဦးဆောင် ပြုနေရသူဖြစ်၏။

"ဒီနေ့တော့ ချန်ရှာ မြို့က ရဲဘော်တွေအတွက် ပြောစရာ စကားတွေရှိတယ်။ ဒီညအဖို့ ခင်ဗျားတို့ အဖွဲ့ဟာ အရေးပါ အရာရောက်တဲ့ ကိစ္စတစ်ခုကို အကောင်အထည် ဖော်ပေးကြရလိမ့်မယ်။ ဒါနဲ့ စကားမစပ် ခင်ဗျားတို့ထဲမှာ လီအန်ကန်းနဲ့ လီအန် အေ-လင်းတို့ ပါသလား"

"ကျွန်တော် လီအန်ကန်း ပါ" ဟု ကန်းက ထိုင်နေရာမှ ခုန်ထပြီး ပြောသည်။ သူသည် လက်တစ်ဖက်ကိုပါ မြှောက်ပြထားသည်။ ပီကင်းမှ ကျောင်းသားခေါင်းဆောင်က ကန်းအား လက်ဟန်ခြေဟန်ပြကာ ပြန်ထိုင်ခိုင်းသည်။ "ခင်ဗျားနဲ့ ခင်ဗျားရဲ့ အစ်မတို့ ဒီည ကိုးနာရီမှာ တခြား ချန်ရှာ တပ်နီလုံခြုံရေးတပ်ဖွဲ့တွေနဲ့အတူ အစည်းအဝေး တက်ကြရမယ်" ဟု ပြောသည်။

"ဟုတ်ကဲ့ပါ၊ ရဲဘော်"

ကန်း နှင့် အေ-လင်းတို့ မောင်နှမသည် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကာ ယခုမှ ပေးလာသည့် တာဝန်သစ်ကို စဉ်းစားကြံဆလျက်ရှိကြ၏။ ထိုအခိုက်မှာပင် အသံချဲ့စက်များဆီမှ "အရှေ့သည် နီသွားပြီ" ဟူသော သီချင်းသံ ထွက်လာသည်။ ထို့နောက် လမ်းဘေး ဝဲယာ နှစ်ဖက်စလုံးဆီမှ အော်ဟစ် နှုတ်ဆက်သံများနှင့် ကြွေးကြော်သံများ အဆက်မပြတ် ထွက်လာနေသည်။

"မော် စီဘူ ဘီစီ ဝမ်စွေ၊ မော် စီဘူ ဘီစီ ဝမ်စွေ၊ မော် စီဘူ ဘီစီ ဝမ်စွေ"

"ဥက္ကဋ္ဌကြီး မော် အသက် ရာကျော် ရှည်ပါစေ၊ ဥက္ကဋ္ဌကြီး မော် အသက် ရာကျော် ရှည်ပါစေ၊ ဥက္ကဋ္ဌကြီး မော် အသက် ရာကျော်ရှည်ပါစေ"

ကြွေးကြော်သံများသည် ပို၍ ကျယ်လောင်လာသည်။ "အရှေ့သည် နီသွားပြီ" ဟူသော သီချင်းသံကလည်း အသံချဲ့စက်များဆီမှ မရပ်မနား ထွက်ပေါ်လာနေဆဲ။

"ဥက္ကဋ္ဌကြီး မော် ကြွလာပါပြီ" စူးစူးရှရှ ထွက်ပေါ်လာသည့် အသံ။ "ဥက္ကဋ္ဌကြီး မော် ကြွလာပါပြီ"

ကန်း နှင့် သူ့အစ်မ တို့သည် ထိုင်နေရာမှ ခုန်ထလိုက်ကြ၏။ သူတို့ ပတ်ပတ်လည်ရှိ တပ်နီ လုံခြုံရေး တပ်သားများသည်လည်း သူတို့ ကဲ့သို့ပင် ဖြုန်းခနဲ ခုန်၍ ထလိုက်ကြသည်။ အားလုံး အလုအယက် တန်းစီ ညာညီ လုပ်ကြသည်။ သူတို့ကြားတွင် သောသောရုတ်ရုတ် ဖြစ်လျက်ရှိနေကြလေပြီ။

* * *

၃

ငြိမ်းချမ်းသော ကောင်းကင်ဘုံ ဂိတ်တံခါး အဝင်ဝတွင် အနီရောင် ဖယောင်းတိုင်ကြီးများ စီစီညီညီ ထွန်းညှိကာ လှပနေအောင် ပြင်ဆင် မွမ်းမံထားသည်။ အောက်ဘက် အနိမ့်ပိုင်းဆီ လှမ်းကြည့်လိုက်သည့်အခါ၊ ပြည်သူ့ ပန်းခြံတွင်းသို့ ဝင်လာမစဲ တသဲသဲ ဖြစ်နေကြသော တပ်နီ လုံခြုံရေး တပ်ဖွဲ့သားများအား မြင်နေရ၏။ မာရှယ် လု ချီယာအိုသည် သူ့ ပတ်ပတ်လည်ရှိ နီရဲရဲအလံများ၊ တရုတ်စာလုံး နီနီကြီးများဖြင့် ရေးထားသည့် ပိုစတာကြီးများ၊ **ဟွမ်ဝေပင်း** လက်ပတ်များ ပတ်ထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရေတွက်၍မရနိုင်လောက်အောင် များပြားလှသည့် မော်၏ မိန့်ခွန်း ကောက်နုတ်ချက် စာအုပ်များ၊ အားလုံးကို စိတ်ဝင်တစား လိုက်လံ ကြည့်ရှုနေသည်။

အသက် ခြောက်ဆယ့်သုံးနှစ်မျှ ရှိနေပြီဖြစ်သော မာရှယ် ချီယာအိုသည် ဆံပင်များ ဖြူစပြုနေပြီ။ သို့သော်လည်း သူ့ ကိုယ်လုံးကိုယ်ထည်ကတော့ ကျစ်လျစ် တောင့်တင်းကာ သန်မာဆဲ။ တစ်ချိန်က ခရီးရှည် ချီတက်ပွဲကြီး၌ ခွန်ခွန်စားစား ပါဝင်လှုပ်ရှားခဲ့သော သူ့ အခန်းကဏ္ဍအား သတိမရဘဲ မနေနိုင်။ ချီယာအိုသည် သူနှင့် အလှမ်းများစွာ မဝေးကွာလှသည့် နေရာမှ မော်အား မျက်စိ ထောင့်ကပ်ကာ မကြာခဏ လှမ်းကြည့်နေသည်။ မော်သည် ချီယာအိုနှင့်ကိုက် အနည်းငယ်မျှသာ ကွာသည်။ သူသည် သူ့အား ကြွေးကြော် သံများဖြင့် ဆီးကြိုနေကြသူများအား မကြာခဏ လက်တစ်ဖက် မြှောက်ပြကာ နှုတ်ဆက်နေသည်။ ကြွေးကြော်သံများမှာ ဆူဆူညံညံ ရှိလှပါဘိခြင်း။ မော်၏ ဝိုင်းစက်စက် မျက်နှာသည် ထူးခြားသော အရိပ်လက္ခဏာများကို ဖော်ပြခြင်း မရှိ။ သူ့အနီး၌ ကပ်၍ရပ်နေသူကား သူ၏ ကိုယ်ရေး သူနာပြု ဆရာမပေတည်း။

အခြား ပါတီခေါင်းဆောင်များကဲ့သို့ပင် ချီယာအိုသည် စိတ်အား ဘက်ကြွလျက်ရှိသော မော်၏ မျက်နှာ အပြောင်းအလဲအား သတိထားနေမိ၏။

မော်သည် စိတ်ဓာတ် တက်ကြွလာသည်နှင့်အမျှ ခန္ဓာကိုယ်သည်လည်း လန်းဆန်းလာနေဟန်ရှိသည်။ မော်တစ်ယောက် သွက်ချာပါဒ ရောဂါ စွဲကပ်နေပြီးဟု ကောလာဟလ သတင်း ထွက်နေခဲ့သည်မှာ တစ်နှစ် နှစ်နှစ်ခန့် ရှိသွားပြီ သို့တစေလည်း အခုလို သူ့အား ချီတက်အလေးပြုပွဲနှင့် လူထုပရိသတ် မိန့်ခွန်း ပြောပွဲများ ရှိလာသည့်အခါ မော်၏ အခြေအနေသည် တိုးတက်သည့်ဘက်၌ ရှိနေလေသည်။

လွန်ခဲ့သောနှစ် ဩဂုတ်လ ၁၈-ရက်နေ့က ပထမဆုံးအကြိမ် လူကုစည်းဝေးပွဲကြီး ကျင်းပခဲ့ဖူးသည်။ ထိုစဉ်က ဂိတ်တံခါး အောက်ဘက်မှ လူစုလုဝေးကြီး၏ လှုပ်ရှားမှုကြီးသည် အိပ်မက်ထဲမှ မြင်ကွင်းတစ်ခုနှင့် တူနေသည်။ အခု ဒီနေ့ကျတော့လည်း တစ်မျိုးတစ်ဘာသာ ဖြစ်လျက်ရှိသည်။ မြင်နေရသည်မှာ ထမင်းလုံး တစ္ဆေ ခြောက်ခံနေရသည့် အဖြစ်တစ်ခုနှင့် တူနေသယောင်ယောင် ရှိသည်။

ကိုက် အနည်းငယ် အကွာရှိ လသာဆောင်ထဲတွင် နိုင်ငံအကြီးအကဲ လျူရှောက်-ချီသည် သူ့နေရာ၌ ရပ်လျက်ရှိသည်။ သူသည် ဆံပင်တွေ ဖွေးဖွေး လှုပ်မျှ ဖြူနေပြီ။ လျူရှောက်-ချီသည် စကား အလွန်နည်းသူဖြစ်၏။ မလိုအပ်ဘဲနှင့် စကားပြောလေ့ မရှိပေ။ သူ့မျက်လုံးများသည် လူစုလူဝေးကြီးအား လှမ်းကြည့်နေသော်လည်း မမြင်သည့်နှယ် ရှိသည်။

သူ့ဘေး၌ ရပ်နေသူကား ဇီချူအန်နီ လူမျိုး ပါတီ အထွေထွေ အတွင်းရေးမှူး တိန်ရှောင့်-ပိန် ဖြစ်၏။ သူ့မျက်နှာသည် ဖြူရော်ရော်ဖြစ်ကာ တည်ငြိမ်လျက်ရှိသည်။ သူတို့နှစ်ဦး အနီး၌ စကားပြောဖော်ဟူ၍ တစ်ဦးမျှ မရှိပေ။ တကယ်တော့ ဤ နှစ်ဦးသည် မော်၏ အစွန်းရောက် လုပ်ငန်းတချို့အား ထိန်းသိမ်းပေးခဲ့သူများ ဖြစ်ကြပေသည်။

ဤပုဂ္ဂိုလ်နှစ်ဦးသည် တစ်နိုင်ငံလုံးရှိ ပါတီကေဒါများ၏ လုပ်ငန်းအားလုံးကိုလည်း ချုပ်ကိုင် ထိန်းသိမ်းပေးထားသည်။ ပါတီကေဒါများသည် "မဟာရှေ့သို့ ခုန်ကျော်ခြင်း လုပ်ငန်း"၏ အစွန်းရောက်မှုများအား ကျော်လွှား၍ မရဖြစ်နေခဲ့ဖူးရာ ဤပုဂ္ဂိုလ်နှစ်ဦး၏ ကျေးဇူးကြောင့် အဆိုးတရားများအား ဖယ်ရှားနိုင်ခဲ့ခြင်း ဖြစ်လေသည်။

"ဌာနချုပ်တွေကို အမြောက်ကြီးတွေနဲ့ ပစ်ခတ် တိုက်ခိုက် ဖျက်ဆီးပစ်ကြ" ဟု ကာကွယ်ရေးဝန်ကြီးက သေးယေ်စူးရှသော အသံဖြင့် ပြောသည်။ "အဲဒီ စကားဟာ မဟာပစ္စည်းမဲ့ လူတန်းစား ယဉ်ကျေးမှု တော်လှန်ရေးရဲ့ စစ်ကြွေးကြော်သံ ဖြစ်ရမယ်၊ ရှေးဟောင်း လူ့အဖွဲ့အစည်းက ထားရစ်ခဲ့တဲ့ နွံတွေ နွံတွေ အညစ်အကြေးတွေကို ဆေးကြောပစ်ရမှာ ရဲဘော်တို့ လုပ်ရပ်တွေဟာ

ကောင်းပါတယ်၊ ဒါပေမဲ့လို့ အခုတစ်ကြိမ်ကျခါမှ အဓိကပစ်မှတ်ကို အာရုံစူးစိုက်ပြီး မလွဲမသွေ ကျဆုံးအောင် ပစ်ခတ် တိုက်ခိုက်ကြရမှာ။ တို့အနေနဲ့ ဘူဇွာ လူတန်းစား ပြန်လည်ပြုပြင်ရေးသမားတွေကို ပစ်ခတ်တိုက်ခိုက်ပစ်ရမယ်။ ပါတီတွင်းမှာ အာဏာ ရနေကြပြီး အရင်းရှင် လမ်းကြောင်းကို ပြန်လျှောက်ချင်နေကြတဲ့ လက်တစ်ဆုပ်စာ လူတစ်စုကို ပစ်ခတ် တိုက်ခိုက် သုတ်သင်ပစ်ရမယ်"

ပြည်သူ့ပန်းခြံတွင်းဝယ် "ဌာနချုပ်တွေကို အမြောက်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ပြီး ဖျက်စီးပစ်ကြ" ဟူသော ကြွေးကြော်သံများသည် စည်းချက်ကျကျ ထွက်ပေါ်လာနေသည်။ ကာကွယ်ရေးဝန်ကြီး လင် ပီယာအိုသည် သူ့လက်ထဲမှ မော်၏ မိန့်ခွန်းကောက်နုတ်ချက်များ ပါဝင်သော "စာအုပ်နီလေး" အား မြှောက်မြှောက် ပြနေသည်။ ဤ စာအုပ်နီလေးထဲမှ စကားများအား မော် ကိုယ်တိုင် ရွေးချယ်ထားခြင်းဖြစ်၍ ဝိကင်း တက္ကသိုလ် ကျောင်းသားများအား စိတ်ဓာတ်တက်ကြွအောင် သွေးထိုးရာ၌ များစွာ ထိရောက်သည်ဟု ဆိုသည်။ ထို့ကြောင့် ပေလားမသိ၊ ယခု တစ်ချီတွင်လည်း လင် ပီယာအိုသည် ထိုစာအုပ်ထဲမှ ဤကြွေးကြော်သံများအား ပြန်၍ အသက်သွင်းကာ ယဉ်ကျေးမှုတော်လှန်ရေး၏ အားသစ် ကြွေးကြော်သံများအဖြစ် အသုံးချလျက်ရှိ ပြန်လေပြီ။

ယနေ့ အခမ်းအနားတွင် ချူ အင်-လိုင်းသည် မိန့်ခွန်းကို တိုတိုတုတ်တုတ်နှင့် လိုရင်းကိုသာ အဓိကထား၍ ပြောသွားသည်။ သူသည် ယေဘုယျသဘော ပြောကာ ပါတီတွင်းမှ လူအများအား ထိခိုက်ပုတ်ခတ်ခြင်း မပြု။ ထိုနစ်ဦး မိန့်ခွန်း ပြောအပြီးတွင် "ဥက္ကဋ္ဌကြီး မော် သက်တော်ရာကျော်ရှည်ပါစေ" ဟူသော ကြွေးကြော်သံများသည် ပြည်သူ့ပန်းခြံ အတွင်း၌ ပဲ့တင်ထပ်ကာ ပတ်ဝန်းကျင်အား ရိုက်ခတ်လျက်ရှိလေသည်။

သမ္မတ လျူရှောက်-ချီနှင့် ပါတီ အထွေထွေ အတွင်းရေးမှူးတို့သည် စိတ်ရှုပ်သည့် မျက်နှာထားများဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်ကို ချီယာအို မြင်လိုက်သည်။ စင်ပေါ်၌ ပြုံးရွှင်ရယ်မော နေကြသူများမှာ လင် ပီယာအိုနှင့် မော် ဦးစီး၍ ဖွဲ့စည်း တည်ထောင်ပေးထားခဲ့သည့် ယဉ်ကျေးမှုတော်လှန်ရေး ကော်မတီဝင်များသာဖြစ်၏။ မော် ကိုယ်တိုင်မှာလည်း အခြားလူများနှင့် ခပ်ဝေးဝေး တစ်နေရာ၌ ငြိမ်ဆိမ်စွာ ရပ်နေသည်။ သူသည် လူထု အစည်းအဝေးသို့ ရောက်လာကြသည့် ပရိသတ် အပေါ်၌သာ အာရုံစူးစိုက် ထားလေသည်။

မော်၏ အမူအရာသည် မတုန်မလှုပ် ကျောက်ရုပ် ပုံစံမျိုး ဖြစ်သည်။ ပြည်သူ့တပ်နီတော် ယူနီဖောင်း ဝတ်ထားသည်။ သူနှင့် လင် ပီယာအို အပါအဝင် ယဉ်ကျေးမှု တော်လှန်ရေးအဖွဲ့ အုပ်စုဝင်များသည် သမ္မတ လျူရှောက်-

ချိနှင့် ပါတီ အထွေထွေ အတွင်းရေးမှူးတို့အား စကား မပြောကြချေ။ သူတို့နှစ်ဦး ရောက်ပါပြီ ဆိုကတည်းက သူတို့ ရပ်နေသည့် ဘက်သို့လည်း လုံးဝလှည့်မကြည့်ကြချေ။

ဤပွဲသို့ တက်ရောက်လာကြသော ပါတီနှင့် စစ်တပ်မှ ခေါင်းဆောင်တိုင်းသည် မော် ဦးစီးသော အဖွဲ့မှ သမ္မတနှင့် အတွင်းရေးမှူးတို့ အပေါ်ယဉ်ကျေးမှု တော်လှန်ရေး၏ အဓိက ပစ်မှတ်များအဖြစ် သတ်မှတ်ထားသည်ကို သိနေကြသည်။ ထို တော်လှန်ရေး အဖွဲ့အနေဖြင့် ယခုအချိန်ထိ ထိုနှစ်ဦးစလုံး၏ နာမည်ကို အတိအကျ မဖော်ပြကြသေးပေ။ သို့တစေလည်း နံရံကပ်ပိုစတာများနှင့် တရားမဝင် သတင်းစာများတွင်ကား "တရုတ်နိုင်ငံ၏ ကရုရှက်" နှင့် "အရင်းရှင် လမ်းကြောင်းပေါ် သွားနေသော အာဏာရ လက်ရှိပါတီ ခေါင်းဆောင်" တို့အား ရှုတ်ချကြ စသည်ဖြင့် ရေးထားသည်။

မည်သို့ပင်ဖြစ်စေ၊ ပါတီ၏ ထိပ်သီး ဗျူရိုကရက် နှစ်ဦး ဟူသော သတ်မှတ် စွပ်စွဲချက်ဖြင့် တရားဝင် ပစ်တင် ရှုတ်ချခြင်းကို ပြုလုပ်လျက်ရှိသည်မှာကား ထင်ရှား၏။ ဤပြဿနာမှာ ချိုယာအို တစ်ဦးတည်းသာလျှင် မဟုတ်၊ အားလုံးလိုလိုက သိနေကြပြီဖြစ်၍ ထို အုပ်စုထဲမှ အနည်းငယ်မျှသော လူစုသည်ပင်လျှင် တစ်ချိန်ချိန်၌ အတိုက်ခိုက်ခံရလိမ့်မည်ဟု ယူဆဖွယ်ရာ ရှိနေ၏။

ချိုယာအို အနေဖြင့် တစ်ခု သတိထားမိနေသည်မှာ တခြား မဟုတ်၊ တပ်နီတပ်၏ ကာကွယ်ရေး ဦးစီးချုပ်လည်းဖြစ်၊ ခရီးရှည်ချီတက်ပွဲကြီးတွင် တပ်တစ်တပ်လုံးအား ဦးစီးဦးဆောင်ပြုခဲ့သူလည်း ဖြစ်သော မာရှယ် ချူတေး၏ အမူအရာဖြစ်သည်။ ယခုအခါ ချူတေးသည် အသက် ရှစ်ဆယ် ရှိနေပြီဖြစ်၍ သူသည် အခမ်းအနား တစ်ခုလုံးအား မပွင့်တပွင့် မျက်စိများဖြင့် ကြည့်လျက်ရှိသည်။ သူ့ အမူအရာကား စိတ်သက်သာရာ ရဟန်မရှိ။ တစ်ခု ထူးခြားသည်ကား သူ့ မျက်နှာထားသည် လက်ရှိအနေအထားပေါ်၌ များစွာ အလေးအနက်ပြု၍ ဆင်ခြင်စဉ်းစားနေဟန်ရှိ၏။

တကယ်တော့ ချိုယာအိုသည် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ မဖော်ရွေသော အပြုအမူနှင့် အနေအထိုင်များအား သိနားလည်ထားရသည်မှာ ကြာခဲ့ပြီ။ အများအားဖြင့် သူကိုယ်တိုင်မှာလည်း အခြားသော ပါတီခေါင်းဆောင်အများစုကဲ့သို့ပင် သမ္မတ လျူရှောက်-ချီ နှင့် တိန်ရှောင့်-ပိန် တို့၏ ယထာဘူတကျသော မူဝါဒများအား စိတ်ရောကိုယ်ပါ ထောက်ခံခဲ့၏။ အထူးသဖြင့် မဟာရှေ့သို့ ကျော်လွှားခြင်းလုပ်ငန်းကြောင့် တစ်နိုင်ငံလုံး အခက်အခဲများနှင့် ရင်ဆိုင်နေရသော နှစ်ကာလများအတွင်း သူ့အနေဖြင့် ထောက်ခံခဲ့သည်က များလေသည်။

လက်ရှိအခြေအနေသည်ကား လုံးဝဘဝင်ကျစရာ မရှိပေ။ ခေါင်းဆောင်အချို့၏ မိန့်ခွန်းသစ်များသည် ကျိုးကြောင်း ဆီလျော် နိုင်လှုံခြင်းလည်း မရှိပေ။ သူတို့စကားများ ကြားရသည်မှာ ပေါ်လစ် ဗျူရိုအဖွဲ့မှ အဖွဲ့ဝင် အားလုံးသည် မော် ညွှန်ကြားထားသည့်အတိုင်း နားလည်ရခက်ခဲ ရှုပ်ထွေးသည့် "ဌာနချုပ်တွေကို အမြောက်တွေနဲ့ ပစ်ခတ် ဖျက်ဆီးပစ်ကြ" ဟူသော နည်းဗျူဟာသစ်၏ တိုက်ခိုက်မှုဒဏ်ကို ခံကြရတော့မည်ထင်၏။

ယနေ့ ကျင်းပနေသည့် လူထု စည်းဝေးပွဲကြီး၏ ရည်ရွယ်ချက်သည် မော်၏ စိတ်ကို ငြိမြင်အောင် လုပ်ခဲ့သမျှ ပါတီခေါင်းဆောင်များနှင့် ကေဒါများအား တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များက ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ရန် နည်းလမ်းများ ဖွင့်ပေးခြင်း ဖြစ်သည်ဟုပင် ချီယာအိုက ယူဆသည်။ ထိုအသိနှင့် ထိုအယူအဆ ဝင်လာသည့်အခါ ချီယာအို၏ ရင်ထဲတွင် မနှစ်မြို့ခြင်း မသာယာခြင်းနှင့် မကျေနပ်ခြင်းစသော စိတ်ခံစားမှုများသည် လှိုင်းထလာလေသည်။

ထိုအခါ သူ ညာဘက် ပခုံးဆီမှ နာကျင် ကိုက်ခဲသော ဝေဒနာသည် ပေါ်လာသည်။ ဤသည်မှာ သူ့စိတ်၌ တင်းမာမှု ပေါ်လာခြင်းကို ညွှန်ပြခြင်း ဖြစ်၏။ စီအန် မြစ်မှ ဒဏ်ရာဟောင်း ထလာခြင်းဖြစ်သည်မှာ ထင်ရှားလျက်ရှိ၏။ ထိုစဉ်က ထိုတံတားတိုက်ပွဲ၌ ကိုမင်တန်တို့ ဘက်မှ ပစ်ခတ် လိုက်သော မရှင်းဂန်း စက်သေနတ် ကျည်ဆန်သည် မိမိ၏ ပခုံးအား ထိမှန်ခဲ့၏။ ထိုအနာဟောင်းမှ ဝေဒနာသည် ယခုအခါ တစ်ဖန်ပြန်၍ ထလာပြန်လေပြီ။

သူသည် သူ့စိတ်အား ထိုနာကျင်မှု ဝေဒနာပေါ်မှ ပြောင်းသွားစေရန် တာအို နည်းပညာကို အသုံးပြု၍ ဖယ်ရှားခြင်း ပြုသည်။ သူ့ပခုံးမှ နာကျင်မှုဝေဒနာသည် ဖြည်းဖြည်းချင်း ပျောက်သွားသည်။ သူ မျက်လုံးအစုံအား ဖွင့်၍ ပတ်ဝန်းကျင်အား သတိထားကြည့်သည်။ သူ့ ပတ်ပတ်လည်ရှိ သက်ကြီးရွယ်အိုများစွာသည် လီ နှစ်သောင်းခန့် ခရီးရှည်ကြီးအား အောင်မြင်စွာ သွားခဲ့သူများဖြစ်၏။ သို့တစေလည်း သူတို့၏ မျက်နှာများတွင် သူ့လို ထိတ်လန့်စိတ်သည် ရှိနေသည်မှာ ထင်ရှားလျက် ရှိပေ၏။

သူတို့၏ ကောက်ကျစ်စဉ်းလဲသော ပြောက်ကျားတပ် ခေါင်းဆောင်သည် ခရီးရှည် ချီတက်ပွဲကြီး အတွင်းက ကိုမင်တန် များအား လိမ္မာ ပါးနပ်စွာဖြင့် လှည့်စား လုပ်ဆောင်ခဲ့သလို မိမိတို့ကိုလည်း ကျွမ်းကျင်စွာဖြင့် လှည့်စားနေလေရော့သလား၊ သမ္မတ လျူ ကိန်ချောင့်-ပိန် နှင့် ဝန်ကြီးချုပ် ချူအင်-လိုင်း တို့သည် မော်၏ ဒေါသကြီးမှုအား ထိန်းသိမ်းပေးနိုင်ရန်အတွက် အလုပ်အားလုံးကို သူ

စိတ်တိုင်းကျ ဖြစ်အောင် အမြဲ လုပ်ပေးခဲ့ကြ၏။ သို့တစေလည်း သူတို့တစ်တွေ ဘာပဲလုပ်ပေးပေး ကျေနပ်သည်ဟူ၍ မရှိချေ။

ထိုအချိန်က မော်သည် သူနိုင်းသည့်အတိုင်း မလုပ်ဘဲ၊ အားလုံးက ငြင်းပယ်မည် ဆိုပါက နောက်ထပ် လယ်သမား တပ်နီတစ်ခု အသစ်ဖွဲ့စည်းပြီး ပါတီတစ်ရပ်လုံးအား ပျက်စီးသွားအောင် တိုက်ခိုက်ပစ်မည်ဟု တစ်ကြိမ်မက ကြိမ်းမောင်း ခြိမ်းခြောက်ခဲ့ဖူးသည်။ ထိုခြိမ်းခြောက်မှုအား ယခု ဤပွဲသို့ တက်ရောက်နေကြသည့် ပါတီခေါင်းဆောင်ပိုင်းမှ လူအားလုံး မမေ့ကြသေးပေ။ ထိုအဖြစ်များသည် မော်၏ အကြံပြုချက်များအပေါ်၌ ဆန့်ကျင်စိတ်ကို ဖြစ်ပေါ်စေနိုင်သည်ဟု ချီယာအို ထင်မိ၏။ တကယ်တော့ ချီယာအို ကိုယ်တိုင်လည်း ထိုအဖြစ်များကို သိရသည့်အခါ မော်၏ အကြံပြုချက်များနှင့် လုပ်ရပ်များအပေါ် မသာယာ မနှစ်မြို့သောစိတ်သည် ကိန်းအောင်းခဲ့သည် မဟုတ်ပါလား။

ပါတီနှင့် စစ်တပ်မှ အမြင့်ဆုံး ပုဂ္ဂိုလ်များကြားရှိ ပုံမှန်ဆက်ဆံရေးများ ပျက်ပြားသွားကတည်းက သံသယနှင့် စိတ်မသက်သာမှုများသည် ချီယာအို ရင်တွင် ကိန်းအောင်းလာခဲ့သည်။ နှစ်ပေါင်း သုံးဆယ်ခန့် ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေ အပေါင်းအသင်းများနှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များနှင့် ဆက်ဆံရေးသည်လည်း တည်ငြိမ် ချောမွေ့ခြင်း မရှိတော့ဘဲ အထစ်အငေါ့တွေ ရှိလာခဲ့၏။

သူသည် စကြိုလမ်းထက်မှ မော်နှင့် လင် ပီယာအို တို့အား တစ်ချက်မျှ ကြည့်၍ အကဲခတ်သည်။ နှစ်ဦးစလုံး သိပ်ပြီး အငြိမ်အဆိမ် မရှိ။ ချူအင်-လိုင်း ကတော့ သူ့ဝသီအတိုင်း အေးအေးဆေးဆေးပင် ဖြစ်၏။ သို့သော်လည်း သေချာပေါက်ကား မထင်ရဲ၊ မပြောရဲ။ ချူသည် သူကိုင်ထားသည့် စာအုပ်နီကလေးအား လင် ပီယာအို လုပ်သကဲ့သို့ပင် သူ့ခေါင်းအထက်သို့ မြှောက်၍ ဝှေ့ယမ်းပြလျက်ရှိ၏။

ချူသည် တပ်နီတပ်ဖွဲ့ဝင်များအား အသံချဲ့စက်များမှ တစ်ဆင့် မကြာမကြာ မိန့်ခွန်း ပြောလျက်ရှိသည်။ ယင်း တပ်ဖွဲ့ဝင်များအား "ရဲဘော်တို့" ဟူသော အခေါ်အဝေါ်ကို တရင်းတနှီး သုံးသည်။ ပြောစရာ ရှိသည်များအား တရင်းတနှီး ပြောသည်။ ပြုံးကာ ရယ်ကာဖြင့် အသောကလေးများ နှော၍ ပြောခြင်းဖြစ်၍ နှစ်လိုဖွယ် ကောင်းသည်။ ချီယာအို သိထားခဲ့ရသည့်အတိုင်း ဆိုပါက ချူသည် အစိုးရအဖွဲ့အတွင်း၌ စနစ်မှားမှုများကို တတ်အားသရွေ့ ထိန်းသိမ်း ပြုပြင်ပေးခဲ့သည်။

ထို့ပြင်လည်း မော်၏ မျက်နှာသာ ပေးမှုကြောင့် တပ်နီလုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံတော်၏ မီးရထားလမ်း ဆက်သွယ်ရေး စနစ်အား ဝင်ရောက်

ချုပ်ကိုင်လာရာမှအစ နိုင်ငံ၏ စီးပွားရေး ကမောက်ကမ ဖြစ်လာခြင်းကို တိုး၍ မဖြစ်အောင် ဝင်ထိန်းပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ ဤပြဿနာရပ်များအား အကြောင်းပြု၍ ခေါင်းဆောင်များ ကြားတွင် မယုံကြည်မှုနှင့် သံသယများ ဝင်လာခဲ့သည်။ သို့တစေလည်း မော်နှင့် အရင်းနှီးဆုံးသော မိတ်ဆွေ ချူသည် မော်၏ အထင်အမြင် လွဲမှားမှုနှင့် အမြင်စောင်းမှုများကို မခံရအောင် နေသွားနိုင်ခဲ့သည်။ ဤသည်မှာလည်း ချူ၏ လိမ္မာပါးနပ်မှုကြောင့်ဖြစ်၏။ ထိုစဉ်က ချူသည် သူ၏ အယူအဆနှင့် အမြင်များအား သူမှတစ်ပါး အခြား ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချပြီး ပြောခဲ့ခြင်း မရှိပေ။ ထို့ကြောင့်လည်း မော်နှင့် သူ့ကြားတွင် နားလည်မှု လွဲမှားခြင်းများသည် ပေါ်မလာခဲ့ပေ။

ချီယာအိုတွင် အကြီးမားဆုံးသော ကိုယ်ပိုင် ကြောက်ရွံ့မှုကြီး တစ်ခု ရှိ၏။ ယင်းမှာ မကြာသေးခင် သီတင်းပတ်များ အတွင်းကမှ တစ်နိုင်ငံလုံးသို့ တောမီးလောင်သလို ပျံ့နှံ့သွားခဲ့သော နိုင်ငံရေး ကစဉ့်ကလျား ဖြစ်မှုကြီးအတွင်းသို့ ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ပါဝင်လာမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ချီယာအို၏ စစ်သားဘဝ အခန်းကဏ္ဍသည် နိုင်ငံနှင့် ပြည်သူအပေါ် သစ္စာစောင့်သိခြင်းပင် ဖြစ်၏။ ကွန်မြူနစ်ဝါဒအား ဆန့်ကျင်ကာ ခြိမ်းခြောက်နေသည့် အမေရိကန်တို့အား ယှဉ်ပြိုင် အနိုင်ယူနိုင်မည့် အင်အား ရရှိရေးပင် ဖြစ်သည်။

ထို့ပြင်လည်း တရုတ်နိုင်ငံ၏ တောင်ဘက် နယ်နိမိတ် အတွင်းရှိ ဗီယက်နမ် နိုင်ငံတွင်း၌ ကွန်မြူနစ် ဆန့်ကျင်ရေးစစ်ပွဲ ဖြစ်လာပါက မိမိတို့ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ အင်အားသည် ချည့်နဲ့သွား၍ မဖြစ်ပေ။ နောက် တစ်ချက်မှာ ပြဿနာချင်း မတူသော်လည်း တရုတ်နိုင်ငံ၏ မြောက်ပိုင်းနယ်စပ်၌ ဆိုဗီယက် ရုရှားတပ်သား သန်းဝက်တိတိ ချထားပြီး မိမိတို့နိုင်ငံအား ခြိမ်းခြောက်နေသည့် ကိစ္စဖြစ်၏။

စစ်သား ပီသသော မာရှယ် ချီယာအိုသည် စစ်သား ပီသစွာဖြင့် သူ့နိုင်ငံလုံခြုံရေးကိုသာ အဓိကထားသည်။ သူ့နိုင်ငံ၏ စစ်တပ်အင်အား ယုတ်လျော့အားနည်းသွားစေမည့် ပြဿနာ အရပ်ရပ်တွင် ပါဝင်စွက်ဖက်စေလိုသော ဆန္ဒမရှိ။ သူသည် ထိုအတွေးများအား ရင်ဝယ်ပိုက်ကာ စီတန်းလမ်းလျှောက်ပြီး အလေးပြုနေကြသော တပ်နီလုံခြုံရေးတပ်ဖွဲ့များအား ကြည့်နေသည်။ ဤကြားထဲမှပင် သူ့အတွေးများကတော့ စီးဆင်းနေဆဲ။

အခုအချိန်တွင် သူ ဘာပြဿနာတွေနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်တော့မည်ဟု သူ ဆုံးဖြတ်ထားပြီးပြီ ဖြစ်၏။ သူ့ စိတ်သည် သန့်၏။ အကယ်၍ လူငယ်ပြုပြင်ရေးသမားဆိုသူတွေက မိမိအား နံရံကပ် ပိုစတာတွေ

နှင့် ဝေဖန်တိုက်ခိုက်သည်ဆိုဦးတော့ မိမိအနေဖြင့်ကတော့ မိမိကိုယ်မိမိ ဝေဖန်ပြီး ဦးခေါင်းလျှိုလိမ့်မည် မဟုတ်။

မိမိ သိထားရသလောက်ဆိုပါက အချို့သော ပါတီကေဒါများအား ယဉ်ကျေးမှု တော်လှန်ရေးအဖွဲ့ဝင်များက "အရင်းရှင် လမ်းကြောင်းပေါ်မှ လူများ" ဟု သတ်မှတ် စွပ်စွဲကာ တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးနေကြသည်။ မိမိတို့ လုပ်ခဲ့သမျှ မှားပါသည်ဟုလည်း ဝန်ခံနေကြရ၏။ ထိုသူများကလည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် လုပ်သည်များကို ခံယူ၍ ဂုဏ်သိက္ခာ ကင်းမဲ့အောင် လုပ်သည်များကို ခံယူ၍ မိမိတို့လုပ်ခဲ့သမျှများအား မှားပါသည်ဟု ပြောနေကြရ၏။

မည်သို့ပင်ဖြစ်စေ ထိုလုပ်ရပ်များအပေါ်၌ အမြင် မကြည်လင်သော်လည်း ချီယာအိုသည် အကောင်းတွေတော့ ဖြစ်လာနိုင်စရာ ရှိသေးရဲ့ ဟူသော အတွေးဖြင့် မျှော်လင့်ချက်ထားနေဆဲ ဖြစ်သည်။ သူသည် လက်နှစ်ဖက်အား နောက်ပစ်ကာ မော်အား လှမ်းကြည့်နေမိ၏။ မော်၏ မျက်နှာသည် ကက်ဦးထုပ်အောက်မှ တစ်ပိုင်းမျှသာ ပေါ်လျက်ရှိ၏။

ချီယာအို ကြည့်နေခိုက်မှာပင် ပါတီဥက္ကဋ္ဌ မော်သည် သူ့ရှေ့မှ လူစုလူဝေးအား ကြည့်နေရာမှ နောက်သို့ ဖျတ်ခနဲ လှည့်ကာ မျက်နှာပေါ် လက်တစ်ဖက် တင်၍ အချက်ပြလိုက်သည်။ သူ့ အရိပ်အခြည်အား အမြဲတစေကြည့်နေရသော သူနာပြု ဆရာမသည် နောက်ဘက် တစ်နေရာမှ ဖျတ်ခနဲထွက်လာပြီး သူမ၏ လက်ထဲမှ တစ်စုံတစ်ခုကို မော့် လက်ထဲသို့ ဖျတ်ခနဲထည့်ပေးလိုက်သည်ကို ချီယာအို မြင်လိုက်ရလေ၏။

မော်သည် လက်ထဲမှ အရာကို သူ့ပါးစပ်ထဲသို့ လျင်မြန်စွာ ပစ်ထည့်လိုက်သည်။ ထို့နောက် တစ်ခဏမျှ ငြိမ်နေပြီးသော် စကြံ၏ ရှေ့ဘက်ထောင့်သို့ လျှောက်သွားသည်။ ချီယာအို ရှေ့မှ ဖြတ်သွားသည့်အခါ ချီယာအိုအား လှည့်မကြည့်၊ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်သွားသည်။ မော်၏ အကြည့်မှာ မှုန်မှိုင်းမှိုင်း။

မော်က သူ့အား မမှတ်မိသလိုလို မမြင်သလိုလို လုပ်သွားခြင်း ခံရသည့်အခါ ချီယာအို၏ စိတ်သည် တင်းမာလာသည်။ ထိုအချိန်မှာပင် ချီယာအို၏ မျက်လုံးများသည် ခန်းမ တစ်နေရာ၌ ရှိနေသော သူ တွေ့နေကျ လူငယ်တစ်ဦး၏ မျက်နှာအား လှမ်းမြင်သည်။ သူသည် သူ့တူ ချင် ကာအိုအား နှုတ်ဆက်ရန် သူ့တူဆီသို့ လျှောက်သွားလေသည်။

သူ့တူ ကာအိုသည် ဥက္ကဋ္ဌကြီး မော်၏ ဇနီး ချီအန်ချင်နှင့် နှစ်ကိုယ်ကြားစကားပြောလျက်ရှိသည်။ ချီအန်ချင်သည် သူမ၏ ယောက်ျား ကဲ့သို့ပင်

ပိအယ်လ်အေခေါ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ ကာကီ စစ်ဝတ်စုံ ဝတ်ထားသည်။ ဘယ်ဘက် လက်မောင်းတွင် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် လက်မောင်းတံဆိပ် တပ်ထားသည်။

ချိယာအို၏တူ ကာအိုမှာ ပေ-တ တက္ကသိုလ်မှ ထွက်လာခဲ့ပြီးနောက် တတိယ စုံစမ်းစစ်ဆေးရေးဆိုင်ရာ သုတေသနဌာန၌ ထင်ရှားသော ကေဒါ တစ်ဦး ဖြစ်လာသည်။ ထိုဌာနမှာ နိုင်ငံတော်ကောင်စီ လုံခြုံရေး ဗျူရို၏ လက်အောက်ခံ ဌာနဖြစ်၏။ သူ၏ ကြိုးစားအားထုတ်မှုနှင့် အရည်အချင်း ပြည့်မှု များကြောင့် လုပ်သက် လေးနှစ်မျှ အကြာတွင် ရာထူး တိုးလာခဲ့၏။ ပါတီ အတွင်းရေးမှူးများ ဌာနကြီးတွင် သူသည် လူသိများ၍ အများ၏ လေးစား ကြည်ညိုမှုကို ရယူနေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့လေသည်။

ထို့နောက် ကာအိုသည် ငါးနှစ် လုပ်သက်ဖြင့် အတွင်းရေးမှူး ကေဒါ ဘဝ၌ အများ၏ အထင်အမြင်ကြီးမှုကို ခံယူလာခဲ့ရ၏။ သို့တစေလည်း သူသည် ပါတီခေါင်းဆောင်များထဲမှ မည်သူ့ကိုမှ "ဆရာမွေးသည့်သဘော" မထားခဲ့ပေ။ တစ်ဦးတစ်ယောက်ထဲအပေါ် သံယောဇဉ် တွယ်သည့် လက္ခဏာလည်း မပြခဲ့ပေ။ သူ့ အစွမ်းအစနှင့် စိတ်အားထက်သန်မှုများကိုကား လူအများက နားလည် လာ လက်ခံခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ ယဉ်ကျေးမှုတော်လှန်ရေး စတင်ခဲ့သည့်အချိန်မှစ၍ ကာအိုသည် ထိုတော်လှန်ရေး အုပ်စုနှင့် အနီးကပ်ဆုံးသော လူတစ်ဦး ဖြစ်လာ နေသည်ကိုမူကား ချိယာအို သတိထားမိလာခဲ့သည်။ အများအားဖြင့် သူသည် မော်၏ ဇနီး မဒမ်မော်နှင့် တရင်းတနှီး စကားပြော ပြောနေသည်ဖြစ်ရာ ကြာ လာ၍ မြင်ရဖန်များလာတော့လည်း ချိယာအို အဖို့ ရိုးလာသည်။ ယခုလည်း ကာအိုသည် ခါတိုင်းကဲ့သို့ပင် အပြာရောင် ကေဒါဝတ်စုံ ဝတ်ထားသည်။ ချိယာအို တစ်ယောက် သူ့ထံ လျှောက်လာနေသည်ကို မြင်သောအခါ ဥက္ကဋ္ဌ၏ ဇနီးနှင့် စကားပြောနေခြင်းကို ရပ်လိုက်သည်။

"ပန်းခြံတွင်း မြင်ကွင်းကဖြင့် သိပ်လှတာပဲ" ဟု ချိယာအိုက မဒမ်မော် အား ပြုံး၍ နှုတ်ဆက်ပြီး ပြောသည်။ "ကျွန်တော်တို့ လူငယ်တွေရဲ့ စည်းကမ်း အပေါ် အမြင်ကြည်လင်ပုံဟာ အံ့ဩစရာ သိပ်ကောင်းတာပဲ"

ချိယာ အန်ချင်းက ချိယာအိုအား ခေါင်းတစ်ချက် ဆတ်ပြီး နှုတ်ဆက် သည်။ သူမ၏မျက်နှာသည် ထုံးစံအတိုင်း ဖော်ရွေခြင်းကိုမပြ၊ မျက်မှန် နောက်မှ ကျဉ်းမြောင်းသော မျက်လုံးများ၏ အကြည့်မှာလည်း ခင်မင်နှစ်လို ဖွယ်ရာမရှိ။ "အလွန် ထူးခြားတဲ့ မြင်ကွင်း တစ်ခုလို့ ဆိုရလိမ့်မယ် ရဲဘော် မာရှယ်" ဟု

မဒမ်မော်က အေးစက်စက် လေသံဖြင့် ပြန်ပြောသည်။ "အရင်းရှင် လမ်းကြောင်းပေါ် ပြန်လျှောက်နေကြတဲ့ အာဏာရ ပါတီခေါင်းဆောင်တွေရဲ့ နှလုံးသားတွေမှာတော့ ကြောက်စရာ မြင်ကွင်းဖြစ်မှာ သေချာတယ်"

ချီယာအိုက ဆက်၍ ပြုံးနေသည်။ ချီယာ အန်ချင်း၏ စကားလုံးများ နောက်ကွယ်မှ အနက်အဓိပ္ပာယ်ကို ဥပေက္ခာ ပြုထားသည်။ "မှန်ပါတယ် ခင်ဗျား၊ တကယ်တမ်း အရင်းရှင် လမ်းကြောင်းပေါ် လျှောက်နေကြတဲ့ လူတွေအဖို့တော့ ဒီနေ့ ပန်းခြံထဲက မြင်ကွင်းဟာ သေလုနီးပါး ကြောက်ရမယ့် မြင်ကွင်းပါ"

ချီယာအိုသည် မဒမ်မော် ထံမှ စကားပြန် အပြောကို မစောင့်ဘဲ သူ့တူဘက်သို့ လှည့်လိုက်သည်။ သာမန်အားဖြင့်ဆိုလျှင် ညီမအား ချစ်သော ချီယာအိုသည် ကာအိုနှင့် တွေ့သည့်အခါတိုင်း တရင်းတနှီး ပြောဆိုဆက်ဆံလေ့ရှိသည်။ သူ့တူကလည်း သူ့လိုပင် ဆက်ဆံလေ့ရှိ၏။ အခုကျတော့ ကာအိုသည် ချီယာအိုအား ပြန်မကြည့်။ "မင်း ဘာတွေများ လုပ်နေသလဲ ရဲဘော် ကာအို" ဟု ချီယာအိုက မေးသည်။ ဒီနေ့ပွဲအတွက် မင်းကော စည်းရုံး လှုံ့ဆော်တဲ့ အထဲမှာ ပါခဲ့ရဲ့လား"

"ရဲဘော် ချင် ကာအိုဟာ ရှန်ဟိုင်းမှာ သိပ်ပြီး အရေးပါ အရာရောက်တဲ့ အလုပ်တွေ လုပ်နေခဲ့တယ်" ဟု မဒမ်မော်က တုံးတိတိ လေသံဖြင့် ဝင်ပြောသည်။ "မနက်ဖြန်ကျရင် သူ ရှန်ဟိုင်းကို ပြန်မယ်။ ရှန်ဟိုင်းမှာ ရှိနေတဲ့ တပ်နီ လုံခြုံရေး တပ်ဖွဲ့တွေဟာ အထက်က ချပေးထားတဲ့ ညွှန်ကြားချက် အသစ်တွေ အတိုင်း လိုက်နာသလား၊ မလိုက်နာဘူးလား သေချာအောင် စစ်ဆေးရမယ်" ဥက္ကဋ္ဌ၏ ဇနီး မဒမ်မော်သည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် မျက်နှာနေ မျက်နှာထား ဆိုးဆိုးဖြင့် နောက်သို့ ချာခနဲ လှည့်ကာ ထွက်သွားသည်။ ကာအိုသည် သူ့ ဦးလေး၏ မျက်နှာအား စိတ်မသက်သာသော အမူအရာဖြင့် ကြည့်နေသည်။

"ဒါဆိုရင် မင်း ရှန်ဟိုင်းကို ရောက်ခဲ့တယ်ပေါ့၊ ဟုတ်လား" ဟု ချီယာအိုက မေးသည်။ သူ့အသံသည် နှစ်ကိုယ်ကြား လေသံ ဖြစ်၏။ "မင်း တေးဂီတ ပညာသင် ကောလိပ် သွားပြီး မင့်အမေနဲ့ မတွေ့ခဲ့ဘူးလား"

"ဟင့်အင်း"

ကာအိုက ခေါင်းခါပြသည်။ သူ့အသံကိုလည်း တိုးထားသည်။ စကြံတစ်လျှောက်ရှိ လူများအား လှမ်းကြည့်ကာ သူတို့များ ကြားသွားလေမလားဟု တွေးသည်။

"တေးဂီတ ပညာသင်ကောလိပ်က ကျောင်းသူကျောင်းသားတွေကရော တခြား ကောလိပ်က လူတွေလိုပဲ တပ်နီ လုံခြုံရေးတပ်ဖွဲ့ကို သူတို့ဘာသာ သူတို့ သီးခြားဖွဲ့သလား" ဟု ချီယာအိုက မေးသည်။

"ဟုတ်တယ်" ဟု ကာအို ဖြေသည်။ "ကျွန်တော် သူတို့ဆီကို သွားဖို့ အချိန်မရလို့ အခုထိ မရောက်သေးဘူး"

ချီယာအို၏ မျက်နှာထားသည် တင်းသွားသည်။ "ဘာလဲ၊ မင့်အမေ ကလည်း ပြစ်ဒဏ် ခံရဦးမှာပဲလား"

"အတတ်ပညာသင်ကျောင်းနဲ့ ကောလိပ်ကျောင်းတွေက ဆရာတွေနဲ့ ပါမောက္ခတွေ အားလုံးဟာ သံသယ အဖြစ်ခံရရင် အပြစ်ဒဏ်ကတော့ အပေးခံ ရမှာပဲ။ အားလုံး နေရာတိုင်းမှာ အဲဒီလိုချည်း ခံကြရတာပဲ" ဟု ကာအိုက ပြောသည်။ "ဒီအချက်ကိုတော့ မသိလို့ မဖြစ်ဘူး။ ၁၉၅၇-ခုနှစ်က အမေ့ကို လက်ယာ ဂိုဏ်းသားလို့ သံသယရှိခဲ့ကြတယ်။ ဒါကြောင့်မို့ ရှုတ်ချခံခဲ့ရပြီး အပြစ် ဒဏ်ပေးခံခဲ့ရတယ်။ သူ့ကို အထူးအခွင့်အရေး မပေးခဲ့ကြဘူး။ သူ့အနေနဲ့ စုံစမ်း စစ်ဆေးခြင်းကိုလည်း ခံခဲ့ရတယ်"

ချီယာအိုသည် သူ့တူ၏ မျက်နှာအား တင်းမာခက်ထန်သော မျက်လုံး များဖြင့် ကြည့်နေသည်။ "မင့်အမေကို နေရာတိုင်းမှာ ကာကွယ်နိုင်ဖို့ လုပ်ရမယ့် ဝတ္တရားရှိတယ်" ဟု ချီယာအိုက တင်းမာသော လေသံဖြင့် ပြောသည်။ "မင့် သိထားဖို့က မင်းဟာ မင့် မိသားစု အတွက်ရော ပါတီအတွက်ပါ တာဝန်ရှိတယ်။ ငါပြောတာ နားလည်လား"

"ကျွန်တော့်ကို ဒါမျိုးသတိပေးဖို့ လိုမယ်မထင်ဘူး" ဟု ကာအိုက ပြန် ပြောသည်။ "ကျွန်တော့် အနေနဲ့ ဒီတာဝန်ကို မပျက်ကွက်အောင် ထိန်းသိမ်း သွားမှာပဲ။ ဒါပေမဲ့ အခုလို နိုင်ငံရေးပြဿနာတွေ ရှုပ်ထွေးနေချိန်မှာ ပုဂ္ဂိုလ်ရေး ရာတွေကို သိပ်ပြီး ရှေ့တန်း မတင်စေချင်ဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံး အန္တရာယ် အများကြီး ရှိသွားနိုင်တယ်"

ကာအိုသည် သူ့စကားအဆုံးတွင် ဖျတ်ခနဲ နောက်သို့လှည့်၍ မဒမ်မော် ၏ နောက်သို့ လိုက်သွားသည်။ ချီယာအိုသည် သူ့တူအား နောက်မှနေ၍ စိုက်ကြည့်နေသည်။ အသံချဲ့စက်များဆီမှ ကြွေးကြော်သံများနှင့် တေးသီချင်းသံ များသည် ဆူညံစွာ ထွက်ပေါ်လာလျက်ရှိသည်။ ယခုမှ အသစ်ဖွဲ့စည်းလိုက် သော တပ်နီလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ-လင်း အပေါ်၌ မည်ကဲ့သို့ မြင်ကြ လေမည်နည်း။ မည်ကဲ့သို့များ ဝေဖန်ကြလေမည်နည်း။ ချီယာအိုသည် သူ့ညီမ မေ-လင်း အတွက် ပူပန်သောက ရောက်လျက်ရှိလေသည်။

* *

နံနက် ဆယ့်တစ်နာရီ မထိုးမီကလေးမှာပင် လီအန်ကန်းနှင့် သူ့အစ်မ အေ-လင်း တို့သည် သူတို့ ပတ်ပတ်လည်၌ ရှိနေကြသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့်အတူ ကောင်းကင်ဘုံ ငြိမ်းချမ်းရေး ဂိတ်တံခါးမှ ဝင်လာကြသည်။ ပတ်ဝန်းကျင် အမြင်သစ်များပေါ်၌ သာယာ ယစ်မူးလျက် ရှိကြသော သူတို့မောင်နှမသည် သွေးရူးသွေးတန်း ဖြစ်သည့်နှယ် ခံစားနေကြရ၏။ နံနက်ခင်းသည် ပူပြင်းလာသည်။ ချီတက် လာနေကြသော ချက်ရှာ အဖွဲ့မှ သူတို့ ရဲဘော်တချို့သည် အပူရှိန်ကြောင့် မေ့လဲကုန်ကြသဖြင့် အပြင်သို့ တွဲထုတ်နေကြရသည်။

ထိုမြင်ကွင်းသည် သူတို့ မောင်နှမအား ပထမဆုံးအကြိမ် အကြောက်ဝင်စေခဲ့သည်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး တိုးဝှေ့ပူးကပ် နေကြသည်။ စောစောကလို ခပ်ကင်းကင်း ခပ်ကွာကွာ မနေရဲကြ။ သို့သော်လည်း ချီတက်ခြင်းမှာ ရပ်သွား၍မရသဖြင့် ဆက်လက်၍ ချီတက်နေရဆဲ။ ကြွေးကြော်သံများကိုလည်း ရပ်မသွားရဲ။ သောသောရုတ်ရုတ်နှင့် ဒုတ်ဒုတ်ကျက်ကျက် သံများအား ကြားနေရဆဲပင် ဖြစ်သည်။

သူ့အစ်မအား ကြည့်လိုက်သည့်အခါ အခြေအနေသည် အားရစရာမရှိ။ အစ်မလုပ်နေပုံမှာ လမ်းလျှောက်ခြင်း တစ်ဝက်နှင့် ပြေးတစ်ဝက် ဖြစ်နေသည်။ မျက်နှာမှာ ဖြူဖပ်ဖြူရော်။ သူမ၏ အဖြစ်မှာ သူ့လိုပင် ဖြစ်သည်။ အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းနှင့် ကြောက်လန့်ခြင်း စသည်များသည် သူတို့ နှစ်ဦးစလုံးအား ကိုယ်ရောစိတ်ပါ တုန်လှုပ်ခြင်းကို ဖြစ်ပေါ်စေခဲ့၏။ မည်သို့ပင်ဖြစ်စေ မိမိတို့ မောင်နှမရော အခြား လူများပါ နောက်ဆုံးတွင် ကောင်းကင်ဘုံ ငြိမ်းချမ်းရေး တံခါးအား မြင်လာရသည်။ ရွှေရောင်သန်းနေသော ခေါင်မိုးနှင့် နန်းတော်တစ်ခုနှင့် တူနေသော အဆောက်အအုံတို့သည် သူတို့အတွက် အိပ်မက်လေလားဟု ထင်မှတ်စရာ ဖြစ်နေသည်။

ထိုရှုခင်းအား တအံ့တဩ ကြည့်နေမိသော မောင်နှမသည် ပါးစပ်အဟောင်းသားဖြစ်ကာ နှုတ်ဆိတ်သွားကြသည်။ တခြားကြောင့်မဟုတ်။ မျှော်လင့်သော ပုဂ္ဂိုလ်တစ်ယောက်အား ဘွားခနဲ တွေ့လိုက်ရ၍ ဖြစ်၏။ အနီးကပ်မိသွားသည့်အခါ ကန်း၏ အစ်မ အေ-လင်းသည် စကားတစ်ခွန်းကို လွှတ်ခနဲ ခပ်ကျယ်ကျယ် ရေရွတ်လိုက်မိသည်။

"ဟိုမှာ မြင်လား အစ်မ၊ သူ့ကို မြင်ရပြီ။ အစ်မ ဥက္ကဋ္ဌကြီး မော်ကို မြင်ရပြီ"

အေ-လင်းက တောင့်တောင့်မတ်မတ် ရပ်၍ လက်တစ်ဖက်ကို မြောက်ကာ အောက်ဘက်မှ ချီတက် နေကြသူများအား နှုတ်ဆက်နေသော မော်ဆီသို့ လက်ညှိုး ထိုးပြနေသည်။ သူတို့ရှေ့မှ အခြားသော မိန်းကလေးများကလည်း အော်ဟစ်၍ နှုတ်ဆက်သူများက နှုတ်ဆက်နေကြပြီး တချို့က ငိုနေကြသည်။ အေ-လင်း ကိုယ်တိုင်မှာလည်း သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်ကာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များ စီးကျလျက်ရှိ၏။

မော် ရပ်နေသည့် နေရာ၏ အပေါ်ဘက်တွင် မော်၏ ရောင်စုံဓာတ်ပုံကြီး ရှိနေသည်ဖြစ်ရာ ထိုနှစ်ခု၏ တူညီမှု အရှိန်သည် မော့ကြည့်နေသော ကန်း၏ ရင်အား ရိုက်ခတ်နေသည်။ ဤနှစ်ခုအား တွဲ၍ မြင်ရသည့်အတွက် ကန်း၏ စိတ်တွင် များစွာ ကြည်နူးခြင်း ဖြစ်နေမိလေ၏။

"ဥက္ကဋ္ဌကြီးမော် ခင်ဗျား။ ဥက္ကဋ္ဌကြီးဟာ ကျွန်တော့် နှလုံးသားထဲမှာ အနီရဲဆုံး နေတစ်စင်း ဖြစ်နေပါတယ်" ဟု ကန်းက အော်ပြောသည်။ ထို့နောက် "ဥက္ကဋ္ဌကြီးဟာ အနီပါ၊ ကျွန်တော်တို့ နှလုံးသားထဲမှာ အနီရဲဆုံး နေမင်းပါ" ဟူသော တေးသီချင်းသံ။

ကန်းသည် ဝမ်းသာလုံးဆို့ကာ မျက်ရည်များ စီးကျလာနေသည်။ သူ့ဘေးပတ်ပတ်လည်မှ လူငယ်များသည်လည်း မရေမရာ မျက်နှာထားများဖြင့် မျက်ရည်များ ကျနေကြ၏။ အချို့သည် ရှိုက်ကြီးတငင် ငိုနေကြလေပြီ။ "ကျွန်တော်တို့ ခင်ဗျားကို ချစ်တယ်၊ ဥက္ကဋ္ဌကြီးမော်" ဟု တစ်ဦးသော တပ်သားက အော်သည်။ "ကျွန်တော်တို့ နှလုံးသားထဲက အနီဆုံး နေမင်းကြီး" "ကျွန်တော်တို့ အားလုံး ချစ်တယ်"

သီချင်း တစ်ပုဒ်၏ တစ်ခုသော စာတစ်ပိုဒ်သည် အသံချဲ့စက်များ ဆီမှ နောက်တစ်ကျော့ ပြန်ထွက်လာသည်။

"ပင်လယ်ကြီးတွေကို ဖြတ်ရင်
ပဲ့ကိုင်ပေါ်မှာ တည်ပါတယ်
တော်လှန်ရေး လုပ်ရင်
မော်စီ-တုန်းရဲ့ အတွေးပေါ်မှာ မှီပါတယ်"

ထိုသီချင်းသံများကြားမှ ဝန်ကြီး ချူအင်-လိုင်း ၏ မရပ်မနားဘဲ ဆက်၍ ချီတက်သွားကြရန် တိုက်တွန်းနေသံများအား ကန်း ကြားနေရသည်။

"အဲဒါ ဝန်ကြီးချုပ်ရဲ့ အသံ" ဟု ကန်းက အော်သည်။ "တို့ခေါင်းဆောင်ကြီးရဲ့ အရင်းနှီးဆုံး ရဲဘော်ကြီး မာရှယ် လင် ပီယာအိုကိုရော မြင်ကြလား"

နောက်မှ တိုးဝှေ့လာနေသည့် လူအုပ်အရှိန်ဖြင့် ကန်းသည် လူအုပ်ကြီး ကြား၌ ညပ်ကာ ရှေ့သို့ ပါသွားသည်။ နောက်သို့ ပြန်လှည့်ကြည့်သည့်အခါ အားလုံးသည် ဝိုးတဝါး။ တချို့သည် လူလှိုင်းလုံးကြီးများ ကြား၌ လဲကျကာ လူးလိမ့် သွားနေကြ၏။ တချို့မှာ နောက်မှ ဆက်လိုက်လာသူများ၏ အနင်းကို အလူးအလိမ့် ခံကြရသည်။ သူတို့ရှေ့မှ သွားနေကြသော ခေါင်းဆောင်များသည် "ဒုာနချုပ်တွေကို ဗုံး၊ အမြောက်တွေနဲ့သာ ပစ်ခတ်တိုက်ခိုက်ပြီး ဖျက်ဆီးကြပေ တော့" ဟူသော သီချင်းကိုသာ ဟစ်ကြွေးလျက်ရှိကြ၏။

ကန်းနှင့် အေ-လင်း တို့သည် ချန်ရှာ တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရောလိုက်ကြသည်။ သူတို့မောင်နှမသည် "ဒုာနချုပ်တွေကို အမြောက်တွေနဲ့ ပစ်ခတ် တိုက်ခိုက်ပြီး ဖျက်ဆီးပစ်ကြ" ဟူသော ကြွေးကြော်သံများကိုသာ အဆက်မပြတ် ကြားနေကြလေသည်။

* * *

၄

ထိုည ညဥ့်နက်ပိုင်းတွင် သူတို့သည် ပီကင်းမြို့တော်၏ အမှောင်ရိပ်များကို ခို၍ မြို့တော်၏ ကျဉ်းမြောင်းသော လမ်းများအတိုင်း လျှောက်လာနေကြသည်။ ယနေ့ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များနှင့် ရှုခင်းများအား သူတို့ မေ့၍ မရနိုင်ကြသေး။ ပြန်လည် မြင်ယောင်ကာ သာယာ ကြည်နူး၍မဆုံး ဖြစ်နေဆဲ။ မောင်နှမ နှစ်ယောက်၏ ညာလက်များသည် သစ်သား ဝါးရင်းတုတ်များ ကိုင်ထားကြသည်။ ရရာ လက်နက်များ စွဲကိုင်ထားကြသည့် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် နှစ်ရာကျော်နှင့်အတူ မောင်နှမ နှစ်ယောက် အပြေးအလွှား လိုက်ပါနေကြရခြင်း ဖြစ်၏။ သူတို့ဘေးမှ တပ်သားများသည် ပုဆိန်များ၊ တူများ သံတုတ်များနှင့် ကြာပွတ်များ ကိုင်ဆောင်ထားကြသည်။

အချို့ တပ်သားများသည် ပန်းချီ ဆေးရောင်မျိုးစုံပုံးများ၊ ဆေးနက်ပုံးများ၊ စုတ်တံမျိုးစုံနှင့် နံရံကပ် ပိုစတာ စက္ကူလွှတ်များသာမက မော်စီ-တုန်း၏ ဓာတ်ပုံ ပိုစတာကြီးများကိုပါ သယ်ဆောင်လာကြသည်။ သူတို့ လက်ထဲတွင် အသင့်ရေးပြီးသား ပိုစတာ စက္ကူလိပ်များသာမက မရေးရသေးသော စက္ကူလိပ်များပါ ပါလာကြသည်။ တပ်သားများ၏ ညှပ်ဖိနပ်များသည် လမ်းများပေါ်တွင် တစ္စ်စ္စ် မြည်လျက်ရှိကြ၏။ သို့တစေလည်း သိပ်ပြီး မမြင့်သော တစ်ထပ် အိမ်များသည် သူတို့ လာနေသည်ကို သိကြဟန် မတူ။ ရှေ့ဆုံးမှ ပထမဆုံး စီးနင်း ဝင်ရောက်မည့် အဖွဲ့သည် လမ်းကြားများအား ကျော်ဖြတ် သွားခဲ့ပြီ ဖြစ်သော်လည်း ဘယ်သူမှ မသိကြ။

အုပ်စုအား ခေါင်းဆောင်သူများမှာ အရပ်မြင့်မြင့် လူကောင် ထွားထွား ပေ-တာ တက္ကသိုလ်နှင့် အထက်တန်းပညာ ကျောင်းများ ဖြစ်ကြသည့် ဘူမိဗေဒ၊ လေကြောင်း အတတ်သင်နှင့် ဗိသုကာ အတတ် ပညာသင် အင်စတီကျူများမှ စီနီယာ ကျောင်းသားများ ဖြစ်ကြသည်။ ထိုလူစုထဲတွင် ဩဇာအာဏာ ရှိသူများ

မှာ နှစ်မျိုးနှစ်စားရှိ၍ **ဟွစ်ဝေပင်း** လက်ပတ်များ လက်မောင်း၌ တပ်ထားသူ အသက်ကြီးကြီးများသည် ဆရာများ ဖြစ်လိမ့်မည်ဟု လီအန်ကန်းက တွေးသည်။

ထိုလူစုသည် မည်သူ့ကိုမှ အမိန့်ပေးခြင်း မပြုကြသော်လည်း ကန်း သတိထားမိနေသည့် အချက်မှာ မိမိတို့ ချန်ရှာ တပ်နီ လုံခြုံရေးတပ်ဖွဲ့မှ ခေါင်း ဆောင်များက ထိုလူစုအား တရိုတသေ တလေးတစား ဆက်ဆံလျက် ရှိကြသည် ကို တွေ့နေရခြင်းဖြစ်၏။ ယခု အဖွဲ့တွင် ပါလာသည့် ချန်ရှာ တပ်နီ လုံခြုံရေး တပ်သားများမှာ ငါးဆယ်ကျော်ခန့်ရှိ၍ ယင်းတို့အား ဘယ်သွားရမည်။ ဘာလုပ် ရမည် စသည်များကို မည်သူကမှ မပြောကြချေ။

သို့တစေလည်း သူတို့ မထွက်ခွာမီ ကြာပွတ်ကိုင် ပီကင်း ကျောင်းသား တစ်ဦးက ကန်းနှင့် အေ-လင်းတို့အား ဘေးတစ်ဖက်သို့ ဆွဲခေါ်သွားပြီး အချိန် ကျလာသည့်အခါ သူတို့ မောင်နှမသည် "အထူးကဏ္ဍ"မှ ပါဝင် လုပ်ဆောင် ကြလိမ့်မည်ဟု ပြောသည်။ အုပ်စု တစ်စုလုံးသည် မော်၏ မှတ်သားစဖွယ် ကောက်ချက်များအား ကျောင်းတွင်းရှိ စုရပ်မှ မထွက်ခွာမီ တိုင်သူကတိုင်၍ လိုက်ဆိုသူက ဆိုလျက် ရှိကြ၏။

နောက်ဆုံးတွင် လီအန် ကန်း၏ ဦးခေါင်းထဲ၌ မော်၏ မိန့်ခွန်းထဲမှ စကား တစ်ခွန်းသည် ပဲ့တင်ထပ်လျက် ရှိ၏။ ယင်းမှာ အခြားမဟုတ်။ **"သေနတ် တွေနဲ့ ရန်သူတွေကို ချေမှုန်း ပစ်လိုက်တဲ့အခါ သေနတ် မပါတဲ့ ရန်သူတွေ ကျန်ရစ်ခဲ့လိမ့်မယ်။ အဲဒီ ရန်သူတွေကို ငါတို့ အထင်သေးလို့ မရဘူး"** ဟူသော စကားဖြစ်၏။

ကန်း၏ စိတ်မျက်စိ အာရုံတွင် "သေနတ် တစ်လက်မှ မပါသော ရန်သူ" ဟူသော စကားကို ပုံဖော်ကြည့်နေသည်။ ထိုရန်သူမျိုးသည် ဘယ်လို လူမျိုးနှင့် တူပါလိမ့်။ ဘယ်လို ပုံမျိုးပဲဖြစ်ဖြစ် ထိုလူစားသည် အထူးကဏ္ဍမှ ပါဝင်ရမည့် မိမိတို့ မောင်နှမနှင့်များ တူလေမလား၊ နောက်ဆုံးတွင် တံခါး နှစ်ထပ်တပ် နံရံသည် ပွင့်သွားသည်။ ခေါင်းဆောင်များသည် ရပ်လိုက်ကြပြီး ရှေ့သို့ တိုးဝင် သွားကြသည်။ နောက်လိုက်များသည် ပုဆိန်များ၊ တူများနှင့် ပေါက်ချွန်းများကို အသုံးပြုကာ ဂိတ်တံခါးမှ သစ်သားများကို ခုတ်ထစ် ဖျက်ဆီးကြသည်။

"ငါတို့ဟာ ဥက္ကဋ္ဌကြီးမော်ရဲ့ သစ္စာတော်ခံ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် တွေပဲ" ဟု ပီကင်း ခေါင်းဆောင်များက အော်ကြသည်။ "မင်းတို့ကို တော်လှန် ရေး ဆိုင်ရာ အပြစ်ဒဏ် ခတ်ဖို့ လာတာ"

အိမ်မှာ ရှေးခေတ် နန်းတွင်းသား တစ်ဦးပိုင် အိမ်ဖြစ်၍ ၁၉၄၉-ခုနှစ် နောက်ပိုင်းတွင် ထိုအိမ်များအစား အခန်းပေါင်းများစွာ ဖွဲ့ကာ မိသားစု အများ အပြားအား ခွဲဝေပြီး နေရာချထားပေးလေ့ရှိ၏။ ယခုလည်း ဤအိမ်တွင် မိသားစု

များစွာရှိ၍ တပ်နီလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အော်ဟစ်သံများနှင့် အိမ်ခန်းတံခါးများအား ခုတ်ထစ်သံများသည် ဆူညံလျက်ရှိလေ၏။

လူအုပ်သည် အိမ်ထဲသို့ အတင်းတွန်းထိုးပြီး ဝင်လာနေခြင်းဖြစ်၍ ကန်းသည် သူ့အစ်မ အေ-လင်းနှင့်အတူ လူအများကြား၌ ညပ်ကာ ဒရွတ်သီထိုးပါသွားသည်။ လူအများသည် ပြတင်းပေါက်များ မှန်များနှင့် ကြွေထည်မြေထည်အိုးခွက်ပန်းကန်များအား ခုတ်ထစ်ရိုက်ခွဲ ဖျက်ဆီးကြသည်။ ပန်းချီဆေးပုံးများသယ်လာသည့် အဖွဲ့ဝင်များသည် နံရံများ ခန်းဆီးများနှင့် စားပွဲကုလားထိုင်များတွင် ကြွေးကြော်သံများ ရေးကြသည်။ မော်၏ပုံ ပိုစတာများကိုပါ နံရံတချို့တွင်ကပ်ကြသည်။

အိမ်ခန်းများထဲမှ ဓာတ်ပုံများ၊ ပန်းချီကားများနှင့် စာအုပ်စာတမ်းများအား ဆွဲယူပြီး လွှင့်ပစ်ကြသည်။ အလှအပအဖြစ် တန်ဆာ ဆင်ထားသည့်ပန်းခက် ပန်းနွယ်များနှင့် ပန်းအိုးများအား ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ပစ်ကြသည်။ တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဒါဇင်သည် အခန်းထောင့်မှ ကြောက်လန့်ပြေးလွှားနေသော ကြောင်တစ်ကောင်အား အတင်းဖမ်းကာ ကြောင်၏လည်ပင်းကို ကြိုးသေးသေးတစ်ချောင်းဖြင့် ချည်ထားလိုက်သည်ကို မြင်ရ၏။

"ခေါင်းကို ငုံ့ထားစမ်း နွားအိုမကြီး" ဟူသော အော်သံများကို ကန်းကြားနေရ၏။ သူသည် လူအုပ်ကြားမှ အတင်း တိုးဝှေ့ ဖြတ်သန်းကာ အော်ဟစ်နေကြသော တပ်နီ လုံခြုံရေးတပ်ဖွဲ့ ခေါင်းဆောင်များ ရှေ့မှောက် ရောက်သွားသည်။ ခေါင်းဆောင်များနှင့် သူ့ ကြား၌ အသက်ခြောက်ဆယ်တွင်းရွယ် တရုတ်အဘွားကြီး တစ်ယောက်သည် ဦးခေါင်းကို ငုံ့ကာ ပဆစ်ဒူးတုပ် ထိုင်လျက်ရှိလေသည်။

ရုတ်တရက် အိပ်ရာမှ လန့်နိုးလာပုံရသည့် ထိပ်ပြောင်ပြောင် အဘိုးအိုသည် အပေါ်စား ချည်ထည် ညဝတ်အင်္ကျီနှင့် ဘောင်းဘီဝတ်ထားသည်။ သူ၏ပါးကျဲကျဲ ဆံပင်ဖြူများသည် သူ့ မျက်နှာထက်သို့ ဝဲပျံ၍ ကျနေကြသည်။ သူသည် စည်းလွတ်ဝါးလွတ် ဟစ်အော်ဆူပူနေသော လူအုပ်အား ကြောက်လန့်မှုဖြင့် ကြည့်နေသည်။ သူသည် ပါးစပ် အဟောင်းသားဖြစ်ကာ အံ့သြနေပုံလည်း ရ၏။

ပထမတော့ ကန်းသည် အလွန်အမင်း ကြောက်ရွံ့နေသည့် လူအိုကြီးတစ်ယောက်နှင့် သူ့နောက်မှ တစ်ခေါင်းလုံး ဆံပင်တွေ ဖွေးဖွေးလှုပ်မျှ ဖြူနေသော အဘွားအိုကြီး တစ်ယောက်ကိုသာ မြင်နေသည်။ နောက်တစ်ခဏ အနီးကပ်၍ မြင်လိုက်ရသည့်အခါတွင်မူ ကန်း၏ တစ်ကိုယ်လုံး ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို ဖြစ်သွားသည်။

သူသည် အဘွားကြီးအား ချက်ချင်း မှတ်မိသည်။ အဘိုးအိုဘက် လှည့်ကြည့်လိုက်သည့်အခါ ပို၍ပင် တုန်လှုပ်သွားသည်။ အဘိုးအို မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ပါးရေနားရေများသည် တွန့်လိမ် ရှုံ့တွနေကြသည်။ တရုတ် နှစ်သစ်ကူးချိန်က ဤ အဘိုးအိုသည် ချန်ရှာသို့ အလည် လာခဲ့ဖူးပါ၏။ ထိုစဉ်က သူ့ မျက်နှာသည် ပြုံးကာရယ်ကာဖြင့် အလွန် ခင်မင် နှစ်လိုဖွယ်ကောင်းခဲ့၏။ ထိုမျက်နှာသည် ကန်း၏ အဘိုး မျက်နှာပေတည်း။

"လူထုရှေ့မှာ ခေါင်းငုံ့ထား" ဟု တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ယောက်က အော်သည်။ သူသည် အံကိုကြိတ်ကာ မျက်နှာထားဆိုးဆိုးဖြင့် သူ့ထက် အသက်သုံးဆယ်မျှ ပို၍ကြီးသော အဘိုးအို၏ မျက်နှာနားကပ်၍ အော်နေခြင်းဖြစ်၏။ ဤ အဘိုးအိုသည် တစ်ချိန်က ချင်တေးမြို့ နိုင်ငံခြား သာသနာပြုတစ်ဦးအိမ်၌ ထမင်းချက် လုပ်ခဲ့ဖူးသည်ကိုပင် မသိ။

"ဥက္ကဋ္ဌကြီး မော်ကို ဆန့်ကျင်ခဲ့တဲ့ မင့်အပြစ်တွေဟာ ကောင်းကင်ဘုံနဲ့တောင် ထိလုနီးပါး ဖြစ်နေပြီ။ မင်းဟာ တရုတ်နိုင်ငံရဲ့ ကရုဏာရှက် ပေးခဲ့သမျှအမိန့်တွေကို မဆန်းမစစ်ဘဲ နာခံ လိုက်နာခဲ့တဲ့ ကောင်ကြီး၊ ငါတို့ စုံစမ်းစစ်ဆေးလို့ သိရသလောက်ဆိုရင် မင်းဟာ လူလိမ်လူညာ သစ္စာဖောက်ကြီး တစ်ယောက်ဖြစ်နေတာ ကြာပြီ"

စကား အဆုံးတွင် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်က လူငယ် တစ်ယောက်အား အချက်ပြလိုက်ရာ လူငယ်သည် ဆေးနက်ပုံးကြီး တစ်ပုံးနှင့် စုတ်တံကြီး တစ်ချောင်း ယူလာပြီး အဘိုးအို လီအန်၏ တစ်ကိုယ်လုံးအား ဆေးနက်များဖြင့် သုတ်သည်။ အခြား လူငယ်နှစ်ဦးသည် လီအန် နောက်မှ ဝင်ရပ်ကာ လက်နှစ်ဖက်အား ချုပ်၍ ဦးခေါင်းကို ရှေ့သို့ တွန်းပို့ထားသည်။ တတိယ လူငယ်က လီအန့် ခေါင်းပေါ်တွင် "နွားမလို ယုတ်မာတဲ့ မြွေဆိပ်နဲ့ ကောင်ကြီး" ဟူသော စာတန်း ရေးသည်။

ထို့နောက် လူငယ် နှစ်ဦး ထပ်ရောက်လာသည်။ "အရင်းရှင် လမ်းကြောင်းပေါ် ပြန်လျှောက်နေတဲ့ အနက်ရောင် ဂိုဏ်းသား တစ်ယောက် ဟူသော စာတန်းကို ပခုံးနှစ်ဖက်ဆီမှ ကျောပြင် တစ်ပြင်လုံး ပြည့်သွားသည်အထိ ဆေးနက်ဖြင့် ရေးသည်။ ပြီးတော့ စာ အသင့် ရေးထားပြီးသား ပန်းရောင် ပိုစတာ စက္ကူ တစ်ချပ်ကို အဘိုးအို ကျော၌ ကပ်လိုက်ကြပြီး လူ အများဘက် လှည့်ပြသည်။ ကန်း ဖတ်လိုက်ရသည့်အတိုင်း ဆိုပါက **"တာတာအို လီအန် သာချန်"** (မျိုးမစစ်တဲ့ လီအန် ကျဆုံးပါစေ) ဟု ရေးထားခြင်း ဖြစ်လေသည်။

ဓာတ်ပုံဆရာ တစ်ယောက်သည် ရှေ့သို့ တိုးလာပြီး သူ့ ကင်မရာအား မြှောက်၍ လီအန်၏ ဓာတ်ပုံကို နှစ်ပုံ သုံးပုံမျှ ရိုက်ယူလိုက်သည်။ ကင်မရာ

မီးဖြင့် ရှိုက်ယူခြင်းဖြစ်၍ အဖြူရောင် မီးသည် ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်။ လီအန်၏ ပတ်ပတ်လည်၌ ရပ်နေကြသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် **"တာတာအို လီအန် ဆာချန်"** ဟူသော ကြွေးကြော်သံများ အော်ဟစ်နေကြသည်။

ကန်းသည် သူ့ဘေး၌ ရပ်နေသော သူ့အစ်မအား လှည့်ကြည့်သည်။ သူ့အစ်မ၏ ပါးနှစ်ဖက်သည် နှင်းဆီရောင်ပြေးကာ နီရဲနေသည်။ သူမအနေဖြင့် သူမ အဘိုးအား ချစ်သည်။ ထိုအချစ်သည် သဘာဝ အချစ် ဖြစ်၏။ ဥက္ကဋ္ဌကြီး မော်နှင့် ယဉ်ကျေးမှု တော်လှန်ရေး အပေါ်တွင်လည်း သူ ချစ်သည်။ ထိုအချစ်နှစ်ခုသည် သူ့ အတွင်းစိတ်ဝယ် ပြင်းစွာသော ဝေဒနာကို ခံစားရကာ စိတ်ပဋိပက္ခ ဖြစ်နေရလေပြီ။

ကန်း ကိုယ်တိုင်မှာလည်း ထိုခံစားမှု ဝေဒနာနှင့် နပန်းလုံး နေရပြီ ဖြစ်၏။ သူတို့ ပတ်ပတ်လည်မှ ရဲဘော်များကမူ "သေနတ်မဲ့ ရန်သူများ" ဟူသော သီချင်းကို တဟိုဟို ဆိုနေကြသည်။ တစ်ချိုတစ်ချိုတွင် သူတို့အဘိုးဘက် လှည့်၍ လက်သီးများ ဆုပ်ပြကြသည်။ "ဘူဇွာ ပြန်လည် ပြုပြင်ရေးဝါဒီ ရန်သူများ" ဟူသော စကားမှာလည်း ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်လျက်ရှိလေသည်။ တစ်နေ့တာ ကြုံခဲ့ရသည့် ဖြစ်ရပ်များသည် "အမယ်" စုံလှ၏။ ထိုဖြစ်ရပ်အားလုံးကို မြင်ရတွေ့ရသည်မှာ စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလှချေသည်။ ဤကြားထဲ တစ်ညလုံး နီးပါးမျှ ကောင်းစွာ မအိပ်ရသဖြင့် အားပြတ်သလိုဖြစ်လျက်ရှိရာ သူ့တွင် စိတ်သက်သာရာ ရခဲ့ခြင်း မရှိပေ။ သူသည် ရုတ်တရက် ဘာကိုမှ မစဉ်းစားတော့ဘဲ လက်သီးကို ဆုပ်၍ ခေါင်းပေါ်မြှောက်ကာ "မျိုးမစစ်တဲ့ လီအန် ကျဆုံးပါစေ၊ မျိုးမစစ်တဲ့ လီအန် ကျဆုံးပါစေ" ဟု သံကုန်ဟစ်၍ အော်လိုက်မိလေသည်။

သူ့ဘေးမှ အေ-လင်းသည် သူ အော်သလို လိုက်အော်သည်။ သူ့အတုကို ယူ၍ အရူးအမူး ထအော်ခြင်း ဖြစ်၏။ အကယ်၍ သူတို့ အဘိုးသည် ဥက္ကဋ္ဌကြီး မော် စွပ်စွဲသလို လူတန်းစား ရန်သူတစ်ဦး အစစ်အမှန် ဖြစ်ခဲ့ပါမူ ပြည်သူ့ဘက်တော်သားများ၏ ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံရသင့်၏။ အကယ်၍ သူတို့ကိုယ်တိုင်လည်း သူတို့ အဘိုးဘက်မှ လိုက်ကာ ဥက္ကဋ္ဌကြီး မော်အား အလုပ်အကျွေး ပြုရန် ပျက်ကွက်ခဲ့ပါမူ သူတို့ ကိုယ်တိုင်လည်း သူတို့ အဘိုးလိုပင် ရှုတ်ချခြင်း တိုက်ခိုက်ခြင်း စသည်များကို ခံကြရသင့်၏။

"ခင်ဗျားဟာ ဘူဇွာ အရင်းရှင် ပြုပြင်ရေးသမား တစ်ယောက်ပဲ လီအန်" ဟု အရပ်မြင့်မြင့် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်က ပြောသည်။ "အဲဒါကြောင့်

လူထုက ခင်ဗျားကို တော်လှန်ရေး အသိနဲ့ အရေးယူဖို့ လာကြတာ။ ခင်ဗျားက ပါတီထဲဝင်ပြီး အရိပ်ခိုတယ်။ ပြီးတော့ တရုတ် ကရှုးရှက် ခိုင်းသမျှ ပြောသမျှ တွေကို နာခံတယ်။ ပါတီ စိုက်ပျိုးရေး ကော်မရှင်ရုံးမှာ ဖွင့်ထားတဲ့ မဟာ လူလတ်တန်းစား ယဉ်ကျေးမှုတော်လှန်ရေးကို ပျက်ပြားအောင် လုပ်တယ်။ ခင်ဗျားရဲ့ ရုံးခန်းထဲကိုလာတဲ့ တပ်နီလုံခြုံရေးတပ်ဖွဲ့တွေကို တားလား ဆီးလား လုပ်ခဲ့တယ်။ ခင်ဗျားဟာ တရုတ် ကရှုးရှက်နဲ့ သူ့နောက်လိုက် အနက်ရောင် ဂိုဏ်းသားတွေလိုပဲ တရုတ်ပြည်သူတွေကို အရင်းရှင်လမ်းကြောင်းပေါ် ပြန်တင် ချင်နေတယ်။ ခင်ဗျားတို့အားလုံးဟာ ခွေးချေးထက် ရွံစရာကောင်းတဲ့ ကောင် တွေ"

လီအန်သည် သူ့အား ပိုစိုးပက်စက် ပြောနေသူကို လုံးဝ လှည့်မကြည့် တော့ဘဲ သူ့ မျက်နှာအား တစ်ဖက်သို့ လွှဲထားသည်။ မျက်နှာကတော့ ဖြူဖပ် ဖြူရော်ပင် ဖြစ်လျက်ရှိ၏။ အသက်ရှူနေပုံမှာလည်း မမှန်။ ညဉ့်နက်သန်းခေါင် အိမ်ထဲဝင်လာပြီး မဟုတ်က ဟုတ်ကတွေလုပ်၊ မတော်မတရား စကားများဖြင့် အတင်းစွပ်စွဲ ခံနေရသည့် အဖြစ်သည် သူ့အတွက် ရင်နာစရာ ကောင်းလှပါဘိ ခြင်း၊ သူသည် ရန်သူ ကိုမင်တန် စစ်တပ်မှ ပစ်ခတ်နေသည့် ကျည်ဆန်များ ကြားမှဖြတ်၍ လုတင်း တံတားတိုက်ပွဲတွင် အသက်စွန့်ခဲ့သူဖြစ်၏။ ထို အဖြစ်ကို မှ မထောက်ထားဘဲ မိမိအပေါ် ရက်စက်ကြလေခြင်း။

"ငါဟာ အမြဲတမ်း ပါတီနဲ့ ဥက္ကဋ္ဌကြီး မော် အပေါ်မှာ သစ္စာစောင့်သိခဲ့ တယ်" ဟု လီအန်က သူ့အား ချုပ်ကိုင်ထားသူများ လက်တွင်းမှ ရုန်းကန်ရင်း ပြောသည်။ "မင်းတို့က တရုတ် ကရှုးရှက်လို့ ခေါ်နေကြတဲ့ သမ္မတကြီး လျူ ရှောက်ချီ ဟာလည်း ငါနဲ့ အတူတူပဲ တို့ဟာ ဘူဇွာလည်း မဟုတ်ဘူး။ ပြန်လည် ပြုပြင်ရေး ဝါဒီတွေလည်း မဟုတ်ဘူး"

"ခင်ဗျားကြီး ပါးစပ် ပိတ်ထားစမ်း"

တပ်နီ လုံခြုံရေးတပ်သားသည် ပြောပြောဆိုဆို လက်ထဲမှ ကြာပွတ်ဖြင့် ကြမ်းပြင်အား တစ်ချက်ရိုက်လိုက်သည်။ ခေါင်းဆောင်လုပ်သူသည် နံရံကို မှီ၍ ရပ်နေရာမှ ရှေ့သို့ တိုးလာသည်။

"ခင်ဗျားကိုယ် ခင်ဗျား ဘူဇွာ မဟုတ်ဘူး၊ ပြန်လည်ပြုပြင်ရေးသမား မဟုတ်ဘူးလို့ ဇွတ်ခံပြောနေတယ်။ အာဂ လူကြီးပါလား" ဟု အော်သည်။ "ကြောင်လို ခွေးလို၊ အိမ်မွေး တိရစ္ဆာန် မွေးတဲ့ကောင် မှန်သမျှ ဘူဇွာချည်းပဲဟေ့၊ အဲဒါ ဘူဇွာတွေရဲ့ အကျင့်၊ အခု ယဉ်ကျေးမှု တော်လှန်ရေးက အဲဒီ အကျင့်ဆိုး တွေကို သုတ်သင်ပစ်တော့မယ် သိလား"

ခေါင်းဆောင်သည် ထုပ်တန်း၌ ကြိုးနှင့် ချည်၍ တန်းလန်းဆွဲထားသော ကြောင်ဆီသို့ လက်ညှိုး ထိုးပြပြီး အော်ပြောနေသည်။ ထိုအခိုက်တွင် အိပ်ခန်းတံခါးဝဆီ လီအန် ဇနီး အသံကို ကြားရသည်။

"ငါ့ယောက်ျားက နင်တို့ ပြောနေတဲ့ တော်လှန်ရေးကို သူ့ဘဝတစ်ခုလုံး ပေးထားခဲ့တာ ဟဲ့" ဟု အဘွားကြီးက ပြောသည်။ "အခု နင်ပြောနေတာတွေ အားလုံးဟာ အရှုံစကားတွေ"

"တာ တာ အို လီအန် ဆာချန်"

အဘွားအို အသံသည် တပ်နီ လုံခြုံရေးအဖွဲ့ဝင်များ အဆက်မပြတ် အော်ဟစ်နေသည့် ကြွေးကြော်သံများကြားတွင် နစ်မြုပ်ပျောက်ကွယ်သွားသည်။ တပ်သား တစ်ဦးက ထုပ်၌ ကြိုးဆွဲချ၍ သတ်ထားသော ကြောင်သေအား တအားလွှဲလိုက်သည်။ ကြောင်သေသည် တပ်နီလုံခြုံရေး တပ်သားများ ချုပ်ကိုင်ထားသဖြင့် ရပ်နေရသော လီအန် မျက်နှာအား ပြေး၍ရိုက်သည်။

"လီအန်ကို ကြိုးဆွဲချပြီး သတ်ကြ။ လီအန်ကို ကြိုးဆွဲချပြီး သတ်ပစ်" တပ်နီလုံခြုံရေး တပ်သားများ၏ အော်သံများမှာ ဆူညံလျက်ရှိ၏။ "အခု ချက်ချင်း သတ်ပစ်" ဟူသော အသံများသည် နောက်ထပ် တိုးလာနေသည်။

လီအန်၏ မျက်လုံးများသည် ထိတ်လန့် ကြောက်ရွံ့ခြင်းကြောင့် ပြူးထွက်လာနေသည်။ တပ်နီ လုံခြုံရေးတပ်ဖွဲ့များသည် နောက်တစ်ကျော့ ပြန်၍ သောင်းကျန်းလာပြန်သည်။ သူတို့သည် အခန်းများ အတွင်းသို့ နောက်တစ်ချီ ပြန်ဝင်ကာ ပုဆိန်များ၊ တူများနှင့် သံတုတ်များအား သုံး၍ ပစ္စည်းပစ္စယများအား ထုချေ ရိုက်ခွဲကာ ဖျက်ဆီးကြပြန်သည်။ မှန်များ ကွဲသံ၊ ပရိဘောဂများ ခုတ်ထစ်သံ၊ ပြတင်းပေါက်များမှ ခြံဝင်း အတွင်းသို့ ပစ္စည်းများ ပစ်ချသံတို့မှာ သောသောညံလျက်ရှိလေ၏။

"ခင်ဗျားကြီးနော်၊ ခင်ဗျားကြီးရဲ့ အပြစ်တွေကို အခုချက်ချင်း ဝန်ခံလိုက်ရင် ကောင်းမယ်" ဟု ခေါင်းဆောင်လုပ်သူက သူ့ ကြာပွတ်အား လီအန်၏ နှာခေါင်းအောက်သို့ ထိုးရင်း ပြောသည်။ "ခင်ဗျားကို ဘယ်သူကမှ ကယ်နိုင်မှာ မဟုတ်ဘူးနော်"

"ငါ့ ယောက်ျားကို မထိကြနဲ့ နော်၊ ငါ့ ယောက်ျားက နှလုံးအားနည်းနေတယ်၊ နှစ်ပေါင်း အကြာကြီး အလုပ် တပင်တပန်း လုပ်လာလို့ သူ့ကျန်းမာရေးက ကောင်းတော့ဘူး"

လီအန် ဇနီးသည် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် အမျိုးသမီးနှစ်ဦး ချုပ်ကိုင်ထားသည့်ကြားမှ အတင်း ရုန်းကန်ပြီး ထွက်ကာ သူမ၏ ယောက်ျားဆီ ပြေးသွားရန် အားထုတ်သည်။ သူမအား ဖမ်းဆီးရန် အားထုတ်သူများအား သူမ၏

လက်သည်းများဖြင့် မျက်နှာအား ကုတ်ခြစ်ပစ်သည်။ ခေါင်းဆောင်လုပ်သူသည် လက်ထဲမှ ကြာပွတ်ဖြင့် အဘွားကြီး၏ ပခုံးများနှင့် ကျောပြင်များအား တအား ရိုက်နှက်သည်။ ကြာတော့ မခံနိုင်။ အော်ဟစ် ငိုယိုလျက်ရှိသော အဘွားကြီးသည် ဒူးထောက်လျက် လဲကျသွားသည်။

"အနက်ရောင် ဂိုဏ်းသား လီအန်၊ ခင်ဗျား ကျူးလွန်ခဲ့တဲ့ ဘူဇွာ ပြန်လည်ပြုပြင်ရေး ပြစ်မှုတွေကို ဝန်ခံပါ။ ဝန်မခံရင် ယဉ်ကျေးမှု တော်လှန်ရေး သမားတွေက ခင်ဗျားကို သတ်ကြလိမ့်မယ်"

"ကိုယ့် ဘဝတစ်ခုလုံးကို ဥက္ကဋ္ဌကြီး မော် အတွက် ပေးအပ်ထားခဲ့တဲ့ လူတစ်ယောက်က အရင်းရှင် လမ်းကြောင်းပေါ် ကျွန်တော် လျှောက်ခဲ့ပါတယ်လို့ ဝန်ခံရမတဲ့လားကွ" ဟု လီအန်က ဒေါသတကြီး တုံ့ပြန်သည်။ "မင်းတို့ စကားတွေက တော်တော်အဓိပ္ပာယ် ကင်းမဲ့တဲ့ စကားတွေပါလား"

"လူ အများအပြားဟာ အလံနီကို ဆန့်ကျင် တိုက်ခိုက်ဖို့ အလံနီကို ဝှေ့ယမ်းနေကြတယ်" နံရံတစ်ဖက်၌ ရပ်နေကြသော အသက်ခပ်ကြီးကြီး အုပ်စုထဲမှ လူတစ်ယောက် ထွက်လာပြီး ထိုစကားကိုပြောသည်။ သူ့ လက်ထဲတွင် စာရွက်တစ်ရွက် ပါလာ၍ သူ့စကားအား ဆက်မပြောမီ ထိုစာရွက်ကို ငုံ့ကြည့်သည်။

"ခရီးရှည်ချီတက်ပွဲ မစခင် ကတည်းက ခင်ဗျားဟာ နိုင်ငံခြားသား နယ်ချဲ့ သူလျှို တစ်ယောက်ဆီမှာ အလုပ် လုပ်ခဲ့ဖူးတယ် မဟုတ်လား၊ ကိုမင်တန် အုပ်စုအတွက် သူလျှို လုပ်ပေးနေတဲ့ အင်္ဂလိပ် သာသနာပြု တစ်ယောက်ဆီမှာလေ။ အဲဒီ သာသနာပြုကို တပ်နီစစ်တပ်က ဖမ်းမိပြီး သေဒဏ်ပေးခဲ့တယ်လေ။ ခင်ဗျားကိုယ်တိုင်ကလည်း သူ လုပ်ပေးလို့ ခရစ်ယာန်ဘာသာဝင် တစ်ယောက် ဖြစ်ခဲ့တယ် မဟုတ်လား။ ခင်ဗျားဟာ နယ်ချဲ့တွေရဲ့ နောက်လိုက်ခွေးတစ်ကောင်ပဲ၊ ကွန်မြူနစ်ပါတီကို ဝင်ခဲ့တာက နိုင်ငံခြားသား နယ်ချဲ့တွေကို အလုပ်အကျွေး ပြုဖို့ပဲ"

ပရိသတ်သည် ချက်ချင်းပင် ငြိမ်တိတ်သွားသည်။ အသစ်တင်လာသော စွဲချက်များ၏ အလေးချိန်သည် သေးငယ်သည် မဟုတ်။ လီအန်သည် တံတွေးကို တစ်ချက်မျှ မျိုချလိုက်သည်။

"ငါ့ အဖေရဲ့ မြေတွေကို ဟူနန်မှာ အငတ်ဘေးကြီး ကျနေတုန်းက အသိမ်း ခံခဲ့ရတယ်" ဟု လီအန်က ပြောသည်။ "ငါ့ မိသားစုကို အငတ်ဘေးက လွတ်အောင် သာသနာပြု အဖွဲ့မှာ ငါ အလုပ် ဝင်လုပ်ရတယ်။ အလုပ်မှာ မြဲအောင်လို့ ငါ ခရစ်ယာန်ဘာသာ ဝင်တယ်။ ဒါပေမဲ့ အဲဒါတွေ ဖြစ်ပြီးခဲ့တာ ကြာလှပြီ။ ပဝေသဏီ ရှေးရှေးက ဖြစ်ခဲ့တာ။ ငါ ကွန်မြူနစ်ပါတီဝင် မဖြစ်ခင်နဲ့

တပ်နီစစ်တပ်ရဲ့ တိုက်ပွဲဝင်တပ်သား တစ်ယောက် မဖြစ်ခင် နှစ်ပေါင်းများစွာက ကိစ္စပါ"

ဇွဲချက်သစ် တင်လာသော တပ်နီလုံခြုံရေးတပ်သားက လက်ထဲမှစာရွက်ကို ပြန်ကြည့်သည်။ သူ့ မျက်လုံးများသည် အရောင်တလက်လက် ထွက်လာသည်။ "ဒီလိုဆိုရင် အဲဒီ အလုပ်ရှင် အင်္ဂလိပ်သာသနာပြုနဲ့ ၁၉၅၇-ခုနှစ်တုန်းက သူ ပီကင်းကိုလာတော့ ခင်ဗျားက ဘာပြုလို့ ကောင်းကင်ဘုံ နတ်ကွန်းကို သွားပြီး တိတ်တိတ်ကလေး တွေ့ရတာလဲ"

"အဲဒီတုန်းက တိတ်တိတ် ကျိတ်ပြီးတွေ့တာ မဟုတ်ဘူးကွ၊ သိလား" ဟု လီအန်က ဖြေသည်။ "ပုဂ္ဂိုလ်ရေးကိစ္စတွေ ရှိနေလို့ သွားတွေ့တာ။ ဝန်ကြီးချုပ် ချူရယ်၊ ပြီးတော့ မာရှယ် လု ချီယာအို တို့ပါ သိကြတယ်"

လူသိများ၍ ထင်ရှားကျော်ကြားသူနှစ်ဦး၏ နာမည်များ ကြားသည့်အခါ တပ်နီ လုံခြုံရေးတပ်သားသည် သူ့လက်ထဲမှ စာရွက်ပေါ်တွင် နာမည်များကို ရေးမှတ်ထားသည်။ ထို့နောက် လီအန်၏ မျက်နှာအား စူးစူးရဲရဲ ကြည့်၍ "ခင်ဗျား လိမ်ပြောနေတာ" ဟုပြောသည်။

ခြံဝင်းထဲမှ အော်ဟစ်သံများသည် တိုး၍ ဆူညံလာသည်။ အပြင်မှ လူငယ်များသည် အခန်းတွင်းသို့ ဖြုန်းခနဲ ဝင်လာကြသည်။ ကြွေးကြော်သံများအား မရပ်မနား အော်ဟစ်လာနေဆဲ။ တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်သည် သူ့ဘက်က အနိုင်ရပြီဟူသော အတွေးဖြင့် ပြုံးဖြဲဖြဲလုပ်ကာ သူ့လက်ထဲမှ အနက်ရောင်သားရေဖုံးဖြင့် သမ္မာကျမ်းစာ စာအုပ်ကို ပြသည်။ "ဒီမှာ မြင်လား၊ စုံယာအို လီအန် ခရစ်ယာန်ဘာသာဝင် ညီအစ်ကိုတော်အတွက်" တဲ့ ပြီးတော့ အောက်က ရေးထားတာက "ချစ်ခြင်းမေတ္တာဖြင့် ဘုန်းတော်ကြီး ကယ်လ်နာ တဲ့"

လီအန်သည် သမ္မာကျမ်းစာ စာအုပ်အား ကြည့်နေသည်။ "တော်လှန်ရေးသမား ကေဒါတစ်ယောက်က ဥက္ကဋ္ဌ မော်ကို ထာဝရ သစ္စာရှိတယ်လို့လည်း ပြောတယ်။ ဒီစာအုပ်ကိုလည်း ဝှက်ထားတယ်၊ အဲဒါ ဘာသဘောလဲ"

ပြောပြောဆိုဆို တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်သည် သူ့လက်ထဲမှ သမ္မာကျမ်း စာအုပ်အား ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ ထို့နောက် စာအုပ်အား ခြေထောက်ဖြင့် ကန်ထုတ်လိုက်ပြီး ကန်းနှင့် အေ-လင်းတို့ မောင်နှမအား လှည့်ကြည့်သည်။ သူသည် လက်ထဲမှ ကြာပွတ်ဖြင့် အချက်ပြလိုက်သည်။ ကန်းသည် သူ့အဘိုး ရှေ့မှောက်သို့ သူ့အစ်မနှင့်အတူ တိုးလာသည်။

လီအန်သည် သူတို့မောင်နှမ လာနေသည်ကို လုံးဝ မော့မကြည့်။ သူသည် ဦးခေါင်းအား ငုံ့ထားသည်။ ကန်း၏ နှလုံးသားသည် နာကျင်လျက်ရှိ

သော်လည်း သူ့အဘိုး၏ အဖြစ်ကိုကား အာရုံမဝင်စေအောင် ထိန်းချုပ်ထား သည်။ သူ့ခေါင်းသည် နာကျင်ကိုက်ခဲလျက်ရှိ၏။

"ဖောက်ပြန်ရေးသမားတိုင်းဟာ အတူတူချည်းပဲ" ဟု တပ်နီ လုံခြုံရေး အဖွဲ့ဝင်က ပြောသည်။ "မင်းတို့ သူ့ကို မဆော်မချင်း ကျမလာဘူး"

သူ့စကား ကြားလိုက်သည့်အခါ လီအန်သည် ကန်းနှင့် အေ-လင်းတို့ မျက်နှာများကို မော့ကြည့်သည်။ သူသည် သူ့မြေး နှစ်ယောက်အား မယုံကြည် နိုင်သည့် မျက်လုံးများဖြင့် ကြည့်နေခြင်းဖြစ်၏။ ကန်းအနေဖြင့်ကား သွေးရောင် လျှမ်းနေသော အဘိုးမျက်နှာအား မကြည့်ရက်။ ထိုအခိုက်မှာပင် ပန်းခြံဘက် မှ လူထုဆန္ဒပြပွဲကြီးဆီမှ လူတစ်သန်း၏ တစ်ခဲနက် ဟစ်ကြွေးသံများ ကြားနေရ ၏။ ကန်းအား ဥက္ကဋ္ဌကြီး မော်အပေါ် သစ္စာရှိဖို့မှတစ်ပါး အခြား ဘာမှ မလိုဟု ညွှန်ကြားနေသည့်နှယ်ရှိ၏။

"ဌာနချုပ်တွေကို အမြောက်တွေ ဗုံးတွေနဲ့ ပစ်ပြီး ဖျက်ဆီးပစ်ကြ၊ ဌာနချုပ်တွေကို အမြောက်တွေ ဗုံးတွေနဲ့ပစ်ပြီး ဖျက်ဆီးပစ်ကြ"

ကန်းသည် ထိုအသံများ ကြားနေရခိုက်မှာပင် သူ့ လက်ထဲမှ ဝါးရင်း တုတ်အား မြှောက်၍ သူ့အဘိုး၏ ဦးခေါင်းနှင့် ပခုံးများထက်သို့ ပြင်းစွာသော အရှိန်ဖြင့် အဆက်မပြတ် ရိုက်လျက်ရှိသည်။ သူ့နောက်မှ တပ်နီလုံခြုံရေးတပ်ဖွဲ့ သစ်များ၏ အားပေး ကြွေးကြော်သံများကား သောသောညံနေသည်။ သူ့ရှေ့မှ လီအန်သည် တောင့်တောင့်မတ်မတ် မရပ်နိုင်တော့ဘဲ ယိမ်းထိုးလျက်ရှိ၏၊ သူသည် တုတ်ကို မြှောက်၍ သူ့အဘိုးခေါင်းအား နောက်တစ်ကြိမ် ထပ်ရိုက် လိုက်သည်။

သူ့ အမြင်အာရုံသည် ဝိုးတဝါး ဖြစ်ကုန်သည်။ သူ့ဘေးနှင့် သူ့နောက်မှ သူ့အစ်မ အေ-လင်းနှင့် အပေါင်းပါများသည် ရှေ့သို့ တိုးလာကြပြီး ဒယီးဒယိုင် ဖြစ်နေသော သူ့အဘိုးအား ဝိုင်း၍ ရိုက်နေကြသည်။ သူကိုယ်တိုင်လည်း နောက် ထပ် တစ်ချက်ပြီး တစ်ချက် အကာအကွယ် မဲ့နေသော အဘိုး၏ ဦးခေါင်းအား မရပ်မနား ရိုက်နေဆဲ။

"အို...အဖေဘုရားသခင်...
တပည့်တော်အတွက် အကူအညီ လိုအပ်နေရိုန်မှာ
တပည့်တော်အား စွင့်လွှတ်၍ အကာအကွယ် ပေးတော်မူပါ"

တုတ်ချက်များ သူ့ခေါင်းပေါ် တရစပ် ကျနေချိန် အတွင်းမှာပင် သူ့ ဆုတောင်းသံအား လီအန် ပြန်ကြားနေရ၏။ သူ မမေ့သေး၊ လုတင်း တံတား တိုက်ပွဲ၌ တံတားအား မီးလောင်နေခိုက် ထို ဆုတောင်းစကားများကို သူ ရွတ်ဆို

ခဲ့ဖူးပါ၏။ ထိုတစ်ခဏမှာပင် အောက်ဘက်မှ ကြမ်းပြင်သည် သူ့မျက်နှာဆီသို့ ပြေးလာနေသည်။

သူ့ ဦးခေါင်းနှင့် ခန္ဓာကိုယ် တစ်ခုလုံးဆီမှ နာကျင်မှု ဝေဒနာသည် ပြင်းထန်လွန်းလှချေသည်။ ထိုနာကျင်မှုသည် ရေစီးကြောင်းတစ်ခုသဖွယ် သူ့ တစ်ကိုယ်လုံးအား နေရာအနှံ့ ပျံ့ဝင်လျက်ရှိ၏။ ဩော်...သူ့ထံပြေးဝင်မှိုက်ခတ် နေသည့် လှိုင်းခေါင်းဖြူကြီးများလေလား။

ကန်းနှင့် သူ့အစ်မ အေ-လင်းတို့သည် ဘေးချင်းယှဉ်ရပ်ကာ သူတို့ ခြေထောက်များရှေ့၌ လဲကျနေသော အလှူပ်အရှား ကင်းမဲ့နေသည့် သူတို့အဘိုး အား စိုက်ကြည့်နေကြသည်။ သူတို့လက်ထဲမှ ဝါးရင်းတုတ်များသည် ဦးခေါင်း များပေါ် မြှောက်ထားရာမှ အောက်သို့ ပြန်ကျလာကြသည်။ သူတို့ပတ်ပတ်လည် ၌ ရပ်နေကြသည့် တပ်နီများသည် ငြိမ်ဆိမ်နေကြလေသည်။

တစ်ကိုယ်လုံး အနက်ရောင် ဆေးများ သုတ်လိမ်းခြင်း ခံထားရသည့် သက်ကြီးရွယ်အို "ရွှေကြယ်ပွင့် တံဆိပ်ပိုင်ရှင်" ခရီးရှည်ချီတက်ပွဲကြီး၏ သူရဲ ကောင်းသည် ရုပ်ဆင်းအင်္ဂါများ ပျက်ကာ မသတီစရာ ဘဝသို့ ရောက်သွားခဲ့ရ လေပြီ။ ဘယ်သောအခါမှာမှ ပြန်ထမလာနိုင်တော့မည့် လဲလျောင်းခြင်းမျိုး မဟုတ်ပါတကား။

အခန်း၏ နောက်ဘက်ဆီမှ "မဟာ ပစ္စည်းမဲ့ လူတန်းစားတွေရဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး တည်တံ့ခိုင်မြဲပါစေ။ ဥက္ကဋ္ဌကြီး မော် အသက် ရာကျော်ရှည်ပါစေ" ဟူသော ကြွေးကြော်သံ ထွက်လာသည်။ အသံမှာ တစ်သံ တည်းဖြစ်၏။ တဖြည်းဖြည်းနှင့် အခြားသော တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသံများသည် နောက်မှကပ်၍ လိုက်ပါလာသည်။ တစ်အိမ်လုံးတွင် သူတို့၏ ကြွေးကြော်သံများသာလျှင် လွှမ်းမိုး ကြီးစိုးလျက် ရှိလေ၏။

* * *

၅

အောက်တိုဘာလလယ်တွင် ဂျေကော့၏ စားပွဲထက်၌ တရုတ်နှင့် ဂျပန်နိုင်ငံအတွင်းရှိ သတင်းစာများမှ ရရှိသော သတင်းများ၊ သတင်း အေဂျင်စီများမှ ပေးပို့သော သတင်းများ၊ ရေဒီယိုများမှ ထုတ်လွှင့်သည့် သတင်းများ၊ တရုတ်နိုင်ငံတွင်း၌ ဖြစ်ပျက်နေသမျှ တစ်ပတ်စာ သတင်းများသည် အထပ်လိုက်အထပ်လိုက် စုပုံလျက်ရှိသည်။ အပြင်မှ ညွှံသည် တစ်ယောက် ဝင်လာပါက စားပွဲပေါ်ရှိ စက္ကူပုံကြီးများ ကွယ်နေသဖြင့် သူ့အား ချက်ချင်း မြင်ရဖို့မလွယ်။ အကယ်၍ မြင်ရသည်ဆိုဦးတော့ သူ့ခန္ဓာကိုယ် တစ်ပိုင်းတစ်စကိုသာ မြင်ရဖွယ်ရှိ၏။

ကယ်လ်နာ အင်စတီကျု ရုံးခန်းသည် အဆောက်အအုံ၏ အပေါ်ဆုံးထပ်၌ တည်ရှိသည်။ ထိပ်ဆုံးထပ်အထိ ရောက်လာခဲ့ပြီဖြစ်သော ဂျိုးဇက်ရှားမင်းသည် ရုံးခန်းတံခါးဝ၌ ရပ်ကာ လက်ထဲမှ တရုတ်သတင်းစာအား မြှောက်ပြကာ ဂျေကော့အား သူ့ရုံးခန်းတွင်း ဝင်လာပါရစေဟု ခွင့်တောင်းနေသည်။ ဂျေကော့ထံမှ ခွင့်ပြုချက်ရလိုက်သည့်အခါ ရှားမင်းသည် ချက်ချင်းပင် ရုံးခန်းတွင်းသို့ ဝင်လာလေသည်။

"အောင်ပွဲရ တရုတ် စောင့်ကြည့်ရေး ဆရာကြီးတော့ တော်လှန်ရေး သတင်းရေလျှံမှုကြီးထဲမှာ နစ်နေပါပေါ့လား။ ကျွန်တော်လည်း ဂေဇက် အတွက် ပထမဆုံး သတင်းကို ဒီကပဲ ယူသွားမှ ကောင်းမယ် ထင်ရဲ့" ရှားမင်းသည် ခပ်ကျယ်ကျယ် အော်ဟစ် ပြောဆိုကာ ဂျေကော့ထံ ရောက်လာပြီး လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ "အနည်းဆုံး ဝါရှင်တန်က စာဖတ်သူ အနည်းအပါးကတော့ နာမည်လွှဲ ပေးထားတဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး တစ်ခုလုံးကို အကုန် နားမလည်သည့်တိုင်အောင် ထိုက်သင့်သလောက်တော့ နားလည်သွားမှာပါ"

ဂျေကော့၏ ပင်ပန်း နွမ်းနယ်နေသော မျက်နှာတွင် အပြုံးရိပ် ထင်လာသည်။ သူသည် ရှားမင်းအား စားပွဲဘေးမှ ကုလားထိုင်တွင် ထိုင်ရန် နေရာပေးသည်။ "အိမ်အပြန်ခရီးကို ကြိုဆိုပါတယ် ဂျိုးဇက်။ ကျွန်တော် ကောလာဟလ သတင်းတစ်ခု ရထားတယ်။ ခင်ဗျားရဲ့ သတင်းစာမှာ တရုတ်ပြည်အကြောင်း အထူး သတင်းဆောင်းပါးကြီး ရေးဖို့ ခင်ဗျား ပြန်လာနေပြီဆိုတဲ့ သတင်းလေ။ တချို့ ကောလာဟလ သတင်းတွေ မှန်နေတာ တွေ့ရတော့ ဝမ်းသာစရာပဲ"

"ကျွန်တော်လည်း နိုင်ငံခြားသား သတင်းထောက်များ ကလပ်က ထွက်လာတဲ့ ကောလာဟလ သတင်းတွေ မှန်နေတာ တွေ့လို့ ဝမ်းသာ နေရတယ်" ဟု ရှားမင်းက ပြန်ပြောသည်။ "လူတိုင်းက ပြောနေကြတယ်။ ခင်ဗျား သိပ်ပြီး အလုပ် လုပ်နေတယ်တဲ့။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ကတော့ အခုလော လောဆယ် တရုတ်နီ နိုင်ငံထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ဘယ်သူမှ အပီအပြင် မသိကြဘူး၊ အဲဒီထဲက အသေအချာ သိထားတဲ့ လူလေး တစ်ယောက်လောက် အဆုံးရှုံး ခံရမယ်ဆိုရင် ကျွန်တော်တို့ကတော့ မဖြစ်သင့်ဘူးထင်တယ်"

"ခင်ဗျား ပြောတာ မှန်တယ်၊ ဘာကိုမှ မှန်မှန်ကန်ကန် နားလည်ကြတာ မဟုတ်ဘူး။ အားလုံး ရှုပ်ရှုပ်ထွေးထွေးတွေချည်းပဲ" ဟု ဂျေကော့က သူ့ ကုလားထိုင်တွင် ကျောနှင့် မှီလိုက်ပြီး ပြောသည်။ "လောလောဆယ် ပြည်မကြီးထဲက ထွက်လာနေတဲ့ သတင်းတွေကလည်း မရှင်း မရှင်းတွေချည်းပဲ"

"အေးအေးသာသာပဲ သဘောထားပြီး လုပ်ပါ ဂျိတ် ရယ်။ လာနေတဲ့ သတင်းတွေကလည်း ကလပ်မှာ ရှိနေတဲ့ ခင်ဗျား သူငယ်ချင်းတွေဆီက အများဆုံးပါ" ဟု ရှားမင်းက ပြောသည်။ ကျွန်တော်တို့က ခင်ဗျားကို အချက်အလက်မှန်တွေပေါ်မှာပဲ အမှီပြုစေချင်တယ်၊ အခုလောလောဆယ် မော်ရဲ့ ရန်သူတွေ ဘယ်လို နေကြသလဲဆိုတာ အမှန်အတိုင်း သိကြဖို့ လိုတယ်"

ရှားမင်းသည် သူ့လက်တွင်းမှ သတင်းစာအား ဖြန့်၍ကြည့်နေသည်၊ "တွေ့ပြီ၊ ကျွန်တော် ပြောတဲ့ စကား၊ "မြွေဆိပ်နဲ့ မကောင်းဆိုးဝါး နွားမတဲ့။ အဲဒါဟာ ရှေး တရုတ်စကားတဲ့ စကားကတော့ ထူးဆန်းတယ်။ အနက်အဓိပ္ပာယ်က ဘာလဲ"

"အဲဒီလို အလုပ်ကို အကျွမ်းကျင်ဆုံး လူကတော့ မစ္စတာဝူးပဲ" ဟု ဂျေကော့က သူ၏ အထက်တန်း ဘာသာပြန် အရာရှိအား ပြုံး၍ကြည့်ပြီး ပြောသည်။ မစ္စတာဝူးမှာ နေ့ခင်း သတင်းများကို စုစည်းပြီး ယူကာ ရုံးခန်းထဲ ဝင်လာပြီး ဂျေကော့၏ လက်နှိပ်စက်စာရေး ဘေး၌ လက်ထဲမှ အထုပ်ကြီးအား ချထားလိုက်လေသည်။

"ဒီမယ် မစ္စတာဝူး၊ ဂျိုးဇက်ရှားမင်းကို ခင်ဗျား မှတ်မိတယ် မဟုတ်လား" ဟု ဂျေကော့က လှမ်းမေးသည်။ "သူက မေးနေတယ်၊ မြွေဆိပ်နဲ့ မကောင်းဆိုးဝါး နွားမဆိုတဲ့ စကား အဓိပ္ပာယ်ကို သူ သိချင်လို့တဲ့"

သက်ကြီးရွယ်အို ဘာသာပြန် အရာရှိသည် သူ့ ဦးခေါင်းအား အမေရိကန်ဘက် လှည့်၍ ကြည့်သည်။ "တရုတ် ဂန္ထဝင်စာပေမှာကတော့ မစ္စတာရှားမင်းရဲ့ မကောင်းဆိုးဝါး နွားမနဲ့ မြွေဆိပ်ဆိုတာ တခြား မဟုတ်ဘူး။ အမှောင်ကမ္ဘာလောကထဲက လာကြတဲ့ မကောင်းဆိုးဝါး သတ္တဝါတွေပါ။ သူတို့ဟာ လူယောင် ဖန်ဆင်းပြီး ကမ္ဘာမြေကြီးပေါ်မှာ ဒုက္ခပေါင်းစုံ ဖန်တီးပေးဖို့ လာကြတာပါ။ ဒါပေမဲ့ တကယ်လို့များ လူသားစစ်စစ်တွေက သူတို့ရဲ့ အယောင်ဆောင်မှုတွေကို မြင်လိုက်ရင် သူတို့ရဲ့ မူလ ပုံသဏ္ဍာန်တွေဟာ ပေါ်လာပါတယ်"

မစ္စတာဝူးသည် စကားကို ဖြတ်၍ ရပ်ထားပြီး ရှားမင်းအား ကြည့်၍ ပြုံးသည်။ "ဥက္ကဋ္ဌကြီး မော်က ဒီစကားကို ပန်းမျိုးတစ်ရာ ပွင့်ပါစေ တိုက်ပွဲအပြီးမှာ ပထမဆုံး စသုံးခဲ့တာပါ။ သူက ပြောတယ်၊ ကွန်မြူနစ်ပါတီကို ထောက်ခံ ချင်ဟန်ဆောင်ခဲ့တဲ့ ပညာတတ် အသိပညာရှင်တွေဟာ လူယောင်ဖန်ဆင်းတဲ့ မကောင်းဆိုးဝါး သတ္တဝါတွေတဲ့။ ပါတီရဲ့ မူဝါဒတွေကို ဝေဖန် သုံးသပ်နေကြတဲ့ အခါမှာ သူတို့ကိုယ်သူတို့ ကိုယ်ရောင်ဖျောက်ထားပြီး သူတို့ရဲ့ မူလဇာတိကို ပြန်ပြတတ်တယ်တဲ့။ အခု သူတို့ သုံးနေကြတဲ့ "မြွေဆိပ်နဲ့ မကောင်းဆိုးဝါး နွားမကြီးတွေ" ဆိုတာ နိုင်ငံရေးအားဖြင့် သစ္စာမဲ့ပြီး မရိုးသားတဲ့ လူတွေကို ရှုတ်ချနေတဲ့ သဘောပါ"

"ကျေးဇူးတင်ပါတယ်၊ မစ္စတာ ဝူး" ဟု ရှားမင်းက ပြောကာ အိတ်ကပ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည်။ မှတ်စုစာအုပ်ထဲတွင် သူ ရေးလိုသမျှကို ကပျာကယာ ရေးထည့်လိုက်သည်။ မစ္စတာဝူးသည် အခန်းထဲမှ ထွက်သွားခဲ့လေပြီ။

ရှားမင်းသည် ဂျေကော့အား တစ်ချက်မျှ မော့ကြည့်သည်။ အမှန်တော့ ဂျေကော့သည် အသက် ငါးဆယ်တွင်းအရွယ်ရောက်ခါမှ အလုပ်ကို အဆမတန် လုပ်လျက်ရှိသဖြင့် အဆမတန် ပင်ပန်းလျက်ရှိ၏။ တကယ်တော့ သူ့အသက် သူ့အရွယ်သည် အလုပ်ကို ထိုမျှလောက်အထိ မလုပ်ဘဲ နေရတော့မည်ဖြစ်၏။ သို့ပါသော်လည်း။

"ဟုတ်တယ် ဂျိုးဇက်၊ ကျွန်တော် အလုပ်ကို အဆမတန် လုပ်နေမိတာ အမှန်ပဲ၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်တော် မော်တော်တစ်စီး ဝယ်ခဲ့တယ်။ ရာသီဥတု ကောင်းချိန်မှာ အပေါင်းအသင်းတွေနဲ့အတူ အနီးအနားက ကျွန်းတွေဆီ အပန်းဖြေခရီး ထွက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ လုပ်ခဲ့တာပါ" ဂျေကော့သည်

စကားကို မဆက်ဘဲ ပြုံးဖြဲဖြဲလုပ်ကာ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ "ဒါပေမဲ့ ခင်ဗျားပြောတာ သိပ်မှန်တယ်။ ကျွန်တော် မအိပ်တဲ့ အချိန်တွေဆိုရင် ဒီစားပွဲမှာပဲ လာထိုင်နေတာပဲ"

"ဒီဘက်နှစ်တွေမှာ ကယ်လ်နာ အင်စတီကျုနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားမှာ တိုက်ရိုက် ဆက်ဆံမှု ရနေသေးလား။ ရတယ်ဆိုရင် ဘယ်လိုရနေကြသလဲ။ ကျွန်တော် နောက်ဆုံးအခေါက် လာတုန်းကဆိုရင် ခင်ဗျား ပီကင်းကို သွားဖို့ စီစဉ်နေတာ တွေ့ခဲ့ရတယ်။ အဲဒီတုန်းက ရရှိ တည်ဆောက် လာခဲ့တဲ့ သံတမန် ဆက်ဆံရေးဟာ အခုထိ တည်တံ့နေတုန်းပဲလား"

ရှားမင်း၏ မလိုတမာသံကြောင့် ဂျေကော့ ပြုံးနေမိသော်လည်း သူ့မေးခွန်းကိုမူ ချက်ချင်း အဖြေမပေး။ "အင်းပါလေ ကျွန်တော်ရဲ့ နောက်ဆုံးခရီး အကြောင်းကို ညစာ စားကြတဲ့အခါ ပြောပါ့မယ်။ ဒီတစ်ခါ ညစာကိုတော့ ကျွန်တော် ဒကာခံမှာနော်" ဟု ပြောသည်။ "ကျွန်တော် တရုတ်နိုင်ငံကို သွားဖို့ ဗီဆာ နှစ်တိုင်း လျှောက်တယ်၊ တစ်ကြိမ်ပဲ ခွင့်ပြုခဲ့ဖူးတယ်။ အဲဒါလည်းပဲ ခြောက်ဆယ့်လေးခုက ဆိုပါတော့၊ ကျွန်တော့်ကို သွားဖို့ ခွင့်ပြုခဲ့တဲ့ နေရာတွေကလည်း သူတို့ ရွေးချယ်ထားပေးတဲ့ စက်ရုံ အလုပ်ရုံတွေနဲ့ ဘုံရိပ်သာတွေပေါ့၊ ဒါပေမဲ့ ဘယ်သူနဲ့မှ ကျွန်တော်စကား ပြောခွင့် မရခဲ့ဘူးလေ၊ အဲဒီတော့"

ဂျေကော့သည် သူ့စကားကို မဆက်နိုင်၊ ထိုစဉ်ကသူသည် မေ-လင်းနှင့်ရော မေ-လင်း အစ်ကိုနှင့်ပါ အဆက်အသွယ် ရရန် အမျိုးမျိုး အားထုတ်ခဲ့သော်လည်း မရခဲ့သဖြင့် စိတ်ရောကိုယ်ပါ ထိခိုက်ခဲ့ရ၏။ သူသည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ပေးရန်လည်း မေတ္တာရပ်ခံစာများ ရေးသားတင်ပြခဲ့ဖူး၏။ သို့သော်လည်း လျစ်လျူရှုခြင်းကိုသာ ခံခဲ့ရ၏။

ထိုစဉ်က သူသည် ဆယ်ရက်တာမျှ ခွင့်ပြုသော နေရာများသို့ သွားခွင့်ရခဲ့သည်။ သူနှင့်အတူ ပါလာသူမှာ အရေးပါ အရာမရောက်သည့် ကေဒါ ပေါက်စ တစ်ဦးမျှသာဖြစ်၍ ပြောဆို ဆက်ဆံပုံမှာ အရာရှိဆန်လွန်းလှ၏။ မျက်နှာကြောကလည်း တင်းလွန်းလှချေသည်ဖြစ်ရာ ဂျေကော့အဖို့ ထို ကေဒါသည် ဆက်ဆံရ အခက်ခဲဆုံး လူတစ်ယောက် ဖြစ်ခဲ့ရလေသည်။

ပီကင်းသို့ တစ်ခေါက် မရောက်ခင်ကရော ရောက်ပြီး နောက်ပိုင်းမှာရော ဂျေကော့သည် စကားလုံး အသုံးအနှုန်းမှအစ အထူး သတိထား၍ ရေးသားထားသော ပေးစာများအား မေ-လင်း၏ အစ်ကို မာရှယ် လု ချီယာအိုထံ ထည့်ခဲ့၏။ နောက်ထပ် ပီကင်းသို့ အလည် လာရောက်နိုင်ရေးအတွက် ကူညီဖို့ မေတ္တာရပ်ခံသည့် စာများ ဖြစ်၏။ သို့တစေလည်း ထိုစာများနှင့် ပတ်သက်၍ မည်သည့် အကြောင်းပြန်စာမှ ရောက်မလာခဲ့ချေ။

တစ်နှစ် ကုန်၍ တစ်နှစ်ဆန်းလာခဲ့ပြီ ဖြစ်သော်လည်း တရုတ်နိုင်ငံ ပီကင်းမြို့တော်သို့ နောက်တစ်ခေါက် ရောက်ရေးကား ဝေးသည်ထက်သာ ဝေးလာခဲ့ရ၏။ ထို့ကြောင့်လည်း ဟောင်ကောင်ရှိ သူ၏ နေ့စဉ် အလုပ်သည် သတင်းစာ ဂျာနယ် မဂ္ဂဇင်းနှင့် ရေဒီယိုများမှ လာသမျှ သတင်း အားလုံးကို နားထောင်၍ လက်ခံရယူခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်။ ထိုမျှမကသေး. . .။ သူ့ နေ့စဉ် အလုပ်ထဲတွင် မာရှယ် ချီယာအို၏ ဖိုင်တစ်ဖိုင် သီးသန့် ဖွင့်ကာ မာရှယ် ချီယာအိုနှင့် ဆက်စပ် ပတ်သက်သမျှ သတင်း အတိုအထွာများ စုဆောင်းသည့် အလုပ် တစ်ခု ပါရှိလာခဲ့လေသည်။

ထို ဖိုင်ထဲတွင် ချီယာအို၏ ပါတီအစည်းအဝေးများ တက်ခြင်း၊ နှစ်ပတ်လည် အခမ်းအနားများ တက်ရောက်ခြင်း စသည်များကိုသာမက ပါတီနှင့် စစ်တပ်၌ ပါဝင်နေရသည့် သူ၏ အထက်တန်းရာထူး အခန်းကဏ္ဍများကိုပါ သတိထား၍ စုဆောင်းထားခဲ့သည်။ ဖြစ်စဉ်အားလုံးကို ရှေ့နောက်စဉ်၍ ထားခဲ့ခြင်းဖြစ်၍ မာရှယ် ချီယာအိုနှင့် ပတ်သက်လာလျှင် လိုလေသေး မရှိအောင် ပြည့်စုံလျက်ရှိလေ၏။

မည်သို့ပင်ဖြစ်စေ ဂျေကော့သည် ၁၉၅၇-ခုနှစ် ပီကင်းသို့ အလည် တစ်ခေါက် ရောက်ပြီးကတည်းက မေ-လင်းကိုရော ကာအို့ သတင်းများကိုပါ နောက်ထပ် မကြားရတော့ချေ။ သို့သော်လည်း ဂျေကော့၏ အသိဉာဏ်နှင့် လှုံ့လ ဝီရိယတို့သည် ကြီးမားလှသည်ဖြစ်ရာ ထိုသားအမိနှင့် ပတ်သက်သမျှ သတင်းများကိုလည်း အထူး သတိထားပြီး မျက်စိများဖွင့်ကာ နားများကိုပါ စွင့်ထားခဲ့၏။

ယဉ်ကျေးမှု တော်လှန်ရေးဟူသော မဟာ ရေခဲတောင်ကြီး ပြိုကျနေပြီ ဟု သတင်းကြားကတည်းက ဂျေကော့တွင် အလုပ်တစ်ခု ထပ်တိုးလာသည်။ ထို တော်လှန်ရေး၏ လှုပ်ရှားမှုများ၊ အကျိုးဖြစ်ထွန်းမှုများ၊ အကျိုးပျက်ပြားမှုများ၊ လူမှုရေး ပျက်ပြားဆိုးဝါးမှုများ၊ လူ့ အဖွဲ့အစည်း အတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား စသည်များနှင့် ပတ်သက်သော ချို့ယွင်း ပျက်ပြားမှုများ အားလုံးကို သတိထား၍ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဤ လုပ်ငန်းတွင်လည်း သူသည် ထိုတော်လှန်ရေး၏ တိုက်ခိုက်မှုကြောင့် အကျိုး ပျက်ပြားသွားရသူများ၏ စာရင်းကိုပါ မပေါ့သော သတိဖြင့် ပြုစုထားရှိသည်။

"ကျွန်တော်တို့ မိတ်ဆွေတွေဆီက ရထားတဲ့ သတင်းက ခင်ဗျားရဲ့ သမီး အောဘီဂေးလ်ဟာ နောက်ဆုံးမှာ ခင်ဗျားဆီက "တရုတ် အဆက်အသွယ်" ကို ရအောင် ယူသွားပြီတဲ့" ဟု ရှားမင်းက ပြောသည်။ "အခု ခင်ဗျားသမီး ရှန်ဟိုင်း သွားပြီး စာသင်ဆရာမ လုပ်နေပြီဆို"

ဂျေကော့က ခေါင်းညိတ်သည်။ "ဟုတ်တယ်၊ သမီးက အခုထိ ဟိုမှာပဲ။ ကျွန်တော် သူ့ကို ၁၉၅၇-ခုနှစ်တွင်းက ပီကင်း အလည်သွားတော့ ခေါ်သွားမိတယ်။ အဲဒီ တစ်ခေါက် ဒီ ပြန်ရောက်ကတည်းက တရုတ်နိုင်ငံ သွားပြီး အလုပ်လုပ်ဖို့ပဲ ပူဆာနေတော့တာပဲ။ ပြီးတော့ သူ လန်ဒန်ကို ပြန်သွားပြီး ဘာသာစကားသင်တန်းတစ်ခု အချိန်ပြည့် တက်တယ်။ ဘွဲ့လွန်သင်တန်းပေါ့၊ နောက်ဆုံးဘွဲ့လည်းရရော တစ်နှစ်နေတော့ ရှန်ဟိုင်း ရောက်သွားတာပဲ။ ဘာသာစကားသင်ဆရာမ အလုပ်ကို သူ့ဘာသာသူ ရအောင်လုပ်သွားတာ၊ အဲဒီကတည်းက သူ ဒီဘက်ကို ပြန်မကြည့်တော့ဘူး"

"အခုလည်း ယဉ်ကျေးမှု တော်လှန်ရေးကြီး ဖြစ်နေတော့ သူ့အတွက် နေရ ထိုင်ရတာ မခက်ခဲပေဘူးလား"

"ကြည့်ရတာ ခက်ခဲပုံတော့ မပေါ်ဘူး၊ တကယ်လို့ ကြောက်စရာကောင်းလောက်အောင် အခြေအနေ ဆိုးလာရင် ကျွန်တော့်ဆီ သူ စာမရေးဘဲ နေမှာမဟုတ်ပါဘူး။ သမီးစိတ်ကို ကျွန်တော် သိတယ်၊ လွယ်လွယ်နဲ့ အလျှော့ပေးမယ့်မိန်းကလေး မဟုတ်ဘူး။ အခု အင်စတီကျူက သူ့ရဲ့ ဘာသာစကားသင်ကျောင်းသုံး စာအုပ်တစ်အုပ် ထုတ်ပေးခဲ့တယ်။ တရုတ်နိုင်ငံက ပညာသင်စခန်းအများအပြားမှာ သုံးနေကြပြီ။ သူ့ဘဝအတွက် သူနဲ့ ထိုက်တန်တဲ့ နေရာ တစ်ခုရအောင်ကတော့ သူမလုပ်ဘဲ မနေဘူး၊ လုပ်မှာပဲ"

"ဟိုမှာ သူ့ဘဝကို ဘယ်လို ထူထောင်မလဲဆိုတာကျတော့ကော"

ဂျေကော့သည် တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။ ပီကင်းမှ သားအဖနှစ်ယောက် ပြန်ရောက်လာပြီးကတည်းက သူတို့၏ ဆက်ဆံရေး အခြေအနေကို ဘယ်လို ပြောရလျှင် ကောင်းပါမည်နည်း၊ "သမီးက သူ့ဘဝကို သူ့ဘာသာသူပဲ ရပ်တည်ချင်တယ်၊ သူ ကြိုက်တဲ့ဘဝကို သူ့ဘာသာသူပဲ တည်ဆောက်ချင်တယ် ဂျိုးဇက်။ သူ ရှန်ဟိုင်းကို ရောက်သွားကတည်းက သူ့အတွင်းရေးကိစ္စတွေကို လုံးဝ အသိ မပေးတော့ဘူး၊ ကျွန်တော့်ဆီကို စာလည်း သိပ်မရေးတော့ဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်ကတော့ နိုင်ငံခြားဘာသာသင် အင်စတီကျူမှာရှိနေကြတဲ့ တရုတ် ကထိကတွေထဲက တစ်ယောက်နဲ့ အတော်ကလေး ခင်မင်ရင်းနှီးနေတယ်လို့ စာတစ်စောင်ထဲမှာ ထည့်ရေးတယ်"

ဂျေကော့သည် ပခုံးများကို တွန့်လိုက်ပြီး စကားပြောလက်စကို သိမ်းလိုဟန် ပြသည်။ သူသည် အတန်ကြာမျှ တွေဝေလျက်ရှိ၏။ "ဒါပေမဲ့လို့ စာထဲမှာ အဲဒီ ကထိကနဲ့ လက်ထပ်ဖြစ်မယ် မဖြစ်ဘူးဆိုတာ ရေးမထားတော့ သူ့ အိမ်ထောင်ရေး ကိစ္စကို ကျွန်တော်လည်း အတိအကျ မသိဘူး"

သူ့ သမီး အကြောင်း သိပ်ပြီး ဟက်ဟက်ပက်ပက် ပြောချင်ပုံ မရသည့် ဂျေကော့ အဖြစ်ကို သတိ ထားနေမိသော ရှားမင်းသည် သူ့ မှတ်စု စာအုပ်ကလေးကို ထုတ်၍ သူ မှတ်သားထားသည့် မှတ်စုများအား ပြန်ဖတ်နေသည်။ ထို့နောက် ဦးခေါင်းကို ထောင်၍ ဂျေကော့အား ကြည့်ပြီး ရယ်သည်။ "ထွေထွေထူးထူး မှတ်ထားတာတော့ မပါဘူး ဂျိတ်၊ ဒါပေမဲ့ ဒီကို လာရတဲ့ အဓိက ရည်မှန်းချက်ကို ဖုံးထားမိတာတော့ အမှန်ပဲ။ ကျွန်တော် လာတာ တခြား ကိစ္စ မဟုတ်ဘူး။ ထုံးစံအတိုင်းပဲ၊ ခင်ဗျား ဦးနှောက်ကို ဖောက်စားမလို့"

ဂျေကော့က ပြုံးသည်။ "ရပါတယ်လေ၊ ခင်ဗျား ကြိုက်သလောက်သာ ဖောက်စားသွားပါ၊ မိတ်ဆွေစစ်ဆိုတာ ဘာလုပ်ဖို့ ထားတာလဲ"

"ကျွန်တော် စဉ်းစားမိတာ တစ်ချက် ရှိနေတယ်။ အခု သူတို့ လုပ်နေကြတဲ့ ယဉ်ကျေးမှု တော်လှန်ရေးထဲမှာ ပြင်ပကမ္ဘာနဲ့ အငြိအတွယ် ဖြစ်စေမယ့် နိုင်ငံခြားရေးရာ မူဝါဒ အပြောင်းအလဲများ ရှိလာမလားဆိုတာ စဉ်းစားနေမိတဲ့ အချက်ပဲ။ ကျွန်တော် ပထမဆုံး သိချင်နေတာက တရုတ်နိုင်ငံမြေပေါ်မှာ အခု လောလောဆယ် ဘာတွေ ဖြစ်နေသလဲဆိုတာ အတိအကျ အမှန်အကန် သိချင်တယ်။ ကျွန်တော် အမေရိကန် ကောင်စစ်ဝန်ရုံးက တရုတ် စောင့်ကြည့်နေသူတွေနဲ့ စကား ပြောပြီးပြီ။ သူတို့နဲ့ ပြောထားခဲ့တဲ့ စကားတွေ အပေါ်မှာ ခင်ဗျားရဲ့ အမြင်ကို သိချင်လို့ လာတာပဲ"

"ကဲ ပြောစရာရှိတာသာ ပြောပေတော့" ဟု ဂျေကော့က သူ့ကုလားထိုင်တွင် နေရာဝင်ထိုင်လိုက်ရင်း ပြောသည်။

ရှားမင်းသည် သူ့မှတ်စုစာအုပ်ကို ထုတ်၍ ဖတ်သည်။ "အခုလောလောဆယ် တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်တွေ တည်ရှိလာတာနဲ့ ပတ်သက်လို့ ထူးခြားလာနိုင်တဲ့အပိုင်း သုံးပိုင်းရှိနေတယ် ထင်ရင် ခင်ဗျား လက်ခံနိုင်မလား" ဟု ရှားမင်းက စပြောသည်။ "ပထမပိုင်းက မကြာသေးခင်က သီတင်းပတ်တွေအတွင်းမှာ ပီကင်းမြို့တော် အတွင်းကို ဝင်လိုဝင် ထွက်လိုထွက် လုပ်လာနေကြတဲ့ တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်တွေဟာ ဆယ်သန်း ရှိနေတယ်။ သူတို့ ပြောနေကြတာကတော့ "အပျော်တမ်း တပ်ဖွဲ့ဝင်တွေပါတဲ့။ ဒါပေမဲ့ ဒီတပ်ဖွဲ့ဝင်တွေ အနေနဲ့ တစ်နိုင်ငံလုံးမှာ ရှိနေကြတဲ့ ခေတ်ဟောင်းမျိုးဆက် လေးဆက်ဝင်တွေကို ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ချောက်ချားအောင် ခြောက်လှန့်နေကြတယ်။

"ဒုတိယပိုင်းက ပီကင်း မနှစ်မြို့စရာ ကောင်းလောက်အောင် ကြမ်းတမ်းဆိုးဝါးတဲ့ ပြုပြင်ပြောင်းလဲရေးသမားအုပ်စု တက္ကသိုလ် ကျောင်းသားတွေပဲ၊ သူတို့ကို မော်စီ-တုန်းက သူနဲ့ ပြိုင်ဘက်တွေ ဖြစ်နေပြီလို့ ထင်တဲ့ ပါတီ ခေါင်း

ဆောင်တွေကို ဖြုတ်ချရာမှာ အသုံးပြုဖို့ လက်သပ် လေ့ကျင့်ပေးပြီး မွေးထားတာ၊ သူတို့ အန္တရာယ်ကကော ဘယ်အတိုင်းအတာအထိ ကြီးလာမလဲ။

"တတိယအပိုင်းက တခြား မဟုတ်ဘူး။ ပြည်နယ်တွေက ပါတီကေဒါတွေ အနေနဲ့ သူတို့ကိုယ် သူတို့ ကာကွယ်ဖို့ ဖွဲ့စည်း တည်ထောင်ထားကြတဲ့ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်အုပ်စု "ရန်သူ"တွေပဲ၊ သူတို့ ပြဿနာကကော ဘယ်လို ဖြစ်လာမလဲ"

ဂျေကော့က ခေါင်းညိတ်သည်။ "အခု အချက်အားလုံးဟာ ယူဆပုံမှန်တဲ့ လက္ခဏာ ရှိပါတယ်"

"ဒုတိယနဲ့ တတိယအုပ်စုတွေဟာ အခုဆိုရင် တစ်ဖွဲ့နဲ့တစ်ဖွဲ့ နံရံကပ်ပိုစတာတွေ၊ လက်သီးတွေနဲ့ သံတုတ်တွေ အသုံးပြုပြီး ဆော်နေကြပြီ။ တပ်ဖွဲ့ဝင်ဆယ်သန်းက ကိုယ့်ဒေသကိုယ် ပြန်ဖို့ထုတ်ထားတဲ့ အမိန့်တွေကို လုံးဝမနာခံဘူး။ အဲဒီတော့ ပြည်သူ့လွတ်မြောက်ရေးတပ်နဲ့ ရဲတွေဟာ အဆင်သင့်သာ ပြင်ထားကြရတယ်။ ဘာမှလုပ်လို့မရဘူး၊ ပါတီကပေးလာမယ့် အမိန့်ကိုပဲ စောင့်နေကြရတယ်။ ပြည်နယ် ဒေသခံ စစ်တပ်တွေရဲ့ တပ်မှူးတွေကလည်း တပ်နီလုံခြုံရေးတပ်ဖွဲ့တွေကို သူတို့ဘာသာ သူတို့ ဖွဲ့စည်းသွားနိုင်ခွင့် ရှိ မရှိ။ မသိကြဘူး ဒါပေမဲ့ ကျွန်တော့် အထင်တော့ အဲဒီ တပ်မှူးတွေကလည်း ဖွဲ့ကြမှာပဲ၊ တကယ်လို့ ဖွဲ့ကြပြီဆိုရင်တော့ ရှုပ်ထွေးမှု ပြဿနာဟာ လေးဆလောက်အထိ ကြီးထွားလာစရာရှိတယ်"

လူတိုင်းက အဲသလို ဖြစ်လာလိမ့်မယ်လို့ ထင်နေကြပါတယ်" ဟု ဂျေကော့က ပြောသည်။ "အဲဒီတပ်ဖွဲ့ဝင်တွေက မော်ကို ဆန့်ကျင်တဲ့ လူတွေအားလုံးကို ရန်သူတွေလို့ စွပ်စွဲထားကြပါတယ်။ သူတို့ကိုယ်တိုင်ကတော့ မော့်အပေါ် သစ္စာ ခံထားတယ်လို့ အခိုင်အမာ ပြောနေကြပါတယ်။ တရုတ်နိုင်ငံမှာ လူတိုင်းဟာ "တပည့် မော်" ဖြစ်ချင်နေကြတယ်။ ဒါပေမဲ့ အချင်းချင်း တိုက်ချင်နေတဲ့ စိတ်ကျတော့လည်း မွေးထားတုန်းပဲ"

"သိပ်ကောင်းတဲ့ အယူအဆပါပဲ" ဟု ရှားမင်းက ပြောသည်။ "နိုင်ငံရဲ့ စီးပွားရေးက တရုတ် တပ်နီလုံခြုံရေးအဖွဲ့ လက်ထဲ မီးရထားလမ်းတွေ အပ်လိုက်ကတည်းကစပြီး ပျက်တာပဲ။ ဒါပေမဲ့ သူတို့က မော် မျက်နှာသာ ပေးထားတဲ့ လူတွေဆိုတော့ ခက်တယ်။ သမ္မတနဲ့ အတွင်းရေးမှူးကိုလည်း ရာထူးက ချထားတယ်။

"စစ်ပြေး ဒုက္ခသည်တွေဆီက ရလာတဲ့ သတင်းတွေကတော့ အသိပညာရှင် အတတ်ပညာရှင် အများအပြားနဲ့ ပညာရှင် အကျော်အမော် လေးဦးဟာ တပ်နီလုံခြုံရေး တပ်ဖွဲ့တွေရဲ့ စော်ကားမှုကြောင့် သူတို့ကိုယ် သူတို့ သတ်

သေသွားကြပြီလို့ သိရတယ်။ ပါတီ ဗဟိုကော်မတီက အကြမ်းဖက်ခြင်းကို ရှောင်ရှားရမယ်လို့ အမိန့်ထုတ်ထားပေမယ့် အောက်လူတွေက မနာခံကြဘူး။

"အခုလောလောဆယ် ဖြစ်နေတာက သူတို့ရဲ့ ယဉ်ကျေးမှုတော်လှန်ရေး ကြီးဟာ မြေကြီးကို တုန်ခါသွားစေနိုင်လောက်အောင် ပြင်းထန်တယ်လို့ ပြောနေကြပါတယ်။ လူတိုင်း၊ ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ ကလေးသူငယ်တိုင်းမှာ သန့်စင်တဲ့ တော်လှန်ရေးစိတ် မွေးမြူဖို့ အားပေးခြင်းနဲ့ မြေတောင်မြှောက်ပေး ခြင်းတွေ ပြုပေးလိမ့်မယ်လို့လည်း ပြောနေကြတယ်။ နောက်ဆုံး အဲဒီ သန့်စင် သော စိတ်ဟာ တစ်ကမ္ဘာလုံးကိုတောင် ပျံ့သွားလိမ့်မယ်တဲ့"

"သိပ်ကို ကောင်းပါတယ်"

ရှားမင်းက ပြုံးသည်။ "ကျွန်တော် ခင်ဗျားကို နောက်ထပ် ဒုက္ခမပေးချင် တော့ပါဘူး" ဟု ပြောသည်။ "နောက်ဆုံးကျရင်တော့ သရဲတစ္ဆေတွေနဲ့ သဘက် တွေဟာ ဘယ်သူတွေလဲ" ဆိုတာရယ် "အနက်ဂိုဏ်းဝင်တွေဟာ ဘယ်သူတွေ လဲ" ဆိုတာရယ်၊ "အယုတ်တမာ နွားမတွေဆိုတာ ဘယ်သူတွေလဲ" ဆိုတာရယ် အဲဒါအားလုံးအတွက် အဖြေကတော့ ထွက်လာမှာပါ။

ရှားမင်းသည် ထိုင်ရာမှ ထရပ်ကာ သူ့ မှတ်စုစာအုပ်အား ပြန်ဖတ် သည်။ "အားလုံးကို မှတ်ထားပါမယ်၊ ဒီည ညစာမစားခင်မှာပေါ့၊ ခင်ဗျား မန်ဒရင်း ဟိုတယ်ကို ည ရှစ်နာရီလောက် လာစေချင်တယ်။ ကျွန်တော့် **ဂေဇက်** က စရိတ်ကျခံမှာပါ။ ညစာ စားတဲ့အခါကျမှ ပြောစရာရှိတာတွေ ဆက်ပြော ကြတာပေါ့"

ရှားမင်းက ပြုံးကာ သူ့ လက်တစ်ဖက်အား မြှောက်၍ နှုတ်ဆက်သည်။ ပြီးတော့ ရုံးခန်းထဲမှ ထွက်သွားသည်။ ဂျေကော့သည် ရှားမင်းအား နောက်မှ နေ၍ ရပ်ကြည့်ကာ ကျန်ရစ်ခဲ့သည်။ ထို့နောက် သူ့ စာကြည့် မျက်မှန်အား ပြန်တပ်ကာ သူ့ ၎ားပွဲဆီ သွားထိုင်သည်။ သူ့ လုပ်လက်စ အလုပ်များအား ပြန်ကြည့်သည်။ ထိုအတွင်းမှာပင် သူ့ မျက်လုံး အစုံသည် မစ္စတာဝူး ယူလာပြီး တင်ပေးထားသည့် နေ့ခင်းဝေ စာများအပေါ် ရောက်သွားသည်။ စာအိတ် တစ်လုံး ပေါ်၌ ရေးထားသည့် လက်ရေးသည် သူ မြင်ဖူးတွေ့ဖူးနေသော လက် ရေးဖြစ်၏။ စာအိတ်ထိပ်၌ ကပ်ထားသည့် တံဆိပ်ခေါင်းသည် ပြင်သစ် တံဆိပ်ခေါင်းဖြစ်၍ တံဆိပ်ရိုက်ထားသည့် စာတိုက်မှာ ပါရီစာတိုက်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရေးကတော့ မမှားနိုင်၊ အောဘီဂေးလ်၏ လက်ရေး။

ဂျေကော့ခေါင်းထဲသို့ ပထမဆုံးဝင်လာသည့် အတွေးမှာ သူ့သမီးအား ရှန်ဟိုင်းမှ နှင်ထုတ်ခံရပြီဟူသော အတွေးဖြစ်၏။ ရှန်ဟိုင်း၌ နေရသည့် ကာလ များအတွင်း သူ့သမီးသည် သူ့ထံသို့ စာနှစ်စောင် သုံးစောင်မျှသာ ရေးခဲ့သည်

ဖြစ်၍ ထိုစာများသည် ရှန်ဟိုင်းစာတိုက်မှ လာခြင်းဖြစ်သည်။ သို့ဆိုလျှင် ယခု ဤစာသည် ဘာ့ကြောင့် ပြင်သစ်က လာရသနည်း။

တရုတ်နိုင်ငံတွင်း၌ ဖြစ်ပွားနေသော ယဉ်ကျေးမှု တော်လှန်ရေးကြောင့် အဟန့်အတားတွေဖြစ်ကာ ဥရောပဘက်မှ လာသည့် ခရီးသည်တစ်ဦးအား လက်ဆင့်ကမ်းပြီးများ ဤစာကို ထည့်ခိုင်းလိုက်လေသလား။ ဂျေကော့သည် စာအိတ်ကိုကြည့်ကာ အေဘီဂေးလ်အတွက် သောကဖြစ်လာသဖြင့် တွေးမိတွေး ရာများကို တွေးမိနေခြင်းဖြစ်၏။ ထို့နောက် သူသည် စာအိတ်ကို ဖောက်၍ အတွင်းမှ စာကို ထုတ်ယူလိုက်သည်။

ပထမဆုံးစာရွက်၏ ထိပ်၌ ရေးထားသော လိပ်စာမှာ ရှန်ဟိုင်းမြို့ နန်ကင်းလမ်းမှ အခန်း ဖြစ်သဖြင့် ဤစာ ဖြစ်ဖျားခံရာ မူလအစသည် တရုတ် နိုင်ငံပင် ဖြစ်ရမည်မှာ သေချာလျက်ရှိ၏။ သူသည် စာသွားစာလာအား အကြမ်း ဖျင်း ဖတ်ကြည့်လိုက်သည့်အခါ သူ့သမီး၌ ဘေးအန္တရာယ် တစ်စုံတစ်ရာတော့ ဖြင့် မရှိသေးဟု တွက်ဆနိုင်လာသည်။

စာရေးသည့် နေ့စွဲအား ကြည့်လိုက်သည့်အခါ စာ၏ သက်တမ်းမှာ သီတင်း လေးပတ်မျှ ရှိနေပြီဟု သိရ၏။ ရက်စွဲမှာ စက်တင်ဘာလလည်း ဖြစ်သည်။ စာကို **"ချစ်လှစွာသော အဖေ"** ဟူသော စကားလုံးဖြင့် အစပြုထား လေသည်။

သမီးအနေနဲ့ အဖေ့ဆီ စာရေးပြီး သမီးအတွက် စိတ် မပူပါနဲ့လို့ ပြောစရာ မလိုဘူးလို့ ထင်ပါတယ်၊ သမီး သိနားလည်ထားသလောက် ပြောရရင် ယဉ်ကျေးမှု တော်လှန်ရေးက ကိုက်တာထက် ဟောင်တာက ပိုဆိုး နေပါတယ်။ ကျောင်းသားတွေကို ယဉ်ကျေးမှု တော်လှန်ရေးမှာ ပါဝင် ဆင်နွှဲနိုင်ဖို့အတွက် ကျောင်းတွေနဲ့ တက္ကသိုလ်တွေကို ဇွန်လ ကတည်းက စပြီး အခုအချိန်ထိ ပိတ်ထားပေမဲ့ သမီးရဲ့ လစာကိုတော့ နိုင်ငံခြားဘာသာသင် အင်စတီကျုက ထုတ်ပေးနေပါတယ်။ တက္ကသိုလ် အာဏာပိုင်တွေကလည်း နိုင်ငံခြားသား ဆရာ ဆရာမတွေ အနေနဲ့ ကောလိပ် ပြန်ဖွင့်ချိန်အထိ ပေးထားတဲ့ အခန်းတွေမှာ ဆက်နေကြပါ။ ဘာပြဿနာမှ မရှိပါဘူးလို့ ပြောထားပါတယ်။

အဲဒီတော့ သမီးလည်း ပတ်ဝန်းကျင် ဖြစ်စဉ်တွေကို ကြည့်ပြီး အကောင်းဆုံးဖြစ်အောင် အလိုက်သင့်ပဲ နေ နေပါတယ်။ ဘာ့ကြောင့် လည်းဆိုတော့ ပတ်ဝန်းကျင် တစ်ခုလုံးဟာ အရှုပ်အထွေး ဖြစ်နေသလိုပဲ၊ လှုပ်ရှားမှုတွေ အားလုံးဟာ ပြင်းထန်ရုံမကဘူး၊ ရှုပ်ထွေးနေတာပဲ။ နေ့

ရောညပါ လမ်းတွေထဲမှာ ဖြစ်ပျက်နေတာတွေက များလည်းအလွန်များပြီး အမယ်တွေကလည်း စုံနေပါတယ်။ သမီးတော့ မြင်သမျှကြားသမျှအားလုံးကို အလွတ်မပေးဘူး။ နေ့စဉ်မှတ်တမ်းရေးပြီး မှတ်တမ်း တင်နေပါတယ်။

အဖြစ်အပျက်အားလုံး ပြီးဆုံးသွားတဲ့အခါမှာတော့ဖြင့် ပုံနှိပ်ထုတ်ဝေလို့ရနိုင်မယ့် ခေတ်သစ် ရှန်ဟိုင်းရဲ့ ဆူပူထကြွမှုကြီးအကြောင်းစာတစ်အုပ် ရေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ဘာတွေ ဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာက အရေးမကြီးပါဘူး။ "မဟာ ပစ္စည်းမဲ့လူတန်းစား ယဉ်ကျေးမှုတော်လှန်ရေးကြီး" ဟာ အလွန်ထူးခြားတဲ့ ဖြစ်ရပ်တွေနဲ့ သမိုင်းမော်ကွန်းတင်ရမယ့် ဖြစ်စဉ်တစ်ခု ဖြစ်လာမယ့် လက္ခဏာကတော့ ရှိနေပါတယ်။ (အာဏာပိုင်တွေ အနေနဲ့ အဲဒီအချက်နဲ့ ဒီစာထဲမှာပါနေတဲ့ သတင်း အတိုအစတွေအပေါ်မှာ ဘယ်လို သဘောထားမယ်ဆိုတာ မသိရပေမယ့် နောက် တစ်ရက်နှစ်ရက်နေရင် အိမ်ပြန်မယ့်ပြင်သစ် မိတ်ဆွေတစ်ယောက်ကို ဥရောပဘက် စာတိုက်တစ်ခုကနေပြီးထည့်လိုက်ရင် ချောချောမောမောနဲ့ လုံလုံခြုံခြုံ ရောက်မယ်လို့ ထင်လို့သမီး အခုလို စီစဉ်လိုက်ရတာပါ)

သမီးတို့ အင်စတီကျူက တရုတ်ပါမောက္ခတွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတွေ အားလုံး အခုဖြစ်နေတဲ့ ပြဿနာတွေအတွက်သိပ်ပြီး ရှုန်းကန် နေကြရရှာတယ်။ သမီးရဲ့တပည့် ကျောင်းသူ ကျောင်းသားတွေ ဆိုရင်လည်း တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဖြစ်ကုန်ကြပြီ။ဒါပေမဲ့လို့ သူတို့အားလုံးဟာ သမီးအပေါ်မှာ မိတ်ဆွေ အရင်းအချာတစ်ယောက်လို တရင်းတနှီး ဆက်ဆံကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သမီးက နိုင်ငံခြားသူ ပြင်ပက လူတစ်ယောက် မဟုတ်လား။

သူတို့အနေနဲ့ သူတို့ ပတ်ဝန်းကျင်မှာ ဖြစ်နေသမျှ အားလုံးကိုရှင်းပြနိုင်ဖို့ ကြိုးစားကြပါတယ်။ အဲသလိုပြောလို့ သူတို့အားလုံး ဖြစ်ပျက်နေသမျှ အားလုံးပေါ် အပီအပြင် နားလည်နေကြပြီလို့တော့ ပြောလို့မရဘူး။ ပြဿနာတွေကတော့ အရမ်းကို ရှုပ်ထွေးနေတာပဲ။ တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်တွေဆိုတာကလည်း တအားကို စိတ်လှုပ်ရှားနေကြတာပဲ။ တချို့ ထိတ်လန့် ကြောက်ရွံ့နေကြတဲ့လူတွေကို တပ်ဖွဲ့ဝင်တွေကအိမ်တွေထဲက ဆွဲထုတ်ရိုက်နှက်နေကြတာလည်း သမီး မကြာခဏ မြင်နေရတယ်။ တစ်ညနေခင်းမှာဆိုရင် တပ်နီလုံခြုံရေးတပ်ဖွဲ့ဝင် အချင်းချင်း ထိုးကြိတ်ရိုက်နှက်နေကြတာတွေကို သမီးတွေ့ခဲ့ရတယ်။

ကောလိပ်တိုင်း ကျောင်းတိုင်းမှာ ကိုယ်ပိုင် "နွားတင်းကုပ်တွေ" ရှိကြတယ်။ အဲဒီနာမည်က တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ ပေးထားတဲ့ နာမည်ပေါ့။ အမှန်တော့ သူတို့က ရန်သူလို့ သတ်မှတ်သူတွေကို အကျဉ်းချထားတဲ့ အသေးစား အကျဉ်းထောင်ပါပဲ။ အဲဒီ နွားတင်းကုပ်တွေကို အမြဲတံခါးပိတ်ထားပြီး နေ့ရောညပါ တပ်ဖွဲ့ဝင်တွေ စောင့်နေတယ်။ ပြတင်းပေါက်တံခါးတွေကိုတော့ ဆေးမည်းတွေ သုတ်ထားတယ်။

အပြင်ကနေပြီး နားထောင်ရင် အသံတွေ ကြားနေရပေမယ့်၊ အထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာကျတော့ ဘာမှ မမြင်ရလို့ ဘာမှ မသိကြရဘူး။ သမီးရဲ့ အင်စတီကျူက တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တွေကတော့ သူတို့ဟာ "လူ့သဘာဝတွေကို ပြုပြင် ပြောင်းလဲပေးဖို့" နဲ့ "လူတွေအားလုံး သူတို့စိတ်ကို ထိတွေ့နားလည်နိုင်အောင် သင်ကြားပေးဖို့" စတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ သမိုင်းပေး ခေါ်သံကို နာခံရတာလို့ ခံယူနေကြလေရဲ့။ အမှန်တော့ ပါတီ ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်က ဖြစ်စေချင်တဲ့အတိုင်း တွေးတဲ့သဘောပါပဲ။

သမီးအတွက် ထိခိုက်ဒဏ်ရာရခဲ့တာ တစ်ခုကတော့ တခြားမဟုတ်ဘူး၊ သမီးရဲ့ မိတ်ဆွေ တရုတ်အမျိုးသားတစ်ယောက်နဲ့ မိတ်ဆွေဘဝက ပျက်ပြားသွားခဲ့ရတဲ့ ကိစ္စပဲ၊ သူ့အကြောင်းကို အလျင်က သမီးရေးခဲ့တဲ့ စာထဲမှာ ထည့်ပြီး ရေးခဲ့ဖူးတယ်လို့ ထင်တာပဲ၊ သမီးတို့ရဲ့ နှစ်နှစ်ကာလ ဆက်ဆံရေးဟာ ဖြုန်းခနဲ ရပ်ပြီး အဆုံးသတ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဩဂုတ်လ အလယ်လောက်မှာ ယဉ်ကျေးမှု တော်လှန်ရေး လှုံ့ဆော်ရေး တာဝန်ပေးချက်အရ တစ်နေရာကို သွားရပါတယ်။

သူ မသွားခင်မှာ သူက သမီးကို ပြောခဲ့ပါတယ်။ သူ့သမီးနဲ့ နောက်ထပ်တွေ့နိုင်ဖို့ မဖြစ်နိုင်တော့ဘူးတဲ့။ ဒါပေမဲ့လို့ နောက်ကြောင်းပြန်ကြည့်လိုက်တဲ့အခါမှာတော့ သမီးဘက်က သိပ်ပြီး ဝမ်းနည်းစရာအကြောင်းတော့ မရှိပါဘူး။ အမှန်တော့ ဒီကိစ္စက ဖြစ်လာနိုင်တဲ့ အခြေမရှိပါဘူး၊ အဲဒီ ဖြစ်ရပ်အတွက် အစားထိုးပြီး ဖြေသိမ့်စရာလေးတွေကတော့ ပေါ်လာခဲ့ပါတယ်။ အဲဒီထဲက တစ်ခုကတော့ အဖေ့အတွက် စိတ်ဝင်စားစရာ တစ်ခု ဖြစ်လာဖို့ ရှိပါတယ်။

အဖေနဲ့သမီးတို့ ပေ-တ တက္ကသိုလ်ရဲ့ ငြိမ်းချမ်းရေး အစည်းအဝေး နောက်ဆုံးနေ့က တက်တော့ မိန့်ခွန်း ပြောသွားတဲ့ လူငယ်ကျောင်းသား ခေါင်းဆောင်လေးကို မှတ်မိသလား၊ သမီးနဲ့ တစ်ညမှာ

ပြည်သူ့ပန်းခြံထဲမှာ အမှတ်မထင် ဆုံမိကြတယ်။ သူ့နာမည်က ချင်ကာအိုလေ၊ အခု ဆိုရင် သူက ပီကင်းမှာ ပါတီက အရေးပါ အရာရောက်တဲ့ အလုပ်တစ်ခု လုပ်နေတယ်။

သမီးသူ့ကို တပ်နီလုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပဋိပက္ခတစ်ခု ဖြစ်နေတုန်းမှာ မြင်ခဲ့တာ၊ သူက လော်ရီကားတစ်စီးပေါ်ကနေပြီး အသံချဲ့စက်နဲ့ အမိန့်ပေးပြီး တားနေတယ်။ အဲဒီတုန်းမှာ သမီး သူ့ကိုမြင်တာ၊ သမီးသူ့ဆီသွားပြီး နှုတ်ဆက်ခဲ့တယ်လေ။ နောက် ရက်အနည်းငယ်အတွင်းမှာပဲ သူဟာ သမီးတို့ အင်စတီကျူက တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တွေဆီလာပြီး မိန့်ခွန်းပြောတယ်။

သမီးကသူ့ကို သမီးအခန်းမှာ ညစာ ကျွေးလိုက်တယ်။ သူကြည့်ရတာ ဖြစ်ချင်သလို ဖြစ်နေတဲ့ ကမောက်ကမ ပတ်ဝန်းကျင်က ခဏတစ်ဖြုတ် ကင်းဝေးနေရတဲ့အတွက် စိတ်ချမ်းသာနေသလိုပဲ၊ အဲဒီအချိန်ကစပြီး သမီးတို့ဟာ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်လာခဲ့ရတယ်။ သူ သမီးဆီကို နောက်ထပ် တစ်ခါနှစ်ခါ လာလည်သေးတယ်။ ပီကင်းက ဆင်းလာတိုင်း လာလည်တာ။ သူနဲ့တွေ့ပြီး စကားပြောရ ဆိုရတာ စိတ်ချမ်းသာစရာ အတော်ကောင်းပါတယ်။

ဂျေကော့သည် စာကို ဆက်မဖတ်ဘဲ ရပ်ထားလိုက်ပြီး မျက်လုံးများကို စုံမှိတ်ထားလိုက်၏။ သူ ဖတ်ခဲ့ရသည့် စာကြောင်းများသည် သူ့ခေါင်းထဲ၌ ပေါ်လာလိုက် ပျောက်သွားလိုက်၊ သူ့စိတ်မျက်စိအာရုံတွင် ကာအိုနှင့် အေဘီဂေးလ်တို့ စုံတွဲသည် ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ တစ်ဦးတည်းသော လူတစ်ယောက်မှ မွေးဖွားခဲ့သည့် သမီးနှင့်သား။ သူသည် သမီး၏ စာကို ကိုင်ကာ သူ့ ကုလားထိုင်တွင် မလှုပ်မယှက် ထိုင်လျက်ရှိ၏။ ထို့နောက် စာကို ဆက်ဖတ်သည်။

"လွန်ခဲ့တဲ့ ငါးနှစ်တာ ကာလအတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ယှဉ်လိုက်ရင် ယဉ်ကျေးမှု တော်လှန်ရေးဟာ အများကြီး ခြားနားနေတယ်လို့ သမီး စိတ်မှာထင်မိတယ်" ဟူသော အရေးအသားဖြင့် ပြန်စထားသည့် အေဘီဂေးလ်၏ စာသည် သူ့အတွက် စိတ်ဝင်စားစရာတစ်မျိုး ဖြစ်လာခဲ့ရပြန်လေသည်။

အလျင်က အခုလို နိုင်ငံရေးလှုပ်ရှားမှုမျိုး မဖြစ်ခဲ့ဖူးဘူး။ အခုလို လွတ်လွတ်လပ်လပ်နဲ့ အချုပ်အချယ် မရှိ လွှတ်ပေးထားတဲ့ နိုင်ငံရေး

လှုပ်ရှားမှုမျိုးကိုလည်း ဘယ်သူမှ မမြင်ခဲ့ရဖူးဘူး။ သမီးတော့ဖြင့် နေ့စဉ် နာရီပေါင်းများစွာ အချိန်ကုန်ခံပြီး နံရံကပ် ပိုစတာတွေကို လိုက်ဖတ် နေတယ်။ ပိုစတာတွေက မြို့တော်ရဲ့ အလယ်၊ လူစည်ကားရာ နေရာ ဌာနတွေမှာ ကပ်ထားတာ။

သူတို့ သုံးထားတဲ့ စကားလုံးတွေကလည်း တုန်လှုပ်စရာတွေပါ။ ခွပ်စွဲချက်တွေဆိုတာကလည်း ရှိုင်းစိုင်း ကြမ်းတမ်းလွန်းလှပါတယ်။ ဖတ်လေဆိုးလေဆိုတဲ့ စကား အသုံးအနှုန်းတွေပါ၊ တစ်ခါတလေ လူ အများကြားမှာ မင်းမဲ့စရိုက် ပေါ်လာတတ်တယ်ဆိုတာ မှန်သလိုပဲ၊ ပိုစတာ အသစ် အသစ်တွေကလည်း အမြဲတစေ တိုးလာနေတယ်။ ပိုစတာရေးပွဲ အပြိုင်အဆိုင်လုပ်နေကြတဲ့ စစ်ပွဲတစ်ပွဲ ဖြစ်နေသလိုပါပဲ။

ထောင်ပေါင်းများစွာသော အရာရှိတွေနဲ့ ထင်ရှားပြီး လူသိများ တဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ သူတို့ရဲ့ ဝေဖန်တိုက်ခိုက်မှုတွေကို အပြင်း အထန် ခံနေကြရတယ်။ တဖြည်းဖြည်းနဲ့ ဒီပွဲဟာ သားကောင်ရှာပြီး တိုက်ခိုက်နေတဲ့ ပွဲကြီးပွဲကောင်းကြီးတစ်ခု ဖြစ်လာနေသလိုပဲ။ ဒီနေရာ မှာ သမီးအတွက် အံ့ဩစရာ အဖြစ်တစ်ခုနဲ့ ကြုံခဲ့ရတယ်။

လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်လောက်ကပေါ့ သမီးရဲ့ မှတ်ဉာဏ်ထဲ က ပျောက်ကွယ်သွားပြီဖြစ်တဲ့ နာမည် တစ်လုံးနဲ့ တွေ့ခဲ့ရတယ်။ တကယ်တော့ အဲဒီနာမည်ကို သမီး မေ့နေတာ ကြာခဲ့ပြီ။ အဲဒီတုန်းက သမီးဟာ ရှီးရာ တေးဂီတပညာသင်ကျောင်းရဲ့ အပြင်ဘက်မှာရပ်ပြီး ကျောင်းရှေ့ မျက်နှာစာ နံရံပေါ်က ပိုစတာတွေကို ဖတ်နေတုန်းပေါ့။ ပိုစတာတွေကလည်း အသစ်တွေဆိုတော့ ဖတ်ရတာ စိတ်ဝင်စားစရာ ပါ။

ကျောင်းထဲက ဆရာ-ဆရာမ အများစုဟာ "ဘူဇွာနိုင်ငံခြားသား တေးဂီတပညာရှင်တွေ" အပေါ် စွဲလမ်းရမလားဆိုတဲ့ စွဲချက်တွေနဲ့ ဝေဖန်တိုက်ခိုက်ထားတာတွေကို သမီး တွေ့ရတယ်၊ အထူးသဖြင့်တော့ ဘားနှင့် ဘင်သိုဗင်တို့လို အကျော်အမော် ဂီတပညာရှင်ကြီးတွေပေါ့၊ အဲဒီ အထဲမှာ လု မေ-လင်းလို့ ခေါ်တဲ့ ဝန္နရား ဆရာမ တစ်ယောက်ရဲ့ နာမည်ကို သမီး သတိထားခဲ့မိတယ်။ သူ့ နာမည်ကို တွေ့လိုက်တော့ သမီး ချက်ချင်း မှတ်မိလာတယ်။ သမီး ဟောင်ကောင်ကို ပထမဆုံး ရောက်လာစဉ်က အဖေ သမီးကို ပြခဲ့တဲ့ ဖိုင်လေ။ သမီး စုံစမ်း ကြည့် လိုက်တော့ လု မေ-လင်းဟာ စာရေးဆရာမ တစ်ယောက်ပည်း ဖြစ်ခဲ့ဖူးတယ် မဟုတ်လား။

သမီး သူ့လိပ်စာကို ရှာတွေ့လို့ သူ့ဆီ အလည်သွားခဲ့တယ်။ သူ့အိမ်မှာ လူမရှိဘူး အဲဒီရပ်ကွက်ထဲက တခြားအိမ်တွေလိုပဲ တံခါးတွေ ပိတ်ထားတယ်။ သိသာနေတာက တခြား မဟုတ်ဘူး၊ သူ့အိမ်ဟာ မျိုးဆက်ဟောင်း လေးဟောင်း ရှင်းလင်းသုတ်သင်ရေး အဖွဲ့ရဲ့ ဝင်ရောက်တိုက်ခိုက်မှုကို ခံထားရပြီဆိုတာ သိသာတယ်။ တံခါးတွေကိုလည်း တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ တံဆိပ်တွေနဲ့ ချိပ်ပိတ်ခံထားရတယ်။

သမီး သူနဲ့ တွေ့ချင်လွန်းလို့ အကြိမ်ပေါင်းများစွာ သူ့အိမ်ကို ရောက်ခဲ့ပါရဲ့၊ ဒါပေမဲ့ တံခါးတွေ ပိတ်ထားတယ်။ ချိပ်တွေလည်း မခွာသေးဘူး။ ကြည့်ရတာ သူ မရှိတာ အခိုက်အတန့်ပဲ ဖြစ်မယ် ထင်တယ်။ အခုလို အတိုက်ခိုက် ခံရတဲ့ လူတွေဟာ မကြာခင် အိမ်ပြန်နေခွင့် ရတတ်တယ်။ အဖေ့ အနေနဲ့ လု မေ-လင်း အကြောင်း သမီးကို များများစားစား မပြောခဲ့လို့လား မသိဘူး။ သမီး သူ့ကို မတွေ့ရရင် မနေဘူးလို့ ဆုံးဖြတ်ထားတယ်။ သမီး ကိုယ်တိုင် သူနဲ့ စကားပြောခွင့် မရလို့ မဖြစ်ဘူးလို့လည်း တွက်ထားတယ်။

အမှန်ကတော့ ဒီစာကို ရေးဖြစ်ခဲ့တာဟာ အဲဒီသတင်းကို ပြောချင်လို့ပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ ဒီစာကို ဖတ်ရရင်တော့ သမီးအတွက် အဖေ စိတ်အေးသွားမှာပါ။ ဒီမှာ ဖြစ်နေတဲ့နိုင်ငံရေး ထကြွမှုကြီးဟာ အဖေ့ ကယ်လ်နာ အင်စတီကျူကို အပူတွေ လွှမ်းကဲနေအောင် မလုပ်ပါစေနဲ့လို့ ဆုတောင်းပါတယ်။ တကယ်လို့ မငြိမ်သက်မှုကြီးတွေ ဆက်ဖြစ်နေရင်တော့ ဥရောပဘက်နဲ့ တခြားသင့်တော်ရာ နေရာကနေပြီး အခါအခွင့်သင့်တိုင်း အဖေ့ဆီ စာရေးပါမယ်။

အဖေ့ရဲ့ ယဉ်ကျေးမှုတော်လှန်ရေး
သမီးပျို
အောဘီဂေးလ်

စာကို စ၍ဖတ်စဉ်ကတည်းက သောကဖြစ်ခဲ့ရသော ဂျေကော့သည် မေ-လင်း၏ အဖြစ်ကို ဖတ်လိုက်ရသည့်အခါ ပူပင်ကြောင့်ကြမှု အသစ်တစ်ခု ဝင်လာရပြန်၏။ သူသည် သူ့သမီး၏ စာအား အကြိမ်ပေါင်းများစွာ ပြန်ဖတ်သည်။ ဖတ်မိသည့်အခါတိုင်းလည်း သံသယစိတ်သည် ဝင်လာဆဲ။ “ရင်းနှီးသော မိတ်ဆွေ” ဟူသော အသုံးအနှုန်းသည် မည်သည့်အတိုင်းအတာထိ ဦးတည်ထား

လေသနည်း။ ဤ အသုံးအနှုန်းနှင့် ပတ်သက်၍ သူ့သမီးအား ကြိုကြိုတင်တင် သတိပေးရလျှင် ကောင်းလေမလား။ ထိုအခိုက်မှာပင် ရုံးခန်းတံခါးဝဆီမှ ခြေသံကြားသဖြင့် လှမ်းကြည့်သည်။ တံခါးဝမှ ရပ်၍ ကြည့်နေသူမှာ မစ္စတာဝူးဖြစ်သည်။

"အားလုံး အဆင်ပြေရဲ့လား မစ္စတာ ကယ်လ်နာ" ဟု အထက်တန်း ဘာသာပြန်အရာရှိက လှမ်းမေးသည်။ "သတင်းဆိုးများ ပါသေးသလား"

ဂျေကော့က ချက်ချင်း နားလည်လိုက်သည်။ သူ့ ရင်ထဲမှ သောကနှင့် အပူ များသည် သူ့ မျက်နှာတွင် ထင်ဟပ်နေသည်မှာ ထင်ရှားလျက်ရှိ၏။ "ကျွန်တော်နှင့် အလွန် ရင်းနှီးခင်မင်တဲ့ ပုဂ္ဂိုလ် တစ်ယောက် ရှန်ဟိုင်းမှာ ရန်အပြုခံနေရတယ်"

"ဟောင်ကောင်မှာ နေကြတဲ့ တရုတ် မိသားစုတိုင်း ပြည်မကြီးမှာ ကျန်ရစ်ခဲ့တဲ့ သူတို့ ဆွေမျိုးသားချင်းတွေအတွက် အပူကြီး နေကြရတာပဲ။ ကျွန်တော်တို့ အတွက်ကတော့ အဲဒီ ဒုက္ခဟာ မသေးလှပါဘူး"

ဂျေကော့သည် ဘာစကားမှ ထပ်မပြောဘဲ ရုံးခန်းပြတင်းပေါက်မှနေ၍ အပြင်သို့ မျှော်ငေးနေသည်။ သူသည် တစ်စုံတစ်ရာကို ဆင်ခြင်စဉ်းစားနေဟန် ရှိ၏။ ထို့နောက် မစ္စတာ ဝူး ဘက်သို့ လှည့်၍မေးသည်။ "ခင်ဗျား ကျွန်တော့်ကို တစ်ခါတုန်းက ပြောဖူးတယ်။ ခင်ဗျား သမီးတွေထဲက တစ်ယောက်ဟာ ဟောင်ကောင် သင်္ဘောကုမ္ပဏီကြီး တစ်ခုက သားတစ်ယောက်နဲ့ လက်ထပ်သွားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် ပြောခဲ့ဖူးပါတယ်"

"ဒါဆိုရင်တော့ ကျွန်တော် ခင်ဗျားဆီက အကူအညီ လိုလိမ့်မယ်"ဟု ဂျေကော့က ပြောသည်။ "ကျွန်တော် ရှန်ဟိုင်းကို ချက်ချင်း သွားချင်တယ်။ သင်္ဘောကုမ္ပဏီပိုင်ရှင်ရဲ့ ဆွေမျိုးသားချင်း တစ်ယောက်အနေနဲ့ လိုက်ချင်တာ။ ဖြစ်နိုင်ရင် ကုန်တင်သင်္ဘော ဝန်ထမ်း တစ်ယောက် အနေနဲ့ပေါ့။ သင်္ဘောရဲ့ ပထမ အရာရှိ သို့မဟုတ် လက်ထောက် အင်ဂျင်နီယာ အဖြစ်နဲ့ လိုက်ရရင် ပိုကောင်းတယ်။ ယူနီဖောင်းကိုလည်း ခင်ဗျား ကိုယ်တိုင် စီစဉ်ပေးမှဖြစ်မှာ။ ကျွန်တော်ကတော့ ဒီည သို့မဟုတ် မနက်ဖြန် ထွက်ချင်တာ။ ခင်ဗျား ကူညီမယ် မဟုတ်လား"

"ကူညီနိုင်မလားဆိုတာတော့ ကျွန်တော် အတိအကျ မပြောနိုင်ဘူး မစ္စတာ ကယ်လ်နာ" တရုတ်ကြီးသည် ဂျေကော့ မျက်နှာအား အလန့်တကြား မော့ကြည့်နေသည်။ "ဒီအလုပ်ဟာ မှန်ကန်တဲ့ အလုပ် တစ်ခု ဟုတ်ပါရဲ့လား ခင်ဗျာ"

"သိပ်တော့ မမှန်ဘူး" ဟု ဂျေကော့က ဖြေသည်။ "ဒီကိစ္စကို ကျွန်ဝန်ထမ်းတွေ မသိပါစေနဲ့၊ ဒီကိစ္စမျိုး နောက်ထပ် ခင်ဗျားကို လုံးဝ မခိုင်းတော့ပါဘူး။ အခု လောလောဆယ်ကတော့ သိပ်ကို အရေးကြီးနေလို့ပါ"

ဝူး၏ မျက်နှာတွင် သောကရိပ်များ ထင်ဟပ်လာသည်။ "ကျွန်တော်ကြိုးစားကြည့်ပါမယ် မစ္စတာကယ်လ်နာ၊ မစ္စတာကယ်လ်နာအနေနဲ့ မသွားရင် မဖြစ်ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ ဆိုရင်ပေါ့"

"ဆုံးဖြတ်ထားပြီးပြီ" ဟု ဂျေကော့က ပြောသည်။ "ကျေးဇူးပြုပြီး ခင်ဗျားရဲ့ ဆွေမျိုးတွေနဲ့ တိုင်ပင်ပြီး စီစဉ်ပေးစေချင်တယ်"

* * *

၆

ပြည်သူ့လုံခြုံရေး ဗျူရိုမှ အနက်ရောင်ဂျစ်ကား တစ်စီးသည် မှောင်မည်းနေသော ရှန်ဟိုင်းမြို့၏ လမ်းများကိုဖြတ်၍ ပြေးသွားလျက်ရှိသည်။ မညီမညာသော လမ်းများဖြစ်၍ ဂျစ်ကားသည် ခုန်ပေါက်လျက်ရှိသည်။ ကားနောက်ခန်းထဲ၌ ထိုင်လျက်ရှိသော လု မေ-လင်းသည် လမ်းဘေး ဝဲယာရှိ ပလက်ဖောင်းများပေါ်၌ သုတ်ဆေးများ၊ စုတ်တံများနှင့် ဆေးဘူးများကိုင်၍ ဆူဆူညံညံ လှုပ်လှုပ်ရှားရှား လုပ်နေကြသော တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များအား လှမ်းမျှော်၍ ကြည့်နေသည်။ သူတို့၏ အပေါ်ဘက်ရှိ နာရီစင်မှ လက်တံသည် နံနက် နှစ်နာရီခွဲကို ညွှန်ပြနေ၏။

တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကြွေးကြော်သံများကို စည်းလွတ်ဝါးလွတ် အော်ဟစ်လျက်ရှိကြ၏။ သူတို့သည် လမ်းဘေးရှိ ရုံးနံရံများနှင့် အများပြည်သူသုံး အဆောက်အအုံများ၏ နံရံများပေါ်၌ ကြွေးကြော်သံ စာတန်းများကို အနက်ရောင် ဆေးများဖြင့် အပီအပြင် ရေးလျက်ရှိကြ၏။ အမြင့် လေးပေခန့်ရှိသော နံရံပေါ်တွင် "ရှန်ဟိုင်းမြို့တော်ဝန်ကို ငါတို့ မီးရှို့သတ်ကြမယ်" "ရှန်ဟိုင်းဂိုဏ်းနက်ကို သုတ်သင်ကြ" "အလုပ်သမားတွေနဲ့ တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်တွေ မြူနီစီပယ် ရုံးချုပ်ကို တိုက်ခိုက်ကြ" ဟူသော ကြွေးကြော်သံများကို မြင်နေရ၏။

မေ-လင်း၏ လက်ကောက်ဝတ်များအား လက်ထိတ်ခတ်ထား၍ သူမသည် လက်နှစ်ဖက်လုံးကို ရှေ့သို့ချထား၏။ သူမ၏ ဘေးတစ်ဖက်တစ်ချက်တွင် အစိမ်းရောင် ကျူးနစ်အကျႌနှင့် အပြာရောင် ဘောင်းဘီများ ဝတ်ထားသော လုံခြုံရေး အရာရှိ ရဲနှစ်ဦး ညှပ်၍ ထိုင်နေကြသည်။ သူတို့သည် ကက်ဦးထုပ် အပျော့စားများ ဆောင်းထားကြသည်။ ဦးထုပ်၏ ထိပ်ဘက်တွင် အနီရောင်လုံခြုံရေး တံဆိပ်များ တပ်ဆင်ထားကြ၍ နှစ်ဦးစလုံးသည် ရန်လိုသော မျက်နှာထားများဖြင့် တင်းမာခက်ထန်လျက် ရှိကြသည်။ လွန်ခဲ့သော မိနစ်အနည်းငယ်ခန့်က

၎င်း ရဲနှစ်ယောက်သည် ဂီတပညာသင်ကျောင်းအတွင်းသို့ အသံမပေး ဘာမပေး နှင့် ဝင်ရောက် လာကြပြီး ဖျာတစ်ချပ်ပေါ်၌ လဲလျောင်းနေကြသော ဆရာမ တစ်ဒါဇင်ခန့်ထဲမှ မေ-လင်းအား ဆွဲထုတ်ကာ ဖမ်းဆီး ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။ ၎င်း အုပ်စုမှာ လွန်ခဲ့သော လအနည်းငယ်ခန့်ကတည်းက တပ်နီ လုံခြုံရေး တပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီးကာ "နွားတင်းကုပ်" အတွင်း၌ ချုပ်နှောင်ထားခဲ့ ခြင်းဖြစ်လေသည်။

နွားတင်းကုပ်အတွင်း၌ နေကြရစဉ်က သူတို့သည် သူတို့၏ "ဘူဇွာ လူတန်းစား နောက်ခံဘဝ အကြောင်းများ" ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ခိုင်းသည့် အတိုင်း ရေးပေးနေကြရသည်။ နေ့စဉ်နေ့တိုင်း တပ်ဖွဲ့ဝင်များက စေခိုင်းသည့် အလုပ်ကြမ်းများကို မလုပ်ဘဲ မနေရ။ ကြမ်းတိုက်ရခြင်းနှင့် အိမ်သာဆေးကြော ရခြင်း စသည့် အလုပ်များမှ အစ အောက်တန်း အကျဆုံးနှင့် အနိမ့်ဆုံး အလုပ် များ အထိ လုပ်ကြရခြင်း ဖြစ်လေသည်။

ထိုအလုပ်များ လုပ်ရ၍ ဆရာ၊ ဆရာမများသည် ပင်ပန်း နွမ်းနယ်ကြ သော်လည်း စိတ်ဓာတ် အနေဖြင့်မူကား မကျကြပေ။ အထူးသဖြင့် မေ-လင်း သည် တပ်နီ တပ်ဖွဲ့ဝင်များ၏ နှိပ်စက် ညှဉ်းပန်းမှုများအား အခြေ မပျက်ဘဲ ကြံ့ကြံ့ခံလျက် ရှိ၏။ ထိုညကလည်း ညသန်းခေါင်ကျခါမှ တပ်နီ တပ်ဖွဲ့ဝင် များက နှိုး၍ သူတို့ ခိုင်းချင်သည်များကို ခိုင်းခဲ့၏။ သူတို့ ခိုင်းသမျှ ထဲတွင် မိမိကိုယ်မိမိ ဝေဖန်ရေး စသော အလုပ် သာမက အလုပ်ကြမ်းများပါ ပါသည်။ ထိုစဉ်က မေ-လင်းသည် အလုပ်သာ လုပ်နေရသော်လည်း အိပ်ချင်လွန်းသဖြင့် မျက်လုံးများကိုပင် မဖွင့်နိုင်၊ ရဲနှစ်ယောက် ရောက်လာပြီး သူမ၏ လက်နှစ်ဖက် အား လက်ထိတ်ခတ်ခါမှ အပီအပြင် လန့်နိုးလာခဲ့ခြင်း ဖြစ်သည်။

ယဉ်ကျေးမှု တော်လှန်ရေး စတင်သည့် နေ့ရက်များအတွင်းက မေ-လင်း သည် အနက်ရောင်ကားများ လမ်းများပေါ်၌ ဥဒဟိုသွားလာလှုပ်ရှားနေသည် များကို မြင်ခဲ့ရ၏။ အများအားဖြင့် ထိုကားများသည် လက်ထိတ်များခတ်ထား သည့် လူများအား ဖမ်းဆီးခေါ်ဆောင်ပြီး အကျဉ်းထောင်သို့ ပို့နေခြင်းဖြစ်သည် ကို မေ-လင်း ကောင်းစွာ နားလည်ထားခဲ့ရလေသည်။

ဂျစ်ကားသည် ဆူပူလှုပ်ရှားနေကြသော တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်များ လွှမ်းမိုး ကြီးစိုးရာ မြို့လယ်အတိုင်း ပြေးသွားလျက်ရှိ၏။ မေ-လင်းသည် လမ်းဘေး ဝဲယာရှိ ကြွေးကြော်သံများအား အလွတ်မပေးဘဲ ဖတ်လာခဲ့သည်။ ဘမ်းလမ်းဘက်သို့ ကားရောက်သွားသည့်အခါ "အလုပ်သမားတွေ စည်းလုံးကြ၊ မြို့တော် အုပ်ချုပ်ရေး အဖွဲ့မှ ပါတီ အာဏာပိုင်များအား စစ်ကြောညာကြ" ဟူသော ပိုစတာကြီးအား ဖတ်ရ၏။ အခုအတိုင်းဆိုပါက ယဉ်ကျေးမှု တော်လှန်

ရေးဟူသော လှုပ်ရှားမှုသည် တစ်မျိုးသားလုံး၏ လူငယ်များကြား၌ ပို ပို၍ ကြီးမား ကျယ်ပြန့် လာနေသည်ကို မေ-လင်း သတိထားမိလာသည်။

မည်သို့ပင်ဖြစ်စေ၊ မိမိအား အခုလိုလာ၍ ဖမ်းစေနိုင်လောက်သည့် အကြောင်းရင်းကိုကား ထိုကြွေးကြော်သံများထဲ၌ ရှာမတွေ့ချေ။ သူမသည် ဂျစ်ကားပြတင်းပေါက်မှနေ၍ မြစ်ကမ်းပါးလမ်းဘေးဆီသို့ ငေးမော၍သာ လိုက်ပါလာလျက်ရှိ၏။ နောက်ဆုံး ဂျစ်ကား ရပ်လိုက်သည့် အခါမှပင် သူသည် ပတ်ဝန်းကျင်အား သတိထားမိလာသည်။ ဂျစ်ကား ရောက်လာသည့် အဆောက်အအုံမှာ ရှန်ဟိုင်းမြို့တော် စစ်တပ် ကြီးကြပ်ရေး ကော်မရှင် ဌာနချုပ်ရုံး ဖြစ်လေသည်။

ပြည့်သူ့လွတ်မြောက်ရေး တပ်မှ လက်နက်ကိုင် အစောင့် စစ်သားနှစ်ဦးသည် အဆောက်အအုံ အဝင်ဝမှရပ်၍ စောင့်နေကြသည်။ မေ-လင်းအား ခေါ်ဆောင်လာသည့် ရဲအစောင့်များသည် အစောင့် စစ်သားများနှင့် စကားပြောဆိုအပြီးတွင် မေ-လင်းအား အတွင်း ရုံးခန်းတွင်းသို့ ခေါ်သွားသည်။ အထဲရောက်သည့်အခါ လှေကားတစ်ခုမှနေ၍ အပေါ်ထပ်သို့ တက်ခဲ့ရသည်။ ထို့နောက် မေ-လင်းသည် ပြတင်းပေါက် လုံးဝ မရှိသည့် အခန်းထဲသို့ ရောက်သွားခဲ့လေ၏။

အခန်းထဲ ရောက်သည်နှင့်တစ်ပြိုင်နက် သူမ၏ နောက်မှ တံခါးသည် ပိတ်သွားပြီး သော့ခတ်သံကိုပင် ကြားလိုက်ရသည်။ အခန်းနံရံအား ဆေးစိမ်းများ သုတ်ထားပြီး နံရံအောက်ပိုင်းများသည် အစိမ်းပုပ်ရောင်ဖြင့် တောက်ပနေသည်။ မေ-လင်းသည် အခန်းအလယ်၌ရပ်ကာ အသံဗလံများအား နားစွင့်နေသည်။ လက်ကောက်ဝတ်များသည် လက်ထိတ်များကြောင့် နာကျင်စပြုနေပြီ။ သူမသည် ကုလားထိုင် တစ်လုံး၌ ဝင်ထိုင်သည်။

ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့် အကြာတွင် အခန်းတံခါးဖွင့်သံ ကြားရ၏။ ဝင်လာသူကား သူမ၏သား ကာအို ဖြစ်၏။ ကာအိုသည် ခြေသံများ မကြားရအောင် ခပ်ဖွဖွ နင်းကာ ဝင်လာခြင်းဖြစ်၍ မေ-လင်းအတွက် အံ့အားသင့်စရာတစ်ခု ဖြစ်နေသည်။ ကာအိုသည် တစ်ယောက်တည်း ဝင်လာခြင်းဖြစ်၍ တံခါးကို သော့ပိတ်အပြီးတွင် သူသည် မေ-လင်းဘေး၌ လာထိုင်ပြီး ခတ်ထားသည့် လက်ထိတ်ကို ဖြုတ်ပေးသည်။

"မင်း ရှန်ဟိုင်းရောက်နေတာ အမေ မသိဘူး၊ ကာအို" ဟု မေ-လင်းက ပြောသည်။ "မင်း ဘာဖြူလို့ ဒီရောက်နေတာလဲ၊ အခု မင်းဝတ်စားထားတာတွေကရော ဘာဖြစ်လို့လဲ"

"သား ပီကင်းကနေပြီး မကြာခဏ လာလေ့ရှိပါတယ် အမေ။ အထူးတာဝန်နဲ့ လာတာ များပါတယ်" ဟု ကာအိုက ပြောသည်။ သူသည် ထိုင်ရာမှ

ထရပ်ကာ သူ့အမေ လက်ကောက်ဝတ်များအား နှိပ်နေသည်ကို စိတ်ဝင်တစား ကြည့်နေသည်။

"သား ပီကင်းက ဒီကို လာခဲ့ပေမဲ့ အမေ့ကို အကူအညီ မပေးနိုင်ခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ရှန်ဟိုင်းမှာ ဖြစ်နေတဲ့ အခြေအနေတွေက အလွန့်ကို ရှုပ်ထွေးနေလို့ပါ"

ကာအိုသည် စားပွဲပေါ်၌ တင်ထားသည့် ဓာတ်ဘူးထဲမှ ရေနွေးအား ဖန်ခွက်တစ်ခုထဲ ထည့်ပေးသည်။ ရေနွေးဖန်ခွက်အား ယူ၍ သူ့အမေ လက်သို့ လှမ်းပေးသည်။

"ယဉ်ကျေးမှုတော်လှန်ရေးက အခုဆိုရင် ရှန်ဟိုင်းမှာ သိပ်ပြီး အဆင်မပြေဘူး အမေ" ဟု ကာအိုက ပြောသည်။ "ပါတီခေါင်းဆောင်တွေဟာ အလွန့်ကို ပါးနပ်လိမ္မာကြပါတယ်။ သူတို့က တပ်နီတပ်ဖွဲ့ဝင်တွေရဲ့ ဝေဖန်မှုအားလုံးကို လမ်းလွှဲ ပေးခဲ့ကြတယ်။ တိုက်ခိုက်ဝေဖန်ရ လွယ်ကူပြီး အားပျော့တဲ့ နေရာတွေ ဘက်ကို လမ်းကြောင်း ပြောင်းအောင် လုပ်ပေးခဲ့ကြပါတယ်။ အထူးသဖြင့်တော့ အသိပညာရှင်တွေနဲ့ လက်ယာဂိုဏ်းသမားတွေ ဘက်ကို ရောက်သွားအောင် လမ်းလွှဲပေးခဲ့ကြပါတယ်။ အဲဒါကြောင့်မို့လည်း အမေနဲ့ အမေ့ မိတ်ဆွေတွေဟာ ဂီတပညာသင်ကျောင်းက 'နွားတင်းကုပ်'ထဲ ရောက်ခဲ့ကြရတာပါ"

ကာအိုသည် သက်ပြင်း တစ်ချက်ချကာ သူ့အမေအား စိတ်မသက်သာသော မျက်နှာထားဖြင့် လှမ်းကြည့်သည်။ "သား ဝမ်းနည်းပါတယ် အမေ။ သားအနေနဲ့ သူ ဖြစ်ချင်သလိုသာ ဖြစ်ပစေတော့လို့ လွှတ်ထားပေးခဲ့ရတဲ့ အနေအထားပါ" ဟု ပြောသည်။ "အမေ သိမှာပါလေ။ ကျွန်တော့်အနေနဲ့ ဘာပဲလုပ်လုပ် အထူးသတိထားပြီး လုပ်ကိုင်နေရတာပါ" တကယ်လို့ ကျွန်တော့်မှာ သတိမရှိလို့ အများက သံသယ ဝင်သွားရင် ကျွန်တော့်ကို တိုက်ခိုက်ချင်သူတွေအဖို့ လွယ်သွားမှာ စိုးရပါတယ်"

"တောင်းပန်စရာ မလိုပါဘူး ကာအိုရယ်" ဟု မေ-လင်းက သူမ၏ အကြည့်အား ဖန်ခွက်ပေါ် စူးစိုက်ထားပြီး ပြန်ပြောသည်။ "အမေ့အတွက် ဘာမှ မပူပါနဲ့၊ မင့် အနာဂတ်ထက် အရေးကြီးတဲ့ အရာဟာ ဘာမှ မရှိပါဘူး၊ မင်းဘဝနဲ့ ပါတီအတွက် ပထမဆုံးထားပြီး စဉ်းစားတာဟာ မင်း မှန်ပါတယ်"

ကာအိုသည် သူ့အမေအား တအံ့တဩ ကြည့်နေသည်။ သူ့အမေ၏ သဘောထားသည် အံ့ဩစရာ ကောင်းလှပါဘိခြင်း။ သူ့အမေ၏ မျက်နှာသည် လွန်ခဲ့သော လ အတွင်းက ကြုံခဲ့ရသည်များအတွက် နွမ်းလျနေဟန်ရှိ၏။ သို့သော်လည်း အမေ့ ဆံပင်များတွင် အဖြူပင်ဟူ၍ တစ်ပင်မျှ မမြင်ရသေး။ တစ်ခေါင်းလုံးသည် မည်းနက်ကာ တောက်ပြောင်လျက်ပင် ရှိသေးသည်။

သူမ၏ ငယ်စဉ်ဘဝက အလှသည် သွယ်လျလျ ခန္ဓာကိုယ်တွင် ပြက်ပြက်ထင် ထင် မြင်နေရဆဲ၊ အသက်အားဖြင့် လေးဆယ်ကျော် ငါးဆယ်တွင်း ဝင်နေပြီ ဖြစ်သော်လည်း ပါးရေနားရေ မတွန့်သေးသော မျက်နှာသည် နုဖျိုလှပနေဆဲ။

"နွားတင်းကုပ်ထဲမှာ နေခဲ့ရတာ သိပ် ပင်ပန်းခဲ့သလား အမေ" ဟု ကာအိုက မေးသည်။

မေ-လင်းသည် ရေနွေးကို တစ်ငုံမျှ သောက်သည်။ ကာအို့ အမေးအား ဖြေသည့်အခါ သား၏ မျက်နှာကို မကြည့်။ "ယဉ်ကျေးမှု တော်လှန်ရေး မတိုင်မီ ကဆိုရင် အမေဟာ အမေ့ ကျောင်းသား ကျောင်းသူတွေ ကြားမှာ ချစ်တဲ့ခင်တဲ့ လူ သိပ်များတယ်။ ဒါကြောင့်လည်း အမေဟာ တချို့ ဆရာတွေထက် ပိုပြီး ကံကောင်းခဲ့တယ်"

"အခုဆို အခြေအနေက ပြောင်းတော့မှာပါ" ဟု ကာအိုက ပြောသည်။ "ဒီမှာ ရှိနေတဲ့ ပါတီခေါင်းဆောင်မှုဟာ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးမှာ ခေါင်း အမာဆုံး ဂိုဏ်းဝင်တွေပဲ၊ သူတို့က တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အချင်းချင်း အထင်အမြင် လွဲပြီး ရှုပ်ထွေးကုန်အောင် လုပ်ထားလိုက်တယ်။ ပြီးတော့ သူတို့ အချင်းချင်း တစ်ယောက် လည်ပင်း တစ်ယောက် လှီးအောင် လုပ်ထားလိုက် တယ်။ အလုပ်သမား နှစ်သန်းကို ဒီပွဲထဲ သွင်းပြီး အခြေအနေကို ပိုပြီး ရှုပ်ထွေး ကုန်အောင် မွှေပစ်လိုက်တယ်" ယဉ်ကျေးမှု တော်လှန်ရေးမှာ ဘယ်လို အနိုင်ရ အောင် လုပ်ရမလဲဆိုတာ တရုတ် တစ်နိုင်ငံလုံးကို မြင်အောင် ပြလိမ့်မယ်။

မေ-လင်းက သူ့သားဘက်သို့ ခေါင်းထောင် ကြည့်သည်။ "အမေ ဂျစ်ကားပေါ်ကနေပြီး အလုပ်သမားတွေ အများကြီးမြင်ခဲ့ရတယ်။ ကြွေးကြော်သံ အသစ်တွေလည်း ကြားခဲ့ရတယ်။ အမေ့သား အခု ဒီကိုလာတာဟာ သူတို့ကို စည်းရုံးဖို့လား"

"သား ဘာလုပ်မယ်ဆိုတာ အမေ မသိရင် ပိုကောင်းမယ်" ဟု ကာအို က ပြန်ပြောသည်။ "နှစ်ဦးစလုံးအတွက် ပိုကောင်းတာပဲ" ကာအိုက ခွက်ဘူး ထဲမှ ရေနွေးကို ထည့်၍ ဖြည်းဖြည်းချင်း သောက်နေသည်။

"ငါ့သား ကြည့်ရတာ သိပ် ပင်ပန်းနေသလိုပဲ" ဟု မေ-လင်းက ပြော သည်။ "မင်း အခုထက်ပိုပြီး နားနားနေနေ နေရင် ပိုကောင်းမယ်"

"သားမှာ အချိန်က များများ မရဘူး၊ သားအလုပ်က သိပ်ပြီး အရေးကြီး နေတယ်"

သားအမိနှစ်ဦး ကြားတွင် တိတ်ဆိတ်သွားပြန်သည်။ မေ-လင်းသည် သူ့သားမျက်နှာကို ဆက်၍ ကြည့်နေသည်။ "အမေ စိတ်မကောင်းပါဘူး၊ အမေ တို့ ဘဝထဲမှာ သားအမိ နှစ်ယောက် အတူတူ နေခဲ့ရတဲ့အချိန်ဟာ သိပ်ကို

နည်းခဲ့တယ် ကာအို" ဟု ပြောကာ သက်ပြင်းချသည်။ "တစ်ခါတလေများ အမေတို့ သားအမိဟာ သူစိမ်းတစ်ရံဆံတွေလိုပဲ၊ အထူးသဖြင့် သား ငယ်ငယ် တုန်းက ပိုပြီး ခက်ခဲခဲ့တယ်။ မင်း ကြီးလာရတာဟာ တစ်ယောက်တည်း ကြီးလာရသလိုပဲ"

"မဟုတ်တာဘဲ အမေရယ်" ဟု ကာအိုက ရေရွတ်သည်။ သူသည် ထိုင်ရာမှ ထကာ အခန်းထဲ၌ လမ်းသလားရင်းက သူ့အမေအား လှမ်းကြည့်သည်။ "ယိနန်မှာတုန်းက အမေဟာ တော်လှန်ရေးအတွက် သိပ်အရေးပါတဲ့ အလုပ်တွေကို လုပ်ခဲ့တာပဲ။ သားအဖေက ဂျပန်တွေနဲ့ တိုက်ရင်း သူ့အသက်ကို စွန့်လွှတ်သွားတာဟာလည်း ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး။ အမှန်တော့ အဲဒီ အပြစ်ဟာ ဂုဏ်ယူရမယ့် ကိစ္စပါ။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အမေ့ကိုယ်အမေ အပြစ်တင်စရာ ဘာမှမရှိပါဘူး"

ကာအိုသည် လက်ပတ်နာရီကို ငုံ့ကြည့်သည်။ "အမေ့ကို ပြန်ပို့ဖို့ အချိန် ကျနေပြီ အမေ့ရဲ့ မိမိကိုယ်မိမိ ဝေဖန်ရေးကို အခုလောက်ဆို လက်ခံသွားလောက်ပြီ။ ယဉ်ကျေးမှုတော်လှန်ရေးအပေါ်မှာ ရှိနေတဲ့ အမေ့သဘောထားဟာ အကောင်းမြင်တယ်လို့ ဆုံးဖြတ်ကြမှာပါ။ အမေ့ကို နွားတင်းကုပ်က ပြန်လွှတ် ပြီး အခု တစ်ရက် နှစ်ရက်အတွင်း အမေ့ကို အိမ်ပြန်ပို့ပေးလိမ့်မယ်။ သားလည်း အမေ့ဆီ လာလည်မယ်၊ ညပိုင်းလာရင် ဘယ်သူမှ မမြင်ဘူး၊ စိတ်မဝင်စားဘူး ပေါ့"

မေ-လင်းက ခေါင်းညိတ်ပြပြီး ပြုံးသည်။ "အမေ မင်းကို ကျေးဇူးတင်ပါ တယ် သားရယ်"

ကာအိုသည် မေ-လင်း ရှေ့သို့ လာရပ်ကာ အိတ်ကပ်ထဲမှ လက်ထိတ် အား ထုတ်ယူသည်။ "သား အမေ့ကို လက်ထိတ် ခတ်ရလိမ့်မယ်။ အမေ့ကို လာပို့တဲ့ ရဲနှစ်ယောက်က အမေ့ကို နွားတင်းကုပ်အထိ ပြန်ပို့ပေးလိမ့်မယ်။ "စုံစမ်း စစ်ဆေးဖို့ အဖမ်းခံရခြင်း" ကို မှားယွင်းမှုအဖြစ် သတ်မှတ်ပေးလိမ့်မယ်၊ လုပ်ရမယ့် နည်းက ဒီတစ်နည်းပဲ ရှိတယ်"

မေ-လင်းက ခေါင်းညိတ်သည်။ ကာအိုသည် မေ-လင်း၏ လက်များ အား နောက်တစ်ကြိမ် လက်ထိတ်ခတ်လိုက်ပြီးနောက် အခန်းထဲမှ ထွက်သွား သည်။ တံခါးအား အပြင်မှ သော့ခတ်သံ ကြားလိုက်ရပြီးနောက် တစ်ခဏတွင် သူ့ သား၏ ခြေသံများသည် ဝေးသွားသည်။ မေ-လင်းသည် အနက်ရောင် ဂျစ်ကား ပြန်ရောက်အလာကို စောင့်လျက်ရှိ၏။ သူမ၏ ပါးနှစ်ဖက်တွင် မျက်ရည်များသည် တဖြိုင်ဖြိုင် စီးကျလျက်။

* * *

၇

"မနေ့ညက မနေဖို့ ဆုံးဖြတ်တာ စိတ်မကောင်း ဖြစ်ရတယ် ကာအိုး" ဟု အေဘီဂေးလ်က တရုတ်ဘာသာဖြင့် လှမ်းကြည့်ပြီး ပြောသည်။ "တကယ့်ကို မနေချင်လို့ ပြောတာလား ဟင်"

ကာအိုသည် သူ့ ဆန်အရက် ဖန်ခွက်အား စားပွဲပေါ် ချထားလိုက်ပြီး အေဘီဂေးလ်အား ကြည့်နေသည်။ "မနေ့ညက ဒီက ပြန်သွားပြီး လုပ်စရာက ရှိနေတယ် အေဘီဂေးလ်၊ တကယ်လို့ လုပ်စရာ မရှိရင်တောင်မှ ဒီမှာနေရင် အန္တရာယ်က ရှိတယ်၊ ဒီနေရာကို လာလည်နေတာတွေ့ရင် အထင်အမြင် လွဲကုန်မှာ စိုးရတယ်"

"ဒါနဲ့ ပတ်သက်လို့ အေဘီဂေးလ်အပေါ် ယုံပါ။ ဒီစကားကို အကြိမ်ကြိမ် ပြောခဲ့ပြီးပြီပဲ။ အေဘီဂေးလ်ဆီကတော့ ဘာမှ မသိစေရဘူး"

မှောင်မှည်းနေသော အပြင်ဘက် နန်ကင်းလမ်းပေါ်မှ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ သီချင်းဆိုသံများသည် ပိတ်ထားသော ပြတင်းပေါက်များမှနေ၍ အေဘီဂေးလ်၏ အခန်းတွင်းသို့ ဝင်ရောက်လာနေသည်။ သို့သော်လည်း ကာအိုရော အေဘီဂေးလ်ပါ ထိုသူများအား အရေးတယူ မပြုကြ။ အခန်းထဲတွင် ပျားဖယောင်းတိုင် မီးရောင်သည် လင်းလျက်ရှိ၏။

"အေဘီဂေးလ်မှာ အလွန် ရင်းနှီးတဲ့ တရုတ် မိတ်ဆွေ တစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတော့ စိတ်မကောင်း ဖြစ်ရတယ်" ဟု ကာအိုက ပြောသည်။ "ကျွန်တော့်မှာတော့ ကိုယ့်တိုင်းပြည်ရဲ့ ပြင်ပက ဘယ်သူနဲ့မှ မသိခဲ့ဖူးဘူး"

"အဲဒီလူနဲ့ ခင်မင်ရင်းနှီးမှုက အေဘီဂေးလ်အတွက် အရေးမကြီးပါဘူး" ဟု အေဘီဂေးလ်က ပြန်ပြောသည်။ "အရေးမပါဘူးဆိုတာ အခုမှ ပိုပြီး သိရတယ်။ ကာအိုနဲ့ကျတော့ ပေ-တ တက္ကသိုလ်မှာ လက်ဆွဲ နှုတ်ဆက်လိုက်ကတည်းက ဆွဲဆောင်မှု အပြည့် ရှိခဲ့တာ။ အေဘီဂေးလ်ကို ကြည့်ပြီး ပြုံးလိုက်တဲ့

အပြုံးက ရင်ထဲမှာ စွဲကျန်ရစ်ခဲ့တာ။ အခု စကားကြားတော့ ကာအို စိတ်လှုပ်ရှား မသွားဖူးလား"

"မလှုပ်ရှားပါဘူး"

"အေဘီဂေးလ်ကတော့ ထင်မိတယ်။ တစ်ခါတလေ အေဘီဂေးလ်ဟာ ရှင့်စိတ်ကို လှုပ်ရှားစေတယ်လို့။ တကယ်တော့ ရှင်ဟာ ကိုယ့်ခံစားမှုကို ဖုံးကွယ်တဲ့ နေရာမှာ သခင် တစ်ယောက်ပါလား"

ကာအိုက ပြုံးသည်။ သူ့အကြည့်သည် အေဘီဂေးလ်အပေါ်၌ တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်မှာ ထင်ရှားနေသည်။ "ခံစားမှုတွေကို ဖုံးနေတာဟာ စိတ်အနှောင့်အယှက် ဖြစ်လို့ပါ။ ဒီည ကျွန်တော် ခင်ဗျားကို မကြည့်ဘဲ မနေနိုင်ဘူး" ဟုပြောသည်။

"အဲဒီစကား ကြားရတာ ဝမ်းသာပါတယ် ကာအို"

ကာအိုသည် အေဘီဂေးလ်အား ထပ်၍ ကြည့်နေပြန်သည်။ ထို့နောက် "ခင်ဗျားဟာ တော်တော်ကို ထူးခြားတဲ့ အမျိုးသမီး တစ်ယောက်ပါ" ဟု ပြောသည်။ "မိန်းမ တစ်ယောက် အနေနဲ့လည်း အင်မတန် ချောပါတယ်၊ တရုတ်စကားကျတော့လည်း ကျွမ်းကျွမ်းကျင်ကျင်ကို ပြောတတ်တယ်ဆိုတော့ ပြီးတော့ တရုတ်အစားအစာ ချက်တာပြုတ်တာကျတော့လည်း အံ့မခန်းပါပဲ"

အေဘီဂေးလ်သည် ကာအိုအား စူးစူးရဲရဲ ကြည့်၍ အကဲခတ်နေသည်။ "ဒီည ကြည့်ပုံရှုပုံနဲ့ ပြောဟန်ဆိုဟန်တွေ ထူးခြားသလိုပဲ။ အေဘီဂေးလ်နဲ့ ပတ်သက်ပြီး ထူးခြားတာ တစ်ခုခုများ သိထားသလား။ ဟောင်ကောင်က ကယ်လ်နာ သုတေသန အင်စတီကျူနဲ့ အေဘီဂေးလ် ကယ်လ်နာတို့ ကြားမှာ အဆက်အစပ် ရှိနေတယ် ဆိုတာကို အခိုင်အမာ သိလာလို့လား"

အေဘီဂေးလ်က ကာအို့ထံမှ တုံ့ပြန်မှုကို စောင့်သည်။ သို့တစေလည်း ကာအို့ထံ ဘာစကားမှ မကြားရ။

"ကောင်းပြီလေ၊ ရှင့်အနေနဲ့ ဘာတွေပဲသိသိ ကိစ္စမရှိပါဘူး။ အေဘီဂေးလ်ဟာ တရုတ်နိုင်ငံကို ချစ်တဲ့ နိုင်ငံခြားသူ နိုင်ငံခြားဘာသာသင် ဆရာမ တစ်ယောက်ပါ။ ရှင်သိထားတဲ့အတိုင်းပဲ ကျွန်မဟာ ကွန်မြူနစ် တစ်ယောက်လည်း မဟုတ်ဘူး။ အဖေ့ အလုပ်မှာလည်း ဘာအကူအညီမှ မပေးခဲ့ဘူး။ ရှင်သံသယ ရှိနေရင်လည်း ဖျောက်လိုက်။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ အဖေကို တစ်ကြိမ်မှ မတွေ့ခဲ့တဲ့ သမီး။

"ပြီးတော့ အဖေဆီကို ဘာစာမှ မရေးခဲ့ဘူး၊ ရေးပြန်ရင်လည်း လိုရင်းတိုရှင်းပဲ၊ အဖေ သမီး အသက်ရှင်နေတုန်းပဲ ဆိုတာလောက်ကလွဲပြီး ရှည်ရှည်ဝေးဝေး ရေးခဲ့တာ မဟုတ်ဘူး။ အဖေက ကျွန်မ တရုတ်ပြည် လာတာကို လုံးဝ

မကြိုက်ဘူး။ ဒါပေမဲ့ ကျွန်မ လာခဲ့တယ်လေ။ မော် ပြောတဲ့ "ပုန်ကန်မှုသည် တရားသည်" ဆိုတဲ့စကား လိုက်နာခဲ့တယ်"

"ကျွန်တော် ခင်ဗျားပေါ် သံသယဖြစ်တဲ့စကား မပြောခဲ့ပါလား" ဟု ကာအိုက ပြောသည်။ "ဒါပေမဲ့ ခင်ဗျား အခု ရှင်းပြနေတာတွေက အလွန် စိတ်ဝင်စားစရာ ကောင်းနေတယ်"

"အခုလောက်ဆိုရင် တစ်ချိန်က ကျွန်မ အဖေဟာ သာသနာပြု တစ်ယောက် ဖြစ်ခဲ့တယ် ဆိုတာရယ်၊ သုံးဆယ်ပြည့်နှစ်တွေ အတွင်းက သူဟာ တပ်နီစစ်တပ်ရဲ့ သံ့ပန်းတစ်ယောက် ဖြစ်ခဲ့ဖူးတယ် ဆိုတာရယ်၊ အဲဒါတွေကို ရှင် သိနေရောပေါ့"

ကာအိုက ခေါင်းညိတ်သည်။ "ပြီးတော့ ခင်ဗျားကို တရုတ်ပြည်မှာ မွေးတယ်ဆိုတာရယ်ပေါ့၊ ခင်ဗျား ဘာ့ကြောင့် အဲဒါတွေကို လုံးဝ မပြောတာလဲ"

"ရှင့် အလုပ်အကြောင်းဆိုရင် ရှင် ကျွန်မနဲ့ မပြောချင်ဘူး မဟုတ်လား၊ အဲဒီသဘောပဲ ဖြစ်မှာပေါ့။ ကျွန်မကတော့ ရှင်နဲ့ ကျွန်မတို့ရဲ့ ခင်မင်မှုမှာ ပြဿနာ မဖြစ်စေချင်ဘူး။ တစ်ခုရှိတာက ကျွန်မအနေနဲ့ အမှန်အတိုင်း ဝန်ခံ ရမယ်ဆိုရင် အဲဒီအဖြစ်တွေကို ကျွန်မ လုံးဝ ဘာကိုမှ မည်မည်ရရ မသိခဲ့ဘူး။ ကျွန်မ အဖေက အဲဒီအကြောင်းတွေနဲ့ ပတ်သက်လာရင် နှုတ်ခမ်းတွေကို အသေ ပိတ်ထားတာ။ အဲဒါတွေကြောင့်လည်း အဖေနဲ့ ကျွန်မဟာ အနေဝေးကုန်ရတာ။ ဒါပေမဲ့ အဲဒီအဖြစ်ကို ပုံမှန် အနေအထား ပြန်ရောက်သွားအောင် ကျွန်မ လုပ်မှာပါ"

"ဘာကို ဆိုလိုတာလဲ"

"ပြောစရာ အထူးကိစ္စ ရှိလာတဲ့အခါ ရှင် သိရမှာပေါ့"

"အေဘီဂေးလ်သည် စကားကို ဆက်မပြောဘဲ ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ "ဒီည ဒီမှာ အိပ်ပါလား ကာအို" ဟု ပြောသည်။ ကာအိုက မငြင်း၊ ခေါင်းညိတ်သည်။ ထိုအခါ. . .

* * *

၈

နောက် နှစ် ညနေခင်း အလွန်တွင် အောဘီဂေးလ်သည် ရှန်ဟိုင်း တေးဂီတ ပညာသင်ကျောင်း တည်ရှိရာ လမ်းကြားအတွင်းသို့ ဝင်လာသည်။ ပတ်ဝန်းကျင်သည် မှောင်မိုက်လျက်ရှိ၏။ ဤဘက်ရှိ နေအိမ်များသည် အလယ်အလတ်တန်းစား လူများ နေထိုင်ရာ နေအိမ်များဖြစ်၍ မီးဖိုများ ရေချိုးခန်းများနှင့် ညေ့ခန်းများမှာ စုပေါင်း၍ သုံးကြဟန်တူသည်ဟု တွေးနေမိ၏။ နံရံကပ်ပိုစတာ တချို့သည် ညနေခင်းလေကြောင့် တဖျပ်ဖျပ် ခါယမ်းလျက်ရှိကြ၏။

ဂိတ်တံခါး၏ တစ်ဖက်တစ်ချက်ရှိ ပိုစတာ အချို့မှာ လေဒဏ်ကြောင့် အပိုင်းပိုင်း ပြတ်နေကြလေပြီ။ မလှမ်းမကမ်းရှိ လမ်းမာတ်မီးတိုင်မှ အလင်းရောင်ဖြင့် "ဘူဇွာ ဖောက်ပြန်ရေးသမား အင်အားစုဝင် လု မေ-လင်း၏ တော်လှန်ရေးအား ဆန့်ကျင်သည့် ပြစ်မှုများ" ဟူသော စာတန်းအား မြင်နေရ၏။ ဂိတ်တံခါး ဘက်သို့ နီးကပ်လာသည့်အခါ ယခင် တစ်ခေါက်က ချိတ်ပိတ်ထားသည့် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် တံဆိပ်များ ရိုက်နှိပ်ထားသော စက္ကူများအား မတွေ့ရတော့ချေ။ အောဘီဂေးလ်သည် ဂိတ်တံခါး၌ ချိတ်ထားသော ခေါင်းလောင်းအား တီးလိုက်လေ၏။

မိနစ်ပေါင်းများစွာ ကြာသည်အထိ အတွင်းမှ အဖြေပေးသံ မကြားရ။ အောဘီဂေးလ်သည် စိတ်ရှည်လက်ရှည်ဖြင့်ပင် ခေါင်းလောင်းအားဆက်၍ ထိုးနေသည်။ နောက်ဆုံးတွင် ခြံဝင်းထဲမှ ဖြတ်လျှောက်လာနေသော ခြေသံများ ကြားရသည်။ ထို့နောက် ဂိတ်တံခါး ပွင့်သွားပြီး အတွင်းဘက်မှ လူရိပ်အား လှမ်းမြင်ရသည်။

"ကျွန်မ အောဘီဂေးလ်ကလ်နာပါ" ဟု သူမက လှမ်းပြောသည်။ "ကျွန်မ အင်္ဂလိပ် အမျိုးသမီးပါ။ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မ မဒမ်လုမေ-လင်းနဲ့ နှစ်ဦးချင်းတွေ့ပြီး စကား ပြောချင်လို့ပါ"

အတွင်းမှ ရပ်နေသူသည် မိန်းမလား၊ ယောကျ်ားလား ခွဲခြား၍မရ။ သို့တစေလည်း အထဲမှ ရပ်နေသူသည် ဘာကြောင့်ရယ်မသိ။ စိတ် ဂနာငြိမ်ပုံ တော့ မရ။ "ကျွန်မက ရှန်ဟိုင်း နိုင်ငံခြား ဘာသာသင် အင်စတီကျုမှာ ဆရာမ လုပ်ပါတယ်" ဟု အေဘီဂေးလ်က ထပ်ပြောသည်။ "လွန်ခဲ့တဲ့ သတင်းပတ်တွေ အတွင်းက ကျွန်မ ခဏ ခဏ လာခဲ့ပါတယ်။ ဒီ ဂိတ်တံခါးကို အမြဲ ချိပ်ပိတ်ထား လို့ ဝင်ခွင့် မရခဲ့ပါဘူး၊ ကျွန်မ ကလေးဘဝတုန်းက မဒမ် လုမေ-လင်းက ကျွန်မကို စောင့်ရှောက်ခဲ့ဖူးပါတယ်"

နောက်ထပ် အချိန် အတော်ကြာမျှ စောင့်နေရပြန်၏။ ဂိတ်တံခါးသည် အေဘီဂေးလ် ဝင်သာရုံမျှသာ ပွင့်သွားပြီးနောက် အသံကို ထိန်းချုပ်ထားဟန် တူသည့် မိန်းမသံ တစ်သံ ထွက်ပေါ်လာသည်။ "လုမေ-လင်းဆိုတာ ကိုယ်ပဲ၊ အထဲ ဝင်ခဲ့ပါ"

အေဘီဂေးလ်သည် ဂိတ်တံခါး နောက်သို့ ကပျာကယာ ဝင်လိုက်သည်။ အတွင်းဘက် ရောက်သွားသည့်အခါ အမှိုက်ပုံများကြား၌ ရပ်နေရသည့် သူမ အဖြစ်ကို ချက်ချင်း သတိထားမိလာသည်။ အလွန် အကျည်းတန် အရုပ်ဆိုးလှ သည့် အမှိုက်ပုံများပေတည်း။ အပေါ်ထပ် ပြတင်းပေါက်မှ ထွက်လာနေသည့် မီးရောင်ဖြင့် လူအများက ချိုးဖဲ့ ဖျက်ဆီးထားသည့် ပရိဘောဂ ပစ္စည်းများ ကြွေထည်များနှင့် အိုးခွက်ပန်းကန်များအား မြင်နေရသည်။

ဘရုတ် အမျိုးသမီးသည် နောက်ထပ် ဘာစကားမှ ထပ်မပြောဘဲ ခပ် သေးသေး ခပ်ကျဉ်းကျဉ်း ခန်းမထဲသို့ ခေါ်သွားသည်။ ခန်းမမှာ ညစ်ညစ်ပတ် ပတ် နိုင်လှ၍ နံရံအားလုံးတွင် ပိုစတာများ ကပ်ထားသည်။ "ဘူဇွာ ဖောက်ပြန် ရေးသမား အောက်တန်းစားတွေ ကျဆုံးပါစေ" ဟူသော အနက်ရောင်ဖြင့် ရေး ထားသည့် စာလုံးကြီးများသည် အေဘီဂေးလ်အား ဆီးကြိုလျက် ရှိ၏။ အေဘီ ဂေးလ်သည် ရှေ့မှ လှေကားအတိုင်း တက်သွားနေသော အမျိုးသမီး နောက်မှ ခပ်သုတ်သုတ် လိုက်ပါသွားနေသည်။ လှေကား၏ ဘေးများတွင်လည်း ပိုစတာ များ ကပ်ထားသည်ကို မြင်နေရလေ၏။

လှေကားထိပ်တွင်ကား ခန်းမကြီး တစ်ခုရှိ၍ လျှပ်စစ်မီးဖြင့် ထိန်လင်း နေသည်။ ခန်းမထဲတွင် အမှိုက်သရိုက်များ၊ အကျိုးအပဲ့ သစ်သားများ၊ ကြွေထည် မြေထည် အကွဲအစများ၊ မှန်အိမ် မီးအိမ်ကွဲများ၊ စုတ်ပြဲထားသော ခန်းဆီးများ နှင့် ပန်းချီကားများ၊ အားလုံးသည် မြင်၍ မကောင်း ကြည့်၍မကောင်းအောင် ပြန့်ကျဲလျက် ရှိကြသည်။

အဖြူရောင် နံရံအားလုံးမှာ အမည်းရောင် စာလုံးကြီးများဖြင့် ပြည့်လျက် ရှိ၏။ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တို့၏ စည်းမဲ့ကမ်းမဲ့ ရေးသားထားသော

ကြွေးကြော်သံများပေတည်း။ တစ်နေရာတွင်မူ "ပုပ်စော်နံနေသော ဘူဇွာ ပညာတတ် လုမေ-လင်း"ဟု ရေးထားသည့် စာတန်းကြီးအား ဖတ်ရသည်။ မော်စီ-တုန်း၏ ဓာတ်ပုံများမှာ တံခါးတိုင်း ဝီရိုတိုင်း၌ ကပ်ထားသည်။ ခန်းမထဲတွင် အပေါ်စား စားပွဲ တစ်လုံးနှင့် ကုလားထိုင် နှစ်လုံး ချထားရာ ယင်းနှစ်မျိုးသည် မကြာသေးခင်ကမှ ချထားသည့် ပစ္စည်းသစ်များ ဖြစ်ပုံရ၏။ အပြာရောင် ချည်ထည် ခပ်နွမ်းနွမ်း ခပ်စုတ်စုတ် ကျူးနစ်အင်္ကျီနှင့် ဘောင်းဘီ ဝတ်ထားသော တရုတ်အမျိုးသမီးသည် အေဘီဂေးလ်အား ထိုင်ခိုင်းသည်။

"ခဏ နေဦးနော်၊ ကိုယ် လက်ဖက်ရည် ဖျော်လိုက်ဦးမယ်"

ခန်းမထဲမှ မရှင်းလင်းရသေးသော အတိုအထွာ ပစ္စည်း ပစ္စယ အမှိုက်သရိုက်များအား ကြည့်၍ တွန့်ဆုတ်ဆုတ် ဖြစ်နေသော အေဘီဂေးလ်သည် အမျိုးသမီး မီးဖိုခန်းလေးထဲ ဝင်သွားခိုက်တွင် စားပွဲ၌ ဝင်ထိုင်သည်။ တရုတ်အမျိုးသမီးမှာ အရပ်အမောင်း အနေတော်ဖြစ်၍ ခန္ဓာကိုယ် သွယ်လျလျ ဖြစ်၏။ ပုံးပန်း မကျသည့် ချည်ထည် ကျူးနစ်အင်္ကျီ အပြာရောင် ဝတ်ထားသည့်ကြားမှပင် သူမ၏ နုပျိုလန်းဆန်းမှုသည် ပေါ်ပြင်လျက် ရှိ၏။

ခဏ အကြာတွင် လင်ပန်းငယ် တစ်ချပ် ကိုင်ထားသည့် တရုတ် အမျိုးသမီးသည် မီးဖိုခန်းထဲမှ ထွက်လာပြီး စားပွဲတွင် အေဘီဂေးလ်နှင့် မျက်နှာချင်းဆိုင်၍ ဝင်ထိုင်သည်။ ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်လျက် ရှိကြောင်း မျက်နှာ၌ ပေါ်လွင်လျက် ရှိနေသော်လည်း အသက် လေးဆယ်ကျော် ငါးဆယ်တွင်းရွယ်များ၌ တွေ့ရန် မလွယ်သည့် ရှားရှားပါးပါး အလှကား ပိုင်ဆိုင်နေဆဲ။

"အခန်းထဲမှာ ရှုပ်ပွ နေတာတွေကိုတော့ ခွင့်လွှတ်မှ ဖြစ်မယ်" ဟု မေ-လင်းက ပန်းကန် နှစ်လုံး ထဲသို့ လက်ဖက်ရည်များ ငှဲ့ထည့်နေရင်းက ပြောသည်။ "ကိုယ့်ကို တပ်နီ လုံခြုံရေးတပ်ဖွဲ့တွေက ဒီမှာပဲ ဖမ်းပြီး ချုပ်ထားခဲ့တယ်။ မနေ့ကမှ ကိုယ့်ကို အိမ်ပြန်ခွင့်ပေးတာ။ ဒါပေမဲ့ အိမ်ခန်း ရှင်းခွင့်ကို အခုထက်ထိ ခွင့်မပြုသေးဘူး"

အေဘီဂေးလ်သည် တရုတ်အမျိုးသမီးအား ဇဝေဇဝါ မျက်နှာထားဖြင့် ကြည့်နေသည်။ သူမ၏ မျက်နှာသည် ဝေခွဲ၍ မရသေးခြင်းကို ဖော်ပြလျက်ရှိ၏။ "ကျွန်မ လူများ မှားနေမလား"ဟု ရေရွတ်သည်။ "ရှင်ဟာ စာရေးဆရာမ လုမေ-လင်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ကွယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကဆိုတော့ ကြာခဲ့ပါပြီ" မေ-လင်းသည် သူမ၏ လက်ဖက်ရည် ပန်းကန်အား ငုံ့ကြည့်နေသည်။ "ကိုယ် ဘာမှ မရေးဖြစ်တော့တာ နှစ်ပေါင်း အများကြီး ကြာသွားခဲ့ပြီ"

"ဒါပေမဲ့ ရှင် "တော်လှန်ရေး၏ သမီးပျိုများ" စာအုပ်တော့ ရေးခဲ့တယ် မဟုတ်လား၊ ပြီးတော့ ရှင်ကိုယ်တိုင်လည်း ခရီးရှည် ချီတက်ပွဲကြီးမှာ ပါခဲ့ပါတယ် လေ"

မေ-လင်းက မော့မကြည့်ဘဲ ခေါင်းညိတ်သည်။

"ကျွန်မ အဖေက ဂျေကော့ ကယ်လ်နာပါ။ တပ်နီ စစ်တပ်ရဲ့ အကျဉ်း သား ဖြစ်ခဲ့ဖူးတယ်။ အဖေက ကျွန်မကို ပြောဖူးတယ် ခရီးရှည်ချီတက်ပွဲ အတွင်း မှာ ရှင်က ကျွန်မကို နို့တိုက်ခဲ့ဖူးတယ်တဲ့။ ရှင်ဟာ ကျွန်မရဲ့ အမေလိုပါပဲ။ ရှင် ကျွန်မ အသက်ကို ကယ်ခဲ့တာပါ။ အဲဒါတွေ အားလုံးဟာ အမှန်တွေပဲလား"

မေ-လင်းက ခေါင်းထောင်ကြည့်သည်။ မျက်နှာတွင် အပြုံးရိပ်ကလေး ဝင်လာသည်။ "သမီးပြတဲ့ ဓာတ်ပုံထဲက မျက်နှာကို မှတ်မိနေတယ်၊ သမီးက ဓာတ်ပုံထဲကထက် ပိုလှတယ်"

အေဘီဂေးလ်သည် မေ-လင်းအား ကြည့်၍ စိတ်လှုပ်ရှားရသည်သာမက တုန်လှုပ်ခြင်းပါ ဖြစ်ရ၏။ "အဖေနဲ့ကော အခုထိ အဆက်အသွယ် ရှိတုန်းပဲ လား" ဟု မေးမိသည်။

"ဟင့်အင်း မရှိဘူး" ဟု မေ-လင်းက အဖြေပေးသည်။ "၁၉၅၇-ခုနှစ် က သူ တရုတ်ပြည်ကို ပြန်လာခဲ့တယ်။ ကိုယ်နဲ့ မိနစ်အနည်းငယ်လောက် တွေ့ခွင့် ရလိုက်တယ်၊ သမီးကို သမီးအဖေက ပြောမပြခဲ့ဘူးလား"

"မပြောခဲ့ဘူး၊ သူ ရှင်နဲ့ တွေ့ခဲ့တယ် ဆိုတာတောင်မှ မသိခဲ့ရဘူး" အေဘီဂေးလ်၏ မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ "ဒါပေမဲ့ အခုတော့ အဲဒါတွေဟာ ပြဿနာ မရှိတော့ပါဘူး၊ ကျွန်မ ရှင်နဲ့ တွေ့ရပြီ။ ကျွန်မ ဘဝ တစ်လျှောက်လုံး ပြောချင်နေတဲ့ ကျေးဇူးတင်စကားလည်း ပြောပြီး သွားပြီ"

မေ-လင်းသည် အေဘီဂေးလ်၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။ မျက်ရည်စများသည် သူမ၏ မျက်လုံးများတွင် စို့လာနေသည်။ သူသည် အေဘီ ဂေးလ်၏ လက်များအား ဆွဲဆုပ်ထားသည်။ "ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်။ ကူညီခွင့်ရခဲ့တဲ့အတွက် ကိုယ်က ဝမ်းသာခဲ့ရတဲ့လူပါ။ မင်းဟာ အလွန့်ကို ချစ် စရာကောင်းခဲ့တဲ့ ကလေးလေးမို့ ကိုယ် မင့်အပေါ် သံယောဇဉ် သိပ်ကြီးခဲ့ရပါ တယ်"

အပြင်ဘက်တွင် ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တစ်ခါတစ်ရံ တွင် အခန်းထဲ၌ လျှောက်သွားနေသည့် ခြေသံများ ကြားရသည်။

"ကျွန်မလေ မေးချင်တာတွေ အများကြီးပဲ" ဟု အေဘီဂေးလ်က ပြော သည်။ "ကျွန်မ သိချင်နေတာတွေက သိပ်ကို များနေတယ်"

မေ-လင်းသည် လက်ဖက်ရည်ပန်းကန်အား လှမ်းယူလိုက်သည်။ "သမီး အဖေက သမီးကို ဘယ်လောက်အထိ ပြောပြထားသလဲ" ဟု အေဘီဂေးလ်နှင့် မျက်လုံးချင်းဆိုင်၍ မကြည့်ဘဲမေးသည်။

"ဘာမှ မပြောသလောက်ပါပဲ" ဟု အေဘီဂေးလ်က ပြုံး၍ဖြေသည်။ "သမီးက မေးလိုက်တာနဲ့ အခွံထဲဝင်သွားတဲ့ ကမာကောင်လို ဖြစ် ဖြစ်သွားတယ်။ ဒါ့ကြောင့်မို့ သမီးက မေ-လင်းကို ကိုယ်တိုင်တွေ့မှ ဖြစ်မယ်လို့ ဆုံးဖြတ်ထားခဲ့တာ"

မေ-လင်းသည် သူမ၏ မျက်နှာထက်၌ ဝဲပုံကျနေသည့် ဆံစများအား လက်တစ်ဖက်နှင့် သပ်၍ သိမ်းလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ "မင့်အဖေလုပ်တာ မှန်ကောင်းမှန်မှာပါ။ မေ့ပစ်တာ အကောင်းဆုံး ဖြစ်မယ်ထင်လို့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ အတိတ်ကို ပြန်လှန်တာမျိုးဟာ တစ်ခါတလေ သိပ်မကောင်းလှဘူး"

သူမသည် စကားကိုဖြတ်၍ မီးဖိုဘက် လျှောက်သွားသည်။ ပြန်ထွက်လာသည့်အခါ သူသည် လက်ဖက်ရည် ကရားအား စားပွဲပေါ် ပြန်ချထားလိုက်သော်လည်း လူကတော့ မထိုင်ချေ။ သူသည် အခန်းထဲရှိ အမှိုက်သရိုက်များကြားတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျှက်ရှိ၏။ အေဘီဂေးလ်သည် မေ-လင်း စိတ်ပြောင်းသွားသည်ကို ကြည့်ကာ စိတ်ထဲမှ ကျိတ်၍ အံ့သြနေသည်။

"ကျွန်မ အမှားတစ်ခုခုများ လုပ်လိုက်မိလို့လား" ဟု အေဘီဂေးလ်က မေးသည်။ "ကျွန်မ လာတာ မေ-လင်းအတွက် စိတ်ဆင်းရဲစရာများ ဖြစ်နေသလား"

"ဟင့်အင်း မဖြစ်ပါဘူး"

မေ-လင်းသည် လမ်းသလားနေခြင်းကို ရပ်လိုက်ပြီး အပြင်ဘက်လမ်းကြားမှ ခြေသံများကို နားစွင့်နေသည်။ ခြေသံများသည် ဖြည်းဖြည်းချင်းဝေးကာ ပျောက်သွားသည်။ သူသည် လက်ပတ်နာရီအား ငုံ့ကြည့်သည်။ "ကိုယ် သိပ်ပင်ပန်းသွားတယ်။ ပြီးတော့ ဒီညခင်းမှာ ဧည့်သည်တစ်ယောက် လာလိမ့်မယ်"

"ဒီလိုဆို ကျွန်မပြန်ပါမယ်" ဟု အေဘီဂေးလ်က ပြောသည်။ "ဝမ်းနည်းပါတယ်၊ အနှောင့်အယှက်ပြုဖို့ မရည်ရွယ်ပါဘူး၊ နေကောင်းတဲ့အချိန်မှာ စကားပြောချင်သေးတယ်။ နောက်တစ်ခေါက် လာလည်ရင် ဖြစ်မလား"

"ရပါတယ်၊ ရက် နည်းနည်းလောက် ကြာရင် ထပ်လာခဲ့ဦးလေ"

အေဘီဂေးလ်သည် မေ-လင်း၏ လည်ပင်းအား တယုတယ သိမ်းဖက်ထားသည်။ "ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ ကျွန်မ နောက်တစ်ခေါက် လာခဲ့ပါဦးမယ်"

အဘော်ဂေးလ်သည် လှေကားထိပ်သို့ လျှောက်သွားပြီး အောက်သို့ မဆင်းမီ မေ-လင်းအား လှည့်ကြည့်သည်။ မေ-လင်းကတော့ အခန်းအလယ် တွင် မလှုပ်မယှက် ရပ်လျက်-

"ကျွန်မ ရှင့်ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်"ဟု အဘော်ဂေးလ်က လှမ်း ပြောသည်။

* * *

၉

ရှန်ဟိုင်း လမ်းမပေါ်တွင် အလုပ်သမားများနှင့် ကျောင်းသားများသည် ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်လျက်ရှိ၏။ ဂျေကော့သည် ဂျက်ကက်အကျီ ကော်လာများအား ဆွဲတင်ပြီး သူ့ နားရွက်များအား ဖုံးလိုက်ကာ ခါးကို ကုန်းလိုက်သည်။ သူ့အား ဘေးလူများ စိတ်မဝင်စားအောင် အကြံအဖန် လုပ်လိုက်ခြင်း ဖြစ်၏။ သူ့ ခေါင်းပေါ်မှ ရေတပ် အပြာရောင် ကက်ဦးထုပ်အား မျက်စိများ ဖုံးသွားသည် အထိ အောက်သို့ ဆွဲချထားသည်။

သူသည် ဘမ်းလမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာသည်။ သူ့ဘေးဝဲယာအား လုံးဝ မကြည့်ဘဲ လျှောက်သွားနေခြင်းဖြစ်၍ သူ့ ပတ်ပတ်လည်မှ လှုပ်ရှားဆူပူမှုများအား လုံးဝ ဂရုမစိုက်။ သူ့ရှေ့တည့်တည့်တွင် ကာသေးဟိုတယ်အား မြင်နေရ၏။ ယခုအခါတွင်မူ ကာသေး ဟိုတယ်အား "ငြိမ်းချမ်းရေး ဟိုတယ်" ဟု အမည် ပြောင်းထားခဲ့လေပြီ။ ဤဟိုတယ်သည် လွန်ခဲ့သော နှစ် သုံးဆယ်ကျော်က သူ တိုမီကိုမာရူ သင်္ဘောပေါ် ဆင်းကတည်းက မြင်တွေ့လာခဲ့ရသော ဟိုတယ် ဖြစ်လေသည်။

ယခု သူ ရောက်နေချိန်တွင် ဘမ်းလမ်းသည် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ယဉ်ကျေးမှု တော်လှန်ရေးအဖွဲ့ဝင် တော်လှန်ရေးသမားများ၏ လွှမ်းမိုးကြီးစိုးရာ နယ်မြေ ဖြစ်နေသည်။ ထိုတစ်ဝိုက်၌ ကြီးစိုးနေသော အသံများမှာ မော်စီ-တုန်း၏ ကြွေးကြော်သံများဖြစ်၏။ သူတို့ကား မော်စီ-တုန်းဘက်မှ ဘက်တော်သားများဖြစ်ကြသည့် အားလျော်စွာ ထိုကြွေးကြော်သံများအား လိုလိုချင်ချင် မက်မက်မောမောနှင့် ကြွေးကြော် အော်ဟစ်လျက် ရှိကြလေ၏။

သူ့အဖို့ကား သူ အထက်တန်း ဘာသာပြန်အရာရှိ လုပ်ပေးလိုက်သည့် သင်္ဘောသားကတ် အတုနှင့် အလုပ်မှ ထုတ်လိုက်သည့် စာအုပ်ကို လက်ကိုင်ပြကာ သင်္ဘောဆိပ်မှ အစောင့်တပ်များ၏ စစ်ဆေးခြင်းကို ကျော်လွှားနိုင်ခဲ့၏။

တစ္ဆက်စာတမ်း အတုများကို အခြေပြု နေခဲ့ရသော ဂျေကော့သည် အခက်အခဲ ဟူ၍ များစွာ မကြုံရသော်လည်း သောကကတော့ အမြဲတစေ ရှိနေခဲ့ရသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဂျေကော့သည် ဒတ်ချ် ကုန်တင်သင်္ဘောပေါ်၌ စာရွက်တုများအား ကိုင်ကာ နှစ်ရက်မျှ ပုန်းအောင်း နေခဲ့ရသေးသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ သူသည် ပီအယ်လ်အေ (PLA) ခေါ် ပြည်သူ့လွတ်မြောက်ရေးတပ်မှ စစ်သားများနှင့် သင်္ဘောပေါ်မှ အဆင်းတွင် ဆုံမိခဲ့သေးသော်လည်း စိုးရိမ်သောကနှင့်ကား မကြုံခဲ့ရပေ။ သူ ဘယ်သူဘယ်ဝါ ဖြစ်သည်ကို အတိအကျ မသိကြခြင်းသည် သူ့အတွက် သူ့သမီး အောဘီဂေးလ်ထံ ရောက်ရန် လွယ်ကူလျက်ရှိ၏။ ဘေးပတ်ပတ်လည်ရှိ ပရိသတ် လူစုလူဝေးသည် သူ့အား မြင်ကြသော်လည်း ဒုတိယအကြိမ် ထပ်ကြည့်ဖို့ကား မကြိုးစားကြချေ။ ဤသည်ကို ထောက်လိုက်လျှင် ဤ ဘမ်းလမ်းပေါ်ရှိ လမ်းသွားလမ်းလာများထဲတွင် သူ့အား ဂျေကော့ဟု သိသူ မရှိသလောက် ဖြစ်နေပြီဟု ယူဆရပေတော့မည်။ သို့တစေလည်း သူ့ အသားအရောင်သည် တစ်မျိုး တစ်ဘာသာ ဖြစ်လျက်ရှိပေရာ ရုတ်တရက် စိတ်ဝင်စားပြီး စူးစမ်းကြမည် ဆိုပါမူကား သူ့အတွက် အနေချောင်ဖွယ်ရာ မရှိချေ။

ဂျေကော့၏ ခြေထောက်များသည် နန်ကင်း လမ်းမကြီး အတွင်းသို့ ရောက်လာသည်။ မကြာမတင်မှာပင် ဘေးတစ်ဖက်ရှိ လမ်းကြား အတွင်းသို့ ချိုးဝင်လာခဲ့၏။ သူ၏ ခြေသံများသည် ကျောက်လမ်းပေါ် ချလိုက်တိုင်း ပဲ့တင်ထပ်လျက်ရှိသည်။ ထိုစဉ် အတွင်းမှာပင် သူ့ စိတ်အာရုံသည် လွန်ခဲ့သော အတိတ်ကာလ နှစ်သုံးဆယ် ဆီသို့ ရောက်သွားသည်။ ထိုစဉ်က သူသည် ဂျပန်သင်္ဘော **တိုမီကိုမာရု** သင်္ဘောပေါ်မှ ဆင်းလာစဖြစ်၍ ရွှေရောင် ဝင်းနေသည့် အသားရောင်ပိုင်ရှင် လုမေ-လင်းအား စွဲလမ်းတမ်းတနေချိန် ဖြစ်လေသည်။

အခုကျတော့လည်း ပတ်ဝန်းကျင် အပြောင်းအလဲသည် အံ့သြစရာကြီး တစ်ခု ဖြစ်နေသည်။ ပတ်ပတ်လည်သည် နံရံများတွင် မျက်စိများအား ကျိန်းစပ်စေနိုင်လောက်သည့် မော်၏ ပုံများပါသော နီနီရဲရဲ ပိုစတာကြီးများ နေရာအနှံ့တွင် အပြည့်ကပ်ထားသည်။ နေရာတိုင်းတွင် ထိုအရာများသည်သာလျှင် ကြီးစိုးလွှမ်းမိုးလျက် ရှိသည်ဖြစ်ရာ လွန်ခဲ့သော နှစ်သုံးဆယ်ကနှင့်ကား တောင်နှင့်မြောက်သဖွယ် ခြားနားလျက်ရှိလေပြီ။ အထူးသဖြင့် ကြောက်စရာကောင်းသည့် အခြေအနေများသည် နေရာတိုင်း၌ ရှိနေသည်မှာ ထင်ရှားလျက်ရှိ၏။

ကျယ်ဝန်းသော လမ်းမကြီးများ အတွင်းသို့ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားနေသော ဂျေကော့သည် စိတ်အေးနားအေး မရှိလှပေ။ လမ်းဘေးဝဲယာရှိ အိမ်ပြတင်းပေါက်များနှင့် ဂိတ်တံခါးများ၌ ရပ်ကြည့်နေကြသော တရုတ်

လူမျိုးများ၏ မျက်နှာများမှာလည်း သောကငွေ့များ ဖုံးလွှမ်းလျက်ရှိ၏။ နောက်ထပ် အသစ် အသစ်သော ခြိမ်းခြောက်မှုများသည် ပေါ်လာလေဦးမလားဟု တွေးကာ စိတ်မအေး ဖြစ်နေကြဟန်တူလေသည်။

အမှန်တော့ ဂျေကော့သည် သင်္ဘော ကပ္ပိတန်၏ အခန်းထဲ၌ ပုန်းအောင်းနေရစဉ် ကတည်းက အေဘီဂေးလ် ပေးထားသည့် လိပ်စာအား ကြည့်၍ ရှန်ဟိုင်းမြို့ မြေပုံပေါ်၌ နေရာကို ရှာဖွေခဲ့၏။ ထို့ကြောင့်လည်း သူသည် နန်ကင်း လမ်းမကြီး၏ မျက်နှာချင်းဆိုင်ဘက်မှ ငါးထပ်တိုက် အဆောက်အဦအား အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့သည်။

အောက်ဘက် ပလက်ဖောင်းပေါ်မှ မော့ကြည့်လိုက်သည့်အခါ ခန်းဆီးများ တပ်ထားသည့် ပြတင်းပေါက်များ၏ အတွင်းဘက်မှ အပြင်သို့ ထွက်လာနေသည့် မီးရောင်များအား မြင်နေရ၏။ ဘာကြောင့်ရယ်မသိ သူ့ စိတ်ထဲတွင် လာလမ်းအတိုင်း အမြန်ပြန်သွားပြီး သင်္ဘောပေါ် ပြန်တက်ချင်စိတ် ပြင်းပြလျက်ရှိသည်။ သူ လိုက်လာသည့် ကုန်တင်သင်္ဘောသည် မနက် သုံးနာရီကျလျှင် ဟောင်ကောင်သို့ ပြန်လည် ထွက်ခွာသွားလိမ့်မည် မဟုတ်ပါလား။

သူ့ရင်ထဲ၌ ပေါ်လာသည့် ဆန္ဒမှာ ဖြစ်နိုင်သည့်ကိစ္စ မဟုတ်။ သူသည် လမ်းမကြီးကို ဖြတ်၍ အခန်းများ တည်ရာ အဆောက်အဦ ဝင်းထဲသို့ ဝင်လာသည်။ ထို့နောက် သူ့သမီး အေဘီဂေးလ် နေထိုင်ရာ လေးထပ်မှ အခန်းဆီသို့ တက်လာခဲ့ပြီး အခန်းတံခါးအား ခေါက်သည်။ တံခါးသည် ချက်ချင်း ပွင့်သွားသည်။ ဖွင့်ပေးသူမှာ သူ့သမီး အေဘီဂေးလ် ကိုယ်တိုင်ဖြစ်၏။ သူ့ခေါင်းမှ ခပ်အုပ်အုပ် ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်သည့်အခါကျမှ ဂျေကော့မှန်း သိသွားသော အေဘီဂေးလ်သည် များစွာ အံ့အားသင့်လျက် ရှိလေ၏။

"အဖေ၊ ဘယ်လို ဖြစ်လာတာ"

အံ့အားသင့်ခြင်း ကုန်ဆုံးသွားသည့်အခါ အေဘီဂေးလ်သည် သူ့အဖေအား အခန်းထဲသို့ ကပျာကယာ သွင်းကာ တံခါးကို ပိတ်လိုက်သည်။ ရုတ်တရက်သော် နှစ်ဦးစလုံး စကား မပြောနိုင်ကြ။ ဘာကဘယ်လို စ၍ ဘယ်စကားကို ပြောရမှန်းမသိ။ လွန်ခဲ့သော နှစ်ရက်ကတည်းက ကာအိုနှင့် အေဘီဂေးလ်တို့အတွက် သောက ကြီးခဲ့ရသော ဂျေကော့သည် အခုအချိန်ထိ စိတ်ဖြေလို့မရသေး။

"ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာရတာလဲ ဖေဖေ" ဟု အေဘီဂေးလ်က မေးသည်။ "ဝတ်ထားတဲ့ ဝတ်စုံတွေကလည်း ဘာတွေလဲ၊ အထူးအဆန်းတွေချည်း ဖြစ်ကုန်ပြီ"

"သမီးရဲ့စာ ရပြီးပြီးချင်း ဖေဖေ ထွက်လာခဲ့တာပဲ။ စာဖတ်ရတော့ သမီးအတွက် ဖေဖေ တအားစိတ်ပူသွားတယ်။ ဖေဖေ့ဘာသာ စီစဉ်ပြီး သင်္ဘောသားအတု လုပ်လာခဲ့တာ"

"ဟာ အဲဒါက ပိုပြီး အန္တရာယ်ကြီးတယ်။ အဖေ သင်္ဘောပေါက်အောင် သမီး ဘယ်လို ပြောရမလဲ"

ဂျေကော့က သက်ပြင်းချသည်။ "သမီး စာထဲမှာ ရေးထားတာတွေကြောင့် တစ်ခုတည်း မဟုတ်ဘူး။ အေဘီဂေးလ် ဟောင်ကောင်ကနေပြီး သိလာရတာက ယဉ်ကျေးမှု တော်လှန်ရေးဟာ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးကို ကြောက်စရာ ကောင်းလောက်အောင် ပျက်ပြားသွားစေတယ်တဲ့။ ဘယ်တော့ကျမှ ပြီးဆုံးမလဲ ဆိုတာလည်း ခန့်မှန်းလို့ မရဘူး။ အခြေအနေ အားလုံး အဆိုးဆုံး အခြေအနေကို မရောက်ခင် တရုတ်ပြည်က အမြန်ဆုံးထွက်ဖို့ တိုက်တွန်းမလို့လာတာ"

"ဖေဖေရယ်၊ အဲဒါကတော့ ဖေဖေ အစဉ်းစား အဆင်ခြင် ကြီးလွန်းပြီး အတွေးခေါင်လွန်းလို့ ဖြစ်မှာပါ" ဟု အေဘီဂေးလ်က ပြောသည်။ "ဒါပေမဲ့ ဒီက အခြေအနေကို သမီး သုံးသပ်ဝေဖန်တတ်ပါတယ်။ သမီး ထင်ထားတာကတော့ အခုချိန်ထိ သမီးမှာ ဘေးအန္တရာယ်နဲ့ ကြုံစရာ ရှာလို့ကို မတွေ့သေးဘူး"

"လောလောဆယ်တော့ ဘာမှ မဖြစ်သေးဘူးလေ၊ ဒါပေမဲ့ သေချာတာက မကြာခင် သမီးမှာ အန္တရာယ်နဲ့ တွေ့ဖို့များတယ်"

"ဖေဖေရယ် ထိုင်စမ်းပါဦး" ဟုပြောကာ မတ်တတ်ကုလားထိုင် တစ်လုံးအား လက်ညှိုးထိုးပြသည်။ သူသည် လက်ထဲတွင် ပါလာသည့် ပုလင်းများနှင့် ဖန်ခွက်များ တင်ထားသော လင်ဗန်းအား စားပွဲပေါ် ချပေးသည်။ "သမီးဆီမှာ စကော့ဝီစကီ တချို့ ရှိတယ်။ ဖေဖေ သောက်လိုက်ဖို့ လိုလိမ့်မယ်" ပြောပြောဆိုဆို အေဘီဂေးလ်သည် ဝီစကီကို ဖန်ခွက် နှစ်ခွက်ထဲ ထည့်သည်။ တစ်ခွက်ကို ဂျေကော့အား လှမ်းပေးပြီး ကျန်တစ်ခွက်ကို သူ ယူကာ ဂျေကော့နှင့် မျက်နှာချင်းရှို ဆိုဖာပေါ် ထိုင်ချလိုက်၏။ "ကဲပါ ဖေဖေရယ် သမီးအတွက် စိတ် တအားပူသွားတာ စာထဲမှာ ဘာရေးထားလို့လဲ"

ဂျေကော့သည် လက်ထဲမှ ဝီစကီ ဖန်ခွက်ကို မော့လိုက်သည်။ "သမီး စာထဲမှာ မေ-လင်းကို တိုက်ခိုက်နေတဲ့ ပိုစတာတစ်ခု ဖတ်လိုက်ရတယ်လို့ ရေးထားတယ် မဟုတ်လား"

"ဟုတ်တယ် ရေးထားတယ်"

"တရုတ် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မေ-လင်းကို ဟိုး တစ်ချိန်က "နိုင်ငံခြားသား နယ်ချဲ့သူလျှို တစ်ယောက်" ရဲ့ ကလေးကို ထိန်းပေးခဲ့ဖူးတာ ဝန်ခံခိုင်းထားတယ်လို့ သမီးစာထဲမှာ ရေးထားခဲ့တယ် မဟုတ်လား၊ အဲဒါကို

အကြောင်းပြုပြီး ငါ့သမီး ရှန်ဟိုင်းရောက်နေတာ သိသွားရင် အန္တရာယ် ပြုမှာ စိုးရိမ်ရတယ်လို့ ထင်တယ်"

"အဲသလောက်အထိ ဖြစ်ဖို့က အလားအလာ မရှိပါဘူး" ဟု အေဘီဂေးလ်က ဖြေသည်။ "သမီးရဲ့ အတိတ်ဇာတ်လမ်းကို များများစားစား သိတဲ့လူ ဒီမြို့မှာ အများကြီး မရှိပါဘူး"

"သမီးက တခြား လူတစ်ယောက်ကို ပြောမိခဲ့ရင်ကော"

"နိုင်ငံခြားသား မိတ်ဆွေ တစ်ယောက် နှစ်ယောက်ကိုတော့ ပြောမိခဲ့ဖူးတယ်"

"သူတို့က ကျောင်းသားတွေ ရှေ့မှာ အမှတ်တမဲ့ ပြောမိလို့ ကြားသွားရင်ကော၊ အဲဒါဆိုရင် ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ အများကြီး ရှိလာမှာ" ဂျေကော့က ပြောပြောဆိုဆို သူ့သမီးအား မော့ကြည့်သည်။ "သမီးအနေနဲ့ လုမေ-လင်းကို တွေ့ဖို့ကော စီစဉ်ပြီးပြီလား တွေ့ကော တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ၊ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တွေက ဖမ်းပြီး အကျယ်ချုပ်သဘောနဲ့ သူ့အိမ်မှာ ထားတာ၊ အခုမှ လွတ်လာတာ။ သမီး လွန်ခဲ့တဲ့ နှစ်ရက်က တစ်ညမှာ သူ့ဆီရောက်သွားပြီး စကားပြောခဲ့ရတယ်"

"သူ့ အခြေအနေ ဘယ်လိုရှိလဲ"

"သူ့မှာ ဖြစ်လာခဲ့ရတဲ့ အကြောင်းတွေကြောင့် ဝမ်းနည်းကြေကွဲပြီး စိတ်ထိခိုက် နေရှာတယ်။ ဒါပေမဲ့ စိတ်ဓာတ်က သိပ် ကြံ့ခိုင်ရုံမကဘူး နူးညံ့သိမ်မွေ့တယ်။ ပြီးတော့ သည်းခံနိုင်စွမ်း သိပ်ရှိတယ်။ အလွန့်ကို ထူးခြားတဲ့ မိန်းမ တစ်ယောက်ပါ"

"သမီး သိချင်တာတွေကို သူက အကုန် ပြောပြလိုက်သလား"

"ဟင့်အင်း မပြောဘူး၊ မေးလိုက်ရင် အဖေ့လိုပဲ၊ မဖြေဘူး၊ ရှောင်တယ်" အေဘီဂေးလ်သည် သူမ၏ ဝီစကီ ဖန်ခွက်အား စားပွဲပေါ် ပြန်ချထားလိုက်ပြီး စကားကို ထိန်းထိန်းသိမ်းသိမ်း ဆက်ပြောသည်။ "ဒါပေမဲ့ ၁၉၅၇-ခုနှစ် အတွင်းက ဖေဖေ သူ့ဆီ အလည်လာခဲ့တယ်၊ သူနဲ့ တွေ့ခဲ့တယ်၊ သမီးရဲ့ ဓာတ်ပုံကို ပြခဲ့တယ် ဆိုတာတွေကိုတော့ ပြောပြခဲ့တယ်။ ဖေဖေက အဲဒါတွေကို သမီးကို ပြောမပြခဲ့ဘူး၊ အဲဒါ ဘာပြုလို့လဲဟင်"

"အဲဒီအချိန်က ဘာမှ မပြောဘဲနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ သူ ထင်ဟန်တူပါရဲ့။ မေ-လင်းဟာ အလုပ်ကြမ်းနဲ့ ပြုပြင်ပေး ခံနေရတဲ့သူပါ။ သူ့အဖို့ ဝမ်းနည်းစရာ အဖြစ်တစ်ခုပါ"

ဂျေကော့သည် ထိုင်ရာမှ ထရပ်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ တစ်ခါတစ်ရံတွင် ရပ်၍ နံရံပေါ်မှ ပန်းချီကားများအား

ကြည့်သည်။ "သမီး ကြည့်ရတာ တစ်ယောက်ယောက်ကို မျှော်နေသလိုပဲ၊ ကာအိုကို မျှော်နေတာလား"

"သူ့ကို မျှော်နေတာလို့ အတိအကျ ပြောလို့ မရပါဘူး" ဟု အေဘီဂေးလ်က ပြောသည်။

ဂျေကော့သည် ရပ်နေရာမှ သူ့သမီးဘက်လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။ "ဒါဆိုရင် မင်းနဲ့ ကာအိုတို့ဟာ သိပ်ပြီး ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေပြီလား"

"ပြောမယ် ဆိုရင်တော့ ရပါတယ်" ဟု အေဘီဂေးလ်က ဒေါးစက်စက် လေသံဖြင့် တုံ့ပြန်သည်။ "ဒါပေမဲ့ ဒီကိစ္စဟာ အဖေနဲ့ ဘာမှ မဆိုင်ပါဘူး"

"ဖေဖေ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ အဖေနဲ့တော့ ဆိုင်တဲ့နေရာ ဆိုင်နေတယ်။ အဖေ့အနေနဲ့ မဆိုင်စေချင်ပါဘူး"

"ဖေဖေ ဘာဆိုလိုတာလဲ ဆိုတာ သမီး မတွေးတတ်တော့ဘူး"

ဂျေကော့က သူ့မျက်လုံးများအား စုံမှိတ်ထားလိုက်သည်။ "သမီးနဲ့ ကာအိုတို့ တွေ့နေတာကို မေ-လင်း သိသလား"

"သမီး မစဉ်းစားမိဘူး၊ မေ-လင်းအတွက်ကော ဘာကြောင့် စိတ်ဝင်စားရမှာလဲ"

"မေ-လင်းဟာ ကာအိုရဲ့အမေ"

အေဘီဂေးလ်က ခေါင်းခါသည်။ "သမီးတော့ မယုံဘူး"

"အဲဒါ အမှန်ပဲ၊ ဒါပေမဲ့ ဒီကိစ္စကို ရှင်းမပြခင်မှာ အဖေ မေ-လင်းနဲ့ တွေ့ရလိမ့်မယ်"

"အဖေက အခု တွေ့မှာလား"

ဂျေကော့က ခေါင်းညိတ်သည်။ "ဟုတ်တယ်၊ တွေ့မှဖြစ်မယ်၊ အဖေ စီးလာတဲ့ သင်္ဘောက မနက် သုံးနာရီ ပြန်ထွက်မှာ၊ အဖေ့မှာ အချိန်များများ မရှိဘူး၊ သမီး အဖေ့ကို မေ-လင်းဆီ ပို့ပေးပါ"

အေဘီဂေးလ်သည် အချိန်အတန်ကြာမျှ စကားပြန်မပေး။ ဆိုဖာထက်၌ မလှုပ်မယှက် ထိုင်ကာ စိတ်ရှုပ်ထွေးသော မျက်နှာထားဖြင့် သူမ အဖေအား ကြည့်နေသည်။ "တကယ်လို့ သမီးတို့ အပြင် သွားကြမယ်ဆိုရင် သမီး အဝတ်အစား လဲမှဖြစ်မယ်" ဟု အေဘီဂေးဘ်က ဆိုဖာပေါ်မှ ဖြည်းဖြည်းချင်း ထ၍ ပြောသည်။ "အဝတ်လဲရင် မကြာပါဘူး"

အေဘီဂေးလ်သည် ခန်းမတွင်းသို့ ဝင်သွားသည်။ အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက်ရှိသော ဂျေကော့သည် မလှမ်းမကမ်း၌ ချထား

သော ထမင်းစားပွဲလေး တစ်လုံးဆီသို့ မကြာခဏ လှမ်း လှမ်းကြည့်ကာ စိတ်မော လျက်ရှိ၏။ စားပွဲတွင် လူနှစ်ယောက်စာ နေရာ ပြင်ထားသည်။ မီးမထွန်းရသေး သော ဖယောင်းတိုင်စင် တစ်စင်လည်း ချထားသည်။

* * *

၁၀

မေ-လင်း၏ အိမ်ဝင်း ပတ်ပတ်လည် မြင်ကွင်းကား စိတ်ချမ်းမြေ့စရာမရှိ။ စိုးရိမ်ထိတ်လန့်ဖွယ်ရာများဖြင့်သာ ပြည့်လျက်ရှိ၏။ ခပ်ကြမ်းကြမ်း ရေးခြစ်ထားသော "ဘူဇ္ဇာမ ဖောက်ပြန်ရေးသမား သွေးစုပ်ဖုတ်ကောင် လုမေ-လင်း" ဟူသော ပိုစတာ စာတန်းကြီးကား ဂျေကော့၏ စိတ်အား တုန်လှုပ် ချောက်ချားစေခဲ့၏။

သူတို့ သားအဖ အောဘီဂေးလ်၏ အခန်းထဲမှ ထွက်လာခဲ့ပြီးနောက်တွင် မိုးသည် သည်းထန်စွာ ရွာချလာသည်။ လမ်းတစ်လျှောက်ရှိ ပိုစတာများပေါ်မှ အနီနှင့် အနက် စာလုံးများသည် မိုးရေများကြောင့် အားလုံး အထင်အရှား အပီအပြင် မမြင်ရတော့ဘဲ ဝိုးတိုးဝါးတား ဖြစ်ကုန်သည်။ အလဲလဲ အပြိုပြို ဖရိုဖရဲ ဖြစ်နေသော ပတ်ဝန်းကျင် မြင်ကွင်းသည် ဂျေကော့ စိတ်အား ညှိုးငယ်စေသည်သာမက ချက်ချင်း ပြန်လှည့်ကာ သင်္ဘောဆိပ်ဆီသို့ ပြန်သွားချင်စိတ် ပြင်းပြလာသည်။

မေ-လင်း အိမ်ရှေ့ ခြံဝရောက်သည့်အခါ အောဘီဂေးလ်သည် ဂိတ်တံခါး ဝ၌ ရပ်ကာ ခေါင်းလောင်းကြိုးအား ဆွဲလိုက်သည်။ သို့သော်လည်း ဂျေကော့က ရှေ့သို့ လျင်မြန်စွာ တိုးလာပြီး အောဘီဂေးလ်၏ လက်ကောက်ဝတ် ဆွဲကိုင်ထားလိုက်သဖြင့် ခေါင်းလောင်းကြိုးအား မဆွဲလိုက်နိုင်။ ဂိတ်တံခါး ပတ်ပတ်လည်တွင် ပိုစတာများသည် နေရာအနှံ့၌ ရှိနေ၏။ ဂျေကော့သည် သူ့သမီး အနီးကပ်ကာ စကား တိုးတိုးပြောသည်။

"မေ-လင်းကို အရင်ဆုံး ဖေဖေ တစ်ယောက်ထဲ တွေ့ချင်တယ်။ သမီးက ဒီနေရာမှာ နှစ်မိနစ်လောက် ခဏ စောင့်နေခဲ့၊ ပြီးမှ နောက်က လိုက်လာခဲ့"

အောဘီဂေးလ်၏ အခန်းမှ ထွက်လာကြကတည်းက နှစ်ဦးသား စကား မပြောဖြစ်ခဲ့ကြ။ အခုမှစ၍ ပြောခြင်း ဖြစ်သော်လည်း အောဘီဂေးလ်သည် သူ့အဖေ၏ စကားကို လက်ခံချင်ပုံ မရ။ "ဟောင်ကောင်ကို ပထမ တစ်ခေါက်

လာတုန်းကတည်းက မေ-လင်းနဲ့ တိတ်တဆိတ် ဆက်သွယ်ပြီး စကားပြောခဲ့တယ်။ ဘာလုပ်တယ်ဆိုတာ ဖုံးထားတယ်"

"အခုဟာက အရာရာတိုင်းကို သိမ်းချက်ချင်း သိရမှာပါ" ဟု ဂျေကော့က ပြောသည်။ "ဖေဖေ့ကို မေ-လင်းနဲ့ ခဏ တစ်ဖြုတ်ပဲ နှစ်ယောက်တည်း နေခွင့် ပေးပါ"

အောဘီဂေးလ်ထံမှ တုံ့ပြန်သံကို မကြားရမီမှာပင် ဂျေကော့သည် ဂိတ်တံခါးကိုဖွင့်၍ အိမ်ဝင်းထဲသို့ ဝင်သည်။ လူသွားလမ်းအတိုင်း လျှောက်သွားပြီး အိမ်ရှေ့တံခါးအား မခေါက်တော့ဘဲ ဆွဲဖွင့်လိုက်သည်။ ခန်းမထဲ ရောက်သည့်အခါ ဂျေကော့သည် အသံမပေးဘဲ လှေကားမှ တက်လာခဲ့လေ၏။

လှေကားတစ်ဖက်ရှိ နံရံများထက်မှ မေ-လင်းအား တိုက်ခိုက်ထားသည့် ပိုစတာ စာလုံးများသည် ဂျေကော့အား ဆီးကြိုနေသည့်နှယ် ထင်ရ၏။ အပေါ်ထပ် နံရံများထက်မှ ပိုစတာများအား မြင်နေရဆဲ။ အသံမပေးဘဲ တက်လာခဲ့ခြင်းဖြစ်၍ သူ့အပေါ် နားလည်မှု လွဲသွားမည်ကို စိုးရိမ်သော ဂျေကော့သည် အသံပေးသည်။

"မဒမ် လုမေ-လင်း ရှိပါသလား" ဟု ဂျေကော့က တရုတ်ဘာသာဖြင့် အော်၍မေးသည်။

"ဘယ်သူများပါလိမ့်"

မေ-လင်း၏ အသံသည် နူးညံ့ သိမ်မွေ့လှသည်။ အသံအား ချက်ချင်း မှတ်မိလိုက်သော ဂျေကော့သည် ရင်ထဲတွင် တုန်လှုပ်မိသည်။ သူသည် လှေကားထိပ်သို့ ရောက်သည့်အခါ အခန်းဝမှ ရပ်ကြည့်နေသော မေ-လင်းနှင့် မျက်နှာချင်း ဆိုင်မိသည်။

"တခြားလူ မဟုတ်ဘူး မေ-လင်း... ဂျေကော့လေ"

မေ-လင်းသည် မလှုပ်မယှက် ရပ်နေသည်။ ဂျေကော့ မျက်နှာကို ကြည့်နေသော်လည်း ဘာစကားမှ မပြော။

"မကြောက်ပါနဲ့ မေ-လင်း" ဟု ဂျေကော့က ရှေ့သို့တိုးလာပြီးပြောသည်။ "အောဘီဂေးလ်က နံရံကပ် ပိုစတာတွေထဲမှာ မင့် နာမည် တွေ့တယ်လို့ ကိုယ့်ဆီ စာလှမ်းရေးလို့၊ မင့်ကို ကူညီနိုင်စရာများ ရှိမလားလို့ လိုက်လာတာ"

မေ-လင်း၏ ကျူးနစ်အင်္ကျီနှင့် ဘောင်းဘီသည် ပုံမကျ ပန်းမကျ၊ ဆံပင်များမှာ ဖရိုဖရဲ။ သို့တစေလည်း မေ-လင်း၏ အလှသည် သူ့စိတ်အား လှုပ်ရှားစေလျက်ပင်ရှိသည်။

"ဂျေကော့ရယ်၊ ရှင် မလိုက်လာသင့်ဘူး၊ ဖြစ်နိုင်ရင် ချက်ချင်း ပြန်ပါ" ဟု မေ-လင်းက ပြန်ပြောသည်။

"ဒီမယ် မေ-လင်း၊ ကိုယ် ကုန်တင်သင်္ဘော တစ်စီးနဲ့ လိုက်လာခဲ့တာ၊ မေ-လင်းရဲ့ အခြေအနေကို သိချင်လို့" သူသည် မေ-လင်း၏ ပါးတစ်ဖက်အား လှမ်းကိုင်သည်။ "မေ့-လင်းအပေါ် ထားနေတဲ့ ကိုယ့်ခံစားချက်ဟာ ဘယ်တော့မှ မပြောင်းပါဘူး"

"မဟုတ်သေးဘူး ဂျေကော့" ဟု ပြောကာ မေ-လင်းက နောက်သို့ ဆုတ်သွားသည်။ "မေ-လင်း တစ်ယောက်တည်း မဟုတ်ဘူး"

မေ-လင်းသည် နောက်သို့ လှည့်ကြည့်သည်။ ထိုအခါကျမှပင် ပထမဆုံး အကြိမ် ယောကျ်ား တစ်ယောက် ထိုင်နေသည်ကို ဂျေကော့ သတိထားမိ၏။ ထိုလူ ထိုင်နေသည်မှာ ပရိဘောဂ အပျက်အစီးပုံများ ကြား၌ ရှိနေသည့် စားပွဲတွင် ဖြစ်သည်။ မော်၏ ခတ်ပုံများမှာ နံရံများ၌ ကပ်ထားသည်။ "ပုပ်စော်နံနေသော ဘူဇွာမ အသိပညာရှင် လု" ဟူသော စာလုံးများသည် နံရံများထက်တွင် အပြည့်။ ဂျေကော့ ကြည့်နေခိုက်မှာပင် ထိုင်နေသူသည် ကုလားထိုင်မှ ထကာ သူ့ထံ လျှောက်လာနေသည်။

"ဒါ မေ-လင်းသား ကာအိုလေ" ပြောပြောဆိုဆို မေ-လင်းသည် အခန်းထဲသို့ ပြန်ဝင်သည်။ မေ-လင်း၏ အသံသည် ဘယ်လိုပဲထိန်းထိန်း တည်ငြိမ်ခြင်း မရှိ။ တုန်ယင်လျက် ရှိသည်။ ကြောက်လန့်ခြင်းသည် သူမ၏ မျက်လုံးအစုံတွင် ထင်ဟပ်နေသည်။ "ကာအို၊ ဒီဟာ ဂျေကော့ ကယ်လ်နာ"

ဂျေကော့သည် အသက် သုံးဆယ်တွင်း အရွယ် လူချော လူလှတစ်ဦး ဖြစ်သော တရုတ်လူရွယ်အား ကြည့်ကာ ရင်ထဲ၌ တင်းကျပ် စိတ်မောလျက်ရှိ၏။ ကာအိုသည် ယခုအချိန်ထိ ကေဒါဝတ်စုံ နက်ပြာရောင်အား ဝတ်ထားသည်။ သူသည် ဂျေကော့အား စူးစူးရဲရဲ ကြည့်နေသည်။ သူ့ မျက်နှာထားသည် မယုံသင်္ကာဖြစ်ခြင်းကို ဖော်ပြလျက်ရှိ၏။

"တို့ ပေ-တ တက္ကသိုလ်မှာ ၁၉၅၇-ခုနှစ်က ခဏတစ်ဖြုတ်ဆုံခဲ့ဖူးတယ်" ဟု ဂျေကော့က ပြောသည်။ "ကိုယ့်သမီး အေဘီဂေးလ်နဲ့ ကိုယ်ဟာ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖြစ်နဲ့ လာကြတာလေ၊ တို့ သားအဖ မင်းနဲ့ လက်ဆွဲ နှုတ်ဆက်ခဲ့ကြသေးတယ်လေ"

ကာအိုက ခေါင်းညိတ်သည်။ သို့သော်လည်း သူ၏ ရန်လိုသော မျက်နှာထားကား ပျောက်မသွားသေး။ "ကျွန်တော့် အမေကို ခင်ဗျား ဘယ်လိုသိခဲ့တာလဲ မစ္စတာ ကယ်လ်နာ"

"မင့်အမေနဲ့ ကိုယ်နဲ့က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တွေ့ခဲ့ကြတာ။ တို့နှစ်ယောက်ဟာ ခရီးသည်တင် သင်္ဘောတစ်စီးနဲ့ သာသနာပြု လုပ်ဖို့ တမျှတ်ပြည်ကို လာခဲ့တာပါ။ မင့်အမေက ဥရောပဘက်မှာ ပညာသင်ပြီး ပြန်

လာတာပါ။ တို့နှစ်ယောက် အဲဒီ သင်္ဘောပေါ်မှာ ခရီးသည်အဖြစ် ဆုံခဲ့ကြတာပါ။ တပ်နီ စစ်တပ်ရဲ့ သုံ့ပန်းဘဝကို ကိုယ် ရောက်လာတော့ မင့်အမေနဲ့ ထပ်တွေ့ရပြန်တယ်။ ခရီးရှည် ချီတက်ပွဲကြီး အတွင်းမှာ မင့်အမေဟာ ကိုယ့်သမီး အေဘီဂေးလ်ကို ပြုစုစောင့်ရှောက်ခဲ့တယ်"

ကာအိုး၏ မျက်စိပေါက်များသည် ကျဉ်းမြောင်းသွားသော်လည်း ဂျေကော့ထံမှ ကြားသိရသမျှ သတင်းများအား လက်ခံသည့် သဘောအား သူ့ မျက်နှာတွင် မြင်ရ၏။ "အခု ရှန်ဟိုင်းကို ပြန်လာတာဟာ သမီးကို ကူညီဖို့ ဆိုပါတော့၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒီကို ပြန်လာတဲ့ အကြောင်းရင်းတွေထဲမှာ ဒီတစ်ချက်လည်း ပါတယ်"

"မစ္စတာကယ်လ်နာကို ကျွန်တော် မေးချင်တယ်။ ခင်ဗျားလို လူ တစ်ယောက်က ကျွန်တော့် အမေကို ဘယ်လို ကူညီနိုင်မှာလဲ"

ဂျေကော့သည် ချက်ချင်း အဖြေ မပေးနိုင်။ တစ်ခဏမျှ စဉ်းစားနေသည်။ "လွန်ခဲ့တဲ့ နှစ် အနည်းငယ်က မင့်အမေကို ကူညီ စောင့်ရှောက်ပေးဖို့ ထိပ်တန်း အဆင့် အရာရှိကြီးတွေနဲ့ စကား ပြောခဲ့ဖူးတယ်" သူသည် များစွာ အံ့အားသင့်ပြီး ကြည့်နေသော မေ-လင်းအား လှည့်ကြည့်သည်။ "ကိုယ် အဲဒီတုန်းက ချီယာအိုရဲ့ အကူအညီကို ယူပြီး လုပ်ခဲ့ရတာပါ" ဟု ပြောသည်။ "မင့်ကို ကျောက်မီးသွေးတွင်းက လွှတ်ပေးဖို့ ကိစ္စပါ"

ကာအိုး၏ မျက်နှာထားသည် ထိုစကား ကြားသည့်အခါ အံ့အားသင့်သွားပုံ ရသည်။ သို့သော်လည်း သူ့အကြည့်ကား တင်းမာဆဲ၊ "ဒီလိုဆိုရင် ဒီညဒီကို လာတာဟာ တခြား ဘာအကြောင်းတွေ ရှိသေးလဲ" ဟုမေးသည်။

ဂျေကော့သည် သူ့ မျက်လုံးများ၏ အကြည့်ကို မေ-လင်းထံမှ မခွာ၊ ကာအိုး၏ အမေးအား မေ-လင်းကို ကြည့်၍ ဖြေသည်။ "အေဘီဂေးလ်က မင့်ကို တိုက်ခိုက်နေတဲ့ ပိုစတာတွေ မြင်ရတယ်လို့လည်း ရေးတယ်။ သူ ကာအိုနဲ့ ထပ်တွေ့ရပြန်ပြီလို့လည်း ရေးတယ်။ ပြီးတော့ သူတို့ နှစ်ယောက် အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်လာပြီလို့လည်း ရေးတယ်။ အဲဒီတော့ ကိုယ် ဘာကြောင့် လာရတယ်ဆိုတာ မင်း နားလည်ရောပေါ့ မေ-လင်းရယ်"

ဂျေကော့၏ စကားများသည် မေ-လင်းအတွက် ထိထိခိုက်ခိုက်ဖြစ်ရ၏။ သူမ၏ မျက်နှာထားသည် ချက်ချင်းပင် တင်းသွားပြီး သူမ၏ သားအား လှည့်ကြည့်သည်။ "အခု မစ္စတာကယ်လ်နာ ပြောတာ အမှန်ပဲလား ကာအို"

ကာအို့ မျက်လုံးများသည် စိတ်မသက်သာခြင်းကို ဖော်ပြနေသည်။ ထိုအခိုက်မှာပင် အေဘီဂေးလ်သည် အခန်းထဲသို့ ဝင်လာသည်။ သူသည် အခန်းထဲမှ လူများ ပြောနေသမျှကို အပြင်မှ နားထောင်နေသည်မှာ ထင်ရှားသည်။

"အမှန်ပဲ မေ-လင်း။ ဒါပေမဲ့ ရှင့်ကိုရော ကျွန်မ အဖေကိုပါ သောက ဖြစ်စရာ မလိုတဲ့ ကိစ္စပါ"

"မင်း အမေ့ကို သိတယ်လို့ ဘာ့ကြောင့် ကိုယ့်ကို မပြောတာလဲ" ဟု ကာအိုက ခပ်တိုးတိုး နှစ်ကိုယ်ကြား လေသံဖြင့် အေဘီဂေးလ်အား မေးသည်။ "အဲဒီအချက်ကို ဘာပြုလို့ ကိုယ် မသိအောင် ဖုံးထားရတာလဲ"

"ရှင် မသိအောင် မဖုံးခဲ့ပါဘူး" ဟု အေဘီဂေးလ်က ပြန်ဖြေသည်။ "ကျွန်မ သူ့ကို ပထမဆုံးအကြိမ် ဆုံမိခဲ့တာ လွန်ခဲ့တဲ့ နှစ်ရက်ကမှပါ။ အခုကိစ္စကို ဒီည ကျွန်မ အဖေ ရောက်လာမှ သိခဲ့ရတာပါ"

မေ-လင်းသည် အေဘီဂေးလ်နှင့် ကာအိုတို့အား အံ့အားသင့်ပြီး ကြည့်နေသည်။ သူမ၏ နှုတ်မှ အော်သံ တစ်ချက်မျှ ကြားလိုက်ရ၏။ သူမ၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားသည်။ မျက်နှာအား လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်မျှ ငိုကြွေးလျက်ရှိလေ၏။

"အမေက ဘာဖြစ်နေတာလဲ" ဟု ကာအိုက ဂျေကော့အား ကြည့်၍ မေးသည်။ မေ-လင်း၏ ငိုသံကို ကြားလိုက်ရသော အေဘီဂေးလ်သည် မေ-လင်း အနီးသို့ လျှောက်သွားကာ လက်တစ်ဖက်ဖြင့် ပခုံးကို ဖက်ထားလိုက်သည်။

"မင့်အမေက အမှန်ကို မင်း ဘယ်တော့မှ သိမှာ မဟုတ်ဘူးလို့ မျှော်လင့်ခဲ့တယ်" ဟု ဂျေကော့က ဝင်ပြောသည်။

"ခင်ဗျား ပြောနေတဲ့ 'အမှန်တရား'က ဘာလဲ" ဟု ကာအိုက ထပ်မေးသည်။

"မင့်ကို မွေးဖွားတာနဲ့ ဆက်စပ်နေတဲ့ 'အမှန်တရား'ကို ပြောနေတာ၊ မင်းက မင့်အဖေဟာ ဂျပန်တွေကို တိုက်ရင်း ကျဆုံးသွားရတယ်လို့ အမြဲ ယုံကြည်နေတယ်၊ အဲဒီ အချက်ဟာ မမှန်ဘူး"

"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

"မင့်အမေ လက်ထပ်ခဲ့တဲ့လူဟာ မင့်အဖေ အစစ် မဟုတ်ဘူး" ဂျေကော့အသံသည် တုန်ယင်လျက်ရှိ၏။ "ငါဟာ မင့် အဖေပဲ"

ကာအိုသည် မိုးကြိုးအထိမှန် ခံရသူလိုဖြစ်ကာ ပါးစပ်အဟောင်းသား ဖြင့် ဂျေကော့အား ကြည့်နေသည်။ အေဘီဂေးလ် ကိုယ်တိုင်မှာလည်း ပါးစပ် ဟောင်းလောင်း ပွင့်ကာ ထိတ်လန့်တကြားဖြင့် ဂျေကော့အား ကြည့်နေသည်။

"အဲဒါ အမှန်ပဲ ကာအို" ဟု မေ-လင်းက ငိုရှိုက်နေရာမှ ပြောသည်။ မျက်နှာအား အုပ်ထားသည့် လက်များအား ဖယ်လိုက်သဖြင့် မျက်ရည်စွန်းနေသော မျက်နှာသည် ပေါ်လာသည်။ "အမေ့အနေနဲ့ မဟာဆီးနှင်း တောင်တန်း

ကြီးတွေ ပေါ်မှာ အေဘီဂေးလ်ကို လက်ခံပြီး ပြုစုပေးခဲ့ရတာ။ အေဘီဂေးလ်ဟာ တွယ်ရာမဲ့ နေရှာတဲ့ နှီစို့ကလေးပါ။ သူ့ သေသလား၊ ရှင်သလား ဆိုတာတောင် သူ့ အဖေ မသိရှာဘူး။

"တစ်ညမှာ သူ့အဖေဟာ သူ့အစောင့်တွေ မသိအောင် လစ်ထွက်လာပြီး အဖြစ်မှန်ကို သိချင်လို့ လိုက်ရှာတယ်။ သူ ထွက်အလာမှာ နှင်းမုန်တိုင်းကြီး ကျလာတယ်။ အစာရေစာလည်း မစားရ၊ လာရတဲ့ ခရီးကလည်း တအားပင်ပန်းတော့ အမေက သူ့ကို တဲမှာထားပြီး ပြုစုခဲ့ရတယ်"

မေ-လင်းသည် မျက်လုံးများအား စုံမှိတ်ထားသည်။ အမှတ်တရ ဖြစ်ရပ်အားလုံးသည် သူ့စိတ်အာရုံတွင် ထင်ဟပ်လာသည်။ အေဘီဂေးလ်၊ ကာအိုနှင့် ဂျေကော့တို့သည် စိတ်ပင်ပန်းကြီးစွာဖြင့် ငြိမ်ဆိမ်နေကြသည်။ "သူက သူ လွတ်တဲ့ နေ့ကျရင် သူ့ကို လက်ထပ်ဖို့ တောင်းခံခဲ့တယ်။ ဒါပေမဲ့ အမေက အမေ အသက်ရှင်သမျှ ကာလပတ်လုံး တော်လှန်ရေးကြီးအတွက် အလုပ် လုပ်သွားမယ်လို့ ဆုံးဖြတ်ထားလေတော့...၊ မင့်ကို နောက်တစ်နှစ် မတ်လထဲမှာ မွေးခဲ့တယ် ကာအို"

"မင်း ရှိနေတယ်ဆိုတာ ၁၉၅၇-ခုနှစ်အထိ ငါ မသိခဲ့ဘူး ကာအို" ဟု ဂျေကော့က ပြောသည်။ "အဲဒီတုန်းက ဒီကမ္ဘာလောကကြီးထဲမှာ ငါ အဖြစ်ချင်ဆုံးဆန္ဒက မင့်အမေကို လက်ထပ်ဖို့ပဲ၊ ဒါပေမဲ့ သူက ငြင်းနေတော့ ငါ ဘာမှ လုပ်လို့ မရတော့ဘူး၊ အေးလေ၊ အရာရာတိုင်းကို ဖုံးကွယ်မထားဘဲ မင်း သိအောင် ပြောပြလိုက်ရင်တော့ မင်း နားလည်သွားမှာပါ"

"ခင်ဗျား ကျုပ်ကို နောက်ထပ် ဘာမှ ရှင်းပြစရာ မလိုတော့ဘူး" ဟု ကာအိုက ဒေါသတကြီး အော်ပြောသည်။ "ခင်ဗျား ပြောတာ လုံလောက်နေပြီ" သူသည် လက်သီးများကို ဆုပ်ထားသည်။ ဂျေကော့အား ထိုးတော့ကြိတ်တော့ မည်ဟုပင် ထင်ရ၏။ သူသည် သူ့ အမေအား လှည့်ကြည့်သည်။ "ခင်ဗျား ဘယ်လို လုပ်တာလဲ ဟင်၊ နှစ်ပေါင်းများစွာ လိမ်ထားတယ်"

"အမေ လိမ်ထားခဲ့တာဟာ မင့်အတွက်ပါ။ မင်း စိတ်ထိခိုက်ပြီး မခံစားရအောင်ဆိုတဲ့ စေတနာနဲ့ လုပ်ခဲ့မိတာပါ" ဟု မေ-လင်းက အသနားခံသည့် လေသံဖြင့် ပြောသည်။ "မင့်ကို ကူညီဖို့အတွက် လိမ်ပြောခဲ့ရတာပါ၊ အမေက တော့ တစ်သက်တာပတ်လုံး မင့်ကို အမှန်အတိုင်း မသိစေချင်ဘူး"

"သိပ် မပြင်းထန်ပါနဲ့ ကာအို" ဟု ဂျေကော့က ကြားဖြတ် ပြောသည်။ "မင့်အမေရဲ့ လုပ်ရပ်တွေဟာ ဂုဏ်သိက္ခာနဲ့ ပြည့်နေတာပါ။ မင့်အပေါ်မှာ စေတနာ မေတ္တာ အပြည့်နဲ့ပါ။ စဉ်းစားချိန်ဆပြီး လုပ်ဖို့ တို့ဘက်က ကြိုးစားသင့်ပါတယ်"

ကာအို့ မျက်လုံးအစုံသည် ဒေါသအရှိန်ဖြင့် ဝင်းဝင်းတောက်လျက်ရှိ၏။ "ဘာတွေပဲပြောပြော၊ ခင်ဗျားဟာ ကျုပ်အဖေ မဟုတ်ဘူး" ဟု အော်သည်။ "ခင်ဗျားဟာ ကျုပ်အတွက် ဘာမှ မဟုတ်ဘူး၊ တရုတ်ပြည်ထဲကို မတရားခိုးဝင်လာတဲ့ လူ၊ ဒီည ဒီနိုင်ငံထဲက ပြန်မထွက်ရင် ခင်ဗျားကို သူလျှိုမှုနဲ့ ဖမ်းဖို့ ကျုပ် ကိုယ်တိုင် အမိန့် ထုတ်လိုက်မယ်"

"ကာအို၊ ဒါမျိုး မလုပ်ပါနဲ့လား" အေဘီဂေးလ်သည် မေ-လင်း အနီးမှ ခွာသွားပြီး ကာအို့ လက်မောင်းအား ဆုပ်ကိုင်ထားသည်။ "အေဘီဂေးလ်နဲ့ တိုင်ပင်ကြသေးတာပေါ့"

"မလိုဘူး" ဟု ကာအိုက ပြောသည်။ "ငါ သောက်ရူးဖြစ်ခဲ့တာပါလား"

"မဟုတ်သေးပါဘူး၊ ကာအိုမှာ အပြစ် မရှိပါဘူး၊ အပြစ်တင်စရာ လုံးဝ မလိုဘူး" ဟု အေဘီဂေးလ်က ပြောသည်။ "ကျွန်မတို့ နှစ်ယောက် တစ်ယောက်အပေါ် တစ်ယောက် ထားခဲ့ကြတဲ့ သဘောထားဟာလည်း အမှန်စင်စစ်တော့ မမှားပါဘူး၊ ဒါတွေ အားလုံးဟာ..."

"လာပြောမနေနဲ့" ကာအိုသည် သူ့လက်ကို အေဘီဂေးလ်လက်ထဲမှ ဆောင့်ရုန်းလိုက်သည်။ "ငါ မင့်ကို သတိရရင် ရွံရှာစက်ဆုပ်စိတ်နဲ့ပဲ သတိရမယ်၊ ငါ့စိတ်ထဲမှာ ဂျပန်ကို တိုက်ပြီး သေသွားတဲ့လူဟာ ငါ့အဖေပဲ"

ကာအိုသည် ဂျေကော့အား ဒေါသတကြီး ကြည့်သည်။ ထို့နောက် မေ-လင်းဘက် လှည့်ကြည့်ကာ "ကျုပ် သိပ်ရှက်တယ်" ဟု ပြောသည်။ "ခင်ဗျား ကျုပ်ကို ခင်ဗျား သားလို့ လုံးဝ မပြောနဲ့"

ကာအိုသည် အခန်းထဲမှ ဝုန်းခနဲ ထွက်သွားပြီး လှေကားမှ ပုန်းဒိုင်းကြ၍ ဆင်းသွားသည်။ ခြံဝင်း ဂိတ်တံခါး ပြုတ်ကျသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မေ-လင်းသည် ရှိုက်ကြီးတငင် ငိုကြွေးကာ နီးရာ ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည်။

"ကိုယ်နဲ့ သင်္ဘောကို လိုက်ခဲ့ပါလား မေ-လင်းရယ်" ဟု ဂျေကော့က ပြောသည်။ သူသည် မေ-လင်းအနီးသို့ သွားကာ ပခုံးကို ကိုင်ထားသည်။ "ဘာပဲဖြစ်ဖြစ် မင့်ကို နိုင်ငံခြားခေါ်သွားဖို့ ကိုယ်အမြဲ နည်းလမ်းရှာနေခဲ့တာ ကြာပြီ"

"အို မဖြစ်ဘူး၊ မလုပ်ပါနဲ့ ရှင်တစ်ယောက်တည်းပဲ သွားပါ"

ဂျေကော့သည် ကြံရာမရ မျက်နှာထားဖြင့် မေ-လင်းအား ကြည့်နေသည်။ အခန်းထဲတွင် အပြင်ဘက်၌ ရွာနေသည့် မိုးသံမှတစ်ပါး အခြား ဘာသံမှ မကြားရ။ အေဘီဂေးလ်သည် ဂျေကော့အား နာကျင်ခြင်းနှင့် သနားခြင်းတို့ ရောစွက်နေသော မျက်နှာထားဖြင့် လှမ်းကြည့်နေသည်။

“အဖေ စိတ်မကောင်း ဖြစ်ရပါတယ်၊ အေဘီဂေးလ်ရယ်” ဟု ဂျေကော့က တစ်ဆို့ဆို့ လေသံဖြင့် ပြောသည်။ “တကယ်ပါ အဖေ စိတ်မကောင်းပါဘူး၊ သမီး ဟောင်ကောင်ကို ပြန်လိုက်လာခဲ့မယ် မဟုတ်လား၊ သမီးအတွက် ဟောင်ကောင်ဟာ လုံခြုံရာနေရာ မဟုတ်လား သမီးရယ်”

မျက်ရည်များသည် အေဘီဂေးလ်၏ မျက်လုံးများထဲတွင် လျှံထွက်လာသည်။ “အဖေ စီစဉ်ပေးနေတဲ့ လုံခြုံမှုမျိုးကို သမီး မလိုချင်ဘူး၊ အဖေဟာ သမီးရဲ့ ငယ်ဘဝမှာ ပျက်ကွက်ခဲ့တဲ့ လူတစ်ယောက်ပါ။ အရာရာတိုင်းကို လျှို့ဝှက်ပြီး အဖေ့ ရင်ထဲမှာပဲ သိမ်းဆည်းထားခဲ့တဲ့ လူပါ။ အဖေဟာ တခြားလူတွေအပေါ် သစ္စာစောင့်သိမှုရဲ့ နောက်မှာသာ သမီးကို သိမ်းထားတဲ့ လူပါ”

“ဒါပေမဲ့ သမီး ဘာဆက်လုပ်မှာလဲ၊ သမီး ဒီမှာ နေလို့မှ မဖြစ်တာ”

“ဘာ... သမီး ဒီမှာ နေလို့ မရဘူး၊ ဟုတ်လား” ဟု အေဘီဂေးလ်က ရေရွတ်သည်။ “သမီး ဒီကိုလာတာ စာသင်ဖို့၊ သမီးရဲ့ ဘဝဟာ ဒီမှာပဲရှိတယ်၊ သမီး တာစူနေတဲ့ ဘဝကို အဖျက်ဆီး မခံနိုင်တော့ဘူး၊ ဒီမှာပဲနေပြီး ကျလာတဲ့ မုန်တိုင်းကို ရင်ဆိုင်ရမှာပဲ၊ သမီးရဲ့ဘဝကို နောက်ထပ် ဖျက်ဆီးဖို့တော့ မကြိုးစားပါနဲ့တော့”

အေဘီဂေးလ်သည် နောက်သို့ ပြန်လှည့်ကာ ယခုအချိန်ထိ ငိုယိုနေဆဲဖြစ်သော မေ-လင်း၏ ကုလားထိုင်ဘေး၌ ထိုင်လိုက်သည်။ လက်တစ်ဖက်ဖြင့် မေ-လင်းပခုံးအား ဖက်ထားလိုက်သည်။ ဂျေကော့သည် သူ့သမီးအား ငေးကြည့်နေသည်။

“သူ့ကို ကျွန်မ ကြည့်ထားမယ်” ဟု ပြောသည်။ “အဖေ့ အနေနဲ့ ဒီမှာ လုပ်စရာ ဘာမှ မရှိတော့ဘူး၊ အခု ပြန်သွားရင် ကောင်းမယ်လို့ ထင်တယ်”

ဂျေကော့သည် အမှိုက်သရိုက်များ ကျနေသည့် အခန်းထဲမှ ဖြတ်၍ လှေကားမှ ဆင်းသွားသည်။ သူသည် နောက်သို့ တစ်ချက်ကလေးမှ လှည့်မကြည့်၊ အပြင်တွင် မိုးသည် သည်းထန်စွာ ရွာလျက်ရှိသော်လည်း သူ့ဂျက်ကက် အကျီထဲ၌ ထည့်ထားသည့် ကက်ဦးထုပ်ကို ထုပ်ယူပြီး မဆောင်း။ သူ့ခြေထောက်များသည် သင်္ဘောဆိပ်သို့ ဦးတည်ပြီး သွားနေသည်။ သူ့ ဦးခေါင်းနှင့် သူ့ အဝတ်အစားများသည် မိုးရေဖြင့် စိုရွှဲလျက် ရှိလေသည်။

* * *

၁၁

မာရှယ် လု ချီယာအိုသည် သူ့မျက်လုံးများအား စုံမှိတ်ထားသည်။ မျက်နှာထား ဆိုးဆိုးနှင့် သုန်သုန်မှုန်မှုန် ရှိလွန်းလှသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးသည် ပီကင်းမြို့ပြင်ဘက်ရှိ စစ်တန်းလျားများအတွင်းရှိ မြေအောက်အကျဉ်းခန်း၏ သံမဏိတံခါးကိုဖွင့်၍ ဝင်လာသည်။ သူ့လက်ထဲတွင် သံကြေးတက်နေသော ဆယ့်ကိုးရာစု ညှဉ်းပန်းနှိပ်စက်ရေး သံခမောက်တစ်လုံး ကိုင်လာသည်။

ဤသံခမောက်မှာ နေ့စဉ် နံနက်တိုင်း ချီယာအို၏ ဦးခေါင်း၌ တစ်နာရီကြာမျှ တပ်ဆင်ပေးထားခြင်း ခံနေရသည်မှာ သုံးရက်မျှ ရှိခဲ့ပြီ။ ဤ သံခမောက်မှ ရရှိ ခံစားခဲ့ရသော နာကျင်မှုမှာ ချီယာအိုအဖို့ သတိရတိုင်း ပြင်းပြင်းထန်ထန် ပြန်လည် ခံစားနေရဆဲဖြစ်၏။ အထူးသဖြင့် သံခမောက်အား သတိရတိုင်း စိတ်ထဲ၌ ကြောက်ရွံ့တုန်လှုပ်ခြင်းသည် ဖြစ်ရသည်။

ချီယာအို၏ လက်နှစ်ဖက်မှာ နောက်ပြန် လက်ထိတ်ခတ်ထားသဖြင့် လှုပ်ရှား၍မရ အချိန်တွေ သိပ်ကြာလာသည့်အခါ လက်ထိတ်များနှင့် အပွတ်အတိုက်များသော လက်ကောက်ဝတ် နှစ်ဖက်စလုံးတွင် ဒဏ်ရာများရကာ သွေးသံရဲရဲ ဖြစ်လာသည်။ လက်ကောက်ဝတ်များမှာ ကြည့်၍ မကောင်းအောင် ပင် ရောင်ကိုင်း လာသည်။ သူသည် နံရံအား ကျောပေးကာ အင်္ဂတေ ကိုင်ထားသော ခုံတန်းလျားပေါ်၌ ထိုင်နေခြင်း ဖြစ်၏။ တပ်နီ လုံခြုံရေး တပ်သားသည် ပေါင် ငါးဆယ် လေးသော သံခမောက်အား ချီယာအို၏ ဦးခေါင်းတွင် တပ်ဆင်ပေးလျက် ရှိသည်။ သံခမောက်၏ လေးဖက်စလုံးမှ ဝက်အူများအား ကျပ်အပြီးတွင်မူ ချီယာအို၏ ဦးခေါင်းသည် လှုပ်ရှား၍ မရတော့ချေ။

“မင်းနဲ့တော့ အလွန် သင့်တော်တဲ့ ခေါင်းဆောင်းပဲကွ အလွန် အရှက်ကင်းမဲ့တဲ့ တန်ပြန် တော်လှန်ရေးသမား၊ နိုင်ငံခြား အရင်းရှင်တွေရဲ့ လက်ဝေခံ

မင်းလို လူစားအတွက်ကတော့ ဒီပစ္စည်းမျိုးဟာ အထိုက်တန်ဆုံး ဦးခေါင်းတန်ဆာ မကိုင်ရုံပဲပေါ့"

အသက်ကြီးကြီး တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်မှာ လီအန်၏ အိမ်သို့ ဝင်ရောက်တိုက်ခိုက်သော အဖွဲ့အား ကြီးကြပ်ခဲ့သူ ဖြစ်၏။ ထိုညက သူသည် လီအန့်အိမ် တံခါးဝမှနေ၍ လီအန်အား ရိုင်းရိုင်းစိုင်းစိုင်း ယုတ်ယုတ်မာမာ စွပ်စွဲပြောဆိုခဲ့သူဖြစ်သည်။ ယခုလည်း သူသည် မလိုတမာသံဖြင့် ချီယာအိုအား စော်ကားမော်ကား ပြောဆိုလျက်ရှိလေသည်။

"ဒီ မကိုင်ရုံမျိုးကို ပီကင်းမှာ ၁၉၄၇-ခုနှစ်ကတည်းက ချန်ကေ-ရှိတ်ရဲ့ ထောင်မှူးတွေ သုံးခဲ့တာကွ၊ သိလား။ သူတို့ရဲ့ သားကောင်တွေက ဥက္ကဋ္ဌကြီး မော်အပေါ် သစ္စာရှိခဲ့တဲ့ ကွန်မြူနစ်တွေပေါ့၊ မင်းလို ဖောက်ပြန်ရေးသမား သစ္စာဖောက် မဟုတ်ဘူး။ မင်းလို တရုတ်နိုင်ငံရဲ့ ကန္တာရှက်လည်း မဟုတ်ဘူးကွ၊ သိလား"

ချီယာအိုသည် ခေါင်းထောင်၍ ကြည့်သည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်အတွင်းက သူ့အား ဖမ်းဆီးပြီး ဤ မြေအောက် အချုပ်ခန်းထဲသို့ ပို့ထားခဲ့ခြင်းဖြစ်၏။ သူ့အနေဖြင့် တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များမှတစ်ပါး အခြားဘယ်သူ့ ကိုမှ မမြင်ရ။ သူ့အား အချုပ်ခန်းထဲ သွင်းခဲ့သူမှာ ကာကွယ်ရေးဝန်ကြီး မာရှယ် လင် ပီယာအို၏ အမိန့်နှင့် ဖြစ်ဖို့ရှိသည်ဟု တွက်သည်။ သို့တစေလည်း သူ အလိမ်အညာ ခံခဲ့ရခြင်း ဖြစ်သည်ကို အလွန် အချိန်လွန်ခါမှ သိခဲ့ရလေသည်။

ထိုစဉ်က သူ့အား တရုတ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သူ့ကားအား ဝန်းရံပြီး သူ့အား ကားပေါ်မှ ဆွဲချကာ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။ အဓိပ္ပာယ်မရှိသော စကားများကို ပြောကာ သူ့အား အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာခြင်း ပြုခဲ့ကြ၏။ ထိုမျှသာမကသေး၊ သူ့တစ်ကိုယ်လုံးအား အနက်ရောင်ဆေးများဖြင့် သုတ်လိမ်းခြင်း ခံခဲ့ရ၏။

ထိုအချိန်မှစ၍ သူသည် နေ့စဉ်နေ့တိုင်း စွပ်စွဲမှုပေါင်းများစွာကို ခံခဲ့ရသည်။ အချို့ စွပ်စွဲမှုများမှာ မိမိကိုယ်တိုင်ပင် နားမလည်။ မိမိ ယခင်က မကြားခဲ့ဘူးသော အသံများသည် မိမိအား ဖြေရှင်း၍ မရနိုင်လောက်အောင်ပင် စွပ်စွဲပြောဆိုလျက် ရှိကြ၏။ လုပ်နေသည်များကို ကြည့်၍ မိမိအတွက် အခြေအနေ မကောင်း ဟူ၍သာ တွက်လို့ရလေသည်။

"ငါ နားလည်ပါတယ်" ဟု ချီယာအိုက ပြောသည်။ "မကြာခင်မှာ ငါ့ကို စွဲချက်အသစ်တွေ တင်မယ့်လူဟာ ရောက်လာမှာပါ"

"မင်း ပြောတာ အထူးအဆန်း စကားတွေပါလား" ဟု တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်ကပြောသည်။ "တန်ပြန် တော်လှန်ရေးသမားအတွက်ကတော့ အံ့ဩစရာပဲ၊ မင့်ဘဝ တစ်လျှောက်လုံး နိုင်ငံခြား တိုင်းပြည်တွေနဲ့ ဥပဒေမဲ့ ဆက်ဆံခဲ့တာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့လေ"

တပ်နီလုံခြုံရေးတပ်ဖွဲ့ဝင် လူငယ်သည် ချီယာအိုး၏ ဦးခေါင်း၌ တပ်ထားသည့် ဝက်အူများအား ထပ်၍ကျပ်သည်။ တင်းကျပ်သော ဝေဒနာသည် ဖြည်းဖြည်းချင်း တက်လာသည်ဖြစ်ရာ ချီယာအိုအဖို့ ခံစားနေရသည့် ဝေဒနာသည် ပို၍ ဆိုးလာနေသည်။

"ခရီးရှည် ချီတက်ပွဲကြီး အတွင်းက အကျဉ်းသား ဖြစ်ခဲ့တဲ့ ဗြိတိသျှ သာသနာပြုကော ဘယ်လိုလဲ" ဟု အသက်ကြီးကြီး တပ်နီ လုံခြုံရေးအဖွဲ့ဝင်က မလိုတမာသံဖြင့် မေးသည်။ "အဲဒီကောင်ဟာ သူလျှို တစ်ယောက်မှန်း သိရက်နဲ့ လွှတ်ပေးလိုက်တာဟာ မင်းမှာ တာဝန် မရှိဘူးလား ဟင်၊ အခု နောက်ပိုင်း ၁၉၅၇-ခုနှစ်ထဲမှာ သူ့ကို သူတပည့်ဟောင်း လီအန်နဲ့ တွေ့ရအောင် မင်းပဲ စီစဉ်ပေးခဲ့တာပဲ၊ သစ္စာဖောက် လီအန်က သူမသေခင် ဝန်ခံသွားတယ်ကွ"

ချီယာအိုသည် သူ့အား စွပ်စွဲပြောဆိုနေသည့်လူအား မျက်နှာချင်းဆိုင်၍ တည့်တည့်ပြန်ကြည့်သည်။ လူပုံပန်း မြင်ရုံမျှဖြင့် ဤကေဒါသည် အတွေ့အကြုံများသူ တစ်ဦးဖြစ်မှန်း သိသာသည်။ မိမိအား တိုက်ခိုက်ရန်အတွက် ယဉ်ကျေးမှု တော်လှန်ရေး အုပ်စုမှ အထူးတလည် ရွေးချယ်ပြီး ပို့လိုက်သောလူ ဖြစ်သည်မှာ သေချာလျက်ရှိ၏။

"မင်း ပြောနေတဲ့ စကားတွေ အားလုံးဟာ လိမ်လည် ကွေ့ကောက်ပြီး ပြောတာတွေချည်းပဲ" ဟု ချီယာအိုက ပြောသည်။ "အဲဒီ အကျဉ်းသားကိုလွှတ်ဖို့ ဝန်ကြီးချုပ် ချူနဲ့ ပါတီ ထိပ်ပိုင်း ခေါင်းဆောင်တွေက သဘောတူခဲ့ကြတယ်။ ၁၉၅၇-ခုနှစ်က သူ တရုတ်ပြည် လာဖို့လည်း သူတို့ သဘောတူခဲ့ကြတာပဲ"

ကေဒါသည် သူ့အနီးရှိ တပ်နီ လုံခြုံရေး တပ်သားအား ချီယာအို၏ ဦးခေါင်းမှ နှိပ်စက်ရေး သံခမောက် ဝက်အူများကို ထပ်မံ၍ ကျပ်ပေးခိုင်းသည်။ "ချန်ကေ-ရှိတ်ရဲ့ အာဏာပါးကွက်သား လက်ပါးစေ သံခမောက်ကို နှစ်နာရီကြာရင် ဖြုတ်ပေးလိုက်၊ တကယ်လို့ မင်း လုပ်ခဲ့တဲ့ပြစ်မှုတွေအားလုံးကို တစ်ခု မကျန် ဝန်ခံမယ်ဆိုရင် အဲဒီ အခွင့်အရေးကို ရမယ်။ ဝန်မခံဘူးဆိုရင်တော့ သံခမောက်ဟာ မင်းခေါင်းမှာ ကြာကြာတပ်ထားတာ ခံရလိမ့်မယ်"

တပ်သားသည် ကေဒါ ခိုင်းသည့်အတိုင်း ချီယာအိုခေါင်းမှ သံခမောက် ဝက်အူများအား ထပ်၍ကျပ်သည်။ ချီယာအို၏ နားထင်နှစ်ဖက်ဆီမှ နာကျင်မှု ဝေဒနာသည် ပို၍ပြင်းထန်လာသည်။ သူသည် မျက်လုံးများအား စုံမှိတ်ကာ

နာကျင်မှုဒဏ်ကို အောင့်အည်း သည်းခံနိုင်ဖို့ ကြိုးစားလျက်ရှိ၏။ သူသည် ရှေးဟောင်း အယူဝါဒတစ်ခုဖြစ်သော 'တာအိုနည်း'ကို အသုံးပြု၍ "မိမိကိုယ် မိမိ မထိခိုက်အောင် ထိန်းသိမ်း ကာကွယ်နိုင်ရန်" လည်း အားထုတ်လျက် ရှိလေ၏။

သူသည် သူ ဆယ်ကျော်သက် အတွင်းက သူ့အဖေ ပထမဆုံး သင်ကြားခဲ့သည့် စကားကို သတိရနေသည်။ "တောင့်တင်းခိုင်မာသော ဝက်သစ်ချပင်ကြီးများသည် မုန်တိုင်းနှင့်တွေ့လျှင် လဲကျကောင်း လဲကျလိမ့်မည် ဖြစ်သော်လည်း ပျော့ပျောင်းသော ကျူပင်များသည်ကား မုန်တိုင်းဒဏ်ကို မလဲမကျဘဲ ကြံ့ကြံ့ခံနိုင်ပေလိမ့်မည်" ဟူသော စကားဖြစ်၏။

သူသည် ထိုစကားအား အကြိမ်ပေါင်းများစွာ တိတ်တိတ်ကလေး ကျိတ်၍ ရေရွတ်လျက်ရှိသည်။ သူသည် တစ်ဖက်မှလည်း အသက်ရှုခြင်းကို နှေးနှေးနှင့် မှန်မှန်ရအောင် ရှူသည်။ ကိုယ်အင်္ဂါ အစိတ်အပိုင်းများအား အသုံးချ၍ ယင်းမှတစ်ဆင့် နာကျင်မှုအား ပျောက်သွားစေရန် အားထုတ်လျက်ရှိ၏။ တာအို အယူဝါဒသမားများကတော့ ကိုယ်ခန္ဓာ အစိတ်အပိုင်းများမှ ဖြတ်သန်းစီးဆင်းစေသော အရာများကို 'ချီ' ဟုခေါ်သည်ဖြစ်ရာ ချီယာအိုသည် ထိုအရာများအား မှန်ကန်စွာ အသုံးချနိုင်ဖို့ ကြိုးစားလျက်ရှိလေသည်။

"မင်းဟာ တရုတ်နိုင်ငံရဲ့ သမ္မတဖြစ်လာတဲ့ သစ္စာဖောက် လောက်ကောင် ဖောက်ပြန်ရေးသမားနဲ့ တွဲပြီး မကောင်းတာတွေ လုပ်ခဲ့တယ် မဟုတ်လား။ အဲဒါကိုသာ မင်း ဝန်ခံလိုက်ရင် မင်းအခု ခံစားနေရတဲ့ ဒုက္ခတွေ အဆုံးသတ်သွားစေရမယ်" ဟု ကေဒါက ပြောသည်။ "မင်းအနေနဲ့ ပါတီကို ဆန့်ကျင်ပြီး အာဏာသိမ်းဖို့အတွက် လျှို့ဝှက်စည်းဝေးတွေ ခေါ်တယ်မဟုတ်လား၊ အဲဒါတွေ အားလုံးကို လုပ်မိခဲ့ပါတယ်လို့ မင်း ဝန်ခံရင် မင့်ခေါင်းက သံခမောက်ကို ဖြုတ် ပြီး ဒုစရိုက်ပြတိုက်ကို ပြန်ပို့ပေးမယ် သိလား"

"ငါ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဘာ အပြစ်မှလည်း မကျူးလွန်ခဲ့ဘူး၊ ပြီးတော့ သမ္မတကြီး လုလည်း ဘာအပြစ်ကိုမှ မကျူးလွန်ခဲ့ဘူး"

"အဲဒီ ဖောက်ပြန်ရေးသမားကြီးက ဝန်ခံချက်တွေ ပေးထားပြီးပြီကွ" ဟု ကေဒါက အော်သည်။ "သူ လုပ်သမျှ အမှား အားလုံးကို စာရေးပြီး ဝန်ခံချက်ပေးထားတယ်။ ယဉ်ကျေးမှု တော်လှန်ရေး အစမှာ တော်လှန်ရေးသမားတွေကို နှိမ်နင်းဖို့ ကြိုးစားခဲ့သေးတယ်ဆိုတာလည်း ဝန်ခံထားတယ်၊ မင်း သူ့ကို ကာကွယ်ဖို့ ကြိုးစားနေလည်းပဲ မင့်မှာ ဘာမှ အကျိုးထူးစရာ မရှိဘူးကွ"

"မင့်ရဲ့ စွပ်စွဲချက်တွေအားလုံးဟာ အရှုး မုသာဝါဒတွေပေါ် အခြေခံတာကွ" ဟု ချီယာအိုက ပြန်ပြောသည်။ တပ်နီ တပ်သားက ချီယာအိုခေါင်းမှ

သံခမောက် ဝက်အူများအား ထပ်၍ကျပ်ပေးသည်။ နာလွန်း၍ ချီယာအိုထံမှ ငြီးသံများထွက်လာသည်။ "မင်းဟာ အလွန် မရိုးသားတဲ့ကောင်၊ ရွံရှာစက်ဆုပ်ဖို့ သိပ်ကောင်းတဲ့ကောင်" ဟု ချီယာအိုက ရေရွတ်သည်။

"မင်းဟာ ယဥ်ကျေးမှု တော်လှန်ရေးစကတည်းက စစ်တပ်က ခေါင်းဆောင်တွေ အများအပြားကို အစည်းအဝေး ခေါ်တယ်။ လက်နက်ကိုင်ပြီး ပုန်ကန်ထကြွဖို့ လှုံ့ဆော်တယ်၊ သွေးထိုးတယ်၊ စည်းရုံးတယ်" ဟု ကေဒါက ဒေါသတကြီး အော်ပြောသည်။ "တခြား စစ်ခေါင်းဆောင်တွေအားလုံး ဝန်ခံထားပြီးပြီ၊ နားလည်လား"

"ဟုတ်တယ်၊ ငါ အစည်းအဝေးတွေ ခေါ်တယ်။ ယဥ်ကျေးမှု တော်လှန်ရေးကြောင့် တစ်နိုင်ငံလုံးမှာ ပျက်ပြား ဆိုးဝါးသွားမယ့် အခြေအနေဆိုးတွေကို ဖြစ်မလာအောင် ကြိုတင်ကာကွယ်ဖို့ ခေါ်တာကွ၊ အဲဒါ ငါ့တာဝန်" ချီယာအိုသည် စကားကို ခဏမျှဖြတ်၍ ရပ်ထားသည်။ "ငါက ငါ့နိုင်ငံကို ကာကွယ်ဖို့နဲ့ ငါ့နိုင်ငံသူ နိုင်ငံသားတွေကို စောင့်ရှောက်ဖို့ပဲ။ အကျိုးမဲ့အောင် ဒုက္ခရောက်အောင် လုပ်ဖို့ မဟုတ်ဘူး"

ကေဒါသည် လုံခြုံရေးတပ်သားအား အခန်းထဲမှ ထွက်သွားခိုင်းသည်။ ထို လူငယ်သည် အပြင်ရောက်သွားသည့်အခါ မာရှယ် ချီယာအိုနားသို့ ကပ်သွားပြီး ကြိမ်းမောင်း ခြိမ်းခြောက်ခြင်း ပြုသည်။

"ယဥ်ကျေးမှု တော်လှန်ရေးအုပ်စုရဲ့ ဗဟိုကော်မတီဟာ ဥက္ကဋ္ဌကြီး မော်ကိုယ်တိုင် ဖွဲ့ထားတာ၊ အဲဒီ ကော်မတီက မင့်ကို အမိန့်ပေးလိုက်တယ်။ အားလုံးကို အပြည့်အဝ ဝန်ခံပါတဲ့၊ တကယ်လို့ မင်းဘက်က ငြင်းနေရင် ပီကင်း အလုပ်သမားများ ကစားကွင်းထဲက တရားရုံးမှာ အစစ်ဆေးခံရမယ်၊ မင့်အပြစ်တွေ အားလုံးကို အများပြည်သူတွေ သိအောင် လုပ်ရလိမ့်မယ်တဲ့"

ချီယာအို၏ ခေါင်းမှ သွေးတိုးနှုန်းသည် ပို၍ဆိုးလာသည်။ သူ့ ဦးနှောက်အား အပ်များနှင့် ဆွနေသည့်နှယ် ခံစားနေရ၏။ ဦးခေါင်းခွံရိုးသည် ကွဲထွက်သွားလေမလား။

"ငါ ဘယ်တော့မှ ဝန်မခံဘူး" ဟု ချီယာအိုက ပြောသည်။ "မင်းတို့ ကြိုက်သလိုသာ လုပ်ကြ"

"အဲသလိုဆိုရင် သံခမောက်ကို ချွတ်မပေးတော့ဘူး၊ အလုပ်သမားတွေရဲ့ အားကစားကွင်းကြီးထဲက တပ်နီလုံခြုံရေး အဖွဲ့ရှေ့မှောက် ရောက်တဲ့အထိ မင့်ခေါင်းမှာ တပ်ပေးထားမယ်"

ကေဒါသည် မလှုပ်မယှက် ထိုင်နေသော ချီယာအိုအား မျက်ခြည်မပြတ် ကြည့်နေသည်။ စောစောက မာရှယ် ချီယာအိုပြောသွားသော စကားများသည်

အမှန်အတိုင်း ပြောတာပဲလား၊ သူသည် ချိုယာအိုအား စေ့စေ့စပ်စပ် ကြည့်၍ အကဲခတ်နေခြင်းဖြစ်၏။ ထို့နောက် သူသည် အပြင်သို့ အသာကလေး ထွက်လာခဲ့သည်။ မာရှယ်ချိုယာအိုကတော့ သူ့နေရာတွင် မတုန်မလှုပ် ထိုင်လျက်ပင် ရှိသည်။ အလွန်ကြီးလေးသည့် ဝန်ထုပ်ကြီးတစ်ခုအား ခေါင်းပေါ်တင်ထား နေရသော်လည်း သူ့ခေါင်းသည် ငုံ့မသွား။

* * *

၁၂

"အချိန်ကျပြီ" ဟု ကာဒိုက ပီကင်းအလုပ်သမားများ ကစားကွင်းကြီး အတွင်းရှိ လူစုလူဝေး အလယ် အသံချဲ့စက် တစ်လုံး ရှေ့မှနေ၍ အော်ပြောသည်။ "ကျွန်တော်တို့တစ်တွေ ဒီနေ့ ဒီမှာ လာဆုံကြတာဟာ တခြား ကိစ္စ မဟုတ်ဘူး။ တရုတ်ပြည်ရဲ့ ကျေးရွာကို ထောက်ခံအားပေးပြီး ဥက္ကဋ္ဌကြီး မော်ကို ဆန့်ကျင်နေတဲ့ တန်ပြန် တော်လှန်ရေးသမား တစ်ဦးရဲ့ မျက်နှာဖုံးကို ခွာချဖို့ အတွက်ပါ။ ခင်ဗျားတို့အနေနဲ့ ဘုန်းကြီးတစ်ယောက် ဖြစ်ခဲ့တဲ့ ဒီလူ့ ဇာတ်ကြောင်းတွေကို ကြားဖူးကြမှာပါ။ အခုလည်း လွန်ခဲ့တဲ့ နှစ်သုံးဆယ်က အရှက်အကြောက် ကင်းမဲ့စွာနဲ့ ကိုယ့် အမိနိုင်ငံကို ဗြိတိသျှ နယ်ချဲ့ဝါဒ လက်ထဲ ရောင်းစားခဲ့ပုံတွေကို ကြားကြရမှာပါ"

ပီကင်း အရှေ့ပိုင်း ဆင်ခြေဖုံး ရပ်ကွက်တွင်းရှိ အားကစားကွင်းကြီးထဲ၌ စုရုံး ရောက်ရှိနေကြသော တရုတ် တပ်နီ လုံခြုံရေးအဖွဲ့ဝင်များနှင့် လူကြီး တော်လှန်ရေးသမား ရှစ်သောင်း၏ လည်ချောင်းများ အတွင်းမှ ဒေါသသံများသည် တစ်ခဲနက် ပေါ်ထွက်လာသည်။ ပရိသတ်မှာ ဘောလုံးကွင်းထဲ၌ စုရုံးနေကြခြင်းဖြစ်၍ ကွင်းတစ်ဖက်ရှိ သစ်သား စင်ပေါ်တွင်မူ မာရှယ် လု ချီယာအို သည် မတ်တတ်ရပ်လျက်ရှိ၏။

မတ်တတ်ရပ်နေသည် ဆိုရပေမင့်လည်း ချီယာအိုသည် မားမား မတ်မတ် ရပ်နိုင်သည် မဟုတ်။ ခါးသည် ရှေ့သို့ ကုန်းလျက်ရှိပြီး သူ့ ဦးခေါင်းသည် သူ့ဒူးနှစ်လုံးကြားသို့ ရောက်နေသည်။ သူ့ ပတ်ပတ်လည်တွင်မူ ကာဒို၏ ကြီးကြပ်မှု အောက်၌ ရှိနေသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင် ဒါဇင်ဝက်သည် ဝန်းရံထားကြသည်။ တစ်ဦးသောအစောင့်သည် ချီယာအို၏ လက် နှစ်ဖက်အား နောက်သို့ဆွဲ၍ ဆုပ်ကိုင်ထားသည်။ နောက်တစ်ဦးသည် ချီယာအို၏ ဦးခေါင်းအား တအားကုန် တွန်းထားသည်။ တတိယ အစောင့်သည် ချီယာအို ဘေး၌

ဆောင့်ကြောင့်ထိုင်ကာ ဗိုက်ကို လက်သီးနှင့် ထိုးလျက်ရှိ၏။ ချီယာအို၏ ခန္ဓာကိုယ် ပြန်၍ထောင်လာတိုင်း လက်သီးနှင့် မနားတမ်း ထိုးနေခြင်းဖြစ်လေသည်။

ထိုနည်းအရ ဖြစ်ပေါ်လာသည့် ထိုပုံစံအား တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များက 'ဂျက်လေယာဉ်' ဟု နာမည် ပေးထားကြသည်။ သူတို့ နှိပ်စက်ထားသည့်လူ၏ မြှောက်ထားသည့် လက်များသည် ဂျက် တိုက်လေယာဉ် တောင်ပံများနှင့် တူသည်ဟု သတ်မှတ်ကာ ထိုအမည် ပေးထားခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ပထမ မိနစ်အနည်းငယ်တွင် သူ့ကျောနှင့် သူ့ခြေထောက်များသည် တောင့်တင်းကာ မခံမရပ်နိုင်လောက်အောင်ပင် နာကျင်ကိုက်ခဲ့လာသည်။ ယင်း နာကျင်မှုသည် တဖြည်းဖြည်းနှင့် ပို၍ ပို၍ ဆိုးလာပြီး နောက်ဆုံးတွင် ခန္ဓာကိုယ်အပေါ်ပိုင်းအထိ ရောက်သွားခဲ့ပြီဖြစ်၏။

"မော်စီ-တုန်းရဲ့ အတွေးအခေါ် အလံနီကို မြင့်နိုင်သမျှ မြင့်အောင်မြှောက်ပြီး မော်စီ-တုန်းရဲ့ အတွေးကို ငါတို့ရဲ့ လက်နက်အဖြစ် အသုံးချကြရမယ်။ အဲသလို အသုံးချပြီး ဟောဒီ ငြိတိသျှ နယ်ချဲ့ဝါဒရဲ့ ကျေးကျွန်ကို သင်တို့လက်ထဲ အပ်လိုက်မယ်။ အလွန် စက်ဆုပ်ဖို့ကောင်းတဲ့ ဒီလူဟာ နယ်ချဲ့ဝါဒီတွေရဲ့ ခွေးပဲ။ သူ့ကို တော်လှန်ရေး ပြည်သူလူထု မြင်အောင် သိအောင် ပြနေတာပါ"

ကာအိုသည် ဟန်ပါပါနှင့် ချီယာအိုအား လှည့်ကြည့်သည်။ သူသည် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်အား လှမ်းခေါ်သည်။ ထိုသူကား ချီယာအို၏ ဦးခေါင်း၌ နှိပ်စက်ရေး ကိရိယာ သံခမောက်ကို တပ်ဆင်ပေးခဲ့သူ ဖြစ်၏။

"နောက်ပိုင်းကျရင် ခင်ဗျားတို့အနေနဲ့ မြေရှင် ပဒေသရာဇ် စနစ်ရဲ့ ဝက်တစ်ကောင်ဖြစ်တဲ့ ချူတေး ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ အသေးစိတ်ကို ကြားကြရမှာပါ"ဟု ကာအို ခေါ်လိုက်သည့် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင်က အများ ကြားအောင်အော်ပြောသည်။ "အဲဒီထဲမှာ မာရှယ် ဟိုလမ်းဆိုတဲ့ လူ ပြည်သူ့တန်ဆာတွေနဲ့ ဘယ်လို နေထိုင်သွားတယ် ဆိုတာကအစ ခင်ဗျားတို့ ကြားကြရမှာပါ၊ ဒီလူတွေဟာ ပြည်သူ့ တရုတ်သမ္မတနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကင်းမဲ့စေခဲ့တဲ့ လူတွေပါ။ သေဒဏ်နဲ့သာ ထိုက်တန်တဲ့ လူတွေပါ"

ပရိသတ်ထဲမှ ဒေါသတကြီး ကြွေးကြော် အော်ဟစ်သံများသည် ထွက်ပေါ်လာသည်။ "နိုင်ငံခြားသားတွေရဲ့ ကျေးကျွန်၊ တန်ပြန် တော်လှန်ရေးသမားတွေကို အမြစ်ကအစ သုတ်သင်ကြ" ဟူသော ကြွေးကြော်သံများကား အကျယ်လောင်ဆုံးနှင့် အပြင်းထန်ဆုံး။

ချီယာအိုသည် ခါးကိုဆန့်၍ မတ်မတ် ရပ်နိုင်ရန် ကြိုးစားသော်လည်း မရ။ သူ့ဘေးနား၌ ထိုင်နေသော တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်သည် အခွင့်အခါသင့်တိုင်း သူ့ဝမ်းဗိုက်ကို လက်သီးနှင့် မှန်မှန် ထိုးလျက်ရှိ၏။ သူ့အဖို့ကား ထို

ဒဏ်အား ခံနေရုံမှတစ်ပါး အခြား ဘာမှ လုပ်၍မရ။ မာရှယ် လု ချီယာအိုသည် ချူတေး၏ ဖြူဖပ်ဖြူရော်မျက်နှာ၊ ဗဟို တပ်နီတော်၏ ဦးစီးချုပ် ဟိုလမ်းတို့၏ မျက်နှာများအား စိတ်မျက်စိအာရုံတွင် ထင်ယောင်မြင်ယောင် ဖြစ်လျက်ရှိသည်။ တကယ်တော့ ဟိုလမ်းသည် ခရီးရှည် ချီတက်ပွဲကြီးအား တစ်နေရာမှ ရဲဝံ့စွာ ဦးဆောင်ခဲ့သူ တစ်ဦး ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါတွင်မူကား မာရှယ် ချီယာအိုသည် ဘာမှ မဟုတ်သည့် သာမန် တပ်နီ လုံခြုံရေးအဖွဲ့ဝင် တစ်ဦး၏ ဝေဖန် ရှုတ်ချမှုများကို ခံနေရလေပြီ။ ထိုသူ၏ ဝေဖန်မှုများမှာ အရေးမပါ အရာမရောက်သည့် အရာများ ဖြစ်၍ တချို့ ဝေဖန်မှုများမှာ အလွန် သေးသိမ်သည်ဟုပင် ဆိုရလေမည် ဖြစ်၏။ တကယ်တော့ ထို တပ်နီစစ်သားထံမှ ထွက်လာသမျှသော စကားများသည် ချီယာအို မိသားစု တစ်စုလုံးအား အပုပ်ချနေခြင်း ဖြစ်ပေသည်။

"ရှေးခေတ် ဧကရာဇ်ဘုရင်တို့၏ အကျင့်စရိုက်နှင့် အလေ့အထများကို အတုခိုးကာ ကြာကန်များ တည်ဆောက်ခြင်း" "ခေတ်မမီတော့သည့် အတွေး အခေါ် အယူအဆများအား လက်ခံကာ ရှေး အတိတ်ခေတ်က မြေရှင် ပဒေသ ရာဇ် စနစ်အတိုင်း ကျင့်သုံးနေထိုင်ကြခြင်း" "ချီယာအို၏ အဖေနှင့် အဘိုးတို့၏ အတိတ်ကာလက စည်းစိမ်ခံမှုများ" "ဆယ့်ကိုးရာစု ဘိန်းစစ်ပွဲအတွင်းက သူတို့ ဆွေစဉ်မျိုးဆက် လူ့ပ်ရှားမှုများ" စသည်တို့ကို ရှေ့တန်းတင်ကာ ဝေဖန်ပြစ်တင် ရှုတ်ချနေခြင်း ဖြစ်၏။

ထို တပ်သား၏ တင်ပြမှုများတွင် မှန်တာတွေ ပါသလို မမှန်တာတွေ လည်း ပါသည်။ လုပ်ကြံ ဖန်တီးထားသည့် လုပ်ဇာတ်များလည်း ပါ၍ လူအများ က စက်ဆုပ်အောင်၊ ရွံရှာအောင်၊ မုန်းတီးအောင် တမင် လုပ်ကြံ ထားကြသည် များ လည်းပါ၏။ ဤ တင်ပြချက်များအား နားထောင်၍ ကျောင်းသားများနှင့် အလုပ်သမားများ၏ အော်ဟစ် ရှုတ်ချမှုများနှင့် ပြစ်တင် ဝေဖန်မှုများသည် ပတ်ဝန်းကျင်တွင် သောသောညံလျက် ရှိလေရာ ချီယာအို၏ နားများသည် မခံမရပ်နိုင်အောင် ဖြစ်လျက်ရှိလေ၏။

နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ချီယာအို၏ နောက်ကျော၊ ရင်ဘတ်နှင့် ခြေထောက်များသည် အဆမတန် နာကျင်ကိုက်ခဲ့လျက် ရှိကြ၏။ သူ့အားမှ တပ်သား ပြောနေသမျှ အားလုံးကိုလည်း နားမလည်။ သံခမောက် ဒဏ်ကြောင့် သူ့ နားထင်များသည် ပြင်းထန်စွာ နာကျင်လျက်ရှိသည်ဖြစ်ရာ ထိုတပ်သား ပြောသမျှ အားလုံးတွင် စိတ်ဝင်တစားရှိဖို့ ဆိုသည်မှာ သူ့အတွက် လုံးဝ ဖြစ်နိုင် ခြေမရှိ။

အောက်ဘက်ရှိ ပရိသတ်၏ စွပ်စွဲ ပြောဆိုမှုများ၊ ရန်လိုမှုများနှင့် သူ့ဘက်မှ မတုံ့ပြန်နိုင်မှုများသည် သူ့အား ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို ဖြင်းထန်စွာ ဖြစ်ပေါ်စေခဲ့၏။ အလွန်အေးမြသည့် ဒီဇင်ဘာလထဲမှာပင် သူ့ တစ်ကိုယ်လုံးသည် ချွေးများဖြင့် နစ်လျက်ရှိသည်။ သူ့တူ ကာအိုအား လှမ်းကြည့်လိုက်သည့် အခါတွင်လည်း သူသည် ဝေခွဲ၍ မရ။

ကာအိုသည် မိမိအား ဝေဖန်ရှုတ်ချနေသူများကို ဦးဆောင်နေသူဖြစ်၏၊ စစ်မှန်သော ယုံကြည်ချက်ဖြင့် အမှန်တကယ် လုပ်နေခြင်းလား။ သို့မဟုတ် အများ မြင်ကောင်းအောင် ကြားကောင်းအောင် လူစွမ်းကောင်း လုပ်ပြနေခြင်းလား၊ သူသည် ဝေခွဲ၍ မရ။ မည်သို့ပင်ဖြစ်စေ သူ့ တစ်ခေါင်းလုံးသည် မူးဝေနောက်ကျိလျက်ရှိသည်ဖြစ်ရာ သတိလစ်သွားလိမ့်မည်ဟု သူ့ကိုယ်သူ ထင်လျက်ရှိ၏။

"နဂါးတစ်ကောင်ဟာ နဂါးတစ်ကောင်ပဲ မွေးတယ်၊ ဖိုးနစ္စ ငှက် တစ်ကောင်ဟာ ဖိုးနစ္စ ငှက် တစ်ကောင်ကိုပဲ မွေးတယ်၊ ကြွက်တစ်ကောင်ဟာ ကြမ်းပြင်မှာ အပေါက် တစ်ပေါက်ဖြစ်အောင် တဖြည်းဖြည်းချင်း တစ်စချင်းစီ ကိုက်တတ်တဲ့ အရည်အချင်း အစွမ်းအစနဲ့ မွေးလာတာပဲ"

ချိုယာအိုး၏ ဦးခေါင်းအား သံခမောက် ဝတ်ဆင်ပေးသည့် တပ်သားသည် ပရိသတ်ဘက်လှည့်ကာ ချိုယာအိုအား ပြစ်တင်ရှုတ်ချနေဆဲပင် ဖြစ်၏၊ အရင်းရှင် မိသားစုမှ ပေါက်ဖွားလာသူသည် အရင်းရှင် စိတ်မှတစ်ပါး အခြားစိတ်ကို မွေးနိုင်လိမ့်မည် မဟုတ် ဟူသော ဆောင်ပုဒ်ကို အခြေခံထားသော စကားများသည် ချိုယာအိုအဖို့ အထူးအဆန်းများ မဟုတ်တော့ပေ။

"သူ လုပ်ပုံဟာ အံ့ဩစရာတော့ မဟုတ်ဘူး။ သူဟာ ဘူဇွာ ဖောက်ပြန်ရေးသမားပဲ။ လုချိုယာအိုဟာ၊ နိုင်ငံခြားသားတွေရဲ့ အလုပ်အကျွေး ကျေးကျွန်ပဲ ခရီးရှည်ချီတက်ပွဲကြီး အတွင်းမှာ သူဟာ ဗြိတိသျှနယ်ချဲ့ သူလျှို တစ်ယောက်ကို လွတ်မြောက်အောင် လုပ်ပေးခဲ့တယ်။ အဲဒီ သူလျှိုဟာ အများပြည်သူက အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိလို့ သေဒဏ် ပေးထားတဲ့ ရာဇဝတ်ကောင်"

ပရိသတ်ထဲမှ ကြွေးကြော်သံများသည် တစ်ခဲနက် ထွက်ပေါ်လာပြန်သည်။ မာရှယ် လု ချိုယာအိုအား ပုတ်ခတ်သည့် စကားလုံးများ ဖြစ်၏။ ရှေ့ဆုံးတန်းမှ တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် တချို့သည် ရှေ့သို့ တိုးလာပြီး ချိုယာအိုအား တံတွေးနှင့် ထွေးကြသည်။ သူ့ တစ်မျက်နှာလုံးမှာ တံတွေးများဖြင့် ပေရေညစ်ပတ်လျက် ရှိနေလေပြီ။

"သူ လွတ်အောင် လုပ်ပေးလိုက်တဲ့ နယ်ချဲ့ သူလျှိုဟာ သေဒဏ်ခံသင့်တဲ့ လူပါ။ ဒါပေမဲ့ အခုဆိုရင် သူဟာ ဟောင်ကောင်မှာနေပြီး တရုတ်နိုင်ငံနဲ့

မော်ရဲ့ အတွေးအခေါ်တွေကို တိုက်ခိုက်နေတဲ့ သတင်းလွှာ စာစောင် တစ်ခု ထုတ်စားနေတယ်။ ဒါ့ကြောင့်မို့ နိုင်ငံခြားသားတွေရဲ့ ကျွန်ဖြစ်ခဲ့တဲ့ ဒီကောင်ရဲ့ ကိုယ်က ခွေးချေးနဲ့ထက် ဆိုးတဲ့ အနံ့တွေ ထွက်နေတယ်"

"ခွေးခေါင်းကို ဖြတ်ပစ်၊ ခွေးခေါင်းကို ဖြတ်ပစ်" ဟူသော ဟစ်ကြွေးသံများသည် အားကစားကွင်းထဲတွင် သောသောညံလျက် ရှိသည်။ ပြစ်တင် ရှုတ်ချနေသော တပ်နီ လုံခြုံရေး တပ်သားသည် စင်၏ ဘေးတစ်ဖက်၌ ထိုင်နေသော အလုပ်သမား တစ်ယောက်အား လှမ်း၍ အချက်ပြသည်။ အလုပ်သမားသည် ဘေးနား၌ ချထားသည့် သစ်သားပုံးကြီး နှစ်ပုံးအား ဝါးထမ်းပိုး ထမ်း၍ စင်ပေါ်သို့ ဒယီးဒယိုင်ဖြင့် တက်လာပြီး အသံချဲ့စက် ဘေး၌ ချထားသည်။ သစ်သားပုံးကြီးများမှာ ညသိမ်း မိလ္လာပုံးကြီးများဖြစ်၍ သူ့ပခုံးထက်မှ ပုံးကြီးများအား ချထားပြီးသည်နှင့် တစ်ပြိုင်နက် သူသည် ဘေးတစ်ဖက်သို့သွား၍ ရပ်နေသည်။

"နိုင်ငံခြားသားတွေရဲ့ ကျွန်အနေနဲ့ သူ့ အပြစ်တွေကို ဝန်ခံသင့်ပြီ"ဟု တပ်နီ တပ်သားက အော်ပြောသည်။ "သိပ်ပြီး နောက်မကျခင် ဝန်ခံခြင်းဟာ အကောင်းဆုံး ဖြစ်လိမ့်မယ်။ ဝန်မခံရင်တော့ အကျိုးသက်ရောက်မှုရဲ့ ဒဏ်ကို ခံရလိမ့်မယ်"

ချီယာအိုသည် သူ့ကိုယ်သူ အားသွင်းကာ မတ်မတ် ဖြစ်သွားအောင် ထောင်လိုက်သည်။ သူ့မျက်နှာသည် ခံစားနေရသည့် နာကျင်မှု ဝေဒနာများအား ဖုံးထားသည်။ အောက်ဘက် လူစုလူဝေးကြီး ဆီမှ၊ "ဝန်ခံလိုက်၊ ဝန်ခံလိုက်" ဟူသော အော်သံများအား နားစွင့်နေသည်။ ပေ အနည်းငယ် အကွာ၌ ရပ်နေသော တပ်နီတပ်သားသည် ချီယာအိုအား ဒေါသဖြင့် စူးစူးဝါးဝါး ကြည့်နေသည်။ ချီယာအိုကတော့ သူ့ဘက် လှည့်မကြည့်ပဲ ရှေ့တည့်တည့်ကိုသာ ကြည့်နေသည်။

"အခု ချက်ချင်း ဝန်ခံမလား၊ ကျသင့်မှုဒဏ်ကို ရင်ဆိုင်မလား" ဟု တပ်နီ တပ်သားက အသံချဲ့စက်ထဲမှနေ၍ အော်ပြောပြန်သည်။

လူစုလူဝေးသည် "ဝန်ခံလိုက် ဝန်ခံလိုက်" ဟူသော စကားကိုသာ မရပ်မနား အော်လျက်ရှိသည်။ တပ်နီတပ်သားသည် လက်ကိုင်တပ် ခွက်ကြီးတစ်လုံးကို ယူကာ မိလ္လာပုံးထဲသို့ နှစ်လိုက်သည်။ ချီယာအိုသည် တပ်သားနှင့် မျက်နှာချင်းဆိုင်၍ကြည့်သည်။ တပ်သား၏ ရည်မှန်းချက်အား ကောင်းစွာသိနေသော်လည်း သူသည် လုံးဝ လှုပ်ရှားခြင်း မပြု။ အောက်ဘက်မှ "ဝန်ခံလိုက်" ဟူသော အော်သံများ ဆက်လက် ထွက်ပေါ်လာနေဆဲ။ ရုတ်တရက် တပ်နီ လုံခြုံရေး တပ်သားသည် ချီယာအိုထံ လျှောက်လာပြီး ခွက်ထဲမှ မစင်ရေများဖြင့် ချီယာအို၏ ခေါင်းပေါ် လောင်းချလိုက်လေသည်။

ချီယာအို၏ မျက်နှာတွင် ဆေးကပ်ကပ် အရည်များ စီးကျလျက်ရှိ၏၊ သူသည် ဦးခေါင်းကို လှည့်ကာ သူ့တူ ကာအိုဆီသို့ လှမ်းကြည့်သည်။ ကော် ကာအိုသည် စင်၏ တစ်ဖက်ဘေးမှနေ၍ သူ့အား လှမ်းကြည့်နေသည်။ သူ့တူ၏ မျက်နှာတွင် မုန်းတီးစက်ဆုပ်ခြင်း အရိပ်အငွေ့များ မြင်နေရ၏။ သူသည် မျက်လုံးများအား မှိတ်ထားလိုက်၏။ ထို့နောက် ပြန်ဖွင့်ကာ ဒယီးဒယိုင်ဖြင့် အသံချဲ့စက်ရှေ့မှ တပ်နီတပ်သားဆီ လျှောက်သွားသည်။

"ငါ ဝန်ခံတော့မယ်" ဟု ချီယာအိုက ပြောသည်။ "ငါ့ကို အသံချဲ့စက် သုံးခွင့်ပေး"

"နိုင်ငံခြားသားတွေရဲ့ ကျွန်က သူ့အပြစ်တွေ ဝန်ခံဖို့ ဆုံးဖြတ်လိုက်ပြီ ဟေ့" ဟု တပ်နီတပ်သားက အောင်မြင် ဝင့်ကြွားသော လေသံဖြင့် အော်ဟစ်ပြီး ကြေညာလိုက်သည်။ ကာအိုဆီမှ ခေါင်းတစ်ချက် ဆတ်ပြလိုက်သည့်အခါ သူသည် ချီယာအိုအား အသံချဲ့စက်ဆီ လာနိုင်ရန် ဖယ်ပေးသည်။ အုံအားသင့် လျက်ရှိသော ပရိသတ်သည် ငြိမ်ကျသွားသည်။

"ငါ ဝန်ခံချင်တယ်...၊ ငါဟာ ခရီးရှည်...ချီတက်ပွဲကြီးမှာ အာဇာနည် သူရဲကောင်းတွေရဲ့ ပါတီ...ကို... ခေါင်းဆောင်ခဲ့တယ်။ ငါတို့ဟာ... လုတင်း တံတားကို တိုက်ခိုက် သိမ်းပိုက်ခဲ့ကြတယ်" ဟု ချီယာအိုက ပြောသည်။ "အဲဒီ နောက် ဗဟို တပ်နီစစ်တပ်ရဲ့ စစ်သေနာပတိ... ချူတေးဟာ... ထူးခြား ပြောင်မြောက်...တဲ့ မိန့်ခွန်း တစ်ခု ပြောခဲ့တယ်...။ သူက တို့ တရုတ်ပြည်ရဲ့ အတိတ်သမိုင်းမှာ ပြည်သူတွေ ကြားက ပေါ်ထွန်းလာတဲ့ အာဇာနည် သူရဲ ကောင်းတွေဟာ ဘုရင်တွေ ဗိုလ်ချုပ်ကြီးတွေ ဖြစ်လာတဲ့အခါမှာ သူတို့ရဲ့ ဘဝ အစကို မေ့သွားကြတာချည်းပဲ...တဲ့။ ပြီးတော့ ပြည်သူတွေကို အထင်အမြင် သေး...လာကြတယ်။ ရွံရှာ စက်ဆုပ်လာကြတယ်...။ ကျွန်တွေလို သဘော ထားပြီး ရက်စက်ယုတ်မာစွာနဲ့ နှိပ်စက်ကလူ ပြုလာကြတယ်...တဲ့"

ချီယာအို အသံသည် တဖြည်းဖြည်းနှင့် တင်းမာလာသည်။ လူကတော့ တောင့်တောင့်မတ်မတ် မရပ်နိုင်။ သူသည် လက်တစ်ဖက်ဖြင့် အသံချဲ့စက်အား လှမ်းကိုင်ထားသည်။ သူ ဆိုလိုနေသည့် အနက်အဓိပ္ပာယ်အား နားမလည်ကြ သည့် ပရိသတ်သည် သူ့စကား အပေါ် စိတ်ဝင်စားကာ နားစွင့်လျက်ရှိကြသည်။

"လုတင်းတံတား တိုက်ပွဲမှာ မာရှယ် ချူက ပြောခဲ့တယ်။ တပ်နီစစ်တပ် ဟာ အာဇာနည် သူရဲကောင်း...သစ်တွေကို မွေးဖွားပေးခဲ့တယ်...တဲ့။ အဲဒီ အာဇာနည် သူရဲကောင်းတွေဟာ တော်လှန်ရေးကြီးအတွက် အသက်...စွန့်ဖို့ ဝန်မလေးခဲ့ကြဘူး...တဲ့။ အတ္တကို ရှေ့တန်းတင်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့

အာဇာနည် သူ့ရဲကောင်းတွေ မဟုတ်ကြဘူး...တဲ့...၊ သူ ပြောတာ သိပ်မှန်တယ်။

"ဒါပေမဲ့ ဒီနေရာမှာ ဒီနေ့ ငါ ရပ်နေတော့... အဲဒီစကားဟာ... မမှန်တော့ဘူး...လို့ ငါသိလာရတယ်" ချီယာအိုသည် စကားကို တစ်ခဏမျှ ရပ်၍ဖြတ်ထားသည်။ အသက်ကို အားပါးတရ ရှူလိုက်သည်။ "မင်းတို့ အားလုံးကို အတင်းအဓမ္မ ဒီနေရာ ရောက်လာအောင်... အလွန် အရှက်သိက္ခာ ကင်းမဲ့စေတဲ့ ဒီမြင်ကွင်း... ဒီလုပ်ရပ်ထဲမှာ ပါလာအောင်... လုပ်ခဲ့ကြတဲ့... ဗဟိုကော်မတီ ယဉ်ကျေးမှု တော်လှန်ရေး အုပ်စုတွေဟာ...၊ အဲဒီ အတိတ်က အရှက် အကြောက် ကင်းမဲ့ခဲ့ကြတဲ့... ကေရာဇ် ဘုရင်တွေနဲ့ စစ်ဗိုလ်ချုပ်ကြီးတွေလို ပြုမူ လုပ်ကိုင်ခဲ့ကြတာပဲ၊ တို့ရဲ့...အတိတ်က မြေရှင်ပဒေသရာဇ် အတိုင်းပါပဲ...၊ ဘာမှ မထူးပါဘူး။

"သူတို့အနေနဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ အတွေးတွေကို ဖက်တွယ်ပြီး ပြည်သူတွေကို ရွံ့ကြတယ်။ စက်ဆုပ်ကြတယ်၊ မုန်းတီးကြတယ်၊ နှိပ်စက်ကလူ ပြုလာကြတယ်။ တစ်ချိန်က သူတို့...မျှော်မှန်းထားခဲ့တဲ့ စိတ်ကူးတွေ၊ စည်းလုံး ညီညွတ်မှုတွေနဲ့... စွန့်လွှတ်မှုတွေကို အာဏာ...မက်မောမှုကြောင့် မေ့ကုန်ကြတယ်...။ ငါ ဝန်ခံရမှာက အဲဒါတွေပဲ ရှိတယ်"

ချီယာအို၏ နှုတ်မှ ထွက်လာနေသော စကားများ၏ အနက်အဓိပ္ပာယ်အား သိနားလည်လာကြသော အစောင့်များသည် ကာအို၏ အော်ဟစ်အမိန့်ပေးမှုကြောင့် သက်ကြီးရွယ်အို စစ်သည်ကြီး မာရှယ် ချီယာအိုထံ ပြေးသွားကြသည်။ ခုန်အုပ်ကာ ချုပ်နှောင်ထားကြသည်။ လက်သီးများနှင့် ဝိုင်း၍ ထိုးကြိတ်ကြသည်။

ဖုံ့အားသင့်လျက်ရှိသော ပရိသတ်သည် ငြိမ်ဆိမ်နေသည်။ သူတို့ထဲမှ ဘာသံမှ မကြားရ။ စောစောက ဝေဖန်ပြစ်တင်မှုကို ဦးစီးဦးဆောင်ပြု၍ လုပ်ခဲ့သော တပ်သားသည် ကိုင်းခွက်ကြီးကိုယူ၍ မိလ္လာအိုးဆီ ပြေးသည်။ အိုးထဲမှ မိလ္လာများကို တစ်ခွက်ပြီးတစ်ခွက် ခပ်ကာ ချီယာအို၏ မျက်နှာနှင့် ကိုယ်ပေါ်သို့ အဆက်မပြတ် ပက်သည်။

စင်၏ ဘေးတစ်ဖက်ရှိ သူ ရပ်နေသော နေရာမှ လှမ်းကြည့်နေသော ကာအိုသည် သူ့ ဦးလေးအား ဒေါသူပုန်ထလျက်ရှိ၏။ သူ့ ဦးလေး၏ အာခံမှုကို မည်သို့ တုံ့ပြန် တိုက်ခိုက်ရမည်ကို နည်းလမ်း ရှာမရဘဲ ဖြစ်လျက်ရှိသည်။ ထို့နောက် သူသည် အသံချဲ့စက်ရှေ့မှ တပ်သားအား လှမ်း၍အချက်ပြလိုက်ရာ တပ်သားထံမှ သူတို့ သင်ပေးထားသည့်အတိုင်း ပြင်းပြင်းထန်ထန် ယုတ်ယုတ်

မာမာနှင့် ပယ်ပယ်နယ်နယ် ပြစ်တင်ဝေဖန် ရှုတ်ချစကားများသည် မရပ်မနား ထွက်လာလေသည်။

တပ်သားသည် ရေးပေးထားသည့် စာရွက်များအား တစ်ရွက်ပြီးတစ်ရွက် လှန်၍ ဖတ်လျက်ရှိ၏။ သူ့အသံအား ပြန်၍နားထောင်နေကြသော ပရိသတ်သည် ကြွေးကြော်သံများအား နားကွဲမတတ် အော်ဟစ်နေကြသည်။ ကြိုတင်စီမံပြီး ရေးပေးထားသည့် ကြွေးကြော်သံများပေတည်း။ ထို ကြွေးကြော်သံများသည် အားကစားကွင်းကြီး၏ အပြင်သို့ လျှံထွက်လျက်ရှိလေ၏။

* * *

၁၃

မေ-လင်းသည် ရှန်ဟိုင်းတေးဂီတပညာသင်ကျောင်း၏ ကျောင်းသားအိပ်ဆောင်များ အတွင်းရှိ တန်းစီလျက်ရှိသော အိမ်သာများ၏ အစွန်ဆုံး အိမ်သာအား မှန်ကွဲ တစ်ချပ်ဖြင့် ကြေး(ဂျီး)ခြစ်လျက်ရှိ၏။ အိမ်သာများအား ကြေးချွတ်ပေးနေရသည်မှာ နှစ်နာရီ ကျော်ခဲ့ပြီဖြစ်၍ သူမ၏ လက်နှင့် ခန္ဓာကိုယ် တစ်ခုလုံး ထုရိုက်ထားခြင်း ခံထားရသည့်နှယ် နာကျင်ကိုက်ခဲလျက် ရှိသည်။

ကိုက်အနည်းငယ်မျှ အကွာတွင် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် ကျောင်းသူ သုံးဦးသည် မေ-လင်းအား ရပ်ကြည့်နေကြသည်။ သူတို့ကား "သရဲကြီးများ ထိန်းသိမ်းရေးအဖွဲ့"၏ အဖွဲ့ဝင်များ ဖြစ်၏။ အကယ်၍ ပင်ပန်းလွန်း၍ မေ-လင်း အလုပ်ကို ရပ်ပြီး နားလိုက်သည့်အခါတိုင်း ဘာလို့ရပ်နေတာလဲ၊ ဆက်လုပ် ဟူသော အော်ပြောသံသည် သူတို့ထံမှ ထွက်လာလေ့ ရှိလေသည်။

ပတ်ဝန်းကျင်လေသည် မိလ္လာနံ့များဖြင့် ပြည့်လျှံနေသည်။ ကျောင်းသား ကျောင်းသူများ စည်းလွတ်ဝါးလွတ် သုံးကာ စည်းမဲ့ကမ်းမဲ့ ပစ်ထားသည့် ချေးကုန်း စက္ကူများသည် အိမ်သာတိုင်း၏ ပတ်ပတ်လည်တွင် စုပုံနေကြသည်။ နွားတင်းကုပ်ဟု အမည်ပေးထားသော အချုပ်စခန်းထဲမှ ပညာပေး ခံနေရသူများ အား အိမ်သာ သန့်ရှင်းရေး လုပ်ခိုင်းလိမ့်မည်ဟု ကြားကတည်းက ချေးကုန်းစက္ကူ များအား တမင်သက်သက် စည်းကမ်းမဲ့ လွှင့်ပစ်နေကြခြင်း ဖြစ်လေသည်။

ယခင်က ဝက်မှင်ဘီး၊ သံဘရပ် စသည်များ ပေးခဲ့သော်လည်း ယခု အခါတွင်မူကား လွန်ခဲ့သော လမှစ၍ "သရဲကြီးများ ထိန်းသိမ်းရေးအဖွဲ့ဝင်များ" သည် မေ-လင်းအား နံနက်တိုင်း ပုလင်းကွဲများနှင့် မှန်ကွဲများကိုသာ ထုတ်ပေး လေ့ရှိ၏။ မေ-လင်းသည် ဖန်ကွဲနှင့် မှန်ကွဲ အစအနများကို သုံး၍ အိမ်သာ အတွင်းဘက် ကြမ်းပြင်နှင့် နံရံများအား ကြေးချွတ်ပေးရ၏။ အိမ်သာအတွင်း

ဘက် သန့်ရှင်းရေး လုပ်ရသည့် အခါများတွင် မိလ္လာ အနံ့အသက်များသည် ပို၍ဆိုးဝါး ပြင်းထန်ရုံမျှမက အားစိုက်ရသည်မှာ တပင်တပန်း ရှိလှချေသည်။

မှန်ကွဲ ပုလင်းကွဲများအား သုံးရခြင်းဖြစ်၍ မေ-လင်း၏ လက်များတွင် မှန်ကွဲ ပုလင်းကွဲ စူးသော ဒဏ်ရာများမှာ များလှ၏။ သူမ၏ ဘယ်ဘက်လက်မှာ ရထားသော ဒဏ်ရာက ကြီးသဖြင့် ပတ်တီးပင် စည်းထားရသည်။ ညာဘက်လက်တွင်ကား ယခင်က ရခဲ့သည့် ဒဏ်ရာများမှ အမာရွတ်များဖြင့် ပြည့်လျက်ရှိသည်။

ဒဏ်ရာ အနာတရများ မကြာခဏ ရနေခဲ့သော်လည်း ထိုဒဏ်ရာများအား ဆေးထည့်ခွင့်နှင့် ပတ်တီး စည်းခွင့်များကိုကား ခွင့်မပြုခဲ့ကြပေ။ သူမအား သူမ၏သား ကာအို ပီကင်းသို့ ပြန်သွားပြီးနောက် ရက်အနည်းငယ်မျှ အကြာတွင် ယဉ်ကျေးမှု တော်လှန်ရေးအဖွဲ့ဝင် တပ်နီ လုံခြုံရေးတပ်သား တစ်ရာခန့် ရောက်လာပြီး အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ကာ စွားတင်းကုပ် အချုပ်စခန်းသို့ ပို့ထားခဲ့ကြ၏။ ထိုအချိန်မှစ၍ သူမသည် အိမ်ပြန်ခွင့်မရခဲ့ပြန်တော့ပေ။

ယခု တစ်ကြိမ်တွင်မူ အစပြုပါပြီ ဆိုကတည်းက မေ-လင်းအား ကိုင်တွယ်ရာ၌ ယခင်ကထက် ဆိုးဝါးကြမ်းတမ်းသည်ဟု ဆိုရမည်ဖြစ်၏။ သူမအား ဘုံအိပ်ဆောင် အတွင်းရှိ ဝါးဖျာပေါ်၌ အခြား ဆရာ ဆရာမများနှင့် ပါမောက္ခများအား အိပ်ခွင့် ပြုသလို မပြုခဲ့ပေ။ သူမအား အများနှင့်ခွဲကာ သေးငယ်ကျဉ်းမြောင်းသော စတိုခန်းကလေး ထဲ၌ တစ်ယောက်တည်း ထားခဲ့သည်။ အခန်းမှာ ကျဉ်းလွန်းသဖြင့် လူတစ်ယောက်ပင် လွတ်လွတ်ကျွတ်ကျွတ် လှဲ၍မရချေ။

အခန်းနံရံများတွင် မေ-လင်းအား နှိပ်ကွပ်သည့် ကြွေးကြော်သံမျိုးစုံအား ဆေးနက်များဖြင့် ရေးသားထားသည်။ "နောင်တ မရသော ဘူဇွာဖောက်ပြန်ရေးသမား သွေးစုပ်ကောင်မ လုမေ-လင်း" ဟူသော ကြွေးကြော်သံကား အကြီးမားဆုံး စာတန်းကြီး ဖြစ်ဟန်တူလေသည်။

ညဆိုလျှင် မေ-လင်းသည် နံရံတစ်ဖက်၌ ကပ်၍ ချထားသော ခုတင်စုတ်ကလေးပေါ်၌ အိပ်ရသည်။ "သူရဲများ ထိန်းသိမ်းရေးအဖွဲ့" ခေါင်းဆောင်မှာ ပီကင်းမှ ရောက်လာသည့် အမျိုးသမီးတပ်ဖွဲ့ဝင်ဖြစ်၏။ သူနှင့်အဖွဲ့သည် အခန်းတစ်နေရာ၌ နေရာယူကာ မေ-လင်း၏ လှုပ်ရှားမှုများအား နေ့ရောညပါ စောင့်ကြည့်နေကြလေသည်။

ထိုပြင်လည်း တစ်ပေါက်တည်းသာ ရှိသော ပြတင်းပေါက်မှန်အား ဆေးမည်းများသုတ်ထားသဖြင့် အပြင်မှအလင်းရောင်သည် လုံးဝ အထဲသို့ဝင်ရောက်မလာပေ။ နေ့စဉ်နံနက်တိုင်း သူ့အား ထိန်းချုပ် ကြီးကြပ်ထားသော အဖွဲ့က

သူမအား သူမ၏ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များနှင့် သူမ၏ မိသားစုများ အတွက် သူမကိုယ်သူမ ဝေဖန်ရေးကို ပြုလုပ်ရသည်။ ထိုအလုပ်ကို လုပ်သည့်အခါ မေ-လင်းသည် သစ်သား ကုလားထိုင် တစ်လုံးအား စားပွဲအဖြစ် အသုံးပြုကာ မိမိကိုယ်မိမိ ဝေဖန်ခြင်းကို ရေးရသည်။

နွားတင်းကုပ် အချုပ်ခန်းသို့ ပြန်ရောက်သွားသည့် ပထမနေ့တွင် သူမအား နှိပ်စက်ညှဉ်းပန်း နေသူများသည် ကတ်ပြား တစ်ချပ်တွင် "လုမေ-လင်း၊ ဘူဇွာတို့၏ ကိုယ်စားလှယ်" ဟု ရေး၍ လည်ပင်း၌ ချိတ်ပေးထားသည်။ ထိုကြော်ငြာမှာ ထိုနေ့မှစ၍ မေ-လင်း၏ လည်ပင်း၌ အမြဲတစေ ဆွဲပေးထားခြင်း ခံခဲ့ရလေ၏။

အများအားဖြင့် လုမေ-လင်း၏ မိမိကိုယ်မိမိ ဝေဖန်ရေး စာတမ်းများအား အဖွဲ့ဝင် အားလုံးက 'မရိုးသား' ဟု မှတ်ချက်ပေးကြ၏။ နေ့ခင်း ထမင်းစားကြသည့် အခါတွင်လည်း သူမအား ခန်းမထဲ၌ အများနှင့်ရော၍ စားခွင့်မပြု။ သူမ တစ်ဦးတည်း စတိုခန်း အချုပ်ထဲ၌ စားရ၏။ မွန်းလွဲပိုင်းကျတော့ ကာယပင်ပန်းမှုကို ဖြစ်စေသည့် အလုပ်ကြမ်းများ လုပ်ကိုင်ရသည်။ အိမ်သာများ ကြေးချွတ်ခြင်း၊ ကျောင်းဝင်းအတွင်းရှိ ကျောက်တုံးပုံကြီးများအား တစ်နေရာမှ တစ်နေရာသို့ ရွှေ့ရခြင်း စသည်များ ဖြစ်လေသည်။

အားလုံးနှင့် အဆက်ဖြတ်ကာ တစ်ဦးထဲ ရှန်းကန်နေရသော မေ-လင်းသည် အခြား ဘဝတူများထက် ပို၍ ကိုယ်ရောစိတ်ပါ ပင်ပန်းရ၏။ မှန်ကွဲများရှ၍ ထိခိုက်ဒဏ်ရာ ရထားသည့်လက်မှ ဒဏ်ရာများမှာလည်း အကင်းသေအောင် ပျောက်သွားသည်ဟု မရှိ။ တစ်ရက်သော် သူမသည် တစ်နေရာ၌ထိုင်၍ လက်ဖဝါးတွင် ကွဲသွားသည့် ဒဏ်ရာအား ကြည့်နေခိုက် ပီကင်းမှလာသည့် အဖွဲ့ခေါင်းဆောင်က အော်ဟစ်ငေါက်ငမ်းကာ ထိုင်ရာမှ ထခိုင်းသဖြင့် ချက်ချင်း ထလာရလေ၏။

ပီကင်း အမျိုးသမီးသည် မေ-လင်း၏ လည်ပင်းမှ ဆိုင်းဘုတ်တွင် ပေကျံနေသည့် သွေးများကိုပြ၍ ဒေါသတကြီး ပြစ်တင်ပြောဆိုလျက်ရှိ၏။ "နင့်လက်က သွေးတွေကျလို့ တော်လှန်ရေးအဖွဲ့က လုပ်ပေးထားတဲ့ ဆိုင်းဘုတ်တစ်ခုလုံး ရစရာ မရှိအောင် ပေကုန်ပြီ။ နင့် အနာကို ရေနဲ့ အခုချက်ချင်း ဆေးပစ်ပြီး အဝတ်တစ်ခုနဲ့ စည်းထား။ ပြီးရင် မနားနဲ့နော် ချက်ချင်း အလုပ်ပြန်လုပ်"

မေ-လင်းသည် သူမ၏လက်မှ ဒဏ်ရာသစ်ကို ရေဘုံပိုင် တစ်ခုတွင် ဆေးလိုက်ပြီး အဝတ်စုတ် တစ်စအား ပတ်တီးလုပ်၍ စည်းလိုက်သည်။ ကိစ္စပြီးသည့်အခါ သူမသည် အစောင့်များကြားမှနေ၍ စတိုခန်း အတွင်းသို့ လိုက်လာခဲ့၏။ ပီကင်းမိန်းကလေးသည် သူမ၏နောက်မှ ပါလာသည်။ ပီကင်းမိန်းကလေး

သည် သူ့အိတ်ကပ်ထဲမှ စာရွက်နှစ်ရွက် ဆွဲထုတ်လိုက်ပြီး မေ-လင်းအား ဒေါသတကြီး ကြည့်နေသည်။ ထို့နောက် လက်ထဲမှ စာရွက်များအား မေ-လင်း၏ ခုတင်ပေါ်သို့ ပစ်ပေါက်လိုက်သည်။

"နင့် ဝန်ခံချက်တွေက ဒီနေ့ဆို လုံးဝ မပြည့်စုံဘူး။ နင်က ရေးထားတယ်။ ၁၉၅၇-ခု အတွင်းက သက်ဆိုင်ရာပါတီရဲ့ ပြုပြင်မှုကို ခံယူခဲ့ရပါတယ်လို့ ဝန်ခံချက်ထဲမှာ ရေးထားတယ်။ အဲဒီကိစ္စ အပြီးမှာ နင်က ဆုံးဖြတ်တယ်၊ နိုင်ငံရေး ဘဝထဲမှာ လုံးဝ မပါတော့ဘဲ ကင်းကင်းရှင်းရှင်း နေမယ်တဲ့။ အဲဒါကြောင့်မို့လည်း နင် ရှန်ဟိုင်းကို ရောက်လာတယ်။ တေးဂီတ သင်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ရောက်လာတာလို့ ဆိုတယ်။ ငါတို့ ယဉ်ကျေးမှု တော်လှန်ရေး သမားတွေကတော့ အဲဒီစကား လုံးဝ လက်မခံဘူး။ နင့်မှာ ဖောက်ပြန်ရေး စိတ်ကူးတွေ ရှိနေတုန်းပဲလို့ တို့က ယုံကြည်တယ်။

"ရှန်ဟိုင်းဟာ နင့်ရဲ့ ဇာတိမြို့ပဲ။ နင့်ရဲ့ မိသားစုတွေက တရုတ် အလုပ်သမားလူတန်းစားတွေရဲ့ သွေးတွေကို စုပ်ခဲ့တဲ့ နေရာပဲ၊ နင် ပြန်လာတာက အရင်းရှင် တစ်ယောက်ရဲ့ သမီးအနေနဲ့ ဥရောပဘက် သွားပြီး တေးဂီတပညာ သင်ခဲ့ဖူးတဲ့အတွက် အဲဒီဟာတွေကို ပြန်ပြီး လေ့ကျင့်ချင်လို့ လာတာပါ။ နင့်ကိုယ်နင် ဝေဖန်တဲ့ စာတမ်းကို အသစ်တစ်ခု ထပ်ရေးရမယ်။ အဲ့ဒီ အမှားတွေကို ထည့်ရေးပါ။ နောက်တစ်နာရီ ကြာရင် ပြန်လာပြီး ကြည့်မယ်"

မေ-လင်းသည် ပီကင်းမိန်းကလေးအား စိတ်ကုန်သော မျက်နှာထားဖြင့် ကြည့်နေသည်။ ကိုယ်လုံးကိုယ်ထည် သေးသွယ်၍ တောင့်တင်း ကြံ့ခိုင်သော သူမ၏ ခန္ဓာကိုယ်သည် ဝတ်ထားသည့် ကာကီ ယူနီဖောင်းဖြင့် ကျစ်ကျစ်လျစ်လျစ် ရှိလွန်းလှပေ၏။ မြောက်ပိုင်း နယ်သူဖြစ်၍ မျက်နှာသည် ဝိုင်းဝိုင်းစက်စက် ရှိသည်။ အသက်မှာ ဆယ့်ရှစ် သို့မဟုတ် ဆယ့်ကိုးနှစ်ခန့်မျှသာ ရှိပေလိမ့်ဦးမည်။ မေ-လင်း ငယ်စဉ်ကလိုပင် မိန်းမချောလေး တစ်ဦးဖြစ်၏၊ သို့သော်လည်း ကလေးမ၏ ရန်လို၍ ခက်ထန်တင်းမာသော မျက်လုံးများက သူမ၏ အလှနှင့် ကျက်သရေကို ဖျက်ဆီးထားလေသည်။

သူမ၏ နောက်ဘက်တွင် တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် မိန်းကလေး နှစ်ဦးရပ်နေကြသည်။ ထိုမိန်းကလေး နှစ်ဦးမှာ နယ်ခံများဖြစ်၍ အသိဉာဏ်ပညာ ရှိကြပုံမျှမက သိမ်မွေ့နူးညံ့သော ကလေးမများဖြစ်ကြသည်။ နှစ်ဦးစလုံးသည် မိမိ၏ စန္ဒရား ပညာသင် ကျောင်းသူများ ဖြစ်သည်။ ယခင် တစ်ကြိမ် မိမိအား ဖမ်းဆီးပြီး နွားတင်းကုပ် အချုပ်စခန်းသို့ ပို့ထားခဲ့စဉ်က ဤ မိန်းကလေး နှစ်ဦးသည် သူတို့၏ ဆရာမဖြစ်သော မိမိ၏အပေါ်၌ ရိုင်းရိုင်းပျပျ မဆက်ဆံခဲ့ကြပေ။ ယခုအခါတွင်မူ သူတို့၏ မျက်နှာထားများသည် သိသိသာသာ ပြောင်းလဲနေကြ

လေပြီ။ မိမိ၏ အပေါ်၌ စက်ဆုပ် မုန်းတီးသော အမူအရာကိုလည်း ဖော်ပြနေကြလေပြီ။ ယဉ်ကျေးမှု တော်လှန်ရေး၏ ဆိုးဝါးရက်စက်သော အကျိုးသက်ရောက်မှုကား ကြောက်မက်ဖွယ် ကောင်းလှချေပြီ။

ဤနှစ် ဆောင်းဦးရာသီတစ်လျှောက်လုံး လူတို့၏ ပုံမှန် ဆက်ဆံနေထိုင်ရေးဘဝသည် ဤယဉ်ကျေးမှုတော်လှန်ရေးဟု အမည်တပ်ထားသော နိုင်ငံရေးလှုပ်ရှားမှုကြီး အတွင်း၌ ဖရိုဖရဲဖြစ်ကာ ချို့ယွင်းပျက်ပြားခဲ့ရသည်။ အာဏာပိုင်အဖွဲ့အစည်းများ၏ အမျက်သိုမှုကို ကြောက်ကြသဖြင့် ဆွေမျိုးသားချင်း အားလုံးသည် စိတ်ဝမ်းကွဲပြားကာ တစ်ဦးအပေါ်တစ်ဦး မယုံသင်္ကာ ဖြစ်ကြသည်။ မုန်းတီးစက်ဆုပ်ကြသည်။ နှစ်ပေါင်းများစွာ တရင်းတနှီး နေထိုင်လာခဲ့ကြသော မိတ်ဆွေ အပေါင်းအသင်းများသည်လည်း ထိုလှုပ်ရှားမှုတည်းဟူသော နိုင်ငံရေးဒီရေများကြား၌ မျောပါသွားခဲ့ရသည်ဖြစ်၏။

ရှန်ဟိုင်းမြို့တော်၏ မြို့သူမြို့သားအားလုံးသည် ထိုနိုင်ငံရေး မုန်တိုင်း၏ ရိုက်ခတ်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲကာ သာယာချမ်းမြေ့မှု ကင်းမဲ့ခဲ့ကြရ၏။ ယခု ဒုတိယအကြိမ် အဖမ်းခံခဲ့ရသည့်အခါတွင် မေ-လင်းသည် တပ်နီ လုံခြုံရေးအဖွဲ့ဝင် မိန်းကလေးများ၏ စော်ကားမော်ကား ပြောဆိုမှုနှင့် အဓိပ္ပာယ် ကင်းမဲ့သော စွပ်စွဲမှုများကို အမြဲတစေ ခံခဲ့ရရှာ၏။ မေ-လင်း၏ နှလုံးသား၌ ရရှိခဲ့သောဒဏ်ရာကား ပြင်းထန်ကြီးမားလွန်းလှပေသည်။ အခုလည်း အစောင့်မိန်းကလေး သုံးဦးသည် သူမအား မလိုလားသည့် မျက်နှာထားများဖြင့် သူမအား ကြည့်နေရာမှ ဝန်ခံချက် အသစ်တစ်ခု ပြန်ရေးရမည်ဟု အမိန့်ပေးသည်။ ထို့နောက် သုံးယောက်စလုံး အခန်းထဲမှ ထွက်သွားပြီး တံခါးကို တအားကုန် ဆောင့်ပိတ်ပစ်ခဲ့ကြလေသည်။

စတိုခန်း ကျဉ်းကျဉ်းကလေး ထဲ၌ တစ်ဦးတည်း ကျန်ရစ်ခဲ့သော မေ-လင်းသည် စိတ်ဆင်းရဲမှု၏ ဒဏ်ကို အပြင်းအထန် ခံရသည်။ နံရံပေါ်၌ ကပ်ထားသော မော်စီ-တုန်းပုံ ပိုစတာသည် သူ့အား စူးစူးရဲရဲ စိုက်ကြည့်နေသည်ဟု ထင်မိ၏။ အချိန် အတော်ကြာမျှ ကြည့်နေသည့်အခါ သူ့ရင်ထဲတွင် ကြောက်မက်ဖွယ်ရာ ကောင်းသော ခံစားမှုသည် ဝင်လာခဲ့၏။ တကယ်တော့ ဤပုဂ္ဂိုလ်အတွက် အသက်စွန့်၍ လုပ်ကိုင် ပေးခဲ့ရသမျှသည် မိမိဘဝအား အဓိပ္ပာယ်ရှိလာအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

စောစောက သူ မြင်ခဲ့ရသော ပီကင်းမှ မိန်းကလေး၏ မျက်နှာသည် ချစ်စဖွယ်ကောင်းသော မျက်နှာဖြစ်ပါ၏။ သို့သော်လည်း လွဲမှားသော လမ်းညွှန်မှုအောက်သို့ ရောက်သွားသည့်အခါ ထိုမိန်းကလေး၏ အလှသည် ပျက်သုဉ်းသွားခဲ့ရ၏။ မေတ္တာနှင့် ကရုဏာပေါ် အခြေခံသည့် လူလူချင်း ကိုယ်ချင်းစာနာ

သော စိတ်သည်လည်း လုံးဝ ပျောက်ကွယ်သွားခဲ့ရသည်။ ခရီးရှည် ချီတက်ပွဲကြီး အတွင်းက ရရှိထားခဲ့သော စိတ်ဓာတ်များသည် ဘယ်ရောက်ကုန်ပြီနည်း။ မေ-လင်းသည် သူမ၏ မျက်လုံးအစုံကို မှိတ်ထားလိုက်မိလေ၏။

မေ-လင်း၏ စိတ်အာရုံတွင် အတိတ်က အမှတ်တရ ဖြစ်ရပ်အားလုံးသည် တစ်ခုချင်းစီ ပေါ်လာလျက်ရှိသည်။ မြက်ပင်ရှည်ကြီးများ ပေါက်ရောက်လျက်ရှိသော အဆုံးအစ မရှိသည့် မဟာမြက်ခင်းပြင်ကြီး၊ ရွှံ့နွံကြီးထဲ၌ နစ်မြုပ်လုနီးပါး ဖြစ်နေသော မိမိ၏ ခန္ဓာကိုယ်။ မိမိကိုယ်တိုင် နှီးတိုက်လျက်ရှိသော အင်္ဂလိပ် အမျိုးသမီးတစ်ဦး၏ သမီးငယ် နှီးစိုကလေး တစ်ဦး မိမိ ရင်ခွင်ထဲ၌ တယုတယ ပိုက်ထွေးထားသည့် တစ်ကိုယ်လုံး တုန်ယင် လှုပ်ရှားနေသော ဂျေကော့။

နံရံထက်ရှိ ပိုစတာအား မော့၍ကြည့်မိပြန်၏။ သူမအား စပ်ဖြဲဖြဲ လုပ်၍ ကြည့်နေသလားဟုပင် ထင်ရ၏။ တစ်ချိန်သောအခါက အထူးသဖြင့် ခရီးရှည် ချီတက်ပွဲကြီး အတွင်းက လူအများက အာဇာနည် သူရဲကောင်းအဖြစ် တရိုတသေ တလေးတစား ရှိခဲ့ကြသော ရိုသေကြောက်ရွံ့ခဲ့ကြသော ဤပုဂ္ဂိုလ်သည် အခု ဘာဖြစ်သွားပါလိမ့်။

ဟိုတုန်းကတော့ မျက်နှာဖောင်းဖောင်း ဝိုင်းဝိုင်း၊ ဆံပင်စုတ်ဖွားနှင့် ဤပုဂ္ဂိုလ်သည် တောင်တန်းများပေါ်မှ ကျော်ဖြတ်နေစဉ်အတွင်းနှင့် လယ်သမားတပ်၏ ဦးစီးဦးဆောင်အဖြစ်ဖြင့် ရေစီးသန်သော မြစ်များအား ဖြတ်ကူးနေစဉ် အတွင်း အမြဲတစေ သူ့မျက်နှာ၌ အပြုံးရိပ် ထင်ဟပ်နေခဲ့သည်။ ဤကြားထဲမှပင် သူသည် တရုတ်နိုင်ငံ၏ အလှနှင့် ကြီးကျယ်ခမ်းနားမှုများကို ဖော်ကျူးသည့် ကဗျာများကို ရေးဖွဲ့စပ်ဆိုခဲ့လေသည်။

ထိုပုဂ္ဂိုလ်သည် ယခုအခါတွင် နာမကျန်း ဖြစ်လျက်ရှိ၏။ သူ့စိတ်သူ အစိုးမရသည့် ထင်ရာစိုင်း နိုင်ငံရေးသမား တစ်ယောက် ဖြစ်လျက်ရှိ၏။ လူထု အကြိုက်များကိုပေးကာ ပြည်သူအချင်းချင်း တစ်ယောက် လည်မျို တစ်ယောက်က ဓားနှင့် လှီးအောင် သွေးထိုးပေးနေသည့် အတ္တ အားကြီးသော အောက်တန်းကျကျ နိုင်ငံရေးသမား တစ်ယောက် ဖြစ်နေပြီ။ အခု သူ လုပ်နေသည်များမှာ သားသမီးများက သူတို့ မိဘများအား ဆန့်ကျင်တိုက်ခိုက်သည်အထိ ဖြစ်လာအောင် လှုံ့ဆော်ပေးလျက် ရှိလေပြီ။

ထို ပုဂ္ဂိုလ်မျိုးအား အမှီပြု၍ ထိုပုဂ္ဂိုလ်မျိုး၏ ခေါင်းဆောင်မှုကို ရယူကာ တရုတ်နိုင်ငံ၏ အနာဂတ်ကို မိမိ ဖန်တီးနိုင်ပါမည်လော။ ဤကိစ္စမှာ မျှော်လင့်ချက် ထား၍ မရနိုင်တော့သည့် မိမိ အရာတစ်ခု ဖြစ်နေခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေ မိမိသည် ခရီးရှည် ချီတက်ပွဲကြီးတွင် လီ နှစ်သောင်းကျော်ခန့်အား

ဖြတ်၍ ထိုပုဂ္ဂိုလ်၏ ဦးဆောင်မှု နောက်မှ လိုက်လာခဲ့ရသူ ဖြစ်၏။ သို့တစေလည်း ယခုသော်မူ။

ထိုအခိုက်မှာပင် စတိုခန်းတံခါးသည် ပွင့်သွားသည်။ မေ-လင်းမျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ သူမ၏ အစောင့်များ ဝင်လာသည်ကို မြင်ရ၏။ အားလုံးသည် ဒေါသူပုန်ထနေသော မျက်နှာများဖြင့် ဖြစ်သည်။ သူမ၏ ရင်ခွင်၌ တင်ထားသည့်လက်တွင် ဒဏ်ရာသစ်မှသွေးများသည် ယခုအချိန်ထိ စီးကျနေဆဲ။

တစ်နာရီပင်ကျော်ခဲ့ပြီ၊ သွေးကမရပ်သေး။ "နင်ဟာ တို့ ညွှန်ကြားချက်တွေကို မလိုက်နာဘူး။ ဝန်ခံချက်အသစ် ရေးပေးဖို့ဆိုတာကျတော့လည်း နင်မလိုက်နာဘူး" ဟု ပီကင်းမှ မိန်းကလေးက အော်သည်။ "ဘာပြုလို့ အဲသလိုလုပ်တာလဲ"

"ငါ သိပ်ပင်ပန်းနေလို့ပါ" ဟု မေ-လင်းက ပြန်ပြောသည်။

"ဒါဆိုရင် ဒီဟာကို ကြည့်စမ်း"

မေ-လင်းသည် တပ်နီအမျိုးသမီး၏ လက်ထဲမှ စာအုပ်ပါးပါး နှစ်အုပ်သုံးအုပ်ကို မြင်သည်။ အဖုံးများအား ကြည့်လိုက်သည့်အခါ ခရီးရှည်ချီတက်ပွဲကြီး၏ အမှတ်တရဖြစ်ရပ်များကို မှတ်တမ်းတင်ထားသည့် စာအုပ်များဖြစ်သည်။ ယင်း အထဲတွင် သူမ၏ ဝတ္ထုတိုများ စာအုပ်လည်း ပါဝင်သည်။ ပီကင်းမိန်းကလေးသည် စာအုပ်များအား လက်နှစ်ဖက်ဖြင့် ကိုင်၍ ဆွဲဖြဲသည်။ ထို့နောက် မီးခြစ်ဘူး တစ်ဘူးကို ထုတ်ယူကာ စက္ကူစုတ်များအား သမံသလင်းပေါ် ချ၍ မီးရှို့သည်။

"တို့အနေနဲ့ စာရွက်တွေကို မီးရှို့ပစ်ရမယ်၊ ပြီးရင် ပြာတွေကို တံမြက်စည်းနဲ့ လှည်းပစ်လိုက်မယ်။ အားလုံး ကိစ္စ ပြီးသွားရောပေါ့" ဟု ပီကင်းမိန်းကလေးက ထပ်ပြောသည်။

ကျန်သော အစောင့် မိန်းကလေးများသည် မီးလောင်နေသော ကြမ်းပြင်ပေါ်မှ စက္ကူစုတ်များအား ကြည့်ကာ လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြသည်။ "သွေးစုပ်ဖုတ်ကောင် ဘူဇွာ လုကို ရှင်းလိုက်ကြ" ဟူသော ကြွေးကြော်သံကိုလည်း အော်နေကြသည်။ မေ-လင်းသည် စိတ်မသက်သာသော မျက်နှာထားဖြင့် ကြမ်းပေါ်မှ လောင်ကျွမ်းနေသော မီးပုံအား စိုက်ကြည့်နေသည်။

ကြွေးကြော်သံများကို အော်ဟစ်နေကြသော လုံခြုံရေး အစောင့်မိန်းကလေးများသည် အခန်းထဲမှ ထွက်သွားကြပြီး တံခါးကို ဆောင့်၍ပိတ်ခဲ့ကြသည်။ စတိုခန်းအပြင်သို့ ရောက်ကြသည့်အခါ အားလုံးရပ်၍ အကြောင်းအရာ

တစ်ခုကို ဆွေးနွေးငြင်းခုံနေကြသည်။ သူတို့အသံများသည် ဆူညံလျက်ရှိလေရာ မေ-လင်းသည် ထိုအသံများအပေါ် စိတ်ဝင်တစားဖြစ်ကာ နားစွင့်နေမိလေ၏။

"သူ့အပေါ် ဘာမြှုလို့ အခုလောက်အထိ ငြင်းငြင်းထန်ထန် လုပ်နေကြတာလဲ၊ လုပ်ဖို့ကော တကယ် လိုအပ်လို့လား" ဟူသော မေးသံ ကြားရသည်။ မေးနေသူများမှာ မေ-လင်း၏ တပည့်ဟောင်းများထဲမှ ကျောင်းသူတစ်ဦးဖြစ်၏။ "သူက သိပ်ပြီးကော အရေးပါလို့လား"

"သူ့အစ်ကို မာရှယ် လု ချီယာအိုကတော့ ပီကင်းက တပ်နီ လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ ရှေ့မှာ ပြည်သူ့ဒဏ်ခတ်မှုကို ခံနေရတယ်"ဟု ခေါင်းဆောင်မက ပြောသည်။ "သူက ဘူဇွာ သွေးစုပ်ကောင်ဖြစ်နေတော့ သူ့ကိုတို့က အရေး မယူလို့ မဖြစ်ဘူး။ ငါကိုယ်တိုင် ပီကင်းကို အကြောင်းကြားတော့ 'ကန့်ကွက်ရန် မရှိ'လို့ အကြောင်းပြန်တယ်။ ဒါကြောင့် လုပ်စရာရှိတာ ဆက်လုပ်တာ"

သူမအား နှိပ်စက် ညှဉ်းပန်းနေသူများသည် ကော်ရစ်ဒါအတိုင်း ဆက်လက် ထွက်ခွာသွားကြပြီဖြစ်၍ သူတို့အသံများသည် ဝေး ဝေးသွားသည်။ မေ-လင်းသည် ခုတင်ပေါ်၌ ဆက်ထိုင်နေသည်။ သူ့ အကြည့်သည် ရှေ့တည့်တည့်ကိုသာ စူးစိုက်နေသည်။ သူတို့ ပြောသွားသော စကားများမှာ သူမ၏ နားထဲမှ မထွက်။ သူ့ ရင်ထဲတွင် အခံရခက်လှပါဘိခြင်း။

ရုတ်တရက် သူမသည် ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်ကာ ခုတင်ပေါ်မှ ဆင်း၍ အခန်းအလယ်သို့ လျှောက်သွားသည်။ ပီကင်းမှ လွှတ်ထားသည့် ခေါင်းဆောင်မ အမှတ်တမဲ့ ချထားခဲ့သည်။ မီးခြစ်ဆံဘူးအား ကောက်ယူလိုက်သည်။ မီးခြစ်ဘူးအား ဖွင့်ကြည့်လိုက်သည့်အခါ မီးခြစ်ဆံများအပြည့်ရှိနေသည်ကို မြင်ရ၏။ သူမသည် သူမ၏ ဆံပင်၌ ညှပ်ထားသည့် ကလစ်ကို ဖြုတ်ယူလိုက်သည်။

သူမသည် အခန်းတံခါးအား ကျောပေး၍ ထိုင်လိုက်သည်။ သူမ ဘာလုပ်နေသည်ကို အပြင်မှ လူများ မမြင်စေလို၍ သူမ၏ ကိုယ်နှင့် တမင် ကွယ်ထားလိုက်ခြင်းဖြစ်၏။ သူမသည် ကုလားထိုင် ဘေး၌ ဒူးထောက်၍ ထိုင်ကာ မီးခြစ်ဆံ တစ်ချောင်းစီ၏ ခေါင်းမှ ဆာလ်ဖာခေါ် ကန့်များကို ခြစ်ချသည်။ အားလုံး ပြီးသွားသည့်အခါ သူမသည် ကန့်အစအနလေးများအား သောက်ရေခွက်ဖြင့် ဖိ၍ ကြိတ်လိုက်သည်။ ထို့နောက် အားလုံးကို စု၍ သူမ၏ ဘယ်ဘက်လက်ဖဝါးပေါ်သို့ စု၍ တင်လိုက်လေသည်။

သူမ၏ လှုပ်ရှားမှုသည် တစ်ချက်ကလေးမျှသာ ဖြစ်သော်လည်း လျှင်မြန်လှ၏။ လက်ဖဝါးပေါ်၌ စုတင်ထားသော အမှုန့်များအား ပါးစပ်တွင်းသို့

ဖျတ်ခနဲ ပစ်သွင်းကာ မျှိုချလိုက်သည်။ ထိုအခိုက်မှာပင် သရဲများ ထိန်းချုပ်ရေး အဖွဲ့မှ မိန်းကလေး တစ်ယောက်သည် တံခါးရွက်အဖြစ် တပ်ထားသည့် အဝတ်စအား ဖယ်၍ အခန်းတွင်းသို့ ချောင်းကြည့်သည်။

အချိန် အနည်းငယ်မျှ ကြာသည့်အခါ အခန်းတံခါးသည် ဖြန်းခနဲ ပွင့်သွားသည်။ အစောင့်တပ်သား မိန်းကလေး သုံးဦးသည် အခန်းတွင်းသို့ ပြေးဝင်လာကြပြီး မေ-လင်း၏ လက်များအား ဆွဲ၍ အတင်း ချုပ်ကိုင်ထားကြသည်။ အထူးသဖြင့် သူမ၏ ပါးစပ် အနီး၌ ရောက်နေသော ဘယ်ဘက်လက်ကို အတင်း ဆွဲဖယ်ကြသည်။

"မလုပ်စေနဲ့၊ ဆွဲထားကြ" ဟု တစ်ဦးက အော်သည်။ "ဒီ-မိန်းမ သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားနေတာ ဟဲ့"

မိန်းကလေးများနှင့် မေ-လင်းသည် အပြင်းအထန် ရုန်းကန်ကာ ထွေးလုံးရစ်ပတ် ဖြစ်နေကြသည်။ မေ-လင်း အဖို့ကတော့ ကျန်ရှိနေသမျှ အားကို အသုံးပြုကာ အကြောက်အကန် ခုခံ၍ ရုန်းကန်လျက်ရှိ၏။ နောက်ဆုံးတွင် မိန်းကလေးများသည် မေ-လင်း၏ လက်အား ပါးစပ်အနီးမှ ဆွဲဖယ်နိုင်ခဲ့ကြသည်။ သို့သော်လည်း မေ-လင်း၏ လက်ဖဝါးထက်မှ ပန်းရောင် အမှုန့်ကလေးများသည် တစ်မှုန့်မျှ မကျန်တော့ပေ။

မေ-လင်း၏ တစ်ကိုယ်လုံးသည် ပျော့ခွေသွားကာ ငြိမ်သက်သွားသည်။ အစောင့် သုံးယောက်၏ လက်များထဲမှာပင် သတိလစ်သွားခဲ့လေပြီ။ တပ်နီမ သုံးဦးသည် ဘာလုပ်၍ ဘာကိုင်ရမည် မသိ။ တစ်ယောက်မျက်နှာ တစ်ယောက် ပြူးတီးပြူးကြောင် ကြည့်နေကြသည်။

"တို့ သူ့ကို ဆေးရုံ ပို့မှဖြစ်မယ်" ဟု ခေါင်းဆောင်မက အော်သည်။ "အခု လုပ်ရပ်ဟာ သူ့ အပြစ်တွေကို သူ ဝန်ခံတာပဲ၊ သူ့ကို အပြစ်ဒဏ်က လွတ်အောင် လုပ်ပေးသလို အဖြစ် မခံနိုင်ဘူး၊ ဆေးရုံကို အမြန်ပို့မှ"

သူတို့သည် ပျော့ခွေနေပြီဖြစ်သော မေ-လင်း၏ ခန္ဓာကိုယ်အား အခန်းထဲမှ တရွတ်သီထိုး ဆွဲထုတ်လာကြလေသည်။

* * *

အပိုင်း ခုနစ်

ခရီးရှည် ချီတက်ပွဲ ပြီးဆုံးခြင်း

၁၉၇၆

၁၉၆၆ခုနှစ်တွင် ဖြစ်ပွားလာခဲ့သည့် ယဉ်ကျေးမှု တော်လှန်ရေး၏ အစောပိုင်း အဆင့်များတွင် အကြမ်းဖက်မှုများ၊ မရှင်း... မရှင်း ဖြစ်မှုများနှင့် ရှုပ်ထွေးမှုများသာလျှင် လွှမ်းမိုးကြီးစိုးလျက် ရှိသည်။ ထိုလှုပ်ရှားမှုသည် စက်ရုံ၊ အလုပ်ရုံများ၊ သတ္တုတွင်းများနှင့် ကျေးလက်ဒေသများသို့ ပျံ့နှံ့ ကူးစက်သွားသည်နှင့်အမျှ အခြေအနေ အရပ်ရပ်သည် ပိုမို၍ ပြင်းထန်ဆိုးဝါးလာသည်။ တစ်နိုင်ငံလုံးရှိ နယ်မြေဒေသ အသီးသီးသို့ ပျံ့နှံ့သွားသည့်အခါ သန်းပေါင်းများစွာသော အလုပ်သမားများနှင့် လယ်သမားများသည် အချင်းချင်း စိတ်ဝမ်းကွဲကာ ပဋိပက္ခ ဖြစ်လာခဲ့ကြပြီး တိုက်ကြ ခိုက်ကြသည်။ သတ်ကြ ဖြတ်ကြသည်။

ပီကင်းမှ အယူအဆ တင်းမာသော တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များသည် မော်နှင့် သူ့ဇနီးတို့၏ ယဉ်ကျေးမှု တော်လှန်ရေး အုပ်စု၏ ညွှန်ကြားချက်များအတိုင်း ရွေ့ပြောင်းတပ်ဦး အဖြစ် ပြည်နယ် နှစ်ဆယ့်ကိုးနယ်သို့ သွားရောက်ကာ တစ်နယ်ချင်းစီရှိ ပါတီအတွင်းရေးမှူးများအား ဖြုတ်ချကြသည်။ ထိုအချိန်ထိ ပြည်သူ့လွတ်မြောက်ရေးတပ်နှင့် ရဲတို့သည် ယဉ်ကျေးမှုတော်လှန်ရေးထဲ ဝင်ပါမလာဘဲ ဘေးဖယ်နေကြသည်။ ယင်းကဲ့သို့ ဤ အရေးကိစ္စတွင် ဝင်မပါဘဲ စစ်တပ်နှင့် ရဲတို့က ဘေးမှ ရပ်ကြည့်နေကြခြင်းသည် ပီကင်းမှ ပေးထားသည့် အမိန့်ကြောင့် ဖြစ်၏။

ထိုအချိန်တွင် ပြည်နယ်ပါတီ ဌာနချုပ်များသည် ပီကင်းမှ စေလွှတ်လိုက်သော ယဉ်ကျေးမှု တော်လှန်ရေးသမားများ၏ ဝင်ရောက်စီးနင်း တိုက်ခိုက်ခြင်းကို ခံနေကြရသည်။ ပါတီမှ အရာထမ်း အမှုထမ်းများသည် ဂုဏ်သိက္ခာ ကင်းမဲ့သည် အထိ အရှက်ခွဲခံခဲ့ကြရပြီး ရိုက်နှက် ညှဉ်းပန်းခြင်းကိုပါ ခံခဲ့ကြရ၏။ တစ်ခါတစ်ရံ အသတ် ခံကြရလေသည်။

ကွန်မြူနစ်ပါတီ၏ စီမံခန့်ခွဲရေးရာများသည် နိုင်ငံနှင့်အဝန်း ပျက်စီးယိုယွင်းကုန်သည်။ သို့သော်လည်း မော်အနေနှင့် အာဏာရှိ အဆောက်အအုံ (အဖွဲ့အစည်းများ)ကို အစားထိုး၍ ပြုပြင်ဖွဲ့စည်းခြင်း မပြုခဲ့ပေ။ ထို့ကြောင့်လည်း ပြည်သူ့လွတ်မြောက်ရေးတပ်၏ ဩဇာခံ နယ်မြေစစ်တပ် ထိန်းသိမ်းရေး ကော်မရှင်များနှင့် 'တော်လှန်ရေး ကော်မတီများ'သည် နောက်ဆုံးတွင် ပြည်နယ်တိုင်းလိုလို၏ အုပ်ချုပ်ရေးရာ တာဝန်များကို ယူလိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ ယင်းအဖွဲ့အစည်းများသည် ရှုပ်ထွေးနေသော အခြေအနေ အရပ်ရပ်ကို ပို၍ ပို၍ ရှုပ်ထွေးစေခဲ့သည်။ နယ်မြေဒေသဆိုင်ရာ စစ်တပ်မှ အုပ်ချုပ်သူများသည် သူတို့ ကိုယ်ပိုင် တပ်နီလုံခြုံရေး အုပ်စုသစ်များ ဖွဲ့စည်းတည်ထောင်လာကြသည်။ ထိုအခါ အကွဲကွဲ အပြားပြားဖြစ်နေကြသော အဖွဲ့အစည်းများကြား၌ မဆုံးနိုင်သော အငြင်းပွားမှုများသည် ဖြစ်ပေါ်တည်ရှိလာလေသည်။

ထိုအငြင်းပွားမှုများသည် လူ့အသက်များအား ဆုံးရှုံးစေခဲ့၏။ အချို့သော မြို့ကြီးများတွင် အလုပ်သမားများနှင့် တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်များကြား၌ လက်နက်ကိုင် တိုက်ပွဲများဖြစ်လာခဲ့သည်။ လမ်းများပေါ်၌ မော်တာများနှင့် စက်သေနတ်ကိုင် တိုက်ပွဲများသည် ဖြစ်ပွားလာသည်။ နောက်ဆုံးတွင် စစ်တပ်သည် ယင်း မငြိမ်သက်မှုများအား အင်အားသုံး၍ နှိမ်နင်း လာရသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံ၏ နယ်မြေဒေသအများအပြားသည် နယ်မြေဒေသခံ စစ်တပ်မှ တပ်မှူး၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ ရောက်သွားကြရ၏။ အတိတ်

က အမှောင်ဖုံးနေသော စစ်ဘုရင်များခေတ်ကို သတိရစေနိုင်သည့် အဖြစ်များပေတည်း။

၁၉၆၉ ခုနှစ် နွေဦးတွင် ကွန်မြူနစ်ပါတီ ကွန်ဂရက်ညီလာခံသည် ဗဟိုကော်မတီနှင့် ပေါ်လစ်ဗျူရို အသစ်တစ်ခု ရွေးချယ် ဖွဲ့စည်းလိုက်သည်။ ယင်းပေါ်လစ်ဗျူရိုအား ကြီးစိုးလွှမ်းသူများမှာ စစ်ခေါင်းဆောင်များဖြစ်၍ ယင်းခေါင်းဆောင်များကပင်လျှင် ပြည်နယ်ပါတီ စီမံခန့်ခွဲမှု တစ်ခုလုံးအား ချုပ်ကိုင်ထားကြသည်။

တပ်နီ လုံခြုံရေး တပ်ဖွဲ့များအား ဖျက်သိမ်းပစ်လိုက်သည့်အခါ မြို့နေ တရုတ်လူငယ် သန်းပေါင်း အမြောက်အမြားအား မြို့နှင့် အလွန် အလှမ်းကွာဝေးသော ကျေးလက်ဒေသများသို့ "လယ်သမားများထံမှ ပညာသင်ယူရေး" ဟူသောဆောင်ပုဒ်ဖြင့် စေလွှတ်ခဲ့ကြသည်။ ဤဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ ကောက်ရိုးတဲများနှင့် ဂူများတွင် နေထိုင်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ရန် ဖြစ်သည်။

အလွန်ကြမ်းတမ်းသော ပတ်ဝန်းကျင်၌ နေထိုင်ခဲ့ရသော တပ်နီလုံခြုံရေး တပ်ဖွဲ့ဝင်ဟောင်းများသည် သူတို့၏ အမှားများကို နက်နက်ရှိုင်းရှိုင်း သိမြင်နားလည် လာကြသည်။ ထိုနားလည်မှုကို ရရှိနေခိုက်မှာပင် လယ်သမားအများစုသည် ကွန်မြူနစ် ခေါင်းဆောင်မှုအပေါ်တွင် ယခင်ကလို ယုံကြည်မှု မရှိတော့ဘဲ စိတ်ကုန်နေကြသည်ကို အတိအကျ သိမြင်လာကြသည်။ အထူးသဖြင့် 'မဟာရှေ့သို့ ခုန်လွှားမှုတိုက်ပွဲ' မှ ရလာသည့် ဆိုးဒဏ်များအားကြည့်ကာ လယ်သမားများသည် ကွန်မြူနစ်တို့၏ ခေါင်းဆောင်မှုအပေါ် ရွံရှာ စက်ဆုပ်လာကြလေသည်။

ကျေးလက်ဒေသများဆီသို့ နယ်နှင်ဒဏ် အပေးခံခဲ့ကြရသော လူငယ်ပေါင်း အများအပြားသည် သူတို့ ရောက်နေသော နေရာများမှ မြို့ပေါ်သို့ တိတ်တဆိတ် ထွက်ပြေးကာ ပုန်းအောင်း နေကြသည်။ တစ်ချိန်က စစ်တပ် တစ်တပ်လို စည်းကမ်းတကျ နေထိုင်ခဲ့ကြပြီး ထိန်းထိန်းသိမ်းသိမ်း ရှိခဲ့ကြသော အမျိုးသား တစ်ရပ်လုံးသည် အကျင့်စာရိတ္တ ပျက်ပြား

ယုတ်ညံ့လာသည်။ ရာဇဝတ်မှုများသည် နေရာအနှံ့တွင် များစွာ ဖြစ်ပွားလာသည်။ အကျင့်ပျက်ပြားမှုများသည် နေရာအနှံ့အပြားတွင် အသက်ဝင်ကာ ရှင်သန်ကြီးထွား လာကြသည်။ နောက်ဖေးပေါက်မှ တက်၍ပေးသော လာဘ်ပေးလာဘ်ယူ စနစ်နှင့် မှောင်ခိုဈေးများသည် ၁၉၄၉ ခုနှစ်မှ စ၍ ပြန်လည် အသက်ဝင်လာကြလေသည်။

တရုတ်နိုင်ငံ၏ ပြည်ပ ဆက်ဆံရေးနှင့် ပတ်သက်၍ ယခင်ကထက် သီးခြားဖြစ်ကာ အထီးကျန် ဖြစ်လာသည်။ အထူးသဖြင့် ယဉ်ကျေးမှု တော်လှန်ရေး၏ အဆင့်ဆင့်သော အရှုံးထမှုများသည် အခြေအနေ အရပ်ရပ်ကို ပို၍ဆိုးဝါးစေသည်။ ထိုင်ဝမ်ကျွန်းနှင့် ချန်ကေ-ရှိတ်အား အမေရိကန်တို့က ထောက်ခံအားပေးနေခြင်းသည် တရုတ်နိုင်ငံ ပြည်မကြီးအား ကမ္ဘာ့ကုလသမဂ္ဂ၏ ပြင်ပသို့ ရောက်နေအောင် လုပ်လိုက်သလို ဖြစ်သွားခဲ့၏။ ထိုမျှသာမကသေး ဝါရှင်တန် အစိုးရ၏ မဟာမိတ်များစွာက သံတမန်ရေးရာအရ လုံးဝ အဆက်အဆံမပြုဘဲ ပယ်ထားခြင်းကို ခံခဲ့ရလေ၏။

သို့သော်လည်း ၁၉၆၇ ခုနှစ်တွင် နိုင်ငံခြားတိုင်းပြည်တစ်ဒါဇင်ခန့်၌ မီတင်း နေထိုင်လျက်ရှိကြသော တရုတ်ကျောင်းသား ကျောင်းသူများ၊ သံတမန်များနှင့် နိုင်ငံရပ်ခြားနေ တရုတ်များနှင့် ဆက်စပ်ပတ်သက်နေသော အဖြစ်အပျက်များသည် ပီကင်း၌ ကြီးမားသော လူထုဆန္ဒပြပွဲကြီးများကို ပေါ်ပေါက်စေခဲ့သည်။ ဤအတွက်ကြောင့်လည်း တရုတ်နိုင်ငံသည် နိုင်ငံတကာ အလယ်တွင် နိမ့်ကျသော နိုင်ငံအဖြစ်သို့ အသွင်ပြောင်းစေခဲ့၏။

ဆိုဗီယက်ယူနီယံ၊ ယူဂိုစလားဗီးယား၊ ပြင်သစ်၊ အီတလီ၊ အိန္ဒိယ၊ မြန်မာ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီးယား၊ ဘူလ်ဂေးရီးယားနှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံ သံရုံးများသည် တရုတ်နိုင်ငံ၏ လုပ်ရပ်များကြောင့် များစွာ မျက်နှာပျက်ခဲ့ရ၏။ သံတမန်အများအပြားနှင့် ယင်းတို့၏ မိသားစုများသည်လည်း ကဲ့ရဲ့ဆဲဆို ပြစ်တင် ကြိမ်းမောင်းခြင်းများကို ခံခဲ့ရရုံမျှမက တရုတ်နိုင်ငံတွင်းမှ မောင်းထုတ်ခြင်း ခံခဲ့ကြရလေသည်။

ဟောင်ကောင်ရှိ ကွန်မြူနစ်များသည် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှု တော်လှန်ရေးအား ထောက်ခံသည့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်သော အဆင့်များအထိ ရောက်ခဲ့ကြ၏။ သူတို့ ကျူးလွန်ခဲ့သော လုပ်ရပ်များသည် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် ဗြိတိသျှသံရုံးအား မီးရှို့ ဖျက်ဆီးပစ်သည့် လုပ်ရပ်ဖြင့် အဆုံးသတ်ခဲ့လေ၏။

တရုတ်တို့၏ 'ဇဲနိုးဖိုးဘီယား' ဟု ခေါ်သော နိုင်ငံခြားသား များအား မနှစ်သက်သည့် ရောဂါသည် ၁၉၆၉ ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်သွားခဲ့သည်။ ထိုနှစ်တွင် တရုတ် နိုင်ငံ၏ မြောက်ပိုင်း နယ်စပ်တစ်လျှောက်၌ ဆိုဗီယက်ယူနီယံ နှင့် တိုက်ပွဲများ ဖြစ်လာခဲ့၏။ နှစ်ဖက်စလုံးတွင် လူအသေ အပျောက် များစွာ ရှိခဲ့လေရာ ထိုပဋိပက္ခသည် စစ်ပွဲအသွင် ပြောင်းသွားသည့်အခါ အကြီးအကျယ် ပျက်စီးစေတတ်သည့် အဖြစ်ကို တရုတ်နိုင်ငံ၏ ခေါင်းဆောင်များ သတိထားမိကာ အသိဝင်လာသည်ဟု ယူဆဖွယ်ရာ ရှိလေသည်။

အလွန်အမင်း ယိုယွင်းပျက်ပြားသွားသော နိုင်ငံတော် အတွက် ခိုင်မာ တည်တံ့ပြီး ကျိုးကြောင်း ဆင်ခြင်မှုနှင့် ပြည့်စုံသော အခြေအနေ အရပ်ရပ်ကို ပြန်လည်ပြုပြင် ပြောင်း လဲတည်ဆောက်ရန် ကြိုးပမ်းခဲ့သူမှာ လက်တွေ့ဘဝကိုသာ အရေးထားသော ဝန်ကြီးချုပ် ချူအင်-လိုင်း ဖြစ်၏။ သူသည် ယဉ်ကျေးမှု တော်လှန်ရေးထဲတွင် အထိအခိုက် မရှိဘဲ လွတ် မြောက်ကာ အသက်ရှင်၍ ကျန်ရစ်ခဲ့သူ ဖြစ်၏။ သူ၏ ဒဏ္ဍာရီ ဆန်သော သံတမန်ရေးရာ အရည်အသွေးနှင့် အစွမ်းအစများ ကြောင့်လည်း လွတ်မြောက်လာခဲ့ရခြင်း ဖြစ်သည်။

မော်က ပြန်လည်ပြုပြင်ရေးသမားဟူသော စွပ်စွဲချက်ဖြင့် ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရသည်မှာ မှန်သော်လည်း ချူအင်-လိုင်းသည် မရှိမဖြစ်ပင်ဖြစ်သော အလယ်အလတ်သမား ခေါင်းဆောင် တချို့အား အကာအကွယ် ပေးနိုင်ခဲ့၏။ ယင်းတို့ အထဲတွင် အရေးပါ အရာရောက်ဆုံး ပုဂ္ဂိုလ်ကား တိန်ရှောင့်-ပိန် (ဒိန် ရှောင့်-ပိန်) ဖြစ်သည်။ တိန်ရှောင့်-ပိန်သည် ယခင်က ပါတီ အထွေထွေ အတွင်းရေးမှူးဖြစ်၍ တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်

များက ဖယ်ထုတ်ပြီး သွားပုပ်လေလွင့် စွပ်စွဲ ပြောဆိုကာ ရန်သူဟု အသတ်မှတ် ခံခဲ့ရသူဖြစ်သည်။ သူနှင့်အတူ ချူအင်-လိုင်း ကာကွယ်ကယ်တင်ခဲ့သူမှာ သမ္မတ လျူရှောက်-ချီ ဖြစ်၏။

သမ္မတလူမှာ အကျဉ်းထောင် အချုပ်ခန်းတစ်ခု အတွင်း၌ မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရပြီး သေဆုံးသွားခဲ့ရသည့် ယဉ်ကျေးမှု တော်လှန်ရေး၏ အဆိုးဝါးဆုံးနှင့် အမှားဆုံးသော ကျူးလွန်မှု တစ်ခု ဖြစ်၏။ သူတို့ လက်ချက်ကြောင့် သေဆုံးသွားရသူမှာ အထင်ရှားဆုံးသော အဖိုးတန် လူတစ်ဦး ဖြစ်ချေသည်။ တရုတ်နိုင်ငံ၏ စည်းလွတ်ဝါးလွတ် ဖြစ်နေသော အခြေအနေများကို အောင်မြင်စွာ ထိန်းသိမ်းပေးခဲ့သော ချူသည် တိန်ရှောင့်-ပိန်အား ပြန်လည် ထူထောင်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်မူ တိန်ရှောင့်-ပိန်အား ဒုတိယ ဝန်ကြီးချုပ် အဖြစ် ခန့်ထားခဲ့ပြီး သူ့နေရာအား ဆက်ဆံရေးအတွက် လျာထားခဲ့သည်။

တိန်ရှောင့်-ပိန် ပြန်လာရသည့် ဇာတ်လမ်းသည် အလွန် ဇာတ်ဆန်သည်။ အမှန်အားဖြင့် ဝန်ကြီးချုပ် နေရာအား ဆက်ခံရန် မော်စီ-တုန်း လျာထားသည့် လူမှာ ကာကွယ်ရေးဝန်ကြီး လင် ပီယာအို ဖြစ်သည်။ ခရီးရှည် ချီတက်ပွဲကြီး၏ နာမည် အကျော်ကြားဆုံးသော ဗိုလ်ချုပ် တစ်ယောက် ဖြစ်ခဲ့သော ပီယာအိုသည် မော်အား ယဉ်ကျေးမှု တော်လှန်ရေးကာလ ပထမအဆင့်တွင် အရေးပါသော စစ်ရေးဖြင့် ထောက်ခံကူညီမှုကို ပေးခဲ့သူ ဖြစ်သည်။ သို့သော်လည်း ဥက္ကဋ္ဌ မော်၏ အာဃာတ ကြီးသော စိတ်ရောဂါကြောင့် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ထဲတွင် ပီယာအိုသည် ပါတီဥက္ကဋ္ဌ မော်၏ သားကောင် ဖြစ်သွားခဲ့ရလေသည်။

ထိုနှစ် ထိုလထဲမှာပင် ဆိုဗီယက် ယူနီယံနိုင်ငံသို့ ပျံသန်းသွားသော တရုတ် စစ်လေယာဉ် တစ်စီးသည် မွန်ဂိုလီးယားနိုင်ငံထဲသို့ ပျက်ကျသွားခဲ့၏။ လေယာဉ်ပေါ်၌ လိုက်ပါလာသော ခရီးသည်အားလုံး တစ်ယောက်မကျန် သေဆုံးခဲ့ကြ၍ အားလုံး ရုပ်အဆင်း အင်္ဂါ ပျက်ပြားကုန်သဖြင့် ဘယ်သူဘယ်ဝါတွေ ပါသွားသည်ကို မည်သူမှ မသိခဲ့ကြချေ။

ယင်း စစ်လေယာဉ် ပျက်ကျမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ ပီကင်းအစိုးရသည် အချိန်ကာလ အတော်ကြာသည် အထိ ဘာမှ မပြောဘဲ နှုတ်ဆိတ်လျက်ရှိ၏။ ထို့နောက် လေယာဉ်ပေါ်၌ လင် ပိယာအိုနှင့်အတူ သူ့ဇနီးနှင့် သူ့နောက်လိုက် ပါသွားကြကြောင်း၊ ထိုလေယာဉ်သည် ရုရှားနိုင်ငံ မော်စကိုမြို့တော်သို့ သွားခြင်း ဖြစ်ကြောင်း၊ တရားဝင် ပြောပြလိုက်သည့် စကားအရ လင် ပိယာအိုသည် ယခုလို ထွက်ပြေးဖို့ မကြိုးစားမီက မော်အား လုပ်ကြံသတ်ဖြတ်ရန် အားထုတ်ရန် ကြိုးစားခဲ့ကြောင်း စသည့် အချက်များ ပါဝင်သည့် ကြေညာချက် ထွက်လာခဲ့လေသည်။

ထိုသတင်းထုတ်ပြန်ချက်မှာ အများ၏ သံသယဖြစ်မှုကို ကြီးမားစေခဲ့သည်။ လင် ပိယာအိုသည် မည်သူမှ မသိသော သို့မဟုတ် မည်သူမှ ခန့်မှန်း၍ မရနိုင်သော အကြောင်းများကြောင့် သေရသည် သို့မဟုတ် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်ဟု အခိုင်အမာ ယုံကြည်ယူဆခဲ့ကြသည်။

ထို့နောက် တစ်ဆက်တည်း ဆိုသလိုပင် မာရှယ် လင်၏ နောက်လိုက်များ သို့မဟုတ် ထောက်ခံသူများအား ပါတီနှင့် စစ်တပ်မှ ထုတ်ပယ်ပစ်သည်။ မော်၏ သုတ်သင်ရှင်းလင်းမှုကြောင့် နိုင်ငံအပေါ် လက်နက်ဖြင့် ဩဇာလွှမ်းမိုးကာ ထင်ရာလုပ်တော့မည့် တပ်၏ အရှိန်သည် တန့်သွားခဲ့သော်လည်း တရုတ်နိုင်ငံ၏ နဂိုက အားနည်းနေသော ခိုင်မာမှုသည် ပြန်လည် ပြိုပျက်သွားခဲ့ပြန်၏။

ထိုကာလ အတွင်းတွင် မော့်တွင် ကိုယ်လက် အင်္ဂါများ တုန်ယင် တင်းမာ ထုံထိုင်းသောရောဂါ (တစ်နည်းအားဖြင့် သွက်ချာပါဒရောဂါ) စွဲကပ်လာခဲ့လေရာ ကိုယ်ရောစိတ်ပါ အားနည်းလာခဲ့သည်။ ထိုအချိန်မှစ၍ မော်သည် တရုတ် နိုင်ငံအား အုပ်ချုပ်ရာ၌ ပုဂ္ဂိုလ်တစ်ဦးပေါ် သို့မဟုတ် အရာတစ်ခုအပေါ်၌ ဆန့်ကျင်ဘက် အမြင်နှစ်ခု ထား၍ အုပ်ချုပ်သော စနစ်အား ကျင့်သုံးခဲ့သည်။

အခြား တစ်ဖက်တွင်လည်း သူသည် ဝန်ကြီးချုပ် ချူ၏ အလယ်အလတ်ကျသော မူဝါဒကို အားပေးသမှု ပြုသည်သာ

မက သူ့ဇနီး၏ အစွန်းရောက် ဝါဒီအုပ်စုကိုပါ မျက်နှာပေးခဲ့သူ ဖြစ်၏။ ထိုအုပ်စုမှာ နောက်ပိုင်းတွင် လေးဦးဂိုဏ်း အမည်ဖြင့် ရှုတ်ချခံခဲ့ရသော အဖွဲ့ဖြစ်သည်။

ယင်းကဲ့သို့သော ပြည်တွင်း ပဋိပက္ခများ ရှိနေသည့်ကြား မှပင် ပီကင်း အစိုးရသည် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ် တွင်း ဒီပလိုမေစီခေါ် နိုင်ငံချင်း ဆက်ဆံရေး မူဝါဒ အသစ် တစ်ခုကို ချမှတ်လာခဲ့၏။ ထိုမူဝါဒသစ်မှ အသီးအပွင့် ဖူးပွင့် လာသည်ကို မြင်တွေ့ခဲ့ကြရသည်။ ၁၉၇၁ ခုနှစ်၊ ဆောင်းဦး ရာသီတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့တွင်းသို့ ဝင်ခွင့် ရရှိခဲ့ပြီးနောက် ယခင်က အကြီးဆုံး ရန်သူဖြစ်ခဲ့သည့် အမေရိကန်နှင့် ဆက်ဆံရေး ပြန်လည် သင့်မြတ်သွားခဲ့သည်။

၁၉၇၂ ခုနှစ်တွင် သမ္မတ ရစ်ချတ် နစ်ကဆင်အား တရုတ် အစိုးရက ပီကင်းသို့ ဖိတ်ကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် ကနေဒါ၊ ဩစတြေးလီးယားနှင့် အနောက် ဂျာမနီ စသော အနောက်တိုင်းနိုင်ငံများနှင့်အတူ တရုတ် ပြည်သူ့ သမ္မတနိုင်ငံနှင့် သံတမန် ဆက်သွယ်မှု ပြုခဲ့ကြသည်။ တရုတ် သမ္မတနိုင်ငံ ဖြစ်ပေါ်တည်ရှိလာပြီးနောက် နှစ်ပေါင်း နှစ်ဆယ်ကျော်ခါမှ သံတမန် အဆက်အသွယ် ရှိခဲ့ကြခြင်း ပေတည်း။

ကံမကောင်း အကြောင်းမလှရှာသည့် တရုတ်နိုင်ငံအဖို့ ချူအင်-လိုင်းသည် ကင်ဆာရောဂါဖြင့် အိပ်ရာပေါ် လဲခဲ့ပြီး သူ့ အခြေအနေသည် တစ်နေ့တခြား ဆိုးဝါးလာခဲ့သည်။ ဤတွင် တိန်ရှောင့်-ပိန်သည် တစ်မျိုးသားလုံးအတွက် အကျိုး ဖြစ်ထွန်းစေသော ဝန်ကြီးချုပ် ဖြစ်လာခဲ့လေသည်။

ထိုအချိန်ကာလအတွင်း မော်၏ ကျန်းမာရေးမှာလည်း တစ်နေ့တခြား ပျက်ပြား ချို့ယွင်းလာလျက် ရှိသည်ဖြစ်ရာ သူ့ အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်လျက်ရှိ၏။ ထိုစဉ်က သူသည် တရုတ်နိုင်ငံတွင်းသို့ လာရောက်သမျှ နိုင်ငံရပ်ခြား တိုင်းပြည်များမှ ခေါင်းဆောင်များအား သူကိုယ်တိုင် တွေ့ဆုံ ညှိခံရမှ ကျေနပ်သည်။ ထို့ကြောင့်လည်း သူသည် သူနာပြု

ဆရာမ အများအပြား ခြံရံကာ နိုင်ငံရပ်ခြား ခေါင်းဆောင်များအား ဧည့်ခံလေ့ ရှိလေသည်။

သို့သော်လည်း သူ ဝင်သက် ထွက်သက် မှန်နေသမျှ ကာလပတ်လုံး သူ၏ ဒဏ္ဍာရီဆန်သော အတိတ်မှ အရိပ်သည် သူ့အား လူဦးရေသန်းပေါင်း ရှစ်ရာ၏ အကြီးမြင့်ဆုံးသော ခေါင်းဆောင်အဖြစ် ရပ်တည်နေနိုင်စေခဲ့၏။ သူ့ ကျန်းမာရေး အခြေအနေ ပျက်ပြား၍ အသက် ကုန်ဆုံးသွားသည့်အခါ အခြေအနေ အရပ်ရပ်သည် အတိတ်က မင်းဆက်များ ကျဆုံးသလို ဖြစ်ခဲ့ရလေသည်။

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ထဲတွင် ချူအင်-လိုင်း ကွယ်လွန်ခဲ့လေရာ အခြေအနေ အရပ်ရပ်ကို ပိုမို ရှုပ်ထွေးစေခဲ့၏။ မူလက အသက်ခုနစ်ဆယ့်ရှစ်နှစ် ရှိနေပြီဖြစ်သော ချူသည် အသက် ရှစ်ဆယ့်နှစ်နှစ်မျှ ရှိပြီဖြစ်သော မော်အား ဆက်ခံနိုင်လိမ့်မည်ဟု ယူဆခဲ့ကြ၏။ သို့သော်လည်း ချူ၏ အချိန်မကျခင် သေခြင်းသည် အခြေအနေ အရပ်ရပ်အား ဖွင့်ပေးလိုက်သလို ဖြစ်သွားခဲ့ရလေ၏။

မော်၏ ဇနီး မဒမ်ချန်ချင်းနှင့် သူမ၏အုပ်စုသည် ပါတီတွင်း၌ အရင်းရှင် လမ်းကြောင်းပေါ် ရောက်သမျှ လူများအား ရှင်းလင်း သုတ်သင်ရန် အားထုတ်ကြသည်။ ယဉ်ကျေးမှု တော်လှန်ရေးအား အခြေခံကာ စည်းလွတ်ဝါးလွတ် လုပ်ရပ်များအား ဆက်လက်၍ လုပ်ကြသည်။

ဤသို့ဖြင့် တိန်ရှောင့်-ပိန်၏ အပေါ်စီးရနေသော အနေအထားသည် ဖေဖော်ဝါရီလထဲတွင် ပျက်ပြား သွားခဲ့ရ၏။ လူသိ အလွန်နည်းပြီး ဒုတိယတန်း ခေါင်းဆောင် အဆင့်၌သာ ရှိနေသော ဟွာကုအို-ဖုန်းသည် မော်၏ ညွှန်ကြားချက် အရ ဝန်ကြီးချုပ် ဖြစ်လာသည်။ ထိုအခါ တိန်ရှောင့်-ပိန်၏ အနေအထားသည် မရေမရာ ဖြစ်လာသည်။

နေ့ရက်များသည် ချင်မင်းဟု ခေါ်သော တရုတ်နွေဦး ပွဲတော်နှင့် နီးကပ်လာသည်။ ထိုပွဲတော်မှာ ကွယ်လွန်သွားလေပြီဖြစ်သော မိမိတို့ လူမျိုး အာဇာနည် သူရဲကောင်းများအား ရိုသေသမှုဖြင့် အလေးပြုကြရသော ပွဲတော်ဖြစ်၏။ ထိုပွဲတော်

တွင် သန်းပေါင်းများစွာသော တရုတ်လူမျိုးများသည် ချူအင်-လိုင်းအား ဂုဏ်ပြုသည့်အနေဖြင့် အာဇာနည် အထိမ်းအမှတ် ကျောက်တိုင်သို့ သွားကာ လွမ်းသူ့ပန်းခွေများ ချကြသည်။

ပန်းခွေ အများအပြားသည် မော်၏ ဇနီး မဒမ်ချန်ချင်းနှင့် သူမ၏ နောက်လိုက်များအား လျှို့ဝှက်စွာ တိုက်ခိုက်သည့် အနေဖြင့် ချခဲ့ကြခြင်း ဖြစ်၏။ ၁၉၄၉ ခုနှစ်မှစ၍ ပထမဆုံး အကြိမ် ပြည်သူတို့၏ ဆန္ဒအရ သူ့ဘာသာသူ ကြိုတင်တိုင်ပင် မထားဘဲ အလိုအလျောက် ပေါ်ပေါက်လာသည့် ပီကင်းမှ နိုင်ငံရေး အဓိကရုဏ်းကြီးသည် ပေါ်ပေါက်လာခဲ့၏။

ဤသို့ဖြင့် ခြောက်လတာမျှ ကြာမြင့်ခဲ့သော နိုင်ငံရေး အုံကြွမှုကြီးသည် ရုတ်တရက် မထင်မှတ်ဘဲ ဖြုန်းစားကြီး ပေါ် ပေါက်လာခဲ့သည်ဖြစ်ရာ ထိုနိုင်ငံရေး အုံကြွမှုကြီးသည် တရုတ် နိုင်ငံတွင် လူပေါင်း အမြောက်အမြားကို အသက်ဆုံးရှုံးစေခဲ့၏။ နိုင်ငံတစ်လွှားတွင် အပျက်အစီးပေါင်း များစွာနှင့် ရင်ဆိုင် စေ ခဲ့၏။ ၁၉၇၆ ခုနှစ် မဝင်မီ အဆုံးသတ် သွားခဲ့သည်မှာ မှန် သော်လည်း တရုတ်ပြည်သူများအတွက် ဆုံးရှုံး နစ်နာမှုများ ကား ကြီးမားလှချေသည်။

အမှန်တော့ ထိုပွဲသည် ဥရောပ ပရဝဏ်ကျမ်းတစ်ကျမ်း ထဲမှ ဂေါ်တာဒမ်ရမ်းကဲ့သို့ အလွန်ဇာတ်ဆန်ပြီး ထူးခြားသော ပွဲကြီးတစ်ပွဲဖြစ်၏။ နတ်ဘုရားများ၏ ဘဝနေဝင်ချိန် ပွဲဟုပင် ပြောစမှတ် ပြုခဲ့ကြရလေသည်။

***

၁

"ကျွန်တော်တို့ရဲ့ ဘိုးဘွား ဝိညာဉ်တွေဟာ ကျွန်တော်တို့ လုပ်နေပုံတွေကို ကြည့်ပြီး စိတ်မရှည် ဖြစ်နေပုံရတယ်" ဟု မာရှယ် လု ချီယာအိုက ပြောသည်။ သူသည် မြတ်သော ငြိမ်းချမ်းရေး ကောင်းကင်ဘုံ ဂိတ်တံခါး၏ ရွှေချထားသော တိုင်ကြီးများအား ကြည့်၍ ထိုစကားကို ပြောနေခြင်း ဖြစ်၏။ "စဉ်းစားကြည့်ကြပေါ့၊ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ မဟာအာဇာနည် သူရဲကောင်း သုံးဦးဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ကျဆုံးတုန်ကြတယ်။ အခုဆိုရင် ဝန်ကြီးချုပ် ချူအင်-လိုင်းဟာ မကြာခင်ကပဲ သေသွားပြီ၊ မာရှယ် ချူတေးလည်း အသက် ကိုးဆယ်တွင်းမှာ သေလုမျောပါး ဖြစ်နေပြီ၊ ဥက္ကဋ္ဌကြီးမော် ကိုယ်တိုင်လည်း သေအံ့မူးမူး အခြေအနေကို ရောက်နေပြီ"

သူ့ဘေး၌ ရပ်နေသူမှာ ဂျေကော့ဖြစ်၍ သူသည် တရုတ် မာရှယ်၏ မျက်နှာအား ကြည့်ကာ စိတ်ထိခိုက်လျက် ရှိသည်။ သူတို့ နှစ်ဦးသည် ပေ-တ တက္ကသိုလ်၌ ဆုံမိခဲ့ကြစဉ် ကတည်းက သူ့ ဆံပင်များသည် ဖြူဖွေးသွားခဲ့၏။ ချီယာအိုမှာ ယခင်ကနှင့် မတူ၊ သောကနှင့် ပင်ပန်းနွမ်းနယ်ခြင်း ဒဏ်များအား သူ့ မျက်နှာ၌ အပီအပြင် ပေါ်လျက်ရှိလေသည်။

ချီယာအိုသည် တားမြစ်မြို့တော်အား ဝိုင်းပတ်ထားသည့် နံရံများ၏ အထက်ဘက်ရှိ အမိုးခုံးခုံးများဘက်သို့ တစ်ချက်မျှ ခေါင်းဆတ် ပြသည်။ သူနှင့် ဘေးချင်း ယှဉ်၍ ရပ်နေသော ဂျေကော့သည် တရုတ် မာရှယ်၏ မျက်နှာထက်မှ အရေးအကြောင်းများအား ထပ်မံ၍ စိတ်ဝင်တစား ကြည့်နေသည်။

သူတို့ နှစ်ယောက် နောက်ဆုံး တွေ့ခဲ့ကြသည်မှာ ပေတ-တက္ကသိုလ်၌ ဖြစ်၍ ကြာကြာဆုံခဲ့ကြရသည် မဟုတ်။ တစ်ခဏမျှသာ စကားပြောခွင့် ရခဲ့၏။ ထိုစဉ်က တရုတ် မာရှယ်၏ ဆံပင်များသည် တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်နေကြ

သည်။ မျက်နှာမှာလည်း ပြည့်ပြည့်ဖြိုးဖြိုး မဟုတ်တော့။ ပါးထင် နားထင်များ ကျကာ ပိန်ခွက်ခွက်၊ အသားအရောင်ကလည်း နုပျိုစိုလန်းခြင်း မရှိတော့။

ချိုယာအိုသည် အပြာရောင် ချည်ထည် အပေါ်ဝတ် အင်္ကျီရှည်ကြီး ဝတ်ကာ အရပ်သား ဦးထုပ် ဆောင်းထားသည်။ အခုကျတော့လည်း ချိုယာအို၏ ရုပ်လက္ခဏာသည် အခြားသော ပီကင်း မြို့သားများနှင့် လုံးဝ ခြားနားခြင်း မရှိ။ ရုပ်ရည်သာမက စကားပြောသံနှင့် ဟန်အမူအရာကအစ ဘာမှ ခြားနားမှု မရှိ။

"ခင်ဗျားတို့ အစိုးရ စနစ်က တိုင်းပြည်အတွက် တိုးတက်ရာ တိုးတက်ကြောင်း လုပ်ပေးခဲ့တဲ့ ပြည်သူပြည်သားတွေကို တင့်တောင့်တင့်တယ် ဖြစ်အောင် ပြန်ပြီး ကျေးဇူးပြုပေးတဲ့ အငြိမ်းစား စနစ်မှ မရှိဘဲကိုး" ဟု ဂျေကော့က သာသာအေးအေး ဝေဖန်စကား ဆိုသည်။ "အခုဆိုလျှင် ဝန်ကြီးချုပ် ချူက ခုနစ်ဆယ့်ရှစ်နှစ် ရှိသွားပြီ၊ ပြီးတော့ ဥက္ကဋ္ဌမော်က ရှစ်ဆယ့်နှစ် ဆိုတော့..."

"မြေရှင် ပဒေသရာဇ် ခေတ်ကတော့ တရုတ် မှူးကြီး မတ်ကြီးတွေနဲ့ စစ်ဗိုလ်ချုပ်ကြီးတွေဟာ အရေးကြီးတဲ့ ကိစ္စပေါ်လာရင် ဒီနေရာကို လာကြတယ်"ဟု ချိုယာအိုက ဂျေကော့အား လှည့်မကြည့်ဘဲ ပြောနေပြန်သည်။ "သူတို့ လာလျှင် ဒီနေရာမှာ ရွှေရေမြစ်ဘက်ကို မျက်နှာပြုပြီး ဒူးထောက် ထိုင်ကြရတယ်။ နန်းတွင်းသူ နန်းတွင်းသား မှန်သမျှဟာ ဂိတ်တံခါးရဲ့ ထိပ်မှာ နဖူးစည်းအဖြစ် တပ်ထားတဲ့ ဧကရာဇ်ဘုရင်ရဲ့ အမိန့်စာချွန်အောက်ရောက်လျှင် ခေါင်းငုံ့သွားကြရတယ်။ ဧကရာဇ်ရဲ့ အမိန့်က သစ်သားကို ထွင်းထုပြီး ရွှေချထားတဲ့ ဖိုးနစ္စငှက်ရဲ့ ပါးစပ်ထဲမှာ ထားတာ"

သူတို့သည် ကျုံးရှေ့၌ ရပ်နေခြင်းဖြစ်၏။ ကျုံးမှာ အမြင့်ပေ ခြောက်ဆယ်ရှိ ဟသ်ပဒါးရောင် သုတ်ထားသည့် တီအင်အန်မင်း မြို့ရိုး အောက်၌ တည်ရှိသည်။ ဂျေကော့သည် ရုံးခုနစ်ရုံး လုပ်ထားသည့် တံတားအား လှမ်းကြည့်နေသည်။ ကျောက်သားဖြင့် ပြုလုပ်ထားသော ခြင်္သေ့ရုပ်တုများနှင့် နဂါးရုပ်များ ခွေပတ်ထားသည့် တိုင်များသည် ဧကရာဇ်ဘုရင်များ၏ နန်းတော် ဝင်ပေါက်၌ တည်ရှိနေကြသည်။ အဆောက်အအုံများမှာ တခမ်းတနား ရှိလွန်းလှသည် ဖြစ်ရာ မင် မင်းဆက် အထိမ်းအမှတ် အားလုံးသည် ထိုခေတ်က သူတို့၌ ရှိခဲ့သည့် တန်ခိုး အာဏာနှင့် ကြီးကျယ် ခမ်းနားမှုများကို တွေးကာ ထိတ်လန့် အံ့ဩခြင်း ဖြစ်လောက်ပါပေ၏။

"ယင်း ပွဲသဘင် အခမ်းအနားတွေနဲ့ ပတ်သက်လာရင် သက်ဦးဆံပိုင်မင်းတွေဟာ 'ရွှေဖိုးနစ္စငှက်က တစ်ဆင့် အမိန့် စာချွန်တော်တွေကို ထုတ်ပြန်တယ်' တဲ့"ဟု ချိုယာအိုက ဆက်ပြောသည်။ "ယဉ်ကျေးမှု တော်လှန်ရေး စကတည်းက

ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌဟာ အဲဒီပုံစံမျိုး ယူပြီး အုပ်ချုပ်ခဲ့တာပဲ။ ဒီနေ့ခေတ် ရွှေဖိုးနစ္စင့်ကက တခြား မဟုတ်ဘူး၊ ပြည်သူ့နေ့စဉ် သတင်းစာပဲ"

"အဲဒီ သတင်းစာကို ထုတ်ရာမှာလည်း အဲဒီထဲမှာ ထာဝရ အသုံးပြုရမယ့် ဉာဏ်ပ ညာ အနှစ်သာရတွေ ပါတယ်လို့ ထင်အောင် လုပ်ထားတယ်။ ပြည်သူတွေ အနေနဲ့က ဟိုး... အတိတ်က အဆိုးဆုံးဆိုတဲ့ ဧကရာဇ်ဘုရင်တွေ အောက်မှာ နေရတာထက် သူ့ လက်အောက်မှာ ချမှတ်ပေးနေတဲ့ အမိန့်တွေကို လိုက်နာ နေရတာက ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဒဏ်တွေကို ပိုပြီးခံကြရတယ်"

ချီယာအိုသည် ဂျေကော့ဘက် လှည့်၍ မျက်နှာချင်းဆိုင် ကြည့်သည်။ သူ့ မျက်လုံးများသည် အသက် ကြီးသွားပေမဲ့လည်း တောက်ပလျက်ပင် ရှိသေး၏။ တရုတ်နိုင်ငံ၏ ရှည်လျားသော တော်လှန်ရေး ကာလ တစ်လျှောက်လုံး ပါတီတွင်း၌ရော စစ်တပ်တွင်း၌ပါ တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်သဖြင့် သူ့ဘဝ၏ အရှိန်အဝါသည် မကျခြင်း ဖြစ်သည်ဟု ယူဆရလိမ့်မည် ဖြစ်၏။

"အဲဒီတော့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော်တို့ရဲ့ လက်ရှိ အစိုးရစနစ်ဟာ စဉ်းစားစရာတွေ အများကြီး ရှိနေတယ်။ နက်နက်နဲနဲ တွေးလိုက်ရင် ကျွန်တော်တို့ သွေးထဲ၊ အသားထဲ၊ အရိုးတွေထဲမှာ တစ်ခုခုတော့ ရှိနေတာ အမှန်ပဲ၊ အဲဒီပစ္စည်းဟာ ကျွန်တော်တို့ ပြောင်းချင်တာကို ပြောင်းလို့ မရနိုင်လောက်အောင် တန်ဖိုးကြီးမားတဲ့ ကျွန်တော်တို့ ဘိုးဘွားတွေရဲ့ ဝိညဉ်တွေ ဖြစ်ကောင်းဖြစ်မယ်"

ဂျေကော့က ပြုံးသည်။ "တစ်သက်တာ ကာလပတ်လုံး မတ်ဝါဒီသမားတစ်ဦး ဖြစ်နေခဲ့တဲ့ လူတစ်ဦးဆီက သိပ္ပံနည်းမကျတဲ့ ဘိုးဘွား ဝိညာဉ်တွေက တရုတ်ပြည် အရေးအခင်းမှာ ဝင်ပါနေတယ်လို့ ပြောတာ ကြားရတော့၊ ကျွန်တော် သိပ်ကို အံ့ဩနေတယ်"

"တရုတ်နိုင်ငံကို သိတဲ့လူဟာ တကယ်လို့များ ရှေး ဘိုး ဘွား ဘီ ဘင် ခေတ်က ယုံကြည်မှုနဲ့ ဓလေ့ ထုံးစံတွေ အပေါ်မှာ သူတို့တစ်တွေ အစွဲအလမ်း ကြီးတာတွေကို သိထားရင် အံ့ဩစရာ မရှိပါဘူး။ ယဉ်ကျေးမှု တော်လှန်ရေးက ဘာတွေပဲ ပြောပြော သိပ်ပြီးတော့လည်း ကိစ္စမရှိဘူးပေါ့"

ချီယာအိုသည် တီအင်အန်မင်း နန်းတော်အား ကျောပေးလိုက်ပြီး မြတ်သောငြိမ်းချမ်းရေး ပန်းခြံဆီသို့ လှမ်းကြည့်သည်။ ဂျေကော့သည် ချီယာအို ကြည့်သော နေရာသို့ လှမ်းကြည့်သည်။ တရုတ် အများအပြားသည် ရောင်စုံ စက္ကူပန်းခွေများ ကိုင်ဆောင်ကာ ရှေ့နောက် တန်းစီ၍ ပြည်သူ့ သူရဲကောင်းများ ကျောက်တိုင်ဆီသို့ သွားနေကြသည်။

အချို့ တရုတ်များသည် ခြေကျင်ဖြစ်၍ အချို့မှာ စက်ဘီးများနှင့်ဖြစ်၏။ အားလုံးသည် စည်းကမ်းစနစ်ဖြင့် ရှေ့နောက် တန်းစီ၍ သွားနေကြခြင်းဖြစ်သည်။ စက်ဘီးခေါင်းလောင်းသံများမှာ ဆူညံလျက် ရှိသည်။ ပေတစ်ရာအမြင့်ရှိ အထိမ်းအမှတ် ကျောက်တိုင်၏ တစ်ဖက်မျက်နှာစာတွင် ရွှေစာလုံး ရှစ်လုံး မြင်နေရ၏။ 'ပြည်သူ့ သူရဲကောင်းများသည် မသေနိုင်' ဟူသော အဓိပ္ပာယ်ထွက်သော စာတန်း ဖြစ်လေသည်။

"ခင်ဗျားအနေနဲ့ ချင်မင်းပွဲတော်က ကွန်မြူစီးယပ် ဓလေ့ထုံးစံတွေကို သတိပြုမိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု ချီယာအိုက အထိမ်းအမှတ် ကျောက်တိုင်ဘက်သို့ ဖြည်းဖြည်းသာသာ လျှောက်သွားရင်းပြောသည်။ "အတိတ်ကာလတုန်းကတော့ အသက်ရှင် နေသူတွေဟာ ဘဝတစ်ပါး ပြောင်းသွားသူတွေရဲ့ မြေပုံပေါ်မှာ အမှိုက်သရိုက် လှည်းကြ၊ သန့်ရှင်းရေး လုပ်ကြရတယ်။ သေဆုံးသွားသူတွေကို ကျေနပ်အောင် လုပ်ပေးကြရတဲ့ သဘောပေါ့။

"ဒါပေမဲ့ အခု ဒီနှစ်မှာတော့ မြို့တော်က လူတွေဟာ ကျွန်တော်တို့ရဲ့ တော်လှန်ရေး အာဇာနည် သူရဲကောင်းတွေရဲ့ အထိမ်းအမှတ် ကျောက်တိုင်မှာ ဂုဏ်ပြုပွဲ ကျင်းပဖို့ ရွေးချယ်ခဲ့ကြတယ်။ ရဲဘော် ချူအင်-လိုင်းအတွက် ဂုဏ်ပြုပန်းခွေတောင် ချပြီးကြပြီ၊ အတိတ်က ပစ္စုပ္ပန်ကို ဘယ်လို အထောက်အကူပြုနေတယ်ဆိုတာ မြင်သာတဲ့ အဖြစ် တစ်ခုပါ"

ဂျေကော့သည် မာရှယ့်ဘေးအထိ ရောက်လာပြီး ရပ်လိုက်ကာ ရှေ့တည့်တည့်မှ ပရိသတ်အား လှမ်းကြည့်သည်။ ဧပြီလ၏ နေရောင် အောက်တွင် အားလုံးသည် ဝင်းလက်တောက်ပနေကြ၏။ သို့သော်လည်း အေးမြသော လေကတော့ ဝှေ့ယမ်းတိုက်ခတ်လျက် ရှိလေရာ ချီယာအိုသည် လည်ပင်းမှ ကော်လာအား တင်းကျပ်စွာ ဆွဲစေ့လိုက်သည်။

"သမိုင်းမှာ အရေးပါတဲ့ ဖြစ်ရပ်တစ်ခုအတွက် ကြေကွဲ ဝမ်းနည်းနေကြတဲ့ တရုတ် လူမျိုးတွေကို မြင်ခွင့်ရတဲ့အတွက် ကျွန်တော် ဝမ်းမြောက်လှပါတယ်" ဟု ဂျေကော့က သူ့ရှေ့မှ လျှောက်သွားနေကြသည့် လူကြီးများ လူငယ်များ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူကလေး လူငယ်များအား ကြည့်၍ ထိုစကားကို ပြောသည်။ လျှောက်လာနေသူများ လက်တွင် ပန်းခွေများ ကိုင်ထားကြ၍ ထိုပန်းခွေများတွင် အာဇာနည်သူရဲကောင်း ချူအား ဂုဏ်ပြု ဖွဲ့ဆိုထားသည့် ကဗျာများနှင့် ချီးကျူးစကား မှတ်တမ်းများ ချိတ်ထားသည်။

"ဒါပေမဲ့လို့ ကျွန်တော့်ကို ခင်ဗျား ပွင့်ပွင့်လင်း ပြောပြသင့်တာ တစ်ခုတော့ ရှိနေတယ်၊ တခြား မဟုတ်ပါဘူး၊ အခုလို နှစ်ပေါင်းများစွာ ကြာခဲ့ပြီးတဲ့

အချိန်ကျခါမှ ကျွန်တော့်ကို ဘာဖြုလို့ တရုတ်နိုင်ငံထဲ ရုတ်တရက် ပြန်ပြီး အဝင် ခံရတာလဲ။ ကျွန်တော် ခင်ဗျားဆီ စာတွေရေးခဲ့တာ မနည်းဘူး၊ ပေ-တ တက္ကသိုလ်မှာ လူချင်း ဆုံခဲ့ပြီးတဲ့နောက် ကျွန်တော် ရေးခဲ့တဲ့ စာတွေဟာ အများ ကြီးပဲ၊ ခင်ဗျားဆီက ဘာစာမှ ပြန်မလာခဲ့ဘူး၊ ၁၉၆၄ ခုနှစ်တုန်းက ခွင့်ပြုလို့ ကျွန်တော် ရောက်လာခဲ့ရပါသေးတယ်။ ခင်ဗျားနဲ့ အဆက်အသွယ်ရဖို့ ရေးခဲ့ သမျှ မေတ္တာရပ်ခံစာတွေကို ဥပေက္ခာပြု ခံခဲ့ရတယ်"

"အဲဒီအချိန်က ကျွန်တော် အခြေအနေဟာ သိပ်ဆိုးတယ်" ဟု တရုတ် မာရှယ်က ပြန်ပြောသည်။ "အလွန် ထင်ရှားပြီး လူသိများလှတဲ့ နိုင်ငံခြားသား နိုင်ငံရေး ဝေဖန်သူ တစ်ဦးနဲ့ အဆက်အသွယ် လုပ်ခဲ့ရင် ကျွန်တော့် အပေါ် ဘယ်လို မြင်ကြမလဲ၊ ဘယ်လောက်အထိ အန္တရာယ်ကြီးတယ်ဆိုတာ ခင်ဗျား သိသင့်ပါတယ်"

ချီယာဇိုသည် သူ့ခြေလှမ်းများအား ခပ်သွက်သွက် လှမ်းသည်။ စကား ပြောသည့် အခါတွင်မူ သူ့အသံအား နှိမ့်ထားသည်။ "ဖြစ်ခဲ့တာတွေ အားလုံးဟာ ကြာခဲ့ပါပြီ" ဟု သူက ပြောသည်။ "ဒါပေမဲ့လို့ ခင်ဗျား ကျွန်တော့် ညီမကို ပေးခဲ့တဲ့ ကူညီစောင့်ရှောက်မှုအတွက် ခင်ဗျားအပေါ်မှာ ကျေးဇူးတင်လို့ မဆုံး ပါဘူး။ ၁၉၆၄ ခုနှစ်က ခင်ဗျား ဒီကို လာလည်နိုင်အောင် လုပ်ပေးခဲ့တာဟာ အဲဒီ ကျေးဇူးကို အသိအမှတ် ပြုခဲ့တာပါ၊ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ခင်ဗျား လျှောက်ခဲ့တဲ့ ဗီဇာ မှန်သမျှ ပယ်အချ ခံခဲ့ရတာဟာ ကျွန်တော့်အတွက် အန္တရာယ်တွေ များလို့ပါ"

ဂျေကော့သည် ချီယာဇိုအား အံ့အားသင့်ပြီး ကြည့်နေသည်။ ယဉ်ကျေး မှု တော်လှန်ရေးကာလတွင် နိုင်ငံခြားသားများ ဆန့်ကျင်ရေးမူသည် ကြီးမားပြင်း ထန်ခဲ့၏။ ထို့နောက် ထိုမူဝါဒသည် မသိမသာ ငြိမ်သွားခဲ့လေရာ ထိုအချိန်မှ စ၍ သူသည် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဝင်ခွင့်ဗီဇာကို အကြိမ်ပေါင်း များစွာ လျှောက်ထားခဲ့သည်။ တရုတ်အစိုးရထံမှ တစ်စုံတစ်ရာ တုံ့ပြန်မှုကို မရ ရှိခဲ့ပေ။

လွန်ခဲ့သော နှစ်ရက် အစောပိုင်းက ဟောင်ကောင်ရှိ ထင်ရှားသော ကွန်မြူနစ် တစ်ဦးထံမှ သူ့ ရုံးသို့ ဖုန်းဆက်သည်။ ပီကင်းသို့ အလည်လာလိုစိတ် ရှိနေပါက "အခုလို အခါသင့်သော အချိန်တွင် အသိအမြင်သစ် ရှိဖို့ လိုအပ် သည်" ဟု ပြောသည်။ သူ့အား တရုတ်နိုင်ငံတွင်းသို့ ဝင်ရာ မီးရထားလမ်းဆုံ ဖြစ်သော လိုယူသို့ သွားပါဟု ခိုင်းသည်။ ထိုနေရာသို့ သူ ရောက်သွားသည့်အခါ သူ ပီကင်းသို့ ချက်ချင်း သွားနိုင်ရေးအတွက် အားလုံး အဆင်သင့်ဖြစ်အောင် လုပ်ထားသည်ကို တွေ့ရလေ၏။

သူ ချုန်အန်းလမ်းမကြီးပေါ်ရှိ ဟိုတယ်သို့ ရောက်သွားသည့်အခါ လက်မှတ် ထိုးမထားသည့် စာတိုလေး တစ်စောင် သူ့အခန်းသို့ ရောက်လာသည်။ သူ့အား 'မိတ်ဟောင်းတစ်ဦး'နှင့် လာရောက် တွေ့ဆုံပါဟု ဖိတ်ထားသော စာဖြစ်၏။ တီအင်အန်မင်း နန်းတော်ရှေ့၌ စောင့်နေပါလိမ့်မည်ဟုလည်း စာတွင် ဆိုထားသည်။ သူ ရွှေရေမြစ်ပေါ် ကျော်ဖြတ်ထားသည့် တံတားဘေး၌ တက္ကစီကားကိုရပ်၍ ဆင်းလာသည့်အခါ သွားလာ လှုပ်ရှားနေကြသော လူအများကြားမှ ထွက်လာသည့် ချီယာအိုသည် သူ့ထံ ရောက်လာပြီး သူ့လက်အား ဆွဲ၍ နှုတ်ဆက်လေသည်။

"ကျွန်တော် အလွန့်ကို စိတ်မကောင်းဖြစ်ရပါတယ်၊ ခင်ဗျား တရုတ်ပြည်ကို အလည်လာချင်နေတာ မလာနိုင်အောင် လုပ်ထားသလိုဖြစ်ခဲ့ရတယ် မဟုတ်လား" ဟု ချီယာအိုက ဂျေကော့အား မျက်နှာချင်းဆိုင်ပြီး ပြောသည်။ "အဲဒီအတွက် ခင်ဗျား ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ ကျွန်တော် နားလည်နေပါတယ်၊ ခင်ဗျား လတ်တလော လုပ်ကိုင်နေတဲ့ လုပ်ငန်းအရရော ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေအရရော စဉ်းစားရင် စိတ်မကောင်း ဖြစ်စရာပါ။

"ဒါပေမဲ့လို့ ခင်ဗျားရဲ့ မိသားစုကို ကျွန်တော့်ဘက်က တခြားနည်းလမ်းတစ်လမ်းနဲ့ ကူညီနိုင်စရာ ရှိနေပါတယ်ဆိုတဲ့ စကားကို ကျွန်တော်ပြောသင့်တယ်လို့ ထင်တာပဲ၊ ခင်ဗျားရဲ့ သမီးက ဆူပူအကြမ်းဖက်မှုတွေရဲ့ အဆိုးဆုံး အပိုင်းတွေ ကျော်သွားတဲ့အခါမှာ တရုတ်ပြည်ကိုပြန်လာပြီး ပီကင်းမှာ ဆရာမ ပြန်လုပ်ခွင့်ရဖို့ လျှောက်လာတင်ခဲ့တယ်။ ကျွန်တော် လိမ္မာပါးနပ်စွာနဲ့ ခွင့်ပြုချက် ရရှိအောင် လုပ်ပေးခဲ့ပါတယ်"

ဂျေကော့သည် နောက်တစ်ကြိမ် ချီယာအို၏ မျက်နှာအား ကြည့်ကာ အံ့အားသင့် နေရပြန်သည်။ သူ့သမီး အေဘီဂေးလ်သည် ယဉ်ကျေးမှု တော်လှန်ရေးကာလအတွင်း ငြိတီသျှ ဆန့်ကျင်ရေးတည်းဟူသော အရှုံးထမှု လှိုင်းဂယက်များအတွင်း ၁၉၆၇ ခုနှစ် နွေရာသီ၌ တရုတ်နိုင်ငံမှ ထွက်ခွာခဲ့ရ၏။

ထို့နောက် အေဘီဂေးလ်သည် လန်ဒန်သို့ တိုက်ရိုက် ပြန်သွားပြီး လေးနှစ်တိတိ တရုတ်ဘာသာစကား သင်ကြားပေးသည့် အလုပ်ကို လုပ်ကာ အသက်မွေး နေခဲ့၏။ နောက်ပိုင်း ပီကင်း နိုင်ငံခြား ဘာသာသင် သိပ္ပံကျောင်း၌ အလုပ်သစ် တစ်ခု ပြန်လည် ရရှိခါမှ တရုတ်နိုင်ငံသို့ ပြန်လည် ရောက်ရှိသွားခဲ့ရခြင်းဖြစ်လေသည်။

အမှန်ပြောရလျှင် ဂျေကော့သည် သူ့ သမီးအား ရှန်ဟိုင်း၌ မိုးတွေ သည်းကြီးမည်းကြီး ရွာသည့်ညက နောက်ဆုံး မြင်ခဲ့ရခြင်း ဖြစ်၏။ ထိုညက အေဘီဂေးလ်သည် ဂျေကော့အား နောက်ထပ် သူမ၏ဘဝအတွင်း၌ ဝင်ရောက်

၍ ပါဝင်စွက်ဖက်ခြင်း မပြုရန် ရာဇသံ ပေးခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ ဂျေကော့သည် သူ့သမီးနှင့် လူချင်းတွေ့ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။ လန်ဒန်၌ နေစဉ်ကရော ပီကင်းသို့ ပြန်သွားပြီး နေထိုင်စဉ် အတွင်းမှာပါ စာတွေ ရေးခဲ့၏။ သို့သော်လည်း သူ့သမီးထံမှ တုံ့ပြန်မှုကို မရခဲ့ပေ။

တစ်ခါတစ်ရံတွင် သူသည် သူ့သမီး၏ သတင်းများကို သူ့သမီး၏ သူငယ်ချင်းများ ထံမှ တစ်ဆင့် ကြားခဲ့ရ၏။ သူနှင့်ရှန်ဟိုင်း၌ ထိပ်တိုက်တွေ့ကာ ဒေါသတကြီး ရန်ဖြစ်ပြီးကတည်းက သားအဖကြားတွင် တံတိုင်းကြီး တစ်ခု ခြားသလို ဖြစ်သွားခဲ့ရသည်ဖြစ်ရာ လူချင်း ဆုံမိဖို့နှင့် ဆက်သွယ်မိဖို့ ဆိုသည်မှာ အလွန် ခက်ခဲသော ကိစ္စတစ်ခု ဖြစ်သွားခဲ့သည်။

သူ ဟောင်ကောင်မှ ထွက်လာခဲ့သည့် ခရီးတစ်လျှောက်လုံး ပီကင်းသို့ ရောက်သည့်အခါ သူ့သမီးနှင့် တွေ့ခွင့်တော့ရလိမ့်မည်ဟု မျှော်လင့်ချက် ထား လာခဲ့၏။ စိတ်ထဲမှ ကျိတ်၍လည်း ကာဒိုအား ရှာဖွေတွေ့ရှိရလိမ့်မည်ဟုလည်း မျှော်လင့်နေမိ၏။ သူ့အနေဖြင့် တရုတ်နိုင်ငံနှင့် ကင်းကွာနေခဲ့ရသည့် နှစ်ကာလ များအတွင်း ကာဒို့သတင်းနှင့် ပတ်သက်၍ဘာတစ်ခုမှ မကြားခဲ့ရပေ။

မည်သို့ပင်ဖြစ်စေ သူ့စိတ်မှာတော့ ယခင်က ကျူးခဲ့ရသည့် အမှားများကို သင့်တော်သလို ပြန်လည် ပြုပြင်သွားမည်ဟု ဆုံးဖြတ်ထားခဲ့၏။ နှစ်ဦးနှစ်ဖက် ဆက်ဆံရေး ပြေလည် သွားစေရန်အတွက် တတ်အားတစ္ဆေ့ ကြိုးပမ်းသွားရန် လည်း စဉ်းစား စိတ်ကူးလာခဲ့သည်။ သူသည် ချီယာအို့မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်သည်။ တရုတ် မာရှယ်သည် သူ့သမီး အေဘီဂေးလ်နှင့် ပတ်သက်၍ ဘာတွေ သိထားပါလိမ့်။ ဘယ်လိုများ နားလည်ထားပါလိမ့်။ သူသည် ချီယာအို အား ကျေးဇူးတင်သည့် မျက်နှာထားဖြင့် လှမ်းကြည့်ပြီး ပြုံးသည်။

"အေဘီဂေးလ်ရဲ့ အကျိုးအတွက် ခင်ဗျား ကူညီခဲ့တာကိုပဲ ကျွန်တော် ဝမ်းသာလှပါပြီ" ဟု ဂျေကော့က ပြောသည်။ "ဒါပေမဲ့ ကျွန်တော် သိချင်နေတာ လေး တစ်ချက်ကိုတော့ ရှင်းပြပေးစေချင်ပါတယ်။ အခုကျတော့ ဘာကြောင့် ကျွန်တော့်အပေါ် ပိတ်ဆို့ထားတာကို ဖယ်ရှားပေးရတာလဲ"

ချီယာအိုသည် ဂျေကော့အား စိတ်ဝင်တစား ကြည့်နေသည်။ ဂျေကော့ သည် အသက် ခြောက်ဆယ်တွင်း ဝင်နေပြီဖြစ်သော်လည်း လူပုံက တောင့်တင်း ကြံ့ခိုင်လျက်ပင်ရှိ၏။ သူ့တွင် ပြောစရာဆို၍ ငွေရောင်သန်းနေသော ဆံပင်များ သာလျှင် ရှိသည်။

"ကျွန်တော်တို့ချင်း သိကျွမ်း ခင်မင်လာခဲ့ကြတာ နှစ်ပေါင်း အများကြီး ကြာခဲ့ပြီ။ အရင်းနှီးဆုံး မိတ်ဆွေတွေပါလို့ သတ်မှတ်လို့ မရသည့်တိုင်အောင် ကျွန်တော်တို့ ခင်ဗျားတို့ ကြားမှာ မမြင်နိုင်တဲ့ သံယောဇဉ်ကြိုးတွေဟာ အမျှင်

တန်းနေတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ တစ်ချိန်က ဖြစ်ခဲ့ဖူးတာကို ကြည့်ပြီး အခု တစ်ကြိမ်မှာလည်း ခင်ဗျားဘက်က ကျွန်တော့်အပေါ် သံသယ ရှိနေမှာပဲ၊ အဲဒီတော့ ကျွန်တော် လုပ်ခဲ့သမျှကို ယုံကြည်မှု ရှိသွားအောင် အစကနေပြီး ပြောပြချင်တယ်"

ချီယာအိုသည် စကားကိုဖြတ်၍ ရပ်ကာ ဘေး တစ်ဖက်တစ်ချက် ဝဲယာကို ကြည့်သည်။ သူတို့ပြောနေသည့် စကားများအား ကြားနိုင်သူ ရှိ မရှိ သိလို၍ ဖြစ်၏။ ထို့နောက် သူ့အကြည့်ကို ဂျေကော့ထံ ပြန်လှည့်လိုက်သည်။

"အရင်တုန်းကတော့ ဒီကိစ္စဟာ ပုဂ္ဂိုလ်ရေးကိစ္စ တစ်ခုပါ။ အခုကျတော့ ကျယ်ပြန့်မှုတွေ အများကြီး ရှိလာတယ်။ တရုတ်နိုင်ငံရဲ့ အနာဂတ်ဟာ အခုဆိုရင် မတင်မကျ ဖြစ်နေတယ်။ ဥက္ကဋ္ဌကြီးမော်ဟာ အခုဆို ဘာမှ လုပ်လို့ကိုင်လို့ မရတော့ဘူး။ သူ့နေရာကို ဆက်ခံဖို့အတွက် နေရာလုပွဲဟာ စနေပြီ။ အတော့်ကို ကြောက်စရာ ကောင်းတဲ့ ပွဲတစ်ပွဲ ဖြစ်နေပြီ။ ဒီပွဲ ဘယ်လို အဆုံးသတ် မလဲဆိုတာ ဘယ်သူမှ မသိဘူး၊ ပြည်တွင်းစစ်တောင် ဖြစ်လာမှာ စိုးနေရတယ်"

"ခင်ဗျား ဒီအကြောင်းကို ဘာကြောင့် ကျွန်တော့်ကို ပြောချင်နေရတာလဲ" ဟု ဂျေကော့က မေးသည်။ "ဒီတစ်ကြိမ်မှာ အကျိုးအမြတ် ဘာရမယ် ထင်လို့လဲ"

"သတင်းစာဆရာနဲ့ စာရေးဆရာ အများအပြားဟာ ခင်ဗျားရဲ့ ဝေဖန်ဆုံးဖြတ်မှုတွေနဲ့ ခင်ဗျားပေးတဲ့ သတင်းတွေအပေါ်မှာ သိပ်ပြီး ယုံကြည် စိတ်ချကြတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ နိုင်ငံရေးတွေကိုလည်း ခင်ဗျား သိပ်သိပြီး သိပ်နားလည်တယ်။ အစောပိုင်းက တရုတ်ပြည်ထဲ ရောက်လာပြီး တရင်းတနှီး ရှိခဲ့တဲ့ အတွေ့အကြုံတွေက ခင်ဗျားကို ယထာဘူတကျကျ မြင်နိုင်အောင် သင်ပေးလိုက်တာလို့ပဲ ဆိုရမှာပဲ"

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီအရည်အသွေးနဲ့ ပတ်သက်ပြီး ကျွန်တော့်အပေါ်မှာ အထင်အမြင် ကြီးသင့်တာထက် ပိုပြီး မကြီးသင့်ဘူးလို့ ကျွန်တော် ထင်တယ်"

"လက်ရှိ နိုင်ငံရေး ရာသီဥတု အခြေအနေအရ ဆိုရင်တော့ ဒီလိုပဲ ကျွန်တော်တို့ရဲ့ အတွေ့အကြုံ ရင့်ကျက်တဲ့ မိတ်ဟောင်းကြီးတွေကိုပဲ ယုံကြည်အားကိုးရတော့မှာပဲ။ လက်ရှိအနေအထားအရ စစ်တပ်က တပ်မှူးတွေ ရဲ့အရာရှိတွေနဲ့ ကာကွယ်ရေး အကြီးအကဲတွေကတော့ ဘယ်အချိန် ဘယ်ကာလမှာ ဘယ်လို ဖြစ်လာမယ်ဆိုတာ သိနိုင်မယ်ထင်တာပဲ"

ဂျေကော့သည် ချီယာအိုအား တည်ငြိမ်သော မျက်နှာထားဖြင့် ကြည့်နေသည်။ တရုတ် မာရှယ်သည် သူ့နိုင်ငံနှင့် ပတ်သက်၍ ဖြစ်ပျက်နေသမျှ အားလုံး

ကို မိမိအား အပြည့်အစုံ တစ်လုံးမကျန် ပြောပြပါ၏လော။ ထိုအခိုက်မှာပင် သူ့မိတ်ဆွေများ၏ မျက်နှာ၌ သောကရိပ်များ ထင်ဟပ်လာသည်ကို မြင်သည်။ ထိုခဏမှာပင် ဝန်ကြီးချုပ်အတွက် လွမ်းသူ့ပန်းခွေလာချသည့် တရုတ်များထဲ၌ ပီကင်းရှိ နိုင်ငံခြား သံတမန်များနှင့် နိုင်ငံခြားသတင်းစာဆရာများ လိုက်ပါလာသည်ကို သတိထားမိလာသည်။ ထိုသူများသည်လည်း ဝန်ကြီးချုပ်ချူအား ပန်းခွေများချ၍ ဂုဏ်ပြုရန် လိုက်ပါလာကြခြင်းပေတည်း။

ထိုလူစုထဲတွင် တချို့သည် ကင်မရာများ ကိုင်ဆောင်လာကြသည်။ အများစုမှာ တရုပ်များအနေဖြင့် ဝန်ကြီးချုပ်အပေါ်၌ မည်မျှလောက်အထိ မြတ်နိုးလေးစား ကြသည်ကိုသာ စိတ်ဝင်တစား လေ့လာလျက်ရှိကြ၏။ ဂျေကော့သည် ချီယာအိုနှင့် စကား ပြောနေသော်လည်း ပရိသတ်အများစုက သိပ်ပြီး စိတ်ဝင်တစား မရှိကြသည်ကို သတိထားနေမိသည်။ မည်သို့ပင်ဖြစ်စေ ချီယာအိုကတော့ မိမိနှင့် ပြောနေသည့် စကားများကို ယခုထက်ပို၍ နှစ်ကိုယ်ကြား ပြောလိုနေသည်ကို သိသာအောင် ဖော်ပြနေသည်။

"ကျွန်တော်တို့ နားလည်ဖို့ အရေးကြီးတဲ့အချက် တစ်ချက် ရှိနေတယ်" ဟု ချီယာအိုက ပြောသည်။ ဥက္ကဋ္ဌကြီးမော် ဆုံးပါးသွားရင်တော့ သူ့အတွက် ဝမ်းနည်းမယ့် လူဟာ အနည်းအပါးပဲ ရှိမယ်လို့ ထင်တယ်။ "ကျွန်တော်တို့ တရုတ်လူမျိုး အများစုဟာ မော်လုပ်နေတဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေကြောင့် သိပ်ပြီး စိတ်မောနေကြတယ်။ အခုဆိုရင် သူတို့ဟာ အေးအေးဆေးဆေးပဲ နေချင်ကြရှာတယ်"

"သူတို့ဟာ သူတို့ရဲ့ ဘဝတွေကို တော်လှန်ရေးအတွက် ပေးအပ်လာခဲ့တာ ဆယ်စုနှစ်ပေါင်း အများကြီး ကုန်ခဲ့ပြီ။ အဲဒီအတွက် အကျိုးထူး တစ်ခုတော့ ပြန်ပြီး ရချင်နေကြပြီး သူတို့မှာ မဒမ်မော် ပြောနေ လုပ်နေတဲ့ စိတ်ကူးယဉ်မှုတွေ အပေါ် နစ်မျောသာယာနေဖို့ အချိန် မရှိတော့ဘူး။ လယ်သမားတွေ အနေနဲ့ သူတို့ပိုင် မြေတွေကို သူတို့ လက်ထဲက ယူမသွားစေချင်ကြတော့ဘူး။ အလုပ်သမားတွေကလည်း သူတို့ရဲ့ ဆုကြေးတွေနဲ့ လုပ်ခတွေကို ဖျက်သိမ်းပစ်တာ မလိုလားကြတော့ဘူး။ သူတို့ တကယ် လိုလားနေကြတာက မဆုံးနိုင်တဲ့ လူတန်းစား စစ်ပွဲ မဟုတ်ဘူး။ အဲဒီစစ်ပွဲဟာ သူတို့အမြင်မှာ စိတ်ကူးယဉ်ထားတဲ့ ရန်သူတွေကို တိုက်ခိုက်နေတဲ့ စစ်ပွဲပဲ"

"ဒါဆိုရင် ခင်ဗျားတို့ ဥက္ကဋ္ဌကြီးမော်က သူတို့ကို ဘာပေးချင်နေသလဲ" ဟု ဂျေကော့က မေးသည်။ "သူက ဘယ်အုပ်စုကို အားပေး ထောက်ခံမှာလဲ"

ချီယာအိုက သက်ပြင်းချသည်။ "ဘယ်အုပ်စုကိုမှ မထောက်ခံဘူး။ သူ့အနေနဲ့ ရဲဘော် တိန်ရှောင့်-ပိန်ကို မုန်းတီး စက်ဆုပ်တယ်။ တိန်ရှောင့်-ပိန်ဟာ

အရင်းရှင် စိတ်ကူးတွေနဲ့ သူ့ရဲ့ တော်လှန်ရေးကို ဖျက်ဆီးပစ်လိမ့်မယ်လို့ သူ နားလည်ထားတယ်။ အဲဒါကြောင့်မို့လည်း တိန်ရှောင့်-ပိန်ကို ဝန်ကြီးချုပ်နေရာ ဆက်ခံခွင့် မပြုရဘူးလို့ ဖေဖော်ဝါရီလထဲက တင်းကျပ်တဲ့ အမိန့်တွေ ထုတ်ထား ခဲ့တာပေါ့"

"အပြင်က လှမ်းကြည့်နေကြတဲ့ လူတွေကတော့ ဥက္ကဋ္ဌကြီးမော်ဟာ လက်ဝဲသမားတွေကို ထောက်ခံ အားပေးနေသလိုပဲ"

ချိုယာအိုက သူ့ခေါင်းကို တအား ယမ်းသည်။ "အဲဒါ မမှန်ဘူး" ဟု ပြောသည်။ "မော်ဟာ သူ့မိန်းမကိုလည်း တအား မုန်းတာပဲ။ လွန်ခဲ့တဲ့ တစ်နှစ် ကျော်လောက်ကတည်းက သူ့မိန်းမကို သူ့အိမ်ထဲက မောင်းထုတ်တယ်။ သူက သူ့မိန်းမရဲ့ သိပ်ပြီး ကြီးမြင့်လိုတဲ့ စိတ်အပေါ်မှာ သံသယ ဖြစ်တယ်။

"ကျွန်တော်တို့ တရုတ်နိုင်ငံမှာက မိန်းမ တစ်ယောက်က အာဏာကို ယစ်မူးပြီး သုံးစွဲလာရင် ဘေးဒုက္ခကြီးတွေနဲ့ တွေ့ပြီး ပျက်စီးမှု ဘေးကြီးနဲ့ ရင်ဆိုင် ရတတ်တယ်တဲ့။ ဒါကြောင့် ရဲဘော် ဟွာကို ယာယီဝန်ကြီးချုပ်အဖြစ် ရွေးပြီး ခန့်ထားတာပဲ။ ဒါပေမဲ့ ခက်တာက အခုအချိန်မှာ ဥက္ကဋ္ဌကြီးရဲ့ စိတ်ဟာ မခိုင်မာ တော့ဘူး။ မမှန်လည်း မမှန်တော့ဘူး"

"သူ့အနေနဲ့ အစည်းအဝေးတွေလည်း မတတ်နိုင်တော့ဘူး။ တစ်ခါ တလေ ကျတော့လည်း ပြောသမျှ အားလုံးကို သူ နားလည်တယ်။ တစ်ခါတလေ ကျတော့ လုံးဝ နားမလည်ဘူး။ သူက သေရမှာ သိပ်ကြောက်တယ်။ သူ လုပ်ကိုင် ထားသမျှ အားလုံး ပျက်စီးသွားမှာလည်း သိပ်ကြောက်တယ်"

သူတို့ နှစ်ယောက် အာဇာနည်များ ဗိမာန်ဘက် နီးလာလေလေ ပန်းခွေ ချ ပရိသတ်သည် များပြားထူထပ်လေ ဖြစ်လေသည်။ နှစ်ဦးသား စောစောကလို ခြေလှမ်းကျဲကျဲ မလှမ်းနိုင်။ ခြေလှမ်းများအား ခပ်စိပ်စိပ် လှမ်းကာ အရှိန်ကို ခပ်ဖြည်းဖြည်း ဖြစ်သွားအောင် လျှော့ချနေကြရ၏။

"ခင်ဗျား ပြောသလိုဆိုရင် ဥက္ကဋ္ဌကြီးမော်ဟာ အထီးကျန်ဘဝနဲ့ မျော နေတဲ့ သဘောပေါ့ ဟုတ်လား" ဟု ဂျေကော့ မေးသည်။

ချိုယာအိုက ခေါင်းညိတ်သည်။ "သူ့အထီးကျန်နိုင်မှုက သူ့ကြောက်စိတ် ကို ကြီးထွားလာအောင် မွေးကျွေး ပေးနေတယ်။ ဒီစိတ်ကြောင့်လည်း သူဟာ အလည် လာကြတဲ့ နိုင်ငံခြား ခေါင်းဆောင်တွေနဲ့ နိုင်ငံရပ်ခြားက ထင်ရှားတဲ့ ခေါင်းဆောင်တွေကို နေမကောင်း ဖြစ်နေတဲ့ကြားက ဇွတ်အတင်းထွက်ပြီး ဧည့်ခံ နေတာပေါ့။ သူ့မှာ အားအင်ကလေး ကျန်နေသေးရင် သမိုင်းနဲ့ ဒဿနိက ဆိုင်ရာ မေးခွန်းတွေ မေးလေ့ရှိတယ်။ အဲဒီ အကြောင်းအရာတွေထဲမှာ သူ့ရဲ့ စိတ်ရောဂါ ဝေဒနာကို သက်သာရာ ရစေနိုင်တဲ့ အရာတွေ ပါနေဟန်ရှိတယ်"

"သူ ဘယ်သူ့ကိုမှ အတွေ့ မခံတော့ဘူးလား"

"အခု သူ ခန့်ထားတဲ့ ယာယီဝန်ကြီးချုပ်ကတော့ သူ့ဆီကို ရံဖန်ရံခါ သွားလည်တယ်။ ဒါပေမဲ့ သူနဲ့ တိုက်ရိုက် ပုံမှန်ဆက်ဆံခွင့်က သူ့မိန်းမ မဒမ် ချန်ချင်းနဲ့ သူမရဲ့ နောက်လိုက်တွေပဲ ရတယ်။ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ မဒမ်ချန်ချင်းက အခုထိ သူ့မယားပဲ မဟုတ်လား။

"မဒမ်ချန်ချင်းက သူ့ တယ်လီဖုန်းတွေနဲ့ သူ့ဆီ လာသမျှ စာအားလုံးကို ချုပ်ကိုင်ထားတယ်။ တစ်ခါတလေမှာတော့ သူဟာ သူ့တူတွေနဲ့ တူမတွေနဲ့ တွေ့တယ်။ အဲဒီထဲမှာ သူ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေ အနည်းအကျဉ်းလည်း ပါတယ်။ ကေရာဇ် ဘုရင်တွေရဲ့ သွေးသားတော်စပ်သူတွေနဲ့ တိုးတိုးတိတ်တိတ် ကျိတ်ပြီး ဖားနေကြ မြှောက်ပင့်ပေးနေကြတဲ့ လူတွေပေါ့။ ဒါတွေက ဆိုရှယ်လစ် အခြေခံဥပဒေ နေရာမှာ အစားထိုး ဝင်ရောက် နေရာယူလာတဲ့ ဟာတွေပဲ။ အရာရာတိုင်းရဲ့ နောက်ကွယ်မှာ ရှိနေတာကတော့ သေနတ်ရဲ့ ခြိမ်းခြောက်မှု ကြီးပဲပေါ့"

ဂျေကော့သည် ငြိမ်ကျသွားသည် တစ်ချက်မျှ ဝှေယမ်း တိုက်ခိုက်လိုက် သောလေကြောင့် သားမွေး အနွေးထည်အောက်မှ သူ့ကိုယ်ခန္ဓာသည် 'စိမ့်'ခနဲ ဖြစ်သွားသည်။

"ဥက္ကဋ္ဌမော်ဟာ ခင်ဗျား ပီကင်း ရောက်နေတာကို သိနေတယ်" ဟု ချိယာအိုက ဂျေကော့အား ဘေးတိုက်လှမ်းကြည့်ပြီး ပြောသည်။ "ကျွန်တော် သူ့ဆီ သတင်းပို့ရတယ်။ ခင်ဗျားနဲ့ သူနဲ့ ချတ်ကီခံတပ်မှာ နောက်ဆုံးတွေ့ခဲ့ရတဲ့ အကြောင်းကိုတောင် သူ့မှတ်မိလာအောင် သတိပေးထားရတယ်။ သူက ခင်ဗျား ကို ကောင်းကောင်း မှတ်မိတယ်လို့ ပြောရုံတင်မကဘူး။ ခင်ဗျားနဲ့ တစ်ကြိမ် လောက် ထပ်တွေ့ချင်တယ်လို့ ပြောနေတယ်။ သူ ခင်ဗျားကို တွေ့လိမ့်မယ်လို့ ကျွန်တော်ကတော့ မျှော်လင့်နေတယ်။ တွေ့လိုက်ပြီဆိုရင်တော့ ခင်ဗျားရဲ့ တရုတ်နိုင်ငံ ခရီးဟာ ဥက္ကဋ္ဌကြီးမော်က တရားဥပဒေနဲ့အညီ ခွင့်ပြုထားတဲ့ အလည်အပတ်ခရီး ဖြစ်သွားတော့မှာ ခင်ဗျားဘယ်လို သဘောရလဲ"

ဂျေကော့က အာဇာနည်ဗိမာန်ဘက် လှမ်းကြည့်သည်။ ချူအင်-လိုင်း၏ အုတ်ဂူရှေ့တွင် စုပုံ ရောက်ရှိနေကြသည့် ပန်းခွေများမှာ နည်းနည်းနောနော မဟုတ်။ ကျောင်းသား ကျောင်းသူ တချို့သည် ချူအင်-လိုင်း၏ ကောင်းမြတ် သော ဂုဏ်သိက္ခာနှင့် အရည်အချင်းများအား ဖော်ထုတ်ကာ ချီးကျူးစကား ပြောနေကြသည်။ ပတ်ဝန်းကျင်တွင် တင်းမာသော အခြေအနေ တစ်ရပ်သည် ဖြည်းဖြည်းချင်း ကြီးထွားလာနေသည်။

"ကျွန်တော် ခင်ဗျား ပြောတာကို သဘောတူပါတယ်" ဟု ဂျေကော့က လေသံ အေးအေးဖြင့် ပြန်ပြောသည်။ "ဥက္ကဋ္ဌကြီးမော်နဲ့ နောက်တစ်ကြိမ် ထပ်တွေ့ ရမယ်ဆိုရင်တော့ ဒါဟာ ကျွန်တော့်အတွက် အလွန်ကြီးမားတဲ့ မဟာ ဂုဏ်ပြုမှုကြီး တစ်ရပ်လို့ ယူဆရမှာပါ"

***

၂

ပြည်သူ့အာဇာနည်များ အထိမ်းအမှတ် ကျောက်တိုင် အောက်ဘက်ခုံ၏ ဘေးဘက်များသည် အဖြူရောင် စကျင် ကျောက်များ ဖြစ်သည်။ ထိုကျောက်သား မျက်နှာပြင်များထက်တွင် ဗြိတိသျှ ဘိန်းစစ်ပွဲများ ဆန့်ကျင်ရေးခေတ်က တရုတ်တော်လှန်ရေး သမားများ၏ လှုပ်ရှားမှုများကို သရုပ်ဖော်ထားသည်။ ဆယ့်ကိုးရာစု အလယ်ခန့်က ဖြစ်ပွားခဲ့သော တိုက်ပွဲများမှ သူ့ရဲကောင်းများအား ပြထားခြင်း ဖြစ်လေသည်။

ချီယာအိုသည် လှေကားတစ်ခုမှနေ၍ အပေါ်သို့ တက်လာခဲ့သည်။ ပရိသတ်များသည် ချီယာအို သွားသာအောင် ဘေးတစ်ဖက်တစ်ချက်သို့ ရှဲပေးကြသည်။ ချီယာအိုကတော့ ဘေးပတ်ဝန်းကျင်မှ လူများအား စကားမပြော၊ လှည့်မကြည့်၊ ဖွေးဖွေးလှုပ်နေသော ဆံပင်ဖြူပိုင်ရှင် ချီယာအိုအား ပရိသတ်အများစုက တလေးတစား ကြည့်နေကြသည်။

ချထားသော ပန်းခွေများသည် တောင်လိုပုံလျက်ရှိ၏။ ချီယာအိုနှင့်အတူ လျှောက်လာလျက်ရှိသော ဂျေကော့သည် အထက် ပလက်ဖောင်းပေါ် ရောက်သွားသည့်အခါ ချီယာအို ညွှန်ပြရာဆီသို့ လှမ်းကြည့်သည်။ ပန်းခွေများထက်၌ ရေး၍ ချိတ်ထားသည့် ကဗျာများပေတည်း။

"ဖတ်ကြည့်ပါဦး၊ စိတ်ကို ထိထိခိုက်ခိုက် ဖြစ်စေနိုင်လောက်တဲ့ အရေးအဖွဲ့တွေပဲ" ပြောပြောဆိုဆို ချီယာအိုက ကဗျာတစ်ပုဒ်အား လက်ညှိုးနှင့် ထောက်ပြသဖြင့် ဂျေကော့က လိုက်ဖတ်သည်။

"ဝန်ကြီးချုပ်ချူ ကွယ်လွန်ခြင်းနှင့်အတူ
မြင်ကွင်းအတွင်းမှ နေရောင်သည်
ပျောက်ကွယ်ခဲ့ရပြီ။

မရှင်မလန်း မချမ်းမြေ့စရာ တိမ်များသည်
တက်လာနေကြပြီ။

ရက်ရှင်းဖင် အမျိုးသားတစ်ရပ်လုံး
တွန့်ဆုတ်ဆုတ် ဖြစ်ကြရချေတော့မည်။

ထိုအခါ ဤဗုဒ္ဓိုလ်ကြီး ထားရစ်ခဲ့သည့်
ကွာဟမှုများအား တွေ့ထိခံစားကြရပေတော့မည်။"

နောက်တစ်ပုဒ်ကမူ ဤသို့ဆိုထားသည်။

"ဝန်ကြီးချုပ် ချူဟာ
တို့များရဲ့ အချစ်ဆုံးဖခင်ပါ။
အခုတော့လေ
ပါတီတွင်းမှာ
ချူရဲ့ မူဝါဒတွေကို စွန့်ပစ်ဖို့
တိတ်တဆိတ် ကြံစည်မှုတွေ ရှိလာနေပါတယ်"

"ခင်ဗျား မြင်သားပဲလေ" ဟု ချီယာအိုက ပြောသည်။ "ဒီမှာတွေ့လား၊ ဥက္ကဋ္ဌကြီး မော်ရဲ့ ပထမဇနီး ယန်ကေး-ဟွေ့ သက်တော်ရာကျော် ရှည်ပါစေတဲ့၊ ယန်ကေး-ဟွေ့ဟာ ကိုမင်တန်တွေ သတ်လို့ သေသွားခဲ့ရရှာတယ်။ နောက်တစ်ပုဒ်ကတော့ "ကတော်ဟောင်းကြီး ကေရီဘုရင်မ ကျဆုံးပါစေ" တဲ့၊ ဒီစာပိုဒ်တွေကျတော့ ချန်ချင်းကို သိမ်မွေ့စွာနဲ့ တိုက်ခိုက်ထားတာပေါ့"

ဂျေကော့သည် အနီးသို့ ကပ်သွားပြီး ထွင်းထားသည့် စာများအား ဖတ်နေသည်။ စာတစ်ပိုဒ်က ဤသို့ဆိုသည်။ **'ဝန်ကြီးချုပ်ချူနဲ့ သူ့ ဆက်ခံသူတွေကို ငါတို့ ကာကွယ်မယ်။ ပြီးဆုံးသည်အထိ ဒီတိုက်ပွဲမှာ တို့ဝင်တိုက်ကြမယ်။'** ဒုတိယ တစ်ပိုဒ်က ဤသို့ သတိပေးထားသည်။ **'လူထုအား လွဲမှားသော ခေါင်းဆောင်မှု ပေးနေကြတဲ့ ကွန်မြူနစ်ပါတီတွင်းက သစ္စာဖောက်တွေကို ငါတို့ မသနားဘူး။'** တစ်ဆက်တည်း တတိယပိုဒ်က ဤသို့ ကတိပေးသည်။ **'ဝန်ကြီးချုပ်ချူရဲ့ ခေတ်မီ တိုးတက်ရေး အမွေကို နှောင့်ယှက်ဖို့ ကြိုးစားတဲ့ လူတွေကို သေသည်အထိ ငါတို့ တိုက်ကြမယ်။'**

နောက်ဆုံးတွင် ချီယာအိုက "ကျွန်တော်တို့ နိုင်ငံသား အများစု အပေါ်မှာ ဝန်ကြီးချုပ်ချူရဲ့ ကျေးဇူးတွေဟာ အဆမတန် ကြီးမားပါတယ်"ဟု ပြော

သည်။ "သူ့ရဲ့ အမြော်အမြင် ကြီးမား ကျယ်ပြန့်မှုနဲ့ အေးဆေး တည်ငြိမ်မှုဟာ ကျွန်တော်တို့ အားလုံးကို ဘေးဒုက္ခတွေနဲ့ မကြုံရအောင် မကြာခဏ ကယ်တင် ပေးခဲ့တယ်"

"တပ်နီ လုံခြုံရေး တပ်ဖွဲ့က အလုပ်သမား အားကစားရုံမှာ ခင်ဗျားကို အမှုစစ်ခဲ့တဲ့ သတင်း သတင်းစာထဲမှာ ဖတ်လိုက်ရတယ်" ဟု ဂျေကော့က ပြော သည်။ "ခင်ဗျားက နယ်ချဲ့ သူလျှို တစ်ယောက်ကို ကူညီခဲ့တယ်ဆိုတဲ့ စွပ်စွဲချက် တွေဟာ အဓိပ္ပာယ် မရှိတာတွေပဲ။ အဲဒီတုန်းက ခင်ဗျားအတွက် ကျွန်တော် တစ်အား စိတ်ပူခဲ့ရတယ်"

"ကံကောင်းချင်တော့ ဒီကိစ္စမှာ ဝန်ကြီးချုပ်ချူ ပါဝင်လုပ်ပိုင်ခွင့် ရသွား တာဟာ ကျွန်တော့်အတွက် အဆင်ပြေဖို့ ဖြစ်သွားခဲ့ရတယ်။ သူသာ ပါမလာရင် ကျွန်တော် ဒီနေရာကို အခုလို လာနိုင်မှာ မဟုတ်ဘူး"

"အင်မတန် ကြီးမားတဲ့ အခက်အခဲတွေနဲ့ ဒုက္ခတွေကို ခင်ဗျား ရင်ဆိုင် ရမယ်ဆိုတာ ကျွန်တော် သိတယ်"ဟု ဂျေကော့က ပြောသည်။ "ခင်ဗျား ပျောက် သွားတာလဲ အကြာကြီးပဲ"

"ရဲဘော် ပင်တာဟွာလောက်တော့ မကြာဘူးပေါ့လေ" ဟု ချီယာအိုက ပြန်ပြောသည်။ သူ့ မျက်လုံးများသည် ရုတ်တရက် တောက်ပလာသည်။ မျိုသိပ် ထားခဲ့ရသည့် အတိတ်က ဖြစ်ရပ်အပေါ် မခံချင်စိတ်သည် ချက်ချင်းပင် ထကြွ လာဟန် ရှိ၏။ "တတိယ တပ်မဟာတပ်မှူးရဲ့ အာဇာနည်စိတ်ကို ခရီးရှည် ချီတက်ပွဲကြီးမှာ ခင်ဗျား မြင်ခဲ့ဖူးတယ် မဟုတ်လား"

ဂျေကော့က ခေါင်းညိတ်သည်။

"စွတ်စိုထိုင်းမှိုင်းတဲ့ အကျဉ်းထောင် မြေတိုက်ခန်းထဲမှာ ရှစ်နှစ်တိတိ အနှိပ်စက် အညှဉ်းပန်း ခံခဲ့ရပြီးတဲ့နောက် သူ့ကိုယ်ကထွက်တဲ့ သွေးအိုင်ထဲမှာ သေခဲ့ရတဲ့ သူ့အဖြစ်ဟာ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ။ အဲဒီအချိန်မှာ သူဟာ အဆုတ်ရောဂါ ဖြစ်နေပြီ၊ ဆရာဝန်နဲ့ ကုသပေးဖို့ ကျတော့လည်း ခွင့်မပြု ကြဘူး။ သမ္မတ လျူ ရှောက်-ချီဟာလည်း အဲဒီလိုပဲ တစ်ယောက်တည်း အထီး ကျန် ဘဝနဲ့ သေရရှာတယ်။ သူတို့လိုပဲ တခြား ထောင်နဲ့ချီပြီး ရှိခဲ့တဲ့ လူတွေဟာ လည်း အသတ်ခံခဲ့ကြရတာပဲ။ ကျွန်တော်ဆိုရင် လေးနှစ်တိတိ တစ်ယောက် တည်း အထီးကျန်ထားပြီး ကိုမင်တန်တွေ သုံးခဲ့တဲ့ ပစ္စည်းနဲ့ အနှိပ်စက် အညှဉ်း ပန်း ခံခဲ့ရတယ်"

"ဒီလောက်အထိ အနှိပ်စက် ခံနေရတဲ့ကြားက ခင်ဗျားကိုယ်ခင်ဗျား အသက်ရှင်အောင် ဘယ်လိုများ လုပ်ပြီး နေခဲ့သလဲ"

ချီယာအိုက ပြုံးသည်။ "သက်သောင့်သက်သာ နေထိုင်မှုနဲ့ နူးညံ့ ပျော့ပျောင်းမှုတွေဟာ သည်းခံနိုင်တဲ့ စွမ်းအားကို တိုးတက်စေတာ အမှန်ပဲ၊

အဲဒီ စကားပုံလို ဆိုရိုးစကားကို ခင်ဗျား ကြားဖူးမှာပါ။ သည်းခံနိုင်မှု သို့မဟုတ် ခံနိုင်ရည် ရှိနိုင်မှု ဆိုတာတွေကလည်း သဘာဝနဲ့ အံဝင်ခွင်ကျ ဖြစ်ပါမှ ဖြစ်ပေါ်လာနိုင်တာပါ။ တကယ်လို့ ခင်ဗျားရဲ့ စိတ်ဟာ တည်ငြိမ်ပြီး သမာဓိအားကောင်းနေရင် ခင်ဗျားရဲ့ ခန္ဓာကိုယ်ဟာ ဘာဝေဒနာကိုမှ မခံစားရတော့ဘူး"

ဇေျကော့က ချိယာဒိုအား အံ့အားသင့်ပြီး ကြည့်နေသည်။ "ခင်ဗျား တာအို အနုပညာကို လေ့ကျင့်ခဲ့တယ် ဆိုပါတော့"

ချိယာဒိုက ခေါင်းညိတ်သည်။ "ကျွန်တော့်အဖေက ကျွန်တော် ငယ်ငယ်ကတည်းက သင်ပေးထားခဲ့တာ။ ကျွန်တော်ရဲ့ အရင်းရှင် အဖေက အဲဒီ အမွေမျိုး ကျွန်တော်ကို ပေးခဲ့လိမ့်မယ်လို့ အိပ်မက်တောင် ကျွန်တော် မမက်ခဲ့ပါဘူး။ ဒါပေမဲ့ လာအိုဇူရဲ့ သင်ကြားမှုတွေဟာ ကျွန်တော့်ဆီ ရောက်နေပါတယ်"

နှစ်ဦးသား အလွန် ကြီးမားကျယ်ပြန့်ပြီး အရှုပ်ဆိုး အကျည်းတန်လှသော စစ်ရေးပြ ကွင်းကြီးအား တိတ်ဆိတ်စွာ ကျော်ဖြတ် လာခဲ့ကြသည်။ ထိုစစ်ရေးပြ ကွင်းကြီးမှာ မြို့တော်၏ မြို့လယ်မှနေ၍ ဤမှာဘက် ရောက်သည်အထိ ကွန်မြူနစ်များက ဘူလ်ဒိုဇာ စက်ကြီးများဖြင့် ထိုးကာ ဖန်တီးရယူထားသော ကွင်းကြီး ဖြစ်လေသည်။

ဇေျကော့ မှတ်မိနေသေးသည်။

ထိုကွင်းကြီးအား ကွန်မြူနစ်တို့ ဖန်တီးစဉ်က ထိုနေရာ တစ်ဝိုက်ရှိ ရှေးခေတ် ဂေါရာဇ် ဘုရင်များ တည်ဆောက်ထားခဲ့သော အဆောက်အအုံအားလုံးသည် ဘူလ်ဒိုဇာ စက်ကြီးများ၏ ဒဏ်ကို ခံသွားခဲ့ကြရသည် မဟုတ်ပါလား။ ထိုစဉ်ကတော့ သူသည် မြို့တော်ကြီး၏ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းများအား ဖြိုဖျက်ပစ်သည့် အတွက် ထိတ်လန့်ခြင်း၊ အံ့ဩခြင်းနှင့် နှမြောတသခြင်းပင် ဖြစ်ခဲ့ရ၏။

အခုကျတော့လည်း သူသည် ထိုနေရာတစ်ဝိုက်၌ ဝန်ကြီးချုပ်ချူအား အာဇာနည် အဖြစ် ချီးမြှောက်ဂုဏ်ပြုသည့် ပွဲဖြင့် ကြုံတွေ့နေရပြန်၏။ သူသည် ချိယာဒို၏ မျက်နှာအား တစ်ချက် လှမ်းကြည့်မိပြန်သည်။ ဤ တရုတ်မာရှယ်အား သူ ပထမဆုံး တွေ့ခဲ့ရသည်မှာ လွန်ခဲ့သော လေးဆယ့်ငါးနှစ်က ဖြစ်သည်။ သူသည် ဤပုဂ္ဂိုလ်မှ တစ်ဆင့် မိမိ၏ သမီး ဇေဘီဂေးလ်နှင့်ရော ကာအိုနှင့်ပါ ငြိမ်းချမ်းရေး ရနိုင်ပါမည်လော။

"ခင်ဗျားတော့ အံ့ဩမှာပဲ။ ကျွန်တော့် တူရဲ့ အတိတ်ဘဝနဲ့ ဆက်စပ်ပတ်သက်နေတဲ့ အကြောင်းအရာတွေ အားလုံး ခင်ဗျားကို ပြောပြဖို့ သင့်မသင့် စဉ်းစား နေရတယ်" ဟု ချိယာဒိုက စိတ်နှလုံး မသာယာသော မျက်နှာဖြင့်

ပြောသည်။ "အခုလို ပြောလိုက်လို့လည်း သိပ်ပြီး စိုးရိမ်စရာတော့ မရှိပါဘူး။ ဒီကိစ္စကို တခြား ဘယ်သူတွေမှ မသိကြသေးဘူးဆိုတာ ကျွန်တော် အာမခံပါတယ်။ ဝန်ကြီးချုပ် ချူအင်လိုင်းတောင်မှ အမှန် ဟုတ်မဟုတ် သံသယ ရှိခဲ့ဟန်တူတယ်။ ဒါပေမဲ့ သူ တိတိကျကျ အသေအချာ မသိခဲ့ရှာဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီ သံသယကြောင့် ကာအို ယယ်ယယ်တုန်းက သူသိပ်ပြီး ကူညီခဲ့တာများလား မပြောတတ်ဘူး"

မထင်မှတ်ဘဲ ရုတ်တရက် ဖော်ပြောလိုက်သည့် စကား ကြားလိုက်ရသဖြင့် ဂျေကော့ အံ့အားသင့်လျက် ရှိသည်။ သူသည် အတန်ကြာမျှ ငေးကြောင်ကြောင် ဖြစ်ကာ စဉ်းစားရ ခက်နေသည်။

"ပီကင်း ရောက်တုန်း ကာအိုနဲ့ တွေ့ချင်တယ်ဆိုတာ ခင်ဗျားအတွက် သဘာဝကျပါတယ်။ ဒါပေမဲ့. . ." ချိုယာအိုသည် အသံကို တိုးလိုက်သည်။ "ဒါပေမဲ့ အဲသလို တွေ့ဖို့ကိစ္စဟာ အားလုံးအတွက် ရှောင်တာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ထင်တယ်"

"ကျွန်တော် သူနဲ့ တွေ့ရင် ဘာပြောရမလဲလို့ စဉ်းစားခဲ့တာ ဆယ်နှစ်ရှိသွားခဲ့ပြီ" ဟု ဂျေကော့က ပြန်ပြောသည်။ "ကျွန်တော် သူနဲ့ ၁၉၆၆ ခုနှစ်ကတည်းက ရှန်ဟိုင်း ရောက်တော့ မေလင်းအိမ်မှာ တွေ့ခဲ့ရတာ၊ ကျွန်တော် ဟောင်ကောင် ကနေပြီး သင်္ဘောနဲ့ တရုတ်နိုင်ငံထဲကို တရားမဝင် ခိုးဝင်လာခဲ့တဲ့ အခေါက်ကပေါ့။ တွေ့ဆုံခဲ့တဲ့ ပွဲကတော့ မုန်တိုင်းထန်နေတဲ့ ပွဲပဲ"

"အဲဒီ အခေါက်က ခင်ဗျားကို သူ့ အဖေလို့ သိနေပြီလား"

ဂျေကော့က ခေါင်းညိတ်သည်။ "သိနေပြီ။ ဒါပေမဲ့ ခင်ဗျားပါ သိနေပြီဆိုတာတော့ ခင်ဗျားက အသိမပေးဘူး မဟုတ်လား"

ချိုယာအိုက ခေါင်းညိတ်သည်။

"အခု သူ ဘာလုပ်နေလဲ"

"ကာအိုဟာ လွန်ခဲ့တဲ့ ငါးနှစ်က လက်ထပ်ခဲ့တယ်။ အခု သားလေးတစ်ယောက် ရှိနေပြီ" ချိုယာအိုသည် ပြောသင့် မပြောသင့် ချိန်ဆလျက်ရှိပြန်၏။ "ဒါပေမဲ့ သူဟာ မဒမ်မော်ရဲ့ အဖွဲ့နဲ့ သူ့ဘဝကို ပုံအပ်လိုက်တယ်။ သူဟာ မဒမ်မော် အဖွဲ့က အဓိက လှုပ်ရှားသူ ဖြစ်နေခဲ့တာ ကြာခဲ့ပြီ"

"ခင်ဗျားကော သူနဲ့ မကြာ မကြာ တွေ့သလား"

"လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ဦးကြီးနဲ့ တူရဲ့ကြားမှာ မုန်းတီးစရာတွေချည်းပဲ ဖြစ်ခဲ့ရတယ်" ချိုယာအို့ မျက်နှာသည် မရွှင်မလန်း။ "ခင်ဗျား သူ့ဆီသွားမယ်ဆိုရင်တော့ အစစ အရာရာ သတိထားပြီး ဆင်ခြင်စဉ်းစားရမယ်"

"ကာအို အကြောင်းကို ခင်ဗျား ဘယ်လို သိလာခဲ့ရတာလဲ"

"တန်ရှန် ကျောက်မီးသွေးတွင်းက လွတ်လာတော့ သူ ကျွန်တော့်ကို ယုံကြည် စိတ်ချပြီး အကုန် ပြောပြခဲ့တယ်"

"မေ-လင်းကော အခု ဘာဖြစ်နေလဲ"

မေ-လင်းအကြောင်း သိချင်နေသည်မှာ ကြာခဲ့ပြီ။ မေးမည်ဟု စိတ်ကူးခဲ့သည်မှာလည်း ကြာခဲ့ပြီ။ အခုမှပင် မေးဖြစ်ခြင်း ဖြစ်၏။

"ကျွန်တော့် ညီမ ဒုက္ခရောက်သွားပုံကတော့ တကယ့် ကြောက်စရာပါ။ ပြင်းထန်တဲ့ အပြစ်ဒဏ်တွေကို ခံသွားခဲ့ရတာ၊ နောက်ဆုံး ခံနိုင်ရည် မရှိတော့တဲ့ အဖြစ်နဲ့ကို ကြုံသွားရရှာတာ"

"မေ-လင်း သေပြီလား" ဟု ဂျေကော့က အလန့်တကြား မေးသည်။

ချိယာအိုက ခေါင်းယမ်းသည်။ "မေ-လင်းက မသေပါဘူး။ ဒါပေမဲ့ သေသွားတာကမှ ကောင်းဦးမယ်လို့ ထင်တယ်"

"ခင်ဗျား ဘာဆိုချင်တာလဲ"

"နှိပ်စက်တာတွေကို သည်းမခံနိုင်တဲ့အခါမှာ မေ-လင်းဟာ တခြားလူတွေလိုပဲ သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားခဲ့တယ်"

"မအောင်မြင်ဘူး မဟုတ်လား"

"မအောင်မြင်ဘူး၊ မီးခြစ်ဆံခေါင်းက ဆာလ်ဖာတွေကို ခြစ်ယူပြီး မျိုချခဲ့တယ်။ ဆာလ်ဖာက မများတော့ မသေဘူး။ ဒါပေမဲ့ သူ့စိတ်က မမှန်တော့ဘူး"

"အခု. . . အခု မေလင်း ဘယ်မှာလဲ၊ ဘယ် ရောက်နေလဲ"

"ရှန်ဟိုင်းက စိတ္တဇဆေးရုံမှာ ထားတယ်။ ကျွန်တော် လွတ်လာတဲ့အခါကျမှ ဘာတွေ ဖြစ်ကုန်တယ်ဆိုတာ သိရတာ။ ကျွန်တော် မေ-လင်းကို အခု ပီကင်း စိတ္တဇဆေးရုံကို ပြောင်းပစ်လိုက်တယ်"

ဂျေကော့ တစ်ကိုယ်လုံး အေးစက်သွားသည်။ "ကျွန်တော် မေ-လင်းကို မြင်ပါရစေ၊ ခင်ဗျား စီစဉ်ပေးနိုင်မယ် မဟုတ်လား"

"ကျွန်တော် စီစဉ်ပေးနိုင်ပါတယ်" ချိယာအိုသည် အတန်ကြာမျှ စဉ်းစားချိန်ဆ နေသည်။ "ဒါပေမဲ့ မေ-လင်းက စကား မပြောတော့ဘူး။ ပြောပြန်တော့လည်း စကားက မမှန်တော့ဘူး။ ဘယ်သူ့ကိုမှလည်း မမှတ်မိတော့ဘူး၊ မသိတော့ဘူး။ သူ့ဆီ သွားလည်ရတာ အလွန် ခက်ခဲတဲ့ ခံနိုင်ရည် စမ်းသပ်ပွဲတစ်ပွဲ တက်နေရသလိုပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် မေ-လင်းကို မြင်ပါရစေ" ဟု ဂျေကော့က တွန့်ဆုတ် မနေတော့ဘဲ ချက်ချင်း အဖြေပေးသည်။

***

၃

ထိုည စောစောပိုင်းတွင် ဂျေကော့သည် ခြံဝင်းဂိတ်တံခါးကို တွန်းဖွင့်ကာ တားမြစ်မြို့တော်၏ အရှေ့ဘက်မှ အိမ်ငယ်လေး တစ်လုံး တွင်းသို့ ဝင်လာခဲ့သည်။ သူ့ရှေ့၌ ရှိနေမည့် အန္တရာယ်အား သူ ဘယ်လို ရင်ဆိုင်ရမည်ကိုတော့ သူ မသိ။ တစ်ထပ်တည်းသာ ရှိသော အိမ်ငယ်၌ ပြတင်းပေါက် ခန်းဆီးများမှ နေကြည့်လျှင် အလင်းရောင်များကို ပိပိပြင်ပြင် မြင်နေရလေသည်။

သူသည် ခြံဝင်းထဲမှ ဖြတ်၍ အိမ်ငယ်ရှေ့ ရောက်သွားသည့်အခါ တံခါးကို ခေါက်သည်။ အိမ်ငယ်မှာ ရှေးခေတ် နန်းတွင်းမှ အမှုထမ်းများ နေထိုင်ရာ အိမ်မျိုးဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ့်ငါးနှစ်ခန့်က သူ ပီကင်း၌ နေထိုင်ခဲ့စဉ်က နေထိုင်ခဲ့ဖူးသော အိမ်မျိုးဖြစ်၏။ သူသည် တံခါးကို ခေါက်အပြီးတွင် အိမ်ထဲမှ ပေးမည့် အဖြေကို စောင့်ရမျှော်သည်။

ထိုအခိုက်မှာပင် တံခါးသည် တစ်ဝက်ခန့် ပွင့်သွားပြီး အတွင်းမှ တရုတ်အမျိုးသမီးငယ် တစ်ဦး၏ မရယ်မပြုံးသော မျက်နှာအား မြင်လိုက်ရ၏။ အမျိုးသမီးသည် အပြာရောင် ချည်ထည် ကျူးနစ်အကျီနှင့် ဘောင်းဘီများ ဝတ်ထားသည်။ သူမ၏ မျက်နှာသည် အနောက်တိုင်းသား နိုင်ငံခြားသား မျက်နှာကို မြင်သည့်အခါ များစွာ အံ့အားသင့်လျက် ရှိနေသော်လည်း ဘာမှ မေးလားမြန်းလား မလုပ်ဘဲ ဂျေကော့၏ အမေးကို လာစောင့်နေသည်။

သူမ၏ ဘေးတွင် သူမ၏ ဘယ်ဘက်လက်အား လှမ်းဆွဲပြီး ရပ်နေသည့် ကလေးတစ်ဦး ရှိသည်။ ကလေးငယ်၏ မည်းနက်သော ဆံပင်များသည် မျက်နှာပေါ် ဝဲကျ နေကြသည်။ ကလေးငယ်သည် ဂျေကော့၏ မျက်နှာကို တအံ့တသြ ကြည့်လျက်ရှိ၏။ ကလေးငယ်မှာ အသက် လေးနှစ်ခန့် ရှိ၍ ဂျေကော့လို နှာခေါင်း ရှည်ရှည်နှင့် “နိုင်ငံခြားသား မကောင်းဆိုးဝါး” ကို ယခင်က တစ်ကြိမ်တစ်ခါမှ မြင်ဖူးခဲ့ဟန် မရှိချေ။

အမျိုးသမီး၏ ပခုံးပေါ်မှ ကျော်ကြည့်လိုက်လျှင် သန့်ရှင်း သပ်ရပ်စွာ ခင်းကျင်း ပြင်ဆင်ထားသည့် အခန်းနံရံထက်၌ မော်စီ-တုန်း၏ ရောင်စုံ ဓာတ်ပုံကြီး ချိတ်ဆွဲထားသည်ကို မြင်နေရ၏။ ထိုပုံ၏ အောက်၌ ချထားသော သစ်သားစင်ပေါ်တွင်မူ မော်စီ-တုန်း၏ အဝါရောင် အဖုံးနှင့် လက်ဆွဲစာအုပ်များ တစ်ထပ်ကြီး တင်ထားသည်။ ဂျေကော့ မမြင်ရသော ရေဒီယို တစ်လုံးဆီမှ **ပြည်သူ့နေ့စဉ်** သတင်းစာ ခေါင်းကြီးပိုင်းများ ဖတ်ကြားသံများ ကြားနေရသည်။

"တစ်ဖွတ်ထိုး တဖောက်ကန်း အဆင်ခြင် ကင်းမဲ့စွာ လုပ်ကိုင်နေကြသည့် လူတန်းစား ရန်သူများ" ဟူသော စကား၊ "မဟုတ်မမှန် လုပ်ကြံထားသော ကောလာဟလ သတင်းများ လွှင့်ထုတ်ပြီး ပြည်သူများကြား၌ လှုပ်ရှားမှုများ ဖြစ်လာအောင် လှုံ့ဆော် ပေးနေခြင်း" စသော စကားလုံး အသုံးအနှုန်းများအား ဖောဖောသီသီ သုံးစွဲ ပြောဆိုလျက်ရှိ၏။

"ကြိုတင်ပြီး ပြောမထားဘဲ အခုလို ရောက်လာတဲ့အတွက် ခွင့်လွှတ်ပါ။ ကျုပ် ရဲဘော် ချင်ကာအိုနဲ့ စကားပြောချင်လို့ပါ" ဟု ဂျေကော့က ပြောသည်။ "သူ အိမ်မှာရှိလား"

"ကျွန်မ ယောကျ်ား အိမ်မှာရှိပါတယ် ရှင်၊ ဒါပေမဲ့ စားပွဲမှာ အလုပ်ရှုပ်နေပါတယ်။ သူ့ကို နှောင့်ယှက်သလို ဖြစ်မှာစိုးလို့ပါ။ ရှင်က ဘယ်သူပါလိမ့်"

"ကျုပ် နာမည်က ဂျေကော့ ကယ်လ်နာပါ" ဟု ပြောကာ ဂျေကော့က လက်ကမ်းပေးသည်။ အမျိုးသမီးက လက်ကိုဆွဲ၍ နှုတ်ဆက်ခြင်း မပြုဘဲ သူ့ကလေးအား ငုံ့ကြည့်သည်။ ကလေးက ရယ်ကာမောကာဖြင့် "နီဘာအို" ဟု ပြောသည်။

"နီ ချိုယာအို ရှင် မို မင် ဇူ" (ခင်ဗျား နာမည် ဘယ်သူလဲ)

ကလေးငယ်က သူ မြင်ဖူး တွေ့ဖူးနေကျ မဟုတ်သည့် နိုင်ငံခြားသား၏ မျက်နှာအား ကြည့်နေသည်။ ထို့နောက် "ဝို ချိုယာအို မင်" ဟု ရှက်ရွံ့သော မျက်နှာထားဖြင့် သူ့ အမေအား မော့ကြည့်ပြီး ပြောသည်။

"နီ ဘာအို၊ စိယာအိုမင်" ဟု ဂျေကော့က ကလေး၏ လက်ကို ဆွဲ၍ အသာအယာ ခါယမ်းပြီး ပြောသည်။ "ကန်းတာ အို နီ ချင် ကာအိုဆင်း"... (ငါ မင်းနဲ့ တွေ့ရတာ သိပ်ဝမ်းသာတယ်)

ကလေးငယ်သည် ဂျေကော့၏ စကားကို သဘောကျကာ ခိုးခိုးခစ်ခစ်နှင့် ရယ်၍ သူ့အမေ၏ နောက်ဘက်တွင် ဝင်ပုန်းနေသည်။ ကလေးအား ထိုင်၍ မြူနေသော ဂျေကော့သည် မတ်တတ်ထရပ်သည်။ ထိုအခိုက်မှာပင် လွန်ခဲ့သော ဆယ်နှစ်က ရှန်ဟိုင်းမြို့ မေလင်း၏ အိမ်၌ တွေ့မြင်ခဲ့ရဖူးသော လူချောလူလှ၏

မျက်နှာကို မြင်လိုက်ရ၏။ ထိုလူသည် ကေဒါ ယူနီဖောင်း ဝတ်စုံကို ဝတ်ထားသည်။ အခန်းတံခါးကို ဖွင့်၍ ထွက်လာသော ကာအိုး၏ မျက်နှာဖြစ်သည်။ ကာအိုသည် စာရွက် တချို့ကို လက်တစ်ဖက်ဖြင့်ကိုင်၍ ဘောပင်တစ်ချောင်းကို အခြား လက်တစ်ဖက်ဖြင့် ကိုင်ထားသည်။ သူသည် ဂျေကော့ ပြောနေသည့် စကားအားလုံးကို ကြားခဲ့ပြီးဖြစ်၍ အလိုမကျသည့် မျက်နှာထားကို ဖော်ပြနေသည်။

ကာအိုက ဘေးတစ်ဖက်ရှိ ဝန်းခြံအတွင်းမှ အိမ်တစ်လုံးဆီသို့ အလည်သွားရန် သူ့မိန်းမအား နိုင်းသည်။ သူသည် စကားမပြောဘဲ သူ့မိန်းမနှင့် သူ့သားခြံဝင်းတံခါးမှ ထွက်သွားသည်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေသည်။ ထို့နောက် တင်းမာသော မျက်နှာထားဖြင့် ဂျေကော့အား တစ်ချက် လှမ်းကြည့်ကာ သူနှင့်အတူ အခန်းထဲသို့ ဝင်လိုက်လာရန် လက်ပြသည်။ ဂျေကော့ အထဲရောက်သည်နှင့် တစ်ပြိုင်နက် သူ ကိုယ်တိုင် အခန်းတံခါးကို ပိတ်လိုက်သည်။ အခန်းမှာ သေးငယ်သော်လည်း ညှေ့ခန်းအဖြစ်ရော ထမင်းစားခန်း အဖြစ်ပါ အသုံးပြုထားသည်ကို တွေ့ရ၏။ ဂျေကော့အား မျက်နှာချင်းဆိုင်၍ ကြည့်လိုက်သည့် ကာအို၏ မျက်နှာထားမှာ မနှစ်မြို့ခြင်းကို ဖော်ပြလျက်ရှိသည်ဖြစ်ရာ ဂျေကော့ အနေဖြင့် ဘယ်လို စကားမျိုး ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

"အခုလို လူချင်းဆုံမိတဲ့အခါ ဘယ်လိုလုပ်ရမလဲလို့ အမြဲတမ်း စဉ်းစားခဲ့တယ်" ဟု ဂျေကော့က အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောသည်။ "ဘယ်လိုပဲ စဉ်းစားထားပေမဲ့ အခုလို မင်းနဲ့ မျက်နှာချင်းဆိုင် တွေ့လိုက်ရတဲ့အခါ ဘာက စပြောရမှန်း မသိအောင် ဖြစ်သွားရတယ်"

"ခင်ဗျား ဘာတွေပဲပြောပြော ကျုပ် စိတ်မဝင်စားဘူး။ ခင်ဗျား ဒီကို လာစရာလည်း မလိုဘူး" ကာအို၏ အကြည့်တွင် ရန်လိုသည့် အရိပ်အမြွက်များ ပါလာသည်။ "ခင်ဗျားကို ကျုပ် မဖိတ်ဘူး၊ ကြိုလည်း မကြိုဆိုဘူး"

"ငါ နားလည်ပါတယ်" ဟု ဂျေကော့က တုန်ယင်သော အသံဖြင့် ပြန်ပြောသည်။ "ငါ့ကိုယ်ငါ အပြစ်တင်လို့လည်း မဆုံးပါဘူး။ မင်း ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ငါ သိပ်စိတ်မကောင်း ဖြစ်ရပါတယ်"

"မလိုပါဘူး၊ အရေးကြီးတဲ့ ကိစ္စလည်း မဟုတ်ပါဘူး" ဟူ၍ ကာအိုက ကြားဖြတ်၍ ပြောသည်။ "ကျုပ်ဆီ အခုလိုလာတာ ကျုပ် မကြိုက်ဘူး"

"ဒါပေမဲ့ ငါဟာ မင်းအဖေပါ ကာအို" ဟု ဂျေကော့က ပြောသည်။ "ရှန်ဟိုင်းမှာ ဆုံခဲ့ရတဲ့ ညက ငါ မင်းကို စကား သိပ်ပြောချင်ခဲ့တယ်။ ဒါပေမဲ့ အဆင်မပြေခဲ့ဘူး။ အဆင်မပြေတာကတော့ အခုအချိန်ထိအောင်ပဲလို့"

“ကျုပ်မှာ အမေရှိဖို့ မလိုဘူး၊ တရုတ် ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်ကြီး မော်စီ-တုန်းဟာ ကျုပ် အဖေနဲ့ အမေပဲ”

ဂျေကော့သည် သူ့သား၏ မျက်နှာအား စိုက်ကြည့်နေသည်။ လွန်ခဲ့သော ဆယ်နှစ်က သူ မြင်ခဲ့ရဖူးသော မျက်နှာသည် အကြီးအကျယ် ပြောင်းလဲခြင်း မရှိ။ ကာအို၏ စိတ်သည် ယခင်ကထက် ပို၍ တင်းမာလာသည့် သဘောကား ရှိနေ၏။

“ငါ မင်းကို ဂုဏ်သိက္ခာ ကင်းမဲ့အောင် တမင် လုပ်ခဲ့တာ မဟုတ်ပါဘူး” ဟု ဂျေကော့က သူ့ အသံကို ထိန်းချုပ်၍ ပြောသည်။ “ရှန်ဟိုင်းမှာ မင်းနဲ့ တွေ့တုန်းက မင်းအမေကို ငါနဲ့ လက်ထပ်ဖို့ ပြောဖူးခဲ့တယ်လို့ အသိ ပေးခဲ့ဖူးပါတယ်။ တို့နှစ်ယောက်စလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ကြရတယ်။ မင်းအမေက သူ ယုံကြည်တဲ့ ဝါဒရေးရာမှာသာ သံယောဇဉ် ထားနိုင်မယ်လို့ ပြောခဲ့လေတော့”

“ကျုပ်အဖို့ အဲဒါတွေလည်း အရေးမကြီးဘူး။ ဒါတွေကို ကြားချင်တဲ့ ဆန္ဒလည်း ကျုပ်မှာ မရှိဘူး”

“အရာရာတိုင်းကို မင်းကြည့်ပုံက တစ်မျိုးပဲ။ ငါ စိတ်မကောင်း ဖြစ်ရပါတယ်။ မင်းဦးကြီး မာရှယ် လုဆီက ဒီနေ့ သတင်းတစ်ခု ကြားခဲ့ရတယ်။ မင်းအမေဟာ အတော်ကြီး ဒုက္ခရောက်နေတာပဲ။ ငါ မျှော်လင့်ထားတာကတော့”

“ဥက္ကဋ္ဌကြီးမော်ရဲ့ ယဉ်ကျေးမှု တော်လှန်ရေးလိုင်းနှင့် ပါတီရဲ့ ရန်သူတွေကြားမှာ ဖြစ်လာခဲ့တဲ့ စစ်ပွဲဟာ ရေရှည်လာခဲ့ပြီ၊ ပြင်းလည်း ပြင်းထန်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ပါတီကို ထောက်ခံဖို့ ပျက်ကွက်တဲ့ လူမှန်သမျှ နောက်ဆက်တွဲ အကျိုးဆက်ကို ခံစားကြရမှာပဲ။ အဲဒါက ဘယ်သူမဆို ဘာမှ မတတ်နိုင်တဲ့ ကိစ္စပဲ”

ဂျေကော့သည် သူ့သားမျက်နှာကို ကြည့်၍ အံ့အားသင့်လျက်ရှိသည်။ သူ့သားတွင် လူလိုသူလို ခံစားနိုင်သည့် စိတ်သည် ကင်းမဲ့လျက် ရှိနေလေပြီ။ ဂျေကော့သည် သူ့သားဆီသို့ ချဉ်းကပ်သွားသည်။ သူတို့နှစ်ဦးကြား၌ ကြောက်ဖွယ်ကောင်းသော ရန်လိုမှုသည် တည်ရှိနေပြီ ဖြစ်၏။ သူ ဘယ်လို လုပ်ရမည်နည်း။ သိမ်မွေ့နူးညံ့သောစိတ် ပြန်ဝင်လာအောင် သူ ဘယ်လို ပြောရပါမည်နည်း။

“တို့ နှစ်ဦးကြားမှာ ကမ္ဘာခြားသလို ဖြစ်သွားပြီ ကာအို၊ တစ်ဦးနှင့်တစ်ဦး ကြားမှာ နားလည်မှုရှိဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့ ကံကြမ္မာရဲ့ အလှည့်အပြောင်းအရ ငါဟာ မင်းတို့ အပေါ်မှာ မေတ္တာ စေတနာ မပျက်ပါဘူး။ မင်း

အမေ အပေါ်မှာလည်း ငါ ချစ်မြဲတိုင်း ချစ်နေလျက်ပါပဲ။ ငါဟာ အိမ်ထောင်ထပ် မပြုခဲ့ပါဘူး။ ငါ့ရဲ့ မေတ္တာဟာ မင်းနဲ့ မင်းအမေ အပေါ်မှာ ရှိနေတုန်းပါ။

"ငါ့ရဲ့ ခံစားမှုဟာ မင်းနဲ့ ကင်းကွာ မသွားသေးပါဘူး။ ပြည့်စုံတဲ့ ကမ္ဘာလေး တစ်ခု တည်ဆောက်ကြမယ်ဆိုရင် ငါတို့ဟာ တစ်ယောက်ကို တစ်ယောက် အဖေနဲ့ သားလို့ သိကြဖို့ လိုပါတယ်။ ဖအေတစ်ယောက် အနေနဲ့ သားအပေါ်မှာထားတဲ့ ခံစားမှုတွေကို ပြခွင့် မရခဲ့တဲ့အတွက် ငါ့မှာ ကိုယ်စိတ် နှစ်ပါး အများကြီး ဆင်းရဲခဲ့ပါတယ်။ အဖေ ပြောချင်တာ တစ်ခုက မင်း ဘာ အကူအညီပဲ လိုလို အဖေ ကူညီဖို့ အသင့်ပါ"

ကာအိုသည် မလိုတမာ မျက်နှာထားဖြင့် ဂျေကော့အား ကြည့်သည်။ "ခင်ဗျားက ကျုပ်ကို ဘယ်လိုများ ကူညီနိုင်မှာလဲ" ဟု ပြောသည်။ ခင်ဗျားနှင့် ကျုပ် ရှန်ဟိုင်းမှာ တွေ့ကြချိန်အထိ ကျုပ် အဖေဟာ ဂျပန်တွေနဲ့ တိုက်တဲ့ စစ်ပွဲမှာ အာဇာနည်ဖြစ်ခဲ့တဲ့ လူလို့ပဲ ထင်ခဲ့တယ်။ အဲဒီ စိတ်ကူးလေးကို ခင်ဗျား ဖျက်ဆီးခဲ့တယ်။ ကျုပ်အတွက် ရှိလာတဲ့ အကောင်းဆုံး သမျှကို ခင်ဗျားပဲ ဖျက်ဆီးခဲ့တယ်။ ကျုပ်အမေဟာ ခင်ဗျားနဲ့ တွဲပြီး သူ့ကိုယ်သူရော တော်လှန်ရေးကိုပါ သစ္စာဖောက်ခဲ့တယ်။ အဲဒီ သစ္စာမဲ့မှုကြီးကို ကျုပ်က မေ့နိုင်ပါ့မလား။ တကယ်တော့ ခင်ဗျားဟာ ကျုပ်အတွက် အန္တရာယ်ပဲ ပေးမယ့် လူပါ။ ခင်ဗျားရဲ့ တစ်ကိုယ်ကောင်း ဆန်တဲ့ အကူအညီကို တခြား နေရာမှာ တခြား လူတွေကိုပဲ ပေးပါ"

"အဖေ မင်းကို အန္တရာယ် ပြုချင်တဲ့စိတ် လုံးဝ မရှိပါဘူး။ ဒါ တစ်ခုကိုတော့ မင်း နားလည်စေချင်တယ် ကာအို"

"ဒီလိုဆို ခင်ဗျားသွားတော့" ပြောပြောဆိုဆို ကာအိုသည် အခန်းတံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်သည်။ သူ့အဖေ၏ မျက်နှာအား ဒေါသတကြီး ကြည့်သည်။ "တကယ်လို့ ခင်ဗျား ကျုပ်ကို ကူညီချင်တယ်ဆိုရင် တရုတ်ပြည်က မနက်ဖြန်ကျရင် ပြန်ပါ။ ဒီကို လုံးဝ ပြန်မလာပါနဲ့"

သားအဖနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ထို့နောက် ဂျေကော့က ခေါင်းခါသည်။ "အဖေ စိတ်မကောင်း ဖြစ်ရပါတယ် ကာအို၊ မင်းပြောသလို လုပ်မယ်လို့တော့ အဖေ ကတိ မပေးနိုင်ဘူး"

ကာအိုသည် စကားတစ်ခွန်းမျှ ပြန်မပြော။ ဂျေကော့ ထွက်သွားအောင် တံခါးကိုသာ ဖွင့်ပေးသည်။ ဂျေကော့ အပြင်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် တံခါးကို တစ်အားကုန် ဆောင့်ပိတ်လိုက်သည်။ သူ လမ်းပေါ် ရောက်သွားသောအခါ အာဇာနည် ဗိမာန်ဆီသို့ သွားနေကြသည့် လူများမှာ များပြားလျက်

ပင်ရှိသည်။ လူအများသည် ပန်းခွေများနှင့် ချူအင်-လိုင်း၏ ပုံများကို သယ်ဆောင်လာကြသည်။ အာဇာနည် ဗိမာန်ဘက်သို့ သူ ပြန်ရောက်သွားသည့် အခါတွင်မူ ချူအင်-လိုင်းအတွက် ချထားသည့် ပန်းခွေပုံကြီး၏ အမြင့်မှာ ပေသုံးဆယ် ပေလေးဆယ်ခန့် မြင့်လျက်ရှိလေပြီ။

***

၄

နံနက်စာ စားပြီးစ အချိန်ကလေး အတွင်းမှာပင် တက်ထရာ အငှားတက္ကစီကား တစ်စီးသည် ဂျေကော့အား လာခေါ်သွားသည်။ ကားနောက်ခန်းထဲ၌ ထိုင်၍ လိုက်ပါလာသော ဂျေကော့သည် ရှေးကေရာဇ်မြို့တော်၏ အရှေ့မြောက်ထောင့်ရှိ ကျဉ်းမြောင်းသော လမ်းမပေါ်၌ ဥဒဟို စီးသွားလျက် ရှိကြသော မော်တော်ဆိုင်ကယ် သမားများအား လှမ်းကြည့်လာသည်။

သူသည် မိနစ်အနည်းငယ်မျှ ကြာသည်အထိ သူ ဖြတ်လာနေသော လမ်းများအား မှတ်မိလာအောင် ကြိုးစားလျက်ရှိသည်။ သူ သာသနာပြုကျောင်းသား ဘဝက ရက်များတွင် ဥရောပဟန်နှင့် ဆောက်လုပ်ထားသော သုံးထပ်တိုက် "မစ်ရှင်နာရီ ဘာသာစကားသင်ကျောင်း" အား မြန်၍ မြင်ယောင်လာသည်။ "ပီကင်း အမှတ် (၇) စိတ္တဇဆေးရုံ" ဟူသော ဆိုင်းဘုတ်ရှိရာ အဆောက်အအုံ ရှေ့၌ တက္ကစီ ရပ်လိုက်သည့်အခါ ဂျေကော့သည် အညိုရောင် ဆေးသုတ်ထားသည့် နှစ်ထပ်ဂိတ်တံခါးကြီးများနှင့် ညိုမှိုင်းမှိုင်း အုတ်တံတိုင်းကြီးများအား ငေးကြည့်နေမိသည်။ အမှန်တော့ ယခင်က ရှိခဲ့သော အဆောက်အအုံအား ဖြိုချကာ ဤအသစ်ကို ပြန်လည်ပြုပြင် တည်ဆောက်ထားခြင်း ဖြစ်ပေလိမ့်မည်။

သူသည် တက္ကစီခ ပေးအပြီးတွင် ဂိတ်တံခါးမကြီးဘေးရှိ ဘဲလ်ခလုတ်အား နှိပ်လိုက်သည်။ ဂိတ်တံခါး လာဖွင့်ပေးသူမှာ အသက်ခပ်ကြီးကြီး တရုတ်အမျိုးသားကြီး တစ်ဦးဖြစ်၍ သူသည် လက်ထဲမှ စာအိတ်အား လှမ်းပေးလိုက်သည်။ ဆေးရုံတွင်း ဝင်ရောက်ခွင့်ပြုကြောင်း ညွှန်ကြားစာ ဖြစ်၏။ တရုတ်ကြီးထံမှ ခွင့်ပြုသံ ကြားသည်နှင့် တစ်ပြိုင်နက် သူသည် တရုတ်ကြီး နောက်မှ လိုက်သွားသည်။ မကြာခင်မှာပင် သူသည် လှေကားထစ်များအား တက်သွားနေသည်ကို ပြန်၍ သတိထားမိလေသည်။

ထို့နောက် သူသည် အခန်းကြီး တစ်ခု ရှေ့၌ ရပ်နေသည်။ အခန်းတံခါးအား ဖွင့်ပေးသူမှာ တရုတ် အမျိုးသား တစ်ဦးဖြစ်၍ သူသည် ဂျေကော့အား မသင်္ကာသော မျက်နှာထားဖြင့် ကြည့်နေသည်။ သူသည် စောစောက ဂိတ်တံခါးဖွင့်ပေးသည့် တရုတ်ကြီးအား ပြခဲ့သည့်စာကို ထပ်၍ ပြရပြန်သည်။ ထိုအခါ တံခါးဖွင့်ပေးသော လူနာစောင့်သည် သူက အခန်းတစ်ခန်းဆီသို့ ခေါ်သွားသည်။

ထိုအခန်းမှာ ဧည့်ခန်းဖြစ်၍ သူ့တွင် ပါလာသည့် စာရွက်စာတမ်းများအား စစ်ဆေးသည်။ ထို့နောက် လူနာဆောင်သို့ ခေါ်သွားသည်။ အဆောင်ထဲမှ လူနာ အချို့သည် စကြိုတစ်လျှောက် လမ်းသလားနေကြသည်။ အမျိုးသမီးဆောင်သို့ ရောက်သွားသည့်အခါတွင်မူကား သူ့စိတ်သည် များစွာ လှုပ်ရှားလာရုံမျှမက သူ့ ရင်သည် တထိတ်ထိတ် ဖြစ်လာသည်။

နောက်ဆုံးတွင် လူနာစောင့်သည် တစ်ဝက်တစ်ပျက် ပွင့်နေသည့် တံခါးရှေ့၌ရပ်ကာ သူက အထဲဝင်ရန် လက်ဟန်ခြေဟန် ပြသည်။ သူ ဝင်သွားသည့်အခါ ပထမဆုံး သူ မြင်လိုက်ရသည်မှာ မေ-လင်းဖြစ်၍ သူ့တစ်ကိုယ်လုံးသည် တောင့်တင်းသွားသည်။ သူသည် ရောက်သည့်နေရာ၌ ရပ်ကာ မေ-လင်းအား စိုက်ကြည့်နေမိလေသည်။

မေ-လင်း၏ အဖြစ်ကား ထူးဆန်းလှ၏။ ကျိုးကြောင်း ဆင်ခြင်တုံတရား ဆုံးရှုံးသွားချိန်မှစ၍ မေ-လင်းသည် အေးချမ်း ငြိမ်သက်သွားသည်။ စကားမပြောဘဲ နှုတ်ဆိတ်ကာ သူ့ဘာသာသူ တစ်ယောက်တည်း ငြိမ်တိတ် နေတတ်သည်။ သူမ၏ မျက်နှာသည် သိမ်မွေ့ နူးညံ့လှ၏။ တည်ငြိမ် အေးဆေးလှ၏။ သူမ၏ ဆံပင်သည် အခုအချိန်အထိ မည်းနက်ကာ ရှည်လျား လှပနေဆဲ၊ သူမသည် ဆံပင်အား ကျစ်ဆံမြီးထိုးကာ ဘေးတစ်ဖက်တစ်ချက်တွင် ချထားသည်။

ကျူးနစ်အကျီနှင့် ဘောင်းဘီပွပွကြီး အောက်မှ သူမ၏ ကိုယ်ခန္ဓာသည် သေးသေးသွယ်သွယ် ပါးပါးလျလျပင် ရှိ၏။ သူမသည် သန့်ရှင်း သပ်ရပ်စွာ ခင်းကျင်း ထားသည့် အခန်းအလယ်တည့်တည့်ရှိ ကုလားထိုင် တစ်လုံး၌ မလှုပ်မယှက် ထိုင်နေသည်။ အသက်ကြီးလာပေမဲ့လည်း သူမ၏ အလှကား အပ်ီအပြင် အသက်ဝင်လျက်ပင်ရှိ၏။

မေလင်းသည် ထိုင်နေရာမှ လုံးဝ လှုပ်ရှားခြင်း မရှိ။ ဂျေကော့ ဝင်လာသည်ကိုလည်း သိဟန်မြင်ဟန် မပြ။ ခပ်လှမ်းလှမ်းရှိ ပြတင်းပေါက်၏ တစ်ဖက်အပြင်ဘက်ကိုသာ ငေးမောလျက်ရှိ၏။ တကယ်တော့ ထိုအပြင်ဘက်တွင် ထုံးဖွေးဖွေး သုတ်ထားသည့် နံရံတစ်ခုမှတစ်ပါး အခြားဘာမှ မရှိ။ သူမ အနီးသို့

ဂျေကော့ တိုးကပ်သွားသည့်အခါတွင်လည်း သူမသည် မြင်ဟန် သိဟန် မပြ။ လူနာစောင့်သည် အခန်းတံခါးကို အသံမထွက်အောင် ပိတ်ထားခဲ့ပြီး အပြင်သို့ ထွက်သွားသည်။ ဂျေကော့ နားထဲတွင် အစောင့်ခြေသံသည် ဝေး ဝေးသွားသည်။

သူတစ်ဦးတည်း ကျန်ရစ်ခဲ့သည့် အခါကျမှပင် အခန်းတွင်းရှိ တိတ်ဆိတ်မှုပမာဏ ကြီးမားခြင်းကို ဂျေကော့ သတိထားနေမိသည်။ မေ-လင်းကား စောစောကအတိုင်းပင် အပြောင်းအလဲ အလှုပ်အရှား မရှိ။ ထိုင်လျက်ပင်ရှိသည်။ သူမသည် နာကျင်မှုနှင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ်များ၏ ပြင်ပသို့ ရောက်နေသည့်နှယ် တည်ငြိမ် အေးဆေးစွာပင် ထိုင်လျက်ရှိ၏။

"မေ-လင်း... ဂျေကော့ လာတယ်...လေ" ဟု သူက တရုတ် ဘာသာဖြင့် နှုတ်ဆက်စကား လှမ်းပြောသည်။ "မင်းနဲ့ ပြန်တွေ့ရတာ ကိုယ် သိပ်ဝမ်းသာတယ်"

မေ-လင်းကတော့ သူ့စကားကို ကြားဟန် မပြ။ ဂျေကော့သည် အခန်းပတ်ဝန်းကျင်အား လှည့်ကြည့်သည်။ နံရံများမှာ အစိမ်းပုပ်ရောင် ဆေးများ သုတ်ထားသည်။ နံရံတစ်ဖက်၌ ကပ်၍ချထားသော ခုတင်ပေါ်တွင် အိပ်ရာတစ်ခု သန့်ရှင်း သပ်ရပ်စွာ ခင်းထားသည်။ အနီးတွင် အရောင် ခပ်ဖျော့ဖျော့ အဝတ်တစ်ထည် ခင်းထားသည့် စားပွဲငယ် တစ်လုံး ချထားသည်။ အံဆွဲတစ်လုံးမှာ သော့ခတ်၍ ပိတ်ထားပြီး စားပွဲ၏ တစ်ဖက်တွင် ကုလားထိုင် အပိုတစ်လုံး ချပေးထား၍ စားပွဲပေါ်တွင် ဓာတ်ဘူးကြီး တစ်လုံး တင်ပေးထားသည်။ ထိုအရာများမှတစ်ပါး အခြား ဘာပစ္စည်းမှရှိပုံမရ။

ဂျေကော့သည် အပို ချထားသည့် ကုလားထိုင်အား ဆွဲယူကာ အခန်းအလယ်၌ ချ၍ ထိုင်သည်။ သို့သော်လည်း မေ-လင်းက လှည့်၍ပင် မကြည့်။ သူမ၏ အကြည့်သည် ပြတင်းပေါက်ဆီ၌သာရှိ၍ သူမ၏ မျက်လုံးများသည် အခြား လူတွေ မမြင်နိုင်သည့် အရာတစ်ခုအား မြင်နေသည့်နှယ်ရှိ၏။ အခန်းထဲတွင် မိမိမှတစ်ပါး အခြားဘယ်သူမှ မရှိဟု ထင်နေပုံလည်း ရလေသည်။

အနီးကပ်၍ ကြည့်လိုက်သည့်အခါ မေ-လင်းသည် ရောက်နေသည့် အသက်ထက် များစွာ နုပျိုနေသည်ကို တွေ့ရသဖြင့် ဂျေကော့သည် များစွာ အံ့ဩလျက်ရှိသည်။ သူမ၏ အသားအရည်မှာ ဖြူစင် သန့်ရှင်းကာ အပြစ်ကင်းစင်စွာ နုပျိုလှပလျက်ပင်ရှိ၏။ သူတို့သည် အတူတူ ထိုင်နေကြသော်လည်း တစ်ဦးနှင့် တစ်ဦး စကားမပြော။ အချိန် အတော်ကြာသွားသည့် အခါတွင်မှကား ဂျေကော့သည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသည်။

"ဒီနေ့ဟာ ဘာနေ့လဲဆိုတာ မေ-လင်း သိလိမ့်မယ် ထင်ပါရဲ့။ ဒီနေ့ဟာ ချင်မင်းပွဲတော်နေ့ပေါ့" ဟု ဂျေကော့က သာသာယာယာနှင့် အေးအေးဆေးဆေး

လေး ပြောသည်။ "လူတွေ အများကြီး လာကြတယ်။ ရာနဲ့ ထောင်နဲ့ ချီပြီးရှိနေတဲ့ လူတွေဟာ တီအင်အန်မင်း ရင်ပြင်မှာ ဝန်ကြီးချုပ် ချူအတွက် လွမ်းသူ့ ပန်းခွေတွေ လာချ နေကြတယ်။ သိပ်ကို အေးချမ်းသာယာပြီး စိတ်လှုပ်ရှားရတဲ့ နေ့ တစ်နေ့ပဲ မေ-လင်း"

သူသည် စကားပြောရင်း မေ-လင်း မျက်နှာအား ကြည့်၍ အကဲခတ်သည်။ သို့သော်လည်း မေ-လင်းသည် သူ ပြောသမျှ စကားများကို ကြားပုံမရ။ "လူတွေက ကျေးဇူးတရားသိပြီး ပန်းခွေတွေ ချနေကြတယ်။ ဘာပြုလို့လဲဆိုတော့ အနာဂတ် ကောင်းတဲ့ နိုင်ငံ ဖြစ်စေချင်လို့။ နိုင်ငံရေး လှုပ်ရှားမှုတွေနဲ့ ထကြွမှုတွေကို သူတို့စိတ် ကုန်နေကြပြီ မေ-လင်း။ ဥက္ကဋ္ဌမော်ကလည်း နေမကောင်းတော့ဘူး။ ပြောင်းလဲမှုတွေကလည်း လာနေပြီ။ အကောင်းဘက်ကို ဦးတည်နေတဲ့ အပြောင်းအလဲတွေပေါ့"

အချိန်အကြာကြီး တိတ်ဆိတ် နေပြန်သည်။ ထို့နောက် မေ-လင်းထံမှ အသံ တိုးတိုးလေး ထွက်လာသည်။ သူမ၏ နှုတ်ခမ်းများသည် လှုပ်ရုံမျှသာ လှုပ်ခြင်းဖြစ်၍ နားလည်ဖို့ မလွယ်။ သူ ဘာပြောနေတာပါလိမ့်။ ခွဲခြားပြီး မသိ။ ထို့နောက် အတန် ကြာခါမှ မေလင်းသည် စကားတစ်ခွန်းကို ထပ်တလဲလဲ ရေရွတ်နေခြင်းဖြစ်မှန်း သိလာသည်။

"တီဆာအို ဖန်ယုလီ၊ တီဆာအို ဖန်ယုလီ၊
တီဆာအို ဖန်ယုလီ"

မေလင်းသည် ရှေ့တည့်တည့်ကို ကြည့်၍ စောစောက စကားလုံးများကိုသာ အဆက်မပြတ် ရေရွတ်နေမိသည်။ "ပုန်ကန်တာ တရားတယ်" ဟူသော စကားဖြစ်သည်။ သူမသည် ထိုစကားကိုသာ အဆက်မပြတ် ရေရွတ်လျက်ရှိသည်။ ထိုစကားမှာ ယဉ်ကျေးမှု တော်လှန်ရေးမှ စီတန်း လမ်းလျှောက်သူများ အော်ဟစ်ခဲ့သည့် ကြွေးကြော်သံတစ်ခု ဖြစ်သည်။ ထို့နောက် ရုတ်တရက် ရပ်သွားသည်။ ဂျေကော့ ဘက်သို့ လှည့်၍ မကြည့်ဘဲ ပြန်၍ငြိမ်နေသည်။

ဂျေကော့သည် မေ-လင်းအား ကြည့်၍ ဝမ်းနည်းကြေကွဲလျက်ရှိသည်။ မေ-လင်းသည် သူ အသက်ပေး၍ လုပ်ခဲ့ကိုင်ခဲ့ရသမျှအတွက် နောက်ဆုံးတွင် အခုလို အဖြစ်ဆိုးနှင့် ရင်ဆိုင်ရခြင်းဖြစ်၏။ ဂျေကော့သည် ထိုအဖြစ်ကို တွေးမိသည့်အခါ သူ့မျက်လုံး အစုံ၌ မျက်ရည်များ စို့လာသည်။

"မနေ့က ကိုယ် ကာဒိုနဲ့ တွေ့ခဲ့တယ်ဟု ဂျေကော့က လှမ်းပြောသည်" ရှန်ဟိုင်းမှာ ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ကိုယ်သိပ်ပြီး စိတ်မကောင်း ဖြစ်ရပါတယ်လို့ ကိုယ် သူ့ကို နားလည်အောင် ပြောပြခဲ့တယ်။ ကိုယ့်အနေနဲ့ သူ့ ဂုဏ်သိက္ခာ

ကင်းမဲ့အောင် လုပ်ချင်တဲ့ ဆန္ဒလည်း မရှိပါဘူးလို့ အသိပေးခဲ့တယ်။ ပြီးတော့ မင်းနဲ့ ကိုယ်နဲ့ ကြားမှာ ရှိနေတဲ့ ခံစားမှုတွေဟာ အင်မတန် နက်ရှိုင်းပါတယ်လို့လည်း အသိပေးခဲ့တယ်။ မင်းရဲ့မြေး "မင်း"ဆိုတဲ့ ကလေးကိုလည်း တွေ့ခဲ့တယ်။ ကလေးက ချစ်စရာကလေးပါ"

"ဝိယာအို တာစီလင်းဗု"ဟု မေ-လင်းက ရေရွတ်သည်။ **"ဝိယာအို တာစီလင်းဗု၊ ဝိယာအို တာစီလင်းဗု"**

ဤတစ်ကြိမ်တွင် မေ-လင်း၏ စကားသည် ပီပြင်လာသည်။ "ဒွာနချုပ်တွေကို အမြောက်နဲ့ပစ်၊ ဗုန်းတွေနဲ့ကြဲပြီး ဖျက်ဆီးပစ်ကြ" ဟူသော စကားဖြစ်သည်။ တစ်ချိန်က ကွန်မြူနစ်ပါတီကြား၌ အလွန် တွင်ကျယ်ခဲ့သော ကြွေးကြော်သံ ဖြစ်၏။ ခဏမျှ အကြာတွင် မေ-လင်းသည် ပြန်၍ ငြိမ်ကျသွားသည်။ လက်နှစ်ဖက်ကို ယှက်၍ သူ့ရင်ခွင်၌ တင်ထားသည်။ ဂျေကော့က မေ-လင်း၏ လက်တစ်ဖက်ကို အသာအယာ ဆွဲယူသည်။

"မေ-လင်းရယ် ကိုယ်ပြောတာတွေ အားလုံးကို နားလည်ရဲ့လား၊ မင်းနားလည်လိမ့်မယ်လို့တော့ မျှော်လင့်ရမှာပဲ" ဟု ဂျေကော့က တိုးတိုးသာသာ ပြောသည်။ "ကိုယ် မင်းကို မေ့မသွားဘူးဆိုတာ သိစေချင်တယ်။ ခရီးရှည် ချီတက်ပွဲကြီး အတွင်းမှာ ပေါ်လာခဲ့တဲ့ ကိုယ့်အချစ်ဟာ ဘယ်တော့မှ ပျောက်သွားမယ့် အချစ်မျိုး မဟုတ်ပါဘူး။ မနေ့က ကာဒိုနဲ့ တွေ့တော့လည်း ကိုယ် မင်းကို ချစ်နေတုန်းပဲဆိုတာ အသိပေးခဲ့တယ်။ သူကတော့ ကိုယ် ပြောတာတွေကို နားမလည်ဘူး။ နားလည်ဖို့ ဆိုတာကလည်း မလွယ်ဘူးပေါ့။ ကိုယ် သူ့ကို အပြစ်မတင်လိုပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်လည်းပဲ မင်း ခံစားနေရသလိုပဲ ခံစားနေရတာပါပဲ။ မင်း ကိုယ့်ကို ဘာကြောင့် ကျောခိုင်းခဲ့တယ် ဆိုတာလည်း ကိုယ် နားလည်နေပါတယ်။ တကယ်တော့ မင်းဟာ ရဲရင့်ပြတ်သားတဲ့ မိန်းမတစ်ယောက်ပါ။ သူတို့အနေနဲ့ မင်းအပေါ်မှာ ဒီလောက်အထိ ရက်ရက်စက်စက် မပြုသင့်ဘူးလို့ ကိုယ် ထင်တယ်"

ပြောရင်းနှင့်ပင် ဂျေကော့၏ ပါးနှစ်ဖက်တွင် မျက်ရည်များ စီးကျလာသည်။ ထိုအချိန်အထိ မေ-လင်းထံမှ တုံ့ပြန်မှုကို မမြင်ရ။ သူမ၏ နှုတ်ခမ်းများသည် တလှုပ်လှုပ် ဖြစ်လျက်ပင် ရှိသည်။ အသံ ထွက်မလာသဖြင့် ဘာပြောနေမှန်းတော့မသိ။ အဓိပ္ပာယ် မရှိသော အတိတ်ကာလက ကြွေးကြော်သံများ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ ဂျေကော့သည် သူမ၏ လက်အား သူ့ နှုတ်ခမ်းများနှင့် ထိထားသည်။

"မေ-လင်းရယ် မင်းကတော့ သိမှာ မဟုတ်ဘူး။ အခု မင်းရောက်နေတဲ့ အဆောက်အအုံဟာ ဟိုး တစ်ချိန်က ကျောင်းတစ်ကျောင်းပေါ့။ ကိုယ့်အသက်

နှစ်ဆယ်တုန်းက ဒီကျောင်းမှာ တရုတ်စကား သင်ခဲ့ရတယ်။ အခု တစ်ခေါက် မင်းနဲ့ တွေ့ဖို့ ဒီနေရာကို ပြန်လာခဲ့ရတယ်" ဟု ဂျေကော့က ဝမ်းနည်းပက်လက် ပြောသည်။

သူသည် မေ-လင်း၏ လက်အား မေ-လင်း၏ ရင်ခွင်ထက်သို့ အသာ အယာ ပြန်ချထားလိုက်သည်။ သူသည် ထိုင်ရာမှ ထရပ်ကာ မေ-လင်းအား ငုံ့ကြည့်နေသည်။ ရုတ်တရက်သော် သူသည် များစွာ အံ့အားသင့်သွားသည်။ တခြားကြောင့် မဟုတ်၊ မေ-လင်း၏ မျက်နှာတွင် အပြုံးရိပ် ထင်ဟပ်လာ၍ ဖြစ်သည်။ သို့သော်လည်း မေ-လင်း ကြည့်နေသည်မှာ သူ အခန်းထဲ ဝင်လာစ က ကြည့်နေသည့် ပြတင်းပေါက် ဖြစ်လေသည်။

ထို့နောက် မေ-လင်း၏ မျက်နှာသည် ပထမဆုံးအကြိမ် သူ့ဘက်သို့ လှည့်လာသည်။ ဂျေကော့က မေ-လင်း၏ လက်ကိုဆွဲ၍ နှုတ်ခမ်းနှင့် အတန် ကြာမျှ ထိထားပြီးသော် အသာအယာ ပြန်ချထားလိုက်ပြန်သည်။ ဘာကြောင့် ရယ်မသိ မေ-လင်းသည် သူမ၏ လက်ကို မ၍ လက်ဖဝါးနှင့် ပါးတစ်ဖက်ကို ထိထားသည်။ ဤတစ်ကြိမ်တွင် သူမသည် ဂျေကော့အား စူးစူးစိုက်စိုက် ကြည့် နေသည်။ သူမ၏ မျက်နှာသည် လှလည်းလှပါ၏။ စိတ်ထိခိုက် ကြေကွဲခြင်းကို လည်း မြင်ရပါ၏။ သို့သော်လည်း မိမိအား မှတ်မိသလား၊ မမှတ်မိဘူးလား သူ ခွဲခြား၍ မသိ။

"မင်းကို ဘုရားသခင်က စောင့်ရှောက်ပါစေ" ဟု ဂျေကော့က တိုးတိုး လေး ရေရွတ်သည်။

ထိုစကားလုံးများသည် သူ့နားများတွင် အလွန် ထူးဆန်းလျက် ရှိသည်။ တခြားကြောင့်တော့ မဟုတ်။ ဤစကားလုံးများကို မရေရွတ်ခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာခဲ့ပြီ မဟုတ်ပါလား။ သူသည် နောက်သို့ ပြန်လှည့်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အခန်းတံခါးကို ပိတ်ခဲ့ပြီးသည့်နောက် အပြင် ရောက်ချိန် အထိ သူ့စိတ်၊ မျက်စိ၊ အာရုံတွင် မေ-လင်း၏ မျက်နှာသည် ပျောက်ကွယ်၍ မသွား။ တကယ်တော့ မေ-လင်းသည် သူ အသက်ရှင်နေသမျှ ကာလပတ်လုံး သူ၏ နှလုံးသားထဲမှ ပျောက်ကွယ် သွားလိမ့်မည် မဟုတ်။

***

၅

ဂျေကော့သည် ပြည်သူ့ အာဇာနည်များ ဗိမာန်ဆီသို့ ရှေ့ရှုကာ ပြေးသွားလျက်ရှိ၏။ ပြေလ နေရောင် အောက်တွင် ပန်းခြံတွင်းမှ မီးခိုးလုံးကြီးများသည် အပေါ်ဘက်သို့ တိုးတက်လျက်ရှိသည်။ ပန်းခြံ အနီးရှိ လမ်းမပေါ်၌ လူအများက ဆွဲမှောက်ထားသော ဘတ်စ်ကားကြီး တစ်စီးသည် မီးလောင်လျက်ရှိသည်။ လိမ္မော်ရောင် မီးတောက်များသည် တဟုန်းဟုန်း တောက်လောင်လျက်ရှိ၏။ ပတ်ဝန်းကျင်မှ လူအများ၏ အော်ဟစ်သံများသည် သောသောညံလျက် ရှိ၏။ ကားဆီမှ ပေါက်ကွဲသံများ တစ်ချက် တစ်ချက် ကြားနေရသည်။ အဝေးမှ လာနေသော မီးသတ်ကားများ၏ အသံသည် ဂျေကော့၏ နားထဲ၌ ဆူညံလျက်ရှိသည်။

လက်ပတ်အနီများ ပတ်ထားသည့် ပြည်သူ့စစ် အဖွဲ့ဝင်များသည် သစ်သား တုတ်ရှည်ကြီးများ ကိုင်ဆောင်ကာ ပန်းခြံ၏ တောင်ဘက်ပိုင်း၌ ဆန္ဒပြနေသူများအား အတင်းဝင်၍ လူစုခွဲရန် အားထုတ်လျက်ရှိသည်။ သို့သော်လည်း ဆူပူလှုပ်ရှား နေကြသည့် လူအုပ်ကြီးမှာ အဆမတန် များပြားလျက်ရှိရာ သူတို့အနေဖြင့် ဆန္ဒပြနေသူများ၏ အနီးသို့ပင် မကပ်နိုင်ကြပေ။ လူအုပ်မှာ စည်းလွတ် ဝါးလွတ် လှုပ်ရှားနေကြခြင်း ဖြစ်၍ လွယ်လွယ်နှင့် ထိန်း၍ ရနိုင်မည့် လက္ခဏာ မရှိပေ။

ဂျေကော့သည် ရှေ့ကိုသာ ဦးတည်ပြီး ပြေးလျက်ရှိသည်။ ပြေးနေသည့်ကြားမှပင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ စစ်သားများ တရုတ် သမိုင်းပြတိုက်ရှေ့မှ ဖြတ်လာနေသည်ကို မြင်ရသည်။ သူတို့ လက်ထဲကွင် သေနတ်များ မပါသဖြင့် ဂျေကော့သည် စဉ်းစားရခက်လျက်ရှိသည်။ ကြိုတင် ပြင်ဆင်မှုအနေဖြင့် အနီးအနားရှိ အဆောက်အအုံများ၌ ဝင်ရောက် နေရာယူရန် လျာထားလေသလား။ မြို့တော်၏ စစ်တပ်များမှာ မဒမ်မော်၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်၌ ရှိနေသည်ဟု အများက သိထားကြသည်။

အရပ်လေးမျက်နှာမှ ကျောင်းသူကျောင်းသားများနှင့် အလုပ်သမားများသည် ထောင်နှင့် သောင်းနှင့် ချီ၍ ပန်းခြံဆီသို့ ရောက်လာနေကြ၏။ ဆန္ဒပြသူများ ကြားတွင် ခိုက်ရန် ဖြစ်ပွားမှုများသည် မကြာခဏ ပေါ်လာနေ၏။ အထူးသဖြင့် ဆန္ဒပြသူများနှင့် ပြည်သူ့စစ် အဖွဲ့ဝင်များကြား၌ ထွေးလုံး ရစ်ပတ်သတ်ဖြတ်မှုများနှင့် ရိုက်နှက်နေကြသည်။ တိုး၍သာ လာလျက်ရှိသည်။ ကျောင်းသား အများအပြားသည် ပြည်သူ့စစ် အဖွဲ့ဝင်များအား ခုခံ တိုက်ခိုက်လျက်ရှိရုံမျှမက သူတို့ လက်မှ လက်မောင်းအပတ်များအား အတင်းအဓမ္မ ဆွဲဖြုတ်နေကြသည်။

ဆန္ဒပြသူ အချို့သည် "ချူအင်-လိုင်း အသက်ရာကျော် ရှည်ပါစေ" ဟူသော ကြွေးကြော်သံကို အဆက်မပြတ် အော်လျက်ရှိ၏။ အချို့က "ဟန်ကေဟွာ သက်တော်ရာကျော် ရှည်ပါစေ။ ဘုရင်ကတော် မုဆိုးမကြီး ကျဆုံးပါစေ" ဟု အော်ဟစ်နေကြသည်။ လမ်းဘေး ဓာတ်တိုင်များ၏ မီးရောင်ဖြင့် ပန်းခြံတွင်း၌ ဖြစ်ပွားနေသမျှကို မြင်တွေ့နေရသည်။ "ငါတို့ ပြည်သူတွေက ချူအင်-လိုင်းနဲ့ သူ့ရဲ့ ဆက်ဆံသူတွေအားလုံးကို ကာကွယ်ကြရမယ်၊ ဒီစစ်ပွဲကို ပြီးဆုံးသည်အထိ သွေးမြေကျ တိုက်ပွဲဝင်ကြရမယ်" စသည်ဖြင့်လည်း အော်ဟစ်လျက် ရှိကြ၏။

ချူအင်-လိုင်း၏ ဓာတ်ပုံ၊ ပိုစတာကြီးများမှာလည်း ပန်းခြံ၏ နံရံများ၌ ကပ်ထားသည်။ ပုံများ၏ အောက်မှ "ငါတို့ ပြည်သူတွေ ချစ်တဲ့ ဖခင်ကြီး" ဟူသော စာတန်းများ ရေးထားသည်။ ဂျေကော့သည် လူ အများအပြားကို ကျော်ဖြတ်ကာ အထိမ်းအမှတ် ကျောက်တိုင် အနီးသို့ ရောက်သွားသည်။ ပြည်သူ့ လုံခြုံရေး ဗျူရိုမှ ကာကီ ယူနီဖောင်းဝတ် ရဲများသည် လက်ချင်းချိတ်ကာ လူအုပ်ဘက်သို့ မျက်နှာချင်း ဆိုင်၍ ရပ်နေကြသည်။ ကျောက်တိုင် ဆီသို့ တက်မလာနိုင်အောင် ပိတ်ပင်တားမြစ်ရန် စောင့်နေကြခြင်းဖြစ်၏။ စောစောက သူ မြင်တွေ့ခဲ့ရသော ပန်းခွေပုံကြီးမှာ မရှိတော့ပေ။ တစ်စုံတစ်ယောက်သော သူ၏ အမိန့်အရ ထိုပန်းခွေပုံကြီးအား ဖယ်ရှားရာမှ လူထုက ဒေါပွကာ ဤအဓိကရုဏ်းကြီး ပေါ်ပေါက်လာသည်ဟု ယူဆကြရလေသည်။

ထိုစဉ်က ဂျေကော့သည် သူ တည်းခိုရာ ပီကင်းဟိုတယ်၌ နံနက်စာကို နောက်ကျပြီး စားနေခိုက်ဖြစ်၏။ ထိုအခိုက်မှာပင် နိုင်ငံခြားသား ဧည့်သည်တချို့သည် ပန်းခွေပုံကြီးအား လုံခြုံရေး ရဲများက ဖယ်ရှားပစ်သဖြင့် ပန်းခွေချနေသူများက မကျေမနပ် ဖြစ်လာရာမှစ၍ အဓိကရုဏ်း ဖြစ်ပွားလာခြင်း ဖြစ်သည်ဟု ပြောဆိုနေကြသည်။

သူသည် နံနက်စာကို ပြီးအောင် မစားတော့ဘဲ သူ့အခန်း ဆီသို့ သွား၍ ကင်မရာ ယူသည်။ ချန်အန် ဘူလိုဗတ်လမ်း ကျယ်ကြီးဆီသို့ အလျင်အမြန် လျှောက်လာခဲ့သည်။ တားမြစ်မြို့တော်ဘက်ဆီမှ တလိပ်လိပ် တက်လာနေသော မီးခိုးလုံးကြီးများအား မြင်လိုက်သည့်အခါ သူသည် ဆန္ဒပြနေသူများနှင့် ရော၍ လိုက်ပါသွားခဲ့သည်။

ဤပန်းခြံထဲတွင် စစ်ရေးပြ အခမ်းအနားများနှင့် လူထုဆန္ဒပြပွဲများကို ၁၉၄၉ ခုနှစ်မှစ၍ မကြာခဏ မြင်တွေ့ခဲ့ရသော်လည်း နိုင်ငံရေး အုံကြွမှုနှင့် အဓိကရုဏ်းများကိုမူကား မမြင်ရခဲ့ ဖူးရုံမျှမက ကြားပင် မကြားဘူးခဲ့ချေ။ လူအုပ်ကြားမှ အပြေးအလွှား လိုက်လာနေသော ဂျေကော့သည် လူအများ ကြားတွင် ကင်မရာ ကိုယ်စီနှင့် လိုက်ပါလာနေသော နိုင်ငံခြား သံတမန်များနှင့် သတင်းစာဆရာများအား သတိပြုမိနေသည်။

ကင်မရာကိုင် နိုင်ငံခြားသားများအား တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်များက အတင်းလိုက်၍ ဖမ်းဆီးကြသည်ကို ယဉ်ကျေးမှု တော်လှန်ရေးကာလအတွင်းက ဂျေကော့ မြင်ခဲ့ဖူး၏။ ထို့ကြောင့်လည်း သူသည် ယခုတစ်ကြိမ်တွင် ကင်မရာအား လွယ်ထားသော်လည်း အပေါ်ဝတ် ကုတ်အင်္ကျီကြီးနှင့် ဖုံးထားသည်။ သူ့လိုပင် အခြားသော သံတမန်များနှင့် နိုင်ငံခြား သတင်းထောက် များသည်လည်း ကြိုတင် ကာကွယ်သည့် အနေဖြင့် သူတို့၏ ကင်မရာများအား အများ မမြင်အောင် ဖုံးကွယ် ထားကြလေသည်။

အော်ဟစ်သံများနှင့် ကြွေးကြော်သံများ ကြားမှ ကျောင်းသား ခေါင်းဆောင် တစ်ဦး၏ အသံကို ကြားနေရ၏။ ကျောင်းသား ခေါင်းဆောင်သည် အထိမ်းအမှတ် ကျောက်တိုင် အောက်ဘက်၌ အသံချဲ့စက်ဖြင့် တရားဟောလျက်ရှိ၏။ သူ ဟောပြောနေသမျှကို လူအများက ဩဘာပေးလျက် ရှိကြသည်။ ထိုကျောင်းသား ပြောနေသမျှ အားလုံးကို အပီအပြင် ကြားနိုင်ရန်အတွက် ဂျေကော့သည် ကြိုးပမ်း အားထုတ်လျက် ရှိလေသည်။

"ဖာ့စ်ဝါဒီ အတုအယောင်သမား တချို့ဟာ ဘုရင်ကတော် မုဆိုးမကြီးရဲ့ နောက်လိုက်တွေ လုပ်ပြီး ကျွန်တော်တို့ကို အတင်းအဓမ္မ ပိတ်ပင် တားဆီးဖို့ ကြိုးစားနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ သိပ် ကြောက်နေကြလို့ပဲ ရဲဘော်တို့" ဟု ကျောင်းသား ခေါင်းဆောင်က အော်ပြောသည်။ "သူတို့ သိထားတာက ကျွန်တော်တို့ ပြည်သူတွေဟာ ဝန်ကြီးချုပ် ချူရဲ့ အမွေအနှစ်တွေကို ကာကွယ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတဲ့ အချက်ကို သိထားကြတယ်"

"သူတို့အနေနဲ့ ဝန်ကြီးချုပ် ချူရဲ့ နေရာကို ဆက်ခံဖို့ ရွေးထားတဲ့လူတွေကို ဖယ်ရှားပစ်ဖို့လည်း အားထုတ် နေကြတယ်။ တိန်ရှောင့်-ပိန်ရဲ့ စီမံကိန်း

ဟူသမျှကို မီးရှို့ ဖျက်ဆီးပစ်ဖို့လည်း ကြံစည် ကြိုးစားနေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေက ဒီလူစုတွေ ဒီပြစ်မှုတွေကို မကျူးလွန်အောင် အချိန်မီ တားမြစ်ကြရမယ်"

ပရိသတ်က "ဟုတ်တယ်...ဟုတ်တယ်" ဟု အော်ဟစ်ပြီး ထောက်ခံကြသည်။ လုံခြုံရေး ရဲများ တားထားသည့် ကြိုးတန်းများအား ဖောက်ထွက်ရန် ရှေ့သို့ တိုးလာကြသည်။ ချက်ချင်းပင် ရှုန်းရင်းဆန်ခတ်မှုသည် ဖြစ်ပွားလာသည်။ လုံခြုံရေး ရဲများက ကျောင်းသား၏ လက်ထဲမှ မိုက်ကရိုဖုန်းအား ဆွဲလုသွားကြသည်။ ပြည်သူ့စစ် အဖွဲ့ဝင်များက လှေကားမှနေ၍ အပေါ်သို့ တက်လာကြသည်။

ဆန္ဒပြနေသူများသည် အချင်းချင်း ထိုးလား၊ ကြိတ်လား၊ ရိုက်လား၊ ပုတ်လား ဖြစ်လာကြ၏။ ဂျေကော့သည် ထိုလူများကြား၌ လဲကျ မသွားအောင် သူ့ကိုယ်သူ ထိန်းနေရသည်။ ဆန္ဒပြနေသူများသည် ပြည်သူ့စစ်များ ထံမှ တုတ်များအား လုယူကာ သူတို့ချင်းရော ပြည်သူ့စစ်များနှင့်ပါ ရိုက်နှက်နေကြလေပြီ။ ဆန္ဒပြအုပ်စု တစ်စုသည် ရောက်လာသည့် မီးသတ်ကားအား ဆီး၍တားကာ ရပ်နိုင်းထားသည်။ ဘတ်စ်ကားဆီမှ မီးတောက်မီးလျှံများကား အခုချိန်အထိ ငြိမ်းမသွားသေး။

ဥရောပတိုက်သား သတင်းစာဆရာ အုပ်စု တစ်စုသည် မီးလောင်နေသော ဘတ်စ်ကားအား အနီးကပ်ပုံ ရရန် ကြိုးစားနေကြသည်။ နောက်တစ်ခဏ အတွင်းမှာပင် သူတို့၏ ကင်မရာများနှင့် တိတ်ရက်ကော်ဒါများသည် သူတို့ လက်များ အတွင်းမှ လုယူသွားခြင်းကို ခံနေကြရ၏။ ပန်းခြံ၏ အနောက်ဘက် ပိုင်းတွင် ထောင်နှင့်ချီ ၍ ရှိနေကြသော ဆန္ဒပြသူများသည် ပြည်သူ့ခန်းမကြီး၏ တံခါးများဆီသို့ လာနေကြသည်။

လုံစွပ်တပ် သေနတ်များ ကိုင်ဆောင်ထားသည့် စစ်သားများသည် ထုထည် အလွန် ကြီးမားသော ကျောက်တိုင်ကြီး ဆယ့်နှစ်တိုင် အောက်မှနေ၍ ဆန္ဒပြသူများအား တားနေကြသည်။ သို့သော်လည်း လူအုပ်သည် စစ်သားများအား အတင်းတွန်း ထိုးဖယ်ရှားကာ တံခါးများ ဆီသို့ ပြေးလာနေကြသည်။ အချို့ လူများသည် အရောင် တဖိတ်ဖိတ် တောက်နေသော လှေကားထစ်များ ခြေရင်းမှ ဘတ်စ်ကားများ ဆီသို့ သွားကာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင် တွန်းလှဲ ပစ်နေကြသည်။

"ချူအင်-လိုင်းဟာ ဥက္ကဋ္ဌကြီး မော်ကို သူ့ တစ်သက်တာ ကာလပတ်လုံး ဆန့်ကျင်လာတာ" ဟူသော အော်ဟစ်သံတစ်သံ ကြားရပြန်သည်။ ဂျေကော့က ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျောက်တိုင် ရှေ့တွင် နောက်ထပ် ကျောင်းသား

ခေါင်းဆောင် တစ်ဦး ရောက်နေပြန်ပြီး သူ့လက်ထဲတွင် အသံချဲ့စက် တစ်ခု ကိုင်ထားသည်။ ပြည်သူ့စစ်များ လုယူသွားသော အသံချဲ့စက်ဖြစ်၍ ဆန္ဒပြသူ တချို့သည် ထိုကျောင်းသား ခေါင်းဆောင်အား ဆွဲချရန် အားထုတ် နေကြ လေသည်။

"ချူအင်-လိုင်းရဲ့ နေရာကို ဆက်ခံမယ့် လူဟာလည်း ဒီပုပ်ထဲက ဒီပဲပဲ" ဟု ကျောင်းသား ခေါင်းဆောင်က ပြောသည်။ "သူလည်းပဲ အရင်းရှင် လမ်း ကြောင်းပေါ် လျှောက်ချင်တဲ့ လူပဲ။ သူလည်းပဲ တို့အားလုံးကို နိုင်ငံခြား ကုန် ပစ္စည်းတွေနဲ့ နိုင်ငံခြား နည်းပညာတွေအပေါ် အမှီပြုနေအောင် လုပ်မှာပဲ။ တရုတ် နိုင်ငံအနေနဲ့ နိုင်ငံခြား နယ်ချဲ့ဝါဒပေါ် အားကိုးသမှု ပြုနေခဲ့ရတဲ့ အချိန် ကာလကို ပြန်ရောက်သွားအောင် နာရီလက်တံကို နောက်ပြန် လှည့်ချင် နေတဲ့ လူဆိုတာ သိထားရမယ်။ သူက ဗဟိုကော်မတီကို ဖြိုခွဲပစ်ချင်နေတာ။ မဟုတ်မမှန်တဲ့ ကောလာဟလ သတင်းတွေနဲ့ အလိမ်အညာ ဝါဒဖြန့်မှုတွေကို အမှီပြုပြီး ပြည်သူတွေကို ဆူအောင် လုပ်ချင်နေတဲ့ လူ"

ပရိတ်သတ်ဆီမှ ဒေါသတကြီး အော်ဟစ်သံများ နောက် တစ်ကျော့ ထွက်လာပြန်သည်။ တန်းစီ၍ တားမြစ် ပိတ်ပင်နေသော လုံခြုံရေး ရဲများသည် လူစုလူဝေး၏ အတွန်းအထိုး ဒဏ်ကို မခံနိုင်ဖြစ်ကာ နေရာ တစ်ဒါဇင်ခန့်မှ ပေါက်ထွက်သွားသည်။ အသံချဲ့စက် ကိုင်၍ တရားဟောနေသော ကျောင်းသား မှာ လူစုလူဝေး၏ အဖမ်းအဆီးကို ခံရပြီး ဒရွတ်သီထိုး ဆွဲခေါ်သွားခြင်းကို ခံနေရ၏။

သူ့အား ဆွဲခေါ်သွားနေသူများမှာ ချူအင်-လိုင်း၏ ဘက်တော်သားများ ဖြစ်သည့်အားလျော်စွာ သူတို့သည် ပြည်သူ့စစ်များ ထံမှ လုယူထားသော သစ်သားတုတ်များဖြင့် ထိုကျောင်းသားအား မညှာမတာ ဝိုင်း၍ ရိုက်နှက်နေကြ လေပြီ။ ထိုကျောင်းသား၏ မျက်နှာနှင့် ဦးခေါင်းမှ သွေးများသည် ယိုစီးလျက် ရှိ၏။

ပြည်သူ့လုံခြုံရေးဗျူရိုမှ ရဲများသည် လူအုပ်၏ တိုက်ခိုက်မှု ဒဏ်ကို မခံနိုင်ဖြစ်ကာ လဲကျကုန်သည်။ ရဲအများစုသည် လူအများက ခြေထောက်များ ဖြင့် နင်းသွားခြင်းကို ခံရ၍ ဒဏ်ရာများ ရကာ ပြန်၍ မထနိုင်တော့သည့် အဖြစ်များနှင့် ရင်ဆိုင်နေကြရလေသည်။

လူအုပ်ကြီး ကြား၌ ရောက်နေသော ဂျေကော့သည် အတွန်းအထိုး ဒဏ်များ ကြားမှနေ၍ တစ်နေရာသို့ လွင့်ထွက်သွားသည်။ အော်ဟစ် နေကြ သော ကျောင်းသားများသည် သူ့အပေါ်မှ ကျော်လွှား သွားနေကြသည်။

စောစောက ချုအင်-လိုင်းအား ဝေဖန် တိုက်ခိုက်ခဲ့သော ကျောင်းသားမှာမူ လူအုပ်ကြီး၏ လက်ထဲရောက်နေပြီ။

လူအများသည် ထိုကျောင်းသား၏ ရုပ်အင်္ကျီအား တစ်ပိုင်း တစ်စစီ ဖြစ်သွားသည်အထိ ဆွဲဆုတ် ပစ်နေကြသည်။ ထိုကျောင်းသား၏ လက်များအား ဝိုင်ယာကြိုး တစ်ချောင်းဖြင့် လက်ပြန်ကြိုး တုပ်ထားပြီး အချို့က ကျောင်းသားအား လက်သီးများ တုတ်များဖြင့် ဝိုင်း၍ ထိုးကြိတ် ရိုက်နှက်နေကြသည်။ သွေးများသည် မျက်နှာနှင့် ခန္ဓာကိုယ် ပေါ်သို့ စီးကျနေကြလေသည်။

ကိုယ် အပေါ်ပိုင်း တစ်ပိုင်းလုံး ခါးအထိ ပလာကျင်းနေသော ထိုကျောင်းသားအား လှေကားထစ်များ ပေါ်မှ အောက်သို့ ရောက်သည်အထိ တရွတ်တိုက် ဆွဲခေါ် သွားနေကြသည်။ ဘေးမှ လိုက်လာကြသော လူငယ်များသည် ကျောင်းသား ခေါင်းဆောင်ဆိုသူအား ခြေထောက်များနှင့် ဝိုင်း၍ ကန်သူက ကန်၍ လက်သီးတွေနှင့် ဝိုင်း၍ ထိုးသူက ထိုးလာကြသည်။ ထိုကျောင်းသား၏ နောက်လိုက် တချို့မှာလည်း ဆန္ဒပြနေသူများ၏ လက်ထဲသို့ ရောက်နေကြသည်ဖြစ်ရာ လက်ပြန်ကြိုးတုပ်ပြီး ဝိုင်းရိုက်ခြင်းကို ခံနေကြရလေသည်။

ပန်းခြံ၏ အရှေ့တောင်ဘက် ထောင့်ဆီမှ မီးခိုးလုံး အသစ်များ ထပ်၍ ထလာနေသည်ကို ဂျေကော့မြင်ရသည်။ အဆောက်အအုံ တစ်ခုအား မီးလောင်နေခြင်းဖြစ်၏။ မီးတောက် မီးလျှံများသည် ပြတင်းပေါက်များမှ တစ်ဆင့် အပြင်သို့ ထွက်လာနေကြသည်။ ဆန္ဒပြ နေသူများသည် အဆောက်အအုံ တစ်ခုလုံး၏ ရှေ့မျက်နှာစာ တံခါးများအား ဖျက်ချနေကြသည်။

ထိုအရပ်ဘက်မှ ပြည်သူ့စစ် အဖွဲ့ဝင် တစ်ရာခန့်သည် လူတန်းနှစ်တန်း ခွဲကာ ချီတက်လာနေကြသည်။ သူတို့ နှစ်တန်း၏ အလယ်တွင် အရပ်သား ကေဒါ ဒါဇင်ဝက်ခန့် ပါလာသည်။ ဆူပူ လှုပ်ရှားနေသူများအား လူစု ခွဲ၍ အေးအေးဆေးဆေး ပြန်ကြရန် မေတ္တာရပ်ခံပေးဖို့ တာဝန်ကျ အရာရှိများအား စေလွှတ်ခြင်းဖြစ်ဟန် တူပေသည်။ ထိုလူစု ထဲတွင် ကာအို ပါလာသည်ကို ဂျေကော့ မြင်နေရသည်။ ကာအိုသည် ကေဒါများ၏ ခေါင်းဆောင်အဖြစ် ရှေ့ဆုံးမှ လိုက်ပါလာခြင်း ဖြစ်လေသည်။

အာဇာနည်ဗိမာန်သို့ တက်ရာ လှေကားခြေရင်း ရောက်သည့်အခါ ကာအိုသည် သူ့လက်ထဲမှ အသံချဲ့စက်ဖြင့် လှေကားထိပ် ရင်ပြင်ထက်မှ လူများအား လူစုခွဲကြရန် မေတ္တာရပ်ခံသည်။ ပထမတော့ ထိုလူစုသည် အသံကို သတိပြုမိကြပုံ မရ။ ကာအိုထံမှ နောက်ထပ် အမိန့်ပေးသံ ကြားလာရပြန်သည့် အခါတွင်မူကား. . .။

"အခု ဆူပူ လှုပ်ရှားနေတာကို အမြန် ရပ်လိုက်ကြ" အမိန့်ပေးသံသည် ပထမဆုံး ထွက်လာသည်။ "အရင်းရှင် လမ်းကြောင်းပေါ် ပြန်လျှောက်နေတဲ့ လူတွေ စကား နားယောင်ပြီး သူတို့ ပြောတိုင်း လိုက်မလုပ်ကြနဲ့။ အဲဒီ လူစားတွေက ပြည်သူတွေကို သွေးခွဲပြီး ရန်တိုက် ပေးနေကြတာ၊ ဒီလူတွေဟာ ကုန်ထုတ်လုပ်မှု ကျဆင်းအောင် ယဉ်ကျေးမှု တော်လှန်ရေးကြီး ပျက်ပြားအောင် လုပ်နေကြတာ"

အမိကရုဏ်း ခေါင်းဆောင်များသည် တန့်ခနဲ ဖြစ်ကာ ကာအို ဘက်သို့ ဇဝေဇဝါ မျက်နှာများဖြင့် လှမ်းကြည့်နေကြသည်။ အပေါ်ဘက်ရှိ လူအုပ် ငြိမ်ကျ သွားသည်ကို ကြည့်၍ ကာအို့ မျက်နှာသည် အားရကျေနပ်ခြင်းကို ဖော်ပြနေသည်။ စက္ကန့်ပေါင်း အတော်များများ ကြာသည်အထိ အားလုံးကို တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက် ရှိလေ၏။

ထို့နောက် ဆန္ဒပြ ခေါင်းဆောင် တစ်ဦးသည် သူတို့ ရိုက်နှက်ထား၍ သတိလစ်နေသော အကျဉ်းသား တစ်ဦး၏ လက်မှ ဝိုင်ယာကြိုးကို ဖြုတ်ယူကာ သူ့ခေါင်းပေါ် မြှောက်၍ ကာအိုအား လှမ်းပြသည်။ ထိုပုံစံအတိုင်း တစ်စက္ကန့် နှစ်စက္ကန့်မျှ ကြာသည်အထိ နေပြီးသော် အသံကုန်ဟစ်၍ အမိန့်တစ်ခုပေးကာ လှေကားမှနေ၍ ကာအိုဆီသို့ အပြေးအလွှား ဆင်းသွားသည်။

သူ့ လူများသည် သူ့နောက်မှ တစ်ပါတည်း ပြေးလိုက်လာကြ၏။ တစ်ခဏမျှ အတွင်း ပြည်သူ့စစ် အဖွဲ့ဝင်များအား အတင်း ဝင်ရောက် တိုက်ခိုက်ရာ အားလုံး ထွေးလုံးရစ်ပတ် ဖြစ်နေကြသည်။ ပြည်သူ့စစ်များသည် ကာအိုနှင့် အခြား ကေဒါများအား အနီးသို့ တိုးကပ်သွားပြီး ဝိုင်းရံထားသည်။ သို့သော်လည်း အရှုံးအမူး ဖြစ်နေကြသော ဆန္ဒပြနေသူများသည် ပြည်သူ့စစ်များအား တိုက်ခိုက်ကာ ထိုးဖောက်၍ ထွက်ကြသည်။

သူတို့သည် ကာအိုအား အတင်း ဝင်ဖမ်းကာ ချုပ်ထားကြသည်။ ခေါင်းဆောင်သည် သူ့လက်ထဲမှ ဝိုင်ယာကြိုးဖြင့် ကာအို၏ လည်ပင်းအား ရစ်ပတ်ကာ လက်နှစ်ဖက်ဖြင့် ဆွဲညှစ်ထားသည်။ ကာအို၏ မျက်လုံးများ ပြူးထွက်နေသည်ကို ဂျေကော့ မြင်နေရ၏။

ကာအိုသည် အော်ရန် ကြိုးစားလျက် ရှိသည်။ သို့တစေလည်း အော်၍ မရ။ သူတို့သည် ကာအိုအား လှေကားအတိုင်း တရွတ်သီထိုး ဆွဲတင်သွားသည်။ ကေဒါများသည် သူတို့ခေါင်းဆောင်အား ခေါ်တင်သွားသည်ကို မြင်နေရသော်လည်း တားဆီး၍ မရ။ ကာအိုမှာ ဖမ်းသွားသူများ၏ ထိုးကြိတ် ရိုက်နှက်မှုများကြောင့် ပျော့ခွေလျက် ရှိလေပြီ။ ဆန္ဒပြသူများ လက်ချက်ဖြင့် ကာအို့ လျှာသည် ပါးစပ်မှ အပြင်သို့ ထိုးထွက်လာရုံမျှမက မျက်လုံးများမှာလည်း ပိတ်သွားသည်။

ဂျေကော့သည် အသံကုန် ဟစ်၍ အော်ကာ ကာအို့ ဆီသို့ ပြေးသွားသည်။

သူသည် ကင်မရာကို ထုတ်ယူပြီး ကာအို အဖြစ်ကို ဓာတ်ပုံ ရိုက်ယူသည်။ သူသည် ကင်မရာ ခလုတ်အား မကြာခဏ နှိပ်သည်။ ကာအို၏ ပုံကို တစ်ပုံပြီး တစ်ပုံ ရိုက်နေခြင်းဖြစ်၏။ ဆန္ဒပြ နေသူများသည် သူ့ထံ ပြေးလာပြီး သူ့လက်ထဲမှ ကင်မရာအား ဆွဲလုကြသည်။ အထဲမှ ဖလင်များအား ဆွဲထုတ်ပစ်ကြသည်။

ပြည်သူ့စစ်များသည် လဲကျနေသော ကာအိုထံ ပြေးသွားကြပြီး လည်ပင်းမှ ပိုင်ယာကြိုးအား ဖြုတ်ယူကြသည်။ ကာအိုသည် ချောင်း တဟွတ်ဟွတ်ဆိုးကာ ရုတ်တရက် မထနိုင်။ ပြည်သူ့စစ်များက သူ့အား ဆွဲထူပေးကြပြီး အသာအယာ တွဲကာ လှေကားအတိုင်း ဆွဲခေါ် လာခဲ့ကြသည်။ ထိုအခိုက်တွင် ဆန္ဒပြနေသူများသည် ဂျေကော့အား ဝိုင်းရံထားသည်။ လဲကျသော ဂျေကော့အား ခြေထောက်များဖြင့် ဝိုင်းကန်ကြသည်။ တုတ်များဖြင့် အဆက်မပြတ် ဝိုင်းရိုက်ကြသည်။ ပြည်သူ့စစ်များ သူ့အနီးသို့ ရောက်သွား၍ ဆန္ဒပြသူများအား မောင်းထုတ်လိုက်သည့် အချိန်တွင် ဂျေကော့သည် သတိမေ့လျက် ရှိလေပြီ။

***

၆

ဟိုတယ်အခန်းတွင်းရှိ အိပ်ရာထက်၌ အိပ်ပျော်နေသော ဂျေကော့သည် တံခါး ခေါက်သံကြောင့် နိုးလာသည်။ မွန်းလွဲပိုင်း တစ်ရေးတစ်မော အိပ်ခြင်းဖြစ်၍ နိုးလွယ်ခြင်းဖြစ်၏။ သို့သော်လည်း တုံ့ပြန်မှုကိုကား ချက်ချင်း ပြန်မပေးနိုင်။ ဤတိုသျှ သံရုံးမှ သူ့အတွက် ပေးထားသော သူနာပြု ဆရာမများ ဖြစ်လေမလား ဟူသော အတွေးဖြင့် အထနှေးလျက်ရှိ၏။

သူသည် အိပ်ရာထက်၌ လှဲ၍ နားနေရသည့် နှစ်ရက်တာ ကာလ အတွင်း သူနာပြု ဆရာမသည် လေးကြိမ်နှင့် ငါးကြိမ်ထက်မနည်း သူထံ ရောက်ရောက် လာပြီး အရိုက်ခံထားရသည့် ဒဏ်ရာများမှ ဘယ်လို အကျိုးဆက်တွေ ဖြစ်လာ လိမ့်မည်ကို စစ်ဆေးကြည့်နေသည်။ တံခါးခေါက်သံသည် ထပ်မံ ထွက်ပေါ် လာပြန်လေရာ သူသည် ယဉ်ကျေး သိမ်မွေ့စွာဖြင့် "ဝင်ခဲ့လေ" ဟု လှမ်းပြော သည်။

တံခါးဝ၌ ရပ်နေသူကား သူထင်သလို သူနာပြုဆရာမ မဟုတ်။ သူ့သမီး အေဘီဂေးလ် ဖြစ်နေသဖြင့် သူသည် အံ့အားသင့်လျက် ရှိ၏။ အခန်းထဲ ရောက်လာသည့် အေဘီဂေးလ်၏ မျက်နှာတွင် သောကရိပ်များ ထင်ဟပ်လျက် ရှိသည်။ အခန်းတံခါးကို ပိတ်အပြီးတွင် အေဘီဂေးလ်သည် သူ့ အိပ်ရာဆီ ရောက်လာပြီး ပတ်တီး စည်းထားသည့် ညာလက်နှင့် ဘယ်ဘက်နားထင်၌ စည်းထားသည့် ပတ်တီးတို့ကို ကြည့်နေသည်။

"အဖေ ဖြစ်တာ ကြားရတယ်" ဟု သူမက ပြောသည်။ "အဖေ့ကို လာ မကြည့်ရင် မိုက်ရာကျမှာစိုးလို့"

ဂျေကော့ ဘက်မှာ ပြန်ပြောစရာ စကား ရှာမရ။ သူ့သမီးသည် ဆွဲ ဆောင်မှု အကောင်းဆုံး ဖြစ်နေဆဲ။ လူချင်း မဆုံမိခဲ့ကြသည်မှာ ဆယ်နှစ်ပင်

ရှိခဲ့ပြီ။ ထိုကာလအတွင်း သမီး၏ အနေအထားသည် ရင့်ကျက် တည်ငြိမ်လာပုံ ရ၏။

"သူတို့ သံရုံးမှာ ပြောနေကြတယ်။ အဖေ အရိုက်ခံရတာ အတော် ပြင်းထန်တယ်တဲ့။ ဒါပေမဲ့ အဖေမှာ အထူးတလည် ဘာမှ လိုမှာ မဟုတ်ဘူး ထင်တာနဲ့ ဘာမှတော့ ယူမလာမိဘူး"

"ထိုင်လေ" ဟု ဂျေကော့က ကုလားထိုင်အား လက်ညှိုး ထိုးပြပြီး ပြောသည်။ "အဖေ့အတွက် ဘာမှ မလိုပါဘူး။ ဟိုတယ် ဝန်ထမ်းတွေက အဖေ လိုချင်တာ အကုန် လာပေးနေကြတာပဲ"

အေဘီဂေးလ်သည် သူ့အဖေအား ကြည့်ကာ စိတ် မသက်သာဟန် ပြသည်။ "အဖေ တကယ်ကော သက်သာရဲ့လား" ဟု မေးသည်။ "သမီး ကြားထားရတဲ့ သတင်းတွေအရ ဆိုရင်တော့ သမီး ဘာကို မျှော်လင့်ရမှန်းတောင် မသိတော့ဘူး"

"အဖေ ဘာမှ မဖြစ်နိုင်ပါဘူး။ သက်သာသွားမယ်လို့ ထင်တယ်" ဟု ဂျေကော့က အားယူ၍ ပြုံးကာပြောသည်။ "ခေါင်းကတော့ အခုထိ နည်းနည်း ကိုက်နေသေးတယ်။ ဆွီဒင် သံရုံးက ဆရာဝန် တစ်ယောက် အဖေ့ကို စစ်ပေး ထားတယ်။ နဖူးမှာ ကွဲသွားတဲ့ ဒဏ်ရာနဲ့ ညာဘက်လက်မှာ ပေါက်ပြဲသွားတဲ့ ဒဏ်ရာ နှစ်ခုက လွဲပြီး တခြား ကြီးကြီးကျယ်ကျယ် ဘာမှ မတွေ့ဘူးလို့ ပြော သွားတယ်။ နံရိုးတွေမှာတော့ ဒဏ်ရာတွေ ရထားတယ်တဲ့။ ဒါပေမဲ့ သိပ်ပြီး စိတ်ပူမရာ မရှိပါဘူး တဲ့။ အဲဒီအတွက် တစ်ရက်နှစ်ရက်တော့ မနားလို့ မဖြစ်ဘူး တဲ့"

တိတ်ဆိတ်သွားပြန်သည်။

"သမီး ကြည့်ရတာ ကျန်းမာရေး တော်တော်ကောင်းပုံ ပေါ်တယ်" ဟု ဂျေကော့က ပြောသည်။ "ဒီမှာ စာသင် ပေးနေရတာကော ပျော်ရဲ့လား"

"ပျော်ပါတယ်" ဟု ဖြေသည်။ အေဘီဂေးလ်သည် ကိုယ်ရေးကိုယ်တာ ကိစ္စများကို အကြာကြီး ပြောချင်ပုံ မရ။ "သမီးရဲ့ အင်္ဂလိပ်ဘာသာသင် ဒုတိယ စာအုပ် ပြီးခဲ့တဲ့နှစ်က ထွက်တယ်။ အဆင်ပြေပါတယ်"

"အဖေ သိပ် ဝမ်းသာပါတယ်"

ပြန်၍ တိတ်ဆိတ်သွားပြန်သည်။

"ပန်းခြံထဲမှာ ဘယ်လိုတွေ ဖြစ်ကြတာလဲ။ အဖေ ဓာတ်ပုံရိုက်လို့ ဝိုင်းရိုက် ခံရတယ်လို့ သမီး ကြားခဲ့ရတယ်။ တရုတ်နိုင်ငံရဲ့ အတွေ့အကြုံ ရင့်ကျက်တဲ့ အဖေ့လို လူတစ်ယောက်အတွက် ဖြစ်ပုံက မယုံနိုင်စရာပဲ"

"သမီး ကြားတာ မှန်တယ်။ မလုပ်သင့်တဲ့ အချိန်မှာ အလွန် မလုပ်သင့်တဲ့ အလုပ်ကို သွားလုပ်မိတာကိုး။ အဖေ့ ဓာတ်ပုံတွေ သွားရိုက်မိတာကလည်း ကာဇိုကြောင့်ပါ"

"ဘာရယ်။ ကာဇိုကြောင့် ဟုတ်လား" အေဘီဂေးလ်သည် ဖုံအားသင့်လျက်ရှိသည်။ "အဖေ ဘာကို ဆိုလိုတာလဲ"

"ဆန္ဒပြနေတဲ့ လူတွေကို ငြိမ်သွားအောင် လုပ်ဖို့ သူ့ကို တာဝန်ပေးလိုက်တယ် ထင်ပါရဲ့။ သူ ရောက်လာတယ်။ လူအုပ်က သူ့ကို မဲပြီး အမဲဖျက်သလို ဝိုင်းပြီး ရိုက်ကြ နှက်ကြတယ်။ အဖေက သူတို့ အာရုံ ပြောင်းသွားအောင်ဆိုတဲ့ စိတ်ကူးရတာနဲ့ ကင်မရာကို ထုတ်ပြီး. . ."

အေဘီဂေးလ်သည် သူ့အဖေ၏ စကားကို နားလည်သွားသည်။ "ဒါဆိုရင် အဖေ ပီကင်း ရောက်နေတာ ကာဇို သိသွားသလား"

ဂျေကော့က ခေါင်းညိတ်သည်။ "အဖေက ရောက်တဲ့နေ့မှာပဲ မာရှယ်လု ချီယာဇိုနဲ့ စကား ပြောရတယ်။ သူက ကာဇို့ လိပ်စာ ပေးတယ်။ အခု ကာဇို နေတာက အမှတ် ၁၅၊ နန်ချီဇီမှာ နေတာ။ အဲဒီ ရောက်တဲ့ ညမှာပဲ အဖေ သူ့ဆီ သွားပြီး ရှန်ဟိုင်းမှာ ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် တောင်းပန်တယ်။ မရဘူး။ လက်မခံဘူး။ အဲဒီ အတွက် အဖေ သူ့ကို အပြစ် မတင်ပါဘူး"

ဂျေကော့သည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ ဖြစ်ခဲ့သမျှကို ပြန်တွေးကာ စိတ်မကောင်း ဖြစ်နေရပြန်၏။

"အခု သူ အိမ်ထောင်ပြုထားပြီ။ 'မင်း'လို့ ခေါ်တဲ့ သားလေးတစ်ယောက် ရနေပြီ။ အဖေ ကလေးကို တွေ့ခဲ့ရတယ်"

အေဘီဂေးလ်သည် ရုတ်တရက် ထိုင်နေရာမှ ထကာ ပြတင်းပေါက်ဆီ သွား၍ ရပ်နေသည်။ သူမသည် ဂျေကော့အား ကျောပေး၍ ရပ်ကာ ချန်အန်လမ်းမဆီ လှမ်းကြည့်နေသည်။ ဂျေကော့က သူ့သမီးထံမှ တစ်ခုခု ပြောလိမ့်မည် ဟု ယူဆကာ နားစွင့်နေသော်လည်း ဘာသံမှ မကြားရ။

"ရှန်ဟိုင်းမှာ ဟိုညက အဖေနဲ့ တွေ့ခဲ့ပြီးတဲ့ နောက်ပိုင်း ကာဇိုတို့ မေ-လင်းတို့နဲ့ သမီး တွေ့ခဲ့သေးလား" ဟု မဝံ့မရဲ လေသံဖြင့် မေးသည်။

"မတွေ့ဘူး။ အဲဒီဟာတွေ အားလုံးကို တစ်သက်တာပတ်လုံး မေ့ထားလိုက်တာ အကောင်းဆုံး ဖြစ်မယ်လို့ သမီး ထင်တယ်"

"မေ-လင်းက တပ်နီ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ နှိပ်စက်လွန်း အားကြီးလို့ စိတ်နောက်သွားရှာတယ်" ဟု ဂျေကော့က ပြောသည်။ "သူ အခု စိတ္တဇဆေးရုံမှာ အဖေ သူ့ဆီ သွားခဲ့သေးတယ်။ ဘယ်သူ့ကိုမှ သူ မမှတ်မိတော့ဘူး"

အေဘီဂေးလ်ကတော့ ဘာမှ ပြန်မပြောဘဲ ပြတင်းပေါက်၏ အပြင်ကို သာ လှမ်းမျှော်ကြည့်နေသည်။ ဂျေကော့သည် အိပ်ရာပေါ်၌ ထထိုင်လိုက်သည်။

"သမီးကတော့ ထင်မှာပဲ။ အဖေဟာ တရုတ်ပြည်ထဲ ဘာတွေ ဖြစ်နေသလဲဆိုတဲ့ အချက် တစ်ချက်တည်းကိုသာ စိတ်ဝင်စားတယ်လို့။ ဒါပေမဲ့ အခု တစ်ခေါက် လာတာ အဲဒါကြောင့် မဟုတ်ဘူး။ သမီးနဲ့ တွေ့ချင်လို့။ သမီးနဲ့ အဖေ ကြားမှာ အားလုံး အဆင်ပြေသွားအောင် ဘယ်လို လုပ်ရမလဲဆိုတာ မသိသေးပေမဲ့ မျှော်လင့်ချက်ကတော့ ထားနေတုန်းပဲ သမီး"

အေဘီဂေးလ်သည် နောက်သို့ ဖျတ်ခနဲ ပြန်လှည့်ကာ အိပ်ရာ ခုတင်ဆီကို လျှောက်လာသည်။ သူမ၏ မျက်လုံးများသည် စိတ်ရှုပ်ထွေးခြင်းကို ဖော်ပြနေသည်။ စကားပြောလိုက်သည့် အခါတွင်လည်း သူမ၏ အသံသည် မှုမမှန်။

"သမီး ဒီကို လာတာဟာ အနာဟောင်းတွေကို ပြန်ဆွဖို့ မဟုတ်ပါဘူး အဖေ" ဟု ပြောသည်။ "အဲဒီ အနာတွေဟာ သူတို့ဘာသာ သူတို့ ကျက်ပြီး ပျောက်ကင်းသွားတာ အကောင်းဆုံးပါ။ အဖေက ကိုယ်စိတ်သက်သာရာ ရမှုကို မရမနေ ရှာနေတာဆိုတော့ ခက်လည်းခက် ပင်လည်းပင်ပန်းတာပေါ့။ သမီးကတော့ သမီး စိတ်ကို သမီး ငြိမ်းအေးအောင် လုပ်ထားခဲ့တာ ကြာပြီ။ အခု သမီး ဒီကို လာတာဟာ အဖေ့ အခြေအနေကို အမှန်အတိုင်း သိချင်လို့ လာတာပါ။ အဲဒီတော့ အဖေရယ် သမီး ပြန်တော့မယ်"

အေဘီဂေးလ်သည် ဂျေကော့ ထံမှ ပြန်ပြောမည့် စကားများကို မစောင့်တော့ဘဲ အခန်းတံခါးဆီ လျှောက်သွားသည်။ တံခါးနား အရောက်တွင် ဂျေကော့အား လှည့်ကြည့်သည်။ တစ်စုံတစ်ရာ ပြောရန် ဟန်ပြင်နေသည့် မျက်နှာထား။ သို့သော်လည်း သူမသည် ဘာမှ မပြောတော့ဘဲ အခန်းထဲမှ ထွက်သွားသည်။ သူမ၏ နောက်ဘက်ရှိ တံခါးကိုမူ အသာအယာလေး ပိတ်ပစ်ခဲ့လေသည်။

***

၇

နောက်တစ်ရက် နံနက်စောစောတွင် ချင်ရှန် တောင်ကုန်း၏ ထိပ်ရှိ 'ထာဝရ နွေဦး ခန်းမဆောင်' မှ အောက်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ ပီကင်း မြို့တော်၏ ဧကရာဇ် ဘုရင်များ၏ နန်းတော်များအား လှမ်းမြင်နေရသည်။ နံနက်ခင်း အလင်းရောင် အောက်တွင် ရှေးဟောင်း အဆောက်အအုံများ၏ အလှသည် ရှုချင်စဖွယ် တင့်တယ် လှပနေသည်။ ဆိုက်ဖရပ်စ်ပင်များနှင့် နန်းလုံးကြိုင် ပင်များ၏ အထက် ဘက်သို့ ထိုးထွက်နေကြသည့် ကွေးကွေး ကောက်ကောက် ရွှေရောင် ခေါင်မိုးများသည် ထွက်ပြူစ နေရောင် အောက်တွင် လင်းလက် တောက်ပနေကြသည်။ ထိုရှုခင်းကား လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်ကတည်းက ယနေ့အချိန်ထိ အခြေမပျက် တည်ရှိလာခဲ့သော အလှ တစ်ပါး ဖြစ်ချေသည်။

ဆောင်းဦးပေါက်ခဲ့ပြီးပြီ။ ထို့နောက် အခု နွေဦးပေါက်ရာသီ။ နွေဦး ခန်းမ၏ ပတ်ပတ်လည်တွင် မက်ဂနိုလီယာပင်များ ယုလန်ပင် နှင့် ဆယ်လ်ပင် များသည် အဖူးအငုံများ ထွက်နေကြပြီ။ လူသွားလမ်းများ၏ ဝဲယာတွင်ကား ထပ်တစ်ရာပင်များသည် သူတို့၏ လှပသော အပွင့်များအား လှစ်ပြနေကြသည်။ နံနက်ခင်း လေအနေအထားတွင် ဟိုသည် ယိမ်းကာ လှုပ်ရှား ယိမ်းနွဲ့နေကြသော ပန်းရောင်နှင့် အဖြူရောင် ပန်းပွင့်များကိုကား နေရာတိုင်း၌ မြင်တွေ့နေရလေ သည်။

ဂျေကော့သည် လွန်ခဲ့သော လေးဆယ့်ငါးနှစ်က ဖိလီစီတီနှင့်အတူ အတွင်း မြို့တော်၏ အမြင့်ဆုံး အလယ်ဗဟို တောင်ထိပ်သို့ တက်ရောက်ခဲ့ ဖူးသည်ကို ပြန်၍ သတိရနေသည်။ ထိုစဉ်က သူတို့နှစ်ဦးသည် စိတ်လှုပ်ရှားမှု များအား ရင်ဝယ်ပိုက်ကာ သွားလာ လှုပ်ရှားခဲ့ကြခြင်းဖြစ်၏။ တကယ်ကော ဟုတ်မှဟုတ်ပါလေစ။ အိပ်မက်တစ်ခုများ ဖြစ်နေလေမလား။ မင်း ဧကရာဇ်

ဘုရင်များ၏ သီးသန့် ဥယာဉ်ကြီးထဲတွင်မူ ထူးထူးခြားခြား ပြောင်းလဲမှုဟူ၍ ဘာတစ်ခုမှ မရှိ။

ရှေးခတ်က စိုက်ထားခဲ့သော ထင်းရှူးပင်ကိုင်းများသည် ဝမ်ချန်တင်းခန်းမ၏ ခေါင်မိုးများအား လေတိုက်တိုင်း ပွတ်တိုက်ပေးလျက်ရှိသည်။ သူမှတ်မိနေပါသေးသည်။ တစ်ရက်သော အရုဏ်တက်တွင်ဖြစ်၏။ သူနှင့် ဖီလီစီတီသည် ဤနေရာ၌ တရုတ် အက္ခရာ စာလုံးများအား အရေး လေ့ကျင့်ခဲ့ကြဖူးသည်။ ထိုစဉ်က မြင်ခဲ့ရဖူးသည့် ခန်းမငယ် လေးဆောင်အား ထင်ရှူးပင်များကြားမှနေ၍ အခုထိ မြင်နေရဆဲ။

ထို့ပြင်လည်း နောက်ဆုံး 'မင် မင်းဆက်'မှ ဧကရာဇ် ဘုရင်တစ်ပါး သူ့ကိုယ်သူ ကြိုးဆွဲချ၍ သေသွားခဲ့သော သစ်ပင်ကိုလည်း ဟိုတုန်းကအတိုင်းပင် မြင်တွေ့နေရသည်။ သမိုင်းကြောင်းအရဆိုလျှင် လယ်သမား စစ်တပ်ကြီးတစ်တပ် မြို့တော်တွင်းသို့ ဝင်ရောက် သိမ်းပိုက်တော့မည့် အခြေအနေတွင် သူ့ကိုယ်သူ သတ်သေခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် တရုတ်နိုင်ငံတစ်နိုင်ငံလုံးတွင် တိုက်ခိုက် လုယက် ဖျက်ဆီးမှုများ အကြီးအကျယ် ပေါ်လာခဲ့သည်။ သို့တစေလည်း မင်းအဆက်ဆက် တည်ဆောက်ခဲ့သော ခန်းမကြီးများနှင့် နန်းတော်များသည် တည်ဆောက်ခဲ့သည့် ၁၉၃၁ ခုနှစ်က အတိုင်းပင် ခြေရာလက်ရာ မပျက် တည်ရှိနေဆဲ။

ဂျေကော့၏ ဦးခေါင်းသည် အရိုက်ခံထားရသည့် ဒဏ်ရာကြောင့် အခုအချိန်အထိ မူးတူးတူး မင်တင်တင် ဖြစ်နေဆဲ။ သူ့ တစ်ကိုယ်လုံးရှိ နေရာအနှံ့တွင်လည်း နာကျင်ကိုက်ခဲနေဆဲ။ သို့သော်လည်း ထူးဆန်းနေသည်ကား သူ့ခံစားမှုသည် သန့်စင် လတ်ဆတ်လျက်ပင် ရှိ၏။ သူ့အနေဖြင့် ဘာမှ မဖြစ်သည့်နှယ် ခံစားနေရသဖြင့် များစွာ စိတ်ချမ်းသာရ၏။

သူသည် အိပ်ရာထက်တွင် နှစ်ရက်မျှ နားနေခဲ့ပြီးနောက် ထိုနေ့တွင် အိပ်ရာမှ အစောကြီး ထကာ မြို့တော်၏ အလယ်၌ ခြေဦးတည့်ရာ သွားလျက်ရှိ၏။ တောင်ကုန်းထိပ်သို့ ရောက်သွားသည့်အခါတွင်မူကား အရှေ့ဘက်ကောင်းကင်မှ တက်လာနေသော နေရောင်ဖြင့် အားလုံးသည် ရွှေဝါရောင်သန်းလျက် ရှိ၏။ တောင်ထိပ်မှနေ ကြည့်လျှင် တီအင်အန်မင်း ပန်းခြံသည် လူသူ မရှိ။ တိတ်ဆိတ်နေသည်။

စောစောပိုင်းက ဖြစ်ပွားခဲ့သည့် အဓိကရုဏ်း သတင်းများနှင့် ပတ်သက်၍ ထွက်ပေါ်လာသည့် ကောလာဟလ သတင်းများကား မကောင်းလှပေ။ ထိုအဓိကရုဏ်းတွင် ဆန္ဒပြသူ အများအပြား သေဆုံးခဲ့၍ ရာပေါင်းများစွာ ဒဏ်ရာ

အနာတရ ရခဲ့ကြ၏။ သို့သော်လည်း မည်မျှသေ၍ မည်မျှ ဒဏ်ရာရခဲ့ကြသည်ကို မူကား အာဏာပိုင်များက တရားဝင် အတည်ပြုပေးခြင်း မပြုခဲ့ကြပေ။

ထိုကဲ့သို့သော မငြိမ်သက်မှုများ နောက်မှ ဆက်တိုက် ပါလာသည်များကား ဒုတိယ ဝန်ကြီးချုပ် တိန်ရှောင့်-ပိန်အား အစိုးရဌာနများနှင့် ပါတီရှိ ဩဇာကြီးသော ရာထူးဌာနန္တရများမှ ဖယ်ရှားခံရသည့် ပြဿနာ ပေါ်လာသည်။ သာမန်အားဖြင့် ကြည့်လျှင် အရေးမကြီးဟု ထင်ရသော်လည်း ထိုပြဿနာသည် အချင်းချင်း ပျက်စီးအောင် လုပ်ကြသည့် နိုင်ငံရေး ပြဿနာကြီးတစ်ခု ဖြစ်လာသည်။ ခေတ္တဝန်ကြီးချုပ် ဟွာကုအို-ဖုန်းအား နိုင်ငံတော်ကောင်စီ၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း ပါတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးချယ်ခန့်ထားခဲ့ကြသည်။

ထိုလုပ်ရပ်သည် ဟွာကုအို-ဖုန်းအား မော်စီ-တုန်း၏ နေရာ၌ ဆက်ခံရန် အားလုံးက သဘောတူလျာထားခြင်းဟု ယူဆကြသည်။ တိန်ရှောင့်-ပိန်အား ဖယ်ရှားပြီး ဟွာကုအို-ဖုန်းအား ရာထူးခန့်ထားသည့် ကိစ္စရပ်များအတွက် ထောက်ခံ ဆန္ဒပြပွဲများသည် လမ်းများပေါ်၌ ပေါ်ပေါက်လာသည်။ သို့တစေလည်း ယင်းဆန္ဒ ပြပွဲများသည် စောစောပိုင်းက ဖြစ်ပွားသွားခဲ့သည့် ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများလို မဟုတ်။ ပါတီ၏ လမ်းညွှန်မှုများအရ ဟူသော စကားနှင့် အညီ ပေါ်ပေါက်လာ ကြခြင်းဖြစ်၍ စစ်မှန်ပုံ မရ။

တီအန်မင်း ရင်ပြင်တွင်ကား ထုံးစံအတိုင်း ပြည်သူ့စစ်များ ချထားသည်။ ပတ်ဝန်းကျင်သည် အေးဆေး ငြိမ်သက်ပုံ မရ။ အန္တရာယ် ဖြစ်လာနိုင်မည့် ဆူပူလှုပ်ရှားမှု တစ်ခုခု ပေါ်လာလေမလား ဟူသော စိုးရိမ်ကြောင့်ကြမှုသည် လူတိုင်း၌ ရှိနေပုံပေါ်၏။ မည်သို့ပင်ဖြစ်စေ၊ ဂျေကော့ကတော့ ချင်ရှန် တောင်ကုန်းထိပ်၌ နေ၍ စိတ်ကို အေးဆေးအောင် ဖြေ၍နေသည်။ အခုအချိန်ဆိုလျှင် ပန်းခြံနှင့် ရင်ပြင်တွင် လူသူ မရှိသေး။ သူသည် ထာဝရ နွေဦးခန်းမဆောင်ထဲ၌ ထိုင်၍ မျက်လုံးများအား စုံမှိတ်ထားသည်။

ပထမတော့ဖြင့် သူ့စိတ်အာရုံတွင် ဖီလီစီတီ၏ ရုပ်လွှာများ။ ထို့နောက် တဖြည်းဖြည်းနှင့် ဖီလီစီတီ၏ နေရာ၌ ပြုံးရယ်နေသော မေ-လင်း။ ထို့နောက် ထို့နောက် လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်က ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် အတိတ်ဘဝ ဖြစ်ရပ်များ။ ထိုအခါ သူ့စိတ်ဖြစ်စဉ်တွင် ပဋိပက္ခ ဖြစ်လျက်ရှိသော ခံစားမှုများသည် အဆက်မပြတ် ဝင်လာနေသည်။

သူသည် ထိုင်ရာမှထကာ ခန်းမဆောင် အပြင်သို့ ထွက်လာခဲ့သည်။ သူ့ ရင်ထဲတွင် အားတက်ခြင်း၊ ရွှင်လန်းပျော်မြူးခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း စသော ခံစားမှုများသည် ထွေးရောယှက်တင် ဖြစ်လျက်ရှိ၏။ သူ့ အကြည့်သည်

ရွှေရောင်သန်းနေသော ခေါင်မိုးထိပ်များအား ကျော်၍ တောင်ကုန်း၏ အနောက်ဘက်သို့ မျှော်ကြည့်နေသည်။

အောက်ဘက်ရှိ ရေကန်များဘေးရှိ ခန်းမများထဲမှ တစ်ခုသော ခန်းမထဲတွင် ဤဘက်ခေတ်၌ ပေါ်ထွန်းခဲ့သည့် သက်ဦးဆံပိုင် ကေရာဇ် ဘုရင်တစ်ပါးသည် သေအုံမှုးမှုး ဖြစ်နေခဲ့ဖူးသည်။ ထိုဘုရင်သည် သူ့အာဏာကို အလွဲသုံးစားပြုကာ မတော်မတည့် အမိန့်များ ထုတ်၍ ထင်ရာစွေ လုပ်ခဲ့သဖြင့် ပြည်သူလူထုသည် ဒုက္ခပေါင်းစုံအား ခါးစည်း၍ ခံခဲ့ကြရ၏။ သူ၏ သစ္စာ အရှိဆုံးနှင့် နာမည် အကြီးဆုံး စစ်ဗိုလ်ချုပ်ကြီးမှာလည်း ဘုရင်နှင့်အတူ ကျူးလွန်ခဲ့သော မိုက်ပြစ်ကြောင့် အနီးရှိ နန်းတော်ဟောင်း တစ်ခုထဲ၌ သေဆုံးခဲ့ရ၏။

အခုလည်း ကွန်မြူနစ် အင်ပါယာကြီး တည်ထောင်ရာ၌ ရှေးခေတ် ကေရာဇ် ဘုရင်များ၏ အင်ပါယာ တည်ထောင်သည်နှင့် များစွာ တူလျက်ရှိသည်။ ပြည်သူ တစ်ရပ်လုံး နီးပါးသည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဒဏ်ကို ပြင်းစွာ ခံစားနေကြရ၏။ အကယ်၍များ အဆင်ပြေ၍ အစဉ်ချောမည် ဆိုပါမူကား မျှော်လင့်ချက်များသည် ပြန်၍ မွေးဖွားလာဖွယ်ရာ ရှိ၏။ အခုလောလောဆယ်တွင်မူကား တရုတ် တစ်နိုင်ငံလုံးသည် စိတ်ဓာတ်ပျက်ပြားကာ စောင့်မျှော်သည့် အလုပ်ကိုသာ လုပ်နေကြသည့် လက္ခဏာ ရှိလေသည်။

ဂျေကော့သည် အရှေ့ဘက်သို့ လှမ်းကြည့်သည်။ ပထမဆုံး အကြိမ် စက်ရုံ အလုပ်ရုံများ၏ မီးခိုးခေါင်းတိုင်များအား မြင်ရသည်။ အလင်းရောင်သည် တက်လာနေပြီ။ သူသည် တားမြစ်မြို့တော်ဆီသို့ ဦးတည်ကာ လျှောက်သွားလျက်ရှိ၏။ သူ့အကြည့်သည် ပတ်ဝန်းကျင်ရှိ ပွင့်နေသော ပန်းများနှင့် ရွှေရောင် နန်းတော် ခေါင်မိုးများပေါ် ရောက်နေသည်။ သူ မြင်နေရသော အလှသည် သူ့ စိတ်အား ရစ်ပတ် ဖွဲ့နှောင်ထားသည်။

သူသည် အရိပ်အာဝါသ အလွန်ကောင်းသော သစ်ပင်များ အောက်မှ ဖြတ်လျှောက်လာခဲ့သည်။ ထိုအချိန်တွင် အတိတ်မှ ဖြစ်ရပ်များသည် သူ့ မှတ်ဉာဏ်များ အတွင်းသို့ ပြန်ဝင်လာပြန်သည်။ တကယ်တော့ အတိတ်သည် သူနှင့်အတူ အမြဲတစေ ရှိနေမည့် အရာများသာ ဖြစ်၏။ သူ့ အတိတ်အား နှောင့်ယှက် ဖျက်ဆီးလျက် ရှိနေသော နာကျင်စဖွယ် ကောင်းသည့် ကြေကွဲဝမ်းနည်းမှုများကြားမှပင် ရှင်းလင်း ပြတ်သား၍ ချိုမြသော မျှော်လင့်ချက်များကို ထားနိုင်နေရမည် မဟုတ်ပါလား။

***

၈

"ဒီတစ်ခါတော့ ခင်ဗျားကို ကျွေးဖို့ ယတ် အမဲသား မရှိဘူး။ လက်ဖက်ရည်ပဲ ရှိတယ်"

မော်စီ-တုန်းသည် လက်ဖက်ရည်ဗန်း တင်ထားသည့် စားပွဲလေးဘက်သို့ လက်တစ်ဖက် ဝှေ့ယမ်းပြသည်။ သူ၏ ညာဘက်လက်သည် လှုပ်၍မရ။ ဘေး တစ်ဖက်တွင် တွဲလောင်း ကျလျက်ရှိ၏။ ဖယောင်းသားသဖွယ် ဖြူဖွေးလျက် ရှိသော မျက်နှာတွင် မရေမရာနိုင်လှသော အပြုံးရိပ် ဝင်နေသည်။ ထိုမျှလောက် သော အပြုံးကိုပင် မနည်း ကြိုးစားပြီး ရယူထားသည်မှာ သိသာ ထင်ရှားလျက် ရှိလေသည်။

"ကိစ္စမရှိပါဘူး။ ရပါတယ်။ ကျွန်တော်က ယတ် နွားသားထက် လက် ဖက်ရည်ကို ပိုကြိုက်ပါတယ်"

ဂျေကော့သည် တရုတ်ဘာသာစကားဖြင့် ဖြည်းဖြည်းသာသာ ပြန်ပြော သည်။ အမျိုးသမီး သူနာပြု ဆရာမ နှစ်ဦးသည် ခြေလက်မသန် ဖြစ်နေသော တရုတ် နိုင်ငံခေါင်းဆောင်အား ဘေးတစ်ဖက်တစ်ချက်မှတွဲ၍ မင်းခန်းမဆောင် တွင်းရှိ ပက်လက်ကုလားထိုင် ဆီသို့ ပို့ပေးနေကြသည်။ ဂျေကော့သည် တရုတ် ခေါင်းဆောင်အား ကြည့်ကာ ပြုံး၍ နှုတ်ဆက်နေသည်။ ယခု လောလောဆယ် မော် နေထိုင်လျက် ရှိသည့် "မင်းခန်းမဆောင်" မှာ တစ်ထပ် အဆောက်အအုံ ဖြစ်၍ ယခု ဂျေကော့အား ဧည့်ခံနေသည်မှာ အပြင်ဘက်တွင် ဖြစ်၏။

တရုတ် ကွန်မြူနစ်ပါတီမှ တရားဝင် စေလွှတ်ထားသော ဓာတ်ပုံဆရာ သုံးယောက်သည် ဥက္ကဋ္ဌကြီး မော်နှင့် ဂျေကော့တို့ နှုတ်ဆက် နေကြပုံ၊ သူနာပြု ဆရာမများက တွဲ၍ ပို့ပေးနေပုံ စသည်များအား ဓာတ်ပုံရိုက်၍ မှတ်တမ်းတင် နေကြသည်။ သူ့လက်အား ဆွဲကိုင်၍ နှုတ်ဆက်လိုက်သော မော်၏ လက်သည် ပိန်ပိန်ပျော့ပျော့ဖြစ်ကာ အေးစက်နေသည်ကို ဂျေကော့ သတိထားမိသည်။

သူနာပြု ဆရာမများသည် မော်အားတွဲ၍ ကုလားထိုင်တွင် အလိုက်သင့် ထိုင်နိုင်အောင် ပြုပြင် ပေးနေကြသည်။ မော်သည် ရှုန်းကန်လှုပ်ရှားခြင်း မပြု။ ဆရာမများ စိတ်တိုင်းကျ ပြုပြင်၍ နေရာချထားပေးနေသည်ကို လိုက်လျောညီထွေ ဖြစ်အောင် အလိုက်သင့် နေပေးလျက်ရှိ၏။

"အခု ကျုပ်နေတဲ့ အိမ်က ချိုကီချီ မျှော်စင်က အိမ်လို တခမ်းတနား ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ နေရထိုင်ရတာ အေးအေး ဆေးဆေးနဲ့ သက်သောင့်သက်သာ ရှိတယ်"

မော်သည် ပက်လက်ကုလားထိုင်တွင် လက်နှစ်ဖက်အား ဘေးတစ်ဖက် တစ်ချက်၌ ချ၍ ထိုင်နေသည်။ ကြိုးတွေ ပြတ်၍ အပုံလိုက်ကျနေသော ဘီလူး ရုပ်သေးရုပ်ကြီး တစ်ရုပ်နှင့် တူလှချေသည်။ သူ၏ ညိုညိုမှိုင်းမှိုင်း ကျူနစ်အကျီ၊ လည်ပင်း တစ်ခုလုံးအား ကျပ်ကျပ်သပ်သပ် ဖုံး၍ ကြယ်သီး တပ်ထားသည့် ကော်လာများ၊ သူ့ မျက်နှာတွင် အပြုံးရိပ် ဝင်လာပြန်သည်။

"ဒီမှာကတော့ ခင်ဗျား မြင်တဲ့အတိုင်းပဲ။ အဝတ်ပုခက်နဲ့ အိပ်ဖို့လည်း မလိုဘူး။ ကျုပ်တို့က ခင်ဗျားကို မဟာမြက်ခင်းပြင်ကြီးပေါ် လည်း အဖြတ် မခိုင်း ပါဘူး"

ဂျေကော့က မော်၏ ကျီစယ်မှုအား တုံ့ပြန်သည့်အနေဖြင့် ပြုံး၍ကြည့် နေသည်။ သူ့အနေဖြင့် တရုတ်ဘာသာ စကားပြောရခြင်း အပေါ်၌ သာယာ လျက် ရှိသော်လည်း မော်၏ ကုလားထိုင် နောက်ရှိ ခွေးခြေများပေါ်၌ မှတ်စု စာအုပ်ကလေးများနှင့် ခဲတံများ ကိုယ်စီ ကိုင်၍ ထိုင်နေကြသော စကားပြန် နှစ်ယောက်ကိုကား သတိထားနေမိ၏။ နှစ်ဦးစလုံးသည် ခါးများအားကုန်း၍ မော့်ထံမှ ထွက်လာသမျှ စကားများကို တစ်လုံးမကျန် ကြားရအောင် နားစွင့် နေကြသည်။ မော့် နှုတ်မှ ထွက်လာနေသည့် ဟူနန် တရုတ်စကားမှာ မသဲမကွဲ မပီမသ။

မော်ထံမှ တစ်စုံတစ်ရာ ပြောလိုက်၍ ဂျေကော့ နားမလည် ဖြစ်နေသည့် အခါ သူတို့သည် မှတ်စု စာအုပ်များထဲမှ ရေးမှတ် ထားသည်များအား ပြန်၍ ဖတ်ပြသည်။ ကေဒါ တစ်ဦးသည် မော့်နောက်ဘက်ရှိ စားပွဲငယ် တစ်လုံးပေါ်၌ တိတ်ရက်ကော်ဒါ တစ်လုံး တင်ကာ ဖွင့်ထားသည်။ မော်က ဂျေကော့အား သူ့ ပက်လက် ကုလားထိုင်၏ ညာဘက်၌ ထိုင်ရန် လက်ပြ၍ ခေါ်သည့်အခါ အခြား ကေဒါ တစ်ယောက်သည် ကပျာကယာ ဝင်လာပြီး မော့်ဘယ်ဘက်၌ ဝင်ထိုင်လေသည်။

"ကျုပ်တို့ နှစ်ဦး နောက်ဆုံးတွေ့ကြတဲ့ အချိန်တုန်းက တရုတ်ပြည်ထဲမှာ ခင်ဗျားရဲ့ ခရစ်ယာန် သာသနာပြု အလုပ် လုပ်ရတာ အခက်အခဲတွေ အများ

ကြီးနဲ့ ကြုံနေရကြောင်း ဆွေးနွေးခဲ့ဖူးတယ် မဟုတ်လား။ အဲဒါ သိပ်ကို ကြာခဲ့ပြီနော်"

မော်၏ ဦးခေါင်းသည် သူ့ လည်ပင်းပေါ်တွင် အနိုင်အမာ ရပ်တည်နိုင်စွမ်း မရှိ။ သူ့ မျက်ခွံများမှာလည်း လေးလံ ထိုင်းမှိုင်းနေသည့် လက္ခဏာ အပြည့်။ အနီးကပ်၍ ကြည့်လိုက်သည့်အခါ မိမိနှင့် အခုလို တွေ့ဆုံဖို့အတွက် မကြာသေးခင်ကမှ သူ့ အိပ်ရာထက်မှ ဖွတ်အတင်း ထလာခဲ့သည်မှာ သိသာ ထင်ရှားလျက်ရှိ၏။ တစ်ချိတွင်မူ မော်သည် ပါးစပ်မှ စကားတစ်ခွန်းကို မသိမသာ ရေရွတ်ကာ ရင်ဘတ်ပေါ် မေးနှင့်ထိ၍ ငိုက်မြည်းလျက် ရှိသည်ကို မြင်ရ၏။ တစ်ကြိမ်တွင်မူ သူ့ ဦးခေါင်းသည် ငိုက်မြည်းသွားသော အရှိန်ဖြင့် နောက်သို့ လန်ကျသွားသည်ကိုပင် မြင်လိုက်ရလေသည်။

"ကျွန်တော့်ဆီမှာ ခင်ဗျားရဲ့ "တောင်တန်းကြီးတွေ"ဆိုတဲ့ ကဗျာတစ်ပုဒ်ရှိနေတယ်။ ချုံကီချိမှာ ဆုံမိကြတုန်းက ခင်ဗျား ကျွန်တော့်ကို ပေးလိုက်တာလေ" ဟု ဂျေကော့က ပြောသည်။ "ဟောင်ကောင်က ကျွန်တော့် ရုံးခန်းထဲမှာ ချိတ်ထားတယ်"

မော်သည် မှုန်ရီနေသော မျက်လုံးအစုံဖြင့် ဂျေကော့အား ကြည့်နေသည်။ "ချုံကီချိမှာ ဆုံမိခဲ့ပြီးနောက် အချိန်တွေက သိပ်ပြီး အကုန်မြန်တာပဲ။ အလွန် စိတ်အားထက်သန်နေတဲ့ တရုတ် တော်လှန်ရေး ခေါင်းဆောင်ကြီးတစ်ယောက်ဟာ အခုဆိုရင် သိပ် အသက်ကြီးပြီး မောပန်းနေတဲ့ လူအိုကြီးတစ်ယောက် ဖြစ်သွားခဲ့ရပြီ"

ဂျေကော့သည် သူ့ ကုလားထိုင်တွင် နေရာပြင်၍ ထိုင်ကာ နာမကျန်းဖြစ်နေရှာသော တရုတ် ခေါင်းဆောင်ကြီးနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။ တရုတ် ခေါင်းဆောင်ကြီးကလည်း ပက်လက်ကုလားထိုင် လက်တန်းပေါ်၌ တင်ထားသည့် သူ့ လက်တစ်ဖက်အား မ၍ ဂျေကော့ဘက် မြှောက်ပြသည်။

"၁၉၆၆ ခုနှစ်တုန်းကဆိုရင် ကျုပ်တို့ တရုတ်ပြည်မှာ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးသမားတွေက ခရစ်ယာန် သမ္မာကျမ်းစာတွေကို လုယူပြီး ဖျက်ဆီးပစ်ခဲ့ကြတယ်။ ဒါတင် မကသေးဘူး ရှေးခေတ် အယူသည်းမှုတွေနဲ့ ဆက်စပ်ပတ်သက်နေသမျှ အရာအားလုံးကိုလည်း ဖျက်ဆီးပစ်ခဲ့ကြတယ်"

ဂျေကော့က ပြုံးသည်။ "ဟောင်ကောင်ကို ရောက်လာတဲ့ စစ်ဘေးဒုက္ခသည်တွေကတော့ တရုတ်ပြည်ရဲ့ တောပိုင်း ဒေသက ရွာတွေမှာ တိတ်တဆိတ် ကျိတ်ပြီး ခရစ်ယာန် ဝတ်ပြုတွေ လုပ်နေတယ်လို့ အခုအချိန်ထိ ပြောနေကြတုန်းပဲ။ သမ္မာကျမ်းစာတွေထဲက ဆုတ်ဖြဲထားတဲ့ စာရွက်တွေဟာလည်း လူတွေလက်ထဲမှာ လက်ဆင့်ကမ်းနေကြတုန်းပဲတဲ့။ ပြီးတော့ တောင်တန်းကြီးတွေ

ကြားက စမ်းချောင်း တွေထဲမှာ ရေနှစ်ခြင်းနဲ့ ရေဖျန်းခြင်းတွေကို ကျိတ်ကျိတ်ပြီး လုပ်နေကြတုန်းပဲ တဲ့"

မော်သည် ဂျေကော့ ပြောနေသည့် စကားများအား ကြားဟန်လည်း မပြ။ နားလည်ပုံလည်း မပေါ်။ သူ၏ မှုန်မှိုင်းမှိုင်း မျက်လုံးများသည် ရှေးခေတ်မင် မင်းဆက် တည်ဆောက် ထားခဲ့သော ချမ်းနန်းပေး (ဗဟိုနှင့် တောင်ပိုင်း ရေကန်များ) ရေပြင်အား လှမ်းမျှော်ကြည့်နေသည်။ မွန်းလွဲပိုင်း နေရောင်ခြည်များကြောင့် ကန်ရေပြင်သည် တလက်လက် တောက်ပနေသည်။

ဂျေကော့အား ဤနေရာသို့ ခေါ်ရာ၌ ကြိုတင်၍ အသိ ပေးသည်မှာ မိနစ် အနည်းငယ်မျှသာ ဖြစ်၏။ နေ့လယ်စာ စားပြီးစ အချိန်တွင် တရားဝင် စေလွှတ်လိုက်သော မော်တော်ကားသည် ပီကင်း ဟိုတယ်သို့ ရောက်လာပြီး သူ့အား ခေါ်သွားခဲ့၏။ သူ ရောက်သွားချိန်တွင် ပတ်ဝန်းကျင် မိုးမခပင်များနှင့် ဆိုက်ပရပ်ပင်များ ကြား၌ ခေတ်မီ စစ်တပ် တပ်ရင်း တစ်ရင်းခန့် ကင်းလှည့်လျက် ရှိနေသည်ကို မြင်ရ၏။

ချမ်းနန်းပေး ရေကန်များ ရှိရာ ဝင်းခြံကြီး အတွင်း၌လည်း စက်သေနတ်များနှင့် လက်ပစ်ဗုံးကိုင် တပ်သား အများသည် စောင့်ကြပ်လျက် ရှိသည်။ ဂျေကော့ ကားပေါ်မှ ဆင်းသွားသည့်အခါ စစ်သားများသည် သူ့အား ပိုက်စိပ်တိုက်၍ စစ်ဆေးကြသည်။ သူတို့ ကျေနပ်ခါမှပင် သူသည် မော် နေထိုင်ရာ အိမ်တွင်းသို့ ဝင်ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

"နောက်ဆုံး တွေ့ခဲ့ကြတုန်းက ကျုပ် ပြောခဲ့ဖူးတယ်။ လူတန်းစား ကွဲပြားခြားနားမှုတွေ ရှိနေသမျှ ကာလပတ်လုံး ခရစ်ယာန်တွေ ဟောနေတဲ့ "ညီနောင်ချင်း မေတ္တာစိတ်"ဆိုတာ မရှိနိုင်ဘူးလို့" ဟု မော်က ပြောသည်။ သူသည် ဂျေကော့၏ နဖူးနှင့်လက်မှ ပတ်တီးများအား ကြည့်နေသည်။ "ကျုပ် ပြောခဲ့တာ အဲဒီ အချိန်ကလည်း မှန်တာပဲ၊ အခုလည်း မှန်နေတာပဲ။ လူတန်းစား တိုက်ပွဲဟာ အနာဂတ် တိုးတက်မှုရဲ့ အဓိက သော့ချက်အဖြစ် ဒီနေ့အချိန်ထိ ရပ်တည်နေတုန်းပဲ"

"ကျွန်တော်ကတော့ အဲဒါရဲ့ ဆန့်ကျင်ဘက်ကိုသာ မှန်တယ်လို့ ယုံကြည်နေတုန်းပါပဲ" ဟု ဂျေကော့က ပြန်ပြောသည်။ "ကျွန်တော်တို့ အားလုံး အနေနဲ့ လူသားအချင်းချင်း စည်းလုံးစေနိုင်တဲ့ အရာကိုသာ ရှာဖွေဖို့ လိုပါတယ်။ အချင်းချင်း သွေးကွဲသွားစေမယ့် ဟာတွေကိုတော့ ပယ်ကြရမှာပဲ"

"အယူသီးခြင်းဟာ အယူသီးခြင်းကိုပဲ မွေးဖွားတာပါ။ အမှန်တော့ ကမ္ဘာပေါ်မှာ ရှိခဲ့သမျှ တော်လှန်ရေးတိုင်းဟာ အမုန်းစိတ်နဲ့ ပျက်စီးခြင်းကိုသာ

အမွေ ပေးခဲ့တာပဲ" သူသည် ခဏမျှ စကားကိုဖြတ်၍ ရပ်ထားပြီး သူ ဆက်ပြော မည့် စကားအသုံးအနှုန်းကို စဉ်းစား၍ ရွေးချယ်နေသည်။

"ကျွန်တော် သာသနာပြုတစ်ဦး ဘဝတုန်းကတော့ "ဘုရားသခင်အား ချစ်ပါ။ သင့် အိမ်နီးနားချင်းအား မေတ္တာထားပါ" ဆိုတဲ့ စကားကိုပဲ ရိုးရိုး ရှင်းရှင်းလေး ပြောမှာ။ အခုတော့ ကျွန်တော်က သာသနာပြု တစ်ယောက် မဟုတ်တော့ဘူးလေ။ အဲဒီတော့လည်း အမြင်က တစ်မျိုးပဲပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီ နှစ်ခုကို အခိုင်အမာ အစွဲအမြဲထားမယ်ဆိုရင် တော်လှန်ရေးဟာ တစ် ကမ္ဘာလုံးကို အကောင်းဆုံး ဖြစ်လာအောင် ပြောင်းလဲ ပစ်လိမ့်မယ်လို့ ထင်မိ တယ်"

မော်သည် ကုလားထိုင်ထက်တွင် နေရာပြင်၍ တောင့်တောင့်မတ်မတ် ဖြစ်အောင် ထိုင်သည်။ သူ့ လည်ချောင်းထဲမှ မပီမသ အသံများ ထွက်လာသည်။ သူ့ သူနာပြု ဆရာမများနှင့် စကားပြန်များသည် စိုးရိမ်မကင်းသော မျက်နှာထား များဖြင့် ကြည့်နေကြသည်။ ထိုခဏအတွင်း မော်သည် ကြမ်းပြင်အား ငုံ့ကြည့် နေရာမှ ဂျေကော့အား လှမ်းကြည့်သည်။

"ပါတီတွင်းမှာ ပဋိပက္ခတွေ ဖြစ်လာခဲ့တယ်" ဟု မော်က ရေရွတ်သည်။ "အမြင်ချင်း မတူတဲ့ အုပ်စု နှစ်စုရဲ့ ကြားမှာ ရှိနေတဲ့ ပဋိပက္ခဟာ လုံးဝ မရပ် တော့ဘူး။ ဘယ်တော့မှ ရပ်မှာလည်း မဟုတ်တော့ဘူး။ ကျုပ်က လူနည်းစု အုပ်စုဝင်ထဲကပါ။ ဒါပေမဲ့ အဆုံးသတ်တဲ့အခါ ကျုပ်က အမြဲတမ်း အောင်ပွဲ ခံတာချည်းပဲ"

"ခင်ဗျား တပ်နီ စစ်တပ်နဲ့ ပထမဆုံး ချီတက်တုန်းက ကျုပ်ကို ဘယ်သူ ကမှ အသိအမှတ် မပြုခဲ့ကြဘူး။ ဥပေက္ခာပြုခဲ့ကြတယ်။ လီပေါင်း နှစ်သောင်း ဝေးတဲ့ ခရီးရှည် ချီတက်ပွဲကြီး စတော့ ကျုပ်ဟာ လူနည်းစု အုပ်စုဝင်ထဲက တစ်ယောက်ပေါ့၊ ဒါပေမဲ့ လူနည်းစုက လူများစုကို လူတန်းစား တိုက်ပွဲမှာ အနိုင်ရ လာခဲ့တယ်လေ" သူသည် စကားကို ဖြတ်၍ ရပ်ထားပြီး အသက်ကို မှန်မှန် ရှူနိုင်အောင် အားထုတ်လျက် ရှိ၏။ ထို့နောက် သူ့အသံသည် တိုးသွား သည်။

"ခရီးရှည် ချီတက်ပွဲကြီး အတွင်းမှာ တော်လှန်ရေးဟာ အသက်ဝင်လာခဲ့ တယ်။ ခင်ဗျားဟာ ကိုယ်တွေ့ မျက်မြင် ဖြစ်ခဲ့ရတဲ့ သက်သေ တစ်ယောက်ပါ။ ကျုပ် မရှိတော့တဲ့ နောက်မှာ လှုပ်ရှားမှုဟာ ဆက်သွားနေရမှာပဲ။ ဒါမှမဟုတ်ရင် တော်လှန်ရေးရဲ့ အောင်ပွဲတွေ အားလုံး ဆုံးရှုံး ရလိမ့်မယ်"

ဂျေကော့သည် သူ့ရှေ့မှောက်မှ သေအံ့မူးမူး လူနာဘဝ ရောက်နေသည့် ပုဂ္ဂိုလ်အား တအံ့တဩ ကြည့်နေမိသည်။ သူ့ ပါးရိုးများသည် တွဲကျနေကြပြီ

ဖြစ်၍ ထိန်းမရအောင်ပင် တုန်နေကြသည်။ ချိုကီချိဒ္ဒ တွေ့ခဲ့ရစဉ်တုန်းက အသက်အရွယ်မျိုး မဟုတ်၍ မော်၏ မျက်နှာသည် နုပျိုလန်းဆန်းခြင်း မရှိ။ အဓိကကျသော မျက်နှာ၏ အနှစ်သာရသည် ကင်းမဲ့လျက် ရှိနေပြီ။

"ကျွန်တော့် အမြင်ကတော့ ခရိုရှည်ချိတက်ပွဲကြီး အတွင်းမှာ တော်လှန်ရေး ပေါက်ဖွားလာတာဟာ လူတန်းစား တိုက်ပွဲကြောင့် မဟုတ်ပါဘူး" ဟု ဂျေကော့က တည်ငြိမ် အေးဆေးစွာ ပြန်ပြောသည်။ "ကျွန်တော် ယုံကြည်နေတာကတော့ တော်လှန်ရေးဟာ သူ့ ပင်ကို သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ အရာပါ။ ဥက္ကဋ္ဌကြီး တရုတ်နိုင်ငံရဲ့ တောင်တန်းတွေပေါ် ကျော်ဖြတ်ပြီး တပ်နီ စစ်တပ်ကို ဦးဆောင်ပြီး ခေါ်သွားတဲ့အခါမှာ မျှော်လင့်မထားဘဲနဲ့ ရှေးအတိတ်ကာလ တစ်ခုထဲကို ရောက်သွားခဲ့ပါတယ်။

"ဥက္ကဋ္ဌကြီးအနေနဲ့ အလွန် ရှေးကျတဲ့ ကမ္ဘာဦးကာလ တစ်ခုထဲကို ပြန်ဝင်သွားတာပါ။ အဲဒီ ကမ္ဘာထဲမှာက လူဟာ သဘာဝရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်နေပါတယ်။ လူဟာ သူ့ကို ဖန်တီးပေးခဲ့တဲ့ ဖန်တီးရှင်ကို ကောင်းကောင်းကြီး သိနေပါတယ်။ အဲဒီမှာ ဥက္ကဋ္ဌကြီးဟာ အစား မစားရပါဘူး။ အငတ် ခံနေရပါတယ်။ အိပ်တော့ မြေကြီးပေါ် အိပ်ရပါတယ်။

"ဥက္ကဋ္ဌကြီးရဲ့ ကျောကို သစ်ပင်ကြီးတွေမှာ မှီပြီး အနွေးဓာတ် ပေးနေရပါတယ်။ သစ်ခေါက်နဲ့ မြက်တွေ စားလိုက်၊ တိရစ္ဆာန်ငယ်လေးတွေကို စားလိုက်နေရတဲ့ ဘဝပါ။ မိုးနဲ့နေက ဥက္ကဋ္ဌကြီးရဲ့ ရုပ်နဲ့နာမ်၊ စိတ်ဓာတ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးပါတယ်။ နွေရာသီဆိုရင် ပြင်းထန်တဲ့ အပူဒဏ်ကို ဥက္ကဋ္ဌကြီး ခံရပါတယ်။ ဆောင်းရာသီကျတော့ အအေးဒဏ်ပေါ့။ ကျွန်တော်လည်း ဥက္ကဋ္ဌကြီးနဲ့ အတူတူ ခံရတာပဲပေါ့။

"ဒါပေမဲ့လို့ ကမ္ဘာမြေကြီးရဲ့ မြေမျက်နှာပြင်လို့ ခေါ်တဲ့ ရုပ်လောကနဲ့ နာမ်လောက ခွန်အားတွေဟာ ဥက္ကဋ္ဌကြီးကို ရှင်သန်နေအောင် မဖြစ်နိုင်တဲ့ အခက်အခဲတွေက တစ်ဆင့် ပေးနေတာပါ။ အမှန်တော့ ဥက္ကဋ္ဌကြီးရဲ့ သဘာဝပင်ကို စိတ်က လူ့လောကနဲ့ အဲဒီ လောကရဲ့ ဖန်တီးရှင်ဟာ ကမ္ဘာမြေကြီးနဲ့ အဲဒီ ကမ္ဘာမြေကြီးထဲက အရာရာတိုင်းနဲ့ ခွဲခြားလို့ မရနိုင်ဘူးဆိုတာ သိနေပါတယ်။

"အဲဒါကြောင့်မို့လည်း ဥက္ကဋ္ဌကြီးဟာ အားတက်နေတယ်။ ရွှင်လန်းနေတယ်။ နေ့စဉ်နဲ့အမျှ ဥက္ကဋ္ဌကြီးဟာ မိမိရဲ့ စိတ်ကူးယဉ်မှု မိမိရဲ့ အပြုသဘောဆောင်တဲ့ အကောင်းမြင်မှုနဲ့ အနာဂတ် ကာလအတွက် မျှော်လင့်ချက် ထားမှုတွေ အပေါ်မှာ တည်မှီပြီး နေလာခဲ့တယ်။ တရုတ်နိုင်ငံရဲ့ ရိုးသားတဲ့ လယ်သမား

တွေကတော့ ဥက္ကဋ္ဌကြီးရဲ့ နောက်က လိုက်လာကြတယ်။ ဘာကြောင့်လဲ သိလား။ ဥက္ကဋ္ဌကြီးရဲ့ စိတ်ထဲမှာ ကြီးမြတ်မှု ရှိနေတယ်ဆိုတာ သိနေကြလို့ပါ"

မော်သည် ကုလားထိုင်အား မှီ၍ ထိုင်လိုက်သည်။ မျက်လုံးများ ကလယ်ကလယ်နှင့် ဂျေကော့အား ကြည့်နေသည်။ သူ့ ပါးစပ်သည် ပွင့်နေသည်။ စကားပြန်များ၏ မျက်လုံးများနှင့် လူငယ် ကေဒါ၏ မျက်လုံးများသည် ဂျေကော့ဆီ ရောက်လာလိုက် မော်ထံ ပြန်ရောက်သွားလိုက် ဖြစ်လျက်ရှိလေသည်။

"ဒီနေ့ မနက် အရုဏ်တက်ချိန်မှာ ကျွန်တော် ချင်ရှန် တောင်ကုန်းထိပ်ကို တက်သွားပြီး ခန်းမထဲမှာ ထိုင်နေခဲ့တယ်" ဟု ဂျေကော့က ပြောသည်။ "နွေဦးပေါက်ရဲ့ ပန်းပွင့် အသစ်တွေဟာ ပွင့်လိုက်ကြတာ အရမ်းပဲ။ နန်းတော်နဲ့ ခန်းမဆောင်တွေရဲ့ အလှဟာ အရုဏ် အလင်းရောင် အောက်မှာ ထူးထူးခြားခြားကို လှနေပါတယ်။

"ကျွန်တော်ရဲ့ ခံစားမှုတွေကို ဖော်ပြနိုင်စွမ်း မရှိတော့ပါဘူး။ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ခံစားမှုဟာ ပြောပြဖို့ တော်တော်ခက်ပါတယ်။ ဥက္ကဋ္ဌကြီးက ခရီးရှည်ချီတက်ပွဲကြီး အတွင်းက စပ်ထားခဲ့တဲ့ ကဗျာတစ်ပုဒ် ကျွန်တော်ကို ပေးခဲ့ပါတယ်။ အဲဒီကဗျာကို ကျွန်တော်က သိပ်ပြီး တန်ဖိုးထားခဲ့ပါတယ်"

ဂျေကော့သည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ ဆက်ပြောမည်ဆိုပါကလည်း အထူးသတိထား၍ ပြောပါမှ ဖြစ်မည့်စကားများဟု သူ ယူဆနေမိသည် မဟုတ်ပါလား။

"ကံမကောင်းချင်တော့ ထင်ရှား ကျော်ကြားတဲ့ ခေါင်းဆောင်ကြီးတွေအများအပြားဟာ တစ်ကိုယ်ကောင်း သိပ်ဆန်တဲ့ အာဏာ ရယူလိုမှု တစ်ခုတည်းကြောင့် မျက်မမြင်တွေလို ဖြစ်ကုန်ရတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ သဘာဝ အသိဉာဏ်က ခင်ဗျားကို လွတ်လပ်စွာ ပြောပြနေခဲ့တာပါ။ ခင်ဗျား ကိုယ်တိုင် "တရုတ် ပြည်သူတွေရဲ့ စိတ်ကို ထိတွေ့စေနိုင်တဲ့ စကားတွေ" ကို မကြာခဏ ပြောနိုင်ဖို့ ကြိုးစား နေတာပါ။

"ခင်ဗျားအနေနဲ့ လူသားတွေရဲ့ သဘာဝကို အကောင်းဆုံးဘက် ရောက်လာအောင် ပြုပြင် ပြောင်းလဲပစ်ဖို့ ကြိုးစားခဲ့ပြီးပါပြီ။ လူတွေကို တစ်ကိုယ်ကောင်း မဆန်ဘဲ မိမိ ကိုယ်ကျိုးတွေ အားလုံးကို စွန့်လွှတ်တဲ့ ဘဝတစ်ခု ထူထောင်ဖို့လည်း တိုက်တွန်း ပြီးခဲ့ပါပြီ။ ခရီးရှည် ချီတက်ပွဲကြီးမှာတုန်းက ကိုယ်ကျိုးတွေ စွန့်အောင် လုပ်ပေးခဲ့သလိုပေါ့။

"လွန်ခဲ့တဲ့ အနှစ်လေးဆယ်အတွင်းမှာ ဥက္ကဋ္ဌကြီးဟာ အကောင်းဆုံးနဲ့ အမြင့်ဆုံး မျှော်မှန်းချက်တွေကို ထားနေသူတွေရဲ့ အပေါ်မှာ ရှိနေအောင် နေနိုင်ဖို့ ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဥက္ကဋ္ဌကြီးရဲ့ တိုက်တွန်း နှိုးဆော်မှုတွေနဲ့ ဆိုဆုံးမမှု

တွေဟာ လူတန်းစား တိုက်ပွဲ ပျက်သုဉ်းသွားရေးကို အမြဲတစေ ရှေးရှုခဲ့ပြီး တော်လှန်ရေးရဲ့ ရုပ်ပစ္စည်း လိုအပ်ချက်တွေကို ရရှိဖို့ အားထုတ်နေခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

"ဥက္ကဋ္ဌကြီးဟာ ချစ်ခြင်းမေတ္တာနဲ့ နားလည်မှုတွေအစား ပဋိပက္ခတွေ မုန်းတီးမှုတွေနဲ့ ရက်စက်မှုတွေကို သင်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့ လူမျိုးတွေ ကြားမှာ စိတ်ပိုင်းဆိုင်ရာ အားနည်းချက်တွေ တည်ရှိလာအောင် ဖန်တီးတည် ဆောက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဒါပေမဲ့ တစ်နေ့ကျရင် အဲဒီ လူတွေဟာ သူတို့ရဲ့ ကိုယ်ပိုင် စိတ်ပိုင်းဆိုင်ရာတွေကို သူတို့အသိနဲ့ သူတို့ ပြန်လည် တည်ဆောက်ပြီး အားဖြည့်သွားကြမှာ သေချာပါတယ်"

ဂျေကော့သည် စကားကို ဆက်မပြောသေးဘဲ ရပ်ထားပြန်သည်၊ အသက်ကို မှန်မှန်ရှူကာ နားနေသည်။ ထို့နောက် "ကျွန်တော်ကတော့ တစ်ကိုယ်ကောင်း မဆန်တဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ လူသားတွေ စိတ်ဓာတ်အမှန်ကို သိနားလည်နေတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ ထွက်ပေါ် မလာမချင်း ထာဝရ တည်မြဲမယ့် ပြောင်းလဲမှုတွေဟာ တရုတ်နိုင်ငံမှာရော ကမ္ဘာရဲ့ တခြားနေရာတွေမှာပါ ဖြစ်ပေါ် တည်ရှိလာလိမ့်မယ်လို့ မယုံကြည်ဘူး။ ကမ္ဘာရဲ့ နေရာတိုင်းမှာ ရှိနေကြတဲ့ လူတွေဟာ အဲသလို ခေါင်းဆောင်မျိုးတွေကို တမ်းတနေကြပါတယ်။ သူတို့ရဲ့ မျှော်လင့် စောင့်စားမှုဟာ အချိန်တန်ရင် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ထင်တယ်" ဟု ပြောသည်။

ဂျေကော့ စကားအဆုံးတွင် အခန်းထဲ၌ ငြိမ်ဆိတ်သွားသည်။ မော်၏ ပါးစပ်သည် ဟလျက်။ သူ့ မျက်နှာတွင် ဂျေကော့ ပြောသည့် စကားများအား ကြားဟန်လည်း မပြ။ နားလည်ဟန်လည်း မပေါ်။ ထို့နောက် သူ့ လည်ချောင်းထဲမှ မပီမသ မသဲမကွဲ အသံတစ်သံ ထွက်လာသည်။

သူသည် သူ့ လက်များဖြင့် ကုလားထိုင်၊ လက်တန်းများအား ကိုင်ကာ အားယူပြီး ထဖို့ကြိုးစားသည်။ သူ့ပါးစပ်မှ ဘာမှန်း မသိ၊ မသဲကွဲသော အသံတစ်သံ ထွက်လာပြန်သည်။ သူ့နောက်၌ ရပ်နေကြသော သူနာပြုဆရာမ နှစ်ဦးသည် သူ့ထံသို့ ခပ်သွက်သွက် လျှောက်လာကြသည်။ တဖြည်းဖြည်းနှင့် မော်၏ လှုပ်ရှားမှုများသည် ပြန်၍ ငြိမ်သွားသည်။ မော်သည် ပြတင်းပေါက် ဆီသို့ လှမ်းကြည့်နေပြန်သည်။

တိတ်ဆိတ်ငြိမ်သက်မှုသည် ပြန်လည် ဝင်ရောက်လာပြန်၏။ ထို့နောက် မော်၏ ဘယ်ဘက်၌ ထိုင်နေသော လူငယ် ကေဒါသည် သူ့ကုလားထိုင်မှ ထလာသည်။ သူသည် ဂျေကော့ဘက် လှည့်၍ ကဗျာကယာ လက်ပြသည်။ တွေ့ဆုံပွဲ

ပြီးဆုံးပြီဟု အရိပ်လက္ခဏာ ပြလိုက်ခြင်း ဖြစ်၏။ သူသည် ဂျေကော့အား အပြင်သို့ လိုက်ပို့သည်။

ကားဆီသို့ လျှောက်လာ နေခိုက်တွင် ဂျေကော့သည် နောက်သို့ တစ်ချက်မျှ လှည့်ကြည့်သည်။ စကားပြန်များနှင့် သူနာပြု ဆရာမများသည် မော်အား တွဲ၍ အခန်းထဲမှ ထုတ်သွားရန် အားထုတ်နေကြသည်။ မော်သည် သူတို့လူစုအား ဖက်တွယ်ကာ လိုက်ပါသွားရန် ကြိုးစားလျက်ရှိ၏။ ဂျေကော့ ကားထဲ မဝင်မီ ကျယ်လောင်သော အသံတစ်သံ ထပ်၍ ကြားရပြန်သည်။ အသံမှာ မသဲမကွဲ။

***

၉

ကာဒို၏ တစ်ကိုယ်လုံး ချွေးတွေဖြင့် စိုရွှဲနေသည်။ သူ့နောက်မှ ခြံဝင်းတံခါးအား ပိတ်နေသော သူ့မျက်နှာတွင် သောကရိပ်များ လွှမ်းလျက်ရှိ၏။ သူသည် အိမ်ထဲသို့ ကပျာကယာ ဝင်သွားသည်။ အိမ်ထဲတွင် သူ့မိန်းမ အိုင်ပင်းသည် အေးစက်နေသော ဟင်းသီးဟင်းရွက်ကြော် တစ်ပွဲကို သယ်၍ ထမင်းစားစားပွဲပေါ် တင်နေသည်။ ကာဒိုသည် ရေချိုးခန်းထဲ ဝင်၍ မျက်နှာ မသစ်မီ အခန်းဝ၌ တွေ့ရသော သူ့မိန်းမအား လှမ်း၍ နှုတ်ဆက်သည်။

ဇူလိုင်လ၏ စွတ်စို၍ အေးစက်စေးထိုင်းသော အပူသည် သူ့လက်တိုအင်္ကျီအား ချွေးတစိုစို ဖြစ်စေသည်။ ထို့ကြောင့်လည်း သူသည် စားပွဲ၌ ဝင်မထိုင်မီ အင်္ကျီအား ကပျာကယာ လဲလိုက်သည်။ အနီးရှိ အခန်းထဲမှ သူ့သားမင်း ပြေးထွက်လာပြီး သူ့အား နှုတ်ဆက်သည်။ သူက သူ့သား၏ ခေါင်းအား ချစ်စနိုးဖြင့် ပုတ်ခတ်၍ နှုတ်ဆက်ပြီးသော် စားစရာ ရှိသည်များကို ရေကြီးသုတ်ပျာ စားနေသည်။

"ရှင့် ကြည့်ရတာ စိတ်ပူနေသလိုပဲ ကာဒို" အိုင်ပင်းသည် ကာဒိုနှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်ပြီး သူမ၏ သားကို ပေါင်ပေါ်ဆွဲတင်ကာ မေးသည်။ "ဘာများ ဖြစ်လာလို့လဲ"

"အားလုံးဟာ အဆိုးကနေပြီး အဆိုးဆုံးကို သွားနေတယ်" ကာဒိုသည် အစားကို လျင်မြန်စွာ စားရင်းက ပြန်ပြောသည်။ "ဒီနေ့ပဲ ဝုဟန်မှာ ဘဏ်နှစ်ခုကို ဓားပြတိုက်သွားပြန်ပြီ။ ကွမ်တန် ပြည်နယ်ထဲက အထည်စက်ရုံအလုပ်သမားတွေလည်း သပိတ်မှောက် နေကြပြန်ပြီ။ တီအင်ဆင်းမှာလည်း လမ်းသရဲဂိုဏ်းတွေ အချင်းချင်း တိုက်ကြခိုက်ကြ ပြန်ပြီ"

"ရှင့် အလုပ်ဆီ ချက်ချင်း ပြန်ရတော့မှာလား"

"အေး၊ ဟုတ်တယ်" ကာအို က ခေါင်းညိတ်သည်။ "ငလျင်တိုင်း ဗျူရိုက ဒီမွန်းလွဲပိုင်းမှာ စိတ်ပူစရာ အစီရင်ခံစာတွေ ဝင်လာနေတယ်။ အားလုံးထဲမှာ အဲဒီ ကိစ္စက စိတ်ပူစရာ အကောင်းဆုံး ဖြစ်နေတယ်"

"မြေငလျင်ဗျူရို ဟုတ်လား" အိုင်ပင်း၏ လေသံသည် သောကရိပ် လွှမ်းနေသည်။ "အစီရင်ခံစာတွေက ဘာပြောထားလဲ ဟင်"

ကာအိုက သူ့ မိန်းမအား လှမ်းကြည့်သည်။ "မကြာခင်မှာ ငလျင်ကြီး တစ်ခု လှုပ်လိမ့်မယ် တဲ့"

"ဘယ် အပိုင်းမှာလဲ ကာအို"

"ဒီဘက်ဒေသ အရှေ့မြောက်ပိုင်းမှာ ဖြစ်မယ် ထင်တယ်။ ဒီသတင်း ဘယ်သူ့ကိုမှ ပြောလို့ မဖြစ်ဘူး။ မင်း နှုတ်လုံမှဖြစ်မှာ၊ ရှန်တန် ပြည်နယ်မှာ ရွာတွေ အများအပြားဟာ ပလိပ်ရောဂါဒဏ် ခံနေရတယ်။ ပြီးခဲ့တဲ့ အပတ်ထဲက ကြွက်တွေနဲ့ မြွေတွေ သောင်းကျန်းလို့ ဒုက္ခ သိပ်ရောက်ခဲ့ကြတယ်"

"လီယာအိုနင်နဲ့ ဟိုပါ ဘက်မှာဆိုရင်လည်း ရေကန်တွေနဲ့ မြစ်တွေထဲမှာ ငါး အသေတွေ သောက်သောက်လဲ ဖြစ်နေသတဲ့။ ဒီဟာတွေအားလုံးဟာ ဓာတု ဝတ္ထုပစ္စည်းတွေ အပြောင်းအလဲ ဖြစ်မှုကြောင့် မြေအောက်တွေမှာ အပူချိန်တွေ ပြောင်းကုန်ပုံရတယ်။ အဲဒီ ပြောင်းလဲမှုတွေဟာ ငလျင်တွေ လှုပ်လာတတ်တယ်"

သူ့မိန်းမ မျက်နှာသည် ထိတ်လန့်ခြင်းကို ဖော်ပြနေသည်။ "လူတွေကို ကြိုတင် သတိပေးဖို့ ဘာမှ လုပ်မထားဘူးလား"

ကာအိုက ခေါင်းခါသည်။ "ခေါင်းဆောင်မှုဆိုတာက မလိုအပ်တဲ့ ထိတ်လန့်မှုတွေ မဖြစ်စေချင်ကြဘူး။ မရေရာမှုတွေက သိပ်များတော့ အခြေအနေ တွေက ဆိုးလာတာပဲ"

အိုင်ပင်းသည် ကာအို စားနေသည်ကို ကြည့်ကာ ငြိမ်နေသည်။ ထို့နောက် ဘေးတစ်ဖက်ရှိ စားပွဲငယ် တစ်လုံးပေါ်၌ တင်ထားသော ကြိုးနှင့် ချည်ထားသည့် အညိုရောင် စက္ကူထုပ် တစ်ထုပ်အား လက်ညှိုး ထိုးပြသည်။ "အဲဒီ ပါဆယ်ထုပ် ဒီနေ့ နေ့ခင်း ရောက်လာတာ။ လိပ်စာက ရှင့်လိပ်စာဆိုပေမဲ့ ရေးထားတဲ့စာက "မင်း အတွက်" တဲ့။

ကာအိုက ခေါင်းညိတ်သော်လည်း အိုင်ပင်း စကားတွင် စိတ်ဝင်တစား ရှိပုံ မရ။ သူ စားလက်စကိုသာ ဆက်စားနေသည်။ စားသောက်ပြီးခါမှ ထိုင် နေရာမှ ထကာ စားပွဲငယ်ထက်မှ ပါဆယ်ထုပ်အား သွားယူသည်။ ပါဆယ် ပေါ်မှ စာကို မြင်သောအခါ သူသည် စဉ်းစားရ ခက်နေဟန် ပြသည်။ သူသည် ပါဆယ်ထုပ်အား ဖွင့်သည်။ အတွင်းမှ အနက်နှင့် အဖြူရောင် ပန်းဒါ ဝက်ဝံရုပ် ကလေး ထွက်လာသည်။ အဖြူရောင် စာအိတ် တစ်လုံးကိုပါ မြင်ရသည်။

စာအိတ်ထဲမှ တရုတ်ဘာသာဖြင့် ရေးထားသော စာတစ်စောင် ထွက်လာသည်။
စာမှာ. . .

ချစ်သောကာအို

ကျေးဇူးပြုပြီး ဒီအရုပ်ကလေးကို မင်း အတွက် လက်ခံပါ။ မေတ္တာစေတနာ အပြည့်နဲ့ ပေးလိုက်တာပါ။ ဆယ်နှစ်တာ ကာလအတွင်းမှာ တစ်ခါမှ မတွေ့ခဲ့ရတဲ့ အေဘီဂေးလ်ရဲ့ အဖေကို မကြာသေးခင်က ပီကင်းကို ရောက်လာလို့ ပထမဆုံး အကြိမ် တွေ့ခဲ့ရတယ်။

အဖေက ပြောတယ်။ သူ ကာအိုဆီကို အလည် ရောက်ခဲ့တယ်၊ မင်း နဲ့လည်း သူ ခဏ္တခဏ တွေ့ခဲ့တယ်လို့ ပြောသွားတယ်။ ကာအို ဘယ်မှာ နေတယ်ဆိုတာ သူ ပြောပြလို့ သိခဲ့ရတာ။ အေဘီဂေးလ်ကတော့ အခု နိုင်ငံခြား ဘာသာသင်သိပ္ပံ အင်စတီကျူမှာ စာသင်ဆရာမ လုပ်နေတုန်းပဲ။

အဖေနဲ့ ထပ်တွေ့တော့ သူ့ဆီက ကာအို သတင်းရတယ်။ ကာအို အိမ်ထောင်ကျနေပြီ။ သားလေး တစ်ယောက် ရနေတယ်တဲ့။ အချိန်တန်လာရင်တော့ မင်းနဲ့ ရှင့်ဇနီးဆီ ရောက်လာမှာပါ။ ကျွန်မ သူတို့နဲ့ တွေ့ဖို့ ဖြစ်လာနိုင်စရာ ရှိပါတယ်။ အခုဆိုရင် ကျွန်မ ရင်ထဲမှာ သူတို့နဲ့ တွေ့ချင်တဲ့ ဆန္ဒဟာ သိပ်ပြင်းပြနေပါတယ်။ ရှင်တို့ မိသားစု အားလုံး နေကောင်းကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်နေပါတယ်။

အလွန်စိတ်ရင်းမှန်စွာဖြင့်
အေဘီဂေးလ် ကယ်လ်နာ

ကာအိုသည် စာကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ကြေမွသွားသည်အထိ လက်ဖြင့် ခြေမွ ဆုပ်ကိုင်ပြီး အနီးရှိ အမှိုက်ခြင်းထဲသို့ ပြစ်ထည့်ရန် တာစူလိုက်သည်။

"ဘယ်သူ့ဆီက ပါဆယ်လဲ" ဟု သူ့မိန်းမက လှမ်းမေးသည်။

ကာအိုသည် ချက်ချင်း သူ့ကိုယ်သူ သတိထား၍ ထိန်းကာ စာကို ခြင်းထဲသို့ လွှင့်မပစ်တော့ဘဲ သူ့ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ နိုင်ငံခြားဘာသာသင် အင်စတီကျူမှာ စာသင်နေတဲ့ အင်္ဂလိပ်ဆရာမ တစ်ယောက်ဆီက စာပါ။ သူနဲ့ သူ့အဖေတို့က ကိုယ့်အမေနဲ့ ရင်းနှီးခဲ့တာ ကြာပြီ။ သူ့အဖေက ကိုယ်တို့ဆီကို ပြီးလထဲက အလည် လာဖူးတယ်၊ မှတ်မိလား"

"မင်းဆီ လက်ဆောင်ပို့တာ သိပ်ပြီး ကျေးဇူးတင်စရာ ကောင်းတယ်"

"လက်ဆောင်က အရေးမပါပါဘူး" ဟု ကာဒိုက ကြားဖြတ်ပြောသည်။ "နိုင်ငံခြားသားတွေဆီက ဒီလို လက်ဆောင်မျိုးတွေ တို့ရဖို့ မလိုပါဘူး။ အခု ချက်ချင်း လွှင့်ပစ်ရင် ဖြစ်တယ်"

ကာဒိုသည် အရုပ်အား လှမ်းယူပြီး စက္ကူဘူးထဲသို့ ပြန်ထည့်ရန် စီစဉ်သည်။ သို့သော်လည်း သူ့သားငယ် မင်းက သူ့အမေ ပေါင်ပေါ်မှ ခုန်ဆင်းလာပြီး ကာဒို့ လက်ထဲမှ ပန်ဒါ အရုပ်အား ဆွဲလုကာ သူနှင့် လက်တစ်ကမ်းအကွာ၌ ထား၍ စကား ပြောနေသည်။

"အရုပ်ကို လွှင့်ပစ်ဖို့ မလိုပါဘူး ကာဒိုရယ်" ဟု အိုင်ပင်းက လေအေးဖြင့် ပြောသည်။ "ရှင့်သား မင်းက အရုပ်ကို သဘောကျနေပုံ ပေါ်တယ်"

ကာဒိုသည် ဝက်ဝံရုပ်နှင့် ကစားနေသော သူ့သားအား တစ်ချက်မျှ ငေးကြည့်နေသည်။ ထို့နောက် ခေါင်းတစ်ချက်မျှ ဆတ်ကာ သူ စောစောက ပစ်ချထားခဲ့သော လက်ဆွဲအိတ်ကို ကုလားထိုင်ပေါ်မှ ပြန်ယူပြီး သူ့ လက်ပတ်နာရီအား ကြည့်သည်။ "ကို ချက်ချင်း ပြန်သွားမှဖြစ်မယ်" ဟု ရေရွတ်သည်။ "တကယ်လို့ ကို အိမ်အပြန် နောက်ကျရင် စိတ်မပူနဲ့"

သူသည် သူ့သား၏ ဆံပင်အား ချစ်စနိုးဖြင့် လက်ဖြင့် ထိုးဖွလိုက်ပြီးသော် ပူအိုက်လွန်းလှသည့် အပြင်ဘက် နေဝင်ဆည်းဆာဆီသို့ ထွက်သွားသည်။ အပြင်ဘက်တွင် လေသည် ငြိမ်လျက်ရှိ၏။ ညစ်ပတ်ပေရေလျက်ရှိသော ပလက်ဖောင်းများပေါ်၌ ထွက်ရပ်နေကြသော မိသားစုများနှင့် ကလေးသူငယ်များအား သတိထား၍ ရှောင်တိမ်းကာ ကာဒိုသည် သူ့ခရီးကို ဆက်ခဲ့သည်။

သူသည် အကြိမ်ပေါင်းများစွာ ပြည်သူ့ လွတ်မြောက်ရေးတပ်မှ စစ်သားများအား ကျော်ဖြတ်လာနေရ၏။ စစ်သားများသည် လုံ့ခွပ်တပ် နိုင်ဖယ်သေနတ်များ ကိုင်ကာ လမ်းများပေါ်၌ နှစ်ယောက်တစ်တွဲ ကင်းလှည့်နေကြခြင်း ဖြစ်သည်။ စစ်သားများ၏ လှုပ်ရှားမှုများသည် တင်းမာလျက်ရှိသော အခြေအနေ တစ်ရပ်ကို ဖော်ပြနေခြင်းပေတည်း။

လမ်း၏တစ်ဝက်သို့ အရောက်တွင် ကာဒိုသည် ကျောင်းငယ် တစ်ကျောင်း၏ ဂိတ်တံခါးဆီသို့ ချိုးဝင်ကာ တံခါးကိုဖွင့်၍ အတွင်းသို့ ဝင်လာခဲ့သည်။ သူသည် ညစ်ပတ်ပေရေလျက် ရှိနေသော ကစားကွင်း၏ ထောင့်တစ်ခုဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကာ မြေအောက်သို့ ကွန်ကရစ် လှေကားအတိုင်း ဆင်းလာခဲ့သည်။ တံခါးတစ်ခုရှေ့ ရောက်သည့်အခါ သူသည် အိတ်ကပ်ထဲမှ သော့တစ်ချောင်း ထုတ်ယူပြီး သံမဏိတံခါးအား ဖွင့်သည်။

သူသည် သံမဏိတံခါးအား သော့ခတ်၍ ပိတ်ပြီးသော် အုတ်လှေကား အတိုင်း ဆက်၍ဆင်းလာသည်။ လမ်းခရီးသည် နှစ်ဆယ့်ငါးပေမျှ ရှည်လျား၍ ယင်း ခရီးဆုံးသွားသည့်အခါ ပီကင်းမြို့တော်၏ မြေအောက်သို့ ရောက်သည့် မိုင်ပေါင်းများစွာ ကွာဝေးသော ခရီးကို ဆက်လျှောက်လာခဲ့လေ၏။

သူသည် အမြင့်ရှစ်ပေ၊ အကျယ်ငါးပေရှိ ဥမင်လိုဏ်ခေါင်း လမ်းအတိုင်း သက်သောင့်သက်သာပင် လျှောက်လာခဲ့သည်။ ကာအိုသည် တားမြစ် မြို့တော်၏ နံရံများနှင့် ကျုံးအောက်ရှိ ဥမင်လမ်းအတိုင်း ချမ်နန်ပေးဆီသို့ ဦးတည်၍ လျှောက်လာခဲ့သည်။

အပြင်ဘက်နှင့် ယှဉ်လိုက်သည့်အခါ ဥမင်လမ်းအတွင်းမှ လေသည်ပုံ၍ အေးသည်။ လမ်းတစ်လျှောက်တွင် ဆယ်ကိုက်အကွာ ရောက်တိုင်း မီးလုံး တစ်လုံး ထွန်းထားသဖြင့် လင်းလင်းချင်းချင်းရှိ၏။ သူသည် မီးဖိုခန်းများ၊ ဆန် သိုလှောင်ရာ စတိုခန်းများ၊ လက်နက်ရုံများ၊ ခဲယမ်းမီးကျောက်များ သိုလှောင်ရာ အခန်းများ၊ ဂျင်နရေတာ စက်များနှင့် လေသန့်စက်များ ထားရာ အခန်းများ၏ ဝင်ပေါက်များ ရှေ့မှ ဖြတ်သန်း လာနေရလေသည်။

ရံဖန်ရံခါတွင် သူသည် ဥမင်လမ်း တစ်ပိုင်းနှင့်တစ်ပိုင်း ဆက်ရာ တံခါးများအား ဖွင့်ရန် ခဏတစ်ဖြုတ် ရပ်နေရသည်များ ရှိ၏။ မိနစ်အနည်းငယ် ကြာသွားတိုင်းလည်း သူ့အား စစ်ဆေးသည့် စစ်သားတစ်ယောက်နှင့် ဆုံမိသည်။ အမှန်တော့ ဤနေရာ တစ်ခုလုံးကို တရုတ်နှင့် ရုရှားတပ်များ ယဉ်ကျေးမှု တော်လှန်ရေး အမြင့်ဆုံး ရောက်သွားချိန်က တရုတ်နှင့် ရုရှားတပ်များ ယူဇူရီမြစ် အနီး၌ တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ရှစ်နှစ်တာ ကာလအတွင်း တူးဖော်ခဲ့ကြ ခြင်း ဖြစ်ပေသည်။

ကာအို၏ ခြေထောက်များအောက် နောက်ထပ် ပေသုံးဆယ် အကွာတွင် ဒုတိယ ဥမင်လိုဏ်ခေါင်းလမ်း တူးဖော်ထားသည်။ ထိုနေရာတွင် စစ်တပ်နှင့် ပြည်သူ့စစ်များ အသုံးပြုနိုင်ရန် ဘန်ကာခေါ် ကတုတ်ကျင်းများ ဆောက်လုပ် ထားသည်။ ဥမင်လမ်းများ အားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်ထား၍ ပီကင်း ဆင်ခြေဖုံး၏ အခြားတစ်ဖက်ရှိ တောင်ကုန်းများ အတွင်းမှ သတ်မှတ်ထားသည့် ပွိုင့်များဆီသို့ ရောက်သွားနိုင်သည်။

ဆောက်လုပ်ထားပုံများသည် ထိုမျှသာ မကသေး။ မြေအောက်တွင် နိုးရိုး ကားများနှင့် ထရပ်ကားများ မောင်းနှင် သွားလာနိုင်သည့် ကားလမ်းကျယ် ကြီးလည်း ဖောက်ထားသည်။ ထိုလမ်းသည် ပါတီခေါင်းဆောင်များနှင့် သူတို့၏ ကိုယ်ရံတော်များ လူမြင်သူမြင် မခံလိုသည့်အခါ ပါတီ အစည်းအဝေးများဆီ သွားရာ ပြန်ရာလမ်း ဖြစ်လေသည်။ ကာအို အဖို့ကတော့ ထိုလမ်းမနှင့်သာမဏ

ဥမင်လိုဏ်ခေါင်းလမ်းများ နှင့်ပါ နေ့စဉ် ဝင်ထွက် သွားလာနေရသဖြင့် နံ့နံ့စပ်စပ် အကျွမ်းတဝင် ရှိသည်။

သူသည် ဥမင်လမ်းအတိုင်း လျှောက်သွားနေစဉ်အတွင်း သဘာဝ အတိုင်း မဟုတ်သော နေရာများအား စိတ်ထဲမှ ကျိတ်၍ သတိရနေသည်။ ထိုနေရာများ၏ စာရင်းကို မြေလျှောင် တိုင်းတာရေး ဗျူရိုသို့ သူ မပို့၍ မဖြစ်။ သူသည် သူ့ခေါင်းအထက်ရှိ ခေါင်မိုးနိမ့်နိမ့် နေရာတချို့အား မှတ်သား လာခဲ့ သည်။

ထိုအခိုက်မှာပင် ပုံမှန်အားဖြင့် ဥမင်လမ်း ပတ်ဝန်းကျင် တစ်ခုလုံးအား အကာအကွယ် ပေးနိုင်နေသည့် နေရာ တစ်နေရာသည် အခြေမခိုင်သည့် အရိပ် လက္ခဏာ ပြလာသည်။ ကာဒိုသည် ရင်ထဲတွင် စိုးရိမ်စိတ် ဝင်ကာ အထူး လေ့ကျင့် သင်ကြားပေးထားသည့် အမှတ် ၈၃၄၁ လုံခြုံရေး တပ်ခွဲရှိ စစ်သား များ၏ စုရပ်သို့ ကဆုန်စိုင်း၍ ပြေးသည်။ စစ်သားများ ရပ်နေသည့် နေရာမှာ ဓာတ်လှေကားများ ပတ်ပတ်လည်၌ဖြစ်၏။ ထိုနေရာရောက်လျှင် ဓာတ်လှေကား များက သူ့အား ချမ်းနန်ပေး၏ အလယ်ဗဟိုရှိ ချန်ချင်း အိမ်တန်းလျားများဆီ ပို့ပေးလိမ့်မည် မဟုတ်ပါလား။

***

၁၀

ပြည်သူ့ မဟာခန်းမဆောင်ကြီး ထဲတွင် မာရှယ် လု ချီယာအိုသည် အရောင်တဖိတ်ဖိတ် ထနေအောင် တိုက်ထားသည့် စားပွဲကြီး၏ ပတ်ပတ်လည်အားကြည့်နေသည်။ ထိုစားပွဲ၌ တရုတ်နိုင်ငံ၏ ထိပ်သီး စစ်ခေါင်းဆောင် ဒါဇင်ဝက်သည် ထိုင်နေကြသည်။ အားလုံးသည် တံဆိပ်မပါသော ပြည်သူ့လွတ်မြောက်ရေး တပ်၏ သံလွင်ရောင် ချည်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်။ ဆံပင်တွေ ဖွေးဖွေးလှုပ်နေကြသည့် ဦးခေါင်းများအား မြင်ရုံမျှဖြင့် နိုင်ငံ၏ အသက်အကြီးဆုံးနှင့် ရာထူး အမြင့်ဆုံးသော ပုဂ္ဂိုလ်များဖြစ်သည်မှာ သိသာလျက် ရှိလေသည်။

သူတို့ လူစုထဲတွင် တစ်ဦးသော သူမှာ အသက် ငါးဆယ်တွင်း အရွယ်ဖြစ်၍ ကေဒါ အရပ်သား ကျူနစ်အင်္ကျီနှင့် ဘောင်းဘီ ဝတ်ထားသည်။ သူသည် စစ်အရာရှိကြီးများ ကြား၌ စိတ်မသက်မသာဖြစ်ခြင်းကို ဖော်ပြလျက်ရှိ၏။ စိတ်လှုပ်ရှားသော မျက်နှာဖြင့် စီးကရက် တစ်လိပ်အား ဖွာရင်း သူ့ ရှေ့ရှိ စားပွဲပေါ်မှ စာရွက်များအား ကြည့်၍ ပြောနေသည့် စကားများကို နားထောင်လျက်ရှိလေသည်။

“ဘဏ် ဓားပြတိုက်မှုတွေ၊ စက်မှုအလုပ်သမား သပိတ်တွေနဲ့ လမ်းတွေပေါ်မှာ ဥပဒေမဲ့ ရမ်းကားမှုတွေဟာ တရုတ် ပြည်သူ့သမ္မတ နိုင်ငံတွင်းမှာကျွန်တော်တို့ ရင်ဆိုင် နေကြရတယ်” ဟု ချီယာအိုက ပြောနေသည်။ “ဒီအဖြစ်တွေ အားလုံးဟာ နိုင်ငံရဲ့ အရေးကြီးတဲ့ ပြဿနာတွေ ဖြစ်နေခြင်းကို ပြနေတာပဲ၊ မြို့ကြီးပြကြီးတွေနဲ့ တောပိုင်းတွေမှာ မငြိမ်သက်မှုတွေ ရှိနေတယ်ဆိုတဲ့ သတင်းတွေဟာ နေ့စဉ်ရောက် လာနေတယ်။ ပိုဆိုးတာ တစ်ခုက တခြားမဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီ အတွင်းက ရောက်လာတဲ့ သတင်းပဲ။

ရဲဘော်တို့ ကျွန်တော်တို့ကို သဘာဝ ဘေးအန္တရာယ်ကြီး တစ်ခုက ခြိမ်းခြောက်တာ ခံနေရပြီ"

ချီယာအိုသည် ခဏမျှ ရပ်နားကာ သူ့ရှေ့ စားပွဲပေါ်မှ စာရွက် တစ်ရွက်အား လှမ်းကြည့်နေသည်။ "လျှော် ငလျင် တိုင်းတာရေး ဗျူရိုကို ရောက်လာတဲ့ အစီရင်ခံစာတွေ ရဆိုရင် အရှေ့မြောက်ဒေသ တစ်လျှောက်လုံးမှာ အလွန် ကြီးမားတဲ့ ငလျင်ကြီး တစ်ခု လှုပ်လာမယ့် အခြေအနေ ရှိနေတယ်"ဟု ပြောသည်။ "အဲဒီ အစီရင်ခံစာတွေဟာ အိမ်မွေးတိရစ္ဆာန်တွေနဲ့ တောထဲက အရိုင်းတိရစ္ဆာန်တွေရဲ့ သဘာဝမကျတဲ့ လှုပ်ရှားမှုတွေနဲ့လည်း ဆက်စပ် ပတ်သက်နေတယ်"

"အဲဒါက မြေငလျင်နဲ့ ပတ်သက်လို့ ရှေးမိုး အစဉ်အလာက ကြိုတင် နိမိတ်ဖတ်ကြတဲ့ နည်းတစ်နည်းပဲ။ ရှေးမိုးရာ ဓလေ့ထုံးစံကတော့ မြွေတွေ အုံနဲ့ ကျင်းနဲ့ ထွက်လာပြီး နွားတွေ ကျွဲတွေကို တစ်ခါတည်း သေအောင် တုပ်တာ၊ ဝက်တွေ သူတို့ ဝက်ခြံတွေထဲက ခုန်ထွက်ပြီး အရူးအမူး ထွက်ပြေးတာ၊ ယာခြံမှာ မွေးထားတဲ့ ကြက်တွေဘဲတွေ တောအုပ်ထဲ ပျံပြေးကြတာ။ အဲဒါတွေ ဖြစ်လာရင်း မြေငလျင် လှုပ်မယ့် ရှေ့ပြေး နိမိတ်တွေလို့ ဆိုကြတယ်"

ချီယာအိုသည် စကားကိုဖြတ်၍ ရပ်ထားပြန်ပြီး စားပွဲမှ လူများအား တစ်ချက် ဝေ့ကြည့်သည်။ "ရဲဘော်တို့လည်း သိကြမှာပါ၊ ပါတီခေါင်းဆောင်တွေကြားမှာ မကျေလည်မှုတွေက ရှိနေတော့ ဒီပြဿနာနဲ့ ပတ်သက်လို့ အရေးယူမှုက နှေးကွေး နေပါတယ်" ဟု ဆက်ပြောသည်။ "အဲဒါကြောင့် ဒီအစည်းအဝေးကို အခုလို ခေါ်ရတာပါ"

သူသည် အရပ်သား တစ်ဦးဘက် လှည့်၍ကြည့်သည်။ "ရဲဘော် ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား၊ အခု ဒီအစည်းအဝေးမှာ ရောက်နေကြတဲ့ ဗိုလ်ချုပ်တွေရဲ့ စိတ်သဘောထား ဘယ်လို ရှိနေတယ်ဆိုတာ နားထောင် ပေးမယ်ဆိုရင် ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ရပါလိမ့်မယ်"

ဟွာ ကို-ဖုန်းသည် ခေါင်းတစ်ချက် ညိတ်ပြသည်။ သူသည် ချထားသော မျက်လွှာကို ပင့်၍ မကြည့်။ ဧပြီလ အတွင်းကမှ ကွန်မြူနစ်ပါတီ၏ ဒုတိယ ဥက္ကဋ္ဌကြီး အဖြစ်နှင့် နိုင်ငံတော်ကောင်စီ၏ ဝန်ကြီးချုပ် အဖြစ် အရွေး ခံထားရသော ဤပုဂ္ဂိုလ်သည် စကားပြန် မပေးဘဲ နှုတ်ဆိတ်နေမည့် လက္ခဏာ ပြနေသည်။ ထိုအထာကို ရိပ်မိသွားသော ချီယာအိုသည် တလေးတစား အသံဖြင့် ပြောလက်စ စကားကို ဆက်သည်။

"ရဲဘော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား. . .၊ ဥက္ကဋ္ဌကြီး မော်စီ-တုန်းရဲ့ ကျန်းမာရေးနဲ့ ပတ်သက်လို့ သတင်းမှန် အတိအကျကို ပေးနိုင်မလားဆိုတာ

သိပါရစေ။ အဲသလို ဆိုရင် ကျွန်တော်တို့ စိတ်မှာ ရှိနေသမျှ ခံစားမှု အားလုံးကို ပိုပြီး သိသာ ထင်ရှားအောင် ဖော်ပြနိုင်စရာ ရှိပါတယ်"

ဟွာ ကို-ဖုန်းသည် နောက်ဆုံးတွင် မျက်လွှာများကို ပင့်ကြည့်သည်။ မျက်နှာတွင် စိုးရိမ်မကင်း ဖြစ်မှုသည် ပေါ်လွင်လျက် ရှိ၏။ သူသည် စကား မပြောမီ ခန်းမကြီး အတွင်းဘက် အခန်းငယ် တစ်ခန်းထဲ၌ ရှိနေသော လက်နက်ကိုင် စစ်သား နှစ်ဦးအား လှမ်းကြည့်သည်။ ထို့နောက် စားပွဲ၌ ထိုင်နေကြသည့် မာရှယ်များနှင့် ဗိုလ်ချုပ်များအား ဖျတ်ခနဲ လှည့်ကြည့်သည်။ သူတို့ ထဲတွင် အများက ကြည်ညို လေးစားသည့် တပ်နီတော်၏ ဦးစီးချုပ် ချူတေး မပါတော့။ ချူတေးသည် လွန်ခဲ့သော သီတင်း သုံးပတ်ကပင် သေဆုံးသွားခဲ့ပြီ မဟုတ်ပါလော။

လွန်ခဲ့သော အချိန်ကာလများ အတွင်းက သည်ပြဿနာ အများအပြား ပေါ်ပေါက်တည်ရှိခဲ့ဖူး၏။ ထိုအချိန်များက ကာကွယ်ရေး ဦးစီးချုပ် ချူသည် ဥက္ကဋ္ဌကြီး မော်အား ထောက်ခံဖို့အတွက် စစ်တပ်မှ ခေါင်းဆောင်ဆိုသူများအား စည်းရုံး သိမ်းသွင်းထားခဲ့ဖူးသည်။ အခုသော် ချူ မရှိတော့ပြီဖြစ်၍ အခြေအနေ အရပ်ရပ်သည် တစ်မျိုးတစ်ဖုံများ ဖြစ်လာနိုင်လေသလား။

"ဥက္ကဋ္ဌကြီး မော်ဟာ အသက် သိပ်ကြီးလာတဲ့ ဒဏ်ကို ခံစားနေရပါ တယ် ရဲဘော်တို့" ဟု ဟွာက ပြောသည်။ "ခင်ဗျားတို့ အားလုံး သိကြပြီး ဖြစ်တဲ့အတိုင်းပဲ မော်ဟာ အာရုံကြောနဲ့ ပတ်သက်တဲ့ ရောဂါကို ခံစားနေခဲ့ရတာ နှစ် အတော်ကြာခဲ့ပြီ။ အဲဒီ ရောဂါဟာ အခုကျတော့မှ သိသိသာသာကြီးကို ပိုဆိုး လာခဲ့ပါတယ်။ သူ့ ကိုယ်တစ်ခြမ်းလည်း လေဖြတ် ခံထားရပါတယ်။ စကား ပြောရင်လည်း မသဲမကွဲ မပီမသ ဖြစ်နေပါပြီ။ ကိုးမားလို့ ခေါ်တဲ့ သတိမေ့ ရောဂါကလည်း ဝင်နေပါတယ်။ အစားလည်း ကောင်းကောင်း မစားနိုင်တော့ပါဘူး"

ဟွာသည် စကားကို ဖြတ်၍ ရပ်ကာ စားပွဲမှ လူများအား ကြည့်နေပြန် သည်။ အားလုံး၏ မျက်နှာများသည် မရေမရာဖြစ်နေဆဲ။ ဟွာ၏ မျက်နှာကို စိုက်ကြည့်နေသူမှာ စားပွဲ၏ တစ်ဖက်သော ထိပ်မှ ချီယာအို ဖြစ်၏။ ဤ ပုဂ္ဂိုလ် ဟွာသည် မော်၏ ဇာတိရပ်ရွာ ကောင်တီခရိုင် အတွင်းရှိ ဒေသခံ ကွန်မြူနစ် ပါတီတွင် ဥက္ကဋ္ဌပင် ဖြစ်ခဲ့ဖူးသူ မဟုတ်။ သို့ပါလျက်နှင့်ပင် ဇာတိရပ်ရွာအား လွမ်းဆွတ်တမ်းတစိတ်ဖြင့် ၁၉၅၀ ပြည့်နှစ်များ အတွင်းက ဟူနန် ပြည်နယ်သို့ အလည် တစ်ခေါက် ရောက်သွားခဲ့သော မော်သည် ဤပုဂ္ဂိုလ်အား အထူး တလည် ချီးမြှင့် မြှောက်စားခဲ့ခြင်း ဖြစ်၏။

ဟွာသည် အရည်အချင်း ရှိသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်မှာ မှန်ပါ၏။ စီမံခန့်ခွဲမှု ကိစ္စအဝဝတွင် စေ့စပ်ကျွမ်းကျင်သူလည်း မှန်ပါ၏။ သို့တစေလည်း ဟွာအား ဖြုန်းစားကြီး ဗဟိုကော်မတီဝင်အဖြစ် အဆင့် တိုးပေးခြင်းနှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးအဖြစ် ခန့်ထားခြင်းများသည် အများအတွက် အံ့အားသင့်စရာကြီး တစ်ခုဖြစ် ခဲ့ရလေသည်။

တကယ်တော့ ဟွာသည် ဖော်ဖော်ရွေရွေ ရှိသူဖြစ်၍ ခင်မင် နှစ်လိုဖွယ်ရာ ကောင်းသည်သာမက မျက်နှာကလည်း အလွန် အလုပ် လုပ်သူ တစ်ဦးဖြစ်ကြောင်း ဖော်ပြနေသည်။ သို့သော်လည်း သူ့ အပြုအမူနှင့် အနေအထိုင်သည် ဖြူရိုကရက် ဆန်လွန်း၍ ဉာဏ်ရည်ဉာဏ်သွေး မကြီးမားလှဟု ထင်မှတ်ဖွယ်ရာ ကောင်းသည်။ အခြေခံ အကျင့်စရိုက်မှာ ခိုင်မာခြင်းမရှိဟုလည်း ယူဆဖွယ်ရာ ရှိနေ၏။

"ဥက္ကဋ္ဌကြီးကို စောင့်ရှောက် ပေးနေတဲ့ ဆရာဝန်တွေကတော့ အသက်ရှည်ဖို့ မလွယ်တော့ဘူးလို့ ပြောနေကြပြီ" ဟု ဟွာက တိုးတိုးလေသံဖြင့် ပြောသည်။ "ဒါပေမဲ့ ချက်ချင်းတော့ မသေနိုင်ဘူးတဲ့။ သီတင်းပတ် အနည်းအကျဉ်းတော့ နေရလိမ့်ဦးမယ်ဟု သူတို့က ထင်နေကြတယ်။ ဥက္ကဋ္ဌကြီး အနေနဲ့ သတိရတစ်ချက်၊ မရ တစ်ချက် ဖြစ်နေပေမယ့် အတော်တော့ သတ္တိကောင်းတယ်။ သေမင်းကို အန်တုပြီး အပြင်းအထန် တိုက်ခိုက်နေတုန်းပဲ"

ဟွာ စကားကို ဖြတ်၍ ရပ်လိုက်သည့်အခါ အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ အားလုံးသည် ခရီးရှည်ချီတက်ပွဲကြီး၌ မော်နှင့်အတူ ချီတက်ခဲ့သူများဖြစ်ရာ စိတ်ထိခိုက်လွန်းသဖြင့် သူတို့အတွေးနှင့်သူတို့ ငြိမ်ဆိမ် နေကြခြင်းဖြစ်လေသည်။

"ကျွန်တော်တို့အနေနှင့် အခြေအနေ အရပ်ရပ်ကို အရှင်းဆုံး စကားလုံးတွေ သုံးပြီး ပြောကြရတော့မှာပဲ။ ရဲဘော် ဥက္ကဋ္ဌကြီး ခင်ဗျား ဒီစားပွဲမှာ ရှိနေကြတဲ့ လူတွေကတော့ သူတို့ကိုယ်သူတို့ ရာထူးကြီးတွေ အမြင့်ဆုံး ရဖို့ မမျှော်မှန်း ကြပါဘူး။ ဆန္ဒလည်း မရှိကြပါဘူး" ဟု ချီယာအိုက ယခု လောလောဆယ် အာဏာဇက်ကြိုးများကို သူ့လက်ထဲ၌ ဆုပ်ကိုင်ထားသော ဟွာ၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောသည်။ "ဒါပေမဲ့ တစ်ချိန်က ဥက္ကဋ္ဌကြီး မော် ပြောခဲ့ဖူးတဲ့ စကား တစ်ခွန်းကို ကျွန်တော်တို့ အားလုံး သတိရဖို့ လိုတယ်။ ဥက္ကဋ္ဌကြီး မော် ပြောခဲ့တာက နိုင်ငံရေး အာဏာဟာ သေနတ် တစ်လက်ရဲ့ ပြောင်းထဲမှာ ရှိနေတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အားလုံးကတော့ ပြည်သူ့ လွတ်မြောက်ရေး စစ်တပ် ပါဝင်လာမှာကို မလိုလားဘူး။ တကယ်လို့ ပါလာခဲ့ရင် တရုတ် နိုင်ငံကြီးကို ဦးဆောင်ခဲ့တဲ့ ဥက္ကဋ္ဌကြီး မော်ရဲ့ နေရာမှာ ဘယ်သူ ဆက်ခံမလဲဆိုတဲ့

ပြဿနာ ရှိလာလိမ့်မယ်။ အဲဒီအခါကျရင် ရှင်းမရအောင် ရှုပ်ထွေးတဲ့ ပြဿနာ ဟာ ရှိလာမှာပဲ"

"ရှုပ်ထွေးမှုကတော့ မရှိနိုင်ပါဘူး" ဟွာက ချီယာအိုအား ပြုံး၍ ကြည့်ပြီး ပြန်ပြောသည်။ သူသည် သူ့ရှေ့မှ စာရွက်များအား လှန်လှော ရှာဖွေပြီး စာရွက် တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ချီယာအိုဘက်သို့ စာရွက်ကို တွန်းပို့ လိုက်သည်။ "မင်းကို တာဝန်ခံအဖြစ် ခန့်ထားလိုက်ရင် ငါ အများကြီး စိတ်အေး ရမယ်" လို့ ဥက္ကဋ္ဌကြီး မော်က ကျွန်တော့်ကို လွှန်ခဲ့တဲ့ သီတင်းပတ်တွေထဲက ပြောထားပြီးပြီ။ "အမှန်အတိုင်း ပြောရရင် အမိန့်စာကို သူ့ လက်ရေးနဲ့ ရေးပြီး ကျွန်တော့် လက်ကို ပေးထားခဲ့တယ်"

ချီယာအိုသည် စာရွက်ပေါ်မှ တစ်ကြောင်းတည်းသော စာတန်းကို ဖတ် ကြည့်သည်။ ကလောင်သွား ပျော့ပျော့ဖြင့် ရေးခြစ်ထားသော စာဖြစ်၏။ မော်၏ လက်ရေးမှာ လူအများက မှတ်မိနေသော လက်ရေး ဖြစ်သည်။ စာရွက်ထဲတွင် ဟွာ၏ နာမည် အပြည့်အစုံ ပါသည်။ မော်၏ လက်ရေး ဖြစ်သည်ဟုကား ယုံကြည် ယူဆဖွယ်နိုင်ရာ ရှိ၏။ ချီယာအိုက စာကို စေ့စေ့စပ်စပ် ဖတ်ပြီးသည့် အခါ သူ့ဘေးရှိ လူမှုတစ်ဆင့် အားလုံးသော စစ်ခေါင်းဆောင်များ လက်သို့ လက်ဆင့်ကမ်းသည်။ ဟွာသည် သူတို့အားလုံးအား ပြုံး၍ ကြည့်နေသည်။

"ဥက္ကဋ္ဌကြီး မော်ရဲ့ လက်ရေးနဲ့ တံဆိပ်ဆိုတာကတော့ သံသယ ဖြစ်စရာ မလိုတော့ပါဘူး" ဟု ချီယာအိုက သူ့လက်ထဲမှ စာရွက်ကို ဟွာ၏ လက်ထဲသို့ လှမ်းပေးသည်။ "ကျွန်တော်တို့အားလုံး ဥက္ကဋ္ဌကြီးမော်ရဲ့ လက်ရေးကို မှတ်မိ နေကြတာပဲ။ ကျွန်တော်တို့ ခေါင်းဆောင်ကြီးရဲ့ လက်ရေးကျတော့ တရုတ် ပြည်သူတွေက လည်း ကောင်းကောင်းကြီး မှတ်မိနေကြတယ်။ ဒါပေမဲ့ ဥက္ကဋ္ဌကြီး သေသွားပြီဆိုရင်တော့ ဥက္ကဋ္ဌကြီးရဲ့ မယားနဲ့ သူ့နောက်လိုက်တွေက ဒီစာရွက် တစ်ရွက် ပြရုံနဲ့ ကျေနပ်ကြလိမ့်မယ် မထင်ဘူး။ ဒီစာရွက် တစ်ရွက်တည်း ပြရုံနဲ့ ရဲဘော်ကြီးကို အကာအကွယ် ပေးဖို့ဆိုတာလည်း မလွယ်ဘူး"

ဟွာသည် မျက်နှာ ပျက်သွားပြီး စားပွဲအား ငုံ့ကြည့်နေသည်။ "ခင်ဗျား ဆိုလိုတဲ့ အဓိပ္ပာယ်က ဘာလဲ ရဲဘော် မာရှယ်"

"ပီကင်းမြို့တော်ရဲ့ ဒေသခံ တပ်မှူးကို အမိန့်တစ်ခု ပေးထားပြီးပြီ။ အမိန့်က ခင်ဗျားကို အမြန်ဆုံး ဖမ်းဖို့ပဲ"ဟု ချီယာအိုက ပြန်ပြောသည်။ ပီကင်း တပ်မှူးမှာ ချီယာအို၏ အနီး၌ ထိုင်လျက်ရှိသည်ဖြစ်ရာ ချီယာအို၏ စကား မှန်ကန်ကြောင်း ထောက်ခံသည့်အနေဖြင့် ခေါင်း တစ်ချက် ညိတ်ပြသည်။ "တံ အားလျော့စွာပဲ တပ်မှူးက ပေးထားတဲ့ အမိန့်အတိုင်း မလုပ်သေးဘဲ

ကျွန်တော့်ဆီ သတင်းပို့တယ်။ အဲဒီတော့ ကျွန်တော်က ဘာမှ မလုပ်နဲ့ဦးလို့ တားပြီး ခင်ဗျားနဲ့ လာဆွေးနွေးကြတာပဲ"

ဟွာ၏ မျက်လုံးသည် ပြူးကျယ်သွားပြီး ထိတ်လန့်တကြား ကြည့်နေသည်။

"ပြေလထဲတုန်းက အဲသလို အမိန့်မျိုးထုတ်ဖို့ အစီအစဉ် လုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ ရဲဘော် တိန်ရှောင့်-ပိန်ကို ရာထူးက ဖယ်ရှားပြီး ဖမ်းဆီးဖို့ စီစဉ်ခဲ့ကြတာ။ ဒါပေမဲ့ ကျွန်တော်တို့ တပ်ထဲက စစ်ခေါင်းဆောင် တချို့က တိန့်ရှောင်-ပိန်ကို လိုအပ်တဲ့ စစ်ရေး အကူအညီ ပေးပြီး တောင်ပိုင်းဒေသက နေရာ တစ်နေရာကို ပို့ပြီး ပုန်းနေခိုင်းခဲ့တယ်"

ထိုစကားများကို ကြားသည့်အခါ ဟွာသည် မတုန်မလှုပ် ကျောက်ရုပ် သဖွယ် ဖြစ်သွားသည်။ သူ့ မျက်နှာတွင် သောကရိပ်များ အကြီးအကျယ် ပေါ်လာသည်။ စားပွဲပတ်ပတ်လည်မှာ သူ့အား ဝိုင်း၍ ကြည့်နေကြသော မျက်လုံးများအား ရှောင်တိမ်းကာ နောက်ထပ် စီးကရက် တစ်လိပ်ကို မီးညှိ၍ မရပ်မနား ဖွာနေသည်။

"ကျွန်တော်တို့ တပ်က အာဏာသိမ်းလိုက်ရင် ပြည်သူတွေရဲ့ ကြားမှာ ပြည်တွင်းစစ်ကြီး တစ်ခု ဖြစ်လာမှာ သေချာတယ်။ ပြည်သူတွေရဲ့ သွေး အမြောက်အမြားဟာလည်း ကျဖို့ ရှိတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီး သေသွားရင် ကျွန်တော်တို့ အားလုံး နိုင်ငံနဲ့ ပြည်သူ့အကျိုးကို ကြည့်ပြီး တော်တတ် မှန်ကန်တဲ့ လမ်းကို ရွေးဖို့လိုတယ်။" ချီယာအိုသည် တည်ငြိမ်အေးဆေးပြီး ပြတ်သားသော လေသံဖြင့် ပြောနေ၏။

"တကယ်လို့ ဥက္ကဋ္ဌကြီး မော်ရဲ့ ဇနီးနဲ့ သူ့နောက်လိုက်တွေက ခေါင်း ဆောင် နေရာကို သိမ်းပိုက်ဖို့ ဆက်ပြီး ကြိုးစားမယ်ဆိုရင် သူတို့ အားလုံးကို ဖမ်းဆီး အရေးယူဖို့ ကျွန်တော်တို့ သဘောတူထားပြီးပြီ။ ဒါဆိုရင်တော့ ခင်ဗျား ကျွန်တော်တို့ရဲ့ ထောက်ခံ အားပေးမှုကို ရဖို့ရှိတယ်။ တပ်ထဲမှာ ရှိနေတဲ့ တပ်မှူး အားလုံးရဲ့ ထောက်ခံ အားပေးမှုနဲ့ သစ္စာ စောင့်သိမှုကို အပြည့်အဝ ရဖို့ ဒီ တစ်နည်းပဲ ရှိတယ်"

"မဒမ် ချန်ချင်းတို့ အုပ်စုရဲ့ ဆန္ဒက တော်လှန်ရေးဆိုတဲ့ စကားကို တွင်တွင် သုံးပြီး လုပ်ခ မပေးတဲ့ အလုပ်တွေကို စေတနာ့ဝန်ထမ်း လုပ်ခိုင်းကြ တယ်။ တရုတ် ပြည်သူတွေအနေနဲ့က အဲသလို အလုပ်မျိုးတွေကို မလုပ်ချင်ကြ တော့ဘူး" ဟု နောက် မာရှယ်တစ်ဦးက လေအေးဖြင့် ပြောသည်။ "သူတို့က ရဲဘော် တင်စီယာအိုရဲ့ လက်ထက်က မေလထဲမှာ ဆုကြေးတွေ ရခဲ့တယ်

မဟုတ်လား၊ အဲဒီ ဆုကြေးမျိုးကိုပဲ ရချင်ကြတယ်။ အဲဒါကို မရရင်တော့ သပိတ်တွေ မှောက်မယ်၊ မငြိမ်မသက်မှုတွေ ပေါ်လာမယ်"

"ဒါကျတော့ ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်တော် မပြောတတ်ဘူး ရဲဘော်တို့" ဟု ဟွာက မာရှယ်များ၏ မျက်နှာများအား ကြည့်၍ပြောသည်။

"ခင်ဗျား ဘက်က လုပ်ဖို့ လိုအပ်တာက ကျွန်တော်တို့ ပြောပြထားတဲ့ အတိုင်း ဖမ်းသင့်သူတွေကို ဖမ်းဖို့ပဲ၊ မဖမ်းဘူး ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ထောက်ခံမှု အားလုံး ပြန်ရုပ်သိမ်းရမှာပဲ"

ဒုတိယ ဥက္ကဋ္ဌ ဟွာသည် ချီယာအို့ မျက်နှာအား စိုက်ကြည့်နေသည်။ တုန်ယင်နေသော လက်များဖြင့် စားပွဲပေါ်မှ သူ့ စာရွက်များအား စုစည်းကာ လက်ဆွဲအိတ်ထဲ ပြန်ထည့်ပြီး ထိုင်နေရာမှ ထရပ်သည်။ "ခင်ဗျားနဲ့ ခင်ဗျားရဲဘော်တွေက ကျွန်တော်အပေါ် ထောက်ခံမှုတွေကို ပြန်ရုပ်သိမ်းသွားတာကျတော့ ကျွန်တော် မလိုလားပါဘူး၊ ရဲဘော် မာရှယ်ရယ်" ဟု ဟွာက ပြောသည်။ "ကျွန်တော် ပြောတာ ရှင်းပါတယ်နော်"

ချီယာအိုက ပထမဆုံး အကြိမ် ပြုံးသည်။ "ကျေးဇူးပါပဲ၊ ရဲဘော် ဒုတိယ ဥက္ကဋ္ဌကြီးရယ်၊ ခင်ဗျား ပြောတာ ရှင်းပါတယ်"

ဟွာသည် ခန်းမကြီး၏ တံခါးဆီသို့ လျှောက်သွားနေခိုက်တွင် စစ်ခေါင်းဆောင်များသည် အရိုအသေ ပေးသည့် အနေဖြင့် ထရပ်လိုက်ကြသည်။ သို့တစေလည်း အစောင့် စစ်သားများသည် ချက်ချင်း ဘေးသို့ ဖယ်မပေးကြ၊ သူတို့သည် ချီယာအို မျက်နှာကိုသာ စိုက်ကြည့်နေကြ၏။ မာရှယ် ချီယာအိုက သူတို့ဘက် လှည့်၍ ခေါင်းဆတ်ပြလိုက်သည့်အခါ သူတို့သည် တံခါးကို ဖွင့်ပေးပြီး သူ့အား ထွက်ခွင့်ပြုလိုက်ကြလေသည်။

သူ အပြင်သို့ ထွက်သွားနေစဉ်အတွင်း ကိုယ်ရံတော် တစ်ဦးသည် သူ့ဘေးသို့ ရောက်လာပြီး အရေးကြီးသော ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက် လူတစ်ဦးက ချီယာအိုနှင့် တွေ့လိုပါသည်ဟု ပြောနေသည်ဟု တိုးတိုးလေး ကပ်ပြောသည်။

ထိုအခိုက်တွင် အပြင်ဘက် စင်္ကြံလမ်း ဘက်သို့ ပီကင်းမြို့တော် အမှတ် (၇) စိတ်ရောဂါကုစခန်းမှ အမျိုးသား သူနာပြု တစ်ဦး ရောက်လာသည်။ ချီယာအိုက ထိုသူအား ချက်ချင်း မှတ်မိသည်။

"ကျွန်တော် အခုလို လာပြောရတာ ဝမ်းနည်းပါတယ်၊ ရဲဘော် မာရှယ်" ဟု ထိုအမျိုးသား သူနာပြုက ပြောသည်။ "ဒါပေမဲ့ အခု လာပြောတာက ခင်ဗျားရဲ့ ညီမ ကိစ္စပါ"

"ညီမ အကြောင်းက ဘာလဲ"

"ခင်ဗျား ညီမက ရုတ်တရက် စိတ်ဖောက်ပြန်ပြီး သိပ်ကြမ်းလာတယ်၊ ကျွန်တော်တို့ သူ့ကို ထိန်းလို့ မရတော့ဘူး၊ သူ့ ကြည့်ရတာ ခင်ဗျားကို လိုအပ်တယ်လို့ ထင်တယ်"

ချိုယာအိုသည် ထိုသူအား အံ့အားသင့်ပြီး ကြည့်နေသည်။ "ဒါပေမဲ့ ဆယ်နှစ်တာ ကာလအတွင်း သူ ဘာစကားမှ မပြောဘူး၊ လှုပ်လည်း မလှုပ်ရှားခဲ့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု ညကျမှ ရုတ်တရက် စိတ်ဖောက်ပြန်ပြီး မငြိမ်မဆိမ် ဖြစ်လာခဲ့တာပါ။ သူဟာ သူ့အခန်းထဲမှာ အော်ဟစ်ပြီး ပြေးနေတယ်၊ ပြတင်းပေါက်က ကျော်ဆင်းပြီး ထွက်ပြေးဖို့လည်း ကြိုးစားတယ်၊ သူက ခင်ဗျား နာမည်ကိုပဲ မနားတမ်း ခေါ်နေတယ်၊ ဘယ်လိုမှ ထိန်းလို့ မရကြတော့ဘူး၊ ဆေးတွေ တိုက်ပေမယ့် အလကားပဲ၊ တစ်ချိန်လုံး ခင်ဗျားကိုပဲ ခေါ်နေတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က ခင်ဗျားကို ခေါ်မှ ဖြစ်တော့မယ်လို့ တွက်တာ၊ သူ အခု ဖြစ်နေတာကတော့ တိရစ္ဆာန်ရိုင်း တစ်ကောင် အတိုင်းပဲ"

"ကောင်းပြီလေ၊ မင်း သူ့ဆီကို အမြန် ပြန်သွားပါ" ဟု ချိုယာအိုက ပြောသည်။ "ငါ အခုချက်ချင်း အမြန် လိုက်ခဲ့မယ်"

***

၁၁

မဒမ် ချန်ချင်း၏ နက်မှောင်သော မျက်လုံးများသည် မျက်မှန်ကိုင်းများ နောက်မှ တဖျပ်ဖျပ် တောက်ပလာနေကြ၏။ သူမ၏ မျက်လုံးများသည် ကာ့ဘ်အိုအား စူးစူးရဲရဲ ကြည့်နေကြခြင်း ဖြစ်သည်။ သူမ ထိုင်နေသည်မှာ သူမ၏ စာကြည့်ခန်း အတွင်း၌ ဖြစ်သည်။ ကာအို အခန်းထဲ ဝင်လာခိုက်တွင် ချန်ချင်းသည် လက်ထဲမှ တယ်လီဖုန်းအား ဖုန်းပုခက်ပေါ် ပြန်တင်နေခိုက် ဖြစ်လေသည်။

မဒမ်ချန်ချင်း နေထိုင်လျက်ရှိသော အိမ်မှာ အုတ်ဖြင့် ဆောက်လုပ်ထားသော ခေတ်မီ တိုက်တစ်လုံးဖြစ်၍ ချမ်နန်ပေး ခြံဝင်း အတွင်းမှ ထောင့်တစ်ထောင့်၌ ဆောက်ထားခြင်းဖြစ်၏။ သူမသည် အလုပ် လုပ်သည့်အခါတိုင်း ဤနေရာတွင် တစ်ယောက်တည်း သီးခြားခွဲ၍ အလုပ် လုပ်လေ့ရှိသူ ဖြစ်လေသည်။

"မင်းတို့ရဲ့ လူစွမ်းကောင်း မာရှယ်ကြီးတွေက တို့များရဲ့ အရည်အချင်း မရှိတဲ့ ပါတီ ဒုတိယ ဥက္ကဋ္ဌကြီးနဲ့ လျှို့ဝှက် အစည်းအဝေး တစ်ခု လုပ်တယ်ဆို" ဟု ချန်ချင်းက စက်ဆုပ်သော လေသံဖြင့် မေးသည်။ "ပြီးတော့ သူက ဥက္ကဋ္ဌကြီး ကိုယ်တိုင် လက်ရေးနဲ့ ရေးထားတဲ့ လုံးဝ အဓိပ္ပာယ် မရှိတဲ့ စာရွက်စုတ် တစ်စုတ် ကိုလည်း ထုတ်ပြတယ် ဆိုပါလား"

ကာအိုက ဘာမှ ပြန်မပြော။ သူသည် အပြင်ဘက် ရုံးခန်းတစ်ခု အတွင်း ရှိ စားပွဲတစ်လုံးမှ ထ၍ မြေငလျင် တိုင်းထွာရေး ဗျူရိုမှ အသစ် ရောက်လာသော စာရွက်များကို ကိုင်ကာ ဝင်လာခဲ့ခြင်း ဖြစ်၏။ အချိန်မှာ မနက်ခင်း နှစ်နာရီ ထိုးပြီးစ ဖြစ်သော်လည်း မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ဒေသများရှိ ပြည်နယ် တစ်ဒါဇင် ခန့်မှ ရောက်လာနေကြသော သတင်းများသည် လျော့နည်းသွားသည်ဟု မရှိဘဲ တိုးသည်ထက်သာ တိုးလာနေသဖြင့် သူ့စိတ်ထဲ၌ ထိတ်လန့်ခြင်းသည် တိုးလာလျက်သာ ရှိလေ၏။

မဒမ်ချန်ချင်း၏ စာကြည့်ခန်း ပြတင်းပေါက်များမှာ ပွင့်လျက် ရှိကြသည်။ "ဒီမယ် ရဲဘော် ကာအို၊ အဲဒီ "ကျပ်မပြည့် ဟွာ" ဆိုတဲ့ လူက စစ်တပ်ခေါင်းဆောင်တွေနဲ့ ပေါင်းပြီး တိုက်ခိုက်ဖို့ ကြိုးစားနေတာ မင်း သိရဲ့လား" ဟု ချန်ချင်းက မေးသည်။ "လယ်သမားတွေရဲ့ မိတ်ဆွေက သေခါနီးကျခါမှ လမ်းသရဲ တစ်ယောက်ရဲ့ အလေ့အကျင့်ကို အတုခိုးနေပါကလား"

တစ်ချိန်က မိန်းမချော မိန်းမလှ ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့ဖူးသော ချန်ချင်းသည် ခေါင်းဆောင်ကြီး မော်စီ-တုန်း၏ ဇနီးမယားအဖြစ် နှစ်လေးဆယ် နီးပါးမျှ ကြာခဲ့၏။ သူမသည် ကာအိုထံမှ အဖြေအား စောင့်နေခိုက်တွင် စိတ်မရှည် ဖြစ်နေသည့် ပုံစံဖြင့် လက်ထဲမှ ခဲတံဖြင့် စားပွဲအား တဒေါက်ဒေါက် ခေါက်လျက်ရှိသည်။

မဒမ်ချန်ချင်းသည် ကိုယ်လုံးကိုယ်ထည် သေးသွယ်သွယ်ဖြစ်၍ စိတ်လှုပ်ရှားတတ်သည့် သဘော သဘာဝ ရှိ၏။ အသက်မှာ ခြောက်ဆယ်တွင်းဝင်စ ဖြစ်သော်လည်း မျက်နှာသည် နုပျိုလှပဆဲ ဖြစ်သည်။ သူမသည် သူမ၏ ယောကျ်ားအား ယီနန်တွင် တွေ့ပြီး သူမ၏ အလှတွင် တိုးဝင် စွဲမက်စေခဲ့ခြင်း ဖြစ်၏။ သူမ၏ မျက်မှန်နောက်မှ မျက်လုံးများသည် သူ လိုချင်သော အရာ ရအောင် ယူဖို့ ဝန်မလေးသလို သူ ပေးချင်ပါကလည်း လွယ်လင့်တကူ ပေးချင်တတ်သည့် ဉာဉ်ရှိခြင်းကို ဖော်ပြနေသည်။

"ဖြစ်နိုင်ခြေ ရှိတာကတော့ မာရှယ်တွေဟာ သတင်း နှိုက်နေတယ်လို့ ထင်တာပဲ" ဟု ကာအိုက ထင်မြင်ချက် ပေးသည်။ "အစည်းအဝေးကို အရာရှိတွေ အားလုံးရဲ့ သဘောတူညီချက်နဲ့ ခေါ်တာ ဖြစ်မှာပါ"

"ငါက အဲဒီ အချက်ကို ရှာခိုင်းနေတာ" ဟု ချန်ချင်းက စိတ်မရှည်သံဖြင့် ပြောသည်။ "အဲဒီကိစ္စကို မြန်မြန်လုပ်ပါ" ပြောပြောဆိုဆို ချန်ချင်းသည် စားပွဲ အံဆွဲတစ်လုံး၏ သော့ကိုဖွင့်၍ အတွင်းမှ ဖိုင်တစ်ခု ဆွဲထုတ်ကာ ဖတ်ကြည့်နေသည်။ ထို့နောက် ကာအိုအား မော့ကြည့်ပြီး အကဲခတ်နေသည်။

"ဒီမယ် ရဲဘော် ကာအို၊ အစည်းအဝေးမှာ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ သိသာနေတာက ဥက္ကဋ္ဌကြီးဟာ ကြာကြာ အသက်ရှင်ပြီး နေရတော့မှာ မဟုတ်ဘူး ဆိုတဲ့ အချက်ပဲ။ သူ့ နေရာကို ဆက်ခံဖို့ ဆိုတာကလည်း အခုထိ ရှန်းကန်လှုပ်ရှား နေကြရတုန်း၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ဥက္ကဋ္ဌကြီး မော်ရဲ့ တော်လှန်ရေး လမ်းကြောင်းကို သစ္စာ စောင့်သိလာခဲ့တာ ဆယ်နှစ်တောင် ရှိခဲ့ပြီ။ ငါ့ အနေနဲ့ မင်း ပါးစပ်ကနေပြီး ငါ့ အပေါ်မှာရော ငါ့ကို ထောက်ခံနေကြတဲ့ ခေါင်းဆောင်ပိုင်းက ရဲဘော်တွေ အပေါ်မှာပါ ကျွန်တော် သစ္စာ ရှိပါသေးတယ်ဆိုတဲ့ စကား ကြားချင်နေတယ်"

"ဥက္ကဋ္ဌကြီး မော်ရဲ့ တော်လှန်ရေးကို ကျွန်တော် ထောက်ခံလာတာ အခုချိန်ထိ မယိမ်းမယိုင်ခဲ့ပါဘူး၊ တစ်သမတ်တည်းပါပဲ" ဟု ကာဒိုက ပြန်ပြောသည်။ "လူတန်းစားတိုက်ပွဲဟာ လူ့ဘောင်လောက တိုးတက်မှုအတွက် သော့ချက်ပဲလို့လည်း ကျွန်တော် အမြဲတမ်း ယုံကြည်ခဲ့တာပါ"

"မင်းဆီက ဒီစကား ကြားရတာ ငါ သိပ်ဝမ်းသာတယ် ကာဒို၊ အချိန်ကျလာလို့ စစ်ဗိုလ်ချုပ်တွေနဲ့ နှစ်ဦးနှစ်ဖက် အပေးအယူ တည့်အောင် ဆွေးနွေးပြီးလို့ ကျပ်မပြည့်သူ ဟွာကို ဘေးဖယ်ချိန်ကျရင် မင်းရဲ့ထောက်ခံမှုဟာ သိပ်ပြီး တန်ဖိုးကြီး လာမှာပါ။ အရေးပေါ် ကိစ္စတွေအတွက် အစီအစဉ်တွေကိုလည်း အလုပ်ရုံ ပြည်သူ့စစ်တွေနဲ့ ညှိနှိုင်းပြီး ကြိုတင် ပြင်ဆင်ထားကြရမယ်"

ချန်ချင်း စကားဖြတ်လိုက်သည့်အခါ ကာဒိုသည် သူယူဆောင်လာသည့် စာရွက်များကို ထောင်ပြသည်။ "မြေလျှောင် တိုင်းထွာရေး ဗျူရိုဆီက အစီရင်ခံစာတွေက နောက်ထပ် ရောက်နေတုန်းပဲ။ မြေလျှောင်ကြီး တစ်ခု လှုပ်လိမ့်မယ်ဆိုတာ ဥက္ကဋ္ဌကြီးကို ကျွန်တော်တို့ သတိပေး မထားသင့်ဘူးလား၊ သိလို့ သွေးလန့်သွားပြန်ရင်လည်း သူ့ ကျန်းမာရေး ပိုများ ဆိုးသွားမလား"

မဒမ်ချန်ချင်းက လျှင်မြန်စွာ ခေါင်းယမ်းသည်။ "ဥက္ကဋ္ဌကြီးက အချိန်ရှိသမျှ သူ့ ပတ်ဝန်းကျင်ကို အမြဲ သတိထားမိ နေတာပဲ"ဟု ပြောသည်။ "အဲဒီ သတင်းမျိုး ပေးရင်တော့ အန္တရာယ် ဖြစ်မှာ စိုးရတယ်"

ချန်ချင်း၏ စားပွဲထက်မှ တယ်လီဖုန်း မြည်လာသဖြင့် ချန်ချင်းက ကောက်ကိုင်သည်။ တစ်ခဏမျှ နားထောင် အပြီးတွင် သူသည် ကာဒိုအား လှမ်းကြည့်သည်။

"မာရှယ် လု ချီယာအိုဆီက အရေးကြီးတဲ့ ဖုန်းအခေါ် ရောက်လာတယ်၊ အခု ဟိုတစ်ဖက်က အော်ပရေတာ ဖုန်းကိုင်ထားတယ်၊ ချန်ချင်း၏ မျက်နှာသည် မည်းနေသည်။ သူသည် လောလောဆယ် သိထားရသည့် သတင်းကြောင့် လု ချီယာအို အပေါ် မနှစ်မသက် ဖြစ်လျက်ရှိသည်။ "မင့် ဦးကြီးက စစ်ဗိုလ်ချုပ်တွေကို အစည်းအဝေး ခေါ်တဲ့ထဲမှာ တစ်ဦး အပါအဝင်လို့ ငါ သတင်းရထားတယ်၊ မင်းနဲ့ သူ့ဆက်ဆံရေး အခြေအနေက ဘယ်လိုလဲ"

"သူ့ကို ပြန်လည်ပြုပြင် ပြောင်းလဲပေးပြီးကတည်းက စကား တစ်ခွန်းမှ မပြောခဲ့ဘူး" ဟု ကာဒိုက ဖြေသည်။ "သူနဲ့ စကားပြောချင်စိတ်လည်း မရှိဘူး"

"မာရှယ် လုက မင်းအမေ ရောက်နေတဲ့ စိတ္တဇဆေးရုံက နေပြီး ဖုန်းဆက်တာ သူက ပြောတယ်၊ ဖြစ်နိုင်ရင် ဆေးရုံကို မြန်မြန်သွားပါတဲ့၊ မင်း အဲဒီမှာ ရှိနေဖို့ သိပ် လိုအပ်နေတယ်တဲ့"

ကာအိုက လက်ပတ်နာရီအား ငုံ့ကြည့်သည်။ နံနက် သုံးနာရီ ထိုးတော့မည်။ "ကျွန်တော့်အတွက် လုပ်စရာ အလုပ်တွေက ဒီမှာ အများကြီး ရှိနေတယ်။ ကျွန်တော်က ဦးကြီးလို သစ္စာဖောက်တယ်လို့ အထင် ခံထားရတဲ့ လူနဲ့လည်း အဆက်အသွယ် မလုပ်ချင်ဘူး"

"အလျင်စလိုလည်း မဆုံးဖြတ်ပါနဲ့၊ ဖုန်းဆက်တာ လက်ခံပြီး သူနဲ့သွားတွေ့လိုက်ပါ၊ တစ်ဖက်ကလည်း အစည်းအဝေးမှာ ဘာတွေ ဖြစ်သွားတယ်ဆိုတာ စုံစမ်းရတာပေါ့။ သူ့ဆီက ငါတို့ရဲ့ အနာဂတ်အတွက် ဘယ်လို အခွင့်အလမ်းတွေ ရလာနိုင်မလဲ ဆိုတာပါ မင်း ပါးနပ်စွာနဲ့ ရအောင် ထုတ်ယူနိုင်တဲ့ အနေအထား ရှိတာပဲ။ မင်း အနေနဲ့ တစ်ချိန်က ဥက္ကဋ္ဌကြီး မော်အပေါ် ထူးထူးခြားခြား သစ္စာ စောင့်သိခဲ့တဲ့ မာရှယ် တစ်ယောက်ဟာ ကာကွယ်ရေး ဝန်ကြီးရာထူးကိုတောင် ရနိုင်တယ်ဆိုတဲ့ စကား မင်း သုံးနိုင်နေတာပဲ"

ကာအို့ မျက်လုံးများသည် ဖုံ့အားသင့်ပြီး ပြူးကျယ် သွားကြသည်။ ထို့နောက် ကျိုးနွံသော အမူအရာဖြင့် ခေါင်းညိတ်သည်။

"မင်း ရုံးခန်းကို ပြန်သွား၊ အဲဒီကနေ သူ့ကို ပြန်ခေါ်၊ စိတ္တဇဆေးရုံကို လာပြီး သူနဲ့ အမြန်ဆုံး လာတွေ့ပါမယ်လို့ သဘောတူလိုက်၊ အချိန် ဖြုန်းမနေနဲ့တော့"

***

၁၂

ကာအိုသည် ချန်နန်ဟေးမှနေ၍ စိတ္တဇဆေးရုံဆီသို့ မြေအောက် ဥမင်လမ်းအတိုင်း ပြေးလာခဲ့သည်။ သူသည် အသက် စွန့်တန်လျှင် စွန့်မည်ဟု ဆုံးဖြတ်ထားသည်။ တခြားကြောင့် မဟုတ်၊ မြေအောက် ဥမင် လိုဏ်ခေါင်းထဲတွင် အပူချိန်သည် များစွာ နိမ့်ဆင်းလျက် ရှိခြင်းကြောင့် ဖြစ်၏။ သို့သော်လည်း မြေပြင်ထက်သို့ တက်လာသည့်အခါ ထန်သော လေနှင့် တွေ့သော်လည်း မွန်းကျပ်သလို ဖြစ်လျက်ရှိသည်။ သူ့ ရှပ်အင်္ကျီသည် လေအရှိန်ဖြင့် ချွေးစိုနေသော ကျော၌ ကပ်လျက် ရှိလေသည်။

အပူရှိန် ပြင်းလွန်း၍ လူ အများသည် အိပ်ရာများကို အပြင်သို့ ထုတ်၍ ခင်းထားကြသော်လည်း မအိပ်နိုင်ကြချေ။ သူတို့ထဲမှ လူ အများစုသည် မြေပေါ်တွင် အစုလိုက် ဖင်ချထိုင်ကာ စကားစမြည် ပြောနေကြရာမှ ပြေးထွက်လာသော ကာအိုအား အထူးအဆန်းတစ်ခုသဖွယ် ကြည့်နေကြသည်။ အချိန်မှာ နံနက် သုံးနာရီ မိနစ်သုံးဆယ် အချိန်ဖြစ်၍ သူသည် စိတ္တဇဆေးရုံ အတွင်းသို့ အပြေးအလွှား ဝင်လာခဲ့လေသည်။

မှောင်မည်းနေသော စင်္ကြံလမ်း တစ်လျှောက်တွင် အလင်းရောင်သည် လင်းလက်နေသည်။ သူသည် ချိုယာအိုအား လုံးဝ မမြင်ရသေး။ ထိုအခိုက်မှာပင် ချိုယာအိုသည် ကာအို၏ အမေအခန်းမှ ထွက်လာသည့် သူ့ ဦးကြီးအား မြင်လိုက်ရ၏။ သူ့ ဦးကြီးနောက်မှ အမျိုးသား သူနာပြုသည် လိုက်ပါလာသည်။

"မင့်အမေက ညသန်းကောင်ကတည်းက မင့်း နာမည်ကိုပဲ ခေါ်နေတယ်" ဟု ချိုယာအိုက ပြောသည်။ "ငါ မင့်အမေနဲ့ နာရီဝက်လောက် နေခဲ့ပြီးပြီ။ ဒါပေမဲ့ ဘာမှ လုပ်လို့ မရဘူး။ တကယ်လို့ မင်း သတိထားပြီး နားထောင်မယ်ဆိုရင် သူ ခေါ်နေတာ 'ချိုယာအို' မဟုတ်ဘူး၊ သူ ခေါ်နေတာ 'ကာအို'..."

ထိုအခါကျမှပင် ကာအိုသည် သူ့အမေ၏ နာမည် ခေါ်သံကို သတိထား မိလာသည်။ သူ့အမေသည် သူ့ နာမည်အား အဆက်မပြတ် ခေါ်နေခြင်း ဖြစ်၏။ "ကျွန်တော် အခန်းထဲ ဝင်သွားမယ်" ဟု ကာအိုက ပြောသည်။ "ဒါပေမဲ့ ကျွန်တော် တစ်ခုခု လုပ်ကိုင် ပေးနိုင်လိမ့်မယ်လို့တော့ မထင်ဘူး"

ချိယာအို၏ မျက်နှာသည် ဖြုန်းခနဲ ခက်ထန်တင်းမာသွားသည်။ "ဘာပဲ ဖြစ်ဖြစ်လေကွာ။ ဒီကိစ္စမှာ မင်းအနေနဲ့ တစ်ခုခုတော့ လုပ်သင့်တယ်လို့ ငါ ထင်တယ်ကွာ၊ အတိတ်ကာလ တစ်လျှောက်လုံး မင်းဟာ မင့်အမေအတွက် ကိုယ်ကျိုး စွန့်ပြီး အနစ်နာခံ လုပ်ပေးခဲ့တာ ဘာမှကို မရှိခဲ့ဘူး"

ကာအိုက ချိယာအို့ မျက်နှာကို အာခံလိုသည့် မျက်နှာထားဖြင့် ပြန်ကြည့် နေသည်။ "ဖိအားပေးပြီး ခိုင်းတာတွေက သိပ်များတယ်။ မကြာခင်မှာ ကျွန်တော့် ဘက်က နှစ်ဦးနှစ်ဖက် စိတ်ဝင်စားပြီး အကျိုး ရှိနိုင်မယ့် အကြောင်းအရာ တချို့ကို ပြောချင်တယ်"

ချိယာအိုသည် ချက်ချင်း ပြန်မပြောဘဲ သူ့တူ၏ မျက်နှာကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေသည်။ တစ်ခဏမျှ တိတ်ဆိတ် နေခိုက်တွင် မေ-လင်း၏ အခန်းတွင်းမှ ကြောက်မက်ဖွယ် ကောင်းသော ညည်းညူသံများ ကျယ်လောင် လာသည်။ "မင်းပြောတဲ့ 'နှစ်ဦးနှစ်ဖက်စလုံး စိတ်ဝင်စားစေမယ့် ပြဿနာတွေ' ပါတဲ့ စကားမျိုးတွေကို ငါ များများစားစား မကြားဖူးခဲ့ဘူး။ မင်းနဲ့ငါ နောက်ဆုံး တွေ့ခဲ့ကြတာ အလုပ်သမား အားကစားကွင်းထဲက စင်ပေါ်မှာ မဟုတ်လား၊ အဲဒီတုန်းကလည်း ငါ မကြားဖူးခဲ့ပါဘူး။ ဒီတော့ကွာ အခု မင်းပြောမယ့် စကား တွေဟာ ငါ့အတွက် သိပ်ပြီး စိတ်ဝင်စားစရာ ကောင်း မကောင်း ငါ သံသယ ဖြစ်နေတယ်"

"အခု ချဉ်းကပ်မှုကို ဥပေက္ခာပြုလိုက်ရင် ခင်ဗျားဟာ မလိမ္မာဆုံး လူ တစ်ယောက်အဖြစ် ရောက်သွားလိမ့်မယ်" ဟု ကာအိုက ထပ်ပြောသည်။ "အခု ကိစ္စမှာက ခင်ဗျားအတွက် အတော်များများ အကျိုး ရှိနိုင်စရာတွေ ရှိနေတယ်"

"သူတစ်ပါးဆီက ချေးငှားထားတဲ့ အချိန်တွေ အပေါ်မှာ မင်း အမှီပြုပြီး နေလာခဲ့ရတာ နှစ်ပေါင်း ကြာနေပြီ" ဟု ချိယာအိုက ပြောသည်။ "အခုလည်း သူတစ်ပါးက ခွင့်ပြုလိုက်တဲ့ အချိန်ဟာ ကုန်လု နီးနေပြီလို့ ငါထင်တယ်။ မင့်ကို အခုလို ခေါ်ခိုင်းတာဟာ အရေးကြီးတဲ့ ကိစ္စရှိလို့ မင့်အမေကို ကူညီဖို့ မင့်အမေ မင်းနဲ့ တွေ့ဖို့ သိပ်ပြီး လိုအပ်နေတယ်၊ အဲဒီတော့ အချိန်ရတုန်း မင့်အမေဆီ သွားလိုက်ပါ"

ချိယာအိုသည် နောက်ထပ် စကား တစ်ခွန်းမှ မပြောတော့ဘဲ ချာခနဲ ပြန်လှည့်ကာ အမှောင်ရိပ်များ ကျနေသည့် စင်္ကြံလမ်းအတိုင်း လျှောက်သွားနေ

သည်။ ချိုယာဒိုအား လှမ်းကြည့်နေသည့် ကာဒို့ မျက်နှာသည် တင်းမာလျက် ရှိ၏။ ထို့နောက် သူသည် ဘေးနား၌ ရပ်နေသော သူနာပြု ဆရာမအား သူ့နောက်မှ လိုက်ခဲ့ဖို့ လက်ပြ၍ခေါ်ကာ သူ့အမေ အခန်းတွင်းသို့ ဝင်ခဲ့လေ၏။

အခန်းထဲတွင် သူ့ အမေသည် အိပ်ရာထက်၌ သူနာပြု ဆရာမ တစ်ယောက်၏ လက်တွင်း၌ ရှုန်းကန်နေသည်ကို တွေ့ရသည်။ မျက်နှာမှာ တစ်ဖက်သို့ လှည့်နေခိုက်ဖြစ်၍ သူ ဝင်လာသည်ကို မမြင်။ သူမ၏ နှုတ်ကမူ မိမိ နာမည်အား ခေါ်နေဆဲ၊ ကာဒိုသည် နှစ်မိနစ် သုံးမိနစ်ခန့် ကြာမျှ ရပ်နေသည်။ သူ့ ရင်ထဲတွင်မူကား သူ ယခင်က မသိခဲ့ရဖူးသော ခံစားမှု တစ်ခုသည် ဝင်ရောက်လျက် ရှိ၏။

"ရှင် ရောက်လာပြီလို့ ရှင့် အမေကို ပြောလိုက်ပါ။ ရဲဘော် ကာဒို"ဟု သူနာပြု ဆရာမက တိုက်တွန်းသည်။ "ရှင် ရောက်လာတာကို သူ သိချင်မှသိမှာ"

ကာဒိုသည် အခန်း၏ အလည်တည့်တည့်အထိ လျှောက်သွားပြီး ရပ်နေသည်။ "အမေ ကျွန်တော်ပါ၊ ကာဒိုလေ" ဟု အသံပေးသည်။ "အမေ ဘာဖြစ်လို့လဲ ဟင်...၊ အမေ ဘာဖြစ်နေလဲ"

ပထမတော့ သူ့အသံသည် ထိရောက်မှုမရှိ၊ ထို့နောက် ရှုန်းကန်နေသော မေ-လင်းသည် ငြိမ်ကျသွားသည်။ သူနာပြု ဆရာမသည် မေ-လင်းအား ထူ၍ ထိုင်ပေးသည်။ နဖူးမှ ချွေးများကို သုတ်ပေးသည်။ တဖြည်းဖြည်းနှင့် အထိုင် ကျသွားသော မေ-လင်းသည် သူမ၏ အကြည့်အား အခန်းအလယ်သို့ ပြောင်းလိုက်သည်။

ကြည့်စတွင် သူမသည် ဘာကိုမှ အပီအပြင် သိဟန်မြင်ဟန် မတူ။ မျက်နှာထားသည် နှင်းမြူကမ္ဘာတွင်း၌ ရပ်နေသူနှင့် တူနေသည်။ သို့သော်လည်း ရောက်လာသော လူသစ်၏ မျက်နှာကို မှတ်မိလာဟန် ရှိ၏။ သူနာပြု ဆရာမက တွန့်လိမ် ကြေမွနေသော ကျူးနစ်အင်္ကျီအား သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်ပေးနေသည်ကို လည်းကောင်း၊ ဖရိုဖရဲ ဖြစ်နေသော ဆံပင်များအား ပြုပြင် ပေးနေသည်ကို လည်းကောင်း ငြိမ်၍ခံနေသည်။

"ကျွန်တော် လာတာ တခြားကြောင့် မဟုတ်ဘူး။ အမေ... အမေ နေမကောင်းဘူးလို့ သူတို့က ကျွန်တော့်ကို ပြောကြလို့" ဟု ကာဒိုက ပြောသည်။ "နေကောင်းအောင် နေပါ အမေ..."

မေ-လင်းသည် သူ့သားအား မြင်ဟန်မတူသည့် အကြည့်မျိုးဖြင့် စိုက်ကြည့် နေသည်။ ချက်ချင်းပင် စိတ်နှလုံး သိမ်မွေ့ ဖေးဆေးသွားသည်။ အိပ်ရာအစွန်း၌ တောင့်တောင့်မတ်မတ် ပြင်ထိုင်သည်။ သူမ၏ နှုတ်ခမ်းများ သည် လှုပ်လာသော်လည်း အသံ ထွက်မလာ။ ကာဒိုသည် သူ့အမေ စကားများ

အား ကြားလိုသဖြင့် ရှေ့နားသို့ ခြေတစ်လှမ်းမျှ တိုး၍ ရပ်ရန် လှုပ်ရှားလိုက်သည်။

ထိုအခိုက်မှာပင် သူ့ခြေထောက်အောက်မှ ကြမ်းပြင်တစ်ခုလုံး လှုပ်ရှားခါယမ်းသွားသည်။ ရေပြင်ထက်၌ မငြိမ်မဆိမ် ဖြစ်နေသော လှိုင်းလုံးကြီးထက်မှ လှေတစ်စီးပေါ်၌ ရပ်နေရသလို ခံစားနေရ၏။ တစ်ချိန်တည်းမှာပင် ကာအိုနားထဲသို့ ကျယ်လောင်မြည်ဟည်းသော အသံကြီးများအား ကြောက်မက်ဖွယ်ရာ ကြားလာရသည်။ မြေကြီး၏ တုန်လှုပ်မှုကြောင့် သူသည် ကြမ်းပြင်ထက်သို့ ဒူးထောက်လျက် လဲကျသွားသည်။ ခန်းဆီး တပ်မထားသော ပြတင်းပေါက်၏ တစ်ဖက်ရှိ ပီကင်းမြို့တော် အပေါ်ဘက်တွင် မီးလုံးကြီး တစ်လုံး လင်းခနဲ လက်ကာ တက်လာသဖြင့် တစ်ခဏမျှ တစ်မြို့လုံး လင်းသွားသည်ကို မြင်လိုက်ရလေသည်။

ကာအိုဘေး၌ ရပ်နေသော ယောက်ျား သူနာပြုသည် ဘေးတစ်ဖက်သို့ ယိမ်းယိုင်သွားသဖြင့် သူနှင့် အနီးဆုံး နံရံအား အတင်းမှီထားသည်။ မေ-လင်းအား ထိန်းနေသော သူနာပြု ဆရာမသည် ခုတင်ပေါ်မှနေ၍ ကြမ်းပေါ်သို့ လိမ့်ကျသွားသည်။ တစ်ခန်းလုံးသည် လှုပ်နေဆဲ၊ မြည်ဟည်းသံများသည် တိုး၍ တိုး၍ ကျယ်လောင်လာသည်။ ကုလားထိုင်များနှင့် စားပွဲသည် ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်သည်။ မှတ်ဘူးသည် ပေါက်ကွဲသွားသည်။ မေ-လင်း ထိုင်နေသော အိပ်ရာသည် အလယ်ကောင်မှ နိမ့်ဆင်းကာ နစ်ဝင်သွားလေသည်။

ကာအို့ မျက်နှာတွင် လူသားတို့၏ အကြောက်ဆုံးသော အနေအထားပုံပန်း သဏ္ဌာန်သည် ဖြစ်ပေါ်လျက်ရှိ၏။ အိပ်ရာထက်မှ မေ-လင်းသည် အကြောက်အကန် ရုန်း၍ထကာ ကာအိုဆီသို့ ပြေးလာပြီး အတင်းဖက်တွယ်ထားသည်။ ကာအိုကလည်း ရေနစ်နေသူ တစ်ဦးသဖွယ် အလန့်တကြားစိတ်ဖြင့် သူ့အမေအား ဆီး၍ ဖက်ထားသည်။

သားအမိနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖက်ထားခိုက်မှာပင် သူတို့ရှေ့မှ အစိမ်းရောင် နံရံကြီးသည် ဒေါင်လိုက် အစင်းကြောင်းကြီး ထင်ကာ ဖြည်းဖြည်းချင်း အက်ကွဲလာသည်။ နံရံဆီမှ ထွက်လာနေသော အသံမှာ ကြောက်မက်ဖွယ် ကောင်းလှချေသည်။ ပလာစတာများနှင့် သဲများ ဖုန်များသည် အအက်အကွဲကြောင်းများ ကြားမှ အစုလိုက် အပြုံလိုက် ထွက်ကျလာကြ၏။ ထိုအအက်ကြောင်းကြီးအား ကြောက်လန့်တကြား မော့ကြည့်နေသော ကာအိုသည် နံရံများနှင့် မျက်နှာကြက် ပြုတ်ကျလာပြီး သူတို့ သားအမိအား မြေမြှုပ် ပေးတော့မည့် အဖြစ်ကို စောင့်မျှော်လျက် ရှိလေသည်။

***

၁၃

ပီကင်း တစ်မြို့လုံးရှိ မိုးထိမြင့် ခေတ်မီ တိုက်ခန်းများ တည်ရာ အဆောက်အအုံ အားလုံးသည် လေပြင်းပြင်း ကြား၌ လှုပ်ရှား နေကြသည့် ဝါးရုံကိုင်းများသဖွယ် ယိမ်းထိုးလျက် ရှိကြသည်။ ရှေးဟောင်း ဂိတ်တံခါး နံရံများသည် တုန်လှုပ်ကာ ပြိုကျလာနေကြသည်။ ချမ်နန်ပေား ကန်ရေပြင်သည် အပူရှိန် အောက်တွင် ငြိမ်သက်နေရာမှ လှိုင်းတံပိုးများ ထကြွနေသည့်နှယ် အပြင်းအထန် လှုပ်ရှားကာ ပွက်ပွက်ဆူလာသည်။

တားမြစ်မြို့တော် အတွင်းရှိ အဆောက်အအုံများ၏ ခေါင်မိုးများမှ ရွှေချထားသော အုတ်ကြွပ်များသည် ခန်းမများထဲသို့ ပြိုဆင်းကုန်ကြသည်။ အပြင်ဘက်ရှိ ရှေးဟောင်း အဆောက်အအုံ နံရံများသည်လည်း အိမ်အို အိမ်ဟောင်းများသဖွယ် အပြိုပြို အလဲလဲ ဖြစ်ကုန်ကြသည်။ ဆင်ခြေဖုံး စက်မှုဇုန် နယ်မြေတွင်းမှ လူ အများအပြားသည် လမ်းများပေါ်သို့ အပြေးအလွှား ထွက်လာကြပြီး ကြောက်စရာ ကောင်းလောက်အောင် မည်းနက်နေသော မိုးကောင်းကင်ဆီ မော့ကြည့်နေကြလေသည်။

မြို့တော်ပီကင်း အရှေ့တောင်ဘက် မိုင်တစ်ရာ အကွာတွင်ကား အလွန် ကြောက်မက်ဖွယ်ရာ ကောင်းသော အဖြစ်များနှင့် ရင်ဆိုင်နေကြရ၏။ မြေကြီးများသည် အက်ကွဲကာ လူများ၊ အဆောက်အအုံများနှင့် ခုတ်မောင်းသွားနေသော မီးရထားများကိုပါ ဝါးမျိုနေကြသည်။ ထိုဒေသတွင်းမှ လူဦးရေ အဆမတန် ထူထပ်သော ကျောက်မီးသွေးတွင်း မြို့များသည် အကြီးအကျယ် ပျက်စီးကုန်ကြသည်။

လမ်းအားလုံး အက်ကွဲကာ နိမ့်ဆင်းကုန်ကြသည်။ ဆေးရုံများနှင့် အစိုးရ အဆောက်အအုံ အားလုံးသည် မြေပေါ်တွင် ပြားပြားဝပ်ကုန်ကြသည်။ ကျောက်မီးသွေးတွင်းများမှာလည်း ပြိုကျကုန်သည်ဖြစ်ရာ တွင်းအလုပ်သမားများသည်

တွင်းပိ၍ သေဆုံးကုန်ကြသည်။ မြေကြီးများ အက်ကွဲခြင်း၊ ပြိုကျခြင်း စသည်တို့မှာ နေရာတိုင်း၌ ဖြစ်ပွားလျက်ရှိသဖြင့် အဆန်းမဟုတ်တော့ပေ။ တရုတ်နိုင်ငံ၏ အရှေ့မြောက် ဒေသတွင်းရှိ ထောင်နှင့်ရာနှင့် ချီ၍ ရှိနေသော လူများသည် မြေပြင်၏ ပြောင်းလဲမှုကြောင့် သေကြကျေကြ ဒဏ်ရာရကြ ဖြစ်ကုန်သည်။

ပီကင်းတွင် မြေငလျင် လှုပ်မှုသည် လုံးဝ ရပ်တန့်သွားတော့မည့် အရိပ်လက္ခဏာ မပြချေ။ မြို့တော်၏ အရှေ့ပိုင်းတွင် ဆင်ခြေဖုံး ရပ်ကွက်ရှိ အဆောက်အအုံ တစ်ခု၏ သတ္တမထပ် အခန်း တစ်ခန်းတွင် အေဘီဂေးလ်သည် မြို့တော်ပေါ်၌ လင်းခနဲ ဖြစ်လာသည့် အလင်းရောင်ကြောင့် နိုးလာသည်။ သူမ၏ အိပ်ခန်း တစ်ခန်းလုံး ယိမ်းထိုးလျက် ရှိ၏။ အသံဗလံများမှာလည်း ဆူညံလျက် ရှိလေသည်။

အေဘီဂေးလ်သည် အိပ်ရာထက်မှ ကပျာကယာ လူးလဲထကာ သူမ၏ ညဝတ်အင်္ကျီပေါ်မှနေ၍ ရေချိုးခန်း ဝင်ချိန်တွင် ဝတ်လေ့ရှိသည့် အင်္ကျီရှည်ကြီးကို ထပ်ဝတ်ပြီး ပြတင်းပေါက်ဆီသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားသည်။ ပီကင်း မြို့တော်၏ အထက်ဘက်တွင် အလင်းရောင်တန်းသည် လင်းခနဲ လက်ခနဲ ပေါ်လာပြန်၏။ ပေါက်ကွဲသံများလည်း ကြားရ၏။ ဓာတ်ဆီဆိုင် ပေါက်ကွဲဟန်တူသည်ဟု အေဘီဂေးလ်တွေးသည်။ မိမိ ကိုယ်တိုင်ရော သေဘေးမှ လွတ်နိုင်ပါမည်လော။

သူမသည် ဘာကိုမှ မစဉ်းစားတော့ဘဲ အိပ်ခန်းနှင့် ဆက်နေသော အခန်းထဲသို့ ပြေးဝင်ကာ ထိုမှတစ်ဆင့် အပြင် လသာဆောင်ဘက် ထွက်လာခဲ့ပြီး ဥယျာဉ်ဆီသို့ လှမ်းကြည့်သည်။ ထိုအခါကျမှပင် အဆောက်အအုံ တစ်ခုလုံး လှုပ်ရှားလျက် ရှိသည်ကို အေဘီဂေးလ် သတိထားမိလာသည်။ ရုတ်တရက် လမ်းဘေးမှ ဓာတ်တိုင် မီးအားလုံး ပျက်ကုန်သည်။ မြေကြီးဆီမှ ကျယ်လောင် မြည်ဟည်းသော အသံကြီးများ ထွက်ပေါ်လာပြန်သည်။ သူမသည် လသာဆောင်မှ ဆင့်တန်းအား လက်နှစ်ဖက်ဖြင့် လှမ်းကိုင်သည်။ ကြောက်စိတ်သည် အပြင်းအထန် လွှမ်းမိုးနေပြီ ဖြစ်ရာ သူမ၏ တစ်ကိုယ်လုံးသည် တုန်ယင်လှုပ်ရှားလျက် ရှိနေလေပြီ။

အချိန် အတော်ကြီး ကြာသွားသည့်အခါ မြေငလျင် လှုပ်ခြင်းသည် ရပ်သွားသည်။ ထိုအခါ စိတ်တည်ငြိမ်မှုသည် ပြန်လည် ဝင်ရောက်လာသည်။ စက္ကန့် အနည်းငယ်မျှအတွင်း တိတ်ဆိတ်နေသော အမှောင်ထုထဲ၌ ရောက်နေသည့် အေဘီဂေးလ်သည် အသက်ရှူ ကျပ်လာသည်။ သူမ၏ နှလုံးခုန်သည် ရပ်သွားပြီဟု ထင်နေမိ၏။ နောက်ကျင်မှ ဝေဒနာ ခံစားနေရသည့် အသံ တစ်သံကြားလိုက်ရသည်။ အဆောက်အဦ အတွင်းမှ ဖြစ်၏။

လန့်ဖျပ်ပြီး ကျောက်ရုပ်သဖွယ် ငြိမ်ဆိမ်နေသော အေဘီဂေးလ်တွင် အသက် ပြန်ဝင်သလို ဖြစ်သွားသည်။ သူမသည် တိုက်ခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။ အခန်းတိုင်းတွင် ဖုန်မှုန့်များ ထောင်းထောင်းထလျက် ရှိ၏။ သူမသည် မီးဖိုခန်းထဲ ဝင်ကာ အံဆွဲ တစ်လုံးထဲမှ လက်နှိပ်ဓာတ်မီး တစ်လက် ထုတ်ယူ၍ အိပ်ခန်းဆီ ပြန်လာသည်။ ဖုန်နှင့် အမှုန်များ ရှူနေရသဖြင့် ချောင်းတဟွပ်ဟွပ် ဆိုးလာနေပြီ။ ဘောင်းဘီတစ်ထည် ကောက်ဝတ်ကာ တင်းနစ်ရှူးဖိနပ် တစ်ရန် ယူ၍ စီးသည်။ အိပ်ရာပေါ်ရှိ သူ အိပ်ခဲ့သော နေရာတွင် မျက်နှာကြက် ပြိုကျထားသဖြင့် မြင်မကောင်း ရှုမကောင်း ဖြစ်လျက်ရှိလေသည်။

အပြင်ဘက် ခန်းမဆီမှ ရုတ်တရက် အော်သံခေါ်သံများနှင့် ပြေးသွားနေသည့် ခြေသံများကြားရ၏။ သူသည် ဆွယ်တာတစ်ထည် ယူကာ ပခုံး နှစ်ဖက်ပေါ် တင်၍ လည်ပင်းတွင် ပတ်၍ စည်းထားလိုက်ပြီး တံခါးဆီသို့ လျှောက်သွားသည်။ အဆောက်အအုံမှာ မြို့တော်၏ အရှေ့ပိုင်း ဆင်ခြေဖုံး၌ တည်ရှိ၍ နိုင်ငံခြားသားများ အတွက် သီးခြား ဆောက်လုပ်ထားခြင်း ဖြစ်၏။

သူနှင့် အတူနေ တစ်တိုက်တည်းသားများသည် အန္တရာယ်မှ လွတ်ရာ လွတ်ကြောင်းအတွက် လှေကားမှ ပြေးဆင်း လာနေကြသည်ကို မြင်ရ၏။ အားလုံးလိုလိုပင် ညဝတ်အင်္ကျီများ ဝတ်ထားကြပြီး ဖိနပ်များပင် စီးမလာနိုင်ကြချေ။ အပြေးအလွှား သွားနေရင်းမှပင် အေဘီဂေးလ်သည် လှေကားမှ ပြေးဆင်းနေသူများ၏ ခေါင်းများပေါ်မှ ကျော်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ နံရံများနှင့် မျက်နှာကြက်များပါ အကွဲကြောင်းကြီးများဖြင့် ပြည့်နေသည်။ နောက်ထပ်နံရံ အက်သံများကိုလည်း ကြားနေရဆဲ။ သူသည် လှေကားမှ ပြေးဆင်းရန် ဟန်ပြင်လိုက်၏။ ထိုအခိုက်မှာပင် ကြမ်းပေါ်သို့ လဲကျသံလိုလို ခုန်ချသံလိုလို အသံတစ်သံ သူ ကြားလိုက်ရလေ၏။

အေဘီဂေးလ်၏ အခန်းနီးချင်းမှာ မကြာသေးခင်ကမှ ရောက်လာသည့် ပိုလန်နိုင်ငံသူ ဆရာမ ဖြစ်သည်။ အခန်းတံခါးအား လှမ်းကြည့်လိုက်သည့်အခါ အခုအချိန်ထိ ပိတ်ထားဆဲ။ တံခါးအား သွားကြည့်သည့်အခါ အတွင်းမှ သော့ခတ်ထားခြင်း ဖြစ်သည်ကို သိလာရ၏။ အေဘီဂေးလ်သည် နောက်သို့ ဆုတ်၍ ရပ်ကာ တံခါးဆီသို့ အရှိန်ဖြင့် ပြေးသွားပြီး ကန်သည်။ ကန်ပါများသည့်အခါ တံခါးသည် အတွင်းဘက်သို့ ပြုတ်ကျသွားသည်။

အသံ ဘယ်က လာနေပါလိမ့်။ အခန်းထဲ ရောက်သွားလျှင်သွားချင်း အေဘီဂေးလ် ခေါင်းထဲ ဝင်လာသည့်အတွေး။ အသံမှာ အတွင်းခန်း တစ်ခန်းမှ လာနေခြင်း ဖြစ်၍ ငိုသံ ဖြစ်သည်။ အေဘီဂေးလ်သည် အတွင်းခန်း တံခါးအား ခြေထောက်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ကန်၍ ဖျက်ရပြန်သည်။ ပါးစပ်မှလည်း အခန်းရှင်၏ နာမည်အား တကြော်ကြော် ခေါ်သည်။

နောက်ဆုံးတွင် အခန်းတံခါး၏ ပတ္တာအားလုံး ပြုတ်ပျက်ထွက်ကာ အခန်းထဲသို့ လဲကျသွားသည်။ ချက်ချင်းပင် ဖုန်များ အလူးလူး အလိမ်းလိမ်း ကပ်နေသည့် အမျိုးသမီးသည် အမှောင်ထု အတွင်းမှနေ၍ အပြင်သို့ ရောက်လာသည်။ အေဘီဂေးလ်သည် အမျိုးသမီးအား ဆီး၍ ဆွဲခေါ်ကာ လှေကားအတိုင်း ပြေးဆင်းလာခဲ့ပြီး ခြံဝင်း တစ်နေရာ၌ စုရုပ်နေကြသော လူ ဒါဇင်ပေါင်းများစွာထံ သွား၍ ရောနေလိုက်၏။

လူများစုမှာ ညဝတ်အင်္ကျီများနှင့်ချည်း ဖြစ်၍ အချို့မှာ လက်လှမ်းမှီရာ အင်္ကျီရှည်ကြီးများနှင့် ခြုံထည်များကို ဆွဲယူပြီး ဝတ်လာကြခြင်း ဖြစ်သည်။ အားလုံးသည် ထိတ်လန့်တကြားဖြစ်ကာ ဖြူဖပ်ဖြူရော် မျက်နှာများနှင့်ဖြစ်သည်။ အေဘီဂေးလ်၏ လက်နှိပ်ဓာတ်မီး အကူအညီဖြင့် မျက်နှာကြက်များနှင့် နံရံများဆီမှ အအက်အကွဲကြီးများအား မြင်ကြရသည့်အခါ လူအားလုံးသည် ဘေးကင်းရာ ဥယျာဉ်ခြံဝင်း အတွင်းသို့ ပြောင်းရွှေ့ နေရာယူကြသည်။ "ပြည်သူ့လုံခြုံရေးဗျူရို" မှ အရာရှိများ ရောက်လာသည့်အခါ အေဘီဂေးလ်က အဆောက်အအုံပျက်ကြီးတွင်း၌ လူတစ်ယောက်မျှ မကျန်တော့ဟူသော သတင်းကို ဆီး၍ ပေးနိုင်ခဲ့လေ၏။

အခန်းနေ အများစုတွင် ကလေးများပါ လာကြသည်ဖြစ်ရာ ကလေးအားလုံးသည် သူတို့မိဘများအား ကြောက်လန့်တကြား ဖက်တွယ်ထားကြသည်။ ထိုစဉ်မှာပင် မိုးသည် သည်းထန်းစွာ ရွာချလာသည်။ အေဘီဂေးလ်သည် သူ့ပခုံးထက်မှ ဆွယ်တာကို ယူ၍ မိခင်လက်ထဲ၌ ငိုကြွေးလျက်ရှိသော အအေးဒဏ်ခံနေရရှာသည့် မြင်သစ်မကလေးအား ခြုံပေးလိုက်သည်။

ကလေးမလေးမှာ လေးငါးနှစ် အရွယ်မျှသာ ရှိပေသေးသည်။ နွေးနွေးထွေးထွေး ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် မိန်းကလေးသည် အငိုတိတ်သွားသည်။ ကလေးအား ကြည့်နေသော အေဘီဂေးလ် ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာသည်။ သူသည် ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ဘဲ အဆောက်အအုံ နောက်ဘက်ရှိ စက်ဘီးများထားရာ နေရာသို့ ပြေးလာခဲ့သည်။

သူသည် ရှေ့ဆုံး၌ ထောင်ထားသည့် စက်ဘီးအား ဆွဲယူကာ စက်ဘီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ထို့နောက် ခြေထောက်များကို ခြေနင်းများပေါ် တင်၍ အရှိန်ပြင်းစွာဖြင့် နင်းလာခဲ့၏။ မိုးရေများကြားမှ ဖြတ်သန်းသွားနေသော အေဘီဂေးလ်၏ စက်ဘီးသည် မြို့တော် ပီကင်း၏ အလယ်ဆီသို့ ဦးတည်လျက် ရှိလေသည်။

***

၁၄

စိတ္တဇဆေးရုံ၏ အပြင်ဘက်ရှိ အလင်းရောင်အား ပထမဆုံး မြင်လိုက်ရသည့် အခါ ကာအိုသည် နှစ်ကာလ ကြာမြင့်စွာ ကြောက်လန့် လာခဲ့သော ဆိုဗီယက် မျှကလီးယား လက်နက်အား သတိရလာသည်။ မိမိတို့ ကြောက်လာခဲ့သော ထိုလက်နက်ဖြင့် တိုက်ခိုက်မှုသည် နောက်ဆုံးကျတော့လည်း ရောက်လာခဲ့ ပါပကောလားဟု တွေးမိလိုက်မိ၏။ အမှန်တော့ သူ တွေးနေမိသည်မှာ ထို လက်နက်သည် ပီကင်းမြို့အား ပစ်မှတ်အဖြစ်ထား၍ တိုက်ခိုက်ပစ်ရမည်ဟု တွေးမိလေသည်။

မိုးခြိမ်းသံတမျှ ကျယ်လောင်ပြင်းထန်သော အသံများနှင့် လှုပ်ရှားမှုများ ဖြည်းဖြည်းချင်း စဲသွားသည့်အခါ သူတို့ မျက်စိများ အောက်ရှိ နံရံပေါ်မှ အက် ကြောင်းကြီးသည် မျက်နှာကြက်ဆီ တက်သွားနေရာမှ ဆက်၍ မတက်တော့ဘဲ ရပ်သွားသည်ကို မြင်လိုက်ရ၏။ သူ့တွင် ငြိတွယ်နေသည့် ကြောက်စိတ်သည် လည်း အရှိန် မတက်တော့ဘဲ တန့်သွားသည်။

တဖြည်းဖြည်းနှင့် တင်းမာနေသော စိတ်သည် ပြေလျော့သွားကာ ကျိုး ကြောင်း ဆင်ခြင်တရားရှိသော စိတ်သည် ဝင်လာသည်။ **တီချင်း** (မြေငလျင်) ဟူသော စကားလုံးများသည် ထပ်တလဲလဲ ခေါင်းထဲ ဝင်လာသည်။ ထိုခဏမှာ ပင် သူ့နား နား၌ ကပ်၍ ထပ်တလဲလဲ ပြောနေသော မေ-လင်း အသံကိုကြားရ သည်။ ဤတစ်ကြိမ်တွင် မေ-လင်းသည် သူ့နာမည်အား ခေါ်နေခြင်း မဟုတ်။

သူတို့ သားအမိသည် အခုအချိန်ထိ လက်ချင်းချိတ်၍ ရပ်နေဆဲ၊ ရပ်နေ ကြသည်မှာ အခန်းအလယ်၌ ဖြစ်၏။ မေ-လင်း၏ အသံများသည် သူ့ အင်္ကျီ လက်မောင်းအား ဆွဲ၍ တတွတ်တွတ် ပြောနေခြင်း ဖြစ်သည်။ တစ်လုံးတည်း သော စကားအား ထပ်တလဲလဲ ရွတ်နေခြင်းဖြစ်၍ တစ်ခါတစ်ရံ စတ္တန့် အနည်း

ငယ် ကြာမျှ နားနေတတ်သည်။ မေ-လင်း ပြောသည့် စကားများကိုလည်း ကာဒို နားမလည်ချေ။ မြေငလျင် လှုပ်နေခြင်း အပေါ်၌ရော သူ့အမေ နားမှ လည်ပါလေစ။

သူနာပြု ဆရာမ နှစ်ဦးသည် အထိတ်ထိတ် အလန့်လန့်ဖြစ်ကာ ကာဒို အား ကြည့်နေကြသည်။ အကယ်၍သာ ဤနေရာ၌ ကာဒို မရှိပါက ဤဆရာမ များသည် ဤအခန်းထဲမှ ထွက်ပြေးကြလိမ့်မည်မှာ သေချာ၏။ အခုတော့ သူတို့ သည် အိပ်ရာ ခုတင်အား နံရံတစ်ဖက်၌ ကပ်၍ မူလ အနေအထားအတိုင်း ဖြစ်လာအောင် ပြန်ခင်းသည်။ စားပွဲနှင့် ကုလားထိုင်များကိုလည်း ယခင်အတိုင်း နေသားတကျ ဖြစ်သွားအောင် ပြန်လည် နေရာချပေးသည်။

စကြိုလမ်းဆီမှ အော်ဟစ်သံများ ကြားနေကြရသော်လည်း ဆရာမများ သည် ဂရုမစိုက်ကြချေ။ သူတို့သည် ကာဒို့ထံ ချဉ်းကပ်ကာ မေ-လင်းအား ထပ်မံ စောင့်ရှောက်ပေးဖို့ တာဝန်ယူကြသည်။ ကာဒို အံ့သြနေသည်မှာ တခြား မဟုတ်၊ သူ့အမေသည် သူနာပြု ဆရာမများ နောက်သို့ မငြင်းမဆန် လိုက်ပါ သွားသည့် အတွက် ဖြစ်သည်။

“အမေ ဘာပြောနေတယ် ထင်လဲ” ဟု ကာဒိုက မေးသည်။

ပထမတော့ သူနာပြု ဆရာမ နှစ်ဦးသည် ခေါင်းခါကြသည်။ “သူ ပြောနေတာ။ **မာဒိုရှ** (ဦးထုပ်)လား” ဟု သူက မေးသည်။ အဲသလို ပြောတာဟာ အဓိပ္ပာယ် ရှိရဲ့လား။

မေ-လင်းသည် ငြိမ်နေသည်။ ပြီးတော့ သူ ကြည့်နေခိုက်မှာပင် မေ-လင်း၏ နှုတ်ခမ်းများသည် လှုပ်လာသည်။

“မင်း”

ကာဒိုသည် သူ့အမေအား စိုက်ကြည့်နေသည်။ သူ့အမေ နှုတ်မှ “မင်း” ဟူသော စကားသည် သူ့အား အံ့အားသင့်စေသည်။ “ကျွန်တော့် မိန်းမနဲ့သားက အထီးကျန် နေကြရတာ အမေ” ဟု ပြောသည်။ ပထမ သူ့အမေ မျက်နှာအား စိုက်ကြည့်နေရာမှ သူနာပြု ဆရာမများဘက် လှည့်ကြည့်သည်။ “ကျွန်တော် သွားတော့မယ...အမေ”

သူသည် တံခါးဆီသို့ လျှောက်သွားသည်။ တံခါးဝ ရောက်သည့်အခါ နောက်သို့ ပြန်လှည့်ကြည့်သည်။ သူ့အမေ မေ-လင်းသည် မောပန်း နွမ်းဟိုက် လျက် ရှိသဖြင့် ကုလားထိုင်၌ ထိုင်ကာ ဦးခေါင်း ငိုက်စိုက်ကျလျက် ရှိသည်။

“သူ့ကို ပစ်မထားခဲ့နဲ့” ဟု ကာဒိုက ဆရာမများအား လှမ်းပြောသည်။ “မင်းတို့ နှစ်ယောက်ထဲက တစ်ယောက်ကတော့ အနားမှာ ရှိနေရမယ်၊ သူ နေကောင်းသွားတဲ့အထိ ဂရုစိုက်ပြီး ကြည့်ပေးရမယ်”

ဆရာမများ ထံမှ စကားပြန်ပြောသည်ကို မစောင့်ဘဲ ကာဗိုသည် အခန်းထဲမှ ပြေးထွက်သွားလေသည်။

***

၁၅

မှောင်နှင့်မည်းမည်း မိုးရေများ စွဲစိုနေသော လမ်းများပေါ်တွင် အထိတ်အထိတ် အလန့်လန့် ဖြစ်နေသော လူ အများအပြားဖြင့် ပြည့်နေသည်။ လမ်းမီးများ မရှိတော့သဖြင့် စက်ဘီးအား အရှိန်ပြင်းစွာ နင်းလာလျက်ရှိသော အေဘီဂေးလ်သည် မကြာခဏ လမ်းမှားပြီး အကွေ့အချိုး လုပ်နေမိသည်ဖြစ်ရာ အလျင်လို အနေးဖြစ်လျက်ရှိ၏။ မှောင်ကြီးမည်းမည်း လမ်းများပေါ်တွင် လက်နှိပ်ဓာတ်မီး များနှင့် ဖယောင်းတိုင်မီးများသည် များစွာ ကူဖော်လောင်ဖက် ရနေသော်လည်း ထိထိရောက်ရောက်ကား မရှိလှပေ။

အေဘီဂေးလ်သည် ငလျင်ဒဏ်ကြောင့် ပြိုပျက်ကျနေသော အိမ်များနှင့် ဝေးဝေး နေကြရန် အော်ဟစ် သတိပေးနေသံများ ကြားနေရ၏။ သတိပေးနေကြ သူများမှာ ကေဒါများဖြစ်၍ သူတို့သည် နောက်ထပ် လှုပ်လာဦးမည့် ငလျင် ဘေးကို မြင်နေကြ၍ ကြိုတင် သတိပေးနေကြခြင်း ဖြစ်သည်။ လမ်းဘေးဝဲယာရှိ သစ်ပင်များ ကြားတွင် စောင်များနှင့် မိုးကာစများအား ချည်နှောင်၍ အမိုးများ လုပ်ထားသည့် ယာယီစခန်းများကို မြင်နေရလေသည်။

လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ထိတ်လန့်နေကြသော လူကြီးများနှင့် ကလေးသူငယ်များအား ဖြတ်သန်းလာနေရသော အေဘီဂေးလ်သည် သူ့စက်ဘီး အား ပီကင်းမြို့လယ်ဆီ ဦးတည်ကာ အရှိန်ပြင်းစွာဖြင့် နင်းနေဆဲ။ သူ့အတွက် အခက်အခဲကား တခြား မဟုတ်၊ မြို့လယ်နှင့် နီးလာလေလေ၊ အဟန့်အတား ပေါင်း များစွာနှင့် တွေ့လေ ဖြစ်နေသောကြောင့်ပေတည်း။

ငလျင်ဒဏ်ကြောင့် ရှိနေသည့် အဆောက်အအုံ မှန်သမျှ အလဲလဲ အပြိုပြို ဖြစ်လျက်ရှိရာ လမ်းများသည် အုတ်ပုံများဖြင့် ပြည့်လျက်ရှိကြ၏။ ဤသို့ဖြင့် အေဘီဂေးလ်၏ စက်ဘီးသည် တစ်နေရာ အရောက်တွင် အုတ်ပုံကြီး တစ်ပုံအား ဝင်တိုးမိသည်။ ထိုအချိန်ထိ သူသည် အားမပျက် လက်မလျှော့

သေး။ ရနိုင်သမျှသော အခါအခွင့်များကို ရှာကာ လမ်းကြိုလမ်းကြား အုတ်ကျိုး အုတ်ပုံများ ကြားမှာ တခက်တခဲ တပင်တပန်း စက်ဘီးအား နင်းလာခဲ့သည်။ နောက်ဆုံးတွင်မူ သူသည် လမ်းအားလုံး ပိတ်လုနီးပါး ဖြစ်လျက်ရှိသော အခြေ အနေကို ကြည့်၍ စက်ဘီးအား လမ်းဘေး တစ်နေရာ၌ စွန့်ပစ်ထားခဲ့ပြီး ပလက် ဖောင်း ပေါ်ရှိ အပျက်အစီးပုံများ ကြားအတိုင်း ရှောင်ကာကွင်းကာဖြင့် ပြေးလာ ခဲ့လေ၏။

မိုးမှာ မစဲသေး။ အေဘီဂေးလ်၏ ဆံပင်နှင့် တစ်ကိုယ်လုံး မိုးရေဖြင့် ရွှဲနစ်နေသည်။ သူ ရှေးဟောင်း ဂေရာဇ်မြို့တော်သို့ ရောက်သွားချိန်တွင် အဆ မတန် မောပန်းလျက် ရှိနေလေပြီ။ လမ်းတစ်လျှောက်လုံး သူသည် မကြာခဏ လမ်းမှားနေခဲ့သည်ဖြစ်ရာ မောပန်းသည့် ဒဏ်ကို ပြင်းစွာခံခဲ့ရ၏။ သို့သော်လည်း ဒရမ်မျှော်စင်သို့ ရောက်သွားသည့်အခါ ထိုနေရာတစ်ဝိုက်ရှိ မီးများ ပြန်လင်း နေသဖြင့် အမောပြေသလို ဖြစ်သွားသည်။

သူသည် နိုင်မာသော ဆုံးဖြတ်ချက်သစ်အား ရင်ဝယ်ပိုက်ကာ ထိုနေရာ တစ်ဝိုက်၌ စုရုံး နေကြသော လူအုပ်ကြီးကြားမှ ဖြတ်ထွက်လာခဲ့သည်။ ရှေး ဟောင်း အုတ်ကြွပ်များ မိုးထားသည့် ဂိတ်တံခါး တစ်ဖက်တစ်ချက်စီမှ နံရံနီနီ များသည် တစ်ပိုင်းတစ်စ ပြိုကျလျက်ရှိ၍ အမိုးတံစက်မြိတ်များသည် ကျိုးပျက် နေကြသည်။ ငြိမ်ဆိမ်နေသော လူစုလူဝေးသည် ပြိုကျ ပျက်စီးနေသော အဆောက်အအုံများကို ကြည့်ကာ တအံ့တသြ ဖြစ်နေကြသည်။

ရှေးဂေရာဇ် ဘုရင်များ လက်ထက်က ဒရမ်မျှော်စင်သည် အလွန် ထင်ရှားခဲ့သော နေရာတစ်နေရာ ဖြစ်၏။ ထိုမျှော်စင်ပေါ်တွင် စည်များ ချိတ်ဆွဲ ကာ တစ်နေ့တာ အချိန်များကို လူအများ သိသာစေရန် တီးခတ်ပေးလေ့ ရှိသည်။ တရုတ် လူမျိုးများအတွက် အမှတ်တရ ဖြစ်စေနိုင်သည့် နေရာ တစ် နေရာ ဖြစ်သည်။ ဒေသခံ လူများအဖို့ ထိုနေရာသည် သမိုင်းဝင် အမှတ်အသား ပြုစရာ နေရာတစ်ခု ဖြစ်ပေသည်။ ရိုးရာဓလေ့ ထုံးစံအရ တရုတ် လူမျိုးတို့ ယုံကြည်နေကြသည်မှာ ကြယ်တံခွန်များ ပျံသန်းခြင်း၊ မြေငလျင်များ လှုပ်ခြင်း နှင့် အခြားသော သဘာဝ ဖောက်ပြန်မှုများသည် ဤနေရာနှင့် ဆက်စပ်လျက် ရှိသည်ဟု ယုံကြည်နေကြသည်။ အေဘီဂေးလ်သည် အယူသီးမှုကြောင့် ဖြစ် ပေါ်လာသော ကြောက်စိတ်များ၊ ဤလူစုလူဝေးများကြား၌ ရှိနေသည်ကို သတိ ထားနေမိ၏။

အေဘီဂေးလ်၏ ရင်ထဲတွင် တရုတ် လူမျိုးများအပေါ်၌ ကိုယ်ချင်းစာနာ သော စိတ်သည် ဖြစ်ပေါ်လျက်ရှိသည်။ ဤကြားထဲမှပင် မိန်းမများနှင့် ကလေး

သူငယ်များ၏ ငိုသံများ ကြားနေရသည်။ အမှောင်ထု ထဲတွင် ကယ်ဆယ်ရေး အလုပ်သမားများသည် ရေကြီးသုတ်ပျာဖြင့် လှုပ်ရှားလျက် ရှိကြသည်။ နောက်ဆုံးတွင် သူသည် နန်ချီဇီ ရပ်ကွက်ထဲသို့ ဝင်လာခဲ့သည်။ လမ်းဘေး ဝဲယာရှိ အိမ်အများစုမှာ လျှောင်ဒဏ်ကြောင့် ပြိုကျကုန်လေပြီ။ နေရာတိုင်းလိုလိုတွင် လူအများအပြားသည် ပြိုပျက်ကျနေသော ပစ္စည်းများကြား၌ လက်များဖြင့် ယက်၍ ရှာဖွေလျက်ရှိကြသည်။ သူ လျှောက်သွားနေသော လမ်း၏ ရှေ့တည့်တည့်မှ အိမ်နံရံ တစ်ခုသည် ပြိုကျရန် တာစူလျက်ရှိလေရာ သူသည် လန့်ဖျပ်ပြီး ပြေးထွက်လာခဲ့လေ၏။

အေဘီဂေးလ် အနေဖြင့် ကာဒို၏ အိမ်သို့ တစ်ခေါက် တစ်ကျင်းမှ အလည် မရောက်ဘူးခဲ့ပေ။ ကာဒို၏ သားအတွက် ဝက်ဝံရုပ် လက်ဆောင် ပို့ပေးခဲ့ပြီးသည့်နောက် ထိုနေရာ တစ်ဝိုက်သို့ သူ မကြာခဏ ရောက်ခဲ့ဖူး၏။ ကာဒို၏ အိမ်နေရာကို သတိထား၍ မှတ်သားခဲ့ဖူး၏။ သူ အခု အိမ်ရှေ့သို့ ရောက်သွားသည့်အခါ ကာဒို အိမ်၏ နံရံတစ်ဖက်သည် ပြိုကျလျက် ရှိသည်။ ခေါင်မိုးမှာလည်း အိမ်အတွင်းဘက်သို့ ပြိုဆင်းနေပြီ ဖြစ်၏။ ခြံဝင်း အတွင်းရှိ ထောင့်တစ်ထောင့်၌ ခွေးခြေခုံနှင့် ထိုင်နေသော ခါးကုန်းကုန်းနှင့် အဘွားကြီး တစ်ယောက်သည် ငိုကြွေးလျက်ရှိသည်။

အေဘီဂေးလ်သည် အဘွားကြီး နားသို့ သွားရပ်ပြီး အဆောက်အအုံပျက်ထဲ၌ လူတစ်ဦးတလေ ရှိမရှိ မေးသော်လည်း အဖြေ မပေးချေ။ အဘွားကြီးသည် အေဘီဂေးလ်အား မကြည့်ဘဲ အဆက်မပြတ် ငိုကြွေးလျက်ရှိ၏။ စိုးရိမ်စိတ်ကြီးလာသော အေဘီဂေးလ်သည် အဘွားကြီး အနီးမှ ပြေးထွက်သွားပြီး ပြိုကျနေသော အိမ်၏ အနောက်ဘက်သို့ သွားသည်။ အိမ်နောက်ဖေးနံရံသည် ပြိုကျခြင်း မရှိသေးပေ။ သူသည် နံရံကို ကျော်တက်ပြီး မီးဖိုခန်းထဲသို့ ဝင်ခဲ့၏။

အတွင်းဘက် ရောက်သည့်အခါ ခေါင်မိုးမှ ယက်မနှင့် ထုပ်တန်းကြီးများ ပြိုကျနေသည်ကို တွေ့ရ၏။ ယင်းတို့၏ ပြိုကျမှုကြောင့် အတွင်းဘက် နံရံအားလုံးသည် စိစိညက်ညက် ကြေနေကြပြီ။ သူသည် ကြီးမားသော အုတ်ပုံကြီးနှင့် ရင်ဆိုင် နေရသည်။ အေဘီဂေးလ်သည် ထိုအပုံများကြားမှ လေးဖက်တွား၍ ဝင်လာခဲ့သည်။ ထိုနေရာ၏ အမြင့်မှာ သုံးပေခန့် ရှိသဖြင့် အေးအေးသာသာ သွားလို့ ရလေသည်။ သူသည် အခန်းများ စင်္ကြံလမ်းများနှင့် ကျဉ်းမြောင်းသော လသာဆောင်များအား ခက်ခဲပင်ပန်းစွာ လေးဖက်တွား၍ ကျော်ဖြတ်လာခဲ့သည်။

ထိုအခိုက်မှာပင် ထောက်ထားသော လက်နှစ်ဖက်သည် ပျော့စိစိ အရာဝတ္ထု တစ်ခုပေါ်သို့ ထောက်မိနေသည်။ သူသည် ထိတ်လန့်တကြား ဖြစ်ကား ငုံ့ကြည့်သည်။ တရုတ်အမျိုးသမီး တစ်ယောက်ဖြစ်၍ အလွန်လေးလံသော ဒိုင်းတစ်ခု၏ အောက်၌ ပိနေခြင်းဖြစ်သည်။ တရုတ်မမှာ အသက်များစွာ မကြီးသေးပေ။ ဖုန်များနှင့် သွေးများသည် အမျိုးသမီး၏ မျက်နှာပေါ်၌ ဖုံးလွှမ်းလျက်ရှိသည်။ အေဘီဂေးလ် စမ်းသပ်ကြည့်သည့်အခါ အမျိုးသမီးသည် အသက်မရှိတော့ပေ။ သူသည် မျက်လုံးများကို မှိန်း၍ ဆက်လက်ပြီး တွားသွားလာခဲ့သည်။

အေဘီဂေးလ်သည် ကျိုးပျက်နေသော တံခါးပေါက်မှ တိုးထွက်လာခဲ့သည်။ အိပ်ခန်းငယ်လေး တစ်ခန်း အတွင်းမှ အသံသဲ့သဲ့ကို ကြားရသည်။ သူသည် သူ့ရှေ့မှ အဟန့်အတား ဖြစ်နေသော အုတ်ခဲပုံများအား လက်နှင့်တွန်း၍ ဖယ်ကာ အခန်းထဲသို့ ဝင်လာခဲ့၏။ သူ့ရှေ့တွင် တရုတ်ကလေး တစ်ယောက်သည် လဲကျလျက် ရှိသည်။ မျက်လုံး အစုံမှာ ဖွင့်လျက်ရှိသည်။ အေဘီဂေးလ်သည် စိုးရိမ်စိတ်ကြီးစွာဖြင့် ရှေ့သို့ တိုးသွားပြီး ကလေးအား ပွေ့ယူလိုက်သည်။ ကလေးဆီမှ ထွက်လာသည့် အသံမှာ ယဲ့ယဲ့မျှသာ ရှိလေသည်။

အေဘီဂေးလ်သည် ကလေးအား ပွေ့ချီပြီး မီးဖိုချောင် ပြတင်းပေါက်ဆီသို့ တွားသွားလာခဲ့သည်။ နောက်ထပ် တစ်စုံတစ်ရာ ပြိုကျလေမလားဟု တွေးကာ စိတ်ပူလျက် ရှိသော်လည်း ဘာတစ်ခုမှ ပြိုကျခြင်း မရှိပေ။ သူသည် ပြတင်းပေါက်ကို ကျော်ခွ၍ တက်ကာ အပြင်သို့ ရောက်လာခဲ့သည်။ မိုးကားသည်းထန်စွာ ရွာနေဆဲ ဖြစ်၏။ ထိုနေရာ၌ တစ်ခဏမျှ နားနေခိုက်မှာပင် ကလေးထံမှ ငိုသံများ ကြားရသည်။

ခွေးခြေပေါ်၌ ထိုင်နေသော ခါးကုန်းကုန်း အဘွားအိုသည် အငိုတိတ်သွားပြီး အေဘီဂေးလ်အား ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်နေသည်။ "မင်း မသေဘူးလား" ဟု လှမ်းမေးသည်။

"မသေဘူး ထင်တာပဲ" ဟု ပြန်ဖြေကာ ကလေး၏ မျက်နှာပေါ်မှ ဖုန်မှုန့်များအား လက်တစ်ဖက်ဖြင့် သုတ်ပေးနေသည်။ ဘာမှ မဖြစ်ပေမယ့် သိပ်ပြီး လန့်သွားတယ် ထင်တယ်"

ထိုအခိုက်မှာပင် တစ်ကိုယ်လုံး မိုးရေများဖြင့် စိုရွှဲနေသည့် လူ တစ်ယောက်သည် ဂိတ်တံခါးမှ ဝင်လာသည်ကို မြင်ရ၏။ အေဘီဂေးလ်သည် ကာအိုမှန်း ချက်ချင်း မှတ်မိသည်။ ကာအိုသည် ခြံဝင်းအတွင်းမှ ဖြတ်ပြေးလာပြီး အေဘီဂေးလ် လက်ထဲမှ ကလေးငယ်အား လှမ်းယူလိုက်သည်။ အေဘီဂေးလ်၏ မျက်နှာကိုလည်း အကြီးအကျယ် အံ့အားသင့်ကာ ကြည့်လျက်ရှိ၏။

"သူ ဒဏ်ရာ ရတယ်လို့တော့ မထင်ဘူး ကာဒို" ဟု အေဘီဂေးလ်က ပြောသည်။ "ဒါပေမဲ့ အိမ်ထဲမှာ ဒိုင်းကြီး ပိနေတဲ့ အမျိုးသမီး တစ်ယောက် ရှိနေတယ်။ သူတော့ဖြင့် သေပြီ ထင်တာပဲ"

***

၁၆

နောက်တစ်နေ့ နံနက်တွင် ဂျေကော့သည် ဟောင်ကောင်ရှိ သူ့ ရုံးခန်းထဲ၌ ထိုင်ကာ ရေဒီယို သတင်းများနှင့် အေဂျင်စီ သတင်းဌာနများမှ သတင်းများအား ဖမ်းယူ၍ မြေငလျင် သတင်းများအား နားထောင်လျက် ရှိသည်။ သူသည် ရလာသမျှ သတင်း အားလုံးကို အစမှအဆုံး တစ်လုံးမကျန် ဖတ်ရှုလျက်ရှိသည်။

သူသည် နယူးချိုင်းနား သတင်း အေဂျင်စီထဲမှ သတင်းကို အထူး ဂရုစိုက်၍ ထပ်တလဲလဲ ဖတ်နေသည်။ တရုတ် အစိုးရ၏ တရားဝင် သတင်း ထုတ်ပြန်သော အေဂျင်စီ ဖြစ်သော်လည်း သတင်းများမှာ တိုတောင်းလှ၏။ "တရုတ်နိုင်ငံမြောက်ပိုင်း အရှေ့ဟိုပါးပြည်နယ် တန်ရှန်- ဖန်နန် ဒေသ အတွင်း၌ ဇူလိုင်လ ၂၈ ရက် ဝ၃း၄၂ နာရီတွင် ပြင်းထန်သော ငလျင်ကြီး လှုပ်သွားခဲ့သည်" ဟု သတင်းက ဆိုသည်။

တရုတ်ပြည်သစ် သတင်းဌာန၏ ထုံးစံအတိုင်း သတင်း အားလုံးကို အမှန်အကန် အတိအကျ မရေးဘဲ လိမ်ညာ ဝါဖြန်းကာ ဝေ့လည်ကြောင်ပတ် ရေးတတ်သဖြင့် ဖတ်ရသည်မှာ စဉ်းစားရ ခက်လှ၏။ "ထိုငလျင်နှင့် နှိုင်းယှဉ် ပါက ထိုငလျင်လောက်နီးပါး ပြင်းထန်သော လှုပ်ရှားမှုများသည် ပီကင်းနှင့် တီယန်ဆင် မြို့များ၌ လှုပ်ရှားသွား၍" "ငလျင်ကြောမိသော ဒေသအတွင်း၌ ကွဲပြားခြားနားသော ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်"ဟု သိရကြောင်း စသည်ဖြင့် ရေးထားသည်။

ပို၍ တိကျပြီး မှန်ကန်သော သတင်းကို ရိုက်တာ သတင်းဌာန အေဂျင်စီမှ ဖော်ပြထားသည်။ ထိုသတင်းဌာနသည် ဖြစ်လာသမျှ သတင်းကို မလိမ်မညာ မဝှက်ဘဲ အမှန်အတိုင်း ရေးသဖြင့် အားကိုးအားထား ပြုနိုင် လောက်သော သတင်း များကို ရနိုင်သည်။ ထိုသတင်းဌာန၏ အဆိုမှာ "အလွန် ပြင်းထန်သော မြေငလျင်ကြီး တစ်ခုသည် ယနေ့နံနက် စောစောစီးစီး ပီကင်းမြို့

အတွင်း၌ တုန်လှုပ်သွားသည်။ နံရံများ ပြိုကျခြင်းနှင့် ပြတင်းပေါက်များ ပျက်စီးခြင်း စသည်များ ဖြစ်ပွားသွားခဲ့သည်။ တိုက်တာနေအိမ် အဆောက်အအုံများ အတွင်းမှ ထောင်နှင့်ချီ၍ ရှိသော လူများသည် လမ်းများပေါ်သို့ အပြေးအလွှား ဆင်းလာကြသည်ကို တွေ့ရ၏။" စသည်ဖြင့် တွေ့မြင်ရသည့်အတိုင်း ရေးသားထားသည်။ ပီကင်း စံတော်ချိန် ၀၃း၄၅ နာရီတွင် စတင် လှုပ်ခဲ့ခြင်းဖြစ်၍ အချိန် နှစ်မိနစ်ခန့်မျှ ကြာလေသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်နှင့် ကော်လိုရာဒို ပြည်နယ်များမှ ဝိုင်ယာလက် သတင်းများက သိပ္ပံပညာရှင်များနှင့် ဘူမိဗေဒ ပညာရှင်များက ဤမြေငလျင်သည် ပီကင်းရှိ အလွန် လူနေ ထူထပ်သော ဧရိယာများ အတွင်း၌ လှုပ်ခဲ့ခြင်းဖြစ်သဖြင့် အသေအပျောက်နှင့် အပျက်အစီး များပြားလိမ့်မည်ဟု ခန့်မှန်းရကြောင်း၊ ထောင်နှင့် သောင်းနှင့် ချီ၍ရှိသော လူများသည် အဆောက်အအုံများ ပြိုကျသည့်အတွက် အသက် ဆုံးရှုံးဖွယ်ရာ ရှိကြောင်း၊ သိပ္ပံပညာရှင်များက ပြောကြသည်။ ၎င်းတို့၏ အဆိုအရ ၁၉၀၆ ခုနှစ် အတွင်းက ပေါ်ပေါက်ခဲ့သော ဆန်ဖရန်စစ္စကို ငလျင်ထက် ပို၍ ကြီးမားပြင်းထန်ကြောင်း မှတ်တမ်းများအရ သိရလေသည်။

အမေရိကန်တို့ဘက်မှ သတင်းများအား ဖတ်ရှု လေ့လာနေသော ဂျေကော့သည် တံခါးခေါက်သံကြောင့် ဖျတ်ခနဲ မော့ကြည့်သည်။ လူငယ်တရုတ် သတင်း ဘာသာပြန် တစ်ဦး ဖြစ်၏။ သူသည် သတင်း တစ်ပုဒ်ကို ယူ၍ လာပို့ခြင်း ဖြစ်သည်။ "ဒီသတင်းက ငလျင် လှုပ်ပြီးမှ ရောက်လာတဲ့ သတင်း မစ္စတာကယ်လ်နာ" ဟု တရုတ် လူငယ်က ပြောသည်။ "ဒါက ဒုတိယ အကြိမ် လှုပ်တာ၊ ပထမ အကြိမ်တုန်းကလိုပဲ အင်မတန် ပြင်းထန်တယ်လို့ သိရတယ်။ လှုပ်တဲ့နေရာက ပထမအကြိမ် လှုပ်ခဲ့တဲ့ နေရာပဲ။ ပထမ လှုပ်တဲ့ ငလျင်နဲ့ နာရီအနည်းငယ် လောက်ပဲ ကွာတယ်လို့ ဆိုတယ်။ သတင်းကတော့ အပျက်အစီးသိပ်များလိမ့်မယ်လို့ ဆိုထားတယ်။ ပထမဆုံး လှုပ်တဲ့ ငလျင်ဟာ လွန်ခဲ့တဲ့ဆယ်နှစ်အတွင်း ကမ္ဘာပေါ်မှာ အပြင်းထန်ဆုံး ငလျင်လို့လည်း သတ်မှတ်ထားတယ်။ အလယ်ခေတ် နောက်ပိုင်းမှာ တရုတ်ပြည်အတွက် အဆိုးဆုံးနဲ့ အပြင်းထန်ဆုံး ငလျင်လို့လည်း ပြောကြတယ်"

ဂျေကော့သည် လူငယ်ဘာသာပြန် ဆရာအား ကျေးဇူးတင်စကား ပြော၍ သူ ပေးသော သတင်းကို ပြန်ဖတ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ဂျေကော့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဗြိတိသျှ သံရုံးသို့ ယနေ့နံနက် တစ်မနက်ခင်းလုံး အကြိမ်ပေါင်း များစွာ ဖုန်းဆက်ခဲ့ပြီးပြီ။ သံရုံးမှ မိတ်ဆွေများမှ တစ်ဆင့် ပီကင်းနှင့် အဆက်အသွယ် ရရန် အားထုတ်ခြင်း ဖြစ်၏။ သူသည် သူ့သမီး

အေဘီဂေးလ်အတွက် များစွာ စိတ်ပူလျက်ရှိသည်ဖြစ်ရာ အကြိမ်ကြိမ် အခါခါ မေးမြန်း စုံစမ်းလျက်ရှိ၏။ သံရုံး၏ ပထမအတွင်းဝန်က ယခုအချိန်ထိ ဗြိတိသျှလူမျိုးတစ်ဦး တစ်ယောက် သေဆုံးသည် သို့မဟုတ် ဒဏ်ရာအပြင်းအထန် ရသည် ဟူသော သတင်းကို မရရှိသေးကြောင်း သို့ဖြစ်၍ သမီးဖြစ်သူအတွက် အလွန်အမင်း ပူပန်စရာ မလိုဟု ထင်ကြောင်း ရှင်းပြသည်။

ပထမ အတွင်းဝန်၏ အဆိုအရ တိကျ မှန်ကန်သော အသေးစိတ် သတင်းများကို ရရှိရန်မှာ လောလောဆယ် အလွန် ခက်ခဲကြောင်း၊ မြေငလျင်ကြောင့် လူ မည်မျှ သေဆုံးသည် အဆောက်အအုံ မည်မျှ ပျက်စီးသည် အစရှိသော သတင်းများကို ရရန်မှာ မလွယ်ကူကြောင်း ပြောပြသည်။ ပီကင်းမြို့တော်အတွင်းရှိ လမ်းအများ အပြားမှာ ပြိုပျက် ကျနေသော အဆောက်အအုံများ ပိတ်နေသဖြင့် မည်သူမျှ မသွားရဲ မလာရဲ ဖြစ်နေကြောင်းကိုလည်း ထပ်မံ၍ ပြောပြသည်။

ဂျေကော့၏ ရှေ့တည့်တည့် စားပွဲပေါ်တွင်ကား သူ၏ သတင်းလွှာအတွက် လက်နှိပ်စက်နှင့် ရိုက်ထားသော သတင်း တစ်ပိုင်းတစ်စ ရှိနေသည်။ ထိုသတင်းမှာ ယမန်နေ့က စတင် ရေးသားထားခြင်း ဖြစ်၏။ အသေးစိတ် သတင်းများ မရရှိသေးသဖြင့် ခေတ္တခဏ ရပ်ထားရခြင်း ဖြစ်သည်။ မနေ့က ရထားသည့် သတင်းများအရ ဆိုပါက ရေကြီးသတင်းနှင့်အတူ မြေငလျင် လှုပ်သည့်သတင်းသည် တွဲနေသည်။ မော်စီ-တုန်း၏ ယိုယွင်း ပျက်ပြားနေသော ကျန်းမာရေးနှင့် ပတ်သက်သည့် ကောလာဟလ သတင်းများကိုလည်း ထိုသတင်းများနှင့်အတူ ရောက်နေသည်ကို တွေ့ရ၏။

တရုတ်နိုင်ငံ၏ နေရာဒေသ အနှံ့အပြား၌ အကြမ်းဖက်မှုများနှင့် မငြိမ်မသက် ဖြစ်မှုများသည် ပျံ့နှံ့လျက် ရှိသည်ဟု သတင်းများက ဆိုသည်။ နိုင်ငံရေးနှင့် ပတ်သက်သော တိုက်ခိုက်မှုများနှင့် ပဋိပက္ခများသည် သေအံ့မူးမူး ဖြစ်နေသော မော်၏ ပတ်ဝန်းကျင်၌ ပြင်းထန်စွာ လှုပ်ရှားနေသည်ဟု သိရ၏။ ဤကြားထဲတွင် ပြင်းထန်သော ငလျင်သတင်းက အရာရာတိုင်းကို လွှမ်းမိုးသွားသည် ဖြစ်ရာ လက်နှိပ်စက် ထဲ၌ ရှိနေသော သတင်းသည် သူ့အတွက် အသုံးမဝင်တော့ပေ။ သူသည် လက်နှိပ်စက်ထဲမှ စက္ကူကို ဆွဲထုတ်ပြီး လုံးခြေ၍ အမှိုက်ခြင်းထဲသို့ ထည့်လိုက်သည်။

သူသည် စားပွဲတွင် အတန်ကြာမျှ ဆက်၍ ထိုင်နေသည်။ သူ့ စားပွဲပေါ်မှ သတင်းများကို ကြည့်ကာ နဝေတိမ်တောင် ဖြစ်လျက်ရှိသည်။ ထိုသတင်းများကို ဖတ်၍ နောက် သတင်းတစ်ပုဒ် ထပ်၍ရေးလျှင် ကောင်းလေမလား။ သူ စဉ်းစားနေခိုက်မှာပင် ဇန်နဝါရီလ အတွင်းက ချူအင်-လိုင်း သေဆုံးခဲ့ရ

သည့် သတင်းကို ပြန်၍ သတိရလာသည်။ ချူ သေဆုံးပြီးသည့် နောက်ပိုင်းတွင် ဖြစ်ပွားလာသည့် အရေးအခင်းများသည် မင် မင်းဆက်ခေတ်က နန်းတွင်း လျှို့ဝှက် လုပ်ကြံမှုများနှင့် တူနေသည်ဟု ထင်၏။

"အခုအတိုင်းဆိုပါက ဥက္ကဋ္ဌကြီး မော် ဆိုသော ပုဂ္ဂိုလ်သည် မှန်ဝါး မှေးမှိန် သွားပြီဖြစ်၏။ မကြာမီ သူ သေသွားပါက တရုတ် နိုင်ငံအတွင်း၌ ပြည်တွင်းစစ်ကြီး တစ်ခု ပေါ်ပေါက်လာဖွယ်ရာ ရှိသည်။ ဂျေကော့သည် ထို အချက်ကို သတိရသည့် အခါ နက်နက်နဲနဲ စဉ်းစားပြီး တွေဝေလျက်ရှိ၏။ ထိုအခိုက်မှာပင် အပြင်မှ တံခါး ခေါက်သံ တစ်ချက် ထွက်လာသည်။ သူ မော့ ကြည့်လိုက်သည့်အခါ စောစောက သတင်းလွှာ တစ်စောင် လာပို့သော တရုတ်လူငယ် ဘာသာပြန်ဆရာ ဖြစ်နေသည်ကို မြင်ရသည်။ သူသည် ချိပ်ပိတ် ထားသော ကြေးနန်းစာအိတ်ကို ကပျာကယာ လာပေးခြင်း ဖြစ်သည်။ ဂျေကော့ ၏ ရင်ထဲတွင်လည်း ဖျတ်ခနဲ တုန်လှုပ်သွားသည်။ ဤစာအိတ်ထဲတွင် သတင်း ဆိုးများ ပါနေလေသလား။

သူ၏ သောကကြောင့် ဂျေကော့သည် စာအိတ်ကို ချက်ချင်း မဖောက် ရဲ။ တရုတ်ဘာသာပြန် ဆရာ ရုံးခန်းထဲက ထွက်သွားခါကျမှ သူသည် စာအိတ် ကို ဖောက်လိုက်သည်။ သူ့ထံမှ ရင်ပေါ့သွားသည့် သက်ပြင်း တစ်ချက် ချသံ ပေါ်ထွက်လာသည်။ ကြေးနန်း သတင်းမှာ။

> ပူစရာမလိုပါ။ လွတ်မြောက်ပါသည်။ ကာအိုရဲ့ မိန်းမ သေဆုံး
> သွားပါသည်။ ကာအိုနှင့် သား မင်းတို့မှာ ဒဏ်ရာပင် မရပါ။
> ပီကင်းကို လာဖို့ စိတ်ကူးပါသလား။
>
> အောဘီဂေးလ်

သူသည် ကြေးနန်းကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် တယ်လီဖုန်းကို ဆွဲယူကာ ဟောင်ကောင်ရှိ တရုတ် ကွန်မြူနစ် တစ်ဦးဆီသို့ တယ်လီဖုန်း ဆက် သည်။ ဧပြီလ အတွင်းက ဤတရုတ်သည် မိမိအား ပီကင်းသို့ သွားနိုင်အောင် စီစဉ်ပေးခဲ့ဖူးသည် မဟုတ်ပါလား။ တစ်ဖက်မှ တယ်လီဖုန်း ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဂျေကော့သည် ပီကင်းသို့ အမြန်ဆုံး သွားနိုင်အောင် ကူညီဖို့ မေတ္တာရပ်ခံသည်။

"မကြာသေးခင်က လှုပ်ခဲ့တဲ့ ငလျင်ကြောင့် အခက်အခဲတွေကတော့ အများကြီး ရှိနေတယ်" ဟု တရုတ် အမျိုးသားက ပြောသည်။ "ဖြစ်နိုင်မယ်လို့ တော့ ကျွန်တော် အာမ မခံနိုင်ဘူး"

"ခင်ဗျား ကြိုးစားပေးမယ်ဆိုရင် ကျေးဇူး အများကြီး တင်ရမှာပါ" ဟု ဂျေကော့က ပြောသည်။ "အလျင်တစ်ခါ အတိုင်းသာ စီစဉ်ပေးနိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲ"

"အဲဒီအတိုင်း ဖြစ်အောင်ပဲ ကျွန်တော် ကြိုးစား ပေးပါမယ်။ ဒါပေမဲ့ ကျွန်တော် အကြံတစ်ခု ပေးချင်တာက ဗီဇာကတော့ ထုံးစံအတိုင်း လျှောက်ထား လိုက်ပါ"

"ဒီကိစ္စက သီတင်းပတ် အများကြီး ကြာနေမလား" ဟု ဂျေကော့က ပြန်မေးသည်။ "လနဲ့ချီပြီးများ ကြာနေမလား"

"ကြာချင်လည်း ကြာနိုင်တယ်" ဟု တရုတ်အမျိုးသားက ပြန်ပြောသည်။ "ကျွန်တော် ပြောခဲ့သလိုပဲ အချိန်က သိပ်ပြီး အကျဉ်းအကျပ် ကျနေတယ်"

***

၁၇

"လျှော် လှုပ်တဲ့ ညကျမှ ဘာပြုလို့ ဒီနေရာကို မင်း ရောက်လာရတာလဲ" ဟု ကာအိုက မသက်သာသော လေသံဖြင့် မေးသည်။ "ဘာပဲဖြစ်ဖြစ် စဉ်းစားရမယ့် ကိစ္စတွေက တစ်ခုတည်း မဟုတ်ဘူး။ အများကြီး"

အောဘီဂေးလ်သည် ဘယ်လို ဖြေရမည်ကို အထူးသတိထား၍ စဉ်းစားသည်။ "အောဘီဂေးလ်ရဲ့ အသွေးအသား သံယောဇဉ်ဟာ ဒီမှာပဲ ရှိနေကာ၊ အဲဒါကိုတော့ သတိထားပြီး လက်ခံဖို့ လိုမယ်လို့ ထင်တယ်"

ကာအိုသည် အဝေးသို့ လှမ်းကြည့်နေသည်။ သူ့ မျက်နှာထားသည် သက်သာရာ မရခြင်းကို ဖော်ပြလျက်ရှိ၏။

"အခုလို လာမိတဲ့အတွက် ကျွန်မကတော့ ဝမ်းသာတယ်" သူမသည် နှုတ်ခမ်းများကို ကိုက်ကာ စဉ်းစား ချိန်ဆနေသည်။ "ကျွန်မ အဖေနဲ့ ရှန်ဟိုင်းမှာ ဖြစ်ပျက်ခဲ့သမျှ အားလုံးကို မေ့ပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒါတွေကို မေ့ပစ်ဖို့ ဆယ်နှစ်တာကာလ ကြိုးစားခဲ့ရတာပါ။ လွယ်တယ်လို့ မထင်ပါနဲ့၊ ဧပြီလထဲမှာ အဖေနဲ့ ထပ်တွေ့တယ်၊ အဲဒီနောက် ရှင့်သား မင်းဆီကို လက်ဆောင် အရုပ် ကလေး ပို့ခဲ့တယ်"

"မင်း စေတနာဟာ ကြီးမားပါတယ်" ဟု ပြောသည်။ ကာအိုသည် ကုလားထိုင်တွင် ထိုင်နေသော်လည်း ဂနာမငြိမ်။ "ကိုယ့် သားကို ကူညီခဲ့တဲ့ အတွက်ကတော့ ကိုယ်က မင်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မင်း ကိုယ်နဲ့ နောက်ထပ် အဆက်အသွယ် လုံးဝ မလုပ်နဲ့တော့၊ တို့ဆီကိုလည်း နောက်ထပ် လုံးဝ မလာပါနဲ့ တော့"

သူတို့ ထိုင်နေသော နေရာသည် တစ်ချိန်က မီးဖိုခန်းဖြစ်၍ ယခု လောလောဆယ်တွင် နေလို့ထိုင်လို့ရသည့် တစ်ခုတည်းသော နေရာဖြစ်သည်။ အခန်း ခေါင်မိုးမှာ တာပေါ်လင် ရွက်ထည် တစ်ထည်ဖြစ်၍ သံဖြင့် ရိုက်၍

ယာယီအမိုး လုပ်ထားခြင်း ဖြစ်သည်။ ကျန်ရှိနေသေးသည့် နံရံများမှာ ပြန်လည် တည်ဆောက်နေပြီ ဖြစ်သော်လည်း အုတ်မလုံလောက်၍ ရပ်ထားရခြင်း ဖြစ်၏။ မြို့ပျက်ကြီးဖြစ်နေသော ပီကင်းတွင် အုတ်ပါးရှားခြင်းနှင့် ရင်ဆိုင်နေရသဖြင့် အဆောက်အအုံများ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများမှာ ရပ်ထားရ သည်က များလေသည်။

ငလျင်ကြီး လှုပ်ခဲ့သည့် ညကို သူ မမေ့သေး၊ ထိုညက အိမ်နားနီးချင်း များသည် ကာအိုနှင့် သားငယ် မင်းတို့ကို အားပေးစကား လာပြောကြသည်။ ထိုစဉ်က ကာအိုသည် ပျက်စီးနေသော မီးဖိုချောင်ထဲ၌ နေထိုင်လျက် ရှိသည်။ ယခု အေဘီဂေးလ် ရောက်သွားချိန်တွင် ကာအို့ မျက်နှာသည် ပြုံးခြင်း၊ ရယ်ခြင်း မရှိ။ သူ့သားအား တစ်ဖက်အိမ်မှ ကလေးထိန်း အဘွားကြီးထံ အပ်နှံပြီး ထိန်း ခိုင်းထားသည်ဟု ဆီးပြောသည်။ ထိုအဘွားကြီးမှာ ငလျင် လှုပ်သည့်ညက အေဘီဂေးလ်နှင့် ဆုံမိခဲ့သော အဘွားအို ဖြစ်လေသည်။

ကာအို့ ဇနီးမှာ လွန်ခဲ့သော ဆယ်ရက်ခန့်ကပင် သင်္ဂြိုဟ် ပြီးခဲ့ပြီဖြစ်၏။ ကာအိုသည် မိမိ အတွက်ရော သူ့ အတွက်ပါ လက်ဖက်ရည်များ ထည့်ပေး နေသော်လည်း မျက်နှာက ကြည်သာခြင်း မရှိ။ သူ့မျက်နှာထားနှင့် အမူအရာကို ကြည့်ရသည်မှာ အေဘီဂေးလ်နှင့် တွေ့ရခြင်းအပေါ် လိုလားဟန် မရှိ။ ဖြစ်နိုင် လျှင် လူချင်း အခုလိုဆုံ ဆုံနေရခြင်းကို အမြန်ဆုံး ရပ်ပစ်ချင်စိတ် ဖြစ်နေ သည်မှာ ထင်ရှားလျက် ရှိ၏။

"ရှင်တို့သားအဖ ကြုံခဲ့ရတာက တကယ့် ကြောက်စရာကြီးပါ" ဟု အေဘီဂေးလ်က ပြောသည်။ "ရှန်ဟိုင်းမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအတွက် ရှင့်စိတ် ထဲမှာ ဘဝင်မကျ ဖြစ်နေတာကိုလည်း ကျွန်မ သိနေပါတယ်။ ဒါပေမဲ့ ကာအို ရယ် အခုအချိန်မှာ ကျွန်မတို့ နှစ်ယောက်စလုံး အတိတ်ကို သတိရပြီး နာကြည်း နေရမယ့် အချိန် မဟုတ်ဘူးလို့ ထင်တယ်"

အေဘီဂေးလ်သည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ သူမ၏ ရင်ထဲ၌ ရှိနေသည့် ခံစားမှုကြောင့် မျက်ရည်ကျလုလု ဖြစ်နေခြင်းကိုပါ မရမနေ ထိန်းလျက်ရှိ၏။

"ကျွန်မတို့ဟာ တစ်ဖအေတည်းက မွေးလာကြတာမို့ မောင်နှမတွေပါ ကာအို။ တကယ်လို့ ဒီအချက်ကို လူသိရှင်ကြား အသိအမှတ် ပြုဖို့ မရနိုင်သည့် တိုင်အောင် မှန်ကန်တဲ့ အချက်တွေကို အခြေခံတဲ့ အမြင် ရှိဖို့ကတော့ လိုတာ ပေါ့"

"ကိုယ်ကတော့ အရာရာတိုင်းကို အမြဲတမ်းလိုလို မှန်ကန်တဲ့ အချက် တွေပေါ် အခြေခံပြီး မြင်တယ်" ဟု ကာအိုက တုံ့ပြန်သည်။ "အဲသလို မြင်တာ

ဟာ ဒုက္ခရှာတာပဲ၊ အဲဒီညက တို့နှစ်ယောက် အတူတူ နေခဲ့ရတာကို သတိရတိုင်း ကိုယ့်ရဲ့ အားနည်းချက်နဲ့ မိုက်မဲမှုအတွက် အရှက်ရ နေခဲ့ရတယ်"

"အဲသလို ခံစားမှုမျိုးကိုတော့ ထားဖို့ မလိုဘူး ထင်ပါတယ် ကာအို" ဟု အေဘီဂေးလ်က ပြောသည်။ "အမှန်ကို မသိလို့ ဖြစ်ကြရတဲ့ ကိစ္စ တစ်ခုလို့ တွက်ရမှာပါ။ အေဘီဂေးလ် ကိုယ်တိုင်ကလည်း ကာအို့ အပေါ်မှာ စိတ်ဆန္ဒ ပြင်းပြခဲ့မိတယ်။ အေဘီဂေးလ်နဲ့ ကာအို ကြားမှာ အံ့ဩစရာ သိပ်ကောင်းတဲ့ အရာ တစ်ခု ရှိခဲ့တာကတော့ အမှန်ပဲ။ တကယ်တမ်း အဖြစ်မှန်ကို သိလာရတဲ့ အခါမှာတော့ နောင်တရလို့ မဆုံးနိုင်ဖြစ်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် အေဘီဂေးလ် တို့ နှစ်ယောက်မှာ အပြစ်တင်စရာ မရှိပါဘူး"

ကာအိုသည် သူ့ ပန်းကန်ထဲသို့ ရေငွေးငွေ့ ထည့်နေရာမှ "အဲဒီ ညက ကိုယ့်အမေအိမ် ရောက်သွားတော့ ပိုပြီး ဒေါသ ဖြစ်လာခဲ့ရတယ်၊ ကြံရာမရ ဖြစ်လွန်းအားကြီးပြီး ဘာပြောလို့ ဘာလုပ်ရမှန်း မသိ ဖြစ်ခဲ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် မိဘ လုံးဝ မရှိဘဲ မွေးလာတဲ့ လူတစ်ယောက် ဖြစ်ပါစေတော့ လို့တောင် တွေးမိခဲ့တယ်" ဟု ပြောသည်။

"ကာအိုရယ် ဘာပြုလို့ ဒီလောက်အထိ နာကြည်း နေရတာလဲ" ဟု အေဘီဂေးလ်က မေးသည်။ "အမုန်းတရား သိပ်များလာရင် ဘဝဟာ ပျက်တတ်တယ်၊ အေဘီဂေးလ်ဟာ ငါ့ကို ငါ့အဖေက လုံးဝ မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုတဲ့ ယုံကြည်မှုနဲ့ နေလာခဲ့တာပါ။ အဲဒီ ယုံကြည်ချက်က သိပ်ပြင်းထန်လာတဲ့ အခါမှာ အေဘီဂေးလ်ကို အဲဒီယုံကြည်ချက်က ဖျက်ဆီးပစ်တော့မလို ဖြစ်လာခဲ့ တယ်။

"တကယ်တော့ အဲဒီ ယုံကြည်မှုဟာ အစွဲတစ်ခုပါလားလို့ သိလာတဲ့အခါ မှာ စိတ်သက်သာရာ ရမှုကလေး ရှိလာခဲ့ရတယ်။ အေဘီဂေးလ် သိနားလည် လာတာ တစ်ခုက တကယ်လို့ လူတစ်ယောက်ဟာ အတိတ်က ဖြစ်ရပ်အပေါ်မှာ နောင်တရပြီး အချိန်ရှိသမျှ ဝမ်းနည်းကြေကွဲနေမယ်ဆိုရင် ဘဝရှင်သန်မှု အတွက် လိုအပ်တဲ့ စိတ်အင်အားနဲ့ စိတ်ငြိမ်းချမ်းမှုတွေကို လက်လွှတ် ဆုံးရှုံး ရတော့မှာပေါ့။ အခု ဖြစ်နေတာက ကာအိုဟာ အနာဂတ်ကို လွှင့်ပစ်နေသလို ပဲ"

ကာအို့ မျက်နှာတွင် ဒေါသငွေ့များ သန်းလာသည်။ "ကိုယ်က တော် လှန်ရေး အပေါ် ယုံကြည်မှု အပြည့်ထားပြီး ကြီးပြင်းလာရတဲ့ လူပါ။ ကိုယ့်အနေ နဲ့ အမေ့စကားကို သိပ် ယုံကြည်ခဲ့တယ်။ အမေက ပြောတယ်၊ ကိုယ့် အဖေဟာ ဂျပန်တွေကို တိုက်ခိုက်ခဲ့တဲ့ စစ်ပွဲမှာ သူရဲကောင်း တစ်ယောက်တဲ့။ ဒါပေမဲ့

နောက်ဆုံးကျတော့ ကိုယ့်အဖေဟာ နိုင်ငံခြားသား ခရစ်ယာန်ဘာသာ သာသနာပြု ဟစ်ယောက်ထက် မပိုတဲ့လူ ဖြစ်နေတာ တွေ့ခဲ့ရတယ်"

"ရှင့် အမေဟာ ခရီးရှည် ချီတက်ပွဲကြီး တစ်လျှောက်လုံး အလွန် ကြီးမားတဲ့ သတ္တိနဲ့ရွဲ ပြခဲ့တဲ့ အမျိုးသမီးပါ။ ပြီးတော့ ရှင့် အဖေဟာလည်း သူရဲကောင်း တစ်ယောက်ပါပဲ" ဟု အေဘီဂေးလ် ပြောသည်။

"ဧပြီလထဲတုန်းက တီယန်အင်မင်း ပန်းခြံထဲမှာ သူ့အသက်ကို စွန့်ပြီး ရှင့် အသက်ကို ကယ်ဖို့ ကြိုးစားခဲ့တယ်လေ"

ကာအိုသည် အေဘီဂေးလ် မျက်နှာကို အံ့အားသင့်ပြီး ငေးကြည့်နေသည်။ "ကင်မရာနဲ့ နိုင်ငံခြားသားကို ပြောတာလား"

အေဘီဂေးလ်က ခေါင်းညိတ်သည်။ "ဟုတ်တယ်၊ လူအုပ်ကြီး ရှင့်အနားက ရှဲသွားအောင် သူက ပြောင်ပြောင်တင်းတင်း အတင်းဝင်ပြီး ဓာတ်ပုံတွေ ရိုက်ခဲ့တယ်လေ၊ အဲဒီအချိန်က သူ ဘာလုပ်နေတယ်ဆိုတာ သူ သိတယ်"

ကာအိုသည် သူ့လက်ဖက်ရည် ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်သည်။ တံတောင် နှစ်ဖက်ကို ထောက်၍ သူ့မျက်နှာအား လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။ နှစ်ဦးသား စကား မပြောဘဲ အချိန်အတော်ကြီး ကြာသည်အထိ ထိုင်နေကြ၏။

"ကာအိုကို အဖေ ပထမဦးဆုံး မြင်ဖူးခဲ့တာဟာ ပေ-တ တက္ကသိုလ်မှာပါ၊ သူ့စိတ်ထဲမှာ သူငယ်ငယ်ကနဲ့ တူတဲ့ လူငယ် တစ်ယောက်ကို မြင်ဖူးရတယ်လို့ ထင်ချင်လည်း ထင်မှာပဲ" ဟု အေဘီဂေးလ် ပြောသည်။ "သူ မြင်ခဲ့တဲ့ လူငယ်ဟာ သိပ်ပြီး ပြတ်ပြတ်သားသားရှိတဲ့ လူငယ် တစ်ယောက်လို့ ထင်ခဲ့မှာပဲ၊ သူ့အနေနဲ့ သူ့ သားမှန်း မသိတော့ ဒီလို ပတ်ဝန်းကျင်မှာ သူ့သားကို တွေ့လိမ့်မယ်လို့ ဘယ်ထင်မလဲ၊ ဒါပေမဲ့ သူ့ သားမှန်း သိလာတဲ့ အချိန်ကျတော့ သူ့ အသက်ကို စွန့်ပြီး ကယ်တာဟာ မဆန်းပါဘူး"

"ဘယ်လိုမှ ပြန်ပြီး ပြုပြင်လို့ မရနိုင်တဲ့ ရွေးချယ်မှုတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက လုပ်လာခဲ့မိတယ်" ဟု ကာအိုက ပြောသည်။ "ကိုယ့် အတွက် ပထမဦးဆုံး ရွေးချယ်မှုကို ကိုယ့် အမေက လုပ်ပေးခဲ့တာ၊ ဒုတိယ ရွေးချယ်မှုကျတော့ ဉက္ကဋ္ဌကြီးမော် လုပ်ပေးခဲ့တယ်လို့ ဆိုရမယ်။ သူက တော်လှန်ရေး တစ်ရပ်ကို ပြီးဆုံးအောင် လုပ်မယ်လို့ ဆုံးဖြတ်ခဲ့တာကိုး။ ကိုယ်တိုင် ရွေးချယ်မှုကတော့ တခြား မဟုတ်ဘူး။ လူတန်းစား တိုက်ပွဲမှာ ကိုယ်တိုင် ပါဝင် တိုက်ခိုက်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ ကိစ္စပဲ။ အဲဒီ အချိန်ကစပြီး ကိုယ့် အနေနဲ့ အရင်းရှင် လမ်းကြောင်းကို ဆန့်ကျင်ခဲ့တာ ဒီနေ့အထိပဲ။ အဲဒီဟာတွေ အားလုံးကို ဆန့်ကျင်ပြီး မိသားစု အရေးကို တန်ဖိုးထားရမယ်ဆိုတဲ့ ကိစ္စဟာ

ကိုယ့်အတွက် ဘယ်လိုလုပ်ပြီး လွယ်တော့မှာလဲ။ မိသားစု အရေးကို ရှေ့တန်းတင်လိုက်ရင် ကိုယ့်ဘဝ ပျက်စီးတော့မယ်။ အဲသလိုဆိုရင် ကိုယ့်ဘဝမှာ ဘာကျန်ဦးတော့မှာလဲ"

"နောက်ဆုံးမှာတော့ ကိုယ့်မိသားစုကို ကိုယ်ချစ်တာဟာ ဒီကမ္ဘာလောကထဲမှာ အကောင်းဆုံးနဲ့ အကြီးမားဆုံး မဟာလက်ဆောင် တစ်ခုလို့ ယူဆကြရမှာပဲ"

"အဲဒါဆိုရင် အဲဒီ မဟာ လက်ဆောင်ဆိုတာ မရှိဘဲနဲ့ ကိုယ့်ဘဝကို ပြုပြင် နေထိုင်သွားရမှာပဲ" ဟု ကာဇိုက ပြန်ပြောသည်။ သူ့ မျက်နှာအား အုပ်ထားသည့် လက်များကိုဖယ်၍ အေဘီဂေးလ်အား လှမ်းကြည့်သည်။ "ပြန်ပါတော့ အေဘီဂေးလ်ရယ် တို့နှစ်ယောက်မှာ ပြောစရာ စကား မရှိတော့ပါဘူး"

***

၁၈

"ရဲဘော်ကာအို မင်းအဖို့ မကြာခင်မှာ ဒုတိယ ဈာပနတစ်ခု ပို့ရလိမ့်ဦးမယ်" ဟု မဒမ်ချန်ချင်းက ပြောသည်။

ကာအိုသည် သူ့စားပွဲ၌ ထိုင်နေရာမှ အုံ့အားသင့်ကာ ဖျတ်ခနဲ မော့ကြည့်သည်။ တရုတ်နိုင်ငံ၏ သေငယ်ဇောနှင့် မျောနေသော ခေါင်းဆောင်ကြီး၏ ဇနီးက ဤစကား ပြောခြင်းသည် တခြားလူအတွက် ဟုတ်ဟန်မတူ။ "မဒမ်ဆိုလိုတာက ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ. . ."

"မဟုတ်သေးပါဘူး။ အခုအချိန်အထိတော့ မသေသေးဘူး။ ဒါပေမဲ့ လမ်းဆုံးဖို့ကတော့ အလွန် နီးနေပြီ" ဟု မဒမ်ချန်ချင်းသည် ကာအို၏ ရုံးခန်းထဲသို့ ဝင်လာပြီး သူ့ စားပွဲရှေ့၌ လာရပ်သည်။

မဒမ်ချန်ချင်းသည် အစိမ်းရောင် စစ်ဝတ်စုံကို စမတ်ကျကျ ဝတ်ထားသည်။ ဦးခေါင်းတွင်လည်း အပျော့စားကက်ဦးထုပ် ဆောင်းထားသည်။ ကျူနစ်အင်္ကျီနှင့် ဘောင်းဘီသည် ယခုအချိန်ထိ သွယ်လျလျ ကိုယ်လုံးကိုယ်ထည်နှင့် ချပ်ချပ်ရပ်ရပ် ရှိလှသည်။ မျက်မှန်များ နောက်မှ မျက်လုံးအစုံသည် ကာအိုအား စူးစူးစိုက်စိုက် ကြည့်လျက်ရှိသည်။ သူမသည် နှစ်ပေါင်းများစွာ ရုပ်ရှင်မင်းသမီးဘဝဖြင့် အချိန်ကုန်ခဲ့သူဖြစ်ရာ အကြည့်အရှုနှင့် အပြောအဆိုများသည် အတင့်ရဲလှပေသည်။

"မင့်းမိန်းမ သေတော့ မင်းမှာတော်တော်ကြီး စိတ်ထိခိုက်ခဲ့သလား" ဟု မဒမ်ချန်ချင်းက မေးသည်။ "သားငယ်လေး တစ်ယောက် ကျန်ရစ်ခဲ့တယ်ဆိုတော့ မင်းဘဝ လွယ်ပါ့မလား"

ကာအိုသည် သူ့လက်တစ်ဖက်ဖြင့် မျက်နှာအား သုတ်လိုက်သည်။ မြေငလျင် လှုပ်ပြီးနောက် သီတင်းခြောက်ပတ်အတွင်း သူသည် သူ့စားပွဲမှ ထသည်ဟူ၍မရှိ။ နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် ဆယ့်ငါးနာရီမှ ဆယ့်ရှစ်နာရီအထိ

အလုပ်ကို မရပ်မနား လုပ်လာခဲ့သည်။ ညရောက်ခါမှ တစ်ပိုင်းတစ်စ ပျက်စီးနေသော နေအိမ်သို့ ပြန်လေ့ရှိ၏။ လျှော်ကြောင့် အပျက်အစီးများမှာ နေရာတိုင်း၌ များပြားလျက် ရှိသည်ဖြစ်ရာ အခုအချိန်အထိ ပြုပြင်နိုင်စွမ်း မရှိကြသေးပေ။ သူ၏ ပါတီအလုပ်မှာလည်း ဆုံးနိုင်သည်ဟု မရှိ။ တစ်နေ့လျှင် နာရီအနည်းငယ်မျှသာ အိပ်ရ၏။ ပါတီ ခေါင်းဆောင်များကြား၌ ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခမှာ လျော့နည်းသွားသည်ဟု မရှိ။ အမြဲတစေ တိုးလာလျက်ရှိသည်။ လျှို့ဝှက် အစည်းအဝေးများမှာလည်း ပြီးဆုံးနိုင်သည် မရှိ။

"ကျွန်တော့်သားအတွက် စဉ်းစားဖို့ အချိန် များများ မရပါဘူး" ဟု ပြန်ပြောသည်။ "အိမ်နီးနားချင်း အဘွားကြီးက ကျွန်တော့်ကလေးကို ထိန်းပေးနေတဲ့အတွက် ကျွန်တော့်မှာ အားချိန်နားချိန် ရနေတာပါ။ ကျွန်တော်ရဲ့ အဓိကတာဝန်က ပါတီကို အလုပ်အကျွေး ပြုဖို့ပါ"

"ကောင်းပါတယ် ရဲဘော်ကာအို" ဟု မဒမ်ချန်ချင်းက ပြန်ပြောသည်။ "တို့မှာလည်း အထူး တာဝန်တစ်ရပ် ယုံကြည် စိတ်ချစွာနဲ့ ပေးနိုင်မယ့် လူတစ်ယောက် လိုနေတယ်။ မင်းပြောပုံတွေကိုကြည့်ပြီး ကိုယ် မင်းကို ယုံကြည်ရလိမ့်မယ် ထင်ပါရဲ့။ မင်း ကိုယ့်ရုံးခန်းကို ခဏ လိုက်ခဲ့ပါလား"

ကာအိုသည် ချန်ချင်း၏ နောက်မှ လိုက်သွားသည်။ ချန်ချင်းသည် နံရံ တစ်ဖက်ရှိ သံမဏိ ဗီရိုအား ဖွင့်၍ အထဲမှ ဖိုင်တွဲ တစ်ထပ်နှင့် တိတ်ခွေဘူး တစ်လုံးကို ဆွဲထုတ်သည်။ ချန်ချင်းက ကာအိုအား လက်ဟန်ခြေဟန်ပြ၍ ထိုင်ခိုင်းသည်။ တိတ်ခွေများပေါ်မှ စာများအား ဖတ်ကြည့်လိုက်သည့်အခါ ပြည်နယ် ခေါင်းဆောင်များ နိုင်ငံခြားသား ဧည့်သည်များနှင့် တွေ့ဆုံ ဆွေးနွေးသည့် မှတ်တမ်းများ ဖြစ်နေသည်ကို တွေ့ရ၏။ ဖိုင်ထဲမှ ထုတ်ယူလိုက်သော စာနှစ်စောင် အနက် တစ်စောင်မှာ ချန်ချင်းထံ လိပ်မူထားသော စာဖြစ်၏။ ချန်ချင်းသည် ဥက္ကဋ္ဌမော်၏ စာအား သူ့ဆီသို့ လှမ်းပေးသည်။

"ဒီစာဟာ ဥက္ကဋ္ဌမော်က ကိုယ့်ဆီကို နောက်ဆုံး ပေးခဲ့တဲ့ စာပဲ" ဟု ပြောသည်။ "ဒီစာ မင့်ကို ဖတ်ပြချင်တယ်" ချန်ချင်းက ကာအိုအား ကြည့်နေပြန်သည်။ "မင်းဟာ ပါတီ အတွင်းရေးမှူးဌာနမှာ ဂျူနီယာ ဝန်ထမ်းအဖြစ်နဲ့ နှစ်ပေါင်းများစွာ သစ္စာရှိရှိ လုပ်ကိုင်ခဲ့တယ်။ အကယ်၍ မင်း အနေနဲ့ ငါ့အပေါ် သစ္စာရှိရှိနဲ့ ဆက်လုပ်မယ်ဆိုရင် မင်းလို အရည်အချင်း ပြည့်ဝတဲ့ လူငယ်တစ်ယောက်ဟာ ကွန်မြူနစ်ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး နေရာကို မရဘူးလို့ ပြောနိုင်မလား။ ပြီးတော့ တစ်ကမ္ဘာလုံးမှာ တော်လှန်ရေး ခေါင်းဆောင်အဖြစ် နာမည်ကျော်ကြားပြီး ထင်ရှား မလာနိုင်ပေဘူးလား"

အထူးတာဝန်ဟူသော စကားကို ကြားရကတည်းက စိတ်ဝင်စားနေသော ကာအိုသည် ပါတီတွင်း၌ အရေးပါသော တာဝန်ကြီး တစ်ခုကို ရမည်ဆိုပါက သူ့ အတွက် စဉ်းစားစရာ ဖြစ်နေသည်။ သူ့မိန်းမ သေဆုံးရခြင်း၊ အလုပ်များကို အဆမတန် လုပ်ရခြင်းနှင့် အေဘီဂေးလ်နှင့် တွေ့ရ၍ ရရှိလာသည့် ခံစားမှုများသည် သူ့စိတ်၏ ရှင်သန်မှုကို များစွာ ပျက်ပြားစေသည်။

"ကိုယ့်အနေနဲ့ စာတွေရဲ့ တစ်စိတ်တစ်ပိုင်းတွေ မင်းကို ဖတ်ပြချင်တယ်၊ ဘာကြောင့်လဲဆိုတော့ အချက် တစ်ချက်ကို ပီပီပြင်ပြင် နားလည်ဖို့ အရေးကြီးနေလို့" ဟု မဒမ်ချင်းက ပြောသည်။ "ရမယ့် ဆုတွေကလည်း မြင့်လိမ့်မယ်၊ ဒါပေမဲ့ စွန့်ရမယ့်ဟာတွေကလည်း ကြီးမားလိမ့်မယ်"

"စွန့်စားရမှာကိုတော့ ကျွန်တော် မကြောက်ပါဘူး" ဟု ကာအိုက ပြန်ပြောသည်။

"ဒါဆိုရင် ကောင်းတာပေါ့၊ ကဲ...မင်း အာရုံစိုက်ပြီး နားထောင်။ သူ ရေးလိုက်တဲ့ နောက်ဆုံး စာထဲမှာ ဥက္ကဋ္ဌကြီး မော်က ဒီလို ဆိုထားတယ်။ "လူ့ဘဝမှာ အကန့်အသတ်တွေ ရှိတယ်။ ဒါပေမဲ့ တော်လှန်ရေးမှာကျတော့ နယ်နိမိတ် သတ်မှတ်ချက် အကန့်အသတ်ကို မသိဘူး။ လွန်ခဲ့တဲ့ ဆယ်နှစ်တာ ကာလအတွင်းက ရှန်းကန် လှုပ်ရှားခဲ့ရတဲ့ ပွဲမှာ ငါဟာ တော်လှန်ရေးရဲ့ အမြင့်ဆုံး ထိပ်ကို ရောက်အောင် ကြိုးစားခဲ့ပြီးပြီ။ ဒါပေမဲ့ ငါ မအောင်မြင်ခဲ့ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကတော့ အမြင့်ဆုံးဆိုတဲ့ ထိပ်ကို ရောက်ဖို့ အခါအခွင့် ရချင်ရလိမ့်မယ်" တဲ့"

မဒမ် ချန်ချင်းသည် စာကို ဆက်မဖတ်သေးဘဲ ရပ်ထားလိုက်ပြီး ကာအိုအား လှမ်းကြည့်နေသည်။ သူမ၏ မျက်လုံးများသည် တလက်လက် တောက်ပနေကြသည်။ "ဒါဟာ ဥက္ကဋ္ဌကြီးရဲ့ နောက်ဆုံး နိုင်ငံရေးဆန္ဒပဲ၊ သူ့ရဲ့ သေတမ်းစာလို့ ဆိုရင်လည်း မမှားဘူး၊ နောက်ဆုံး မှာတမ်းလို့ ပြောရင်လည်း ရတယ်၊ ကိုယ် ပြောတာ မင်း နားလည်တယ် မဟုတ်လား။ သူ့ဆန္ဒဟာ ပီပြင်ပါတယ်၊ ဒါကြောင့်မို့ သူ့ နေရာကို ကိုယ် အစားဝင်ပြီး ပါတီကို ဦးဆောင်သင့်တယ်လို့ ထင်တယ်"

မဒမ်ချန်ချင်းသည် ကာအို့ထံမှ ဝေဖန်သုံးသပ်သည်ကို မစောင့်ဘဲ စာကို ဆက်ဖတ်သည်။ "ဒါပေမဲ့ သူက သူ့ စာထဲမှ အခုလို သတိပေးထားတယ်၊ "မင်းဟာ ထိပ်ကို ရောက်နိုင်ပါတယ်။ ဒါပေမဲ့ မင်း ကျရှုံးပြီဆိုရင်တော့ အတိုင်းအဆ မသိနိုင်လောက်အောင် အသူတစ်ရာမက နက်တဲ့ ချောက်ကြီးထဲ နစ်မြုပ်သွားမှာပဲ။ မင့်ခန္ဓာကိုယ်ဟာ တစ်ပိုင်းစီ တစ်စစီ ဖြစ်သွားလိမ့်မယ်။ မင်း အရိုးတွေဟာလည်း ကျိုးပဲ့ကွဲအက်ပြီး ကြေမွကုန်လိမ့်မယ်" တဲ့"

ထိမိလွန်းလှသော စကားလုံးများသည် မော်၏ ထက်မြက်လွန်းလှသည့် အရေးအသားများဟု ကာအိုက ထင်သည်။ သူသည် ငြိမ်ဆိမ်ကာ နားထောင်လျက်ရှိ၏။ မဒမ်ချန်ချင်းသည် ဒုတိယ စာရွက်အား ကောက်ယူလိုက်သည်။

"ဒီစာကျတော့ နှစ်တော်တော်ကြာက ရေးထားတဲ့စာ။ ဒီစာထဲမှာတော့ ဥက္ကဋ္ဌကြီးမော်က လက်ရှိကာလလို အရေးကြီးတဲ့ ဟာမျိုးအတွက် ငါတို့တစ်တွေ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာ ပြောပြပြီး ညွှန်ကြားချက်တွေ ထုတ်ထားတယ်။ သူ ပြောထားတာက ဒီလို "အကယ်၍ ကွန်မြူနစ်တွေကို ဆန့်ကျင်နေကြတဲ့ လက်ယာ အုပ်စုဝင်တွေက တရုတ်နိုင်ငံမှာ အာဏာသိမ်းလိုက်မယ် ဆိုပါတော့ အဲဒီ စနစ်ဟာ ရေမရှည်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တော်လှန်ရေးသမားတွေက ပြည်သူ ကိုးဆယ့်ငါး ရာခိုင်နှုန်းကို ကိုယ်စားပြု နေလို့ပေါ့" တဲ့"

"လက်ယာဂိုဏ်းဝင်တွေဟာ အချိန်ကာလ တစ်ခုတော့ဖြင့် ငါ့စကားတွေကို သုံးပြီး တည်တံ့နေမှာပဲ" တဲ့။ ပြီးတော့ **"ဒါပေမဲ့လို့ လက်ဝဲသမားကလည်း ငါ့ရဲ့ တခြား စကားတွေကို စုစည်းပြီး လက်ယာဂိုဏ်းသမားတွေကို ဖြုတ်ချကြမှာပဲ"**

မဒမ်ချန်ချင်းသည် စာကို ဆက်မဖတ်သေးဘဲ ရပ်ထားပြန်သည်။ တစ်စုံတစ်ခုသော မနှစ်မြို့ဖွယ်ရာ ကိစ္စတစ်ခုကို သတိရသွားသည့်နှယ် မျက်နှာထား ပြောင်းသွားပြီး သူမ၏ နှုတ်မှ မကျေနပ်သော အသံကို ပြုသည်။ "ဟွာ ကိုဖုန်းဆိုတဲ့ ကျပ်မပြည့်တဲ့ လူက ဥက္ကဋ္ဌကြီးကို လိမ်လည် လှည့်ဖြားပြီး သူ့ကို အရိုက်အရာအဖြစ် လွှဲဖို့ စာရေးခိုင်းခဲ့တယ်လို့ ယူဆရတယ်" ဟု ပြောသည်။ "ဘာပဲဖြစ်ဖြစ်လေ မင့်ကို တာဝန်ခံအဖြစ် ထားနိုင်ပြီဆိုရင်တော့ ငါ စိတ်အေးရမှာပဲ"

"အဲဒီ ကိစ္စမှာ ကျွန်တော်တို့ ဘက်က ဘယ်လို တုံ့ပြန်ကြမလဲ" ဟု ကာအိုက မေးသည်။

ချန်ချင်းက တိတ်ခွေကတ်ပုံးအား စားပွဲပေါ်တင်၍ တွန်းပို့သည်။ "ဒီ တိတ်ခွေတွေထဲမှာ ဥက္ကဋ္ဌကြီးရဲ့ နိုင်ငံရေး အတွေးအခေါ်နဲ့ ဒဿန အမြင်တွေ ဖမ်းယူပြီး မှတ်တမ်း တင်ထားတာတွေ ပါတယ်။ အထူးသဖြင့် နိုင်ငံရပ်ခြားက အရေးပါ အရာရောက်တဲ့ နိုင်ငံခေါင်းဆောင်တွေနဲ့ ဆွေးနွေးထားတာတွေ ပါတယ်။ ဒီနှစ် နွေဦးပေါက်က ပြောထားခဲ့တဲ့ စကားတွေပေါ့။

"မင်း အဲဒီဟာတွေကို နားထောင်ပါ။ အဲဒီဟာတွေ ထဲက တို့အတွက် အထောက်အကူ ပြုနိုင်တဲ့ နိုင်ငံရေးကိစ္စတွေ အများကြီး ပါတယ်။ အဲဒါတွေကို မင်း မှတ်ထားပါ။ အဲဒါတွေကို ပါတီရဲ့ ခေါင်းဆောင်မှုပိုင်းမှာ လိုအပ်သလို

အသုံးချကြရမယ်၊ အထူးသဖြင့် သူ သေသွားပြီး နောက်ပိုင်းမှာ အသုံးပြုဖို့ လိုလ ားစရာ ရှိတယ်"

"အဲသလို လုပ်ရင် ဥက္ကဋ္ဌကြီးရဲ့ စကားတွေကို အလွဲသုံးစား လုပ်ရာ မကျပေဘူးလား" ဟု ကာဒိုက စိတ်မသက်သာဟန်ဖြင့် ပြောသည်။ "ဒီနည်းက လွဲပြီး တခြားနည်းလမ်း မရှိတော့ဘူးလား"

"တို့အနေနဲ့ ဒီစာထဲမှာပါတဲ့ ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာရမယ်" ဟု မဒမ်ချန်ချင်းက ပြောပြီး ဒုတိယ စာရွက်ကို ကောက်ယူကာ ဆက်ဖတ်သည်။ "လက်ယာဂိုဏ်းသားများအား ဖြုတ်ချရေးအတွက် ငါ့ စကား တွေ ထဲက တချို့ကို သုံးကြရမယ်" မဒမ်ချန်ချင်းသည် စာကို ဆက်မဖတ်ဘဲ ရပ်နေပြန်သည်။ သူ့ မျက်နှာတွင် တစ်စုံတစ်ရာကို အလေးအနက်ထား၍ စဉ်းစား ဆင်ခြင်နေသည့် လက္ခဏာ ပေါ်နေသည်။

"တရုတ်နိုင်ငံရဲ့ ပြည်သူတွေဟာ သူတို့ရဲ့ သမိုင်းကြောင်း တစ်လျှောက် မှာ ပီကင်းက ထုတ်ပြန်သမျှ အမိန့်တွေကို တရိုတသေ တလေးတစားနဲ့ ကိုးကွယ် ဆည်းကပ်ပြီး လိုက်နာကြတယ်။ အဲဒီစရိုက်ဟာ သူတို့ရဲ့ အလေ့အထ တစ်ခုပဲ။ အခုကိစ္စ မှာ မင်း လုပ်ရမှာက စစ်တပ်က မာရှယ်တွေနဲ့ ဗိုလ်ချုပ်တွေ ကို နိုင်ငံရေးအားဖြင့် ဩဇာအရှိန်အဝါ ပျက်ပြယ်သွားအောင် လုပ်ရမယ်။

"နောက်ပြီးတော့ ဆက်လုပ်ရမှာက အခုအချိန်ထိ ပီကင်းကို သစ္စာ စောင့်သိ နေကြတဲ့ အရှေ့မြောက်ပိုင်း ဒေသက ဥက္ကဋ္ဌကြီးရဲ့ တူ အုပ်ချုပ်နေတဲ့ တပ်တွေကို ဒီဘက် ရွှေ့ပြီး သူတို့နဲ့ အပြိုင်ဖြစ်အောင် လုပ်ကြရမယ်။ အခုဆိုရင် သူတို့တစ်တွေဟာ ပီကင်းကို ရွှေ့ပြောင်း လာနေကြပြီ။ မြေငလျင် ဒုက္ခသည် တွေကို ကူညီဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရွှေ့လာနေကြတာ။

"ဒါပေမဲ့ တို့ဘက်က အနိုင်အမာ ဖြစ်အောင် တစ်ခု လုပ်ရမယ်။ တို့ရဲ့ လှုပ်ရှားမှုနဲ့ လုပ်ရပ်တွေဟာ နိုင်ငံရေးအရ မှန်ကန်ကြောင်း ပြည်သူတွေကို သိအောင် ပြကြရမယ်။ အရေးကြီးတာ တစ်ခုက မင်းရဲ့ အနာဂတ်ဘဝကို ဘေး အန္တရာယ် မရှိအောင် ကြိုတင် ပြင်ဆင်မှုတော့ လုပ်ထားရမယ်"

ကာဒိုသည် မဒမ်ချန်ချင်းနှင့် မျက်လုံးချင်းဆိုင်၍ မကြည့်ဘဲ တစ် စက္ကန့် နှစ်စက္ကန့်မျှ ငြိမ်နေသည်။ ထို့နောက် သူသည် တိတ်ခွေများကို လှမ်းယူ သည်။ "အလွန်အရေးပါ အရာရောက်တဲ့ တာဝန် တစ်ခုကို လုပ်ဖို့ တာဝန်ပေး ခံရတာဟာ ဂုဏ်ပြုခြင်း တစ်ခုပါပဲ" ဟုလည်း ပြောသည်။

"လုပ်စရာရှိတာ ဒီမှာပဲလုပ် ရဲဘော်ကာဒို။ ဒီမှာပဲ နေ" ဟု ချန်ချိုင်းက ပြောသည်။ "လျှို့ဝှက်ထားရမယ့် တိတ်ခွေတွေကို မလုံခြုံတဲ့ နေရာမှာ အသုံးပြု နေရင် မလိမ္မာရာ ကျတယ်"

မဒမ်ချန်ချင်းသည် ဥက္ကဋ္ဌမော်၏ စာများအား လုံခြုံသည့် နေရာ၌ ပြန်ထားနေရင်းက တံခါးဆီသို့ အပြေးအလွှား သွား၍ ဖွင့်ပေးသည်။ အပြင်၌ ရပ်နေသည့် မရယ်မပြုံး မိန်းမယောကျ်ား တစ်စုအား ကာဒို မြင်ရသည်။ သူတို့သည် ရှေ့နောက် တန်းစီကာ စည်းဝေးခန်းမတွင်းသို့ ဝင်သွားနေကြသည်။ လူတိုင်း၏ မျက်နှာထားသည် တင်းတင်းမာမာဖြစ်လျက် ရှိကြ၏။ ကာဒို မှတ်မိနေသည့်အတိုင်းဆိုပါက ဤလူစုထဲမှ အများစုသည် ပေါ်လစ်ဗျူရို အဖွဲ့ထဲမှ အရေးပါသူများ ဖြစ်ကြ၍ ယဥ်ကျေးမှု တော်လှန်းရေး ကာလအတွင်းက မော်နှင့် သူ့ဇနီးချန်ချင်းတို့ အနီး၌ ရှိနေကြသူများဖြစ်သည်။ မဒမ်ချန်ချင်းသည် အခန်းတံခါးအား အပြင်မှနေ၍ သော့ပိတ်လိုက်ပြီဖြစ်ရာ ကာဒိုသည် အခန်းထဲ၌ ပိတ်မိနေသလို ဖြစ်ကျန်ရစ်ခဲ့သည်။

ကာဒိုသည် တိတ်ခွေများအား မကိုင်သေးဘဲ အပြင်မှ လာနေသည့် စကား ပြောနေသံများကို နားစွင့်နေသည်။ ထို့နောက် သူ့ အာရုံသည် တိတ်ခွေ ဖွင့်ပြီး ကူးယူထားသည့် လက်ရေးမူများပေါ် ပြန်၍ စူးစိုက်သွားသည်။ သူ ပထမဆုံး ဖတ်နေသည့် လက်ရေးမူမှာ ဥက္ကဋ္ဌကြီးမော်နှင့် နယူးဇီလန်မှ စင်ကာပူ ဝန်ကြီးချုပ်တို့၏ ဆွေးနွေး ပွဲမှတ်တမ်းများ ဖြစ်၏။ ထိုမှတ်တမ်းပေါ်တွင် မော် ပြောထားသည့် စကားတချို့အား မှင်များဖြင့် တားထားသည်များ တွေ့ရလေသည်။

ထို့နောက် သူ့ မျက်လုံးများသည် "ဥက္ကဋ္ဌကြီး မော်စီ-တုန်းမှ ထင်ရှားသော ခရစ်ယာန် သာသနာပြု မစ္စတာ ဂျေကော့ ကယ်လ်နာအား တွေ့ဆုံခြင်း" ဟူသော စာတန်း ဆွဲထားသည့် တိတ်ခွေပေါ် ရောက်သွားသည်။ ချက်ချင်းပင် တိတ်ခွေအား ဖွင့်၍ နားထောင်သည်။ ဥက္ကဋ္ဌကြီး မော်၏ အသံသည် လူတန်းစားတိုက်ပွဲ အကြောင်း ပြောနေသည်။

မော်၏ အသံရပ်သွားသောအခါ သူ့အဖေအသံ ဝင်လာသည်။ သူသည် ကက်ဆက်အား ကျော်ရန် စိတ်ကူးလိုက်သေးသော်လည်း ချက်ချင်းပင် စိတ်ပြောင်းကာ အသံကို တိုးလိုက်သည်။ အသံအား အပြင်မှ မကြားစေချင်။ သူသည် ဦးခေါင်းကို ငုံ့၍စက်နားသို့ နားဖြင့်ကပ်၍ နားထောင်သည်။

"ဒီနေ့ မနက် ကျွန်တော် ချင်ရှန်တောင်ကုန်းပေါ် သွားပြီး တောင်ကုန်းထိပ်က ခန်းမထဲမှာ ထိုင်နေတယ်" ဟု ဂျေကော့က စပြောသည်။ ကာဒိုသည် သူ့အဖေ ပြောသမျှကို စိတ်ဝင်တစား ဆက်နားထောင်သည်။ **"နောက်ဆုံး မဟာ ခရီးဟာ ခမ်းရှည် ချီတက်ပွဲကြီးတစ်ခုလို့ သူ့စိတ်ထဲမှာ မှတ်သွားမှာပါ"** ဟူသော အသံကို ကြားရသည်။ တံခါးသည် ရုတ်တရက် ပွင့်သွား၍ ကာဒို

လှမ်းကြည့်လိုက်သည့် အခါ တံခါး၀၌ ရပ်နေသော မဒမ်ချန်ချင်းအား မြင်လိုက်ရလေသည်။

သူ့ အဖေ၏ အသံက ဆက်ပြောနေသည်။ **"အဲဒီ ခရီးရှည်ကြီး အဆုံးကျမှသာ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ပြတ်နေတဲ့ အဆက်အသွယ်တွေကို ပြန်ပြီး ဆက်နိုင်ကြမှာပါ"** ကာဒိုသည် ကက်ဆက် ခလုတ်အား ကပျာကယာ လှမ်းပိတ်လိုက်သည်။

"သူ သေသွားပြီ" ဟု မဒမ်ချန်ချင်းက တိုးတိုးလေး ပြောသည်။ "သူဟာ သန်းခေါင်ချိန်ရဲ့ ဆယ်မိနစ် အလွန်မှာ အသက်ကုန်သွားတယ်။ တို့များအတွက် အချိန်ကျလာပြီ"

***

၁၉

နောက်သီတင်းတစ်ပတ် အကြာတွင် ကာဒိုသည် ပြည်သူ့အာဇာနည် အထိမ်းအမှတ် ကျောက်တိုင်၏ အောက်ခြေပတ်ပတ်လည်ရှိ ဝမ်းနည်းခြင်း အထိမ်းအမှတ် ကျင်းပရာ ပလက်ဖောင်း တစ်နေရာ၌ ရပ်နေသည်။ ရင်ထဲ၌ လှိုင်းထသလို ဖြစ်နေသည့် သောကရိပ်ကို မျက်နှာတွင် မထင်ဟပ်စေရန် အတင်းကြိုးစား၍ ဖုံးကွယ်ထားသည်။ သူနှင့် ပေ အနည်းငယ် အကွာရှိ ထင်ရှားသောဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် စစ်တပ် ခေါင်းဆောင်များကြားတွင် သူ့ဦးကြီးအရပ်ပုပု တုတ်ခိုင်ခိုင် မာရှယ် လု ချီယာအိုအား မြင်နေရသည်။

သူ့ ဦးကြီးကတော့ သူ့အား မကြည့်ဘဲ မျက်နှာကို လွှဲထားသည်။ သူသည် မြတ်သော ကောင်းကင်ဘုံ၏ ငြိမ်းချမ်းရေး ပန်းခြံ ရင်ပြင်တွင်း၌ စုဝေး ရောက်ရှိနေကြသော လူပင်လယ်ပြင်ကြီးထဲမှ လူသားမျက်နှာများအား လှမ်းကြည့်နေသည်။ အခြားသော ယူနီဖောင်းစိမ်းဝတ် ဗိုလ်ချုပ်များနှင့် မာရှယ်များသည် သူ့ဘေး ပတ်ပတ်လည်၌ ရှိနေကြ၏။ ချီယာအို၏ အပြုအမူကြောင့် ကာဒို့ စိတ်သည် မငြိမ်မသက်ဖြစ်လျက် ရှိလေသည်။

အထိမ်းအမှတ် ကျောက်တိုင်ရှေ့တွင် အသံချဲ့စက် အများအပြားသည် တန်းစီလျက် ရှိကြ၏။ ပါတီ ဒုတိယ ဥက္ကဋ္ဌ ဝဝဖိုင့်ဖိုင့် ဟွာကို-ဖုန်းသည် လေသံ ခပ်မြင့်မြင့်နှင့် လက်နှိပ်စက် ရိုက်ထားသော မိန့်ခွန်းစာရွက် တစ်ရွက်ကို ဖတ်ကြားလျက် ရှိသည်။ ကာဒိုသည် ဟွာကို-ဖုန်း၏ မိန့်ခွန်းတွင် တစ်ဝက်တစ်ပျက်မျှသာ စိတ်ဝင်စားသည်။ သူ့ မျက်လုံးအစုံသည် ဟွာ၏ ညာဘက်၌ ရပ်နေသော မာရှယ် ယီ ချီအင် ယင်း အပေါ်သို့ ရောက်နေသည်။

ယီ ချီအင်-ယင်းကား ကာကွယ်ရေးဝန်ကြီး ဖြစ်၍ ဆံပင်တွေ ဖွေးဖွေးလှုပ်မျှ ဖြူနေပြီး ခရိုရှည်ချီတက်ပွဲကြီးမှ စစ်သားဟောင်းကြီးဖြစ်၍ သူ့ ပုံပန်းသည် သူ့ဦးကြီးနှင့် အခြား စစ်ခေါင်းဆောင်များလိုပင် သူ့ကိုယ်သူ အလွန်

ယုံကြည် စိတ်ချသည့်ဟန် ပေါက်လျက်ရှိ၏။ ဈာပနပွဲသို့ ရောက်နေကြသော လူများမှာ သန်းနှင့်ချီ၍ ရှိနေသည်။ ထိုလူစုထဲတွင် ဤစစ်ခေါင်းဆောင်များသည် အနာဂတ်အတွက် တိတ်တစ်ဆိတ် ကျိတ်၍ တစ်ခုခုကိုများ သဏ္ဍာပြု နေကြလေရော့သလား။

"ပါတီတစ်ရပ်လုံး စစ်တပ် တစ်တပ်လုံးနဲ့ တစ်နိုင်ငံလုံးရဲ့ ပြည်သူ တစ်ရပ်လုံးဟာ ကွယ်လွန်သွားတဲ့ ဥက္ကဋ္ဌကြီး မော်စီ-တုန်းအတွက် အတိုင်းအဆ အကန့်အသတ် မရှိတဲ့ ဝမ်းနည်းကြေကွဲမှုကို ခံစားနေကြရပါတယ်" ဟု ဟွာက အသံကို အတက်အကျ အနိမ့်အမြင့် ထား၍ စကားကို ပြောလျက်ရှိ၏။ "ဥက္ကဋ္ဌကြီး မော်ရဲ့ ခေါင်းဆောင်မှုအောက် ရောက်ခါမှ ဘေးအန္တရာယ်ဆိုး အမျိုးမျိုးနဲ့ ရင်ဆိုင် နေကြရတဲ့ တရုတ်လူမျိုးတွေဟာ သူတို့ ခြေထောက်တွေအပေါ် ရပ်လာ နိုင်ခဲ့ကြတာပါ။ ဒါကြောင့်မို့လည်း တရုတ်ပြည်သူတွေဟာ သူတို့ အသည်းနှလုံး ကြားက ထွက်လာတဲ့ ချစ်ခြင်း၊ ယုံကြည်ခြင်းနဲ့ လေးစားခြင်း၊ ကြည်ညိုခြင်း ရှိလာ ရတာပါ"

ဟွာ၏ ဘယ်ဘက်တွင် ပဝါအနက်ကို ခေါင်းနှင့်ပခုံး နှစ်ဖက်တွင် တင် ထားသော ဥက္ကဋ္ဌကြီး၏ ဇနီး မုဆိုးမသည် သူမအား ထောက်ခံနေသူများနှင့် အတူ ရပ်လျက်ရှိသည်။ သူမကား စည်းကမ်း တင်းကျပ်လွန်းသော ဒုတိယ ဝန်ကြီးချုပ် ပါတီ၏ အကြီးဆုံး ဝါဒဖြန့်ချိရေးမှူးနှင့် အသက်အငယ်ဆုံး ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်၏။

သူတို့အားလုံး ဝမ်းနည်းကြေကွဲစွာဖြင့် ဦးခေါင်းများကိုငုံ့၍ အလေးပြု နေကြသည်။ ရုတ်တရက် ကာအိုသည် လျှောင်လှုပ်သော ညက သူ့ ဦးကြီး ပြောခဲ့သော စကားများကို သတိရလာသည်။ "မင်းဟာ သူများဆီက ချေးငှား ထားတဲ့ အချိန်တွေ ပေါ်မှာ တည်မှီပြီး နေထိုင်လာခဲ့တာ နှစ်တွေ ကြာခဲ့ပြီ။ အခုတော့ဖြင့် အဲဒီ နှစ်တွေဟာ ကုန်ခါနီးနေပြီ" ဟူသော စကားများ ဖြစ်လေ သည်။

ပန်းခြံ၏ အပေါ်ဘက်တွင်ကား အလံနီရဲရဲများသည် အဆောက်အအုံ တိုင်း၌ စိုက်ထူးထားသည်။ ပြည်သူ့ခန်းမကြီး အလယ်၌ ရှိနေသူ အားလုံးသည် မော်စီ-တုန်း၏ အလောင်းအား အလေးပြုလျက် ရှိကြ၏။ ရာနှင့်ထောင်နှင့်ချီ၍ ရှိနေကြသော တရုတ် လူမျိုးများကား လွန်ခဲ့သော သီတင်းပတ် ကတည်းက မော့် အလောင်းအား ချီတက်၍ အလေးပြု နေကြခြင်း ဖြစ်၏။ ထိုအတွင်းမှာပင် ပေါ်လစ်ဗျူရိုသည် အစည်းအဝေးများ ခေါ်ကာ မော့်နေရာအား မည်သူ ဆက်ခံ သင့်သည်ကို အပူတပြင်း ဆွေးနွေးလျက် ရှိကြလေသည်။

သို့သော်လည်း နေ့စဉ်နေ့တိုင်း ထွက်လာသမျှ တရားဝင် အစည်းအဝေး မှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များ ထဲတွင်ကား ကျေနပ်ဖွယ်ရာ ကောင်းသည့် ဆုံးဖြတ်ချက် တစ်ခုမှ ထွက်မလာသေးပေ။ ပါတီ၏ ခေါင်းဆောင်မှု အသစ်နှင့် ပတ်သက်၍ သဘောတူညီချက်ကား မရရှိကြသေးပေ။ ပြင်းထန်သော ဆွေးနွေး ဝေဖန်ချက်များကား ဥက္ကဋ္ဌမော်၏ အလောင်းကို မီးသင်္ဂြိုဟ်လျှင် သင့်မလား။ သို့တည်းမဟုတ် အလောင်းအား ဆေးစိမ်ပြီး ပြည်သူအများ ဂါရဝ ပြုနိုင်ရန် အာဇာနည်ဗိမာန်အဖြစ် ခေါင်းသွင်း၍ ပြထားရလျှင် ကောင်းမလား စသည်များ ဖြစ်လေသည်။

မရေမရာနှင့် ဇဝေဇဝါ အတွေးများသည် ပါတီခေါင်းဆောင်များကြား၌ တည်ရှိနေသည်။ ထိုပြဿနာမှာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တည်ရှိနေခြင်း ဖြစ်၍ နယ်များတွင် ရှိနေသော မငြိမ်မသက်မှု သတင်းများသည် ကာအို့ စားပွဲပေါ်သို့ အဆက်မပြတ် ရောက်လာနေသည်။ မြေငလျင်ဒဏ်ကြောင့် သေဆုံးသူများ အရေအတွက်သည် မြင့်တက်နေဆဲဖြစ်၍ နောက်ဆုံး ရောက်ရှိလာသည့် သတင်းများအရ လူတစ်သန်းခန့် သေဆုံးလိမ့်မည်။ သို့မဟုတ် ဒဏ်ရာ အကြီးအကျယ် ရလိမ့်မည်ဟု ခန့်မှန်းကြရလေသည်။

ပီကင်းမြို့ထဲရှိ လမ်းများမှာလည်း ပြိုပျက်ကျနေသော အုတ်ပုံများဖြင့် ပြည့်လျက် ရှိနေဆဲဖြစ်သည်။ အိမ်ခြေယာမဲ့ ဖြစ်ကုန်ကြသော မိသားစု အများအပြားသည် လမ်းဘေးဝဲယာ ပလက်ဖောင်းများထက်၌ တာပေါ်လင် ရွက်ထည်တဲများ ထိုး၍ နေထိုင်လျက်ရှိကြသည်။ ယခုကဲ့သို့ ဖြစ်ကတတ်ဆန်း နေထိုင်ရခြင်း များသည် ရာဇဝတ်မှုများနှင့် အခြားလူမှုရေး မတည်ငြိမ်မှုများကို တိုးပွားစေသည်။

ပတ်ဝန်းကျင်သည် အသစ်အသစ်များဖြင့် ပြည့်လျက် ရှိသည်ဖြစ်၍ လပေါင်း များစွာပင် ကြာမြင့်ခဲ့လေပြီ။ ထိုကာလအတွင်း အလုပ်ဒဏ် ပိလျက်ရှိသော ကာအိုသည် များစွာ ပင်ပန်းကာ ကျန်းမာရေး ချို့တဲ့ လာလောက်အောင်ပင် အားအင် ကုန်ခန်း နွမ်းနယ်လျက် ရှိရ၏။ သူ တာဝန် ထမ်းဆောင်နေရသည်မှာလည်း အချိန် ကြာလာသည့်အခါ စက်ရုပ် တစ်ရုပ်လို ဖြစ်လာသည်။ လုပ်စရာ ရှိသည်များကို သိမ်းကျုံး၍ လုပ်နေရသော်လည်း သူ့ ပတ်ဝန်းကျင်၌ ဘာတွေ ဖြစ်နေသည်ကိုကား ဂယနဏ မသိရတော့ချေ။

"ငါတို့အနေနဲ့ ဥက္ကဋ္ဌကြီးမော် ရှေ့ဆောင်လမ်းပြ ပြုခဲ့တဲ့ တရုတ် နိုင်ငံတွင်းက ပစ္စည်းမဲ့ တော်လှန်ရေးကြီးကို မေ့ပစ်လို့ မရဘူး" ဟု ဟွာက မိန့်ခွန်းကို ဆက်ပြောသည်။ သူ့အသံသည် ထူးခြားမှု ကင်းမဲ့လှ၏။ အများနှင့် မတူအောင် ဆွဲဆောင်မှု ရှိသော အသံမျိုး မဟုတ်။ ထိုအသံသည် အဆာမတန် ထုထပ်

များပြားလှသော လူ အများကြားသို့ ရာနှင့်ချီ၍ ရှိနေသော အသံချဲ့စက်များမှ တစ်ဆင့် ပျံ့လွင့် သွားနေသည်။

"ငါတို့ရဲ့ ဝမ်းနည်းကြေကွဲမှုကို အင်အားအဖြစ် အသွင် ပြောင်းပစ်ရမယ်၊ စုစည်းပစ်ရမယ်၊ ပြီးရင် အသုံးပြုရမယ်။ အဲဒီ အင်အားကို တစ်ပိုင်းစီ တစ်စစီ ဖြစ်သွားအောင် မလုပ်ပစ်ကြနဲ့။ ငါတို့အနေနဲ့ တိန်ရှောင့်-ပိန် ဝေဖန် တိုက်ခိုက်ရေးကို နက်ရှိုင်းစေရမယ်။ လက်ယာ သွေဖည်ရေးသမားတွေရဲ့ တိုက်ခိုက်မှုတွေကို ခုခံတွန်းလှန်ရမယ်။ သူတို့ လွဲမှားနေတာတွေကို မြင်မြင်လာအောင် ပြုပြင်ပေးရမယ်။ သူတို့ထဲက မလိုလားအပ်တဲ့ လူတွေကို မောင်းထုတ်ပစ်ရမယ်။ ဥက္ကဋ္ဌကြီးမော်ရဲ့ သတိပေး စကားကို စိတ်ထဲမှာ အမြဲတမ်း သိမ်းထားကြရမယ်။ ဥက္ကဋ္ဌကြီးရဲ့ သတိပေးစကားက "တို့ ကွန်မြူနစ်ပါတီထဲမှာ ဘူဇွာလူလတ်တန်းစားတွေဟာ အခုထိ ရှိနေတုန်းပဲ။ သူတို့ဘက်က ဘယ်တော့မှ အရှုံးပေးမှာ မဟုတ်ဘူး။ သူတို့ဟာ အခုထိ အရင်းရှင် လမ်းကြောင်းပေါ်မှာ လျှောက်နေကြတုန်း"

သေဆုံးသွားပြီဖြစ်သော မော်၏ နိုင်ငံရေး ဒဿနအမြင်များ ကြားရသည့် အခါ ကာအို၏ စိတ်သည် ကြည်လင်ပေါ့ပါးသွားသည်။ ထိုဒဿနအမြင်များအား ထည့်ပြောနေခြင်းကို ထောက်ပါက ဒုတိယ ဥက္ကဋ္ဌဟွာသည် စစ်တပ်မှ မာရှယ်များထံ သူ့ကိုယ်သူ ရောင်းစားလိမ့်မည် မဟုတ်ဟုပင် ယူဆနေမိ၏။ လွန်ခဲ့သော သီတင်းပတ် အနည်းငယ်က ကြုံခဲ့ရသည့် အဖြစ်များကို သတိရလာမိသည့်အခါ စိတ်ထဲတွင် စိုးရိမ် ထိတ်လန့်စိတ် ဝင်လာပြန်သည်။ သို့တစေလည်း ဟွာထံမှ ထွက်လာသည့် အထူး ချီးကျူးစကားများ ကြားလာရသည့်အခါ သူ့စိတ်သည် "အေး" လာသည်။ ရဲဘော် ပဒမ်ချန်ချင်းနှင့် သူ့နောက်လိုက်များသည် ပါတီနှင့် တစ်မျိုးသားလုံးအား ထိန်းချုပ်ရေး စစ်ပွဲ၌ အောင်ပွဲရလိမ့်မည်ဟု ယုံကြည်လာသည်။

မိန့်ခွန်း ပြောအပြီးတွင် ပါတီနှင့် စစ်တပ်မှ ခေါင်းဆောင်များသည် မြောက်မြားလှစွာသော လူထုပရိသတ်ကြီးအား ဦးဆောင်၍ ဥက္ကဋ္ဌကြီးမော်အား အလေးပြုကြသည်။ အလောင်း၏ အပေါ်ဘက်တွင် ပေသုံးဆယ် အကျယ်ရှိ မော်စီ-တုန်း၏ ရောင်စုံ ဓာတ်ပုံကြီး ချိတ်ဆွဲထားသည်ဖြစ်ရာ ဘာလုံးအဖို့ အလေးပြုရာ၌ ပိုမို၍ ထိရောက်စေသည့် သဘောဆောင်လျက် ရှိပေသည်။

ကာအိုသည် လတ်တလော သောကများကို မေ့သွားသည်။ ဘင်ခရာတီးဝိုင်းအဖွဲ့ ငါးရာကျော်၏ တေးဂီတသံတွင် သူ့စိတ်သည် နစ်မျောသွားသည်။ "အရှေ့သည် နီသွားပြီ" ဟူသော တေးသီချင်းသံသည် ပျံ့လွင့်လျက် ရှိလေရာ သူ ကိုယ်တိုင်လည်း ဝင်၍ သီဆိုနေမိသည်။

"အရှေ့သည် နီသွားသည်။ နေမင်းသည် တက်လာပြီ။ တရုတ်နိုင်ငံသည် မော်စီ-တုန်း အမည်ရှိ လူတစ်ယောက်အား ရှေ့သို့ ပို့လိုက်သည်။ သူသည် ပြည်သူတစ်ရပ်လုံးအတွက် မဟာ ကယ်တင်ရှင် ဖြစ်လာပြီ"

သူ့ လက်မောင်းအား လာ၍ ထိလိုက်သည့်အတွက် လှည့်ကြည့်သည်။ သူ့ ဦးကြီး ဖြစ်၏။ သူ့ ဦးကြီး၏ မျက်နှာထားသည် သူ့အား ဆိတ်ဆိတ်နေရန် သတိပေးနေသည်။ သူ့နောက်မှနေ၍ သူ့ကားဆီ လိုက်လာပြီး ကားနောက်ခန်းထဲ၌ ဝင်ထိုင်ရန် လက်ဟန်ခြေဟန်ဖြင့် ပြနေသည်။

"ငါ မင့်ကို နောက်ဆုံး အနေနဲ့ သတိပေးချင်တာ တစ်ခု ရှိတယ်" ဟု ချီယာအိုက ကားထဲ ထိုင်မိသည်နှင့် တစ်ပြိုင်နက် ယာဉ်မောင်း စစ်သား၏ နောက်မှ မှန်ကို ပိတ်လိုက်ပြီး ပြောသည်။ "မကြာခင်မှာ နိုင်ငံအတွက် အဆုံးအဖြတ် ပေးမယ့် လှုပ်ရှားမှုတွေ လုပ်လာလိမ့်မယ်။ အင်အားကိုတော့ သုံးကြဖို့ သေချာနေတယ်။ လူတွေ အများကြီးကိုလည်း ဖမ်းလိမ့်မယ်။ ရွေးထားတဲ့ လူတွေထဲမှာ မင်းနာမည်ဟာ ပါနေတယ်။ မင်း နာမည်ဟာ တို့ရထားတဲ့ စာရင်းထဲမှာ ဝင်နေပြီ"

မထင်မှတ်ဘဲနှင့် ကြားလိုက်ရသည့် ချီယာအို၏ ဖြောင်ကျလွန်းသော စကားများကြောင့် ကာအိုသည် အံ့အားသင့်လျက် ရှိ၏။ သို့သော်လည်း သူသည် သူ့ ကိုယ်သူ ထိန်းချုပ်ကာ သူ့ဦးကြီးအား ပြုံး၍ ကြည့်နေသည်။ "ဦးကြီးအနေနဲ့ ကိုယ့်ဘာသာကိုယ်ပဲ သတိထားဖို့ လိုမှာပါ။ ဦးကြီးရဲ့ နာမည်ဟာ ကျွန်တော်တို့ရဲ့ စာရင်းထဲမှာ ပါနေရင် ဘယ်နှယ့် လုပ်မလဲ"

"ငါ အခုလို လာပြီး သတိပေးတာဟာ ငါ့ ညီမကို ချစ်လွန်းလို့ပဲ" ဟု မာရှယ် ချီယာအိုက တင်းမာသော လေသံဖြင့် ပြောသည်။ "မင်းက တခြား လူတွေက တစ်ဆင့် မင်းအမေအပေါ် ကြောက်စရာ ကောင်းလောက်အောင် ရက်စက်ခဲ့ပေမဲ့ မင်းအမေကတော့ အခုချိန်ထိ မင်းနဲ့ မင့်သား မင်းအပေါ် သံယောဇဉ်က ကြီးနေတုန်းပဲ။ ဒါကြောင့် အခု ငါပေးလိုက်တဲ့ နောက်ဆုံး သတိပေးချက်ကို အလေးအနက် ထားပြီး လက်ခံစေချင်တယ်"

"ဘာ လုပ်ရမှာလဲ။ တိုင်းပြည်က ထွက်ပြေးရမှာလား"

"တိုင်းပြည်ထဲက ထွက်ပြေးခြင်းဟာ မင်းရဲ့ ရှေ့မှာ မင်းနဲ့ မင်းမိတ်ဆွေ အပေါင်းအသင်းတွေအတွက် ဘာတွေ ရှိနေတယ်ဆိုတာ သိထားရင် စိတ် ချမ်းမြေ့စရာ အကောင်းဆုံး အပြောင်းအလဲ တစ်ခု ဖြစ်လာဖို့ ရှိတယ်"

"ဦးကြီးရဲ့ အနေအထားဟာ ကျွန်တော်တို့ကို ကြိမ်းမောင်း ခြိမ်းခြောက်ရမယ့် အနေအထားမှာ မဟုတ်ပါဘူး" ဟု ကာအိုက အေးစက် မာကျောသော လေသံဖြင့် ပြန်ပြောသည်။ "ကျွန်တော်တို့လည်း လုံးဝ အကာအကွယ်မဲ့တဲ့

အခြေအနေ မဟုတ်ဘူး ဆိုတာ သိပါ။ ကျွန်တော်တို့ကို သစ္စာ စောင့်သိနေတဲ့ လက်နက်ကိုင် တပ်တွေလည်း ရှိနေပါသေးတယ်"

"မင်း မရွေးချယ်စမ်းပါနဲ့" ဟု ချီယာအိုက ပြောသည်။ "မင်းတို့ကို ထောက်ခံမယ် ဆိုတဲ့ လူတွေဟာ အဆုံးအဖြတ် ကျလာတဲ့ အချိန်မှာ အားလုံး ပျက်စီးကုန်မှာ သန်းပေါင်း များစွာသော ပြည်သူတွေဟာ မဟာခန်းမကြီးထဲမှာ လဲလျောင်းနေတဲ့ လူကို မုန်းကြတယ်၊ ဆန့်ကျင်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ ချစ်တဲ့ လူတွေ အသတ်ခံကြရတယ်။ အရိုက်ခံကြရတယ်၊ အနှိပ်စက် ခံကြရတယ်။ သူ့ရဲ့ အပြောင်းအလဲ မြန်တဲ့စိတ်ကြောင့် ဒုက္ခရောက်ခဲ့ကြရတယ်။ အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါ့အနေနဲ့က မင်းကိုယ်မင်း ကယ်တင်နိုင်ဖို့အတွက် နောက်ဆုံး အခွင့်အရေး လာပေးတာပဲ"

"ခင်ဗျားကိုယ် ခင်ဗျား ကယ်ဖို့ ဆုံးဖြတ်ရမှာပါ ဦးကြီး ချီယာအို။ အခု အချိန်မှာ ဆုံးဖြတ်တာ မှန်ရင် ခင်ဗျားအတွက် နောက်မကျသေးပါဘူး။ တကယ်လို့ ခင်ဗျားအနေနဲ့ ဥက္ကဋ္ဌကြီးမော်ရဲ့ လမ်းစဉ်ပေါ် သစ္စာ ရှိနေရင်တော့ ကာကွယ်ရေး ဝန်ကြီးဌာနဟာ ခင်ဗျားအတွက် ဖြစ်လာမှာပဲ"

ချီယာအိုသည် ကာအို ထိုးပေးသော လာဘ်အား ဂရုမစိုက်။ လုံးဝ မကြားသည့်နှယ် ဥပေက္ခာ ပြုထားသည်။ "မင်းကို တယ်လီဖုန်း ဆက်လိမ့်မယ်၊ ဥက္ကဋ္ဌကြီးရဲ့ မွေးနေ့ မွေးရက်နဲ့ မွေးချိန်ကို နက္ခတ်ဗေဒင် ကိန်းခန်းအရ အတိအကျ ပြောလိမ့်မယ်။ အဲဒီနောက် မင်း လည်ပင်း မပြတ်အောင် ကယ်တင် နိုင်ဖို့ အတွက် အချိန် မိနစ် သုံးဆယ် ရမယ်။ ဒီကိစ္စက မင်းပဲ ရှင်းရမှာ။ အနည်းဆုံး ဒါလေးကိုမှ မင်းကို အသိမပေးခဲ့ရင် ငါ့ညီမကို ငါ မျက်နှာချင်း ဆိုင်နိုင်မှာ မဟုတ်တော့ဘူး"

"ခင်ဗျား မေ့သွားပြီ ထင်တယ်။ စောစောက ဒုတိယ ဥက္ကဋ္ဌဟွာက "အရင်းရှင်တွေရဲ့ လမ်းကြောင်း" ကို တိုက်ခိုက်သွားတယ် မဟုတ်လား။ ဘာ ကြာသေးလို့လဲ။ မိနစ်အနည်းငယ်ပဲ ရှိပါသေးတယ်" ဟု ကာအိုက ပြောသည်။ "အဲဒီ စကားဟာ ဘယ်သူတွေကို ပြောတယ်ဆိုတာ အလွန်သိသာ ထင်ရှား နေတာပဲ'

"မင်း ဒုတိယ ဥက္ကဋ္ဌက အချိန်ယူဖို့ ကစားနေတာ" ဟု ချီယာအိုက ပြန်ပြောကာ ကားတံခါးအား ဖွင့်လိုက်ပြီး ကာအိုအား ကားထဲမှဆင်းရန် လက်ပြ သည်။ "အေးလေ ငါ မင်းကို ပြောစရာရှိတာ ဒါ အကုန်ပဲ"

* * *

၂၀

ဂျေကော့သည် ပီကင်းဟိုတယ်၏ ဒုတိယထပ်ရှိ သူ့အခန်းတံခါးအား သော့ခတ်၍ ပိတ်လိုက်ပြီး အောက်ထပ် ခန်းမကြီးဆီသို့ လှေကားအတိုင်း ဆင်းလာသည်။ ဟိုတယ်ရှေ့၌ ရပ်ထားသော စစ်တပ် တံဆိပ်တပ် တရုတ် ဆလွန်းကားငယ်တစ်စီးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကာ နောက်ခန်းထဲသို့ ဝင်ထိုင်သည်။ ယူနီဖောင်းဝတ် စစ်သားတစ်ယောက် မောင်းလာသော ထိုကားသည် ချမ်းအန်လမ်းအတိုင်း ထွက်လာပြီး အရှေ့စူးစူးသို့ မောင်းလာသည်။ ထို့နောက် မြို့တော်၏ အစိက အရောင်းအဝယ် စည်ကားရာ ဝမ်ဖူချင်းလမ်းထဲသို့ ချိုးဝင် လာခဲ့လေသည်။

အဆောက်အအုံပေါင်း များစွာတွင် အက်ကြောင်းကြီးများ ရှိနေသည်ကို ဂျေကော့ သတိထားလာမိ၏။ အချို့ အဆောက်အအုံများတွင် အပြင်မှနေ၍ သစ်သား ဒေါက်တိုင်ကြီးများ ခံကာ ကျားကန်ထားသည်ကို မြင်နေရသည်။ အချိန်မှာ ညဉ့်နက်နေပြီဖြစ်၍ လမ်းပေါ်တွင် လူသွားလူလာ ကင်းမဲ့ကာ ခြောက်သွေ့နေသည်။ ပီကင်းအစိုးရ ကုန်စုံဆိုင်ကြီး၊ သည်အိမ်ဝင်း ဈေးကြီးနှင့် နယူးချိုင်းနား စာအုပ်ဆိုင်ကြီးများ၏ တံခါးများမှာ သော့ခတ်ပြီး ပိတ်ထားပြီ။ ကားသည် မှောင်နှင့်မည်းမည်း ကျဉ်းမြောင်းသော လမ်းကြားတွင်းသို့ မောင်းဝင်လာပြီး တရုတ်ဘယဆေးများနှင့် ရိုးရာ တိုင်းရင်းဖြစ်ဆေးများ ခင်းကျင်း ပြသထားရာ ဆေးဆိုင်ရှေ့၌ ရပ်လိုက်သဖြင့် ဂျေကော့သည် များစွာ အံ့ဩကာ တွေတွေဝေဝေ ဖြစ်လျက်ရှိလေ၏။

ယာဉ်မောင်းသည် ကားပေါ်မှဆင်းကာ စကား လုံးဝမပြောဘဲ ဂျေကော့အား တံခါးဖွင့်ပေးသည်။ သူသည် လူသူ မရှိသော လမ်းကြား၏ ဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ်များအား တစ်ချက်မျှ ကြည့်အပြီးတွင် သော့တစ်ချောင်းကို ထုတ်၍ ဆေးဆိုင်တံခါးအား ဖွင့်လိုက်သည်။ ထို့နောက် အိတ်ဆောင် လက်နှိပ်

ခတ်မီး သေးသေးလေးကိုထုတ်၍ ဂျေကော့အား ရှေ့မှ လမ်းပြကာ ဆိုင်ထဲသို့ ခေါ်သွင်းသွားသည်။ သူ့ နောက်ဘက်မှ ဆိုင်တံခါးကိုလည်း သော့ခတ်၍ ပိတ်လိုက်လေသည်။

ထို့နောက် စစ်သားသည် ဆိုင်ကောင်တာနှစ်ခုကြားရှိ ကျဉ်းမြောင်းသော လမ်းအတိုင်း ဂျေကော့ အား လမ်းပြကာ ခေါ်သွားသည်။ လှေကား တစ်ခုဆီ ရောက်သည့်အခါ စွတ်စို ထိုင်းမှိုင်းသော မြေအောက်ခန်း ဆီသို့ ရှေ့မှနေ၍ ဆင်းသွားသည်။ မှိုနံ့များ၊ သစ်ဥသစ်ဖုနံ့များနှင့် ဆေးမြစ်နံ့များသည် သူတို့အား ဆီးကြိုလျက်ရှိ၏။ စစ်သားသည် ကြမ်းပြင်ထက်မှ အဖုံးနှင့် တံခါးဖက် တံခါးအား ဆွဲဖွင့်လိုက်သည်။

ထို့နောက် သူသည် သူ့လက်တွင်းမှ လက်နှိပ်ခတ်မီးဖြင့် အောက်သို့ နောက်တစ်ဆင့် ဆင်းရာ ကွန်ကရစ် လှေကားထစ်များဆီ ထိုးပြသည်။ ဂျေကော့အား မြို့တော် မြေအောက် ကာကွယ်ရေး ကွန်ချာ တည်ရာဆီသို့ ဆင်းရန် လက်ဟန် ခြေဟန်ဖြင့် ပြသည်။ ထိုနေရာ တစ်ဝိုက်ဆီသို့ ဝင်လာနေသော လေတွင် အောက်သိုးသိုး အနံ့များ လိုက်ပါလာလျက် ရှိလေသည်။

စစ်သားသည် ပေါက်ကွဲဒဏ်ခံ သံမဏိတံခါးအား သူ့တွင် ပါလာသည့် သော့ဖြင့် ဖွင့်လိုက်သည်။ နှစ်ယောက်သား မြေအောက်စင်္ကြံလမ်းအတိုင်း ဆက်လျှောက်လာကြသည်။ ခေါင်မိုးနှင့် နံရံများအား အဖြူရောင် ပလတ်စတာများ ကပ်ထားသည်ကို ဂျေကော့ သတိထားမိ၏။ သူတို့ ဆက်လျှောက်လာသည့်အခါ စင်္ကြံလမ်း တစ်ဖက်ရှိ ရိက္ခာလှောင်ရာနေရာများ၊ လက်နက်တိုက်များ၊ ဆေးဝါး ပစ္စည်းများ သိုလှောင်ရာ နေရာများအား ဖြတ်သန်းလာခဲ့ရသည်။ ဂျေကော့သည် ဤနေရာဌာနများအကြောင်းကို ကောလာဟလများ အဖြစ်သာ ကြားခဲ့ရဖူး၏။ အခုမှသာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေရခြင်းပေတည်း။

ဒုတိယ သံမဏိတံခါးကို လွန်သော် အမြင့်သို့ထပ်တက်ကာ ထုံးဖြူသုတ် အုတ်တံတိုင်းကာ စင်္ကြံလမ်းတစ်လျှောက် ဆက်၍ သွားကြရ၏။ ထိုနေရာတွင် ယာဉ်မောင်း စစ်သားသည် လက်နက်ကိုင် စစ်သားနှစ်ယောက် စောင့်နေသော သစ်သားတံခါးကြီး အပြင်ဘက်၌ ရပ်လိုက်သည်။ ယာဉ်မောင်းဖြစ်သူက သူ့တွင် ပါလာသည့် ဝင်ထွက်သွားလာခွင့် လက်မှတ်ကိုပြ၍ စစ်သားထံမှ ခွင့်ပြုချက် ရသည့်အခါ တံခါးကို ဖွင့်၍ အတွင်းသို့ ဝင်သည်။

အခန်းထဲ ရောက်သွားသော ဂျေကော့သည် စစ်ဝတ်စုံ အပြည့်ဝတ်ကာ သတ္တု စားပွဲတစ်လုံး၌ ထိုင်နေသော မာရှယ် လု ချီယာအိုနှင့် မျက်နှာချင်းဆိုင် မိသည်။ ချီယာအို၏ သံမဏိ သံခမောက် ဦးထုပ်နှင့် ပစ္စတိုမှာ သူ့အားရှိ

စားပွဲပေါ်၌ တင်လျက်၊ မျက်နှာထား တင်းလျက်ရှိသော မာရှယ်သည် တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချထားလိုက်သည်။

"ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ၊ ဘယ်လို ကူညီနိုင်မလဲ" ချီယာအိုက ဂျေကော့အား ထိုင်ရန် လက်ပြပြီး ပြောသည်။ "တိုတိုနဲ့ လိုရင်းပဲပြော၊ ကျွန်တော့်မှာ မိနစ် နည်းနည်းပဲ အချိန်ရတယ်"

"ကျွန်တော် ကာအိုကို ရှာတွေ့ဖို့ ကြိုးစားနေတာပါ" ဂျေကော့က ဘေးစားပွဲပေါ်မှ သံခမောက်နှင့် ပစ္စတိုမှသည် နံရံထက်ရှိ မြေအောက် စစ်စခန်းများ မြေပုံများအထိ လိုက်ကြည့်နေသည်။ "ဒီည လေယာဉ်ကွင်းကနေပြီး သူ့အိမ်ကို တန်းသွားခဲ့တယ်။ အိမ်မှာ သူရော သူ့သားပါ မရှိကြဘူး၊ ကျွန်တော် အဲဒါကြောင့် အရေးတကြီး စာတိုလေး တစ်စောင် ရေးပြီး ခင်ဗျားဆီ ပို့ပေးဖို့ မဟာ ခန်းမဆောင်ဆီ ပို့လိုက်တာ"

"မြေငလျင် လှုပ်ပြီးကတည်းက ကာအိုဟာ သူ့ အိမ်မှာ မနေတော့ဘူး။ သူက ချန်နန်ပေးမှာ ညအိပ်တယ်။ သူ အချစ်ဆုံး နိုင်ငံရေး မိတ်ဆွေတွေဆီ သွားနေတဲ့ သဘောပဲ။ ခင်ဗျား ဘာပြုလို့ ဒီအထိ လိုက်လာပြီး သူ့ကို ရှာနေတာလဲ"

အေးဂီအေးစက် နိုင်လွန်းလှသော ချီယာအို၏ အပြုအမူနှင့် ကာအို့အပေါ် ရန်လိုသော လေသံများသည် ဂျေကော့အတွက် အံ့အား သင့်စရာကြီး ဖြစ်နေသည်။ "မြေငလျင် လှုပ်တာ သိကတည်းက ကျွန်တော် ပီကင်းကို လာချင်နေတာ၊ အေဘီဂေးလ်က ကာအို့မိန်းမ သေသွားပြီလို့ ကြေးနန်း ရိုက်ခဲ့တယ်။ ကျွန်တော်က ကာအိုနဲ့ အေဘီဂေးလ်အတွက် စိတ်တအား ပူခဲ့ရပြန်တယ်။ အဲဒီနောက် အေဘီဂေးလ်ဆီက စာရတယ်။ သူ ကာအိုနဲ့ တွေ့ကြောင်း၊ ကာအို ကြည့်ရတာ စိတ်ဒုက္ခ ရောက်နေတယ်လို့ ထင်ရကြောင်း ရေးလိုက်တယ်"

"ဟုတ်တယ်၊ ကာအို စိတ်ဆင်းရဲနေတယ်။ တခြားလူတွေ အများအပြားလည်း စိတ်ဆင်းရဲနေကြတယ်။ အခု ခင်ဗျား ရောက်လာတဲ့အချိန်ဟာ အဆိုးဆုံး အချိန်တစ်ချိန်ပဲ" ချီယာအိုက အလွန် စိတ်ပျက်နေသံဖြင့် ပြောကာ စားပွဲပေါ်မှ ပစ္စတိုအား လှမ်းကြည့်သည်။ "အလွန် ပြင်းထန်တဲ့ အရေးယူမှုတွေ ပြုရတော့မယ့် အခြေအနေကို ရောက်သွားပြီ၊ ပြဿနာ တချို့ကို အမှန် ဖြစ်သွားအောင် ပြန်တည့်ပေးကြရလိမ့်မယ်။ ပြီးတော့ ကာအိုလည်း ခံရမယ့် လူတွေထဲမှာ တစ်ယောက် ဖြစ်လာလိမ့်မယ်"

"ဒါပေမဲ့ ခင်ဗျားသူ့ကို ကူညီနိုင်တဲ့ အနေအထား ရှိနေတာပဲ၊ မကူညီနိုင်တော့ဘူးလား"

ကျွန်တော့်ညီမ မေ-လင်းကြောင့် သူ့ကို ကယ်ထုတ်ဖို့ ကျွန်တော် အားထုတ်ခဲ့ပြီးပြီ။ ကျွန်တော် သူ့ကို သတိပေးခဲ့တယ်။ သူ့အတွက် တရုတ်နိုင်ငံထဲက ထွက်သွားမှ ဖြစ်မယ့် လမ်းကလွဲပြီး တခြား ရွေးစရာလမ်း မရှိတော့ဘူးလို့၊ ဒါပေမဲ့ သူက ပြောတာကို နားမထောင်ဘူးဆိုတော့"

"ဒါပေမဲ့ မေ-လင်း တစ်ယောက်တည်းကြောင့်လို့ ဘာကြောင့် ပြောနိုင်တာလဲ၊ သူဟာ ခင်ဗျားရဲ့တူ မဟုတ်လား"

ချိုယာအိုက ဂျေကော့အား စိုက်ကြည့်နေသည်။ "ခင်ဗျားဟာ သူ့အဖေပဲ၊ အရင်တုန်းကတော့ ကျွန်တော် ပြောမထွက်ခဲ့ဘူး။ ဒါပေမဲ့ ခင်ဗျား သိထားဖို့က ကာအိုဟာ ကျွန်တော့်ဆီက အကူအညီ ရထိုက်တဲ့ လူ မဟုတ်ဘူး၊ တခြားဘယ်သူ့ဆီကမှလည်း မရထိုက်ဘူး။

"သူ့အမေမှာ ဖြစ်ခဲ့သမျှတွေအတွက် ကာအိုမှာ တာဝန်ရှိတာ အမှန်ပဲ။ ဒီကိစ္စတွေဟာ သူ အသိဆုံးပါ။ သူ့အမေကို လွှတ်ပေးလိုက်ဖို့ အမိန့်ပေးပြီးတဲ့နောက် မကြာခင်မှာပဲ ရှန်ဟိုင်းမှာ သူ့အမေ အနှိပ်စက် ခံခဲ့ရတယ်။ အဲဒါလည်း သူပဲ၊ အဲဒီအချိန်လောက်မှာပဲ သူဟာ ကျွန်တော့်ဘက် လှည့်လာခဲ့တယ်။ အဲဒါပီကင်းမှာ ဖြစ်ခဲ့ရတာ၊ သူက ကျွန်တော့်ကို ဖမ်းဖို့ စည်းရုံးလှုံ့ဆော်ခဲ့တယ်လို့ သံသယရှိခဲ့တယ်။ အလုပ်သမား အားကစားကွင်းမှာ ကျွန်တော့်အမှုကို စစ်တော့လည်း တပ်နီ လုံခြုံရေး တပ်သားတွေကို သူပဲ ကြီးကြပ်ခဲ့တာ"

ချိုယာအို၏ ပြောပြချက်များသည် ဂျေကော့အတွက် တုန်လှုပ်စရာကောင်းလှ၏။ ဂျေကော့သည် နာကျင်သည့် ဝေဒနာကို ခံစားနေရသည့်နှယ် မျက်လုံးအစုံကို စုံမှိတ်ထားသည်။ မိခင် မေ-လင်းနှင့် ဦးကြီး ချိုယာအိုတို့အပေါ် သစ္စာ ကင်းမဲ့ခြင်းသည် အလွန် ကြောက်စရာကောင်းသည့် အပြုအမူများဖြစ်၏။ ထိုအဖြစ်များအား မိမိ ရှန်ဟိုင်းတွင် ကာအိုနှင့် တွေ့စဉ်က ကြုံခဲ့ရသည်များနှင့် ယှဉ်လိုက်သည့်အခါ စိတ်သက်သာဖွယ်ရာ မရှိ။

"အဲသလို အပြုအမူမျိုးကို လုပ်တာဟာ ကာအို တစ်ယောက်တည်း မဟုတ်ဘူး" ဟု ချိုယာအိုက ပြောသည်။ "ယဉ်ကျေးမှုတော်လှန်ရေးက လူအများအတွက် သည်းမခံနိုင်လောက်အောင် ဆိုးဝါးတဲ့ လူတွေမွေးထုတ်ခဲ့တယ်။ တချို့လူတွေဟာ အဆိုးဆုံးတွေ ဖြစ်လာခဲ့ကြတယ်။ တော်လှန်ရေးသမား လူအများစုဟာ သူတို့ ဆွေမျိုးတွေနဲ့ မိတ်ဆွေတွေကို သူတို့ ကိုယ်ကျိုး တစ်ခုတည်းအပေါ် ရှေးရှုပြီး သစ္စာမဲ့ခဲ့ကြတယ်"

"ကျွန်တော်ကတော့ ကာအို ပြုပြင် ပြောင်းလဲသွားဖို့ လုပ်ပေးရမယ့် တာဝန် ရှိနေသေးတယ်လို့ ထင်နေမိသေးတယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျား မကူညီနိုင်ဘူးလား"

ချီယာအိုသည် သူ့လက်ပတ်နာရီအား ငုံ့ကြည့်သည်။ "အချိန်ကျလာရင် သူ့ကို နာရီဝက် ကြိုပြီး သတိပေးနိုင်ဖို့ ကြိုးစားမယ်လို့တော့ ကာအို့ကို ပြောထားတယ်။ ခင်ဗျားသွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော် သူ့ကို ပြောမှာပါ"

"ဒါဆိုရင် သူ ဘယ်ကို သွားမလဲ" ဟု ဂျေကော့က မေးသည်။ "သူနဲ့ တွေ့ဖို့ ကျွန်တော် ဘယ်လို ရှာရမလဲ"

"ဘယ်ကို သွားမလဲဆိုတာက သူ ရွေးချယ်ရမယ့် လမ်းပါ။ ကျွန်တော်ကတော့ ကျွန်တော် လုပ်နိုင်သမျှ လုပ်ပေးမှာပါ။ အခုဆိုရင် အားလုံးဟာ အန္တရာယ် မကင်းတော့ဘူး" ချီယာအိုသည် စိတ်မရှည်တော့သည့် ဟန် အမူအရာဖြင့် ထရပ်ကာ ဂျေကော့လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ "ယာဉ်မောင်းက ခင်ဗျားကို ပြန်ပို့ပေးလိမ့်မယ်၊ ခင်ဗျားသားကို ကယ်ဖို့ ကြိုးစားနေတဲ့ ကိစ္စမှာ ခင်ဗျား ကံကောင်းပါစေလို့ ဆုတောင်းပါတယ်။

* * *

၂၁

အပြင်ဘက် စကြံလမ်းဆီမှ ဂျေကော့၏ ခြေသံများ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ချီယာဖိုသည် တယ်လီဖုန်းကို ကောက်ယူကာ နံပါတ် တစ်ခု တောင်းသည်။ တစ်ဖက်မှ အသံ ဝင်လာသည့်အခါ သူသည် တစ်ဖက်လူအား အကြောင်းစုံ ရှင်းပြသည်။

"သေသေချာချာ နားထောင်ပါ" ဟု သူက စပြောသည်။ "ရဲဘော် ချင်ကာဒိုကို ပြောပြပါ။ ဥက္ကဋ္ဌကြီး မော်ကို နဂါးနှစ်မှာ မွေးဖွားခဲ့တာပါ။ ကြက်သွေးရောင် ကြက်မြီးကောင်ပေါက် မွေးတဲ့ရက်ပေါ့။ အစိမ်းရောင် ကြွက်လ ထဲမှာပါ။ မြွေနက်နှစ် ဆိုပါတော့"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် မာ်ရှယ်သည် တယ်လီဖုန်းအား ခွက်ပေါ် ပြန်တင်ထားလိုက်ပြီး ပစ္စတိုကို ယူ၍ သူ့ခါးပတ်မှ အိတ်ထဲသို့ ထည့်လိုက်သည်။ သံခမောက်အား လှမ်းယူပြီး ခေါင်းတွင် ဆောင်းလိုက်ကာ ရုံးခန်းထဲမှ ထွက်၍ လှေကားမှ ဆင်းလာသည်။ အောက်မှ စောင့်နေသူများမှာ လက်နက် မျိုးစုံ တပ်ဆင်ထားသည့် လက်ရွေးစင် တပ်သား ဒါဇင်ဝက် ဖြစ်၏။

သူတို့သည် ဝတ်စုံအပြည့်နှင့် ဖြစ်၍ ရော်ဘာအောက်ခံ ဘွတ်ဖိနပ်များ စီးထားကြသည်။ သူတို့လက်တွင် ဗြိတိသျှလုပ် စတင်းဂန်းများနှင့် အပေါ့စား ၉ မီလီမီတာ တရုတ် လက်နက်များ ကိုင်ဆောင်ထားကြသည်။ အချို့တပ်သား များတွင် ကြိုးများနှင့် သံချိတ်များ ပါလာကြသည်။ ဂျစ်ကားပေါ် တက်ထိုင်နေပြီ ဖြစ်သော ချီယာဖိုသည် သူ့ တပ်သားများအား စနစ်တကျ ရှိ-မရှိ စစ်ဆေး ကြည့်ရှုလျက် ရှိလေသည်။

"ရဲဘော်တို့ ဒီစစ်ဆင်ရေးဟာ မင်းတို့ လုပ်ခဲ့သမျှတွေထဲမှာ အရေးအပါ ဆုံး တစ်ခုလို့ သိကြရမယ်" ဟု ချီယာဖိုက တပ်ခွဲနှင့် တပ်စိတ်မှူးများ လက်သို့ ဓာတ်ပုံထုပ်ကလေးများ ဝေပေးနေသော စစ်ဗိုလ်များအား စောင့်ကြည့်နေရင်းမှ

ပြောသည်။ "အခု ဒီကို ရောက်နေတဲ့ မင်းတို့အားလုံးဟာ ဝန်ကြီးချုပ် ချုရဲ့ သစ္စာစောင့်သိသော ကိုယ်ရံတော် တပ်သားတွေ ဖြစ်ခဲ့တယ်။

"အကယ်၍ သူသာ အခုအချိန်ထိ အသက်ရှင် နေဦးမယ်ဆိုရင် မင်းတို့ရဲ့ ဒီနေ့ လှုပ်ရှားမှုကို ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်ရောကိုယ်ပါ သဘောတူ ထောက်ခံမှာပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဒီလှုပ်ရှားမှုဟာ သူ့ ပေါ်လစီတွေကို ဆက်လက် အကောင်အထည် ဖော်ဖို့ သူ ရွေးချယ်ထားခဲ့တဲ့ လူရဲ့ လက်ထဲ အာဏာ ပြန်ရောက်စေမယ့် လမ်းပွင့်သွားစေမယ့် လှုပ်ရှားမှု ဖြစ်နေလို့ပဲ"

"ဒီလုပ်ငန်း တာဝန်အတွက် မင်းတို့ ရထားတဲ့ အထူး လေ့ကျင့်မှုဟာ အမည်မသိတဲ့ ပစ်မှတ်တွေကို ဦးတည်ကြရလိမ့်မယ်။ ဒါပေမဲ့ အခု မင်းတို့ လက်ထဲမှာ ရောက်နေတဲ့ ဓာတ်ပုံတွေက မင်းတို့ရဲ့ ပစ်မှတ်တွေကို မလွဲမမှား အောင် ညွှန်ပြပေးလိမ့်မယ်။ ဓာတ်ပုံတွေ ကြည့်ထားကြပါ"

တပ်မှူးများသည် ဓာတ်ပုံထည့်ထားသည့် အထုပ်များကို ဖွင့်၍ကြည့်နေကြသည်။ လွန်ခဲ့သော သီတင်းသုံးပတ်နီးပါးက ပြည်သူ့အာဇာနည်များ အထိမ်းအမှတ် ကျောက်တိုင်ရင်ပြင်၌ ဟွာကို-ဖုန်း၏ ဘယ်ဘက်ဘေး၌ ရပ်နေကြသော ထိပ်သီး ပါတီခေါင်းဆောင် လေးဦး၏ ဓာတ်ပုံများဖြစ်၏။ သူတို့ထဲမှ ပထမဆုံး ပုဂ္ဂိုလ်မှာ ဥက္ကဋ္ဌကြီး မော်၏ ဇနီး မုဆိုးမ မျက်မှန်တပ်ထားသည့် အမျိုးသမီးကြီး ဖြစ်သည်။ သူတို့အဖို့ ဤပုံအား မြင်လိုက်ရသည့်အတွက် တအံ့တသြ ရေရွတ်စရာ အကြောင်း မရှိပေ။

ကျန်ဓာတ်ပုံများထဲတွင်မူ ထိပ်သီးခေါင်းဆောင် လေးဦးအား သစ္စာစောင့်သိ ရှိသေလျက်ရှိကြသော ကေဒါများ၏ ပုံများပါသည်။ ထို ကေဒါအားလုံးမှာ အဖမ်းခံကြရလိမ့်မည်ဖြစ်၏။ ထိုအထဲတွင် ကာဒိုး၏ ချောမောသော မျက်နှာအား ချိုယာဒို မြင်လိုက်ရသည်။ ဂျစ်ကားအနီး၌ ရပ်၍ ဓာတ်ပုံများအား ကြည့်နေသော တပ်စိတ်မှူး၏ လက်ထဲ၌ တွေ့လိုက်ရခြင်း ဖြစ်လေသည်။

"မင်းတို့ရဲ့ နိုင်ငံရေး နည်းပြတွေက မင်းတို့ကို တင်းကျပ်တဲ့ အမိန့်တွေ ပေးထားတယ်။ ရဲဘော်တို့ ရှေးဦးစွာ လက်နက်ချဖို့အတွက် နှုတ်နဲ့ နားချ သွေးဆောင်ကြရမယ်" ဟု ချိုယာဒိုက ပြောသည်။ သူသည် သူ့လက်ပတ်နာရီကို ကပျာကယာ ငုံ့ကြည့်သည်။ "သွေးမြေမကျတဲ့ အောင်ပွဲဟာ ငါတို့ရဲ့ ရည်မှန်းချက်ပဲ။ ဒါပေမဲ့လို့ မရနိုင်ဘူးဆိုရင်တော့ ကိုယ့်အချင်းချင်းပဲဖြစ်ဖြစ် အသေအကျေ တိုက်ကြရမှာပဲ။ သူတို့ကို နိုင်သည်အထိ တိုက်ကြရမှာပဲ။ အခုပြောတဲ့ စကားကို မင်းတို့ နားလည်ကြရဲ့လား"

"နားလည်ပါတယ်" ဟူသော အဖြေ ပေးသံသည် မြေအောက် ဥမင်လိုဏ်ဂူလမ်းပေါ်တွင် ပဲ့တင်ထပ်သွားသည်။

"ရဲဘော်တို့ လွန်ခဲ့တဲ့ နှစ်လေးဆယ်က ငါဟာ အထူးတပ်ဖွဲ့ကို ဦးစီးပြီး လုတင်းတံတားကို တိုက်ခိုက် ခဲ့ရဖူးတယ်" ဟု ချီယာအိုက ဆက်ပြောသည်။ "အဲဒီ တာဝန်ကို ယူခဲ့ကြရတဲ့ လူငယ်တွေဟာ မင်းတို့လို အရည်အချင်း ပြည့်ဝတဲ့ လူငယ်တွေပဲ။ အဲဒီတုန်းကလည်း တော်လှန်ရေး တစ်ခုလုံးရဲ့ အနာဂတ်ဟာ အစိုးရိမ်ရဆုံး အခြေအနေမှာ ရောက်နေခဲ့တယ်။

"တကယ်လို့ အဲဒီ တိုက်ပွဲမှာ သူတို့ အရေးနိမ့်ခဲ့ရင် တပ်နီ စစ်တပ်ဟာ တိဘက်နိုင်ငံတွင်းက တောကြီးမျက်မည်းထဲကို မောင်းထုတ်တာ ခံချင်ခံရမယ်။ ဒါမှမဟုတ်ရင်လည်း လုံးဝ ပြုတ်ပြုတ်ပြုန်းသည်အထိ အချေမှုန်း ခံချင်ခံရမယ်။ ဒါပေမဲ့ သူတို့ အရှုံးနဲ့ ရင်မဆိုင်ခဲ့ရဘူး၊ မင်းတို့လည်း အရှုံးနဲ့ ရင်ဆိုင်ရမှာ မဟုတ်ဘူး။

"အခု လုပ်မယ့် အထူး စစ်ဆင်ရေးမှာ ရဲဘော်တို့ဟာ ကွန်မြူနစ်ပါတီရဲ့ အန္တရာယ်အများဆုံး ခေါင်းဆောင် လေးဦးကို ဖမ်းကြရလိမ့်မယ်။ ဒီလူတွေဟာ သူတို့ပေါ် ယုံကြည်မှုကို ချိုးဖောက်ခဲ့တဲ့ လူတွေပဲ။ ဒါကြောင့်မို့ အခုအချိန်ဟာ တို့ရဲ့ သမိုင်းမှာ လုတင်းတံတား တိုက်ပွဲလို အရေးပါ အရာရောက်မယ့် တိုက်ပွဲ တစ်ပွဲပဲ၊ အကယ်၍ ပါတီ ဆန့်ကျင်နေတဲ့ ဒီသစ္စာဖောက်ဂိုဏ်းကို ဖမ်းမမိရင် သူတို့ဟာ ဝန်ကြီးချုပ် ချူ ဒုက္ခဆင်းရဲခံပြီး ကြိုးပမ်းလုပ်ဆောင်ထားခဲ့တဲ့ လုပ်ငန်းတွေလည်း ပျက်စီးသွားမယ်။ တော်လှန်ရေးကြီးလည်း ကျဆုံးမယ်"

ချီယာအိုသည် တစ်ဦးချင်းစီ၏ မျက်နှာများအား လိုက်ကြည့်နေသည်။ "အဲဒါကြောင့် မင်းတို့ လုပ်ရမယ့် တာဝန်နဲ့ ပတ်သက်လို့ နောက် မတွန့်ကြနဲ့ ရဲဘော်တို့" ဟု ချီယာအိုက ပြောသည်။ "တကယ်လို့ သူတို့ရဲ့ သက်တော်စောင့်တွေကဖြစ်စေ၊ တခြား လက်နက်ကိုင် တပ်သားတွေကဖြစ်စေ၊ သစ္စာဖောက်တွေကို ကာကွယ်ဖို့ အားထုတ်လာရင် အားလုံးကို သတ်ပစ်ရမှာပဲ၊ ဒါပေမဲ့ ဖမ်းရမယ့် လေးယောက်ကို အန္တရာယ် မဖြစ်စေနဲ့၊ အရှင် ဖမ်းရမယ်" ချီယာအိုသည် သူ့ အသံကို မြှင့်လိုက်သည်။ "အဲဒါပဲ ရဲဘော်တို့ မင်းတို့အားလုံး ကံကောင်းကြပါစေ၊ တော်လှန်ရေးကြီး အစွန့်ရှည်ပါစေ"

မော်တော်ကား စက်သံများ အသက် ဝင်လာသည်။ တပ်သားများသည် ကားများပေါ်သို့ ခုန်၍ တက်ကြသည်။ ချီယာအိုသည်လည်း သူ၏ ဂျစ်ကား ပေါ်သို့ ရောက်သွားသည်။ ထို့နောက် ချီတက်ရန် အချက်ပြလိုက်သည့် လက်တစ်ဖက်၏ လှုပ်ရှားမှု။ ကား လေးစီးသည် တစ်စီးပြီး တစ်စီး ချီယာအို၏ ဂျစ်ကား နောက်မှ လိုက်သွားကြသည်။ ကားများသည် ဝက်ပါလို ဖြစ်နေသော မြေအောက်လမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက် ပြေးသွားလျက်ရှိ၏။ ချန်အန်ဘူလိုဗတ် လမ်းကျယ်ကြီး၏ အောက်တည့်တည့်ရှိ ဥမင်လမ်းသည် ကားသံ

များဖြင့် ဆူညံလျက်ရှိသည်။ အမှောင်ထုအား ဖြတ်၍ပြေးသွားနေသော ကားများသည် အစောင့်အရှောက် တပ်များဖြင့် အခိုင်အမာ လုပ်ထားသည့် ချန်နန်ဟေး ခြံဝင်းကြီးဆီသို့ ဦးတည်လျက်ရှိလေသည်။

* * *

၂၂

ကာဇိုသည် အမှောင်ထုအားဖြတ်၍ ပီကင်း အနောက်ဘက် မြို့ ဆင်ခြေဖုံးရှိ အစောင့်များ ထူထပ်စွာ ချထားသည့် အိမ်ကြီးဆီသို့ အမောတကော ပြေးသွားလျက်ရှိ၏။ ထိုအခိုက်မှာပင် စစ်သားများ လိုက်ပါလာသည့် ကားသံများ ကြားရသည်။ ထို့နောက် ကားရှေ့ဘက်ရှိ မီးလုံးများမှ မီးရောင်များသည် လမ်းမပေါ်သို့ ကျလာသည်။ ကာဇိုသည် လန့်ဖျပ်ကာ လမ်းဘေး တစ်နေရာ၌ ဖျတ်ခနဲ ရပ်လိုက်လေသည်။

သူသည် အသက်ရှူ မမှန်လောက်အောင်ပင် အမောတကော ဖြစ်လျက် ရှိသည်။ သူ့ဘေး အိတ်ကပ်ထဲ စမ်းကြည့်လိုက်သည့်အခါ သူကိုယ်တိုင် လက်နက်တိုက်မှ ထုတ်ယူလာခဲ့သော ခြောက်လုံးပြူးအား စမ်းမိသည်။ လွန်ခဲ့သော သီတင်းပတ်ကတည်းက ထုတ်ယူထားသော သေနတ်ဖြစ်၏။ သူသည် သေနတ်ကို ထုတ်ကာ ညာလက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ကားသံများသည် တိုး၍ ကျယ်လောင်လာလျက်ရှိလေရာ ကာဇိုမှာ ဘာမှ ဆုံးဖြတ်၍မရဘဲ နားဝေတိမ်တောင် ဖြစ်လျက်ရှိ၏။ စစ်ကားများသည် နီးကပ်လာနေပြီဖြစ်ရာ မိမိသည် သူတို့လက်ထဲ မကျရောက်ဘဲ အိမ်ကြီးဆီသို့ ရောက်မှရောက်ပါ့မလား၊ သို့မဟုတ်ဘဲ ထောင်ချောက်ထဲ ကျသလိုများ ဖြစ်မှဖြင့်၊ တကယ်တော့ ဘေးဘက်ရှိ ဥမင်လိုဏ်ခေါင်းသည် အိမ်ကြီး၏ ဝင်ပေါက်ဆီသို့ ရောက်ရာ တစ်ခုတည်းသော လမ်းဖြစ်၏။ အိမ်ကြီးထဲရှိ ဥယျာဉ်တွင်းဝယ် အစောင့်များ ထူထပ်စွာ ချထားသဖြင့် စိတ်ချနိုင်လောက်သည်ဟု ယူဆရသည်။

ဘေး ဥမင်လိုဏ်ခေါင်းလမ်း အဝင် အရောက်တွင် ကာဇိုသည် စစ်ကားများ ရပ်သွားသံ ကြားရသည်။ တစ်စီးပြီးတစ်စီး ရပ်သွားနေခြင်းဖြစ်၍ အထူးသတိထားပြီး နားစွင့်နေသော ကာဇိုအဖို့ အပီအပြင် ကြားနေရခြင်း ဖြစ်၏။ ဆော်ဘာဘောက်ခ် ဘွတ်ဖိနပ်များ မြေကြီးပေါ် ချနင်းသံ ကြားနေရသည်ကို

ထောက်လိုက်ပါက ကားများထက်မှ စစ်သားများ ဆင်းနေသည်မှာ သိသာလွန်းလှ၏။

ကာဗိုသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ နံရံတစ်ဖက်ရှိ အပေါက်ဆီသို့ လေးဖက်တွားရ၍ သွားပြီး ဝပ်နေသည်။ တစ်မိနစ် နှစ်မိနစ်ခန့် စောင့်၍ နားစွင့် နေသော်လည်း ဘာမှ ဖြစ်မလာ။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ တစ်ခါတစ်ရံ စကားပြောသံလိုလို ဘာလိုလို ကြားရ၏။ စစ်တပ်မှ တပ်မှူး၏ အမိန့်ပေးနေသံများ ဖြစ်ဖွယ်ရာရှိသည်ဟု ကာဗို တွေးနေမိသည်။ သူစောင့်၍ နားစွင့်နေသည့် အချိန်အတွင်း ကြားနေရသည့် နှလုံးခုန်သံမှာ ကြောက်စရာ ကောင်းလှပါဘိခြင်း။

ကာဗိုသည် အိမ်ကြီးဆီ၌ ဘာတွေများ ဖြစ်နေပါလိမ့်ဟု စိတ်ကူးနေမိသည်။ ထိုအိမ်ကြီးတွင် ဥက္ကဋ္ဌကြီး မော်၏ ဇနီး မုဆိုးမ မဒမ်ချန်ချင်းသည် လွန်ခဲ့သော လအနည်းငယ်ခန့် ကတည်းက အစောင့်များ ထူထပ်စွာချ၍ သူမ၏ ပုန်းခိုရာ နေရာအဖြစ် အသွင်ပြောင်း ထားခဲ့သည်။ လွန်ခဲ့သော ဆယ်မိနစ်ခန့်က မိမိသည် မဒမ်ချန်ချင်းနှင့် စကားပြော နေခဲ့သည်။ ထိုစဉ်က သူတို့ နှစ်ယောက်နှင့်အတူ ပါတီမှ အရေးပါသော ခေါင်းဆောင် ဒါဇင်ဝက်ခန့်လည်း ပါသည်။ သူတို့ မျှော်လင့်နေသည့် အရှေ့မြောက်ပိုင်းဒေသမှ စစ်တပ်များမှာ အခုအချိန်ထိ ရောက်မလာကြသေး။

စိုးရိမ်ကြောင့်ကြသော စိတ်ဖြင့် မကြာခဏ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ကြသည်။ သို့သော်လည်း တိကျမှန်ကန်သော အဖြေကို မရ။ အခြေအနေအရပ်ရပ်သည် တိုး၍သာ ရှုပ်ထွေးလာလျက်ရှိ၏။ ထိုကိစ္စကို ခန့်မှန်း၍ ဆွေးနွေးကြသော်လည်း မှန်ကန်သော အဖြေကိုမရ။ အားလုံးသည် ဒေါသတကြီးဖြစ်ကာ အပြန်အလှန် ငြင်းခုံခြင်းဖြင့် အချိန်ကုန်ခဲ့ကြရသည်။ သန်းခေါင်ယံလွန်သည့်အခါ သူ၏ လက်ထောက်ဝန်ထမ်းတစ်ဦးက အခန်းတွင်းသို့ ဝင်လာပြီး တယ်လီဖုန်း သတင်းတစ်ခုပေးသည်။ စာရွက်ပေါ်တွင်ကား နဂါးနှင့် ကြက်ဖ မွေးဖွားသည့် ရက်များ ရေးထားသည်ကို တွေ့ရ၏။

သူ့ လက်ထောက်သည် တယ်လီဖုန်း ဆက်ချိန်ကို အတိအကျ မှတ်သားထားသည်။ ဤသတင်းမှတ်တမ်း ရောက်လာခဲ့သည်မှာ မိနစ်နှစ်ဆယ်မျှ ကြာခဲ့ပြီ။ ကာဗိုသည် မဒမ်ချန်ချင်းထံမှ ခွင့်တောင်းကာ အပြင်ဘက် ဥယျာဉ်တွင်းသို့ ဆင်းလာခဲ့သည်။ သူနှင့်အတူ လက်နှိပ်ဓာတ်မီး၊ ခြောက်လုံးပြူးနှင့် စာရွက်စာတမ်းများ ပါသော အိတ်ကိုပါ ယူလာခဲ့သည်။ အိမ်ပတ်ပတ်လည်တွင် ခါတိုင်းကဲ့သို့ပင် လက်နက်ကိုင် တပ်စိတ်များသည် ကင်းလှည့် နေကြသည်။ သူသည် အညောင်းပြေ အညာပြေ လမ်းလျှောက်နေသည့်ဟန်ဖြင့် အပြင်သို့ ထွက်လာခဲ့

သည်။ ဝင်ပေါက်တံခါးမှာ သံကြေးများ တက်နေသဖြင့် ရုတ်တရက် ဖွင့်၍မရ။ တံခါး ပွင့်သွားသည့် အချိန်တွင် သူတစ်ကိုယ်လုံး ချွေးတွေ ရွှဲနေသည်ကို တွေ့ရသည်။ သူသည် ဖြည်းဖြည်းသာသာ မလျှောက်ဘဲ ပြေးလာခဲ့သည်ဖြစ်ရာ မညီမညာ ရှိလွန်းလှသော ဥမင်လိုဏ်ခေါင်းလမ်းပေါ်၌ တစ်ကြိမ်မျှ ချော်လဲခဲ့သည်။ ထိုအခိုက်မှာပင် မိမိတို့ဘက်သို့ မောင်းလာနေသော စစ်ကားသံများအား ကြားရခြင်းဖြစ်၏။

သူသည် နံရံအပေါက်ထဲတွင် ဆက်ပြီး လေးဖက်ထောက်၍ ဝပ်နေသည်။ ထိုနေရာတစ်ဝိုက်မှ အနံ့အသက်များသည် ဆိုးဝါးလှ၏။ လွန်ခဲ့သော သီတင်းပတ် အနည်းငယ်အတွင်းက အလုပ် ပင်ပန်းမှုကြောင့် ကိုယ်ရောစိတ်ပါ နွမ်းနယ်လျက်ရှိသော ကာအိုသည် ထိုပင်ပန်းမှုများအား မောင်းထုတ်ပစ်ရန် ကြိုးစားလျက်ရှိသည်။ သူ၌ ရှိနေခဲ့သည့် မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များသည် တဖြည်းဖြည်း ယုတ်လျော့လာသည်။ အမှန်အားဖြင့် သူသည် လိမ်ညာဝါဖြန်းပြီး ဟန်ဆောင်၍ နေခဲ့ခြင်း ဖြစ်သည်။ အချိန်ကာလအားဖြင့် ကြာခဲ့ပြီ ဖြစ်၏။ တကယ်တမ်း စဉ်းစားလိုက်လျှင် သူ့ဘဝ တစ်သက်တာ ကာလပတ်လုံး ဖြစ်လေသည်။

သူ့အား အပြင်ပန်းမှကြည့်လျှင် တကယ့် တော်လှန်ရေးသမားကြီးဟု ထင်ရ၏။ သူ့စိတ်အား အတွင်းကျကျ နှိုက်ကြည့်လိုက်သည့်အခါတွင်မူ သူသည် အတွေးအခေါ် မြင့်မားသည့် လူတစ်ယောက် ဖြစ်ဖို့မဆိုထားနှင့် ဘာကိုမှ မယုံကြည်သော လူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။ အမှန်အားဖြင့် လူတန်းစား တိုက်ပွဲအား ဆီးကြို ထွေးပိုက်ခဲ့သော်လည်း စိတ်ရောကိုယ်ပါ အားတက်သရော ရှိလှသည် မဟုတ်။ ထိုပွဲကို အကြောင်းပြု၍ သူသည် သူ့မိခင်အား ရက်စက်စွာ ကျောခိုင်းခဲ့သည်။ ထို့မျှသာမကသေး သူ့ဦးကြီး ချိုယာအိုကိုပါ ကူညီ သင့်ပါလျက်နှင့် မကူညီဘဲ ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခ ရောက်အောင် ပြုခဲ့၏။ တကယ်တော့ သူ ရက်စက်ခဲ့သည့် လူများမှာ မရေမတွက်နိုင်အောင်ပင် များပြား လှချေသည်။

"အနာဂတ် အကျိုးဖြစ်ထွန်းမှု" ဟူသော ရည်မှန်းချက်သည် သူ့စိတ်အား များစွာ ဆွဲဆောင်ခဲ့သည်။ သူတစ်ဦးတည်းသာလျှင် မဟုတ်၊ သူ့ပတ်ဝန်းကျင်ရှိ လူအားလုံးသည်လည်း သူ့လိုပင်ဖြစ်ကြသည်။ တစ်ဦးချင်းစီ၏ စိတ်နေစိတ်ထားသည် အာဏာ ရရှိရေးပင်ဖြစ်၍ အားလုံးသည် လိမ်ဖို့ညာဖို့နှင့် ဗလာနတ္ထိ ဖြစ်သော ယုံကြည်မှုကိုသာ အခြေခံထားပြီး လုပ်နေကြခြင်း ဖြစ်လေသည်။

အဖြစ်မှန်များကိုတွေး၍ ထိုအဖြစ်မှန်များအား စိတ်ပါလက်ပါ လက်ခံနေစဉ် အတွင်းမှာပင် သူသည် ဘွတ်ဖိနပ်သံများ ကြားရပြန်သည်။ အပေါ်မှ

အဂင်္ကျာအုပ်ထားသည့် လက်နှိပ်ဓာတ်မီးရောင်သည် ထွက်လာသည်။ သူ၏ ပျံ့လွင့်နေသော စိတ်သည် စောစောကလို မဟုတ်တော့ဘဲ အေးဆေးတည်ငြိမ်လာသည်။

သူ့မျက်နှာနှင့် လက်မ အနည်းငယ်သာ ကွာသည့်နေရာမှ စစ်သား အနည်းငယ်၏ ခြေထောက်များ ဖြတ်သွားသည်ကို ကာအို မြင်လိုက်ရသည်။ သူ့စိတ်တွင် တစ်မျိုးခံစားလိုက်ရ၏။ သူ့အား တွေ့သွားသည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သူ ဂရုမစိုက်။ စက်သေနတ်များအား အသင့် အနေအထား ကိုင်ထားသည့် စစ်သားများသည် ရှေ့ဘက်သို့ လျင်မြန်စွာ ချီတက်သွားရင်း ပတ်ဝန်းကျင် အမှောင်ထုတွင်းသို့ သတိ ဝီရိယထားပြီး ကြည့်သွားလျက်ရှိလေသည်။

ဖြည်းဖြည်းသာသာ လျှောက်လာနေသော ခြေထောက်နှစ်ဖက်သည် သူ့ဘက်သို့ ရောက်လာသည်။ နောက်ဆုံးတွင် သူ့ဘေး၌ လာ၍ရပ်သည်။ လက်နှိပ်ဓာတ်မီးရောင်သည် သူ့ မျက်နှာပေါ်သို့ ကျလာ၏။ ရုတ်တရက်သော် သူ ဘာလုပ်ရမည် မသိ။ မျက်လုံးအစုံကို ပုတ်ခတ် ပုတ်ခတ် လုပ်၍ ကြည့်နေသည်။ ဒုံ့အားသင့်ပြီး ရေရွတ်သံ တစ်သံ ကြားလိုက်ရလိမ့်မည်ဟု မျှော်လင့်နေခိုက်မှာပင် သူ့အပေါ် ကျနေသည့် လက်နှိပ်ဓာတ်မီးရောင်သည် အဝေးသို့ ရောက်သွားသည်။ ခြေထောက် အစုံသည် ရှေ့သို့ ဆက်မလျှောက်ဘဲ တစ်ဖက်သို့ ပြန်လှည့်ကာ ရပ်နေသည်။ ဖိနပ် နှစ်ဖက်စလုံး၏ နောက်ဘက်ကို မြင်နေရသော်လည်း လှုပ်ရှားခြင်း မရှိ။ ထို့နောက် ခြေထောက်များသည် သူ့ဘက်သို့ ရောက်လာပြီး သူ့အား တအား ဖိထားသည်။ ရပ်နေသူ၏ ခြေထောက်နှစ်ချောင်းနှင့် ဥမင်လိုဏ် ခေါင်းကြားတွင် သူ ညပ်နေသည်။ အမှန်တော့ ထိုသူသည် သူ့အား စစ်သားများ မမြင်အောင် ကာထားခြင်းပေတည်း။

"ရဲဘောတို့ ဒီဘက်ကို လာကြ" ဟု မာရှယ် လုချီယာအိုက အကြိမ်ကြိမ် အထပ်ထပ် ရေရွတ်လျက် ရှိ၏။ "မရပ်ကြနဲ့ ဆက်ပြီး ချီတက်ကြ၊ ဆက်ပြီး ချီတက်ကြ"

ချီယာအို လက်တစ်ဖက် မြှောက်ပြနေသည်ကို ကာအို မြင်နေရသည်။ လက်ကို မြှောက်ပြပြီး အမိန့် ပေးနေသော်လည်း သူကိုယ်တိုင်ကတော့ စစ်သားများနှင့်ရော၍ လိုက်သွားခြင်း မရှိ။ ထို့နောက် စစ်သား အားလုံး ကုန်သွားသည့်အခါ နောက်မှနေ၍ လျင်မြန်စွာ လိုက်သွားသည်ကို မြင်လိုက်ရသည်။

နောက် တစ်ခဏမျှ ကြာသောအခါ ကာအိုသည် စက်သေနတ်သံများကို ကြားရသည်။ ဥမင်လိုဏ်ခေါင်း၏ ထိပ်ဘက်မှ လာနေခြင်းဖြစ်သည်။ ဥယျာဉ်၏ အထက်ဘက်ရှိ အိမ်အတွင်းမှ ဖောက်သံများကိုလည်း ကြားရသည်။

ကာအိုသည် အဆက်မပြတ် ပစ်ခတ်နေသော သေနတ်သံများအား တစ်ခဏမျှ ရပ်၍ နားစွင့်နေသည်။ ထို့နောက် သေနတ်သံများနှင့် ဆန့်ကျင်ဘက် အရပ်ဆီသို့ ပြေးထွက် လာခဲ့လေ၏။

* * *

၂၃

ဂျေကော့သည် အေဘီဂေးလ်၏ အခန်းရှိရာ တိုက်လှေကားအတိုင်း ပြေးတက်လာခဲ့ပြီး သူမ၏ တံခါးကို အသက်ပင် ဖြောင့်ဖြောင့် မရှူနိုင်ဘဲ တရကြမ်းခေါက်သည်။ အခန်းတွင်းမှ လှုပ်ရှားသံ လုံးဝမကြားရ။ သူသည် လက်မှ နာရီအား ငုံ့ကြည့်သည်။ ယခင်က ဤအခန်းသို့ နှစ်ကြိမ်မျှ ရောက်ခဲ့ဖူးသော်လည်း နှစ်ကြိမ်စလုံး အတွင်းမှ တုံ့ပြန်မှု မရခဲ့။ အခုဆိုလျှင် နံနက် တစ်နာရီ ထိုးတော့မည်။

သူသည် တံခါးကို နောက်တစ်ကြိမ် ထပ်ခေါက်ပြန်သည်။ ခေါက်လို့သာ ခေါက်ရသည် မျှော်လင့်ချက်တော့ သိပ်မရှိ။ သူသည် ပတ်ဝန်းကျင်အား တစ်ချက်မျှ ဝေ့ကြည့်လိုက်သည်။ သူ ပြေးတက်လာသော လှေကားသည် ပျက်စီးသည့် နေရာ၌ ပျက်စီးနေပြီ။ တချို့ နေရာတွင် ပြင်းထန်သော လျှပ်ကြောင့် အက်ရာကြီးများ ထင်နေသည်။ သူသည် တံခါးအား ထပ်ခေါက်ပြန်လေသည်။

"မစ္စ ကယ်လ်နာ တစ်ယောက် တစ်နေရာ သွားတယ်လို့ ကျွန်မ ထင်တယ်" အသံမှာ အမျိုးသမီး အသံဖြစ်၍ ကပ်လျက် အခန်းတံခါးသည် ပွင့်နေသည်။ ဆံပင်နက်နက်နှင့် ပိုလန် အမျိုးသမီးဖြစ်၍ မြေငလျင် လှုပ်နေစဉ်က အေဘီဂေးလ် ကယ်ထားသူ ဖြစ်သည်။ သူသည် တံခါးခေါက်သံများကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလာဟန် တူလေသည်။

"သူ ဘယ်သွားတယ် ဆိုတာများ မင်းသိသလား" ဟု ဂျေကော့က မေးသည်။ "ငါက သူ့အဖေပါ၊ ပီကင်းကို မမျှော်လင့်ဘဲနဲ့ ဒီနေ့ပဲ ရောက်လာတာ"

"သူ တီအင်ဆင်းကို သွားတယ်။ တရုတ် ဆရာတွေအတွက် သင်မိုးညွှန်းတမ်း အသစ်တစ်ခု ပို့ချပေးစရာ ရှိနေလို့ပါ။ ရက် အတော် ကြာလိမ့်မယ် ထင်တယ်။ သူ ပြန်လာရင်တော့ ကျွန်မ ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်" ဟု ဂျေကော့က ပြောကာ သူ့ နာမည်နှင့် တယ်လီဖုန်း နံပါတ်ကို ပြောသည်။ "သူ ပြန်လာရင် ချက်ချင်းပြောပြပြီး အန်ကယ့်ဆီ ဆက်သွယ်ခိုင်းပေးပါလား" ဟုလည်း မေတ္တာရပ်ခံသည်။

ဂျေကော့သည် အခုလို အနှောင့်အယှက် ပြုရသည့်အတွက် ခွင့်လွှတ်ပါ ဟု တောင်းပန်ကာ လှေကားမှ ပြန်ဆင်းလာပြီး အငှားတက္ကစီကား ဆီသို့ အပြေး အလွှား သွားသည်။ သူ့အနေဖြင့် ကာအိုကိုသာ ရှာဖွေတွေ့ရှိဖို့ အရေးထား သည်။ သူ ကားပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် တက္ကစီသည် ထွက်လာခဲ့ သည်။

အငှားကား အရှေ့စူးစူးသို့ ဦးတည်ပြီး မောင်းလာနေခိုက်တွင် ဂျေကော့ သည် ကားပြတင်းမှနေ၍ ပြင်ပ ပတ်ဝန်းကျင် အခြေအနေ တင်းမာမှု ရှိ မရှိ ကြည့်လာသည်။ ယူနီဖောင်းဝတ် စစ်သားများသည် တုတ်များ ကိုင်ဆောင်ကာ နှစ်ယောက် တစ်တွဲ ကင်းလှည့်နေကြသည်။ မိသားစု အများအပြားမှာ လမ်းဘေး ပလက်ဖောင်းထက်ရှိ တာပေါ်လင် အမိုးများနှင့် တည်ဆောက်ထား သော တစ်ဖက်ရပ် တဲများအောက်၌ အိပ်နေရဆဲ။

ရံဖန်ရံခါတွင် လက်နက်မဲ့ စစ်သားများ ပါဝင်သော ထရပ်ကားများသည် ချန်အန်လမ်း တစ်လျှောက် မောင်းဝင်လာတတ်သည်။ တစ်ခါတစ်ရံတွင် စစ် တပ်မှ ဂျစ်ကားများသည် လမ်းတစ်လျှောက်တွင် ပြေးလာနေကြ၏။ တစ်စုံ တစ်ခုသော အကြောင်းဖြင့် ပဋိပက္ခများ ဖြစ်နေသည့် အရိပ်လက္ခဏာကိုကား မမြင်ရ မတွေ့ရချေ။

နန်ချီဇီ ရပ်ကွက်ထဲတွင်မူ ကာအို၏ အိမ်သည် မှောင်မည်းမည်းထဲ၌ ငြိမ်ဆိမ်နေသည်။ ဂျေကော့သည် အပြင်မှနေ၍ တံခါးကို အဆက်မပြတ် ခေါက် ကြည့်သည်။ အဖြေမရ။ သူသည် ခြံဝင်းအတွင်း ဝင်၍ မိနစ် အတော်ကြာမျှ ခြေဦးတည့်ရာ လျှောက်သွားသည်။ ဘာကိုမှ မတွေ့ရ၊ မမြင်ရ။ သူသည် ဟိုတယ်သို့ ပြန်လာခဲ့၏။ အဝတ်များကိုပင် မလဲတော့ဘဲ အိပ်ရာပေါ်၌ လှဲနေ သည်။

သို့တစေလည်း သူသည် အိပ်၍မပျော်။ ချန်အန်လမ်းပေါ်မှ ပြေးသွား နေသော မော်တော်ကားသံကို မကြာခဏ ကြားနေရ၏။ သူသည် ခုတင်ပေါ်မှ ဆင်း၍ ပြတင်းပေါက်ဆီသို့ သွားကာ အပြင်သို့ လှမ်းမျှော်ကြည့်နေမိသည်။ နံနက် လေးနာရီထိုးတွင် ခန်းဆီးများ အပြည့် ကာထားသည့် စစ်ကားတစ်စီး ဟိုတယ်ရှေ့မှဖြတ်ကာ အနောက်စူးစူးသို့ အရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားသည် ကို မြင်လိုက်ရ၏။

သူသည် ကားသွားရာနောက်သို့ မျက်ခြည်အပြတ် မခံဘဲ လိုက်ကြည့်နေသည်။ ခပ်ဝေးဝေးသို့ ရောက်သွားသည့်အခါ မော်တော်ကားစက်သံသည် ဖြည်းဖြည်းချင်း ပျောက်သွားသည်။ တိတ်ဆိတ်မှုသည် အခန်းထဲသို့ ပြန်ရောက်လာသည်။ စောင့်မျှော်နေရသည်မှာ စိတ်မရှည်အောင် ဖြစ်လာသည်။ သူသည် အပေါ်ဝတ်အင်္ကျီကို ယူဝတ်ကာ တံခါးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

အမှန်တော့ သူသည် ဘာလုပ်ရမည်ကိုလည်း ရေရေရာရာ မသိ။ ဘယ်သွားရမည်ကိုလည်း စဉ်းစားထားသည် မဟုတ်။ သူသည် အိပ်ခန်းတံခါးအား အသာအယာ ဖွင့်ကာ နောက်ဖေး လှေကားမှ ဆင်းလာသည်။ အမှောင်ထုအားဖြတ်၍ ဘေးတစ်ဖက် လမ်းထဲသို့ ဝင်လာခဲ့၏။ လျင်မြန်စွာ လျှောက်လာခဲ့သောသူသည် ဝမ်ဖူချင်း လမ်းထဲရောက်လာသည်။ ထို့နောက် မြောက်ဘက်သို့ ကွေ့ကာ သာသနာပြု ဘာသာစကားသင် ကျောင်းဆီသို့ ထွက်လာခဲ့လေသည်။

* * *

၂၄

“ဖောက်ပြန်နေတဲ့ အရာမှန်သမျှ အတူတူပဲ” ဟု မေ-လင်းက တိုးတိုးကလေး ရေရွတ်သည်။ သူမ၏ အသံသည် နူးညံ့သိမ်မွေ့၍ ဟိုး အဝေးကြီးမှ လာနေသည့် အသံမျိုး၊ “တကယ်လို့ ဖောက်ပြန်နေတဲ့အရာကို တိုက်ခိုက်ခြင်း မပြုရင် အဲဒီ အရာဟာ ကျဆုံးမှာ မဟုတ်တော့ဘူး”

ပြတင်းပေါက် အပြင်ဘက်တွင် အရုဏ်သည် တက်စအချိန်မျှသာ ရှိနေသေးသော်လည်း မေ-လင်းကတော့ အဝတ်များလဲကာ အခန်းအလယ်ရှိ တစ်လုံးဘည်းသာ ရှိနေသော ကုလားထိုင်၌ ထိုင်လျက်ရှိနေလေပြီ။ သူမ၏ မျက်နှာမှာ ကြည်ငြိမ်အေးဆေးကာ ဣန္ဒြေရလှ၏။ သူမ၏ ဆံပင်ကိုမူ ကျစ်ဆံမြီး ကျစ်ကာ ဘေး တစ်ဖက်တစ်ချက်၌ ချထားသည်။ တစ်ဝက်တစ်ပျက် အလင်းရောင်အောက်တွင် သူမ၏ နူးညံ့သိမ်မွေ့လှသော မျက်နှာသည် ခါတိုင်းလိုပင် ပြတင်းပေါက်ဘက် လှည့်ထားသည်။ သူမ၏ ရုပ်ရည် အသွင်အပြင်သည် မိန်းမငယ်လေးတစ်ယောက်နှင့် တူလွန်းလှချေသည်။

သူမအခန်း၏ အတွင်းဘက်၌ ရပ်နေသော ကာဇိုသည် မေ-လင်းအား ကြည့်နေသည်။ သူသည် တောင့်တောင့်မတ်မတ် မရပ်နိုင်။ မသိမသာ ယိမ်းယိုင်လျက် ရှိ၏။ သူ့ဆံပင်များမှာ ဖရိုဖရဲဖြစ်ကာ ဖွာလန်ကြဲလျက် ရှိသည်။ မျက်နှာတွင် သွေးခြောက်များ ကပ်လျက်ရှိသည်။ အိမ်ကြီးဆီမှ ထွက်လာပြီး ဥမင်လိုဏ်ခေါင်းလမ်းထဲ အရောက်တွင် ခြေချော်လက်ချော်ဖြစ်ကာ လဲကျခဲ့၏။ ထိုစဉ်က သူ့ခေါင်းတွင် ဒဏ်ရာရခဲ့ပြီး ထိုဒဏ်ရာမှ သွေးများသည် မျက်နှာသို့ စဉ်ခဲ့ခြင်း ဖြစ်သည်။

သူ၏ ကေဒါကျူးနစ်အင်္ကျီမှာ မြေအောက် ရိက္ခာဂိုဒေါင်ထဲရှိ ဆန်အိတ်များကြား၌ တစ်နာရီ နှစ်နာရီခန့် အိပ်မောကျနေခဲ့စဉ်က ကပ်ငြိလာသဖြင့်

ဖုန်မှုန့်များ ပေကျံလျက်ရှိသည်။ သို့တစေလည်း သူ၏ ထူးခြားနေသော ရုပ်အသွင်အပြင်သည် သူ့အမေအတွက် ထူးခြားမှု လုံးဝမရှိ။

မေ-လင်း အခန်းထဲသို့ သူ တိတ်တိတ်ကလေး ကျိတ်၍ ဝင်လာခဲ့စဉ်က သူ့အမေသည် သူ့အား လှည့်၍ပင် မကြည့်။ သူသည် အခန်းထဲ၌ ရပ်နေစဉ်အတွင်း စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းအားကြီးသဖြင့် ရီဝေဝေ မူးနောက်နောက်ဖြစ်လျက်ရှိသည်။ အခန်းထဲ ရောက်ပါပြီ ဆိုကတည်းက သူ့အမေထံမှ သူ ကြားနေရသည်မှာ အဓိပ္ပာယ် ကင်းမဲ့သော စကားလုံးများသာ ဖြစ်၏။

"အမေ၊ ကျွန်တော် ကာအိုလေ" ဟု သူက လှမ်းပြောသည်။ "ကျွန်တော့်အတွက်ကတော့ ကိစ္စပြတ်သွားပြီ။ အားလုံး ပြီးကုန်ပြီ အမေ"

အခန်းပြင်ဘက်ရှိ ကော်ရစ်ဒါဆီမှ ခပ်သဲ့သဲ့ အသံတစ်သံ ကြားလိုက်ရသော်လည်း သူ သတိမထားမိ။ သူကိုယ်တိုင်လည်း သူ့အသံအား ဘယ်သူတွေ ကြားကြား ဂရုမထားတော့။ တစ်သက်တာပတ်လုံး အယောင်ဆောင် နေခဲ့ရသော ဘဝတစ်ခုထဲမှ လွတ်မြောက်လာခဲ့ရပြီ ဟူသော အသိမှတစ်ပါး အခြားဘာမှမရှိ။ သူ ဥမင်လိုဏ်ခေါင်းထဲ၌ ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံသည်ကား သူ့အား များစွာစိတ်လှုပ်ရှားစေခဲ့၏။ သူ့ရင်ကိုလည်း များစွာပေါ့ပါးသွားစေခဲ့၏။

သူ ဆေးရုံအဝင်တံခါးဝသို့ ရောက်လာစဉ်က ဆေးရုံဝန်ထမ်းများသည် သူ့အား မဝင်ရဟု တားမြစ်ခဲ့၏။ ညစ်ပတ်ပေတေနေသော အသွင်အပြင်အား ကြည့်၍ လန့်ဖျပ်ပြီး တားမြစ်ခြင်း ဖြစ်ရမည်ဟု သူ တွက်မိခဲ့သည်။ ထိုစဉ်က သူ့တွင် သူ့အနာဂတ်အတွက် မပူပင်တော့သည့်စိတ်သည် အခိုင်အမာ ရှိနေ၏။ ထို့ကြောင့်ပေလားမသိ၊ အတွင်းစိတ်တွင် ထူးခြားသော ခံစားမှု တစ်ခုသည် ဝင်နေပြီ မဟုတ်ပါလား။

သူသည် သူ့အား တားမြစ်နေသည့် ဆေးရုံဝန်ထမ်းများအား လုံးဝ ဂရုမစိုက်၊ ကြောက်လန့်ခြင်းလည်း မဖြစ်။ သူ အခုလာသည်မှာ ဆေးရုံတက်နေရသည့် သူ့အမေအား တွေ့ရန်ဖြစ်သည်။ အကယ်၍ သူ့အား မဝင်ရဟု တားမြစ်နေပါက ပါတီဌာနချုပ်မှ အရေးယူခြင်း ခံရလိမ့်မည် ခြိမ်းခြောက်ခဲ့၏။ ဤတွင် တာဝန်ကျ ဆရာဝန်များနှင့် ဆရာမများသည် သူ့အား ခွင့်ပြုချင် မပြုချင်နှင့် ဝင်ခွင့်ပြုခဲ့သည်။

"ကျွန်တော်ပြောတာ နားလည်သလား အမေ၊ အားလုံးပြီးသွားပြီ။ ပါတီမှာ ရှိခဲ့တဲ့ ကျွန်တော့်ဘဝဟာလည်း ပြတ်သွားပြီ။ ညက လူတွေအများကြီးလည်း ဖမ်းသွားပြီ။ ကျွန်တော့် နာမည်လည်း စာရင်းထဲမှာ ပါတယ်။ ဒါပေမဲ့ ဦးကြီးချီယာအိုက ကူညီလိုက်လို့ ကျွန်တော် အခုလွတ်လာတာ" သူသည် မေ-လင်းထံ

ခြေတစ်လှမ်း တိုးလာပြီး ရပ်ကြည့်နေသည်။ သူ့အမေ၏ နှုတ်ခမ်းများသည် လှုပ်နေသည်။

"ပုန်ကန်ခြင်းဟာ မှန်တယ်" မေ-လင်းက တိုးတိုးကလေးရေရွတ်သည်။ ပြီးတော့ ထပ်၍ ခပ်ကျယ်ကျယ် ရေရွတ်သည်။ **"ပုန်ကန်ခြင်းဟာ မှန်တယ်"**

"အမေ့မြေး မင်း အတွက်ပူစရာ မလိုတော့ဘူး အမေ" ဟု ကာအိုက သူ့အမေ နားသို့ တိုးလာပြီး သူ့အမေဆီ လက်တစ်ဖက်ကမ်း၍ ပြောသည်။ "သူ့ အတွက် အားလုံး အဆင်ပြေသွားပြီ။ အောဘီဂေးလ်က သူ့ကို ကယ်ထား လိုက်ပြီ၊ အောဘီဂေးလ်ကို အမေ မှတ်မိတယ် မဟုတ်လား ဟင်"

ကာအို့ မျက်နှာသည် ရုတ်တရက် အခြေမျက်သွားသည်။ သူသည် သူ့ အမေ ဘေး၌ ဒူးထောက်၍ ထိုင်ချလိုက်ကာ သူ့ မျက်နှာကို သူ့အမေ ရင်ခွင်၌ အပ်ထားပြီး ရှိုက်ကြီးတငင် ငိုကြွေးသည်။ "အိုင်ပင်း သေသွားပြီ အမေ၊ အမေ့မြေး မင်းကတော့ ဒဏ်ရာတောင် မရဘူး၊ မင်း အတွက်လည်း အမေ ပူစရာ မလိုတော့ဘူး၊ အမေ လွှန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ စာတွေ ရေးထားခဲ့ ပြီးပြီ"

မေ-လင်းသည် လက်တစ်ဖက်ကို အသာအယာမြှောက်ကာ သူ့ရင်ခွင် တွင် မျက်နှာအပ်၍ ငိုကြွေးနေရှာသော သား၏ ဆံပင်ကို ပွတ်သပ်ပေးနေသည်။ ယူကျုံးမရဖြစ်ကာ ဝမ်းနည်းကြေကွဲနေသော ကာအိုသည် ပထမတော့ သူ့အမေ ဘာလုပ် ပေးနေသည်ကိုမသိ၊ သတိပင် မထားမိ။ သူ သိလိုက်သည့်အခါ ခေါင်း ကို ဖျတ်ခနဲ မော့လိုက်ပြီး သူ့ အမေမျက်နှာအား နားမလည်နိုင်တော့သည့် မျက်နှာထားဖြင့် ကြည့်နေသည်။ အမေ့ မျက်လုံးများကတော့ ခါတိုင်းကဲ့သို့ပင် ဘာမှ မမြင်သလို ဘာမှ နားမလည်သလို အဖြစ်မျိုးဖြင့် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေသည်။ ပါးစပ်မှလည်း တိုးတိုးသာသာ စကားပြောနေသည်။

"ဒွာနချုပ်တွေကို ဗုံးတွေ အမြောက်တွေနဲ့ပစ်ကြ၊ ဒွာနချုပ်တွေကို ဗုံးတွေအမြောက်တွေနဲ့ ပစ်ကြ၊ ဒွာနချုပ်တွေကို ဗုံးတွေအမြောက်တွေနဲ့ပစ်ကြ"

အလင်းရောင် အပ်ီအပြင် ဝင်လာသည့်အခါ ကာအိုသည် သူ့အမေ မျက်နှာကို အသေအချာ မြင်လာရသည်။ အမေ့ မျက်နှာသည် ဘာကိုမှ မသိ၊ ဘာကိုမှ မမြင်၊ ဘာကိုမှ နားမလည်သည့် မျက်နှာ။ နှုတ်ကတော့ ရှေးဟောင်း ကြွေးကြော်သံများကိုသာ ထပ်တလဲလဲ ရေရွတ်နေသည်။ ကြားရဖန် များလာ သည့်အခါ ထို ကြွေးကြော်သံများအပေါ် ကာအို မကြားချင် ဖြစ်လာသည်။

"ကျွန်တော် မှားတယ် အမေ၊ ကျွန်တော် မှားတယ်၊ ကျွန်တော် သိပ်မှား တယ်" သူသည် အမေ့လက်အား ဆုပ်ဆွဲကာ သူ့ပါးတစ်ဖက်တွင် အပ်ထား သည်။ "ကျွန်တော့်ကြောင့် အမေ အခုလို ဖြစ်သွားရတာ၊ ကျွန်တော် မလိမ္မာလို့

အမေ အခုလို ကြောက်စရာ ကောင်းလောက်အောင် ခံစားနေရတာ၊ ကျွန်တော် မိုက်တယ် အမေ၊ ကျွန်တော် သိပ်ကိုမိုက်တယ်"

အချိန်များစွာ ကုန်လွန်သွားသည်အထိ အခန်းထဲတွင် ကာအို၏ ငိုကြွေးသံမှတစ်ပါး အခြား ဘာသံမှ မကြားရ။ ထို့နောက် မေ-လင်းထံမှ ရေရွတ်သံ။

"ပုန်ကန်တာ မှန်တယ်။ ပုန်ကန်တာ မှန်တယ်"

ကာအိုသည် ခေါင်းကိုထောင်၍ သူ့အမေအား ကြည့်သည်။ အဆမတန် ပြင်းထန်သော စိတ်ဆင်းရဲမှုဒဏ် ခံနေရခြင်းနှင့် ထိုဒဏ်အား သည်းမခံနိုင်တော့သည့် ခံစားမှုတို့သည် သူ့ မျက်လုံးအစုံတွင် ထင်ဟပ်လာသည်။ "အမေရယ်၊ အမေ့ကို ကျွန်တော် ကူညီပါ့မယ်" ဟု မျှော်လင့်ချက် လုံးဝ ကင်းမဲ့သွားသည့် လေသံဖြင့် ပြောသည်။ သူသည် ကျူးနစ် အင်္ကျီ အိတ်ကပ်ထဲ စမ်းနေသည်။ "အလျင်က ကျွန်တော် အမေ့ကို မကူညီခဲ့ရဘူး၊ ဒါပေမဲ့ အမေရယ် အခုတော့ ကျွန်တော် အမေ့ကိုရော ကျွန်တော့်ကိုပါ ကူညီနိုင်ပါပြီ"

ခြောက်လုံးပြူးသည် သူ့ လက်ထဲ ပါလာသည်။ မေ-လင်းကတော့ သိလည်းမသိ၊ သတိလည်းမထား၊ ရွတ်လက်စ ကြွေးကြော်သံကိုသာ ဆက်ရွတ်နေသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးဖြင့် မေ-လင်း၏ ရင်ဘတ်အား ချိန်ထားသော်လည်း သတိထားမိသည့် အရိပ်လက္ခဏာ မပြ။

မျက်ရည်မဆည်နိုင် ဖြစ်နေသော ကာအိုသည် ငိုကြွေး နေရင်းမှပင် ခြောက်လုံးပြူး ခလုတ်အား ဆွဲလိုက်သည်။ သူ့လက်သည် ပြင်းထန်စွာ ခါယမ်းသွားသည်။ ချက်ချင်းပင် သူသည် ဒူးများကိုထောက်၍ ထိုင်ချလိုက်ပြီး သေနတ်ပြောင်းဝကို သူ့ခေါင်းနှင့်တေ့ကာ ဒုတိယအကြိမ် ခလုတ်ကို ဆွဲညှစ်လိုက်သည်။

အမျိုးသား သူနာပြု နှစ်ဦးနှင့်အတူ စကြိုလမ်းအတိုင်း ဂျေကော့ တစ်ယောက် အရှုးအမူး ပြေးလာနေခိုက်မှာပင် ပထမ သေနတ်သံထွက်လာသည်။ အခန်းတံခါးအား ဂျေကော့ တွန်း၍ ဖွင့်လိုက်စဉ်အတွင်း ဒုတိယ သေနတ်သံကို ကြားလိုက်ကြရ၏။ တိတ်ဆိတ်နေသော အခန်းထဲတွင် မေ-လင်း၏ တိုးတိုးကလေး ရေရွတ်သံကို ကြားနေရသည်။

"ပုန်ကန်တာ မှန်တယ်၊ ပုန်ကန်တာ မှန်တယ်"

ဂျေကော့နှင့် ယောကျ်ား သူနာပြု နှစ်ယောက်သည် ကြမ်းပြင်ပေါ်၌ လဲကျ သေဆုံးနေသော ကာအို၏ အလောင်းအား အလန့်တကြား ငေးကြည့်နေကြသည်။ ဒဏ်ရာ ရထားသော မေ-လင်းသည် ကုလားထိုင်ပေါ်မှနေ၍ ရှေ့ဘက်သို့ ဒူးထောက်လျက် ကျလာသည်။ သူမသည် သူမ၏ ရှေ့မှ သားဖြစ်သူအား ငေးကြည့်နေသည်ဟုပင် ထင်ရ၏။ သို့သော်လည်း သူ့သားအား မှတ်မိသည် မဟုတ်။ ရွတ်လက်စ ကြွေးကြော်သံများကိုသာ ဆက်လက်၍ ရွတ်

နေဆဲ။ ထို့နောက် ရှေ့သို့ လဲကျကာ သူ့သားနှင့် ဘေးချင်းယှဉ်၍ အသက်ကုန်သွားလေ၏။

ယောက်ျားသူနာပြုနှစ်ဦးသည် အလောင်းများအား သယ်ယူရန် ရှေ့သို့ တိုးလာကြသည်။ ဂျေကော့က ရှေ့မှနေ၍ လက်တစ်ဖက်ကို ဖြန့်ကာ တားထားသည်။ သူသည် ကာအိုနှင့် မေ-လင်းတို့အား ငုံ့ကြည့်လျက်ရှိ၏။ ထို့နောက် နှစ်ပေါင်းများစွာ မလုပ်ဘဲ နေခဲ့သော အလုပ်တစ်ခုကို ပထမဆုံးအကြိမ် စ၍ လုပ်သည်။ သူသည် ဦးခေါင်းငုံ့၍ လက်နှစ်ဖက်ကို ရင်ခွင်၌ ပိုက်ကာ ဘုရားသခင်အား အာရုံပြုသည်။

"အို အဖ ဘုရားသခင်" သူသည် တရုတ်ဘာသာဖြင့် ရေရွတ်လိုက်ခြင်းဖြစ်၏။ "ကိုယ်စိတ်နှစ်ပါး ဆင်းရဲလွန်းအားကြီး၍ ဘဝကို စွန့်လွှတ်သွားကြသော ဤ လူသား နှစ်ဦးအား ကောင်းချီးပေးတော်မူပါ။ သူတို့၏ ခံစားနေရသော ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် စောင့်ရှောက်တော်မူပါ။ သူတို့အားလုံး ထာဝရ ငြိမ်းချမ်းရေးကို ရရှိအောင် စောင့်ရှောက်တော်မူပါ"

အပြင်မှ လျှောက်လာကြသည့် ခြေသံများ ကြားရ၏။ အခန်း၏ အပြင်ဘက်ရှိ စင်္ကြံလမ်းတစ်လျှောက် အပြေးအလွှား လာနေကြသော ခြေသံများပေတည်း။ သူသည် ရင်ခွင်၌ ပိုက်ထားသော လက်နှစ်ဖက်ကို ဘေးတစ်ဖက်တစ်ချက်သို့ ပြန်ချလိုက်သည်။ မျက်လုံးအစုံကို ဖွင့်၍ သူ့ရှေ့မှ အလောင်းနှစ်လောင်းအား အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် ချာခနဲ လှည့်ကာ အခန်းထဲမှ ထွက်ခွာလာခဲ့လေ၏။

* * *

၂၅

နောက် သီတင်းတစ်ပတ်မျှ အကြာ နေဝင်ဖျိုးဖျအချိန်တွင် ဖြစ်သည်။ ဂျေကော့သည် ဟိုတယ်အခန်းထဲ၌ရပ်ကာ ပွင့်နေသော ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးကြည့်နေသည်။ ပီကင်းမြို့လယ် လမ်းကျယ်အတိုင်း ချီတက်ပြီး တီယန်အင်မင်း ရင်ပြင်ဘက်သို့ ချီတက်သွားနေကြသော တရုတ်လူမျိုး ဆန္ဒပြသမားများသည် လူရေစီးကြောင်းကြီးနှင့် တူလှချေသည်။

နီရဲရဲ အလံများနောက်မှ လိုက်ပါလာနေကြသော ဆန္ဒပြသူများသည် "ပါတီဆန့်ကျင်တဲ့ လေးဦးဂိုဏ်းသားတွေ ကျဆုံးပါစေ" ဟု ကြွေးကြော်လာနေကြသည်။ ဆန္ဒပြသူများသည် ရောင်စုံ မော်စီ-တုန်းဓာတ်ပုံများအား ကိုင်ဆောင်လာကြ၍ တချို့က ဓာတ်ပုံများအား ခေါင်းများအထက်တွင် ဝှေ့ယမ်းလာနေကြသည်။

အချို့လူများ၏ လက်များထဲတွင်လည်း မော်၏ဇနီး မဒမ်ချန်ချင်းနှင့် နောက်လိုက်များ၏ ကာတွန်းပုံများ ကိုင်ဆောင်လာကြသည်။ အားလုံး၏ ပုံများမှာ ကေရိကေချာခေါ် ရုပ်ပြောင်များပုံများဖြစ်၍ မြွေများ ပင့်ကူများနှင့် ကင်းမြီးကောက်များတွင် လူခေါင်းပုံများ တပ်ထားခြင်းဖြစ်၏။ ပုံအားလုံးမှာ အရုပ်ဆိုးအကျည်းတန်သော ပုံများဖြစ်၍ ဆန္ဒပြသူများက မြေကြီးပေါ် ပစ်ချကာ ခြေဖြင့် နင်းခြေနေကြသည်။

ထိုနေ့ စောစောပိုင်းကတည်းက လမ်းများပေါ်တွင် ဆန္ဒပြသူများ ဖြုန်းခနဲ ပေါ်လာခြင်းအတွက် ဂျေကော့သည် အံ့ဩခြင်း အံ့အားသင့်ခြင်းများ မဖြစ်ခဲ့ပေ။ သူ ပထမဆုံး မြင်ခဲ့သည်မှာ ကျောင်းသူကျောင်းသား ကလေးသူငယ်များဖြစ်၍ သူတို့သည် နေ့ခင်းခန့်တွင် မြို့တော် ပီကင်း၏ အလယ်ကြောဆီသို့ ချီတက်လာနေကြခြင်း ဖြစ်၏။ ထိုစဉ်က သူသည် စိတ်ဆင်းရဲခြင်း ဒုက္ခကို

ရင်ဝယ်ပိုက်ကာ ပီကင်းမြို့တော်တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်များ အတွင်း၌ လမ်း လျှောက်နေခိုက် ဖြစ်လေသည်။

ထို သီတင်းပတ်အတွင်းတွင် ဂျေကော့သည် အောဘီဂေးလ်တစ်ယောက် ပီကင်းသို့ ပြန်အရောက်ကို တမျှော်မျှော် ဖြစ်နေခဲ့ရ၏။ သူ၏ စိတ်ထိခိုက်ကြေကွဲမှုအား နွေရာသီနန်းတော်၊ ကောင်းကင်ဘုံ နတ်နန်းနှင့် အခြား ရပ်ကွက်များ အတွင်း၌ လှည့်လည်သွားလာ လမ်းလျှောက်ရင်း တိတ်တဆိတ် ကျိတ်၍ သက်သာပျောက်ကင်းအောင် ကုသနေခဲ့ရ၏။

အချို့ရက်များတွင် သူသည် သံရုံး ညစာစားပွဲများသို့ သွားကာ စိတ်အပန်းဖြေနေခဲ့ရသည်။ ထိုကာလအတွင်း ပါတီခေါင်းဆောင်ပိုင်းနှင့် ပတ်သက်သော ကောလာဟလ သတင်းများသည် လူအများ၏ စကားဝိုင်းများ၌ ရှိနေခဲ့သည်။ စိတ်ထိခိုက်လျက်ရှိသော ဂျေကော့အဖို့ ထိုကောလာဟလ သတင်းများအပေါ် စိတ်ဝင်စားမှုလည်း မပြ၊ တစ်စုံတစ်ရာ ဝေဖန်ခြင်းလည်း မပြု၊ ထိုအရာအားလုံးသည် သူ၏ ပုဂ္ဂိုလ်ရေး ဆုံးရှုံးမှုလောက် ကြီးမားခြင်း မရှိဟုပင် သူ့စိတ်၌ ခံယူထားသည် မဟုတ်ပါလား"

ထိုနေ့ မနက်က သူ ပထမဦးဆုံး မြင်ခဲ့ရသော ဆန္ဒပြသူ လူငယ်အုပ်စုများမှာ လေးဦးဂိုဏ်းမှ ခေါင်းဆောင်ပိုင်းနှင့် အဖွဲ့ဝင်များအား ပြင်းထန်စွာ ပြစ်တင် ရှုတ်ချခဲ့ကြသည်။ "နိုင်ငံတော်နှင့် ပါတီ၏ အာဏာများကို လုယူ သိမ်းပိုက်ရန် ကြိုးပမ်းနေသူများ" ဟု စွပ်စွဲ ပြောဆိုခဲ့ကြ၏။ ထိုနေ့ တစ်နေ့လုံး ဆန္ဒပြမှုများသည် တဖြည်းဖြည်းနှင့် ပိုမို ကြီးမား များပြားလာခဲ့သည်။ လေးဦးဂိုဏ်း၏ အမည်များပါသော ပိုစတာအသစ်ကြီးများကို ကိုင်ဆောင်လာကြသည်။ ဆန္ဒပြသူ ရာပေါင်း ထောင်ပေါင်း များစွာသည် လမ်းများပေါ်တွင် ဥဒဟို သွားလာလှုပ်ရှားနေကြသည်။

အသံချဲ့စက်များဆီမှ မဒမ်ချန်ချင်း၏ အမည်ကို အဆက်မပြတ် ထပ်တလဲလဲ ကြားနေရသည်။ ချန်ချင်းကား ထိပ်ဆုံးမှ ခေါင်းဆောင်ဖြစ်၍ ဒုတိယဝန်ကြီးချုပ်ဖြစ်သည့်အားလျော်စွာ ဆန္ဒပြသူများ၏ ဝေဖန်တိုက်ခိုက် ရှုတ်ချမှုကို အများဆုံး ခံနေရသူဖြစ်သည်။ ထို့ပြင်လည်း သူမသည် ပါတီ၏ အထွေထွေအတွင်းရေးမှူး ဖြစ်၍ ဝါဒဖြန့်ချိရေးဌာနတွင်လည်း အကြီးအကဲ ဖြစ်ပေသည်။ ဆန္ဒပြသူများ၏ လက်ထဲတွင် ဗုံများ လင်းကွင်းများနှင့် မောင်းများ ပါဝင်သဖြင့် သောသောညံလျက် ရှိလေသည်။

ဂျေကော့သည် ဆန္ဒပြနေကြသူများ၏ ဆူညံ လှုပ်ရှားမှုများကြောင့် သူ့တယ်လီဖုန်း မြည်နေသံအား မကြားရပေ။ စားပွဲပေါ်မှ ဖုန်းမြည်သံကား တိုး၍သာ ဆူညံလာသည်။ ထိုအခါကျမှပင် သူသည် သူ့အိပ်ရာ ခုတင်ဘေးဆီမှ

ဖုန်းသံအား သတိထားမိလာသည်။ သူသည် အခန်းထဲ ပြန်ဝင်လာပြီး ဖုန်းကို ကောက်ကိုင်သည်။ တစ်ဖက်မှ အသံမှာ အေဘီဂေးလ်။ သူသည် ပြတင်းပေါက် တံခါးအား ပြေးပိတ်သည်။

"သမီးအသံ ကြားရတာ အဖေ သိပ် ဝမ်းသာတာပဲ" ဟု ဂျေကော့က ပြောသည်။ "အဖေ ပီကင်း ရောက်နေတာ တစ်ပတ် ရှိသွားပြီ"

"သမီးက အခုမှ ရောက်တာ၊ ရောက်ရောက်ချင်း အဖေ့ စာ ဖတ်ရလို့" ဟု အေဘီဂေးလ်က ပြန်ပြောသည်။ "သမီး တီအင်ဆင်က ဒီနေ့ မွန်းလွဲပိုင်းမှာ ပြန်ရောက်တယ်"

ဂျေကော့သည် တွံ့ဆိုင်းနေသည်။ သူ ကြုံထားရသည့် ကိစ္စကို အေဘီဂေးလ် စိတ်သက်သာရာ ရအောင် ဘယ်လို ပြောရပါမည်နည်း။ ပြန်စဉ်းစား လိုက်သည့်အခါ နည်းလမ်းရှာမရသည့် အဖြစ်ကို တွေ့နေရ၏။ "အဖေ ဘယ်လို ပြောရမှန်း မသိတော့ဘူး သမီး။ အဖေ့ဆီမှာ ပြောစရာ သတင်းဆိုးတွေ ရှိနေတယ်"

"ဘာတွေပါလိမ့်"

"မေ-လင်းရော ကာအိုပါ နှစ်ယောက်စလုံး သေကုန်ကြပြီ"

"ဘယ်လိုတွေ ဖြစ်ကုန်တာကြတာလဲ အဖေရယ်"

"ပြောရမှာ သိပ်ရှုပ်ထွေးလွန်းတယ်"

တစ်ဖက်မှ အေဘီဂေးလ်သည် အချိန်အတော်ကြီး ကြာသည်အထိ ငြိမ်နေသည်။ "အခု လမ်းတွေပေါ်မှာ ဖြစ်ပျက်နေတာတွေနဲ့ ဆက်စပ်နေသလား" ဟု မေးသည်။

"ဟုတ်တယ်၊ ဆက်စပ်မှုကတော့ ရှိနေတယ်"

နောက်တစ်ကြိမ် ထပ်၍ ငြိမ်နေပြန်သည်။ "ဒါဆိုရင် ဒီကိစ္စက နောက် တစ်ခုနဲ့များကော ဆက်စပ်နေမလား"

"သမီး ဘာကို ဆိုလိုတာလဲ"

"သမီးအတွက် စာတစ်စောင် ရှိနေသေးတယ်လို့ ရောက်ရောက်ချင်း သိထားရတယ်၊ ဘယ်သူ့ ဆီက စာဆိုတာတော့ သမီး မသိဘူး။ ဒီကိစ္စကို အကြောင်း ကြားတာကလည်း စာတစ်စောင်နဲ့ပဲ။ လက်ရေးက အတော်ဆိုးတာပဲ၊ အထဲမှာ ရေးထားတာက ကာအိုရဲ့ အိမ်ကို အမြန်ဆုံး သွားပါတဲ့၊ အဲဒါက ဘာ အဓိပ္ပာယ်လဲ"

"အဖေလည်း မသိဘူး သမီး" ဟု ဂျေကော့က ဖြေသည်။ "အဖေလည်း မှောင်ကြီးထဲမှာ နေရသလိုပါပဲ။ လွန်ခဲ့တဲ့ သီတင်း တစ်ပတ်လောက်က မာရှယ် လုချီယာအိုဆီ လူချင်းတွေ့ပါရစေလို့ အကြောင်းကြားထားတယ်။ အခုအချိန်ထိ

သူ့ဆီက ဘာသံမှ မကြားရသေးဘူး၊ စောစောက သမီးပြောတဲ့ စာကိစ္စကို ဘယ်လို လုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ကာဖို့ အိမ်ကိုပဲ တန်းသွားဖို့ သင့် မသင့် စဉ်းစားနေတယ်"

"သွားမယ်လို့ကော စိတ်ကူးသလား"

"သွားသင့်တယ်လို့ ထင်တာပဲ၊ အဲဒီကို ဖေဖေလာပြီး သမီးနဲ့တွေ့မလား"

"တွေ့ရမှာပေ့ါ"

"နောက် နာရီဝက် အတွင်းမှာပေ့ါ"

"ရတယ်"

တယ်လီဖုန်း ပြန်ချလိုက်သည့်အခါ သူ့လက် တုန်နေသည်ကို ဂျေကော့ သတိထားမိသည်။ သူသည် ချက်ချင်း ရေထချိုးပြီး အဝတ်လဲသည်။ ဆန္ဒပြသူ များကြောင့် လမ်းများသည် ပိတ်နေကြသည်။ ဆန္ဒပြသူများမှာ လူတန်းစား ပေါင်းစုံမှ ဖြစ်သည်။

ဂျေကော့သည် ဆန္ဒပြနေသူများအား ရှောင်ကွင်းကာ နန်ချီဗီရပ်ဆီသို့ အရောက်လာခဲ့သည်။ ရောက်သွားသည့်အခါ ထိုအရပ်ဘက်၌ ဆန္ဒပြနေသူများ မရှိသည်ကို တွေ့ရ၏။ သူ ကာဖို အိမ်ရှေ့ ရောက်သွားသည့်အခါ ရွှေရောင် ဆံပင်နှင့် သူ့သမီးအား လှမ်းမြင်ရသည်။ သူ့သမီးသည် အိမ်ရှေ့သို့ ထွက်လာပြီး ယာဉ်မောင်းအား ကားခပေးကာ သူ ရောက်အလာကို စောင့်လျက်ရှိလေသည်။

ကာဖို့ အိမ်မှာ ပြင်နေဆဲ ဖြစ်သည်။ ခေါင်မိုးမှာ လုံးဝ မမိုးရသေး။ ဂျေကော့သည် ခန်းဆီး တပ်ထားသည့် ပြတင်းပေါက်မှ ထွက်လာနေသည့် အလင်းရောင်အား မြင်နေရသည်။ ဂျေကော့သည် အိမ်ရှေ့တံခါးအား အသာ အယာ ခေါက်သည်။ ချက်ချင်းပင် တံခါး ပွင့်သွားပြီး ဆံပင်ဖြူဖြူနှင့် အဘွားကြီး ထွက်လာသည်။ ငလျင် စတင်လှုပ်သည့် ညက အေဘီဂေးလ် ဆုံခဲ့ရဖူးသည့် အဘွားကြီးပေတည်း။

"မင်းက မစ္စ အေဘီဂေးလ် ကယ်လ်နာလား" ဟု အဘွားကြီးက စမေး သည်။

"ဟုတ်ပါတယ်" ဟု အေဘီဂေးလ်က ပြန်ပြောသည်။ "ဒီအိမ်ကို လာဖို့ စာရေးတာ ရှင်လား"

အဘွားကြီးက ခေါင်းညိတ်သည်။ "ကျုပ် နာမည်က ချင်မင်းပါ၊ ကလေး ထိန်းပေါ့။ မြေငလျင် လှုပ်ပြီးချိန်ကစပြီး ကလေးကို ထိန်းလာခဲ့ရတာ အခုချိန် ထိပဲ" သူ ရှင်းပြနေခိုက်တွင် ကာဖို၏သား မင်း ရောက်လာပြီး အဘွားကြီး၏ လက်ကို ဆွဲထားသည်။ အဘွားကြီးသည် မင်းအား ငုံ့ကြည့်သည်။ အဘွားကြီး၏ မျက်လုံးအစုံတွင် မျက်ရည်များ စို့နေသည်ကို အေဘီဂေးလ် မြင်နေရ၏။

"ကလေးဆိုတော့ သူ ဘာမှ နားမလည်ဘူး၊ သူ့အဖေနဲ့ သူ့အဘွား ကြောက်စရာ ကောင်းလွန်းတဲ့ အဖြစ်ပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်မ ကြားခဲ့ပြီးပါပြီ" အေဘီဂေးလ်က ဒူးထောက်၍ ထိုင်ချလိုက်ပြီး ကလေး၏ လက်ကို ဆွဲကိုင်ထားသည်။ "ဟယ်လို မင်း၊ တစ်ခါ တုန်းက မင့် ဆီကို ပန်းဒါ ဝက်ဝံရုပ်ကလေး ပို့ခဲ့ဖူးတယ်လေ။ မင်း အဲဒီအရုပ် ကလေးကို ကြိုက်ရဲ့လား ဟင်"

မင်းက အဖြေ မပေးဘဲ၊ အေဘီဂေးလ်အား ကြည့်နေသည်။ ထို့နောက် သူ့လက်အား အေဘီဂေးလ် လက်ထဲမှ ဖျတ်ခနဲ ရုန်းထွက်ကာ အိမ်ထဲသို့ ဝင်ပြေးသည်။ အေဘီဂေးလ် ထရပ်လိုက်သည့်အခါ အဘွားကြီး၏ ပါးနှစ်ဖက် တွင် မျက်ရည်များ စီးကျလာနေသည်ကို မြင်ရ၏။ အဘွားကြီးသည် တုန်ယင် နေသော လက်တစ်ဖက်ဖြင့် စာအိတ်တစ်လုံး လှမ်းပေးသည်။

"ဒီစာဟာ မင့်အတွက်ပါ၊ ကာအို ပေးခဲ့တာပါ၊ သူ သေပြီးမှ ရောက်လာ တာပါ၊ မင့်ကိုခေါ်ပြီးမှ ပေးဖို့လည်း ကျုပ်ဆီကို စာတိုလေးတစ်စောင် ရေးခဲ့ပါ သေးတယ်"

အေဘီဂေးလ်သည် စာအိတ်အား မဖွင့်မီ ဂျေကော့အား တစ်ချက်လှမ်း ကြည့်သည်။ အမှောင်ရိပ်များ ကျနေသဖြင့် စာကို ဖတ်ရန် အေဘီဂေးလ်သည် လမ်း ဓာတ်မီးတိုင် ဆီသို့ သွားရသည်။ စာမှာ တရုတ်ဘာသာဖြင့် ရေးထားခြင်း ဖြစ်၍ တိုတိုကလေး ဖြစ်၏။ အေဘီဂေးလ်သည် စာကိုဖတ်အပြီးတွင် ဂျေကော့ အား လှမ်းပေးသည်။ စာမှာ-

ချစ်သော အေဘီဂေးလ်

မင်းကို မင်း စောင့်ရှောက်ပေးမလား၊ တော်လှန်ရေးနဲ့ သူ့အပေါ် မှာပါ ကိုယ် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမှာနေတဲ့အခါ မင်းကို စောင့် ရှောက်ပေးပါ။ ပြန်ရင် သူ့ကို မင်းနဲ့ အတူနေဖို့ ဒါမှမဟုတ်၊ ဟောင် ကောင်က ကိုယ့်အဖေနဲ့နေဖို့ ခေါ်သွားပေးပါ။

ကိုယ့်အဖေဟာ လူကောင်းပါ။ မင်းနဲ့ အဖေနဲ့က သူ့ကို ပညာ သင်ပေးပြီး မင်းကို ပြုစုပျိုးထောင်ပေးပါ။ တကယ်လို့ ကောင်းမယ်ထင် ရင် အနာဂတ်ကာလမှာ သူ့ကို တရုတ်ပြည် ပြန်ပါစေ။ ကိုယ်ဟာ ကိုယ့်ရဲ့ အမေကိုရော ကိုယ့်အဖေ အစစ်ကိုပါ အကြီးအကျယ် ဂုဏ် သိက္ခာ ကင်းမဲ့အောင် လုပ်မိခဲ့တယ်ဆိုတာ ကိုယ် သိပါတယ်။ အဲဒီ အတွက် ကိုယ် အကြီးအကျယ် ရှက်ခဲ့ရပါတယ်။

ကျေးဇူးတင်ပါတယ်

ကာအို

စာကိုဖတ်ပြီး၍ မော့ကြည့်လိုက်သည့်အခါ အဘွားကြီးက သူ့အား စိုက်ကြည့်နေသည်ကို ဂျေကော့ မြင်ရသည်။ "ကျုပ် အသက်ကြီးလှပြီ" ဟု အဘွားကြီးက ပြောသည်။ "ကလေးကို ရှင်တို့ ခေါ်သွားမယ် မဟုတ်လား"

ထိုအခိုက်မှာပင် မင်းသည် အေဘီဂေးလ် ပေးထားသည့် ပန်ဒါဝက်ဝံရုပ်အား ကိုင်၍ တံခါးဝမှ ထွက်လာသည်ကို ဂျေကော့ မြင်ရသည်။ ဝက်ဝံရုပ်သည် အမှိုက်ပုံထဲ၌ နစ်နေခဲ့ဟန် တူ၏။ ဖုန်တွေ အလိမ်းလိမ်း ကပ်နေသည်။ သူငယ်သည် သူတို့ သားအဖအား မော့ကြည့်နေသည်။ ဂျေကော့သည် မင်းအား ပွေ့ချီလိုက်လေသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကာဒ့်ဖ် အမေဟာ ကျွန်တော့် သမီးရဲ့ အသက်ကို ကယ်ဆယ်ခဲ့ပါတယ်" ဟု ဂျေကော့က အဘွားကြီးအား ပြောပြသည်။ "ဒါကြောင့်မို့ မင်းကို မွေးမြူပေးဖို့ အခွင့်အလမ်း ရတာဟာ ကျွန်တော်တို့အတွက် စိတ်ချမ်းသာစရာပါ"

သူသည် သူ့သမီး အေဘီဂေးလ်အား လှည့်ကြည့်သည်။ "အဖေ ပြောတာကို သမီး သဘောတူတယ် မဟုတ်လား"

အေဘီဂေးလ်သည် သူ့အဖေအား ကြည့်၍ ပြုံးနေသော်လည်း မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နေသည်။ "ဟုတ်ပါတယ်၊ ဒီအလုပ်ဟာ သိပ်ကို မှန်တဲ့ အလုပ်ပါ"

* * *

နိဂုံး

၁၉၇၀

ပြန်လည်၍ စည်းရုံးသိမ်းသွင်း ဖွဲ့စည်းထားသော တရုတ် ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များသည် ပြည်သူ့ မဟာခန်းမကြီး အတွင်းရှိ စားပွဲတွင် ပတ်ပတ်လည် ဝိုင်းထိုင်နေကြသည်။ လိပ်သည်းကျောက်နှင့် စကျင်ကျောက်များ ပေါင်းစပ်၍ ထောက်ခံ၊ ကျောက်တိုင်ကြီးများဖြင့် အသစ် ဆောက်လုပ်ထားသော အာဇာနည် ဗိမာန်သည် မြတ်သော ငြိမ်းချမ်းရေး ရင်ပြင်ထက်ပင် ကြီးကျယ်မြင့်မားလျက် ရှိလေသည်။

စားပွဲ တစ်နေရာ၌ ထိုင်နေသော မာရှယ် လု ချိုယာအိုသည် အာဇာနည် ဗိမာန်၏ ပြတင်းပေါက်များမှ တစ်ဆင့် အပြင်သို့ လှမ်းမျှော် ကြည့်လျက်ရှိ၏။ အဆောက်အအုံမှာ ထောင့်မှန်ပုံ ဆောက်လုပ်ထားခြင်းဖြစ်၍ ပတ်ဝန်းကျင်ရှိ အားကစားကွင်းထက် အဆပေါင်းများစွာ ကြီးမားလျက်ရှိသည်။ မကြာသေးခင်ကမှ ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်၍ နေရာပေးထားခြင်း ခံရသော ပုပုကွကွ ဂင်တိုတို၊ ဇီချူအန်နီးစ် တရုတ်အမျိုးသားသည် မိန့်ခွန်း ပြောလျက် ရှိနေသော်လည်း ပေါ်လစ်ဗျူရို အဖွဲ့ဝင်များသည် စိတ်ဝင်တစား နားထောင်ခြင်း မရှိကြပေ။

အာဇာနည်ဗိမာန်၏ ကြီးမားလှသော အလယ်ဗဟိုခန်းမကြီး အတွင်းတွင် မပုပ်မသိုးအောင် ဆေးဝါးများဖြင့် စီမံ ပြုလုပ်ထားသော မော်စီ-တုန်း၏ အလောင်းသည် မှန်ခေါင်းထဲ၌ ရှိနေသည်။ ခန္ဓာကိုယ် တစ်ဝက်အား အလံနီဖြင့် လွှမ်းခြုံထားသည်။ မည်သို့ပင်ဖြစ်စေ၊ ချိုယာအို့ မျက်စိထဲတွင်မူ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် မော်စီ-တုန်း၏ အလောင်းသည် ဖယောင်းသားကဲ့သို့ ဖြူဖွေးနေသော ရုပ်တုကြီး တစ်ရုပ်နှင့်သာ တူနေသည်။ ကြည့်၍သာယာစရာ မရှိသည့် အနေအထား၌ ရှိနေသည် မဟုတ်ပါလား။

ဤနေရာသည် တစ်မျိုးသားလုံး လာ၍ ဂါဝရပြုရာ နေရာ တစ်နေရာ ဖြစ်လာလျက် ရှိလေပြီ။ တရုတ်လူမျိုး သန်းပေါင်းများစွာသည် စတင် ဖွင့်လှစ်ခဲ့သည့် လွန်ခဲ့သော ကိုးလမှစ၍ နေ့စဉ် လာရောက် အလေးပြုနေကြခြင်း ဖြစ်

သည်။ အမှန်သော် ဤမှန်ခေါင်းထဲ၌ လဲလျောင်းလျက်ရှိသော ပုဂ္ဂိုလ်သည် နှစ်ပေါင်း နှစ်ဆယ်မျှ အတွေးခေါ်များ ချုတ်ချော်တိမ်းပါးခဲ့သဖြင့် ထိုမှားယွင်းမှု ဒဏ်အား လူအများ ခံကြရလေသည်။

သူ၏ ပထမဦးဆုံးသော ခေါင်းဆောင်မှု နှစ်ကာလ သုံးဆယ် အတွင်း လယ်သမား စစ်တပ်များ ဖွဲ့စည်း တည်ထောင်ရန် အားထုတ်ခဲ့သည်။ အကျိုး မဖြစ်ထွန်းသော လုပ်ရပ်တစ်ခု ဖြစ်ခဲ့ရ၏။ ထို လယ်သမား စစ်တပ်များအား ဦးဆောင်ကာ ဖြစ်မလာနိုင်သော အောင်ပွဲများဆီသို့ တွန်းပို့ခဲ့သည်။ အမျိုးသား တစ်ရပ်လုံး၏ သမိုင်းတွင် အနက်ရှိုင်းဆုံးသော ပြောင်းလဲမှုများ ပေါ်ထွန်းစေခဲ့ သည်။

"အခုအချိန်မှာ တရုတ်နိုင်ငံရဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင် အတွက် အဓိကသော့ချက်ဟာ ပြုပြင်ပြောင်းလဲမှုပဲ"ဟု ဇီချူအန်နီးစ် အမျိုးသား က ပွင့်လင်း ပြောင်တင်းသော လေသံ အမူအရာဖြင့် ပြောသည်။ "လူတန်းစား တိုက်ပွဲဟာ သူ့နေရာနဲ့သူ သူ့အချိန်နဲ့သူပဲ။ အခုအချိန်မှာကတော့ နောက်တန်း မှာပဲ နေရာယူရမယ်"

စကားပြောနေစဉ်အတွင်း ချိုယာအိုသည် တိန်ရှောင့်-ပိန်အား အနီးကပ် ကြည့်၍ လေ့လာလျက်ရှိသည်။ ဤပုဂ္ဂိုလ်သည် ပါတီ၏ အမြင့်ဆုံး နေရာမှ နှစ်ကြိမ်တိတိ အထုတ်ပယ် ခံခဲ့ရ၏။ သုံးကြိမ်တိတိ နေရာ ပြန်ရခဲ့ရုံမျှမက လူဦးရေ သန်းပေါင်း ကိုးရာအား စီမံခန့်ခွဲရသည့် လုပ်ငန်းတာဝန်ကြီးအား ပြန်လည်ပေးအပ်ခြင်း ခံခဲ့ရ၏။

တိန်ရှောင့်-ပိန်သည် အရပ်အမြင့် ငါးပေ အနည်းငယ်မျှသာ ကျော် သည်။ ရင်အုပ်ကျယ်ကျယ်တွင် လယ်သမား မျက်နှာနှင့် ဖြစ်၏။ အသက်မှ ခုနစ်ဆယ်တွင်း ဝင်စဖြစ်သော်လည်း လူပုံက မာကျောကျော ရှိလှသည်။ သူ့ကို ကြည့်ရသည်မှာ မကြာခဏ ပြည်နှင်ဒဏ် ခံရ၍ ခံနိုင်ရည် ရှိလာသည်ဟုပင် ထင်ရလေသည်။

အခုအချိန်ထိ ဟွာကို-ဖုန်းသည် ဥက္ကဋ္ဌနေရာနှင့် ပါတီ အကြီးအကဲ နေရာများကို ရယူထားသည်မှာ မှန်သော်လည်း နှစ်ဦးစလုံးသည် မည်သူက အပေါ်စီး၌ ရှိနေသည်ကို သိနေကြသည်။ ပုကွကွ ဂင်တိုတို တိန်ရှောင့်-ပိန်သည် ခရီးရှည် ချီတက်ပွဲကြီးအတွင်းက တပ်နီ ကေဒါများတပ်၌ နိုင်ငံရေး အကြံပေး အဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ရာ တော်ရုံတန်ရုံဖြင့် အရှုံးပေးလိုစိတ်ရှိသူ မဟုတ် ပေ။

"အခုကျတော့ ငါတို့ ဘာမှ မလုပ်ခင်မှာ ပြည်သူတွေကို စီးပွားတိုးတက် အောင် လုပ်ပေးမှဖြစ်မယ်ဆိုတာ သိလာရတယ်" ဟု တိန်ရှောင့်-ပိန်က ပြော

သည်။ "တို့ လုပ်ရမှာက တို့ရဲ့ စိုက်ပျိုးရေးကို ပြန်လည် စည်းရုံးစုစည်းရမယ်။ ပြီးတော့ မိသားစု လယ်ယာစိုက်ပျိုးရေး စနစ်ဆီ ပြန်သွားအောင် လုပ်ပေးကြရမယ်။

"မြို့ပြ စက်မှုလုပ်ငန်းနဲ့ ကုန်သွယ်ရေး လုပ်ငန်းတွေကိုလည်း ပြုပြင်ပြောင်းလဲပေးကြရမယ်။ ဒါပေမဲ့ တို့တစ်တွေဟာ သတိကြီးစွာထားပြီး လုပ်ကြမှ ဖြစ်မယ်။ ငါတို့ရဲ့ မသိနားမလည်မှု၊ ဆင်းရဲမှုနဲ့ ခေတ်နောက်ပြန်ဆွဲမှုတွေဟာ တရုတ်ရဲ့ အထီးကျန်ဖြစ်မှုမှာ မြစ်ဖျားခံလာတာပဲ။ တို့အနေနဲ့ တို့စိတ်တွေကို ပြင်ပကမ္ဘာနဲ့ ဆက်သွယ်မိအောင် ဖွင့်ပေးကြရမယ်"

စားပွဲတွင်ကား မော်စီ-တုန်း၏ ဇနီး၊ မုဆိုးမနှင့် သူမ၏ နောက်လိုက်များအား မမြင်ရ။ တိန်ရှောင့်-ပိန်၏ စကားများသည် ထိုအုပ်စုအား မကောင်းဆိုးဝါးများဟု ကင်းမွန်းတပ်သည်။ ယခုအခါတွင် လေးဦးဂိုဏ်းသည် မဟာ ပြည်သူ့ခန်းမကြီးနှင့် မိုင်အနည်းငယ်မျှ ကွာလှမ်းသော စစ်အကျဉ်းထောင် တစ်ခု၏ မြေအောက် အချုပ်ခန်းများ အတွင်း၌ တစ်ဦးချင်းစီခွဲ၍ ချုပ်ထားပြီ မဟုတ်ပါလား။

သူတို့အား ပြည်သူ့ခုံရုံး တင်၍ စစ်ဆေးရန်အတွက် မျက်နှာထား တင်းလွန်းလှသော ကေဒါများ၏ စစ်ဆေး မေးမြန်းခြင်းကို ခံနေကြရသည်မှာ နှစ်နှစ်မျှပင် ရှိခဲ့ပြီ။ အစောပိုင်းက ထိပ်တန်း လျှို့ဝှက်အဖြစ် သတ်မှတ် ထားခဲ့သော ရုံးတင်တရားစွဲရန် လျာထားခဲ့သည့် စာရွက်စာတမ်းများသည် ချီယာအို၏ စားပွဲပေါ်၌ ရှိနေပြီဖြစ်၏။ ထိုစာရွက်စာတမ်း စစ်ဆေးချက် မှတ်တမ်းများအရ လေးဦးဂိုဏ်းသည် ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်း နိုင်ငံရေး လူသတ်မှုပေါင်း သုံးသောင်းကျော်မျှ ကျူးလွန်ထားသည်ဟု ခိုင်လုံသော အထောက်အထားများဖြင့် တွေ့ရှိထားပြီး ဖြစ်သည်။

အခြားသော မှတ်တမ်းမှတ်စုများအား ဖတ်ရှု လေ့လာခဲ့သော ချီယာအိုသည် လေးဦးဂိုဏ်း ခေါင်းဆောင်များကြောင့် ပြည်သူ တစ်သန်း၏ လေးပုံသုံးပုံနီးပါးမျှ ဒဏ်သင့်ခဲ့ရ၏။ ကွယ်လွန်သွားပြီဖြစ်သော မာရှယ် လင် ပီယာအို၏ နောက်လိုက်များ၏ လက်ချက်ဟု အများက ယူဆထားခဲ့ကြသည်။ မာရှယ် လင် ပီယာအိုမှာ ၁၉၇၁-ခုနှစ် တွင်းက သေဆုံးသွားခဲ့ခြင်းဖြစ်၍ မည်သူ့ လက်ချက်ဖြင့် မည်သို့မည်ပုံ သေဆုံးသွားရသည်။ မည်သူမျှ မပြောနိုင်ခဲ့ကြပေ။ သို့တစေလည်း မာရှယ် လင် ပီယာအို အပါအဝင် သူ့ နောက်လိုက် ဂိုဏ်းခေါင်းဆောင်များသည် မှတ်တမ်းမှတ်ရာများအရ သေဒဏ်မှ တစ်ပါး အခြားပြစ်ဒဏ်များ ပေး၍ရနိုင်စရာ မရှိပေ။

"ဒီဟာတွေဟာ" ဟု တိန်ရှောင့်-ပိန်က နေ့စဉ် မရပ်မနား သောက်လေ့ရှိသည့် စီးကရက် အလိပ်ပေါင်းများစွာထဲမှ တစ်လိပ်အား မီးညှိ၍ဖွာရင်း စကားစသည်။ "တရုတ်နိုင်ငံ အနေနဲ့ ယဉ်ကျေးသော၊ ဒီမိုကရေစီ စနစ်ကျသော ခေတ်သစ် ဆိုရှယ်လစ်နိုင်ငံ ဖြစ်လိုသော ဆန္ဒရှိကြမယ်ဆိုရင် မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းပြီး မနားမနေ တည်ဆောက်သွားဖို့ လိုလိမ့်မယ်။ အရေးကြီးတာက တို့ရဲ့ ပေါ်လစီ မူဝါဒတွေကို မှန်ကန်သော စိတ်စေတနာတွေနဲ့ အားလုံး စုပေါင်းပြီး ဉာဏ်ပညာ အမြော်အမြင်ကြီးစွာနဲ့ အသုံးချဖို့ လိုတယ်။ တစ်ဦးတစ်ယောက်တည်းက ဦးဆောင်ပြီး ထင်ရာမြင်ရာ လုပ်ခြင်းကို အားမပေးသင့်ဘူး"

တိန်ရှောင့်-ပိန်သည် လက်ထဲမှ စီးကရက်အား တအားကုန် ဖွာ၍ ရှိုက်သွင်းလိုက်ရင်း နွေရာသီ နေရောင်တွင် လင်းလက်နေသော အာဇာနည် ဗိမာန်အား ကြည့်နေသည်။

"တို့များအနေနဲ့ တရုတ် တော်လှန်ရေးရဲ့ အထိမ်းအမှတ် အဖြစ်ကြီးကျယ် ခမ်းနားလှတဲ့ အဆောက်အအုံတွေကို တည်ဆောက် ထားခဲ့ကြပေမဲ့ ငါ တစ်ယောက်တည်းရဲ့ အမြင်ကို ပြောရမယ်ဆိုရင် ပါတီခေါင်းဆောင်တွေကြားမှာ "ပုဂ္ဂိုလ်စွဲ ကိုးကွယ်မှု" ပုံစံကို အခုအချိန်ကစပြီး မကျင့်သုံးရဘူးလို့ တရားဝင် သတ်မှတ်သင့်တယ်လို့ ယုံကြည်တယ်။ တို့ရဲ့ အတွေးတွေထဲမှာ စစ်မှန်မှုကို အဓိက ထားကြရမယ်"

ချိယာဖိုသည် တိန်ရှောင့်-ပိန်အား မျက်ခြည်မပြတ် ကြည့်နေသည်။ စီးကရက် မီးခိုးများသည် သူ့ပခုံး နှစ်ဖက်တွင် ရစ်ပတ်ဖွဲ့နှောင်လျက်ရှိကြသည်။ သူသည် သူ့ကုလားထိုင်တွင် သက်သောင့်သက်သာထိုင်၍ ပြောစရာရှိသည်များကို ပြောနေခြင်းဖြစ်၏။ တိန့်ရှောင့်-ပိန်သည် သူ့ကိုယ်ပိုင် ဂုဏ်သိက္ခာများအပေါ် သိပ်ပြီး အလေးအနက် ထားပုံမပေါ်။ အထူးသဖြင့် သူသည် မိမိကိုယ်မိမိ အထင်အမြင် ကြီးခြင်းနှင့် မာန်မာန ကြီးခြင်း စသည်များ လုံးဝ ရှိပုံမရ။

သူ့လက်သုံးစကား တစ်ခုရှိသည်။ နာမည် ကျော်ကြား၍ ထင်ရှားသော စကားဖြစ်၏။ "ကြောင်တစ်ကောင်သည် အဖြူဖြစ်ချင်လည်း ဖြစ်မည်။ အနက်ဖြစ်ချင်လည်း ဖြစ်မည်။ ဘာရောင်ပဲဖြစ်ဖြစ် ဖြစ်ချင်သည့် အရောင်ဖြစ်ပါစေ၊ အဓိကမှာ အရောင် မဟုတ်။ ကြွက်ဖမ်းဖို့သာ ဖြစ်သည်" ဟူသော စကားဖြစ်လေသည်။

တိန်ရှောင့်-ပိန်သည် မည်သည့် ပြဿနာကိုမဆို မိုးသား ပွင့်လင်းသော စိတ်စေတနာဖြင့်သာ ချဉ်းကပ်လေ့ရှိ၏။ နားလည်ရ ခက်ခဲသော ရှေးဟောင်း တာအိုအယူဝါဒ၏ သဘောတရားများကို သူနှင့် ဆွေးနွေးလိုပါက အလွယ်တကူ

ဆွေးနွေးငြင်းခုံနိုင်၏။ ဆွေးနွေးသည့် အခါတွင်လည်း ခေတ်သစ် မှာစ် သီအိုရီ သဘောတရားများအား ဆွေးနွေးသလို ဆွေးနွေး ငြင်းခုံနိုင်၏။ တိန်ရှောင့်-ပိန်၏ အတွေးအခေါ်များ ထဲတွင် တစ်ယူသန် ဒါဖြင်၊ တစ်ယူသန် အတွေးနှင့် တစ်ယူသန် ဝါဒများကို ချီယာအို မတွေ့ခဲ့ မကြားခဲ့ရဖူးချေ။

တိန်ရှောင့်-ပိန်သည် ရင့်ကျက် တည်ငြိမ်သော ရှေးဟောင်း တရုတ်မိုးရာ ဓလေ့ ထုံးစံများအား နိုင်ငံရေး ပြည်နှင့်ဒဏ် ခံခဲ့ရသည့် ဆယ်နှစ်တာ ကာလ အတွင်းက လေ့လာရယူထားခဲ့လေသလား။ မည်သို့ပင်ဖြစ်စေ တိန်ရှောင့်-ပိန်၏ စိတ်သည် တည်ငြိမ်အေးဆေးသည်။ မာန်မာန ထောင်လွှားခြင်း မရှိ။ သူ့အတွင်း စိတ်သည် အမြဲတစေ ငြိမ်းချမ်းလျက်ရှိသူ တစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

ပြတင်းပေါက်များ၏ အပြင်ဘက်တွင် နေရောင်ခြည်သည် လင်းလက် နေသည်။ ချီယာအို၏ စိတ်သည် ကြည်လင် ပေါ့ပါးလျက်ရှိ၏။ တိန်ရှောင့်-ပိန်၏ စကားများအား နားထောင်ရင်း ချီယာအို့ စိတ်သည် လေနှင့်အတူ အလိုက်သင့် မျောပါနေသော လိပ်ပြာလေး တစ်ကောင်နှင့် တူလျက်ရှိသည်။ တစ်ခါတစ်ရံတွင် အတိတ်က အဆက်အစပ် မရှိသော ဖြစ်ရပ်များပေါ် တစ်ခုပြီး တစ်ခု လိုက်၍ နားလိုက်၊ ပျံလိုက် ဖြစ်နေသည်။

သူသည် သူ့အဖေနှင့်အတူ ခြံဝင်းတောင်ဘက် အစပ်ရှိ သစ်ပင်တစ်ပင် ၏ အောက်၌ တာအို အယူအရ တရားထိုင်ခဲ့ဖူးသည်ကို သတိရနေမိသည်။ ထိုစဉ်က အချိန်မှာ နေဝင်ဖျိုးဖျဖြစ်၍ သားအဖ နှစ်ယောက် ဘေးချင်းယှဉ်၍ ထိုင်ခဲ့ကြခြင်းဖြစ်၏။ သူတို့ခေါင်းများအထက်ဘက်ရှိ လှောင်ချိုင့်တွင်းမှ တေးဆို ငှက်၏ ဂီတသံစဉ်သည် နေဝင်ဆည်းဆာအချိန်တွင် သာယာစွာ ထွက်ပေါ်လာ သည်။ ထိုအချိန်က သူ့ခန္ဓာကိုယ်သည် သစ်ရွက်ကလေး တစ်ရွက်လို ပေါ့ပါး လျက် ရှိလေသည်။

သူ့အနေဖြင့် ထိုတစ်ဒဂ် အချိန်ကလေး အတွင်းမှာပင် သူ့ကိုယ်သူ ပထမဦးစွာ သိလာခဲ့ရသည်ဟု ထင်၏။ ထိုအဖြစ်အား သတိရလိုက်သည့် တစ်ခဏမှာပင် သူသည် ကွယ်လွန်သွားသည်မှာ ကြာပြီဖြစ်သော သူ့အဖေအား သတိရသည်။ သူ့အဖေ၏ ကျေးဇူးကို ဆင်ခြင် နှလုံးသွင်းလိုက်မိသည်။ ရှေး ခေတ် ဉာဏ်ပညာ အမြော်အမြင်သည် သူ့အဖေမှတစ်ဆင့် သူ့ထံ ဆင်းသက် လာခဲ့ပြီး သူ့အား ကြောက်မက်ဖွယ် အကောင်းဆုံး အချိန်တွင် ဘဝအား နိုင်မာစွာ တွယ်တာလာခဲ့သည်။

နောက် တစ်ခဏမှ အကြာတွင် သူသည် သူ့အဖေ စုဆောင်းထားသည့် ကြေးထည် ရုပ်ထုများ၊ ကျောက်စိမ်း ပစ္စည်းများနှင့် ကြွေထည် ပစ္စည်းများအား သတိရလာသည်။ ထိုစဉ်က သူ့အဖေ၏ ရှေးဟောင်း ပြတိုက်ငယ်ကလေး

အတွင်း၌ သူ မြင်တွေ့ခဲ့ရပြီး တမြတ်တနိုး ကိုင်တွယ်ခဲ့ရသော တန် မင်းဆက်ခေတ်မှ ရေကရားအား ပြန်၍ မြင်ယောင်လာသည်။

ရေကရား၏ နှုတ်သီးမှာ ဖီးနစ္စငှက်*၏ နှုတ်သီးပုံဖြစ်၏။ သူသည် ရေကရားအား တမြတ်တနိုး ကိုင်တွယ်ပြီး တွယ်တာသော စိတ်ဆန္ဒ ပြင်းစွာ ဖြစ်ခဲ့ရ၏။ သူ့အနေဖြင့် ဒုက္ခပေါင်းစုံအား ခါးဆီး၍ ခံနေရသည့် တရုတ် နိုင်ငံကြီးအား ပြာပုံဘဝမှ ပြန်လည် အသက်ရှင်လာသည့် ဖီးနစ္စငှက်သဖွယ် တိုးတက်မြင့်မားလာသည်ကို မြင်တွေ့လိုသော ဆန္ဒ အလွန် ပြင်းပြနေကြောင်း သူ့အဖေအား ရင်ဖွင့်ခဲ့မိ၏။ [*Phoenix - အာရေဗျတောကြီးထဲ၌ ရှိခဲ့ဖူးသည်ဟု ယုံကြည်ခဲ့ကြသော အလွန် လှပသည့် ငှက်၊ ထိုငှက်သည် မီးရှို့ခံရ၍ တစ်ကိုယ်လုံး ပြာကျသွားခဲ့သော်လည်း ပြာဘဝမှ ပြန်၍ နဂိုအတိုင်း ပြန်ပြီး ဖြစ်လာရုံမျှမက ပို၍ နုပျို သန်စွမ်းလာသည်ဟု ဆိုသည်။ တစ်ကြိမ်လျှင် နှစ်ငါးရာ နေနိုင်သည်ဟု ဆိုသည်။ ပြာပုံမှ ပြန်၍ တိုးတက် ကြီးပွားလာခြင်းဟု ပြောစမှတ်ရှိခဲ့၏။]

ထိုနေ့ထိုရက် ထိုအချိန်မှ စတင်၍ ရေတွက်ပါက နှစ်ပေါင်း ငါးဆယ်နီးပါး ရှိခဲ့ပြီ။ ခံစားခဲ့ရသည်များမှာ များလှပြီ။ နှစ်ပေါင်းလည်း များစွာ ကြာခဲ့ပြီ။ ကြောက်မက်ဖွယ်ရာ ညများသည် ကုန်ဆုံးတော့မည်။ တရုတ်နိုင်ငံသစ်သည် နောက်ဆုံးတွင် အဟောင်းထဲမှ ထွက်ပေါ်လာတော့မည်။ အခက်အခဲပေါင်းများစွာသည် အခုအချိန်ထိ ရှေ့တွင် ရှိနေဆဲ။ သို့တစေလည်း အရုဏ်သစ်သည် ပွင့်စ ပြုနေပြီ။ မကြာမီ အပီအပြင် လင်းလာပေတော့မည်။

* * *

နောက်ဆက်တွဲ

၁၉၃၆-ခုနှစ် အီစတာ တနင်္ဂနွေနေ့ အရုဏ်တက်ချိန်တွင် ဤ၀တ္ထုကြီးဖြင့် ချစ်ခင် လေးစားစွာ ရည်ညွှန်းခဲ့သော အဲလ်ဖရက် ဘော့စ်ဟတ်ဒ်အား ယူနန်ပြည်နယ်၊ ကူမင်းမြို့ အနီး၌ တရုတ်နိုင်ငံ၏ တပ်နီ စစ်တပ်က ဖမ်းဆီးထားရာမှ လွှတ်ပေးလိုက်သည်။ သူသည် ခရီးရှည် ချီတက်ပွဲကြီးတွင် ပါဝင် ချီတက်ခဲ့သော ဗိုလ်ချုပ်ကြီး ဟိုလန်း၏ ဒုတိယ ရှေ့တန်း တပ်မဟာ၏ အကျဉ်းသား သုံ့ပန်း တစ်ယောက်အဖြစ် မိုင်ပေါင်း ၂,၅၀၀ မျှ ပင်ပန်းကြီးစွာ ချီတက်ခဲ့ရလေသည်။

ကျွန်တော်သည် သူနှင့် ၁၉၈၃-ခုနှစ် အတွင်းက အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ပထမဆုံးအကြိမ် တွေ့ဆုံခွင့် ရခဲ့၏။ ချက်ချင်းပင် ကျွန်တော်သည် ကျွန်တော့် ဝတ္ထုဇာတ်လမ်း၏ သမိုင်းနောက်ခံကို သုတေသန စတင်၍ ပြုလုပ်ခဲ့ပါသည်။ အမှန်တော့ သူသည် ချီးကျူးဂုဏ်ပြုခြင်း မခံခဲ့ရသော အညတရ အာဇာနည် သူရဲကောင်း တစ်ဦးဖြစ်၍ မန်ချက်စတာ၌ တွေ့ရချိန်တွင် အသက်မှာ ကိုးဆယ့်တစ်နှစ်မျှ ရှိနေလေပြီ။

ထို့နောက်ပိုင်းတွင် သူနှင့် ကျွန်တော်သည် အင်္ဂလန်နှင့် ဆွစ်ဇာလန်နိုင်ငံများ၌ လူချင်း မကြာခဏ တွေ့ဆုံကြသည်။ နှစ်ဦးသား စကားလက်ဆုံကျကြသည့်အခါတိုင်း သူ့ထံမှ အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးသော ဉာဏ်ရည် ဉာဏ်သွေး ကွန့်မြူးမှုများကို ရရှိခဲ့ပါသည်။ သူ၏ အဆမတန် တန်ဖိုးရှိသော အတွေ့အကြုံများကိုလည်း ရရှိခဲ့ပါသည်။

သူ့ထံမှ အကူအညီ မရပါဘဲနှင့် ပီတင်းဖြစ်လာဖို့ ဆိုသည်မှာ မလွယ်ပါ။ အသက်မသေဘဲနှင့် တစ်ဆင့်ပြီးတစ်ဆင့် လွတ်မြောက်လာရသည့် သူ့အဖြစ်ကို နာမကျန်းဖြစ်ကာ အိပ်ရာပေါ် လဲနေခိုက် ကူမင်းတွင် ရေးသားခဲ့ခြင်း ဖြစ်၏။ ထိုအဖြစ် စာအုပ်အား **“ထိန်းချုပ်ထားရသော လက်” (The Restraining Hand)** ဟူသော အမည်ဖြင့် ၁၉၃၆-ခုနှစ်တွင် သူ့ သာသနာပြု အဖွဲ့မှ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ထိုစာအုပ် အကျဉ်းချုပ်အား သူ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိအဖြစ် ဟော့ဒါး အင်စ ဘာ့တန် စာအုပ်တိုက်မှ ၁၉၇၃-ခုနှစ်တွင် **"လမ်းညွှန်သော လက်" (The Guiding Hand)** အမည်ဖြင့် ပုံနှိပ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ် နှစ်အုပ်စလုံးသည် သူ့အသက် ရှင်သန်ရေးအတွက် အထောက်အကူ ပြုခဲ့သော စာအုပ်များ ဖြစ်သည်။ သူ၏ ရက်ရောမှုနှင့် ခင်မင် ရင်းနှီးမှုများသည် ကျွန်တော့်အတွက် အဲလ်ဖရက် ဘော့စ်ဟတ်ဒ်အား ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။

ကျွန်တော် ကျေးဇူးတင်ရမည့် နောက်တစ်ဦးကား အမေရိကန် ပြည်ထောင်စု အီလီနွိုက်စ်ပြည်နယ် ဝီယာတန်မြို့မှ မစ္စတာ ရေးစမစ်သ် ဖြစ်သည်။ မစ္စတာ ရေးစမစ်သ်၏ ဖခင် ဘုန်းတော်ကြီး ဟောင်းဝပ် စမစ်သ်သည် ခရီးရှည်ချီတက်ပွဲကြီး စတင်သည့် နှစ်တွင် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသ၌ ပထမဆုံး သာသနာပြုအဖြစ် စတင် ဆောင်ရွက်ခဲ့သူ ဖြစ်လေသည်။

ဟောင်းဝပ် စမစ်သ်အား ဟိုလန်း၏ ဒုတိယ အရှေ့တန်း စစ်တပ်မှ ၁၉၃၄ ခုနှစ် မေလထဲတွင် ဇီချွမ်းနယ်မြေထဲ၌ သုံ့ပန်းအဖြစ် ဖမ်းဆီးသွားခြင်း ခံခဲ့ရသူဖြစ်၏။ သူသည် မိုင်ပေါင်း ရှစ်ရာကျော်မျှ ငါးဆယ့်နှစ်ရက်အတွင်း ချီတက်ခဲ့ပြီးနောက် လွတ်မြောက်သွားခဲ့သည်။ ထိုစဉ်က အလွန် ငယ်ရွယ်သေးသည့် ရေးစမစ်သ်သည် သူ့မိခင်နှင့်အတူ တပ်နီစစ်တပ်၏ လက်ထဲတွင် နာရီအနည်းငယ်ကြာမျှ သုံ့ပန်း ဖြစ်ခဲ့ရ၏။

ထိုအတွေ့အကြုံများအား အခြေခံထားသည့် အကြောင်းအရာများသည် များစွာ အဖိုးတန်လှပါသည်။ အထူးသဖြင့် ရေးစမစ်သ်က ကျွန်တော့်အား စာများနှင့် ဓာတ်ပုံများ ပြသခဲ့သည်ဖြစ်ရာ ယင်းတို့သည် ကျွန်တော့်အတွက် များစွာ အထောက်အကူ ပြုခဲ့ပါသည်။

တခြားသော အလွန် ရဲရင့်သည့် အမေရိကန် သာသနာပြု နှစ်ဦးကား လူငယ် လင်မယားစုံတွဲဖြစ်၍ ၁၉၃၄ ခုနှစ် ဒီဇင်ဘာလထဲတွင် အန်ဝေးပြည်နယ် အတွင်း၌ ကွန်မြူနစ် တပ်များက ဖမ်းဆီးကာ ခေါင်းဖြတ်သတ်ပစ်ခဲ့ကြ၏။ သူတို့နှစ်ဦး၏ ဇာတ်ဆင်းရဲကို **'ဂျွန်နှင့် ဘက်တီစတမ် တို့၏ အောင်ပွဲ' (The Triumph of John and Betty Stam)** အမည်ဖြင့် မစ္စက်ဟောင်းဝပ်တေလာက ရေးသားကာ ၁၉၃၅ ခုနှစ်တွင် ဖီလာဒါးလ်ဖီးယား မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့ လေသည်။

သူတို့မှ မွေးဖွားခဲ့သည့် ကလေးငယ်မှာ မိဘနှစ်ပါး၏ ဇာတ်မျိုးမှ ကင်းလွတ်ကာ အသက်ရှင် ကျန်ရစ်ခဲ့၏။ ထိုဖြစ်ရပ်၏ ပုံတင်ရိုက်ခတ်မှုနှင့် အခြားသော လက်တွေ့ဘဝ ဖြစ်ရပ်များသည် ကျွန်တော်၏ စိတ်ကူးယဉ် ဇာတ်လမ်း

ထဲ၌ ထပ်တလဲလဲ ပုံတင်ရိုက်ခတ်လျက် ရှိနေခဲ့ပါသည်။ သို့သော်လည်း **ပီကင်း** ထဲမှ ကျွန်တော် ဖန်တီး ရယူထားခဲ့သော ဇာတ်ကောင်များသည် အသေအချာ ပြန်လည် ဆန်းစစ်လိုက်သည့်အခါ အသက်ထင်ရှား ရှိခဲ့သူများ မဟုတ်ကြောင်း အခိုင်အမာပင် ပြောရပါလိမ့်မည်။

ဤစကားနှင့် ဆက်စပ် ပတ်သက်၍ ကျွန်တော့်ဘက်မှ ပြောသင့်သည့် အချက်တစ်ချက်မှာ ပီကင်းထဲ၌ ဖတ်ရှုရမည့် ချင်တေး၊ ပါအိုရှန်၊ ဆန်မို စသည့် နေရာဒေသများသည် တရုတ်နိုင်ငံ၏ မြေပုံများထက်၌ ရှာဖွေတွေ့ရှိရလိမ့်မည်ဟု မျှော်လင့်၍ မဖြစ်ပါ။ ကျွန်တော် ရေးသားညွှန်ပြထားခဲ့သည့် နေရာဒေသများတွင်လည်း ရှာဖွေ၍ ရလိမ့်မည် မဟုတ်ပါ။ ထို သုံးနေရာစလုံးသည် ယုံတမ်းစကားအဖြစ် ဖန်တီးရယူထားသော နေရာများသာ ဖြစ်ပါသည်။

လူတစ်ဦးတည်း၏ ဖန်တီးရယူမှုဖြင့် စာအုပ်တစ်အုပ် ဖြစ်လာဖို့ ဆိုသည်မှာ ဖြစ်နိုင်ခြေ မရှိဟု ကျွန်တော် ယူဆပါသည်။ ပီကင်းနှင့် ပတ်သက်၍ ရိုးသားစွာ ဝန်ခံရမည်ဆိုပါက ကျွန်တော့်အနေဖြင့် တရုတ်နိုင်ငံအကြောင်း ကောင်းစွာ သိမြင်နှံ့စပ်နေသော မိတ်ဆွေများနှင့် အထူးတလည် သိကျွမ်းနားလည် နေကြသူများ၏ အားပေးမှုနှင့် ကူညီမှုများအား အသိအမှတ် မပြု၍ မဖြစ်ပါ။ ယင်းတို့အား ကျေးဇူးမတင်၍လည်း မဖြစ်ပါ။ ဤဝတ္ထုကို ရေးရာ၌ သူတို့၏ ဆက်စပ် ပတ်သက်မှုများသည် အများအပြား ရှိနေခဲ့ပါသည်။

လန်ဒန်၌ ရှိနေခဲ့စဉ်က တရုတ်နိုင်ငံ လူမျိုးနှင့် ဘာသာစကား စသည်များကို လေ့လာသော ဆီနိုလိုဂျီ (Sinology) ဘာသာရပ် ပညာရှင် ရော့ဒါးရစ်မက်ဖားကွာ (Roderick Mac Farquhar) ဆိုသူသည် ကျွန်တော့် အိမ်နားနီးချင်း ဖြစ်ခဲ့ဖူးသည်။ အသံလွှင့်ဌာနတစ်ခု၌လည်း လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူး၍ ယခုအခါတွင် ဟားဗတ်တက္ကသိုလ် ဖွန်ကင်းဖဲယားဘင့် အရှေ့အာရှ သုတေသနဌာန အစိုးရ ပါမောက္ခနှင့် ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်နေသူ ဖြစ်၏။ သူသည် ခရီးရှည်ချီတက်ပွဲကြီးနှင့် ပတ်သက်၍ ကျွန်တော့်အား များစွာ ကူညီခဲ့သူ ဖြစ်ပါသည်။

နောက်တစ်ဦးမှာ **ချိုင်းနား ကွာတာလီး, The China Quartely** (တစ်နှစ် လေးကြိမ်ထုတ်စာစောင်)၏ အယ်ဒီတာဟောင်းလည်းဖြစ်၍ **'ခရီးရှည်ချီတက်ပွဲကြီး ၁၉၃၅, The Long March 1935** စာအုပ် အပါအဝင် အရှေ့တောင်အာရှဆိုင်ရာ စာအုပ်ပေါင်း အများအပြား ရေးသားခဲ့သူလည်း ဖြစ်သော ဒစ်ဝစ်လ်ဆန်, **Dick Wilson** ဖြစ်သည်။ သူသည် သူ့ကိုယ်ပိုင် စာကြည့်တိုက်မှ လိုအပ်သော စာအုပ်များကို ငှားယူ ဖတ်ရှုခွင့် ပြုခဲ့သူ ဖြစ်ပါ၏။

အသံလွှင့် ပညာရှင် ဂျိုးဇက် ဟန်-တေ ယင် Joseph Hang-tai Yen သည်လည်း **ပီကင်း အတွက် အထောက်အကူ** ပြုနိုင်မည့် အဖိုးတန် ရှားပါး စာအုပ်များ ငှားရမ်းခဲ့သည်သာမက အချို့သော တရုတ်ဘာသာ မှတ်တမ်း မှတ်ရာများအား အင်္ဂလိပ် ဘာသာ ပြန်ဆိုပေးခဲ့သူဖြစ်သည်။ နောက်တစ်ဦးကား မဒမ်ဆွန်ယက်-ဆင် Madame Sun Yat-sen စာအုပ် ရေးသားခဲ့သူ စာရေးဆရာ ဒေါက်တာ ဂျန်ချက် Dr Jung Chang ဖြစ်၏။ သူသည် **ပီကင်း** ဝတ္ထု ပထမဆုံး မူကြမ်းများအား ဖတ်ရှုကာ ဝေဖန် အကြံပေးခဲ့သူ ဖြစ်ပါသည်။

ဘရိုင်ယန်နှင့် အေလီဆန် စီနီယာ Brian and Alison Senior တို့ကား ဟောင်ကောင်နှင့်ပတ်သက်၍ နောက်ခံ အကြောင်းအရာများကို ရှာဖွေစုဆောင်း ပေးခဲ့သူများ ဖြစ်၏။ ယင်းတို့ အထဲတွင် ရှန်ဟိုင်းတွင် သေရေးနှင့် နေရေး Life and Death in Shanghai အမည်ရှိ စာအုပ်ကို ရေးသားခဲ့သူ ရဲရင့်လှစွာ သော စာရေးဆရာမ မဒမ် နီအင်ချင်း Madame Nien Cheng သည် ကြောက် မက်ဖွယ် ကောင်းလှသော ယဉ်ကျေးမှု တော်လှန်ရေး၏ အနိဋ္ဌာရုံများ အကြောင်း ပြောပြခဲ့သူဖြစ်၏။ သူမထံမှ ၁၉၆ဝ ပြည့်နှစ်များ အတွင်းက ကြုံခဲ့ ရသော ကစင့်ကလျား ဖြစ်မှုကြီးများအကြောင်း ကြားသိခဲ့ရသည်ဖြစ်ရာ ယင်း တို့သည် ပီကင်းအတွက် အဖိုးထိုက်တန်လှသော အထောက်အကူများ ဖြစ်ခဲ့ ပါသည်။

ပီကင်းအတွက် ကျွန်တော် ဖတ်ရှုခဲ့ရသော စာအုပ်များကား များပြား လှ၏။ ယင်းတို့အနက် အောက်ပါ စာအုပ်များသည် တန်ဖိုး မဖြတ်နိုင်လောက် အောင် ကြီးမားများပြားသည့် အထောက်အကူများ ရရှိခဲ့သည်-

1. The Long March - The Foreign Languages Press, Peking
2. Stories of the Long March (1960)
3. The Long March - Eye witness Accounts (1963)
4. On the Long March with Chairman Mao by Chen Chang-feng (1972)
5. Recalling the Long March by Liu Po-cheng and others (1978)
6. On the Long March As Guard to Chou En-Lai by Wei Kuo-lu (1978)
7. A Comintern Agent in China (1932-1939) otto Braun - the luckless German Comintern Adviser sent to China by Moscow

8. The Long March - The Untold Story- Horrison E. Salisbury
9. The Great Road - Splondid Biography of Chu Teh - Agnes Smedley
10. Chiness Destinies and Portraits of Chinese Women in Revolution - Agnes Smedley
11. Journey to Red China, China Awake and A Rago for China - Robert Payne.
12. Red Star Over China - Edgar Snow
13. The Origins of the Cultural Revolution - (Three Volume) Rod MacFarguhr

ဗီကင်းအတွက် အားပေးသမှုနှင့် လမ်းညွှန်မှု ပြုခဲ့သူ အမေရိကန် ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် လက်ဇင်တန်မှ ပါမောက္ခ ချန်လစ်ဆင်၏ ကျေးဇူးသည်လည်း ကြီးလှပါသည်။ ဒေါက်တာချန်သည် တရုတ်နိုင်ငံ၏ ဥပဒေ၊ နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ စာအုပ်ပေါင်း တစ်ရာကျော်မျှ ရေးသား ထုတ်ဝေခဲ့သူဖြစ်၍ အဖိုးထိုက်တန်သော အကြံဉာဏ်များ ပေးနိုင်စွမ်းရှိခဲ့သူ ဖြစ်ပါ၏။

လန်ဒန်၊ နွေဦး ၁၉၈၈။

မောင်ထွန်းသူ

၂၀၀၆ နိုဝင်ဘာ ၂၆၊ တနင်္ဂနွေနေ့
ည ၉ နာရီ ၄၅ မိနစ်။